www.burmeseclassic.com

# နွံထဲကကြာ

သိန်းဖေမြင့်၊ မြသန်းတင့်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး


| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |


## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**သိန်းဖေမြင့်**

(၁၉၁၄-၁၉၇၈)

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့၌ အဖ မြေတိုင်းစာရေး ဦးဘား၊ အမိ ဒေါ်မြင့်တို့က ၁၉၁၄၊ ဇူလိုင် ၁၀၊ သောကြာနေ့တွင် မွေးဖွားသည်။ ငယ်မည်မှာ ဘုတလင်ကျောင်းတွင် မောင်မြမောင်၊ အင်္ဂလိပ်-မြန်မာကျောင်းတွင် မောင်သိန်းဖေဖြစ်သည်။

ဘုတလင်မြို့ ဦးဖိုးညက်ကျောင်းတွင် မူလတန်းပညာ၊ မုံရွာမြို့ အမျိုးသားကျောင်းနှင့် ဗုဒ္ဓဘာသာကျောင်းတို့တွင် အထက်တန်းပညာ သင်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် မုံရွာ ဗုဒ္ဓဘာသာအထက်တန်းကျောင်းမှ ဒသမတန်းကို မြန်မာစာနှင့် သင်္ချာ ဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၃၂-၃၃ ခုနှစ်တွင် မန္တလေး ဥပစာကောလိပ်သို့ တက်ရောက်ပြီး ၁၉၃၃-၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ရာ ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၃၈ ခုနှစ်၌ ကလကတ္တားတက္ကသိုလ်တွင် ဥပဒေပညာနှင့် မဟာဝိဇ္ဇာ(ပါဠိ)ကို ဆည်းပူးခဲ့သည်။

၁၉၃၃-၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသားများ ကိုယ်စားလှယ်၊ ၁၉၃၄-၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သပိတ်အလုပ်အမှုဆောင်၊ ၁၉၃၆-၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံး တွဲဖက်အတွင်းရေးမှူး၊ ၁၉၃၇-၃၈ ခုနှစ်တွင် နဂါးနီစာအုပ်အသင်း ပညာရေးအဖွဲ့ငယ်အမှုဆောင်၊ ၁၉၃၉-၄၀ ခုနှစ်တွင် 'ယောက်ျားဂုဏ်ရည်' ရုပ်ရှင်ဒါရိုက်တာ၊ ၁၉၄၁-၄၂ ခုနှစ်တွင် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ၏ စည်းရုံးရေးမှူး၊ ၁၉၄၅ ခုနှစ်အောက်တိုဘာမှ ၁၉၄၆ ခုနှစ် လွန်အထိ ဗမာပြည်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး၊ ၁၉၄၆ ခုနှစ်တွင် ဖဆပလ အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူးနှင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောကြားဖြတ်အစိုးရအဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနဝန်ကြီး၊ ၁၉၄၈ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ နုတ်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြသန်းတင့်

(၁၉၂၉-၁၉၉၈)

ပခုက္ကူခရိုင်၊ မြိုင်မြို့၌ အဖဦးပေါတင်၊ အမိဒေါ်လှိုင်တို့မှ ၁၉၂၉၊ မေ ၂၃၊ ကြာသပတေးနေ့တွင် မွေးဖွားသည်။ မွေးချင်းခုနစ်ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးမြသန်း ဖြစ်သည်။

၁၉၄၃ ခုနှစ်တွင် အာရှလူငယ်များအဖွဲ့၌ ပါဝင်သည်။ ၁၉၄၄-၄၅ ခုနှစ်တွင် ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်သည်။ ၁၉၄၅-၄၇ ခုနှစ်တွင် မန္တလေးခရိုင် အထက်မြန်မာပြည် ဖဆပလ အဖွဲ့ချုပ်၊ မန္တလေးခရိုင် ကွန်မြူနစ်ပါတီ၊ မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂနှင့် လယ်သမား သမဂ္ဂတို့တွင် အလုပ်အမှုဆောင်တာဝန်ယူခဲ့သည့်အပြင် ပခုက္ကူခရိုင်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။

၁၉၄၉ ခုနှစ်တွင် ပထမဦးဆုံး ရေးသည့် 'ဒုက္ခသည်' ဝတ္ထုတိုကို တာရာမဂ္ဂဇင်း (အတွဲ ၃၊ အမှတ် ၂၁၊ ၁၉၄၉)တွင် ပုံနှိပ်ဖော်ပြခံရသည်။ ၁၉၅၀ ခုနှစ်တွင် ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ ဘောင်လင်းတို့နှင့်အတူ 'စာပေသစ် မဂ္ဂဇင်း' ကို ဦးဆောင်ထုတ်ဝေသည်။ ၁၉၅၁ ခုနှစ်တွင် ပထမဦးဆုံး ဘာသာပြန်လက်ရာအဖြစ် ဂေါ်ကီ၏ 'မာလ်တာနှင့် အခြားဝတ္ထုတိုများ' ကို ကျော်လင်းစာပေမှ ဖြန့်ချိသည်။ ၁၉၅၂ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်သည့်အပြင် 'စာပေမဂ္ဂဇင်း' တွင် အယ်ဒီတာ၊ 'ပြည်တော်သစ်ဂျာနယ်' တွင် အယ်ဒီတာချုပ်၊ 'တိုးတက်ရေးသတင်းစာ'တွင် နိုင်ငံခြားရေးအယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ၁၉၅၃ ခုနှစ်တွင် ပထမဦးဆုံး ပင်ကိုရေးလုံးချင်းဝတ္ထု 'မေတ္တာအသချေ' ကိုရေးသည်။

၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။



၁၉၅၂ ခုနှစ်တွင် ပြည်သူ့ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး၊ ၁၉၅၆ ခုနှစ်တွင် ဘုတလင်မြို့နယ် ပမညတအမတ်ဖြစ်သည်။ ၁၉၅၆-၅၇၊ ၁၉၅၇-၅၈ နှင့် ၁၉၆၂-၆၃ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် ၁၉၅၈ ခုနှစ်တွင် ဗိုလ်တထောင်သတင်းစာအယ်ဒီတာချုပ်နှင့် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်း တာဝန်ယူခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်၊ မြန်မာ-တရုတ် မိတ်ဆွေဖြစ် အသင်းတို့တွင်လည်း ပါဝင်ခဲ့သည်။

စာရေးဆရာ၊ သတင်းစာဆရာနှင့် နိုင်ငံရေးသမားအဖြစ် ၁၉၉၆၊ ၁၉၄၂ နှင့် ၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ၁၉၄၂ ၁၉၅၂ နှင့် ၁၉၅၆ ခုနှစ်တွင် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် အီဂျစ်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံသို့လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ဂျပန်၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ၁၉၆၂ ခုနှစ်တွင် ရုရှား၊ အရှေ့ဂျာမနီနှင့် ရှမေးနီးယားသို့လည်းကောင်း သွားရောက်ခဲ့သည်။

၁၉၉၃၊ ဇန်နဝါရီလထုတ် သူရိယသတင်းစာတွင်ပါဝင်သည့် 'မန္တလေးအင်တာမီးဒီယိတ် ခေါ် ဥပစာကျောင်း၌ အဖိုမြန်မာစာ သင်ပြပို့ချသင့်ခြင်း' ဆောင်းပါးသည် ပထမပုံနှိပ်စာမူဖြစ်သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ခရီးသွားစာပေ၊ အတ္ထုပ္ပတ္တိ၊ နိုင်ငံရေးစာပေတို့ကို ရေးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် 'အရှေ့ကနေဝန်းထွက်သည့်ပမာ' စာအုပ်ဖြင့် စာပေဗိမာန်ဝတ္ထုရှည်ဆု၊ ၁၉၆၇ ခုနှစ်တွင် 'ဒီသေသတိုင်းသမိုင်းအစ' စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာ (ပထမဆု)၊ ၁၉၆၈ ခုနှစ်တွင် 'သီတာပြုံး' စာအုပ်ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည် (တတိယဆု) တို့ကို ရရှိခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် What Happened in Burma နှင့် Over The Ashes တို့ကို အိန္ဒိယနိုင်ငံ၌ ရေးသားထုတ်ဝေခဲ့သည်။ ကလောင်ခွဲများမှာ ဂနေဝေ၊ သိန်းနေနွယ်၊ တက္ကသိုလ်အကျော် တစ်ကောင်ကြွက်၊ ဦးကျောက်လုံး၊ သိန်းဝေ၊ တက်ဘုန်းကြီးသိန်းဖေ၊ မောင်တူ တို့ဖြစ်သည်။

၁၉၇၈ ခုနှစ်၊ ဇန်နဝါရီ ၁၅၊ တနင်္ဂနွေနေ့တွင် ကွယ်လွန်သည်။

www.burmeseclassic.com



၁၉၅၅ ခုနှစ်တွင် သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးဗဟိုကော်မတီတွင် တွဲဖက်အတွင်းရေးမှူးတစ်ဦး အဖြစ်ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်တွင် ဥပဒေဘွဲ့ရသည်။ ၁၉၅၇ ခုနှစ်တွင် 'ပြည်သူ့တိုးတက်ရေးပါတီ' ပေါ်လစ် ဗျူရိုလူကြီး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ)အတွင်းရေးမှူးချုပ်၊ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဌာနချုပ်လုပ်ထားသော 'ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ' ၏ ဗျူရိုအဖွဲ့ဝင် လူကြီးအဖြစ် ဆောင်ရွက်သည်။ ၁၉၅၈ ခုနှစ်တွင် အထိမ်းသိမ်းခံအဖြစ် ကိုကိုးကျွန်းသို့ ရောက်သည်။

၁၉၆၀ ခုနှစ်တွင် 'စာရေးဆရာကာလပ်' တွင် အမှုဆောင်ဖြစ်သည်။ ဗိုလ်တထောင်သတင်းစာတွင် နေ့စဉ်အခန်းဆက်အဖြစ် 'နွံထဲကကြာ' ဝတ္ထုကို သိန်းဖေမြင့်နှင့် ပူးတွဲရေးသားသည်။ ၎င်းဝတ္ထုမှစ၍ မူလကလောင်အမည် 'မြသန်း'မှ 'မြသန်းတင့်' သို့ ပြောင်းသည်။ ၁၉၆၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပသော ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ)၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ၁၉၆၂ ခုနှစ်တွင်'စာရေးဆရာသမဂ္ဂ'၌ အမှုဆောင်ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် 'ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်' နှင့် 'ပြည်သူ့ ကော်မတီဝင်တစ်ဦး' အဖြစ် တာဝန်ယူသည်။ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်သောအခါ အထိမ်းသိမ်းခံအဖြစ် ဒုတိယအကြိမ်မြောက် ကိုကိုးကျွန်းသို့ ရောက်သည်။

၁၉၇၂ ခုနှစ်တွင် တော်လ်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထု ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆုကို ရရှိသည်။ ၁၉၇၈ ခုနှစ်တွင် မာဂရက်မစ်ချယ်၏ 'လေရူးသုန်သုန်' ဝတ္ထု ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆုကို ရရှိသည်။ ၁၉၈၈ ခုနှစ်တွင် တရုတ်စာရေးဆရာကြီး ဆောင်ရှူချင်းနှင့် ကောက်ဝိုတို့၏ 'ခန်းဆောင်နီအိပ်မက်' ဝတ္ထု ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆုကို ရရှိသည်။ ၁၉၉၂ ခုနှစ်တွင် ပြင်သစ်စာရေးဆရာ ဗိုးမိနိလာပီယဲ၏ 'သုခမြို့တော်' ဝတ္ထု ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆုကို ရရှိသည်။ ၁၉၉၅ ခုနှစ်တွင် ပြင်သစ်စာရေးဆရာ ဗိုးမိနိလာပီယဲ၏ 'အချစ်မိုးကောင်းကင်' ဝတ္ထု ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆုကို ရရှိသည်။ ကလောင်ခွဲများမှာ မြသန်း၊ မောင်သစ်တည်၊ စောယွမ်း၊ ထက်အောင်၊ မေမေလှိုင်၊ မင်းနန္ဒာ၊ ရဲအောင်လေ၊ ဇုတ်လှငယ်၊ ဇောတိက တို့ဖြစ်သည်။

၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈၊ ဗုဒ္ဓဟူးနေ့ ည ၉း၁၅ နာရီတွင် ကွယ်လွန်သည်။

# နွံထဲကကြာ

## သိန်းဖေမြင့်၊ မြသန်းတင့်

အမှတ် (77/D)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၅၀-၄၃၁၆၄ ၊ ၀၁-၅၄၃၈၃၆

www.burmeseclassic.com

www.burmeseclassic.com



နွံထဲကကြာ

သိန်းဖေမြင့်၊ မြသန်းတင့်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၅၁၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၄၄၀၇၀၈

မျက်နှာဖုံးပန်းချီ
မုတ်သုံ

တွန်ပျူတာစာစီ
ရွှန်ပွင့်ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
(ရှမ၀တအုပ်တိုက် - ၁၉၆၂)
ဒုတိယအကြိမ်
(သင့်စာပေ - ၁၉၇၂)
တတိယအကြိမ်
(ပြုံးပန်းတစ်ရာစာပေ - ၁၉၉၅)
စတုတ္ထအကြိမ်

ထုတ်ဝေသည့်ကာလ
အောက်တိုဘာ၊ ၂၀၀၈

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်မာတင့်(မြ - ၀၃၇၃၇)၊ ရွှန်ပွင့်စာပေ
အမှတ် 77/D၊ မွေ့ပါလလမ်း၊ ဗဟန်း၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းလွင်(ရွှေဟင်္သာအော့ဖ်ဆက်)
အမှတ်(၃၁)၊ ဦးရွှေဒွန်းလမ်း၊ ပုဇွန်တောင်၊

တန်ဖိုး
၅၀၀၀ ကျပ်

## သိန်းဖေမြင့်၏ နိဒါန်း

'နွံထဲကကြာ' မှာ ရုပ်ရှင်ရိုက်ကူးရန် ဇာတ်ညွှန်းအဖြစ်ဖြင့် စ၍ရေးခဲ့သော ဝတ္ထုဖြစ်သည်။ အိမ်တစ်လုံးဆောက်လုပ်ရန် ငွေရဖို့အရေး အမည်ဖော်၍လည်းကောင်း၊ မဖော်ဘဲလည်းကောင်း ဇာတ်ညွှန်းများရေးခဲ့ရာ "နွံထဲကကြာ" လည်း အပါအဝင် ဖြစ်လေသည်။ သို့သော် ဇာတ်ညွှန်းအဖြစ်ဖြင့် ယနေ့ထိ ရောင်းမစွံသေးပါ။ ဇာတ်လမ်းက တည်လွန်း ခံ့လွန်း ခက်လွန်း အားကြီး၍ ရုပ်ရှင်မရိုက်ရဲကြဟု ဆိုကာငြင်းခဲ့ကြလေသည်။

ဤသို့ ဇာတ်ညွှန်း အဖြစ်ဖြင့် မစွံသေးဘဲ ရှိနေတုန်း၊ ဗိုလ်တထောင်သတင်းစာက အခန်းဆက်ဝတ္ထုတစ်ပုဒ်ထည့်ရန် ဆန္ဒရှိနေတုန်း ဝတ္ထုရေးဆရာမြသန်းတင့်နှင့် တွေ့ကြလေသည်။ ငါ့ "ဇာတ်ညွှန်း ဝတ္ထုအဖြစ်ရေးပေးပါလားကွာ" ဟု ကျွန်တော်က ပြော၍ သူက "ကောင်းသားပဲ" ဟုသဘောတူလိုက်လေသည်။ သို့ဖြင့် ဗိုလ်တထောင်သတင်းစာတွင် သိန်းဖေမြင့်နှင့် မြသန်းတင့်တို့ရေးသော 'နွံထဲကကြာ' ဝတ္ထုရှည်ကြီး ပါလာပါတော့သည်။ 'နွံထဲကကြာ' ဝတ္ထုမှာ ရုရှားဂန္ထဝင် စာရေးဆရာကြီး တော်လ်စ်တွိုင်း ရေးသော Resurrection ဝတ္ထုကြီးကို အခြေခံ၍ သင့်လျော်သလို ပြုပြင်ရေးသားထားခြင်း ဖြစ်သည်။

ရုပ်ရှင်ဇာတ်ညွှန်း ရေးသောအခါ ဇာတ်လမ်းဇာတ်ကွက်ကို အဓိကယူလိုက်ရသည်။ နိုင်ငံရေးနှင့် လူမှုရေး နောက်ခံကားကို အများကြီး ချန်ထားလိုက်ရသည်။ တော်လ်စ်တွိုင်းသည် ရုရှား ပဒေသရာဇ်မြေရှင်စနစ်နှင့် တရားရေးစနစ်များကို ဝေဖန် ဖော်ထုတ်ထားသည်။ မြန်မာရုပ်ရှင် ဇာတ်

www.burmeseclassic.com



ညွှန်းအဖြစ်ဖြင့် ပရိသတ်ရှုထောင့်က ကြည့်ကြည့်၊ ဆင်ဆာရှုထောင့်က ကြည့်ကြည့် တော်လ်စ်တွိုင်းလို ဝေဖန်ရေး မလုပ်နိုင်ပါ၊ မလွတ်လပ်ပါ။ တော်လ်စ်တွိုင်း၏ ဝတ္ထုထဲက ဇာတ်ကောင်တွေ အကုန်မထည့်နိုင်ပါ။ သူ့ထဲမပါသော ဇာတ်ကောင်ကို ထည့်တန် ထည့်ရပါသည်။ ဥပမာ - မောင်မောင်သန်းဆိုသောဇာတ်လိုက် ခင်မောင်ဝင်း၏ သူငယ်ချင်းကို ထည့်ပေးရ၏။ ရုပ်ရှင် အပြသဘောကိုက တစ်ယောက်တည်း စိတ်ကူးနေပုံ ပြ၍မဖြစ်။ စိတ်ထဲရှိသမျှ ဖွင့်ဟတိုင်ပင်ရန် သူငယ်ချင်းထည့်ပေးရန် လိုနေသည်။ ဟာသကလေးများ ဖြည့်ပေးရန်လိုနေသည်။ သို့ဖြင့် မောင်မောင်သန်းကို အပိုထည့်ရ၏။ တော်လ်စ်တွိုင်း၏ ဒုတိယဇာတ်လိုက်မင်းသားမှာ ဒီမိုကရေစီ တော်လှန်ရေးသမားတစ်ဦး ဖြစ်၏။ ဇာတ်ညွှန်းတွင် နိုင်ငံရေး နောက်ခံကားမှာ မှိန်ထားရသဖြင့် သူ့လို ဒုတိယဇာတ်လိုက် ထည့်၍ မရတော့ပါ။ ထို့ကြောင့် ကျွန်တော်က ညိုလေးဆိုသော ဇာတ်ကောင်ကလေးတစ်ယောက်ကို ဖန်တီးလိုက်ရပါသည်။

ဇာတ်ညွှန်း အဆုံးသတ်မှာလည်း တော်လ်စ်တွိုင်း၏ အဆုံးသတ်နှင့် လုံးဝမတူပါ။ သူက ဆိုက်ဗေးရီးယား အကျယ်ချုပ်စခန်းမှာဆုံး၍ ကျွန်တော်က ရန်ကုန်မြစ်ဝ, ပင်လယ်ပြင်ထဲမှာ ဆုံးလိုက်ရသည်။ ရုပ်ရှင်ဆင်ဆာအဖွဲ့က ကိုယ့်ကိုယ်ကိုယ် သတ်သေသော အမှုကိစ္စများမပြရ ဆိုသောကြောင့် လည်းကောင်း၊ ရုပ်ရှင်ကြည့်ပရိသတ်က ဇာတ်လိုက်မင်းသမီးသေတာ ကြိုက်ချင်မှကြိုက်မည် ဖြစ်သောကြောင့်လည်းကောင်း နှစ်မျိုးရအောင်ရေးလိုက်ရသည်။ သေလို့လည်းရ၊ ရှင်လို့လည်းရအောင် ဖန်တီးထားရလေသည်။

ဤမျှ ရုပ်ရှင်ဇာတ်ညွှန်းအလိုသို့ ကျွန်တော်လိုက်ခဲ့သော်လည်း တည်လွန်း၊ နှလွန်း ခက်လွန်းအားကြီးသည်ဟု ဆိုကာ ဝယ်သူ မရှိခဲ့ပါချေ။

ဝတ္ထုအဖြစ်ဖြင့် ပြောင်းလဲလိုက်ကြသောအခါ လွတ်လပ်ရေးများစွာ ရသည်။ ဝတ္ထုကို ကိုယ်ကြိုက်သလို လွတ်လွတ်လပ်လပ် အဆုံးသတ်နိုင်သည်။

ကျွန်တော်နှင့် မြသန်းတင့်တိုင်ပင်ကြသည်။ လူမှုရေးနှင့် နိုင်ငံရေး နောက်ခံကားသည် အတော်ကျယ်ပြန့် နက်ရှိုင်းလာသည်။ ဒုတိယ ဇာတ်လိုက်တော်လှန်ရေးသမား တစ်ဦးထည့်ရန်လည်း သဘောတူကြသည်။ သို့ဖြင့် သခင်တောက်ထွန်း တည်းဟူသော ဇာတ်ကောင်ပေါ်လာလေသည်။





နှစ်ယောက်သား ဆွေးနွေးပြီး မြသန်းတင့်သည် ကျွန်တော့်ဇာတ်ညွှန်းကို ဝတ္ထုအဖြစ်သို့ ကူးပြောင်းရေးလိုက်ပါသည်။ ဗိုလ်တထောင် သတင်းစာထဲမှာ ပါပြီးနောက် စာအုပ်အဖြစ် ရိုက်ရန်စီစဉ်သောအခါလည်း နှစ်ယောက်ထိုင်ပြီး ဆွေးနွေးကြပြန်သည်။ ပြင်သင့်တာတွေ သဘောတူကြပြီးနောက် မြသန်းတင့်က လိုအပ်သော နေရာများတွင် ပြင်ရေးလေသည်။

လုံးချင်းဝတ္ထု စာအုပ်အဖြစ်ဖြင့် ပုံနှိပ်ပြီးသောအခါ ဤနိဒါန်းမရေးခင် ကျွန်တော်တစ်ခေါက် ဖတ်ခွင့်ရပြန်သည်။ အများကြီးကျေနပ်အားရသွားသည်။ စာရေးဆရာနှစ်ယောက်ပေါင်းပြီး ဤပုံ ဤနည်းရေးရာတွင် ဤမျှ ကျေနပ်မှု ရသည်မှာ အံ့ဩဖွယ်ပင်ကောင်းသေး၏။ ကိုယ့်လုပ်ဖော်ကိုင်ဖက် မြသန်းတင့်အားလည်း တမြိန့်မြိန့်ချီးကျူးနေရ၏။

သို့သော် အချို့ ကျွန်တော် မကျေနပ်သောအချက်များ ကျန်နေသေးသည်။ ဥပမာ - ဒုတိယ ကမ္ဘာစစ်မဖြစ်မီက ပေါ်ခဲ့သောခရိုင်မှ တော်လှန်ရေးသမား သခင်တောက်ထွန်း၏ နိုင်ငံရေးအသိသည် ဤမျှ မမြင့်ထိုက်သေး၊ မမြင့်နိုင်သေးဟု ကျွန်တော်ကယူဆသည်။ ဇာတ်လိုက် ခင်မောင်ဝင်း၏ မြေယာပြဿနာ အမြင်များ၊ မြေယာနှင့် ပတ်သက်သော လူတန်းစားခွဲပုံများမှာလည်း တကယ့်မာ့က်စ်လီနင် ဝါဒီတစ်ဦး မြင်ပုံမျိုးဖြစ်နေသည်။

တချို့ အသေးအဖွဲ့ ချို့ယွင်းချက် ကလေးများလည်း ကျန်သေးသည်။ ဥပမာ-ဇာတ်လိုက်မင်းသမီးရွှေတင်၏ အသက်နှင့် ဝတ္ထုဖြစ်ပွားပုံကာလများ အံမကိုက်ဖြစ်ခြင်း၊ ဒုတိယကမ္ဘာစစ်မတိုင်မီက,ကုလားသူဌေးပိုင်ဇေယျဝတီသကြားစက်ကြီးကို အစိုးရသကြားစက်ကြီးဟု ဖော်ပြမိခြင်း စသည်တို့ဖြစ်သည်။

အကယ်၍ ဤစာအုပ်ကို နောက်ထပ် ပုံနှိပ်ခြင်းများ ပြုရဦးမည်ရှိသော် ကျွန်တော်နှင့် မြသန်းတင့်တို့သည် ဆွေးနွေးကြပါဦးမည်။ နှစ်ဦးသဘောတူ ပြင်သင့်သည်ကို ပြင်သွားပါဦးမည်။

အလုပ်ကြမ်းသမား၊ စက်ရုံအလုပ်သမားများသာ စုပေါင်းလုပ်၍ လွယ်ကူပါသည်။ စာရေးဆရာနှစ်ဦး ဝတ္ထုတစ်ခုထဲ ပေါင်းရေးသည်မှာ တကယ်မလွယ်ပါ။ ယခုမလွယ်ကူသော အလုပ်တစ်ခု ပြီးမြောက်သွားသဖြင့် များစွာ ကျေနပ်ပျော်ရွှင်မိပါသတည်း။

သိန်းဖေမြင့်
၂၁-၁-၆၂

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"အရွှေ ရေ . . . အရွှေ"

စကြီးထောင့်ချိုးထိပ်ဆီမှ ခေါ်သံနှင့်အတူ အခန်းဘက်သို့ လျှောက်လာသော ဖိနပ်သံများကို ကြားလိုက်ရသည်။ စင်္ကြံတစ်လျှောက် ဘေးတစ်ဖက်တစ်ချက်တွင် လေဝင်ပေါက် မရှိသဖြင့် အင်္ဂတေနံ့၊ ကတ္တရာစေးနံ့၊ ရေနံချေးနံ့၊ ကျင်ငယ်နံ့များမှာအထဲတွင် လှောင်အိုက်နေကာ နှာခေါင်းထဲသို့ စူးဝင်လာသည်။ မှောင်မည်းနေသဖြင့် ဝပ်နစ်ဆယ်အားရှိ မီးလုံးများမှာ ပို၍ လင်းနေသည်ဟု ထင်ရပေသည်။ စကြီးဘေး လမ်းတစ်လျှောက် အခန်းကျဉ်းကလေးများထဲမှ စကားပြောသံ၊ ချောင်းဆိုးသံ၊ သမ်ဝတလင်းကို ဆောင့်သံများကို ကြားရသည်။

စကြီးတစ်လျှောက်တွင်ကား လူအများ ဥဒဟို သွားလာနေကြသည်။ ဖိုင်တွဲများကို ကိုင်ကာ ခပ်သုတ်သုတ် လျှောက်သွားဖြတ်သွားကြသော လျှောက်လွှာစာရေးများ၊ ယူနီဖောင်းအစုံ ဝတ်ထားသော ပုလိပ်သားများ၊ လက်ထိတ်ခတ်ထားသော တရားခံများနှင့် စိတ်မချမ်းသာသော အသွင်ဖြင့် သွားလာနေကြသော တရားခံ၏ ဆွေမျိုးသားချင်းဟု ထင်ရသူများသည် တစ်ဘက်စကြီး ထောင့်ချိုးတွင် ပျောက်ကွယ်သွားကြသည်။

အရွှေသည် သံတိုင်များကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အဝင်လာရာ ထောင့်ချိုးဘက်သို့ လှမ်းမျှော်ကြည့်နေမိသည်။ ဆွေမျိုးသားချင်းလာရောက်တွေ့ကြသည့် တရားခံများကို မြင်ရသဖြင့် အားငယ်သလိုလို

www.burmeseclassic.com



တော့ ဖြစ်နေမိသည်။ တစ်ဘက်ခန်းမှ တရားခံများမှာ ဆွေမျိုးသင်္ဂဟတွေက လာရောက်တွေ့ကြသဖြင့် လက်ဖက်ရည်၊ ကွမ်းယာ၊ ဆေးလိပ်၊ ခေါက်ဆွဲ စသည်တို့ အလျှံပယ်ဖြစ်ကြသော်လည်း သူ့ကိုကား ဘယ်သူကမျှလာပေးဖော့်မရပေ။ အရွှေသည် ကိုယ့်ဘဝကိုယ် တွေးရင်း ရင်ထဲက တလှိုက်လှိုက်ဖြစ်လာသည်။ မျက်ရည်များသည် သူ၏ ဖျော့တော့သော ပါးပြင်ပေါ်သို့ စီးကျလာကြသည်။ အရွှေသည် မျက်ရည်တွေစီးကျရင်း ရှေ့စကြံလမ်းကို ကာထားသည့် ဝါကျင့်ကျင့် အုတ်နံရံကြီးကို ငေးစိုက်ကြည့်နေမိသည်။ အုတ်နံရံခြေရင်းမှာ ကွမ်းသွေးများ စွန်းပေလျက်ရှိသည်။

အရွှေသည် သူ့ဘဝကို အိပ်မက်ပေလားဟု သံသယဖြစ်နေမိလေသည်။ သူသည် ယခုမှ အသက်သုံးဆယ် မပြည့်သေးပေ။ သူ့ဘဝသည် ဖူးပွင့်၍ ဇတ္ထုတ်အထိပ်သို့ ရောက်လုဆဲ အချိန်ဖြစ်၏။ သည်အချိန်တွင် ပွန်းကျပ်မောဝ်မိုက်သော အကျဉ်းထောင်နံရံလေးဖက်အတွင်း ရောက်နေရသည်မှာ မတွေးကြည့်လျှင် ရင်နာစရာကောင်းပေသည်။ သူစိတ်ကူးယဉ်ခဲ့သမျှတို့သည်လည်း နေရောင်ခြည်တွင် နှင်းမြူတွေပျောက်ကွယ် သွားသလို ပျောက်ကွယ်သွားကြပေပြီ။

ခဏကြာမှ အမှတ်ရကာ စီးကျလာသော မျက်ရည်တွေကို သုတ်လိုက်ပြီး အားတင်း၍ ပြန်ပြုံးလိုက်သည်။ သို့သော်လည်း သူ့အပြုံးမှာ သရော်သောအပြုံး မဲ့ပြုံးမျှသာတည်း။

အရွှေသည် ခါးကြားထဲတွင်ညှပ်ထားသည့် ဝါညစ်နေသော တို့ပတ်ပုဝါကို ထုတ်ကာ မျက်ရည်ကြောင်းထင်နေသော သူ့ပါးပြင်ကို ပေါင်ဒါဖို့လိုက်သည်။ နှုတ်ခမ်းကို လျှာဖြင့်လိုမ့်၍ လျက်ကြည့်လိုက်သည်။ နှုတ်ခမ်းမှ စေးထန်းထန်း အတွေ့သည် လျှာပေါ်တွင် ပေါ်၍လာ၏။ သည်တော့မှ သူ့နှုတ်ခမ်းနီများမှာ မပျက်သေးဘဲ စွေးစွေးနီနေကြောင်းကို သိသွားကာ ကျေနပ်သွားပြီး ပြုံးလိုက်သည်။ အနည်းငယ်တွန့်ကြေနေသော ပဒုမ္မာအင်္ကျီလက်ရှည် ဖားဖားကိုလည်း ခါးမှအောက်သို့ ဆွဲချလိုက်သည်။ လက်ကောက်ဝတ်ပေါ်တွင် ဝဲကျနေသော အင်္ကျီလက်များကိုလည်း လက်ကောက်ဝတ်အထက်ရောက်အောင် ပင့်တင်လိုက်သည်။ ခါးတွင်စည်းထားသည့် အဝါရောင် တရုတ်ဖဲလုံချည်ကိုလည်း ခပ်တင်းတင်းပြင်၍ ဝတ်လိုက်သည်။ အဝါရောင် နောက်ခံထဘီတွင် နေကြာပန်းကြီးများသည်ပဲ နွယ်ယှက်ကာ





အဆုပ်လိုက် အခိုင်လိုက် ဖူးပွင့်နေကြသည်။

ဘဝကံတရား၏ ရိုက်ပုတ်ခြင်းကို မခံရခင်တုန်းကတော့ အရွှေ၏ မျက်လုံးများသည် သောကြာကြယ်လို ရွှန်းလင်းကြပေမည်။ မျက်ခုံးများသည် ထူထဲစိမ်းဖန့်ကာ ဇင်ယော်တောင်လို လှပကြပေမည်။ နှုတ်ခမ်းများသည် ကြာပဒုံလို ဖူးပွင့်ကြပေမည်။ ပြည့်ဖြိုးသောရင်အုံ၊ လုံးကျစ်မို့မောက်သော တင်ပါးနှင့် ဖြောင့်စင်းသွယ်တန်းသော ပေါင်တံများသည် ယောကျ်ားတို့အဖို့ စွဲမက်ဖွယ်ရာပင် ဖြစ်ပေလိမ့်မည်။

ယခုမူ အရွှေ၏ကိုယ်မှ ပင်ကိုအလှတို့သည် တဖြည်းဖြည်း ညှိုးနွမ်းမှေးမှိန် လာကြပေပြီ။ ဆံနွယ်များသည် ခြောက်သွေ့ကာ ခပ်ပြေပြေချိုင့်ဝင်နေသည့် နားသယ်စပ်တွင် ဝဲနေကြပြီး နဖူးပေါ်သို့ ပွယောင်းကျနေကြ၏။ သူ့မျက်နှာသည် အရင်းတုန်းကမူ လဝန်းလို လုံ့ဝင်းနေသော်လည်း ယခုတော့ ဝါဖျော့ဖြူလျော်နေကာ နှင်းခြေထားသော ပန်းပွင့်တစ်ပွင့်နှင့် တူနေပေသည်။ ပေါင်ဒါ၊ နှုတ်ခမ်းဆိုးဆေး၊ လက်သည်းဆိုးဆေးတို့ဖြင့် ဘယ်လိုပင် ခြယ်သထားသော်လည်း ညှိုးလျော် နွမ်းလျခြင်းကိုကား ဖုံး၍မရတော့ပေ။

"ဟေ့ အရွှေ လာ လာ ထွက်၊ ရုံးထွက်ချိန်နီးနေပြီ"

တံခါးဝတွင် ပုလိပ်တစ်ယောက်လာရပ်ကာ တံခါးသော့ကို ဖွင့်ပေးလိုက်သည်။ မိန်းမပုလိပ်နှစ်ယောက်က ခပ်လှမ်းလှမ်းမှ သူ့ကို စောင့်ကြိုလျက်ရှိလေသည်။ အရွှေသည် သူတို့ခေါ်သံကို မကြားသလိုဖြင့် သံတိုင်ကိုကိုင်ကာ တွေ၍ရပ်နေပေ၏။

"ကဲ မရွှေစာ မြန်မြန်လုပ်၊ မြန်မြန်"

မိန်းမပုလိပ်တစ်ယောက်က လှမ်းပြောလိုက်တော့မှ အရွှေသည် ပုလိပ်ဖွင့်ပေးသော တံခါးပေါက်မှ အပြင်သို့ထွက်လာခဲ့သည်။ သူထွက်လာသည်နှင့် သံတံခါးကြီးသည် ကျီးခနဲမြည်၍ ပြန်ပိတ်သွားလေသည်။

ရှေ့မှပုလိပ်က သူ့ကို စင်္ကြံတစ်လျှောက်ခေါ်သွားပြီး မိန်းမပုလိပ်နှစ်ယောက်က သူ့ကို ဘေးတစ်ဖက်တစ်ချက်မှ ခြံရံလျက်လာကြသည်။ အရွှေသည် စင်္ကြံတစ်လျှောက်တွင် ဥဒဟိုသွားလာနေကြသူများကို ငေးကြည့်ရင်းလိုက်ပါလာလေသည်။

ပုလိပ်ရုံးကြီး လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် သာ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတက်ခဲ့ရသော်လည်း သူ့စိတ်ထဲတွင် လှေကားထစ်များကို တက်နေရသည်ဟု သတိမထားမိပေ။ လှေကားတစ်လျှောက်တွင် မှောင်နေလေသည်။ ရုံးသွားရုံးလာများသည် လှေကားထစ်တစ်လျှောက်တွင် ဆင်းသူဆင်း တက်သူတက်ဖြင့် ရှုပ်ယှက်ခတ်နေကြ၏။ အချို့မှာ ရွှင်ပျသောမျက်နှာဖြင့် ရုံးပေါ်မှ ဆင်းလာကြ၏။ အချို့ကား စိုးရိမ်ပူပန်သောမျက်နှာဖြင့် အပေါ်ထပ်သို့ တက်သွားကြ၏။ သူတို့ကား သူ့လို တရားခွင်တွင် အမှုဆိုင်ရမည့်သူများ ဖြစ်ဟန်တူလေသည်။ သည်ပုလိပ်ရုံးကြီး၏ လှေကားထစ်များပေါ်သို့ ဆင်းသူ တက်သူ၊ တက်သူ ဆင်းသူတို့၏ အတ္ထုပ္ပတ္တိများကိုသာ ရေးမှတ်ထားရလျှင် အင်မတန် စိတ်ဝင်စားစရာကောင်းသော စာအုပ်ကြီး တစ်အုပ် ဖြစ်လာမည်ကား မပြောတတ်ပေ။ သည် လှေကားထစ်တစ်လျှောက်တွင် ဆင်းကြ တက်ကြ သူများသည်လည်း ရေတွက်၍ပင် ရနိုင်တော့မည် မထင်ပေ။ လောက၌ အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာတွေ့ရတတ်သည်ဟု ဆိုကြသည် မဟုတ်လား။

ပထမထပ်ရောက်လျှင် လက်ဝဲဘက်သို့ ချိုးလိုက်ကာ ဒုတိယအထပ်သို့ တက်လာခဲ့သည်။ ဒုတိယအထပ် လှေကားထိပ် ပြတင်းပေါက်ကြီးမှ အလင်းရောင်သည် စကြံလှေကားပေါ်သို့ ထိုးကျနေ၏။ ရန်ကုန်မြစ်ဘက်မှ ညှင်းညှင်းညံ့ညံ့ တိုက်လာသော လေပြည်သည် သူ့ခေါင်းပေါ်မှ ဆံပင်များကို ပွတ်သပ်ကစားပေးသလို ထင်ရသည်။ ပြင်ပလေကို ရှူရှိုက်ရသဖြင့် အရွှေ၏ မျက်နှာမှာ လန်းဆန်းလာသလို ထင်ရသည်။ ပြတင်းမှ လှမ်းကြည့်လိုက်လျှင် ရုံးအလယ်ကွက်လပ်တွင် ဆန်စေ့များကိုကောက်၍ စားနေကြသော ခိုကလေးများကို မြင်ရသည်။ ခိုညည်းသံနှင့် တောင်ပန်ခတ်သံသည် အောက်မှ ပျံ့လွင့်လာပေသည်။ အရွှေ၏ မျက်နှာသည် ခိုကလေးတွေကို ကြည့်ကာ ညှိုးကျသွားသည်။

နံနက်ခင်း ပူနွေးသော နေခြည်နုနု ပက်ဖျန်းချိန် ခြံစည်းရိုးဝတွင် ခိုကလေးများ၊ ကြက်သားအုပ်မများအား အစာကျွေးခဲ့ပုံကို အမှတ်ရလာသည်။ သို့ရာတွင် အရွှေသည် မျက်နှာကို ကြာကြာအညှိုးမခံဘဲ ဥပေက္ခာသဘောကို ပိုမို၍ပေါ်လွင်စေအောင် ခပ်မဲ့မဲ့ပြုံးကာ ခေါင်းကိုမော့၍ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ်တက်လာခဲ့သည်။

ပုလိပ်မင်းကြီးရုံး ဒုတိယအထပ် လှေကားထိပ် တည့်တည့်တွင် ဘား





ရွှမ်း(ခေါ်) ရှေ့နေများ၏ နားနေရာ အခန်းရှိ၏။ ဝတ်ရုံနက်ကြီးများကို လက်တွင်ပိုက်ထားသော ဝတ်လုံတော်ရများသည် ဆင်နားရွက်တံခါးကို တွန်းဖွင့်ကာ တရားခွင်သို့ သုတ်သီးသုတ်ပျာသွားရင်း သူ့ကို တစေ့တစောင်း အကဲခတ်၍ ကြည့်သွားကြသည်။ စကြံပေါ်တွင် တွေ့သူများကလည်း သူ့ကို ကြည့်သွားကြသည်။ အရွှေသည် သူတို့ကြည့်ပုံကို သတိထားမိသည်နှင့် ပို၍ ပြုံးကာ ဥပေက္ခာပြုသည့်ဟန်ဖြင့် လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ရှေ့ကသွားသည့် ပုလိပ်က ဆင်နားရွက်တံခါးကို တွန်းဖွင့်ကာ သူတို့ဝင်လာအောင် စောင့်ရပ်၍ လက်နှင့်ကိုင်ဖွင့်ထားသည်။ အရှေ့သည် ကိုယ်ဟန်ကို ကြော့နိုင်သမျှ ကြော့အောင် ရင်ကော့ကော့ ခေါင်းမော့မော့ထား၍ အထဲသို့ဝင်လိုက်သည်။ မှောင်နေသော စင်္ကြံတစ်လျှောက်မှ ဝင်လိုက်သဖြင့် ရုတ်တရက် ဘာကိုမျှမမြင်ရဘဲ မျက်လုံးတွေပြာဝေနေသည်။

စက်ရှင်တရားသူကြီး၏ ရုံးခန်းတံခါးကြီးများမှ အလင်းရောင်ထိုးဝင်နေသဖြင့် လင်းလင်းရှင်းရှင်း ရှိသည်။ တရားသူကြီးထိုင်ရာ တရားခွင်နောက်ဘက်က နံရံထက်တွင် ပြည်ပိုင်အစိုးရ၏ အမှတ်အသားဖြစ်သော ကြေးသရဖူကြီးကို ချိတ်ဆွဲထားသည်။ ကြေးသရဖူအောက်ဘက် ခပ်ကျကျတွင် ဆဋ္ဌမမြောက် ဂျော့ဘုရင်၏ပုံရှိသည်။

တရားခွင်ကို ရှာပန်းထည်စ ကာထားပေ၏။ ရှာပန်းထည်စ အနီရောင်မှာ စူးစူးရဲရဲရှိလှသည်။ တရားခွင်ပေါ် အလယ်တည့်တည့်တွင် တရားသူကြီးထိုင်သည့် နောက်မှီအမြင့်နှင့် ကုလားထိုင်ကြီး၊ ဘေးတစ်ဖက်တစ်ချက်တွင် ဂျူရီလူကြီးများထိုင်သည့် ကုလားထိုင်များကို စီတန်းချထားသည်။

တရားခွင်ရှေ့မှ ရှေ့နေများစားပွဲတွင်မူ ရှေ့နေများ အဆင်သင့်ရောက်နေသည်ကို တွေ့ရ၏။ တရားခံထိုင်သည့် ဝက်ခြံနောက်ဘက်နံရံနှင့်ကပ်လျက် တန်းလျားပေါ်တွင် အသက်သုံးဆယ့်ငါးနှစ်ခန့် အသားဖြူဖြူ





ခပ်ဝဝ မိန်းမတစ်ယောက်နှင့် အဖော်မိန်းမတစ်ယောက် ထိုင်နေကြသည်။ အသားဖြူဖြူ ဝဝမိန်းမမှာ သေသူ၏ဇနီးဖြစ်၏။ သူ့မျက်နှာ ညှိုးငယ်နေပေသည်။ လက်ထဲတွင် လုံးကိုင်ထားသည့် လက်ကိုင်ပုဝါ ဖြူဖြူကလေးဖြင့် နှာခေါင်းကို မကြာခဏ သုတ်လျက်ရှိသည်။ အခြားတန်းလျား တစ်ခုပေါ်တွင် လူရွယ်တစ်ဦးနှင့် မိန်းငယ်တစ်ဦး ထိုင်နေကြသည်။ သေသူ၏ညီနှင့် ညီ၏ဇနီးသည် ဖြစ်လေသည်။

တရားခွင်နှင့်မျက်နှာချင်းဆိုင် နံရံပေါ်မှ တိုင်ကပ်နာရီမှာ ဆယ်နာရီထိုးနေပြီ ဖြစ်၏။

အရှေ့သည် တရားခံဝက်ခြံတွင်းသို့ ဝင်၍ထိုင်လိုက်သည်။ မိန်းမပုလိပ်နှစ်ယောက်က ဝက်ခြံဘေးက ရပ်၍စောင့်နေကြသည်။ အခြား ပုလိပ်နှစ်ယောက်မှာ တံခါးမကြီးနားတွင် ရင်ကော့၍ မတ်မတ်ရပ်နေကြသည်။ သူတို့မျက်နှာသည် အကြောအခြင် မရှိသော အသားရုပ်ထုလို တင်းမာခက်ထရော်နေကြလေသည်။

အရှေ့သည် လက်တစ်ဆစ်ခန့်မျှသာ ကျန်တော့သော စီးကရက်တိုကို အားရပါးရ ဖွာရှိုက်ကာ ရုံးခန်းထဲပတ်ဝန်းကျင်ကို လှမ်းကြည့်မိလိုက်သည်။ ဝတ်ရုံနက်ကြီးကို ခြုံထားသောဝတ်လုံတော်ရများမှာမူ တရားခွင်ရှေ့က ရှေ့နေစားပွဲတွင်ထိုင်ကာ ခေါင်းချင်းရိုက်နေကြ၏။ အချို့ဝတ်လုံများကား ကိုယ့်အမှုအတွက် ရက်ချိန်းတောင်းရန် တရားသူကြီးကို စောင့်နေကြခြင်း ဖြစ်လေသည်။ ရှေ့ဖတ်စာရေးကြီးမှာ တရားခွင် ကျောဘက်က တရားသူကြီး၏ အခန်းထဲသို့ ဝင်လိုက်ထွက်လိုက်နှင့် အလုပ်များနေသည်။ တရားလိုဖြစ်သူ အမှုလိုက်ရာဇဝတ်အုပ်မှာ ကော်တောင့်နေသော ကာကီယူနီဖောင်း အကျႌအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်နေ၏။

အသိမိတ်ဆွေဆို၍ တစ်ယောက်မှ မတွေ့ရသောအခါ အရှေ့သည် အားငယ် သွားလေသည်။ သူ့လို တရားခံတစ်ယောက်ကို ဘယ်သူကမှ လာတွေ့ကြမှာတော့ မဟုတ်ဘူးဆိုသော အသိသည် ကြီးစိုးလာကာ တလှိုက်လှိုက်ဖြစ်လာပေသည်။ အရှေ့သည် အပြင်ဘက် စင်္ကြံသို့ထွက်သော ဆင်နားရွက်တံခါးဆီသို့ လှမ်းကြည့်လိုက်သည်။ စင်္ကြံပေါ်တွင် ဖြတ်သွားကြသူများ အောက်ပိုင်းကို ဆင်နားရွက်တံခါးအောက်ပိုင်းမှ မြင်ရသည်။ ခဏကြာ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ပလေကပ်လုံချည်အနွမ်းနှင့် သားရေညှပ်ဖိနပ်ကို ဝတ်ထားသည့်ခြေထောက်အစုံကို ဆင်နားရွက်တံခါးအောက်မှ မြင်လိုက်ရသည်။ ခြေထောက်အစုံသည် ဆင်နားရွက်တံခါးဝတွင် အတန်ကြာရပ်နေ၏။ နောက်ဆင်နားရွက်တံခါးသည် တဖြည်းဖြည်း ပွင့်လာကာ ခေါင်းတစ်လုံးသည် ပြူထွက်လာလေသည်။

"ဟော့ . . . ညိုလေး၊ ခဏ ခဏ"

အရွှေသည် ဝမ်းသာအားရဖြင့် ခပ်တိုးတိုးခေါ်ကာ လက်ယပ်၍ပြလိုက်သည်။ သည်တော့မှ ဆင်နားရွက်တံခါးသည် လူတစ်ကိုယ်ဝင်အောင် ဟ,လာကာ လူလုံးပေါ်လာလေသည်။ အရွှေက နောက်တစ်ခါ လက်ယပ်ခေါ်လိုက်မှ ညိုလေးသည် ရုံးခန်းထဲသို့ဝင်လာကာ ဝက်ခြံနားသို့ မဝံ့မရဲဖြင့် ကပ်လာလေသည်။

ညိုလေးမှာ အသားလတ်လတ်၊ နှာတံပေါ်၊ မျက်ခုံးကောင်း၊ အသက်အစိတ်ပင် မပြည့်တတ်သေးပေ။ စိမ်းဖန့်ဖန့် နှုတ်ခမ်းမှာ နှုတ်ခမ်းမွေးရေးရေးသည် သွယ်တန်းနေပေ၏။ ဆံပင်မှာ ဗလင်တီနို ဆံပင်ရှည်ဖြစ်၍ ပိရိနေအောင် ဖိထားကာ အရောင်တဖိတ်ဖိတ်ထွက်နေ၏။ အိတ်ကပ်ပေါ်တွင် တွန့်ချုပ်ထားသော စပို့တင်းဘလေဇာ အပြာရောင်ကို ဝတ်ထားသည်။ သို့ရာတွင် သူ့ဘလေဇာအကျီမှာ အမွေးများကျွတ်၍ သိုးမွေးချည်များကို အမျှင်လိုက်မြင်ရကာ ညစ်မည်းမည်း ဖြစ်နေပေသည်။

"ညိုလေးရေ၊ စီးကရက်ပါလား စီးကရက်"

အရွှေက လက်ထဲ၌ ကျန်သောစီးကရက်တိုကလေးကို ထောင်ပြကာ ပုလိပ်မကြားအောင် အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။ ညိုလေးသည် ပုလိပ်များဘက်သို့ တစ်ချက်မျှလှမ်းကြည့်လိုက်ပြီးလျှင် အိတ်ထဲမှ ဂိုးဖလိပ် စီးကရက်ဘူးကိုဖွင့်၍ တစ်လိပ်ကို ဆွဲထုတ်ပေးလိုက်သည်။

"ရော့ ရော့၊ ဒီတစ်လိပ်ပဲ ကျန်တော့တယ်။ သောက်ချင်သေးရင် ပြီးတော့ ကျွန်တော်သွားဝယ်ပေးမယ်"

အရွှေသည် စီးကရက်အတိုမှ မီးကူး၍ယူကာ အတိုကို ကြမ်းပြင်ပေါ်သို့ ချ၍နင်းခြေရင်း . . .

"ရုံးထွက်တဲ့နေ့ကျမှပဲ ဝဝ သောက်ရတော့တယ်ဟေ့။ နေပါဦး မင်းတစ်ယောက်တည်းလား။ ဒို့ပြင် ဘယ်သူမှ မလာတော့ဘူးလား"





"ဟင့်အင်း မလာကြဘူး၊ ကိုကြီးလွန်းကလဲ ကိုယ်ဖြစ်ကိုယ်ခံတဲ့၊ သူတော့ ဒီထဲမှာ ရှုပ်ရှုပ်ယှက်ယှက် မပါချင်ဘူးတဲ့၊ အလကားပါ ဒီကောင်ကြီးတွေ အားကိုးနေလို့ မရပါဘူး"

ညိုလေးက လက်တစ်ဖက်ကို ဝက်ခြံလက်ရမ်းပေါ်တွင် မှေးတင်ကာ တရားခွင်ဘက်သို့ လှည့်ကြည့်ရင်း ပြောနေသည်။ ညိုလေး၏ အသံမှာ တကယ်နာကြည်း ဆွေးမြေ့သံ ပေါက်နေပေ၏။

"အေးလေ၊ သူတို့ကတော့ ဒီလိုသဘောထားနိုင်ကြမှာပေါ့။ ကုလားကြံ့ရည်ညှစ်သလို ငါ့ဆီက ထွက်နိုင်သမျှ ညှစ်ယူပြီးကြပြီကိုး။ ဟင်း ဟင်း တော်လဲ တော်တဲ့ လူတွေ။ နေပါဦး အမြတစ်ယောက်ကော"

အရွှေက မရယ်ချင့် ရယ်ချင် စီးကရက်ကို အားရပါးရ ဖွာရှိုက်နေသည်။ အရွှေသည် ငေးမိ ငေးရာ ငေးကြည့်နေ၏။ သူ့ မျက်လုံးများသည် မှုန်ငေးငေး ဖြစ်နေကြပေသည်။

"ဘယ် အမြလဲ၊ မျက်ပြူးလား မျက်မှေးလား"

"မျက်ပြူးအမြကို မေးပါ့မလားကွ၊ ငါနဲ့တည့်တာမှတ်လို့ မျက်မှေးပေါ့"

"အင်း ရှိသားပဲ၊ မမ မရှိတဲ့နောက် အော်ဒါတွေကို သူပဲအများဆုံး လက်ခံရတာပဲ။ မနေ့ညက လိုက်သွားတာ ဒီနေ့မနက်ငါးနာရီလောက်ကမှ ပြန်ရောက်လို့ အိပ်နေလေရဲ့"

အရွှေသည် သူ့အတိတ်ကို ပြန်၍တွေးနေမိသည်။ ရန်ကုန်ကကိုဘလွန်းအိမ်တွင် အရွှေမှာ ပေါ်ပြူလာအဖြစ်ဆုံး မိန်းကလေးဖြစ်သည်။ လာသမျှ အော်ဒါများကို သူပင်လိုက်ရသည်။ ကောလိပ်ကျောင်းသား၊ မင်းတိုင်ပင် အမတ်များ၊ ကုန်သည်များ၊ အရာရှိများလာလျှင် အရွှေကိုသာ အလုအယက် ဆွဲကြသည်ချည်းဖြစ်၏။ သိပ်ပေါ်ပြူလာ ဖြစ်လာသောအခါတွင် တော်တော်ခပ်များများက သူ့ကို မနာလိုဖြစ်လာကြလေသည်။ သည်အထဲတွင် မျက်ပြူးအမြကား အဆိုးဆုံးပေတည်း။ မျက်ပြူးအမြမှာ အရွှေလောက် အပြောအဆိုလည်း မတတ်၊ ရုပ်ရည်ကလည်း မရှိ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း မလှ၊ အသား အရေကလည်း မကောင်းသဖြင့် အမြဲတမ်းလိုလိုပင် ရွေးကျန်ဖြစ်နေဟတ်၏။

သို့နှင့် အရွှေ့အပေါ် မကျေမနပ် ဖြစ်လာလေသည်။ မိတ်ကပ်ထူထူပျောက်သည့်ကိစ္စ၊ ကြယ်သီးပျောက်သည့်ကိစ္စကလေးတွေ ပေါ်လာလျှင်

www.burmeseclassic.com



အရွှေကိုသာ ရန်ငြိုးဖွဲ့တတ်သည်။ အိမ်ရှင် ခေါင်းဘလွန်းကလည်း မျက်ပြူးအမြဲဘက်ကသာ ပင်းလေ့ရှိသည်။ အရွှေဘက်ကဆိုလျှင် မျက်မှေးအမြဲနှင့် ညိုလေးတို့သာရှိသည်။

ညိုလေးကား မုဒုံဘက်မှဖြစ်၏။ ရန်ကုန်တွင် ပေတောလေလွင့်ရင်းက ကိုဘလွန်းအိမ်တွင် သောင်တင်နေသူဖြစ်လေသည်။ သူ၏အလုပ်ကား ကိုဘလွန်းမရှိလျှင် ငွေပေးငွေယူ အော်ဒါအသွင်းအထုတ် စသည့်လုပ်ငန်းအဝဝကို ကြီးကြပ်ရ၏။ ကိုဘလွန်းရှိလျှင်ကား 'ဖာဆွယ်' သက်သက်မျှသာတည်း။ ဖာဆွယ်သာမဟုတ် ဖာလင်လည်း ဖြစ်၏။ ပုလိပ်လာဖမ်းလျှင် ရှိနေသော မိန်းမရှစ်ယောက်လောက်ကို သူ့မိန်းမပါဟူသော ကတိဝန်ခံချက်မျိုးကိုလည်း ပေးရ၏။ ပြည့်တန်ဆာတွေကို လက်ဖက်ရည်၊ စီးကရက် စသည် တို့ကိုလည်း ဝယ်ပေးရ၏။ ပြည့်တန်ဆာများ 'ဘိုင်ကျ'လျှင်လည်း 'ဘိုင်ကျ' ၍၊ ပြည့်တန်ဆာများ ငွေရွှင်လျှင်လည်း သူပါငွေရွှင်တတ်လေသည်။ အရွှေသည် သူ့တွင် အော်ဒါလိုက်၍ ဘောက်ဆူးများများရလျှင် ညိုလေးကို ခွဲဝေပေးတတ်လေသည်။ ထို့ကြောင့် ညိုလေးကလည်း အရွှေခိုင်းလျှင် တခြားသူတွေ ခိုင်းတာနှင့်မတူ သွက်သွက်လက်လက် လုပ်ပေးတတ်လေသည်။

ညိုလေးသည် အရွှေရုံးထွက်တိုင်း မှန်မှန်လာ၍ တွေ့ကာ စီးကရက်ဘူး၊ ခေါက်ဆွဲထုပ်များကို ဝယ်လာတတ်၏။ ကိုဘလွန်းကား အမှုဖြစ်ကတည်းက တစ်ခေါက်မျှ ပေါ်မလာတော့ပေ။ သူ့အား သချိုင်းတွင် အမိန့်ပြန်တမ်းထုတ်သလို အရွှေနှင့် အဆက်အဆံ မရှိတော့ဟု သဘောထားဟန်တူလေသည်။

ရှေ့ဖတ်စာရေးကြီးသည် တရားခွင်လက်ျာဘက် တံခါးမှနေ၍ တရားသူကြီး၏အခန်းထဲမှ ထွက်လာလေသည်။ လက်ထဲတွင် အမှုတွေတစ်ထပ်ကြီးကိုပိုက်ကာ အမှုတွဲများကို တရားခွင်ရှိ စားပွဲပေါ်သို့ တင်ထားလိုက်သည်။

"ဟဲ့ ကောင်မ၊ စီးကရက် သောက်မနေနဲ့"

မိန်းမပုလိပ်တစ်ဦးက အရွှေကိုလှမ်း၍ ငေါက်လိုက်၏။ အရွှေသည် စီးကရက်ကို ပါးစပ်မှ ချွတ်ကာ လက်ထဲတွင် ညှပ်ထားလိုက်သည်။ ပါးစပ်မှသာ ချွတ်လိုက်သော်လည်း သူ့ မျက်နှာထား သူ့ဟန်ပန်မှာ ဂရုမစိုက်ဟန်





ပေါ်လေသည်။ ပြီးမှ ညိုလေးဘက်ကိုလှည့်ကြည့်ကာ အသံကျယ်ကျယ်ဖြင့်

"ဘယ့်နှယ်လဲ၊ တို့ရှေ့နေက ဟန်ကျပါ့မလား"

"အစိုးရက ပေးတဲ့ ရှေ့နေပေမဲ့ ကိုယ်ကြိုက်တာကို ငှားခွင့်ရှိတာပဲ၊ ဟန်ကျပါတယ်"

ညိုလေးက တရားခွင်ဘက်သို့ လှည့်နေရာမှ အရွှေဘက်သို့ လှည့်၍ ပြောလိုက်လေသည်။

"အေးကွယ် တို့ရှေ့နေကိုလဲ ပြောစမ်းပါ၊ ဝတ်ကျေတမ်းကျေ သဘောမထားပါနဲ့လို့။ ဘယ်နည်းနဲ့ ကျေးဇူးဆပ်ရ ဆပ်ရ ဆပ်ပါ့မယ်လို့"

အရွှေသည် သူပြောသည့်စကားလုံးကို သဘောကျကာ သရော်ပြုံးပြုံးလိုက်၏။ သည်အပြုံးမှာ ယောက်ျားဆိုသော သတ္တဝါဟူသမျှကို သရော်သောအပြုံးဖြစ်ပေသည်။ အရွှေသည် ယောက်ျားများ၏ ပျော့ညံ့ချက်ကို သိပြီးဖြစ်၏။ သူ့အမြင်တွင် ယောက်ျားဆိုသောသတ္တဝါတွေသည် မိန်းမတွေ၏ ညွှတ်ကွင်းထဲတွင် အစင်းသား ဝင်လာကြသော သားကောင်များသာ ဖြစ်ပေသည်။ သူတို့၏ ထွားကြိုင်းသန်မာသော ကိုယ်ခန္ဓာများသည် မိန်းမ၏ မာယာကွန်ယက်ရှေ့သို့ ရောက်လာသောအခါ ပျော့ပျောင်းနူးညံ့သွားကြရသည်။ မိန်းမ၏ အပြုံး၊ အငို၊ အမြူ၊ အချွဲ၊ အနွဲ့၊ အညု၊ အနုကို ဘယ်ယောက်ျားမှ မခံနိုင်။ အရွှေသည် သည်အသိကို ယောက်ျားတကာနှင့် ဆက်ဆံတွေ့ကြုံပြီးမှ ရခဲ့ခြင်းဖြစ်ပေသည်။

"ရုံးတော်"

ရှေ့ဖတ်စာရေးက စားပွဲမှ သစ်သားတုံးကလေးကို သစ်သားလက်ရိုက်ဖြင့် ထုနှက်အော်လိုက်သည်။ တရားခွင်၏ လက်ျာဘက်အခန်းမှ တရားသူကြီးထွက်လာကာ တရားခွင်ပေါ်သို့ တက်လာသည်။ ဂျူရီလူကြီးများလည်း တရားသူကြီးနောက်မှ တရားခွင်သို့ တက်လာကြသည်။

အားလုံး မတ်တတ်ထရပ်လိုက်ကြသည်။ ကုလားထိုင် ရွှေ့သံ ဝတ်လုံများ၏ ဘန်ကောက်ပုဆိုးမှ တရှမ်းရှမ်းမြည်သံ၊ ပုလိပ်များ၏ ဖိနပ်ရိုက်သံတို့ကို ကြားလိုက်ပြီးနောက် ရုံးခန်းတစ်ခန်းလုံး တိတ်ဆိတ်နေသည်။

တရားသူကြီးမှာ ခပ်သွယ်သွယ်အသားဖြူဖြူနှင့် ဖြစ်၍ အဖြူရောင်ဘောင်းဘီရှည်၊ အလ်ပတ်ကား ကွတ်အင်္ကျီ အနက်ကို လည်စီးတပ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကမှ ဝတ်လုံအနက်ခြုံကာ ကြွေကော်လာ အဖြူတပ်ထားလေသည်။ သူ၏ ပိန်ပါးသော ခန္ဓာကိုယ်သည် လေးလံလှသော ဝတ်လုံအနက်ကြီး အောက်တွင် ပိကျနေသည်ဟုထင်ရသည်။ ဂျူရီလူကြီးများအနက် အချို့မှာ အင်္ဂလိပ် ဝတ်စုံကို ဝတ်ထားကြသည်။ အချို့ကား မြန်မာဝတ်စုံကို ဝတ်ထားကြသည်။ တရားသူကြီးနှင့် ဂျူရီလူကြီးများအားလုံးမှာ ကြီးမားသော ဣန္ဒြေကိုဆောင်ထားကြလေ၏။ တရားရုံး အဆောင်အယောင်များနှင့် တရားသူကြီး ဂျူရီလူကြီးတို့၏ ရင့်ကျက်သော မျက်နှာထားများသည် အားငယ်အောင် ခြောက်လှန့်နေသည်ဟု ထင်ရလေသည်။

တရားသူကြီးက စားပွဲအလယ်တည့်တည့် နောက်မှီအမြင့်ကြီးရှိသည့် ကုလားထိုင်တွင် ထိုင်ချလိုက်တော့မှ ဂျူရီလူကြီးများ၊ ဝတ်လုံတော်ရများ၊ အမှုလာရောက် နားထောင်သူများနှင့်အတူ အရွှေသည် ပြန်၍ထိုင်ချလိုက်သည်။ ရှေ့ဖတ်စာရေးက အမှုတွဲများကိုလှန်ကာ တရားသူကြီးအား ပြသနေသည်။ ရှေ့နေ စားပွဲတွင်ထိုင်နေသည့် ရှေ့နေတစ်ဦးကထ၍ . . .

"ငဖိုးမြနှင့် ဂျော့ဘုရင်မင်းမြတ်ရဲ့အမှု၊ ရာဇဝတ်ကြီးမှု နံပါတ်( ) ကို တရားခံ ငဖိုးမြဘက်က လိုက်တဲ့ကျွန်တော်များ ဟိုက်ကုတ်မှာ အယူခံအမှုတစ်ခုရှိတဲ့အတွက် ရက်ချိန်းပေးပါလို့ လျှောက်ထားလိုပါတယ်"

တရားသူကြီးသည် အမှုတွဲများကိုလှန်ကာ ရက်ချိန်းများ ပေးနေလေ၏။ တစ်ရုံးလုံး စာရွက်များ တဖြတ်ဖြတ်လှန်လှော်သံ၊ တဝီဝီလည်နေသော ပန်ကာသံနှင့် ချောင်းဆိုးသံများကိုသာ ကြားရသည်။ ခဏကြာလျှင် ရက်ချိန်းပေးလိုက်၍ အချို့ရှေ့နေများ ထွက်သွားကြလေသည်။

"ရာဇဝတ်ကြီးမှုနံပါတ် ၂၃၃/၃၇ မိကျင်ရွှေနှင့်ဂျော့ဘုရင်မင်းမြတ်"

ရှေ့ဖတ်စာရေးကြီးက အမှုတွဲ နံပါတ်နှင့် တရားလို တရားခံနာမည် ခပ်ကျယ်ကျယ်ဖတ်ခေါ်လိုက်သည်။ ရုံးခန်းတွင် ငြိမ်သက်နေရာမှ လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။ တရားလို ပုလိပ် အင်စပိတ်တော် ဦးစိန်မြသည် ပုလိပ် ယူနီဖောင်းဖြင့် သက်သေ ဝက်ခြံနားတွင် ရပ်နေသည်။

သက်သေဝက်ခြံနားတွင် ထိုင်နေသည့် အစိုးရရှေ့နေက လက်မောင်းပေါ်တွင် ခပ်ဖားဖား လျှောကျနေသည့် ဝတ်လုံအနက်ကြီးလက်မြှောက်၍ ပင့်တင်ကာ မတ်တတ်ရပ်လိုက်သည်။ လည်ပင်းတွင် ကြွေရောင်ကော်လာ အဖြူကို ခပ်တင်းတင်း ပတ်ထားသဖြင့် ကပ်ပိုးမှ အသားများသည် အစ်၍





ဖုထစ်ထွက်နေကြလေသည်။ အစိုးရရှေ့နေကြီးက တရားခံရှိရာ ဝက်ခြံဘက်သို့ မျက်မှန်ပေါ်မှကျော်၍ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ လက်နှစ်ဘက်ကို စားပွဲပေါ်တွင် ထောက်ထားကာ ခြေထောက်တစ်ဖက်ကို နောက်ချိုး၍ ကုလားထိုင်ပေါ်တွင် တင်ထားသည်။ ပြီးမှ တရားသူကြီးဘက်သို့ လှည့်လိုက်ကာ . . .

"အမှုမှာစွဲချက် တင်ပြီးပြီဖြစ်တဲ့အတိုင်း ယနေ့ ကျွန်တော်များ၏ တရားလိုပြ သက်သေကို ရုံးတော်က စစ်ဆေးရန် ဖြစ်ပါတယ်။ ရုံးတော်ကလဲ ရာဇဝတ်ကျင့်ထုံးကို ဥပဒေပုဒ်မ ၂၃၄-၂၃၆၊ ၂၃၇ (၁) အရ ဂျူရီလူကြီးများကို ရွေးကောက်ပြီး ပုဒ်မ ၂၈၀-၂၈၁ အရ ခန့်အပ်ကျမ်းကျိန်ဆိုပြီး ဖြစ်ပါတယ်။ တရားလိုပြသက်သေကို ရုံးတော်မှ ခွင့်ပြုချက်ရရင် ရုံးတော်ရှေ့ကို တင်သွင်းစစ်ဆေးပါတယ်။ စာရေးကြီးသက်သေခေါ်ပါ"

အစိုးရ ရှေ့နေကြီးက ရုံးတော်သို့ လျှောက်ရင်း တစ်ဆက်တည်းမှာပင် ရှေ့ဖတ်စာရေးကြီးကို သက်သေခေါ်ရန် လှမ်း၍ပြောလိုက်သည်။ ရှေ့ဖတ်စာရေးကြီးသည် တရားခွင်ပေါ်မှ ဆင်းလာကာ ဆင်နားရွက်တံခါးကို တွန်းဖွင့်လိုက်ပြီး "တရားလို သက်သေ မောင်ဘကျော်" ဟု နှစ်ခွန်းဆင့်၍ ခေါ်လိုက်သည်။

အရွှေသည် တရားသူကြီး၏ မျက်နှာကို လှမ်းကြည့်နေမိလေ၏။ သူ့ စိတ်ထဲတွင် တရားသူကြီးသည် တရားတာကို လုပ်မည့်လူလားဟု စဉ်းစားသည်။

တရားသူကြီးမှာ နဖူးကျယ်ကျယ်၊ နှာတံမြင့်မြင့်နှင့် မျက်မှန်ခပ်ထူထူကို တပ်ထားသည်။ မျက်မှန် အရစ်အရစ်တွေ ကြားထဲမှ သူ့မျက်လုံးအကြည့်မှာ စူးရှလှသည်။

ပြီးမှ အရွှေသည် တရားသူကြီး ဘေးတွင်ထိုင်နေကြသော ဂျူရီလူကြီးများကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် အရွှေ၏ အကြည့်မှာ အားကိုးဟန်လည်းမပေါ်။ စိတ်ပျက်ဟန်လည်းမပြ။ မျက်စိရှေ့တွင်ဝင်တိုးနေသဖြင့် ကြည့်နေရသော ဥပေက္ခာအကြည့်မျိုးမျှသာ ဖြစ်ပေသည်။ ဂျူရီလူကြီး အားလုံးမှာ ခန့်ညား ကြပါ၏။ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံကြပါ၏။ မျက်နှာထားမှာလည်း ထည်ဝါကြပါ၏။ အရွှေသည် ဂျူရီလူကြီး (၉) ယောက်ကို လှမ်းကြည့်နေမိသည်။ ဒုတိယအဆုံး ဂျူရီလူကြီးဆီသို့ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးများ ရောက်သွားသောအခါ သူ့မျက်လုံးများသည် ကျယ်သွားကြကာ မျက်ခုံးအစုံသည် အထက်သို့ပင် ရောက်သွားကြသည်။ နှုတ်ခမ်းအစုံသည် စုငုံသွားကြကာ "အို" ဟု ခပ်တိုးတိုးရွတ်ဆိုလိုက်မိသည်။ အတိတ်မှ တစ်စုံတစ်ရာကို သတိရသလို တွေးနေမိပြီးမှ သက်ပြင်းတစ်ချက်ကို ရှိုက်ချလိုက်ကာ ခေါင်းကိုငုံ့ထားလိုက်သည်။

ဒုတိယအစွန်မှ ဂျူရီလူကြီးမှာ အသက်သုံးဆယ် ပတ်ဝန်းကျင်အောက်ဟု ခန့်မှန်းရ၏။ နှာတံပေါ်ပေါ်၊ အသားဖြူဖြူ၊ မေရိုးကားကားနှင့် ယောက်ျားပီသပေသည်။ ဖြူဝင်းသော အသားပေါ်၌ မျက်ခုံးများမှာ ထူထဲစိမ်းဖန့်နေကြ၏။ ပန်းနုရောင် ခေါင်းပေါင်းကို ပေါင်းကာ စတစ်ကော်လာအမာအင်္ကျီပေါ်တွင် အပေါ်အင်္ကျီအနက်ကို ဝတ်ထားသည်။ သူသည် လက်မောင်းနှစ်ဖက်ကို စားပွဲပေါ်တင်ကာ ခေါင်းကိုငုံ့ထားသည်။ ဘယ်သူ့ကိုမျှ မကြည့်။

အရွှေကား ခေါင်းငုံ့၍ စဉ်းစားနေ၏။ သူများလားဟု စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေ၏။ သူ့စိတ်ထဲတွင် အဖြစ် အပျက်များသည် ဝိုးဝါးရေးတွေး နေကြ၏။ ထို့ကြောင့် ကြာကြာခေါင်းငုံ့လို့ မရတော့ဘဲ ဂျူရီလူကြီးများကို လှမ်းကြည့်နေမိပြန်သည်။ ဒုတိယ အစွန်ဆုံးက ဂျူရီလူကြီးထံ ရောက်လျှင် သူ့မျက်လုံးများသည် ဆက်၍မရွေ့လျားတော့ဘဲ ရပ်နေကြသည်။ သူ့မျက်စိထဲ၌ ဂျူရီလူကြီးခေါင်းတွင် ပေါင်းထားသည့် ပန်းနုသွေးခေါင်းပေါင်းကို ဆွဲချွတ်ပစ်လိုက်သည်။ အပေါ်အင်္ကျီအနက် ပန်းနုသွေးဘန်ကောက်လုံချည် နေရာ၌လည်း ရှပ်လက်ရှည် အဖြူနှင့် နက်တိုင်တပ်ပေးလိုက်သည်။ နက်ပြောင်သောဆံပင်များ လှိုင်းထသလို တွန့်နေသည်ကို မြင်ရသည်။ သို့သော် အရွှေသည် သူ့ကိုကြာကြာ မကြည့်နိုင်တော့ဘဲ ခေါင်းကို ငုံ့ထားလိုက်မိလေသည်။

ခဏကြာလျှင် တရားလိုမောင်ဘကျော် ဝင်လာကာ သက်သေဝက်ခြံထဲတွင် မတ်တတ်ရပ်နေသည်။ မောင်ဘကျော် ဟုသာ ခေါ်ရသော်လည်း အသက်မငယ်တော့ပေ။ လေးဆယ့်ငါးနှစ်လောက်တော့ရှိပြီဟု ခန့်မှန်းရသည်။ သူ့ဆံပင်မှာ ဆီလိမ်းထားသဖြင့် ရွှဲနေသည်။ အသားမှာ ခပ်ကြမ်းကြမ်း၊ နှာခေါင်း ပွပွ၊ နှုတ်ခမ်းထူထူနှင့် သူ့မျက်နှာမှာ မဲ့ခွက်ခွက်ဖြစ်သည်။ သက္ကလတ်အင်္ကျီအနက် အဟောင်းတစ်ထည်ကို ဝတ်ထား၍ ပလေကပ်





အင်္ကျီ စတစ်ကော်လာမှာ ကုပ်ပေါ်တွင် မည်းနေသည်။ အပေါ်အင်္ကျီဖြင့် ဘယ်လိုပင် ဟန်ကျပန်ကျ ဝတ်ထားသော်လည်း သူ့ဟန်ပန်မှာ အလုပ်ကြမ်းသမား တစ်ယောက်၏ အသွင်အပြင်သာ ပေါ်နေလေ၏။

"မှန်ရာကို အစစ်ခံပါမည်၊ မမှန်အစစ်ခံပါက ကျမ်းစူးပါစေသား"

ရှေ့ဖတ် စာရေးကြီးက ကျမ်းထုပ်ကိုကိုင်ကာ ကျမ်းတိုက်ပေးသည်တွင် ကျမ်းထုပ်ကိုင်ထားသော သူ့လက်များမှာ တုန်ရီနေပြီး အသံမှာလည်း မှုမမှန်ဘဲ ဖြစ်နေပေသည်။ တရားသူကြီး၏ လက်နှိပ်စက်ရိုက်သံသည် တထပ်ထပ် ထွက်ပေါ်လာသည်။

"နာမည်"

"မောင်ဘကျော်ပါဘုရား"

"အသက်"

"လေးဆယ့်ငါးနှစ်ပါဘုရား"

ကိုဘကျော်၏ အသံမှာ တရားသူကြီးက မေးတော့လည်း တုန်မြဲတုန်လျက်ရှိလေသည်။ ဒူးများကလည်း တဆတ်ဆတ် တုန်သဖြင့် သက်သေဝက်ခြံကာထားသည့် သစ်သားချောင်းကို မှေးထားရသည်။ သို့တိုင်အောင် လက်တွေမှာ အဆီပြန်ကာ အေးစက်နေလျက် နှလုံးမှာ လျှင်မြန်စွာခုန်နေသည်။

"အဖ အမည်"

"ဦးကန်ရပါ ဘုရား"

"ဘာအလုပ် လုပ်သလဲ"

"အလင်းဟော်တယ်မှာ စားပွဲထိုးလုပ်ပါတယ်"

တရားသူကြီးက မေးခွန်းမေးရင်း လက်နှိပ်စက်ကို တထပ်ထပ်ရိုက်နေသည်။ သူ့မျက်လုံးများက ကိုဘကျော်ကို စူးစိုက်လျက်နေသော်လည်း လက်ချောင်းများကမူ လက်နှိပ်စက်ခလုတ်များပေါ်တွင် ရွေ့လျားနေပေသည်။

"တရားခံကို မောင်မင်း ဘယ်တုန်းက သိသလဲ"

"ကြာပါပြီ ဘုရား"

"ကောင်းကောင်း သိသလား"

"ကောင်းကောင်း သိပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့် ကောင်းကောင်းသိတာလဲ"

ကိုဘကျော်သည် တရားခံဝက်ခြံထဲကအရွှေကို လှမ်းကြည့်လိုက်သည်။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ နှုတ်ခမ်းများမှာ တရှုရှုဖြစ်နေကြသည်။

"ဒီ အရွှေဆိုတဲ့ တရားခံမဟာ ကျွန်တော်မျိုး အလုပ်လုပ်တဲ့ ဟော်တယ်ကို ခဏခဏ လာပါတယ်။ ယောကျ်ားတွေနဲ့ တစ်ယောက်ပြီး တစ်ယောက် အလဲအလှယ်တွဲပြီး လာတတ်ပါတယ်ဘုရား"

တရားသူကြီးသည် လက်နှိပ်စက်ကို တထပ်ထပ်ရိုက်နေသည်။ စာကြောင်းတစ်ကြောင်း ဆုံးသောအခါတွင် လက်နှိပ်စက်မှ ခေါင်းလောင်းမြည်သံသည် ချွင်ခနဲ ထွက်ပေါ်လာသည်။ နောက်တစ်ကြောင်း ထပ်ရိုက်နေပြန်သည်။ အရွှေကား မျက်နှာညှိုးကာ ခေါင်းကိုငုံ့ထားလိုက်လေသည်။

"မောင်မင်း အလုပ်လုပ်တဲ့ ဟော်တယ်က တည်းခိုဟော်တယ်လား"

"မှန်ပါတယ် ဘုရား"

"ပုလိပ်ဖမ်းနိုင်တဲ့ ဟော်တယ်မျိုး မဟုတ်ဖူးလား"

ကိုဘကျော်သည် ခေါင်းကုတ်၍ စဉ်းစားနေသည်။ ဘယ်လိုဖြေရမည်ကို ဝေခွဲမရအောင် ဖြစ်နေဟန် တူလေသည်။ ပြီးမှ တရားခွင်ဘက်သို့ လှည့်ကာ . . .

"ဒါကတော့ ကျွန်တော် မသိပါဘုရား"

ရှေ့နေများစားပွဲနှင့် လာရောက်နားထောင်သော ပရိသတ်များဘက်မှ ဝါးကနဲ ရယ်သံထွက်ပေါ်လာ၏။ တရားသူကြီးဟှာ ပြုံးနေလေသည်။ အရွှေသည် ရယ်သံများကြောင့် လန့်ဖျတ်သွားသလို ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး အပြင်ဘက်သို့ ငေးကြည့်နေလေသည်။ သူ့မျက်နှာထားကား ခပ်တင်းတင်းပင်။

အပြင်ဘက်တွင် နေရောင်ဖြင့် ဝင်းလျက်ရှိ၏။ ရန်းဒီးယားအဆောက်အအုံမှ အနီရောင်သည် မျက်စိကို ကျိန်းစပ်လာစေပေသည်။ ပုလိပ်ရုံးကြီးရှေ့လမ်းမပေါ်မှ မော်တော်ကားသံ၊ မော်တော်ဆိုင်ကယ်သံများသည် အပေါ်ထပ်သို့ ပျံ့လွင့်လာကြသည်။ ဂျဘာနေဝါလား ဘော်သံသည် စည်းလိုက်သလို ပျောက်လိုက်ပေါ်လိုက်၊ ပေါ်လိုက် ပျောက်လိုက်ဖြင့် ကြားနေရကာ ခဏကြာတော့ အဝေးတွင် ပျောက်ကွယ်သွားလေသည်။



တစ်ခါတစ်ရံ ကမ်းနားဘက်မှ သင်္ဘောဥသြဆွဲသံကိုလည်း ကြားရတတ်ပေသည်။

ဒုတိယအစွန်ဆုံးမှ ပန်းနုသွေးရောင် ခေါင်းပေါင်းနှင့် ဂျူရီလူကြီးသည် သည်တော့မှ ဝက်ခြံထဲက တရားခံမ အရွှေကိုလှမ်း၍ ကြည့်လိုက်လေသည်။ သူ၏ စိမ်းဖန့်ထူထဲသော မျက်ခုံးများသည် တွန့်သွားကြကာ မျက်ခုံးနှစ်ဖက်ကြား နဖူးပြင်တွင် အဖုကလေးပေါ်လာသည်အထိ မျက်မှောင်ကြုတ်၍ စဉ်းစားနေမိသည်။ ဝင်းထိန်နေသော သူ့မျက်နှာသည် ညှိုးမည်းသွားလေ၏။ ခဏကြာမှ မျက်လုံးများကို အရွှေ့ထံမှ ရုပ်သိမ်းကာ ဝက်ခြံ ကျောဘက်နံရံပေါ်မှ နာရီကြီးကို လှမ်း၍ကြည့်လိုက်သည်။ နာရီကြီးမှာ ဆယ့်နှစ်ဂဏန်းပြည့် ရောက်ပြီးနောက် စ၍ပြန်လည်စပြုလေပြီ။ ဒုတိယအစွန်မှ ဂျူရီလူကြီး၏ မျက်လုံးများမှာ နာရီကိုကြည့်သော်လည်း နာရီကို မမြင်တော့ပေ။ သူ့မျက်လုံးများသည် တဖြည်းဖြည်းမှုန်ဝါးလာကြသည်။ တရားသူကြီး၏ လက်နှိပ်စက် ရိုက်သံ၊ အမေးအဖြေပြုသံများကိုကား ကြားနေတုန်းပင်ဖြစ်သည်။

ခဏကြာတော့ သူ့မျက်လုံး သူ့နားများသည် ပစ္စုပ္ပန်ရှုခင်းကိုလည်း မမြင်၊ ပစ္စုပ္ပန်၏ အသံကိုလည်း မကြားရတော့ပေ။

အတိတ်၏ ရှုခင်း၊ အတိတ်၏ အသံများကို ကြားယောင်မြင်ယောင်လာလေသည်။

www.burmeseclassic.com

# (၃)

"ဩော် ရွှေတင်တဲ့လား၊ ဟုတ်လား"

မျက်လုံးမျက်ခုံး ကောင်းကောင်း အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူရွယ်က ရန်ကုန်-မန္တလေး စာပို့ရထားပထမတန်းတွဲပေါ်မှ ပလက်ဖောင်းပေါ်သို့ ဆင်းရင်း မေးနေသည်။

လူရွယ်မှာ ကြက်ဥနှစ်ရောင်ဖျော့ဖျော့ စပို့ရှပ်အင်္ကျီနှင့် မီးခိုးရောင်သက္ကလတ်ဘောင်းဘီကို ဝတ်ထားကာ ပြောင်လက်နေသော ဆက်ဖ်ရှူးဖိနပ်ကို စီးထားသည်။

ရန်ကုန်-မန္တလေး စာပို့ကြီး ဆိုက်ချိန်ဖြစ်၍ ဖြူးဘူတာတွင်ခရီးသွားခရီးလာများဖြင့် ရှုပ်ယှက်ခတ်နေ၏။ ရထား ရှန့်တိန်လုပ်သံ၊ ဘူတာအပြင်ဘက်မှ မြင်းလှည်းများက ခြေနင်းခုံတွင် တပ်ထားသော ခေါင်းလောင်းတီးသံတို့ကလည်း ဆူညံလျက်ရှိသည်။

"အံမာလေး မင်းလဲ ဘိလပ်ရောက်မှ အသားတွေဖြူပြီး ဝလာလိုက်တာ၊ တစ်သွေးတစ်မွေးကိုဖြစ်လို့၊ မျက်နှာကြီးကလဲ ဗိုလ်မျက်နှာကြီးကျနေတာပဲ၊ နီရဲတောင် လာသလားမသိဘူး။ ဟဲ့ . . . ကူလီ၊ ဟောဟိုပေါ်ကသားရေသေတ္တာရယ်၊ အိပ်ရာလိပ်ရယ်၊ ရေဘူးရယ်ချပြီး မြင်းလှည်းပေါ်တင်လိုက်။ ပြီးတော့ ဘာပါသေးသလဲဟေ့ ခင်မောင်ဝင်း"

ဒေါ်မြဆင့်က ခင်မောင်ဝင်းကို နှုတ်ဆက်ရင်း ကူလီများအားသေတ္တာကို အချခိုင်းနေသည်။ ဒေါ်မြဆင့်မှာ အသားဖြူဖြူ ပိန်ပိန်ပုပု





အသက် ငါးဆယ်ကျော်လောက် ရှိလေသည်။ ခေါင်းတွင် ဘီးဆံပတ်ပါးပါးသေးသေးကလေး ထုံးထားသဖြင့် သူ့နဖူးပြင်သည် ပို၍ ကျယ်နေသည်ဟုထင်ရ၏။ တရုတ်ပိုး ဖျင်အင်္ကျီနှင့် ယောဂီရောင်ပိုးတွန့်လုံချည်ကို ဝတ်ထားသည်။ ကျားခေါင်းလက်ကောက်ကြီးကို နှစ်ကွင်းဆင့်၍ ဝတ်သည်။ နားတွင်ပန်ထားသည့် စိန်နားကပ်ကြီးမှာ အထင်ရှားဆုံးဖြစ်လေသည်။ မော်လမြိုင်ရွှေထိုးဖိနပ်ကို စီးထားသည့် သူ့ခြေထောက်များမှာ သေးသေးကွေးကွေး နုနုနယ်နယ် ကလေးတွေ ဖြစ်၏။ လက်ဖဝါးပြင်မှာ သွေးခြေဥသလို နီရဲကာ ပန်းသွေးစို့နေလေသည်။ တကယ်တော့ ဒေါ်မြဆင့်သည် လူ့ဘဝ ရောက်လာကတည်းက ပင်ပင်ပန်းပန်း မလုပ်ခဲ့ဖူးသေးပေ။ မိဘများမှာ ဖြူးတစ်ဝိုက်တွင် ထင်ရှားသည့် လယ်ပိုင်ရှင်များဖြစ်၍ ကျိကျိတက်ချမ်းသာခဲ့ကြသူများဖြစ်သည်။ သည်လယ်မြေများကို ဒေါ်မြဆင့်နှင့် ဆာဖိုးဝင်းတို့ မောင်နှမနှစ်ယောက်က အမွေရလိုက်ကြသည်။ ဦးဖိုးဝင်းမှာ ပထမကမ္ဘာစစ်တုန်းက စစ်ရန်ပုံငွေများစွာ ထည့်ဝင်ခဲ့သည့် အတွက်ကြောင့်တစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် ဆောက်လုပ်ရေးရန်ပုံငွေသို့ ထည့်ဝင်ခဲ့သည့် အတွက်ကြောင့်တစ်ကြောင်း ဆာဘွဲ့ရခဲ့ခြင်းဖြစ်သည်။

ဆာဖိုးဝင်းသည် ဆရာစံသူပုန်ထသည့် အချိန်ကစ၍ ဖြူးတွင်မနေဘဲ ရန်ကုန်တွင် ပြောင်းရွှေ့နေခဲ့သည်။ ပြီးတော့ သားသမီးများကလည်း ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်နေကြပြီမို့ ရန်ကုန်ပတ်ကလိန်းမှာပင် အိမ်ကြီးတစ်ဆောင်ကိုဝယ်ကာ အခြေတကျနေခဲ့သည်။ သမီးခင်မေဝင်းမှာ စက်ရှင်တရားသူကြီးတစ်ဦးနှင့် အိမ်ထောင်ကျသဖြင့် ကျောင်းထွက်လိုက်ရပြီး အငယ် ခင်မောင်ဝင်းသာ ဆက်၍ ကျောင်းထားကာ ဘိလပ်၌ အင်နားတင်းပဲလ်သို့ ဝတ်လုံအတတ်သင်စေခဲ့သည်။ ဇေယျဝတီမှ မင်းတိုင်ပင်အဖြစ် အရွေးခံပြီးနောက် မကြာမီ ဦးဖိုးဝင်းကွယ်လွန်သဖြင့် ခင်မောင်ဝင်းသည် ဝတ်လုံဘွဲ့ရအောင် မနေတော့ဘဲ ပြန်လာခဲ့လေသည်။ ဖခင်ဦးဖိုးဝင်းဆုံးပြီး ခြောက်လလောက် ရန်ကုန်တွင် နေလာရာမှ ဖြူးမြို့ ဒေါ်မြဆင့်ထံသို့ အလည်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

"ဒေါ်ဒေါ်သီတို့ရော အားလုံး နေကောင်းကြတယ်နော်"

ခင်မောင်ဝင်းက ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါဖြူကို ထုတ်ယူကာ သပ်ခတ်လိုက်ရင်း ဒေါ်မြဆင့်ဘေးမှ ရပ်နေသည့် ဒေါ်မြသီကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ နှုတ်ဆက်လိုက်ပြန်သည်။ ဒေါ်မြသီမှာ ဒေါ်မြဆင့်လို နုနုဖပ်ဖပ်ကလေး မဟုတ်ပေ။ အသားအရေ အနည်းငယ်ညိုကာ ကိုယ်လုံးမှာ တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ သူ့ဆံပင်များမှာ နက်မှောင် သန်စွမ်းနေသည်။ ဒေါ်မြဆင့်လို ဆေးဆိုးထားဟန် မရှိပေ။ ဒေါ်မြဆင့်လိုပင် ကျားခေါင်းလက်ကောက်ကြီးကို ဝတ်ထား၏။ နားတွင် ရွှေနားဋ္ဌောင်းကြီးကို ပန်ထားသည်။ ပဒုမ္မာအင်္ကျီထူထူနှင့် ထားဝယ်လုံချည် ရေညှိရောင်ကို ဝတ်ထားလေသည်။ ဒေါ်မြသီမှာ ဒေါ်မြဆင့်၏ ညီမတစ်ဝမ်းကွဲဖြစ်၏။ ဦးဖိုးဝင်း၊ ဒေါ်မြဆင့်တို့ အဖေ၏ နှမမှာ ဆင်းရဲသောယောကျ်ားတစ်ဦးနှင့် ရကာ ဒေါ်မြသီကို မွေးဖွားလာခြင်း ဖြစ်၏။ နောက်တော့ ဒေါ်မြသီမှာ အဖေရော အမေပါ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားရာမှ အစ်မဝမ်းကွဲ ဒေါ်မြဆင့်နှင့် လာနေခြင်း ဖြစ်လေသည်။

"နေကောင်းပါတယ်ကွယ်၊ တို့မှားဖြင့် စောင့်လိုက်ရတာ"

ဒေါ်မြသီမှာ ကိုခင်မောင်ဝင်းက ဂရုတစိုက်နှုတ်ဆက်သဖြင့် ဝမ်းသာနေသည်။ ဒေါ်မြဆင့်ကမူ သူ့ကိုဘေးထားကာ ဒေါ်မြသီကို ဂရုတစိုက်နှုတ်ဆက်နေသဖြင့် မကျေမနပ်ဖြစ်ကာ နှုတ်ခမ်းကိုမသိမသာမဲ့လိုက်သည်။

"ဒေါ်ဒေါ်သီတို့လဲ လက်ဆောင်ပါတယ်။ အိမ်ကျမှ ပြမယ်"

"ငါ့တူကြီးကို သတိရလိုက်တာ၊ ဘိလပ်သွားတုန်းကလဲ အိမ်မှာ မင်းကြိုက်တတ်တဲ့ ငါးကြင်းခေါင်းချဉ်ရည် ချက်ရင် တဖွဖွပြောမိတယ်။ ပြီးတော့"

"ဒါထက် နေစမ်းပါဦး၊ မင်းအမေကော နေကောင်းရဲ့လား"

ဒေါ်မြဆင့်ကား ခင်မောင်ဝင်းနှင့် ဒေါ်မြသီ စကားလက်ဆုံကျနေသည်ကို နှစ်မြို့ဟန်မတူပေ။ သို့ကြောင့် ဒေါ်မြသီ စကားပြောနေတုန်း အတင်းဝင်လုကာ မေးလိုက်သည်။

"နေတော့ ကောင်းပါတယ်။ ဒါပေမဲ့ ဖေဖေဆုံးပြီးကတည်းက ဟက်ဟက်ပက်ပက် ရယ်ရယ်မောမောရယ်လို့ မတွေ့ရပါဘူး။ စိတ်ပုတီးနဲ့ အချိန်ကုန်တာပဲ"

"အေးမလ သူ့ခမျာလဲ ဘယ်စိတ်ကောင်းမလဲ၊ မင်းဖေဖေရှိတုန်းကတော့ အလှူငွေတွေထည့်၊ အစိုးရကိုလဲ ကူညီဆိုတော့ သိပ်မျက်နှာပန်းလှခဲ့တယ် မဟုတ်လား။ ခုတော့ သူရှိတုန်းကလောက်တော့ ဘယ်အားရှိရှာ





မလဲ၊ မျက်နှာငယ်မှာပေါ့။ ငါလဲ အသုဘလာတုန်းက သူ့ကို အားတော့ပေးပါတယ်။ ဒါပေမဲ့ ငါကိုယ်တိုင်က အစ်ကိုတစ်ယောက်လုံး သေနေတော့ အားသာပေးရတယ်၊ ရင်ထဲကတော့ မချိဘူး။ တောင်မင်းမြောက်မင်း မကယ်နိုင်ဆိုသလို"

ဒေါ်မြဆင့်မှာ ပြောရင်းဆိုရင်း ငိုသံပါလာကာ မျက်ရည်တွေဝေလာသဖြင့် လက်ကိုင်ပဝါဖြင့် မျက်လုံးကိုတို့လိုက်သည်။

ရွှေတင်ကား စကားတစ်လုံးမှ မပြောဘဲ လက်သည်းထိပ်ကလေးကို ကိုက်ကာ သူတို့သုံးယောက်ကို ကြည့်နေသည်။ ရွှေတင်မှာ အသက်ဆယ့်ရှစ်နှစ်လောက်သာ ရှိဦးမည်ထင်ရ၏။ အုပ်လုံးသွင်းစပြု၍ ဆံတောက်နှင့်ဆံပင်များ အကုန်ဝင်အောင် ဆယ်စွယ်ဘီးကလေးဖြင့် နောက်ပြန်ပတ်ထားသည်။ အဖွင့်ခပ်သေးသေး ဥဿဖရားနားကပ်ကို ပန်ထားသည်။ တစ်ဖက်တွင် လက်ပတ်နာရီကို ကြိုးအနက်သေးသေးဖြင့်ပတ်ပြီး ညာဘက်တွင် ကျောက်နီလက်ကောက် တစ်တန်းသွားကလေးကို တစ်ဖက်တည်း ဝတ်ထားသည်။ ကိုယ်ထည်ခပ်တိုတို အဖြူပွင့်သေးသေးကလေး ကျဲဖောက်ထားသည့် ဖက်ဖူးရောင် ရှန်သားအင်္ကျီကိုဝတ်ကာ အဖျားတွင် ရွှေဝါစင်းများ အထူအပါးလိုက် ခတ်ထားသည့် အင်းလေးလုံချည်အစိမ်းကို ဝတ်ထားသည်။ သမှည့်သီးပုံ ရွှေကြိုးကလေးမှာ ရင်အုံပေါ်တွင် တခါခါလှုပ်ရမ်းနေလေသည်။ ရေညှိရောင် မန္တလေးပုံတော် ဖိနပ်ကလေးမှာ သူ၏ဖြူဖွေးနုညက်သော ခြေဖမိုးများကို ငုံ၍ထားသလို ပဏာရနေသည်။

ဖြူဝင်းသော အသားပေါ်တွင် စိမ်းဖန့်နက်ပြောင်သော မျက်ခုံးအောက်မှ မျက်လုံးများမှာ အရည်လဲ့ကာ တောက်နေပြီး နှာတံမြင့်မြင့်ကလေးမို့ ပိပိကလေးတင်နေကာ နှုတ်ခမ်းများမှာ ပန်းနုသွေးဖျော့ဖျော့ လွှမ်းထားသည်။

"ဟဲ့ ရွှေတင်၊ ကူလီတွေထမ်းသွားတဲ့ အထုပ်တွေကို စစ်ထားနော်၊ အော် နင့်အစ်ကိုလက်ထဲက လက်ဆွဲအိတ်ကိုလဲ လှမ်းယူလိုက်ဦး"

ရွှေတင်သည် သည်တော့မှ ခင်မောင်ဝင်းကို ခိုးကြည့်နေရာမှ ရှက်ကိုးရှက်ကန်းဖြင့် လက်ဆွဲအိတ်ကို လှမ်းယူလိုက်သည်။

"နေပါစေကွယ် အစ်ကိုဆွဲနိုင်ပါတယ်၊ ဒေါ်ဒေါ်သီ . . . သူက"

ခင်မောင်ဝင်းက လက်ဆွဲအိတ်ကိုမပေးဘဲ ဘေးသို့ဖယ်လိုက်ရင်း

www.burmeseclassic.com



ရွှေတင်ကို ရွှန်းရွှန်းစားစားကြည့်၍ မေးနေသည်။ ဒေါ်မြသီက ရင်ဘတ်ကို လက်ဖြင့် ဖိလိုက်ကာ -

"အံမာလေးဟဲ့ မေ့နေပလား၊ ရွှေရွှေလေ ရွှေတင် ရွှေတင်။ ဒေါ်ဒေါ်သီ အဖေ့နှမရဲ့ သမီးထွေးလေ၊ ငယ်ငယ်တုန်းက တွေ့ဖူးကြသားပဲ။ မုံးမှာ တို့နေတုန်းက မင်းရယ်၊ ခင်မေဝင်းရယ်၊ မင်းဖေဖေရယ်၊ အလည်လာကြတာလေ။ အေးလေ ကြာလဲကြာပြီကိုး။ အင်း ကြာဆို ရှစ်နှစ်ကိုးနှစ်လောက် ရှိသွားပြီ။ အဲဒီတုန်းက ရွှေတင်က ဆယ်နှစ်တောင် မပြည့်သေးဘူး။ မင်းက ဆယ့်လေးနှစ်လောက်ပဲ ရှိဦးမယ်။ ခင်မေဝင်းကမှ ဆယ့်ခြောက်နှစ် ရှိထားတာကိုး"

ဒေါ်မြသီကား အတိတ်ကိုပြန်၍ တူးဖော်ပြနေသည်။ သည်တော့မှ ခင်မောင်ဝင်းမှာ ရွှေတင်ကို မျက်စိထဲတွင် မြင်ယောင်လာပေသည်။ သည်တုန်းက ခင်မောင်ဝင်းတို့မှာ ရန်ကုန်သို့မပြောင်းသေးပေ၊ ခင်မောင်ဝင်းတို့ မောင်နှမသည် ဦးဖိုးဝင်းနှင့်အတူ ဒေါ်မြသီတို့ရှိရာ မုံးသို့အလည်သွားကြသည်။ အလည်သွားသည်ဆိုသော်လည်း အမှန်မှာ သီးစားခ မှန်မှန်မရသဖြင့် သွား၍စုံစမ်းခြင်းဖြစ်သည်။ မုံးဘက်သို့ ဦးဖိုးဝင်း၏ သီးစားခများကို ဒေါ်မြသီတို့ မိဘများက စုဆောင်း၍ပေးရသည်။ သီးထောက်ခရသည့် စပါးအချို့ကို မုံးမှာပင် စပါးစည်ကြီးများဆောက်၍ သိုလှောင်ထားရသည်။ ဦးဖိုးဝင်းသည် မုံးမှစပါးစည်များကို တစ်နှစ်တစ်ခါဆိုသလို သွား၍စစ်ဆေးရသည်။ သည်တုန်းက ရွှေတင်သည် ဆံရစ်ဝိုင်းတိုလေးနှင့် ရှိသေးသည်။ ရွှေတင်သည် သူတို့မောင်နှမကို မာလကာခြံထဲမှ မာလကာကင်းသီးများ ကောက်ပေးပြီး လာပေးသည်ကို အမှတ်ရနေသည်။

"အို ရွှေတင်လား ဟုတ်လား၊ ကြီးလာလိုက်တာ ကြည့်စမ်း၊ ငယ်ငယ်နဲ့ကို မတူဘူး။ တခြားမှာတွေ့ရင် မှတ်တောင်မှတ်မိမှာ မဟုတ်ဘူး။ ငယ်ငယ်တုန်းကတော့ ဆံရစ်ဝိုင်းကလေးနဲ့၊ အသားလဲ ဒီလောက်မဖြူဘူး။ ခုတော့ ကြည့်စမ်း ဖြူလို့လှလို့ဗျ။ ဟား ဟား"

ရွှေတင်က ရှက်ပြုံးကလေးပြုံး၍ နားထောင်နေပြီးမှ ခင်မောင်ဝင်း လက်ထဲက သားရေလက်ဆွဲအိတ်ကို လှမ်းယူလိုက်သည်။ ခင်မောင်ဝင်းက ဒေါ်မြဆင့်ဘက်သို့လှည့်ကာ -

"ဒေါ်ဒေါ်ဆင့်စာထဲမှာ ရွှေတင့်အကြောင်းလဲ မပါပါလား။ ဒေါ်ဒေါ်





ဆင့်တို့ဆီမှာ ရှိတယ်ဆိုတာ ဘယ်သူကမှ မပြောဘူး။ ခု ဒါဖြင့် ရွှေတင်က မုံးမှာ မနေတော့ဘူးလား"

"ငါက ခေါ်မွေးထားတာကွယ့်"

ဒေါ်မြဆင့်က ဇက်ကြောတက်၍ ခေါင်းလှည့်သလို လှည့်လိုက်ပြီး ပြောလိုက်သည်။ သူ့နားမှ စိန်နားကပ်ကြီးမှာ ဝင်းခနဲလက်သွားလေသည်။

"ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်"

"ကဲ ပစ္စည်းတွေ မြင်းလှည်းပေါ်ရောက်နေပြီ၊ သွားကြစို့။ အိမ်ကျမှ အေးအေးဆေးဆေး စကားပြောကြရအောင်"

ကူလီများအား ကူလီခရှင်းပေးပြီးနောက် ဘူတာအပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။ ဒေါ်မြဆင့်နှင့် ခင်မောင်ဝင်းက ရှေ့က၊ ဒေါ်မြသီနှင့်ရွှေတင်က နောက်က ဖြစ်လေသည်။ ရွှေတင်သည် ခုမှခင်မောင်ဝင်းကို အားမနာပါးမနာ ကြည့်ရလေသည်။ ခင်မောင်ဝင်းမှာ အရုပ်အမောင်းကောင်းကောင်းမို့ ဘောင်းဘီနှင့်ကြည့်၍ ခန့်ညားနေပေသည်။ စပို့ရှပ်အင်္ကျီသည် ချပ်ရပ်နေသဖြင့် ကျောပြင်ကြီး ကျယ်ပြန့်ပုံ၊ လက်မောင်းအိုးများ တောင့်တင်းနေပုံကို ကောင်းကောင်းမြင်ရသည်။

မြင်းလှည်းများမှာ ဘူတာဘက်မှမြို့ပြင်သို့ ပစ္စည်းများတင်ကာ အလျှိုအလျှိုထွက်ခွာသွားကြသည်။ သူတို့သည် မြင်းလှည်းပေါ်သို့ တက်လိုက်ကြသည်။ ခင်မောင်ဝင်း၏ သားရေသေတ္တာ၊ အိပ်ရာလိပ်၊ ခေတ်ဘူးစသည်တို့မှာ ရှေ့တွင်ရှိသဖြင့် နောက်ပိုင်းတွင် သူတို့လေးယောက် ကောင်းကောင်းထိုင်လောက်သည်။ ဒေါ်မြဆင့်နှင့် ခင်မောင်ဝင်းက တစ်ဘက်၊ ဒေါ်မြသီနှင့် ရွှေတင်ကတစ်ဘက် ဒူးချင်းတော့ကာ ထိုင်ကြလေ၏။

"အိမ်က ကားနဲ့လာမလားလို့ ထင်နေတယ်"

ဒေါ်မြဆင့်က ဖုန်များကို လက်ကိုင်ပုဝါနှင့်ဝှေ့ယမ်းရင်း ပြောလိုက်သည်။

"အစတုန်းကတော့ ကားနဲ့လာမလို့ပဲ ဒေါ်ဒေါ်ဆင့်ရဲ့၊ ဒါပေမယ့် ကျွန်တော်က ဖြူးမှာ စိတ်အေးလက်အေးနေချင်တာနဲ့ ကားမယူခဲ့တော့ဘူး။ ရထားနဲ့ဆိုတော့ လူလဲ မပင်ပန်းဘူးပေါ့"

ခင်မောင်ဝင်းမှာ စကားပြောရင်း မျက်နှာချင်းဆိုင်က ရွှေတင့်ကို တစိမ့်စိမ့်ကြည့်၍ လိုက်လာလေသည်။ ရွှေတင်က ခေါင်းငုံ့ကာ ပေါ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်လာသည့် ခင်မောင်ဝင်း၏ လက်ဆွဲအိတ်ကို အဓိပ္ပာယ်မရှိ ငေးကြည့်ရင်း လိုက်လာ၏။ တစ်ချက်တစ်ချက်မှသာ မျက်လွှာကိုပင့်ကာ ကော့ရွှန်းနေသည့် မျက်တောင်များအောက်မှ ဝန်းစက်ညို့ရီနေသော မျက်လုံးရွဲကြီးများဖြင့် လှမ်းကြည့်လိုက်မိသည်။

"တကယ်ပဲ ဒေါ်ဒေါ် ဆင့်ရေ ကျွန်တော်ဖြင့် ရွှေဘင်ကို မေ့နေရတာမှတ်ကို မမှတ်မိဘူး။ ရွှေတင်ကလဲ သိပ်ထွားပြီး သိပ်လှလာတာကိုး"

ရွှေတင်ကား ရှက်ပြုံးပြုံး၍သာနေမိသည်။ ခင်မောင်ဝင်းက သူ့အကြောင်းကို ပြောလိုက်တိုင်း မျက်နှာကလေး နီရဲလာကာ ပင့်သက်တွေဖြာမိသည်။ သည်အထဲတွင် ခင်မောင်ဝင်းဒူးနှင့် သူ့ဒူးမှာလည်း မြင်းလှည်းဆောင့်တိုင်း တွေ့ထိပွတ်သပ်နေသဖြင့် ဖိန်းတိန်းတိန်း ဖြစ်နေသည်။ ဒေါ်မြဆင့်ကမူ ခင်မောင်ဝင်း ရွှေတင့်အကြောင်း ပြောသည်ကို နှစ်မြို့က်ဟန်မတူဘဲ နှုတ်ခမ်းကို မသိမသာဖိကာ အောက်နှုတ်ခမ်းကို ရှေ့သို့ကော့၍ထော်ထားလေသည်။ ပါးစပ်ကတော့ ဘာမျှမပြောပေ။ ဒေါ်မြသီသာလျှင် အရိပ်အကဲကို မသိဘဲ စကားကို ဖောင်လောက်အောင် ပြောလေသည်။

"သူမျှား မပြောနဲ့လေ၊ မင်းကိုယ်မင်း အရင်ပြန်ကြည့်ဦး။ မင်း မုံးလာတုန်းက ငယ်ငယ်ကလေးရယ်။ ကာကီဘောင်းဘီတိုကလေးနဲ့၊ လေသနတ်ကလေးကိုင်ပြီး စာကလေးတွေ လျှောက်ပစ်နေတာပဲ မဟုတ်လား။ ခုတော့ နည်းတဲ့လူကောင်ကြီးမဟုတ်ဘူး။ ကိုယ်လဲ ဘယ်လောက်ကြီးလို့ဘယ်လောက် ချောလာပြီလဲဆိုတာ ထည့်စဉ်းစားအုံး၊ ဟဲ ဟဲ"

ဒေါ်မြသီရော ခင်မောင်ဝင်းပါ သံပြိုင်ရယ်လိုက်ကြသည်။ ရွှေတင်ကား ခေါင်းငုံ့ရင်း ပြုံးနေလေသည်။ ခေါင်းငုံ့ထားရင်းက သူ့မျက်လုံးများသည် ဘောင်းဘီထဲတွင် တင်းကျပ်နေသော ခင်မောင်ဝင်း၏ တုတ်ခိုင်ပြည့်ဖြိုးသော ဒူးများဆီသို့ ရောက်နေသည်။ ဒေါ်မြဆင့်ကား ထင်မြင်ချက်လည်း မပေး၊ ရယ်လည်းမရယ်။

"ခနစမ်းပါဦး၊ ကျွန်တော် မေ့တာကတော့ အားလုံးခွင့်လွှတ်ရမှာပဲ။ ဘိလပ်ပြန်မို့ မေ့ကြီးတယ်လို့လဲ မတောက်မေ့ကြနဲ့နော်။ ရွှေတင်က ကျွန်တော်တို့နဲ့ ဆွေမျိုးသားချင်းမပမယ့် ဘယ်လိုတော်သလဲဆိုတာတောင် မေ့တေ့တေ့ ဖြစ်နေပြီ"

"မောင်နှမ အဟမ်း"





ဒေါ်မြသီကပြောကာ ချွဲမဟတ်ချင်ဘဲ ဟတ်နေသည်။ သို့ရာတွင် သူ့စကားမဆုံးခင် ဒေါ်မြဆင့်သည် သူတို့ဘက်သို့လှည့်လာပြန်သည်။

"တကယ်တော့ ဘာမှမတော်ဘူးကွယ့်၊ မင်းဒေါ်ဒေါ်သီရဲ့တူမ၊ မင်းဒေါ်ဒေါ်သီရဲ့ အဖေဘက်က အမျိုး၊ မင်းဒေါ်ဒေါ်သီရဲ့ အမေဘက်ကမှမင်းအဖေရဲ့ ဒွေးလေးအရင်းခေါက်ခေါက်။ မင်းနဲ့မိရွှေတင်နဲ့ဆိုတော့ ဘာမှမတော်ဘူး"

ဒေါ်မြသီမှာ မျက်နှာပျက်သွားသည်။ ရွှေတင်မှာလည်း ဒေါ်မြဆင့်၏ ခပ်ပြတ်ပြတ်အသံကြောင့် ဝမ်းနည်းကာ တလှိုက်လှိုက်ဖြစ်လာသည်။ သို့ရာတွင် ဘယ်သူကမှ ဘာမျှပြန်မပြောရဲကြပေ။

"မောင်နှမ တော်တယ်ပဲထားလိုက်ပါတော့ဗျာ၊ ဟား ဟား ဟုတ်လား ရွှေတင်၊ နင်ဘယ်နှတန်းအောင်သလဲ"

ခင်မောင်ဝင်းက ရယ်၍မေးနေသည်။ ခင်မောင်ဝင်း စကားကြောင့် ဒေါ်မြဆင့်သည် မျက်နှာကိုတစ်ဘက်လှည့်ကာ နှုတ်ခမ်းကိုမဲ့လိုက်သည်။ ဘာမျှတော့ မပြောပေ။ ရွှေတင်က ရင်ခွင်ထဲသို့ လျှောကျလာသော ခင်မောင်ဝင်း၏ လက်ဆွဲသားရေအိတ်ကို ဒူးပေါ်သို့ ပြန်တင်လိုက်ကာ ခေါင်းငုံ့နေရင်းကပင် မျက်လွှာကို တစ်ချက်မျှပင့်၍ ကြည့်လိုက်ပြီး။

"ခြောက်တန်းအောင်ပြီး ခုနစ်တန်းရောက်တော့ ကျောင်းထွက်ရတာပဲ"

"မင်း ဒေါ်ဒေါ်ဆင့်ပေါ့ ကျောင်းထုတ်တာ၊ အိမ်မှုကိစ္စတွေ၊ ဆန်စက်ကိစ္စတွေကိုလုပ်ဖို့ လူရင်းထဲက တစ်ယောက်လောက်ရှိမှဖြစ်မယ်ဆိုပြီး"

ဒေါ်မြသီကတစ်ဘက်သို့ လှည့်နေသော ဒေါ်မြဆင့်ကို မေးငေါ့ရင်းပြောလိုက်သည်။ သည်တော့မှ ဒေါ်မြဆင့်သည် မျက်နှာချင်းဆိုင် ပြန်လှည့်လာသည်။ သူ့မျက်နှာမှာ ခပ်တည်တည်၊ သူ့အသံမှာ ခပ်ပြတ်ပြတ်။

"မိန်းကလေးပဲ စာတွေသိပ်သင်နေလို့ ဘာလုပ်မှာလဲ၊ အိမ်မှုရေးရာကို ကောင်းကောင်းနားလည်ဖို့ အရေးကြီးတာပဲ၊ ညည်းဘာနားလည်လို့လဲ"

ဒေါ်မြသီသည် ဒေါ်မြဆင့်၏ ရှုသိုးသိုးမျက်နှာကို တစ်ချက်မျှအကဲခတ်ကြည့်လိုက်ပြီး မဝံ့မရဲအသံနှင့် ပြောလိုက်သည်။ သူ့မျက်နှာလည်း ညှိုးငယ်သွားသလို ထင်မှတ်ရပေသည်။

"ဒါတော့ မမဆင့်ရယ်၊ ခုနေ အတန်းကလေး ဘာကလေးအောင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ လုပ်နိုင်တာပေါ့၊ အမိန့်တော်ရ ဦးစံပွင့်ရဲ့ သမီးတွေ ကြည့်ပါလား၊ ဘယ်လောက် အားကျဖို့ကောင်းသလဲ"

ခင်မောင်ဝင်းက အချီအချ ပြောနေကြသော ဒေါ်မြဆင့်နှင့် ဒေါ်မြသီတို့ကို လှမ်းကြည့်ကာ ရယ်ရင်း ...

"ကဲ-ကဲ တော်ကြပါတော့ဗျာ၊ နှစ်ယောက်စလုံး ပြောတာမှန်တယ်၊ ဟဲ ဟဲ ဟုတ်လား၊ ရွှေတင်"

"နှစ်ယောက်စလုံး မှန်တယ် မလုပ်ပါနဲ့၊ ငါက မင်းအဒေါ် အရင်းပါ၊ မင်း ဒေါ်ဒေါ်သီက ဝမ်းကွဲအဒေါ်ပါ။ လိုက်ချင်းလိုက်ရင်တော့ ငါ့ဘက် လိုက်ပြောရမှာပေါ့"

ဒေါ်မြဆင့်မှာ ကလေးဆိုးကြီးလို နှုတ်ခမ်းကို စူပွပွလုပ်၍ ထားသည်။ ဒေါ်မြဆင့်မှာ သူစိတ်တိုင်းမကျလျှင် အောင့်အီးမထားတတ်ဘဲ ပါးစပ်က ဘွင်းဘွင်းပြောရမှ ကျေနပ်သူဖြစ်လေသည်။ သည်အခါမျိုးတွင် ဒေါ်မြသီကလည်း အလျှော့မပေးတတ်သဖြင့် ညီအစ်မနှစ်ယောက် မကြာမကြာ စကားများရသည်။ ဝမ်းကွဲညီအစ်မဆိုသော်လည်း ဒေါ်မြသီမှာ အပျိုဖော်ဝင်စက အဖေဆုံးသွားသဖြင့် ဒေါ်မြဆင့်တို့အိမ်တွင် နေလာရာမှ ဒေါ်မြဆင့်လိုပင် အပျိုကြီးဘဝဖြင့် လင်သားတစ်ဦးလို ဖြစ်နေသည်။

"မှန်တဲ့ဘက်က လိုက်ရမှာပေါ့။ ကဲ ... ကဲ တော်ကြပါတော့ဗျာ၊ တော်ကြပါတော့။ ဒေါ်ဒေါ်ဆင့်ဘက်ကလဲ မလိုက်ဘူး၊ ဒေါ်ဒေါ်သီဘက်က လဲ မလိုက်ဘူး၊ ရွှေတင်ဘက်လိုက်မယ် ဟုတ်လား၊ ဟား ဟား"

ခင်မောင်ဝင်း ရယ်၍ ရွှေတင်ကို မေးနေသည်။ သူ့ကိုယ်မှာ တသိမ့်သိမ့်ခါနေသဖြင့် သူ့ဒူးများသည် ရွှေတင်၏ ဒူးနှင့်ပွတ်တိုက်နေကြသည်။ ရွှေတင်က မပွင့်တပွင့်မျှ ပြုံးကာ ...

"ရွှေရွှေ့ အဖိုးကတော့ ကြီးကြီးဆင့်တို့ ဒေါ်ဒေါ်သီတို့ပြောသမျှတွေ ဟာ အကုန်လုံး မှန်တာချည်းပဲ" ဟု ဆိုလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ်၊ ရွှေတင်နဲ့ ကျွန်တော်နဲ့တူတယ်။ ဒါကြောင့် မို့ ရွှေတင့်ဘက်ကိုပဲ လိုက်မယ်ပြောတာပေါ့"

မြင်းလှည်းသည် အိမ်ရှေ့သို့ ထိုးရပ်လိုက်သဖြင့် အားလုံးဆင်းကြလေသည်။ ဒေါ်မြဆင့်နှင့် ဒေါ်မြသီကား တစ်ယောက်ကိုတစ်ယောက် မျက်စောင်းတစ်ချက်စီ ထိုးကြည့်ကာ ဆင်းလေသည်။ ပြီးမှ ရွှေတင်ဆင်းကာ





နောက်ဆုံး ခင်မောင်ဝင်း ဆင်းလိုက်လာသည်။

မြင်းလှည်းကလေးသည် ခေါင်းလောင်းသံ တတင်တင်ပေးကာ ထွက်ခွာသွားသည်။ ဖုန်မှုန့်များသည် သူ့လှည်းနောက်တွင် လုံး၍ကျန်ရစ်ခဲ့လေ၏။ ခင်မောင်ဝင်း၏ နားထဲတွင် မြင်းလှည်းခေါင်းလောင်းသံသည် ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့ပေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

## (၄)

တကယ်ကြားရသောအသံမှာ မြင်းလှည်းခေါင်းလောင်းသံမဟုတ်၊ လက်နှိပ်စက်က ခေါင်းလောင်းသံသာ ဖြစ်လေသည်။ သည်တော့မှ ခင်မောင်ဝင်း၏ အတွေး၊ အမြင်၊ အကြားတို့သည် ပစ္စုပ္ပန်သို့ ပြန်ရောက်လာလေ၏။

လက်နှိပ်စက်သံသည် တထပ်ထပ်မြည်နေသည်။ တရားသူကြီး၏ မေးသံနှင့် တရားလို၏ဖြေသံသည် ထွက်ပေါ်လာ၏။ စာတန်းတစ်တန်း ဆုံးသွားတိုင်း လက်နှိပ်စက်မှ ခေါင်းလောင်းသံသည် တချွင်ချွင်မြည်မြဲ မြည်နေလေသည်။

ခင်မောင်ဝင်းသည် အိပ်ရာမှ လန့်နိုးသူလို ရုံးခန်းထဲကို ခေါင်းထောင်၍ ကြည့်မိသည်။ တရားခံ ဝက်ခြံထဲမှ အရှေ့မှာ ခေါင်းငုံ့နေ၏။ ငုံ့ထားသော နဖူးအောက်မှ နှာတံတဝက်များကို မြင်နေရသည်။ နှာတံကျပုံ၊ မျက်နှာသွယ်ပုံမှာ ရွှေတာင်နှင့် တူသလိုထင်မိသည်။ သို့ရာတွင် ရွှေတင်နှင့်ကွာခြားချက် တွေတော့ရှိသည်။ ရွှေတင်မျက်နှာသွယ်ပုံမှာ သစ်သီးလိုပြည့်ဝန်း၍ သွယ်ပုံမျိုးဖြစ်၏။ မျက်ခုံးများမှာ စိမ်းဖန့်သွယ်တန်းနေကြ၏။ မျက်လုံးများမှာ ညိုရီကာ အရည်လဲ့နေကြ၏။ နှုတ်ခမ်းမှာ ပွင့်အာတော့မည့် ကြာပဒုံဖူး ငုံနေသလိုဖြစ်၏။ ရွှေတင်၏ မျက်နှာသည် နေခြည်နုနုထဲတွင် ပွင့်နေသော ကြာဝါပန်းပွင့်နှင့်သာ တူလေသည်။

တရားခံ ဝက်ခြံထဲ၌အရှေ့မျက်နှာမှာ သည်လိုမဟုတ်၊ နားထင်များ ချိုင့်ဝင်ကာ ပါးရိုးများပေါ်နေ၏။ ညှိုးနွမ်း ချောင်ကျနေသော မျက်နှာမျိုး





ဖြစ်ပေသည်။ မျက်ခုံးများမှာလည်း ရွှေတင့်မျက်ခုံးများလို သွယ်တန်း နက်မှောင် စိမ်းဖန့်၍ မနေကြဘဲ နုတ်ထားသဖြင့် သေးသေးမျှင်မျှင်ဖြစ်ကာ မျက်ခွံများမှာ ကြီးမား၍ မို့မောက်နေသည် ထင်ရ၏။ မျက်လုံးများမှာ မ တောက်ပတော့ဘဲ မှေးမှိန်ဖျော့တော့နေသည်။ နှုတ်ခမ်းကလည်း ရဲတွတ်နေ အောင် ဆိုးထားလိုက်သေး၏။ မျက်နှာချေကို ထူပိန်းပိန်းလိမ်းကျံထား သည်။ သူ့မျက်နှာသည် စက္ကူပန်းလို တောက်ပမှု ကင်းမဲ့နေပေသည်။

"အချင်း ဖြစ်ပွားတဲ့ညက တရားခံမဟာ မောင်မင်းဆီက သော့ကို ယူပြီး အခန်းကို ဖွင့်တယ်လို့ဆိုတယ်၊ အခန်းရှင်ကလွဲပြီး သော့ကို ဘယ်သူမှ မပေးဘဲ ထိန်းသိမ်းထားဖို့ရာ မောင်မင်းရဲ့ တာဝန်မဟုတ်ဖူးလား"

တရားသူကြီးသည် လက်နှိပ်စက် အရိုက်ရပ်ကာ တရားလိုဘကျော် ကို လှမ်းမေးလိုက်သည်။ ဘကျော်မှာ ထိတ်ခနဲဖြစ်သွားကာ ဘာဖြေရမည် မသိတော့ဘဲ ခပ်အန်းအန်းဖြစ်နေသည်။ အတန်ကြာမှ ချွဲဟတ်လိုက်ကာ

"ဟုတ်တော့ ဟုတ်ပါတယ် ဘုရား၊ ဒါပေမဲ့ တရားခံမနဲ့ သေသူ ဦးဖေသန်းဟာ အလွန် အဆက်အဆံများပါတယ်။ ဦးဖေသန်းကလဲ တရား ခံမကို ယုံယုံကြည်ကြည်နဲ့ သူ့အခန်းထဲမှာ ထားလေ့ရှိတယ်ဆိုတာ သိထား လို့ သော့ကို ပေးလိုက်မိတာပါ"

တရားခံရှေ့နေသည် မတ်တတ်ရပ်လိုက်သည်။ တရားခံ ရှေ့နေ ကားအရပ်ထောင်ထောင်မောင်းမောင်း၊ အသားလတ်လတ်ဖြစ်၏။ သူ့နှာ ခေါင်းသည် ခေါမ ကျောက်ရုပ်များမှ နှာခေါင်းလို ဖြောင့်တန်း ချွန်ထက်ကာ မျက်လုံးများမှာ စူးရှထက်မြက်ဟန်ရှိသည်။ ဝတ်ရုံနက်၊ ခေါင်းပေါင်း၊ ကော် လာဖြူထဲမှ သူ့အသွင်အပြင်သည် တစ်ဖက်သားကို ချောက်လှန့်နေသလို ရှိသည်။ အားလုံးက တရားခံရှေ့နေဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

"ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ကျွန်တော် တစ်ခုလောက်မေးပါရစေ"

သူသည် တရားသူကြီးကိုကြည့်ပြီး တရားလိုဘကျော်ကို လှမ်းကြည့် လိုက်သည်။ ဘကျော်သည် မျက်နှာချင်းမဆိုင်ရဲသလို မျက်လုံးများကို တ ခြားသို့ လွှဲပစ်လိုက်သည်။ တရားသူကြီးက ပြုံး၍ခေါင်းကုတ်ပြလိုက်သည်။

"အိပ်ရာခင်းခြင်း၊ အခန်းရှင်းခြင်းစတဲ့ အလုပ်တွေကို လုပ်ရတဲ့ မောင်ဘကျော်ရဲ့ ဇနီးဖြစ်သူ ဘရားလိုပြသက်သေ အမှတ် ၂ ဖြစ်တဲ့ မချစ် မေဟာ အဲဒီအခန်းထဲကို အချိန်မရွေးဝင်နိုင်တယ်။ သော့ကိုလဲ လွယ်လင့်



www.burmeseclassic.com

www.burmeseclassic.com



တကူ ယူနိုင်တယ်မဟုတ်လား"

ဘကျော်မှာ မျက်စိမျက်နှာ ပျက်သွားသည်။ ဘာကိုဖြေရမှန်းမသိပေ။ ရှုံးခန်းထဲ၌ မျက်လုံးများကလည်း သူ့ဆီသို့ ရောက်နေသဖြင့် ချွေးတွေပြန်ကာ ရင်တဒိတ်ဒိတ်ခုန်လာသည်။ အစိုးရရှေ့နေက ချက်ချင်း ထိုင်ရာကထကာ . . .

"ကျွန်တော် ဒီမေးခွန်းကို ကန့်ကွက်ပါတယ်၊ ဒီမေးခွန်းဟာ ရေလာမြောင်းပေး နိမိတ်ပြမေးခွန်း ဖြစ်နေပါတယ် . . . ပြီးတော့ဒီမေးခွန်းဟာ လျော်ကန် လျောက်ပတ်တဲ့ မေးခွန်းလဲ မဟုတ်ပါဘူး"

"အမှန်က ဒီမေးခွန်းဟာ တရားလိုပြသက်သေ အမှတ် ၂ ဖြစ်တဲ့ မချစ်မေကို မေးရမယ့် မေးခွန်းသာ ဖြစ်သော်လဲ တရားလိုပြ သက်သေ အမှတ် ၁ ဟာ မချစ်မေရဲ့ ယောကျ်ားဖြစ်နေတဲ့အတွက် ခြွင်းချက်ထားပြီး မေးနိုင်ပါတယ်။ မေးပါစေ . . . မေးပါစေ"

တရားသူကြီးက ပြုံး၍ ပြောလိုက်သည်။

"အိပ်ရာခင်းခြင်း၊ အခန်းရှင်းခြင်းစတဲ့ အလုပ်တွေကို လုပ်ဖို့ မောင်ဘကျော်ရဲ့ ဇနီး တရားလိုပြသက်သေ အမှတ် ၂ ဖြစ်တဲ့ မချစ်မေဟာ ဒီအခန်းထဲကို အချိန်မရွေးဝင်နိုင်တယ်။ သော့ကိုလဲ လွယ်လင့်တကူ ယူနိုင်တယ်မဟုတ်လား"

ဘကျော်သည် နှုတ်ခမ်းကို လျှာဖြင့် လျက်ကာ ခေါင်းကိုငုံ့ထားလေသည်။ ပြီးမှ အစိုးရရှေ့နေဘက်သို့ အားကိုးအားထားပြုပြီး လှမ်းကြည့်လိုက်သည်။

"ဘယ့်နှယ်လဲ . . . ကျုပ်မေးတာကို နားမလည်ဘူးလား"

တရားခံရှေ့နေက မေးလိုက်သည်။ သူ့အသံသည် ဘကျော်အဖို့ ကျားဟိန်းသံလို ဖြစ်နေသည်။

"ကောင်းကောင်း နားမလည်ဘူး ခင်ဗျ . . ."

တရားခံရှေ့နေက ဘကျော်မျက်နှာကို စိပ်းစိပ်းကြည့်၍ ပြုံးကာ

"ခင်ဗျားရဲ့ ဇနီးဖြစ်တဲ့၊ ဟော်တယ်မှာ အိပ်ရာခင်း၊ အခန်းရှင်းစတဲ့ အလုပ်တွေကို လုပ်ရတဲ့၊ တရားလိုပြသက်သေ အမှတ် ၂ ဖြစ်တဲ့ မချစ်မေဟာ သေသူ ဦးဖေသန်းရဲ့ အခန်းဆီကို အချိန်မရွေးဝင်နိုင်တယ်။ ပြီးတော့ သော့ကိုလဲ အလွယ်တကူ ယူနိုင်တယ်မဟုတ်လား"





"ဟုတ်ပါတယ် . . . ဝင်နိုင်ပါတယ်"

သည်တစ်ခါတော့ ဘကျော်က သွက်လက်စွာပင် ဖြေလိုက်သည်။

"ဒါပေါ့ဗျ . . . မေးခွန်းက လွယ်လွယ်ကလေးပဲ၊ ဒါပါပဲ ရှုံးမင်းခင်ဗျား"

တရားခံရှေ့နေက ဘကျော်ကို ကြည့်ပြောလိုက်ပြီးမှ တရားသူကြီးဘက်သို့ လှည့်၍ ဦးညွှတ်ထိုင်ချလိုက်သည်။

တရားခံ အရွှေမျက်နှာမှာ ဝင်ထိန်သွားသည်။ ဘကျော်ကား မေးခွန်းဖြေပြီး မျက်စိမျက်နှာပျက်၍ အစိုးရ ရှေ့နေဘက်သို့လှည့်ကြည့်နေသည်။ အစိုးရရှေ့နေ၏ မျက်နှာမှာ ဘကျော်ကို ဒေါသထွက်နေပုံ ရလေသည်။ သူသည် ထိုင်ရာမှ ထလိုက်ကာ

"လူသတ်သမားလက်ချက်နဲ့ သေသွားတဲ့ ဦးဖေသန်း အခန်းထဲမှာ ရှိနေတုန်း၊ အထူးသဖြင့် ညဉ့်နက်သန်းခေါင် ဦးဖေသန်း အခန်းထဲမှာ အိပ်နေချိန်မှာ ကိုဘကျော် ဇနီး မချစ်မေ ဝင်ခွင့်ရှိသလား၊ ဝင်လေ့ကော ရှိသလား"

"ဝင်ခွင့်မရှိပါဘူး၊ ဝင်လေ့ ဝင်ထလဲ မရှိပါဘူး။ မနက်ပိုင်း နေ့လယ်ပိုင်းဆိုရင်သာ အခန်းရှင်းဖို့"

"တော်ပြီ . . . တော်ပြီ၊ ကျုပ်မေးတာ ဝင်ခွင့်ရှိသလား၊ ဝင်လေ့ရှိသလားလို့တင် မေးတာ၊ ကျုပ်မေးတဲ့ မေးခွန်းပဲ ဖြေပါ။ တခြားဟာတွေ ပြောမနေပါနဲ့"

"ဝင်လေ့မရှိပါဘူး၊ တရားခံသာလျှင် အချိန်မရွေးဝင်နိုင်ခွင့်ရှိပါတယ်"

အခန်းထဲတွင် လှုပ်ရှားကာ . . . တီးတိုး စကားပြောသံများကို ကြားရလေသည်။ တရားသူကြီးက သစ်သားတုံးကို လက်ရိုက်ဖြင့် ထု၍ အချက်ပေးမှ ငြိမ်သွားလေသည်။

ခင်မောင်ဝင်းကား ဘယ်ဘက်တံတောင်ဆစ်ကို ကုလားထိုင်လက်ရမ်းပေါ်တွင် ထောက်ထားပြီး လက်ဖဝါးပေါ်တွင် နဖူးတင်၍ မျက်နှာကို ငုံ့ထားသည်။ အရွှေသည် ခေါင်းငုံ့နေသော ခင်မောင်ဝင်းကို လှမ်းကြည့်နေသည်။ ပြီးမှ ခင်မောင်ဝင်း ထံမှ မျက်နှာလွှဲကာ မျက်နှာကျက်မှ ပန်ကာကို မော်ကြည့်နေလေသည်။ သို့ရာတွင် သူ့ မျက်စိထဲတွင်ကား . . . ပန်ကာကို မမြင်၊ ခင်မောင်ဝင်း မျက်နှာကိုသာ မြင်နေသည်။ ခင်မောင်ဝင်းမျက်

www.burmeseclassic.com



နှာသည် ပန်ကာထဲတွင် ဝဲလှည့်၍ လည်နေသည်။ ခပ်မှန်မှန် လည်နေသော ပန်ကာလက်တံများကြားတွင် ခင်မောင်ဝင်း၏ မျက်နှာများကိုမြင်ရသည်။ အရွှေသည် မူးရိပ်ရိပ်ဖြစ်လာကာ မျက်လုံးများကို မှိတ်ထားလိုက်လေသည်။ မျက်လုံးကို မှိတ်လိုက်ရသော်လည်း အရွှေ၏ စိတ်သည် အတိတ်သို့ ပြေးဝင်လျက်ရှိသည်။ အတိတ်ကအရာများသည် မျက်လုံးထဲတွင် ဝိုးတဝါး ပေါ်လာကြကုန်သည်။

●

# (၅)

အိမ်ကြီးမှာ ရှေးဆင်ဝင် တိုက်ခံအိမ်ကြီး ဖြစ်လေ၏။ တစ်အိမ်လုံး ကျွန်းသားများဖြင့် ဆောက်ထားပြီး နှစ်တိုင်း ရေနံမှန်မှန် သုတ်သဖြင့် ရေနံဆီဝကာ ညို့စိမ်းမှိုင်းမှောင်လျက်ရှိသည်။ ဆင်ဝင်တစ်ဖက်တစ်ချက်တွင် လသာဆောင် နှစ်ခုထုတ်ထားပြီး လသာဆောင်ဝရန်တာ ထောင့်တွင် ရွှေတူငွေတူ ပင်များ၊ ရွက်လှပင်များ စိုက်ထားသည့် မြေပန်းအိုးများကို ခုံရိုက်၍ တင်ထားလေသည်။ လသာဆောင်ဘက်သို့ ထွက်လျှင် ဆင်ဝင်ကိုဖြတ်၍ ထွက်ရလေသည်။

ဆင်ဝင်ခန်းမတွင်ကား . . . ဆာဖိုးဝင်း၊ ဒေါ်မြဆင့်တို့ မိဘနှစ်ပါး၏ ပုံများကို ပုံဟောင်းမှ ချဲ့ကာ ချိတ်ဆွဲထားလေ၏။ ဆာဖိုးဝင်း၏ အဖေမှာ မျက်ခုံးထူထူ၊ မျက်လုံး ပြူးပြူး၊ ကိုယ်ခန္ဓာတောင့်တင်း သန်မာ၍ ခေါင်းပေါင်းအုပ်ပေါင်း ပေါင်းကာ ပိုးဖျင်ပေါ် အင်္ကျီနှင့် ရွှေတောင်လုံချည် ကွက်ကျဲကြီးကို ဝတ်၍ရိုက်ထားလေသည်။ ကုလားထိုင် လက်ရမ်းပေါ်တွင် တင်ထားသော လက်များမှ အကြောကြီးများမှာ တီကောင် တွန့်သလိုတွန့်ကာ အတိုင်းသား မြင်နေရ၏။ အင်္ဂလိပ်အစိုးရက အပ်နှင်းသော ငွေစလွယ်ကြီးကို သိုင်းထားလေသည်။ ဆာဖိုးဝင်း၏ အမေကား ဒေါ်မြဆင့်လို ဝိန်ဝိန်ပါးပါး သွယ်သွယ်နွဲ့နွဲ့ဖြစ်၍ နှာတံပေါ် မျက်လုံးမျက်ခုံးကောင်းကာ မျက်နှာပေါက်မှာ ခင်မောင်ဝင်းအစ်မ ခင်မေဝင်းနှင့် တူသလိုလိုရှိသည်။ သူက စိန်ကြယ်သီးတပ်၊ တရုတ်ပိုးဖျင် ရင်ဖုံးကို ဝတ်ကာ ငွေပြောက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်ထားသော စူရတီလုံချည်ကို ဝတ်လျက် ပုံတော်ဖိနပ်စီးကာ ကုလားထိုင်နောက်တွင် မတ်တတ်ရပ်လျက် ရှိလေသည်။ ကပ်လျက် တစ်ဖက်တစ်ချက်တွင် ဆာဖိုးဝင်းနှင့် ဒေါ်မြဆင့်တို့၏ တစ်ယောက်ချင်းပုံများကို ချိတ်ဆွဲထားလေသည်။ ထို့ပြင် ဆာဖိုးဝင်းဇနီးနှင့် သားသမီးများဖြစ်ကြသော ခင်မေဝင်း၊ ခင်မောင်ဝင်းတို့ပါသည့် မိသားစု ဓာတ်ပုံကိုလည်း ချိတ်ဆွဲထားသည်။ ခင်မေဝင်းနှင့် ခင်မောင်ဝင်းတို့ မောင်နှမ နှစ်ယောက်တွဲလျက် ဓာတ်ပုံလည်းရှိသည်။

သည်တုန်းက ခင်မေဝင်းမှာ ဂျပန်ဆံတောက်အရှည် ဂါဝန်ဖားဖားကို ဝတ်ကာ လည်ပင်းတွင် ဒေါ်လာပြားကို ဆွဲထားသည်။ လက်ထဲတွင် နှင်းဆီတစ်ပွင့်ကို ဆုပ်ထားသည်။ ခင်မောင်ဝင်းမှာ အင်္ကျီလက်တို၊ ကာကီဘောင်းဘီတို၊ ရှူးဖိနပ်၊ ဖော့ဦးထုပ်ဖြင့် ညာလက်တစ်ဖက်က ဘောင်းဘီအိတ်ထဲသို့ လျှိုထားသည်။ သူတို့မောင်နှမအလယ်တွင် စားပွဲဝိုင်းကလေးကို ဇာမြိတ်စများ ဖွာကျနေသော စက်ပန်းဖောက် စားပွဲခင်းအဖြူ ခင်းထားပြီး ထပ်လျက် စာအုပ်လေးငါးအုပ်၊ နဂါးနှစ်ကောင် လိမ်ယှက်ဟန် အဖောင်းအဝန်းတို့ဖြင့်ဖော်ထားသော ပန်းရိုက် တရုတ် ကြွေပန်းအိုး တစ်လုံးနှင့် ဘစ်ဘင်စားပွဲတင် နာရီကိုတင်ထားသည်။ အိမ်အောက်ထပ်မှ ခြောက်တိုင်ခုတင်ကြီးမှာ စားပွဲနောက်၌ ဖုံးဖိ၍မရဘဲ ဓာတ်ပုံထဲတွင် အထင်းသားပေါ်နေလေ၏။ ဆင်ဝင်တွင် ရင်ခွဲအခန်းဆီး အပြာရင့်ရောင်များ တပ်ထားလေရာ အခန်းဆီးများသည် လေတိုက်တိုင်း လှေရွက်လို လွင့်နေကြသည်။ ကျွန်းသား လှျောထိုးကြမ်းပြင်မှာ ရေနံဆီနှင့် ဖယောင်းတိုက်ထားသဖြင့် တဖိတ်ဖိတ်တောက်နေကာ ခြေကြွလိုက်တိုင်း တကျွိကျွိ မြည်အောင် ချောနေပေ၏။ ဆင်ဝင်လက်ျာ ပြတင်းပေါက်နားတွင် သပြေရောင် ဘလုပ်နား စန္ဒရားကြီး တစ်လုံးရှိ၍ စန္ဒရားခုံပေါ်တွင် နှင်းဆီဖြူပွင့်ကြီးများ၊ သစ္စာပန်းများကို ငွေတကောင်းတွင် စိုက်၍ထား၏။ ငွေတကောင်းတွင် ကြာပန်းနွယ် ပန်းခက်များ ဝန်းရံချယ်ကာ ကြာပန်းနှင့် ပန်းလိပ်ပြာလို တစ်ဖက်စီ ရုပ်လုံးပြဖော်ထားသည်။ စန္ဒရားကြီးမှာ ဟောင်းနွမ်းလှပြီဖြစ်သော်လည်း အမြဲတစေ တိုက်ချွတ်ထားသဖြင့် ပြောင်လက်နေပေ၏။ စန္ဒရားအထက်တွင် ပန်းကိုင်းလို ကော့ပျံနေသော သမင်ချို နှစ်စုံကို ပါလစ်သုတ်ဒိုင်းသဏ္ဌာန် ကျွန်းပြားတွင် ကပ်၍ နံရံတွင် ရိုက်ထားလေသည်။





ဆင်ဝင်နောက် လက်ျာဘက်သို့ ကွေ့လိုက်လျှင် ဘုရားခန်းကို ရောက်လေသည်။ ဘုရားခန်း ပြတင်းပေါက်များကိုမူ ခန်းဆီးအပြာရောင်ရိုးရိုးကိုသာ မတပ်တော့ဘဲ ရောင်စုံဖလ်မြိတ်ခန်းဆီးများ တပ်ထားလေသည်။ လေတိုက်လျှင် ဖလ်မြိတ်များ တိုက်ခတ်ထိပွတ်သံများကို ကြားနေရသည်။ ဘုရားစင်ကို ငွေရောင်ပိုးဇာမြိတ်များဖြင့် တွဲလွဲချကာ မွမ်းမံထားသည်။ ဘုရားကျောင်းဆောင်မှာ ကျွန်းသားပွတ်လုံးခံသော ဖလ်ကျောင်းဆောင်ဖြစ်၍ ရွှေဆင်းတုတော်သည် သပ္ပာယ်စွာ စံနေတော်မူသည်။ မတ်တတ်သစ်ကနက် ဆင်းတုတော်နှစ်ဆူကို ဖလ်ပေါင်းချောင်ဖြင့် တစ်ဆူစီထည့်ကာ ဖလ်ကျောင်းဆောင်ဘေး တစ်ဖက်တစ်ချက်တွင် ကိုးကွယ်ထားသေးသည်။ အောက်အဆင့်တွင် သပြေပန်းများ ထိုးထားသော မြေညောင်ရေအိုးနှစ်လုံး၊ သစ္စာပန်းခက်များ ထိုးထားသည့် ဖလ်တကောင်းနှစ်လုံး ရှိသည်။ သူတို့အလယ် သုံးချောင်းထောက် ရွှေရေးယွန်းလင်ပန်းပေါ်တွင် ဖလ်ခွက်ကလေးများ ပန်းကန်ကလေးများဖြင့် ဆွမ်းတော် တင်ထားလေသည်။

ဆင်ဝင်မှ နောက်ဖေးကို တိုးလျှိုပေါက်မြင်နေရလေ၏။ နောက်ဖေးတွင်လည်း လသာဆောင်ရှိ၍ လသာဆောင်မှ အောက်သို့ဆင်းသော လှေကားရှိသည်။ ဆင်ဝင်နောက် အိမ်မကြီး ဝဲနှင့်ယာဘက်တွင် အိပ်ခန်းနှစ်ခန်းစီ ဖွဲ့ထားလေရာ အပေါ်ထပ်တွင်ပင် အိပ်ခန်းလေးခန်းရှိသည်။ ဆင်ဝင်နှင့် အိမ်မဘက်အကူး ဝဲယာအခန်းနံရံဘက်ကို အပြာရင့်ရောင် ပေါ်ပလင်လိုက်ကာများ ကာထားလေသည်။ လိုက်ကာခြားထားသည့် အိမ်မဘက်ကို ကူးပြီး နောက်ဖေးသို့ထွက်လျှင် အိမ်တစ်တန်းအကျော် နောက်က လယ်ကွင်းများကို တမျှော်တခေါ်ကြီး မြင်ရလေသည်။ ဒေါ်ဒေါ်ဆင့်က ခေါင်းရင်းအခန်းတွင် အိပ်၍ဒေါ်ဒေါ်သီနှင့် ရွှေတင်က ခြေရင်းဘက်အခန်း နှစ်ခန်းတွင် အိပ်လေရာ ဘုရားခန်းနှင့်ကပ်လျက် ခေါင်းရင်းခန်းကို ခင်မောင်ဝင်းအတွက် ပြင်ဆင်ရလေသည်။

ရွှေတင်သည် အိမ်ပြန်ရောက်သည်နှင့် ကတ္တီပါပုံတော်ဖိနပ်ကို ချွတ်ကာ အပေါ်ထပ်သို့ တက်ရန်ထလာခဲ့သည်။ ဒေါ်မြဆင့်၊ ဒေါ်မြသီနှင့် ခင်မောင်ဝင်းတို့မှာ အောက်ထပ်တွင် စကားပြောနေရစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတင် ညည်းအစ်ကိုဖို့ ခေါင်းရင်းခန်းလှဲကျင်းခိုင်းပြီး ပြင်လိုက်ဟေ့"

ရွှေတင် လှေကားအတက်တွင် ဒေါ်မြဆင့်က လှမ်း၍အမိန့်ပေးလိုက်သည်။ ရွှေတင်က ကိုယ်ကလေးကျုံ့ကာ ခေါင်းညိတ်လိုက်ရင်း "ဟုတ်ကဲ့ ကြီးကြီးဆင့်"ဟုဆိုကာ အပေါ်ထပ်သို့ တက်လာခဲ့လေ၏။ ရွှေတင် နှစ်ထပ်လောက်မျှ တက်မိခါရှိသေး၊ ဒေါ်မြဆင့်၏ အသံထွက်ပေါ်လာပြန်သည်။

"ရွှေတင်၊ ညည်းအစ်ကိုရဲ့ လက်ဆွဲအိတ်လဲ ယူသွား၊ ပြီးတော့ အိပ်ရာလိပ်တွေ၊ သေတ္တာတွေကိုလဲ ညွှန့်တို့ လင်မယားကို သယ်ခိုင်းဦး"

"ဟုတ်ကဲ့ ကြီးကြီးဆင့်".

ရွှေတင်က လှေကားထစ် တစ်ဝက်တွင်ရပ်၍ ပြောရပြန်သည်။

"နေပါစေ၊ ဒေါ်ဒေါ်ဆင့်ကလဲ လက်ဆွဲအိတ်ကို ကျွန်တော့်ဘာသာ ကျွန်တော် ဆွဲသွားလဲ ရတာပါပဲ။ နေတော့ ရွှေတင်၊ အစ်ကိုတက်လာမှ ဆွဲခဲ့မယ်။ ဒီထဲက ဒေါ်ဒေါ်ဆင့်တို့၊ ဒေါ်ဒေါ်သီတို့ဖို့ လက်ဆောင်တွေကိုလဲ ခွဲပေးရဦးမယ်။ ရွှေတင် ဒီမှာ ရှိမှန်းမသိလို့ ရွှေတင့်ဖို့တော့ ဘာမှပါမလာဘူးဟေ့"

ခင်မောင်ဝင်း၏ အသံကို ကြားရသည်နှင့် ရွှေတင်သည် ခင်မောင်ဝင်းစကား ဆုံးသွားသည်အထိ ရပ်၍နားထောင်နေပြီးမှ အပေါ်ထပ်သို့ တက်လာသည်။

ရွှေတင်သည် ခါးမှ အင်းလေးလုံချည် အစိမ်းကို ချွတ်ချလိုက်ကာ ပိတ်လုံချည်ဖြင့် ရင်လျားလိုက်ပြီး အပေါ်မှရှန်သားအင်္ကျီအစိမ်းနုကိုလည်း ချွတ်၍ တန်းပေါ်တွင် အလျားလိုက်ဖြန့်ထားလိုက်သည်။ ပြီးလျှင် ဘစ်ယောက်အိပ် ခုတင်ခြေရင်းဘောင်ပေါ်တွင် ဖြန့်လှန်းထားသော သရက်ထည် လုံချည်ဟနီနှင့် ပန်းနုရောင် ရှန်သားပွင့်ရိုက် အဟောင်းကို လဲဝတ်လိုက်ပြီး နောက်ဖေးလှေကားမှဆင်းကာ ညွှန့်တို့ လင်မယားကို အပေါ်ထပ်သို့ ခေါ်လာခဲ့သည်။

ညွှန့်နှင့် အေးခင်တို့ လင်မယားမှာ အသက်အစိတ်ခန့်လောက်စီ ရှိပြီမို့ ရွှေတင်က သူတို့လင်မယားကို "ကိုညွှန့်-မအေးခင်"ဟုပင် ခေါ်လေသည်။





"အစ်ကိုလေးက ချောရဲ့လား ရွှေရွှေရဲ့၊ အဟီး - ဟိ"

အေးခင်က နောက်က တက်လာရင်း မေးလိုက်သည်။ ညွှန့်မှာ အပေါ်ထပ်သို့ တက်သွားပြီဖြစ်၏။ ရွှေတင်က နှုတ်ခမ်းကလေးစူကာ လှည့်မကြည့်ဘဲ

"ဒါတော့ မအေးခင်ဘာသာ ကြည့်ပေါ့၊ ရွှေရွှေ ဘယ်ပြောတတ်မလဲ"

"ဓာတ်ပုံထဲမှာတော့ လူချောပဲ။ သူ့အမေကလဲ ချောချောပဲ။ ဘဘကြီးကလဲ ခန့်သတော်"

အေးခင်တို့ လင်မယားမှာ ဆာဖိုးဝင်းတို့ ရန်ကုန်ပြောင်းသွားတော့မှ ဒေါ်မြဆင့်က ခေါ်ထားသူများဖြစ်သဖြင့် ဆာဖိုးဝင်းမိသားစု အကြောင်းကို ကြားဖူးရုံသာ ကြားဖူးသော်လည်း ဘယ်သူ့ကိုမျှ မမြင်ဖူးကြပေ။

အခန်းထဲမှာ ပင့်ကူမျှင်များဖြင့် ရှုပ်ထွေးနေ၏။ ကြမ်းပြင်မှာလည်း ဖုန်တွေအလိပ်လိပ် တက်လျက်ရှိသည်။ တစ်ယောက်အိပ် ကျွန်းခုတင်မှာလည်း ဖုန်တွေတက်နေသည်။ ရွှေတင်သည် ညွှန့်တို့ လင်မယားအား ပင့်ကူအိမ်တွေကို အရင် အလှဲခိုင်းရသည်။ မြက်တံမြက်စည်းဖြင့် အရင်လှဲပြီး ဖုန်သုတ်အဝတ်နှင့် နှစ်ကျော့သုံးကျော့လောက် အသုတ်ခိုင်းရသည်။ ပြီးမှ သူကိုယ်တိုင် ရေနံနှင့်ဖယောင်းတိုက်လေသည်။ သည်အခန်းမှာ ညှိုသည် စောင်သည် လာမှသာဖွင့်ကာ အစဉ်အမြဲလို ပိတ်ထားသဖြင့် ကြမ်းပြင်ကို ပြောင်လက်လာအောင် တော်တော် တိုက်ချွတ်ယူရသည်။ ရွှေတင်သည် သူကိုယ်တိုင် ဖယောင်းတိုက်ထားသော ကြမ်းပြင်ကို ကြည့်သည်။ အားမရသေးသဖြင့် အစဉ်အမြဲ တိုက်ထားသော အခန်းပြင်ဘက်က ကြမ်းပြင်ကို ထွက်၍ကြည့်ကာ ခြေဖြင့် လျှောတိုက်ကြည့်ပြီးမှ ပြန်ဝင်လာပြန်သည်။

"အေးခင် - အပြင်ဘက်က ကြမ်းပြင်လောက် ပြောင်ရဲ့လား၊ ဟင် ကြည့်စမ်းပါဦး"

ခုတင်ခြင်ထောင်တိုင်များကို တပ်နေကြသော ညွှန့်တို့လင်မယားကို ကြည့်၍မေးလိုက်သည်။ သူ့စိတ်ထဲတွင် အိမ်မှုကိစ္စကို ဇေ့စပ်သေချာသူ၊ လုံ့လဝီရိယရှိသူဟု ခင်မောင်ဝင်း စိတ်တွင် ထင်သွားစေချင်သည်။ ဘီလပ်ပြန်မို့လည်း တောအိမ်တွင် ညှိုခံရသည်ကို အဆင့်အတန်းမှ မီပါ့မလားဟု တွေးနေမိသည်။ သည်အိမ်ကြီးမှာ ဒေါ်မြဆင့်၏အိမ်ဖြစ်သော်လည်း ဒေါ်မြဆင့် အပျိုကြီးပီပီ စီမံခန့်ခွဲရုံကလွဲ၍ ဘာမျှတတ်သူမဟုတ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကသာ အိမ်တွင်းမှုကိစ္စ၊ စပါးအနုတ်အသိမ်းကိစ္စ၊ ဆန်စက်ကိစ္စ စသည့်ကိစ္စအဝဝကို စီမံအုပ်ချုပ် လုပ်ကိုင်ရသူဖြစ်လေရာ သူ့အရည်အချင်းကို ခင်မောင်ဝင်း အထင်သေးသွားမလားဟု စိုးရိမ်နေလေသည်။

"ပြောင်ပါတယ် ရွှေရွှေရဲ့၊ ဒီထက် ဘယ်ပြောင်နိုင်ပါတော့မလဲ၊ အထပ်ထပ် တိုက်ပြီးမှပဲ"

"တစ်ထပ်လောက်တော့ တိုက်လိုက်ဦးမယ်လေ၊ ပြောင်တော့ပြောင်ပါပြီ။ ဒါပေမဲ့ အပြင်က ကြမ်းပြင်လိုချောမနေသေးဘူး မအေးခင်ရဲ့၊ ရွှေရွှေက ကြမ်းပြင်ဆိုရင် ချောပြောင်နေမှ သဘောကျတာ"

အေးခင်က ရွှေတင်ကို ပြုံးကြည့်နေလေ၏။ ရွှေတင့် နဖူးမှာ ချွေးသီးကလေးများပင် စို့လာလေသည်။ ချွေးပြန်နေသဖြင့် ရွှေတင်၏ဖြူဖွေးနုညက်သော မျက်နှာကလေးမှာ ဝင်းပြောင်နေ၏။ စိမ်းနုသော ဆံစဆံနွယ်များသည် နားနောက်တွင်လည်းကောင်း၊ ကုပ်ပေါ်တွင်လည်းကောင်း ညွှတ်ခွေဝဲကျနေသည်။

"ကိုညွှန့် ခုတင်ပြီးရင် အောက်က သေတ္တာနဲ့ အိပ်ရာလိပ်တွေသွားယူချည်လေ။ ပြီးတော့ အိမ်ရှေ့က သက္ကလတ်စိမ်း အုပ်ထားတဲ့ စားပွဲကိုလဲ အထဲရွှေ့ခဲ့၊ ပြီးတော့ အိမ်ရှေ့က ပက်လက်ကုလားထိုင်နဲ့ မတ်တတ်ကုလားထိုင်လဲ ယူခဲ့ဦး၊ ပြီးတော့ အို - နေပါတော့လေ၊ အဲဒါတွေသာ အရင်ပြီးအောင် လုပ်ပါဦး"

ရွှေတင်က သူ့ဘာသာသူ ရှေ့လောကြီးနေပုံကို အမှတ်ရကာ ကြမ်းတိုက်ရင်းက ပြုံးနေသည်။ ကြမ်းတိုက်ပြီးတော့မှ ကြမ်းပြင်ကို ခြေဖဝါးများဖြင့် ရှပ်တိုက်လျှောက်သွားပြီး ကျေနပ်အားရသွားကာ ခါးဆန့်လိုက်သည်။

"အား - ညောင်းကိုသွားတာပဲ"

"ညောင်းမှာပေါ့ ပြောင်ပါပြီလို့ ပြောရက်သားနဲ့ ရွှေရွှေက နားမှမထောင်ပဲကိုး"

"ကဲ မအေးခင်ပြီးရင် လိုက်ခဲ့ဦး၊ ဘီရိုထဲက အိပ်ရာခင်းတွေ ထုတ်ရဦးမယ်။ မွေ့ရာလိပ်နဲ့ ခေါင်းအုံးတွေတောင် ဘယ်ကသေတ္တာထဲ ထားမိပါလိမ့်၊ အော် ကြီးကြီးဆင့်အခန်းထဲက သေတ္တာထဲမှာထင်တယ်၊ လာလာ"

ရွှေတင်သည် ဒေါ်မြဆင့်အခန်းထဲက စိမ်းပြာရောင် သဘော်ဆေးသုတ်ထားသော ကျွန်းသေတ္တာကြီးကို လှပ်ကာ ခေါင်းအုံးနှစ်လုံးနှင့် တစ်





ယောက်အိပ် မွေ့ရာကို ထုတ်ပေးလိုက်သည်။ မွေ့ရာ ပေါ်ပလင်အပြာစမှာ အသစ်ကျပ်ချွတ်ကြီးပင် ရှိသေးသည်။ ပရုပ်ထည့်ထားသဖြင့်လည်း ပရုပ်နံ့နှင့် အဝတ်သစ်နံ့ ရောထွက်နေပေသည်။

"အိပ်ရာခင်းနဲ့ ခေါင်းအုံးစွပ်တွေကတော့ ဘီရိုကြီးထဲမှာထင်တယ်"

ရွှေတင်သည် သူ့ဘာသာသူ ပြောကာ သော့တွဲထဲမှ ဘီရိုသော့ကို ရွေးထုတ်လိုက်ပြီး ဒေါ်မြဆင့် ခုတင်ဘေးတွင်ရှိသည့် ကျွန်းဘီရိုကြီးကို ဖွင့်လိုက်သည်။ သည် ဘီရိုကြီးထဲမှာ ဧည့်သည်စောင်သည်လာလျှင် သုံးရန်အတွက် စောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာဖုံးစသည့် ပစ္စည်းများဖြင့် ပြည့်နှက်နေ၏။ ရွှေတင်သည် သူကိုယ်တိုင် ပိုးချည်စိမ်းနီဖြင့် ကြက်တူရွေးရုပ်ထိုးထားသော ခေါင်းအုံးစွပ်နှစ်ခုကို ရွေးထုတ်လိုက်သည်။

ကြက်တူရွေး၏ အစိမ်းရောင် နှုတ်သီးနီနီသည် ပိတ်ဖြူသားပေါ်တွင် ထင်းခနဲပေါ်နေသည်။ သူ့စိတ်ကူးဖြင့် ထိုးထားသော်လည်း ကြည့်ရသည်မှာ အနည်းငယ်ရိုင်းသလိုလို ဖြစ်နေသည်။ တောဆန်သည်ဟု ထင်နေသည်။ ထို့ကြောင့် ပြောင်ပိတ်သားလှိုင်းတွန့်လို ဇာနားသေးသေးတပ်ထားသည့် ခေါင်းအုံးစွပ်ကို ထုတ်လိုက်သည်။ အိပ်ရာခင်းအဖြူ သက္ကလတ်စောင်နှင့် လွှာချင်းစောင် တစ်ထည်အပြင် အနားဖြူကွပ်ကာ ပိုးချည်ဖြူဖြင့် ပန်းခက် ကျဲကျဲဖော်ထားသည့် အပြာနုရောင် ပေါ်ပလင်အိပ်ရာဖုံးကို ထုတ်ယူခဲ့ပြီးမှ တစ်ဘက်ခန်းသို့ ကူးလာခဲ့သည်။ မအေးခင်က သူ့နောက်မှ ခေါင်းအုံးနှင့် မွေ့ရာကို ပိုက်၍လိုက်လာသည်။

အိပ်ခန်းကိုပြင်ဆင်ပြီးတော့မှ ဆင်ဝင်ခန်းဘက်သို့ ထွက်လာခဲ့လေသည်။ ဆင်ဝင်ခန်းဘက်မှာ အထူးအထွေ ပြင်ဆင်စရာမရှိပေ။ သို့ရာတွင် ခန်းဆီးများကိုကား အသစ်လဲရဦးမည်ဖြစ်၏။ ခန်းဆီးများမှာ အရောင်လွင့်စ ပြုနေလေသည်။ စန္ဒရားပေါ်ရှိ ပန်းစိုက်အိုးထဲမှ သစ္စာပန်းများမှာလည်း ညှိုးနေပြီဖြစ်၏။ ထို့ကြောင့် ပန်းများကိုလည်း နံနက်တိုင်း လဲရဦးမည်ဟု အလုပ်တစ်ခုလို စိတ်ထဲ၌ တေးထားလိုက်လေသည်။ လှေကားဝမှ ခြေသုတ်ဖုံမှာ အုန်းဆံမွေးများ ပါးနေပြီဖြစ်၍ ဆင်ဝင်ခန်းဘက်သို့ ထွက်သော တံခါးပေါက်ဝမှ ခြေသုတ်ဖုံအသစ်ကို ရွှေ့ထားလိုက်ကာ အဟောင်းကို နောက်ဖေးဘက်သို့ ပို့လိုက်သည်။

www.burmeseclassic.com



အားလုံးကိစ္စ အဝဝပြီးလျှင် အောက်ထပ်သို့ဆင်းခဲ့လေသည်။ အောက်ထပ်မှာ အုတ်ခဲများကိုလွှာ၍ စီထားသောအုတ်ခဲ အလွှာကြားတွင် ကွန်ကရစ်လောင်းထည့်၍ ကိုင်ထား၏။ အိမ်အောက်ထပ် အတွင်းဘက် အုတ်နံရံများကို နှစ်တိုင်း ဆေးဝါးသုတ်လေ့ရှိသော်လည်း သည်နှစ်မသုတ်ရသေးသဖြင့် အရောင်မှာ တောက်တောက်ပပ မရှိလှဘဲ ဝါညစ်ညစ်ဖြစ်နေသလို ထင်ရသည်။ အောက်ထပ် ဧည့်ခန်းတွင် ဘုံဘေဘားမားကလုပ်သော ဆက်တီတစ်စုံရှိသည်။ ဘေးတွင် လက်တင် ကြိမ်ကုလားထိုင် သုံးလေးလုံးလောက်လည်း ရံထားသည်။ သည်အခန်းမှာ ဧည့်ကောင်းစောင်ကောင်းလာလျှင် ဧည့်ခံရာအခန်းဖြစ်၏။ အိမ်မကြီး အောက်ထပ်တွင် ခြောက်တိုင်ခုတင်တစ်လုံး စားပွဲခုံရှည်ကြီးတစ်လုံးနှင့် တန်းလျားနှစ်လုံး ရှိလေသည်။ စားပွဲရှည်ပေါ်တွင် ဖလားစုံကွမ်းအစ်ကြီးတစ်လုံး၊ ကြေွရည်သုတ်လင်ပန်းဖြင့် ထည့်ထားသည့် လက်ဖက်ရည်အကြမ်းကရားနှင့် ပန်းကန်လေးလုံးလောက် ရှိ၏။ ကြေွရည်သုတ်လင်ပန်းမှာ ဝါကျင့်နေပြီဖြစ်၏။ သည်နေရာမှာတော့ လယ်လုပ်သားများ၊ သူရင်းငှားများ၊ စပါးပွဲစားများ၊ ဆန်စက်တွင် ကိစ္စမပြီး၍ အိမ်တိုင်ရာရောက်ကိစ္စဖြင့် လာရောက်သူများကို ဧည့်ခံရာဖြစ်၏။ ရွှေတင်သည် သည်စားပွဲတွင်ထိုင်၍ ဒေါ်မြဆင့်က ကွမ်းတပျစ်ပျစ်ဖြင့် ပြောပြသောစာရင်းများကို ရေးမှတ်ရသည်။ သည်စားပွဲမှာ မိုး မကျမီဆိုလျှင် စပါးပေးငွေ လာချေးကြသူများနှင့် ရှုပ်ယှက်ခတ်နေတတ်သည်။ စပါးပေါ်ချိန်ဆိုလျှင် စပါးလာသွင်းကြသူများ၊ လယ်ထောက်ခလာသွင်းကြသူများ၊ သီးစားခလာပေးကြသူများနှင့် ရှုပ်ယှက်ခတ်နေတတ်သည်။ စပါးရောင်း စပါးဝယ်၊ ငွေသွင်း၊ ငွေချေးစသည် ကိစ္စများကို ဒေါ်မြဆင့်သည် သည်စားပွဲမှာပင် အလုပ်လုပ်လေသည်။ ရွှေတင်ကစာရင်းစာအုပ်ကို ဖွင့်ကာ စာရင်းများကို ခေါင်းစဉ်အလိုက် သွင်းပေးရသည်။ ဆန်စက်ကိစ္စမှာမူ စက်တွင် မန်နေဂျာသပ်သပ်ခန့်ထားသဖြင့် အိမ်ဘက်သို့မကူးလာတော့ပေ။ ရွှေတင်ကား ဒေါ်မြဆင့်အိမ်တွင် စာရေးတစ်ပိုင်း၊ အိမ်ဖော်တစ်ပိုင်း ဖြစ်နေ၏။ အလုပ်သမားတစ်ပိုင်း၊ အိမ်သားတစ်ပိုင်း ပေတည်း။

ဒေါ်မြဆင့်က သူ့ကို မွေးစားခဲ့သည်ဆိုသော်လည်း လက်ဝတ်လက်စား အသင့်အတင့်လောက် ဆင်ပေးကာ ကျွေးမွေးထားသည်မှအပ တွယ်တာခြင်း ရှိဟန်မတူပေ။ စာရင်းအင်း ရေးမှတ်ရခြင်း၊ အိမ်အလုပ်များကို





လုပ်ရခြင်း စသည့် ဟာဟီရလုပ်ငန်းများတွင်သာ နစ်မြုပ်နေစေပေသည်။ ရွှေတင်ကို မျက်နှာသာ မပေးလှဘဲ အမြဲတမ်းနှိပ်ကွပ် ချုပ်ချယ်ထားတတ်သည်။ စာရင်းအင်းရေးမှတ်စရာ မရှိလျှင် အိမ်အလုပ်ဖြင့်သာ အချိန်ကုန်စေသည်။ ညဘက်တွင် ဒေါ်မြဆင့်အား နင်းနှိပ်ပေးရသည်။ သို့မဟုတ်လျှင် ဒေါ်မြဆင့် အိပ်ရာဝင်ချိန်တွင် ဇိနတ္ထ ပကာသနီ၊ ဖတ်ကြီးဆယ်ဘွဲ့ စသည့် ကျမ်းများ၊ လယ်တီဆရာတော်၊ ညောင်ကန်ဆရာတော် ဦးဝံမ် စသည့် ပုဂ္ဂိုလ်ကြီးများ၏ တရားစာများကို ဖတ်ပြနိုင်းတတ်သည်။ ဒေါ်မြဆင့်မှာ ရွှေတင်ကို အစေခံသာသာမျှသာ သဘောထားဟန်တူပေသည်။ ဒေါ်မြသီကမူ ရွှေတင်ကို အိမ်၏ကျက်သရေ အိမ်၏အလှဖြစ်စေချင်၏။ တူမကလေး ရွှေတုံးပုလဲ ပင်ပန်းဆင်းရဲမည်ကို စိုးရိမ်ပူပန်ရှာ၏။ တူမလေးကို ခင်မေဝင်းတို့လို ကျောင်းဆက်ထားကာ ဘိုင်အေဘီအေတွေ ရောက်သည်အထိ အတန်းကုန် ပညာသင်စေချင်၏။ ကျောင်းမနေရတော့သည့်တိုင် အစေခံလို ကြမ်းတိုက်၊ အိုးဆေးခွက်ဆေး၊ တံမြက်လှဲကိစ္စတွေကို မလုပ်စေချင်ပေ။ ညွှန့်တို့ အေးခင်တို့အပေါ် စီမံခန့်ခွဲရုံလောက်သာ လုပ်စေချင်၏။ သို့ရာတွင် သူ့ကိုယ်၌ကလည်း ဒေါ်မြဆင့်၏ အရိပ်အာဝါသအောက်တွင် ခိုလှုံစားသောက်နေရသူ ဖြစ်လေရာ စိတ်ဆန္ဒစောရုံမှအပ တခြားဘာမျှ မတတ်နိုင်ပေ။

ရွှေတင်သည် လှေကားမှဆင်းလာပြီး အိမ်မကြီးအောက်ထပ် ခြောက်တိုင် ခုတင်စောင်းတွင် လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်ယှက်၍တင်ကာ ထိုင်ချလိုက်မိသည်။ သည်ခြောက်တိုင် ခုတင်ကြီးမှာ ဒေါ်မြဆင့်၊ ဒေါ်မြသီနှင့် ရွှေတင်တို့ ထမင်းစားရာဖြစ်၏။ သည်ခုတင်ကြီးပေါ်တွင် စားပွဲဝိုင်းကြီးခင်းကာ သူတို့သုံးယောက်ဝိုင်းထိုင်၍ စားကြလေသည်။ နေ့လည်ခင်း ဆိုလျှင်လည်း သည်ခုတင်ကြီးပေါ်မှာပင် ခြေဆင်းလှဲလျှ နေကြလေသည်။ အိမ်ပေါ်ထပ် ဟာဟီရတွေလုပ်ပြီး ထိုင်လိုက်တော့မှ မောရပန်းရမှန်းကို သိလိုက်လေသည်။ သူ့ဆံယဉ်စကလေးများမှာ နဖူးပေါ်တွင် ဝဲပျံနေကြကာ ဆံစပ်တွင် ချွေးကလေးများ ဥ၍နေသည်။ တံတောင်ဆစ်လောက်ထိ ပင့်တင်ထားသော ဖြူဝင်းမွတ်ညက်သည့် လက်မောင်းများမှာလည်း ချွေးပြန်သိပ်ကာ အေးစက်စက်ဖြစ်နေ၏။ ရွှေတင်သည် ဗူးခနဲ သက်ပြင်းတစ်ချက် ထုတ်လိုက်ကာ စားပွဲပေါ်မှ နှီးယပ်တောင်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်၍ ယပ်ခတ်နေမိသည်။

"ဟဲ့ ရွှေတင်၊ အပေါ်ထပ် အိပ်ခန်းပြင်ပြီး ပြီလား"

ဒေါ်မြဆင့်က အိမ်ရှေ့ဧည့်ခန်းတွင် ခင်မောင်ဝင်းနှင့် စကားကောင်းနေရာက လှမ်းမေးလိုက်သည်။ ခင်မောင်ဝင်းနှင့်ဒေါ်မြသီတို့၏ မျက်လုံးများသည်လည်း သူတို့ဘက်သို့ ရောက်လာကြလေသည်။

"ပြီးပါပြီ၊ ကြီးကြီးဆင့် ဘာခိုင်းစရာ ရှိသေးလဲလို့ စောင့်နေတာပါ"

ရွှေတင်က ဒေါ်မြဆင့်ဘက်သို့ တစ်ချက်လှမ်းကြည့်ပြီးမှ ခေါင်းငုံ့ကာ လက်မထိပ်နှင့်လက်သန်းထိပ်ကို ပွတ်နေသည်။ ဒေါ်မြဆင့်က သူ့နှုတ်ခမ်းအတိုင်း နှုတ်ခမ်းဘေးသို့ တွန့်၍မဲ့လိုက်သည်။

"ဘာလုပ်စရာ ရှိသေးသလဲဆိုတာ လိုက်ကြည့်မှပေါ့ အေ့၊ နေရာတကာ လိုက်ခိုင်းနေရဦးမှာလား။ မိရွှေတင်တစ်ယောက်တော့ ဘယ်တော့မှ စိတ်မချရဘူး။ ခိုင်းမှပဲ လုပ်တတ်တော့တာပဲ။ ကိုယ့်ဘာသာကိုယ် လုပ်စရာရှိတာ ကောက်လုပ်သွားတာမဟုတ်ဘူး။ တစ်ခုပြီးရင် ဘာလုပ်ရမလဲဆိုတာ စိတ်ကူးထားပြီး တောက်လျှောက်လုပ်သွားရတယ်။ ငါများ တခြားသွားနေရင် မခက်ဘူးလား၊ ညည်းဘယ့်နှယ်လုပ်မလဲ"

ဒေါ်မြဆင့်က မာန်နေ၏။ ရွှေတင်သည် ဘာမျှမပြောဘဲ လက်သည်းချင်း ပွတ်ကာ ခေါင်းငုံ့ထားသည်။ ရင်ထဲမှာ တလှိုက်လှိုက်ဖြစ်ကာ ဝမ်းနည်း လာ၏။ ခင်မောင်ဝင်းရှေ့တွင် ဆူပူကြိမ်းမောင်းနေသဖြင့်လည်း ရှက် နေသည်။

"ဟဲ့ ရွှေရွှေ၊ အပေါ်ထပ်က အိပ်ရာတွေ ဘာတွေကော ပြင်ပြီးပလား"

ဒေါ်မြသီက ရွှေတင် အနေရသက်သာသွားစေရန် လေပြေကလေးဖြင့် ကြားဖြတ်၍ ဝင်မေးလိုက်သည်။ ဒေါ်မြဆင့်က ရွှေတင်အပေါ်တွင် ချုပ်ချယ်သလောက် ဒေါ်မြသီက ဂရုစိုက်သည်။ ဒေါ်မြဆင့်က ဆူပူသလောက် ဒေါ်မြသီက ချိုသာသည်။

"အကုန်လုံးပြီးပါပြီ ဒေါ်ဒေါ်သီ"

"ရေချိုးခန်းကော ပြင်ပြီးပလား"

ဒေါ်မြဆင့်ကဝင်၍ မေးလိုက်သည်။

"အိမ်ရှေ့က ကွမ်းသီးပင်အောက်က စဉ့်အိုးထဲကို ရေထပ်ပြီးဖြည့်"





ဒေါ်မြဆင့်က ခါးကိုဆန့်ကာ ရင်ပတ်ကိုမနာအောင် ထုလိုက်ရင်း

"အဲ ငါထင်တယ်၊ နင်ဒီလိုပဲ လုပ်မှာပဲလို့၊ ဒီနေရာမှာ ရေချိုးလို့ ဖြစ်မလားဟဲ့။ အိမ်အောက်က စတိုခန်းရှိတယ် မဟုတ်လား။ အဲဒီထဲက ကုလားထိုင်ဟောင်းတွေ ဘာတွေကို ရှင်းလင်းပြီး အဲဒီထဲကို စဉ့်အိုးသွင်းမှပေါ့။ ဘိလတ်ပြန်ဟဲ့၊ ဘိလတ်ပြန်။ ရေချိုးခန်းနဲ့ ဘာနဲ့မှချိုးတတ်မှာပေါ့။ လဟာပြင်မှာ ချိုးတတ်မလား၊ ပြီးတော့ အပြင်က လေစိမ်းကလဲ တိုက်ပါဘိသနဲ့။ ပြီးတော့ ရေနွေးလဲ သပ်သပ်တစ်ပုံးတည်ဦး၊ ရေနွေးနဲ့ရေအေးနဲ့ စပ်ချိုးရအောင်"

"နေပါစေ ဒေါ်ဒေါ်ဆင့်ရဲ့ ကိစ္စမရှိပါဘူး"

ခင်မောင်ဝင်းက အစိုးရိမ်ကြီးနေသော ဒေါ်မြဆင့်ကို လှမ်း၍ ပြုံးရယ်ရယ်ဖြင့် ပြောလိုက်သည်။

"အို ဘယ်က ကိစ္စမရှိရမှာလဲ၊ ဒါကြောင့်မို့ မိရွှေတင် ဘာမှ နားမလည်ဘူး ပြောတာပေါ့၊ မုံးကလာတဲ့ ဧည့်သည်များအောက်မေ့နေသလား မသိပါဘူး၊ ဒီလောက် ဖိဖိစီးစီး သင်ပြထားတဲ့ ကြားထဲကတောင် နားမလည်ဘူး၊ မမြသီ အလိုအတိုင်းသာ ထားလိုက်ရရင် ဒီကောင်မ ဘာမှ လုပ်တတ်မှာ မဟုတ်ဘူး။ ကဲ - ကဲ သွား၊ ညွှန့်တို့ကို စတိုခန်း အရှင်းခိုင်းပြီး ရေချိုးခန်း လုပ်လိုက်၊ ပြီးတော့ ကွမ်းသီးပင် အောက်က စဉ့်အိုး မသွင်းနဲ့၊ နောက်ဖေး စပါး ကျီထဲမှာ စဉ့်အိုး အသစ်တွေရှိတယ်။ အဲဒီထဲက တစ်လုံးကို သေသေချာချာ တိုက်ချွတ်ဆေးပြီးမှ သွင်း၊ ပြီးတော့ ရေနွေး တစ်ပုံး သပ်သပ်လဲ အကျိုခိုင်းဦး"

ရွှေတင်သည် ခေါင်းငုံ့၍ နောက်ဖေးသို့ ထလာခဲ့သည်။ သူ့စိတ်ထဲ ဘာကြောင့် ရေချိုးခန်းထဲ ချိုးကြသည်ကို ဝေခွဲမရ ဖြစ်နေသည်။ မိန်းကလေးဆိုလျှင် လုံလုံခြုံခြုံနှင့်မှ သင့်တော်မည်မို့ ရေချိုးခန်း အပြင်ခိုင်းသည်ဆိုလျှင် သင့်ပါ၏။ ယခုလို ယောကျ်ားပျိုတစ်ယောက် ရေချိုးခန်းထဲမှာ ရေချိုးသည်ကိုမူ နားမလည်နိုင်ပေ။ တောမှာဆိုလျှင် ယောကျ်ားရော မိန်းမရော လဟာပြင်မှာပင် ရေချိုးကြ၏။ ရေချိုးခန်းတွေ မရှိပေ။ နေရှိန်ကြောင့် ပူနေသော အရိပ်ကောင်းကောင်း အောက်တွင် ကျောက်စက်ကျရေလို အေးမြနေသော ရေကိုချိုးလိုက်ရသည်မှာ လန်းဆန်းလာပေသည်။ 'ရေနွေးနှင့်စပ်ချိုးရသည့် အရသာမှာ ဘာများထူးခြားဘာလိမ့်'။ ရွှေတင်တို့ တောမှာတော့



www.burmeseclassic.com

www.burmeseclassic.com



မီးနေသည်များသာ ရေနွေးနှင့် စပ်၍ချိုးကြပေသည်။

"ကဲ ကိုညွန့်ရေ အိမ်အောက်က ပစ္စည်းအဟောင်းတွေ ထားတဲ့ အခန်းကို ရှင်းပါဦး။ အဲဒါကို ရေချိုးခန်း လုပ်မယ်တဲ့ ။ ပြီးတော့ နောက်ဖေး စပါးကျီထဲက စဉ့်အိုးအသစ် တစ်လုံးလဲ ထုတ်ပြီး ဆေးရဦးမယ်၊ အေးခင်က ရေနွေးတည်လိုက်နော်"

ရွှေတင်က နောက်ဖေး မီးဖိုချောင်ဘက်တွင် အလုပ်ရှုပ်နေကြသော ကိုညွန့်တို့ ၊ အေးခင်တို့လင်မယားကို စီမံခန့်ခွဲရပြန်၏။ သူကိုယ်တိုင်ကမူ သူတို့ထမင်းဟင်း ချက်ပြုတ်သည့် နေရာကို အစားဝင်လိုက်ရ၏။ ခဏကြာလျှင် ဒေါ်မြသီလည်း ပေါက်လာကာ ရွှေတင်ကိုလာ၍ ကူညီလုပ်ကိုင်ပေးနေသည်။

"ဒေါ်ဒေါ်သီ၊ ရေချိုးဖို့ကတော့ ပြင်လို့ဆင်လို့ ပြီးပြီ။ ဒါပေမဲ့ ထမင်းကျွေးတော့ ဘယ်မှာသွားကျွေးမလဲ၊ ရွှေရွှေတို့ စားသလို ခြောက်တိုင်ခုတင်ကြီးပေါ်မှာ ကျွေးရမှာတဲ့လား"

"အေး ဘယ်လိုကျွေးရမယ်တောင် မသိသေးဘူး"

ဒေါ်မြသီက အခွံသင်ပြီး မြေနီအာလူး အလုံးခပ်ကြီးကြီးများကို ပါးပါးဝိုင်းဝိုင်းကလေးတွေ လှီးကာ ထုံးရည် ခပ်ကြည်ကြည်ထဲသို့ စိမ်၍ထားရင်း ပြောလိုက်၏။ ဟင်းလျာဟင်းရံများမှာ ရွှေတင်၏ အစီအမံများဖြစ်သည်။ ရွှေတင်သည် မခင်ရီရေးသည့်(အိမ့်သူ့လက်စွဲ) စာအုပ်ကို ဖတ်ကာ ဟင်းကျွေးဟင်းရံကို ဖွယ်ရာဆန်းပြားအောင် ချက်ပြုတ်ပေးတတ်သည်။

"ဒါကြီးပေါ်မှာ ကျွေးလို့ဖြစ်မလား ဒေါ်ဒေါ်သီရဲ့၊ ရေချိုးခန်းတောင် လုပ်ပေးနေမှတော့ ထမင်းစားခန်းနဲ့ စားမှပေါ့"

ရွှေတင်သည် ရေနံဆီ သံပုံးလွတ်ကြီးနှစ်လုံးကို ခွင်သပ်သပ်တည်၍ မီးတောက်ပြင်းပြင်းထိုးကာ ရေနွေးကျိုနေသည်။ ဘူတာရုံက ပြန်လာကတည်းက ဆက်တိုက် အလုပ်လုပ်နေရသော်လည်း မောပန်းဟန် မတူပေ။

"ဒါဖြင့် ဘယ်လိုလုပ်မလဲအေ့"

"ရွှေရွှေကတော့ ခြောက်တိုင်ခုတင်ကြီးကို အပြင်ထုတ်၊ အဲဒီနားမှာ အိမ်ပေါ်က လိုက်ကာအပိုကလေးတစ်ချပ် ထောင်ပြီး ရွှေရွှေ စာရင်းမှတ်တဲ့ စားပွဲကြီးကို လုပ်ချင်တာပဲ၊ ကုလားထိုင်ကတော့ အိမ်ပေါ်က မတ်တပ်





ကုလားထိုင် လေးလုံးလောက် အောက်ချလိုက်တာပေါ့"

"အေး ကောင်းသားပဲ"

"ကောင်းသားပဲ လုပ်မနေနဲ့၊ ကြီးကြီးဆင့်ကို မေးကြည့်ဦး။ သူ့စိတ်ကူးက ဘယ်လိုလဲ မသိသေးဘူး။ တော်တော်ကြာ ကိုယ်က စေတနာနဲ့ လုပ်ပြီး အဆူခံနေရဦးမယ်"

ဒေါ်မြသီသည် အာလူးပါးပါးကလေးများကို ဆယ်နေရာမှ အပြင်သို့ ထွက်သွားသည်။ ရွှေတင်က အာလူးတွေ ပျော့ကုန်မည် စိုးသဖြင့် အားလုံး ဆယ်ကာ ဆန်ခါတစ်ချပ်ထဲတွင် ရေစစ်ထားလိုက်သည်။ ခဏကြာလျှင်

"ရွှေရွှေရေ အဲဒီနေရာမှာပဲ ထမင်းစားခန်း ဖွဲ့လိုက်တဲ့ဟေ့"ဟု ပြောသံနှင့်အတူ ဒေါ်မြသီပြန်ရောက်လာလေသည်။ ထို့ကြောင့် ရွှေတင်မှာ ခွင်ပေါ်က ရေနွေးဆူလျှင် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားရန် ဒေါ်မြသီကိုမှာခဲ့ပြီး ရေချိုးခန်းအသစ်ဖွဲ့နေသော ညွန့်တို့ လင်မယားကို အကူအညီ တောင်းရပြန်သည်။

"ကိုညွန့်ရေ အားတော့ခပ်နာနာပဲ၊ ခြောက်တိုင်ခုတင်ကြီးကို ဖြုတ်စမ်းပါဦး၊ ဒီနားမှာ ထမင်းစားခန်း လုပ်မလို့တဲ့"

ခြောက်တိုင်ခုတင်ကြီးက စို့များကို ညွန့်တို့ လင်မယားနှင့်အတူ ရွှေတင်ပါလိုက်၍ ဖြုတ်ပေးရသည်။ အိမ်ပေါ်က ခြောက်ခန်းတွဲ လိုက်ကာကို ပန်းနုသွေးရောင် ပြောင်ပေါ်ပလင် ခန်းဆီးများ ကာလိုက်ပြီး ထမင်းစားခန်း ဖွဲ့ရသည်။ ပြတင်းပေါက်မှ အလင်းရောင်သည် ခန်းဆီးကို ထိုးဖောက်ကာ ဖျော့ဖျော့မှိန်မှိန်လင်းနေသည်။ စားပွဲကို ဖယောင်းပုဆိုး အစိမ်းအသစ် တစ်ထည်ကိုခင်း၍ အပေါ်က ပန်းဖောက်အနားတပ် စားပွဲခင်းအဖြူဖြင့် ဖုံးလိုက်သည်။ ပြီးမှ သပိတ်ပုံ အဝကျဉ်းကျဉ်း ဖလ်အိုးကို စားပွဲပေါ်တွင်တင်ကာ ကရမက်ပန်းခိုင်များ ထိုးစိုက်ထားလိုက်သည်။ မြရွက်စိမ်းများကြားမှ ကရမက်ပန်း ဖွေးဖွေးများမှအောက်သို့ ယွန်းငိုက်ကာ မွှေးပျံ့နေပေသည်။

အားလုံးပြင်ဆင်ပြီးတော့မှ ရွှေတင်သည် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ဒေါ်မြဆင့်နှင့် ခင်မောင်ဝင်းတို့ တူဝရီးနှစ်ယောက်မှာ စကား ကောင်းနေကြတုန်းပင် ဖြစ်သည်။ ခင်မောင်ဝင်းက ကိုယ်ကိုရှေ့သို့ချ၍ လက်တင်နောက်ကိုမှီ၍ ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးဆင့် အားလုံးပြင်ပြီးပါပြီ၊ ရေချိုးချင်ရင်လဲ ချိုးနိုင်ပါပြီ"

ရွှေတင်က ဒေါ်မြဆင့်ရှေ့ လှမ်းလှမ်းတွင် ကိုယ်ကို ကိုင်းညွတ်ကာ ပြောလိုက်ပြီး ခင်မောင်ဝင်းဘက်သို့ တစ်ချက်မျှ စိုက်ကြည့်လိုက်သည်။ ခင်မောင်ဝင်း၏ မျက်လုံးအကြည့်မှာ မေးစင်းစင်းဖြစ်နေပေသည်။ ရွှေတင်သည် ခင်မောင်ဝင်း၏အကြည့်ကို ရင်မဆိုင်ရဲတော့ဘဲ မျက်လွှာကို ချလိုက်သည်။

●

# (၆)

အရွှေသည် ခပ်မှေးမှေးဖြစ်နေသော ခင်မောင်ဝင်း၏ အကြည့်ကို ရင်မဆိုင်ချင်တော့ဘဲ မျက်လုံးကို ဘေးသို့ လွှဲပစ်လိုက်လေသည်။ သည်တော့မှ သူ့စိတ်သည် မျက်မှောက်ဘဝသို့ ပြန်၍ရောက်လာသည်။ အရွှေသည် သူ၏အတိတ်ဘဝနှင့် မျက်မှောက်ဘဝကို နှိုင်းယှဉ်၍နေမိသည်။ အတိတ်ဘဝမှာ ကြည်လင်လန်းဆတ်သော နံနက်ခင်း၊ မျက်မှောက်ဘဝကား မှောင်မိုက်၍ မုန်တိုင်းတိုက်သောညဉ့်။

ရုံးခန်းထဲ၌ မီးတွေဖွင့်ထားသော်လည်း အမှောင်မင်းမူနေသလို ထင်ရသည်။ ပုလိပ်များ၏ ဖိနပ်သံများသည် မိုးချိန်းသံလို ဆူညံလှသည်။ လက်ထိတ်မှ တချွင်ချွင်မြည်သွားသံသည် သစ်ပင်သစ်ကိုင်းများ ပြိုလဲကျိုးကျသံနှင့် တူလေ၏။ စကားပြောသံများသည် တဖြုန်းဖြုန်းရွာချနေသော မိုးသံများနှင့် တူနေလေသည်။

သည်အထဲက တရားလိုအစိုးရ ရှေ့နေကြီး၏ မိုးကြိုးထစ်သံကို ကြားရလေသည်။

"တရားခံရဲ့ ပညာရှိရှေ့နေကြီးက ပြန်လှန်မေးခွန်းထုတ်ပြီးတဲ့နောက် ကျွန်တော်ရဲ့တရားလိုကို ပြန်လည်စစ်ဆေးချင်ပါသေးတယ်"

တရားလိုအစိုးရရှေ့နေကြီးမှာ တရားလို ကိုဘကျော်ကို ပြန်လည်စစ်ဆေးရန် တရားသူကြီးထံ ခွင့်တောင်းနေသည်။ တရားသူကြီးက စစ်ဆေးခွင့်ပြုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အလင်းဟော်တယ်မှာ အလုပ်လုပ်လာတာ တော်တော်ကြာပလား ကိုဘကျော်"

အစိုးရရှေ့နေက ခပ်ကျယ်ကျယ်ကလေး အော်၍ မေးလိုက်သည်။

"ဟုတ်ကဲ့ ကြာပါပြီ"

"ကြာဆို ဘယ်လောက်ကြာပလဲ မှတ်မိသလား"

ကိုဘကျော်သည် ခေါင်းကိုကုတ်၍ စဉ်းစားနေ၏။ သို့သော်လည်း သူ့စိတ်ထဲ၌ ခုနှစ် အတိအကျကို စဉ်းစား၍ ရဟန်မတူပေ။

"ကြာဆို လေးငါးဆယ်နှစ်ရှိပါပြီ"

"လေးငါးဆယ်နှစ် မလုပ်နဲ့ဗျာ၊ လေးနှစ်ဖြင့် လေးနှစ်။ ငါးနှစ်ဖြင့် ငါးနှစ်၊ ဆယ်နှစ်ဖြင့် ဆယ်နှစ်။ ခန့်မှန်းခြေကို ပြောလိုက်ပါ"

ကိုဘကျော်က တရားခွင့်သို့လှည့်ကာ

"ဘုရား ကျွန်တော်မျိုး အလင်းဟော်တယ်မှာ အလုပ်လုပ်တာ အသက်သုံးဆယ်လောက်က လုပ်တာပါ။ ခု လေးဆယ့်တစ်နှစ်ထဲဝင်ပါပြီ"

"အေးလေ ဒါဖြင့် ဆယ်နှစ်လောက်ရှိပြီ ဆိုပါတော့"

"ဟုတ်ကဲ့"

"ဘုရား ကျွန်တော်မျိုးအလင်းဟော်တယ်၌ အလုပ်လုပ်သည်မှာ ဆယ်နှစ်ခန့် ရှိပါပြီ"

အစိုးရ ရှေ့နေကြီးက သက်သေ ကိုဘကျော်၏ ထွက်ချက်ကို နှုတ်တိုက်ချကာ တရားသူကြီးဆီသို့ ပို့ပေး၏။ တရားသူကြီးက လက်နှိပ်စက်ဖြင့် ရိုက်၍ ရေးမှတ်နေလေသည်။ တရားသူကြီး လက်နှိပ်စက် ရိုက်ပြီးအောင် စောင့်၍ အစိုးရရှေ့နေကြီးက ထပ်ဆင့်မေးခွန်းထုတ်မည် အလုပ်တွင် တရားသူကြီးက ကြားဖြတ်ကာ

"ဪ ဒီတော့ မောင်မင်း တရားလိုပြသက်သေ အမှတ် ၂ ဖြစ်တဲ့ မချစ်မေနဲ့ အိမ်ထောင်ကျပြီလား"

"မကျသေးပါဘူး"

ကိုဘကျော်က သွက်လက်စွာ ဖြေလိုက်သည်။ အစိုးရရှေ့နေကြီးမှာ စကားနှင့်အဖြေကြောင့် မျက်နှာပျက်သွားသည်။

"ဘယ်တော့မှ အိမ်ထောင်ကျသလဲ"

"အဲဒီ အလင်းဟော်တယ်မှာ လုပ်ပြီး သုံးလေးနှစ်ကျတော့ မချစ်မေနဲ့





အိမ်ထောင်ကျပါတယ်"

"အဲဒီတုန်းက မချစ်မေက ဘာလုပ်သလဲ"

တရားသူကြီး၏မေးခွန်းကြောင့် ကိုဘကျော်မှာ မျက်နှာပျက်သွားလေသည်။ ကိုဘကျော်က အလင်းဟော်တယ်၌ စားပွဲထိုးလုပ်နေစဉ် ပြည့်တန်ဆာ မချစ်မေနှင့်တွေ့ခဲ့ကြပြီး ညားခဲ့ကြခြင်းဖြစ်၏။ မချစ်မေသည် တစ်စတစ်စနှင့် အရွယ်ဟိုင်း၍ ဈေးကျလာရာက ကိုဘကျော်ကို အမိဖမ်းခဲ့ခြင်း ဖြစ်ပေသည်။ ကိုဘကျော်သည် တရားသူကြီး၏အမေးကို တိုက်ရိုက်မဖြေရဲဘဲ

"တိုလီမိုလီ လုပ်ပါတယ်"

ရုံးခန်းထဲမှ ဝါးခနဲရယ်သံထွက်လာသည်။ တရားသူကြီးက ပြုံးနေ၏။ ကိုဘကျော်၏မျက်နှာမှာ နီရဲနေလေသည်။ အစိုးရရှေ့နေကြီးကမူ ကိုဘကျော်ကို ဒေါသဖြင့် လှမ်းကြည့်ရင်း

"တိုလီမိုလီလုပ်တယ်ဆိုတာ ဘာလဲဗျ ဈေးရောင်းတယ်ဖြင့် ဈေးရောင်းတယ် ကုန်ကူးတယ်ဖြင့် ကုန်ကူးတယ်ပေါ့"

သည်တော့မှ ကိုဘကျော်မှာ အသက်ရှူဖြောင့်သွားကာ အသံတုန်တုန်ဖြင့်

"ဟုတ်ကဲ့၊ ဈေးရောင်းပါတယ်"

"ဒါပါပဲ၊ ဝတ်လုံတော်ရမင်း ဆက်မေးပါ"

တရားသူကြီးက သူမေးစရာကုန်ပြီဖြစ်၍ အစိုးရရှေ့နေကြီးအား မေးခွင့်ပြုလိုက်သည်။ အစိုးရရှေ့နေကြီးသည် ကိုဘကျော် မျက်နှာကိုစေ့စေ့ကြည့်ကာ

"ဒီမှာ ကိုဘကျော်။ ခင်ဗျားနဲ့တရားခံမ အရွှေခေါ် ကျင်ရွှေဟာ ခိုက်ရန်ဒေါသတစ်ခါမှ မဖြစ်ဖူးဘူးလား။ ကျုပ်မေးတာကို သေသေချာချာ ဖြေနော်"

တစ်ရုံးလုံး တိတ်ဆိတ်သွားသည်။ အစိုးရရှေ့နေကြီးမှာ ကိုဘကျော်ကို စူးစိုက်ကြည့်နေသည်။ တရားခံ၏ရှေ့နေမှာ ရှေ့မှစာရွက်ကလေးပေါ်တွင် ရေးမှတ်ရန် ဖောင်တိန်အဖုံးကိုချွတ်၍ အသင့်ပြင်နေသည်။ ကိုဘကျော်သည် ရုတ်တရက်မဖြေဘဲ ခေါင်းကုတ်၍ငိုင်နေသည်။

"ဟုတ်တယ်ဖြင့် ဟုတ်တယ်၊ မဟုတ်ဘူးဖြင့် မဟုတ်ဘူးပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်စဉ်းစားနေစရာ မလိုပါဘူး"

တရားလိုရှေ့နေက ထပ်၍မေးလိုက်သည်။

"ဟုတ် ဟုတ်ကဲ့၊ တစ်ခါတော့ဖြစ်ဖူးပါတယ်"

ကိုဘကျော်၏အဖြေကြောင့် တရားလိုရှေ့နေမှာ မျက်နှာပျက်သွား၏။ တရားခံရှေ့နေကား ခေါင်းတဆတ်ဆတ်ညိတ်၍ ပြုံးကာရေးမှတ်နေလေသည်။ တရားသူကြီးသည် လက်နှိပ်စက်ရိုက်ရာမှ ကိုဘကျော်ကို လှမ်းကြည့်ရင်း

"ဘယ်လောက်ကြာပြီလဲ"

"ကြာပါပြီဘုရား၊ တစ်နှစ်လောက်ရှိပါပြီ"

"ရန်ဖြစ်တဲ့အကြောင်းက"

တရားသူကြီးက လက်နှိပ်စက်ရိုက်ထားသည့် စာရွက်များကို မှန်မမှန်ငုံ့၍ကြည့်ရင်း လှမ်းမေးလိုက်၏။ ကိုဘကျော်သည် ဒေါသဖြင့် နီမြန်းနေသော အစိုးရရှေ့နေကြီးကို မရဲတရဲလှမ်းကြည့်ပြီးမှ ရုံးတော်ဘက်သို့ လှည့်ကာ

"တစ်ခါတုန်းက အရွှေဟာ ဧည့်သည်တစ်ယောက်နဲ့ အလင်းဟော်တယ်ကို လာအိပ်ပါတယ်။ မနက်လင်းတော့ ဧည့်သည်ရဲ့ ရာတန်တစ်ရွက် ကျန်နေတာ ကောက်ရပါတယ်။ အဲဒါကိုသူက သူ့ဟာဆိုပြီး ငြင်းလို့ ကျွန်တော်မျိုးမိန်းမ မချစ်မေနဲ့ရန်ဖြစ်ပါတယ်။ အဲဒါနဲ့ ဘုရား ကျွန်တော်မျိုးလဲ ညစ်ညစ်ညမ်းညမ်း ဆဲဆိုပါတယ်၊ ပြီးတော့"

"အဲဒါ လိမ်ပြောတာ၊ ဧည့်သည်ရဲ့ ရာတန်တစ်ရွက် ကျန်ရစ်ခဲ့တာ ကောက်ရလို့ သူတို့နဲ့ကျွန်မ တစ်ဝက်စီခွဲယူတာပါ။ အဲဒါ မချစ်မေက သူတွေ့တာ သူပိုင်တယ်ဆိုပြီးပြောလို့ ရန်ဖြစ်တာပါ။ သူတို့တွေ့တာ မဟုတ်ပါဘူး၊ ကျွန်မတွေ့တာပါ၊ အလကားညာတာပါ"

အရွှေက တရားခံဝက်ခြံထဲတွင် ထိုင်နေရာမှရပ်ကာ ရုံးတော်သို့ လှမ်း၍ပြောလိုက်သည်။ ရုံးမင်းက လက်ကာပြလိုက်သဖြင့် အရွှေသည် ဆက်၍မပြောတော့ဘဲ ငြိမ်နေလိုက်ရလေ၏။

အစိုးရရှေ့နေကြီးက

"ခင်ဗျားအလုပ်လုပ်တဲ့ ဆယ်နှစ်အတောအတွင်းမှာ အလင်းဟော်တယ်မှာ ခုလို ရာဇဝတ်မှုကြီးကြီးကျယ်ကျယ် ဖြစ်ဖူးသလား"





"မဖြစ်ဖူးပါဘူး"

ကိုဘကျော်က ခေါင်းယမ်း၍ ပြောလိုက်သည်။ ကိုဘကျော်သည် သူ့အဖြေကို အားရဟန်မတူသေးဘဲ ဆက်၍ -

"ဒါပေမဲ့ မူးလို့ ရန်ဖြစ်တာလောက်တော့ ရှိပါတယ်"

"တော်ပြီ တော်ပြီ၊ ခင်ဗျားကို ရာဇဝတ်မှု ကြီးကြီးကျယ်ကျယ်ဖြစ်ဖူးသလားပဲ မေးတာပဲ၊ အဲဒါပဲဖြေ"

"မဖြစ်ဖူးပါဘူး"

"အခင်းဖြစ်တဲ့ ညက သေသူဦးဖေသန်းနဲ့ တရားခံမ အရွှေခေါ် ကျင်ရွှေတို့ ဟော်တယ်ကို လာကြတော့ ဘယ်နှနာရီရှိပြီလဲ"

ကိုဘကျော်သည် ခေါင်းကိုမော့၍ မျက်လုံးများကိုမှေးကာ စဉ်းစားပြီး

"ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီလောက် ရှိပါပြီ"

"နှစ်ယောက်စလုံး မူးနေသလား"

"ဦးဖေသန်းကတော့ တော်တော်မူးနေပါတယ်။ ကျင်ရွှေကတော့"

ကိုဘကျော်က ဆက်မပြောသေးဘဲ ကျင်ရွှေကို ကြည့်နေသဖြင့် အစိုးရရှေ့နေကြီးက ခပ်ဆတ်ဆတ်အသံဖြင့်

"မူးသလား၊ မမူးဘူးလား၊ ဒါပဲပြောဗျာ"

"သိပ်တော့ မမူးသေးပါဘူး၊ နည်းနည်းမူးလာပုံတော့ရပါတယ်"

"ကျင်ရွှေခေါ် အရွှေလဲ သောက်လာတယ် ထင်တယ်ပေါ့"

"ဟုတ်ပါတယ်"

အစိုးရရှေ့နေကြီးက မေးခွန်းမေးပြီး ထိုင်ချလိုက်သည်။

အရွှေသည် ရှေ့တွင် ဘာတွေမေးနေကြသည်ကို မကြားတော့ဘဲ ခင်မောင်ဝင်းထံသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ခင်မောင်ဝင်းသည် နဖူးတွင် အစင်းတွေ ထလာအောင် မျက်မှောင်ကုတ်ပြီး ခေါင်းငိုက်စိုက်ချ၍ နားထောင်နေသည်။ ခင်မောင်ဝင်းကို လှမ်းကြည့်ရင်း အရွှေ၏စိတ်သည် အတိတ်သို့ တရိပ်ရိပ်ပြန်ပြေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၇)

နံနက်ခင်းနေခြည်သည် သစ်ရွက်စိပ်စိပ်များကြားမှ အန်ကျလာကာ အိမ်ထဲသို့ လျှောက်ဝင်လာသည်။ မြူမှုန်များသည် နေခြည်ထဲတွင် လွင့်ပါးလျက် ရှိကြပေသည်။ ခြံထဲရှိ ပိတောက်ပင် ဝိန္ဒုပင်၊ သစ်တိုပင်၊ မရမ်းပင် စသည့် ပင်စောက်ကြီးများမှာ နေခြည်နုအောက်တွင် စိမ်းရင့်ပြာမှိုင်းနေသည်။ အနောက်ဘက်တွင် ရွှေတစ်ဝက် မြတစ်ဝက်စွက်ထားသော စပါးတောကြီးကို မြင်ရသည်။ စပါးတောအဆုံးတွင် ပဲခူးရိုးမသည် နှင်းမြူဇာပုဝါပါးကို လွှမ်းခြုံထားပေသည်။

ရွှေတင်သည် အိပ်ရာမှ လူးလဲထကာ နောက်ဖေးငှက်ပျောခြံနားရှိ ရေအိုးစဥ့်အိုးတွင် ရေချိုးသည်။ ရေမှာ ညဥ့်သိပ်ရေဖြစ်၍ ပူနွေးနေပေ၏။ ရေချိုးပြီးမှ မွေးစုတ်တဘက်ကြီးကိုခြုံကာ အခန်းသို့တက်လာခဲ့သည်။ ကြီးကြီးဒေါ်မြဆင့်နှင့် ခင်မောင်ဝင်းတို့မှာ မနိုးကြသေးပေ။ ဒေါ်မြသီမှာ ဆွဲခြင်းတစ်လုံးဖြင့် ဈေးသို့ထွက်သွားပြီဖြစ်၏။

ရွှေတင်သည် ပြတင်းဘောင်အောက် နံရံအခြေ ထင်းရှူးသေတ္တာတစ်လုံးပေါ်တွင် တင်ထားသော မှန်ရှေ့တွင် ထိုင်လိုက်သည်။ ကျောက်ပြင်ထဲရှိ သနပ်ခါးပြစ်ပြစ်များကို လက်သန်းဖြင့်ကော်ကာ ကျောက်ပြင်ပေါ်သို့ တင်လိုက်ပြီး ရေစွက်၍လူးလိုက်သည်။ သူ့မျက်နှာကလေးမှာ ဖြူဝင်း နုးညက်နေပေ၏။

နဖူးတွင် ဝဲကျနေသော ဆံယဥ်စကလေးများကို ပင့်တင်လိုက်ပေရာ





မဟာနဖူးသည် ထင်းခနဲပေါ်လာ၏။ ရွှေတင်သည် နဖူးကို သနပ်ခါးရေကျဲကလေး ပွတ်လိုက်သည်။ မျက်နှာနှင့်လည်ပင်း စသည်တို့ကိုလည်း သနပ်ခါးပါးပါးကလေး ပွတ်လိုက်သည်။ မျက်ခုံးမွေးထဲတွင် ကျန်ရစ်ခဲ့သော သနပ်ခါးစများကိုမူ သွားပွတ်တံသေးသေးကလေးကို ရေဆွတ်၍ခါပြီး တိုက်ချလိုက်သည်။ ပြီးလျှင် အံဆွဲထဲမှ ပန်းစက္ကူစကို ဆွဲထုတ်ကာ နှုတ်ခမ်းကိုပွတ်တိုက်သည်။ နဂိုက ပန်းသွေးဖျော့ဖျော့ လွှမ်းထားသော နှုတ်ခမ်းအစုံမှာ ရဲလာလေ၏။

ရွှေတင်သည် ခုတင်အောက်မှ သံသေတ္တာကလေး ထုတ်ယူလိုက်ပြီး ပဒုမ္မာပုံတော်အင်္ကျီတစ်ထည်နှင့် သရက်လုံချည်ခပ်လတ်လတ် တစ်ထည်ကိုထုတ်၍ ဝတ်လိုက်သည်။

ပြင်ဆင်ပြီးတော့မှ အောက်ထပ်ထမင်းစားခန်း အသစ်တွင် ခင်မောင်ဝင်းဖို့ ကော်ဖီပြင်ထားရသည်။ နံ့သာပုငှက်ပျောသီး၊ မကျက်တကျက် ပြုတ်ထားသော ကြက်ဥနှစ်လုံး၊ ဖလ်ဘူးဖြင့် ထည့်ထားသော ထောပတ်ခွက်၊ နှပ်ပြီးသား ကော်ဖီကရားတစ်လုံး၊ လှီးပြီးသား ပေါင်မုန့်ရှက်များနှင့် လက်ဖက်ရည် ပန်းကန်နှစ်စုံမှောက်ထားလိုက်သည်။ ဒေါ်ဒေါ်သီမှာ ဈေးမသွားမီပင် ထမင်းကြမ်းနှင့် စားတော်ပဲကြော်ကို စားသွားပြီး ဖြစ်၏။ ဒေါ်ဒေါ်သီမှာ ကော်ဖီ လက်ဖက်ရည်ကို သောက်တတ်သူ မဟုတ်ပေ။ ဗိုအစာတွေစားရတာ အားမရဟုဆိုကာ ကောက်ညှင်း ခေါ်တ်ပေါင်း၊ ထမင်းကြော်၊ မုန့်ဟင်းခါး စသည်တို့ကိုသာ စားလေ့ရှိ၏။ ရွှေတင်ကမူ နံနက်လင်းလျှင် မီးဖိုထဲဝင်ကာ ထမင်းကြမ်းကြော်နှင့် ကော်ဖီတစ်ခွက်လောက်ကိုသာ သောက်လိုက်သည်။ သို့မဟုတ်လျှင် ဝမ်းဟာနေတတ်ကာ အလုပ်လုပ်ရင်းတလုပ်လုပ်ဖြစ်နေတတ်သည်။ သူ့အလုပ်မှာ ကြီးကြီးဒေါ်မြဆင့်အတွက် ကော်ဖီပွဲအသင့်ပြင်၊ အိမ်ပေါ်ထပ် အောက်ထပ်ကို တံမြက်လှဲ၊ ကုလားထိုင်ဖုန်သုတ်၊ ဘုရားပန်း ညောင်ရေအိုးလဲ၊ ပြီးလျှင် မီးဖိုချောင်သို့ဆင်း၍ ဒေါ်မြသီနှင့်အေးခင်ကို ကူရ၏။ တောမှ စပါးအရောင်းအဝယ် ငွေသွင်းငွေချေး စသည့် အလုပ်ကိစ္စများလျှင် ဒေါ်မြဆင့်နှင့်အတူ စားပွဲတွင်ထိုင်ကာ စာရင်းအင်းရေးမှတ်ရ၏။ ဆန်စက်မှ ပို့လိုက်သော ဖွဲနုစာရင်း၊ ပြုတ်ဆန်ကွဲစာရင်း၊ ဆန်ကျစာရင်းများကို ဒေါ်မြဆင့်နှင့်အတူ စစ်ဆေးရ၏။ သို့နှင့်နံနက်ပိုင်း တစ်ပိုင်းလုံး အချိန်ကုန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်သည် ကော်ဖီစားပွဲပြင်ပြီး အပေါ်ထပ်သို့ တက်လာခဲ့ကာ ဆင်ဝင်တံခါးများကို ဖွင့်လိုက်လေသည်။ နေရောင်သည် ခန်းဆီးကြားမှ အထဲသို့ ဖြာကျလာပေသည်။

"ဟင်၊ ရွှေတင်က စောစောစီးစီး ရေမိုးတောင် ချိုးပြီးပါပကောလား"

ရွှေတင်လှေကားဝအရောက် အိပ်ခန်းထဲမှ ထွက်လာသော ခင်မောင်ဝင်းက လှမ်း၍ နှုတ်ဆက်လိုက်သည်။ ခင်မောင်ဝင်းမှာ အဖြူပေါ်တွင် အပြာစင်းကြီးတွေ ခတ်ထားသည့် ညဝတ်အင်္ကျီအရှည်ကြီးကို ဝတ်ထား၏။ ပခုံးပေါ်တွင် မျက်နှာသုတ်ပဝါကို ရစ်သိုင်းကာ သွားပွတ်တံဖြင့် သွားတိုက်နေလေသည်။

"ဟုတ်ကဲ့ ရွှေရွှေနေ့တိုင်းပဲ စောစော ထတတ်ပါတယ်"

ရွှေတင်သည် မျက်လုံးဖြင့် တစ်ချက်မျှ လှမ်းကြည့်လိုက်ကာ လက်ထဲတွင် ပါလာသော ကြက်မွေးဖြင့် ကုလားထိုင်များကို သုတ်နေလေ၏။ ခင်မောင်ဝင်းမှာ ရွှေတင်က သူ့ကိုယ်သူ ရွှေရွှေဟူသော နာမ်စားကို သုံးလိုက်သဖြင့် အသစ်အဆန်းလိုဖြစ်နေသည်။

"ရွှေတင် မုံးကို ပြန်မရောက်တာ တော်တော်ကြာပလား"

"ဟုတ်ကဲ့၊ ကြာသွားပါပြီ။ ရွှေရွှေ မြို့ကို ရောက်တည်းက တစ်ခေါက်မှ ပြန်မရောက်သေးပါဘူး"

ရွှေတင်က ကုလားထိုင်များကို ကြက်မွေးနှင့်လျှောက်၍ သုတ်နေသည်။ ခင်မောင်ဝင်းဘက်ကို လှည့်မကြည့်ဘဲ ခေါင်းကိုငုံ့ထားသဖြင့် ခင်မောင်ဝင်းမှာ ရွှေတင်၏တစ်ကိုယ်လုံးကို အားမနာပါးမနာ ကြည့်ခွင့်ရနေသည်။ ဝိုင်း၍ ပုံ့ပုံ့အိအိဖြစ်နေသော ပုခုံးနှစ်ဘက်ကိုလည်းကောင်း၊ ဖွံ့ထွားသော ရင်အုံကိုလည်းကောင်း၊ နွဲ့လျသော ခါးကိုလည်းကောင်း၊ ကျစ်လျစ်ပြည့်ဖြိုးသော တင်ပါးနှင့် ပေါင်တံများကိုလည်းကောင်း စိုက်ကြည့်နေမိသည်။ မျက်နှာမှာ နေခြည်ထဲတွင် ဝင်းပကာ ကံ့ကော်ပန်းဝတ်မှုန်လို ဝါရွှေနေသည်။ ရွှေတင်သည် နေခြည်ထဲတွင် မြူးပျံနေသော နတ်သမီးကလေးတစ်ပါးနှင့်တူလေသည်။

"မြို့ရောက်တာ ဘယ်လောက်ကြာပလဲ"

"ငါးနှစ်ရှိပြီ။ ရွှေရွှေဆယ့်လေးနှစ်သမီးလောက်က ရောက်တာပဲ"

ရွှေတင်က နဖူးပေါ်သို့ ဝဲကျလာသော ဆံနွယ်များကို ဘယ်လက်





ဖြင့် သိမ်းဖယ်လိုက်ရင်း ကုန်း၍ ဖုန်သုတ်နေရာမှ ခေါင်းကလေးမော့ကာ လည်တံကလေး ကြော့ကြော့၊ မျက်လုံးကလေး ရီတီတီဖြင့် လှမ်းကြည့်ရင်း ပြောနေသည်။

"ဩော် တော်တော်ကြာပါကောလား၊ ရွှေတင့် အဖေကောအမေကော ဆုံးပြီနော်"

"ရွှေရွှေ ငယ်ငယ်ကတည်းက ဆုံးသွားကြပါတယ်"

ရွှေတင်က ခေါင်းငုံ့မြဲငုံ့နေလေသည်။

"နေပါဦး၊ ရွှေတင့်မှာ အစ်မရှိသေးတယ်မဟုတ်လား၊ ဟိုဒင်းလေ နာမည်တောင်မေ့နေ"

ခင်မောင်ဝင်းက သွားတိုက်ရပ်ကာ ခေါင်းကိုမော့၍ မျက်လုံးများကို မှေးကာစဉ်းစားနေသည်။

"ရှိပါတယ်၊ ရွှေခင်လို့ ခေါ်ပါတယ်"

"အား ဟုတ်သားပဲ၊ နေပါဦး မရွှေခင်ကကော မုံးမှာပဲလား"

"မုံးမှာ မနေတော့ပါဘူး၊ အိမ်ထောင်ကျပြီး ကတည်းက ညောင်ခြေထောက်မှာ နေပါတယ်၊ ဟိုတုန်းကတော့ ရဲန္တွဲမှာ နေပါတယ်၊ ဩော်-အကို မျက်နှာသစ်ဖို့ ရေနွေးနဲ့ရေအေး စပ်ထားတဲ့ဇလုံ လသာဆောင် ဘက်မှာ ရှိပါတယ်၊ ရေချိုးမယ် ဆိုရင်လဲ အောက်ထပ်ရေချိုးခန်းထဲမှာ အဆင်သင့် ဖြစ်နေပါပြီ"

ရွှေတင်က ခါးဆန့်၍ မတ်တတ်ရပ်ရင်း ပြောလိုက်သည်။ ခင်မောင်ဝင်း၏ မျက်လုံးက သူ့ကို စူးစိုက်ကြည့်နေသဖြင့် ရွှေတင်မျက်လွှာ ချထားလိုက်သည်။

"ဖြည်းဖြည်း ချိုးတာပေါ့၊ ဒါထက် ဒီစန္ဒရားကြီးက အတာတီးတဲ့ စန္ဒရားကြီး ထင်တယ်၊ ဟုတ်လား"

ရွှေတင်က ခင်မောင်ဝင်း၏ အမေးကို နားမလည်ဘဲ စန္ဒရားကြီးကို လှမ်းကြည့်လိုက်သည်။ စန္ဒရားကြီးမှ သပြေရောင်မှာ ခန်းဆီးကြားမှ ဖြာကျလာသော နေခြည်ထဲတွင် ဝင်းမှည့်နေသည်။ စန္ဒရားခုံပေါ်ရှိ ပန်းအိုးထဲမှ သစ္စာပန်းများကလည်း ဖွေးဖွေးလှုပ်နေကြသည်။ အပြင်ဘက် သစ်တိုင်ပင်ခွကြားတွင် ချိတ်ဆွဲထားသော ဖယောင်းပန်းများမှာ အောက်သို့ ငိုက်ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ရွှေတင်က အတာလို့ပြောတော့ နားမလည်ဘူးထင်တယ်၊ အတာဆိုတာ ခင်မေဝင်းကိုခေါ်တာလေ၊ အစ်ကို့နာမည်က ငယ်ငယ်တုန်းက အပါတဲ့"

ခင်မောင်ဝင်းက နားမလည်ဟန်ဖြင့် မျက်တောင်စင်းကာတွေးနေသော ရွှေတင်ကို ရှင်းပြလိုက်သည်။ သည်တော့မှ ရွှေတင်က ပြုံးလိုက်ကာ

"ဟုတ်ကဲ့ မမဝင်း တီးတဲ့ စန္ဒရားလို့ ပြောပါတယ်"

"အိမ်မှာ ဘယ်သူတီးသလဲ၊ ရွှေတင်ကော တီးတတ်သလား"

ရွှေတင်က ဘယ်ဘက်မှ သွားစွယ်ကလေး ပေါ်အောင် ပြုံးလိုက်ကာ ခေါင်းယမ်းလျက်

"ဟင့်အင်း ရွှေတင် မတီးတတ်ပါဘူး"

"ဒါဖြင့် ကြီးကြီးဆင့် တီးတတ်တယ် ထင်တယ်"

ခင်မောင်ဝင်းက ရယ်စရာ ပြောလိုက်သဖြင့် နှစ်ယောက်လုံး ရယ်လိုက်ကြသည်။

"ဒီစန္ဒရားကြီးကို ရောင်းမလားလို့ ခဏခဏ လာမေးကြတယ်၊ အမိန့်တော်ရ ဦးစံပွရဲ့ သမီးများကတောင် တစ်နေ့က လာမေးနေသေးတယ်"

"ကြီးကြီးဆင့်က မရောင်းဘူးလား"

"ဟင့်အင်း ဧည့်ခန်းမှာ အလှထားမယ်တဲ့၊ ပြီးတော့ ရန်ကုန်က မမဝင်းလာရင် အပျင်းပြေတီးရအောင် ထားတာတဲ့၊ မမဝင်းက စန္ဒရားတီး သိပ်တော်တယ်လို့ ပြောတယ်၊ အစ်ကိုကော မတီးတတ်ဖူးလား"

ရွှေတင်က ခင်မောင်ဝင်းနှင့် စကားပြောရင်းလေပေးဖြောင့်လာသဖြင့် နည်းနည်းရဲသလို ဖြစ်လာပေသည်။ စောစောကလောက် ရှက်ရွံ့နွံ့မဖြစ်တော့ပေ။

"အစ်ကိုလား နည်းနည်းပါးပါးတော့ တီးတတ်ပါတယ်၊ ဒါပေမဲ့ သိပ်ဝါသနာမပါဘူး၊ ကစားခုန်စားဘက်မှာ ပိုပြီးဝါသနာပါတယ်။ ကျောင်းတုန်းကဆိုရင် တင်းနစ် ရိုက်တယ်၊ လှေလှော်တယ်"

ခင်မောင်ဝင်းက သွားပွတ်တံကို ပါးစပ်မှ နုတ်၍ လက်ထဲတွင် ကိုင်ထားရင်း ပြောနေ၏။ သူ့နှုတ်ခမ်းတွင် သွားတိုက်ဆေး အမြှုပ်များ ပေကျံလျက် ရှိသည်။ ရွှေတင်သည် ခင်မောင်ဝင်း၏ တောင့်တင်းသန်မာသော ကိုယ်လုံးကို တစ်ချက်မျှ သိမ်းကျုံးကြည့်လိုက်သည်။ ရင်အုပ်ကားကားကိုယ်လုံးထွားထွားဖြင့် ယောကျ်ားပီသသူပေတည်း။





"ဟဲ့ ရွှေတင် ဖုန်သုတ်လို့ မပြီးသေးဘူးလား"

ဒေါ်မြဆင့်သည် ပြေကျနေသော အဖြူတစ်ဝက် အနက်တစ်ဝက်ဆံပင်များကို တစ်ပတ်သျှိ ဖိုသီဖတ်သီရစ်ကာ အိပ်ခန်းထဲမှ ထွက်လာ၏။ ဒေါ်မြဆင့်သည် ဘယ်တော့မျှ စောစောစီးစီး အိပ်ရာက ထတတ်သူမဟုတ်ပေ။ ခင်မောင်ဝင်းက ဒေါ်မြဆင့်ဘက်သို့ လှည့်လိုက်ကာ -

"ဩော် ဒေါ်ဒေါ်ဆင့်နိုးပလား၊ စန္ဒရားကြီးအကြောင်းမေးနေတာ ဒေါ်ဒေါ်ဆင့်ရဲ့၊ စန္ဒရားကြီးကို ခဏခဏ လာဝယ်ကြတယ်ဆို"

ဒေါ်မြဆင့်က ရွှေတင်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ နှုတ်ခမ်းမဲ့ကာ "မေးကြတာတော့ အခါပေါင်း မရေနိုင်တော့ဘူး။ နောက်ဆုံး ဒီစန္ဒရားက ဧည့်ခန်းမှာ အလှထားတာလို့ ပြောလိုက်တော့မှ အမေးရပ်သွားကြတော့တယ်၊ မြို့မှာ ဧည့်ခန်းထဲ စန္ဒရားရှိတဲ့အိမ်ဆိုလို့ တို့အိမ်တစ်အိမ်တည်း ရှိတာကွဲ့"

ဒေါ်မြဆင့်မှာ ဧည့်ခန်းတွင် စန္ဒရားထားနိုင်ခြင်းကို များစွာ ဂုဏ်ယူဟန်ရှိ၏။ သူ့အသံမှာ ဂုဏ်တက်နေသည့် အသံ ဖြစ်လေသည်။

"ဒေါ်ဒေါ်ဆင့်ကလဲ အိမ်မှာ စန္ဒရားကြီး အလကားထားမယ့်အတူတူ ရွှေတင်ကို အသင်ခိုင်းရောပေါ့။ အပြင်းပြေ တီးရတာပေါ့"

"အို တောက်တီး တောက်တဲ့၊ ဒီစန္ဒရားသင်နေရင် ဘာအလုပ်လုပ်ချိန်ရှိတော့မှာလဲ၊ မိရွှေတင်မှာ လုပ်စရာတွေ တစ်ပုံချည်းပဲ၊ ဒါတွေသင်ပေး မနေနိုင်ပေါင်"

ဒေါ်မြဆင့်ပြောပုံမှာ မှိုချိုးမျှစ်ချိုးပြောသံပါ၏။ ရွှေတင်နှင့် စန္ဒရား၊ စန္ဒရားနှင့် ရွှေတင်မှာ မစပ်ဟပ်သော အရာဟူသော လေသံမျိုးဖြစ်၏။ ရွှေတင်ကား သည်လိုလေသံမျိုးကို ကြားနေကျဖြစ်၍ မဆန်းတော့ပေ။ သို့ရာတွင် ခင်မောင်ဝင်းရှေ့မှာမို့ နည်းနည်းရှက်သလိုဖြစ်ကာ ခေါင်းကိုငုံ့ထားလိုက်လေသည်။

"ဘိလပ်မှာဆိုရင်တော့ စန္ဒရားရှိတဲ့ အိမ်ဆိုရင် အိမ်မှာရှိတဲ့မိန်းကလေး ယောကျ်ားလေးတွေ အတီးသင်ကြတာပဲ။ ဒိပြင်သီချင်းတွေ မသင်ဘူးဆိုရင် အနည်းဆုံးဘုရားရှိခိုးကျောင်းတက်တဲ့အခါ ရွတ်တဲ့ ဓမ္မသီချင်းလောက်တော့ တီးတတ်ကြတာပဲ"

"ဘိလပ်က ဘိလပ်ကိုးကွယ်၊ ကဲ ကဲ မျက်နှာသစ်ပြီးတော့ ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



သောက်ရအောင်။ ဟဲ့ မိရွှေတင် အပေါ်ထပ်ဖုန်သုပ်ပြီးရင် အောက်ထပ်ဆင်းခဲ့ဦး"

ဒေါ်မြဆင့်က အောက်ထပ်ဆင်းသွားသဖြင့် ရွှေတင်လည်းနောက်က ဆင်းလိုက်လာခဲ့ရသည်။ ခဏကြာလျှင် ခင်မောင်ဝင်း ဆင်းလာလေသည်။ ခင်မောင်ဝင်းမှာ စောစောကလို မဟုတ်တော့ဘဲ ဘိုကေကို ပြောင်လက်နေအောင် ဖြီးထားသည်။ နံ့သာရောင် ပိုးရှပ်အင်္ကျီလက်တိုနှင့် ရှမ်းဘောင်းဘီကို ဝတ်ထားပြီး အိမ်ထဲတွင် စီးလေ့ရှိသော ခြေညှပ်ဖိနပ်ကို စီးထားသည်။ လက်ထဲတွင် ဒန်းဟီး(လ်)ဆေးတံနှင့် သရီးနန်း(စ်)ဆေးဘူးကို ကိုင်ထားလေသည်။ ရွှေတင်စောစောက နှပ်ထားသည့် ကော်ဖီကရားမှာ အေးနေပြီဖြစ်၍ နှပ်ပြီးယူလာရပြန်သည်။

"ရွှေတင်တို့ကော သောက်ပြီးပလား"

ခင်မောင်ဝင်းက ကော်ဖီကရားထဲမှ နှပ်ပြီးသား ကော်ဖီကို ဒေါ်မြဆင့်အတွက်ပါ ငှဲ့ပေးပြီး သကြားကို ဇွန်းနှင့်မွှေရင်း မေးနေသည်။

"အို သူတို့တူအရီးနှစ်ယောက်က ကော်ဖီတွေ လက်ဖက်ရည်တွေ သောက်တတ်တာ မဟုတ်ပါဘူး။ တောမှာ ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်ကို တစ်သက်လုံးစားလာကြတာ။ ဒီရောက်တော့လဲ ဒီလိုပါပဲ။ ကော်ဖီလက်ဖက်ရည်သောက်ဖို့ ပြောတာ မရပါဘူး။ ကော်ဖီလက်ဖက်ရည်က မဝဘူးတဲ့၊ ကောက်ညှင်းခေါ်တို့ ပဲပြုတ်တို့စားရမှ အားရသတဲ့"

ဒေါ်မြဆင့်က ကြားထဲက ဝင်ဖြေကာ ရှင်းပြနေသည်။ ရွှေတင်ကမူ ဘာမျှမပြောဘဲ ခင်မောင်ဝင်း၏ လှုပ်ရှားဟန်များကိုသာ ငေးကြည့်နေသည်။ ခင်မောင်ဝင်းက ထောပတ်ခွက်ပေါ်တွင် တင်ထားသည့် ငွေရည်သုတ် ဓားဖြင့် ထောပတ်ကော်လိုက်ကာ ပေါင်မုန့်ကို ကျင်လည်စွာသုတ်နေသည်။ ခင်မောင်ဝင်း ဓားကိုင်ပုံ၊ လက်ညှိုးနှင့်လက်မကြား ဟနေသောနေရာမှ ပေါင်မုန့်အနားသားကို အလိုက်သင့် မှေးကိုင်သွားပုံများမှာ ကြည့်လို့ကောင်းနေသည်။

"ဩော် - မင်းကို ဒီနေ့ စက်ထဲ လိုက်ပြမလို့ဟာ၊ မအားသေးဘူးကွယ့်။ အုတ်ဖြတ်က စပါးပွဲစားတွေ ဒီနေ့ချိန်းထားတယ်။ အဲဒါမိရွှေတင်ကိုပဲ ထည့်လိုက်ရမှာပဲ။ ဟဲ့ မိရွှေတင်၊ ညည်းအစ်ကိုကို စက်ထဲလိုက်ပို့ဟုတ်လား၊ စက်ထဲမှာ မောင်တောက်ထွန်း ရှိတယ်မဟုတ်လား။ ဟိုကျတော့ မောင်





တောက်ထွန်းကို သေသေချာချာ အပြခိုင်းသိလား၊ မင်းလဲ ဘိလပ်ပြန်ဆိုပေမယ့် စက်အကြောင်းဘာအကြောင်း သိထားရင် ကောင်းတာပေါ့ကွယ်။ ကိုယ့် မိဘရဲ့လက်ငုတ်လုပ်ငန်းဆိုတာ နားလည်ထားရတယ်၊ ဒီပြင် အလုပ်မလုပ်ချင်ဘူးဆိုတဲ့ တစ်နေ့မှာ ဒီအလုပ်ကို ပြန်လုပ်နိုင်တာပေါ့။ မောင်ဖိုးဝင်းနဲ့ ငါနဲ့မတည့်တာ အဲဒါပဲ။ တို့ အဖေများဆိုရင် ဒီစပါးလုပ်ငန်း ဆန်လုပ်ငန်းက ကြီးပွားလာကြတာ မဟုတ်လား။ အဖေတို့ ငယ်ငယ်က ပိုင်တဲ့ လယ်ယာစုစုပေါင်း ဘယ်လောက်ရှိမလဲ၊ ရှိလှ ဧက သုံးရာပေါ့။ နောက်တော့မှ ငွေတိုးပေး၊ လယ်ပေါင်ခံ၊ စပါးပေးချေး။ ဒီလိုလျှောက်လုပ်ရင်းက လက်ထဲမှာ မြေကလေး ထုပ်ထုပ်ထည်ထည်ဖြစ်လာတာ၊ မင်းစဉ်းစားကြည့်လေ၊ မြေပေါင် လယ်ပေါင်ချေးရင် အတိုးက တစ်ရာကို သုံးဆယ်လောက် ရတယ်ကွယ့်။ တစ်ခါတလေ ၃၅ကျပ်လောက်ရတာ၊ လယ်တစ်ပွဲလောက်ပေါင်ပြီး လယ်လုပ်တဲ့ လူဟာ ဘယ့်နှယ်လုပ်ပြီး သူ့လယ်ပြန်ပြီး ရွေးနိုင်တော့မလဲ။ အဲဒီတုန်းက တောင်ငူတစ်ဝိုက်၊ ဖြူးတစ်ဝိုက်မှာ ချစ်တီးတွေပြိုင်ပြီး ငွေချေးတဲ့လူဆို ဗမာထဲက အဖေတစ်ယောက်ပဲရှိတာပဲ။ ချစ်တီးက တစ်ရာလေးဆယ်တိုး ဆိုရင် တို့က သုံးဆယ့်ရှစ်ကျပ်တိုး၊ ချစ်တီးက သုံးဆယ့်ရှစ်ကျပ်တိုးယူတယ်ဆိုရင် တို့က သုံးဆယ့်ငါးကျပ်။ နောက်တော့ အဖေကလဲ အပေါင်းအသင်းဆန့်၊ ဗမာလဲဗမာဆိုတော့ လယ်ပေါင်ရင် တို့ဆီလာကြတာချည်းပဲ။ အဖေဆုံးတော့ တို့လက်ထဲမှာ ကျန်ခဲ့တဲ့လယ်ဟာ နည်းသလား၊ သဗ္ဗနပေါင်း ဧက ငါးထောင်ကျော်လောက် ကျန်ခဲ့တယ်။ ညောင်လေးပင်မှာ ဆန်စက်တစ်လုံး၊ ဖြူးမှာ ဆန်စက်နှစ်လုံး၊ ဇေယျဝတီမှာ နှစ်လုံး ကျန်ရစ်ခဲ့တယ်၊ အဲဒါ ဆရာစံလဲ သူပုန်ထပြီးရော မင်းအဖေ တောမှာ မနေချင်တော့ဘူးဆိုပြီး အမွေခွဲတာပဲ၊ မင်းတို့ခွဲချင်ရင်ခွဲ ငါကတော့ တောမှာပဲ နေရစ်မယ်ဆိုပြီး စက်တွေကို အရင်ခွဲလိုက်ကြတာပဲ၊ ငါက ဖြူးက စက်တစ်လုံး၊ ဇေယျဝတီက တစ်လုံးရလိုက်တယ်၊ မင်းအဖေက ညောင်လေးပင်က စက်တစ်လုံးရယ်၊ ဇေယျဝတီက စက်ရယ်၊ ဖြူးက စက်တစ်လုံးရယ် သုံးလုံးယူတယ်။ လယ်တွေကို သိပ်မလိုချင်ဘူးတဲ့၊ စက်ပဲယူမယ်ဆိုလို့ တစ်လုံး ပိုပေးလိုက်ရတယ်၊ လယ်တွေကတော့လယ်တီကွင်းနဲ့ လက်ခုပ်ပင်ကွင်းက လယ်တွေပဲ ခွဲရသေးတယ်၊ အခြားလယ်တွေကတော့ မခွဲရသေးပါဘူး၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမနားက ကျိုင်းတို့၊ သိုင်းတို့၊ ရဲန္တဲ့တို့ဘက်က လယ်တွေကတော့ မင်းအဖေရပြီး တခြားရောင်းပစ်လို့ ငါကပဲ ဝယ်လိုက်ရတယ်၊ အဲဒီဘက်က ဝေးလွန်းလို့တဲ့။ စက်တွေလဲ အကုန်ရောင်းပစ်တယ်၊ ဧယျာဝတီ စက် တစ်လုံးသာ ငါအတန်တန်တားလို့ မရောင်းဖြစ်တာ၊ ကိုယ်ဒီလိုလုပ်ငန်းနဲ့ ကြီးပွားတာကို သူမှီ့လို့ ရောင်းပစ်ရက်ပလေတယ်"

ဒေါ်မြဆင့်က မြေပိုင်ရှင်၏ အတ္ထုပ္ပတ္တိကို ပြောပြနေ၏။ ဒေါ်မြဆင့် ပြောပြသည့်အတိုင်းဆိုလျှင် မြေပိုင်ရှင်၏ အတ္ထုပ္ပတ္တိသည် ကြီးပွားချမ်းသာ ရေးလမ်းတွင် အတုယူဖွယ်၊ အားကျဖွယ်ပင် ဖြစ်ပေသည်။ ရွှေတင်သည် ဒေါ်မြဆင့် စကားကို နားထောင်ရင်း သူ့အဖေ၏ လယ်ကွက်ကလေးကို ဒေါ်မြဆင့်တို့ထံမှာ ပေါင်နှံရာမှ ဆုံးသွားသည်ကို အမှတ်ရနေသည်။ သည် တုန်းက အဖေသည် ကိုယ့်လယ်ကို ကိုယ်လုပ်သော ဆင်းရဲသည့် လယ်သ မားလေး တစ်ဦးဖြစ်၏။ စပါး အထွက်နည်းသည့် နှစ်နှစ်တွင် အဖေ့လက်ထဲ တွင် ဘာမျှမကျန်တော့ပေ။

ဝမ်းစာ စပါးလည်း မရှိ၊ မျိုးစပါးလည်း မရှိ၊ လယ်စရိတ်လည်း မရှိ၊ ကောက်ရိတ်ပြီးသောအခါတွင် လက်ထဲတွင် ကောက်ဆွတစ်ချောင်းနှင့် ဆန်ကောတစ်ချပ်သာ ကျန်တော့သည့် အခြေအနေမျိုးသို့ ရောက်ခဲ့လေ သည်။ ထို့ကြောင့် ရှိသည့် လယ်ပွဲကလေးကို အမျိုးဖြစ်သည့် ဒေါ်မြဆင့်တို့ အဖေများထံ ပေါင်၍ လယ်လုပ်ခဲ့ရသည်။ ဒေါ်မြဆင့်တို့ အဖေများမှာ ဆွေမျိုးဖြစ်သဖြင့် တစ်ရာလျှင် အတိုးသုံးဆယ့်ငါးကျပ်လောက် ယူနေသည့် ခေတ်တွင် ရွှေတင့်အဖေလယ်ပွဲကို တစ်ရာလျှင် နှစ်ဆယ်တိုးဖြင့် ပေါင်ခဲ့ရသည်။ သို့တိုင်အောင် အဖေသည် သေသည်အထိ သည်လယ်ကို ပြန်မရွေးနိုင်တော့ပေ။ မြေမဲ့ယာမဲ့ဘဝဖြင့် သေသွားခဲ့ရလေသည့်အတိုင်း ဆွေမျိုးသေလျှင် သင်းချိုင်းတွင် မမြှုပ်ဘဲ ကိုယ့်လယ် ကိုယ့်မြေကန်သင်းရိုး စပ်တွင် အုတ်ဂူသွင်း၍ သဂြိုဟ်ခဲ့၏။ အဖေသည် သူ့လယ်ကို သင်းချိုင်း ဟုထင်ခဲ့သည်။ သို့သော်လည်း အဖေသည် ကိုယ့်လယ် ကန်သင်းရိုးတွင် ခေါင်းမချနိုင်ခဲ့တော့ပေ။ သင်းချိုင်းကကျင်းထဲသို့သာ ရောက်ခဲ့ရပေသည်။ သည်လိုဆိုပြန်တော့လဲ ဒေါ်မြဆင့် ပြောပြသည့် မြေရှင်၏ အတ္ထုပ္ပတ္တိသည် လှပခြင်းမရှိဘဲ နာကြည်းဖွယ်ရာကြီးပင် ဖြစ်ပေသည်။

"ဖေဖေကတော့ စက်တွေ လယ်တွေကို သူကိုယ်တိုင်လဲ မကြည့်





နိုင်ဘူး။ ပြီးတော့ တောမြေပိုင်ရှင်ဆိုတာ သိပ်လဲ ခေတ်မမီဘူး။ ဒီတော့ မြို့တက်ပြီး စက်မှုလုပ်ငန်းတွေ ထူထောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒါတွေ ကို ရောင်းပစ်တာနဲ့ တူပါတယ်။ ပြီးတော့ဆရာစံသူပုန်ပြီးကတည်းက တောက လယ်သမားတွေကလဲ ဆူကြတယ် မဟုတ်လား ဒေါ်ဒေါ်ရဲ့။ ၁၉၂၇ ခု ဥပဒေကြမ်း ရှိတယ်မဟုတ်လား၊ အဲဒီဥပဒေကြမ်းအရဆိုရင် ဇက သုံးဆယ်အောက် ၇ နှစ်ဆက်လုပ်ပြီး သီးစားမပေးလို့ရှိရင် သီးစားသမား တွေဟာ လယ်ကိုပိုင်ဆိုင်ထားခွင့် ရှိတယ်လို့ ဆိုတယ်၊ ခုလဲ အစိုးရက မျှတတဲ့သီးစားခကိုပေးရင် ဆက်လက်လုပ်ကိုင်ခွင့်ရှိတဲ့ဥပဒေကို တင်မလိုလို ကြားရတယ်။ ဒီတော့ အစိုးရက လယ်သမားတွေ ဆူပူတာကို ငြိမ်အောင် ဥပဒေကြမ်းအမျိုးမျိုး လုပ်နေတော့ မြေရှင်တွေ ထိခိုက်တယ်၊ နိုင်ငံခြားသား ပိုင်ဘဏ်ကြီးတွေကလဲ ဗမာမြေပိုင်ရှင်တွေကို ဖိနေကြတယ်။ဒီအထဲမှာ ကျောင်းသားတွေ သခင်တွေကလဲ ဘုံဝါဒကို အော်ပြီး တစ်ယောင့်ကနေ တိုင်းပြည်ဆူအောင် လုပ်နေကြတယ်။ ဒါကြောင့်ဖေဖေ့သဘောကတော့ နိုင်ငံခြားသားတွေနဲ့ ရင်ဘောင်တန်းနိုင်တဲ့ဗမာ့ဘဏ်ကြီးတွေကို ထူထောင်ဖို့ ဟိုမှာကျိတ်ကြံစည်နေတာဒေါ်ဒေါ်ဆင့်ရဲ့။ ဒါပေမဲ့ ဖေဖေ့ အကြံအစည် မြောက်မသွားရှာဘူး"

ခင်မောင်ဝင်းက သူ့အဖေဘက်မှ ကာကွယ်ပြောပြနေသည်။ ရွှေတင်ကား သူတို့ပြောသမျှတွေကို နားထောင်နေလိုက်သည်။ ကြီးကြီးဆင့် နှင့် ဆာဖိုးဝင်းတို့ အိမ်သားစု၏ သဘောကွဲပြားပုံကိုဂရုစိုက်မိသည်။ တောမြေပိုင်ရှင် ဘဝဖြင့် နေလိုသူနှင့် အရင်းအနှီးရှင်အဖြစ် နေလိုသူတို့၏ ပဋိပက္ခပေတည်း။

ဒေါ်မြဆင့်က ကော်ဖီကို တစ်ကြိုက်သောက်ချလိုက်ကာ စားပွဲပေါ် သို့ ပြန်တင်ထားလိုက်သည်။

"အံမလေး ဒါက လယ်တွေပစ်ပြီး ရန်ကုန်သွားနေမှ မဟုတ်ပါဘူး ကွယ်၊ အရေးကြီးတာက မိဘတွေထားခဲ့တဲ့ လယ်မြေတွေပစ္စည်းတွေကို တို့ လက်ထက်မှာ ဘယ်လိုပွားအောင်လုပ်မလဲ ဆိုတာသာ ပဓာနပါ၊ တို့ လက်ထဲမှာ လယ်ယာချောင်းမြောင်းတွေ လက်ညှိုးညွှန်ရာ ဖြစ်နေလို့ရှိရင် နန်းရင်းဝန်တွေ၊ ငါးထောင် စားဝန်ကြီးချုပ်တွေကို အိတ်ထဲမှာ ထည့်ထားနိုင်ပါတယ်။ ဒါကြောင့်မို့ မနှစ်က ဗိုင်အာကီကနေပြီး ၉၁ ဌာန



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးကို ပြောင်းလိုက်ရပြီမဟုတ်လား။ မင်းပြောတဲ့ ဥပဒေကြမ်းတွေ ဘာတွေဆိုတာလဲ အောက်လွှတ်တော် အထက်လွှတ်တော်မှာပါတဲ့ မင်းတိုင်ပင်တွေကို တို့က သပိတ်ဝင်အိတ်ဝင် ဖြစ်အောင် လုပ်ထားနိုင်ရင် ပြီးတာပါပဲ"

ဒေါ်မြဆင့်မှာ ခေတ်ကို ရင်ဘောင်တန်း လိုက်နိုင်သူဖြစ်၏။ မြန်မာ့အလင်း၊ သူရိယ စသည့် သတင်းစာကြီးများကိုလည်း အမြဲ ဖတ်လေ့ရှိသဖြင့် နိုင်ငံရေးအကြောင်းကိုလည်း နည်းနည်းပါးပါး ခေါက်မိလေသည်။ ခင်မောင်ဝင်းက လက်သုတ်ပဝါဖြင့် ပါးစပ်ကို သုတ်လိုက်ရင်း -

"ဟာ ဒေါ်ဒေါ်ဆင့်တို့တောမှာ မနေချင်ပါဘူး၊ ပျင်းစရာကောင်းပါဘိသနဲ့"

"အေးအေး မင်းတို့ကတော့ ပြောမှာပေါ့။ မင်းတို့ ငါတို့ ဒီအခြေထိ ရောက်လာတာ တောမှာနေလို့ သိရဲ့လား၊ တောမှာနေလို့ တောက ဆင်းရဲသားကို မတန်တဆ ငွေတိုးချေးစားခဲ့လို့ ဒီအခြေအနေကို ရောက်လာတာ။ မင်းတို့အလိုဖြင့် ဟင်း"

ဒေါ်မြဆင့်က ခင်မောင်ဝင်းကို ကြိမ်းနေသည်။ ဒေါ်မြဆင့်မှာ မိဘလက်ထက်ကပင်လျှင် စပါးစာရင်း ငွေစာရင်းများကို မူးပဲက စ၍ တွက်ခဲ့ရသဖြင့် စပါးလုပ်ငန်းတွင် အောက်သက်ကြေပြီးဖြစ်လေသည်။

"ကဲ ကျွန်တော်တို့ စက်ထဲသွားမယ်"

"အင်း မင်းနဲ့ ငြင်းခုံနေရတာနဲ့တောင် မေ့သွားပြီ၊ ဟဲ့ ရွှေတင်၊ ညည်း အစ်ကိုကို စက်ထဲလိုက်ပို့လိုက်သိလား၊ ဟိုကျတော့ မောင်တောက်ထွန်းကိုလဲ ပြောပြပြီး လိုက်အပြခိုင်း၊ ဒီကောင်လဲ တစ်ပတ်တစ်ခါ အိမ်ကို လာခဲ့လို့ ပြောတာ မလာပြန်ဘူး၊ သွား သွား အဝတ်လေးဘာလေး လဲချည်"

ခဏကြာလျှင် ရွှေတင်မှာ ခါးတိုလက်ဝကျဉ်းကျဉ်း ပဒုမ္မာအင်္ကျီအဖြူကို ဝတ်ကာ ရွှေတောင်လုံချည် မန်ကျည်းစေ့ အပြာကွက်ကို ဝတ်၍ ဆင်းလာလေသည်။ ဘူတာလာတုန်းကလို လက်ဝတ်လက်စားများ ဝတ်မထားပေ။ ခင်မောင်ဝင်းက ချောကလက်ရောင် ဇစ်တိုးရိုးယားလက်ရှည်အင်္ကျီ၊ သက္ကလတ်ဘောင်းဘီ၊ ဆက်ဖုံရှူးဖိနပ်ကိုစီး၍ လက်ထဲက ချယ်ရီသား တုတ်ကောက်ကို ကိုင်ထားသည်။

"ရွှေတင်က ဘယ်လိုဝတ်ဝတ် လှတာပဲဟေ့"





ခင်မောင်ဝင်းက ရွှေတင်ကို ရွှန်းရွှန်းစားစားကြည့်၍ ပြောရင်း တုတ်ကောက်ကို ဝှေ့ယမ်းနေသည်။

"အစ်ကိုကလဲ ရွှေရွှေဒီလောက်လဲ မဟုတ်သေးပါဘူး"

ရွှေတင်က မျက်လွှာကို ချကာ နှုတ်ခမ်းများကိုမဟဘဲ စု၍ပြုံးနေသည်။ ပန်းသွေးဖျော့ဖျော့ လွှမ်းထားသည့် နှုတ်ခမ်းကလေး နှစ်လွှာ စုသွားပုံမှာ ကြာပဒုံ အဖူးကလေးတစ်ဖူး ပွင့်အာနေရာမှ ငုံသွားပုံနှင့် တူလေသည်။ ခင်မောင်ဝင်းက ရွှေတင်၏ ရင်အုံမို့မို့ဆီသို့စိုက်ကြည့်ပြီး

"လှလို့ လှတယ် ပြောတာပေါ့ ရွှေတင်ရဲ့၊ နေစမ်းပါဦး ဘူတာလာတုန်းကလို ဆွဲကြိုးတို့ လက်ကောက်တို့ မဝတ်တော့ဘူးလား"

"ဟင့်အင်း ဆွဲကြိုးတို့ လက်ကောက်တို့က သွားစရာလာစရာရှိမှ ကြီးကြီးဆင့်က ထုတ်ပေးတယ်အစ်ကိုရဲ့၊ မလိုပါဘူး အစ်ကိုရယ်၊ စက်ထဲသွားတာပဲ၊ ဒါတွေဝတ်သွားလို့လဲ ဘာမှ မထူးပါဘူး၊ နဂိုရှိမှ နဂိုင်းထွက်တာပါ။ ဘာဝတ်ဝတ် နဂိုမရှိတော့ နဂိုင်းမထွက်ဘူးပေါ့"

"အံမာလေး ဟဲ့လေး ရွှေတင် စကားတတ်လိုက်တာ၊ ဘာမှမဝတ်ဝတ် နဂိုရှိတော့ နဂိုင်းထွက်ပြီးသားလို့ပဲ ထင်ပါတယ်ဟာ"

သူတို့နှစ်ယောက် ရယ်လိုက်ကြသည်။ ရွှေတင်ကား ကြီးကြီးဆင့်နှင့် တခြားစီဖြစ်နေသော ခင်မောင်ဝင်းကြောင့် ကြည်လင် ပေါ့ပါးနေသည်။ အပေါက်ဝတွင် ဒေါ်မြသီက သူတို့ကို ကြည့်ကာ ကျေနပ်နေဟန်တူသည်။

"အေး အေး၊ နောက်လဲ ရောက်တဲ့ ပေါက်တဲ့အခါ ဝင်ဦးပေါ့ ဟုတ်လား"

ဒေါ်မြသီက သူတို့နှစ်ယောက်ကို ကြည့်၍ ပြုံးကာလှမ်းနောက်နေသည်။ ဒေါ်ဒေါ်သီက ရိုးရိုးသားသား နောက်ပြောင်ခြင်းသာ ဖြစ်သော်လည်း ရွှေတင်မှာ အိုးမလုံအုံပွင့်ကာ ရှက်၍မျှခေါင်းငုံ့ပြီး ဒေါ်မြသီအား မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

www.burmeseclassic.com

## (၈)

သရက်ပွင့်ဝတ်မှုန်ကလေးများသည် တဖြုတ်ဖြုတ် ကြွေကျနေကြသည်။ မြေအပြင်မှာ ဝါရွှေနီမောင်းကာ ပွင့်ဝတ်မှုန်များဖြင့်ခင်း၍ထားသည်။ သရက်ပွင့်များ၏ စိမ်းရွှေရွှေရနံ့ကလည်း ညှင်းညှံ့ညှံ့ လေပြည်ထဲတွင် မျောပါလာလေသည်။ နေပူသဖြင့် ခိုများသည် သရက်ပင်ကိုင်းဖျားတွင် နားကာ တစီစီ ညည်းနေကြသည်။ ရန်ကုန်-မန္တလေး ကားလမ်းပေါ် ကုန်တင်ကားကြီးများသည် တဝေါဝေါမြည်ကာ ဖြတ်သန်းသွားကြပေသည်။

ပြတင်းပေါက်နား၌ စန္ဒရားခုံတွင်ကား ခင်မောင်ဝင်းသည် သူ့ကို ကျောပေးကာ စန္ဒရားခလုတ်ကလေးများကို လက်ချောင်းများဖြင့် တို့ခတ်ကစားကာ တီးနေ၏။ သူ့မျက်နှာကို မော့ထားကာ အပြင်ဘက်မြူတို့ဖြင့် မှိုင်းနေသော ကောင်းကင်ကြီးကိုငေးကြည့်နေသလိုပင် ထင်ရ၏။ ရွှေတင်သည် ခင်မောင်ဝင်းကို ကြည့်နေရင်းက သူ့လိုစန္ဒရား တီးတတ်ချင်စိတ်တွေ တဖွားဖွားပေါ်လာလေ၏။ခင်မောင်ဝင်းလို တီးတတ်လို့ရှိရင် ဘယ်လောက်များ ကောင်းလေမလဲ။ သူ့လိုပညာတွေတတ်ရင် ဘယ်လောက်ကောင်းမလဲ ပစ္စည်းတွေချမ်းသာရင် ဘယ်လောက်ကောင်းမလဲ၊ ခင်မောင်ဝင်းမှာ အဘက်ဘက်မှ လိုလေသေးမရှိသော မင်းသားကလေးဖြစ်၏။ ရွှေဘုံပေါ်တွင် စံစားရသူ ဖြစ်၏။ သူ့မှာကားအဘက်ဘက်မှ မပြည့်စုံသူ၊ အစေခံတစ်ပိုင်း မွေးစားသမီးတစ်ပိုင်းဘဝနှင့် နေရသူ၊ နွံထဲဗွက်ထဲတွင် ကြီးပြင်းလာရသူ၊

"ဟင် ရွှေတင် နားထောင်နေသလား"





အသံကြား၍ လှည့်ကြည့်လိုက်တော့မှ ခင်မောင်ဝင်းသည် စန္ဒရားထိုင်ခုံမှ ကိုယ်တစ်ဝက်လှည့်၍ သမင်လည်ပြန်ကာ သူ့ကိုလှမ်းကြည့်နေ၏။ ပြတင်းပေါက်ခန်းဆီးကြားမှ ဖြာကျသောအလင်းရောင်ကြောင့်သူ့မျက်နှာသည် တစ်ခြမ်းမှောင်၍ တစ်ခြမ်းလင်းနေ၏။

"လာလေ နားထောင်ချင်ရင် ဒီနားမှာ လာနားထောင်ပါလား"

ခင်မောင်ဝင်းကပြုံး၍ ခေါင်းညိတ်ခေါ်လိုက်သဖြင့် ရွှေတင်သည် အလိုလို သူ့အနားသို့ရောက်သွားကာ စန္ဒရားခုံဘေးတွင်ဝင်၍ရပ်လိုက်၏။ ရွှေတင်၏ မျက်နှာရိပ်သည် သပြေသီးမှည့်ရောင်ပြေးကာ တဖိတ်ဖိတ်လက်နေသော စန္ဒရားခုံပေါ်တွင် ဝင်းပ၍ နေလေသည်။

"ရွှေတင် စည်းတီးတတ်သလား"

ခင်မောင်ဝင်းက စန္ဒရားမှတွေရာခလုတ်ကလေးကိုတို့၍ တီးရင်း သူ့ဘက်ကိုလှည့်၍ မေးလိုက်သည်။ ရွှေတင်က သွားကလေးဖွေးခနဲ ပေါ်အောင်ပြုံးကာ ခေါင်းယမ်းလိုက်ပြီး

"ဟင့်အင်း ရွှေရွှေ စည်းမတီးတတ်ပါဘူး"

"ဒါဖြင့် သီချင်းကော ဆိုတတ်သလား"

"သီချင်းလဲ မဆိုတတ်ဖူး"

သည်တစ်ခါတော့ ရွှေတင်က ရှက်သွားဟန်ဖြင့် ခေါင်းကိုငုံ့ထား၍ ဖြေလိုက်သည်။ သူ့နှုတ်ခမ်းမှာ ပြုံးယောင် သန်းနေလေ၏။

"ဒါဖြင့် ဘယ်တုန်းက သင်ထားသလဲ"

ခင်မောင်ဝင်းက နောက်လိုက်သဖြင့် နှစ်ယောက်စလုံး အသံထွက်အောင် ရယ်လိုက်ကြသည်။ ရွှေတင်သည် စန္ဒရားခုံကို ဖြူဖွေးမွတ်ညက်သော လက်ချောင်းကလေးများဖြင့် ပွတ်နေလေ၏။ သူ့လက်ချောင်းသွားရာ တစ်ငလျှောက်ရှိ တဖိတ်ဖိတ် လက်နေသည့်စန္ဒရားခုံမှာ အပူငွေ့ကြောင့် မှုန်ဝါးသွားပြီး အပူငွေ့ပြယ်တော့မှ တဖြည်းဖြည်းပြန်၍ ကြည်လင်တောက်ပလာသည်။

"ငယ်ငယ်တုန်းကကော မဆိုဘူးလား"

"နည်းနည်းပါးပါးတော့ ဆိုဖူးတာပေါ့အစ်ကိုရဲ့၊ ဒါပေမဲ့ ဒီလို စန္ဒရားတွေနဲ့ ဘာတွေ ဘယ်ဟုတ်မလဲ၊ ရေခပ်ရင်း မောင်းထောင်းရင်း တောရမ်းမယ်ဘွဲ့တွေ လျှောက်ဆိုတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်က ပြုံး၍ပြောလိုက်သည်။ ခင်မောင်ဝင်းကလည်း သူ့ကို ကြည့်၍ မပွင့်တပွင့်ပြုံးကာ -

"ဘာသီချင်းတွေလဲ"

"မှတ်တောင် မမှတ်မိတော့ပါဘူး၊ 'စုံတောမြိုင်'တို့၊ 'တုံးကျော်မ' တို့ ဘာတို့ တောသီချင်းတွေပါ အစ်ကိုရယ်၊ အစ်ကို စန္ဒရားတီးတတ်တယ် နော်၊ ရွှေရွှေဖြင့် အစ်ကို မတီးတတ်ဘူးလို့ အောက်မေ့နေတာ"

ရွှေတင်က ခင်မောင်ဝင်း စန္ဒရားတီးသည်ကို မြတ်နိုးသည့်ဟန်ဖြင့် ပြောလိုက်မိသည်။ ခင်မောင်ဝင်းသည် စန္ဒရားခလုတ်များကို လက်ညှိုး လက်မဖြင့် ခွ၍ ထောက်ထားရင်း -

"အစ်ကိုက သိပ်မတီးတတ်ပါဘူး၊ အတာကမှ ကောင်းကောင်းတီး တတ်တာ၊ ရှေးသီချင်းကြီး သီချင်းခံတွေကော အင်္ဂလိပ်သီချင်းတွေကော တော်တော် တီးတတ်တယ်၊ ငယ်ငယ်တုန်းက အတာပူဆာလွန်းလို့ အဖေက ဒီစန္ဒရားကြီး ဝယ်ပေးတယ်လေ၊ နောက်ကျတော့ အစ်ကိုရော အတာရော နှစ်ယောက်စလုံး သင်ကြတာပဲ၊ အစ်ကိုကတော့ နည်းနည်းပါးပါး တီးတတ်ရုံ ပဲ သင်လိုက်တယ်၊ ရန်ကုန်ရောက်မှလဲ တစ်လုံး ဝယ်ပေးထားသေးတယ်၊ အဲဒါအတာပဲ တီးနေတာပဲ၊ အစ်ကိုတော့ သိပ်မတီးတော့ပါဘူး၊ ခုတောင် ပျင်းပျင်းရှိတာနဲ့ စမ်းတီးကြည့်တာ အသံတွေတောင် ခပ်မှေ့မှေ့ ဖြစ်ကုန်ပြီ"

ခင်မောင်ဝင်းက စန္ဒရားခုံပေါ်တွင် ထိုင်ရင်းပြောနေသည်။ စန္ဒရား ခုံပေါ်ရှိ ပန်းစိုက်အိုးထဲမှ သစ္စာပန်းများမှာ အစွမ်းကုန် ဖူးပွင့်နေကြသည်။ ပန်းပွင့် ပန်းခက်များကြားမှ ရွှေတင်၏ ဝင်းပသော မျက်နှာကို မြင်ရလေ သည်။ ခင်မောင်ဝင်းက စန္ဒရားခလုတ်များကို အတော့ တို့စမ်းလိုက်ပြီးမှ

ပန်းကြာဝတ်မှုန် ရွှေဘုံနန်းကလေ ညွတ်ရုံးဝန်းလည်
သုံးမည်ခ ရံရွှေ လည် × ကြော့နတ်နွယ်။ နွဲ့လမ်းခြူးဆင်၊
ပန်းဝတ်ယှက်သန်း။ သလွန်မြင့်မှန်း × သိန်းမြန်း ×
မြနန်းယုန်နွယ်၊ မှုန်တယ့်တိမ်ပုံထက်ပိုင်း ရွှေလရိပ်သည်
တိုင်း။ နိုင်းနှိုင်းဘွယ်သာ၊ ရွှေရင်မှာ ငွေသော်တာ။ တခြမ်း
ဖြူလွှာ ပြတုံးတောင်စုံ၊ ပန်းလွှာရွှေရည်ဆမ်းသို့လေး။

ခင်မောင်ဝင်းက ပုခန်းမင်းသား ရေးသည့် မယ်ဘွဲ့ သီချင်းကြီးကို ခပ်အုပ်အုပ် လိုက်ဆို၍ တီးနေ၏။ ရွှေတင်ကား စန္ဒရားခလုတ်ဖြူဖြူပေါ်





တွင် ပြေးလွှားနေကြသော ခင်မောင်ဝင်း၏ လက်ချောင်းများကို ငေးကြည့် နေမိလေ၏။ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ထားသော စိန်လက်စွပ်မှာ အလင်းရောင်နှင့် ဟပ်လိုက်တိုင်း တဖျတ်ဖျတ် လက်သွားသည်။

"ပန်းရွှေရည် ဆမ်းသို့လေး၊ ပန်းရွှေရည်ဆမ်းသို့လေး။ ပီးတော့ဘာပါ လိမ့်မလဲ၊ ကောင်းကောင်းတောင် မမှတ်မိတော့ဘူး။ ပန်းရွှေရည်ဆမ်း သို့လေး"

ခင်မောင်ဝင်းက ပါးစပ်ထဲတွင် ထစ်နေသော သီချင်းအစကို ပျောက် မသွားအောင် တတွတ်တွတ် ရွတ်ကာ ပြောနေ၏။ နောက်ဆုံး တော်တော် ကြာသည်အထိ စမ်းလို့မရတော့မှ ကိုယ်ကိုလျှော့ချကာ အတီးရပ်လိုက်ပြီး -

"ရှေ့ဆက် မရတော့ဘူး မေ့ကုန်ပြီ၊ ဒီသီချင်းက နဂိုကမှ ခပ်ခက် ခက်ရယ်၊ တော်ရုံတန်ရုံ ဂီတသမားတွေတောင် ဒီသီချင်းရတဲ့လူ ခပ်ရှားရှား ရယ်။ အစ်ကိုက မယ်ဘွဲ့ထဲက တစ်ပုဒ်ကောင်း ဆန်းဆန်းထဲက တက်ချင် တယ်ဆိုလို့ စန္ဒရားဆရာက သင်ပေးသွားတာ၊ ဒီသီချင်းတစ်ပုဒ်ပဲ ပိုင်ပိုင်နိုင်နိုင် တက်ဖူးတာ၊ ဒါလေးတောင်မေ့သွားပြီ၊ အဓိပ္ပာယ်က သိပ်ကောင်းလွန်းလို့ တက်ထားတာလေ"

ခင်မောင်ဝင်းက ရွှေတင်ကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောနေလေ သည်။ ရွှေတင်ကား သီချင်းအဓိပ္ပာယ်ကို တစ်လုံးမျှ နားမလည်ဘဲ သစ္စာပန်းများ ထိုးစိုက်ထားသော ငွေပန်းစိုက်အိုးကို ကြည့်နေမိလေသည်။

"ဒီသီချင်းက မယ်ဘွဲ့သီချင်းခံပဲ၊ မယ်ဘွဲ့ဆိုတာ မိန်းကလေးရဲ့အလှ ကို ဖွဲ့ထားတာကို ခေါ်တာ၊ အဓိပ္ပာယ်ကတော့ ခြူးပန်းခြူးနွယ်တွေ တင်ထားတဲ့ အဆောင်က ကြာပွင့်ကြာဝတ်မှုန်တွေ ပုံခြယ်ထားတဲ့ သလွန် ထက်မှာ မင်းသမီးကလေး တစ်ပါးရှိတယ်တဲ့၊ သလွန်ပေါ်မှာ စံစားနေတဲ့မင်း သမီးကလေးဟာ တိမ်ပုံတိမ်တိုက်တွေကြားထဲမှာ တစ်ဝက်မြုပ်ပြီး သာနေတဲ့ လမင်းလိုပဲတဲ့၊ ပြီးတော့ မင်းသမီးလေးရဲ့ရင်မှာ ပိတုန်းကောင်လောက်ရှိတဲ့ ညှင်းပွင့် ကလေးဟာလဲ လမင်းနဲ့ တူသလိုလို ရွှေရည်ဆမ်းထားသလိုလို ထင်ရတယ်တဲ့"

"ရှေးတုန်းက အလှဘွဲ့ပေါ့နော်"

ရွှေတင်က ညွတ်ကော့ရှည်လျားသော မျက်တောင်များကို မေးစင်း ကာ ငွေပန်းစိုက်အိုးပေါ်မှ ရုပ်လုံးကြွလိပ်ပြာနှင့် ပန်းပွင့်ကို လက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ကြည့်နေသည်။ ခင်မောင်ဝင်းက ရွှေတင်ပွတ်သပ်နေသော ငွေပန်းစိုက်အိုးကို ကြည့်ကာ

"ဒါပေါ့ ရှေးရှေးတုန်းက အလှကို ဒီလိုဖွဲ့ကြတာပဲ၊ ပြီးတော့ ရွှေတင် သတိထားမိရဲ့လား၊ မင်းသမီးကလေးစံတဲ့ သလွန်ဟာ ကြာပန်းကြာပွင့်တွေနဲ့ ရုပ်လုံးဖော်ထားတယ်တဲ့"

ရွှေတင်က ခင်မောင်ဝင်းကို တစ်ချက်မျှ မျက်လွှာပင့်၍ ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ဗမာတွေဟာ ကြာပန်းကို တော်တော် နှစ်သက်ပုံရတယ်၊ ရှေးက သလွန်တွေမှာလဲ ကြာပါတယ်၊ ခုခေတ် ရေးကြခြယ်ကြတဲ့ အရာတွေထဲမှာလဲ ကြာပါတာပဲ၊ ဒါတွေမကဘူး၊ ရှေးကကဗျာတွေ သီချင်းတွေထဲမှာ ကြာပါသလို ခုခေတ်ကဗျာတွေ သီချင်းတွေထဲမှာလဲ ကြာပါတာပဲ။ ကြာဟာ ထူးဆန်းတဲ့ ပန်းမို့လို့ ထင်ပါရဲ့၊ ရွှံ့ထဲ နွံထဲမှာ ပေါက်ပြီး သန့်ရှင်းလို့ ထင်တာပဲ၊ ကြည့်လေ"

ခင်မောင်ဝင်းက ရွှေတင်၏ လက်များကို ဖယ်ရှားကာ ငွေပန်းစိုက်အိုးကို ကောက်၍ လှည့်ပြပြီး ပြန်ချလိုက်သည်။ ရွှေတင့်လက်များမှာ ဖြူဖွေးနေ၏။ အပြင်ပန်းအားဖြင့် နူးညံ့သလို ထင်ရသော်လည်း အတွင်းဘက်လက်ဖဝါးမှာ အလုပ်ကြမ်းဒဏ်ကြောင့် ခပ်ကြမ်းကြမ်းဖြစ်နေလေသည်။ ခင်မောင်ဝင်း၏ လက်ဖဝါးများလောက်ပင် မနူးညံ့ပေ။

"ဒီမှာ ကြာပန်း၊ ဟောဒါက လိပ်ပြာ၊ ဒါဘာအဓိပ္ပာယ်လဲသိရဲ့လား"

ခင်မောင်ဝင်းက ရွှေတင်ကို လှမ်းမေးလိုက်သည်။ ရွှေတင်က ကြာပွင့်နှင့် လိပ်ပြာ ရုပ်လုံးကြွတို့ကို ကြည့်ကာ ခပ်တွေတွေ ဖြစ်နေသည်။

"ဟင့်အင်း ရွှေရွှေမသိဘူး၊ ကြာပန်းနဲ့ လိပ်ပြာပဲ သိတယ်။ လိပ်ပြာက ပန်းပွင့်ကို လာနားတာဖြစ်မှာပေါ့"

ခင်မောင်ဝင်းက ဆေးတံကို ဆေးထည့်နေသည်။ ရွှေတင်ကား ခင်မောင်ဝင်း၏ လှုပ်ရှားပုံကိုသာ ငေးကြည့်နေပေ၏။

"လိပ်ပြာက လာနားတာမဟုတ်ဘူး၊ နားချင်လွန်းလို့ တဝဲလယ်လယ် ဖြစ်နေတာ၊ ကိုတို့ ကောလိပ်မှာ နေကြတုန်းက ခေတ်စမ်းကဗျာတွေ ပေါ်လာတယ်။ ကိုစိန်တင်တို့၊ ကိုသိန်းဟန်တို့၊ ကိုဝန်တို့၊ ကိုညွန့်တို့၊ ကိုအေးမောင်တို့၊ မခင်စောမူတို့၊ ခုတော့ဝန်ထောက်လုပ်တဲ့လူ၊ ဆရာလုပ်တဲ့လူ၊





ပညာဝန်ထောက်လုပ်တဲ့လူ လုပ်နေကြတယ်။ ကိုဝန်ကတော့ ဘိလပ် သွားမလိုလို သတင်းကြားတယ်။ အဲ သူတို့လဲ ကြာပန်းအကြောင်း အနည်းနဲ့ အများဖွဲ့ကြတာပဲ၊ ကိုစိန်တင်တို့၊ ကိုသိန်းဟန်တို့၊ ကိုဝန်တို့က မြန်မာစာဂုဏ်ထူး ယူနေကြတယ်၊ ကိုယ်က အင်္ဂလိပ်စာဂုဏ်ထူးတန်းမှာ"

ခင်မောင်ဝင်းမှာ ပြောရင်း ကောလိပ်ကျောင်းသားဘဝကို ပြန်၍ အမှတ်ရနေဟန်ရှိ၏။ စကားကိုဖြတ်ကာ ဆေးတံကိုမီးညှိ၍ ဖွာရှိုက်လိုက်ပြီး မီးခိုးများကို မှုတ်ထုတ်လိုက်သည်။ ရွှေတင်ကား ခင်မောင်ဝင်းပြောသမျှကို နားမလည်တလည်ဖြင့်ပင် နားထောင်နေသည်။ သူ့အဖို့ကား စကားတွေကို နားလည်ရေး မလည်ရေးထက် ခင်မောင်ဝင်းက ထူးထူးဆန်းဆန်းတွေကိုပြောနေသဖြင့် တအံ့တဩဖြစ်နေမိသည်။

"ကိုစိန်တင့် ကလောင်နာမည်က သိပ္ပံမောင်ဝတဲ့၊ ကိုသိန်းဟန်က ဇော်ဂျီတဲ့၊ ကိုဝန်က မင်းသုဝဏ်တဲ့၊ ကိုအေးမောင်က တက္ကသိုလ်မောင်သန့်စင်တဲ့၊ ကိုညွန့် ကလောင်နာမည်က ကောင်းကောင်းမသိဘူး။ ညွန့်မာလာဆိုလား ဘာလားပဲ"

ရွှေတင်သည် သူတို့ ခေတ်စမ်း စာရေးဆရာများ၏ စာပေများကို နည်းနည်းပါးပါး ဖတ်ဖူး၏။ ဒေါ်မြဆင့်မှာ ဒဂုန်မဂ္ဂဇင်းကို လစဉ်ယူကာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသော ထေရီဘာသာပြန်ကိုလည်းကောင်း၊ ယုဝတီခင်တုတ်၏ ဆောင်းပါးများကိုလည်းကောင်း၊ စာဏကျနီတိကျမ်းမြန်မာပြန်တို့စသည်တို့ကိုလည်းကောင်း ဖတ်လေ့ရှိသည်။ သည်စာတွေကို ဒေါ်မြဆင့်ဖတ်သည်ဆိုသော်လည်း ကိုယ်တိုင်ဖတ်ခြင်းမဟုတ်ဘဲ ရွှေတင်ကို အဖတ်ခိုင်း၍ သူက နားထောင်ခြင်းမျှသာ ဖြစ်လေသည်။ ရွှေတင်ကား ဒေါ်မြဆင့်ကို စာဖတ်ပြပြီးလျှင် နေ့လည် အားလပ်သည့်အချိန်၌လည်းကောင်း၊ ညဉ့်တွင်လည်းကောင်း ဒဂုန်မဂ္ဂဇင်းက ကိုယ်ကြိုက်သည့် ဝတ္ထုများကို ဖတ်လေသည်။ (ပီမိုးနင်း၊ ဇေယျ၊ မဟာဆွေ၊ ဒဂုန်ခင်ခင်လေး၊ ဒဂုန်နွယ်ကသစ်၊ ဒဂုန်မြတ်လေးနွယ်) တို့၏ ဝတ္ထုများကို ဖတ်လေ့ရှိသည်။ ဒဂုံရွှေပြည်စိုး၏ မိုးနက်ဝတ္ထုကိုကား အကြိုက်ဆုံးပင်။ ကိုကိုလေး၏ မော်ဆရာမှတ်တမ်းကို ဖတ်မိသည့်အခါလည်းရှိ၏။ တစ်ခါတစ်ရံတွင်မူ တက္ကသိုလ်ကဏ္ဍကို ဖတ်ဖြစ်လေသည်။ တက္ကသိုလ်ကဏ္ဍမှ စာပေများမှာ တခြားဝတ္ထုတွေလို ဖတ်၍ မကောင်း၊ ကောင်းလေးနှင့် ကောင်းမလေးတို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခန်းကြိုက်ခန်း နည်းလှသဖြင့် အရသာပေါ့ပျက်ပျက်ဖြစ်နေသည်ဟု ရွှေတင်ထင်မိသည်။

"ဒီပန်းအိုးက လိပ်ပြာနဲ့ကြာကိုမြင်တော့ အစ်ကို ခုနက ပြောခဲ့တဲ့ ခေတ်စမ်းစာရေးဆရာသိုက်ထဲက မခင်စောမူရဲ့ ကဗျာကလေးတစ်ပုဒ်ကို သွားသတိရမိတယ်။ ကဗျာရဲ့ နာမည်က 'ကုမုဒ်ကြာနဲ့ ပန်းလိပ်ပြာတဲ့' ကုမုဒ်ကြာဆိုတာက ညမှ ပွင့်တယ်၊ လိပ်ပြာဆိုတာက နေ့မှ ကျက်စားတယ်၊ ဒါကြောင့် ကြာဝတ်ဆံကို စားချင်တဲ့ လိပ်ပြာကလေးဟာ ညလပြည့်ဝန်းသာတဲ့အခါကျမှပွင့်တဲ့ ကုမုဒ်ကြာဝတ်ဆံကို မစားနိုင်ရှာဘဲ ကြာပွင့်နားမှာ တဝဲလည်လည်ဖြစ်နေပုံကို ကဗျာဖွဲ့ထားတယ်"

ခင်မောင်ဝင်းက ငွေပန်းစိုက်အိုးကို ကောက်ကိုင်ကာ လိပ်ပြာနှင့် ကြာပွင့်ကို ကြည့်နေသည်။ လိပ်ပြာမှာ ပန်းအိုးတစ်ဖက်တွင် ရုပ်လုံးဖော်ထားပြီး ကြာပွင့်ကို တစ်ဖက်တွင် ရုပ်လုံးဖော်ထားလေသည်။ ရွှေတင်က ခင်မောင်ဝင်းကိုတစ်လှည့် ပန်းစိုက်အိုးကို တစ်လှည့်ကြည့်ကာ . . .

"ဒီလိုဆို လိပ်ပြာကလေး သနားစရာပေါ့နော်"

"ဟုတ်တာပေါ့ အဲဒီကဗျာထဲမှာ လိပ်ပြာကလေးက တစ်ဖက်သတ်ချစ်သူပေါ့လေ၊ သူချစ်တဲ့ ကြာပွင့်ဟာ ညကျမှ ပွင့်လန်းလို့ အချစ်ကိုမရဘဲ ဆွေးရပုံကို ဖွဲ့ထားတာပဲ"

ခင်မောင်ဝင်းကပြော၍ သူ့ကို ရွှန်းရွှန်းစားစား ကြည့်လိုက်သဖြင့် ရွှေတင်မှာမျက်နှာတွေထူပူသွားကာ မျက်လွှာကိုအောက်သို့ချထားလိုက်သည်။ ဘာကြောင့်မှန်းတော့ မသိ၊ သူ့ရင်သည် တလှပ်လှပ်ခုန်လာကာ ခြေဖျား လက်ဖျားကလေးတွေ အေးစက် လာသည်ဟုထင်ရ၏။ ခင်မောင်ဝင်းသည် ဘာကိုရည်ရွယ်၍ ပြောနေမှန်းမသိပေ။ သို့ရာတွင် သူ့မျက်လုံးအကြည့်မှာ သာမန် ကြည့်ရိုးကြည့်စဉ်မဟုတ်ဘဲ ရွှေတင်၏ မျက်လုံးများကို ဖောက်ထွင်း၍ ဝင်သွားသည်ဟု ထင်ရလောက်အောင် စူးရှသော အကြည့်မျိုးဖြစ်ကြောင်းကိုကား သိလိုက်ပါ၏။ ကြာပွင့်နှင့် လိပ်ပြာတို့၏ အချစ်ကို ပုံပြုကာ သူ့အချစ်ကို ဖွင့်ဆိုလိုပေသလား၊ သည်လိုဆို သူနှင့်ခင်မောင်ဝင်း နှစ်ယောက်တို့အနက် မည်သူကကြာပွင့်ဖြစ်၍ မည်သူကလိပ်ပြာ ဖြစ်ပါသလဲ။

အိမ်ကြီးမှာ တိတ်ဆိတ်နေပေ၏။ အောက်ခြံထဲက ပန်းပွင့်များကြား





တွင် လိပ်ပြာရောင်စုံတို့ ပျံဝဲနေကြသည်။ ပျားပိတုန်းတို့၏ တဒီဒီအော်မြည်သံကိုပင် ကြားရသည်။ ပိတုန်းတို့ မြည်သံမှာ ငိုက်မြည်းလာစေပေသည်။ ရန်ကုန်- မန္တလေး လမ်းမပေါ်မှ ကားသံနှင့် ဘူတာရုံဘက်ဆီမှ မီးခိုးထုတ်သံတို့ကို တစ်ချက်တစ်ချက် ကြားရတတ်၏။

ဒေါ်မြဆင့်ကား နံနက်စာ စားပြီးလျှင် အိပ်ခန်းသို့ တက်၍တရေးတမော အိပ်မြဲဖြစ်၏။ ဒေါ်မြသီမှာ အောက်ထပ်တွင် အလုပ်လုပ်စရာရှိသမျှကိုလုပ်ပြီး တွေရာနေရာမှာပင် လှဲအိပ်တတ်သည်။ တစ်ခါတလေခြောက်တိုင်ခုတင်ကြီးပေါ်မှာပင် အဝတ်ကောင်းတစ်ထည်ကိုခင်းကာ အုံးသားကို ခေါင်းခု၍ အိပ်တတ်သည်။ ခြောက်တိုင်ခုတင်ကြီးကိုဖြုတ်ပြီးသည့်နောက် မီးဖိုဘေး သရက်ပင်အောက်က ကွပ်ပျစ်မှာ လှဲနေတတ်သည်။ ရွှေတင်ကားသည်လိုအချိန်မျိုးတွင် ဖာထေးစရာရှိသည်ကို ဖာထေးရသည်။ သို့မဟုတ်လျှင် ဝတ္ထုစာအုပ်ကလေး ဘာလေးကိုဖတ်သည်။ ဘယ်လောက်ပင် အိပ်ရေးပျက်ပျက်၊ နေ့လယ်နေ့ခင်းတွင် အိပ်သောအကျင့်မရှိပေ။ ရွှေတင်က တိတ်ဆိတ်နေခြင်းကြောင့် မလုံမလဲဖြစ်ကာ

"ကြီးကြီးဆင့်တို့တော့ မနက်က စက်ထဲကို ခြေကျင် လျှောက်သွားတာနဲ့ တော်တော်မောသွားပြီထင်တယ်"ဟု ဒေါ်မြဆင့် အိပ်ခန်းဘက်သို့ လှည့်ကြည့်၍ ပြောလိုက်သည်။

"မနက်က ရွှေတင်ကော လိုက်သွားတယ်မဟုတ်လား"

"လိုက်သွားပါတယ်"

"ဘာတွေ အရေးကြီးနေပြန်လို့လဲ"

ခင်မောင်ဝင်းသည် ဆေးတံကိုဖွာနေ၏။ သို့ရာတွင် ဆေးကုန်ပြီဖြစ်ရကား ဆေးတံသည် ဖားဖိုလို တရှူးရှူးမြည်၍ လေထွက်နေသည်။

"မနက်က တောက ဝယ်ထားတဲ့ စပါးတွေကျလာလို့ စပါးခြင်တာကို သွားကြည့်တာလေ"

"စပါးခြင်တာပဲ ကိုယ်တိုင်သွားကြည့်နေရသေးလား ရွှေတင်ရဲ့၊ စက်ထဲမှာ ကိုတောက်ထွန်းရှိတယ် မဟုတ်လား"

ရွှေတင်က ခင်မောင်ဝင်းကိုကြည့်၍ ပြုံးလိုက်သည်။ ခင်မောင်ဝင်းတို့မှာ ဆန်စပါးလုပ်ငန်းဖြင့် ကြီးပွားသွားသော မိဘများထံမှ အမွေတော့ဆက်ခံရလိုက်သော်လည်း ဆန်စပါး ကိစ္စကို ဘာမျှနားမလည်ဘဲ အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ကြီး ဖြစ်နေသည်။

"တင်းတောင်းတွေက မမှန်ဘူးအစ်ကိုရဲ့၊ စပါးတစ်တင်းကို ၄၆ ပေါင် ကိုက်ရတယ်၊ ငါးပုံဆန်ဆိုရင် တစ်တင်းကို ၆၇ ပေါင်ကိုက်ရတယ်၊ ဆန်ဖြူကို ၇၅ ပေါင်ကိုက်ရတယ်၊ လုံးစိမ်းတို့ ဆန်ကွဲတို့ကျတော့ ၇၂ ပေါင်ကိုက်ရတယ်၊ ဖွဲနုကျရင် တစ်တင်းကို ၄၅ ပေါင်ကိုက်ရတယ်၊ ခုတောက ကျလာတဲ့ စပါးတွေကို ခြင်တွယ်ကြည့်တဲ့အခါကျတော့ တတင်းကို ၄၉ ပေါင် ကိုက် မကိုက် စစ်ရတယ်။ ပြီးတော့လဲ စပါးတွေ အဖျင်းအမှော်တွေ ပါမပါ အကုန်ကြည့်ရတာပေါ့"

ခင်မောင်ဝင်းမှာ စပါးအရောင်းအဝယ်ကိစ္စတွင် ရွှေတင် သည်လောက် ကျွမ်းကျင်နားလည်ပုံကို အံ့ဩသွားလေသည်။ သူ့စိတ်ထဲတွင် သည်ကိစ္စများသည် ဆည်လောက်လည်း အရေးတကြီးသိဖို့မလိုဟု ယူဆ ထားခဲ့လေသည်။ ပိုက်ဆံရှိလျှင် နားလည်သူတဦးကိုခေါ်၍ ခန့်နိုင်သည် မဟုတ်လား။

"အံ့မာ ရွှေတင်က တော်တော်နားလည်နေပါလား"

"နားမလည်လို့လဲ မဖြစ်တော့ဘူး အစ်ကိုရဲ့၊ ကြီးကြီးဆင့်က သိပ် ပင်ပင်ပန်းပန်း မလုပ်နိုင်ဘူးမဟုတ်လား၊ စာရင်းအင်းတွေလဲ ရွှေတင်ကိုယ် တိုင်ပဲ လုပ်ရတာပဲ၊ စပါးခြင်တာလဲ ရွှေတင်ကိုယ်တိုင် နေပူစပ်ခါးမရှောင် စက်ထဲဆင်းကြည့်ရတာပဲ၊ ခုမှ တင်းခြင် ပေါင်ကိုက် စံနစ်ကို ဒီနယ်ဘက် မှာ သုံးလာလို့ နည်းနည်းသက်သာသွားတယ်၊ အရင်တုန်းက ပိဿာချိန်နဲ့ အရောင်းအဝယ်လုပ်တုန်းက သိပ်ဆင်းရဲတာပဲ၊ ဆန်စပါး လုပ်ငန်းက ကြည့်တော့သာ လွယ်လွယ်ကလေးထင်တာ သိပ်ရှုပ်တာပဲ၊ တလင်းကနေပြီး ဆန်စက်ရောက်လာတာ ချောချောမောမော ရောက်လာတာမဟုတ်ဘူး"

ရွှေတင်က စန္ဒရားအနီး၌ ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက် သည်။ ခင်မောင်ဝင်းကား သည်ကိစ္စတွေကိုစိတ်ဝင်စားလို့တော့ မဟုတ်လှ ဘဲ ရွှေတင် ဘာတွေပြောမလဲဟု နားစွင့်ကာ ဆေးတံကို မီးညှိနေသည်။

"စပါးပေါ်လို့ တလင်းထဲလဲရောက်ရော သူရင်းငှားက အရင်တုန်းက ယူထားတဲ့ ကြွေးတွေရော အတိုးတွေရောပေါင်းပြီး လယ်ရှင်ကို ပေးရတယ်၊ ပြီးတော့ ဆန်ဖိုး ဆီဖိုး ဆားဖိုးစတဲ့ ကြွေးကိုလဲ ဈေးဆိုင်ကို ပေးရတယ်၊ လယ်ရှင်ကတစ်ဆင့် စပါးကို သီးစားအငှားချတဲ့ မြေရှင်ဆီကို တစ်ခါပေးရ





တယ်။ ဒါမှမဟုတ်ရင်လဲ ပွဲစားဆီကို အရောင်းခိုင်းရတယ်၊ တောပွဲစား က လယ်သမားဆီက စပါးကို ဈေးနှိမ်ဝယ်တယ်၊ ပြီးတော့ ဆန်ကုန်သည်ဆီ ကို တစ်ဆင့်ဈေးမြှင့်ပြီး ရောင်းတယ်၊ ပွဲခကိုလဲ နှစ်ဘက်စလုံးက ရလိုက် သေးတယ်။ တောပွဲစား လုပ်ရတာ အချောင်ဆုံးပဲ၊ တောပွဲစားက စပါးကို ဆန်ကုန်သည်ဆီရောင်း၊ ဆန်ကုန်သည်က မြို့ပွဲစားဆီ တစ်ဆင့်ရောင်း၊ နောက် မြို့ပွဲစားကမှ တစ်ဆင့် ဆန်စက်ကို ရောက်လာတာ။ တလင်းထဲ တုန်းက စပါး တင်းတစ်ရာဖိုးကို ၄၀ လောက်ပဲ ပေးရတယ်၊ စက်ထဲ ရောက်လာတော့ သယ်ခ ပိုးခ မြို့ပွဲစားခ တောပွဲစားခတွေနဲ့ တင်းတစ်ရာကို ၈၅ ကျပ် ဈေးလောက် ဖြစ်လာရော၊ အမှန်က လယ်သမားတွေ သူရင်းငှား တွေမှာ ဘယ်လောက်မှ မရလိုက်ကြရှာဘူး။ ဒီတော့ သူတို့လဲ တင်းရေ ပိုထွက်အောင်ဆိုပြီး အဖျင်း အမှော်တွေ ရောကြတာပေါ့၊ ဒါကြောင့်မို့ စပါးခြင်ရင် ကိုယ်တိုင်ဆင်းကြည့် ရတယ်၊ ၄၆ ပေါင်ကိုက် မကိုက်၊ ၄၆ ပေါင်ကိုက်ရင်လဲ စပါးအဖျင်း အမှော် ပါမပါ ကြည့်ရတယ်"

ရွှေတင်မှာ တကယ့် ဆန်စက်ပိုင်ရှင်ကြီးလို သည်ကိစ္စတွေမှာ နောကြေအောင် ကျွမ်းကျင်နေဟန်တူလေသည်။

"ဒါတွေ ရွှေတင်ကိုယ်တိုင် ဆင်းကြည့်တယ်လား"

"ကြီးကြီးဆင့်နဲ့ ရွှေရွှေပေါ့၊ ဒါပေမဲ့ ကြီးကြီးဆင့်က ရွှေရွှေလောက် နားမလည်ပါဘူး၊ ဒါကြောင့်ရွှေရွှေ့ကို ခေါ်ခေါ်သွားရတာပေါ့၊ ရွှေရွှေက တော့ လယ်ထဲက တလင်းထဲ ကြီးလာတာမဟုတ်လား၊ သူရင်းငှားတွေ လယ်သမားတွေ ဘယ်လိုနေရထိုင်ရတယ်ဆိုတာလဲ သိတယ်၊ သိရုံမဟုတ်ပါ ဘူးလေ၊ ရွှေရွှေ ကိုယ်တိုင် ဒီလိုနေလာခဲ့ရတာပဲ၊ တောပွဲစားတွေ စပါးကုန် သည်တွေ မြို့ပွဲစားတွေ ဘယ်လို ဈေးကစားတယ် ခေါင်းပုံဖြတ်တယ်ဆိုတာ လဲသိတယ်၊ ဒါကြောင့် စက်ထဲရောက်တော့ ရွှေရွှေ အသုံးကျနေတာပေါ့"

ရွှေတင်က ရယ်၍ပြောလိုက်သည်။ သို့ရာတွင် ရွှေတင့်ရယ်သံမှာ ခြောက်ခြောက်ကပ်ကပ်သာတည်း။ ရွှေတင်သည် တောပွဲစားတွေ၊ မြို့ပွဲစား တွေ၊ ဆန်စက်ပိုင်ရှင်တွေကို စိတ်နာသလိုလို ရှိလေသည်။ သူ့အဖေ၏ လယ်ကလေးတစ်ပွဲဆုံးကာ တစ်အိမ်လုံး လူတွေ ခလောက်ဆန်အောင် ခိုကိုးရာမဲ့ ဖြစ်ခဲ့ရသည်မှာ သင်းတို့လက်ချက်ကြောင့်များလားဟု ထင်နေ သည်။ ရွှေတင်အမုန်းဆုံးကား တောပွဲစား ကိုဖိုးရွှေ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးရွှေသည် စပါးပေါ် ချိန်တိုင်လျှင် ဇန်းမော်မွေးစုတ်တဘက်ကို ခေါင်းပေါင်းကာ စက်ဘီး တစ်စင်းဖြင့် တလင်းထဲသို့ရောက်လာတတ်သည်။ ကွမ်းအမြဲစားသဖြင့် သွားများမှာ သွားပိုးစားသလို မည်းနက်နေ၏။ သက္ကလတ်တိုက်ပုံ အကျီအနက်ကြီးသည် ဖားလျားကျနေ၏။ ကိုဖိုးရွှေ ဈေးနှိမ်သဖြင့် သူတို့ လယ်ကလေး တစ်ပွဲကို ကြီးကြီးဆင့်တို့ လက်ထဲသို့ ကြွေးဖြင့် အပ်လိုက်ရသည်။ ကြီးကြီးဆင့်တို့ကလည်း တစ်နှစ်ပြီးတစ်နှစ် တက်လာသောအတိုးများကို ဆွေမျိုးမို့ လျှော့လျှော့ပစ်၏။ သို့သော်လည်း ကြွေးမှာ အတိုးတွေလျှော့ပစ်သည့်ကြားထဲက တတိတိတက်လာကာ နောက်ဆုံး လယ်ကို ကြီးကြီးဆင့်တို့ လက်ထဲ အပ်ခဲ့ရလေသည်။ ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ်သည်မို့ ကြီးကြီးဆင့်တို့ကိုပင် ကျေးဇူးတင်ရသေး၏။ သို့တိုင်အောင် ကိုဖိုးရွှေကိုကား ရွံမုန်းကြီး ဖြစ်နေလေသည်။

"ကိုတောက်ထွန်းကကော မကြည့်ဘူးလား"

ခင်မောင်ဝင်းက မေးသဖြင့် ရွှေတင်က အဝေးသို့ ငေးနေရာမှ လှည့်ကာ ပြုံးလိုက်သည်။

"ကိုရင်က လူတစ်မျိုးအစ်ကိုရဲ့၊ သူက လယ်သမားတွေ သူရင်းငှားတွေကို စက်ပိုင်ရှင်တွေ ပွဲစားတွေက သိပ်ခေါင်းပုံဖြတ်တယ်၊ ဒါကြောင့်မို့ သိပ်ဆင်းရဲတယ်ဆိုပြီး နည်းနည်းပါးပါး အဖျင်းအမှော်ပါရင်လဲ မပြောဘူး၊ ဒီအတိုင်း ကြည့်နေလိုက်တာပဲ၊ ဒါကြောင့် ကြီးကြီးဆင့်ကိုယ်တိုင် ဆင်းကြည့်နေရတာပေါ့"

"ရွှေတင်တို့နဲ့ အမျိုးတော်တယ်နော်"

"နှစ်ဝမ်းကွဲ အစ်ကိုတော်တယ်အစ်ကို၊ ရှစ်တန်းမှာ တန်းလန်းနဲ့ ကျောင်းထွက်ပြီး တောမှာလယ်ထွန်နေတာ၊ နောက်တော့ဒီစက်က မန်နေဂျာက ငွေတွေသုံးသွားတာနဲ့ ထုတ်ပစ်လိုက်ပြီး အစ်ကို ကိုတောက်ထွန်းကို ခေါ်ထားတာ တနှစ်လောက်ပဲ ရှိဦးမယ်"

"လူကတော့ ကြည့်ရတာ သခင်ပေါက်စလိုလို ဘာလိုလိုပဲ"

ခင်မောင်ဝင်းစကားကြောင့် ရွှေတင်က ရယ်လိုက်၏။

ဝါးဖတ်ဦးထုပ် ပင်နီအကျီ ချည်လုံချည်ကိုဝတ်လေ့ရှိသော ကိုတောက်ထွန်း၏ ရုပ်ကို မြင်ယောင်လာပေသည်။

"ဟုတ်တယ် ဟုတ်တယ်၊ အစ်ကိုပြောတာ မှန်တယ်၊ သခင်နိုင်ငံရေး





သမားဂိုက်ပဲ၊ တောမှာနေတုန်းကလဲ လယ်သမားကြီးတွေ ကလေးတွေကို စာသင်ပေးတယ် အစ်ကိုရဲ့၊ သတင်းစာတွေလဲ စုံအောင်ဝယ်ပြီး သီးစားခ ဥပဒေကဘယ်လို လယ်ခွန်တော်က ဘယ်ညာနဲ့ လယ်သမားတွေကို ရှင်းပြတတ်တယ်၊ တစ်ခါတလေလဲ လယ်တွေကို ဘုံပစ္စည်းလုပ်ရမတဲ့၊ ဘုံဝါဒဆိုလား ဘာဆိုလား"

"ဟား ဟား၊ ဘုံဝါဒတဲ့၊ ဟား ဟား ဟား"

ခင်မောင်ဝင်းကား ဘုံဝါဒဆိုသော စကားလုံးကို သဘောကျကာ ခွက်ထိုးခွက်လန် ရယ်နေလေသည်။

စက်ဝင်းထဲသို့ ဝင်လိုက်သည်နှင့် ပြုတ်ဆန်နံ့မှာ စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ စပါးပုံကြီးများမှာ စက်ဝင်းဘေး ကွက်လပ်တွင် တောင်ကမူကြီးများလို မားမား မတ်မတ် ရပ်နေကြသည်။ ကူလီမိန်းမ ယောကျ်ားများက စပါးများကို နောက်ဖေး၌ စပါးစည်ကြီးများထဲသို့ ထမ်း၍ ပို့နေသည်။ စပါးများကို ခြင်လိုက်တိုင်း ဖုန်မှုန့်များက အလိပ်လိုက် ဝဲတက်လာကာ တထောင်းထောင်း ထလာကြသည်။ စက်မောင်းသံ၊ ကူလီများ၏ သီချင်းဆိုသံများသည် လင်ကွင်းကြီးနှင့် ပတ်မကြီးကို ရောမွှေ၍ တီးလိုက်သလို ဝါးဝါးထွေး၍ ထွက်ပေါ်လာလေသည်။ စက်ဝင်းထောင့်မှ ပြုတ်ဆန်ရည်များသည် အိုင်ထွန်းနေကြ၏။ ခိုတစ်အုပ်သည် စပါးစေ့များကို ကောက်စားနေကြလေသည်။

ခင်မောင်ဝင်းသည် လက်ကိုင်ပဝါဖြင့် နှာခေါင်းကို ပိတ်ထားကာ စပါးပုံကြီးကို ကွေ့ပတ်၍ လာခဲ့သည်။ ကာကီဖော့ဦးထုပ်၊ စပို့ရှပ်လက်တို၊ ကာကီဘောင်းဘီတို၊ ရှူးဖိနပ်ကို ဝတ်ထားကာ လက်ထဲက ချယ်ရီသား တုတ်ကောက်ကို ဝှေ့ယမ်း၍ လျှောက်လာလေသည်။

စပါးပုံကြီးတစ်ပုံ၏ တစ်ဘက်တွင်ကား နွားလှည်း ၁၅ စီးလောက်မှာ စီတန်း၍ ရပ်ထားပြီး မော်တော်လော်ရီကားကြီး လေးစင်းကလည်း စပါးပုံကြီးကိုပင် နောက်မြီးထိုးကာ စပါးများချနေ၏။ စပါးပုံဘေးတွင် ကတ္တားတစ်ခု ရှိလေရာ ကတ္တားဘေးတွင် ဝါးဖတ်ဦးထုပ် လက်ခေါက်တင်ထားသော ပင်နီရှပ်လက်ရှည်၊ ချည်လုံချည်အစိမ်းကွက်လုံးကြီးကို ဝတ်ထားသော ကိုတောက်ထွန်း၊ သက္ကလတ်အကျီ အပြာခပ်မွဲမွဲကိုဝတ်၍ သျှောင်တစ်ခောင်းပေါ်တွင် မွေးစုတ်တဘက်ကို ကပိုကရိုပတ်ထားကာ ချည်လုံချည်ကို ခါးပတ်



www.burmeseclassic.com

www.burmeseclassic.com



ပြားကြီးဖြင့် ပတ်ထားသော စပါးပွဲစား ကိုဖိုးရွှေ အထက်ပိုင်း ဗလာကျွင်းကာ မျက်နှာသုတ်ပုဝါများကို ခေါင်းပေါင်းထားကြသော လယ်သမားကြီး လေးငါးယောက်နှင့် သူတို့ကြားထဲတွင် ပိတ်အကျႌရင်ဖုံးကို လက်မောင်းထိ မ,တင်ကာ သရက်ထည်ထဘီ ခပ်တိုတိုဝတ်၍ မျက်နှာသုတ်ပုဝါကို ပေါင်းထားသည့် ရွှေတင်တို့ကို မြင်ရလေ၏။ ကိုတောက်ထွန်းက ခင်မောင်ဝင်းကို မြင်လိုက်သည်နှင့် ရွှေတင့်အနားသို့ ကပ်လာကာ တိုးတိုးလေသံဖြင့် "သွားသွား ရွှေတင်၊ ဟို ဘိုကြက်ချေး လာနေတယ်" ဟု ပြောလိုက်သဖြင့် ရွှေတင်က ကိုတောက်ထွန်းကို နှုတ်ခမ်းစူကာ မျက်စောင်းထိုး၍ ကြည့်လိုက်ပြီးမှ ခင်မောင်ဝင်းဆီသို့ ထွက်လာကာ နှုတ်ဆက်လိုက်သည်။

"အစ်ကို လမ်းလျှောက်လာတာလား"

ခင်မောင်ဝင်းက ထောင်းခနဲ အလိပ်လိုက် တက်လာသော ဖုန်မှုန့်များကို လက်ကိုင်ပုဝါဖြင့် ဝှေ့ယမ်းကာ ခေါင်းညိတ်၍ ပြလိုက်သည်။ ရွှေတင်မှာ တကယ့်လယ်သူမကြီး၊ တောသူမကြီးဟန် ပေါက်နေသည်။ သူ့အကျႌနှင့် နဖူးဆံစများပေါ်တွင် စပါးခွံများ၊ ဖုန်မှုန့်များ တွယ်ကပ်နေကြသည်။ ဖျော့ဝင်းသော မျက်နှာတွင် ချွေးသီးကလေးတွေ စို့နေကြသည်။

"ဒီနေ့ ကြီးကြီးဆင့် ဘာလို့ လိုက်မလာလဲ"

"သိပ်နေမကောင်းလို့တဲ့ အစ်ကို၊ ကြီးကြီးဆင့်က ပန်းနာရောဂါရှိတယ်၊ သူ့ရောဂါက သိပ်နေပူရင်လဲ မကောင်းဘူး၊ မိုးအေးရင်လဲ ရောဂါထတာပဲ၊ ဒါနဲ့ ရွှေရွှေတစ်ယောက်တည်း ထွက်လာတာ"

"ရွှေတင်တစ်ယောက်တည်း နိုင်ရဲ့လား"

"နိုင်ပါတယ် အစ်ကိုရဲ့၊ စပါးတောင်းကြီးတွေ ရွက်နေရတာမှ မဟုတ်ဘဲ၊ တင်းခြင်တာ ကတ္တားတင်တာ စောင့်ကြည့်ရုံပဲ ပြီးတော့ကိုရင်လဲ ရှိသားပဲဟာ"

ရွှေတင်က ကိုတောက်ထွန်းဘက်သို့ လှည့်ကြည့်ရင်း ပြောလိုက်သည်။ ရွှေတင်က ကိုတောက်ထွန်းကို ကိုရင်ဟု ခေါ်လေသည်။ ကိုတောက်ထွန်းနှင့် ကိုဖိုးရွှေသည် သူတို့ကို ကြည့်နေကြလေ၏။

"အစ်ကို စက်ထဲကို လျှောက်ကြည့်ပါလား၊ သေသေချာချာမကြည့်ရသေးဘူး မဟုတ်လား၊ အစ်ကိုတောက်ထွန်း လိုက်ပြနိုင်းပါလား၊ လာလာ အစ်ကိုတောက်ထွန်း အစ်ကို့ကို စက်ထဲလိုက်ပြပေးပါလား၊ စပါးခြင်တာ ရွှေတင်ကြည့်နေမယ်လေ"





ကိုတောက်ထွန်းက ပြုံး၍ခေါင်းညိတ်ကာ ခင်မောင်ဝင်းကို စက်ဘက်သို့ ခေါ်ဆောင်သွားသည်။ ကိုဖိုးရွှေသည် မည်းနက်နေသော သွားများပေါ်အောင် ပါးစပ်ကိုဖြဲ၍ ပါးစောင်ကြားထဲတွင်ညှပ်နေသော ကွမ်းဝါးဖတ်များကို လက်ညှိုးဖြင့် ကော်၍ထုတ်လိုက်ပြီး ခင်မောင်ဝင်းတို့ဘက်သို့ မေးငေါ့ကာ

"သူက ဘယ်သူလဲ မိန်းကလေး"

"ကြီးကြီးဆင့်ရဲ့တူ၊ ဘိလပ်က ပြန်လာပြီးတစ်ခါမှ မရောက်သေးဘူးဆိုလို့ ဒီကိုခေါ်လာတာ"

ရွှေတင်က ကိုဖိုးရွှေ အမေးအမြန်း ထူနေမည်စိုးသဖြင့် တပေါင်းတည်း ခပ်ပြတ်ပြတ် ဖြေလိုက်သည်။ ရွှေတင်သည် ကိုဖိုးရွှေကို သိပ်စကားမပြောချင်လှပေ။ သူ့စိတ်ထဲတွင် ကိုဖိုးရွှေသည် တောပွဲစားလူရှုပ်ဟု ထင်သည်။ ဆန်စက်နှင့် စပါးတလင်းကြားတွင် ကူးချည်သန်းချည်ဖြင့် သူ့အမေ၏ လယ်တစ်ပွဲကို ပြုတ်ပြုတ်ပြုန်းအောင် ဖြိုဖျက်မွှေခဲ့သူဟု သူထင်သည်။ ထို့ကြောင့် ကိုဖိုးရွှေကို ပြောစရာရှိလျှင် တိုတိုပြတ်ပြတ်သာ ပြောလေ့ရှိလေသည်။

ကိုတောက်ထွန်းမှာ ခင်မောင်ဝင်းကို စက်ထဲသို့ လိုက်ပြနေသည်။ သို့ရာတွင် ကိုတောက်ထွန်းက ခင်မောင်ဝင်းကို ဆက်ဆံပုံမှာ ခပ်မှန်မှန်သာတည်း။ ရိုင်းပြသည်လည်း မဟုတ်၊ ကျိုးနွံခြင်းလည်း မရှိ။ ကိုတောက်ထွန်းက စပါး ဖုန်ချစက်၊ လုံးတီး ဆန်ကြိတ်စက်စသည့် ဆန်စက်၏ယန္တရားများကို အဆင့်ဆင့်ပြသွားသည်။

"ဟောဒါက ဇလားလို့ခေါ်တယ်၊ ဒါက ခပ်ခွက်၊ ခပ်ခွက်အောက်က ဖုန်ချစက်၊ အဲဒီဖုန်ချစက်နဲ့ ချလိုက်တော့မှ ဖုန်တွေ အမှိုက်သရိုက်တွေ၊ သံတိုသံစတွေ ထွက်ပြီး စပါးသန့်ချည်းပဲ ကျန်ရစ်ခဲ့တယ်"

ခင်မောင်ဝင်းက ငုံ့ကြည့်ကာ ခေါင်းညိတ်နေသည်။ သို့ရာတွင် စက်နားသို့ မကပ်ပေ။ စက်မှာ ဆီချေးများ၊ ရေနံချေးများဖြင့် ပေကျံလျက်ရှိ၏။

"အဲဒီ စပါးသန့်ကို ဒီမြောင်းအတိုင်း ကြိတ်စက်ကို ပြန်ပို့ရတယ်။ ကြိတ်စက်အပေါ်ဆုံး ကတော့လေးက ငါးပုံကျောက်လို့ခေါ်တယ်။ သူ့အောက်က ခပ်ပက်ပက်ဟာက ထိုးဆန်ခါ၊ အောက်က လေးထောင့်ဟာက တိုက်ရဟတ်လို့ခေါ်တယ်။ စပါးခွံတွေကို မှုတ်ထုတ်ပစ်တာပေါ့။ အောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကခွက်က ဗီးလတ်ဆန်ခါလို့ခေါ်တယ်။ ဗီးလတ်ဆန်ခါကထွက်တော့ လုံးတီးဆန်ဘဝကို ရောက်သွားပြီး အဲဒီလုံးတီးဆန်ကို ဆန်ဖြူကြိတ်တဲ့စက်ကို တစ်ခါပို့ရပြန်တယ်။ ထိပ်ဆုံးက ကြိတ်ပြားထဲ ထည့်ပြီး ဆန်လုံးတီးကို ဆန်ဖြူဖြစ်အောင် ဖွပ်ရတယ်။ အဲဒီကျောက်ကို ထပ်ချောကျောက်လို့ခေါ်တယ်။ တစ်ခါ နောက်တစ်ကြိမ် အောက်က ကျောက်ပြားထဲထည့်ပြီး ဖွပ်ရသေးတယ်။ အဲဒီဟာကို ဆန်ဖြူကျောက်လို့ခေါ်တယ်။ အဲဒီကမှတစ်ခါ အောက်က လေးထောင့် ပုံးကြီးထဲကို ရောက်သွားတယ်။ ဒီပုံးကြီးကိုတော့ ဝိုင်းဆန်ခါလို့ ခေါ်တယ်။ အဲဒီကမှ ဆန်ဖြူထွက်လာတာပဲ။ ဆန်ဖြူမှာ ဆန်ရင်းရယ်၊ ဆန်လတ်ရယ်၊ ဆန်ကွဲရယ် ထွက်လာတယ်။ ဆန်ရင်းဆိုတာက ပကတိဆန်ပေါ့။ ကျန်တာတွေက နည်းနည်းကြေသွားတော့ ဆန်လတ်ထဲသွားတယ်။ တော်တော်ကြေတဲ့ ဆန်ကျတော့ ဆန်ကွဲထဲသွားတယ်။ ဖွဲနုက ဟိုအပေါ်ဆုံး တစ်ထပ်ချောကျောက်နဲ့ တွေ့ကတည်းက သပ်သပ်ထွက်လာတာ"

ကိုတောက်ထွန်းက ဆန်ဖြစ်လာပုံ အဆင့်ဆင့်နှင့် စက်ယန္တရားများကို ညွှန်ပြရင်း ပြောပြသွား၏။ ခင်မောင်ဝင်းမှာ နားမလည်တလည်ဖြင့် လိုက်၍ နားထောင်နေသည်။ မွေးလာကတည်းက ဆန်ကို စားလာရသော်လည်း စပါးကိုဘယ်လိုစိုက်၍ ဆန်ဘယ်လိုထွက်အောင် လုပ်ရသည်ကို တစ်ခါမျှ မသိခဲ့ပေ။ သိအောင်လည်း မစဉ်းစား၊ အမှုမဲ့ အမှတ်မဲ့သာ နေခဲ့လေသည်။

"ကိုတောက်ထွန်းက တော်တော်နားလည်နေပြီနော်"

ခင်မောင်ဝင်းက ကိုတောက်ထွန်းဘက်သို့ လှည့်ကြည့်ပြီး မေးလိုက်၏။ ကိုတောက်ထွန်းကို အရင်တစ်ခေါက် ရွှေတင်နှင့် စက်ထဲအလည်ရောက်ကတည်းက လေ့လာကြည့်မိခဲ့သည်။ ကိုတောက်ထွန်းမှာ အရပ်မောင်း ကောင်းကောင်း၊ ကိုယ်လုံးပြားပြားနှင့် ဖြစ်၏။ နဖူးပြင်သည် ကျယ်ပြန့်ကားတက်ကာ အောက်မျက်နှာတစ်ခြမ်းထက် အနည်းငယ်မြင့်တက်နေသည်ဟု ထင်ရသည်။ မျက်ခုံးထူကြီးအောက်က မျက်လုံးများမှာ တောက်ပြောင်နေကြ၏။ အသားမှာ နေလောင်သဖြင့် နီညိုညိုဖြစ်နေ၏။ တော်တော့်အကြမ်းပတမ်းကို ခံနိုင်သည့် ရုပ်မျိုးပေတည်း။ သည်အထဲတွင် ဝါးဦးထုပ်၊ ပင်နီအင်္ကျီလက်ရှည်နှင့် ဘုံဘိုင်ရေ ညှပ်ဖိနပ်ကို အမြဲစီးထားတတ်သည်။





"နားလည်တယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ကိုယ်က ဒါနဲ့ ထမင်းစားနေရတာဆိုတော့ နည်းနည်းပါးပါးပြောပြတတ်အောင် လေ့လာထားရတာပေါ့။ ကိုယ့်ကို ထမင်းကျွေးနေတဲ့ အလုပ်အကြောင်းကို ရေရေလည်လည် မသိဘူးဆိုရင် ရှက်စရာကောင်းလွန်းလို့"

ကိုတောက်ထွန်းက သဘောရိုးနှင့် ပြောလိုက်သော်လည်း ခင်မောင်ဝင်းမှာ သူ့ကိုစောင်းမြောင်း ပြောလိုက်လေသလားဟု စိတ်ထဲတွင် မျက်ခနဲ ဖြစ်သွားမိလေသည်။ ကိုတောက်ထွန်းဟန်ပန်မှာ ရိုးရိုးသားသား ထင်မြင်ချက်ကို ဖွင့်ပြောနေသောဟန်ဖြစ်သည်။ ခင်မောင်ဝင်းကို ရှိသည်ဟုပင် အောက်မေ့ဟန်မတူပေ။

"လူတွေဟာ တော်တော်ခက်တယ်။ ကိုယ့်ကို ထမင်းကျွေးကျွေးနေတယ်ဆိုတာလဲ မစဉ်းစားမိကြဘူး၊ ကိုယ့်ကို ထမင်းကျွေးနေတဲ့ အလုပ်အကြောင်းကိုလဲ နားမလည်ကြဘူး၊ အေးလေ ကိုယ့်ဘဝကိုလဲ ပြန်စဉ်းစားကြတာ မဟုတ်ပါဘူး၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားပဲ၊ တခြားလူတွေအပေါ်မှာ ဘယ်လိုခေါင်းပုံဖြတ်ပြီး ကိုယ်ချမ်းသာအောင် ဘယ်လိုလုပ်ကြမလဲ ဆိုတာလောက်ကိုပဲ တွေးနေကြတာပဲ။ ကိုယ်ကောင်းစားမယ်ဆိုရင် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ စဉ်းစားမနေတော့ဘူး၊ လုပ်လိုက်ကြတာပဲ"

ခင်မောင်ဝင်းသည် ဘာမျှမပြောသာ ကိုတောက်ထွန်းကိုသာ လှမ်းကြည့်လိုက်သည်။ ကိုတောက်ထွန်းမှာ ဣန္ဒြေမပျက်ပင် ရှိနေသည်။

"ကဲ လာ လာ၊ ပြုတ်ဆန် ပြုတ်တဲ့ ကန်ဘက် သွားကြည့်ကြဦးစို့"

ကိုတောက်ထွန်းက စက်ထဲမှ ထွက်ကာ စက်ဘေးတစ်နေရာ၌ ပြုတ်ဆန်ပြုတ်သည့် ကန်ဘက်သို့ခေါ်သွားသဖြင့် ခင်မောင်ဝင်းမှာ လိုက်လာရပြန်သည်။ ပြုတ်ဆန်ပြုတ်ကန်ကြီးကို ဆယ့်နှစ်ပေလောက်မြင့်သည့် အုတ်အင်္ဂတေများ ကာရံထားကာ အလယ်လောက်တွင် အုတ်လှေကားထစ်များ တပ်ဆင်ထားသည်။

"အဲဒါ ပြုတ်ဆန်ပြုတ်တဲ့၊ ဒီထဲမှာ အပူချိန် တစ်ရာကျော်ကျော်လောက်ရှိတဲ့ ရေပူကိုလွှတ်ပေးပြီး တစ်ရက်ခွဲလောက် စိမ်ထားရတယ်။ ဟိုကမြင်ရတဲ့ ပေါင်းချောင် အဝိုင်းကြီးတွေထဲထည့်ပြီး ခပ်မျှင်းမျှင်း ပေါင်းတိုက်ပေးရတယ်။ ပေါင်းတိုက်ပြီးတော့မှ ဖျာနဲ့ထုတ်ပြီးနေပူလှမ်းပေးရတယ်"

ပြုတ်ဆန်ဘက်မှ အနံ့မှာ စူးစူးဝါးဝါးကြီး တိုးဝင်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းသည် လက်ကိုင်ပဝါဖြင့် နှာဝကို ပိတ်ထားလိုက်သည်။ ကိုတောက်ထွန်းကား သာမန်လေကို ရှူရှိုက်ရသကဲ့သို့ပင် ဣန္ဒြေမပျက်၊ နှာခေါင်းလည်း မပိတ်၊ မျက်နှာလည်း မရှုံ့ပေ။

"ဒီပြုတ်ဆန်ကို မနံအောင်လုပ်တဲ့နည်း မရှိတော့ဘူးလား"

ခင်မောင်ဝင်းက လက်ကိုင်ပဝါဖြင့် ပိတ်ထားရင်းက မေးလိုက်သည်။ ကိုတောက်ထွန်းက ခေါင်းယမ်း၍ ပြုံးကာ . . .

"ဟင့်အင်း မရဘူး၊ အရင်တုန်းကတော့ စိုက်ပျိုးရေးဝန် ချာလတန်ရဲ့နည်းရှိတယ်။ ချာလတန်ရဲ့နည်းက ခုလောက်တော့ မနံဘူး။ ဒါပေမဲ့ သူ့နည်းလဲ နည်းနည်းနံသေးတာပဲ။ လုံးလုံးတော့ မပျောက်ဘူး။ အစိုးရကလဲ ဆန်တွေ ပြုတ်ဆန်ပြုတ်တဲ့အခါမှာ ချာလတန်ရဲ့နည်းကို လိုက်နာကျင့်သုံးအောင်တိုက်တွန်းဖို့ မြူနီစီပယ်အဖွဲ့တွေကို အာဏာတွေ အပ်နှင်းထားတယ်။ ဒါလဲ မြူနီစီပယ်တွေက ထိထိရောက်ရောက် မသုံးကြဘူး။ ခုနောက်ဆုံးပေါ် စက်တွေမှာတော့ အပူငွေ့နဲ့ ပြုတ်ကြတယ်လို့ ပြောတာပဲ။ အင်္ဂလိပ်ပိုင်တဲ့ စက်ကြီးတွေ တချို့မှာ သုံးနေကြပြီ။ ခက်တာက ကျုပ်တို့ ဗမာဆန်စက်ပိုင်တွေက သိပ်ကြီးကြီးကျယ်ကျယ် မလုပ်ကြဘူး။ ဘလုပ်ဘရားသားတို့၊ စတီးတို့၊ အာရကန် ကုမ္ပဏီတို့၊ အင်္ဂလိုဘားမား ကုမ္ပဏီတို့က လွှမ်းမိုးနေကြတယ်။ သူတို့က ဗမာဆန်စက်၊ ဗမာမြေပိုင်ရှင်တွေကို နှိမ်တယ်။ ဗမာဆန်စက်ပိုင်တွေ၊ မြေပိုင်ရှင်တွေက အလတ်တန်းစား မြေရှင်တွေနှိမ်၊ သူတို့က လူချမ်းသာ လယ်သမားတွေနှိမ်၊ သူတို့က ဆင်းရဲသား လယ်သမားနှိမ်၊ ဆင်းရဲသား လယ်သမားက ကူလီတွေ၊ တာရင်းငှားတွေနှိမ်၊ တစ်ဆင့်တစ်ဆင့်နှိမ်ပြီး နိုင်ရာစားနေကြတာပဲ။ အမှန်က နိုင်ငံခြားကုမ္ပဏီတွေ၊ စပါးဒိုင်တွေကို မရှိမှကောင်းမှာပဲ"

ကိုတောက်ထွန်းမှာ ပြောရင်းစိတ်ထက်သန်လာသည်။ မျက်လုံးများမှာ တောက်ပလာကြကာ မေးရိုးကြီးများ ဖုလာပေသည်။ ခင်မောင်ဝင်းက လက်ကိုင်ပဝါကို နှာခေါင်းမှ ခွာလိုက်သည်၊ ပဝါအဖြူနှင့် လေအရှူမှာ တစ်ချိန်တည်းဖြစ်သွား၍ ပြုတ်ဆန်နံ့ကြီးတိုးဝင်လာပြန်သဖြင့် ခပ်မြန်မြန် ပိတ်လိုက်ရပြန်သည်။ ခင်မောင်ဝင်းက ကိုတောက်ထွန်းကိုကြည့်ကာ

"ခင်ဗျားကော ဒီအနံ့ကြီး မနံဘူးလား"

"ဟဲ ဟဲ ဟဲ၊ နံတော့ နံတာပေါ့၊ နံပေမဲ့ မတတ်နိုင်ဘူး၊ ဒီလိုနေရတာပဲ"





"ကြာတော့လဲ ယဉ်သွားပါပြီ၊ ကျွန်တော်တို့ကမှ တော်သေး၊ စက်ထဲက ကူလီတွေကျတော့ ဒီပြုတ်ဆန်တွေကို ထမ်းပိုးနေကြရတာပဲ၊ ဒီလိုပဲ ကြာတော့ယဉ်သွားကြရတာပေါ့။ ဒီပြုတ်ဆန်နံ့ နံတာ ဘာဟုတ်သေးသလဲ၊ ပြုတ်ကန်ထဲကို စပါးလောင်းထည့်ရတာက ဒီ့ထက်ဆိုးသေး၊ အုတ်ဘောင်ကျဉ်းကျဉ်းကလေးပေါ် ကနေပြီး စပါးတွေ လောင်းထည့်ရတာ မဟန်နိုင်ရင် လူပါကျသွားနိုင်တယ်"

သူတို့နှစ်ယောက်သည် ပြုတ်ကန်ဘက်မှ ပြန်လှည့်လာခဲ့ကြလေသည်။ ပြုတ်ကန်၏ ဟိုမှာဘက်တွင် ဆန်စက်ဝင်းထရံရှိ၍ ခပ်လှမ်းလှမ်းတွင် ရန်ကုန်-မန္တလေး မီးရထားသံလမ်းကို မြင်ရ၏။ ကျွဲလူးအိုင်ထဲတွင် ကျွဲနှစ်ကောင် လူးနေကြလေ၏။ ခင်မောင်ဝင်းက ကိုတောက်ထွန်းမှာ ထောင့်မကျိုးသူ၊ လူ့သဘောကို နားမလည်သူဟု ထင်လာလေသည်။

"လူတွေဟာ ကိုယ်ချမ်းသာအောင် လုပ်နေကြတာပဲ၊ ကိုယ်ချမ်းသာမယ်ဆိုရင် တရားသည်ဖြစ်စေ၊ မတရားသည် ဖြစ်စေ အကုန်လျှောက်လုပ်ကြတာပဲ"

စောစောက ကိုတောက်ထွန်း ပြောသည့်စကားများမှာ သူတို့ဆွေမျိုးတစ်သိုက်ကို စောင်းပါးရိပ်ခြည်ပြောလိုက်ခြင်းဖြစ်သည်ဟု ထင်နေလေသည်။

"ဒါထက် ကိုတောက်ထွန်းက သခင်လား"

ဆန်စက်ကြီးကိုကွေ့ကာ စပါးပုံများဘက်သို့ လျှောက်လာကြလေသည်။ လော်ရီကြီးများပေါ်မှ စပါးများ ခြင်တွယ်ပြီးနေပြီဖြစ်၏။ ခင်မောင်ဝင်းသည် ကိုတောက်ထွန်းကို လှမ်းမေးကာ တဝူးဝူး မောင်းထွက်သွားကြသော လော်ရီကားကြီးများကို ငေးကြည့်နေပေ၏။ ကိုတောက်ထွန်းက ပြုံးလိုက်ကာ

"ကျုပ် သခင် မဖြစ်သေးပါဘူး၊ သခင်ဝါဒကို သဘောကျတဲ့ သာမန်လူတစ်ယောက်ပါ"

ကိုတောက်ထွန်းက ဝါးဖတ်ဦးထုပ်ကို ချွတ်ကာ ခေါင်းမှ ချွေးများကို လက်ဝါးဖြင့် သုတ်လိုက်သည်။ သူ့နဖူးတွင် ချွေးပေါက်တွေ သီးနေလေသည်။ ခင်မောင်ဝင်းက လက်ထဲတွင် ကိုင်လာသော ချယ်ရီသားလက်ကိုင်တုတ်ကို ဝှေ့ယမ်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင်ဝါဒကို တော်တော် လေ့လာပြီးပြီ ဆိုပါစို့"

"သိပ်တော့ မလေ့လာရသေးပါဘူး၊ လေ့လာတုန်းပါပဲ"

"နေပါဦး၊ နားမလည်လို့ မေးစမ်းပါရစေ၊ ခင်ဗျားတို့ အင်္ဂလိပ်အစိုးရကို ဘာကြောင့် မကျေနပ်တာလဲ"

ခင်မောင်ဝင်း၏ မေးခွန်းကြောင့် ကိုတောက်ထွန်းသည် ထောင်းခနဲ ဖြစ်သွားသည်။ မေးခွန်းမှာ သက်သက် ရန်စကားမေးခွန်းဟုလည်း ထင်နေမိသည်။ မေးခွန်းမှာ လွယ်သလိုလို ရှိသော်လည်း အဖြေရခက်သော မေးခွန်းဖြစ်ပေသည်။

"ဗို့ အများကြီးပဲ၊ ကျုပ်တို့တောက လယ်သမားတွေ ကြွေးတင်ကျွန်ဖြစ်ရတာ ဒီ ခွေးမသားတွေကြောင့်"

ကိုတောက်ထွန်းက ဒေါသထွက်ထွက်ဖြင့် ဖြေမိဖြေရာ ဖြေလိုက်သည်။ ခင်မောင်ဝင်းက ပြုံးကာ

"အစိုးရဘက်ကနေလဲ ကြည့်ဦးလေ၊ မြေတွေကို တောင်သူလယ်သမားတွေကို ပေးခဲ့တယ်မဟုတ်လား။ စကွပ်တာနည်း၊ ပတ္တာနည်း၊ မြေငှားနည်း၊ ဂရန်နည်း၊ ကိုလိုနီနည်းဆိုပြီး အမျိုးမျိုးနဲ့ မြေတွေကို ထွန်ယက်စေခဲ့တယ်။ သီးစားသမားတွေကိုလဲ ၁၈၉၂ ခု ဥပဒေကြမ်းကစပြီး ၁၉၂၇ ခုနှစ်အထိ ဥပဒေကြမ်းတွေ အမျိုးမျိုးတင်ပေးခဲ့တယ်။ ဒါတင်မကဘူး၊ ဖေဖေ မဆုံးခင်တုန်းက ရှေ့နှစ်မှာ မျှတတဲ့ သီးစားချ ဥပဒေတင်ဖို့ အစီအစဉ်ဆွဲခဲ့တယ်။ အဲဒါရှေ့နှစ်လောက်ဆိုရင် အကောင်အထည်ပေါ်မှာပဲ။ ပြီးတော့ အမတော်ကြေးဆိုလဲ ထုတ်ပေးခဲ့တာပဲ မဟုတ်ဖူးလား။ တောက လယ်သမားတွေက ကိုယ့်ဘာသာကိုယ် မူးယစ်သောက်စားပြီး"

"ဒီမှာ ခင်ဗျားတို့ အမတော်ကြေးက ဘယ်လောက်များထုတ်ပေးလို့လဲ။ ဒီအမတော်ကြေးက မြေခွန်၊ လူခွန်သဿမေဓခွန်တွေပေးရတာနဲ့ ကုန်နေပြီ။ ခင်ဗျားပြောသလို အစိုးရက မြေပေးပေမဲ့ အတိုးကြီးစားတွေကြောင့် ကျုပ်တို့ တောသားတွေရဲ့မြေတွေ လယ်မလုပ်ဘဲ ခေါင်းပုံဖြတ်တဲ့ မြေရှင်တွေ လက်ထဲ ရောက်ကုန်ခဲ့ရတာပဲ၊ မနှစ်ကအထိ အောက်မြန်မာပြည်မှာရှိတဲ့ လယ်ဧကရဲ့ ခြောက်ရာခိုင်နှုန်းကို မြေရှင်တွေက ပိုင်တယ်။ ဒီထဲ ဘလုပ်ဘရားသားတို့၊ ဘူလင်ဂျာပူးတို့လို မျက်နှာဖြူတွေနဲ့ မြန်မာမြေရှင်ကြီးတွေ ပေါင်းပြီး စပါးဈေးကို ကစားလိုက်ကြသေးတယ်။





၁၉၃၀ ခုနှစ် ဆရာစံသူပုန်ပြီးကတည်းက ဆန်ဈေးဟာ ပြန်မတက်လာတော့ဘူး။ ၈၂ ကျပ်ဈေးနဲ့ ၈၅ ကျပ်ဈေးပဲရှိတယ်။ ၁၉၃၄ ခုနှစ်က ၅၆ ကျပ်ဈေးထိအောင် ဆင်းသွားသေးတယ်။ ဒီလောက်ရမယ့် စပါးဈေးနဲ့ ဘယ့်နှယ်လုပ် နာလံထူတော့မလဲ"

နှစ်ယောက်သား စကားတပြောပြောနှင့် စပါးပုံကြီးနားသို့ ရောက်လာသဖြင့် စကားပြတ်သွားကြသည်။ ရွှေတင်ကား ကတ္တားကို ငုံ့ကြည့်နေရာမှ ခင်မောင်ဝင်းဘက်လှည့်ကာ -

"ဘယ့်နှယ်လဲ အစ်ကို၊ စက်ထဲကိုနှံ့အောင် ကြည့်ပြီးပြီလား"

ခင်မောင်ဝင်းက ပြုံးစနဲ့နဲ့ဖြင့်

"စက်ထဲလဲ ကြည့်ပြီးပါပြီ၊ ဟောဒီက ကိုတောက်ထွန်း တရားဟောတာလဲ နားထောင်ခဲ့ရပါပြီ"

ရွှေတင်ကပြုံးကာ ကိုတောက်ထွန်းကို ကြည့်လိုက်၏။ ကိုတောက်ထွန်းကား ပြုံးလည်း မပြုံး၊ ရယ်လည်း မရယ်။ သူ့မျက်နှာမှာ သုန်မှုန်၍ပင် နေလိုက်သေး၏။

"အစ်ကို ပြန်ချင် ပြန်တော့လေ။ ရွှေရွှေတော့ နည်းနည်းနောက်ကျလိမ့်မယ်"

ရွှေတင်က လှမ်းပြောလိုက်သဖြင့် ခင်မောင်ဝင်းသည် ရွှေတင်နှင့် ကိုတောက်ထွန်းကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ လက်ထဲက တုတ်ကောက်ဖြင့်လည်း မြက်ရှည်ပင်များ၊ ကပ်စေးနဲပင်များကို ရိုက်ချသွားသည်။

"နင့်လူကိုက ဘိုကြက်ချေးလို့ဝတ်ပြီး အင်္ဂလိပ်စိတ်ပေါက်နေတာ"

ကိုတောက်ထွန်းက ခင်မောင်ဝင်း၏ ကိုယ်နောက်ပိုင်းကို လှမ်းကြည့်ကာ အနားသို့ ရောက်လာသော ရွှေတင်ကို လှမ်းပြောလိုက်သည်။ ရွှေတင်က မျက်စောင်းလေးထိုးကာ . . .

"ဘာနင့်လူလဲ၊ ရွှေရွှေနဲ့ ဘာဆိုင်တာမှတ်လို့၊ ကိုရင့်လူပါ။ ကိုရင့်အချစ်တုံး အချစ်ခဲကြီး။ ကိုင်း သိပလား"ဟု ဆိုကာ ကိုတောက်ထွန်းကျောကို လှမ်း၍ ထုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

တကယ်တော့ အရွှေသည် ကိုတောက်ထွန်း၏ ကျောကို ထုနေခြင်း မဟုတ်ပါ။ သူကိုင်ထားသော တရားခံဝက်ခြံ လက်တန်းကိုလက်သီးဆုပ် ကလေးများနှင့် မသိမသာ ထုနေမိခြင်းသာ ဖြစ်ပါ၏။ သူရောက်နေသော နေရာမှာ ဖြူးက ဒေါ်မြဆင့်၏ စပါးစက်လည်းမဟုတ်ဘဲ ပုလိပ်ရုံးကြီး၏ ရုံးခန်းတစ်ခန်း၌သာဖြစ်လျက် ကြားနေရသော အသံများကလည်း စပါးခြင်တွယ်သံ၊ ကူလီများစကားပြောသံတို့ မဟုတ်ဘဲ တရားသူကြီး၏ လက်နှိပ်စက်ရိုက်သံနှင့် ရှေ့နေများ၏ မေးမြန်းသံတို့သာ ဖြစ်ပေသည်။

သည်တော့မှ အရွှေသည် သက်ပြင်းကို ဟင်းခနဲချလိုက်သည်။ တရားလိုအစိုးရရှေ့နေကြီးနှင့် တရားခံရှေ့နေကြီးတို့မှာ ဝက်ရုံနက်ကြီးများကို မြဲကာ ဥပဒေစာအုပ်များ၊ အမှုတွဲများကို ပိုက်ကာ စားပွဲတွင် မတ်တတ်ရပ်နေကြပေပြီ။ တရားလို ကိုဘကျော်မှာ သက်သေခုံပေါ်မှ ဆင်းနေပေပြီ။

"ကဲ ရုံးဆင်းချိန်ရောက်နေပြီ၊ တရားလိုပြသက်သေ အမှတ် ၂ ကို တနင်္လာနေ့မှာ ဆက်စစ်မယ်"

တရားသူကြီးက ပြောလိုက်သဖြင့် ရှေ့နေစာရေးများက ဒိုင်ယာရီတွင် ရက်ချိန်းကို ရေးမှတ်နေကြသည်။

တရားသူကြီး တရားခွင်မှ ဆင်းသွားသည်နှင့် ဂျူရီလူကြီးများကလည်း တရားခွင်မှ စီတန်း၍ ဆင်းသွားကြသည်။ ခင်မောင်ဝင်းသည် အရွှေကို တစ်ချက်မျှသာ လှည့်ကြည့်လိုက်ပြီး တရားခွင်ပေါ်မှ ဆင်းသွားလေ





သည်။ သူ့ စိတ်ထဲတွင် အရွှေမှာ ရွှေတင်ပဲလားဟု ဝေခွဲမရအောင် ဖြစ်နေသည်။ သို့ရာတွင် သည်အတွေးကို ကြာရှည်လက်မခံဘဲ မောင်းထုတ်လိုက်သည်။ ဟင်းခနဲ ချလိုက်သော သက်ပြင်းနှင့်အတူ အတိတ်က ကားချပ်များသည် ခင်မောင်ဝင်း၏ စိတ်ထဲမှ လွင့်သွားကြလေသည်။

ခင်မောင်ဝင်းသည် ပုလိပ်ရုံး တောင်ဘက်၌ ရပ်ထားသော ကားကို ကိုယ်တိုင်မောင်း၍ ထွက်လာခဲ့သည်။

ကောင်းကင်မှာ မိုးသားများ ကင်းရှင်း၍ ကြည်လင်နေပေသည်။ အရှေ့ဘက် မိုးကုတ်စက်ဝိုင်းတွင် တိမ်တောင်များသည် တရိပ်ရိပ်လွင့်နေကြသည်။ တိမ်တောင်များဆီသို့ နေမင်းသည် အရောင်မျိုးစုံကို လွှတ်လျက်နေလေသည်။ တိမ်တောင်တစ်ဖက်အဖျားပိုင်းသည် ပန်းနုသွေးရောင်ပြေးလျက်ရှိပြီး တစ်ဖက်အဖျားမှာ ရွှေဝါသွေးဖြင့် မှုန်းထားသလို ဖြစ်နေသည်။ နေမင်း၏ ရောင်ခြည်များတွင် ရွက်သစ်တို့သည် ပိုသစ်နေ၍ မြရောင်အစိမ်းဖြင့် လက်နေကြလေသည်။

ခင်မောင်ဝင်းသည် ကားကို ကန်တော်ကြီးဘက်သို့ မောင်းလာခဲ့လေသည်။ ကန်တော်ကြီး ရေပြင်တွင် တိမ်ရောင်စုံတို့သည် အလှကြည့်နေကြသည်။ စိမ်းညိုသော သစ်ပင်အုပ်များ အလယ်မှ ရွှေတောင်ကြီးလို ထိုးထွက်နေသော ရွှေတိဂုံစေတီတော်ကို မြင်ရလေသည်။ ဆေးစုံခြယ်ထားသည့် တိမ်တောင်များမှာ နောက်ခံကားကြီးလို ဖြစ်နေပေသည်။

သည်လို သာယာသောအချိန်တွင် ခင်မောင်ဝင်းသည် ရုံးတွင်တွေ့ရသော အနိဋ္ဌာရုံတွေကို မေ့သလိုဖြစ်သွားလေသည်။ သူ့စိတ်သည် ငှက်တောင်လေးလို ပေါ့ပါးလာသည်ဟု ထင်ရသည်။ စိတ်ထဲတွင်သာ ပေါ့ပါးလာသည် မဟုတ်ပါ။ ကန်တော်ကြီးကိုဖြတ်၍ တိုက်လာသည့် ညနေခင်းလေပြည်ကြောင့်လည်း ကိုယ်ခန္ဓာပါ လန်းဆန်းလာသည်ဟု ထင်မှတ်လိုက်ရသည်။

ကန်တော်ကြီးစောင်း ကုန်းမြင့်ပေါ်တွင် ဆောက်ထားသည့် နှစ်ထပ်တိုက် ဆင်ဝင်အောက်သို့ ကားထိုး၍ ရပ်လိုက်သည်နှင့် လာကြိုနေသော စူစီကို အဆင်သင့်တွေ့ရပေသည်။

စူစီသည် ဆံပင်ကို ကျစ်ဆံမြီးထုံးကာ ခွဲချထားပြီး ဖဲပြားပွင့်ဖိနပ်ကြီးများကို လိပ်ပြာပုံဖော်၍ စည်းထားသည်။ နှုတ်ခမ်းကို နီရဲစွာ ဆိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လှပစွာပန်းထိုးထားသော ပိုင်သားရင်စေ့အင်္ကျီကို ဝတ်ထားပြီး အဝါနုရောင် ပိုးတွန့်လုံချည်ကို ဝတ်ဆင်ထားသည်။ ဖွံ့ထွားလုံးကျစ်သော တင်သားများ သည် ပိုးတွန့်လုံချည်အတွင်းမှာ တင်းရင်းနေသည်။ လိပ်ပြာပုံ ဖဲပွင့်ကြီး များသည် တင်ပါးပေါ်တွင် ဝဲပျံနေကြလေသည်။

စူစီကို မြင်လိုက်ရသောအခါ ခင်မောင်ဝင်း၏ စိတ်သည် ပို၍ လန်း ဆန်းလာသည်ဟု ထင်ရပေ၏။

"ပေါ်လာသေးသကိုး၊ ဒီမှာဖြင့် စောင့်လိုက်ရတာ၊ အချိန်တောင်နီး နေပြီ"

စူစီက လက်တွင် ကြိုးနက်ကလေးဖြင့် ပတ်ထားသည့် လက်ပတ်နာ ရီကလေးကို ငုံ့ကြည့်ကာ ပြောလိုက်၏။ စူစီ၏ နီရဲသောနှုတ်ခမ်းများမှာ ဖူးငုံကလေးလိုစူနေ၏။ အသံကလည်း နွဲ့ဆိုးဆိုးသံ ပါနေလေသည်။

ခင်မောင်ဝင်းက ပြုံး၍ကြည့်ရင်း

"စောပါသေးတယ် စူစီရဲ့၊ ဘိုင်စကုတ်က ခြောက်နာရီခွဲမှပါ၊ ရုံးဆင်း ဆင်းချင်း လာခဲ့တာပဲ"

စူစီနှင့် ခင်မောင်ဝင်းသည် လက်ျာဘက်အစွန်ရှိ ဧည့်ခန်းသို့ ဝင်လာ ခဲ့ကြသည်။

စူစီ၏ မိဘများမှာ အငြိမ်းစား အရေးပိုင် ဦးထွန်းမင်းနှင့် ဒေါ်ခင် ခင်လေးတို့ဖြစ်ကြသည်။ ဦးထွန်းမင်းမှာ ကေ၊ အက်(စ်)၊ အမ်၊ အော၊ တီ၊ အမ်၊ ဘွဲ့ကို ရထားသူဖြစ်ပြီး ဒေါ်ခင်ခင်လေးမှာ မင်းမျိုးမင်းနွယ်ထဲကဖြစ် သည်။ မင်းမျိုးဖြစ်သော်လည်း မြန်မာဇာတိ၊ မြန်မာဟန်တို့ မရှိတော့ပြီ။ သူ့ညီမတစ်ယောက်မှာ အင်္ဂလိပ်အရာရှိတစ်ဦးနှင့်ပင် လက်ဆက်လိုက်သေး ၏။ မင်းမျိုးဟူသော အမည်သာရှိသော်လည်း ဒေါ်ခင်ခင်လေးမှာ အနောက် အမူအရာ၊ အနောက်ဟန်၊ အနောက်ယဉ်ကျေးမှုကို အထင်ကြီးသူ ဖြစ်ပေ ၏။ သူကိုယ်တိုင်က အင်္ဂလိပ်ကျောင်းထွက်ဖြစ်ပြီး သမီးကိုလည်း အင်္ဂလိပ် မယ်သီလရင်ကျောင်းတွင် ထားလေသည်။

ဧည့်ခန်းတွင် ရှေးမြန်မာ အဝတ်အစားနှင့် မိန်းမကြီးတစ်ဦး၏ ပုံကို ချိတ်ဆွဲထားလေ၏။ ဒေါ်ခင်ခင်လေး၏ အဘွား ဓာတ်ပုံဖြစ်လေသည်။ ဒေါ်ခင်ခင်လေး၏ အဘွားမှာ သီပေါဘုရင်နှင့် မိဖုရားငယ်တစ်ပါးမှ ဖွားမြင် သည်ဟု အဆိုရှိလေသည်။ သည်ဓာတ်ပုံသာလျှင် မြန်မာမင်းမျိုးမင်း





နွယ်ဖြစ်ကြောင်း သက်သေခံအမှတ်အသားအဖြစ်ပြရန် ကျန်တော့ဟန်တူ လေသည်။

"ကိုကိုဝင်း ခဏနော်၊ စူစီ အဝတ်အစား လဲလိုက်ဦးမယ်၊ ဒယ်ဒီတို့ မာမီတို့တော့ အပြင်ထွက်သွားကြတယ်"

စူစီက သူ့ရှေ့တွင် အင်္ဂလိပ်မဂ္ဂဇင်းတွေ တစ်ပုံကြီးကို ချပေးပြီး အပြင်ဘက်သို့ထွက်မည်အပြုတွင် ခင်မောင်ဝင်းက စူစီ၏လက်ကို လှမ်းဆွဲ လိုက်သဖြင့် စူစီမှာ ဆိုဖာပေါ်သို့ အိခနဲကျလာသည်။ ခင်မောင်ဝင်းက စူစီကိုပွေ့ဖက်နမ်းရှုပ်ရန် ကပ်လာစဉ် . . .

"သိပ်ကဲတယ်ကွယ်၊ အဝတ်အစားလဲပါရစေဦး၊ ကောင်မလေးတွေ ဝင်လာမှဖြင့်"

ခြေသံတရှပ်ရှပ် ကြားလိုက်ရသဖြင့် လူချင်း ခပ်ခွာခွာထိုင်လိုက်ကြ သည်။ အစေခံမလေး တစ်ယောက်က ငွေလင်ပန်းတွင် လိမ္မော်ရည်ပုလင်း နှင့် ဖန်ခွက်ကိုလာချလေသည်။

"ခဏစောင့်နော်"

စူစီက အစေခံမလေး တစ်ဘက်အလှည့်တွင် မျက်စိတစ်ဖက် မှိတ်၍ လျှာတစ်လစ် ထုတ်ပြနေသည်။ နောက် ကလေးငယ်ကို ယိုင်ယိုထိုး၍ လှောင်ဟန်ဖြင့်လှောင်ပြီး ထွက်သွားလေသည်။

ဦးထွန်းမင်းသည် ပင်စင်ယူပြီးသည့်နောက်တွင် ကန်တော်ကြီး စောင်းက တိုက်အိမ်ကြီးတစ်လုံးကိုဝယ်ကာ အခြေချခဲ့ခြင်း ဖြစ်လေသည်။ အမှုထမ်းဘဝတုန်းကတော့ ဟိုပြောင်းသည်ပြောင်းဖြစ်၍ အတည်တကျ မနေခဲ့ကြပေ။

ခင်မောင်ဝင်းနှင့် စူစီမှာ ဆာဖိုးဝင်း မကွယ်လွန်မီကတည်းကပင် လူကြီးချင်း ကြောင်းလမ်း ပြောဆိုပြီး ဖြစ်လေသည်။ ခင်မောင်ဝင်းနှင့်စူစီ ကိုလည်း လွတ်လပ်စွာ ဆက်ဆံခွင့်ပေးခဲ့သည်။ သို့ရာတွင် ခင်မောင်ဝင်း နှင့် စူစီမှာ အပရိက နမ်းရှုပ်ပွေ့ဖက်ရုံကလွဲ၍ ဘာမျှဖောက်လွှဲဖောက်ပြန် မဖြစ်ခဲ့ပေ။ စူစီမှာ အလှတွေကြွတုန်းအရွယ် ဖြစ်ပေရာ ခင်မောင်ဝင်းသည် စူစီ၏အလှကို ကြည့်၍သာ ကြည်နူးနေခဲ့လေသည်။ ကပွဲများ၊ မွေးနေ့ပါတီ များသို့ အခေါက်ခေါက် ရောက်ခဲ့ကြသော်လည်း ကိုယ့်ချစ်သူ၏ ပန်းဦးကို မပန်ရက်ဘဲ ထိန်းသိမ်းထားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းသည် ဆေးတံကို မီးညှိကာ စားပွဲပေါ်ရှိ လန်ဒန်ရုပ်စုံသတင်းဂျာနယ်ကို လှန်ကြည့်နေလေသည်။ လန်ဒန်ရုပ်စုံသတင်းဂျာနယ်ကား ဓာတ်ပုံများဖြင့် ပြည့်နေပေ၏။ စကြာတံဆိပ်ကို လက်မောင်းတွင် ပတ်ထားကာ ဂျာမန်လူငယ်များ၏ စစ်ပညာသင်ကြားရေး၊ အီတလီတင့်ကားတပ်များ စစ်ရေးပြခြင်း၊ တရုတ်ကွန်မြူနစ်များနှင့် ကူမင်တန် အစိုးရတို့၏ ဂျပန် ဆန့်ကျင်ရေးတပ်ဦး၊ ဘိလပ်အောက်လွှတ်တော် လစ်ဘရယ်ပါတီ ခေါင်းဆောင် ဆင်ကလဲရား၏ တရားပွဲ၊ တရုတ် မြန်မာ လမ်းမကြီး၊ အိန္ဒိယ ကွန်ကရက် ဥက္ကဋ္ဌ ဆူဘတ်(စ်)ချန်ဒရာဘို့စ်၏ မိန့်ခွန်းစကား စသည်ဖြင့် သတင်းဓာတ်ပုံတွေ ဝေဝေဆာနေပေသည်။

မျက်စိများ ညောင်းလာ၍ အပေါက်ဝသို့ မျှော်ကြည့်လိုက်စဉ် တသင်းသင်းထုံနေသော လာဗင်ဒါရနံ့နှင့်အတူ စုစီရောက်၍ လာလေသည်။

စုစီ၏ ဆံပင်မှာ တူကျိုင်ခေါ် အလေးမဆံထုံး ဖြစ်လေသည်။ ဆံယဉ်နုကလေးများကို နဖူးပေါ်မှာ ဝဲနေအောင် ပြင်၍ ချထားသည်။နှုတ်ခမ်းကို အရောင်ခပ်ရင့်ရင့် ဆိုးထားသည်။ မရမ်းနုသွေးပေါ်တွင် အစိမ်းခက်ကလေးများ ယှက်ထားသည့် ငွေဇာပြင်လုံချည်၊ မရမ်းနုရောင် ရှန်သားဝိုင်အင်္ကျီတို့ကို ဝတ်ဆင်ထားပြီး ခေါင်းတွင် မရမ်းနုရောင် ကတ္တီပါပန်းတစ်ခိုင်ကို ထိုးစိုက်ထားသည်။ သူ၏ လုပ်လှဲလုပ်လီ ကိုယ်ဟန်မှ ခရမ်းပွင့်ထဲက ရွှေဝတ်ဆံ ဝတ်မှုန်ကလေးလို လှ၍နေပေသည်။

စောစောကအလှမှာ မြူးကြွနေသော အလှဖြစ်၍ ယခုလို အရောင်မှိုင်းမှိုင်း ဝတ်လာသော အခါတွင်ကား သူ့အလှမှာ ဣန္ဒြေရသော အလှဖြစ်လာပေသည်။ နုနယ်စိုပြည်သော နဂိုနေကိုယ်ဟန်ကို လှပသော ကောက်ကြောင်းများနှင့်ပုံမပျက်စေဘဲ ယဉ်ကျေးစွာ မွမ်းမံပေးသည့် အဆင်အပြင် ဖြစ်လေသည်တကား။

"အံမာလေး ကြည့်လိုက်ရတာ"

စုစီက နှုတ်ခမ်းကလေးစူ၍ မူနွဲ့ဟန်ဖြင့် ဆိုလိုက်တော့မှ ခင်မောင်ဝင်းသည် အရောင်အဝါလွှတ်သလို စူးစိုက်နေသော မျက်လုံးများကို ရုတ်သိမ်းကာ ပြုံးရင်း

"လှတာကိုး စုစီရဲ့"

"စုစီက ဒါလောက်တောင်လှသလား ကိုကိုဝင်းရဲ့"





"လှတယ်၊ စုစီရဲ့အလှဟာ ဒီရွှေ့ဒီမျှပဲလို့ အတိုင်းအထွာနဲ့ ပြောလို့မရအောင်လှတဲ့ အလှမျိုး၊ စကားလုံးတွေနဲ့ ဖော်ပြလို့မရတဲ့ အလှမျိုး။ မျက်လုံးကြီးတွေက အရုဏ်ဦးမှာ တဖျတ်ဖျတ်တောက်ပနေတဲ့ ကြယ်ပွင့်တွေနဲ့တူတယ်၊ နှုတ်ခမ်းက အရုဏ်ဦးမှာ ဖူးငုံလာတဲ့ ပန်းပွင့်နဲ့တူတယ်။ ပါးပြင်မှာ နီပြေပြေလေး ခြယ်ထားတာက အရုဏ်ခြည် ရောင်နီပျို့လာလို့ အရောင်ဟပ်နေတဲ့ ကောင်းကင်နဲ့ တူတယ်။ ပြီးတော့"

"အို တော်ပါတော့ ဘိလပ်ပြန်ကြီးရဲ့ စကားတတ်တိုင်း။ ကဲ ဆိုပါ ဘယ်ရုံသွားကြည့်မလဲ"

"အော်လံပီယာကကား ကောင်းလိမ့်မယ်။ ဝတ္ထုကတော့ အင်္ဂလိပ်စာရေးဆရာကြီး တောမတ်စ်ဟာဒီရဲ့ တက်(စ်)အော့ဖ်ဒီရူပါဗီးလ်ဆိုတဲ့ ဝတ္ထုပဲ။ ကိုကိုဝင်းကတော့ ကျောင်းမှာတုန်းက ဘီအေ အထက်တန်းမှာ သင်ခဲ့ရတယ်။ ဇမာလို'ပန်းသာ မစာဉ' ဆိုပြီး စာအုပ်ထွက်နေပြီ"

"ကဲ ကဲ သွားစို့၊ အချိန်နီးနေပြီ ကန်တော်ကြီးကို တစ်ပတ်လောက်ပတ်ကြမယ်"

နှစ်ယောက်သား ကားပေါ်တက်၍ ထွက်လာခဲ့ကြ၏။ ကန်တော်ကြီးဘေးမှာ လေညင်းခံလာသော ကားများ၊ လမ်းလျှောက်သူများနှင့် စည်ကားနေပေသည်။ ကြည်လင် ဝင်းပသော နေရောင်ခြည်၊ ပြာလဲ့သော ကန်တော်ကြီးရေပြင်နှင့် လမ်းသွားလမ်းလာတို့၏ အဝတ်အစား ရောင်စုံတို့ကြောင့် လောကကြီးသည် လှပစိုပြည်နေလေ၏။

ကန်တော်ကြီး ဘုတ်ကလပ်ရှေ့ရှိ ရွက်ဖြူလှေများပေါ်တွင် ရေကူးဝတ်စုံဝတ်ထားသည့် မျက်နှာဖြူ ဗိုလ်-မများကို တွေ့ရလေသည်။ သစ်တိုပင်၊ မရမ်းပင်၊ ကုက္ကိုပင် စသည့် ကန်တော်ကြီးတစ်ဝိုက်က ပင်စောက်ကြီးများမှာ မရမ်းနုသွေး နေခြည်အောက်တွင် ပို၍အရောင်ရင့်ကာ မှုန်မှိုင်းနေကြပေ၏။

"လှေမစီးရတာတောင် အတော်ကြာသွားပြီနော်"

စုစီက ခင်မောင်ဝင်းဘက်သို့လှည့်၍ ပြောလိုက်သည်။ လေတိုးသဖြင့် စုစီသည် မျက်လုံးများကို မှေးထားလေသည်။ ကော့သွယ်သည့် မျက်တောင်များက မျက်လုံးများကို ဝန်းယှက်ထားကြလေ၏။

"အလုပ် သိပ်များနေတာနဲ့ လှေစီးထွက်မလို့ဟာ အချိန်ကို မရပါဘူး စုစီရယ်။ ခုတလော သာပြီး အလုပ်များသေးတယ်။ ရုံးမှာ လူသတ်မှုက

www.burmeseclassic.com



သိပ်အရေးကြီးနေတော့ အမြဲ ပရဲဇင့် ဖြစ်နေရတယ်"

ခင်မောင်ဝင်း ဘီလပ်မှ ပြန်ရောက်ခါစက သူတို့နှစ်ယောက် လေ့စီးခဲ့ကြဖူးသည်။ လေစုန်တွင် အသင့်ဖြစ်အောင် ရွက်ကြိုးကို ပွဲကိုင်ပေးနေသော ခင်မောင်ဝင်း၏ လက်မောင်း ကြွက်သားများမှာ အဖုအထစ်တွေ ထနေလေ၏။ ရင်အုပ်ကျယ်ကြီးမှာ တိုးခွေ့ဝင်ကာ ခိုမှီချင်စရာ ဖြစ်နေပေသည်။

စုစီ၏စိတ်သည် နူးညံ့လာကာ အမူအနွဲ့ကလေးတွေဖြင့် ကြည်နူးချင်သလို ဖြစ်လာသည်။ ခင်မောင်ဝင်း ဘေးနားသို့ တိုးကာ လက်မောင်းချင်းလျှို၍ ချိတ်လိုက်ပြီး ခင်မောင်ဝင်းလက်မောင်းအိုးကို ခေါင်းငဲ့၍ မှီထားလိုက်သည်။ ခင်မောင်ဝင်းက မော်တော်ကားမောင်းရာမှ ပြုံးကြည့်ကာ စုစီ၏ ခါးကို ဖက်ထားလိုက်ပြီး နဖူးပြင်ကို ငုံ့မွှေးမည်ပြုစဉ် ကားသည် ဘေးသို့ ယမ်းသွားလေသည်။

"ဟိုး ဆရာကြီး ဟိုး၊ ကားတိုက်နေဦးမယ်"

ကားသည် တီရှတ္တာန်ရုံဘေးမှဖြတ်ကာ မြို့ဘက်သို့ မောင်းလာသည်။ ဘိုင်စကုတ်ရုံသို့ ရောက်သောအခါ အချိန်ကိုက်ပင် ဖြစ်လေသည်။

ရုပ်ရှင်ဇာတ်လမ်းမှာ တက်(စ်)အမည်နှင့် တောသူမလေး တစ်ယောက်အား ကြေးရေတတ်သားဖြစ်သူ အဲလက်ဒီရှုပါဗီးလ်ဆိုသူတစ်ဦးက ချစ်ကြိုက်ဟန်ဆောင်ကာ အချစ်ကို အမွေလုယူသည့် ဇာတ်လမ်းဖြစ်သည်။ တက်(စ်)၏ ချစ်သူမှာ အိန်ဂျယ်ကလဲယားဆိုသူ ဖြစ်သည်။ နောက်ဆုံးတွင် တက်(စ်)က သူ့အား အစဉ်သိမ်းပိုက်ထားသော အဲလက်ဒီရှုပါဗီးလ်ကို သတ်ပြီး ထွက်ပြေးလာသည်တွင် ချစ်သူ အိန်ဂျယ်ကလဲယားနှင့်တွေ့ပြီးနောက် အဖမ်းခံရကာ ကြိုးပေး အသတ်ခံရသည့် ဇာတ်လမ်းပေတည်း။

ဘိုင်စကုတ်ပြီးသော် နှစ်ယောက်သား ပြန်လာခဲ့ကြလေ၏။ ခင်မောင်ဝင်း၏ ရင်ထဲ၌ စောစောက ငှက်မွှေးလေးလို ပေါ့ပါးနေသလောက် ယခု လမ်းဒလိမ့်ကြီးလို လေးလံလာလေသည်။

"ဇာတ်ကားကလဲ စိတ်ညစ်စရာကြီး"

စုစီက သမ်းရင်း ပြောလိုက်၏။ ခင်မောင်ဝင်းက ဘာမျှပြန်မပြောပေ။

တောမတ်စဟာဒီ၏ဝတ္ထုကို အရင်က ဖတ်ခဲ့ဖူးသော်လည်း ဘာမျှ မထူးခြားခဲ့ပေ။ ယခုတော့ ဝတ္ထုဇာတ်လမ်းသည် အသစ်ဖြစ်လာသလို ထင်ရ





လေသည်။ ရွှေတင်သည် တက်(စ်)ဆိုသည့် တောသူမလေးလော၊ သူသည် တက်(စ်)၏ အပျိုရည်ကို ညစ်နွမ်းစေသော အဲလက်ဒီရှုပါဗီးလ်ပေလော။ တစ်ဖန် တရားခံ မကျင်ရွှေခေါ် အရွှေသည် သူ့ချစ်သူ ရွှေတင်ပေလော။

မေးခွန်းများသည် သူ့ဦးနှောက်ကို ဟာခေါက်ခေါက် တီးခေါက်နေကြလေသည်။

"ကိုကိုဝင်း ဘာဖြစ်လို့လဲ၊ စကားနည်းလှချေလား"

"ဘာမှ မဖြစ်ပါဘူး၊ ခေါင်းနည်းနည်းအုံနေလို့ပါ"

ကားသည် ကန်တော်ကြီးကိုကွေ့ပတ်၍ မောင်းလာလေသည်။ ညနေတုန်းကလို ကန်တော်ကြီးစောင်းမှာ လူမရှုပ်တော့ပေ။ ကားတစ်စင်းသည် ညဥ့်အမှောင်တွင်ခို၍ ရပ်ထားလေသည်။ ကားထဲ၌ တီတ်တခိုး ချစ်သူတို့ကို တွေ့ရလိမ့်မည် ထင်သည်။

ခင်မောင်ဝင်းအဖို့မူ ကြည်နူးခြင်းတို့ ပျောက်ကွယ်သွားပြီဖြစ်၏။ သူ့ရင်ထဲမှာ မိုးဦးကောင်းကင်လို အုံ့ဆိုင်းနေလေသည်။

ကန်တော်ကြီးဘေးမှ ဖားများအော်သံ၊ ပုရစ်မြည်သံ၊ ပုစဉ်းရင်ကွဲများ အော်သံကို ကြားရပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ထောင်ဘေး အုတ်ရေကန်အောက်မှ ဖားအော်သံ၊ ပုရစ်မြည်သံနှင့် ပုစဉ်းရင်ကွဲများ အော်သံကို ကြားရလေသည်။

ကျင်ရွှေသည် သူ့ခုတင်ပေါ်တွင် လှဲနေရာက အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အပြင်ဘက်မှာ မည်းမှောင်၍ နေလေ၏။ ထောင်ဘေးရှိ မီးများမှာ ချည့်နဲ့စွာ လင်းနေကြလေသည်။

မိန်းမ အကျဉ်းသမား တစ်စုမှာ ဝိုင်းဖွဲ့၍ စကားကောင်းနေကြလေသည်။ သူတို့ဆီမှ ရယ်သံမောသံများကို ကြားရလေသည်။ ကျင်ရွှေသည် သူတို့ရယ်သံကိုလည်း မကြား၊ နေ့လည်က တွေ့ခဲ့ရသည့် ခင်မောင်ဝင်းနှင့် တူသော ဂျူရီလူကြီး၊ ဖြူးက ဒေါ်မြဆင့်အိမ်၊ ထိုမှ ကိုတောက်ထွန်းစသည့် အတိတ်က ရုပ်ပုံလွှာများကိုသာ သူ့မျက်စိထဲတွင် တရေးရေး မြင်နေလေ၏။

မျက်စိကို မှိတ်သော်လည်း အိပ်၍မပျော်။

ကိုတောက်ထွန်းအိမ် ရောက်သွားတုန်းက တစ်ညကို အမှတ်ရနေမိသည်။ သည်ညမှာ ယခုလိုပင် လယ်ကွင်းဘက်မှ ပုရစ်များ၊ ပုစဉ်းရင်ကွဲများ၏ အော်သံကို ကြားရသည်။ လေတိုးတိုင်း သစ်ရွက်တို့ ထိပွတ်သံသည် တရှဲရှဲမြည်နေလေသည်။ ကောင်းကင် အနောက်ဘက်ခြမ်းတွင် ဖျော့ဖျော့အားငယ်သော လခြမ်းကလေးသည် ရေးရေးမှိန်မှိန်မျှသာ ထွန်းပလျက်ရှိ၏။ ငွေရည် ဖိတ်ယိုတော့မလိုဟန် အရည်လဲ့နေကြသော ကြယ်တာရာများကား ပန်းပွင့်များကြဲပက်ထားသလို ကောင်းကင်တစ်ပြင်လုံးတွင် ဖွေးဖွေးလှုပ်နေကြ၏။





ခြံဝင်းကို ပင်စောက်ကြီးတွေ ဝန်းယှက်ထားသဖြင့် ခြံဝင်းထဲမှ သုံးပင်နှစ်ခန်း၊ သက်ကယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းသည့် တဲငယ်ကလေးမှာ အမှောင်ထဲတွင် ပြားပြားဝပ်၍ နေသည်။တဲထဲမှ ရေနံဆီ မီးမှုန်အိမ်က အလင်းရောင်သာလျှင် တဲကလေးထဲတွင် ချည့်နဲ့စွာ လက်နေပေသည်။

ကိုတောက်ထွန်းသည် ကြမ်းပြင်ဖျာတစ်ချပ်ပေါ်တွင် အားလျားမှောက်ကာ စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ သူ့ဘေးတွင်လည်း စာအုပ်များ ပြန့်ကြဲနေလေသည်။ အိမ်ရှေ့ခန်းတစ်ခုလုံး အိမ်ထောင်ပရိဘောဂရယ်လို့ ဘာမျှမရှိ။ ဘုရားစင်ရှေ့နားတွင် သုံးချောင်းထောက် စားပွဲတစ်လုံးသာရှိပြီး ဘေးပတ်ပတ်လည်တွင် ထင်းရှူးသေတ္တာများကို အထပ်လိုက်ထောင်၍ စီထားကာ စာအုပ်များ အစီအရီ တင်ထားသည်။ စာအုပ်များမှာ နဂါးနီစာအုပ်များနှင့် နိုင်ငံရေးစာအုပ်များ ဖြစ်လေသည်။ တစ်ဘက်သေတ္တာထဲတွင် ဘားမားဂျာနယ်၊ ဂျာနယ်ကျော်၊ နဂါးနီသတင်းစဉ်၊ ဂန္ထလောကမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ သူရိယ ရုပ်စုံမဂ္ဂဇင်း စသော မဂ္ဂဇင်းဂျာနယ်များနှင့် သူရိယ၊ မြန်မာ့အလင်း စသော သတင်းစာများကို အထပ်လိုက်စု၍ ပုံ၍ ထည့်ထားလေသည်။

ကိုတောက်ထွန်းသည် ဘီအိုတင်း(စ်)ရေးသည့် 'မြန်မာပြည် လယ်ယာစီးပွားရေး' စာအုပ်ကို ဖတ်နေသည်။ သူ့ရှေ့တွင်လည်း ဆာ-သောမတ်(စ်)ကူးပါး၏ ၁၉၂၇-ခုနှစ်၊ 'လယ်လုပ်သားများနှင့် သီးစားသမားများ၏ အခြေအနေ အစီရင်ခံစာ'၊ ဂျေအက်(စ်)ဖာနီဗယ်၏ 'မြန်မာပြည် စီးပွားရေး အခြေပြကျမ်း'၊ အင်းဒရတ်(စ်) ၏ 'မြန်မာပြည် နိုင်ငံရေး ဘောဂဗေဒ'၊ ဂန္ထလောကမဂ္ဂဇင်းမှထုတ်၍ တွဲထားသည့် ဖာနီဗယ်၏ 'ကိုလိုနီဝါဒနှင့် လက်တွေ့ကျင့်သုံးပုံ' စသော စာအုပ်များမှာ ပြန့်ကျဲနေသည်။ အင်္ဂလန်၊ လက်ဝဲ စာအုပ်တိုက်မှ ထုတ်သည့် လီနင်၏ 'ကျေးလက်ဆင်းရဲသားများသို့' စာအုပ်မှာ မှောက်လျက်သား ဖြစ်နေ၏။ ဦးထွန်းညိမ်း အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်အရွက်များမှာ တဖျတ်ဖျတ် လန်နေကြသည်။

> "မြန်မာပြည် လယ်ယာ စိုက်ပျိုးရေး၏ အဓိက
> ပြဿနာမှာ မစိုက်ပျိုးသူများ၊ အထူးသဖြင့် မစိုက်ပျိုးသူ
> နိုင်ငံခြားသားများ လက်ထဲသို့ လယ်မြေအများအပြား



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေခြင်းပင် ဖြစ်သည်။ အောက်မြန်မာပြည်တွင် အထူးသဖြင့် ချစ်တီးလူမျိုးများသည် မြေယာအများအပြား ကို ပိုင်ဆိုင်ကြသည်။ ဆန်စပါး အဓိကထား၍ စိုက်ပျိုးသော စီရင်စုများတွင် ချစ်တီးပိုင်မြေမှာ တစ်ဝက်လောက်ရှိသည်။ အထက်ဗမာပြည်တွင်လည်း ယင်းသို့ ဖြစ်ရန် အလားအလာ ပြလျက်ရှိသည်။ ဆည်မြောင်းဖြင့် သွယ်ယူစိုက်ပျိုးသော ဒေသများတွင် မြေယာများကို မစိုက်ပျိုးသူများကသာ ပိုင်ဆိုင်ကြလေသည်။"

ကိုတောက်ထွန်းသည် စာကြောင်းများကို ခဲနီပြာတံဖြင့် တားလိုက်သည်။ မစ္စတာ ဘင်း(စ်)၏ အစီရင်ခံစာနှင့် ချစ်တီးများ မြေပိုင်ရှင်များပိုင်သော လယ်ဧကများကို ဂဏန်းများဖြင့် ပြထားပြီး လယ်ထွက်စပါးများ၏ တန်ဖိုးငွေကိုလည်း တွက်ချက်ပြထားသည်။ ကိုတောက်ထွန်းသည် မစ္စတာဘင်(စ်)၏ အစီရင်ခံစာကိုဆက်၍ ဖတ်နေပြန်သည်။

"မြန်မာပြည် လယ်ယာ စိုက်ပျိုးသော မြေဧက စုစုပေါင်း၏ လေးဆယ့်ကိုးရာခိုင်နှုန်းကို သီးစားသမားများက လုပ်ကိုင်ကြသည်။ အောက်မြန်မာပြည်တွင် ၅၉ ရာနှုန်းကို လည်းကောင်း၊ အထက်မြန်မာပြည်တွင် ၃၂ ရာနှုန်းကို လည်းကောင်း သီးစားများက လုပ်ကိုင်ကြသည်။ ထို့ကြောင့် သီးစားပြဿနာနှင့် မြေရှင်သီးစား ဆက်ဆံရေး ပြဿနာ သည် တိုင်းပြည်တွင် အရေးကြီးဆုံးသော မြေယာပြဿနာ ဖြစ်လာသည်။ မြေရှင်နှင့် သီးစားတို့အကြား၌ ကွာဟချက်မှာ ကျယ်ပြန့်နက်ရှိုင်းလာသည်။ မြေရှင်များက သူတို့၏ လယ်မြေများသည် အမြတ်များများ ထုတ်လုပ်ပေးမည့် အရင်းအနှီးအဖြစ် သဘောထားသည်။ ထို့ကြောင့် သီးစားခများကို မြှင့်ထားသည်။ မြေယာထွန်ယက်ခွင့်မှာ မလုံမခြုံ ဖြစ်လာသည်။ မြေရှင်သည် မြေကိုသော်လည်းကောင်း၊ သီးစားကိုသော်လည်းကောင်း တကယ် စိတ်ဝင်စားခြင်း မဟုတ်ဘဲ အမြတ်အစွန်းကိုသာ အဓိက ထားလာသည်။ ၁၉၃၀-ခုနှစ် စီးပွားပျက်ကပ်ကြီးသည် ဤပြဿနာများကို





ရှေ့တန်းသို့ ပို့ဆောင်လိုက်ပေသည်။"

ကိုတောက်ထွန်းသည် ၁၉၃၀ ခုနှစ် ဆရာစံ သူပုန်ထတုန်းက အချိန်ကိုသွား၍ အမှတ်ရနေသည်။ သည်တုန်းက သူ့မှာ ရှစ်တန်းမျှသာ ရှိပေသေး၏။ ဖြူးအလယ်တန်းကျောင်းမှ လေးတန်းအောင်သောအခါ အဖေက ကိုတောက်ထွန်းကို တောင်ငူအစိုးရ အထက်တန်းကျောင်းသို့ ပို့လေ၏။ ကိုတောက်ထွန်းက ကျောင်းမနေချင်၊ လယ်ထွန်ရာ၌ အဖေကို ကူညီချင်သည်။ အဖေကသာ 'ဒို့အမျိုးထဲမှာ အင်္ဂလိပ်စာတတ်တာ တစ်ယောက်မှ မရှိဘူးကွ။ ဒါကြောင့်မို့ မင်းကျမှ ပေါက်ပေါက်ရောက်ရောက် သင်ပေးရမယ်' ဟုဆိုကာ ကိုတောက်ထွန်းကို ဇွတ်အတင်း ကျောင်းနေစေ၏။ အဖေသည် ဇဟားတွင် အာလာကပ္ပချစ်တီး၏ လယ်ကို အငှားလုပ်ရင်း တောင်ငူအစိုးရ အထက်တန်းကျောင်းရှိ ကိုတောက်ထွန်းကို စရိတ်ထောက်ရသည်။ စောစောပိုင်းတုန်းကတော့ မှန်မှန် စရိတ်ထောက်နိုင်ပါသေး၏။ သည်တုန်းက စပါးဈေးမှာ ၁၈ဝ လောက်ရှိ၍ သီးစားခနှုန်းမှာ စပါးတင်းလေးဆယ်ထွက်သော တစ်ဧကကို ၁၆ တင်းလောက်သာ ပေးရ၏။ သို့ရာတွင် ဆရာစံသူပုန်နှင့် ကုလားဗမာ အဓိကရုဏ်းများ ပြီးသည့်နောက်တွင် စပါးဈေးမှာ ဒလဟော ဆင်းလာကာ စပါးတင်းတစ်ရာလျှင် ၅၆ ကျပ်ဈေးထိ လျှော့ကျလာခဲ့သည်။ စပါးဈေးကျသော်လည်း သီးစားခမှာ ယခင်ကကဲ့သို့ပင် တစ်ဧကကို ၁၆ တင်း ပေးနေရသည်။ အဖေသည် အာလာကပ္ပချစ်တီးခြေရင်းတွင် ဝပ်စင်းကာ သီးစားခနှုန်း လျှော့ပေးရန် တောင်းပန်တိုးလျှိုးရသည်။ သို့သော် အချည်းနှီးမျှသာတည်း။

"တဧကကို ရှယ့်ခြောက်တင်း ယူလာတာ ကြာလှပြီ ကိုစံမြ၊ ခင်ဗျားတို့စပါး ကြွေးတရာ့ရှစ်ဆယ်ရှိတယ်နော်၊ ကျုပ် ရှယ့်ခြောက်တင်းပဲယူတယ်၊ ဒီထက်ပိုမတောင်းဘူး။ခုစပါးဈေး ငါးဆယ့်ခြောက်ကျပ် ရှိတယ်နော်- ကျုပ် ရှယ့်ခြောက်တင်းပဲ ယူတယ်၊ မလျှော့နိုင်ဘူး။ စပါးဈေးကောင်းလဲပဲ ဒီအတိုင်းပဲ၊ စပါးဈေးကျလဲ ဒီအတိုင်းပဲ"

အာလာကပ္ပ ချစ်တီးက ကွမ်းသွေးတပြွတ်ပြွတ်ထွေးရင်း ပြောနေ၏။ သူ့ခေါင်းရင်းမှ ချစ်တီးဘုရားပုံတော်မှာ ရွှေရွှေ ပိန်းနေအောင်ချကာ နံရံတွင် စိန်တွေစီချယ်ထားလေ၏။ ကိုတောက်ထွန်းအဖေသည် ချစ်တီးဘုရားကို လှမ်းကြည့်လိုက်သည်။ချစ်တီးဘုရားလည်း ကယ်နိုင်ပုံ မပေါ် မြေတကား။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး စဉ်းစားကြည့်ပါ၊ ကျွန်တော် နှစ်ကေလုပ်တယ်၊ စပါးရှစ်ဆယ်ပဲထွက်တယ်၊ စပါးရှစ်ဆယ်ဟာ ပေါက်ဈေးနဲ့ဆိုရင် လေးဆယ့်ငါးကျပ်လောက်ပဲ ရှိတယ်၊ ဆရာကြီးကို ၁၆ တင်းပေးနှုန်းနဲ့ နှစ်ဧကတွက် ၃၂ တင်းပေးရင် ကျွန်တော့်မှာ ဘာကျန်တော့မလဲ။ ဒီထဲမှာ စားကြွေးသောက်ကြွေး နုတ်ရဦးမယ်၊ သားအင်္ဂလိပ်ကျောင်းထားတဲ့စရိတ် ပေးရဦးမယ်"

ဦးစံမြက အကျိုးအကြောင်းကို ရှင်းပြ၏။ အာလာကပ္ပချစ်တီးက သူ၏အခေါက်ထူထူကြီးတွေ အရစ်ရစ်လိပ်နေသော ဗိုက်ရွှဲကြီးကို ပွတ်သပ်ကာ

"လယ်သမား သားသမီးကို အင်္ဂလိပ်ကျောင်း ဘာလို့ထားသလဲ၊ ဒါတော့ ကျုပ်မတတ်နိုင်ဘူး။ ခင်ဗျားက သီးစားခ ရှယ့်ခြောက်တင်းပွေးရင် ကျုပ်ခင်ဗျားကို သီးစားချမယ်။ မပွေးရင်ပွေးတဲ့လူကို သီးစားချရမှာပဲ။ ကျုပ်လဲ စိတ်မကောင်းပါဘူး"

အာလာကပ္ပချစ်တီးက အတင်းအကျပ်ကိုင်နေပေပြီ။ သီးစားခကို အရင်နှုန်းအတိုင်း ပေးလျှင်ပေး၊ မပေးလျှင် တခြားကိုသီးစားချမည်ဟု ဆိုလာချေပြီ။ သည်မြေကလေးမှာ ကိုစံမြပိုင်မြေဖြစ်၏။ နောက်တော့ အာလာကပ္ပချစ်တီးထံ အကြွေးဖြင့်အပ်ခဲ့ရခြင်းဖြစ်၏။ အာလာကပ္ပချစ်တီးကလည်း ပိုင်ရှင်ဟောင်းလက်စလူ ကိုစံမြကို သီးစားချ၏။ ယခု ဆယ့်ခြောက်တင်းနှုန်း မပေးနိုင်လျှင်တခြားလူကို လူငှားချပေတော့မည်။ သည်လိုဆိုလျှင် ကိုစံမြ ဘယ်မြေကို လုပ်ရမည်နည်း။ ဇဟားတစ်ဝိုက်တွင် ရှိသမျှလယ်များမှာ ကိုယ့်သီးစားနှင့်ကိုယ် အငှားချပြီးဖြစ်၏။ သည်အထဲတွင် အိန္ဒိယက ကုလားလုပ်သားတွေ ရောက်လာပြန်သဖြင့်လည်း လုပ်အားခမှာ အဆမတန်ပေါနေကာ သီးစားလုပ်မည့်သူတွေ ဒုနဲ့ဒေး ဖြစ်နေလေသည်။ သည်လိုနှင့် ကိုစံမြသည် အာလာကပ္ပထံတွင် အရှုံးပေးခဲ့ရပြန်သည်။ ကိုတောက်ထွန်းမှာ ပညာစကောစကဖြင့် ကျောင်းကထွက်လာခဲ့ရကာ အဖေကို ကူညီ၍ လယ်လုပ်ခဲ့ရသည်။ ယခု အဖေလည်း လယ်မဲ့ယာမဲ့ ဘဝဖြင့်ပင် ခေါင်းချခဲ့ရလေပြီ။

ကိုတောက်ထွန်းသည် ဆေးပေါ့လိပ်ကို ကောက်ညှိကာ ခေတ္တမျှတွေနေသည်။ အပြင်ဘက်မှာ တိတ်ဆိတ်နေသည်။ ကိုတောက်ထွန်းသည် အဖေဆုံးပြီးကတည်းက လယ်လုပ်ငန်းကို စိတ်နာလာပေသည်။ ထို့ကြောင့် လယ်မလုပ်တော့ဘဲ ဇဟားတွင် အခမဲ့ ကျောင်းကလေးတစ်ကျောင်း





ထောင်ကာ ကလေးတွေကို စာသင်ပေးသည်။ အဖိုးအခ မယူသော်လည်း ကလေးရှင် လယ်သမားကြီးများက သူ့ကို စပါးကလေးကအစ၊ ဟင်းသီးဟင်းရွက်ကလေးအစ ပေးကြသည်။ သူက လယ်သမားကိစ္စ အဝဝကို ဆောင်ရွက်ပေးသည်။ ရုံးသို့အမတော်ကြေးလျှောက်လျှင် လျှောက်လွှာရေးပေးသည်။ မြေခွန်လွတ်ငြိမ်းခွင့်လျှောက်လျှင် လျှောက်လွှာရေးကာ ကိုယ်တိုင်သွား၍ လျှောက်လွှာတင်ပေးသည်။ အစိုးရရုံးနှင့် ဆက်ဆံရာတွင် ကိုတောက်ထွန်းသည် အလိုအလျောက် လယ်သမားကြီးများ၏ ကိုယ်စားလှယ်ဖြစ်လာလေသည်။ သည်အတွင်း သူ့ကို ဒေါ်မြဆင့်နှင့် ဒေါ်မြသီက တစ်ဆင့်ခေါ် ခိုင်းကာ ဆန်စက်တွင် အလုပ်သွင်းပေးထားခြင်းဖြစ်၏။ ဆန်စက်ကို အုပ်ချုပ်သူမှာ ဒေါ်မြဆင့်ဖြစ်သည်။ ကိုတောက်ထွန်းမှာလည်း ဆန်စက်တွင် တာလီစာရေးလည်း ဟုတ်၏။ အလုပ်သမားများကို လုပ်ခရှင်းပေးရသော စာရေးလည်း မှန်၏။ သူ့တာဝန်မှာ ဘာရယ်လို့ သတ်သတ်မှတ်မှတ်မရှိ။ ဒေါ်မြဆင့် အမိန့်ကို ဒေါ်မြဆင့် ကိုယ်စား လုပ်နေသူတစ်ဦးသာ ဖြစ်လေသည်။ လခမှာလည်း တစ်လလျှင် ခြောက်ဆယ်သာ ရလေသည်။

ကိုတောက်ထွန်းသည် ဆေးလိပ်ကို ဖွာရှိုက်ကာ မြေပန်းကန်ပြားထဲသို့ ထည့်လိုက်ပြီး စာကို ဖတ်နေပြန်သည်။

"သီးစားစနစ်၏ အဓိက ချွတ်ယွင်းချက်ကြီးများကား

(က) သီးစားသမားသည် လယ်မြေလုပ်ပိုင်ခွင့်ကို လုံခြုံမှု မရှိဘဲ နှစ်စဉ် မြေရှင်ထံမှ ထပ်မံငှားရမ်းရခြင်း။

(ခ) သီးစားခ အဆမတန် ကြီးမြင့်ခြင်း။

(ဂ) သီးနှံအထွက်နည်းသော နှစ်များတွင် သီးစားခ လျှော့ပေါ့ရန် သင့်လျော်သော ပြဋ္ဌာန်းချက် မရှိခြင်း။

(ဃ) မြေငှားစာချုပ်များမှာ သည်းမခံနိုင်လောက်သော တစ်ဖက်စီးနင်း ချုပ်ချယ်ကန့်သတ်မှုများ ပါဝင်ခြင်း။ (ဥပမာ-သီးစားခပေးပြီးကျန်သော စပါးကို သီးစားသမားက မြေရှင်အား ဦးစားပေး၍ရောင်းရမည်။ အခြားက မည်မျှပင် ဈေးကောင်းရသော်လည်း မြေရှင် မဝယ်မှ ရောင်းနိုင်မည်။)



www.burmeseclassic.com

www.burmeseclassic.com



(င) သီးစားသမားကတစ်ဆင့် အငှားချသဖြင့် အရေးကြီးသော လူတန်းစားဖြစ်သည့် လယ်ကူလီလူတန်းစား ပေါ်ပေါက်လာခြင်း စသည်တို့ဖြစ်သည်”

ကိုတောက်ထွန်းသည် လယ်ကူလီဆိုသည်နှင့် ဖဟားမှ ကံအေး၊ ချစ်ဆောင် စသူတို့ မျက်နှာများကို ကွက်ခနဲမြင်လာလေသည်။ အာလာကပ္ပ ချစ်တီးက သူ့အဖေ ကိုစံမြကို သီးစားချသည်။ ကိုစံမြက လယ်နှစ်ဧကလောက် လုပ်ရုံဖြင့် ထမင်းနပ်မမှန်သောအခါ လေးငါးဧကလောက်အထိ ချစ်တီးထံမှ သီးစားချအောင် တောင်းရ၏။ သည်လယ်တွေကို ကိုစံမြတစ်ယောက်တည်း မထွန်ယက်နိုင်ပေ။ ထို့ကြောင့် ကိုစံမြက ကံအေးတို့၊ ချစ်ဆောင်တို့ တစ်တွေကို တစ်ဆင့်ငှားရသည်။ သို့ဖြင့် အခြေအနေမဲ့ ကံအေးတို့ တစ်သိုက်သည် သီးစားသမားများထံတွင် လယ်ကူလီများ ဖြစ်လာကြရပေသည်။ သူတို့လုပ်ခမှာ တစ်နှစ်လုံးလုပ်မှ ငွေငါးဆယ်လောက်သာ ရပေသည်။ အဖေဆုံးသောအခါ အာလာကပ္ပ ချစ်တီးက တခြားကို သီးစားချလိုက်သဖြင့် ကံအေးတို့ တစ်သိုက်သည် အလုပ်လက်မဲ့ဖြစ်ကာ ဆန်စက်ထဲတွင် ကူလီ လာထမ်းကြရလေသည်။ သည်လိုဖြင့် တောတွင် လယ်ကူလီဘဝတွင် မျောက်သစ်ကိုင်းလွတ်ဖြစ်ကာ မြို့ဆန်စက်များတွင် ကူလီလာထမ်းကြသူများမှာလည်း မနည်းတော့ပေ။

၁၉၃၀ ခုနှစ် စီးပွားပျက်ကပ်ကြီးမတိုင်မီကာလတွင် လယ်သမားများ၏ ချေးငွေများကို ငွေတိုးကြီးစားများနှင့် ချစ်တီးများက ထုတ်ချေးကြသည်။ ၎င်းတို့က ကိုယ်ပိုင်လယ်လုပ်သူများကို တိုက်ရိုက်ထုတ်ချေး၍ သီးစားသမားများကို မြေပိုင်ရှင်မှတစ်ဆင့် ချေးသည်။ စိန်ရွှေရတနာများနှင့် မြေယာကို အာမခံပစ္စည်းအဖြစ် လက်ခံသည်။ သီးစားသမားများမှာ အများအားဖြင့် မြေရှင်ထံမှ ချေးယူရသည်။ မြေရှင်ကလည်း မြေပိုင်ရှင်ကြီးများ၊ အတိုးကြီးစားများနှင့် ချစ်တီးများထံမှ ချေးယူရသည်။

စီးပွားပျက်ကပ်ဆိုက်ပြီးနောက်တွင် ငွေချေးသူများကလည်း ယခင်လို အရမ်းမချေးတော့ပေ။ အထူးသဖြင့် ချစ်တီးများနှင့် ဒေါ်ဆင့်ဘာကလီမိတက်မှာ ၎င်းတို့၏ သီးစားသမားများလောက်ကိုသာ ထုတ်ချေးတော့သည်။ ချစ်တီးများကမူ မြေယာကို အာမခံပစ္စည်းအဖြစ် လက်မခံတော့သလောက် ဖြစ်လာသည်။ ထို့ကြောင့်လယ်သမားများမှာ ငွေချေးရန်





အခြားနည်းလမ်းတစ်ခုကို ရှာရပြန်သည်။ ယင်းမှာ စပါးပေးချေးနည်းဖြစ်သည်။ စပါးပေးမှာ စပါးပေါ်လျှင် ချေးငွေကို စပါးဖြင့်ပြန်ဆပ်ရသောနည်း ဖြစ်သည်။ ငွေချေးသူများမှာ အိန္ဒိယ တရုတ်စသော ဆိုင်ပိုင်ရှင်ကလေးများမှအစ မြေပိုင်ရှင်ကြီးများအထိ ပါဝင်သည်။ အတိုးနှုန်းမှာ စပါးဈေးအတက်အကျကိုလိုက်၍ ဖြစ်သော်လည်း အများအားဖြင့် တစ်နှစ် ၂၅ ရာခိုင်နှုန်းထက် လျော့သည်ဟူ၍မရှိပေ။

“ကိုရင်ရေ- ကိုရင်”

ကိုတောက်ထွန်းက စာအုပ်ကို သဲသဲမဲမဲ ဖတ်နေသည်။ ဖတ်သာဖတ်ရသော်လည်း သိပ်စိတ်မသွားလှပေ။ ဦးထွန်းညိမ်းအဘိဓာန်ကို မကြာခဏ လှန်ကြည့်ရ၏။ တစ်ခါတလေ စာလုံးများ၏ အဓိပ္ပာယ်တွေကို အကုန်သိသော်လည်း စာတစ်ကြောင်းလုံးကို အဓိပ္ပာယ်ပြန်သည့်အခါ ဝေ့လည်လည် ဖြစ်နေတတ်၏။ မစ္စတာဘင်း(စ်) ၏ အစီရင်ခံစာလိုစာမျိုးကို ဤအင်္ဂလိပ်စာ ရှစ်တန်းလောက်သာ သင်ခဲ့ရဖူးသော ကိုတောက်ထွန်းသည် မနည်းကြိုးစား၍ ဖတ်ရပေ၏။

“ကိုရင်ရေ၊ ကိုရင်- အိပ်ပလား”

အိမ်ရှေ့ ခြံဝင်းပေါက်မှ ခေါ်သံကို ကြားရလေသည်။ ကိုတောက်ထွန်းသည် အားလျားမှောက်နေရာမှ လူးလဲထကာ အိမ်ရှေ့သို့ ဆင်းလာ၏။ ခြံစည်းရိုး တံခါးဝတွင် ရပ်နေသော မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်ရလေ၏။

“ကိုရင်- အိပ်ပလား”

“လာ- ရွှေတင်လား၊ မအိပ်သေးပါဘူး၊ ဟဲ့ မိုးချုပ်နေပြီ ဘယ်ကလာတာလဲ”

ကိုတောက်ထွန်းက ရွှေတင့်အသံကို မှတ်မိနေ၍ ဆင်းလာကာ ဝင်းတံခါးကို ဖွင့်ပေးပြီး အိမ်ထဲသို့ ခေါ်လာ၏။

“အုတ်ဖြတ်လမ်းက ဦးသာဇံတို့ဆီ လာရင်း ကိုရင့်အိမ် မီးရောင်မြင်တာနဲ့ ဝင်လာတာ”

ရွှေတင်က ကြမ်းပြင်သင်ဖြူးပေါ်တွင် ဖရိုဖရဲ ဖြစ်နေသောစာအုပ်များကို တစ်ချက်မျှ အကဲခတ်ကြည့်ရင်း သင်ဖြူးပေါ်တွင်ဝင်ထိုင်လိုက်၏။

“ဘာကိစ္စများ ဒီလောက် အရေးကြီးလို့လဲဟာ၊ သွားစရာရှိရင်လဲ နေ့လယ်နေ့ခင်းကျမှ သွားရောပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးဆင့်က ခိုင်းလိုက်လို့ ကိုရင်ရဲ့၊ ဦးသာဇံဆီမှာ စပါး ငါးသောင်းလောက်ရှိတယ်၊ တစ်နေ့က ရှစ်ဆယ်ဈေးနဲ့ ရောင်းမယ်လို့ ပြောသံကြားလို့၊ ခုစတီးက အဝယ်တော်လာပြီး ကိုးဆယ်ဈေးနဲ့ အကုန် သိမ်းမယ်လို့ လာပြောလို့ စောစောစီးစီး အုပ်မိအောင် လာတာ"

ကိုတောက်ထွန်းသည် ရွှေတင်ကို ကြည့်၍ ဟင်းခနဲ သက်ပြင်းချလိုက်သည်။ ရွှေတင်မှာ သူ့လိုတလင်းပေါ်တွင် ကြီးပြင်းလာခဲ့သူဖြစ်၏။ ရွှေတင်၏ မိဘများသည် သူ့မိဘများကဲ့သို့ပင် လယ်ကလေး တစ်ပွဲကို ကြွေးမြီဖြင့် အသိမ်းခံလိုက်ရကာ လယ်မဲ့ယာမဲ့ဘဝကို ရောက်ခဲ့ရသူဖြစ်၏။ သို့ရာတွင် ရွှေတင်ကို ကြည့်ရသည်မှာ လယ်ပိုင်ရှင် ဒေါ်မြဆင့်တို့၏ သစ္စာရှိလှစွာသော အလုပ်အကျွေးတစ်ယောက် ဖြစ်နေလေသည်။ ရွှေတင်သည် ဒေါ်မြဆင့်၏ကိုယ်စား အလုပ်တွေကို လိုက်လုပ်နေရ လေသည်။

"ရွှေတင်၊ နင်ဒီလောက်ဘာဖြစ်လို့ ကြိုးစားပမ်းစား လုပ်နေရတာလဲ၊ နင် ဒီလောက်လုပ်တော့ ဘာအကျိုးခံစားခွင့်များ ရမှာလဲ"

ကိုတောက်ထွန်းက ရွှေတင်ကို စိမ်းစိမ်းစားစားကြည့်၍ မေးလိုက်၏။ ကိုတောက်ထွန်း၏ မျက်လုံးများမှာ ရေနံဆီ မီးရောင်တွင် တဖျတ်ဖျတ် တောက်နေကြပေ၏။ မျက်နှာမှာ တင်းမာနေသည်။ မျက်နှာသာမက အသံကလည်း ခက်ထန်မာကျောလှသည်ဟု ထင်ရလေသည်။ ရွှေတင်သည် အံ့အားသင့်ကာ ကိုတောက်ထွန်းကို မျက်လုံးကလေး အဝိုင်းသားနှင့် ကြည့် နေမိသည်။ ပြီးမှ နှုတ်ခမ်းကိုစုငုံ၍ ပြုံးလိုက်ကာ

"ဩော်-ကိုရင်ကလဲ၊ ရွှေရွှေက ဘာအကျိုးခံစားခွင့်ကို မျှော်ကိုးရမှာ လဲ၊ ဒါပေမဲ့ သူက ကျွေးမွေးပြုစုထားတော့ ခိုင်းရာကိုလုပ်ရတော့မှာပေါ့ ကိုရင်ရဲ့၊ သူ့ဆန်စားရဲ့မှလို့ ဆိုတယ်မဟုတ်လား"

"အေး- လုပ်သင့်သလောက်တော့ လုပ်ပေါ့ဟာ၊ ဒါပေမဲ့ နင့်ဟာ က ဝတ္တရား ကျေပွန်လွန်းနေပြီ၊ ဒေါ်မြဆင့်ရဲ့ တကယ့် ကိုယ်စားလှယ်ကြီး ဖြစ်နေပြီ၊ စပါးခြင်ရင်လဲ နင်က တိကျမှ သဘောကျတယ်။ အဖျင်းအမှော် လေး ရေစိုတာလေးဆိုလို့မှ တစ်စေ့မှ လက်မခံဘူး။ နင်က ဒီလောက်လုပ်နေ ရင်တော့ လယ်သမားတွေ ဘာသွားစားကြမလဲ၊ နင်လဲ တောမှာ ကြီးလာတာ နင်သိပါတယ်ဟာ၊ စပါးလေးရပါမယ့်အကြောင်း လယ်သမားတွေမှာ ဘယ်





လောက်ပင်ပင်ပန်းပန်း လုပ်ရသလဲ။ စပါးတစ်စေ့ကို လယ်သမားဟာ ချွေးတပေါက်နဲ့ ရင်းခဲ့ရတယ်။ နင်က စပါးတွေကို ရေစိုတယ်၊ အဖျင်းတွေပါ တယ်နဲ့ ပယ်လိုက်တိုင်း တစ်ဘက်က လယ်သမားမှာ အလဟဿဖြစ်ရ တယ်၊ တစ်နေ့က စပါးခြင်တုန်းကလဲ နင်ပယ်လိုက်တဲ့ စပါးတွေဟာ မနည်း ဘူး၊ နင်ဟာ သူတို့ ချွေးတွေကို သွန်ပစ်နေတာနဲ့ အတူတူပဲ။ သူတို့ ချွေးတွေနဲ့ ခြေဆေးပစ်တာနဲ့ အတူတူပဲ"

"ဒါတော့ အရောင်းအဝယ်ကိစ္စကို ကိုရင်ရဲ့၊ အရောင်းအဝယ်နဲ့ တူ အောင်လုပ်ရမှာပေါ့"

ရွှေတင်က သင်ဖြူးကိုလက်သည်းဖြင့်ခြစ်ရင်းပြောနေသည်။ စောစောက ကိုတောက်ထွန်း၏ မျက်နှာထားခက်ထန်နေပုံ၊ အသံမာကျော နေပုံကို တွေ့ရကြားရ၍ ပြုံးချင်သော်လည်း မပြုံးရဲတော့ပေ။

"အေး အရောင်းအဝယ်ကိစ္စကို အရောင်းအဝယ်နဲ့ တူအောင် လုပ်ရ မယ်ဆိုတာကို ငါလက်ခံတယ်၊ ဒါပေမဲ့ နင်တို့ဒေါ်ဒေါ်ဆင့်တို့ကလဲ လယ်သမားတွေကို လူနဲ့ တူအောင် ဆက်ဆံရမယ်၊ သူတို့အပေါ်မှာ ရိုးသား ရမယ်၊ ဒါမှ လယ်သမားများကလဲ သူတို့အပေါ်မှာ ရိုးသားစွာ ဆက်ဆံမှာပဲ။ သူတို့ကမရိုးမသားဆက်ဆံလို့ လယ်သမားက ပြန်ပြီး မရိုးမသားဆက်ဆံ တော့ လယ်သမားကို အပြစ်ဖို့တယ်၊ နင်စဉ်းစားကြည့်၊ လယ်သမားဘဝဟာ မသေရုံစားနေရတဲ့ဘဝ၊ ဒီလို မသေရုံစားနေရတဲ့ လယ်သမားတွေကို ဘယ်သူတွေက ခေါင်းပုံဖြတ်သလဲ၊ နင်တို့ဒေါ်ဒေါ်ဆင့်တို့လို မြေရှင်ကြီး တွေနဲ့ ချစ်တီးတွေက ခေါင်းပုံဖြတ်နေတာ မဟုတ်ဘူးလား၊ သူတို့ပစ္စည်း ချမ်းသာတာဟာ ဘာကြောင့်ချမ်းသာသလဲ၊ လယ်သမားတွေကို ငွေတိုး ကြီးကြီးနဲ့ချေးလို့ လယ်တွေ တစ်စတစ်စပိုင်လာတယ်၊ တစ်ခါ အဲဒီပစ္စည်း တွေကိုရင်းပြီး ငွေတိုးချေးစားတယ်၊ လယ်သမားတစ်ယောက်ဟာ ငွေတစ်ရာ ချေးရင် နှစ်ရာ့ငါးဆယ် ပြန်ဆပ်ရတယ်။ ဒီလယ်သမား ဘယ်တော့ ထမင်းဝမလဲ၊ ဟောဒီစာအုပ်ကို ကြည့်စမ်း"

ကိုတောက်ထွန်းက မစ္စတာဘင်း(စ်)၏ "မြန်မာပြည်လယ်ယာစီး ပွားရေး" အစီရင်ခံစာကို ထောင်၍ ပြသည်။ ရွှေတင်သည် ကိုတောက်ထွန်း ဆိုလိုသည်ကို အဓိပ္ပာယ်နားမလည်ဘဲ မျက်လုံးဝိုင်း၍ ကြည့်နေပေ၏။

"ဒါ အင်္ဂလိပ် ကြေးတိုင်မင်းကြီးတစ်ယောက် ရေးခဲ့တဲ့စာအုပ်၊ ဗမာ



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားတွေ ဘယ်လောက် ဆင်းရဲတဲ့အကြောင်း၊ ဘယ်လောက်ကြွေးထူ ထပ်ကြောင်း စာရင်းအင်းနဲ့ ပြထားတယ်၊ တို့လယ်သမားတွေ ဝတ်ပြတ်ဆင်းရဲနေတာဟာ သူ့လို အင်္ဂလိပ်အရာရှိကြီးတွေတောင် ငြင်းလို့မရဘူး၊ ခု-ဖြူးတစ်ဝိုက်မှာဆိုရင် လယ်တွေကို တကယ်လယ်လုပ်တဲ့ လူတွေက မပိုင်တော့ဘူး၊ တကယ်လယ်မလုပ်တဲ့ ချစ်တီးတွေနဲ့ ဒေါ်ဒေါ်ဆင့်တို့လို မြေရှင်ကြီးတွေကပဲပိုင်တော့တယ်၊ ဒီထဲမှာ သီးစားလုပ်တော့ တစ်ဧကကို တင်း ၄၀ လောက်ပဲရတယ်။ သီးစားခက ၁၂ တင်းကနေတင်း၂၀ အထိပေးရတယ်၊ တစ်ဝက်လောက်ပဲ လယ်သမားတွေလက်ထဲ ကျန်တော့တယ်၊ ဒီထဲဟိုကြွေးဒီကြွေးနုတ်ရင် ဘာမှ မကျန်တော့ဘူး။ ဒါတောင် သာမန် စပါးအထွက်မှန်တဲ့ နှစ်ကိုပြောတာ၊ အဲ ရေကြီးတာ မိုးခေါင်တာ ရှိသေးတယ်။ ပြီးတော့ ဒိုပြင် စားကုန်သောက်ကုန်ဈေးနှုန်းတွေတက်တာ ရှိသေးတယ်၊ စပါးပေါ်တော့ စပါးကိုဈေးကောင်းရအောင် လှောင်မထားနိုင်ဘဲ ရရာဈေးနှုန်းနဲ့ ရောင်းပစ်ရတာရှိသေးတယ်၊ ရောင်းတဲ့နေရာမှာ ပိုင်ရှင်က တင်းတောင်းမမှန်တာ ရှိသေးတယ်၊ ကျွဲနွားတိရစ္ဆာန် ရောဂါဖြစ်လို့ ဆုံးရှုံးရတာရှိတယ်၊ စပါးဈေး ဘယ်လိုကျနေနေ မြေခွန်တော် ပုံမှန်ပေးနေရတာရှိသေးတယ်၊ ဒီအထဲမှာ အိမ်သူအိမ်သားထဲက နေထိုင်ကောင်းဒုံးမှ၊ နေထိုင်မကောင်းလို့ရှိရင် ဆေးဖိုးဝါးခကုန်ကျတာတွေ ရှိသေးတယ်၊ အဲဒါတွေဟာ တို့လယ်သမားတွေရဲ့ အခက်အခဲတွေပဲ၊ ဒီလောက်အခက်အခဲတွေ တွေ့နေရတဲ့ လယ်သမားတွေကိုတော့ လူနဲ့တူအောင် မဆက်ဆံဘူး၊ နင်တို့ အရောင်းအဝယ်ကိစ္စကျတော့ အရောင်းအဝယ်နဲ့ တူအောင် လုပ်တာတရားသလား"

"ရွှေရွှေတော့ ဒါတွေမသိပါဘူး ကိုရင်ရယ်၊ ခိုင်းတာလုပ်ရတာပဲ၊ ခိုင်းတာမလုပ်ဘဲ နေလို့ဖြစ်မလား"

"ခုကြည့်လေ၊ ဦးသာဇံဆီက စပါး ငါးသောင်းကို ရှစ်ဆယ်ဈေးနဲ့ဝယ်ပြီး ကိုးဆယ်ဈေးနဲ့ လက်လွှဲရောင်းတယ်၊ တစ်ရာကို တစ်ဆယ်မြတ်ရင် စပါးတစ်ထောင်ကို တစ်ရာမြတ်မယ်။ တစ်သောင်းကိုတစ်ထောင်မြတ်မယ်။ ငါးသောင်းဆိုရင် ငါးထောင် ပက်ခနဲမြတ်မယ်။ သူတို့မှာတော့ ပါးစပ်ကလေး စကားလေး တစ်ခွန်းပြောရုံနဲ့ မြတ်တာ၊ ဒီစပါး ငါးသောင်းကို ရအောင် စိုက်တဲ့လယ်သမားကျတော့ ဘယ်လောက်များရလို့လဲ။ တင်းတစ်ရာကို အချို့များ ငါးဆယ်ဈေးနဲ့ ရောင်းခဲ့ရတယ်"





ရွှေတင်သည် ဘာမျှမပြောတော့ဘဲ စာအုပ်များကို ငေးကြည့်နေလေ၏။ လေတိုက်သည့်အခါတွင် စာရွက်များသည် တဖျတ်ဖျတ် လှုပ်ရှားနေကြပေ၏။

"ဒါထက် ကိုရင် ဟိုနေ့က အစ်ကိုနဲ့တွေ့တုန်းက ဘာတွေပြောလွှတ်လိုက်သလဲ"

ရွှေတင်က ကိုတောက်ထွန်းကို မရဲတရဲကြည့်၍မေးလိုက်၏။ အမှန်ကတော့ ရွှေတင်သည် သည်အကြောင်းကိုသိချင်၍ ကိုတောက်ထွန်းထံ တမင်ဝင်လာခြင်းဖြစ်ပေသည်။ တစ်နေ့တွင် ခင်မောင်ဝင်းတယောက်တည်း စက်ထဲသို့လမ်းလျှောက် ထွက်သွားရာ အပြန်တွင် ခင်မောင်ဝင်းမှာ ဒေါပွပြန်လာကာ ကိုတောက်ထွန်းအကြောင်းကို ဒေါ်မြဆင့်အား တိုင်နေသံလိုကြားလိုက်ရ၍ မေးမြန်းခြင်းဖြစ်၏။ ကိုတောက်ထွန်းက မရယ်ချင့်ရယ်ချင်ရယ်ကာ -

"သြော် သြော် ဟိုနေ့ကလား၊ ငါဘုတွေချည်းပဲ ပြောလွှတ်လိုက်တာ၊ ဘိုကြက်ချေးကို နည်းနည်းချဉ်တာနဲ့"

"ကိုရင်ဟာ တော်တော်ပြောရခက်တယ်။ လုပ်ချင်ရင် တဇွတ်ထိုးချည်းပဲ။ ဘာဖြစ်လို့ ဘုပြောရတာလဲ။ ကိုယ့်အလုပ်ကိုယ်လုပ်ပါလား။ ပြီးတော့ ကိုယ့်လဲ သူတို့က ကြည့်ရှုထားတာ မဟုတ်လား။ တော်တော်ကြာ အလုပ်က ဖြုတ်ပစ်ရင် ဘယ့်နှယ်လုပ်မလဲ"

ရွှေတင်က ခေါင်းကိုကုတ်ရင်း ညည်းနေ၏။ သူ့မျက်နှာကလေးမှာ ကိုတောက်ထွန်းအတွက် စိုးရိမ်သည့် အရိပ်အရောင်တွေ လွှမ်းနေပေ၏။

"ဖြုတ်လဲ ဖြုတ်ပေ့ါဟ၊ ဝတ်တော့မသေပါဘူး၊ အလုပ်ဖြုတ်လိုက်ရင်လဲ တောသွား လယ်သမားကလေးတွေ စာသင်ပေးမယ်။ တစ်ဆုပ်တစ်ခဲတော့ စားရတာပဲ၊ မတရား လုပ်တာကိုတော့ နည်းနည်းမှမခံချင်ဘူး"

"နို့ နေစမ်းပါဦး၊ သူကဘာပြောလို့လဲ"

"တစ်နေ့က စတီးက ကိုယ်စားလှယ်နဲ့ လာတယ်။ သူ့လိုဘိုကြက်ချေးကောင်ဟာလေ၊ အဲဒါ စက်ထဲရောက်တော့ ဟိုမေးဒီမေးလျှောက်မေးတယ်။ ငါက ကောင်းကောင်းမဖြေဘူး။ တလွဲတွေရျောက်ဖြေတယ်။ ဒီကောင်တွေက အင်္ဂလိပ် ကုမ္ပဏီကလူများဆိုတော့ တို့ဗမာ စက်တွေအကြောင်း အတုန်နှိုက်နှိုက်ချွတ်ချွတ် လျှောက်မေးတာပဲ။ ကျုပ်နဲ့ ခင်ဗျားနဲ့ ပြောတယ်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



စတီးကိုယ်စားလှယ် ခဏထွက်သွားတုန်းမှာ 'ခင်ဗျားနဲ့ ကျုပ်နဲ့ မပြောရဘူး ခင်ဗျား အင်မတန်ရိုင်းတယ်။ လူ့ယဉ်ကျေးမှုကို ဘာမှနားမလည်ဘူး' ဆိုပြီး ငါ့ကို ပွက်တာပဲ။ ငါကလဲ 'ကျုပ်ကတော့ ကျုပ်နဲ့ခင်ဗျားပဲ ပြောတတ်တယ် ဟန်မဆောင်တတ်ဘူး။ စိတ်ထဲရှိတာပဲ ပြောမှာပဲ' လို့ ဘုပြောလွှတ်လိုက်တယ်။ သူလဲ 'ခင်ဗျား သခင်ယောင်ယောင်၊ နိုင်ငံရေးသမားယောင်ယောင် မလုပ်ပါနဲ့။ ထမင်းကောင်းကောင်း မှန်မှန် စားနေချင်ပါ' လို့ ပြောသွားတယ်။ ငါကလဲ 'ကျုပ်လခပေးသလောက်တော့ လုပ်တာပဲ၊ ကျုပ်ဘက်က ဘာမှ ဝတ္တရားပျက်တာမရှိဘူး။ခင်ဗျားတို့ မကြိုက်ရင်လဲ ဖြုတ်ပေါ့' လို့ပြောလိုက်တယ်။ နင့်ဘိုကြက်ချေးတော့ မျက်နှာကြီးနီပြီး ခွာသံပြင်းပြင်းနဲ့ ထွက်သွားလေရဲ့၊ ပါးစပ်ကတော့ ဘာမှမပြောဘူး၊ အဲဒါ ဘာဖြစ်လို့လဲ"

"ကြီးကြီးဆင့်ကို တိုင်နေသံကြားရတယ်။ ဒီလို နိုင်ငံရေးသမားယောင်ယောင်၊ သခင်ယောင်ယောင်ကို စက်ထဲမှာ ခန့်ထားရင် ဆူပွက်ကုန်လိမ့်မယ်တဲ့"

ကိုတောက်ထွန်းသည် အားပါးတရ ဟစ်၍ ရယ်လိုက်သည်။ သူ့ရယ်သံကြောင့် ရွှေတင်ပင် လန့်သွားလေသည်။

"တော်တော်လဲ အစိုးရိမ်ကြီးတဲ့လူတွေ၊ ကိုယ့်ဘက်ကျတော့ ကိုယ်ကြည့်တတ်မြင်တတ်လိုက်ကြတာ၊ သူများဘက်ကိုတော့ နည်းနည်းလေးမှ ငဲ့မကြည့်ဘူး"

"ကောင်းကောင်းမွန်မွန်နေပါ ကိုရင်ရယ်၊ ရွှေရွှေကတော့ အေးအေးချမ်းချမ်း နေစေချင်တာပဲ"

"အေး တို့ကသာပြီး အေးအေးချမ်းချမ်း နေချင်သေးတယ်။ သင်းတို့တစ်တွေကသာ တို့အပေါ်မှာ ခေါင်းပုံဖြတ်ပြီး မတရားသဖြင့် လုပ်နေကြတာ၊ တို့က သည်းမခံနိုင်လွန်းလို့ ဆူတော့ တို့အဆိုးဖြစ်တယ်။ သူတို့ ခေါင်းပုံဖြတ်နေကြတာတော့ ဘယ်သူကမှ ခရေစေ့တွင်းကျ သိတာမဟုတ်ဘူး၊ ပြီးတော့"

"ဆရာကိုတောက်ထွန်း၊ ဗျို့ ဆရာကိုတောက်ထွန်း"

အပြင်ဘက်မှ ခပ်အုပ်အုပ်ခေါ်သံကို ကြားရသဖြင့် ကိုတောက်ထွန်းသည် စကားကိုဖြတ်ကာ အပြင်သို့ နားစွင့်လိုက်သည်။ နောက်တစ်ကြိမ်ခေါ်သံကို ကြားရပြန်သည်။ အသံမှာ စိုးရိမ်တကြီးနှင့် ခေါ်သံ ဖြစ်လေသည်။





"ဗျို့ ဘယ်သူလဲ၊ ရှိပါတယ်"

"ကျွန်တော်တို့ပါ၊ စက်ထဲက လှဆောင်တို့ပါ"

အပြင်ဘက်မှ ပြန်ဖြေ၏။ ခြေသံများမှာ လေးငါးယောက်ရှိမည်ဟု ခန့်မှန်းရလေသည်။ ကိုတောက်ထွန်းသည် မျက်မှောင်တစ်ချက်ကြုတ်ကာ စဉ်းစားနေဟန်တူ၏။

"ဒီလူတွေ ဘာကိစ္စများ အရေးကြီးလာသလဲ မသိဘူး။ ဗျို့ ကိုလှဆောင်တို့လား။ လာကြလေ၊ ဝင်ခဲ့ကြပါ၊ ခြံတံခါး စေ့ထားတယ်"

မီးရောင်ထဲသို့ ရောက်သောအခါ စက်ထဲက အလုပ်သမားများ ဖြစ်နေသည်ကို တွေ့ရလေ၏။ သူတို့ကိုယ်မှာ စပါးခွံတွေ ပေကျံနေကာ ချွေးစီးဖြင့် ဝင်းပြောင်နေကြ၏။ ကိုယ်လုံးများမှာ ခပ်မြောင်းမြောင်းဖြစ်သော်လည်း သန်မာတောင့်တင်းကြပေ၏။ လက်မောင်းအိုးမှ ကြွက်သားကြီးများမှာ ဖုထစ်နေပေသည်။

အလုပ်သမား ငါးယောက်ဖြစ်၍ သူတို့ကို ခေါင်းဆောင်လာသူမှာ လှဆောင် ဖြစ်လေသည်။ လှဆောင်သည် မန်ကျည်းသားတုံးပေါ်မှတစ်ဆင့် အိမ်ရှေ့ခလောက်ဆွဲပေါ်သို့ လှမ်းတက်လိုက်၏။ သူတို့အားလုံးမှာ ရေးကြီးသုတ်ပျာ အမူအရာပေါ်နေသည်။

ကိုတောက်ထွန်းကို တစ်စုံတစ်ရာ ပြောတော့မည်ပြုပြီးမှ သင်ဖြူးပေါ်တွင် ကွပ်ကွပ်ရှပ်ရှပ်ကလေး ထိုင်နေသော ရွှေတင်ကို မြင်သောအခါ အာစေးထည့်ထားသလို စကားမပြောနိုင်တော့ဘဲ ကြက်သေသေ၍ ငေးကြည့်နေလေသည်။ လှဆောင်သာမဟုတ်၊ ကျန်အလုပ်သမားများကလည်း ရွှေတင်ကို မယုံသင်္ကာဖြစ်သလို ကြည့်ကာ တီးတိုးတီးတိုး ပြောနေကြသည်။ သူတို့စိတ်ထဲတွင် ရွှေတင့်ရှေ့တွင် ကိုတောက်ထွန်းနှင့် စကားပြောသင့် မပြောသင့်ကို စဉ်းစားနေကြဟန် ရှိလေသည်။

"ဟင် ကိုလှဆောင်တို့ပါလား"

ရွှေတင်က သူတို့ကို အလိုက်သင့် အလျားသင့် နှုတ်ဆက်လိုက်သည်။ သို့တိုင်အောင် သူတို့မှာ ရွှေတင်ကို မယုံသင်္ကာသလို ကြည့်မြဲကြည့်နေကြသည်။ ခဏကြာမှ လှဆောင်က

"သြော် ဟုတ်ကဲ့၊ အလည်လာသလား"ဟု မေးလိုက်သည်။

"ကိစ္စရှိတာနဲ့ ဝင်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ဆိုကြစမ်း၊ ဘာကိစ္စလဲ"

ကိုတောက်ထွန်းက သူတို့၏ အမူအရာများကို နားမလည်နိုင်သလို လှမ်းကြည့်ပြီး မေးလိုက်သည်။ လှဆောင်သည် ပြောတော့မည် ပြုပြီးမှ မပြောသေးဘဲ ရွှေတင်ကို လှည့်ကြည့်နေပြန်သည်။

"ပြောပါ ကိစ္စမရှိပါဘူး။ ရွှေတင့်ရှေ့မှာပေမဲ့ လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်"

"ကံအေးပေါ့ ဆရာကိုတောက်ထွန်းရဲ့၊ ကံအေး"

လှဆောင်က စကားကို အဆုံးမသတ်နိုင်ဘဲ ရေးကြီးသုတ်ပျာ ပြောနေ၏။ သူ့ မျက်လုံးများမှာ ပြူးကျယ်ကာ အထိတ်တလန့် အသွင်ကို ဆောင်နေကြပေ၏။

"ကံအေး ဘာဖြစ်သလဲ။ ဘာလဲ ရန်ဖြစ်သလား"

"မဟုတ်ဘူး ဆရာကိုတောက်ထွန်းရဲ့၊ ကံအေး ပြုတ်ကန်ထဲ ကျသွားလို့"

"ဟာ"

ကိုတောက်ထွန်းမှာ ပါးစပ်မှ လွတ်ခနဲ ထွက်သွားသည်။ ရွှေတင်မှာလည်း မျက်လုံးကလေး ဝိုင်းသွားကာ ရှေ့နားသို့ တိုးလာသည်။ ကံအေးမှာ ဇဟားမှ ဖြစ်၏။ လယ်ကူလီဘဝဖြင့် ထမင်းနပ်မှန်အောင် မစားရသောကြောင့် မြို့သို့တက်လာကာ ဆန်စက်ထဲတွင် ကူလီလုပ်နေခြင်းဖြစ်ပေသည်။

"ဘယ်လိုဖြစ်တာလဲ"

"ပြုတ်ကန်ထဲမှာ ပွက်ပွက်ဆူအောင် မီးထိုးပြီး ရေလွှတ်ထားတုန်း စပါးတွေ လောင်းထည့်နေတာပဲ၊ စပါးတောင်းကို အသွန်လိုက်မှာ မဟန်နိုင်ဘဲ ကျသွားတာပဲ။ အပေါ်ပိုင်းကတော့ သိပ်မထိပါဘူး။ အောက်ပိုင်းကတော့ ရစရာမရှိတော့ဘူး။ ခုတော့ ဂတ်လဲ မတိုင်သေးဘူး။ ဆေးရုံလဲ မပို့သေးဘူး။ ဆရာကိုတောက်ထွန်းဆီ အရင်လာမယ်ဆိုပြီး ထွက်လာတာပဲ။ အဲဒါ ဘယ်လိုလုပ်ရမလဲ ဆရာကိုတောက်ထွန်း"

လှဆောင်က ကိုတောက်ထွန်းကို ငေးပြီး စိုက်ကြည့်နေ၏။ သူ့အကြည့်မှာ ကိုတောက်ထွန်းအပေါ်တွင် မျှော်လင့်ချက်ဖြင့် ကြည့်သော အကြည့်မျိုး ဖြစ်၏။ ကိုတောက်ထွန်းပါးစပ်မှ ထွက်လာမည့် စကားများကို စိတ်အားထက်သန်စွာ စောင့်နေသော အကြည့်မျိုးဖြစ်လေသည်။ လှဆောင်





တို့ ဆန်စက်အလုပ်သမားများသည် ကိုတောက်ထွန်းကို လေးစားကြပေသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စပေါ်လာလျှင်လည်း ကိုတောက်ထွန်းဆီသို့ လာ၍ အကူအညီတောင်းတတ်သည်။ ကိုတောက်ထွန်းကလည်း သူတို့ကို တတ်နိုင်သည့် အကူအညီမှန်သမျှ ပေးသည်။ သူတို့သားသမီး နေမကောင်း၍ ဆေးဖိုးဝါးခဆိုလျှင် ကိုတောက်ထွန်းကပင် ထုတ်ပေးတတ်သည်။ ကိုတောက်ထွန်းရသည့် လခမှာ သည်လိုပေးကမ်းထောက်ပံ့ရသည်နှင့်ပင် တစ်ဝက်လောက်သာ ကျန်နေတတ်သည်။ တစ်ခါကလည်း ကိုတောက်ထွန်းကို လခတိုးပေးမည်ဟု ဒေါ်မြဆင့်က ပြောသည်တွင် ကိုတောက်ထွန်းက သူ့ကို လခမတိုးဘဲ နေ့စားကူလီများကိုသာ လခတိုးပေးရန် ပြောခဲ့ရာမှ ထိုသတင်းမှာ ဆန်စက်အလုပ်သမားများနားတွင် ပေါက်ကြားသွားကာ ကိုတောက်ထွန်းကို ပို၍ လေးစားခင်မင်လာကြသည်။

ကိုတောက်ထွန်းက မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။ သူ့မေးရိုးကားကြီးများမှာ မီးရောင်မှ ပြာထွက်နေသော အလင်းနှင့် အမှောင်ရိပ်ကြောင့် ပို၍ ထင်ရှားနေလေ၏။

"ကဲ ကဲ- ဆေးရုံကို ပို့ပြီးတော့ ဒေါ်မြဆင့်ကို သွားပြော၊ ကျုပ်ပါလိုက်ပါမယ်။ ရွှေတင် နင်လဲအိမ်ပြန်တော့။ ဒီအကြောင်းကို နင် ဘာမှ ပြောမထားနဲ့နော်၊ မသိသလိုနေလိုက်၊ တို့ဘာသာ တို့ပြောမယ်၊ ပြန် ပြန် ပိုးချုပ်နေလိမ့်မယ်။ လိုက်ပို့ခိုင်းဦးရမလား"

ကိုတောက်ထွန်းက ရွှေတင်ဘက်သို့ တစ်ဆက်တည်း လှည့်၍ ပြောလိုက်သည်။ လှဆောင်တို့ အလုပ်သမားများ၏ မျက်လုံးများကလည်း ရွှေတင်ဆီသို့ ရောက်လာကြသည်။ ရွှေတင်က ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေရာမှ ထလိုက်ကာ

"ဒါဖြင့် ရွှေရွှေပြန်မယ် ကိုရင်။ လိုက်အပို့ခိုင်းမနေပါနဲ့, ကိစ္စမရှိပါဘူး၊ ရွှေရွှေတစ်ယောက်တည်း ပြန်ရပါတယ်၊ ကဲ ကိုလှဆောင်တို့အားလုံးပဲ ပြန်လိုက်ပါဦးမယ်နော်၊ အဆင်ပြေအောင်သာ ကြည့်လုပ်ကြပါရှင်"

ရွှေတင်က အားလုံးကို နှုတ်ဆက်ကာ ပြန်သွားလေသည်။ သူတို့အားလုံးသည် ရွှေတင်ကို ခေါင်းညိတ် နှုတ်ဆက်ကာ ရွှေတင်သွားရာသို့ ကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

"ကံအေးမှာ ကလေးဘယ်နှယောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတောက်ထွန်းက လှဆောင်ဘက်သို့ လှည့်၍ မေးလိုက်၏။

"သုံးယောက်"

"လေးယောက်လေကွာ၊ နို့စို့ကလေးတစ်ယောက် ရှိသေးတယ်"

လှဆောင်က ဝင်၍ ပြောလိုက်သည်။ကိုတောက်ထွန်းသည် ကလေးလေးယောက် တိုးလို့တွဲလောင်းဖြင့် ကျန်ရစ်ခဲ့သည့် ကံအေး၏ မိန်းမ မုဆိုးမ မျက်နှာကို ကွက်ခနဲ သွား၍ မြင်မိလေသည်။

"မိန်းမကလဲ သိပ်မာတာမဟုတ်ဘူး၊ မီးယပ်ဖော ဖောနေသလားမသိဘူး။ မျက်နှာက ခပ်အမ်းတမ်းတမ်း ဖြစ်နေတယ်"

တစ်ယောက်က ဝင်ပြောလိုက်သည်။ ကိုတောက်ထွန်းက ပင်နီရှပ်လက်ရှည် အင်္ကျီကို နံရံတွင် ချိတ်ထားရာမှ ကောက်ဝတ်လိုက်ရင်း

"ကဲ လာ လာ၊ စက်ထဲ အရင်သွားမယ်၊ ကျုပ်ပါစက်ထဲကို လိုက်လာခဲ့မယ်"

သူတို့အားလုံး စက်ထဲသို့ လာခဲ့ကြသည်။ စက်မှာ မီးရထားသံလမ်းနှင့် မော်တော်ကားလမ်းကို ကျော်ဖြတ်ပြီး မြို့စွန် စပါးကွင်းများဘေးတွင် ရှိလေ၏။ သူတို့ ရောက်သွားသောအခါ စက်ထဲတွင် ယောက်ယက်ခတ်နေသော အလုပ်သမားများကို တွေ့ရလေ၏။ ပြုတ်ဆန်နံ့မှာ စူးစူးဝါးဝါးကြီးတိုးဝင်လာလေသည်။

ပြုတ်ကန်ဘေးတွင်ကား အလုပ်သမားများမှာ ကံအေးကို ဝိုင်းကြည့်နေကြသည်။ ကိုတောက်ထွန်းသည် သူတို့ကြားထဲမှ တိုးဝှေ့ကာ ရှေ့သို့တိုးဝင်လာခဲ့၏။ ကံအေးမှာ သတိလစ်ကာ လဲနေလေ၏။ အောက်ပိုင်းကို ဂုံနီအိတ်များဖြင့် ဖုံးထား၏။ဂုံနီအိတ်ကို ဆွဲလှပ်၍ ကြည့်လိုက်သောအခါတွင်ကား မြင်မကောင်း ရှုမကောင်း ဖြစ်နေလေ၏။ တစ်ကိုယ်လုံးတွင် ရေနွေးဖျောထားသလို အရေခွံများကျွတ်ကာ အသားနုများ နီရဲနေ၏။ တချို့နေရာများတွင် အဆီပြင်များပင် ပေါ်နေလေ၏။

"ကဲ ကဲ ကိုယ့်အလုပ် ကိုယ်လုပ်ကြ။ ကိုယ့်အလုပ် ကိုယ်ပြန်လုပ်ကြ၊ သတိဝီရိယလေးနဲ့လဲ လုပ်ကြနော်။ ကိုလှဆောင် မြင်းလှည်းတစ်စီးခေါ်ဗျာ"

ကိုတောက်ထွန်းက ဂုံနီအိတ်ကို လျင်မြန်စွာ ပြန်ဖုံးလိုက်ကာ အလုပ်သမားများကို ကိုယ့်အလုပ်ခွင်တွင် ကိုယ်ဝင်ကြရန် လှမ်းပြောလိုက်သည်။





သူကိုယ်တိုင်မှာမူ လှဆောင်တို့တစ်သိုက်နှင့် ကံအေးကို ဆေးရုံပို့ဖို့ စီစဉ်ရသည်။ ကံအေးမှာ ယခုတိုင် သတိမရသေးပေ။ ပါးစပ်ကမူ အပူဓာတ်ကြောင့် တအင်းအင်း ညည်းနေလေ၏။ အလုပ်သမားများက ရရာ ဆေးမီးတိုများဖြင့် ကိုယ်ကို လိမ်းကျံထားသည်ကို တွေ့ရလေ၏။ ကံအေးသည် မသေမပျောက်၍ ရှင်သည့်တိုင်အောင် လူစဉ်မှီဖို့ မလွယ်တော့ပေ။ ရုပ်ပျက်ဆင်းပျက် ဖြစ်မည်ကား သေချာနေပေ၏။

ခဏကြာလျှင် မြင်းလှည်းရောက်လာကာ ကံအေးကို ဆေးရုံသို့ သူကိုယ်တိုင် လှဆောင်တို့နှင့်အတူ လိုက်ပို့သည်။ ဆေးရုံတွင် ကံအေးမှာ သတိမရတစ်ချက် ရတစ်ချက်နှင့်ပင် နေသည်။ ကိုတောက်ထွန်းမှာ လခသာနည်းသော်လည်း ဆန်စက်တွင် တာဝန်ခံမို့ သူပင် အကုန်လုံးကို ဒိုင်ခံ၍ လုပ်ပေးနေရလေသည်။

"ဆရာကိုတောက်ထွန်း စက်သူဌေးအိမ် ဝင်အုံးမလား"

လှဆောင်က ဆေးရုံမှ အပြန်တွင် မေးလိုက်၏။ သူတို့တစ်သိုက်သည် လမ်းအတိုင်း မသွားကြတော့ဘဲ သံလမ်းဇလီဖားတုံးများကို နင်းကာ ပြန်လာခဲ့ကြသည်။ ဇလီဖားတုံးများကို တစ်တုံးပြီး တစ်တုံး တက်နင်းလာကြသဖြင့် ခြေလှမ်းကြီးများမှာ ခပ်ကျဲကျဲဖြစ်ကာ တစ်ညီတည်းလိုဖြစ်နေလေသည်။

"သွားတော့ ပြောရမှာပဲ၊ ဘယ်နှနာရီရှိပလဲ မသိဘူး"

ကိုတောက်ထွန်းက သူ့ဘယ်လက်ကောက်ဝတ်ကို ကြည့်လိုက်၏။ သို့ရာတွင် ယောင်ယမ်း၍ ကြည့်ခြင်းမျှသာတည်း။ တကယ်တော့ သူ့လက်တွင် လက်ပတ်နာရီ မရှိပေ။ တောင်ငူကျောင်းနေတုန်းက တောင်ငူရိုးတိုက်မှ အယ်လ်ဂျင် လက်ပတ်နာရီတစ်လုံးကို အဖေက ဝယ်ပေးခဲ့ဖူး၏။ အဖေသည် သူ့သား ဟိုက်စကူးကျောင်းသား ကိုတောက်ထွန်းကို မျက်နှာမငယ်ရလေအောင် မရှိမဲ့ရှိမဲ့ စုဆောင်းဝယ်ပေးခဲ့ခြင်း ဖြစ်ပေသည်။ ကိုတောက်ထွန်းကလည်း သည်လက်ပတ်နာရီကို အဖေအမှတ်တရ ဝယ်ပေးခဲ့သည့်နာရီမို့ ခုံခုံမင်မင် ရှိခဲ့၏။ သူ့တွင် ဘယ်လောက်ပင် ပိုက်ဆံ ပြတ်နေစေကာမူ သည်နာရီကိုတော့ မထိခဲ့ဘူးပေ။ တလောက လှဆောင်၏ နို့ညှာကလေးအသည်းအသန်ဖြစ်တုန်းက လှဆောင်က သူ့ကိုအကူအညီတောင်းသဖြင့် ကလေးကိုလိုက်ကြည့်သောအခါ ကလေးမှာ အပြင်းဖျားနေသည်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ကိုတောက်ထွန်းသည် လက်တွင်ပတ်ထားသည့် နာရီကလေးကို တဆယ့်နှစ်ကျပ်နှင့်ပေါင်ကာ လှဆောင်ကို ပေးလိုက်၏။ ယခုတိုင် မရွေးနိုင်သေးပေ။

"ဆယ်နာရီခွဲလောက်တော့ ရှိရော့မယ်"

လှဆောင်က ဇလီဖားတုံးပေါ်တွင် လျှောက်ရသည်ကို အားမရသဖြင့် သံလမ်းဘေး လူသွားလမ်းလေးပေါ်သို့ ဆင်းရင်း ပြောလိုက်၏။ ထိုစဉ် ဂနီစက်ထဲမှ သံချောင်း ဆယ့်တစ်ချက်ထိုးသံကို ကြားရလေသည်။

"ဟောဗျာ ဆယ့်တစ်နာရီဗျ"

လှဆောင်က နာရီသံကို နားထောင်ပြီး ကိုတောက်ထွန်းကို ပြောလိုက်သည်။

"ခုည သွားလို့ဖြစ်ပါဦးမလား ဆရာ"

သူတို့နှင့်ပါလာသူ အလုပ်သမားတစ်ယောက်က လှမ်း၍မေးလိုက်သည်။

"အင်း နည်းနည်းလောက် ညဉ့်နက်သွားပြီဗျ၊ နှိုးရလိမ့်မယ်ထင်တယ်။ ကဲ ဒီလိုလုပ်ဗျာ၊ ခုညတော့ သိပ်အချိန်မရှိတော့ဘူး။ မနက် စောစောကျမှ သွားကြရအောင်၊ ကျုပ်အိမ်ကိုလာခဲ့ကြ။ သြော် နေဦး၊ ကံအေးအကြောင်းကို သူ့မိန်းမကို ရုတ်တရက် သွားမပြောနဲ့ဦးနော်၊ မနက်ဖြန် ဒေါ်မြဆင့်တို့နဲ့ ပြောဆိုပြီးမှ ဖြည်းဖြည်းပြောရအောင်၊ ဒီပြင် အလုပ်သမားတွေကိုလဲ ပြောထားပါ။ ကံအေးကိစ္စကို သူ့ မိန်းမ မသိပါစေနဲ့ဦးလို့၊ မမာရတဲ့အထဲ ဒီလိုသတင်းကြားလိုက်ရရင် ပိုဆိုးသွားလိမ့်မယ်"

စက်ဘက်သို့သွားသော လမ်းခွဲသို့ ရောက်လာကြလေ၏။ ကောင်းကင်တွင် ကြယ်များသာ ပိုးတဝါး လက်နေကြပေ၏။ ဆောင်းဦးပေါက်ဖြစ်၍ နှင်းမှုန်ကလေးများ တဖွဲဖွဲကျနေပေရာ မြက်ပင်များမှာ နှင်းဆီနှင်းစက်တို့ဖြင့် ရွှဲစိုလျက်ရှိသည်။

"ကဲ ကိုလှဆောင်တို့ စက်ထဲတော့ ကြည့်ထိန်းလိုက်ပါဗျာ၊ တရားသဖြင့် ဖြစ်အောင်တော့ လုပ်ရမှာပေါ့၊ ကျုပ်လဲပြန်မယ်"

ကိုတောက်ထွန်းသည် လှဆောင်တို့နှင့်ခွဲ၍ အိမ်ဘက်သို့ လျှောက်လာခဲ့ပေသည်။ ခွေးတစ်ကောင် ထိုး၍ဟောင်လိုက်သံသည် ထွက်ပေါ်လာလေ၏။ အိမ်များမှာ မီးမှိတ်ကာ တံခါးပိတ်ကုန်ကြပြီဖြစ်၍ မှောင်မည်း





နေလေ၏။ ညဉ့်သည် ပိုမိုတိတ်ဆိတ်နေသည်ဟု ထင်မှတ်ရပေသည်။

ကိုတောက်ထွန်းသည် ရွှေတင်အား လှဆောင်တို့ တစ်သိုက်က သဘောမကောင်းဖြင့် ကြည့်နေကြပုံကို သွား၍အမှတ်ရလာကာ သနားသွားမိလေသည်။ တကယ်တော့ ရွှေတင်ကို ကိုတောက်ထွန်းကောင်းကောင်းသိပြီးဖြစ်လေသည်။

ရွှေတင်သည် ဒေါ်မြဆင့် စေခိုင်းသဖြင့် ကျေးဇူးရှင်တို့သဘောလုပ်ရသော်လည်း သိပ်စိတ်ပါလက်ပါ မရှိလှကြောင်းကို ကိုတောက်ထွန်းသိပြီး ဖြစ်ပေသည်။ သည်လို ဒေါ်မြဆင့်တို့ခိုင်းသမျှကို မရှောင်မလွှဲသာဘဲ လုပ်နေရသည့်ရွှေတင်ကို လှဆောင်တို့က ဒေါ်မြဆင့်လူဟု သဘောမကောင်းဖြစ်သောအခါ ရွှေတင်ကို ကရုဏာသက်မိပေသည်။

ကိုတောက်ထွန်း စိတ်ထဲတွင် တစ်နေ့နေ့တော့ သူတို့လဲ ရွှေတင်အပေါ်မှာ သဘောရှင်းသွားကြမှာပဲဟု တွေး၍ ဖြေသိမ့်ရင်း ခြံစည်းရိုးတံခါးကို ဖွင့်၍ဝင်လာခဲ့လေသည်။

"ရွှေတင်၊ နင့်ကို အလုပ်သမားတွေက ဒေါ်မြဆင့်တို့လူဆိုပြီး ထင်နေကြတယ်၊ သတိထားနေ"

ကျင်ရွှေသည် ကိုတောက်ထွန်း၏ စကားများကို ကြားယောင်နေ၏။ အိပ်ချင်လာပြီ။ စောစောက ဆူညံနေသော မိန်းမ အကျဉ်းသမားတစ်စုမှာ အိပ်ပျော်သွားကြပေပြီ။

အပြင်ဘက်မှ ပုစဉ်းရင်ကွဲများအော်သံ၊ ဖားအော်သံနှင့် ပုရစ်များအော်သံသည် တဖြည်းဖြည်း ဝေးသွားသည်ဟု ထင်မှတ်ရလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

နောက်နေ့ရုံးချိန်းဖြစ်၏။

တရားသူကြီး၏ လက်နှိပ်စက်ရိုက်သံ၊ ရှေ့နေ၏ မေးခွန်းထုတ်သံ၊ တရားလိုပြသက်သေ မချစ်မေ၏ဖြေသံသည် သူ့နားထဲပျံ့လွင့်လာ၏။

တရားလိုပြ သက်သေအမှတ် ၂ ဖြစ်သော မချစ်မေကိုပင် စစ်ဆေးနေပေပြီ။ အရွှေသည် မချစ်မေအား ဘယ်အချိန်ခေါ်လိုက်သည်ကိုပင် သတိမထားလိုက်မိပေ။ မချစ်မေမှာ အသက်သုံးဆယ့်ငါးနှစ်ကျော်ကျော်လောက်မျှသာ ရှိသေး၏။ အသားနီစပ်စပ်၊ မျက်နှာခပ်ပြားပြားမို့ လှသည်ဟု မပြောနိုင်သော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာတောင့်တင်းကာ ယောက်ျား၏ ရမ္မက်ကို တက်ကြွစေသော ကိုယ်လုံးမျိုးဖြစ်ပေ၏။ စကားပြောလျှင် မျက်ခုံးမျက်စချီကာ မျက်နှာပေးကလည်း ကြာမူသလိုလို ရှိသည်။ ရှန်သားအကျီအဖြူနှင့် စိမ်းပြာရောင် ဖဲလုံချည်ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားကာ မျက်နှာတွင် သနပ်ခါးပါးပါး လူးထားလေ၏။

ညိုလေးကား တရားခံဝက်ခြံထဲ၌ အရွှေနှင့်မလှမ်းမကမ်းတွင် ရပ်နေပေ၏။ သူ့မျက်နှာကား အရွှေအတွက် စိုးရိမ်ကြောင့်ကြဟန် ပေါ်နေ၏။ အရွှေ့အတွက် အချိန်မရွေး အကျိုးဆောင်ပေးရန် အဆင်သင့်စောင့်နေသော နောက်တော်ပါ တစ်ဦးနှင့်ပင် တူနေပေသည်။ အရွှေက ခင်မောင်ဝင်းဆီသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ ခင်မောင်ဝင်းက သူ့ဘက်သို့ လှမ်းအကြည့်နှင့် ဆုံနေလေ၏။ ခင်မောင်ဝင်းက အသိအမှတ်





ပြုသလို တစ်ချက်မျှ ပြုံးပြလိုက်သော်လည်း အရွှေကမူသူ့အပြုံးကို နားမလည်နိုင်ဘဲ မျက်စောင်းဖြင့် တုံ့ပြန်ကာ မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်သည်။ ရွှေတင့်မျက်နှာမှာ လောကတစ်ခုလုံးကို ဥပေက္ခာပြုထားဟန်ရှိပေသည်။

"ဒီမှာ မချစ်မေ၊ တရားခံမ အရွှေခေါ် မကျင်ရွှေဟာ အခင်းဖြစ်ပွားတဲ့ ညက ပထမတစ်ခေါက် သူချည်းပဲလာတယ်။ ဦးဖေသန်းရဲ့ အခန်းကိုဖွင့်ပြီး တစ်ခုခုကိုယူပြီး ထွက်သွားတယ်၊ နောက် ဒုတိယတစ်ခေါက်သေသူ ဦးဖေသန်းနဲ့အတူ ပြန်လာတယ် မဟုတ်လား။ ပထမအခေါက်နဲ့ ဒုတိယအခေါက်ကြား ဘယ်လောက်ကြာသလဲ"

တရားခံ၏ ရှေ့နေက တရားလိုပြသက်သေ မချစ်မေကို လှမ်း၍မေးလိုက်၏။ တရားခံရှေ့နေသည် သူ့ရှေ့တွင်လှန်ထားသော ဒိုင်ယာရီ စာအုပ်အလယ်ခေါင်တွင် ညှပ်ထားသည့် ဖောင်တိန်ကို ရှေ့ထိုးနောက်ငင်ရွှေ့ရွှေ့နေသည်။ နောက်ဆုံးတွင် ခေါင်းကိုဆတ်ခနဲမော့ကာ မချစ်မေ၏ မျက်လုံးများကို တည့်တည့်ကြီး စိုက်ကြည့်လိုက်၏။

"တစ်နာရီ. နှစ်နာရီလောက် ကြာပါတယ်"

မချစ်မေက ခပ်သွက်သွက် ပြန်ဖြေလိုက်သည်။ ရှေ့နေက ခေါင်းယမ်းလိုက်ကာ "တစ်နာရီကြာရင် ကြာတယ်၊ နှစ်နာရီကြာရင် ကြာတယ် တိတိကျကျဖြေပါ"

ရှေ့နေက အသံခပ်မာမာ ပြောလိုက်သဖြင့် မချစ်မေက မျက်နှာပျက်သွားသည်။ ဘာပြောရမှန်း မသိဘဲ ထိတ်ထိတ်ပျာပျာလည်း ဖြစ်သွားသည်။ ခဏကြာမှ ဣန္ဒြေဆယ်ကာ

"တစ်နာရီခွဲလောက် ကြာပါတယ်"

ခပ်အုပ်အုပ် ရယ်သံများကို ကြားလိုက်ရသည်။ မချစ်မေသည် ရယ်သံများကြောင့် မျက်နှာမထားတတ်ဖြစ်ကာ ခေါင်းငုံ့ထားလိုက်လေသည်။ တရားခံရှေ့နေက ထပ်ဆင့်မေးခွန်းထုတ်ရန် ဖောင်တိန်ကို ရှေ့တိုးနောက်ငင် ဆော့ကစားရင်း စဉ်းစားနေခိုက် အစိုးရ ရှေ့နေကြီးက ထိုင်ရာမှထကာ . . .

"ပထမ တစ်ခေါက်လာပြီး"

သူ့ စကားမဆုံးခင် တရားခံရှေ့နေသည် အစိုးရရှေ့နေကို ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာ ဒေါသထွက်နေပုံ ရလေ၏။ မျက်နှာကြီး နီရဲလာကာ နှာခေါင်းများမှာ တုန်တုန်ရင်ရင်ဖြစ်နေ၏။ တရားခံရှေ့နေသည် တရားသူကြီးဘက်လှည့်ကြည့်ကာ . . .

"ရှုံးမင်းခင်ဗျား၊ ခုမှတရားလို သက်သေကို ပထမဆုံး စစ်ဆေးခြင်း ပြုနေဆဲဖြစ်ပါတယ်၊ ပထမစစ်ဆေးခြင်း မပြီးခင်မှာတစ်ဘက်က ပညာရှိရှေ့နေကြီးက ကြားဖြတ်စစ်ဆေးခြင်း ပြုတာဟာ မသင့်လျော်ပါဘူး၊ ကန့်ကွက်ပါရစေ"

"မေးပါစေ မေးပါစေ၊ နောက်တော့ ခင်ဗျားလဲ မေးခွင့်ပြုမှာပေါ့"

တရားသူကြီးက ခွင့်ပေးလိုက်သဖြင့် တရားခံ ရှေ့နေသည် မျက်နှာစူအောင့်ကာ တရားလိုအစိုးရရှေ့နေကို ကြည့်နေလေ၏။ အစိုးရရှေ့နေကား အောင်နိုင်စွာ ပြုံးလျက် ရှိလေသည်။

"ပထမ တစ်ခေါက်လာပြီး၊ တစ်ခုခုယူသွားတယ်ဆိုတော့ ဘာကို ယူသွားတယ်လို့ထင်လဲ"

"လက်ထဲမှာ အထုပ်၊ သေတ္တာ၊ ဘာညာ ဆွဲယူသွားတာမတွေ့ရတော့ ရွှေငွေပိုက်ဆံ၊ အဖိုးတန် ပစ္စည်းပဲ ယူသွားတာ ဖြစ်မှာပါပဲ"

"ဘာမှမယူဘဲ ထွက်သွားတာကော မဖြစ်နိုင်ဘူးလား"

တရားခံ ရှေ့နေက ဖြုန်းခနဲရပ်၍ ကြားဖြတ်မေးလိုက်သည်။ သူ့တုန်းက သည်လိုကြားဖြတ် အမေးခံရသဖြင့် တရားခံရှေ့နေကလည်း ကြားဖြတ်မေးရန် အခွင့်ကောင်းကို စောင့်နေရာမှ ထမေးလိုက်ခြင်းဖြစ်သည်။

"ဖြစ်နိုင်ပါတယ်"

မချစ်မေက တရားခံရှေ့နေ၏ မေးခွန်းကို အလိုက်သင့်ဖြေလိုက်သဖြင့် တရားလိုရှေ့နေမှာ မျက်လုံးမျက်ဆန်ပြူးသွားကာထ၍

"တရားခံမ အရွှေခေါ် မကျင်ရွှေဟာ ဘာမှယူဖို့ မဟုတ်ဘဲနဲ့ အကြောင်းမဲ့ လာတာသွားတာ ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘူး"

မချစ်မေသည် အစိုးရရှေ့နေ၏ မေခွန်းကိုလည်း အလိုက်သင့်ပင် ဖြေလေသည်။ သည်တော့မှ အစိုးရရှေ့နေသည် ပြုံးပြုံးကြီးလုပ်ကာ ထိုင်ချလိုက်သည်။ တရားသူကြီးသည် တရားလိုပြသက်သေ မချစ်မေပြောသမျှကို လက်နှိပ်စက်ဖြင့် လိုက်ရိုက်နေသည်။ ပြီးမှ လက်နှိပ်စက်ပေါ်မှကျော်ကာ





သက်သေဝက်ခြံထဲသို့ စောင်းငဲ့ကြည့်လိုက်ပြီး . . .

"တရားခံမနဲ့ သေသူ ဦးဖေသန်းတို့လာကြတော့ ဦးဖေသန်းကို တရားခံမက တွဲခေါ် လာရတယ်။ ဘယ်လိုကြောင့် တွဲခေါ် ရတယ်ထင်သလဲ။ မူးလို့လား၊ ရောဂါတစ်ခုခုရှိလို့လား"

"မူးလို့ပါဘုရား"

မချစ်မေက တရားသူကြီးဘက်လှည့်ကာ ခပ်သွက်သွက် ဖြေလိုက်၏။ တရားခံရှေ့နေက ထိုင်ရာမှထကာ

"မူးလို့ပဲလို့ ဘာကြောင့် တပ်အပ်ပြောနိုင်ရသလဲ"

"အို ဒါတော့ မူးနေတယ်ထင်လို့ မူးနေတယ် ပြောတာပဲ"

မချစ်မေက တရားခံရှေ့နေဘက်သို့ မျက်စောင်းထိုး၍ ပြောလိုက်၏။ သူ့အသံမှာ ကပ်သီး ကပ်သပ် မေးနေသောတရားခံ ရှေ့နေကို စိတ်ချဉ်ပေါက်သံပါနေ၏။ တရားခံရှေ့နေက ပြုံးလိုက်ကာ -

"ဘယ်လိုအကြောင်းတွေကြောင့် မူးတယ်လို့ ထင်ရသလဲ။ ကျုပ်ဘက်လှည့်မပြောပါနဲ့။ ရှုံးမင်းဘက် လှည့်ပြောပါ။ ရှုံးမင်းဘက်လှည့်"

"ဦးဖေသန်းဟာ ရန်ကုန်ရောက်တိုင်း အရက်မူးလေ့ရှိတယ်။ မူးရင်လဲ တော်တော့်လူ ထိန်းလို့မရဘူး။ အရွှေကသာ သူ့ကို ထိန်းနိုင်ပါတယ်။ တစ်နေရာရာမှာမူးပြီး ဆူပူနေရင် အရွှေပဲချော့မော့ပြီး အခန်းထဲကို တွဲခေါ် လာရပါတယ်။ ခဏခဏပါပဲ"

"ဦးဖေသန်းဟာ ရန်ကုန်ကို တစ်နှစ်ဘယ်နှခေါက်လောက် လာတတ်သလဲ"

"တစ်နှစ် ဘယ်နှခါလဲတော့ မသိပါဘူး၊ တစ်လကို နှစ်ခေါက်သုံးခေါက် လာတတ်တာပါပဲ၊ လာတိုင်းလဲ အလင်းဟော်တယ်မှာ တည်းတာပါပဲ၊ လာတိုင်း အရွှေနဲ့တွေ့တာချည်းပါပဲ"

မချစ်မေက တရားခံဝက်ခြံထဲတွင် ရပ်နေသော အရွှေဘက်သို့ မေးငေါ့၍ ပြောလိုက်၏။ အရွှေကား ခေါင်းငုံ့ထားပေသည်။

"ဦးဖေသန်းဟာ မူးရင် ဘယ်သူထိန်းလို့မှမရဘူး၊ တရားခံမ အရွှေထိန်းမှ ရတယ်လို့ဆိုတယ်၊ ဘာကြောင့်လဲ"

"ဒါတော့ ဦးဖေသန်းက အရွှေကို စွဲနေလို့ပေါ့တော်"

မချစ်မေ၏ မျက်နှာမှာ စပ်ဖြဲဖြဲဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ပေါ့ ဟုတ်လား"

"ချစ်လားမချစ်လားတော့ မသိဘူးတော်၊ သူ့ မေးကြည့်မှ သိမှာပဲ၊ စွဲတာကတော့ တန်းတန်းစွဲပဲ"

ရုံးခန်းထဲတွင် ခပ်အုပ်အုပ် ရယ်သံများသည် ဂယက်ပြေးသံများလို ထွက်ပေါ်လာ၏။ အရွှေကား သူတို့နှစ်ယောက် အမေးအဖြေ လုပ်နေစဉ်တွင် မျက်နှာကို ခပ်ပြောင်ပြောင်ထားကာ ခေါင်းကိုမော့ထားသည်။ သူ့မျက်နှာမှာ အမဲတွေကို အောင်နိုင်သဖြင့် ဂုဏ်ယူသောမျက်နှာ၊ ဘာမျှမထီသောမျက်နှာ ဖြစ်လေသည်။ ရုံးခန်းထဲမှ မျက်လုံးများသည် ပြောင်ပြောင်တင်းတင်းရှိလှသော အရွှေကို စူးစိုက် ကြည့်နေကြသည်။ ခင်မောင်ဝင်းကား အသက်မွေးဝမ်းကျောင်းနှင့် လျော်ညီအောင် ပြုမူတတ်သော အရွှေကိုကြည့်၍ စိတ်မချမ်းမသာ ဖြစ်နေပေသည်။

"သည့်လို တစ်ယောက်ကိုတစ်ယောက် စွဲနေ၊ ချစ်နေပါလျှက်နဲ့ တရားခံဟာ သေသူ ဦးဖေသန်းကို သတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"အို ဦးဖေသန်းကသာ တဖက်သတ်ချစ်တာပါ။ အရွှေက မချစ်ပါဘူး၊ အရွှေဟာ ဘယ်ယောက်ျားကိုမှ မချစ်ပါဘူး။ ငွေရလို့သာ ဦးဖေသန်း တန်းတန်းစွဲ လိုက်နေတာကို လက်ခံပြီး မျှနေတာပါ"

မချစ်မေ ဗိုးခနဲ ဖေါက်ခနဲ ပြောချလိုက်သဖြင့် တရားလို အစိုးရရှေ့နေကြီးမှာ ပြုံးနေ၏။ အရွှေကမူ မချစ်မေ ပြောသမျှကို စိတ်ဝင်စားဟန်မရှိဘဲ ခပ်လှမ်းလှမ်းတွင် ရပ်နေသည့် ညိုလေးကို ခေါင်းညိတ်၍ ခေါ်လိုက်သည်။ ညိုလေးသည် တရားခံ ဝက်ခြံနောက်ဘက်မှကွေ့၍ အနားသို့ကပ်လာ၏။ ပုလိပ်များကား မချစ်မေကို ငေးကြည့်နေကြလေ၏။

"စက္ကူနဲ့ ခဲတံမပါဘူးလား"

အရွှေက တိုးတိုးလေသံဖြင့် မေးလိုက်သည်။

"စက္ကူတော့မပါဘူး၊ ဖောင်တိန်ပါတယ်။ ဘာလုပ်မလို့လဲ"

"ရှေ့နေဆီကို စာလေး တစ်ကြောင်းနှစ်ကြောင်းလောက် ခြစ်ပေးလိုက်ချင်လို့"

ညိုလေးသည် အိတ်တွင်းကို နှိုက်ကြည့်၏။ စက္ကူဆို၍ တစ်စမျှ မရှိပေ။ စီးကရက်ဘူးခွံအလွတ်ကို စမ်းမိကာ စီးကရက်ဘူးခွံကို ဆုတ်ဖြဲ၍

"ရော့ ရော့၊ ဒီပေါ်မှာရေး မြန်မြန်"





ရွှေတင်သည် စီးကရက်ဘူးခွံကို ဝက်ခြံလက်တန်းပေါ်သို့ တင်ကာ စာရေးနေ၏။ ညိုလေးက သူ့ကိုကွယ်ထားရင်း ရွှေတင်ရေးနေသော စာကို ငုံ့ကြည့်လိုက်သည်။

ဝတ်လုံတော်ရမင်းရှင့်

ဦးဖေသန်းမှာ သွေးအားနည်းနေသော ရောဂါရှိပါသည်။ ကျွန်မအတွက် အစွမ်းကုန်ဆောင်ရွက်ပေးပါ။ ဘယ်နည်းနှင့်ပင် ကျေးဇူးဆပ်ရဆပ်ရ ဆပ်ပါမည်။

ကျင်ရွှေ

အရွှေသည် ကပျာကယာရေးကာ စီးကရက်ဘူးခွံနှင့် ဖောင်တိန်ကို ညိုလေးလက်သို့ လှမ်းပေးလိုက်၏။

"ရော့ ရော့၊ တို့ဝတ်လုံဆီ သွားပေးလိုက်ပါ"

ညိုလေးက မယောင်မလည်ဖြင့် ရှေ့နေထိုင်ခုံ နောက်တန်း ရှေ့နေစာရေးများ ရပ်နေကြသော ကြားထဲသို့ တိုးဝင်သွားသည်။

"သေသူ ဦးဖေသန်းရဲ့ အခန်းထဲက ဦးဖေသန်းရဲ့ အော်သံကြားတော့ မယ်မင်းက ပြေးသွားတယ်လို့ ပြောခဲ့တယ်"

တရားသူကြီးက လက်နှိပ်စက်ဘီးလုံးကို တွန်းရွှေ့၍ မေးလိုက်သည်။

"မှန်ပါဘုရား"

"ဘယ်လို အော်သလဲ"

"အရွှေရေ အရွှေရဲ့၊ အကိုကြီးသေပါပြီကွယ့်လို့ အော်ပါတယ်"

"အဲဒီလို အော်တော့ မယ်မင်းက သွားမကြည့်ဘူးလား၊ ဘေးက လူတွေသော်လည်းကောင်း၊ ပုလိပ်ကိုသော်လည်းကောင်း ခေါ်ဖို့ မကြိုးစားဘူးလား"

မချစ်မေသည် ဘာမျှ ပြန်မပြောနိုင်ဘဲ ခေတ္တတွေ၍ ရပ်နေသည်။ တော်တော်နှင့် အဖြေထွက်မလာပေ။ အတန်ကြာမှ

"မကြိုးစားပါဘူး ဘုရား"

"ဘာကြောင့်လဲ"

"ပထမတော့ ကြောက်လို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတယ်။ နောက်တော့ အရွှေရယ် အစ်ကိုကြီးကို ဒီအတိုင်း ကြည့်နေတော့မှာလားလို့



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သံ၊ ပြီးတော့ အရွှေ့ရဲ့ တိုးတိုးတိုးတိုးနဲ့ စကားပြောသံကို ကြားရပါတယ်။ ဒီတော့မှ အခန်းထဲမှာ အရွှေရှိနေတုန်းဆိုတာကို သိရပါတယ်"

တရားခံရွှေနေက မတ်တတ်ရပ်လိုက်ပြီးလျှင် မချစ်မေဘက်သို့ လှည့်ကာ

"မချစ်မေက အရွှေကို ကြောက်သလား"

"မကြောက်ပါဘူးတော်၊ ဘာလို့ ကြောက်ရမှာလဲ၊ လူလူချင်းပဲ"

မချစ်မေက မေးပုံကို စိတ်ဆိုးကာ နှုတ်ခမ်းစူ၍ ပြောနေသည်။ တရားခံရွှေနေကိုလည်း မျက်စောင်းထိုးနေလိုက်သေးသည်။

"မကြောက်ရင် ဘာလို့ အခန်းဖွင့်ပြီး မကြည့်သလဲ"

မချစ်မေသည် ဘာမျှမပြောဘဲ အတန်ကြာငိုင်နေသည်။ ဘယ်လိုဖြေရမလဲလို့ စဉ်းစားနေဟန် ရှိလေသည်။

"ဖြေလေ၊ မကြောက်ရင် ဘာဖြစ်လို့ အခန်းထဲ ဝင်မကြည့်သလဲ"

"အခန်းဖွင့်လိုက်ရင် မတော်တာတွေ တွေ့နေမလားလို့ပါ"

ခပ်အုပ်အုပ် ရယ်သံများ ထွက်ပေါ်လာ၏။ ရွှေနေ စာရေးနှစ်ယောက်ကား မချစ်မေ ဖြေပုံကို တွေးမိကာ ကျိတ်၍ ရယ်နေကြလေသည်။

"ဒါဖြင့် အရွှေရယ် အစ်ကိုကြီး သေပါပြီလို့ ပြောတာတို့၊ အစ်ကိုကြီးကို ဒီအတိုင်းကြည့်နေတော့မှာလား အရွှေရယ်လို့ ပြောတာတွေဟာ ကျီစယ်နေတာကော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်သားပဲ"

မချစ်မေမှာ အလစ်မိသွားကာ တရားခံ ရွှေနေအလိုကျ ဖြေမိလျက်သား ဖြစ်နေသည်။ အစိုးရရွှေနေကြီးကသာ သတိရ၍ ချက်ခြင်းထကာ မေးလိုက်သည်။

"နောက်ထပ် အခန်းထဲက ဘာသံတွေ ကြားသေးသလဲ၊ မှတ်မိသေးသလား"

"ရှုန်းသံ၊ ကန်သံ၊ စောင်အုပ်သံတွေအပြင် ဦးဖေသန်းရဲ့ ညည်းသံသဲ့သဲ့ကိုလဲ ကြားလိုက်ရပါတယ်။ ပြီးတော့ ဘာသံမှ မကြားရတော့ပါဘူး၊ ငြိမ်သွားပါတယ်"

မချစ်မေက လက်ညှိုးငေါက်ငေါက်ထိုး၍ သူ့ကို စိမ်းစိမ်းကားကားကြည့်ကာ မေးလိုက်သော အစိုးရ ရွှေနေ၏ မေးခွန်းကို ခပ်သွက်သွက်ပင်





ဖြေသွားသည်။ တစ်လုံးမျှ ထစ်ငေါ့ခြင်း မရှိပေ။ သည်အမေးနှင့် သည်အဖြေမှာ ဇာတ်တိုက်ထားသော အမေးအဖြေနှင့် တူလှပေ၏။

"အဲဒီလို အသံကြားတော့ ဘယ်အချိန်လောက် ရှိပလဲ"

တရားသူကြီးက ကြားဖြတ်၍ ဝင်မေးလိုက်သဖြင့် မချစ်မေသည် ခေါင်းမော့ကာ မျက်လုံးများကို မှေး၍ စဉ်းစားနေလေသည်။အတန်ကြာမှ

"ည နာရီပြန် တစ်ချက်ခွဲလောက် ရှိပါပြီ"

"တရားခံမ အရွှေခေါ် မကျင်ရွှေကော အခန်းထဲက ဘယ်အချိန်ထွက်သွားသလဲ၊ သိလိုက်သလား"

"မသိလိုက်ပါဘုရား။ အခန်းထဲက ငြိမ်သွားတော့ ကျွန်တော်မျိုးမလဲ အဟုတ်ဖြစ်နေတာလား၊ ကျီစယ်နေတာလား၊ ဘာလား ဝေခွဲမရတာနဲ့ ကိုယ့်နေရာကိုယ် သွားအိပ်နေပါတယ်။ မနက်ကျတော့မှ ဦးဖေသန်းရဲ့ အလောင်းကို တွေ့ရတော့တာပါပဲ"

"ကျွန်တော့်ကို ကြားဖြတ်မေးခွင့် ပြုပါ" တရားခံ ရွှေနေက ဖိုးရိုးဖားယား ဖြစ်နေသော ဝတ်ရုံနက်ကြီးကို သိမ်းလိုက်ရင်း မတ်တပ်ထ၍ ရုံးတော်သို့ ခွင့်တောင်းလိုက်၏။ တရားသူကြီးက လက်နှိပ်စက်ရိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"သေသူ ဦးဖေသန်းနဲ့ အရွှေခေါ် မကျင်ရွှေဟာ အခန်းထဲမှာ ဒီလိုနေလေ့ ရှိသလား"

"ဒါကတော့ မပြောနဲ့၊ တစ်ခါတလေများ တစ်နေ့လုံး မထွက်ဘူး။ ထမင်းစားတာတောင် အခန်းထဲမှာ စားသေးတယ်"

ရယ်သံများ ထွက်ပေါ်လာသည်၊ တရားခံရွှေနေက ပြုံးလိုက်ရင်း

"ဟုတ်ပြီ၊ အဲဒီလို သူတို့နှစ်ယောက်ထဲ အခန်းထဲ ရှိနေတုန်းမှာ ကျီစယ်သံ၊ ထုသံ၊ ရိုက်သံတွေကော ကြားဖူးသလား"

တရားခံရွှေနေက အရွှေကို ဘေးစောင်းတစ်ချက်မျှ လှည့်ကြည့်လိုက်သည်။ သူ့မေးခွန်းကိုသူ သဘောကျဟန်ဖြင့်လည်း ပြုံးလိုက်လေသည်။

"အို ကြားရသမှ တစ်ခါတလေ နားတောင်မဆန့်ဘူး၊ အရွှေရယ်သံ၊ သေသူ ဦးဖေသန်း ရယ်သံ၊ ထုသံ နှက်သံတွေကို ခဏခဏကြားရတာပဲ၊ တစ်ခါတလေ မကြားရဲလို့ ရှောင်တောင် သွားရသေးတယ်"

ဝေါခနဲ ရယ်သံများ ထွက်လာပြန်သည်။ မချစ်မေ စကားများမှာ နားထောင်သူများ၏ မျက်စိထဲတွင် ရုပ်ပုံလွှာများကို ပေါ်လာစေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ခင်ဗျား အခန်းဝမှာ ရပ်နေပြီး ကြားရတဲ့ အသံဟာ ရှန်းသံ၊ ကန်သံ၊ စောင်အုပ်သံတွေ ဖြစ်ကြောင်း ထွက်ဆိုသွားတယ်။ ကျီစယ်ကြတာ ဖြစ်ရင်လဲ ဒီအသံမျိုးတွေ ကြားနိုင်မှာပေါ့"

"ဟုတ်ပါတယ်"

တရားခံရှေ့နေသည် ကျေနပ်အားရ သွားဟန်ဖြင့် ထိုင်ချလိုက်သည်။ အစိုးရရှေ့နေကား မျက်နှာသုန်မှုန်နေ၏။ ပရိသတ်များမှာ ပြုံးနေကြလေသည်။ ဂျူရီလူကြီးများမှာ ခေါင်းကိုမော့၍၊ အချို့ကား ခေါင်းကိုငုံ့၍ ထိုင်နေကြသည်။ တရားသူကြီးက လက်နှိပ်စက်ရိုက်လျက် ရှိသည်။

အရွှေသည် လက်ကိုင်အိတ်ကိုဖွင့်ပြီး၊ မှန်အဝိုင်းနှင့် ပေါင်ဒါပတ်ဖ်ကို ထုတ်ကာ အလှပြင်နေလေ၏။

"ဟဲ့မိကျင်ရွှေ၊ ရုံးမင်းရှေ့မှာ အလှပြင်မနေနဲ့"

အနားရှိ မိန်းမပုလိပ်တစ်ဦးက ဝင်၍ ဟန့်လိုက်၏။ ရွှေတင်က နှုတ်ခမ်းဆိုးဆေးတောင့်ကို နှုတ်ခမ်းတလျှောက်တွင် ပွတ်တိုက်ဆိုးနေရင်းက

"ရုံးမင်းရှေ့မှာ အလှမပြင်ရဘူးလို့ ဥပဒေ ရှိသလား"

မိန်းမပုလိပ်က မျက်စောင်းထိုးလိုက်ပြီး နှုတ်ခမ်းကို ပွစိ ပွစိ လုပ်နေသည်။ ဆိုနိုင်ခက်ခဲသော အရွှေကို ကျိန်ဆဲနေသလား မပြောတတ်ပေ။ တကယ်တော့လည်း သည်လိုပြောခံရမှအပ ဘာမျှမတတ်နိုင်ပေ။ ရွှေတင်သည် မိန်းမပုလိပ်ကို နှုတ်ခမ်း တစ်ချက် စူပြလိုက်ကာ နှုတ်ခမ်းဆိုးတောင့်ကို နှုတ်ခမ်းအလိုက် ကွင်းတွင် ပွတ်တိုက်နေလေသည်။ တရားသူကြီး၏ လက်နှိပ်စက်သံသည် အဆက်မပြတ် ထွက်ပေါ်နေလေသည်။

●

## (၁၂)

ရွှေတင်သည် ပန်းစက္ကူကလေးကို လုံးခြေကာ နှုတ်ခမ်းဆိုးနေသည်။ ဓာတ်စပ်စွာဆိုးပြီးမှ ထင်းရှူးသေတ္တာပေါ်မှ သနပ်ခါးစက်များ စွန်းထင်းနေသည့် မှန်ကို မှောက်ထားလိုက်သည်။ နှုတ်ခမ်းဆိုးပြီး၍ စိုနေသော ပန်းရောင်စက္ကူကလေးကို လုံးခြေလွှင့်ပစ်လိုက်ကာ ကျန်နေသော ပန်းရောင်စက္ကူလိပ်ကို ယွန်းသေတ္တာကလေးထဲသို့ ထည့်လိုက်လေ၏။ ယွန်းသေတ္တာကလေးထဲတွင် အပ်ချိတ်ဖြင့် တစ်စုံလိုက်တွဲထားသော ကြယ်သီးများ၊ ဆံညှပ်များ၊ ဆံဖိများ၊ ခမသက်ဘရားသားမှ လုပ်သော စက္ကူပန်းခိုင်ကလေးများဖြင့် ပြည့်နှက်ခနေလေသည်။

အောက်ထပ်တို့ ဆင်းလာသောအခါ တန်းလျားခုံရှည်ကြီးပေါ်တွင် ထိုင်နေသော ကိ[illegible] ခံသားမှာ နေလောင်သဖြင့် နီညိုညို ဖြစ်နေပြီး မုတ်ဆိတ်မွှေး[illegible] များမှာ ကြိုးတိုးကျဲတဲ ပေါက်လျက်ရှိ၏။ ဒေါ်မြဆင့်သည် ကိုတောက်ထွန်းသာလျှင် သည်နေရာမှာပင် ညှော်ခံတတ်လေ၏။ အိမ်ရှေ့ဧည့်ခန်းက ဆက်တီတွင် ဘယ်တော့မျှ တွေ့လေ့မရှိပေ။ စားပွဲရှည်ကြီးကို ထမင်းစားပွဲအဖြစ် မသုံးခင်တုန်းကတော့ မျက်နှာချင်းဆိုင် တန်းလျားနှစ်လုံးကြားတွင် စားပွဲရှည်ကြီးရှိ၏။

သို့ရာတွင် ခင်မောင်ဝင်းရောက်ရှိလာပြီး စားပွဲကို လိုက်ကာခထောင်ကာ ထမင်းစားခန်း ဖွဲ့ပြီးသည့်နောက်တွင်မူ တန်းလျားကြီး နှစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



အလယ်မှာ ဟာလာဟင်းလင်းကြီး ဖြစ်ကျန်ရစ်ခဲ့ကြသည်။ နောက်မှ ရေးစရာ၊ ချွတ်စရာ ကိစ္စများကြောင့် အလယ်တွင် စားပွဲဝိုင်းလေး တစ်လုံးကို ချထားလိုက်ရသည်။

"ကြီးကြီးဆင့် ခေါ်ထားသလား ကိုရင်"

ရွှေတင်က နောက်ဖေး မီးဖိုဆောင်ဘက်သို့ ကိုတောက်ထွန်း ထိုင်နေရာမှ ဖြတ်ကူးရင်း နှုတ်ဆက်သည်။

"အေး"

ကိုတောက်ထွန်းသည် ဆေးပြင်းလိပ်ထိပ်ဖျားတွင် တောင့်နေသော ပြာများကို ခြွေချလိုက်ရင်း ပြော၏။ ကိုတောက်ထွန်းသည် ဆေးပြင်းလိပ်ကို ရော ဆေးပေါ့လိပ်ကိုပါ သောက်သူ ဖြစ်သည်။ အိမ်မှာနေလျှင် ဆေးပေါ့လိပ် ခပ်မြင်းမြင်းကို အားရပါးရ သောက်တတ်ပြီး လမ်းထွက်လျှင် ဆေးပြင်းလိပ်ကိုသာ ခဲလေ့ရှိသည်။

"ဘာကိစ္စတဲ့လဲ"

"ငါလဲမသိဘူး၊ ကံအေးကိစ္စထင်တာပဲ။ ကံအေးမိန်းမ တစ်နေ့က ငါ့ဆီလာတယ်၊ ခုလိုသူ့ယောကျ်ား ဆေးရုံတက်နေတဲ့ အတောအတွင်းမှာ သူတို့ကို တစ်လငါးကျပ် ထောက်ပံ့တယ်ဆိုတာဟာ အင်မတန် နည်းပါတယ်တဲ့၊ ဆေးရုံက ဆင်းရင်လဲ ရုတ်တရက် အလုပ်ပြန်လုပ်ဖို့ မဖြစ်နိုင်တော့ တစ်နည်းတစ်ဖုံ လုပ်ပေးပါလို့ ပြောသွားတယ်"

"သူက ဘယ်လို လုပ်ချင်သတဲ့လဲ"

"သူတို့ကတော့ ဘာလုပ်ရမှန်း ဘယ်သိမလဲ၊ မသိလို့ ငါ့ဆီလာ လိုက်လှုပ်ရှားတာပေါ့၊ ဒီတော့ ငါက တစ်ခါထဲ လျော်ကြေးတောင်း

"လုပ်ပြီ ကိုရင်တို့ကတော့"

"မလုပ်နဲ့လေ၊ သူတို့ဘက်ကလဲ ကြည့်ဦးမှပေါ့၊ အလုပ်ခွင်မှာ အလုပ်လုပ်ရင်း ဒီလိုဖြစ်သွားတဲ့ကိစ္စပဲ၊ လိုချင်မှာပေါ့။ တစ်သက်လုံး လူစဉ်မီချင်မှ မီတော့မယ်။ စက်ထဲက ကူလီတွေကလဲ နောက် သူတို့လဲ ဒီလိုဖြစ်ရင် ဘယ့်နှယ်လုပ်မလဲဆိုပြီး ကံအေးကိစ္စကို စိတ်ဝင်စားနေကြတယ်"

"လျော်ကြေးတောင်းတာကို ကြီးကြီးဆင့်သိပလား"

"မနေ့ကငါပြောလိုက်တာပဲ၊ ခု ဒီကိစ္စကြောင့် ခေါ်တယ်ထင်တာပဲ"





အပေါ်ထပ်လှေကားမှ ဒေါ်မြဆင့်၏ ချောင်းဆိုးသံကို ကြားရသဖြင့် ရွှေတင်က ကိုတောက်ထွန်းကို နှုတ်ဆက်ကာ ထမင်းစားခန်းဘက်သို့ ကူး၍ လုပ်စရာရှိတာကို လုပ်နေသည်။

"ရောက်နေပလားဟေ့၊ မောင်တောက်ထွန်း"

သမံတလင်းပေါ်တွင် ကြွ၍စီးလာသော မော်လမြိုင်ရှေ့ထိုး ဖိနပ်သံနှင့်အတူ ဒေါ်မြဆင့်၏ စကားသံကို ကြားလိုက်ရသည်။ ကိုတောက်ထွန်းက လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ မတ်တပ်ရပ်၍ ကိုယ်ကို ရို့ကာ နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့"

"ဘယ့်နှယ်လဲ၊ ကံအေးမိန်းမက လျော်ကြေး လိုချင်တယ်ဆို၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟဲ့ လျော်ကြေးဆိုတာ တောင်းတိုင်း ပေးရမလားကွယ်။ အလုပ်ခွင်မှာ ကိုယ့်ပေါ့ဆမှုနဲ့ကိုယ်ဖြစ်တာ သူတို့ ပေါ့ပေါ့ဆဆလုပ်လို့ ထိခိုက်ဒဏ်ရာရတိုင်း အလုပ်ရှင်က လျော်ကြေးပေးနေရရင် မခက်ဘူးလား၊ ကရုဏာကြေးအနေနဲ့ တစ်လကို ငါးကျပ်ပေးမယ် ဆိုတာပဲ၊ ဒါတောင် မကျေနပ်ကြဘူးတဲ့လား။ လူများဟာ တော်တော်ခက်တယ်၊ သနားလို့ ကရုဏာကြေးပေးတာကို အေးအေး မယူချင်ကြဘူး၊ ရသလောက် နှိုက်ချင်ကြတာပဲ၊ ရလေလိုလေ အိုတဏှာဆိုတာလို"

"တစ်လ ငါးကျပ်ကတော့ သူတို့ အနေနဲ့လဲ နည်းပါတယ်တဲ့၊ ကလေး သုံးပေါက်ခဲ့ရင်

ကိုတောက်ထွန်းစကားမဆုံးခင် ဒေါ်မြဆင့်က လက်ကာပြလိုက်ကာ

"အို ဒါတွေ မင်းက နားထောင်ပြီး ဘာလို့ ငါ့ပြန်ပြောနေရတာလဲ ကွယ့်။ ဒါက တို့နဲ့မှမဆိုင်ဘဲ၊ သူ့ဘာသာသူ ကလေးဘယ်နှယောက်ရှိရှိ ဒါတော့ တို့လဲ မတတ်နိုင်ဘူး၊ ပြီးတော့ ဒင်းတို့ကို သနားလို့ လျော်ကြေးပေးလိုက်ပြန်ရင်လဲ နောက်စက်ထဲမှာ အစဉ်အလာ ဖြစ်သွားဦးမယ်၊ တော်တော်ကြာ ဆန်အိတ်ပိလို့ ခြေထောက်ခိုက်မိတာလေးလဲ လျော်ကြေးတောင်း၊ တော်တော်ကြာ ဆန်အိတ်အပ်ချုပ်လို့ အပ်ထိုးမိတာလဲ လျော်ကြေးတောင်း ဆိုရင် မခက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဥပဒေအရ လူစဉ်မမီအောင် ထိခိုက်ဒဏ်ရာရရင် ပေးရမယ့် ဝတ္တရားရှိပါတယ် ဒေါ်ဒေါ်ဆင့်။ အလုပ်သမားတွေ အလုပ်ခွင်မှာ အလုပ်လုပ်ရင်း ထိခိုက် ဒဏ်ရာရရင် ထိုက်သင့်တဲ့ လျော်ကြေးတော့ ပေးရမှာပဲ၊ အစိုးရကတောင် ဝါဏိဇ္ဇပဋိပက္ခ ဥပဒေဆိုပြီး ပြဋ္ဌာန်းထားသေးတာပဲ"

ကိုတောက်ထွန်းက လေအေးကလေးဖြင့် ဒေါ်မြသီကို ရှင်းပြနေ၏။ ဒေါ်မြဆင့်က တန်းလျားခြေရင်းရှိ ထွေးခံထဲသို့ တံတွေးထွေးလိုက်ကာ

"အို ဥပဒေတွေ ဥပဒက်တွေ လုပ်မနေနဲ့၊ ဒါတွေ လျှောက်ပြောနေရင် ဆုံးမှာမဟုတ်ဘူး။ ဥပဒေဆိုတာ မျှော့ကြိုးလို ကိုယ်လိုသလိုဆွဲယူလို့ရတာချည်းပဲ။ မှတ်ပါဘူး ဒင်းတို့က လျော်ကြေးတွေ ဘာတွေကို ဘယ့်နှယ်လုပ်ပြီး တောင်းရကောင်းမှန်း သိရတာလဲ၊ ဧကန္တ ဒင်းတို့နောက်က တစ်ယောက်ယောက် မြှောက်ပေးတဲ့လူ ရှိနေပြီထင်တယ်"

ဒေါ်မြဆင့်မှာ ကံအေး မိန်းမက လျော်ကြေးစကား ပြောရကောင်းမလားဟု စိတ်ဆိုးနေဟန်ရှိနေသည်။ သူ့မျက်နှာသည် မည်းနေလေ၏။

"ဘယ်သူကမှတော့ မြှောက်ပေးတာ မဟုတ်ဘူး ဒေါ်ဒေါ်ဆင့်၊ ကံအေးမိန်းမက ဒီလို တစ်လင်ါးကျပ်နဲ့ အခက်အခဲတွေ့နေကြောင်း ကျွန်တော့်ကို လာပြောတာနဲ့ လျော်ကြေးတောင်းကြည့်ပါ၊ ရနိုင်စရာ ရှိပါတယ်လို့ ကျွန်တော်ကပဲ ပြောလိုက်မိတယ်"

"ဘာ မင်းကပြောလိုက်တယ်"

ဒေါ်မြဆင့်သည် သူ့နဂိုဟန်အတိုင်း ရင်ကို မ,၍ လက်ဖြင့်ဖိကာ

"ဟုတ်ပါတယ်" [illegible]လာသည်။

"တော် - တော် - မောင်တောက်ထွန်း၊ လက်စသတ်တော့ မင်းက တွန်း ပေးတာကိုး၊ ဒင်းတို့က မတောင်းရဲဘဲ နေမလား"

ဒေါ်မြဆင့်၏ ခပ်ကျယ်ကျယ် ပြောလိုက်သံကြောင့် ထမင်းစားခန်းထဲတွင် အလုပ်ရှုပ်နေသည့် ရွှေတင်ပင် လန့်သွားသည်။ ရွှေတင်သည် ထမင်းစားပွဲပေါ်ရှိ ကရမက်ပန်းအိုးထဲမှ ရေများကို လဲရင်း ပန်းအိုးကို စားပွဲပေါ်တွင် အသာပြန်တင်လိုက်ပြီး လိုက်ကာကြားမှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။ ဒေါ်မြဆင့်မှာ သူ့ဘက်ကို ကျောပေးကာ တန်းလျားပေါ်





တွင် ခြေနှစ်ဘက်လုံးတင်ကာ ဒူးပေါ်တွင် လက်ပိုက်၍ ထိုင်နေလေသည်။ ကိုတောက်ထွန်းမှာ ခြေနှစ်ချောင်းတွဲလွဲချ၍ လက်နှစ်ဖက်ဖြင့် တန်းလျားဖင်ထိုင်ခုံကို ထောက်ကာ ခေါင်းငုံ့ထား၏။ ခေါင်းငုံ့ထားသဖြင့် သူ့ပခုံးနှစ်ဖက်သည် မြင့်တက်နေကာ ခေါင်းမှာ ပခုံးနှစ်ဖက်ကြားတွင် မြုပ်နေလေ၏။

"တွန်းပေးတာ မဟုတ်ပါဘူး ဒေါ်ဒေါ်ဆင့်၊ ကောင်မလေးလဲ ကျပ်တည်းတာနဲ့၊ ပြီးတော့ ဥပဒေအရလဲ ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ အကြံပေးလိုက်တာပါ"

"ဟဲ့ မောင်တောက်ထွန်းရဲ့၊ မင်းက ဒင်းတို့ကို အကြံပေးရအောင် ဒင်းတို့ ခန့်ထားတဲ့ အကြံပေးအရာရှိလားကွယ့်၊ တကယ် အကြံပေးချင်းပေးရင် ငါ့ဘက်ကသာ ပေးရမှာပါ။ ခုတော့ တဆိတ်ရှိမင်းကပါ ဒင်းတို့ဘက်က လိုက်နေတော့ ဒင်းတို့က ရောင့်တက်နေတာပေါ့။ ဟိုတလောက မင်းကို လခတိုးပေးမယ် ပြောတုန်းက ဒင်းတို့ရှေ့တင် ကျွန်တော့်ကို မတိုးပါနဲ့၊ သူတို့ လုပ်ခတွေကို တိုးပေးပါလို့ ပြောခဲ့တယ်။ မင်း တိုးမယူချင်ဘူးဆိုရင် နေလိုက်ရုံပေါ့ကွယ်။ ဘာဖြစ်လို့ မင်းက သူတို့ဘက် ဒီလောက်ပါနေရတာလဲဟင်၊ မင်းကို ငါ ခန့်ထားတာပါကွယ့်၊ ငါက ခန့်ထားပြီး ငါက ထမင်းကျွေးထားရတာပါ"

ကိုတောက်ထွန်းကား ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့နေသည်။ သူ့မျက်စိထဲ၌ မီးယပ်ဖော ဖောနေသော ကံအေးမိန်းမ၏ သနားစဖွယ် မျက်နှာကို မြင်ယောင်လာသည်။ သူ့ယောက်ျား ပြုတ်ကန်ထဲကျပြီဟု ပြောလိုက်တုန်းက ကံအေး မိန်းမ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ ငိုလားရယ်လား ဖြစ်ပုံကို မြင်ယောင်လာသည်။

"ပြီးတော့ ကံအေးဆိုတာ နေ့စားသမားကွယ့်၊ စက်ဘက်က အလုပ်သမားတစ်ယောက် စက်ညပ်ပြီး ခြေကျိုး လက်ပြတ်ဖြစ်လို့ လျော်ကြေးပေးရတယ်ဆိုတာ ရေးတေးတေးရှိသေးတယ်။ ပုတ်ပြတ်စပါးထမ်းတဲ့ ကူလီ ပြုတ်ကန်ထဲကျလို့ လျော်ကြေးပေးရမယ်ဆိုတာကတော့ ဒင်းတို့က နည်းနည်းတရားလွန်တယ်၊ ဒင်းတို့ဘာသာ အရက်မူးပြီး စပါးတောင်းကို မနိုင့်တနိုင် ထမ်းလို့ ငါပဲ အစက မင်းကိုသတိပေးသေးတယ်၊ ဒီကောင်လဲ အရက်မူးလို့ကျတာ နေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက အရက်မမူးပါဘူး၊ ကျွန်တော်သွားကြည့်ပါတယ်"

"မဟုတ်ပါဘူး၊ ငါက လျှော်ကြေးတောင်းတာ မခံနိုင်တာပါ။ စက်ထဲမှာ ရုံးအလုပ်လုပ်ဖို့ မင်းရယ်၊ သာဇံရယ်၊ အောင်ဖေရယ် စက်စာရေး သုံးယောက်ရှိတယ်။ ဒီထဲမှာ ငါ မင်းကို မမြသီ မျက်နှာကြောင့် ဆွေရိပ် မျိုးရိပ် မကင်းဘူးဆိုပြီး လခ အများဆုံးပေးပြီး ခန့်ထားခဲ့တယ်။ စက်စာရေး သာခန့်တယ်၊ ငါမရှိရင်မင်းပဲ မန်နေဂျာပါပဲ။ ဒါကို မင်းက ငါ့ဘက်ကနေ ပြီး ကြည့်မယ် စိတ်မကူးဘူး၊ ဒင်းတို့များ မြှောက်ပေးနေတယ်။ မင်းလုပ်ပုံ၊ ကိုင်ပုံ၊ နေထိုင်ပုံကို ငါမကြိုက်ဘူး မောင်တောက်ထွန်း။ ငါအကဲခတ်နေတာ ကြာလှပြီ။ တစ်ပတ်တစ်ခါ အိမ်ကိုလာပါဆို မလာဘူး။ တစ်နေ့ကလဲ စတီးကိုယ်စားလှယ် လာတုန်းက မေးတာပြတာကောင်းကောင်း မပြောဘူး တဲ့။ ပြီးတော့ ခင်မောင်ဝင်းကိုတောင် ကိုးလိုးကန့်လန့် ပြောလွှတ်လိုက်လို့ ငါ့ကို လာတိုင်နေသေးတယ်။ ဒါပေမဲ့ မင်းကို ဒီကိစ္စနဲ့ပတ်သက်လို့ ကြိမ်း ခြင်း၊ မောင်းခြင်း မလုပ်ပါနဲ့၊ ဒေါ်ဒေါ်ဆင့်သိအောင်သာ ပြောပြတာပါဆိုလို့ ငါအသာနေခဲ့တယ်။ ငါကတော့ ဆွေမျိုးစပ်ထဲကဆိုလို့ အလုပ်ကလေး အကိုင်ကလေးနဲ့ တင့်တောင့်တင့်တယ် ရှိပါစေတော့ဆိုပြီး ခန့်ခဲ့တယ်။ ခုတော့ မင်းက တစ်ဘက်က ကူလီတွေ၊ အလုပ်သမားတွေကို မြှောက်ပေးပြီး စက်ကြီးမီးလောင်အောင် လုပ်နေတယ်။ တစ်လုတ်ကျွေးဖူး သူ့ကျေးဇူးဆိုတဲ့ စကားကိုတောင်မှ မထောက်ဘူး"

ဒေါ်မြဆင့်ကား ပြောလျှင် အားမနာ ပါးမနာ ပြောတတ်သူ ဖြစ်၏။ ဒေါ်မြသီကို ဖြစ်စေ၊ ရွှေတင်ကို ဖြစ်စေ၊ သူ့စိတ်နှင့် မတွေ့လျှင် လူရှေ့ သူ့ရှေ့မရှောင် ပက်ပက်စက်စက် ပြောတတ်ပေရာ ရွှေတင်တို့၊ ဒေါ်မြသီတို့ ကမူ သူ့အကြောင်းကို ကောင်းကောင်းကြီး သိနေကြသည်။ ကိုတောက်ထွန်း ကိုယ်တိုင်ကလည်း ဒေါ်မြဆင့်၏ ဆူပူ ကြိမ်းမောင်းခြင်းကို တစ်ခါတစ်ရံ ခံခဲ့ရဖူးပေ၏။ သို့ရာတွင် သူ့စရိုက်မို့ဟာဟု စိတ်ကိုတင်း၍ ဖြေခဲ့သည်ချည်း ဖြစ်ပေ၏။

"ဒီသဘောနဲ့ မဟုတ်ပါဘူး ဒေါ်ဒေါ်ဆင့်၊ ကျွန်တော်ကတော့ နှစ်ဦးနှစ်ဘက် မျှမျှတတ ကျေကျေနပ်နပ် ဖြစ်စေချင်လို့ အကြံပေးလိုက် တာပါ"

"ဘာရယ်ကွယ့်၊ မျှမျှတတဖြစ်အောင် အကြံပေးလိုက်တာ၊





ဟုတ်လား။ ဒီမှာဟေ့ မောင်တောက်ထွန်း မျှမျှတတမဖြစ်အောင် ငါက ဘာများ မတရားတာလုပ်လို့လဲ။ ဒို့ပြင်စက်တွေမှာ စပါးတစ်ရာကို တာလီခ ငါးမူးပဲ ပေးရတယ်။ ငါက တစ်ကျပ်ပေးထားတယ်။ ခု ဒင်းအပြစ်နဲ့ဒင်း ပြုတ်ကန်ထဲကျတာကို ငါက ကရုဏာကြေး တစ်လ ငါးကျပ်ပေးမယ်လို့ ပြောတယ်။ ဒီထက် ငါ ဘယ်လိုလုပ်ပြီး မျှတအောင် လုပ်ရမှာလဲ။ မင်းကပါ ငါလုပ်တာကို မမျှတဘူးဆိုတဲ့ သဘောပေါ့လေ ဟုတ်လား။ လျှော်ကြေးတဲ့ တော် ပေးနိုင်ပေါင်"

ရွှေတင်ကား လိုက်ကာကြားမှ ချောင်းမြောင်းနား‌ထောင်ရင်း မျက်လုံး ကလေး ဝိုင်းနေလေသည်။ ဒေါ်မြဆင့်က ပက်ပက်စက်စက် ပြောပုံနှင့် ကိုတောက်ထွန်းက မဟုတ်မခံ ပြောတတ်ပုံတို့ကို တွေးကာ အကျယ် အကျယ် မငြိမ်းဖွယ်တွေ ဖြစ်ကုန်မှာကို ကြားထဲက ဝင်စိုးရိမ်နေမိသည်။ ကိုတောက်ထွန်းမှာ ကူလီများ၊ လယ်သမားများတို့ဘက်မှ အမြဲတစေ ကာကွယ်ပြောဆိုတတ်သူဖြစ်သည်။ သူ့ထုံးစံအတိုင်း ဟောဟောဒိုင်းဒိုင်းကြီး ပြောချလိုက်မှဖြင့် ဒေါ်မြဆင့် စိတ်ဆိုးကာ ကိုတောက်ထွန်းကို အလုပ်ဖြုတ် လိုက်လျှင် ခက်ရချည်ရဲ့ဟု တွေး၍ ပူပန်နေမိသည်။

"ဒါတော့ ဒေါ်ဒေါ်ဆင့်ကိုယ်တိုင်ပဲ စဉ်းစားကြည့်ပါ။ ကျွန်တော် ဘာမှ မပြောလိုပါဘူး"

ကိုတောက်ထွန်းက ပြန်ပြောလိုက်သည်။ သူ့အသံမှာ ပြတ်ပြတ်ပင် ဖြစ်သည်။ ဒေါ်မြဆင့်က ကိုတောက်ထွန်းကိုကြည့်ကာ

"မင်းပြောလိုက်လို့ လျှော်ကြေးတောင်းနေပြီ မဟုတ်လား။ ခုမှ မပြော လိုတော့ပါဘူး လုပ်မနေပါနဲ့၊ ဒီ ကံအေး မိန်းမကလဲ ဒင်းကိုယ်တိုင် လာ တောင်းပါလား၊ မင်းကို သူက ဘာကြောင့် ကိုယ်စားလှယ် လွှတ်နေရတာလဲ၊ မင်းက ဒင်းတို့ ကိုယ်စားလှယ်လား။ ဒီမှာ မောင်တောက်ထွန်း မင်းကိုယ်မင်း သခင်ပေါက်စယောင်ယောင်၊ ကူလီတွေကို ကိုယ်စားလှယ်ယောင်ယောင်နဲ့ ယောင်ခြောက်ဆယ် လုပ်မနေနဲ့ဟေ့၊ မင်းမလုပ်ချင် ထွက်သွား ဒါပဲ။ မွဲချင်တဲ့ခွေး ပြာပုံဝပ်ဆိုသလို ငတ်ပြတ်နေလို့ ထမင်းမှ နပ်မှန်အောင် စားရပါစေဆိုပြီး ခေါ်ခန့်ထားတယ်။ ခုတော့တော် တကတဲ"

ကိုတောက်ထွန်းသည် ကြာကြာသည်းမခံနိုင်တော့ပေ။ ဒေါ်မြဆင့် ၏ စကားလုံးများမှာ ရင့်သီးလွန်းလှ၏။ ငွေဝယ်ကျွန်ပမာ သည်မျှလောက်



www.burmeseclassic.com

www.burmeseclassic.com



ရင့်ရင့်သီးသီး ပြောသည်ကို နားထောင်နေရသည်မှာ နားထဲသို့ သံရည်ပူတွေ လောင်းချလိုက်သလို ထင်မှတ်ရသည်။ ကိုတောက်ထွန်းသည် ခေါင်းငုံ့ထားရာမှ ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။ သူ့မျက်လုံးများမှာ ဝင်းဝင်းတောက်နေကြသည်။ သူ့မေးရိုးကြီးများသည် ဖုထစ်ကားထွက် နေကြသည်။

"ဒီမှာ ဒေါ်ဒေါ်ဆင့်၊ ကျွန်တော် သူများကျေးဇူး သိတတ်ပါတယ်။ ဒါကြောင့်မို့ ကူလီတွေ၊ အလုပ်သမားတွေ နည်းနည်းပါးပါး မကျေနပ်တာရှိရင်တောင် ကျွန်တော်ကပဲ ဒိုင်ခံပြီး ဖြေရှင်းပေးလိုက်တာချည်းပါပဲ။ ဒါပေမဲ့ တစ်ခါတလေကျတော့ သူတို့ဘက်ကနေကြည့်လဲ ငြင်းလို့မရအောင် မှန်တာတွေ ရှိနေတယ်၊ ကံအေး ကိစ္စဆိုရင် ကံအေးဟာ ဆေးရုံမှာ သေမလား ရှင်မလား မသိရသေးဘူး၊ မသေတောင် အနည်းဆုံး ငါးလခြောက်လလောက် ဆေးရုံမှာ တက်နေရမယ်၊ ဆေးရုံကဆင်းရင်လဲ အလုပ်ပြန်လုပ်ဖို့ဆိုတာ မလွယ်သေးဘူး၊ ဒီတော့ ဒီလေးငါးကျပ်နဲ့ သူတို့သားအမိ လေးယောက် ဘယ့်နှယ်လုပ်ပြီး ထမင်းစားကြမလဲ။ ဒီအထဲမှာ သေသွားရင် ဘယ်လိုလုပ်ပြီး ကျန်ရစ်ခဲ့ကြမလဲ။ ဒါကြောင့်မို့ ကျွန်တော်ကပဲ တရားသဖြင့်ဖြစ်အောင် လျော်ကြေးတောင်းဖို့ အကြံပေးလိုက်မိတာပဲ၊ ကျွန်တော့်ကို သခင်ယောင်ယောင်၊ ဘာယောင်ယောင်လို့တော့ ပြောမနေပါနဲ့။ ကျွန်တော် ယုံကြည်တာ ကျွန်တော်လုပ်တာပဲ။ ဒေါ်ဒေါ်ဆင့်တို့ အလုပ်သမားတစ်ယောက်အနေနဲ့ ကျွန်တော့်ဘက်က ဘာချွတ်ယွင်းတာရှိသလဲ၊ အလုပ်ဖြုတ်ရင်လဲ ဖြုတ်ပေါ့၊ ဒေါ်ဒေါ်ဆင့်သဘောပဲ"

ကိုတောက်ထွန်းသည် စကားအဆုံးတွင် ဝုန်းခနဲ ထကာ တန်းလျားပေါ်တွင် တင်ထားသည့် ဝါးဖတ်ဦးထုပ်ကို ကောက်ကာ လှည့်ထွက်သွား၏။ နှုတ်ပင်မဆက်ပေ။ ဒေါ်မြဆင့်ကား "မမြသီတို့ဆွေမျိုး တော်လှဆို၊ ခုတော့ ယောင်းမ မြင်းစီးထွက်တာပေါ့လေ၊ ကြည့်စမ်းပါဦး၊ ကျေးဇူးရှင်ကိုတောင် ပြစ်မှားရက်သတဲ့" ဟု ဆိုကာ မြည်တွန်တောက်တီး၍ ကျန်ရစ်ခဲ့လေသည်။ ရွှေတင်ကား ထမင်းစားခန်းထဲမှ အသာ လျှိုထွက်လာခဲ့သည်။

ကိုတောက်ထွန်း ဝင်းပေါက် အရောက်တွင် အပေါ်ထပ်မှ 'အာဂျင်တီးနားသို့ သွားရာလမ်း' ဟူသော အင်္ဂလိပ်သီချင်းကို စန္ဒရားဖြင့် တီးနေသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ကိုတောက်ထွန်းသည်





ဖြုန်းခနဲပေါ်လာသော စန္ဒရားသံကို သူ့အား ပြောင်သည်ဟု ထင်မှတ်ကာ ရှုသိုးသိုးဖြင့် မော့ကြည့်လိုက်သည်။ သို့ရာတွင် အပေါ်ထပ် ပြတင်းပေါက်တွင် လူရိပ်လူယောင်ကိုပင် မတွေ့ရသဖြင့် စက်ထဲသို့ ပြန်လာခဲ့လေသည်။

စက်ထဲသို့ ရောက်သွားသောအခါ အလုပ်သမား ကူလီများအားလုံးက စုပြုံလာကာ သတင်းကိုလာ၍ မေးကြ၏။ ကိုတောက်ထွန်းက အလုပ်သမားများအား ကိုယ့်အလုပ်ကိုယ်လုပ်ကြရန် ဆော်ဩကာ လှဆောင်နှင့် အလုပ်သမားနှစ်ယောက်ကို ဆန်စက်ဝင်းဒေါင့် သစ်ညိုပင် အရိပ်သို့ ခေါ်လာခဲ့သည်။

"ဗျို့၊ ကိုတောက်ထွန်း ရုံးခန်းထဲကို လာပါဗျ၊ ကျုပ်တို့လဲ ပြောစမ်းပါဦး"

ဆန်စက်ဦးပိုင်းရှိ အခန်းကလေးထဲမှ ကိုသာဇံနှင့် အောင်ဖေက လှမ်း၍ ခေါ်လိုက်၏။ သည်အခန်းမှာ ဆန်စက်စာရေးများ၏ ရုံးခန်းဖြစ်ပေ၏။ ဆန်ချ ရုံးခန်းဘက်တွင် တစ်ခါတစ်ရံ ဒေါ်မြဆင့် လာသည့်အခါတွင် ထိုင်သည့် အခန်းတစ်ခန်း သတ်သတ်ရှိပြီး ထိုအခန်းနှင့်ကပ်လျက် အခန်းတွင် ဆန်စက်စာရေး သုံးယောက်၏ ရုံးခန်းရှိ၏။ တာလီစာရေး ခြောက်ယောက်ကား စပါးပုံများဘေး ကတ္တားနားမှာပင် အလုပ်လုပ်ရသည်။ စက်ဘက်တွင်ဆိုလျှင် စက်သမား ၃ ယောက်၊ ကြည့်သမားနှစ်ယောက်၊ ဆီထိုး သမား နှစ်ယောက်နှင့် အကူနှစ်ယောက် ထားရသည်။ အင်ဂျင်ဘက် စက်ခန်းတွင် စက်မောင်း နှစ်ယောက်၊ မီးသမား ၃ ယောက်၊ အကူ ၁ ယောက် စသည်ဖြင့် ဆန်စက် ကြီးသည့်အားလျော်စွာ အလုပ်သမားခပ်များများ ထားရသည်။ နေ့စားကူလီများ၊ ပုတ်ပြတ်ကူလီများမှာ စပါးပေါ်ချိန်၌ နေ့ဆိုင်းရော ညဆိုင်းပါဆိုလျှင် နှစ်ရာကျော်လောက် စားရသည်။

"ရုံးခန်းထဝင်ငနဲ့ မဖြစ်ဘူးဗျ"

ကိုတောက်ထွန်းက လျှောက်သွားရင်း သူတို့ကိုလက်ကာပြ၍ ပြောလိုက်၏။ ကိုသာဇံနှင့် အောင်ဖေက ကိုတောက်ထွန်းစကားကို နားမလည်ဘဲ

"ဘာဖြစ်လို့ ဝင်မဖြစ်ရတာလဲ"

"ကျုပ် အလုပ်က ထွက်လာခဲ့ပြီးပြီ"

အတူပါလာသည့် လှဆောင်တို့တစ်သိုက်ကလည်း ကိုတောက်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ငေးကြည့်နေကြလေ၏။ သစ်ညိုပင်ရိပ်တွင် ဝိုင်း၍ထိုင်မိကြတော့မှ ကိုတောက်ထွန်းက ချွေးများကို ပုဆိုးဖြင့် သုတ်လိုက်ရင်း

"ကျုပ်လဲ ကျုပ်ကိစ္စနဲ့ကျုပ်ဆိုပါတော့ဗျာ၊ ကဲ ဒါတွေအသာထားဦး ခင်ဗျားတို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ကံအေးကိစ္စကို ပြောရဦးမယ်၊ လျော်ကြေးတောင်းတာကိုတော့ မပေးနိုင်ဘူးလို့ ပြောလိုက်ပြီ၊ နောက် ပုတ်ပြတ်သမားတွေအတွက် အစဉ်အလာကြီးဖြစ်သွားမှာစိုးလို့တဲ့၊ အဲဒါခင်ဗျားတို့ ဘာသာ ခင်ဗျားတို့ စဉ်းစားကြတော့ပဲ"

"ဟာ၊ ဘယ်ဖြစ်မလဲ၊ ဆရာကိုတောက်ထွန်းရ၊ ဒီလောက် ငွေလေးကို မြင်မြော်တာကတော့ တရားလွန်လွန်းတယ်"

လှဆောင်က နဖူးမှ ချွေးများကို လက်နှင့်သပ်ချလိုက်ရင်းပြောနေ၏။ ကျန်အလုပ်သမား နှစ်ယောက်ကား ငေးနေကြလေသည်။

"အဲဒါ ခင်ဗျားတို့သဘောပဲ၊ ခင်ဗျားတို့ လက်ခံနိုင်ရင်လဲ လက်ခံကြ။ ကျုပ်သဘောကတော့ သူဌေးဘက်က မတရားဘူးလို့ဆိုချင်တာပဲ"

"ဒါဖြင့် ဆရာကိုတောက်ထွန်း ထွက်လာတဲ့ကိစ္စကကော"

ကိုတောက်ထွန်းက မပြုံးချင်ပြုံးချင် ပြုံးကာ

"ကျုပ်ကိစ္စကတော့ ရှင်းပါတယ်၊ ဘယ်သူတရားတယ် မတရားဘူး ဆိုတာ သိပ်မပေါ်ပါဘူး၊ ကျုပ်အပေါ်မှာ ဆက်ဆံတာနဲ့ပတ်သက်လို့ နည်းနည်းတင်းစီးလွန်းတယ်ထင်တာနဲ့ ထွက်လာခဲ့တယ်"

"ဟာ ဒါဖြင့် ကျွန်တော်တို့လဲ မလုပ်ဘူးဗျ၊ ထွက်မယ်"

လှဆောင်က ဖင်ချထိုင်နေရာမှ ဆောင့်ကြောင့်ပြင်ထိုင်ကာ နည်းနည်းအားရပါးရ ပြောနေ၏။

"ဟိုး-ဟိုး၊ နေပါဦးလေ၊ ခင်ဗျားတို့က ဘာကြောင့်ထွက်ရမှာတုန်း၊ လောမကြီးပါနဲ့၊ အခြေအနေကို ကြည့်ပါအုံး၊ ကံအေးကိစ္စကို စောင့်ကြည့်ပြီးမှ လုပ်သင့်တာကို လုပ်ကြတာပေါ့"

စက်မှ နားချိန်ဥသြဆွဲလိုက်သဖြင့် အလုပ်သမားများလည်း သစ်ညိုပင်ရိပ်အောက်ရှိ ကိုတောက်ထွန်းတို့ ဝိုင်းထိုင်နေရာသို့ စုပြုံရောက်လာကြသည်။ သူတို့မှာ တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေပေးနေကြသည်။ တချို့က သူဌေး မတရားဟု ယူဆကာ သပိတ်မှောက်ရန် ထင်မြင်ချက်ပေးကြသည်။ တချို့က တစ်ယောက်ကိစ္စ အများနစ်နာမည်ဖြစ်၍ မလုပ်သင့်ကြောင်း ထင်မြင်ချက်ပေးကြသည်။





"ဟော-ဟော ဟိုမှာ စက်သူဌေးမကလေး လာနေတယ်"

အလုပ်သမားအုပ်ထဲမှ အစွန်ဆုံးမှ တစ်ယောက်က လှမ်းအော်လိုက်သဖြင့် ကိုတောက်ထွန်း လှမ်းကြည့်လိုက်သောအခါပုသိမ်ထီး ပန်းရောင်ကလေးကိုဆောင်းကာ စက်ဝန်းကိုဖြတ်၍ ရုံးခန်းဆီသို့ ခတ်သုတ်သုတ်သွားနေသော ရွှေတင်ကိုမြင်လိုက်ရသည်။ စက်သူဌေးမကလေးဟု အလုပ်သမားတစ်ယောက်က ပြောလိုက်ခြင်းမှာ အရွဲ့တိုက်၍ ပြောလိုက်ခြင်းဖြစ်ကြောင်း ကိုတောက်ထွန်းသိသည်။ ဆန်စက်အလုပ်သမားများမှာ ဖြူးတစ်ဝိုက်မှ လယ်ကူလီများသာဖြစ်လေရာ ရွှေတင်၏ ဇာတိဇစ်မြစ်ကို ကောင်းကောင်းကြီး သိပြီးဖြစ်ကြ၏။

ရွှေတင့်အဖေသည် လယ်မဲ့ယာမဲ့ တစ်ဦးမျှသာ ဖြစ်ကြောင်းသိကြပြီး ဖြစ်၏။ သို့ရာတွင် ရွှေတင်မှာ ဒေါ်မြဆင့် ကိုယ်စားလှယ်အနေဖြင့် စက်ထဲသို့ လာရသည့်အတွက် အရွဲ့တိုက်၍ ခေါ်လိုက်ခြင်းဖြစ်ပေ၏။ ကိုတောက်ထွန်းသည် ရွှေတင်ကို အလုပ်သမားအချို့က အထင်လွဲသည်ကို တွေး၍ စိတ်မကောင်းဖြစ်နေလေသည်။

"ဆရာ ကိုတောက်ထွန်းကို ရုံးခန်းထဲ လာပါတဲ့"

အလုပ်သမားတစ်ယောက်ကပြော၍ ကိုတောက်ထွန်းသည် ရုံးခန်းဘက်သို့ ထလာခဲ့သည်။ အလုပ်သမားများသည် သူ့နောက်သို့ စုပြုံလိုက်လာကာ ကိုတောက်ထွန်း ရုံးခန်းထဲသို့ဝင်သွားတော့မှ အပေါက်ဝတွင် ကျန်ရစ်ခဲ့ကြပြီး တစ်ယောက်တစ်ပေါက် ထင်မြင်ချက်ပေးနေကြလေသည်။

"ဟော့-အလုပ်ကမထွက်ဖို့ လာပြောတာကွ"

"ဘယ်က ဟုတ်ရမှာလဲ၊ ထုတ်ပြီးမှတော့ ဘယ်ပြန်သွင်းတော့မလဲ၊ အဘွားကြီးက စိတ်ခပ်ဆတ်ဆတ်ရယ်"

"ကောင်မလေးအနေနဲ့ ကြားထဲက လိုက်တောင်းပန်တာ ဖြစ်မှာပေါ့၊ ဆွေနီးမျိုးစပ်ပေ ဓမ္မာနေတယ် မဟုတ်လား"

ကိုတောက်ထွန်းကား အပြင်ဘက်မှ ထင်မြင်ချက်တွေကို ဂရုမစိုက်နိုင်ဘဲ အခန်းထဲသို့ ဝင်လာခဲ့သည်။ ရွှေတင်ကား စားပွဲတွင်မေးတောက်၍ ငိုင်နေ၏။ မျက်နှာလည်း မကောင်းလှပေ။

"ဘယ်လိုဖြစ်တာလဲ ကိုရင့်ဟာက"

ရွှေတင်က ကိုတောက်ထွန်းကို ဆီး၍မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်မြင်တဲ့ အတိုင်းပဲဟ"

ကိုတောက်ထွန်းက အရေးမကြီးသလို အေးတိ အေးစက်ဖြင့် ပြောလိုက်၏။ တကယ်လည်း ရေးကြီးခွင်ကျယ် မှတ်ဟန်မတူပေ။ သည်မှာ ထမင်းမစားရ၍ တောပြန်၍ စာသင်လျှင် တစ်ဆုပ်တစ်ခဲတော့ ရနိုင်သည် မဟုတ်လား။

"သိပ်ခက်တာပဲ၊ ရွှေရွှေလဲ ကြားထဲက သိပ်စိတ်ညစ်တာပဲ၊ ကိုရင်ကလဲ ကိုရင်ပဲ၊ ပြောရင် ဟောဟောဒိုင်းဒိုင်းကြီး။ အဘွားကြီးကလဲ အင်မတန် စေ့စပ်ပါဘိသနဲ့"

"အံမယ်၊ ကိုယ့်ဘက်ကျ စေ့စပ်တယ်၊ လူများဖို့ကျတော့ဘာမှ ထည့်မစဉ်းစားဘူး။ နင့်အဘွားကြီးလိုဟာမျိုးကတော့ ရှားပါတယ်"

"ခု အိမ်မှာလဲ ဒေါ်ဒေါ်သီကို ဆူကျန်နေရစ်ခဲ့လေရဲ့၊ ကိုရင်လုပ်ပုံက ရွှေရွှေကိုရော၊ ဒေါ်ဒေါ်သီမျက်နှာကိုရော မထောက်တော့ဘူး။ ခုတော့ အနေရခက်တာပေါ့။ ရွှေရွှေကတော့ လူငယ်မို့လို့ထားပါ။ ဒေါ်ဒေါ်သီ အနေရ ကျပ်မှာပေါ့"

ကိုတောက်ထွန်းသည် သူ့ကို ဂရုတစိုက် တောသို့ လူကြုံဖြင့် လည်းကောင်း၊ စာဖြင့်လည်းကောင်း မှာ၍ခေါ်ကာ ဒေါ်မြဆင့်ကို ပြောပေးသည့် ဒေါ်မြသီအတွက် စိတ်မကောင်း ဖြစ်သွားမိသည်။

"တတ်နိုင်ဘူးရွှေတင်၊ နင့်အဘွားကြီးက တင်စီးလွန်းတယ်။ ငါ့ကိုစွတော့ထားပါ၊ ကံအေးကိစ္စကို လျှော်ကြေးမပေးနိုင်ဘူး ဘာဘူးနဲ့ ပြောတာကောင်းသလား၊ ခမျာမှာ သေမလားရှင်မလား မသိရ၊ ကျန်ရစ်တဲ့ မိန်းမလဲ မျက်စိသူငယ်နဲ့ ဘာလုပ်လို့ ဘာကိုင်စားရမှန်းမသိ၊ ဒင်းတို့အမျိုးဟာ တို့လယ်တွေကိုသိမ်းရုံနဲ့ အားမရသေးဘူး၊ တို့အဆီတွေ၊ တို့အသားတွေကိုပါ စုတ်ယူချင်ကြသေးတယ်၊ ဟိုဘိုကြက်ချေးကောင် ရောက်လိ[illegible] သာပြီးအဘွားကြီး အပေါက်ဆိုးလာတယ်"

"ကဲ- တော်ပါ။ ခု ရွှေရွှေကို လွှတ်လိုက်လို့ လာတာ၊ ကိုရင်ရဲ့လခကို ရှင်းပေးလိုက်တဲ့၊ ရွှေရွှေလဲ ဘယ်ပြောရဲမလဲ၊ ရှင်းပေးစေဆိုတော့ ထွက်လာခဲ့ရတာပေါ့။ ရှက်ပါတယ် ကိုရင်ရယ်-ဟင်း"

ရွှေတင်က သက်ပြင်းလေးကိုချလိုက်ပြီး စာရင်းစာအုပ်ကို လှန်ကာ ကိုတောက်ထွန်းရသင့်သော လခထဲမှ လုပ်ရက်ကို တွက်နေသည်။ ပြီးမှ





ကချင်လွယ်အိတ်ကလေးထဲတွင် ထည့်လာသော ငွေငါးဆယ်ကို ထုတ်ပေးလိုက်သည်။ နောက် သူ့ချွေးခံအင်္ကျီအိတ်ထဲက ငွေအစိတ်ကို လည်းထုတ်ကာ

"ရော့ ဒါရွှေရွှေ စုဆောင်းထားတာလေးတွေပေးတာ၊ ကိုရင်လိုလို မယ်မယ်သုံးဖို့"

ကိုတောက်ထွန်းက သူ့ရှေ့တွင် ရွှေတင်ချထားသော ငွေစက္ကူနှင့် ဒင်္ဂါးပြားကို လက်နှင့်ပြန်၍တွန်းပို့လိုက်ကာ

"တော်ပါပြီ နင့်ပိုက်ဆံမလိုချင်ပါဘူး၊ ထမင်းတော့ မငတ်ပါဘူး"

"သြော် ခက်ပါပြီ၊ ကိုရင်ဟာ တော်တော် အပြောရခက်တယ်။ ယူမှာ ယူသွားပါ၊ ရော့ပါ"

"ဟင့်အင်း ငါမလိုချင်ဘူး။ နင့်ပိုက်ဆံလဲ မပေးနဲ့၊ ငါရသင့်တဲ့ငွေတွေလဲ ငါမယူဘူး၊ ကိုသာဇံကိုခေါ်ပြီး ကံအေးမိန်းမကို ပေးခိုင်းလိုက်ပါ။ ငါငွေရကြောင်း လက်မှတ်ထိုးလိုက်မယ်"

ကိုတောက်ထွန်းက အကြောက်အကန်ငြင်းကာ ပြေစာ နှင့်ငွေရကြောင်း လက်မှတ်ထိုးလိုက်ပြီး လှည့်ထွက်လိုက်သည်။

"နေပါဦး ကိုရင်၊ ကိုရင် ဘာလုပ်ကိုင် စားမယ်စိတ်ကူးသလဲ"

ရွှေတင်က နောက်က လှမ်းမေးလိုက်၏။ ကိုတောက်ထွန်းက ရွှေတင်ကို သမင်လည်ပြန်ကြည့်လိုက်သည်။

"ထမင်းတစ်လုတ်တော့ ဘယ်သွားစားစား ရပါတယ်ဟာ"

သူထွက်လာသောအခါတွင်မူ အပေါက်ဝတွင် သူ့ကို စိုးရိမ်တကြီးဖြင့် စောင့်မျှော်နေကြသော အလုပ်သမားများကို တွေ့လိုက်ရပေသည်။

ရွှေတင်သည် ကိုတောက်ထွန်းနှင့် အလုပ်သမားများကို ကြည့်နေမိသည်။ သူတို့မျက်နှာမှာ တင်းမာနေကြသည်။ ရွှေတင်သည် ရေငတ်သလို အာခြောက်၍လာကာ နှုတ်ခမ်းများကို လျှာဖြင့် လျက်နေမိလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

ရွှေတင်သည် နှုတ်ခမ်းမှာ စီးထန်းထန်းဖြစ်နေ၍ နှုတ်ခမ်းကို လျှာဖြင့် လျက်လိုက်သည်။

သူကိုင်ထားသော အရာမှာ ပန်းစက္ကူမဟုတ်ဘဲ နှုတ်ခမ်းဆေးတောင့်ဖြစ်သည်။ သူရောက်နေသောနေရာမှာ ဖြူးမဟုတ်ဘဲ တရားရုံးခန်းဖြစ်နေသည်။

တရားလိုပြသက်သေ အမှတ် ၂ ဖြစ်သည့် မချစ်မေကို စစ်ပြီးသွား၍ မချစ်မေမှာ ရင်ကို တမင်ကော့၍ သက်သေခုံပေါ်မှ ဆင်းသွားလေသည်။

"အစိုးရသက်သေ ရာဇဝတ်အုပ် မစ္စတာ စောဘတ္တလာ၊ ရာဇဝတ်အုပ် မစ္စတာ စောဘတ္တလာ"

ရွှေဖတ်စာရေးကြီးက အစိုးရသက်သေတစ်ဦးဖြစ်သည့် ရာဇဝတ်အုပ်ကို လှမ်း၍ခေါ်၏။

ကရင် ရာဇဝတ်အုပ် ဝဝကြီး ဝင်၍လာလေသည်။ ကာကီဖော့ဦးထုပ်၊ ကာကီအကျီ၊ ကာကီဘောင်းဘီတို့ကို အကျဝတ်ကာ ဆင်ဘရောင်းလွယ်၍ ခြောက်လုံးပူးကို ခါးမှာထိုးထားလေသည်။ ပခုံးဒေါက်ပေါ်မှ သရဖူအမှတ်အသားသည် ပြောင်လက်နေလေ၏။

ရာဇဝတ်အုပ်ကြီးသည် ရုံးတော်ကို အရိုအသေပြုပြီး သက်သေခုံတွင် ဝင်၍ မတ်တတ်ရပ်လိုက်သည်။ ရွှေဖတ်စာရေးကြီးက ထုံးတမ်းစဉ်လာတွေကို မေးပြီး ကျမ်းတိုက်ပေးလေသည်။





"ကျွန်ုပ်၏ပြောဆိုချက်များသည် အမှန်ဖြစ်ပါသည်။ လုံးဝအမှန်ဖြစ်ပါသည်။ မမှန်မကန်လိမ်လည်ထွက်ဆိုချက် တစ်ခုမှမပါကြောင်းကို ကျိန်ဆိုပါသည်။ ထို့ကြောင့် ကျွန်ုပ်အား ဘုရားသခင် စောင်မပါစေ"

မစ္စတာစောဘတ္တလာမှာ ခရစ်ယာန်ဖြစ်၍ သူ့ကို ကျမ်းထုပ်ဖြင့် ကျမ်းမတိုက်ရဘဲ သမ္မာကျမ်းစာကိုကိုင်၍ ကျမ်းတိုက်ရလေသည်။

"အခင်း ဖြစ်ပွားတဲ့နေ့က ကျွန်တော်မျိုးဟာ လမ်းမတော်ဌာနာမှာ တာဝန်ကျနေပါတယ်။ တာဝန်လွှဲပြီးလို့ ဆယ့်ငါးမိနစ်လောက်အကြာမှာ အလင်းဟော်တယ်မှာ လူသတ်မှုဖြစ်လို့ဆိုပြီး တယ်လီဖုန်းလာပါတယ်။ ဒါနဲ့ ကျွန်တော်မျိုးနဲ့အတူ တာဝန်ကျပုလိပ်သားနှစ်ယောက်ကိုခေါ်ပြီး အလင်းဟော်တယ်ကို လာပါတယ်။ အလင်းဟော်တယ်ရောက်လို့ အခန်းနံပါတ် ၁၆ ကို ဝင်ကြည့်တော့ သေသူ ဦးဖေသန်းဟာ အိပ်ရာပေါ်မှာ မှောက်လျက်သား လဲပြီး အသက်ထွက်နေပါတယ်"

တရားခံရွှေနေကထ၍

"အလင်းဟော်တယ်က တယ်လီဖုန်းဆက်တာ ဘယ်သူလဲ"

"ဟော်တယ်ပိုင်ရှင် မစ္စတာ အလျောင်ပါ"

"ခင်ဗျားတို့ လမ်းမတော်ဌာနအပိုင်မှာ ဟော်တယ် ဘယ်နှခုရှိသလဲ"

မစ္စတာစောဘတ္တလာက တရားခံရွှေနေဘက်သို့ လှည့်ကာ

"အများကြီးပဲ ခင်ဗျ"

"မဟုတ်ဘူးလေ၊ ဒီလို အခန်းငှားစားတဲ့ ဟော်တယ်မျိုးတွေကို ပြောတာ"

"အဲဒါလဲ အများကြီးပဲ"

"ဒီမှာ မစ္စတာ စောဘတ္တလာ၊ ခင်ဗျား ပုလိပ်လုပ်နေတာပဲ၊ ခင်ဗျားဌာနအပိုင်မှာ အခန်းငှားစားတဲ့ ဟော်တယ်မျိုး ဘယ်နှခု ရှိတယ်ဆိုတာ ခင်ဗျားသိရမှာပေါ့။ လိုင်စင်နဲ့ အခန်းငှားတဲ့ ဟော်တယ်က ဘယ်နှခု၊ လိုင်စင်မရှိဘဲ တိတ်တိတ်ပုန်း လောဂျင်းက ဘယ်နှခုဆိုတာ ခင်ဗျားသိရမှာပေါ့။ ဟုတ်လား"

တရားခံရွှေနေ၏ ပိုင်စိုးပိုင်နင်း မေးသံကြောင့် မစ္စတာစောဘတ္တလာ၏ မျက်နှာမှာ နီရဲလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ သိတာပေါ့၊ အခွန်ဆောင်ပြီးဖွင့်တဲ့ လောဂျင်းက ရှစ်ခုရှိတယ်၊ အခွန်မဆောင်ဘဲဖွင့်တဲ့ လောဂျင်းတွေကတော့ ခုမရှိတော့ဘူး"

တရားခံရှေ့နေကြီးက ပြုံးကာ -

"တချို့နေရာတွေမှာ တိတ်တိတ်ပုန်းဖွင့်တဲ့ လောဂျင်းတွေ ရှိတယ်။ အဲဒီမှာ ကစားဝိုင်းတွေရှိတယ်၊ ပြည့်တန်ဆာတွေ ရှိတယ်ဆိုတာကော ခင်ဗျားမသိဘူးလား"

မစ္စတာစောဘတ္တလာ၏ ဖြူဖွေးနေသော မျက်နှာသည် ပန်းသီးမှည့်ကြီးလို ပို၍နီရဲလာသည်။ အသံခပ်ပြတ်ပြတ်ဖြင့်

"ကျွန်တော်တို့ ဌာနအပိုင်မှာတော့ ကျွန်တော်သိသလောက် တိတ်တိတ်ပုန်း လောဂျင်းတွေ မရှိတော့ဘူး။ ဒီပြင်ဌာနအပိုင်ကတော့ ကျွန်တော်လဲ မပြောတတ်ဘူး"

"ဒါဖြင့် ခင်ဗျားတို့အပိုင်မှာ မရှိတော့ဘူးပေါ့"

"ကျွန်တော်သိသလောက်တော့ မရှိတော့ဘူး။ သိရင် ဥပဒေအရ အရေးယူတာချည်းပဲ။ မသိတာဆိုရင်တော့ မပြောတတ်ဘူး"

တရားခံရှေ့နေသည် ခေါင်းတဆတ်ဆတ်ညိတ်၍ ပြုံးလိုက်သည်။ ပြီးမှ . . .

"ခင်ဗျား အလင်းဟော်တယ်ကို ရောက်သွားတော့ ဘယ်နှနာရီလောက်ရှိပြီလဲ"

"ခြောက်နာရီခွဲလောက်ရှိပါပြီ"

"တံခါးကို ခင်ဗျားရောက်မှ ဖွင့်တာလား။ ဖွင့်ပြီးသားလား"

"အခန်းတံခါးကို ဖွင့်ပြီးသားဖြစ်နေပါပြီ။ သူတို့ကမသင်္ကာလို့ ဖွင့်ကြည့်ကြတယ်လို့ ပြောပါတယ်"

"သေသူ ဦးဖေသန်းဟာ ဘယ်အချိန်လောက် သေတယ် ထင်သလဲ"

မစ္စတာ စောဘတ္တလာက ဖြေမည်အပြုတွင် တရားလိုရှေ့နေကြီးက ထ၍ ကန့်ကွက်လိုက်သည်။

"ဒီမေးခွန်းဟာ မဆိုင်ပါဘူး"

"ဆိုင်ပါတယ်"

"ရုံးတော်မင်းခင်ဗျား၊ ခု တရားလိုပြသက်သေဟာ ပုလိပ်အရာရှိတစ်ဦးသာ ဖြစ်ပါတယ်။ ဆရာဝန်တစ်ဦးမဟုတ်ပါဘူး၊ ဒါကြောင့်မို့ ဒီမေးခွန်းကို ခုမမေးဖို့ ကန့်ကွက်ပါတယ်၊ မေးချင်ရင် ဆရာဝန်ကို စစ်တော့မှမေးပါ"





"ကန့်ကွက်ချက်ကို လက်ခံရလိမ့်မယ် ဝတ်လုံတော်ရမင်း"

တရားသူကြီးက ကန့်ကွက်ချက်ကို လက်ခံလိုက်သဖြင့် တရားခံရှေ့နေမှာ သည်မေးခွန်းကို မမေးသာတော့ပေ။

"ကောင်းပြီ၊ ခင်ဗျားဝင်သွားတော့ ဘာတွေ့ရသလဲ"

"ဦးဖေသန်းဟာ ကုတင်ပေါ်မှာ မှောက်လျက် လဲနေတယ်။ သူ့သေတ္တာထဲကို ရှာဖွေတဲ့အခါမှာ သေတ္တာပွင့်နေပြီး အထဲမှာအဝတ်အစားတွေ ဖရိုဖရဲဖြစ်နေတယ်၊ ငွေထည့်တဲ့ သားရေအိတ်လဲ ပွင့်နေတယ်။ နောက်အထုပ်တစ်ထုပ်နဲ့ ကျန်နေတဲ့ မက်ကလင်းဆေး ပုလင်းကို တွေ့ပါတယ်"

"ဒီပုလင်းလား"

တရားခံရှေ့နေကြီးက ရုံးတော်တွင် သက်သေခံ ပြထားသည့်ဆေးပုလင်းကို ထောင်၍ပြလိုက်သည်။ မစ္စတာ စောဘတ္တလာက သေသေချာချာကြည့်ပြီး . . .

"ဟုတ်ပါတယ်"

"ပြီးတော့ ခင်ဗျားဘာလုပ်သလဲ"

"အခင်းဖြစ်ပွားတဲ့နေရာနဲ့တကွ သေသူ ဦးဖေသန်းကိုပါ ဓာတ်ပုံရိုက်ပါတယ်။ နောက် ဆေးပုလင်းကို လက်ဗွေပါရဂူရုံးကို ပို့လိုက်ပါတယ်။ လက်ဗွေက"

မစ္စတာ စောဘတ္တာ၏ စကားမဆုံးခင် တရားလိုရှေ့နေက ထကာ

"လက်ဗွေအကြောင်းကို ခင်ဗျား မေးနေတာ မဟုတ်ပါဘူး။ ဖင်းဂါးပရင့်အိတ်စပေါ့ရှိပါတယ်။ ခင်ဗျားမေးတာကိုပဲ ခင်ဗျားဖြေပါ"

"သေသူ ဦးဖေသန်းမှာ ဒဏ်ရာ ဒဏ်ချက် တစ်စုံတစ်ရာ တွေ့ရသလား"

"မတွေ့ပါဘူး"

"ခင်ဗျား ရောက်သွားတော့ အခန်းထဲမှာ ရှင်းလင်းထားသလား"

"ရှင်းမထားပါဘူး၊ နဂိုအတိုင်းရှိပါတယ်။ ကျွန်တော်လဲ ခြေရာလက်ရာမပျက်အောင် အခန်းထဲကို ဘယ်သူမှ အဝင်မခံပါဘူး"

"သေသူ ဦးဖေသန်း တည်းခိုနေတဲ့ အခန်းနဲ့ ခုတင်နေပုံ အနေအထားဟာ ဒီအတိုင်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



တရားခံရှေ့နေကြီးက အခန်းပုံကြမ်းကို ထုတ်ပြသည်။ မစ္စတာစော ဘတ္တလာက ယူကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားရောက်သွားတဲ့ အချိန်မှာ တရားလိုပြသက်သေ အမှတ် ၁ နဲ့ ၂ ဖြစ်တဲ့ ကိုဘကျော်နဲ့ မချစ်မေကို တွေ့သလား"

"တွေ့ပါတယ်"

"ဒီအချိန်မှာ သူတို့ဘာလုပ်နေကြသလဲ"

"ဒို့ပြင် အခန်းတွေကို လိုက်ရှင်းနေကြပါတယ်"

"သူတို့ကို ခေါ်စစ်သေးသလား"

"ဟုတ်ကဲ့ စစ်ပါတယ်"

"သူတို့ရဲ့ ထွက်ချက်ကကော"

မစ္စတာ စောဘတ္တလာသည် အတန်ကြာမျှ ငိုင်နေသည်။ ပြီးမှ ခေါင်းမော့ကာ . . .

"သူတို့ရဲ့ ထွက်ချက်ကို ရေးမှတ်ထားပါတယ်။ မိတ္တူကို ရုံးတော်တင်ပြီးပါပြီ"

"ဒါပါပဲ၊ မေးစရာမရှိတော့ပါဘူး"

တရားခံ ရှေ့နေကြီးက မေးစရာကုန်၍ ထိုင်ချလိုက်သဖြင့် မစ္စတာ စောဘတ္တလာသည် သက်သေခုံပေါ် ရပ်နေသည်။ တရားသူကြီးက မစ္စတာ စောဘတ္တလာ၏ ထွက်ချက်ကို ဖတ်ပြနေ၏။ တရားသူကြီး၏ စာဖတ်သံမှာ ရေစီးသံလို အနိမ့်အမြင့်မရှိဘဲ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည်။

ရွှေတင်ကား တရားသူကြီး စာဖတ်သံကို မကြား၊ တစ်ခါက ကြီးကြီး ဆင့်အား စာဖတ်ပြခဲ့ရသည်ကို အမှတ်ရလာလေ၏။ သူ့အသံကို ကြား ယောင်လာလေ၏။

●

## (၁၄)

"အဆင်း၌ လှပတင့်တယ် နှစ်သက်ဖွယ်သော ဂုဏ်ကို ကောင်းသောရုပ ဆိုသည်။ မလှမပ မတင့်မတယ် နှစ်သက်ဖွယ်မရှိသည်ကို မကောင်းသော ရုပဆိုသည်။ လှပတင့်တယ်သော ရုပသည် အလှထက် အလှအဆင့် ဆင့်များ၏။ လူ့ပြည်၌ရှိသော အလှမျိုးတို့ထက် စတုမဟာရာဇ်နတ်တို့၏ အလှမျိုးသည် အဆ အသိန်းအသန်းမက သာလွန်၏။ စတုမဟာရာဇ်နတ် တို့၏ အလှမျိုးတို့ထက် တာဝတိံသာနတ်တို့၏ အလှမျိုးတို့သည် အသိန်း အသန်းမက သာလွန်၏။ အထက်အထက် နတ်တို့ကိုလည်း ဤအတိုင်း သိလေ။

"ယောကျ်ားတို့၏ မျက်စိအတွေ့တွင် မိန်းမတို့၏ အဆင်းသဏ္ဌာန် နှင့် စပ်သော စက္ခုအတွေ့သည် အထန်ဆုံး အသန်ဆုံးဖြစ်၏။ စက္ခုအတွေ့ မှလျှောက်၍ မနောအတွေ့၌ ခိုက်လေ၏။ ရှင်လန်းရုံမျှတွင် မရပ်မူ၍ ပူပန်သော ရာဂဇော အလှိုင်းကြီးလာ၏။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌

နာဟံ ဘိက္ခဝေ အညံ ဧကရူပံ ပိသ မနုပဿာမိ,
ယံပူရိသဿ
စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ
ဣတ္ထိရူပံ
ဣတ္ထိရူပံ ဘိက္ခဝေ ပုရိသဿစိတ္တံ ပရိယာ
ဒါယတိဋ္ဌတိ ဟူ၍ ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတို့၏ အဆင်းသဏ္ဍာန်ကဲ့သို့ ယောက်ျား၏စိတ်ကို သိမ်းကျုံး၍ ယူနိုင်သော အဆင်းသဏ္ဍာန် မည်သည်ကို လောက၌ တစ်စုံတစ်ခုသော အဆင်းကိုမျှ ငါဘုရား မြင်တော်မမူဟုဆိုသည်။

"ဟရိတဇ ရှင်ရသေ့အစရှိသော ဈာန်သမာပတ်နှင့် နေသော အလောင်းတော်ကြီးများပင်လျှင် မိဖုရား၏ အဆင်းကိုမြင်ရရာ စက္ခုသမ္ဖဿ ခိုက်ချက်နှင့်။ ကောင်းကင်မှ မြှားမှန်၍ ကျလာသော ရွှေဟင်္သာကဲ့သို့ ဈာန်သမာပတ် ကွယ်ပျောက်၍ ကောင်းကင်မှ ကျလေ၏"

ရွှေတင့်စာဖတ်သံသည် တစာစာ ထွက်ပေါ်လာ၏။ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်နေသဖြင့် ရွှေတင်၏ အသံကို ပီသသဲကွဲစွာ ကြားနေသည်။ ရွှေတင်သည် လယ်တီဆရာတော်ဘုရား၏ ပဋိစ္စသမုပ္ပါဒ်ဒီပနီကို လေးလေးမှန်မှန်ကြီး ဖတ်ပြနေပေရာ သူ့အသံမှာ တလွင်လွင် ချိုအေးလျက် ရှိပေ၏။ ရွှေတင်ကား ဒေါ်မြဆင့်တို့အိမ် ရောက်ကတည်းက အိပ်ရာဝင်လျှင် ဒေါ်မြဆင့် အခန်းထဲဝင်၍ ခြေဆုပ်လက်နယ် ပြုစုရစမြဲဖြစ်၏။ သို့မဟုတ်လျှင်လည်း ဇာတ်နိပါတ်များ၊ ကျမ်းစာများကို ဖတ်ပြရစမြဲဖြစ်ပေရာ စာဖတ်တော်တော် သွက်လက်ပေ၏။

ညဉ့် ဆယ်နာရီထိုးပြီဖြစ်၍ စက်ထဲမှ နာရီသံချောင်းခေါက်သံများကို ကြားရလေသည်။ ဆောင်းဦးလေချိုအေးမှာ တစိမ့်စိမ့်အေးကာ ညမွှေးပန်းနံ့များဖြင့် သင်းထုံလျက်ရှိသည်။ ခင်မောင်ဝင်းသည် သူ့အခန်းထဲရှိ သူ့ခုတင်ပေါ်တွင် ပက်လက်လှန်ကာ ဒေါ်မြဆင့်အခန်းမှ ထွက်လာသော ရွှေတင်၏ စာဖတ်သံကို မှိန်း၍ နားထောင်နေသည်။ ရွှေတင်၏ အသံမှာ နွေဦးတွင် ကျူူးရင့်သော ဥဩသံလို သာယာလှပေ၏။

"ထို့အတူ မိန်းမတို့၏ စက္ခုအတွေ့စုတွင်လည်း အရွယ်အဆင်း အလွန်ကောင်းသော ယောက်ျားတို့၏ အဆင်းသဏ္ဍာန်နှင့်စပ်သော စက္ခုအတွေ့သည် အဆန်းဆုံး အသစ်ဆုံးဖြစ်၏။

"စက္ခုအတွေ့မှ လျှောက်၍ မနောအတွေ့၌ ခိုက်လေ၏၊ ရွှင်လန်းရုံမျှတွင် မရပ်မူ၍ လှုပ်ရှားကာ ရာဂဇောသည် အလှိုင်းကြီးတက်၍ လာ၏"

ဒေါ်မြဆင့်၏ တရှူးရှူး ဟောက်သော အသံသည် ရွှေတင်၏ စာဖတ်သံကြားတွင် စည်းလိုက်ပေးနေသလို မှန်မှန်ကြီး ထွက်ပေါ်လာ၏၊





ရွှေတင်သည် တဖြည်းဖြည်း အသံမှျဉ်း၍ စာဖတ်ရပ်လိုက်ပြီး ဒေါ်မြဆင့်ကို စောင်ခြုံ၍ ခြင်ထောင်ချပေးကာ မီးငြိမ်းပြီး ခြေဖျားထောက်၍ သူ့အခန်းထဲသို့ သူပြန်ဝင်လာခဲ့သည်။

သူ့အခန်းထဲက ထင်းရှူးသေတ္တာပေါ်တွင် ထွန်းထားသည့် လက်ဆွဲမှန်အိမ်မှ မီးစာကို မြှင့်တင်လိုက်ပြီး ကုတင်ပေါ်တွင် လှဲလိုက်သည်။ သူ့ခုတင်မှာ မွေ့ရာခင်းထားခြင်း မရှိ၊ သင်ဖြူးချောချောတစ်ချပ်ကိုသာ ခင်းထားပြီး ရှုန်စောင်ပါးပါးလေး ခေါက်တင်ထားသည့် ခေါင်းအုံးတစ်လုံးသာ ရှိ၏။ အခန်းထောင့်တွင် သမာဓိတင်းတောင်းသုံးလုံးမှာ စီတန်းချထားပြီး ဂုံနီအိတ်လွတ်များမှာ တောင်းထဲမှ တိုးထွက်နေကြသည်။ အပေါက်ဝနားတွင် အုန်းတံမြက်စည်းတစ်ချောင်း ထောင်လျက်ရှိ၏။

ရွှေတင်သည် အင်္ကျီဟောင်းနှင့် လုံချည်ဟောင်းတစ်ထည်ကို ကောက်၍ လဲလိုက်ကာ အိပ်ရာပေါ်တွင် လှဲချလိုက်မိသည်။ တစ်နေ့လုံး ပင်ပန်းလာသော်လည်း သူ့မျက်လုံးများမှာ ကြောင်နေသည်။

ရွှေတင်သည် တောင်တွေးမြောက်တွေး တွေးကာ လူးလွန့်၍ မျက်လုံးများကို မှိတ်ထားသည်။ မျက်လုံးများကို မှိတ်ထားရသော်လည်း ကိုတောက်ထွန်းနှင့် ခင်မောင်ဝင်း ဆန့်ကျင်ဘက် ရုပ်ပုံလွှာနှစ်ခုမှာ တစ်လှည့်စီ ပေါ်နေကြသည်။

စက်ထဲမှ သံချောင်းခေါက်သံ ဆယ့်နှစ်ချက်တိတိကြားရသည်။ ဆက်တိုက် တစ်ကောင်ပြီးတစ်ကောင် ထ၍ တွန်လိုက်သော ကြက်တွန်သံများမှာ ခပ်သဲ့သဲ့ပျံ့လွင့်လာ၏။ ရွှေတင်သည် ရှုန်စောင်ကလေးကို ရင်ပတ်ပေါ်တွင် လွှမ်းခြုံလိုက်ကာ စိတ်ချလက်ချ အိပ်လိုက်သည်။ မှေးခနဲ ပျော်မည်အပြုတွင် အပြင်ဘက်မှ ခပ်ဖော့ဖော့နင်းသော ခြေသံလိုလို အသံကို ကြားလိုက်ရသည်။

အစကတော့ ရွှေတင်၏ စိတ်ထဲတွင် အိပ်မက်လိုပင် ထင်နေ၏။ နောက် ဖော့၍နင်းလာသော ခြေသံသည် သူ့အခန်းဘက်သို့ နီးကပ်လာတော့မှ ခေါင်းကို ဆတ်ခနဲ ထောင်ကာ နားစွင့်၍နားထောင်ပြန်သည်။ စိတ်ကထင်နေခြင်း မဟုတ်ဘဲ တကယ်ကြားနေရသော ခြေသံဖြစ်ကြောင်းသိတော့မှ ခေါင်းနပန်းတွေကြီးကာ ကြက်သီးတွေ ဖျန်းခနဲ ထလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အိုကြီး၏ လှျာထိုးကြမ်းပြင်သည် တစ်ချက်တစ်ချက်တွင် ကျွီခနဲမြည်သွားသည်။ ရွှေတင်သည် ခေါင်းအုံးပေါ်တွင် ပြန်လှဲကာ အသံကို နားစွင့်နေလိုက်သည်။

နောက်တော့ တံခါးခေါက်သံ ကြားရသည်။ ရွှေတင်သည် လန့်ဖျတ်ကာ ကုတင်ပေါ်တွင် ထ၍ ထိုင်လိုက်သည်။ တစ္ဆေခြောက်တာများလေလားဟု စိတ်ထဲတွင် တွေးမိသွားကာ ခေါင်းနပန်းတွေ ကြီးလာပြန်သည်။

တံခါးခေါက်သံသည် ဖြည်းဖြည်းကလေး ပေါ်လာပြန်၏။ ရွှေတင်သည် ခုတင်ပေါ်တွင် ခြေတွဲလဲချပြီးထိုင်ကာ တံခါးဆီသို့ ငေးကြည့်နေသည်။

"ရွှေ ရေ၊ ရွှေ ရွှေ"

ခပ်အုပ်အုပ်ခေါ်သံနှင့်အတူ တံခါးခေါက်သံသည် ခပ်တိုးတိုးပေါ်လာပြန်သည်။ ရွှေတင်သည် စိတ်ရှုပ်လာကာ ခေါင်းကို ပွသယောင်းနေအောင် ကုတ်နေသည်။ သူ့မျက်နှာမှာ မှုန်နေလေသည်။

"ရွှေရွှေရေ ရွှေရွှေ၊ တံခါးဖွင့်ပေးစမ်းပါကွယ်"

သည်တစ်ခါတော့ ခင်မောင်ဝင်း အသံကို သဲသဲကွဲကွဲ ကြားရလေသည်။ ခါတိုင်းက ခင်မောင်ဝင်းသည် ရွှေတင်ကို ရွှေရွှေလို့တစ်ခါမျှ မခေါ်ဖူးခဲ့ပေ။ ရွှေရွှေလို့ ပထမအကြိမ် ခေါ်ခြင်းပေတည်း။

ရွှေတင်သည် ခုတင်မှ ထပြီး လက်ဆွဲမီးအိမ်ကို မီးစာမြှင့်လိုက်ပြီးနောက် တံခါးဆီသို့ လျှောက်သွားမိသည်။ ရွှေတင်သည် တံခါးပေါက်ဝနားတွင်ရပ်၍ တွေဝေနေမိသည်။ ဖွင့်၍လည်း မပေးမိ၊ မေးလည်း မမေး၊ တိတ်ဆိတ်စွာရပ်၍ နားစွင့်နေမိသည်။ သူ့ရင်သည် တလှပ်လှပ်ခုန်နေသည်။ တကယ်တော့ စိတ်ရှုပ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် ချောက်ချားနေခြင်းပင် ဖြစ်ပေသည်။

"ရွှေရွှေ ရွှေရေ၊ ခပ်မြန်မြန် ဖွင့်ပေးပါကွယ်"

"ဟင့်အင်း ကြောက်တယ်။ ကြီးကြီးဆင့်တို့ နိုးကုန်မယ်"

ရွှေတင်က အသံကလေး တုန်တုန်ဖြင့် သော့ပေါက်နားသို့ ကပ်၍ ပြောလိုက်သည်။

"ကြီးကြီးဆင့်တို့ နိုးမှာစိုးရင် မြန်မြန်ဖွင့်လိုက်"

ရွှေတင်သည် သက်ပြင်းချပြီး ကြောက်အားလန့်အားနှင့် တံခါးကို





ဖွင့်ပေးလိုက်မိသည်။ ရွှေတင်သည် သညာကင်းမဲ့သူလို ဖြစ်နေ၏။ ဘာလုပ်၍ ဘာကိုင်မိသည်ကို သတိထားမိဟန် မတူပေ။ ခင်မောင်ဝင်းက အခန်းထဲသို့ ဝင်လာကာ အခန်းတံခါးကို ပိတ်ထားလိုက်သည်။ သူ့ကိုယ်မှာ အဖြူပေါ်တွင် အပြာစင်းတွေ ခတ်ထားသော ညဥ့်ဝတ်အင်္ကျီရှည်ကြီးကို ဝတ်ထား၏။ သူ့ခေါင်းမှ ခေါင်းလိမ်းဆီနံ့မှာ မွှေးကြိုင်နေပေသည်။

ရွှေတင်သည် မျက်လုံး အဝိုင်းသားဖြင့် ခင်မောင်ဝင်းကို မရဲတရဲ မော့ကြည့်ပြီး ခေါင်းကိုငုံ့ထားလိုက်မိသည်။ သူ့တစ်ကိုယ်လုံးမှာ နတ်ကျသလို တဆတ်ဆတ် တုန်နေ၏။ ရွှေတင်သည် စကားလည်း မပြော၊ နေရာကလည်း မရွှေ့ဘဲ တံခါးနားတွင် ပေကပ်၍ ရပ်နေသည်။

"ရွှေရွှေ အိပ်မပျော်သေးဘူး မဟုတ်လား"

ခင်မောင်ဝင်းက သူ့ရှေ့တွင် ကြက်ခြေပျက်ကာ မတ်တတ်ရပ်နေသော ရွှေတင်ကို ပြုံးကြည့်၍ မေး၏။ ရွှေတင်က ဘာမျှမဖြေဘဲ ခေါင်းငုံ့မြဲငုံ့ထားကာ ကြမ်းပြင်ကို ငေးစိုက်ကြည့်နေသည်။

"ရွှေတင် စောင့်နေတာ မဟုတ်လားဟင်"

ရွှေတင်ကား အာစေးထည့်ထား ခံရသလို ဘာမျှမပြောဘဲ ခေါင်းငုံ့ကာ လက်သည်းများကို ကိုက်ထားမိသည်။ ဘယ်လိုဖြေရမည်လည်း မသိပေ။

"ရွှေ၊ ရွှေရွှေ၊ ဟဲ့ ရွှေကလေး အစ်ကိုမေးတာ ဖြေစမ်းပါဦး"

ရွှေတင်က ဘာမျှမဖြေ၊ သူ့ကိုယ်မှာ မသိမသာ တဆတ်ဆတ်တုန်နေသည်။ တံခါးဖွင့်ပေးမိတာ မှားလေခြင်းဟု နောင်တရသလိုလို ဖြစ်လာမိသည်။ ဘယ်လိုလုပ်၍ တံခါးကို ဖွင့်ပေးလိုက်မိသည် မသိဘဲ ဖြစ်နေသဖြင့် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

"ရွှေကလေးရဲ့ မေးတာ ပြောစမ်းပါဦး၊ အစ်ကို့ကို စိတ်ဆိုးနေသလားဟင်"

ခင်မောင်ဝင်းက ရွှေတင်၏ မေးဖျားကို လက်ဖြင့် မ၍ မျက်နှာကို မော့လိုက်သည်။ ရွှေတင်၏ မျက်လုံးများမှာ မျက်ရည်တွေ ဝဲနေလေသည်။

"မဆိုးပါဘူး အစ်ကိုရယ်၊ မဆိုးရဲပါဘူး၊ ကြောက်လို့ပါ။ ပြန် . . . ပြန် . . . ပြန်ပါ အစ်ကိုရယ်၊ ရှိခိုးပါရဲ့"

"ရွှေ့စကားက မဟုတ်သေးပါဘူး၊ စိတ်မဆိုးရဲဘူးတဲ့၊ ကြောက်နေတယ်တဲ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ်အစ်ကို ကြောက်တယ်"

ရွှေတင်က မျက်ရည်တွေ ရစ်ဝဲနေသော မျက်လုံးအစုံဖြင့် အခန်းနံရံကို ငေးကြည့်နေသည်။ ခင်မောင်ဝင်းမှာ ရွှေတင့်စကားကို အားမလိုအားမရဖြစ်ကာ . . .

"ကဲ ဘာကြောက်တာလဲ ဆိုစမ်း"

"ဟင့်အင်း ရွှေရွှေမပြောတတ်ဘူး၊ ကြောက်တယ်၊ အားလုံးကို ကြောက်တယ်"

ရွှေတင်က ကလေးငယ်လို အားငယ်သံဖြင့် ပြောလိုက်ရင်း ခေါင်းကို ငုံ့ထားလိုက်လေသည်။ သူ့ရင်မှာ ပို၍ ခုန်လာသည်ဟု ထင်ရသည်။ လက်ဖျားများမှာ အေးစက်လာသည်ဟု ထင်လိုက်ရသည်။

"ဟ ဘာအားလုံးလဲ ရွှေကလေးရ"

"အို အားလုံးကိုပဲ၊ ကြီးကြီးတို့ကိုလဲ ကြောက်တယ်၊ အစ်ကို့ မေမေကိုလဲ ကြောက်တယ်၊ အစ်ကို့ကိုလဲ ကြောက်တယ်၊ အားလုံးကိုပဲအစ်ကို၊ အားလုံးပဲ ကဲ ပြန်ပါတော့ အစ်ကိုရယ်"

ခင်မောင်ဝင်းက ဘာမျှပြန်မပြောဘဲ ရွှေတင်၏ လက်မောင်းကို ဆွဲကာ ခုတင်ဘက်သို့ ခေါ်နေ၏။ ရွှေတင်သည် ခင်မောင်ဝင်းလက်ထဲမှ ဆတ်ခနဲ ရုန်းလိုက်ကာ နောက်သို့ ဆုတ်ပြီး တံခါးကို မှီ၍ရပ်နေသည်။ တံခါးလက်ကိုင်ကွင်းကို လက်ဖြင့် နောက်သို့ ပြန်ဆွဲ၍တွယ်ထားပြီး မျက်နှာကို ငုံ့ထားလိုက်သည်။

"ပြန်ပါတော့ အစ်ကိုရယ်"

"အို တွေ့ချင်လို့လာတာ ဘယ်ပြန်လို့ဖြစ်မလဲ ရွှေရဲ့"

"ဟင့်အင်း အစ်ကိုပြန်ပါ၊ ရွှေရွှေကြောက်တယ်၊ ရှိခိုးပါရဲ့၊ ကြာရင် ရွှေရွှေအော်ငိုလိုက်မိမယ်"

"ကဲ ဒါဖြင့် ပြန်မယ်၊ ဒါပေမဲ့ ချစ်ပါတယ်ဆိုတဲ့ ကတိကို ရွှေရွှေက ပေးရမယ်၊ အဲဒီကတိပေးရင် အစ်ကိုပြန်မယ်၊ မပေးရင် မပြန်ဘူး"

ခင်မောင်ဝင်းက ပြန်မည့်ဟန်ပြုကာ တံခါးပေါက်နားသို့ ကပ်လာပြီး မေးလိုက်၏။ ရွှေတင်က ဘာမျှပြန်မပြောဘဲ ခေါင်းကို ငုံ့မြဲသာငုံ့နေ၏။

"ကဲ ဘယ့်နှယ်လဲ၊ ပြောလေ။ အစ်ကိုကတော့ ရွှေတင့်ပါးစပ်က ချစ်ပါတယ်ဆိုတဲ့ စကားပြန် မရမချင်း မပြန်ဘူး ဒါပဲ"





ခင်မောင်ဝင်းက ရွှေတင်ကို ပြုံး၍ စိုက်ကြည့်နေ၏။ ရွှေတင်မှာ ခေါင်းကိုငုံ့ထားသဖြင့် ခင်မောင်ဝင်း၏အပြုံးကို မမြင်ရပေ။

"မပြောဘူးလား"

"ခက်တယ်အစ်ကိုရယ်၊ သိပ်စိတ်ညစ်တာပဲ"

"အို ဒါလေးပြောရတာ ဘာခက်စရာရှိသလဲ၊ ကဲပါ ပြောပါ၊ ပြောရင် ပြန်မယ်၊ မပြောရင် မပြန်ဘူး"

"ဟင့်အင်း အစ်ကို၊ ဒီစကားကို ရွှေရွှေ ဘယ်နည်းနဲ့မှ မပြောရဲဘူး၊ ဒါကို အစ်ကိုသိလောက်ပါပြီ အစ်ကိုရယ်"

"ဘာဖြစ်လို့ မပြောရဲရမှာလဲ၊ ပြောစမ်းပါဦး။ အစ်ကိုက ဂျူနံဆရာစံမို့လား၊ ဒါမှမဟုတ် ချစ်တီး ကုလားကြီးမို့လား။ အဓိပ္ပာယ် မရှိတာတွေ ရွှေကလေးရာ၊ ဘာဖြစ်လို့ မပြောရဲရမှာလဲ"

ခင်မောင်ဝင်းက ရွှေတင်၏ ပြည့်ဝိုင်း ထွေးအိသော ပခုံးနှစ်ဖက်ကို လှုပ်ရမ်း၍ နောက်သလိုလို အတည်လိုလိုဖြင့် မေးလိုက်သည်။

"သြော် အစ်ကိုတို့ အမျိုးက ဆာဖိုးဝင်းအမျိုးမဟုတ်လား၊ ဆာဖိုးဝင်းအမျိုးဆိုတာ အင်မတန်ကြီးပါတယ်၊ ရွှေရွှေတို့နဲ့စာရင် တောင်ထိပ်နဲ့ တောင်ခြေ လျှိုကြားလို ကွာခြားပါတယ်"

ခင်မောင်ဝင်းက ရွှေတင့်စကားကို သဘောကျကာ ခပ်အုပ်အုပ် ရယ်လိုက်ပြီး . . .

"အံမာလေးဟဲ့ ရွှေကလေးရယ်၊ စကားတတ်လိုက်တာ၊ ဒီမှာ ရွှေရေ ဆာဖိုးဝင်းအမျိုးဆိုတာကို အချစ်နယ်ထဲမှာ နေရာမပေးချင်စမ်းပါနဲ့ ရွှေရယ်၊ အကို့အဖေဟာ ကွယ်လွန်သူဖြစ်လို့ ထိခိုက်စေမယ့် စကားဆိုရင် မပြောချင်ပါဘူး၊ ဒါပေမဲ့ ဖေဖေ ဆာဘွဲ့ရတာဟာ သွေးနဲ့မဆိုင်ပါဘူး။ ငွေနဲ့ဆိုင်တယ်၊ ကမ္ဘာစစ်ကြီးဖြစ်တုန်းက စစ်စရိတ်ရန်ပုံငွေတွေ ထည့်တယ်၊ ဒါကြောင့် အင်္ဂလိပ်ဘုရင်ခံက သဘောကျပြီး ဆာဘွဲ့ပေးတာပါ၊ သွေးနဲ့ မဆိုင်ပါဘူး၊ ငွေနဲ့ဆိုင်ပါတယ်"

"အစ်ကိုရယ် ငွေနဲ့ဆိုင်တဲ့အတွက်ကြောင့်ကိုပဲ ပိုပြီးကြောက်ရပါတယ်။ အစ်ကိုတို့က ပစ္စည်းဥစ္စာ ကျိကျိတက်ချမ်းသာတယ်၊ ရွှေရွှေကတော့ ခွေးဝင်စားမကလေးပါအစ်ကိုရယ်"

ရွှေတင်မှာ ပြောရင်းဆိုရင်းက ကိုယ့်ဘဝကို တွေးမိလာကာ ငိုသံပါ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မျက်လုံးအိမ်တွင် ရစ်ဝဲနေသော မျက်ရည်ပေါက်များသည် အိထွေးသော ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။ တကယ်တော့ ရွှေတင့်ဘဝသည် ခွေးဝင်စားဘဝနှင့် ဘာမျှမခြားပေ။ သူ့ အားကိုးသော အဖေ၊ သူ ချစ်သော အမေတို့လည်း သည်လောကတွင် မရှိတော့ပြီ။

"အို ဘယ့်နှယ် ပြောရတာလဲ ရွှေရွှေ၊ ရွှေရွှေ့ကို ဒေါ်ဒေါ်ဆင့်က မွေးစားထားတာပဲ၊ မွေးစားသမီးပေါ့။ ခွေးဝင်စားမကလေးလို့ ရွှေရွှေမို့လို့ တွေးရက်ပလေတယ် ရွှေရွှေရယ်၊ ကဲ တိတ်ပါ ငိုမနေပါနဲ့"

"မွေးစားတယ် ဆိုပေမဲ့ စကားအဖြစ် သက်သက်ပါ အစ်ကို၊ တရားဝင် မွေးစားသမီး မဟုတ်ပါဘူး။ ရွှေရွှေ သိပါတယ်၊ ဒါကြောင့် ခွေးဝင်စားမလေးလို့ ပြောတာပါ"

"တရားဝင်တာ မဝင်တာတွေကို အစ်ကိုတို့ ကိစ္စထဲ ထည့်တွက်မနေနဲ့၊ အစ်ကိုဟာ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပစ္စည်းဂုဏ်တွေကို ထောက်ထားငဲ့ညှာနေရမယ့် လူမျိုးမဟုတ်ဘူး၊ ကိုယ့်ပညာနဲ့ကိုယ်လဲ လူလုပ်နိုင်တာပဲ မဟုတ်ဘူးလား"

ခင်မောင်ဝင်းက ရွှေတင်ကို ငေးစိုက်ကြည့်နေ၏။ မျက်နှာသည် မီးရောင်ဖျော့ဖျော့ထဲတွင် ဝင်းပနေပေသည်။

"ဟုတ်တော့ ဟုတ်တာပေါ့ အစ်ကိုရယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ရွှေတင်က စကားကို မဆက်ဘဲ ရပ်ထားလိုက်သဖြင့် ခင်မောင်ဝင်းက ကြားဖြတ်၍ မေးလိုက်သည်။

"ဒါပေမဲ့ အစ်ကိုက ပညာတတ် ဘီလပ်ပြန်၊ ရွှေရွှေက ခုနစ်တန်းတောင် မအောင်ဘူး။ ပညာအရာမှာလဲ ဆင်ပြောင်ကြီးနဲ့ ကြွက်စုတ်လိုမို့ အစ်ကို့ကို မချစ်ရဲဘူး။ တကယ်မချစ်ရဲဘူး"

"လာပြန်ပြီလား၊ မချစ်ရဲဘူးဆိုတဲ့စကား၊ မချစ်ရဲဘူး မချစ်ရဲဘူးနဲ့ ရွှေရွှေမို့လို့ ပြောတတ်လေတယ်။ ကဲကွယ် ရဲဆိုတဲ့ စကားကို ချန်ထားပြီး ချစ်သလား၊ မချစ်ဘူးလား ပြော။ ချစ်ရဲသလား မချစ်ရဲဘူးလား မေးနေတာ မဟုတ်ဘူးနော်၊ ရှင်းရှင်းကလေးပဲ။ မရွှေတင် ခင်မောင်ဝင်းကို ချစ်သလား မချစ်ဘူးလား"

ခြံဘေးမှ ခွေးဟောင်သံ ပေါ်လာသည်။ တစ်ကောင်ဟောင်သဖြင့်





အခြားခွေးများကလည်း လိုက်ဟောင်ကြသောကြောင့် ခွေးဟောင်သံများမှာ ဆူညံသွားလေသည်။

"ဟဲ့ခွေး"

ချောင်းဟန့်သံနှင့်အတူ ဒေါ်မြဆင့်၏ ခွေးခြောက်သံ ပေါ်လာသဖြင့် နှစ်ယောက်စလုံး မျက်လုံးဝိုင်းသွားကြကာ အသက်ပင် ပြင်းပြင်း မရှူဝံ့ဘဲ တိတ်ဆိတ်နေကြသည်။ အတန်ကြာမှ ခွေးဟောင်သံများ စဲသွားကာ ခါတိုင်းလိုပင် တိတ်ဆိတ်သွား၏။

ခင်မောင်ဝင်းသည် ရွှေတင့်ကို မချင့်မရဲကြီး ကြည့်နေမိလေသည်။ အပေါ်ဖုံးအင်္ကျီ လည်ပင်းအောက် ကြယ်သီးများ မတပ်ဘဲထားသဖြင့် ဝါဝင်းပြည့်ဖြိုးသော ရင်ညွှန့်ကို မြင်နေရသည်။ ရွှေတင်က မော်ကြည့်လိုက်သဖြင့် အကြည့်ချင်း ဆုံသွားကြသည်။ ရွှေတင်၏ မျက်နှာမှာ စောစောကလို ညှိုးပနေတော့ဘဲ ကြည်လင်ဝင်းပနေသဖြင့် ခင်မောင်ဝင်းမှာ အားတက်လာပြန်သည်။

"ကဲ ပြန်ပါတော့အစ်ကိုရယ်၊ ရွှေတင်ရှိခိုးပါ့မယ်"

"ဟင့်အင်း၊ ချစ်သလား မချစ်ဘူးလား စကားပြန်မှ အစ်ကိုပြန်မယ်။ နို့မဟုတ်ရင် ဒီမှာပဲ အိပ်စောင့်မယ်"

ရွှေတင်သည် ခင်မောင်ဝင်း စကားကြောင့် လန့်သွားသည်။ ခင်မောင်ဝင်းမျက်နှာမှာ သူပြောသည့်အတိုင်း လုပ်မည့်ပုံ ပေါ်နေလေသည်။

"ချစ် ချစ်တော့ချစ်တယ်၊ ဒါပေမဲ့ ကြောက်တယ်"

"လာပြန်ပလား ကြောက်တယ်ဆိုတဲ့စကား"

ခင်မောင်ဝင်းသည် ရွှေတင့်လက်မောင်းကို ဆတ်ခနဲ လှမ်းဆွဲလိုက်သဖြင့် ရွှေတင်သည် သူ့ဘက်သို့ ယိုင်ပါလာကာ သူ့ရင်ခွင်ထဲတွင် ပွေ့မိရက်သားဖြစ်နေသည်။ ခင်မောင်ဝင်းက ရင်ခွင်ထဲသို့ ယိုင်၍ပါလာသော ရွှေတင့်ပါးပြင်ကို တစ်ချက်မျှ မွှေးကာ လွှတ်လိုက်သည်။ ရွှေတင်သည် ရုတ်တရက်မို့ ရှက်သွေးဖြာကာ အသာရုန်းထွက်လိုက်သည်။ ခင်မောင်ဝင်းက တံခါးကို ဖွင့်လိုက်ရင်း . . .

"ဒါပဲနော် မှတ်ထား။ အစ်ကိုဟာ ရွှေရွှေရဲ့ အချို့စကားတွေကိုသာ ကြားတယ်၊ အချို့စကားတွေကို မကြားဘူး။ ချစ်တယ်ဆိုတာကိုသာ ကြားတယ်၊ ပြီးတော့ ဒါပေမဲ့ ကြောက်တယ်ဆိုတဲ့ စကားကို မကြားဘူး မှတ်ထား။ ကဲ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းက ခြေဖျားထောက်၍ တံခါးကို ဖွင့်ထွက်ကာ တံခါးကို ပြန်စေ့လိုက်သည်။ ရွှေတင်သည် တံခါးကို မင်းတုံးထိုးကာ ကျောပေး၍ ရပ်မိသည်။ ခင်မောင်ဝင်း နမ်းသွားသော ပါးကို ပွတ်စမ်းပြီး ကိုယ်ကလေး တုန်သွားကာ ပခုံးကို တွန့်လိုက်ရင်း ပြုံးလိုက်မိသည်။ ပြီးတော့ မီးအိမ်မှ မီးစာကို လျှော့ချလိုက်ကာ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်လေသည်။

## (၁၅)

မောင်မောင်သန်းသည် မော်တော်ဆိုင်ကယ် လီဘာကိုနင်းလိုက်ကာ ဆူးလေဘုရားလမ်းဘက်မှ ပုလိပ်ရုံးကြီးဘက်သို့ ကွေ့ဝင်လိုက်သည်။ ကာကီ ဖော့ဦးထုပ်၊ ရှပ်အင်္ကျီအဖြူနှင့် ဘောင်းဘီရှည်ကို ဝတ်ထားပြီး နေရောင်ကာ မျက်မှန်ကို တပ်ထား၏။ သူ့ဘေးတွင် ကင်မရာတစ်လုံးကို သားရေကြိုးဖြင့်သိုင်း၍ လွယ်ထားလေသည်။

နေ့လယ် ရုံးဆင်းချိန်မို့ ရုံးထဲမှလူတွေမှာ ပုရွက်ပျံအုံကို တုတ်နှင့် ဆွလိုက်သလို အပြင်ဘက်သို့ အန်ထွက်လာကြသည်။ မောင်မောင်သန်းသည် လူတွေကြားထဲမှ မော်တော်ဆိုင်ကယ်ကို ကွေ့ရှောင်စီးကာ ပုလိပ်ရုံးကြီး အဝင်ဝပေါက် ပေါ်တီကိုအောက်တွင် စက်ကိုမှုဦး၍ ရပ်လိုက်ပြီး မျက်မှန်ကို လက်ထဲမှချွတ်လိုက်ကာ လှေကားများကို အပြေးတက်လာခဲ့သည်။

မောင်မောင်သန်းမှာ မြန်မာ့အလင်းသတင်းစာ သတင်းထောက်ချုပ်ဖြစ်၏။ ရန်ကုန်စိန်ပေါလ်မှ ဆယ်တန်းအောင်ပြီးနောက် ဟိုက်ကုတ်တွင် ရှေ့ဖတ်စာရေးလုပ်ခဲ့ဖူး၏။ နောက်မှ မြန်မာ့အလင်းမှ ဘကြီးစိန်နှင့် အဆက်အသွယ်ရကာ ရှေ့ဖတ်စာရေးမှ ထွက်ပြီး မြန်မာ့အလင်းတွင် သတင်းထောက်ဝင်လုပ်လေသည်။ အစ ပထမတွင် ရာဇဝတ်မှုခင်း သတင်းများကိုချည်းလိုက်ရ၏။ ရန်ကုန်မြို့ပေါ်ရှိ ပုလိပ်ဌာနများနှင့် ပုလိပ်ရုံးကြီးကို နေ့စဉ်ရောက်ရသည်။ ရာဇဝတ်မှုခင်း သတင်းထောက်အဖြစ် ၂ နှစ်လောက် လိုက်ပြီးမှ နိုင်ငံရေးသတင်းထောက်အဖြစ်သို့



www.burmeseclassic.com

www.burmeseclassic.com



စမ်း၍ခန့်လိုက်သည်။ ယခုကား သတင်းထောက်ချုပ် ဖြစ်နေပြီ။ စိတ်ဝင်စားစရာကောင်းသည့် သတင်းမှန်လျှင် သူကိုယ်တိုင် လိုက်နေရသည်။

မောင်မောင်သန်းမှာ သတင်းအရေးကောင်းသူဖြစ်သည်။ ဝါကျအထားအသို၊ စာလုံးအဖြတ်အတောက်ကစ၍ သေချာသည်။ သတင်းလိုက်ရာတွင်လည်း ဧစုစပ်လျင်မြန်သူဖြစ်သည်။ ထို့ကြောင့် မျက်နှာဖုံးသတင်း၊ အလယ်ဖောင်ခွ ခေါင်းသတင်းစသည်တို့ လွယ်လွယ်နှင့်မရလျှင် မောင်မောင်သန်းကိုယ်တိုင် လိုက်ရသည်။ ရာဇဝတ်မှု၊ နိုင်ငံရေး စသဖြင့် ခွဲမနေနိုင်တော့ပေ။

ပုလိပ်ရုံး ကော်ရစ်ဒါဘက်သို့ လျှောက်လာသောအခါတွင် လူတွေ ကျိတ်ကျိတ်တိုးနေသည်။ အင်္ကျီအနက်ဝတ်ထားသော ဝတ်လုံများ၊ မြန်မာပြည်ပုလိပ်ဟု အင်္ဂလိပ်လိုရေးထားသော စာတန်းကို ပခုံးထောင့်တွင် ချိတ်သော ပုလိပ်များ၊ ခါကီရောင် ဇစ်တိုးရှီးယားစကိုဝတ်ကာ ဆင်ဘရောင်းတပ်ဆင်ထားပြီး ခါကီဖျော့ဦးထုပ်ကိုဆောင်းထားသည့် အမှုလိုက် ရာဇဝတ်အုပ်များ၊ အမှုသည် မိန်းမ ယောကျ်ားများနှင့် ဥပဒေ စာအုပ်ခြင်းများကို ထမ်းလာကြသော ရှေ့နေရုံးခန်းများမှ ပျာတာများကို တွေ့ရသည်။ မောင်မောင်သန်းသည် လူအုပ်ကြားထဲမှ တိုးဝှေ့ကာ စက်ရှင်တရားသူကြီး ရုံးခန်းရှေ့တွင်ရပ်လိုက်ပြီး စပရင်တံခါးကို တွန်းဖွင့်၍ အထဲသို့ချောင်းကြည့်လိုက်၏။

တရားခွင်မှာ ဟာလာဟင်းလင်း ဖြစ်နေ၏။ တရားခွင် အထက်မျက်နှာကျက်က ပန်ကာလည်း ရပ်နေ၏။ အထဲတွင် ဝတ်လုံတွေ၊ အမှုသည်တွေ၊ ပုလိပ်တွေ မရှိတော့ပေ။ ခဏကြာတော့မှ တရားခွင်နောက် တရားသူကြီး၏ ချိန်းဘားထဲမှ ရှေ့ဖတ် စာရေးကြီးထွက်လာလေသည်။

"ဟဲလို စာရေးကြီး၊ ရုံးဆင်းသွားပလား"

မောင်မောင်သန်းက ရှေ့ဖတ်စာရေးကို လှမ်းနှုတ်ဆက်ရင်း အထဲသို့ ဝင်လိုက်သည်။ မောင်မောင်သန်းမှာ မှုခင်းသတင်းထောက် ဘဝကတည်းက ပုလိပ်ရုံးကြီးတစ်ဝိုက်တွင် ကျက်စားခဲ့သူ ဖြစ်လေရာ ပုလိပ်ရုံးတစ်ဝိုက်မှ ရှေ့ဖတ်စာရေးကြီးများနှင့် တော်တော်ရင်းနှီးနေပေ၏။

"တစ်ဖင်လေ၊ ခဏနားတယ်"

"ဟား လုပ်စမ်းပါဦးဗျ၊ သတင်းလေး ဘာလေး ပေးစမ်းပါဦး၊ ဘာထူးသလဲ"





"ခင်ဗျားတို့ အရေးရှိရင်တော့လာပြီး ကျုပ်တို့လက်ဖက်ရည်ဖိုးလေး ဆေးလိပ်ဖိုးကလေး ယူမိရင် သတင်းစာထဲက ထည့်တွယ်တယ်၊ တော်တော်ကြောက်ဖို့ကောင်းတဲ့ လူတွေ"

"လုပ်ပါဗျာ၊ ကျရေးဂျီးကလဲ ဟဲဟဲ"

"သွား သွား ဟိုဘက်မှာ အစိုးရရှေ့နေကြီးရှိတယ်၊ စီပီအိုလဲ ရှိတယ်"

ရှေ့ဖတ်စာရေးက ရယ်မောကာ မောင်မောင်သန်းကို အခန်းငယ်ကလေးတစ်ခန်းကို ညွှန်ပြလိုက်သည်။ သည်အတွင်း အစိုးရရှေ့နေကြီး အခန်းထဲမှ ထွက်လာလေသည်။

"ဝတ်လုံတော်ရမင်း၊ ဘယ်မှာလဲ အမှုသတင်းလေး ဘာလေးနည်းနည်းသိပါရစေဦး"

ဝတ်လုံတော်ရမင်းက နောက်ကျော အခန်းဘက်သို့ လက်ညှိုးထိုးပြကာ . . .

"စီပီအိုမေး၊ စီပီအိုရှိတယ်"

"လုပ်ပါ ဝတ်လုံတော်ရမင်းရဲ့၊ အတိုချုပ်ပေါ့"

"အမှုမပြီးသေးဘူးဗျ၊ တစ်ဖင်ပြီးရင် ဆက်စစ်ဦးမယ်၊ အဲဒီတော့ နားထောင်ပေါ့"

ဝတ်လုံတော်ရက ပြုံးရယ်၍ ပြောကာ အပြင်သို့ ထွက်သွားလေသည်။ မောင်မောင်သန်းက ခေါင်းကုတ်၍ ကျန်ရစ်ခဲ့သည်။ ဝတ်လုံတော်ရမင်းက အမှုကို ထိုင်နားထောင်ပြီး မှတ်ယူပါဟု ဆို၏။ သည်လိုဆိုလျှင် မှတ်တမ်းမျှသာ ဖြစ်၏။ သတင်းထောက်သည် မှတ်တမ်းရေးသူ မဟုတ်ပေ။ အမြဲတမ်းလှုပ်ရှား ပြေးလွှားနေသူသာ ဖြစ်၏။ သည်လို လှုပ်ရှားပြေးလွှားရင်း ရတာမှ သတင်းဖြစ်၏။ ဝတ်လုံတော်ရကြီးသည် သတင်းနှင့် မှတ်တမ်းကို ခွဲခြားသိဟန်မတူပေ။

"ဟေး ဖိုးခင်မောင်ဝင်း"

တရားခွင် နောက်ကျောဘက် ဂျူရီခန်းထဲမှ ထွက်လာသော ခင်မောင်ဝင်းကို မြင်လိုက်သဖြင့် မောင်မောင်သန်းက လှမ်းခေါ်လိုက်သည်။ ခင်မောင်ဝင်းမှာ သူ့မြင်ဟန်မတူဘဲ ခေါင်းငိုက်စိုက်ချကာ လျှောက်လာလေသည်။ သူ့မျက်နှာတွင် ချွေးသီးတွေစို့ကာ စိတ်ရှုပ်ဟန်ပေါ်နေ၏။

"ဟေး ခင်မောင်ဝင်း၊ ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သန်းက နောက်က ခပ်သုတ်သုတ် လိုက်သွားရင်း ခေါ်လိုက်သည်။ သည်တော့မှ ခင်မောင်ဝင်းသည် နောက်သို့လှည့်ကြည့်လိုက်သည်။ မောင်မောင်သန်းကို မြင်လိုက်သဖြင့် အံ့အားသင့်နေသည်။

"ဟေး မောင်မောင်သန်းပါလား။ ငါ ဒီရုံးမှာလာပြီး လူသတ်မှုတစ်ခုမှာ ဂျူရီထိုင်နေရတယ်"

မောင်မောင်သန်းနှင့် ခင်မောင်ဝင်းမှာ စိန်ပေါလ်ကျောင်းတွင် သူငယ်တန်းမှစ၍ ဆယ်တန်းအထိ တစ်တန်းတည်း နေလာခဲ့သူများဖြစ်၍ ပြောမနာဆိုမနာ ရင်းနှီးသူများဖြစ်သည်။ ခင်မောင်ဝင်း ကောလိပ်သို့ ဆက်သွားသောအခါတွင် မောင်မောင်သန်းမှာ ငွေရေးကြေးရေးကျပ်တည်း၍ ဟိုက်ကုတ်တွင် ရှေ့ဖတ်စာရင်းဝင်လုပ်ခဲ့ရ၏။ ခင်မောင်ဝင်း ဘိလပ်သို့ သွားသောအခါ မောင်မောင်သန်းမှာ သတင်းထောက်ဘဝသို့ ရောက်နေပြီဖြစ်၏။

"ဟာ ဝမ်းသာလိုက်တာဗျာ၊ အတော်ပဲ ကိုယ့်မှာ ဘာသတင်းမှ မရသေးလို့။ အင်း စိတ်ဝင်စားစရာ သတင်းတစ်ပုဒ်တော့ ရေးနိုင်ဦးတော့မှာပဲ၊ ကွယ်လွန်သူ ဆာဖိုးဝင်း၏သား အလုပ်လက်မဲ့ ဘိလပ်ပြန် ဦးခင်မောင်ဝင်း ဂျူရီလူကြီးအဖြစ် ဆောင်ရွက်ရသော လူသတ်မှုကြီး"

"တော်စမ်းပါကွာ၊ ဖေဖေ့နာမည်တွေ၊ ကိုယ့်နာမည်တွေ ထည့်မနေစမ်းပါနဲ့၊ ကဲ ကိုယ်လဲ သွားစရာရှိသေးတယ်"

ခင်မောင်ဝင်းက ရုံးခန်းထဲမှ ထွက်သွားသော စီပီဖိုတို့လူသိုက်နှင့် အတူ ရောလိုက်သွားမည်အပြုတွင် မောင်မောင်သန်းက လှမ်းဆွဲလိုက်ပြန်ကာ . . .

"ဟ သူငယ်ချင်းရေ နေစမ်းပါဦးကွ၊ ဟိုလူသတ်မှုလား။ ဘာလဲကွာ၊ အလင်းဟော်တယ်မှာဖြစ်တဲ့ လူသတ်မှုလား။ တရားခံမက အေစီကလေးလေ"

"ဘာလဲကွ အေစီ"

"ဘိလပ်ပြန်မသိတဲ့ စကား ဖြစ်နေပြီလား၊ အေစီဆိုတာ အချောင်ပေါ့ကွ"

မောင်မောင်သန်းက သူ့စကားကို ဘာသာပြန်၍ ပြနေ၏။ ခင်မောင်ဝင်းမှာ မျက်နှာပျက်နေလေသည်။

"နေစမ်းပါ မောင်မောင်သန်းရာ၊ ငါသွားစရာရှိနေတယ်"





"အေးပါကွာ၊ ခဏလေးပါ နေစမ်းပါဦး၊ အေစီမကလေး နာမည်က ဘယ်သူတဲ့လဲ၊ ဘာကြောင့် သတ်တာတဲ့လဲ၊ သူက ဘယ်လိုလုပ်ပြီး အေစီဖြစ်လာတာလဲ"

ခင်မောင်ဝင်းမှာ အလိုက်ကန်းဆိုး မသိတတ်သော မောင်မောင်သန်းကြောင့် စိတ်ဆိုးလာကာ မျက်နှာတွေနီမြန်းလာ၏။

"ကဲ ရုံးခန်းထဲမှာ တရားခံမ ရှိတယ်၊ မင်းဘာသာမင်း ဝင်မေးချည်၊ ကိုယ့် မေးမနေနဲ့။ သွားမယ် ဖယ်"

ခင်မောင်ဝင်းက မောင်မောင်သန်းနှင့် တွဲထားသောလက်ကို ဖြုတ်ကာ ထွက်သွားမည်ဟု ပြင်လိုက်သည်။ သည်အတွင်း တွန်းတံခါးပွင့်လာကာ တရားခံမ ကျင်ရွှေထွက်လာလေသည်။ ကျင်ရွှေကား ဂက်ခြံထဲတုန်းက မျက်နှာလေးအတိုင်း လောကကြီးကို မထီမဲ့မြင်ပြုသည့်ဟန်ကို ဆောင်ထားလေသည်။ ကြက်သွေးရောင် ပိန်းနေသော သူ့နှုတ်ခမ်းအစုံတွင် စီးကရက်ကို ဟန်ပါပါ ခဲထားလေသည်။ သူ့နောက်က မိန်းမပုလိပ်နှစ်ယောက်၊ ခပ်လှမ်းလှမ်းမှ ယောကျ်ားပုလိပ်များနှင့် နောက်ဆုံးတွင် မယောင်မလည်လိုက်ပါလာသော ညိုလေးကို မြင်ရလေသည်။

ခင်မောင်ဝင်းသည် တရားခံမ ကျင်ရွှေနှင့်ပက်ပင်း တွေ့နေသဖြင့် ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ ဟုတ်ပါတယ် ရွှေတင်အစစ်ပါပဲ။ ရွှေကလေးရေ မင်းဘယ်လိုပဲ ဟန်ဆောင်ပေမဲ့ မင်းမျက်လုံးတွေက ဖုံးဖိလို့ မရပါဘူး။ ခင်မောင်ဝင်းသည် တရားခံမ ကျင်ရွှေကို နှုတ်ဆက်ရမလား၊ မသိလိုက်မသိဘာသာ နေလိုက်ရမလား၊ မျက်နှာလွှဲနေလိုက်ရမလားဟု ဝေခွဲ၍ မရဘဲဖြစ်နေသည်။ နှုတ်ဆက်လိုက်လျှင်လည်း သူ့လို ဂုဏ်သရေရှိ ဂျူရီလူကြီးတစ်ယောက်က ပြည့်တန်ဆာ လူသတ်သမားတရားခံမ ကျင်ရွှေအား အလေးဂရုပြု၍ နှုတ်ဆက်ပုံသည် ပုလိပ်ရုံးကြီးတစ်ဝိုက်တွင် သတင်းတစ်ပုဒ်ဖြစ်နေပေလိမ့်မည်။ နှုတ်မဆက်လျှင်လည်း စိမ်းကားရက်စက်လွန်းရာကျလိမ့်မည်လားဟု တွေးနေမိသည်။

ကျင်ရွှေကမူ သူ့ကို ဖျတ်ခနဲ တစ်ချက်မျှလှမ်းကြည့်လိုက်ပြီး ဂရုမစိုက်ဘဲ ထွက်သွားလေသည်။ မောင်မောင်သန်းသည် ပြေပြစ်နွဲ့နှောင်းသော ကျင်ရွှေ၏ကိုယ်လုံးကို နောက်မှလှမ်းကြည့်ရင်း . . .

"ဒါ တရားခံလား။ တောက် တော်တော်နိပ်တဲ့ အေစီပဲဆရာ။ မျက်



www.burmeseclassic.com

www.burmeseclassic.com



နာရော၊ ဖောင်ရော ဘာမှ ပြောစရာမရှိဘူး။ ဘယ်လိုလုပ်ပြီး အေစီဖြစ်လာပါလိမ့်"

"သွားကွာ မင်းဘာသာမင်း လိုက်မေးချည်။ ငါ့လာမေးနေလို့ ဘယ်သိမလဲ"

ခင်မောင်ဝင်းက မောင်မောင်သန်းကို တွန်းဖယ်ကာ ထွက်လာခဲ့သဖြင့် မောင်မောင်သန်းမှာ အံ့အားသင့်၍ ကျန်ခဲ့လေသည်။ ပြီးမှ ကျင်ရွှေနောက်သို့ ပြေးလိုက်ကာ ကျော်တက်ပြီး ရှေ့မှနေ၍ ဓာတ်ပုံဆီးရိုက်လိုက်သည်။ ကျင်ရွှေကား ခပ်ပြုံးပြုံးသာတည်း။

ခင်မောင်ဝင်းသည် ပုလိပ်ရုံးကြီးမှဆင်းလာကာ ဘားလမ်းထဲသို့ လျှောက်လာခဲ့သည်။ ဘားလမ်းတစ်ဖက်တစ်ချက်မှ အဆောက်အအုံများကား ရှေ့နေ ဆိုင်းဘုတ်များဖြင့် ပြည့်ကျပ်နေလေ၏။ အဆောက်အအုံများသာ မခိုင်လျှင် သည်ဆိုင်းဘုတ်များ အလေးဒဏ်ဖြင့်ပင် လဲပြိုကျလေမည်လား မပြောတတ်ပေ။

**ဦးဇော်ထွန်း ဘီ - အေ - (ဂုဏ်ထူး) - ဘီအယ်၊**
**လွှတ်တော်ရှေ့နေကြီး။**

ဆိုင်းဘုတ်တွေကြားထဲမှ တရားခံ မကျင်ရွှေ၏ ရှေ့နေကြီးဦးဇော်ထွန်း၏ ဆိုင်းဘုတ်ကို တွေ့လိုက်ရသဖြင့် ဓာတ်လှေကားဖြင့် သုံးထပ်သို့ တက်လာခဲ့၏။ ဦးဇော်ထွန်းအခန်းမှာ ကုန်သည်လမ်းဘက်ကို မျက်နှာမူထားလေရာ ဗန္ဓုလပန်းခြံ၊ ဆူးလေစေတီတော်၊ မြို့တော်ခန်းမနှင့် ဟိုက်ကုတ်နာရီစင်ကြီးကို မြင်ရ၏။ အခန်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်ပြီး နံရံနှင့်ကပ်လျက် ကြိမ်လက်တင် ကုလားထိုင်ငါးလုံးလောက် စီတန်းချထားပြီး မျက်နှာချင်းဆိုင် နံရံတွင် ဦးဇော်ထွန်း၏ စားပွဲ၊ အမှုသည်ထိုင်သည့် ကုလားထိုင်သုံးလေးလုံးခန့်၊ စာအုပ်စင်၊ စာအုပ်ဗီရိုများဖြင့် ပြည့်နှက်နေ၏။ စားပွဲတင်ပန်ကာမှာ တဝီဝီမြည်ကာ လည်နေသည်။ နံရံရှိ ချိတ်တွင် ဝတ်လုံအင်္ကျီနက်၊ အပေါ်အင်္ကျီနက်တို့ကို ချိတ်ထားပြီး ခေါင်းပေါင်းကို စာအုပ်စင်ပေါ်တွင် တင်ထား၏။

"ဩော် . . . ဦးခင်မောင်ဝင်း၊ ဝင်ပါ ဝင်ပါ"

ဦးဇော်ထွန်းက လည်ပင်းမှ ကော်လာကို ဖြုတ်ရင်း အထဲသို့ ဝင်လာသော ခင်မောင်ဝင်းကို လှမ်း၍ နှုတ်ဆက်လိုက်၏။ သူ့ငယ်လေး





တစ်ယောက်က ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ်ပန်းကန်ကို ဦးဇော်ထွန်းရှေ့သို့ လာချပြီး ထွက်သွားသည်။

"ထိုင်ပါ ထိုင်ပါ"

ခင်မောင်ဝင်းက ဦးဇော်ထွန်းနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဦးဇော်ထွန်းက ခေါင်းလောင်းကို တီးလိုက်သဖြင့် စောစောက သူ့ငယ်လေး ဝင်လာကာ စားပွဲနားတွင် ခပ်ရို့ရို့ရပ်နေသည်။

"ကော်ဖီတစ်ခွက်နဲ့ မုန့်ယူခဲ့ပါဦးဟေ့။ ဆိုပါဦး ဦးခင်မောင်ဝင်း၊ ဘာကိစ္စပါလဲ။ ကျွန်တော်တတ်နိုင်တာများရှိရင်"

ဦးဇော်ထွန်းက ဝတ်လုံကော်လာဖြူကို အံဆွဲထဲသို့ ထည့်လိုက်ရင်း မေးလိုက်၏။ ခင်မောင်ဝင်းကား ရုတ်တရက် ပြန်မဖြေသေးဘဲ အပြင်ဘက်သို့ ငေးကြည့်နေ၏။ မြို့တော် ခန်းမပေါ်တွင် တိမ်ဖြူလိပ် တစ်လိပ်သည် တအိအိလွင့်နေ၏။ သူ့စိတ်ထဲတွင် ပြောသင့် မပြောသင့် ချိန်ဆနေဟန် ရှိလေသည်။ သို့ရာတွင် လာခဲ့တုန်းက သည်ကိစ္စကို ပြောရန် ဆုံးဖြတ်ချက်နှင့် လာခဲ့သည်မဟုတ်လား။

"ဟုတ်ကဲ့၊ ကိစ္စကတော့ ဒီနေ့အမှုနဲ့ပတ်သက်ပါတယ်။ ကျွန်တော်ဂျူရီလူကြီးအဖြစ်နဲ့ ပါဝင်နေရတော့ ပြောရတာ သိပ်တော့ မကောင်းလှဘူး"

ခင်မောင်ဝင်းက စကားပလ္လင်ခံကာ ရပ်ထားသည်။ ရှေ့ဆက်၍ ဘယ်လိုပြောရမည်ကို စဉ်းစားမရအောင် ဖြစ်နေသည်။

"ပြောစရာရှိ ပြောပါ ဦးခင်မောင်ဝင်း၊ ကျွန်တော့်ကြောင့်တော့ ဘယ်လိုမှ စနိုးစနောင့် မဖြစ်ပါနဲ့"

"ခပ်တိုတို ပြောရမယ်ဆိုရင်တော့ ကျွန်တော် စိတ်ဝင်စားတဲ့ ကိစ္စတစ်ခုပါပဲ။ ဒီတော့ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် ဦးဇော်ထွန်းကို တိုင်ပင်ချင်တာ ရှိပါတယ်။ ကျွန်တော်က အမှုသည်ဆိုပါတော့လေ"

"ဟာ ပြောပါ၊ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်။ အမှုသည်နဲ့ ရှေ့နေရဲ့ကြားမှာ Priviliged Communication (အခွင့်ထူးရှိသော ဆက်ဆံရေး) ရှိတယ်ဆိုတာ ဦးခင်မောင်ဝင်းလဲ သိပြီးသားပဲ"

"ဒီနေ့စစ်တဲ့ လူသတ်မှုက တရားခံရဲ့ လွှတ်မြောက်ရေးကို ကျွန်တော် အင်မတန် စိတ်ဝင်စားမိနေပါတယ်"

ခင်မောင်ဝင်းက အင်္ဂလိပ်လို လှမ်းပြောလိုက်၏။ ဦးဇော်ထွန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂျူရီလူကြီးတစ်ယောက်က သူကိုယ်တိုင်ကြားနာသော တရားခံမတစ်ဦး၏ လွတ်မြောက်ရေးကို စိတ်ဝင်စားနေသဖြင့် အံ့အားသင့်သွား၏။ ထိုစကားမျိုးကို ဂျူရီလူကြီးတစ်ယောက်ထံမှ ကြားရလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့ဖူးပေ။ သို့ရာတွင် ဦးဇော်ထွန်းသည် ချက်ချင်း ကြွေ့ဆည်လိုက်ကာ

"ဟုတ်ကဲ့၊ ကျွန်တော်လဲ အထူးကြိုးစားနေပါတယ်"

"အစိုးရငွေပေးတဲ့ ရှေ့နေဆိုတော့ ဝတ်ကျေတန်းကုန် လိုက်မှာစိုးမိလို့ပါ။ စိတ်လဲ မရှိပါနဲ့နော်၊ တရားခံမဘက်က အထူးကြိုးစားလိုက်တဲ့အတွက် ကျွန်တော်ကလဲ ရှေ့နေခ သတ်သတ်ပေးပါ့မယ်"

"ဟင့်အင်း ဒီလို မဟုတ်ပါဘူး၊ ကျွန်တော်ဘို့က အစိုးရကငွေပေမဲ့ ဘယ်တော့မှ ဝတ္တရားကျေ မလုပ်တတ်ပါဘူး။ ကိုယ့်ဆီရောက်လာတဲ့ အမှုဆိုရင် တတ်နိုင်သမျှ ကြိုးစားလိုက်တာပါပဲ။ အထူးသဖြင့် ခုလို လူသတ်မှု တရားခံမျိုးဆိုရင် ကြိုးစားပြီး ခုခံကာကွယ်ပေးပါတယ်။ ရှေ့နေခ သတ်သတ်ပေးတာ မပေးတာ အပထားပြီး ဦးခင်မောင်ဝင်းလို ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်က စိတ်ပါဝင်စားတဲ့ အမှုမျိုးဖြစ်လာတဲ့အတွက် ပိုပြီးကြိုးစားပါ့မယ်၊ စိတ်ချပါ"

သူငယ်တစ်ယောက် ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်ကို လာချ၍ ပြန်ထွက်သွားသည်။

"ပြီးတော့လဲ မိန်းကလေးက ပျက်စီးနေတဲ့သူဆိုတော့ ဒီလို မိန်းမစားမျိုးဟာ ဒီလိုရာဇဝတ်မှုမျိုးကို ကျူးလွန်မှာပါပဲ၊ အကျင့်စရိုက်မကောင်းတဲ့ မိန်းမတစ်ယောက်အတွက် ငါသိပ်ပြီး ကြိုးစားနေလို့လဲ အလကားပါပဲလို့ ယူဆမှာကိုလဲ အင်မတန် စိုးရိမ်ပါတယ်။ ဦးဇော်ထွန်းက ဒီလိုယူဆနေပြီလို့တော့ ဆိုလိုတာ မဟုတ်ပါဘူးနော်"

"ဟာ ကျွန်တော် ဒီလို မယူဆပါဘူး"

ဦးဇော်ထွန်းက ကော်ဖီပန်းကန်ကို ခင်မောင်ဝင်းရှေ့သို့ တိုးပေးလိုက်သည်။

"နောက်တစ်ချက်က အချုပ်မှာ တရားခံမကို အထူးတန်းရအောင် လျှောက်ပေးစေချင်ပါတယ်"

ဦးဇော်ထွန်းမှာ အံ့သြကာ အင်တင်တင်ဖြစ်နေ၏။ သူ့စိတ်ထဲတွင် လူသတ်မှုတရားခံ ပညာအရည်အချင်းမရှိသူ ပြည့်တန်ဆာမတစ်ယောက်





အထူးတန်းရလိမ့်မည် မဟုတ်ဟု ယူဆထားပြီး ဖြစ်လေသည်။

"အဲဒါတော့ ကျွန်တော် သိပ်အာမမခံရဲဘူး။ တရားခံမက အထူးတန်းပေးထိုက်တဲ့ အရည်အချင်းမျိုးတွေ ပြည့်စုံမယ်မထင်ဘူး"

"အဲ့ ကိစ္စမရှိပါဘူး၊ ရုံးတော်ကိုသာ ဦးဇော်ထွန်းက တရားခံကိုယ်စား လျှောက်လွှာတင်ပေးလိုက်ပါ၊ ကျွန်တော် တရားသူကြီးကို ပြောထားနှင့်ပါ့မယ်"

"ဟာ ဦးခင်မောင်ဝင်းလို ပုဂ္ဂိုလ်မျိုးက ဝင်ပြောတယ်ဆိုရင် ရမှာပါပဲ။ တရားခံရဲ့ အဆင့်အတန်းဟာ အထူးတန်းပေးထိုက်တယ်လို့ ထောက်ခံပြောဆိုမယ့် လူရှိရင် တရားသူကြီးကလဲ ပေးမှာပေါ့"

ခင်မောင်ဝင်းက အိတ်ထဲမှ ချက်စာအုပ်ကို ထုတ်ကာ တစ်ထောင်တန် ချက်လက်မှတ်ကိုရေးပြီး ပေးလိုက်သည်။ ဦးဇော်ထွန်းကား ချက်လက်မှတ်ကိုကြည့်ရင်း ခင်မောင်ဝင်း၏ အပြုအမူတွေကို နားမလည်နိုင်အောင်ဖြစ်နေပေသည်။

"ဒါ ပထမအရစ်လို့ပဲ သဘောထားပါ။ အကျဉ်းထောင်ထဲမှာ သူငယ်မ သက်တောင့်သက်သာ နေနိုင်ရေး၊ နောင် လွတ်မြောက်ရေးတို့အတွက် ကုန်ကျဖို့လိုမယ့် ကိစ္စများရှိရင်လဲ ကျွန်တော့်ကို ပြောစေချင်ပါတယ်"

"စိတ်ချပါ၊ အမှုသွား အမှုလာကိုလဲ ကျွန်တော်လေ့လာပြီးပါပြီ။ တရားခံမနဲ့လဲ စကားပြောပြီးပါပြီ။ လုံးဝတရားသေမလွတ်တောင်မှ အဖျှင်းဆုံး အသက်ကိုတော့ဖြင့် ကာကွယ်ပေးနိုင်မယ်လို့ ထင်ပါတယ်"

"ကျွန်တော့်သဘောကတော့ လုံးဝလွတ်စေချင်တာပဲဗျာ ဟဲ ဟဲ။ ကဲ ကျွန်တော်သွားဦးမယ်၊ တရားခံမရဲ့လွတ်မြောက်ရေးကို ကျွန်တော် စိတ်ဝင်စားနေတယ်ဆိုတဲ့ အကြောင်းကိုတော့ လူမသိစေချင်ဘူးခင်ဗျ"

ခင်မောင်ဝင်းက ကုလားထိုင်ကို နောက်သို့တွန်းရွှေ့ကာ မတ်တတ်ရပ်လိုက်ပြီး လက်ကမ်းလိုက်သည်။ ဦးဇော်ထွန်းကလည်း မတ်တတ်ရပ်ကာ လက်ဆွဲနှုတ်ဆက်လိုက်ရင်း

"ဒါတော့ အထူးပြောဖို့ မလိုပါဘူး ဦးခင်မောင်ဝင်း၊ စိတ်ချပါ။ နောင်လဲ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်။ ဩော် . . . ကော်ဖီ သုံးဆောင်ပါဦး"

"သည်းခံပါခင်ဗျာ၊ မသောက်ပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းက လက်ကာပြ၍ ထွက်သွားလေသည်။ ဦးဇော်ထွန်းသည် ကုလားထိုင်တွင် ပြန်ထိုင်ချလိုက်ကာ တွေးတောကျွန်ရစ်ခဲ့သည်။ သူကိုယ်တိုင်လည်း ကော်ဖီ မသောက်ရသေးပေ။ ကော်ဖီမှာ အေးစက်၍ပင် နေပြီဖြစ်၏။ ဦးဇော်ထွန်းသည် ကော်ဖီပန်းကန်ကို ကောက်၍ တစ်ကျိုက် သောက်ပြီး နေရာမှထကာ အင်္ကျီချိတ်တွင် ချိတ်ထားသည့် အပေါ်အင်္ကျီ အိတ်ထဲမှ စီးကရက်ဘူးခွံတွင် ကျင်ရွှေရေးပေးလိုက်သော စာကလေးကို ဖတ်ကြည့်ပြန်သည်။

"ဘယ်နည်းနှင့် ကျေးဇူးဆပ်ရ ဆပ်ရ၊ ဆပ်ပါမည်"

●

## (၁၆)

ရုံးနားချိန်ဖြစ်၍ ကျင်ရွှေသည် အောက်ထပ် အချုပ်အခန်းထဲသို့ ဆင်းလာခဲ့လေသည်။ ရုံးအလယ် ကွက်လပ်ထဲတွင် ခိုကလေးများသည် စပါးစေ့များကို ကောက်စားနေကြလေသည်။

ခိုကလေးများကို မြင်ရတော့ ကျင်ရွှေသည် ဖဟားကို လွမ်း၍လာလေသည်။ ပင်လယ်တွင် လှိုင်းတွေ အလိပ်လိပ်ထသလို သူ့ရင်ထဲတွင်လည်း အလွမ်းလှိုင်းတွေ တလိပ်လိပ်ထလာပေ၏။

ကြီးကြီးဆင့်တို့က သူနှင့် ခင်မောင်ဝင်းတို့ အခြေအနေကို ရိပ်မိသဖြင့် အကြောင်းမရှိ အကြောင်းရှာကာ ဖဟားသို့ ပြန်လွှတ်လိုက်ပုံကို သတိရနေလေသည်။

အောက်ထပ်မှ ခိုကလေးများသည် ဝူးခနဲမြည်ကာ လန့်၍ပျံတက်သွားကြသည်။ ခိုကလေးများနှင့် အတူ သူ့စိတ်သည် ပုလိပ်ရုံးကြီး ခေါင်မိုးကိုကျော်ကာ ဖဟားသို့ ပျံသွားလေသည်။

ရွှေတင်သည် အိမ်ရှေ့ခလောက်ဆွဲမှ ဆင်းလာကာ ဘေးဘက်သို့ လျှောက်လာပြီး လက်ထဲတွင် ဆုပ်ထားသည့် ဆန်စေ့များကိုကြဲပက်လိုက်ကာ တီ-တီ-တီ-တီ ဟု ပါးစပ်မှ မြည်လိုက်သည်။ ကြက်သားအုပ်မများသည် အမှိုက်ပုံတွင် အစာယက်နေကြရာမှ ပြေးလာကြသည်။

နံနက်ခင်း နေခြည်သည် အရှေ့ရိုးမတောင်တန်းပေါ်မှ ကျော်ကာ ဖြာဆင်းလာသည်။ ဆောင်းကျွတ်လုပြီဖြစ်သော်လည်း နွေမပီသေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင့် နွေ ဝိုးဝါးထွေးနေသော ရာသီဖြစ်၍ကောင်းကင်တစ်ခိုတွင် ဝေမှိုင်းကာ မြူမှုန်ပြာခြေ ဆိုင်းနေပေသည်။ အနောက်ဘက် ပဲခူးရိုးမတောင်မှာလည်း နှင်းဇာဖြူပုဝါကို ခြုံထားပေသည်။ သည်နေရာတစ်ဝိုက်တွင် နေဝန်းသည် အရှေ့ဘက်ရှမ်းရိုးမမှ ထွက်လာကာ အနောက်ဘက်ပဲခူးရိုးမပေါ်တွင် တိမ်မြုပ်ပျောက်ကွယ်သွားသည်သာ ဖြစ်၏။ နေခြည်တွင် ရိုးပြတ်များသည် ရွှေရောင်တောက်နေကြ၏။

ရွှေတင် ဖဟားသို့ ပြန်လာခဲ့သည်မှာ ဆောင်းလယ်ကတည်းက ဖြစ်၏။ ဖြူးမှ ကြီးကြီးဆင့်မှာ ကိုတောက်ထွန်း အလုပ်မှထွက်သွားပြီးကတည်းက ရွှေတင်ကို သိပ်ယုံကြည်ဟန် မရှိတော့ပေ။ အရင်တုန်းကလို စက်ထဲတွင် ရွှေတင်နှင့်ချည်း လွှဲမထားတော့ဘဲ သူကိုယ်တိုင် ဆင်းကာ ကိစ္စအဝဝကို စီမံလေသည်။ သည်အထဲတွင် ခင်မောင်ဝင်းနှင့် ရွှေတင်ဆက်ဆံပုံကိုလည်း ကြီးကြီးဆင့်သည် ငယ်ရာမှ ကြီးလာသူပီပီ သက်ာမကင်းဖြစ်လာဟန်တူသည်။ ခါတိုင်းလို ခင်မောင်ဝင်း အိမ်ပေါ်ထပ်တွင် ရှိနေလျှင် ရွှေတင်ကို အပေါ်ထပ်သို့ မခိုင်းတော့ပေ။ လမ်းလျှောက်ထွက်ကြလျှင်လည်း ရွှေတင်ကို မလိုက်စေတော့ဘဲ အလုပ်နှင့်လက်မပြတ်အောင် ခိုင်းထားတတ်သည်။ နောက်ဆုံးတွင် ရွှေတင့်အစ်မ ရွှေခင်တို့ လင်မယား ဖဟားသို့ ပြောင်းလာကြသောအခါ အစ်မနှင့်တွေ့ရန် ဖဟားကို ခဏပြန်ချေဦးဟုဆို၍ ပြန်လွှတ်လိုက်လေသည်။ ရွှေတင်ကား ဖဟားသို့ ပြန်လာရသဖြင့် ပျော်နေ၏။ ကျဉ်းမြောင်းကျပ်တည်း၍ အဆောင်အယောင်တွေ များပြားလှသော ဒေါ်မြဆင့်တို့၏ အိမ်ကြီးမှ ထွက်ခွာခဲ့ရသဖြင့် လှောင်အိမ်မှ လွတ်သော ငှက်ပမာ စိတ်ထဲတွင် ကြည်လင်လန်းဆန်းပေ့ါပါးနေ၏။ ဖဟားမှာဆိုလျှင် ရိုးပြတ်လယ်တောမှ ဖြတ်၍ ညှင်းညှင်းညှံ့ညှံ့ တိုက်လာသော လေအေးကို ရှူနိုင်၏။ မှိုင်းမှုန်ပြာဝေသော ပဲခူးရိုးမတောင်စွယ်တွင် နေဝန်းကြီးကွယ်သွားပုံ၊ ရိုးပြတ်ငုတ်တိုများသည် ရွှေပန္နက်တိုင်လို လှပပုံ၊ ဖဟားရှိ သူတို့အိမ်ဘေးက ကြာကန်တွင် ပန်းကြာငုံများ ဖူးပွင့်ကြပုံ၊ လသာသော နွေဦးလများတွင် ကောက်လှိုင်းပုံထက်တွင် အိပ်စက်ရပုံ၊ နံနက်လင်းလျှင် နွားတင်းကုပ်ဘက်ဆီမှ နွားခလောက်သံများ ကြားရပုံတို့ကို တွေး၍ မျှော်မိသည်။

ရွှေတင်သည် နေရောင်မထိုးအောင် မျက်လုံးကို လက်ဝါးဖြင့်ကာ၍ အရှေ့ဘက်သို့ လှမ်းကြည့်လိုက်သည်။ အရင်တုန်းကလိုပင် အိမ်နောက်





လယ်တောအစပ်တွင် ကောက်ရိုးခင်းနှင့် နွားတင်းကုပ်ကို တွေ့ရသည်။ သို့ရာတွင် ရွှေတင်တို့မှာ နွားများများ မရှိတော့ပေ။ နွားမနှစ်ကောင်နှင့် ကျွဲတစ်ရှဉ်းသာ ကျန်တော့သည်။ ရွှေခင်တို့ လင်မယားသည် အရင်တုန်းက ညောင်ခြေထောက်ဘက်တွင် ကိုယ့်လယ်ကလေး ကိုယ် လုပ်ခဲ့ကြ၏။ သည်နှစ်တော့ ညောင်ခြေထောက်ကလယ်ကို ချစ်တီးထံ အပ်လိုက်ရသဖြင့် ဖဟားသို့ ရွှေ့လာခဲ့ခြင်းဖြစ်၏။ ဖြူးတစ်ဝိုက်က လယ်သမားများ၏ ကံကြမ္မာသည် အတူတူချည်းသာ ဖြစ်ပေသည်။

လယ်တောဘေးနှင့်အစပ်က ကြာကန်မှာလည်း ကြာပွင့်တွေ ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသည်။ မုံးဘက်ကို မပြောင်းမီ ငယ်ငယ်တုန်းကတော့ ရွှေခင်နှင့်ရွှေတင်တို့ ညီအစ်မသည် သည်ကြာကန်သို့ လာ၍ ကြာဖူးကြာငုံများကို ခူးကြသည်။ ကြာစွယ်ကြာရိုးများကို အမျှင်တန်းရုံမျှဖြတ်ကာ ဘယက်သီ၍ ဝတ်ခဲ့ကြသည်။ စိန်ပြေးတမ်းကစားခဲ့ကြ၍ မောပန်းလျှင် ကြာကန်ဘေးက ဇီဇဝါရုံကြီးများ၊ တောစပယ်ရုံများ အောက်တွင် အိပ်ခဲ့ကြသည်။ ရွှေတင်ငယ်ငယ်က ဘဝများသည် ကြာပန်းနှင့် ခွဲလို့မရပေ။

"ရွှေတင်ရေ၊ ဒို့ကောက်လှိုင်းတွေ သွားတိုက်မလို့ဟေ့"

ရွှေတင့်အစ်မ ရွှေခင်က တဘက်တစ်ထည်ကို ခေါင်းပေါင်း၍ ဆင်းလာရင်း လှမ်းပြောလိုက်သည်။ ရွှေခင်မှာ ရွှေတင်နှင့် ရုပ်ချင်းနည်းနည်းဆင်သလို ရှိသည်မှတစ်ပါး အပြောအဆိုအနေအထိုင် အစစအရာရာတွင် ခြားနားကာ တောသူရုပ်ပေါက်နေ၏။ နေလောင်သဖြင့် အသားအရေသည် ကြေးနီရောင် ပေါက်နေ၏။ ဆံပင်များကလည်း တိုတောင်းကာ နီသွေ့လျက်ရှိသည်။ ရွှေခင့်ယောကျ်ား ထွန်းအေးမှာ ကျွဲနှစ်ကောင်ကို လှည်းတွင် တပ်နေ၏။ ထွန်းအေးကား တဘက်တစ်ထည်ကို ခေါင်းပေါင်းကာ ကိုယ်အထက်ပိုင်းဗလာကျင်းနေ၏။ သူ့သွင်ပြင်သည် ကြမ်းတမ်းကာ နှာခေါင်းပွပွ၊ မျက်ထောင့်နီနီ၊ ပါးစုံ့ထွားထွား အရုပ်ခပ်ဆိုးဆိုး ဖြစ်သည်။

ကြက်သားအုပ်မက ကြက်ကလေးများကို အစာယက်ပေးနေစဉ် ကြက်ဖကြီးမှာ ကြက်မကို ရစ်နေလေသည်။

"ရွှေခင်ရေ၊ နင့်ညီမတစ်ယောက်တည်း ထားခဲ့လို့ ဖြစ်ပါ့မလား"

ထွန်းအေးက နဖားကြိုးကို လှည်းပေါ်သို့ ပစ်တင်ကာ လှည်းဦးစွင်တက်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ ကျုပ်က ခုပဲ ပြန်လာမယ့်ဟာပဲ"

"ရွှေတင်ရေ ခဏနေရစ်ခဲ့ဦးနော်၊ တလင်းထဲမှာ ကောက်လှိုင်းတွေ ထားရင် နွားဝင်စားလွန်းလို့ သွားတိုက်ချည်ဦးမယ်၊ နင့်အစ်မကတော့ ချက်ချင်းပြန်လာမှာပါ။ ငါကတော့ ညနေစောင်းမှ ပြန်ရောက်မယ်။ နေ့လယ် နေ့ခင်း နင်ဆာရင် နံ့သာပုဏ္ဏက်ပျောသီးတွေ အိမ်ထဲမှာရှိတယ်နော်၊ ပြောင်းဖူးတွေလဲရှိတယ်"

ထွန်းအေးက ကျွဲနှစ်ကောင်ကို တံပြာဖြင့်တို့လိုက်သည်။ ရွှေတင်က ကြက်စာကျွေးနေရာမှ သူတို့ဘက်ကို လှမ်းမျှော်ကြည့်ရင်း

"ဟုတ်ကဲ့ ကိုထွန်းအေး၊ ရွှေတင်အတွက် စိတ်ချပါ။ ရှင်တို့ သွားစရာရှိတာသာ သွားကြပါ"

ထွန်းအေး၏ လှည်းမောင်းသံနှင့် အတူ တကျည်ကျည်မြည်သော လှည်းဝင်းရိုးသံထွက်ပေါ်လာပြီး လှည်းထွက်သွားလေသည်။ ရွှေတင်ကား ကြက်ကလေးတွေကို အစာကျွေးရင်း လှည့်လာသည်။ သည်လို လွတ်လွတ်လပ်လပ် မနေခဲ့ရသည်မှာ ကြာပေပြီ။ ငယ်ငယ်တုန်းက ကြက်ကလေးတွေကို ကိုယ်တိုင် အစာကျွေးလျှင် ကြက်ကလေးတွေ ပြေးလာကြကာ အလုအယက် ကောက်စားကြသည်ကို ကြည့်၍ ကြည်နူးခဲ့ရဖူးသည်။ စပါးစေ့ကလေးများကို ပက်ကြလိုက်လျှင် ညည်းသံ၊ တောင်ပံတဖျတ်ဖျတ် ခတ်သံနှင့် အတူ ခိုကလေးများသည် ပျံဆင်းလာကာ စပါးစေ့များကို ကောက်စားကြသည်။ ကြက်ကလေးတွေကို အစာကျွေးရင်း လှည့်လာကာ ပက်ကြလိုက်ပြန်သည်။ ကြက်ကလေးများသည် လန့်ကာ အဝေးသို့ ထွက်ပြေးကြလေ၏။

"ကလေးတို့ရေ မပြေးကြပါနဲ့ကွယ်၊ ရွှေတင်ဟာ သူတော်ကောင်းပါ။ မင်းတို့ကြောက်ဖို့ မဟုတ်ပါဘူး"

ရွှေတင်က စိတ်ထဲမှ ရွတ်ကာ ကြက်ကလေးများကို တီတီခေါ်ကြည့်၏။ ကြက်ကလေးများမှာ မလာကြတော့ဘဲ ခပ်လှမ်းလှမ်းအမှိုက်ပုံကိုသာ ယက်နေကြလေသည်။

"ရွှေတင် ကြဲချလိုက်တာတွေဟာ ခဲလုံးတွေမဟုတ်ပါဘူး၊ မင်းတို့ စားစရာတွေပါ။ လာကြ လာကြ"

ရွှေတင်က တီတီနှင့်ခေါ်၍ တော်တော်ကြာမှ ကြက်ကလေးများသည် ပြန်လာကြကာ ဆန်စေ့များကို ကောက်စားနေကြသည်။ ကြက်က





လေးနှစ်ကောင်မှာ ခွပ်လိုက်ကြသေးသည်။

"ဟဲ့ ဟဲ့ မခွပ်ကြနဲ့လေ။ အိမ်ကြက်ချင်း မခွပ်ရဘူးကွယ့်။ ရွှေတင်ကလဲ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး အခွပ်ခိုင်းနေတာမဟုတ်ပါပဲကလား။ မခွပ်ကြပါနဲ့ကွယ်၊ လိမ္မာကြစမ်းပါ"

ရွှေတင်သည် တစ်ကောင်နှင့် တစ်ကောင် သဲသဲမဲမဲခွပ်နေကြသော ကြက်ကလေးများကို ကြည့်ရင်း စိတ်ထဲမှ ရွတ်ဆိုနေမိသည်။ သည်ကြက်ကလေးတွေ ခွပ်တာကို ရွှေတင် မမြင်ချင်ပေ။ ခွပ်နေသော ကြက်ကလေးနှစ်ကောင်ကို ခြောက်လှန့်၍နေမှ အတန်ကြာလျှင်ပင် ကြက်ဖတစ်ကောင်က ကောက်ရိုးစင်ပေါ် ခုန်တက်ကာ လေးတွဲ့စွာ တွန်လိုက်သည်။

"အို ဘယ်အချိန်မို့လို့ မင်းက တွန်ရပြန်တာတုန်း၊ မိရွှေတစ်ယောက်ဟာ တောရွာကို လာနေရတယ်၊ လယ်ခင်းတွေကြားထဲရောက်နေတယ်၊ ကောက်ရိုးစင် အရိပ်အာဝါသအောက် ခိုလှုံနေရတယ်၊ တောရွာဆိုတော့ ကြက်သံကို ဗဟိုရ်ပြုရတယ် မဟုတ်လား။ အချိန်ဟုတ်မှလဲ တွန်ကြပါကွယ်။ မိရွှေတင်တစ်ယောက် အလွဲလွဲအမှားမှား ဖြစ်ကုန်ပါ့မယ်"

ရွှေတင်၏ စိတ်ထဲတွင် တွန်နေသော ကြက်ဖကြီးကို ကြည့်၍ စကားလုံးများသည် အစီအရီ ပေါ်လာကြပြန်သည်။ ခပ်လှမ်းလှမ်းတွင်ကား ကြက်ဖကြီးက ကြက်မကြီးကို ရစ်နေသဖြင့် ကတော်ကတော် အော်သံများကို ကြားရသည်။

"ဟဲ့ ကြက်ဖကြီးသွားစမ်း၊ ကြက်ဖကြီးကို ကဲလွန်းတယ်။ ရစ်တာမများလွန်းဘူးလား။ သတိထားနော်၊ အုပ်ဆောင်းနဲ့ အုပ်ထားလိုက်လို့ ဟုတ်ပေ့ဖြစ်နေလိမ့်မယ်။ မိရွှေတင်ကို ကြည့်ပါလား၊ သူက ရစ်လွန်းအားကြီးလို့ ကြီးကြီးဆင့်တို့က ရိပ်မိပြီး အုပ်ဆောင်းနဲ့ အုပ်ထားတယ် မဟုတ်လား"

ရွှေတင်သည် စကားလုံးတွေကို ရင်ထဲမှစီ၍ ပြောနေ၏။ ပါးစပ်ကတော့ ထွက်မလာပေ။ ကြီးကြီးဆင့်တို့က သူ့အား ဇဟားကို အလည်အပတ်ပြန်လွှတ်ခြင်းမှာ ခင်မောင်ဝင်းနှင့် ရင်းရင်းနှီးနှီး မဆက်ဆံစေလိုသဖြင့် အဝေးသို့ ပထုတ်လိုက်ကြောင်းကို ရွှေတင်ကောင်းကောင်းသိပါ၏။ သည်လို တွေးမိပြန်တော့လည်း ရွှေတင်သည် ရင်တလှိုက်လှိုက်ဖိုကာ ရှိုက်ငို၍ လာချင်ပေသည်။

အိမ်ခေါင်းရင်း သရက်ပင်မှ သရက်ပင်ပွင့်များသည် ရွှေ[illegible]နုတ်ပန်း



www.burmeseclassic.com

www.burmeseclassic.com



နွယ်များလို ညွတ်ကျ၍ နေပေသည်။ သရက်ပွင့်များ၏ ရနံ့မှာ စိမ်းရွှေရွှေနှင့် ရီဝေလာစေပေသည်။ သရက်ကင်းကလေးများသည် မြေပြင်သို့ ကြွေကျလာကြသည်။ ငယ်ငယ်တုန်းကတော့ သည်သရက်ကင်းကလေးများကို ငပိလိမ္မာချက်ကလေးများဖြင့် တို့၍၊ တို့၍ စားရသည်မှာ ထမင်းမြိန်လှသည်။ သရက်သီးများ သီးချိန်ဆိုလျှင်လည်း ပေါ်ဦးစ သရက်သီးကလေးများကို ဧရာတ်သီးနှင့် ထောင်းစားရသည်မှာ အရသာရှိလှသည်။

"ရွှေရေ၊ ရွှေကလေး"

ခေါ်သံကြောင့် ရွှေတင်သည် တချွေချောက်ခံရသူလို လန့်ဖျတ်သွားကာ ခြံဝဘက်သို့ လှည့်ကြည့်လိုက်မိသည်။ ပိုးရောချည်ပါ ဖောက်ရက်ထားသည့် လုံချည်ကို ဝတ်ထားပြီး ရှပ်အင်္ကျီလက်ရှည်ကို ပင့်တင်ထားကာ ခေါင်းတွင် မျက်နှာသုတ်ပုဝါတထည်ကို ပုံမကျပန်းမကျ ပေါင်းထားသော လူတစ်ယောက်ကို မြင်ရ၏။

"ဟင် အစ်ကို"

ရွှေတင်သည် ယောင်ယမ်းကာ လွတ်ခနဲ အော်လိုက်မိသည်။ ရွှေတင်သည် ခင်မောင်ဝင်းကို ကြည့်၍ အံ့အားသင့်နေလေသည်။ ခင်မောင်ဝင်းမှာ သည်လိုဝတ်စားထားပြန်တော့လည်း တကယ့်ကာလသားကြီးတစ်ယောက်နှင့် တူနေလေသည်။ ခင်မောင်ဝင်းက အံ့အားသင့်နေသော ရွှေတင်ကို ကြည့်၍ ပြုံးရယ်ကာ ရွှေတင်ဘက်သို့လျှောက်လာရင်း

"ဘယ်လောက်ရှောင်ရှောင်၊ ဘယ်လောက်ပုန်းပုန်း၊ ဘယ်လွတ်မှာလဲ ရွှေလေးရာ၊ ရွှေဘယ်လိုပုန်းပုန်း အစ်ကို့ကို လွတ်အောင်မပုန်းနိုင်ပါဘူး"

ရွှေတင်က ခင်မောင်ဝင်းကို လှမ်းကြည့်နေသည်။ အံ့ဩခြင်း စိတ်ရှုပ်ခြင်းတို့ကြောင့် သူ့မျက်နှာလေးမှာ ညှိုးနေသည်။

"အစ်ကို ဘယ်ကို လိုက်လာပြန်တာလဲ၊ ခက်တာပဲ အစ်ကိုရယ်။ ကြီးကြီးဆင့်တို့ သိကုန်တော့မှာပဲ၊ ကြီးကြီးဆင့်တို့ သိရင် အစ်ကိုတော့ ကိစ္စမရှိဘူး၊ မိရွှေတင်ကိုသာ"

ရွှေတင်မှာ ပြောရင်း ငိုသံပါလာ၏။ တကယ်တော့လည်း ရွှေတင်ပြောသလိုပင် သည်ကိစ္စကို ကြီးကြီးဆင့်တို့ သိသွားလျှင် ခင်မောင်ဝင်းမှာ ဘာမှအရေးမကြီး၊ သူသာလျှင် ရာဇဝတ်အိုးကို တုတ်ထိုးမိလျက်သား ဖြစ်နေပေမည်။





"အို ဒေါ်ဒေါ်ဆင့်တို့ မသိပါဘူးကွယ်၊ ပူစရာမရှိ ပူမနေစမ်းပါနဲ့၊ အစ်ကိုက ရန်ကုန်ပြန်သလိုလုပ်ပြီးမှ ညောင်လေးပင်ဘူတာက ပြန်လိုက်လာတာ။ ဟား ဟား ဘာရမလဲ၊ ဒီအဖွားကြီးလောက်တော့"

"ကြီးကြီးဆင့်က အစ်ကို့ကိုတော့ ဘာမှပြောမှာမဟုတ်ဘူး။ ဟောဒီက မိရွှေတင်ကိုသာ ကုလားမနိုင် ရခိုင်မဲ လုပ်မှာ။ ခု ကြည့်ပါလား သူတို့က နည်းနည်းရိပ်မိကာရှိသေး မိရွှေတင်ကို တောပို့လိုက်တာ မဟုတ်ဘူးလား။ ဘာမပြော ညာမပြောနဲ့ အစ်ကိုနဲ့ဝေးအောင် စီစဉ်လိုက်ကြတာ၊ ဒါ အသေအချာ သိသေးတာမဟုတ်ဘူး၊ အသေအချာများသိရင်လေ မိရွှေတင်ကို လူ့ပြည်မှာ ထားမှထားပါဦးမလား"

ရွှေတင်က သက်ပြင်းချ၍ ပြောလိုက်သည်။ ခင်မောင်ဝင်းက

"ဟင် ဒါဖြင့် ဒီကိုလာပြီး ရှောင်နေတာ ရွှေကလေးသဘော မဟုတ်ဘူးပေါ့"

"ရှောင်နေတာကတော့ ရွှေတင့်သဘောလဲ ပါတယ်လို့ ဆိုနိုင်ပါတယ်အစ်ကို"

ရွှေတင်က ဝမ်းသာအယ်လဲ ဖြစ်နေသော ခင်မောင်ဝင်း၏ မျက်နှာကို မကြည့်ဘဲ ကြာကန်ဘက်သို့ လှမ်းမျှော်ကြည့်ရင်း မျက်နှာညှိုးငယ်စွာဖြင့် ဆို၏။

"အို ဘာဖြစ်လို့လဲ"

"အစ်ကိုတို့ ဆာဖိုးဝင်း အမျိုးတွေရဲ့သဘောကို သိလို့ပေါ့၊ ကြောက်တယ်အစ်ကို ကြောက်တယ်၊ ဒါကြောင့် ရှောင်နေတာ"

ခင်မောင်ဝင်းက ရွှေတင့်ပခုံးကိုဖက်ထားကာ ချော့တော့မလိုလုပ်ပြီးမှ ကိုယ်ရှိန်သတ်လိုက်ကာ

"အို တော်ပါတော့ကွယ်၊ ကြောက်တယ်ဆိုတာ အစ်ကိုသိပြီးသားပါ၊ ခု ဒီလာပြီး ရှောင်နေတာ ရွှေ့ရွှေ့သဘော မဟုတ်ပါဘူး။ အဖွားကြီးတွေ သဘောပါ"

ခင်မောင်ဝင်းက အဝေးသို့လှမ်းကြည့်လိုက်၏။ ခြံထဲတွင် မာလကာပင်၊ သရက်ပင်၊ မရမ်းပင်၊ သစ်တိုပင် စသည့် သီးပင်စားပင်များသည် အုပ်ဆိုင်းနေကြသည်။ မြူတွေ ရစ်သန်းနေသဖြင့် သစ်ပင်ကြီးများသည် မှုန်ပြာနေကြပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြံကြီးက ပျော်စရာကောင်းတယ်နော်။ ကြက်တွေရော၊ နွားတွေရော၊ သစ်ပင်တွေစုံလို့။ ဒီအိမ်က လူတွေကော ဘယ်သွားကြသလဲ၊ ဒါ ရွှေရွှေ့ အစ်မခြံနော် ဟုတ်လား"

"ရွှေရွှေ့အစ်မ ရွှေခင်တို့က ဒီမှာ အလုပ်လုပ်တာပါ၊ ခြံနဲ့ဒီတစ်ဝိုက်က မြေတွေကိုပိုင်သူကတော့ အစ်ကိုတို့ပါ"

ခင်မောင်ဝင်းက ရယ်လိုက်ကာ

"သြော် . . . ဟုတ်လား၊ ကိုယ်ပိုင်တဲ့မြေ အရင်က တစ်ခေါက်မှ မရောက်ဖူးဘူး၊ ခု ရွှေပျောက်ရှာရင်းမှ တွေ့တော့တယ်၊ လာ လာ လျှောက်ကြည့်ရအောင်၊ ဟိုကန်ထဲမှာလဲ ကြာပွင့်တွေနော်"

နှစ်ယောက်သား လက်ချင်းတွဲကာ ခြံထဲသို့ လျှောက်ကြည့်ကြသည်။ ခရေပွင့်များသည် မြေပြင်တွင် လှိုင်းဖွေးဖွေးထအောင် ကြွေကျနေသည်။ သူတို့နှစ်ယောက်သည် မြေပြင်မှ ခရေပွင့် ဝါဝါကလေးများကိုနင်းကာ လျှောက်လာခဲ့ကြ၏။ ချိုးတစ်ကောင်သည် လေးတွဲ့စွာ ကူချွဲလျက်ရှိသည်။ သည်လိုဆိုပြန်တော့လည်း ချစ်သူတို့၏ ဘဝဆိုသည်မှာ ပျော်စရာပေပဲ။

ကြာကန်ထဲကရေမှာ စိမ်းနေ၏။ ကန်ထဲတွင် ကြာဖြူကြာနီတို့ ထွားထွားဝေဝေ ဖူးပွင့်လျက်ရှိသည်။ လေပြေညင်းညှံ့တိုက်လာသောအခါတွင် ကန်ရေပြင်က လှိုင်းကြက်ခွပ်ကလေးတွေ ယှက်သန်းလာသည်။ ခင်မောင်ဝင်းက ကျောက်စရစ်ခဲကလေး တစ်ဆုပ်ကို ကုန်း၍ကောက်ကာ ပက်ကြဲလိုက်သဖြင့် ကန်ရေပြင်မှာ ငွေက်ခင်းနှီးလို ဂယက်ထသွား၏။

"ကြည့်စမ်း၊ ဟောဒီဂယက်ကလေးတွေ ပြေးသွားပုံဟာ ရွှေရွှေရယ်လိုက်ရင် ပေါ်လာတဲ့ ပါးက ပါးချိုင့်ကလေးတွေနဲ့ မတူဘူးလား။ ပြီးတော့ လှိုင်းတွန့်ကလေးတွေ ကမ်းစပ်ကို ပြေးလာပုံကလဲ ရွှေပြုံးတဲ့အခါမှာ တွန့်သွားတဲ့ နှုတ်ခမ်းကလေးလိုပဲ။ ကမ်းစပ်က တဖျတ်ဖျတ်ရိုက်နေတဲ့ လှိုင်းသံကလေးတွေကလဲ ရွှေစကား ပြောသံလေးလို သိပ်နားထောင်လို့ကောင်းတာ"

"ဒီလောက်လဲ မမြှောက်ပါနဲ့ အစ်ကိုရယ်"

ရွှေတင်ကရယ်၍ ခင်မောင်ဝင်းဘက်သို့ လှည့်ကြည့်ရင်း ပြောလိုက်၏။ ခင်မောင်ဝင်းက ပြုံးစနဲ့နဲ့ဖြင့် သူ့ကိုပြန်ကြည့်ရင်း . . .

"တကယ်ပြောတာ၊ ပြီးတော့ လှိုင်းဂယက်ကလေးတွေက ကမ်းစပ်ကို ပြေးလာပြီး ပြန်ဆင်းသွားတဲ့ အသံဟာလဲ ဟောဒီရွှေကလေးရဲ့ သက်ပြင်းချသံလိုပဲ"





ခင်မောင်ဝင်းက ရွှေတင်၏ မေးဖျားကိုပင့်၍ ပြောလိုက်သဖြင့် ရွှေတင်က မျက်စောင်းထိုးလိုက်သည်။

"ကဲ ဒါဖြင့်ရင် ဒီအသံကကော ဘာသံနဲ့ တူသလဲ နားထောင်"

ရွှေတင်က လက်ညှိုးကလေးထောင်ကာ ပြောလိုက်ရင်း ခဲလုံးကြီးတစ်လုံးကိုကောက်၍ ကြာကန်ထဲသို့ပစ်ချလိုက်သည်။ ခဲလုံးမှာ ကန်ထဲသို့ ပလုံခနဲမြည်ကာ ကျသွားသည်။

"ကဲ ဒါကကော ဘာသံနဲ့တူသလဲ"

"ဒီအသံက ရွှေရွှေလန့်ဖျတ်ပြီး .အော်လိုက်တဲ့ အသံကလေးနဲ့တူတယ်"

"အစ်ကိုဟာ တော်တော်စကားတတ်တယ်"

ရွှေတင်က ခင်မောင်ဝင်း၏ ရင်ဘတ်ကို မနာ့တနာထုနေသဖြင့် ခင်မောင်ဝင်းက ရွှေတင်၏ လက်နှစ်ဖက်ကို ဖမ်းချုပ်ကာ ပါးပြင်ကို နမ်းလိုက်၏။ ရွှေတင်က မသိမသာရုန်းထွက်လိုက်ရာမှ

"အစ်ကို မလာခင်ကလေးတုန်းကတင် ရွှေရွှေတစ်ခုစဉ်းစားမိတယ် သိလား"

"ဘာများ စဉ်းစားမိသလဲ၊ ဆိုစမ်းပါဦး"

"ရွှေရွှေက ကြက်ကလေးတွေကို ကြက်စာ ကျွေးနေတာကိုး။ ကြက်ဖတစ်ကောင်က တော်တော်ကဲတယ်၊ သိလား အဟိ"

ရွှေတင်က ခေါင်းကို စောင်း၍ ငုံ့ထားလိုက်ကာ မပွင့်တပွင့် ရယ်နေသည်။

"ဘယ်လိုကဲတာလဲ"

"ဟီ ဟိ၊ ကြက်မကို သိပ်ရစ်တယ်၊ ဒီတော့ ရွှေရွှေက ကြက်ဖကြီးကို ပြောမိတယ်။ ကြက်ဖကြီး သတိထား၊ ကြက်မကို ဆောင်းအုပ်ထားလိုက်ရလိမ့်မယ်လို့၊ မိရွှေတင်ကိုလဲ ကြီးကြီးဆင့်တို့က ဆောင်းအုပ်ထားတယ် မဟုတ်လား။ ဟား ဟား"

"ဟား ဟား၊ ခု ကိုကြီးလာပြီး အုပ်ဆောင်းဖွင့်နေတယ်လေ"

ခင်မောင်ဝင်းက ရောနှော၍ ရယ်လိုက်ရင်း ရွှေတင့်ကို ဖက်နမ်းလိုက်သည်။ သည်တစ်ခါတော့ ရွှေတင်သည် ရုန်းလည်း မရုန်း၊ ဖယ်လည်း မဖယ်၊ ခင်မောင်ဝင်းက လွှတ်လိုက်တော့မှ ရွှေတင်က ခင်မောင်ဝင်းနှူးကို လက်ညှိုးဖြင့် ထောက်၍ တွန်းလိုက်ကာ "ကြက်ဖကြီးနော်၊ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကဲ" ဆိုလိုက်သည်။ နှစ်ယောက်သား ခေတ္တမျှငြိမ်သက်ကာ ကိုယ့်အတွေးနှင့်ကိုယ် ငေးနေကြသည်။

"အစ်ကို"

ခဏကြာတော့မှ ရွှေတင်က ခင်မောင်ဝင်းကို လှည့်ကြည့်၍ ခေါ်လိုက်သည်။ ခင်မောင်ဝင်းက အဝေးသို့ ရောက်နေသည့် သူ့မျက်လုံးများကို ရုပ်သိမ်းလိုက်ကာ . . .

"ဆိုစမ်း"

"ဒီကြာကန်ထဲက ကြာပန်းတွေ မြင်တော့ အမှတ်မရဘူးလား"

ရွှေတင်က ကန်ပေါင်ဆင်ခြေလျှောတွင် ထိုင်လိုက်ရင်း ကျောက်စရစ်ခဲလုံးကလေးများကို ကောက်၍ ပစ်နေသည်။

"ဘာကို အမှတ်ရရမှာလဲ ရွှေကလေးရဲ့"

"အစ်ကို ဖြူးရောက်စတုန်းက ပြောဖူးတဲ့ 'ကုမုဒ်ကြာနှင့် ပန်းလိပ်ပြာ' ဆိုတဲ့ ကဗျာကလေးလေ"

"အဲဒါ ဘာဖြစ်သလဲ"

ခင်မောင်ဝင်းက ရွှေတင်မှတ်မိပုံကို သဘောကျ၍ ရယ်ကာ မေးလိုက်၏။

"ဩော် ဒီကြာကန်ထဲက ကြာပန်းတွေမြင်တော့ အစ်ကိုပြောတဲ့ ကဗျာထဲကလို အစ်ကိုနဲ့ ရွှေရွှေ နှစ်ယောက်အနက် ဘယ်သူက လိပ်ပြာဖြစ်ပြီး၊ ဘယ်သူက ကြာပန်းဖြစ်မလဲလို့ တွေးမိလို့ပါ"

ခင်မောင်ဝင်းက ရွှေတင်ကို ကြည့်၍ တဟားဟား ရယ်လိုက်သည်။

"အံမာလေး လေးဟ ရွှေကလေး၊ အတွေးခေါင်ပါဘိ ရွှေကလေးရယ်၊ ဘယ်သူက ဘာဖြစ်ရမလဲ။ ရွှေကလေးက နွံထဲဗွက်ထဲမှာပေါက်နေတဲ့ ကြာပန်းပေါ့။ ကြာပန်းဟာ နွံထဲကဗွက်ထဲမှာသာ ပေါက်လေ့ရှိတယ်။ ဒါပေမဲ့ ကြာရဲ့သဘောကတော့ ဖြူစင်တယ်၊ လန်းဆန်းတယ်၊ စိတ်နှလုံးကို ရွှင်ပြုံးစေတယ်၊ ဟောဒီမြို့နဲ့မနီး တောရွာဇနပုဒ်မှာ မွေးဖွားပြီး ကြီးပြင်းခဲ့ရတဲ့ ရွှေကလေးဟာ ဖြူစင်တယ်၊ လန်းဆန်းတယ်၊ အစ်ကို့စိတ်နှလုံးကို ရွှင်ပြုံးစေတယ်၊ ဒါကြောင့်မို့ ရွှေတင်ကတော့ ကြာပေါ့၊ အစ်ကိုကတော့ ကြာပန်းဝတ်ရည်ကို စုတ်ယူချင်လွန်းလို့ တစ်ရစ်ဝဲဝဲ တစ်ရစ်ဝဲဝဲနဲ့ လုပ်နေတဲ့ လိပ်ပြာကြီး ဟုတ်လား"





ခင်မောင်ဝင်းက လက်နှစ်ဖက်ကို အကောင်ခတ်သလို ခတ်ပြရင်း ရယ်နေသည်။

"ဟင့်အင်း၊ ရွှေတင်က ကြာမဟုတ်ပါဘူးအစ်ကိုရယ်၊ အစ်ကိုကသာ ကြာပါ၊ အစ်ကိုဟာ ဂုဏ်ကြီးရှင် အသိုင်းအဝိုင်းထဲမှာ မွေးဖွားကြီးပြင်းလာပေမဲ့ သူတို့လိုမဟုတ်ဘူး။ စိတ်သဘောထားကောင်းတယ်၊ ရက်ရောတယ်၊ ဖော်ရွေတယ်၊ အတန်းအစား မခွဲခြားဘူး၊ မာနမကြီးဘူး၊ ကြာဟာ ရွှံ့နွံထဲမှာသာ ပေါက်ပေမဲ့ နွံတွေမပေမကျံဘဲ ဖြူစင်သလို ဖြူစင်တယ်။ ဒါကြောင့်မို့ အစ်ကိုကသာကြာ၊ မိရွှေတင်ကတော့ ဒီကြာပန်း ကြာဝတ်မှုန်တွေမှာ နားရမလားလို့ တရစ်ဝဲဝဲလုပ်နေရတဲ့ ဒုက္ခိတ လိပ်ပြာမကလေး၊ ဒီအထဲမှာ ဥယျာဉ်မှူးကြီးကြီးဆင့်က ဖမ်းပြီး ဆောင်းအုပ်ထားမှာလဲ စိုးရသေးတယ်။ ဒါကြောင့်မို့ အစ်ကိုက ကြာ"

"ဟင့်အင်း၊ ရွှေကလေးက ကြာ၊ အစ်ကိုက လိပ်ပြာ"

ခင်မောင်ဝင်းက ကလေးကြီးလို ပါးနှစ်ဖက်ကို ဖောင်းကာ နှုတ်ခမ်းစူလိုက်ပြီး ပြော၏။

"ဟင့်အင်း၊ အစ်ကိုက ကြာ၊ ရွှေရွှေက လိပ်ပြာ"

"ရွှေကလေးက ကြာ"

ရွှေတင်သည် ခင်မောင်ဝင်း နှုတ်ခမ်းကို ရှောင်ဖယ်ပါ၏။ ခင်မောင်ဝင်း၏ နှုတ်ခမ်းသည် ရွှေတင်၏နဖူး၊ ပါးပြင်၊ လည်တိုင် စသည်တို့ အပေါ်သို့ ကျရောက်လာလေသည်။ သူ၏ ပြင်းပြသော အနမ်းများမှာ မိုးသီးမိုးပေါက်များလို ပြင်းထန် လှပေ၏။ ရွှေတင်၏ ကိုယ်လုံးသည် သူ့ရင်ခွင်အောက်၌ ပျောက်ကွယ်နေပေသည်။ တော်တော်ကြာမှ ရွှေတင်က

"လွှတ်ပါဦး အစ်ကိုရယ်၊ အသက်တောင်ရှူလို့ မရတော့ဘူး"

ရွှေတင်က ညည်းသံကလေးဖြင့် ဆိုလိုက်သည်။ သနပ်ခါးရေကျဲလူးထားသော မျက်နှာတွင် သနပ်ခါးများ ပျက်ကုန်ပေရာ စုတ်ချက်ကြမ်းကြမ်းနှင့် ခြယ်ထားသလို ရှိနေသော အလှ၏ ဝင်းလက်ပုံကို မြင်ရပေသည်။

"ရွှေကလေး ဒီမှာနေရတာ ဆင်းရဲမှာပဲနော်"

"ဆင်းရဲတယ်လို့ မဟုတ်ပါဘူး အစ်ကိုရယ်၊ တောမှာပွင့်တဲ့ပန်းဆိုတော့ တောမှာပဲ လန်းဆန်းတာက ကောင်းပါတယ်"

ခင်မောင်ဝင်းက ရွှေတင့်လည်တိုင်ကို သိမ်းဖက်ကာ ဆံပင်များကို သူ့ပါးနှင့် ပွတ်သပ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတင်လဲ စကားတတ်နေပြီနော်"

"မတတ်လဲ နေပါတော့မလားအစ်ကို၊ ဒီလောက် စကားကြွယ်တဲ့ အစ်ကိုနဲ့ နေရတော့ တတ်တော့တာပေါ့"

"အစ်ကိုလဲ စကားတတ်လို့ မဟုတ်ပါဘူး ရွှေရယ်၊ ဒါပေမဲ့ ရွှေနဲ့ အတူနေရတော့ စိတ်ထဲမှာ ပျော်တယ်၊ ကြည်နူးတယ်၊ စိတ်ကြည်နူးတော့ ရွှေ့ကို ပြောဖို့စကားလုံးတွေဟာ ဘယ်ကထွက်လာမှန်းမသိဘူး။ အစီအရီ ထွက်လာကြတော့တာပဲ။ အစ်ကို့စိတ်ထဲမှာတော့ ရွှေရဲ့ အလှကိုမြင်ရရင် လူတွေမပြောနဲ့ ကျောက်ရုပ်ကတောင် စကားပြောလာလိမ့်မယ်ထင်တယ်"

"ဆိုလှချည့်လား အစ်ကိုရယ်၊ ဒါကြောင့် စကားတတ်တယ်လို့ ရွှေက ပြောတာပေါ့"

"နေပါဦး ရွှေ၊ ခုလိုအစ်ကိုနဲ့နေရတော့ မပျော်ဘူးလား"

"အို ပျော်သမှ သိပ်ပျော်တာပဲ၊ နောင်တော့ အစ်ကို အချစ်ပြယ်သွားတော့သာ ဟောဒီက မိရွှေတင် အပူသည်ကြီးဖြစ်ပြီး"

ခင်မောင်ဝင်းက ရွှေတင်၏ ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်ပြီး

"နိမိတ်မရှိ ရွှေလေးရယ်၊ အစ်ကိုက ရွှေ့ကို ဘယ်တော့မှ အချစ် မပြယ်ဘူး မှတ်ထား၊ အစ်ကိုက ရွှေ့ကို ဘယ်တော့မှ အချစ်လဲကုန်မှာ မဟုတ်ဘူး၊ ဗြဟ္မာကြီးတွေရဲ့ တစ်တောင်လောက်ရှိတဲ့ လျှာတွေ ကုဋေကဋာ ကို ငှားပြီးပြောလဲ ပြောလို့ကုန်မှာ မဟုတ်ဘူး"

"ဒါတွေကြောင့် မိရွှေတင် ရူးလိမ့်မယ် အစ်ကို၊ မိရွှေတင်ရူးလိမ့်မယ်"

ရွှေတင်က ခင်မောင်ဝင်း၏ ရင်ခွင်ထဲသို့ ခေါင်းတိုး၍ ဝင်လိုက်သည်။ ခင်မောင်ဝင်းက ရွှေတင်ကို ကျောမှ သိုင်းဖက်ထားလိုက်လေသည်။

"သြော် ဒါထက် ရွှေ၊ ရွှေ့ကို ပေးဖို့ လက်ဆောင် ဝယ်ခဲ့မလို့ဟာ ကတိုက်ကရိုက်မို့ မဝယ်ခဲ့ရဖူး၊ ရွှေ့ကို ဒီအဝတ်အစားကြီးနဲ့ မကြည့် ရက်ပါဘူးရွှေရယ်၊ အဝတ်အစား အသစ်ကလေးများ ဝယ်ပါဦး၊ ရော့ ခု လောလောဆယ်မှာတော့ အစ်ကို့မှာ ငွေတစ်ရာပါတယ် ယူထားနော်"

ခင်မောင်ဝင်းက အိတ်ထဲမှ ရာတန်တချပ်ကို ထုတ်၍ပေးလိုက်သည်။ ရွှေတင်က ဝမ်းနည်းဟန်ဖြင့် ခင်မောင်ဝင်းကို မော့ကြည့်လိုက်ပြီး

"ရွှေတင် အစ်ကို့ကို ချစ်တာဟာ ငွေချစ်လို့ မဟုတ်ပါဘူး အစ်ကို၊ လူကို ချစ်လို့ပါ"





"အံမာလေးဟဲ့ ရွှေကလေး၊ အစ်ကိုသိပါတယ်၊ ပြောစရာ မလိုပါဘူး။ ဒါပေမဲ့ ရွှေ ခုလို ဆင်းဆင်းရဲရဲ နေရတုန်းမှာ လိုရမယ်ရသုံးဖို့ယူထားပါ။ အစ်ကို့ကိုချစ်ရင် ယူရမယ်နော်၊ ရော့ ရော့"

ခင်မောင်ဝင်းက ရွှေတင်၏ ခါးကြားထဲသို့ စက္ကူကို ထိုးထည့်နေသည်။ ရွှေတင်က တခစ်ခစ် ရယ်မောကာ . . .

"ယားတယ် အစ်ကိုရဲ့၊ ပေးပါ ရွှေတင်ဘာသာ ထည့်ပါ့မယ်"

ရွှေတင်က လက်လှမ်းအယူလိုက်တွင် ခင်မောင်ဝင်းက ရာတန်စက္ကူကို ရင်ခွင်ထဲသို့ ပစ်ချလိုက်ကာ ရွှေတင်ကို ဖက်၍ အငမ်းမရနမ်းနေပေသည်။ ရေအိုင်နေရာမှ ရေကာတာ ကျိုးပေါက်ကာ ဒလဟော စီးဆင်းလာသကဲ့သို့ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ဂျိန်းခနဲ တံခါးဖွင့်သံကို ကြားတော့မှ ကျင်ရွှေသည် အိပ်မက်မှ လန့်နိုးလာလေသည်။

နေ့လယ်ရုံးတက်ချိန်ရောက်၍ တရားခွင်ကို သွားရဦးမှာပါတကား။ နေ့လယ်ရုံးတက်ချိန်တွင် တရားလိုသက်သေများကို ဆက်၍စစ်လေသည်။ လက်ဗွေပါရဂူပုံစံ၊ ဆရာဝန်၊ ဇိမ်ခေါင်းကိုဘလွန်း၊ ဇိမ်မယ် အမြ(ခေါ်)မြမြ(ခေါ်)မျက်ပြူး(ခေါ်) မာဂရက်နှင့် အလင်းဟော်တယ်ပိုင်ရှင် မစ္စတာအလျောင်းတို့ကား တရားလိုပြသက်သေများပင်တည်း။

သူတို့အားလုံး၏ ထွက်ချက်များမှာလည်း ကိုဘကျော်နှင့် မချစ်မေတို့၏ ထွက်ချက်များလိုပင် ကျင်ရွှေ့အပေါ်ကိုသာ ပုံချသွားလေသည်။ တရားလိုသက်သေများစစ်ပြီးနောက် တစ်ဦးတည်းသော တရားခံပြ သက်သေကို စစ်လေသည်။ တရားခံပြသက်သေမှာ ညိုလေး ဖြစ်လေသည်။

ညိုလေးမှာ ခါတိုင်းလိုပင် ဘလေဇာအနွမ်း၊ ဘန်ကောက်လုံချည်အနွမ်း၊ လူပုံ ခပ်နွမ်းနွမ်း။

"အမည်"

"ညိုလေး"

"အဘအမည်"

"ဦးရွှေထိုက်"

"အလုပ်အကိုင်"





ညိုလေးမှာ ရုတ်တရက် ဘာဖြေရမှန်း မသိဘဲ ဖြစ်နေလေ၏။ သူ့အလုပ်အကိုင်မှာ လူပုံအလယ်တွင် ထုတ်ဖော်ပြောလို့ရသော အလုပ်အကိုင်မဟုတ်ပေ။ ခဏကြာငိုင်နေပြီးမှ

"သဘောကြီး အလုပ်သမား"

ညိုလေးသည် ကျင်ရွှေဘက်သို့ လှည့်ကြည့်ပြန်သည်။ ကျင်ရွှေသည် သူ့ကို ငေးကြည့်နေလေသည်။ ကျင်ရွှေ့မျက်လုံးမှာ မျှော်လင့်ချက်တို့ဖြင့် အရောင်ထွက်ကာ ရွှန်းစိုတောက်ပ၍နေသည်။ ကျင်ရွှေသည် သူ့အားအားကိုးကြောင်းကို ညိုလေးသိသည်။ ကျင်ရွှေ့ဘက်က ရဲရဲဝံ့ဝံ့ ထွက်ဆိုမည့်သူမှာ သူတစ်ယောက်သာ ရှိသည် မဟုတ်ပါလော။

တရားခံရှေ့နေကြီးက ထ၍

"လူသတ်မှုနဲ့ တရားစွဲခံနေရတဲ့ တရားခံမ မိကျင်ရွှေ(ခေါ်) အရွှေကို မင်းသိသလား"

"သိပါတယ်"

"ဘယ်လောက်ကြာပလဲ"

"လွန်ခဲ့တဲ့ ငါးနှစ်ကပါ"

"ပုလိပ်တွေက အရွှေကို လာဖမ်းသွားတဲ့အချိန်မှာ မင်းရှိသလား"

"ရှိပါတယ်"

"ဒီအချိန်မှာ အရွှေဘာလုပ်နေသလဲ"

ညိုလေးက ခေါင်းငုံ့ကာ

"မနေ့ညက အိပ်ရေးပျက်လို့ဆိုပြီး အိပ်နေပါတယ်"

တရားခံရှေ့နေကြီးက အရွှေ့ဘက်သို့ တစ်ချက်လှည့်ကြည့်ရာမှ

"အရွှေ့ကို ဘယ်သူသွားနှိုးပေးသလဲ၊ ပုလိပ်တွေကိုယ်တိုင် ဝင်နှိုးသလား၊ ကိုဘလွန်း ဝင်နှိုးသလား"

"ကိုကြီးလွန်းက ခိုင်းလို့ ကျွန်တော်ကိုယ်တိုင် သွားနှိုးပါတယ်"

"သွားနှိုးတော့ သူ့ကို ဦးဖေသန်းသတ်မှုနဲ့ ပုလိပ်တွေဖမ်းကြောင်း မင်းက ပြောပြသေးလား"

"ပြောပါတယ်"

"ဒီတော့ အရွှေက ဘာပြောသလဲ"

"အစတော့ အရွှေဟာ ဦးဖေသန်းသေတဲ့အကြောင်း သိရလို့ အံ့အား



www.burmeseclassic.com

www.burmeseclassic.com



သင့်နေပါတယ်၊ ကျွန်တော်က ဦးဖေသန်းဟာ အဆိပ်ခပ်ခံရလို့ သေတဲ့အကြောင်း၊ ဒါ့ကြောင့် အရှေ့ကို ဖမ်းဖို့လာကြတဲ့ အကြောင်းပြောတော့ အရှေ့က ဒါ ဟိုလင်မယားလက်ချက်ပဲလို့ ပြောပါတယ်၊ ဒီတော့"

တရားလိုရှေ့နေကြီးက ထကာ -

"မေးခွန်းကိုပဲဖြေပါ၊ တခြားဟာတွေ မပြောပါနဲ့"

ညိုလေးမှာ ဘာပြောရမှန်းမသိဘဲ ရပ်သွားသည်။ တရားရုံးတော်၏ အရှိန်အဝါ၊ တရားလိုရှေ့နေကြီး၏ အရှိန်အဝါကြောင့် လန့်သလိုလို ဖြစ်နေသည်။ တရားခံရှေ့နေကဝင်၍

"ရုံးတော်မင်းခင်ဗျား၊ တရာခံပြသက်သေဟာ မေးတဲ့မေးခွန်းကို ဖြေနေပါတယ်၊ ဒါ့ကြောင့်ပြောခွင့်ပြုစေလိုပါတယ်"

တရားသူကြီးက ခေါင်းညိတ်၍ ညိုလေးက ဆက်၍ပြောနေသည်။ တရားလို ရှေ့နေကြီးက ဆောင့်၍ထိုင်ချလိုက်လေသည်။

"ဒီတော့ ကျွန်တော်မျိုးက 'အတွေ့ခံလို့ဖြစ်ပါ့မလား' လို့ မေးပါတယ်၊ အရှေ့က . . ."

"အရှေ့ကပြောတာကို မင်းက ပြန်ပြောပြစရာ မလိုပါဘူး အရှေ့ ဘာသာ ပြောပါလိမ့်မယ်"

တရားလိုရှေ့နေကြီးက ထိုင်ရာမှထ၍ ညိုလေးကို ငေါက်ပြန်လေသည်။ တရားလို ရှေ့နေကြီးကား များစွာ ဒေါပွနေဟန်ရှိလေ၏။

"ရုံးတော်ကို လျှောက်ထားလိုပါတယ်၊ ခု တရားခံပြသက်သေ ညိုလေးရဲ့ ထွက်ချက်ဟာ ဟီး ယား ဆေး အဲဗီးဒင့်(စ်) (တစ်ဆင့်ပြောသံကြား ထွက်ချက်) မဟုတ်ပါဘူး၊ သူကိုယ်တိုင် အရှေ့ရဲ့ ပါးစပ်က ကြားရတဲ့စကားများ ဖြစ်ပါတယ်၊ ဒါကြောင့် ပညာရှိ တရားလိုရှေ့နေကြီးရဲ့ ကန့်ကွက်ချက်ကို ပယ်စေလိုက်တယ်"

တရားသူကြီးက သက်သေခံ ဥပဒေစာအုပ်ကို လှန်လှောကြည့်ရှုကာ တရားလိုရှေ့နေဘက်သို့ လှည့်ပြီး . . .

"ပြောပါ၊ ပြောနိုင်ပါတယ်၊ ဒါဟာ ဟီးယားဆေး အဲဗီးဒင့်(စ်) မဟုတ်ဖူး ဝတ်လုံတော်ရမင်း"

တရားလိုရှေ့နေကြီးမှာ ပို၍ ဒေါပွလာဟန်ဖြင့် တရားခံရှေ့နေကို လှမ်းကြည့်လိုက်သည်။ ဘာမျှမပြောလိုတော့ပေ။





"ကျွန်တော်က မေးတော့ အရှေ့က ဘာလို့ အတွေ့ခံလို့ မဖြစ်ရမလဲ၊ ငါ အပြစ်ကျူးလွန်တဲ့ လူမှ မဟုတ်ဘဲ လို့ ပြောပါတယ်"

"အခင်းဖြစ်ပွားတဲ့ ညကကော၊ မင်း ကိုဘလွန်း အိမ်မှာရှိသလား"

"ရှိပါတယ်၊ မျက်ပြူးအမြရယ်၊ မကျင်ရွှေရယ်၊ ကုလားမ အမာဂျန်ရယ်၊ အရီရယ်၊ တစ်ပွင့်နှစ်ပြားကြေး ဂျော်ကာဆွဲနေကြပါတယ်"

"မင်းက ဘာလုပ်သလဲ"

"ကျွန်တော်က မကျင်ရွှေ ဘေးကထိုင်ပြီး ကြားပေါက်ပါတယ်၊ ကိုကြီးလွန်းကနိုင်းလို့ အကောက်လဲ ကောက်ပါတယ်"

"သေသူ ဦးဖေသန်း ဘယ်အချိန်လောက် ရောက်လာသလဲ"

"ည ဆယ်နာရီလောက် ထင်ပါတယ်။ သူတစ်ယောက်တည်း လန်ချားနဲ့ပေါက်လာပါတယ်။ အဲဒီတော့ ဦးဖေသန်းက သိပ်မမူးသေးပါဘူး၊ သူလဲ ဝင်ပြီး ကစားပါတယ်၊ နောက် ဦးဖေသန်းက အရက်သောက်ချင်တယ် ပြောလို့ ကျွန်တော် အရက်သွားဝယ်ပါတယ်၊ ကျွန်တော်တို့စားဖို့ ခေါက်ဆွဲကြော် မှာလိုက်လို့ ခေါက်ဆွဲကြော်ခြောက်ထုပ်လဲ ဝယ်သွားပါတယ်၊ ကျွန်တော်ပြန်လာတော့ မကျင်ရွှေနဲ့ဦးဖေသန်းက လက်လှန်ကစားနေကြပါတယ်၊ ဦးဖေသန်းတော့ မသိဘူး၊ မကျင်ရွှေက တော်တော်ရှုံးနေပါပြီ၊ ဒါနဲ့ ကစားရင်း ဦးဖေသန်းက အရက်သောက်ပါတယ်၊ တော်တော်လေး မူးတော့ မကျင်ရွှေကို ခေါ်ပါတယ်"

"ဘယ်ကို ခေါ်တာလဲ"

တရားသူကြီးက လက်နှိပ်စက်ရိုက်ရာမှ ရပ်၍ လှမ်းမေးလိုက်သည်။ ညိုလေးသည် ကျင်ရွှေကို လှမ်းကြည့်လိုက်ပြီး ခေါင်းငုံ့နေသည်။ အတန်ကြာမှ ခပ်တိုးတိုးဖြင့် . . .

"အခန်းထဲကို သွားအိပ်ကြရအောင် ခေါ်ပါတယ်"

ရယ်သံများ ထွက်ပေါ်လာလေ၏။ တရားသူကြီးက ပြုံး၍ လက်နှိပ်စက် ရိုက်နေလေသည်။

"ဒါနဲ့ အခန်းထဲ ဝင်သွားကြရော ဆိုပါတော့"

တရားခံရှေ့နေကြီးက ဝင်၍ မေးလိုက်သည်။ ရယ်သံများကို ကြားရသည်။ ညိုလေးက အသံခပ်တိုးတိုးဖြင့်ပင်

"မဝင်သေးပါဘူး၊ မကျင်ရွှေက သူရှုံးနေလို့ နေပါဦးလို့ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးဖေသန်းက ဖွတ်ဆွဲခေါ်တဲ့အတွက်ကြောင့် တစ်ကြောင်း၊ ကိုကြီးလွန်းကလဲ လိုက်သွားလို့ အော်တဲ့အတွက်တစ်ကြောင်း လိုက်သွားရပါတယ်။ ဦးဖေသန်းဆီက ငွေတစ်ဆယ်ယူပေးပြီး သူ့အိမ်မှာ ကျွန်တော့်ကို အတိုင်နိုင်းပါတယ်"

တရားခံရှေ့နေကြီးက ပြုံးစနဲ့နဲ့ဖြင့် . . .

"သူတို့ အခန်းထဲဝင်သွားပြီး ဘယ်လောက်ကြာမှ ပြန်ထွက်လာသလဲ"

ညိုလေးက ကျင်ရွှေကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ခေါင်းငုံ့နေသည်။ ကျင်ရွှေကား ခေါင်းမငုံ့ မျက်နှာကိုပင် တမင်မော့ထားလိုက်သေးသည်။ နှုတ်ခမ်းများကလည်း ပြုံးတုံ့ ပြုံးယောင် ဖြစ်နေကြသည်။ သရော်သော အပြုံး၊ မထီမဲ့မြင်ပြုသော အပြုံးမျိုးပေတည်း။

ညိုလေးက ခပ်တိုးတိုးဖြင့် . . .

"ထမင်းအိုးတစ်လုံးချက်လောက် ကြာပါတယ်"

"ထမင်းအိုး တစ်လုံးချက်ဆိုတာ ဘယ်လောက်ကြာသလဲကွာ၊ နာရီနဲ့ ပြောစမ်းကွာ၊ ခန့်မှန်းခြေပေါ့"

"နာရီဝက်လောက် ရှိမယ်ထင်ပါတယ်"

"ကောင်းပြီ၊ အခန်းထဲကို သူတို့ရောက်သွားတော့ ဘာသံတွေ ကြားရသလဲ"

ရယ်သံများ ထွက်ပေါ်လာပြန်သည်။ တရားသူကြီးကလည်း ခပ်ပြုံးပြုံး၊ ရှေ့နေတွေကလည်း ခပ်ပြုံးပြုံး၊ အမှုနားထောင်သူတွေကလည်း ခပ်ပြုံးပြုံး။

မပြုံးသူမှာ ညိုလေးနှင့် ကျင်ရွှေ နှစ်ယောက်သာ ဖြစ်သည်။ မပြုံးမရယ် လုပ်နေပုံချင်းတူသော်လည်း သူတို့နှစ်ယောက်မှာ အမှုအရာချင်း ခြားနားနေကြသည်။ ညိုလေး၏ အမှုအရာမှာ ရှက်ရွံ့သည့် အမှုအရာ၊ မပြောချင်သည့် အမှုအရာ။ ကျင်ရွှေ၏ အမှုအရာကား မရှက်မကြောက်သည့် မျက်နှာထား၊ လောကကကြီးကို ဂရုမစိုက်သော မျက်နှာထား။

"ကျီစယ်သံတွေ ကြားရပါတယ်"

"ဘယ်လိုကျီစယ်သံလဲ၊ ရယ်သံလား၊ ထုသံ ရိုက်သံလား"

ရယ်သံများ ထွက်ပေါ်လာပြန်၏။ သို့ရာတွင် တရားလိုရှေ့နေကြီး





က မျက်နှာထားတင်းတင်းနှင့် ထရပ်လိုက်သဖြင့် ရယ်သံများမှာ မီးကို ရေနှင့် ငြိမ်းလိုက်သလို ပျောက်သွားသည်။

"ရုံးတော်ခင်ဗျား၊ ဒီမေးခွန်းဟာ နိမိတ်ပြ မေးခွန်းဖြစ်နေပါတယ်။ ဒါကြောင့်မို့ ကန့်ကွက်ပါတယ်"

"ကြားတာကို ပြောပါစေ"

"ဦးဖေသန်းရဲ့ ရယ်သံနဲ့ မကျင်ရွှေရယ်သံကို ကြားရပါတယ်။ နောက်ပြီး ကျောကိုတအုန်းအုန်းနဲ့ ထုရိုက်နေသံ ကြားရပါတယ်။ နောက် ဦးဖေသန်းက 'အရွှေရယ် အစ်ကိုကြီးကို ရက်စက်တော့မှာလား' လို့ မေးသံ ကြားရပါတယ်"

"ဒီတော့ မကျင်ရွှေက"

ညိုလေးသည် ဆက်မပြောဘဲ အရွှေကို လှမ်းကြည့်လိုက်၏။ နောက် ရုံးတော်ကိုလည်း လှမ်းကြည့်နေသည်။

"ပြောပါလေ၊ မင်းကြားရတာကိုသာ ပြောပါ"

"ဒီတော့ မကျင်ရွှေက ရက်စက်တော့မှာပေါ့၊ အစ်ကိုကြီးက အရက်တွေ သိပ်သောက်လာတာကိုး၊ ဘယ်ရတော့မလဲ လို့ ပြောသံ"

ရုံးခန်းထဲမှ ရယ်သံများထွက်ပေါ်လာပြန်သည်။ ကျင်ရွှေကား မျက်နှာတည်တည်ဖြင့် ငေးနေလေသည်။

"အဲဒီလို ပြောသံကြားရပြီး ဦးဖေသန်းရဲ့ ရယ်သံ၊ ကျောကိုထုသံတွေ ကြားရပြီး ခဏကြာတော့ ပြန်ထွက်လာကြတာပါပဲ၊ နောက်တော့ ကောင်မလေးတွေ ပိုက်ဆံပေးချင်တယ်၊ အရက်လဲ ထပ်သောက်ချင်တယ်လို့ပြောလို့ မကျင်ရွှေ ဟော်တယ်ကို သွားယူပေးပါတယ်။ သန်ကောင်ကျော်တော့ ဦးဖေသန်းနဲ့ မကျင်ရွှေ အပြင်ထွက်သွားပါတယ်။ မနက်ကျမှ ပြန်လာပါတယ်"

"ကြားဖြတ်မေးစရာ ရှိသေးသလား"

တရားသူကြီးက တရားလိုရှေ့နေကြီးကို လှမ်းမေးလိုက်သည်။ တရားလိုရှေ့နေကြီးက ခေါင်းညိတ်၍ ထကာ . . .

"မိကျင်ရွှေခေါ် အရွှေဟာ မင်းနဲ့ ရည်ငံဖူးသလား၊ မင်းက တခြားကောင်မလေးတွေ ကူညီတာထက် မိကျင်ရွှေကို အထူးဂရုစိုက်ပြီး ကူညီတယ်ဆိုတာ ဟုတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



ညိုလေးက ရုတ်တရက်မဖြေဘဲ ကျင်ရွှေဘက်သို့ ကြည့်နေ၏။ ကျင်ရွှေသည် ခေါင်းကို ငုံ့ထားလေသည်။ အတန်ကြာမှ ညိုလေးက

"တခြား ကောင်မလေးတွေထက် မကျင်ရွှေကို ဂရုစိုက်ပြီး ကူညီတယ်ဆိုတာတော့ ဟုတ်ပါတယ်"

"ဒါ ကြိုက်နေကြလို့ မဟုတ်ဖူးလား"

"မဟုတ်ပါဘူး၊ မကျင်ရွှေဟာ ကျွန်တော့်အပေါ်မှာ သက်ညှာတယ်၊ သနားတယ်၊ ဒါကြောင့်မို့ ကျွန်တော်ကလဲ ပြန်ပြီးကူညီတာပါ"

အစိုးရရှေ့နေကြီးသည် မေးခွန်းမမေးသေးဘဲ စားပွဲပေါ်က ရေးမှတ်ထားသော စာရွက်ကို ငုံ့ကြည့်နေသည်။ ပြီးမှ . . .

"ကောင်းပြီ၊ မင်းနဲ့ တရားခံမ မိကျင်ရွှေ (ခေါ်) အရွှေဟာ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက မော်လမြိုင်ကို ထွက်ပြေးဖူးတယ်မဟုတ်လား၊ အဲဒီတုန်းက ဘူတာရုံမှာ ကိုဘလွန်းမိသွားလို့ ပြန်လာရတယ် မဟုတ်လား"

ညိုလေးသည် အံ့အားသင့်ဟန်ဖြင့် အစိုးရရှေ့နေကြီးကို ကြည့်နေသည်။ နောက် ဝက်ခြံထဲတွင် ခေါင်းငုံ့၍ ရပ်နေသော ကျင်ရွှေကို လှမ်းကြည့်လိုက်သည်။ အစိုးရရှေ့နေကြီးမှာ ညိုလေးကို ကြည့်၍ ပြုံးနေပေ၏။ ညိုလေးသည် ကျင်ရွှေကို ကြည့်နေရာမှ တစ်ဖန်ရုံးတော်ဘက်သို့ လှည့်ကြည့်ပြီး . . .

"ဒါကတော့ ချစ်လို့ကြိုက်လို့ ထွက်ပြေးကြတာ မဟုတ်ပါဘူး"

"ချစ်လို့ ထွက်ပြေးတာမဟုတ်ရင် ဘာဖြစ်လို့လဲ"

ညိုလေးသည် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ ရုံးခန်းထဲတွင် ရှေ့နေများ၊ ပုလိပ်များနှင့် ကျင်ရွှေတို့အပြင် အမှုနားထောင်သူ အချို့သာ ရှိလေသည်။ ညိုလေး၏ မျက်လုံးများသည် ကိုဘလွန်းကို လိုက်ရှာနေကြသည်။ အမှန်ကတော့ ကိုဘလွန်းမှာ တရားလိုပြသက်သေတစ်ဦးဖြစ်၍ ရုံးခန်းထဲသို့ မဝင်ရပေ။

ကိုဘလွန်းကို ကြည့်၍ မမြင်တော့မှ ညိုလေးက အစိုးရရှေ့နေကြီးဘက်သို့လှည့်ကာ . . .

"ကိုဘလွန်းက နှိပ်စက်လို့ မကျင်ရွှေက ထွက်ပြေးချင်တယ် ပြောပါတယ်။ ဒါကြောင့်မို့ ကျွန်တော်က လိုက်ပို့တာပါ။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်တည်း ပြေးတာလဲမဟုတ်ပါဘူး။ မျက်မှေးမမြဲလဲ ပါပါသေးတယ်"





တရားခံရှေ့နေက အစိုးရရှေ့နေသို့ မကြားတကြားဖြင့် . . .

"ဒီလိုလုပ်လို့ ဘယ်ရမလဲ ဆရာကြီးရဲ့၊ ညိုလေးက ကောင်မလေးတွေနဲ့ ကြိုက်နေလို့ ကောင်မလေးဘက်က သက်သေလိုက်နေတဲ့ သဘောမျိုးရောက်အောင် လုပ်မလို့မဟုတ်လား၊ ဟဲ ဟဲ"

"ဒါ ခင်ဗျားအပူမဟုတ်ပါဘူး"

တရားလိုရှေ့နေကြီးက မကြားတကြား ပြောပြီးနောက် မေးစရာမေးခွန်း မရှိတော့၍ ထိုင်ချလိုက်လေသည်။ နောက် တရားခံရှေ့နေက ပြန်လှန်မေးခွန်းထုတ်၍ နေပေ၏။

ကျင်ရွှေသည် ညိုလေးဖြေသည့် အဖြေများကို ကြားနေရပေ၏။ သူ့လွတ်မြောက်ရေးအတွက် ညိုလေးသည် တတ်နိုင်သမျှကာကွယ်ပေးနေသည်ကို တွေ့ရသောအခါ ညိုလေးကို သနားသွားလေသည်။ ညိုလေးကား ကျင်ရွှေအဖို့ အချစ်ကျေးကျွန်တစ်ယောက်မျှသာတည်း။

ကျင်ရွှေသည် ညိုလေးကို လှမ်းကြည့်ပြီး ခုံရုံးပေါ်မှ ခင်မောင်ဝင်းကို လှမ်းကြည့်လိုက်သည်။ ခင်မောင်ဝင်းမှာ ညိုလေး၏ ထွက်ချက်များကို စိတ်ဝင်စားစွာ နားထောင်နေလေ၏။

ခင်မောင်ဝင်းကို မြင်လိုက်တော့ ဖြူးတုန်းက အဖြစ်အပျက်တွေကို သွား၍ အမှတ်ရလာပြန်လေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

တစ်ညနေခင်းတွင် ခင်မောင်ဝင်းနှင့် ရွှေတင်သည် မီးရထားသံလမ်းအတိုင်း လယ်တောဘက်သို့ လမ်းလျှောက် ထွက်လာခဲ့ကြလေသည်။ အချို့ လယ်တောများမှာ စပါးတွေ ရိတ်သိမ်းပြီး၍ ရိုးပြတ်များသာ ကျန်တော့သည်။ တချို့ လယ်တောများကား မရိတ်ရသေးပေ။

ဝင်လုဆဲ နေမင်း၏ ပန်းနုသွေး ဖျော့ဖျော့ နေခြည်များသည် ဝါဝင်းမှည့်ရော်နေသော စပါးတောများပေါ်သို့ လျှောကျလာလေသည်။ ပုစဉ်းထိုးငှက်ကလေးများသည် ကြေးနန်းကြိုးများပေါ်တွင် စီတန်း၍ နားနေကြ၏။ ပျံလွှားများ၊ မိုးစွေငှက်များမှာ တိမ်လွှာကြားမှ ထိုးဆင်းကာ ပျံဝဲနေကြသည်။ ဗျိုင်းအောက်တစ်ကောင်မှာ ကတွတ်ဝတွင် ခြေတစ်ပေါင်ကျိုးရပ်နေပေ၏။

"ကြည့်စမ်း ရွှေတင်၊ ဟို ကန်သင်းရိုးနားမှာ ဗျိုင်းကြီးတစ်ကောင်တည်း ရပ်နေတာ သနားစရာ မကောင်းဘူးလား ဟင်"

ခင်မောင်ဝင်းက လက်ထဲက တုတ်ကောက်ဖြင့် ကတွတ်ဝက ဗျိုင်းကို ညွှန်ပြရင်း ပြောလေသည်။ ခင်မောင်ဝင်းမှာ ပိုးရှပ်လက်ရှည်၊ နံ့သာရောင် ပိုးဘောင်းဘီကို ဝတ်ထားပြီး ရွှက်ဖျင်ဖိနပ်ဖြူကို စီးထားလေ၏။

ရွှေတင်က ခင်မောင်ဝင်း လှမ်းပြရာသို့ လည်တိုင်ကလေးစောင်းငဲ့ကြည့်လိုက်ရာက ခင်မောင်ဝင်း စကားကို သဘောကျသွားဟန်ဖြင့် တခစ်ခစ်ရယ်လိုက်ပြီး . . .

"အံမလေး အစ်ကိုရယ်၊ ဒါများ ဘာသနားစရာကောင်းလို့လဲ"





"သြော် သူ့ခမျာ အဖော်မပါဘဲနဲ့ တစ်ယောက်တည်းရပ်နေရတာ ပျင်းစရာကောင်းမှာပဲလို့ အစ်ကိုက ကိုယ်ချင်းစာပြီး တွေးမိလို့ပါ"

"ဟင့်အင်း၊ ရွှေရွှေတော့ မသနားပေါင်၊ ဗျိုင်းဆိုရင် သိပ်မုန်းတာပဲ"

ရွှေတင်က ခေါင်းကို ဖြေးလေးစွာ ယမ်းရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့"

"သိပ်ဉာဏ်များတယ် အစ်ကိုရဲ့၊ ရွှေရွှေတို့ ငယ်ငယ်တုန်းက ဒေါင်းတံဆိပ်ဖတ်စာအုပ်ထဲမှာ ပုံပြင်ကလေးတစ်ခု ဖတ်ဖူးတယ်"

ခင်မောင်ဝင်းက ရွှေတင်ကို ပြုံးစစဖြင့် ကြည့်ကာ . . .

"အင်း ခပ်မှေ့မှေ့ ဖြစ်နေပြီ၊ ဆိုပါဦး"

"ရေအိုင်တစ်အိုင်မှာ ငါးတွေ၊ ပုစွန်တွေ နေကြသတဲ့။ အိုင်ထဲမှာ တဖြည်းဖြည်းနဲ့ ရေတွေခန်းလာတော့ အဲဒီအိုင်ထဲမှာနေတဲ့ ငါးတွေကို တခြား ရေများတဲ့အိုင်တစ်အိုင် ပို့ပေးမယ်၊ သူ့ပါးစပ်ထဲ လိုက်ခဲ့ကြပါလို့ ဗျိုင်းက ခေါ်သတဲ့။ ဒါနဲ့ ငါးတွေလဲ ဗျိုင်းရဲ့စကားကို ယုံစားပြီး လိုက်သွားကြတာနဲ့ အစားခံလိုက်ရတာ ငါးတွေ ကုန်သွားရောတဲ့။ အဲဒါ ပုစွန်ရဲ့အလှည့်ရောက်တော့မှ ပုစွန်က ပါးစပ်ထဲမှာဆိုရင် လွတ်ကျလိမ့်မယ်၊ ဗျိုင်းရဲ့လည်ပင်းကို ညှပ်လိုက်ပါရစေဆိုပြီး ညှပ်လိုက်သွားပြီး ဗျိုင်းကို လက်မနဲ့ညှပ်ပြီးသတ်တော့မှ ငါးတွေအသက်ချမ်းသာရာ ရသတဲ့။ 'ပုစွန်ကြံတတ် ဗျိုင်းလည်ပြတ်၊ ရွှေကတ်ကျေးအသွင်' သံပေါက်ကလေးတောင် ရှိသေးတယ် မဟုတ်လား အစ်ကိုရဲ့၊ ဒါကြောင့်မို့ ရွှေရွှေတော့ ဗျိုင်းဆိုရင် ကောက်ကျစ်စဉ်းလဲလွန်းလို့ မုန်းတယ်။ ကြည့်လေ၊ ခုလဲ ဒီဗျိုင်းကြီးဟာ ကတွတ်ဝမှာ ပေါ်လာတဲ့ ငါးတွေကို စားပစ်မလို့ စောင့်နေတာ။ ဘုရားသိကြားမလို့ ပုစွန်လို သူရဲကောင်းနဲ့ တွေ့သွားပါစေရှင်"

ရွှေတင်သည် ဗျိုင်းအောက်ကြီးကို လှမ်းကြည့်ကာ ဆုများပင် တောင်းနေလိုက်ချေသေး၏။ ခင်မောင်ဝင်းက တဟားဟား ရယ်ကာ . . .

"သြော် ဒါကြောင့် မုန်းတာလား၊ ဒီလိုဆိုရင်လဲ မုန်းပါဗျာ မုန်းပါ၊ ဒါပေမဲ့ အစ်ကို့ကိုတော့ မမုန်းလိုက်ပါနဲ့ ရွှေတင်ရယ်၊ အစ်ကိုဟာ တစ်ယောက်ထီးထီး နေရတဲ့ အဖြစ်မှာသာ ဗျိုင်းကြီးနဲ့တူတာပါ၊ ကောက်ကျစ်စဉ်းလဲတဲ့အဖြစ်မှာတော့ ဗျိုင်းနဲ့မတူပါဘူး"

ရွှေတင်သည် သည်တော့မှ သူ့စကား၏ အဓိပ္ပာယ် သည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပုံကို သတိရမိသွားကာ အားနာဟန်ဖြင့် . . .

"အို . . . အစ်ကိုကလဲ၊ ရွှေရွှေက အစ်ကို့ကို ဖျိုင်းကြီးနဲ့တူတယ်လို့ မဆိုလိုပါဘူး။ ဖျိုင်းရဲ့ သဘာဝကိုသာ စပ်မိလို့ ပြောတာပါ။ အစ်ကိုရဲ့ အချစ်ဟာ ကောက်ကျစ်စဉ်းလဲတဲ့ အချစ်မျိုးမဟုတ်ဘူးဆိုတာ ရွှေ ယုံပြီးသားပါ။ အစ်ကိုဟာ ရွှေရွှေ့အပေါ်မှာ ရိုးသားဖြူစင်တဲ့ အချစ်နဲ့ ချစ်တယ်၊ အစ်ကိုဟာ ဂုဏ်ပကာသနတွေကို ဖယ်ရှားပြီးတော့ ရွှေလိုနွံထဲမှာ နစ်နာနေတဲ့သူကို ချစ်ရဲတယ်ဆိုတာကိုတော့ ရွှေတင် ခြွင်းချက်မရှိ ယုံကြည်ပါတယ် အစ်ကို"

"ဒါကိုတော့ ယုံပါတယ်ဆိုရင် ဘယ်ဟာကိုတော့ မယုံသလဲ ရွှေကလေးရဲ့"

"မယုံတာရယ်လို့တော့ မရှိဝံ့ မရှိရဲပါဘူးအစ်ကို၊ အစ်ကိုနဲ့ ပတ်သက်လာရင် အားလုံးကို ယုံတာချည်းပါပဲ၊ ဒါပေမဲ့ ရွှေရွှေရဲ့ ရှေ့ရေးကိုတော့ သိပ်မယုံချင်သလိုကြီးပဲ"

"ဘာဖြစ်လို့လဲ"

"ဪ အစ်ကိုက ရွှေရွှေကို ဘယ်လောက်ချစ်ပါတယ် ဆိုဆို၊ တစ်နေ့ကျရင် အကြောင်းတစ်ခုခုကြောင့် အစ်ကိုဟာ မရှောင်မလွှဲသာပဲ အိုင်တွေ့လို့ ခြေဝင်ဆေးတဲ့သဘောမျိုး ဖြစ်သွားမှဖြင့်"

"ရှောင်တယ် မရှောင်ဘူးဆိုတာက အစ်ကို့အပေါ်မှာသာ တည်တာပါ ရွှေရဲ့၊ အစ်ကို့အပေါ် ယုံကြည်ချက်ဟာ ဟိမဝန္တာတောင်ကြီးလောက်သာ ကြီးမားခဲ့ရင် ရွှေကလေးရဲ့ စိုးရိမ်ချက်ဟာ သဲပွင့်ကလေးလောက်သာ ရှိမှာပါ"

ခင်မောင်ဝင်းက မြူချော့သည့်ဟန်ဖြင့် ရွှေတင်၏ လက်ဖျားများကို ကိုင်ကာ ဆုပ်နယ်ပေးနေလေသည်။

"အစ်ကို့ကို ယုံတာတော့ မပြောနဲ့ အစ်ကို၊ ရွှေရွှေ ဘာနဲ့နှိုင်းပြီး ပြောရမယ်လို့တောင် မသိတော့ဘူး။ ဒါပေမဲ့ တစ်ဘက်မှာ ကြီးကြီးဆင့်တို့ ရှိသေးတယ် အစ်ကို။ အစ်ကိုနဲ့ ရွှေတင်တို့ကြားမှာ ကြီးကြီးဆင့်တို့တစ်တွေ၊ အစ်ကိုတို့ ဆွေဂုဏ်မျိုးဂုဏ်တွေဟာ ဟိမဝန္တာတောင်ကြီး ခြားနေသလိုပဲ။ အစ်ကိုနဲ့ ရွှေရွှေတို့ နေပုံထိုင်ပုံကို မသက်ာတော့ ရွှေရွှေ့ကို တောပြန်ပို့တာပဲ ကြည့်တော့လေ။ ခုလဲ အစ်ကိုတစ်ခေါက်ပြန်လာရင် ရွှေရွှေ့ကို တောပြန်





ပို့လိမ့်ဦးမယ် ထင်တယ်၊ အမှန်ကတော့ အစ်ကိုရယ်၊ ရွှေ့ကို **မချစ်တာက** ပိုလို့ကောင်းလိမ့်မယ် ထင်ပါတယ်"

ရွှေတင်သည် ခင်မောင်ဝင်းမျက်နှာကို စေ့စေ့ကြည့်ကာ ငေး၍နေလေသည်။ အတန်ကြာတော့ မျက်နှာမှာ ညှိုးနွမ်းလာသည်။ နောက်တော့ ညှိုးမည်း၍ သွားသည်။ နောက်ဆုံးတော့ ခင်မောင်ဝင်း၏ လက်မောင်းကို မှီကာ မျက်နှာကို ခင်မောင်ဝင်းရင်မှာ ကပ်ထားလိုက်လေသည်။

ခင်မောင်ဝင်းမှာ ရွှေတင်က အချစ်ပြလိုက်သည်ဟု ထင်လိုက်မိလေသည်။ သို့သော် ရွှေတင်သည် တရှုတ်ရှုတ်ငိုနေလေပြီ။

"အို ရွှေရွှေ ဘာလို့ငိုနေတာလဲ"

"ရွှေတော့ သေချင်တာပဲ အစ်ကိုရယ်"

"အို ဘာဖြစ်လို့ သေချင်ရမှာလဲ"

ရွှေတင်သည် လှိုက်လှဲစွာ ငိုချလိုက်ပြန်သည်။ ခင်မောင်ဝင်းသည် ပြည့်ဖြိုးနုထွေးသည့် ပခုံးနှစ်ဘက်ကို သိမ်းကျုံးပွေ့လိုက်ပြီး ငေးနေမိသည်။ တကယ်တော့ ခင်မောင်ဝင်းသည် ဘာပြန်ပြောရမှန်းမသိသလို ဖြစ်နေရင်းက ရွှေတင်အား အားရပါးရ ငိုချလိုက်ရန် ခွင့်ပြုထားခြင်းသာ ဖြစ်လေ၏။

အနောက်ဘက် မိုးကုတ်စက်ဝိုင်းတွင် နေမင်းသည် သွေးရောင်ခြည်များကို တဖြည်းဖြည်း ရုပ်သိမ်းစ ပြုလာလေသည်။ စပါးတောများပေါ်တွင် လျှောကျနေသော ရွှေရောင်နေခြည်များသည် တဖြည်းဖြည်းမှိုင်းလာကာ ဖျော့တော့၍ လာလေသည်။ အဝေးမှကျွဲခလောက်သံများကို ကြားရလေ၏။

ရွှေတင်က ငိုလို့ အားရသွားဟန်ဖြင့် ခင်မောင်ဝင်း၏ ရင်တွင် မျက်နှာကပ်ကာ ငြိမ်နေလေသည်။

"ဘာလို့ ငိုရတာလဲ ရွှေရဲ့"

"ရွှေတော့ သေသာ သေချင်တယ် အစ်ကို"

ရွှေတင်က သည်းထန်စွာ ရှိုက်၍ ပြောလိုက်သည်။ ခင်မောင်ဝင်းက ရွှေတင်ကို ငုံ့ကြည့်ကာ . . .

"သေရင်လဲ ရွှေတစ်ယောက်တည်း မသေရဘူး၊ အစ်ကိုပါ အတူသေမယ်။ မီးရထားကြီး ဝင်လာတဲ့အခါကျရင် ဟောဒီ ရထားလမ်းပေါ်မှာ နှစ်ယောက်သား ပစ်လှဲပြီး သေပစ်လိုက်ကြမယ်လေ"

သည်အခိုက် အဝေးမှ မီးရထား ခုတ်သံနှင့် ဥသြသံကို သဲ့သဲ့ကြား



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ ရွှေတင်သည် ခင်မောင်ဝင်းအား ဖက်ထားသည်ကို ဆတ်ခနဲ လွှတ်လိုက်ကာ ခင်မောင်ဝင်း မျက်နှာကို ကြည့်ပြီး . . .

"ကဲ တကယ်သေကြစို့လား"

ခင်မောင်ဝင်းက စိတ်အားထက်သန်နေသော ရွှေတင်ကို ကြည့်၍ ရယ်လိုက်ကာ . . .

"ရွှေကလေးကလဲ အဓိပ္ပာယ် မရှိတာတွေ ပြောမနေပါနဲ့၊ ကဲ လာ၊ ပြန်ကြစို့၊ မှောင်နေလိမ့်မယ်"

ခင်မောင်ဝင်းက လက်ကို တွဲ၍ မတ်တတ်ရပ်လိုက်သဖြင့် ရွှေတင်က အလိုက်သင့်တွဲ၍ မတ်တတ်ရပ်ကာ

"ရွှေတင်ကတော့ အချစ်အတွက် တကယ်သေရဲတယ် အစ်ကို၊ အစ်ကိုကတော့ သေရဲမှာ မဟုတ်ပါဘူး"

"ကဲပါ ရွှေရယ်၊ ဒါတွေ ပြောမနေပါနဲ့တော့"

ရွှေတင်သည် ဘာမျှမပြောတော့ဘဲ မျက်ရည်တွေကို လက်ကိုင်ပုဝါနှင့် သုတ်နေ၏။ သုတ်ပြီးတော့လည်း မျက်နှာမှာ မကြည်လင်လှ၊ နွမ်း၍သာနေပေသည်။ သူ့အမူအရာမှာ သေချင်တယ်ဆိုသော စကားကိုပေါ့ပေါ့ကလေး ပြောလိုက်သည် မဟုတ်ကြောင်း ထင်ရှားလှပေ၏။ စိတ်ပြောင်းအောင် ခင်မောင်ဝင်းက စကားပြောင်းလိုက်လေသည်။

"ကိုတောက်ထွန်း တောင်ငူမှာ ရောက်နေတယ်ဆို၊ ဟုတ်သလား"

"ဟုတ်မှာပေါ့"

"ဒီလူကတော့ သခင်လုံးလုံးကြီးဖြစ်နေပြီနော်၊ သခင်ပေါက်စထောင်ခြောက်လဆိုတဲ့အတိုင်း လက်ထိတ်စော်တော့ တော်တော်နံနေရောမယ်"

ရွှေတင်က ဘာမျှမပြောဘဲ ခင်မောင်ဝင်းကို ပြုံး၍သာ ကြည့်လိုက်လေသည်။ သူတို့သည် မီးရထားလမ်းကို ကျော်၍ လယ်တောဘက်မှ မြို့ဘက်သို့ လျှောက်ခဲ့ကြသည်။ မီးရထားကြီးသည် ဥသြသံတညံညံပေး၍ ခုတ်မောင်းသွားလေ၏။

မြို့ထဲသို့ ရောက်သောအခါ မှောင်စပျိုးနေပေပြီ။

ရန်ကုန် - မန္တလေး ကားလမ်းမကြီးအတိုင်း အိမ်ဘက်သို့ ပြန်လျှောက်လာသောအခါ ဈေးလမ်းဒေါင့်တွင် လူတွေကြိတ်ကြိတ်တိုးနေသော





တရားပွဲတစ်ခုကို တွေ့ရလေ၏။ တရားဟော စင်မြင့်တွင် တရားဟောနေသူကား ကိုတောက်ထွန်းပေတည်း။

ခင်မောင်ဝင်းက လက်သီးလက်မောင်းတန်း၍ တရားဟောနေသော ကိုတောက်ထွန်းကို လှမ်းကြည့်လိုက်ပြီး လှောင်ပြုံးပြုံးကာ

"သခင်ပေါက်စတရားဟောတာ နားထောင်ဖူးတယ်ရှိအောင် ခဏနားထောင်ရအောင်နော်"

သူတို့နှစ်ယောက်သည် လူအုပ်ကြီး၏ အဆုံးက မှောင်ရိပ်တစ်ခုမှာ ရပ်လိုက်ကြသည်။

ကိုတောက်ထွန်းက လယ်သီးစားနှင့် လယ်ကူလီများအား မြေရှင်ကြီးများနှင့် နိုင်ငံခြားသား လက်ဝါးကြီးအုပ် စပါးဒိုင်ကြီးများက ခေါင်းပုံဖြတ်နေပုံကို အကိုးအကားများဖြင့် ပြသွားလေသည်။ ကိုယ့်လယ် ကိုယ်လုပ်သော မြေပိုင်ရှင်ကလေးများ မြေမဲ့ယာမဲ့ သီးစားဘဝသို့ရောက်ရပုံ၊ ထိုမှတစ်ဆင့်လယ်ကူလီဘဝ၊ ထိုမှ မြို့ရှိ စက်ရုံအလုပ်သမားဘဝသို့ ရောက်လာရပုံ၊ အလုပ်သမားဘဝတွင် နေရှင်များ၏ သွေးစုပ်ခံရပုံတို့ကို ဥပမာပြကာ ဟောပြောသွားလေသည်။ ပရိသတ်က ဩဘာလက်ခုပ်များ ပေးကြလေသည်။

"ဒီလူက တော်တော်စာဖတ်ဟန် တူတယ်"

နှစ်ယောက်သား အိမ်ဘက် ဆက်လျှောက်လာရင်း ခင်မောင်ဝင်းက ထင်မြင်ချက်ပေး၏။

"စာကတော့ တကုပ်ကုပ်ဖတ်နေတာပဲ၊ ဘာတွေ ဖတ်မှန်းတော့ မသိဘူး"

ရွှေတင်မှာ သူ ခင်မင်လေးစားလှသော ကိုတောက်ထွန်းကို ခင်မောင်ဝင်းက ချီးမွမ်းသဖြင့် စိတ်ထဲက ကျိတ်၍ဝမ်းသာနေမိ၏။ ကိုတောက်ထွန်းမှာ သည်လို လူတွေ၏ ဩဘာလက်ခုပ်ပေးခြင်းခံနေရသော သူရဲကောင်းဖြစ်နေသည်ကို တွေ့ရ၍လည်း ကျေနပ်နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

ရွှေတင်သည် ခင်မောင်ဝင်းကို ငေးကြည့်ရင်း ကောက်ကျစ်စဉ်းလဲသော ဖျိုင်း၏ပုံပြင်ကို သွား၍အမှတ်ရနေလေသည်။ ခင်မောင်ဝင်းကို ရွံရှာမုန်းတီးသောအကြည့်ဖြင့် ကြည့်ပြီး မျက်နှာကို လွှဲပစ်လိုက်သည်။

တရားလိုပြသက်သေများကို စစ်ဆေးပြီးဖြစ်၍ တရားခံမအား စစ်ဆေးရန် ဖြစ်သည်။ တရားခံမကို စတင်စစ်ဆေးမည် ဖြစ်သဖြင့် ရုံးခန်းထဲတွင် လာရောက်နားထောင်သူများပင် ခါတိုင်းထက်များပြားလျက်ရှိသည်။ ရွှေတင်သည် ဝက်ခြံထဲတွင် မတ်တတ်ရပ်လျက်ရှိ၏။ သူ့မျက်နှာကား ခါတိုင်းလို လောကကို ဥပေက္ခာပြုသော အသွင်ကို ဆောင်ထား၏။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ရှက်ခြင်း၊ ရွံခြင်းစသည့် ဝေဒနာတို့ သူ့မှာရှိတော့ဟန်မတူပေ။ မိန်းမပုလိပ်နှစ်ယောက်က သူ့ဘေးတွင် ရပ်စောင့်နေကြသည်။ ညိုလေးမှာ ခါတိုင်းလို တရားခံဝက်ခြံနားတွင် ရစ်သီရစ်သီလုပ်နေ၏။ ကျင်ရွှေအလိုရှိ၍ ခိုင်းလျှင် အသင့်လုပ်ပေးရန် စောင့်နေခြင်း ဖြစ်၏။ မောင်မောင်သန်းမှာ ရှေ့ဖတ်စာရေး၏ စားပွဲရှေ့ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်ကာ မှတ်စု စာအုပ်ကို ဖွင့်၍ ရှေ့တွင်ချထားသည်။

တစ်ရုံးလုံး တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ ပန်ကာလည်သံနှင့် ချောင်းဆိုးသံများကိုသာ ကြားရ၏။ တစ်ခါတစ်ရံတွင် ရှေ့နေကြီးများ၏ ဝတ်ရုံကြီးများ တရွှမ်းရွှမ်း မြည်သံကိုလည်း ကြားရသည်။

"ခု တရားခံမ မိကျင်ရွှေကို စစ်ဆေးဖို့ နှစ်ဘက်ရှေ့နေကြီးများက





လက်ခံပြီးကြပါပြီ။ မစစ်ဆေးခင်မှာ တရားခံမဟာ အားနွဲ့သူ မိန်းမသား ဖြစ်တဲ့အတွက် စွဲချက်ကို ပြန်ပြီးဖတ်ပြမယ်။ ကလေးမ သေသေချာချာ နားထောင်နေ၊ ဟုတ်လား"

တရားသူကြီးက လေးနက်တည်ငြိမ်သော အသံဖြင့် ပြောလိုက်၏။ မျက်လုံးများကား လက်ထဲတွင် ကိုင်ထားသော စာရွက်ပေါ်တွင် စူးစိုက်နေကြသည်။ ရွှေတင်မှာ တရားသူကြီးကိုလည်း မကြည့်၊ ဘေးပတ်ဝန်းကျင်ကိုလည်း မကြည့်၊ ဂျူရီ လူကြီးများကိုလည်း မကြည့်၊ ရှေ့တည့်တည့်သို့သာ စိုက်ကြည့်နေသည်။ သို့ရာတွင် ဘာကိုမျှ မြင်ဟန်မတူ။ သူ့အကြံဉာဏ်မှာ ဟာလာဟင်းလင်းရှိလှသည်။

"ပြည်မြို့နေ အဖ ဦးရွှေသာ၏သား အသက် ၄၅ နှစ်ရှိ ဆန်စက်ပိုင် ဦးဖေသန်းသည် ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ ၊ ၁၇ ရက်နေ့ နံနက်က ရန်ကုန်မြို့ (. . . . .) လမ်းရှိ အလင်းဟော်တယ်တွင် ရုတ်တရက် သေဆုံးသွားခဲ့ပါသည်။

"သေသူ ဦးဖေသန်း၏ အလောင်းကို ရန်ကုန်ဆေးရုံကြီး ပုလိပ်ဘက်ဆိုင်ရာ ဆရာဝန်ကြီးက ခွဲစိတ်စစ်ဆေးကြည့်ရှုသောအခါတွင် ဦးဖေသန်းမှာ မူးယစ်စေတတ်သော အရက်ကို အလွန်အကျွံသောက်ခဲ့သဖြင့် နှလုံးသွေးကြောများ ပေါက်ကွဲပျက်စီး၍ သေဆုံးရခြင်း ဖြစ်သည်ဟု ထွက်ဆိုပါသည်။ ယခုအခါတွင် အဆိုပါသေသူ ဦးဖေသန်း၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

"သေသူ ဦးဖေသန်း၏ ညီတော်သူ ရန်ကုန်မြို့ (. . . . .)လမ်းနေ ဦးထွန်းရွှေကမူ ဦးဖေသန်း သေဆုံးရခြင်းမှာ တစ်စုံတစ်ခုသော ရောဂါကြောင့် မဟုတ်ဘဲ ၎င်းတွင်ရှိသည့် ငွေများကို ခိုးယူရန်အကြံဖြင့် တစ်စုံတစ်ယောက် အဆိပ်ခတ်၍ သေဆုံးရကြောင်း လမ်းမတော်ဌာနာတွင် တိုင်ကြားခဲ့ပါသည်။

"သက်ဆိုင်ရာ ပုလိပ်ဘက်မှ လိုက်လံစုံစမ်းသည့် အခါတွင်လည်း တွေ့ရှိရသော အချက်အလက်များမှာ ဦးထွန်းရွှေ၏ သက်သေမကင်းဖြစ်မှုနှင့် ညီနေကြောင်း တွေ့ရပါသည်။

"၎င်းတို့မှာ -

(၁) သေသူ ဦးဖေသန်းသည် မကွယ်လွန်မီနေ့က ရန်ကုန်မြို့ ချာတာ



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်မှ ငွေ ၇၆၀ဝိ.(ခုနစ်ထောင့်ခြောက်ရာကျပ်တိတိ) ကို ၎င်းကိုယ်တိုင် ထုတ်ယူထားခဲ့သော်လည်း သေသူ ဦးဖေသန်း သေဆုံးပြီးနောက် ၎င်း၏ကိုယ်ပေါ်တွင် ရှာဖွေသောအခါ ငွေ ၃၁၂ ကျပ်၊ ၄ ပဲ၊ (သုံးရာတစ်ဆယ့်နှစ်ကျပ်နှင့် လေးပဲတိတိ) ကိုသာ တွေ့ခြင်း။

"(၂) သေသူ ဦးဖေသန်းသည် အချင်းမဖြစ်ပွားမီတစ်နေ့နှင့် တစ်ညလုံးလုံး ရန်ကုန်မြို့ (.....) လမ်းရှိ ပြည့်တန်ဆာခေါင်း ဘလွန်းအိမ်မှ ပြည့်တန်ဆာ ကျင်ရွှေခေါ် အရွှေနှင့် ၎င်းလမ်းရှိ ပြည့်တန်ဆာ ခေါင်းအိမ်တွင်သော်လည်းကောင်း၊ အလင်းဟော်တယ်ရှိ သေသူ ဦးဖေသန်း အခန်းတွင်သော်လည်းကောင်း ပျော်ပါးခဲ့ခြင်း၊ ထိုမျှမက တရားခံမ မိကျင်ရွှေ(ခေါ်) အရွှေသည် သေသူ ဦးဖေသန်းမရှိချိန်တွင် အလင်းဟော်တယ်ရှိ သေသူ ဦးဖေသန်း၏ အခန်းသို့ ငွေများကို ခိုးယူရန် အကြံဖြင့် ပြည့်တန်ဆာခေါင်းအိမ်မှ ထွက်သွားသည်ကို တွေ့ရှိရခြင်း၊ ထို့ပြင် အလင်းဟော်တယ်တွင် အလုပ်လုပ်နေသူ ယခုတရားလိုပြသက်သေ မောင်ဘကျော်နှင့် မချစ်မေတို့၏ ရှေ့မှောက်တွင်ပင် တရားခံမ မိကျင်ရွှေ(ခေါ်) အရွှေသည် သေသူ ဦးဖေသန်းကိုယ်တိုင် ၎င်းအား ပေးအပ်ထားခဲ့သည့် သေတ္တာသော့ဖြင့် ငွေများထားသော ထိုသေသူဦးဖေသန်း၏ သေတ္တာကို ဖွင့်ပိတ်ကိုင်တွယ်ကြောင်းကို တွေ့ရှိရခြင်း၊ တရားခံမ မိကျင်ရွှေ(ခေါ်) အရွှေက ထိုသို့သေတ္တာကို ဖွင့်ပိတ်သောအခါတွင် ရာတန် ငွေစက္ကူအထပ်များမှာ သေသူ ဦးဖေသန်း၏ သေတ္တာထဲတွင် ရှိနေသေးသည်ဟု တရားလိုပြသက်သေ အမှတ် ၁ နှင့် ၂ ဖြစ်သူ မောင်ဘကျော်နှင့် မချစ်မေတို့က ထွက်ဆိုကြခြင်း။

"(၃) သေသူ ဦးဖေသန်းသည် ပြည့်တန်ဆာခေါင်း ဘလွန်းအိမ်မှ အလင်းဟော်တယ်သို့ တရားခံမ ဖြစ်သူ ပြည့်တန်ဆာ မိကျင်ရွှေခေါ် အရွှေနှင့် ပြန်လာပြီး သေသူ ဦးဖေသန်းနှင့် အခန်းထဲတွင် နှစ်ယောက်တည်း အရက်သောက်နေကြခြင်း၊ ၎င်းတို့ အရက်သောက်၍အပြီး တရားလိုပြသက်သေ အမှတ် - ၂ ဖြစ်သူ မချစ်မေက ပုလင်းခွံများ၊ ဖလ်ခွက်များကို ဝင်ရောက် သိမ်းဆည်းသောအခါ ၎င်းတို့ အရက်သောက်သော စားပွဲပေါ်မှ စက္ကူဖြင့် အုပ်ထားသော ဖြူဖြူအမှုန့်ထုပ် တစ်ထုပ်ကို တွေ့ရှိရခြင်း၊ (၎င်းအမှုန့်ထုပ်ကို ဤရုံးတော်သို့ သက်သေခံပစ္စည်း ဂ-အဖြစ် တင်ပြအပ်ပါသည်။)





"(၄) ၎င်းနေ့နံနက်တွင် တရားခံမ မိကျင်ရွှေခေါ် အရွှေသည် တရားလိုပြသက်သေ အမှတ် ၃ ဖြစ်သူ ဘလွန်း(ပြည့်တန်ဆာခေါင်း) ထံသို့ လာရောက်၍ မိမိအား သေသူ ဦးဖေသန်းက ပေးသောလက်ဆောင် လက်စွပ်ဟုဆိုကာ စိန်လက်စွပ်တစ်ကွင်းကို ရောင်းချခြင်း၊ (၎င်းလက်စွပ်ကို သက်သေခံပစ္စည်း င-အဖြစ် ပြထားသည်။)

"(၅) ၎င်းနေ့မှာပင် တရားခံမ မိကျင်ရွှေခေါ် အရွှေသည် ပြည့်တန်ဆာခေါင်း ဘလွန်းအိမ်တွင် ၎င်းနှင့်အတူ အလုပ်လုပ်သော တရားလိုပြသက်သေ အမှတ် - ၄ ဖြစ်သူ ပြည့်တန်ဆာ အမြခေါ်၊ မျက်ပြူးခေါ်၊ မြမြခေါ် မာဂရက်ထံသို့ ၎င်းက ပေးဆပ်ရန်ရှိသော ငွေ ၂၁၀ိ၊ (နှစ်ရာ့တစ်ဆယ်ကျပ်တိတိ) ကို ပြန်လည် ပေးဆပ်ခြင်း၊ စသည့်အချက်များကို စုံစမ်းတွေ့ရှိရပါသည်။ ၎င်းဖော်ပြပါ အချက်များမှာ ဦးဖေသန်း၏ညီ ဦးထွန်းရွှေ၏ သံသယနှင့် ကိုက်ညီလျက်ရှိပါသည်။

"ထိုမှတစ်ပါး သေသူ ဦးဖေသန်း၏ အလောင်းကို ခွဲစိတ်ကြည့်ရှုသောအခါတွင်လည်း အစာကြေညက်စေသော ၎င်း၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများထဲတွင် အဆိပ်များကို တွေ့ရှိရသည်။ ၎င်းအချက်မှာ သေသူ ဦးဖေသန်းသည် အဆိပ်ခတ်ခံရ၍ သေဆုံးသည် ဟူသော ကောက်ချက်ကို ထင်ရှားစေပါသည်။

"ပုလိပ်ဌာနတွင် တရားခံမ မိရွှေကျင်ခေါ် အရွှေက ထွက်ဆိုရာ၌ သေသူ ဦးဖေသန်းသည် တရားခံမ၏ အသုံးအနှုန်းအတိုင်း ဆိုရလျှင် တရားခံမ 'အလုပ် လုပ်သော' ပြည့်တန်ဆာခေါင်းအိမ်တွင် ရှိနေစဉ် ၎င်းအား သေသူ ဦးဖေသန်းက အလင်းဟော်တယ်သို့ စေလွှတ်၍ သေတ္တာထဲမှ ငွေများကို အယူခိုင်းလိုက်သည်ဟု ထွက်ဆိုပါသည်။ တရားခံမ မိရွှေကျင်ခေါ် အရွှေသည် ပေးလိုက်သည့် သေတ္တာသော့ကို ယူကာ သေသူ ဦးဖေသန်း စေခိုင်းသည့်အတိုင်း ငွေ ၁၀ဝိ (တစ်ရာကျပ်တိတိ) ကိုသာ ယူခဲ့၍ ကျန်ငွေများကို တစ်ပြားတစ်ချပ်မှ မယူခဲ့ပါဟု ထွက်ဆိုသည်။ ယင်းအချက် မှန်မမှန်မှာ တရားခံ မိကျင်ရွှေခေါ် အရွှေ သေတ္တာဖွင့်စဉ်က မျက်မြင်သက်သေဖြစ်သူ တရားလိုပြသက်သေ အမှတ် (၁) နှင့် (၂) ဖြစ်သော မောင်ဘကျော်နှင့် မချစ်မေတို့သာ သိနိုင်သဖြင့် ၎င်းတို့ကို စစ်ဆေးရန် တင်သွင်းအပ်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံးလုံးမှာ ရှည်လျားလှသော စွဲချက်ကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။ ခင်မောင်ဝင်းကား ကုလားထိုင်နောက်မှီကို မှီကာ မျက်နှာကျက်ကို မော့ကြည့်ရင်း နားထောင်နေသည်။ တကယ်တော့ ရွှေတင်၏ အဖြစ်အပျက်ကို နားထောင်ရသည်မှာ ရင်နာစရာကြီးပင် ဖြစ်သည်။ ဖြူစင်လန်းဆန်းသော၊ စိတ်နှလုံးကို ရွှင်ပြုံးစေသော ကြာပန်းကလေးဟု သူ တင်စားခဲ့သည့် ရွှေတင်သည် ညစ်နွမ်းသော၊ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော ရက်စက်ကြမ်းကြုတ်သော ပြည့်တန်ဆာ လူသတ်တရားခံအဖြစ်သို့ ရောက်နေပါပကော။

အရွှေကား တရားခွင်တွင် ရင်ကော့၍ မတ်မတ်ရပ်ကာ ခေါင်းကို မော့ထားသည်။ သူ့မျက်နှာသည် တင်းမာကာ မျက်လုံးများသည် မသိမသာကုပ်ထားသော မျက်မှောင်အောက်တွင် ဒေါသမီးလျှံဖြာတောက်နေကြသည်။ နှုတ်ခမ်းသည် မျဉ်းဖြောင့်တစ်ကြောင်းလို တင်းကျပ်စွာ စေ့နေသည်။ ကံမကောင်းအကြောင်းမလှ၍ ပြည်တန်ဆာဘဝ ရေအလျဉ်မှာ မျောခဲ့ရသော်လည်း သူ့အကြောင်းကို သူ ကောင်းကောင်းသိ၏။ တရားကို နတ်စောင့်သည်ဟု ဆိုရိုးစကားမှန်လျှင် ထိုတရားကို စောင့်သော သမာဒေဝနတ်ကောင်း နတ်မြတ်များသည် ဘယ်သို့သွားနေကြပေသနည်း။

မောင်မောင်သန်းကား ရှေ့ဖတ်စာရေး၏ စားပွဲခုံတွင် ထိုင်ကာ အရေးကြီးသည့်အချက်များကို ကောက်၍ရေးနေ၏။ မှတ်စုမရေးခင် တရားခံမ အရွှေ၏ မျက်နှာပုံပန်းသဏ္ဌာန်၊ အမူအရာ၊ အဝတ်အစားစသည်တို့ကို အသေးစိတ် မှတ်ကာ ရေးထားလေသည်။ မောင်မောင်သန်းမှာ သတင်းရေးရာတွင် သည်လို အသေးစိတ်ကလေးတွေကအစ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးတတ်သဖြင့် သူရေးသောသတင်းများမှာ ဝတ္ထုတစ်ပုဒ်ကို ဖတ်ရသလို စိုပြည်လှလေသည်။

တရားသူကြီးက စွဲချက်ဖတ်လိုက်ပြန်သည်။

"တရားခံမ မိကျင်ရွှေခေါ် အရွှေက ပုလိပ်ဌာနတွင် ဆက်လက်ထွက်ဆိုသည်မှာ ၎င်းသည် အလင်းဟော်တယ်သို့ ဒုတိယအကြိမ်ဦးဖေသန်းနှင့် ပြန်လာသည့်အခါတွင် ဦးဖေသန်းမှာ ဗိုက်နာရောဂါရှိသည့်အားလျော်စွာ ဦးဖေသန်းအား မက်ကလင်း ဆေးမှုန့်ထုပ် တစ်ထုပ်ကို ယူပေး၍ သောက်စေပါသည်။ ၎င်းမက်ကလင်း ဆေးမှုန့်ကို ဦးဖေသန်းသည် တစ်ခါ





သောက် အထုပ်ကလေးများ ထုပ်ကာ အမြဲဆောင်ထားလေ့ရှိပြီး အစာစားပြီးတိုင်း သောက်လေ့ရှိသည်ဟု ဆိုပါသည်။ တရားခံမ မိကျင်ရွှေခေါ် အရွှေနှင့် အတူနေစဉ် ကာလတွင် မိကျင်ရွှေခေါ် အရွှေက ဂရုတစိုက်ဆေးတိုက်ရမြဲဖြစ်သည်ဟု ဆိုပါသည်။ ၎င်းဆေးမှုန့်ထုပ်များ ထည့်ထားသောပုလင်းကို ဟော်တယ်ရှိ သေသူ ဦးဖေသန်း အခန်းထဲမှ စားပွဲပေါ်တွင် ထားလေ့ရှိသည်ဟု ဆိုပါသည်။ စိန်လက်စွပ်နှင့် ပတ်သက်၍တရားခံမ မိကျင်ရွှေခေါ် အရွှေက အစစ်ခံရာ၌ ၎င်းလက်စွပ်မှာ သေသူ ဦးဖေသန်းက သူ့ကို စိတ်ဆိုး၍ ရိုက်နှက်ပြီး ပြန်ချော့မော့ရင်း ၎င်းစိန်လက်စွပ်ကို လက်ဆောင်ပေးသည်ဟု ဆိုပါသည်။

"တစ်ဖန် တရားလိုပြသက်သေ အမှတ် ၂ ဖြစ်သူ မချစ်မေကို ဌာနတွင် စစ်ဆေးပြန်ရာ ၎င်းသည် အလင်းဟော်တယ်ရှိ အခန်းများကို တံမြက်လှဲ၊ အိပ်ရာခင်းလဲ စသည့် ဗာဟီရအလုပ်များကို လုပ်ရသူဖြစ်သည့် အားလျော်စွာ သေသူ ဦးဖေသန်း၏ အခန်းထဲသို့ ဦးဖေသန်းမရှိစဉ် ဝင်ရောက်ရှင်းလင်းပါသည်။ မက်ကလင်း ဆေးပုလင်းကို စားပွဲပေါ်တွင် တွေ့ပါသည်။ ဘာဆေးမှန်း မသိပါ။ စာမဖတ်တတ်ပါ၊ သေတ္တာထဲမှ ငွေများပျောက်ဆုံးသည်ကိုလည်း မသိပါ၊ အခန်းထဲတွင် တစ်ခုခုပျောက်ဆုံးလျှင် သေတ္တာသော့ကို ကိုင်၍ထားသော တရားခံမ မိကျင်ရွှေခေါ် အရွှေမှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ယူမည့်သူမရှိပါဟု ထွက်ဆိုသွားပါသည်"

အရွှေသည် စွဲချက်ကို နားထောင်ရင်း ဒေါသထွက်လာသည်။ ထို့ကြောင့် အပေါက်ဝတွင် ရပ်နေသော မချစ်မေကို ဆတ်ခနဲ လှည့်ကာ စိန်းစိန်းစားစား ကြည့်လိုက်သည်။ ပြီးမှ တစ်စုံတစ်ရာကို ပြောတော့မည်ဟု ပါးစပ်ကိုဟလိုက်သည်၊ သို့ရာတွင် တရားသူကြီးက စွဲချက်ကို ဆတ်ဖတ်နေပြန်သဖြင့် မပြောသာဘဲ ငြိမ်နေရသည်။

"အမြဲခေါ်၊ မျက်ပြူးခေါ်၊ မြမြခေါ် မာဂရက်အား ပေးဆပ်သောငွေ ၂၁၀ိ (နှစ်ရာ့တစ်ဆယ်ကျပ်တိတိ) နှင့် စပ်လျဉ်း၍ တရားခံမ မိကျင်ရွှေခေါ် အရွှေအား စစ်ဆေးသောအခါတွင် ၎င်းမှာ သုံးလအတွင်း အလုပ်လုပ်၍ ရရှိသောပိုက်ဆံများထဲမှ စုဆောင်းထားသည်ဟု ထွက်ဆိုသွားပါသည်။

"၎င်းနောက် တရားလိုပြသက်သေ အမှတ် ၁ ဖြစ်သူ မောင်ဘကျော်



www.burmeseclassic.com

www.burmeseclassic.com



က ဌာနတွင် ပထမအကြိမ် စစ်ဆေးစဉ် ဖြောင့်ချက်ပေးသွားရာတွင် ၎င်း
နှင့် ၎င်း၏ မိန်းမဖြစ်သူ တရားလိုပြသက်သေ အမှတ် ၂ ဖြစ်သူ မချစ်
မေတို့သည် တရားခံမ မိကျင်ရွှေခေါ် အရွှေ၏ လှုံ့ဆော်အားပေးချက်ဖြင့်
မိကျင်ရွှေခေါ် အရွှေထံမှ သေသူ ဦးဖေသန်း၏ သေတ္တာသော့ကိုယူကာ
ငွေများကို ခိုးယူပြီး ၎င်းတို့လင်မယားနှစ်ယောက်နှင့် မိကျင်ရွှေတို့ ညီတူညီ
မျှ ခွဲဝေယူကြသည်ဟု ထွက်ဆိုသွားပါသည်"

ကျင်ရွှေသည် ခေါင်းကိုငုံ၍ နားထောင်နေရာမှ ဆတ်ခနဲမော့
ကြည့်လိုက်သည်။ သူ့မျက်နှာမှာ သွေးရောင်လျှမ်းလာသည်။ တရားခံ ဝက်
ခြံအလယ်တည့်တည့်တွင် ရပ်နေရာမှ ရှေ့လက်ရမ်းနားသို့ တိုးလာကာ
ပါးစပ်ဟ၍ ပြောမည်အပြုတွင် တရားသူကြီးက လက်ပြလိုက်သဖြင့်
ငြိမ်နေလိုက်ရပြန်သည်။

"နောက်ဆုံး၌ မောင်ဘကျော်က ၎င်းသည်မက်ကလင်း ဆေးဘူးကို
စားပွဲပေါ်တွင် တွေ့ပါသည်။ သို့ရာတွင် ဘာဆေးဘူးမှန်းမသိပါ၊ ၎င်းဆေး
ဘူးထဲတွင် ဆေးမှုန့်ထုပ်နှစ်ထုပ် သုံးထုပ် ခန့်မျှသာ ကျန်သည်ဟု ထွက်ဆို
သည်။ နောက်တစ်ဖန် ၎င်းတို့အား ပြန်လှန်စစ်ဆေးသောအခါ ငွေကို ၎င်း
နှင့် ၎င်း၏မိန်းမ မချစ်မေတို့ လုံးဝခိုးယူခြင်းမရှိပါဟု ယခင်ဖြောင့်ဆိုချက်
ကို ငြင်းထွက်ကာ တရားခံမိကျင်ရွှေခေါ် အရွှေသာလျှင် သေသူ ဦးဖေသန်း
၏ ငွေများကို ခိုးယူပြီး ဆေးဖြူထုပ်ကို ဖြေ၍တိုက်နေသည်ကို မြင်ပါသည်
ဟု ထွက်ဆိုသွားသည်။

"ယခု အမှုတွင် တရားလိုပြ သက်သေများဖြစ်သူ ၄၅ နှစ်ရှိ မောင်
ဘကျော်၊ ၎င်း၏မိန်းမ အသက် ၃၇ နှစ်ရှိ မချစ်မေနှင့် ယခုအမှုတွင်
တရားခံမ ဖြစ်သူ အသက် ၂၆ နှစ် အရွယ်ရှိ မိကျင်ရွှေခေါ် အရွှေတို့မှာ
သေသူ ဦးဖေသန်း၏ ငွေများနှင့် ကာလတန်ဖိုး တစ်ထောင်ခန့်ရှိ စိန်လက်
စွပ်တစ်ကွင်းကို ပူးပေါင်းကြံစည် ခိုးယူသည်ဟု ယူဆစရာ ရှိသော်လည်း
တရားခံမ မိကျင်ရွှေခေါ် အရွှေမှာ ၎င်း၏ကျူးလွန်မှုကို ဖုံးကွယ်ရန်အတွက်
ဦးဖေသန်း၏ အသက်ကို ဆုံးရှုံးစေရန် အကြံဖြင့် အဆိပ်ခတ်ထားခြင်း
ကြောင့် ဦးဖေသန်း၏ အသက်ကို ဆုံးရှုံးစေပေရာ ရာဇသတ်ပုဒ်မ ၃၀၁-
၃၀၂ ကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် ရာဇဝတ်ကျင့်ထုံး ကိုဓဉပဒေ
အရ စစ်ဆေးအပြစ်ပေးရန် တင်သွင်းအပ်ပါသည်"





တရားသူကြီးသည် ရှည်လျားစွာသောစွဲချက်ကို ဖတ်ပြပြီး စာရွက်
ထပ်ကြီးကို ဖိုင်တွဲပေါ်သို့ တင်လိုက်သည်။ ရုံးခန်းထဲတွင် တီးတိုးစကားပြော
သံ၊ ချောင်းဆိုးသံ၊ လှုပ်ရှားသံများဖြင့် အသက်ပြန်ဝင်လာသလိုထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ခင်မောင်ဝင်း ရှိနေသည့် အတောအတွင်း ဒေါ်မြဆင့်က ရွှေတင်ကို ဇလားသို့ ပြန်ပို့လိုက်ပြီး ခင်မောင်ဝင်း ရန်ကုန်ပြန်သွားမှ ရွှေတင်ကို မြို့သို့ ပြန်ခေါ်လိုက်သဖြင့် ရွှေတင်သည် နောက်တစ်ခေါက် ရောက်လာရပြန်သည်။ တကယ်ဆိုတော့လည်း ဒေါ်မြဆင့်အိမ်မှာ ရွှေတင်မရှိလျှင် အစစ အရာရာ လစ်ဟင်းနေလေသည်။ စက်ထဲဆိုပြန်လျှင်လည်း ကိုတောက်ထွန်း မရှိသဖြင့် ဆန်စပါးအနုတ်အသိမ်း၊ ငွေထုတ် ငွေသွင်း စသည့် လုပ်ငန်းအဝဝမှာ လစ်ဟင်းနေသည်။ ထို့ကြောင့် ဒေါ်မြဆင့်သည် ရွှေတင်ကို ပြန်ခေါ်ရသည်။ သို့ရာတွင်လည်း ဇလားတွင် ခင်မောင်ဝင်းနှင့် ရွှေတင်တို့ တွေ့ကြပုံကို ဒေါ်မြဆင့် မသိ၍သာ ရွှေတင်ကို ပြန်ခေါ်ခြင်းဖြစ်၏။ သိများသိလျှင်ကား ရွှေတင်ကို သူတို့မြေပေါ်ကိုပင် အနင်းခံမည် မဟုတ်ပေ။

သည်အတွင်းတွင် ခင်မောင်ဝင်းကလည်း အကြောင်းမရှိ အကြောင်းရှာကာ မြို့သို့ မကြာခဏ ရောက်လာတတ်၏။ သည်အခါမျိုးတွင် ဒေါ်မြဆင့်သည် ခင်မောင်ဝင်းလာတိုင်း ရွှေတင်ကို ဇလားသို့ မပို့နိုင်ပေ။ သူတို့နှစ်ယောက်အခြေအနေကို အကဲခတ်ကာ မျက်ခြည်မပြတ်သာ ကြည့်နေရသည်။ ခင်မောင်ဝင်းရောက်လာတိုင်းသာ ရွှေတင်ကို ဇလားသို့ပို့နေရပါက အိမ်အလုပ်၊ စက်အလုပ်၊ အရာရာတွင် လစ်ဟင်းခြင်းသာလျှင် အဖတ်တင်တော့မည် ဖြစ်၏။

သည်အတောအတွင်း ကိုတောက်ထွန်းမှာ သခင်ရင့်မာကြီးတစ်





ယောက်ဖြစ်နေပေပြီ။ ကိုတောက်ထွန်းသည် ဗိုလ်ဗမာအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်ကာ တောင်ငူစီရင်စု ဗိုလ်ဗမာအစည်းအရုံးတွင်လည်း အမှုဆောင်တစ်ဦးဖြစ်နေ၏။ တရားပွဲစင်မြင့်များတွင် လက်သီးလက်မောင်းတန်း၍ တရားဟောနေသော ကိုတောက်ထွန်းကို မကြာခဏ တွေ့ရတတ်လေသည်။

ရွှေတင်က ကိုတောက်ထွန်းနှင့် တွေ့လျှင် သူ စုဆောင်းထားသည့် ငွေကလေးထဲမှ တစ်ဆယ်၊ ဆယ့်ငါးကျပ်ဆိုသလို ပေးတတ်သော်လည်း ကိုတောက်ထွန်းက မယူပေ။ ရွှေတင်သည် ကိုတောက်ထွန်းကို သနားနေမိလေသည်။

ရွှေတင်သည် အိပ်ရာကို အဝတ်ဟောင်းတစ်ထည်ဖြင့် ခါလိုက်ပြီး လှည်းလိုက်သည်။ အိပ်ရာပေါ် အလှည်းလိုက်တွင် အခန်းထောင့်တွင် စုထားသည့် ဂုံနီအိတ်ပုံကြီးကိုသွား၍ မြင်သဖြင့် ဖရိုဖရဲဖြစ်နေသော ဂုံနီအိတ်များကိုကောက်ကာ တောင်းလွတ်တစ်ခုထဲသို့ ထည့်လိုက်သည်။ ရွှေတင့်အခန်းမှာ အိပ်ခန်းဟုသာ ဆိုသော်လည်း အောက်ထပ်စတိုခန်းကို ခင်မောင်ဝင်းအတွက် ရေချိုးခန်းလုပ်ပေးလိုက်ရသဖြင့် စတိုခန်းထဲက ဂုံနီအိတ်လွတ်၊ တောင်းလွတ် စသည့်ပေါ့ပေါ့ပါးပါး ပစ္စည်းများကို သူ့အခန်းထဲမှာပင် ထားရသည်။

ဂုံနီအိတ်ခေါက်ပြီး ပြန်အလှည့်တွင် ကျွဲခနဲ တံခါးဖွင့်သံကြားရပြီး မင်းတုံးကို ထိုးပိတ်နေသော ခင်မောင်ဝင်းကို တွေ့လိုက်ရလေသည်။ ခင်မောင်ဝင်းမှာ ခါတိုင်းလိုပင် ညဝတ်အင်္ကျီကြီးကို ဝတ်ထားသည်။ ခင်မောင်ဝင်းက ရွှေတင်ကို ပွေ့ချီကာ ကုတင်ပေါ်သို့ အလျားသင့်ချလိုက်ပြီး ဖက်နမ်းလိုက်သည်။ သူကမူ ကုတင်အစွန်းတွင် တင်ပလ္လင်ထိုင်ကာ ကြမ်းပေါ်တွင် ခြေချထားသည်။

ရွှေတင်သည် ခင်မောင်ဝင်း ပြုသမျှကို နုနေရသည့် ဘဝဖြစ်သည်။ ခင်မောင်ဝင်းက အောက်တွင်ချထားသော ခြေနှစ်ဖက်ကို ကုတင်ပေါ်သို့ တင်လိုက်တော့မှ ဖြုံးခနဲ ကြောက်စိတ်ဝင်လာကာ ခင်မောင်ဝင်း ရင်ခွင်မှ ခွာလိုက်ပြီး ခပ်ပြတ်ပြတ် ပြောလိုက်၏။

"ကဲ ပြန်တော့ အစ်ကို၊ သိပ်အတင့်ရဲလွန်းပ"

"ဟင့်အင်း ပြန်သေးဘူး"

ခင်မောင်ဝင်းက မချင့်မရဲဖြစ်နေသော မျက်နှာကို မှုန်တေတေလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားရင်း ခပ်နွဲ့နွဲ့ ပြောလိုက်သည်။

"မပြန်ရင် လွှန်သထက် လွှန်ကုန်လိမ့်မယ် အစ်ကို၊ ရွှေရွှေကြောက်တယ်"

"အို ရွှေကလေးကလဲကွယ်၊ ဒီအထွတ်အထိပ် ရောက်အောင် အစ်ကို ဘယ်လောက်ကြိုးစားရတယ်ဆိုတာ ရွှေကလေး အသိသားနဲ့"

ခင်မောင်ဝင်းက ရွှေတင်ကို သူ့ရင်ခွင်ထဲသို့ လှဲချလိုက်သဖြင့် ရွှေတင်မှာ အလိုက်သင့်ကလေး လဲကျသွား၏။

"ရွှေကလေး စဉ်းစားကြည့်စမ်း၊ အရင်တစ်ခေါက်ကဆိုရင် ရန်ကုန်ပြန်ချင်ယောင်ဆောင်ပြီး ညောင်လေးပင်ကလှည့်ပြန်၊ အဲဒီကမှ ဇဟားကိုလိုက်ပြီး ရွှေကလေးနဲ့တွေ့ရတယ်၊ ဟော ခုတစ်ခေါက်လာရပြန်ပြီ၊ အဖွားကြီးကို ရန်ကုန်ရောက်နေအောင် လုပ်ထားပြီး လစ်ထွက်ခဲ့ရတယ်၊ ဒေါ်ဒေါ်သီကတော့ အစ်ကိုတို့ဘက်သားမို့လို့ ကိစ္စမရှိပါဘူး၊ ကဲ ကြည့်စမ်း၊ အချစ်ရဲ့ အထွတ်အထိပ်ကို ရောက်အောင် ဘယ်လောက်ကြိုးစားရသလဲ"

ခင်မောင်ဝင်းက ရွှေတင်၏ ပါးကို သူ့ပါးပြင်ဖြင့် အပ်ထားလိုက်သည်။ ရွှေတင့်ကိုယ်မှ သနပ်ခါးနံ့သင်းလျက်ရှိ၏။ ရွှေတင်သည် ခင်မောင်ဝင်းကို ရင်ခွင်ထဲမှ မော့ကြည့်လိုက်သည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ စို့ရွှဲနေသည်။ ရင်ထဲကလည်း တလှိုက်လှိုက်ဖြစ်လာကာ ငိုချင်လာသည်။

"အထွတ်အထိပ် ရောက်ပြီးရင် ချောက်ကြီးထဲ ကျမှာပါ အစ်ကိုရယ်၊ ကြီးကြီးဆင့်တို့က ဒီလောက် သက်ာမကင်း ဖြစ်နေတာထောက်ရင် မိရွှေတင်ရှေ့မှာ အသူတစ်ရာနက်တဲ့ ချောက်ကြီးတစ်ခုရှိနေပြီလို့ ပြောနိုင်ပါတယ်"

"အို ဘာဖြစ်လို့ လိမ့်ကျရမှာလဲ ရွှေကလေးရယ်၊ မတွေးအပ် မကြံအပ်တာတွေ မပြောစမ်းပါနဲ့၊ မပြောထိုက် မဆိုထိုက်တာတွေ မပြောစမ်းပါနဲ့၊ ခု အစ်ကိုနဲ့ ရွှေကလေးတို့အဖို့ အချစ်ရဲ့ အထွတ်အထိပ်ဟာ လက်တစ်ကမ်းသာ ကျန်တော့တယ်မဟုတ်လား"

ခင်မောင်ဝင်းက ရွှေတင်ကို တင်းကျပ်စွာ ဖက်ကာ လှဲချလိုက်သည်။ ရွှေတင်က ပြုံးခနဲ ရုန်းထွက်၍ ရှောင်လိုက်ပြီး အခန်းထောင့်က တစ်ပိုင်းတစ်စခေါက်ပြီးသား ဂုံနီအိတ်ပုံကြီးပေါ်တွင် သွားထိုင်လိုက်သည်။ ခင်မောင်ဝင်းဘက်သို့ ဘေးတိုက်ထား၍ ထိုင်နေသဖြင့် သွယ်လျသော မျက်နှာသည်





မှန်အိမ်မီးရောင်အောက်တွင် တစ်မျိုးလှပနေသည်။ ခင်မောင်ဝင်းက ကုတင်မှ ထကာ ရွှေတင့်ကြမ်းပြင်တွင် ဒူးထောက်ချလိုက်ပြီး ဂုံနီအိတ်ပေါ်တွင် လက်ထောက်ကာ ရွှေတင်ကိုငုံ့၍ကြည့်ရင်း . . .

"ဟင် ရွှေကလေးငိုနေတယ်၊ ဟုတ်လား မငိုပါနဲ့ကွယ် နော် ချစ်လွှန်းလို့ပါ၊ အင်း အစ်ကို့ကို စိတ်ဆိုးသလား"

"ချစ်ရင် ပြန်ပါတော့အစ်ကို"

ရွှေတင်က သူ့အမေးကိုမဖြေဘဲ တွင်တွင်သာ အပြန်နိုင်းနေသည်။ သူ့အသံမှာ ငိုရှိုက်သံပါနေ၏။ ပခုံးစွန်း နှစ်ဖက်သည် ရှိုက်လိုက်တိုင်း မြင့်တက်လာ၏။

"ပြန်လို့တော့မရဘူး ရွှေကလေးရယ်၊ အစ်ကို့ကို ရွှေကလေး မုန်းချင်မုန်း၊ စိတ်ဆိုးချင်စိတ်ဆိုး၊ ထုချင်ထု ရိုက်ချင်ရိုက်၊ ရွှေရွှေလုပ်သမျှ ခံတော့မယ်၊ ရွှေကလေးရှိနေသမျှ အစ်ကို ပြန်လို့မရတော့ဘူး၊ ရွှေရဲ့ သံလိုက်ဓာတ်က သိပ်အားကြီးနေပြီ"

"အစ်ကို ရွှေ့ကို မသနားဘူးလား"

"သနားတယ်၊ ချစ်လဲ ချစ်တယ်"

"မဟုတ်ဘူးလေ၊ ရွှေမေးနေတာက အစ်ကို ရွှေ့ကို သနားသလား မသနားဘူးလားလို့ မေးတာပဲ"

ရွှေတင်က အငိုရပ်ကာ ခေါင်းကလေး မော့ကြည့်၍ မေးလိုက်သည်။ မျက်ရည်များ ပါးပြင်တွင် ခန်းခြောက်စပြုသွားပြီ ဖြစ်၏။ မျက်လုံးအိမ်ထဲတွင်ကား မျက်ရည်တို့ ဥနေပေသေးသည်။

"အို သနားတာပေါ့ ရွှေကလေးရဲ့"

ခင်မောင်ဝင်းက ရွှေတင့်ပါးပြင်မှ မျက်ရည်စများကို ယုယစွာ သုတ်ပေးနေသည်။ ရွှေတင်သည် မရုန်းဖယ်မိဘဲ အသာပင်နေလိုက်မိသည်။

"သနားရင် ပြန်ပါ အစ်ကိုရယ်နော်"

ခင်မောင်ဝင်းက ခေါင်းကို ရွှေတင်၏ ရင်ခွင်ထဲမှာ သွင်းလိုက်ပြီး လက်တစ်ဖက်ဖြင့် ရွှေတင့်ခါးကို သိမ်းကျုံးဖက်ကာ လက်တစ်ဖက်ဖြင့် ပေါင်ကို ဖက်ထားလိုက်သည်။

"ပြန်လို့ မဖြစ်တော့ဘူး"

ရွှေတင်ကား ငြင်း၍ တင်း၍ မရတော့ချေ။ တင်းထားသော သူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



သည် ပျော့ခွေသွားလေပြီ၊ တောင့်ထားသော အကြောအခြင်သည် လျော့ပြေသွားလေပြီ။ ရွှေတင်သည် နံရံဘက်သို့ ငေးနေရာမှ ခင်မောင်ဝင်းဘက်ကို လှည့်လိုက်သည်။ သည်တစ်ခါ လှည့်လာသောအခါတွင်ကား သူ့မျက်နှာသည် အစွမ်းကုန် အချစ်တွေ တုံ့ပြန်လိုက်မည်ဆိုသော မျက်နှာချိုသာ တည်း။ ရွှေတင်သည် ချစ်သွေးကြွသဖြင့် တဆတ်ဆတ် တုန်ရီနေသော လက်ချောင်းကလေးများဖြင့် ခင်မောင်ဝင်း၏ ပါး၊ ဆံပင်၊ ပခုံး များကို ယုယစွာ ပွတ်သပ်ပေးရင်း ကူခွဲသော အသံဖြင့်

"အစ်ကို၊ အစ်ကိုဟာ သိပ်ဆိုးတာပဲ"

●

## (၂၁)

"နာမည်"

"ကျင်ရွှေခေါ် အရွှေ"

"အသက်"

"နှစ်ဆယ့်ခြောက်နှစ်"

တရားခံမ ကျင်ရွှေကို စတင်စစ်ဆေးနေပြီဖြစ်သဖြင့် တရားသူကြီးက တရားခွင်မှနေ၍ တရားခံမ၏ အသေးစိတ်အကြောင်းအရာများကို မေးမြန်းနေ၏။ ကျင်ရွှေက တရားခံဝက်ခြံထဲတွင် ရပ်ရင်း ခပ်ပြတ်ပြတ် ဖြေနေသည်။ သူ့အသံသည် တုန်ရီနေခြင်းလည်း မရှိ၊ တိုးလည်း မတိုး၊ ကျယ်လည်း မကျယ်၊ ခပ်မှန်မှန်မျှသာ ဖြစ်လေသည်။

"အဖအမည်"

ကျင်ရွှေသည် ရုတ်တရက်ပြောလိုက်မည် ပြုပြီးမှ ခေတ္တမျှတွေနေသည်။ အတန်ကြာမှ . . .

"ကျွန်တော်မမှာ အဖေမရှိပါဘူးဘုရား"

"ဩော် အဖေဆုံးပြီလား၊ အဖေမဆုံးခင်တုန်းကနာမည်ကိုပဲ ပြောပါ"

"မဟုတ်ပါဘူးဘုရား၊ ကျွန်တော်မမှာ အဖေမရှိပါဘူး။ ကျွန်တော်မကို မွေးတုန်းမှာ ကျွန်တော်မရဲ့ အမေဟာ လင်ကောင်မပေါ်ဘဲ မွေးတာပါ"

ကျင်ရွှေသည် တရားသူကြီးကို လှမ်းကြည့်၍ ပြောလိုက်ရင်း နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ထားလိုက်သည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဥလာသည်။ တကယ်တော့ ကျင်ရွှေသည် ကွယ်လွန်လေပြီးသော အဖေနှင့် အမေ၏နာမည်ကို စက်ဆုပ်ဖွယ် ကောင်းလှသော လူသတ်မှု ရာဇဝင်တွင် မပါစေချင်ပေ။ သည်အချိန်ဆိုလျှင် အဖေနှင့် အမေသည် စစ်တောင်းမြစ်ကမ်းဘေး မုံးရွာအနောက်ဘက်မှ သုသာန်တစပြင်တွင် တိတ်တဆိတ်ငြိမ်သက်စွာ လဲလျောင်းနေကြရာမည်ဖြစ်၏။ အသက်ထင်ရှားရှိ၍ သူတို့သမီးချော မရွှေတင်၏ အကြောင်းကိုသာ သိလျှင် ရင်ပတ်စည်တီးဖြင့် ပဋ္ဌာမြေလူး ဖြစ်နေပေလိမ့်မည်လား မပြောတတ်ပေ။ ယခုတော့ အဖေနှင့် အမေသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှသော လူသတ်မှုကြီးထဲတွင် တရားခံ ပြည့်တန်ဆာမဘဝသို့ ရောက်နေသည်ကို မသိကြတော့ပေ။ မသိတာက ပို၍ကောင်းသည်ဟု ကျင်ရွှေထင်၏။ ထို့ကြောင့်ပင် ကျင်ရွှေ အဖေနှင့် အမေ၏ ဖြူစင်သော၊ အပြစ်ကင်းသော နာမည်ကို ဖျောက်ကာ ကိုယ့်ဘဝကို ဇာတ်မြှုပ်လိုက်ခြင်း ဖြစ်ပေသည်။

ရုံးခန်းထဲမှ မျက်လုံးအစုံသည် ကျင်ရွှေကို စူးစိုက်ကြည့်နေကြသည်။ ခင်မောင်ဝင်းက ကျင်ရွှေ၏ ပြတ်သားသော အမူအရာကြောင့် ရင်ထုမနာဖြစ်နေမိသည်။ လင်ကောင် မပေါ်သော အမေမှ မွေးသော ပြည့်တန်ဆာမဆိုလျှင် အမှုတွင် တရားလိုရှေ့နေအတွက် အကွက်ရသွားလေမလားဟု ဂျူရီလူကြီးနေရာမှမကြည့်ဘဲ ဝင်၍ စိုးရိမ်ပူပန်နေမိသည်။

"ကိုးကွယ်တဲ့ ဘာသာ"

"ဗုဒ္ဓဘာသာ"

"အလုပ်အကိုင်ကကော"

ကျင်ရွှေသည် ဘယ်လိုမှပြန်မဖြေဘဲ ငေးစိုက်ကြည့်နေမိသည်။ ဘယ်လိုအလုပ်အကိုင်လို့ ပြောရမည်ကိုလည်း စဉ်းစား၍ မရပေ။ လူပုံအလယ်တွင် ချပြော၍ မရသော အလုပ်အကိုင်ကို တွေးမိ၍လည်း နှလုံးသည်းပွတ်ကို မီးနှင့် မြိုက်လိုက်သလို ပူလောင်နာကြည်းလာ၏။

"မယ်မင်း ဘာလုပ်ကိုင်စားသလဲလို့ မေးတာ"

တရားသူကြီးက သူ့မေးခွန်းကို ကျင်ရွှေနားမလည်ဟု ထင်၍ ထပ်ရှင်းပြသည်။ ကျင်ရွှေက နှုတ်ခမ်းကို လျှာဖြင့်လျက်လိုက်ကာ

"ကျွန်တော်မ အလုပ် လုပ်စားပါတယ်"

"အေးလေ၊ ဘာအလုပ်လဲလို့ မေးတာ"





"ဒါတော့ ရုံးတော်က သိပြီးဖြစ်ပါလိမ့်မယ်"

ကျင်ရွှေသည် သူ့အဖြေကို သူ သဘောကျ ကျေနပ်သွားကာ ပြုံးလိုက်သည်။ ထို့နောက် ရုံးခန်းတစ်ခုလုံးကို တစ်ချက်မျှ မျက်စိကစား၍ ကြည့်လိုက်ပြီးမှ တရားသူကြီးကို လှမ်းကြည့်လိုက်ပြန်သည်။

ရွှေတင့်အပြုံးမှာ ထူးခြားလွန်းလှ၏။ သရော်ပြုံးလည်း မဟုတ်၊ ရှက်ပြုံးလည်း မမည်၊ ရိုးသားပွင့်လင်းသော အပြုံးပါဟုလည်း မခေါ်နိုင်။ သူဖြေလိုက်သည့် စကားလုံးများ၏ အဓိပ္ပာယ်၊ သူ့အပြုံး၊ သူ၏ မလုံမလဲ အကြည့်တို့သည် ပြည့်တန်ဆာဘဝ၏ စက်ဆုပ်ရွံရှာပုံကို ပြောပြနေသလိုရှိသည်။ တကယ်ကတော့ သူ့အဖြစ်ကို ကြည့်ရသည်မှာ သနားစရာလည်း ကောင်းပေသည်။ ရုံးခန်းတစ်ခုလုံးမှ လူများသည် ကျင်ရွှေကို ကရုဏာသက်စွာ ငေးကြည့်နေကြသည်။

"မယ်မင်း အရင်က အပြစ်ဒဏ်ခံရဖူးသလား"

"မခံရဖူးပါဘူး ဘုရား" တရားသူကြီး၏ လက်နှိပ်စက်ရိုက်သံ ထွက်ပေါ်လာ၏။

"အခင်းဖြစ်ပွားတဲ့ညက မယ်မင်း ဟော်တယ်ကို ပထမအခေါက်လာတာ ဘာလုပ်ဖို့လဲ"

ရွှေတင်သည် ထိုညက အဖြစ်အပျက်ကို မျက်တောင်စင်းကာ ပြန်၍ စဉ်းစားနေသည်။ ခဏကြာမှ

"အဲဒီအချိန်မှာ ဦးဖေသန်းဟာ ကျွန်တော်မတို့ အိမ်မှာ ရှိပါတယ်။ အရက်ကလဲ ထပ်သောက်ချင်တယ်၊ ကောင်မလေးတွေကိုလဲ ပိုက်ဆံပေးချင်တယ်၊ လက်ထဲမှာ ငွေမရှိတော့ဘူး။ သည်တော့ သူ့အခန်းကိုသွားဖို့ ဘုရားကျွန်မကို လွှတ်ပါတယ်။ သူ့သေတ္တာကိုဖွင့်ဖို့ သော့လဲပေးလိုက်ပါတယ်။ ဒါကြောင့် သူ့အခန်းသွားရပါတယ်။ သူ့သေတ္တာထဲက ငွေတစ်ရာယူခဲ့ရပါတယ်"

"ဦးဖေသန်းက မင်းကို ဘာဖြစ်လို့ခိုင်းရသလဲ"

တရားခံရှေ့နေကြီးက ထ၍မေးလိုက်သည်။

"ကျွန်မကို ယုံလို့ပါ။ ဒီလိုပဲ ခိုင်းဖူးပါတယ်။ ကျွန်မကလဲ သူမပေးဘဲ တစ်ပြားတစ်ချပ်မှ မယူဖူးပါဘူး။ ဒါကြောင့် ကျွန်မကိုယုံနေတာပါ"

တရားလို အစိုးရရှေ့နေကြီးက ထ၍



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖေသန်းကို မင်းချစ်သလား"

ကျင်ရွှေမှာ စိတ်ထဲက ကသိကအောက် ဖြစ်သွားသည်။ အချစ်ကိစ္စတွေကို လူပုံအလယ် ထုတ်မေးသဖြင့် စိတ်ထဲတွင် ရှက်ကာ ဒေါင်းခနဲ ဒေါသထွက်လာသည်။

"အို ဒါကတော့ မဆိုင်ပါဘူး"

"မေးတာဖြေပါလေ၊ ဦးဖေသန်းကို မင်းချစ်သလား၊ ချစ်ရင် ချစ်တယ်ပေါ့ကွယ်။ မှန်မှန်ပြောပေါ့။ ဘာရှက်စရာ ရှိသလဲ"

"အို မချစ်ဘူး၊ မုန်းတယ်၊ မုန်းကို မုန်းတယ်"

ကျင်ရွှေက ဒေါပွပွဖြင့် ပြောလိုက်သည်။ အစိုးရရှေ့နေကြီးက ကျေနပ်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေလေ၏။ တရားခံရှေ့နေက သူ့အမှုသည်နှင့် တရားလိုဖြစ်နေပုံကို သတိထားမိလိုက်သဖြင့် ထိုင်ရာမှ ထကာ

"မင်းကို ဦးဖေသန်းက ဘာဖြစ်လို့စွဲနေသလဲ၊ မင်းက မုန်းတယ်ဆိုရင် ဘယ်မှာ စွဲမှာလဲကွယ့်"

ကျင်ရွှေသည် ခင်မောင်ဝင်းဘက်သို့ လှမ်းကြည့်လိုက်မိသည်။ ခင်မောင်ဝင်းနှင့် အကြည့်ချင်း ဆုံသွားသဖြင့် ချက်ချင်း သူ့မျက်လုံးများကို ရုပ်သိမ်းလိုက်သည်။

"မင်းက မုန်းတယ်ဆိုရင် ဘယ်သူက စွဲမှာလဲ၊ ပြီးတော့လဲ သူက မင်းကို ဗီလောက်ယုံယုံကြည်ကြည် ဆက်ဆံနေတာထောက်တော့"

တရားခံရှေ့နေကြီးက ကျင်ရွှေကို ရေလာမြောင်းပေးလုပ်ကာ ထပ်၍မေးလိုက်သည်။ သူ့စိတ်ထဲတွင် ကျင်ရွှေက ဦးဖေသန်းကို မုန်းနေသည်ဟုဆိုလျှင် ကျင်ရွှေသတ်သည်ဆိုသော စွပ်စွဲချက်ကို အထောက်အကူ ဖြစ်သွားမည်ကို စိုးရိမ်နေ၏။

"ကျွန်မ သူ့ကို တကယ်မုန်းပါတယ်။ ဒါပေမဲ့ ကျွန်မက မုန်းပေမဲ့ ချစ်ဟန်ဆောင်တတ်ပါတယ်"

အခန်းထဲတွင် အုတ်အုတ်ကြွက်ကြွက် ဖြစ်သွားသည်။ အစိုးရရှေ့နေကြီးက တရားခံရှေ့နေဦးဇော်ထွန်းဘက်သို့ လှည့်ကာ . . .

"ဆရာကြီး ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိမယ်နော်" ဟု ခပ်တိုးတိုးလှမ်းပြောလိုက်သည်။ တရားလို အစိုးရရှေ့နေကား အောင်ပွဲခံသည့် မျက်နှာ





ထားမျိုးဖြင့် ပြုံးချိုနေသည်။ ပြီးမှ ကျင်ရွှေဘက်သို့ လှည့်ကာ

"မုန်းပေမဲ့ ချစ်ဟန်ဆောင်တတ်တယ် ဟုတ်လား။ ဒါဖြင့် ချစ်ပေမဲ့လဲ မုန်းဟန်ဆောင်တတ်တာပေါ့"

ကျင်ရွှေကား ဒေါသထွက်နေပြီဖြစ်၏။ သူ့မျက်နှာသည် နီရဲလာ၏။ နှုတ်ခမ်းများကလည်း တဆတ်ဆတ်တုန်လာကြပေသည်။ အသက်ရှူရတာ ကပင်လျှင် လျင်မြန်လာသည်ဟု ထင်ရသည်။ ပြည့်တန်ဆာ အသက်မွေးဝမ်းကျောင်းနှင့်အညီ မျက်နှာကို ပြောင်ပြောင်တင်းတင်းထားမည်ဟု စိတ်ထဲက ဘယ်လိုပင်တင်းသော်လည်း မရတော့ပေ။ လူပုံအလယ်တွင် အမေးခံရသည့် အချက်ကြောင့် တစ်ကြောင်း၊ တရားလို အစိုးရရှေ့နေကလည်း ရှေ့နေပီပီ ညှပ်ပူးညှပ်ပိတ်မေးခွန်းတွေမေးကာ အမိဖမ်းနေသဖြင့် တစ်ကြောင်း၊ ဒေါသတွေ ဆူဝေလာသည်။

"ဟုတ်တယ် ချစ်ပေမဲ့ မုန်းဟန်ဆောင်တတ်တယ်။ ကျွန်မက ဗီလိုပဲ လုပ်စားနေတာ"

ရွှေတင်က ခပ်ပြတ်ပြတ်ပြောကာ နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ထားလိုက်သည်။ တရားလိုရှေ့နေက ပြုံးကာ "တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမပဲ" ဟု ဆိုလိုက်သည်။ တရားခံရှေ့နေဦးဇော်ထွန်းကား မျက်နှာကြီးညိုနေသည်။ ခင်မောင်ဝင်းမှာ ငိုင်ကျသွားသည်။ ကျင်ရွှေ ဒေါသထွက်ပြီး ပြောချင်ရာတွေ ပြောကုန်မှဖြင့် ဒုက္ခရောက်တော့မှာပဲဟု စိုးရိမ်နေမိသည်။ တရားသူကြီးက ချောင်းတစ်ချက်ဟန့်လိုက်ကာ . . .

"ပညာရှိ ရှေ့နေကြီးများကို တစ်ခုသတိပေးပါရစေ၊ တရားခံမစိတ်ထိခိုက်ပြီး စိတ်ဆိုးအောင်ဆွပြီး မေးနေတဲ့ မေးခွန်းမျိုးကိုတော့ ရှောင်စေချင်ပါတယ်၊ ဒါမှလဲ တရားမှန်ကို ရောက်နိုင်ပါတယ်။ ရှေ့နေဆိုတာဟာ ကိုယ့်ဘက်က အမှုနိုင်ရုံသာ ဆောင်ရွက်ရတာ မဟုတ်ပါဘူး၊ ရုံးတော်ကို အမှုမှန်ပေါ်အောင် ကူညီဖို့တာဝန်ကလဲ ကြီးလေးစွာရှိနေပါသေးတယ်။ ခုကိစ္စမှာ တရားခံဟာ စွဲထားတဲ့ အမှုတစ်ခုကို ကျူးလွန်တယ်၊ မကျူးလွန်ဘူး ဆိုတာသာ စွဲချက်တင်တဲ့ပုဒ်မအရ ရှာဖွေစစ်ဆေးကြခြင်း ဖြစ်ပါတယ်။ စွဲချက်မတင်တဲ့ အခြားပြစ်မှုကို စစ်ဆေးရှာဖွေနေကြတာ မဟုတ်ပါဘူး။ တရားရုံးတော်ရဲ့ ဝတ္တရားက တရားခံမဟာ လူသတ်မှုကို ကျူးလွန်တယ်၊ မကျူးလွန်ဘူးဆိုတာကိုပဲ စစ်ဆေးရှာဖွေရမယ်၊ အခြားပြစ်မှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် မသမာသော အသက်မွေးဝမ်းကျောင်းမှု သို့မဟုတ် လိမ်လည်ဖြားယောင်းမှု စတဲ့ ရုံးတော်မှာ စွဲချက်တင်ထားခြင်း မရှိတဲ့ အခြားပြစ်မှုတစ်ခုခုကို ရှာဖွေစစ်ဆေးခြင်း မဖြစ်သင့်ပါဘူး။ ကဲ ဒါပါပဲ၊ ဒီကနေ့တော့ တော်လောက်ပါပြီ၊ တရားခံမအတွက် အချုပ်ရက်များ အတောအတွင်း အထူးတန်းပေးဖို့ လျှောက်ထားတဲ့ လျှောက်လွှာကို ရုံးတော်ကရရှိထားတယ်၊ ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ဦးရဲ့ ထောက်ခံချက်ကိုလဲ ရထားတယ်၊ ဒါကြောင့် တရားခံမကို အထူးတန်းဖြင့် အချုပ်ချထားရန် အမိန့်ထားလိုက်တယ်။ ကဲ ဒီနေ့ ရုံးဆင်းပြီ၊ နောက် ဆက်လက်ကြားနာဖို့ ရက်ချိန်း လာမယ့် တနင်္လာနေ့"

တရားသူကြီးက ရက်ချိန်းပေးပြီး ဝတ်ရုံကိုမ,ကာ မတ်တတ်ထလိုက်သည်။ အားလုံးမတ်တတ်ထပြီး တရားသူကြီးနှင့် ဂျူရီလူကြီးများပါ တရားခွင်မှ ဆင်းသွားကြသည်။ ရှေ့နေများက သူတို့အချင်းချင်း ခေါင်းချင်းရိုက် စကားပြောနေကြ၏။ တစ်ယောက်တစ်ခွန်း မေးပုံ၊ အမှုစစ်ပုံကို ဝေဖန်နေကြ၏။

သတင်းထောက် မောင်မောင်သန်းကား ကျင်ရွှေကို ဓာတ်ပုံတဖျတ်ဖျတ်ရိုက်နေလေသည်။ ဓာတ်ပုံရိုက်ရင်းလည်း "သူ မုန်းပေမဲ့ ချစ်ဟန်ဆောင်တတ်သော တရားခံမတဲ့၊ ခေါင်းစီးကလေးကတော့ နိပ်ပြီဟေ့" ဟု စိတ်ထဲမှ ရွတ်ဆိုနေမိသည်။

ညိုလေးသည် စီးကရက်ဘူးကို ကျင်ရွှေအား လှမ်းပေးလိုက်သည်။ ကျင်ရွှေက စီးကရက် တစ်လိပ်ကို ကပျာကရာညှိကာ အားရပါးရရှူရှိုက်ပြီး မီးခိုးများကို လွှင့်ထုတ်နေစဉ် မောင်မောင်သန်းက ဓာတ်ပုံတစ်ပုံ ထပ်ရိုက်ပြန်သည်။

"ဒါကတော့ ချစ်ပေမဲ့ မုန်းဟန်ဆောင်တတ်သော တရားခံမ"

ဓာတ်ပုံရိုက်ရန်သာမဟုတ်၊ သတင်းခေါင်းစီးတပ်ရန် စကားလုံးများကိုလည်း ပါးစပ်မှ ခပ်တိုးတိုး ရွတ်လိုက်လေ၏။ အစိုးရရှေ့နေနှင့် နားထောင်သူများပါ ရုံးခန်းထဲမှ ထွက်သွားကြသည်။

တရားခံရှေ့နေ ဦးဇော်ထွန်းသည် ညိုလေးနှင့် ကျင်ရွှေရှိရာသို့ လျှောက်လာ၏။ အမှုတွဲများနှင့် ဒိုင်ယာရီကို လက်တွင် ပိုက်လာသည်။ သူ့မျက်နှာ ရွှင်ပြုံးနေသည်။





"အချုပ်မှာတော့ အထူးတန်းရသွားပြီ"

ရွှေတင်က ဆေးလိပ်ပြာ ချွေလိုက်ရင်း ရက်ရောစွာပြုံးကာ

"အထူးကျေးဇူးတင်ပါတယ် ဝတ်လုံတော်ရမင်းရယ်"

"အထူးတန်းရရင် အထူးတန်းနဲ့ ညီညွတ်အောင် ကောင်းကောင်းနေနော်၊ နို့မဟုတ်ရင် ထောက်ခံတဲ့ဂုဏ်သရေရှိလူကြီးမှာ နာမည်ပျက်တတ်တယ်"

"ထောက်ခံတာက ဘယ်သူများပါလိမ့်မလဲရှင်"

"မသိချင်ပါနဲ့လေ"

ဝတ်လုံတော်ရက ပြုံး၍ပြောလိုက်သည်။ သူကိုယ်တိုင်က ဘယ်သူ့ကိုမှ မပြောပါနှင့်ဟု ကတိပေးထားခဲ့သည် မဟုတ်လား။ ပြီးတော့လည်း ဘယ်သူက ထောက်ခံသည် ဆိုသည်ကို ကျင်ရွှေသိစရာမလိုသဖြင့် အပိတ်ပြောလိုက်သည်။ ညိုလေးမှာ ဘယ်သူဖြစ်ပါလိမ့်ဟု တွေးကာ ဦးဇော်ထွန်းကို မျှော်ကြည့်နေသည်။

"သြော် သြော်၊ သိပါပြီ"

ရွှေတင်က ခပ်တွေတွေလုပ်၍ စဉ်းစားပြီး ပြောလိုက်သည်။ ညိုလေးကား သူကြားချင်သည့်အဖြေကို ဦးဇော်ထွန်းဆီမှ မလာဘဲ ကျင်ရွှေထံမှ လာသဖြင့် အံ့အားသင့်သွားလေသည်။ အနားတွင် ရောက်နေသော မောင်မောင်သန်းက ကြားဖြတ်ကာ

"ထောက်ခံတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းက ဘယ်သူတဲ့လဲဗျ ဝတ်လုံတော်ရမင်း"

"ဒီလျှို့ဝှက်ချက်ကို သတင်းထောက်မသိဖို့ ပိုအရေးကြီးတယ်ဗျ ဟဲဟဲ"

ဦးဇော်ထွန်းက ပြုံးစနဲ့နဲ့ဖြင့် ပြောလိုက်သည့်အတွက် မောင်မောင်သန်းမှာ နှုတ်ခမ်းကြီးစူကာ အပြင်သို့ ထွက်သွားလေသည်။

"ဦးဖေသန်းမှာ သွေးအားနည်းတဲ့ ရောဂါရှိတယ်ဆိုတာ ဘယ်သူသိသလဲ"

"ကျွန်မ သိပါတယ်"

ဦးဇော်ထွန်းက ခေါင်းကိုယမ်းကာ

"မဟုတ်ဘူးလေ၊ မင်းအပြင် ဘယ်သူသိသေးသလဲ၊ ဆရာနဲ့တို့ ဘာတို့ သက်သေခံနိုင်မယ့်လူ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ဒါတော့ ကျွန်မ မသိဘူး"

"အေးလေ၊ ဒါက ကိစ္စမရှိပါဘူး၊ အရေးကြီးတာက ဦးဖေသန်း သောက်တဲ့ ဆေးပုလင်းထဲမှာ ဆေးမှုန့် ဘယ်နှထုပ် ကျန်သလဲဆိုတာကော မှတ်မိသလား"

"မှတ်မိပါတယ်၊ နှစ်ထုပ်ကျန်တယ်၊ ကျွန်မက တစ်ထုပ်တိုက်လိုက်တော့ တထုပ်ပဲကျန်တော့တာပေါ့"

"ဒီဆေးကို မင်းတိုက်နေကျနော်"

"မကြာခဏ တိုက်ရပါတယ်"

"ဒါဖြင့် ဒီဆေးနှစ်ထုပ်စလုံးကို တစ်ယောက်ယောက်က ဦးဖေသန်း မရှိတုန်းမှာ အဆိပ်ထုပ်နဲ့ လဲသွားတာကော မဖြစ်နိုင်ဘူးလား"

"ဟာ ဖြစ်နိုင်တာပေါ့ ဝတ်လုံတော်ရမင်းရယ်"

ကျင်ရွှေမှာ ဦးဇော်ထွန်း၏ စကားကြောင့် အားတက်သွားသည်။ ဦးဇော်ထွန်းက ခေါင်းမော့ကာ တွေးနေလေသည်။ သူ့အတွေးမှာ ဦးဖေသန်း ငွေများကို လိုချင်သူ တစ်ဦးဦးက ပုလင်းထဲက ဆေးမှုန့်ထုပ်များကို လဲထားမည်။ ကျင်ရွှေက ဆေးတိုက်လျှင် ဦးဖေသန်းကို သတ်သူမှာ ကျင်ရွှေပင် ဖြစ်ရမည်ဟု ထင်ရှားနေသည်။ ကျင်ရွှေသည် ဦးဖေသန်း၏ ငွေများကို ယူရန် အကြံဖြင့် ဦးဖေသန်းကို အဆိပ်ဆေးမှုန့်များ တိုက်သည်ဟု တွေးထင်စရာ ဖြစ်မည်။ လူသတ်သမား၏ အကြံကား ပိရိပေသည်။ သို့ရာတွင် လူသတ်သမားသည် ဘယ်သူနည်း။ သူ့ကို ဥပဒေအချက်အလက်ဖြင့် ဘယ်လိုဖော်ထုတ်ရမည်နည်း။ ပြီးတော့ တရားခံကျင်ရွှေကို ကြိုးကွင်းမှ ဘယ်လိုဆွဲထုတ်ရမည်နည်း။ အတွေးများမှာ သူ့ခေါင်းထဲတွင် ချာချာလည်လျက် ရှိသည်။

ခပ်လှမ်းလှမ်းမှ မိန်းမပုလိပ်များနှင့် ယောက်ျားပုလိပ်များမှာ သွားရန် ဟန်တပြင်ပြင် လုပ်နေကြသည်။ သည်တော့မှ ဝတ်လုံဦးဇော်ထွန်းသည် ဖြုံးခနဲသတိရကာ . . .

"ကဲ . . . ကဲ သွားကြပေတော့၊ ဘာမှ အားမငယ်ပါနဲ့"

ဦးဇော်ထွန်းသည် ရှေ့နေများနားနေခန်းသို့ ထွက်လာခဲ့သည်၊ တရားခံမ ကျင်ရွှေနှင့် ပုလိပ်များလည်း အောက်ထပ်အချုပ်ခန်းဘက် ဆင်းသွားကြ၏။ ညိုလေးကား နောက်က ယောင်ပေပေနှင့် လိုက်သွားလေသည်၊

●

# (၂၂)

"အထဲကြွပါရှင်၊ အားလုံး ထမင်းစားခန်းထဲ ရောက်နေကြပါပြီ"

အစေခံမလေးတစ်ယောက်က ဘီလပ်သံတံခါးသော့ကို ဖွင့်ပေးလိုက်သဖြင့် ခင်မောင်ဝင်းသည် အိမ်ထဲသို့ ဝင်လိုက်သည်။ ကြမ်းပြင်မှာ သစ်သားတုံးကလေးများကို ခပ်ရွှေရွှေစီထားကာ ပါလစ်သုတ်ထားသဖြင့် မှိုင်းညို တောက်ပ၍ နေသည်။ အိမ်ထဲသို့ဝင်လျှင် ဝင်ချင်း ပင်ပေါင်ရိုက်သော စားပွဲကြီးကို မြင်နေရသည်။ သည်နေရာမှာ အိမ်အောက်ဆင်ဝင်ခန်းအပေါ်ထပ်သို့ တက်သော လှေကားတက်ဖြစ်၍ ဘာမျှမထားဘဲ ပင်ပေါင်စားပွဲကြီး တစ်လုံးနှင့် မတ်တတ်ကုလားထိုင် သုံးလေးလုံးခန့်သာ ရှိသည်။ သည်အခန်းမှ နေ၍ ဝင်မှ ဆင်ဝင်ခန်းကို ရောက်လေသည်။

ဆင်ဝင်ခန်းမှာ ငါးလုံးပူး ပဒေသာမီးပွင့်များကို ချိတ်ဆွဲထားပြီး အုတ်နံရံတွင်လည်း မီးပွင့်များ တစ်လုံးစီ တပ်ဆင်ထား၏။ နီညိုရောင် လိုက်ကာ ခန်းဆီးကြီးကို ချိတ်ဆွဲထားသည်။

ခင်မောင်ဝင်းသည် ဧည့်ခန်းကို ဖြတ်ကာ ထမင်းစားခန်းဘက်သို့ လျှောက်လာခဲ့သည်။ ဧည့်ခန်းထဲတွင် ဆိုဖာကြီးများကို နံရံတွင် ကပ်ထား၍ ချထားပြီး မှန်ဘီရိုကြီး တစ်ခုထဲတွင် အလှအပပစ္စည်းများကို ထည့်ထားသည်။ ပြင်သစ်ပြည်လုပ် ဗီးနပ်(စ်) နတ်သမီး၏ ကိုယ်လုံးပေါ် ကျောက်ဖြူရုပ်တု၊ ဆင်စွယ်ဖြင့် ထုထားသော တပ်ဂျမဟာ၏ အဆောက်အအုံပုံ၊ စကော့တလန်မှ လုပ်သော ဘဲလ်မိုရဲတိုက်နှင့် စကော့စစ်သားရုပ်သာစ်ဘင်း



www.burmeseclassic.com

www.burmeseclassic.com



နာရီစင်ကြီး၏ ပုံတူ တေးဆိုသည့် သံစုံနာရီကလေး။

"တခြား ဧည့်သည်တွေ ပါသေးလားဟေ့"

ခင်မောင်ဝင်းက ဧည့်ခန်းတွင် ခင်းထားသော ပါရှင်းကော်ဇောကြီးပေါ်ကို ဖြတ်လျှောက်ရင်း အစေခံကလေးကို မေးလိုက်သည်။

"အမြတ်တော်ခွန် မင်းကြီးလင်မယားပဲ ပါပါတယ်"

ထမင်းစားခန်းတွင် စူစီတို့ တစ်အိမ်သားလုံးကို တွေ့ရသည်။ စားပွဲရှည်ကြီး၏ ထိပ်တွင် စူစီ၏ ဖေဖေ ဦးထွန်းမင်း၊ သူ့လက်ဝဲဘက်တွင် အမြတ်တော်ခွန်မင်းကြီး၊ ညာဘက်တွင် မင်းကြီးကတော်၊ မင်းကြီးကတော်ဘေးတွင် စူစီ၏ ညီမလေးကို စာသင်ပေးသူ ဆရာမဒေါ်ခင်ခင်စီ၊ သူနှင့်မျက်နှာချင်းဆိုင်တွင် စူစီ၏ မောင် ကောလိပ်ကျောင်းသား ရယ်ဂျီနယ်ထွန်းမင်း၊ နောက် စူစီ၏ ညီမငယ် ဖလောရင့်ထွန်းမင်း၊ သူနှင့် မျက်နှာချင်းဆိုင်တွင် ဒေါ်ခင်ခင်လေး၏မောင် စက်သူဌေး မင်းတိုင်ပင်အမတ်၊ သူ့ဘေးတွင် စူစီဖြစ်၍ စူစီနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တွင်ကား ခင်မောင်ဝင်းထိုင်ရန် လစ်လပ်နေ၏။ စူစီ၏ မေမေ ဒေါ်ခင်ခင်လေးကား သူတို့နှစ်ယောက်အလယ် စားပွဲရှည်ထိပ်တစ်ဘက်တွင် ထိုင်နေလေသည်။ စူစီတို့တစ်အိမ်သားလုံးပင် ထမင်းစားခန်းထဲမှာ ရောက်နေသည်။ စူစီ၏ အဘွား၊ ဒေါ်ခင်ခင်လေး၏ အမေ အသက်ခုနစ်ဆယ်ခန့်ရှိ အဘွားကြီး ထိပ်တင်မလေးသာလျှင် ထမင်းဝိုင်းသို့ မဆင်းလာပေ။ ထိပ်တင်မလေးကား အသက်ကလည်း ကြီးပြီမို့ အောက်ထပ်သို့ ဘယ်တော့မှ မဆင်းပေ။ ထိပ်တင်မလေးသည် ထမင်းစားလျှင်လည်း သူ့အိပ်ခန်းထဲမှာပင် စားသည်၊ ကိုယ်လက်သန့်စင်လျှင်လည်း အိပ်ခန်းနှင့်တွဲလျက် အခန်းတွင် ကိစ္စပြီးသည်။ အိမ်ပေါ်ထပ်မှ အောက်ထပ်သို့ မဆင်းသည်မှာ အနှစ်နှစ်ဆယ်လောက်ရှိပြီ ထင်သည်။ အနှစ်နှစ်ဆယ်လုံးလုံး သည်အိပ်ခန်းထဲမှာပင် နေခဲ့သည်။ သူတွေ့ချင်သော ဧည့်သည်ဆိုလျှင် သူ့အိပ်ခန်းထဲသို့ အရောက်ပို့ပေးရသည်။

"ကျွန်တော် လူသတ်မှုတစ်ခုမှာ ဂျူရီထိုင်နေရတဲ့အတွက် နည်းနည်းနောက်ကျသွားပါတယ်"

ခင်မောင်ဝင်းက အားလုံးကို ခေါင်းညိတ်၍တောင်းပန်လိုက်ပြီး စူစီနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဖြူဖွေးနေသော





စားပွဲထိုးဝတ်စုံဝတ်ထားသည့် ဘိုင် ကုလားတစ်ယောက် ဝီစကီ ဖလ်ခွက်များကို ငွေလင်ပန်းထဲတွင် ထည့်ကာ သူ့နားတွင် ခပ်ရို့ရို့လာရပ်သည်။ ခင်မောင်ဝင်းက ဖန်ခွက်ကို ယူပြီး သူ့အရှေ့တွင် ချထားလိုက်သည်။ စူစီမှာ ခင်မောင်ဝင်း နောက်ကျသဖြင့် မျက်နှာကိုစူထားသည်။

"ဂျူရီထိုင်တာကတော့ ဟုတ်ပါပြီဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ ရုံးတွေက ရာဇဝတ်သားကို လွှတ်ပြီး အပြစ်မဲ့တဲ့လူတွေကို အပြစ်ဒဏ်ပေးတာတော့ သိပ်မနိုပ်လှဘူးဗျ၊ ဟဲဟဲ"

ဒေါ်ခင်ခင်လေး၏ မောင် မင်းတိုင်ပင် အမတ်က ဝီစကီကို တစ်ကျိုက်မျှသောက်ရင်း ပြောလိုက်၏။

"ဟုတ်တယ် ဟုတ်တယ်၊ ဟား . . . ဟား . . . ဟား"

ဦးထွန်းမင်းက စားပွဲထိပ်မှနေ၍ ထောက်ခံရင်း တဟားဟားရယ်နေသည်။ ဦးထွန်းမင်းကား သူ့ယောက်ဖ မင်းတိုင်ပင်အမတ်ကို အထင်ကြီးသူဖြစ်သည်။ မင်းတိုင်ပင်အမတ်ကား အောက်လွှတ်တော်တွင် တရားဥပဒေစံနစ်ကို အင်္ဂလိပ် တရားဥပဒေစံနစ်အသွင်သို့ လုံးဝပြောင်းလဲပစ်ရန် အဆိုသွင်းခဲ့သူဖြစ်သည်။

ခင်မောင်ဝင်းက ဘာမျှ ပြန်မပြောဘဲ မချိပြုံးပြုံးကာ ငါးမန်းတောင်ဟင်းချိုကို ပန်းကန်လုံးထဲသို့ ထည့်၍ သောက်နေသည်။ သူ့မှာ တစ်နေကုန်ရုံးတွင် အချိန်ကုန်ခဲ့ရသဖြင့် ဆာလောင်လှပြီဖြစ်၏။

"တော်တော်ဆာလာပြီပေါ့လေ"

စူစီက ငါးမန်းတောင် ဟင်းချိုကို ဆက်တိုက်သောက်နေသော ခင်မောင်ဝင်းကို ကြည့်၍ ပြောလိုက်၏။ စူစီမှာ ခါတိုင်းလို ကျစ်ဆံမြီးကျစ်ကာ ဖဲပြားကို စည်းထားပြီး ပွင့်ရိုက်ရှန်သားဝိုင်အကျီ မရမ်းစေ့အရောင်နုနုကို ဝတ်ထား၏။ ခါတိုင်းစိတ်ထဲတွင် နောက်၍ ရုပ်ပွေနေလျှင် ခင်မောင်ဝင်းသည် စူစီ၏ နုပျိုလန်းဆတ်သော အလှကို ကြည့်၍ ကြည်လင်ရမြဲဖြစ်၏။ သည်အခါမျိုးတွင် ခင်မောင်ဝင်း၏ မျက်စိထဲ၌ စူစီသည် ရွှန်းလဲ့သောလရောင်ငွေရည်တို့ဖြင့် လွှမ်းခြုံထားကာ ပြစ်မျိုးမြူမတင်သော လှရုပ်သွင်ကလေးသာ ဖြစ်၏။ သို့ရာတွင် ယနေ့မူကား ဟင်းလင်းပွင့်သော နေရောင်အောက်တွင် ကြည့်ရသလို အပြစ်အနာအဆာတွေကို ထင်ရှားစွာ မြင်နေရသည်။ သူ့ဆံပင်များမှာ ကျီးပေါင်းသိုက်လို ရှုပ်ထွေးပွေလိမ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းအစုံသည် နှင်းဆီပွင့်အဖူးလို မလှပတော့ဘဲ နှုတ်ခမ်းဆိုးဆေးတွေ ထူလပျစ်လိမ်းထားသဖြင့် သွေးတွေပေကျံနေသော အိုင်းအနာကြီးလိုပဲဟု ထင်နေ၏။ ခါတိုင်း ဆင်စွယ်နှစ်လို ဖြူဝင်းမွတ်ညက်သော တံတောင်ဆစ်များမှာလည်း ချွန်ထွက်နေသည်ဟု ထင်ရ၏။ ဆေးနီဆိုးထားသည့် လက်သည်းရှည်များမှာလည်း ကြည့်၍ မလှတော့ဘဲ သားရဲငှက်၏ လက်သည်းများလို အကြည့်ရဆိုးနေ၏။

ထမင်းစားသောက်ပြီးသောအခါ သူတို့အားလုံး ဒုက်တောဆေးရည် တစ်စက်နှစ်စက် ခွက်ထားသည့်ရေဖြင့် ပလုပ်ကျင်းကြ၏။ စူစီက ခင်မောင်ဝင်း ကုလားထိုင်နောက်မှီနားသို့ လာရပ်ကာ

"ကိုကိုဝင်း၊ မေမေဘုရားကို ဖူးဦးမလား"

စူစီက ထိပ်တင်မမလေးကို မေမေဘုရားဟု ခေါ်၏။ သူ့မေမေ ခေါ်ခင်ခင်လေး ခေါ်သည့်အတိုင်း အားလုံးက မေမေဘုရားဟု ခေါ်ကြရလေ၏။

"သွားတာပေါ့"

ခင်မောင်ဝင်းက အေးစက်စက်ပြန်ကြားကာ စီးကရက်တစ်လိပ်ကို ကောက်ညှိနေသည်။ တကယ်တော့ ခင်မောင်ဝင်းသည် စကားကြောရှည်လှသော ထိပ်တင်မလေးကိုလည်း သိပ်မတွေ့ချင်လှပေ။ သို့ရာတွင် ထမင်းစားပွဲတွင် ထိုင်နေရသည်ထက်တော့ သက်သာလိမ့်မည်ဟု မျှော်လင့်၏။ ကျန်လူများကား ငွေလင်ပန်းများဖြင့် ချလာသော သစ်တော့သီး၊ ပန်းသီး၊ စပျစ်ချိုသီးများကို စားနေကြလေသည်။

"မေမေဘုရားကတော့ သိပ်တွေ့ချင်နေတာ။ မောင်ခင်မောင်ဝင်းကောနဲ့ တမေးထဲ မေးနေတာပဲ။ လာပါ၊ ကဲ မေမေဘုရား အခန်းထဲမှာလဲ ဆေးလိပ်သောက်နိုင်ပါတယ်"

မေမေဘုရားသည် အိမ်ပေါ်ထပ် သလွန်ထက်တွင် ကတ္တီပါမှီအုံးကို မှီကာ လဲလျောင်းနေ၏။ ခြေရင်းရှိ ကြာပွင့်သဏ္ဌာန်ကတ္တီပါ ဖုံကြီးပေါ်ကို ခြေတင်၍ ထားလေသည်။ သလွန်မှာ အပြောက်အမွမ်း၊ အခန်းအဖုတို့ဖြင့် ရုပ်လုံးကြွကာ ပန်းခက်များ ဖော်ထားလေသည်။ သလွန်ဘေးစားပွဲပေါ်မှ နှင်းဆီပန်းများမှာ တစ်ခန်းလုံးကို မွှေးထုံစေသည်။ သည်အထဲတွင် မေမေဘုရား၏ အဝတ်များတွင် ဆွတ်ထားသော အော်ဒီကလုံး ရေမွှေးနံ့





ကလည်း မွှားရစ်ရီဝေစေပေသည်။ မေမေဘုရားမှာ သည်အနံ့ကိုရမှ စိတ်ပေါ့ပါးကြည်လင်ကာ နေထိုင်ကောင်းသည်ဟု ဆိုပေသည်။ သည်အခန်းထဲသို့ မေမေဘုရားသည် တော်တော်တန်တန်ဧည့်သည်ကို ဝင်ခွင့်မပြုပေ။ သူနှင့်ရင်းနှီးခင်မင်သူများကိုသာ ဝင်ခွင့်ပေးလေသည်။ သည်အိမ်ကြီး၏ ဇကာရီတစ်ပါးပေတည်း။

ခင်မောင်ဝင်းကား မေမေဘုရား၏ အခန်းကို တံခါးမရှိ၊ ဓားမရှိ ဝင်ခွင့်ရသူဖြစ်၏။ မေမေဘုရားမှာ ခင်မောင်ဝင်းကို မြတ်နိုး၏။ ခင်မောင်ဝင်း၏ မိဘများနှင့်လည်း တစ်အိမ်ထောင်လုံးနှင့် ရင်းနှီး၏။ ပြီးတော့ ခင်မောင်ဝင်းနှင့် စူစီမှာလည်း လူကြီးချင်းစေ့စပ်ကြောင်းလမ်း ထားကြသည် မဟုတ်လား။

အိမ်ပေါ်ထပ် စာကြည့်ခန်းမှာ မှန်ပြတင်းတွေအပြည့် တပ်ထား၍ အလင်းရောင်ထိုးရိုက်နေ၏။ ရှေ့ကတက်သွားသော စူစီသည် စာကြည့်ခန်းထဲ အရောက်တွင် ရုတ်တရက်ရပ်လိုက်၏။ ပြီးနောက် တစ်ခါတစ်ရံ မေမေဘုရား ထိုင်လေ့ရှိသည့် ခြသေ့ရုပ်လုံးခံ ကျွန်းကုလားထိုင်ထိပ်မှ သစ်သားဘုကလေးကို ဆုပ်ကိုင်ကာ လေးကန်ဖြေးနှေးစွာ အပေါ်ထပ်သို့ တက်လာသော ခင်မောင်ဝင်းကို ရပ်စောင့်နေသည်။ ခင်မောင်ဝင်းကို ကြည့်ရသည်မှာ ထိုင်းမှိုင်းနေသည်။

စူစီသည် တစ်ခါတစ်ရံတော့ ခင်မောင်ဝင်းကို အားမလိုအားမရ ဖြစ်ရမိသည်။ သူ့အစ်မ ခင်မေဝင်းယောကျ်ား ဦးမောင်မောင်မြင့်နှင့် ကွာလေခြင်းရယ်လို့လည်း စိတ်ထဲက အောက်မေ့မိသည်။ စူစီသည် တစ်ရံရောအခါတုန်းက မေဘယ်-ဘော်နယ်လီယားစ်၏ မွေးနေ့ပါတီတွင် ယစ်ရွှေရည်ကလေးကလည်း ခပ်ထွေထွေ၊ အနောက်တိုင်းတေးဂီတသံကလည်း မြူးကြွကြွ၊ သူကိုယ်တိုင်ကလည်း သည်လိုအတွေ့မျိုးတွင် ရီဝေဝေမို့ ဦးမောင်မောင်မြင့်နှင့် မရှောင်နိုင်ကြဘဲ တွေ့ခဲ့ကြဖူးပါ၏။ သို့သော်လည်း ခင်မောင်ဝင်းကိုတော့ မေ့၍မရပေ။ ခင်မောင်ဝင်းနှင့် မြန်မြန်လက်ထပ်ချင်လှပြီဖြစ်၏။ တကယ်ဆိုတော့ ခင်မောင်ဝင်းသည် စူစီ့ယောကျ်ား တစ်ယောက်အဖြစ် အသင့်လျော်ဆုံးဖြစ်၍ စူစီကိုယ်တိုင်ကလည်း သဘောကျ၏။ သို့ရာတွင် သူသည် ခင်မောင်ဝင်းအတွက်မဟုတ်၊ ခင်မောင်ဝင်း သာလျှင် သူ့အတွက် ဖြစ်ရမည်ဟု ယခင်ကပင် ကြိုတင်၍ ဂဏန်းတွက်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးဖြစ်သည်။ သို့မို့ကြောင့်လည်း စုစီသည် ခင်မောင်ဝင်းကို ယခု ကတည်းက နွဲ့ဆိုးဆိုးကာ သွေးတိုးစမ်းကြည့်တတ်သည်။ ဘယ်တော့မှ သူက အရှုံးမပေးပေ။

"ကိုကိုဝင်း ဒီနေ့ ဘာဖြစ်လာလဲဟင်၊ ရွှေမျက်နှာတော်က ညှိုလို့"

ခင်မောင်ဝင်းက သူ့ဆီသို့ ဖြေညင်းစွာ လျှောက်လာစဉ် စုစီက လှမ်း မေးလိုက်သည်။ သို့ရာတွင် စုစီ့မျက်နှာမှာ စိတ်ညစ်လာဟန်တူသော ခင် မောင်ဝင်းကို ချော့မည့် မျက်နှာမျိုးမဟုတ်။ ခင်မောင်ဝင်းက သူ့ရှေ့တွင် မျက်နှာညှိုမိသည်ကို တောင်းပန်တိုးလျှိုးအောင် မူဟန်နွဲ့သည့် မျက်နှာ ထားမျိုးသာဖြစ်၏။

သည်တော့မှ ခင်မောင်ဝင်းသည် နေ့တစ်နေ့လုံး ရုံးတွင် တွေ့ခဲ့ရ သော စိတ်မချမ်းမြေ့စရာ မြင်ကွင်းများကို ပို၍ အမှတ်ရလာပြန်သည်။

"ဟုတ်တယ် တစ်ခုခုဖြစ်လာလို့ပဲ၊ တစ်ခုခုမှ အင်မတန် စိတ်ညစ် စရာ စိတ်မချမ်းမြေ့စရာကောင်းတဲ့ တစ်ခုခုပဲ"

"ဘာတွေများ တွေ့လာသလဲ ကိုကိုဝင်း၊ စုစီ့ကို ပြောမပြနိုင် ဘူးလား"

"နောက်တော့ ပြောပြပါ့မယ်ကွယ်၊ ခုတော့ စုစီကို မပြောပြပါရစေ နဲ့။ စုစီကလဲ ကိုကိုဝင်းကို သိပ်မမေးစမ်းပါနဲ့"

ခင်မောင်ဝင်းက ခေါင်းယမ်း၍ ပြောလိုက်သည်။

"ဒါဖြင့် စုစီကို မပြောနိုင်တော့ဘူးပေါ့"

စုစီက မျက်နှာကို ပို၍ညှိုပြကာ နှုတ်ခမ်းစူ၍ မေးလိုက်သည်။

"ဟုတ်တယ် ခုမပြောနိုင်သေးဘူး"

"ဩော် စုစီ့ကိုတောင် ပြောပြလို့မဖြစ်တဲ့ အကြောင်းကိုး"

"ဒါတော့ စုစီထင်ချင်သလိုထင်၊ ကိုကိုဝင်းအကြောင်းကို ခုတော့ ပြောမပြနိုင်သေးဘူး"

"ကဲပါရှင်၊ မသိစေချင်တဲ့ အကြောင်းလဲ မမေးတော့ပါဘူး။ မေမေ ဘုရားအခန်းထဲကိုသာ ကြွတော်မူပါ"

စုစီက နှုတ်ခမ်းကလေးမဲ့၍ ပြောလိုက်သည်။ ခင်မောင်ဝင်းက သူ ထင်သလို အလိုမလိုက်ပါလား ဟူ၍လည်း တွေးမိလာကာ စုစီသည် ရင်ထဲ က တလှိုက်လှိုက် ငိုချင်လာသည်ကို ချုပ်တည်းကာ နှုတ်ခမ်းကို ကိုက်ထား





လိုက်သည်။ ခင်မောင်ဝင်းက ဒါမျိုးကလေးတွေကစ အလိုလိုက်နေလျှင် ခက်ရချည်ဟု အောက်မေ့ကာ မသိဟန်ဆောင်နေလိုက်သည်။

မေမေဘုရားကား သူ့အခန်းထဲတွင် ညစာစားပြီးဖြစ်၏။ မေမေ ဘုရားသည် ထမင်းစားတုန်းတော့ အခန်းထဲကို ဘယ်သူ့မှ ဝင်ခွင့်မပေးပေ၊ သူထမင်းစားဟန် ပုံပန်းမလှပုံကို အခြားသူတွေမြင်သွားမည်ကို စိုးရိမ်ဟန် တူ၏။ သလွန်အနီး ကျွန်းသားစားပွဲဝိုင်းကလေးပေါ်တွင် လိမ္မော်ရည်ဖန်ခွက် တင်ထား၏။ မေမေဘုရားမှာ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူဖြစ် ၍ ဆံပင်များမှာ ဆေးဆိုးထားသော်လည်း နက်မှောင်မနေကြတော့ဘဲ နီ ကြောင်ကြောင်ဖြစ်နေ၏။ သွားများမှာ အသစ်စိုက်ထား၍ တောက်ပဖြူဖွေး နေ၏။ မယ်မယ်ဘုရားသည် ငယ်ရွယ်နုပျိုအောင်နေတတ်ပေသည်။

"ခင်မောင်ဝင်းလား၊ လာလာထိုင်"

မေမေဘုရားက အသားကျနေသော ဟန်ဆောင်ပြုံးကို ပြုံးကာ အ ထိုင်ခိုင်း၏။ သူ့အသံမှာ အသံသြဇာ ကောင်းလှပေသည်။

"ဒီနေ့ရုံးမှာ ဂျူရီထိုင်လာရလို့ စိတ်လက်မကြည်မသာ ဖြစ်နေတယ် ပြောတယ်၊ ဟုတ်ပါရဲ့ကွယ်၊ မင်းတို့လို အင်မတန် နူးညံ့သိမ်မွေ့တဲ့ လူတွေ နဲ့ ဂျူရီအလုပ်နဲ့ မကိုက်ပါဘူး"

"မှန်ပါတယ်၊ မေမေဘုရား အမိန့်ရှိသလို ကျွန်တော်ဖြင့် စိတ်ကုန် လှပါပြီ"

"မှန်ပါလေကွယ်။ အင်း လောကမှာဒီလိုပေါ့လေ။ မကြံစည်သော် လည်း ဖြစ်ရ၏။ ကြံစည်သော်လည်း မဖြစ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ် ကြီး ဟော်တော်မူခဲ့တယ် မဟုတ်လား။ ဩော် ဒါထက် မောင်ခင်မောင်ဝင်း စန္ဒရားတီးသေးလား။ အင်း ငယ်ငယ်တုန်းက ဒီအိမ်အောက်ထပ်က ခင်ခင် လေးတီးတဲ့ စန္ဒရားကြီးမှာ စုံသာမြိုင်လယ် သီချင်းခံကြီးကို တီးသွားတာ ခုထက်ထိမှတ်မိသေးတယ်။ အဲဒီတုန်းကများ သီချင်းကို နားထောင်ရင်း တော်ကြီးဘုရားကို အောက်မေ့လိုက်တာ မျက်ရည်တွေ ဘယ်က ဆင်းလာ မှန်းမသိဘူး။ လက်သံကလဲ ပီရိပါပေတယ်၊ ခုကော တီးသေးသလား၊ ခုနေများ နားထောင်လိုက်ရရင်လေ"

အမှန်ကတော့ မေမေဘုရားသည် တစ်ဖက်သားကို မြှောက်ပင့်၍ ချိုသာစွာ ပြောသည့်နေရာတွင် သူမတူအောင် ထူးချွန်သူဖြစ်၏။ ခင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသည် အဖွားကြီးမြှောက်ပင့် ပြောဆိုတတ်ပုံ၊ ဩဇာပေးတတ်ပုံ၊ သမီးနှင့် သမက်ကို အရုပ်ကလေးတွေလို ကြိုးဆွဲနေပုံတို့ကို သိပြီးဖြစ်၏။

"ကျွန်တော် မတီးတာကြာပါပြီ မေမေဘုရား"

ခင်မောင်ဝင်းက ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။ တကယ်တော့ သည်အဘွားကြီးသည် ပလီပလာပြောနေခြင်းမျှသာ ဖြစ်သည်ဟု ထင်၏။ သူ့အား မြှောက်ပင့်နေခြင်းမျှသာ ဖြစ်သည်ဟု ထင်၏။ သူ၏ အိုမင်းခြင်းကို ဖုံးကွယ်မရသလို စိတ်မပါဘဲ ဟန်လုပ်ပြောနေခြင်း ဖြစ်ကြောင်းကိုလည်း ဖုံးကွယ်လို့မရပေ။

"ဘို ကျွတ် ကျွတ်၊ ဖြစ်မှ ဖြစ်ရလေကွယ်။ ဂီတမှာ ပါရမီရှိရက်သားနဲ့၊ အဲဒီတုန်းက အိမ်မှာရောက်နေတဲ့ ဒေဝဣန္ဒာ မောင်မောင်ကြီး ကိုယ်တိုင်က ချီးကျူးသွားရတာ"

ညနေခင်း နေခြည်သည် မှန်ပြတင်းပေါက်ကို ထိုးစိုက်ထားသဖြင့် အခန်းထဲတွင် ရောင်ပြန်ဟပ်နေ၏။ မေမေဘုရား၏ ပါးပြင်မှာ ရှုံ့တွတွန့်လိမ်နေသဖြင့် ပိုမို အကြည့်ရဆိုးနေသည်။ အိုမင်းခြင်းသည် ပို၍ထင်လင်းစွာ ပေါ်လာသည်။ မေမေဘုရားသည် အိုမင်းခြင်းကို ရှက်၍ သည်အခန်းထဲတွင် အထီးကျန်ကုပ်နေခဲ့ခြင်းဖြစ်၏။ သူ့အဖို့ အိုရခြင်းသည် ရှက်စရာကြီး ဖြစ်နေဟန်တူပေသည်။ မေမေဘုရားသည် အလင်းရောင် ထိုးကျလာသည်ကို သတိထားမိဟန်တူကာ သလွန်ခေါင်းရင်းတွင် တပ်ထားသော လျှပ်စစ်ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။ မရှေးမနှောင်းမှာပင် အစေခံမကလေးတစ်ယောက် အခန်းဝမှာ လာရပ်လာ၏။

"ဟဲ့ ဟို ပြတင်းပေါက်က ခန်းဆီးကို ဆွဲလိုက်စမ်း၊ အလင်းရောင်ထိုးလွန်းလို့၊ ဒါထက် မင်းမေမေကော နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဟဲ့ ကောင်မလေး၊ ဒီ ပြတင်းပေါက်က ခန်းဆီးကို ပြောတာမဟုတ်ဘူး။ ဟိုဘက် ပြတင်းပေါက်က ခန်းဆီးကို ပြောတာ"

အစေခံမကလေးက ကြမ်းပြင်တွင်ခင်းထားသော ကော်ဇောကို အသံမြည်မှာစိုးသည့်အလား ခြေဖျားထောက်ကာ ပြတင်းပေါက်ကြီးမှ အစိမ်းပုပ်ရောင် ခန်းဆီးကို ဆွဲချနေ၏။

မေမေဘုရား သလွန်နားသို့ နေပြောက်ထိုးနေသဖြင့် နေပြောက်





များမရှိအောင် စေ့စပ်သေချာစွာ စေ့နေသည်။

"အင်း ဂျူရီလူကြီးဆိုတော့လဲ တာဝန်ကြီးတာပေါ့လေ"

"မှန်ပါတယ်၊ ကဲ မေမေဘုရားလဲ အနားယူပါဦး၊ ကျွန်တော်လဲ ဒီနေ့တော်တော်စိတ်ပင်ပန်းစရာတွေ တွေ့လာတဲ့အတွက် ခွင့်ပြုစေချင်ပါတယ်"

ခင်မောင်ဝင်းက အဘွားကြီးကို ဆက်၍ လေရှည်မည်စိုးသဖြင့် နှုတ်ဆက်၍ ထလိုက်သည်။

"အို ကျွတ် ကျွတ်၊ ဖြစ်မှ ဖြစ်ရလေကွယ်။ ကဲ ကဲ စုစီနဲ့ စကားပြောချေကြဦး"

နှစ်ယောက်သား မေမေဘုရား၏ အခန်းထဲမှ ထွက်လာခဲ့ကြသည်။ စုစီသည် ခင်မောင်ဝင်း၏ လက်များကို တွဲ၍ ချိတ်လာလေသည်။

"ကိုကိုဝင်း ဒီနေ့ ဘာဖြစ်လာသလဲ၊ မှန်မှန်ပြောစမ်း"

သည်တစ်ခါတော့ စုစီက မူနွဲ့သံဖြင့်မဟုတ်၊ ဩဇာပေးသံဖြင့် မေးခြင်းဖြစ်၏။ ခင်မောင်ဝင်းက ဘာမျှမပြောဘဲ ခေါင်းကို ကုတ်လာသည်။ စုစီက မေးလေလေ သည်အဖြစ်တွေကို တွေးမိကာ ရင်ထဲမှ ကျပ်လာလေလေဖြစ်၏။

"စုစီကို မမေးပါနဲ့လို့ ကိုကိုဝင်း ပြောပြီးပါပကော"

ခင်မောင်ဝင်းက စိတ်မရှည်နိုင်တော့ဘဲ ခပ်ဆတ်ဆတ်ပြောလိုက်၏။ စုစီက သူ့ရှေ့က ဆီးကြို၍ မော့ကြည့်ကာ . . .

"ဩော် . . . ကိုကိုဝင်းက စုစီ့ကိုတောင် ပြောမပြနိုင်တော့ဘူးလား"

ခင်မောင်ဝင်းက ဘာမျှမပြောဘဲ မျက်လုံးများကို စုစီထံမှ လွှဲကာ ဘေးသို့ ငေးစိုက်ကြည့်နေသည်။ သူ့မျက်နှာမှာ မှုန်နေ၏။

"ဒီမှာ ကိုကိုဝင်း"

စုစီက သူ၏ ရင်ခွင်ထဲသို့ တိုးဝင်လာကာ ခင်မောင်ဝင်း၏ အင်္ကျီကြယ်သီးများကို လက်ချောင်းကလေးများဖြင့် ပွတ်သပ်နေသည်။

"ကိုကိုဝင်း ပြောဖူးတဲ့ စကားတွေ မေ့ကုန်ပြီလား၊ ကိုကိုဝင်းနဲ့ စုစီကြားမှာ လျှို့ဝှက်ထိမ်ချန်ထားတာ ဘာဆိုလို့ ဘာမှမရှိဘူးဆို၊ တစ်ယောက်ရဲ့ အသည်းနှလုံးကို တစ်ယောက် ဖွင့်ပြမယ်ဆို"

ခင်မောင်ဝင်းကား ဘာမျှပြန်မပြောတော့ပေ။ စုစီကလည်း ဆက်လျှော့လိုက်တော့ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ကိုကိုဝင်းရယ်၊ ကိုကိုဝင်း မပြောချင်ရင်လဲ စုစီအတင်းမမေးပါဘူး၊ ဒါပေမဲ့ ကိုကိုဝင်းမှာ စုစီမသိထိုက်လောက်အောင်ကြီးမားတဲ့ လျှို့ဝှက်ချက်ကြီးရှိပြီး ဒီလျှို့ဝှက်ချက်ကြီးကို စုစီမသိထိုက်ဘူးလို့ ကိုကိုဝင်းက ထင်တာကိုပဲ စုစီဝမ်းနည်းမိပါတယ်၊ မနက်ဖြန်ကော အိမ်ကိုလာဦးမလား"

"မပြောတတ်သေးဘူး"

သူတို့နှစ်ယောက်သည် အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ အောက်ထပ် စားပွဲဝိုင်းတွင် ဦးထွန်းမင်း၊ ဒေါ်ခင်ခင်လေးနှင့် ဧည့်သည်တစ်သိုက်မှာ စကားကောင်းနေတုန်းပင် ဖြစ်သည်။ ခင်မောင်ဝင်းသည် ဧည့်သည်များနှင့် ဦးထွန်းမင်း၊ ဒေါ်ခင်ခင်လေး တို့ကိုပါ နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ စုစီက ပေါ်တီကိုအောက်သို့ရောက်အောင် လိုက်ပို့လိုက်သည်။

"သွားမယ် စုစီ"

ခင်မောင်ဝင်းက ကားပေါ်သို့တက်ရင်း နှုတ်ဆက်လိုက်သည်။ စုစီသည် ခင်မောင်ဝင်း၏ အပြုအမူတွေကို နားမလည်နိုင်အောင် ဖြစ်နေသည်။ ခါတိုင်းဆိုလျှင်မူ ခင်မောင်ဝင်းသည် စကားတွေ ရွှန်းရွှန်းဝေအောင် ပြောတတ်သည်။ စုစီကို ကျီစယ်တတ်သည်။ ယခုတော့ ခင်မောင်ဝင်း၏ မျက်နှာမှာ ရွာတော့မည့် မိုးကောင်းကင်လို ညှို့၍နေ၏။ ခင်မောင်ဝင်းကိုယ်တိုင်ကလည်း သည်နေ့ စုစီတို့အိမ်ကိုလာရသည်မှာ စိတ်ညစ်ညူးဖွယ်ကောင်းလှသည်ဟု ထင်၏။ ခါတိုင်း နိဗ္ဗာန်ဘုံနှင့်တူသော စုစီတို့အိမ်သည် ယနေ့ သင်းချိုင်းကုန်းကြီးနှင့် တူနေသည်ဟု ထင်မိလေသည်။

●

# (၂၃)

တရားသူကြီးသည် တရားခွင်မှနေ၍ ဆရာဝန်၏ ထွက်ဆိုချက်ကို ဖတ်ပြနေသည်။ ဆရာဝန်၏ ထွက်ဆိုချက်မှာ ရှည်လျားလှသည်။ တရားခံရှေ့နေ ဦးဇော်ထွန်းကား ဆရာဝန်ထွက်ချက်မှ အရေးကြီးသော အချက်အလက်များကို စာရွက်လွတ် တစ်ရွက်ပေါ်တွင် လိုက်၍ မှတ်နေ၏။ ကျင်ရွှေကား တရားခံဝက်ခြံတွင် ထိုင်ရင်း နားထောင်နေလေသည်။

"ကိုယ်ခန္ဓာပြင်ပတွင် စစ်ဆေး၍ တွေ့ရှိရချက်များမှာ -

သေသူ ဦးဖေသန်းမှာ အသက် ၄၅ နှစ်ခန့်ရှိပြီး အရပ်မှာ ၅ ပေ၊ ၆ လက်မ ရှိပါသည်။ ဦးဖေသန်း၏ အလောင်းကို စစ်ဆေးသောအခါတွင် အလောင်းမှာ ဖူးဖူးရောင်လျက်ရှိပြီး အသားအရေမှာ ပြာမည်းလျက်ရှိကာ နေရာပေါင်းများစွာတွင် အမည်းကွက်များထင်လျက်ရှိပါသည်။ အရေပြားများမှာလည်း ကိုယ်ခန္ဓာအနှံ့အပြားတွင် မီးလောင်သကဲ့သို့ ကွာကျကာ အသားများ နီလန်လျက်ရှိသည်။

"ဆံပင်မှာ သန်စွမ်းလျက် အချို့နေရာများတွင် ဆံပင်ဖြူများထွက်၍ ကွက်ကျားပေါက်လျက်ရှိသည်။ ဆံပင်များမှာ ထိရုံဖြင့် ကျွတ်ထွက်လာကြသည်။ မျက်လုံးများမှာ မျက်လုံးအိမ် အတွင်းမှ ပြူးထွက်လျက်ရှိပြီး မျက်လုံးအကြည်ဓာတ်မှာ ချို့ယွင်းပျက်စီးလျက်ရှိပါသည်။

"ထို့ပြင် နှာခေါင်း၊ နားရွက်နှင့် ပါးစပ်တို့မှ အရည်များစီးထွက်လျက်ရှိပြီး သေဆုံးသောအခါတွင် ပါးစပ်မှာ ဟ,လျက် ရှိပါသည်။ လည်ပင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကား ရောင်အမ်းလျက်ရှိသော ရင်ပတ်နှင့် မျက်နှာကြားတွင် နစ်မြုပ်ပျောက်ကွယ်လျက်ရှိသည်"

ဆရာဝန်၏ ထွက်ချက်မှာ ရှည်လျားလှပေသည်။ လေးမျက်နှာလောက် ပြီးသွားသော်လည်း ကိုယ်ခန္ဓာမှအပ စစ်ဆေးတွေ့ရှိချက်များကို အသေးစိတ် ဆက်လက်ဖော်ပြထားသည်။

ခင်မောင်ဝင်းကား ဆရာဝန်၏ ထွက်ချက်ကို နားထောင်ရင်း သေသူဦးဖေသန်း၏ ရောင်အမ်းပုပ်ပွကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ခန္ဓာကိုယ်ကြီးကို မြင်ယောင်လာ၏။ ကျင်ရွှေသည် တစ်ခါတုန်းကသည်အလောင်းကောင်ကြီး၏ ရင်ခွင်မှာ ညှသံတာသံ ခရာသံတို့ဖြင့် ပျော်မြူးခဲ့မည်ဟု တွေးမိကာ သက်ပြင်းကို မှုတ်ထုတ်လိုက်မိသည်။ တရားသူကြီးက ဆရာဝန်၏ ထွက်ဆိုချက်ကို ဆက်လက်ဖတ်ပြစေ၏။

"ဦးဖေသန်း၏ အလောင်းကို ခွဲစိတ်ကြည့်ရှုရာတွင် တွေ့ရှိချက်များမှာ . . .

၁။ ဦးခွံအရေမှာ ဦးခေါင်းခွံမှ အလွယ်တကူဆွဲယူ၍ ရနိုင်လောက်အောင် ပျက်စီးချို့ယွင်းနေသည်။ ဦးနှောက်သွေးကြောပြတ်သည့် လက္ခဏာကို မတွေ့ရ။

၂။ ဦးခေါင်းခွံမှာ သာမန်လူတစ်ဦး၏ ဦးခေါင်းခွံလောက်ပင် ထုထည်ရှိ၍ ကျန်းမာသူတစ်ဦး၏ ဦးခေါင်းခွံမျိုးဖြစ်သည်။ ချို့ယွင်းချက် တစ်စုံတစ်ရာမတွေ့ရ။

၃။ ဦးနှောက်အမြှေးပေါ်တွင် လေးလက်မခန့်ရှိ ရှည်လျားသော အစက်ပြောက် နှစ်ပြောက်ကို တွေ့ရသည်။

ဦးနှောက်မြေးမှာ အရောင်အသွေးပျက်လျက်ရှိသည်"

ထို့နောက် ဆရာဝန်က အလောင်းကို ခွဲစိတ်ကြည့်ရှုရာတွင် ဝမ်းဗိုက်ထဲ၌ တွေ့ရသော ချို့ယွင်းချက်များ၊ အူများနှင့်ကျောက်ကပ်တွင် တွေ့ရသော ချို့ယွင်းချက်များကို အသေးစိတ်ဖော်ပြပြီး ဦးဖေသန်း သေဆုံးရခြင်းမှာ အဆိပ်နှင့်အရက် ရောနှောသွားရာမှ သေဆုံးခြင်းဖြစ်နိုင်ကြောင်း၊ ဦးဖေသန်း၏ ခန္ဓာကိုယ်မှာ အတော်ပင်ပျက်နေပြီဖြစ်၍ မည်သည့်အဆိပ်မျိုးဖြစ်ကြောင်းကိုမူ ဆုံးဖြတ်ရန် ခဲယဉ်းကြောင်း၊ သို့ရာတွင် ထိုအဆိပ်မှာ ရုံးတော်တွင် သက်သေအဖြစ် တင်ပြထားသော ဆေးပုလင်းထဲ





မှ ကျန်သည့်အထုပ်တစ်ထုပ်ထဲမှ အဆိပ်မှုန့်များပင် **ဖြစ်နိုင်ကြောင်း** စသည်ဖြင့် အသေးစိတ်ဖော်ပြကာ လက်မှတ်ရေးထိုးထား၏။

ဆရာဝန်၏ ထွက်ဆိုချက်ကို ဖတ်ပြသည်မှာ တစ်နာရီခန့်**ကြာသွား**လေသည်။ သို့ရာတွင် အစိုးရရှေ့နေကြီးမှာ ကျေနပ်ဟန်မတူသေးပေ။

"ဒီပြင် ကိုယ်ခန္ဓာအတွင်းက စစ်ဆေးတွေ့ရှိချက်တွေကို ဖတ်ပြနေရင်တော့ သိပ်ကြာနေလိမ့်မယ်ထင်တယ်၊ ဒီလောက်ဆိုရင် တော်ရောပေါ့၊ ဘယ့်နှယ်လဲ ဝတ်လုံတော်ရမင်း"

တရားသူကြီးက အစိုးရရှေ့နေကြီးဘက်သို့ လှည့်၍ မေးလိုက်သည်။ အစိုးရရှေ့နေကြီးက ခေါင်းကို မော့လိုက်သည်။ သူ့ဟန်ပန် မျက်နှာထားမှာ ဆရာဝန်၏ ဆေးအစီရင်ခံစာကို သူစိတ်ကျေနပ်သည်အထိ ကြားနာခွင့်ရှိကြောင်းကို ပြသလိုသော မျက်နှာထားဖြစ်သည်။

"အစုံအလင် ကြားနာရရင် အမှုမှန်ကို ပိုပြီး ရောက်စေနိုင်တဲ့ အတွက် အစုံအလင် ဖတ်ပြဖို့ ရုံးတော်ကို လျှောက်ထားလိုပါတယ်"

အစိုးရရှေ့နေကြီးက တရားသူကြီးအား လှမ်းပြောကာ တရားခံရှေ့နေ ဦးဇော်ထွန်းအား အောင်နိုင်သောအပြုံးဖြင့် လှမ်းကြည့်ပြီး ထိုင်ချလိုက်သည်။ ခင်မောင်ဝင်းကား ရှေ့နေပီပီ လျှာရှည်သော အစိုးရရှေ့နေကြီးကို မျက်စောင်းလှမ်းထိုးလိုက်သည်။

"၁၉၃၇ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အောက်တွင် လက်မှတ်ရေးထိုးသူ ရန်ကုန်ဆေးရုံကြီး ရာဇဝတ်မှုခင်းဘက်ဆိုင်ရာ လက်ထောက်ဆရာဝန်ဖြစ်သူ ကျွန်ုပ်ဒေါက်တာဖေသိန်းသည် သေသူ ဦးဖေသန်း၏ အလောင်း (နံပါတ် ၆၃၈) ကို လက်ထောက်ဆရာဝန် ဒေါက်တာ မဇွန်းဒါးနှင့် အတူ ခွဲစိတ်စစ်ဆေးကြည့်ရှုပါသည်။

"ကျွန်ုပ်ကိုယ်တိုင် စစ်ဆေးတွေ့ရှိချက်များမှာ

(၁) ညာဘက် အဆုတ်နှင့် နှလုံး [၎င်းကို ခြောက်ပေါင်ဝင်ဖလ်ပုလင်းဖြင့် သက်သေခံပစ္စည်း (စ) အဖြစ် ပြထားပါသည်။]

(၂) ဝမ်းဗိုက်တွင်းမှ တွေ့ရှိသော အညစ်အကြေးများ [၎င်းကို ခြောက်ပေါင်ဝင်ပုလင်းဖြင့် သက်သေခံပစ္စည်း(ဆ) အဖြစ် ပြထားသည်။]



www.burmeseclassic.com

www.burmeseclassic.com



(၃) ဝမ်းဗိုက် ဖြ ပေါင်ဝင်ပုလင်း သက်သေခံပစ္စည်း (ဈ) အဖြစ်၊

(၄) အသည်း၊ သရက်ရွက်နှင့် ကျောက်ကပ်များ ဖြ ပေါင်ဝင် ပုလင်း သက်သေခံပစ္စည်း (ည) အဖြစ်၊

(၅) အူများ ဖြ ပေါင်ဝင် အိုးဖြင့် ပြထားသည်။ သက်သေခံပစ္စည်း (တ) အဖြစ်၊ . . . "

"တော်လောက်ပါပြီ . . . "

အစိုးရရှေ့နေက လက်ကာပြလိုက်သဖြင့် တရားသူကြီးသည် ရှည်လျားသော ဆရာဝန်၏ ထွက်ချက်ကို တင်းပြည့်ကျပ်ပြည့် အသုံးချလိုက်ရသဖြင့် ကျေနပ်ရွှင်မြူးနေဟန်တူ၏။ သူ မကျေနပ်၍ ထွက်ချက်အပြည့်အစုံကို တရားသူကြီးအား ဖတ်ပြနိုင်းပိုင်ခွင့်ရှိကြောင်းကိုလည်း ဗိုလ်ပုံပရိသတ်အလယ်တွင် ကြွားဝါလိုဟန် တူပေသည်။

"ကဲ တရားခံမ မိကျင်ရွှေခေါ် အရွှေ၊ မယ်မင်းဟာ မယ်မင်းအလုပ်လုပ်တဲ့ ပြည့်တန်ဆာအိမ်ကနေပြီး သေသူ ဦးဖေသန်းရဲ့ သော့ကို ယူသွားတယ်။ ပြီးတော့ သေသူဦးဖေသန်းရဲ့အခန်းထဲဝင်ပြီး အဲဒီသော့နဲ့ သူ့သေတ္တာကို ဖွင့်ပြီး စိန်လက်စွပ် တစ်ကွင်းနဲ့ငွေတွေကို ယူတယ်။ ပြီးတော့ သူနဲ့အတူ အလင်းပေါ်တယ်ကိုပြန်လာပြီး သေစေရန် အကြံနဲ့ အရက်ထဲမှာ အဆိပ်ခတ်ပြီး ဦးဖေသန်းကို သေစေတယ်။ ဒါကြောင့်မို့ အိန္ဒိယရာဇသတ်ကြီး ပုဒ်မ ၃၀၂-၃၈၁ အရ ပစ္စည်းဥစ္စာကို ခိုးယူပြီး လူသတ်မှုကို ကျူးလွန်တယ်လို့ စွဲဆိုထားတယ်။ ဒီစွဲချက်ကို ရုံးတော်ကလဲ လက်ခံပြီးပြီ၊ မယ်မင်းမှာ အပြစ်ရှိသလား"

တရားသူကြီးက စွဲချက်ကို အတိုချုပ်၍ရှင်းပြပြီး ကျင်ရွှေဘက်သို့ လှမ်းမေးလိုက်သည်။ ကျင်ရွှေသည် တရားခံဝက်ခြံထဲတွင် ထိုင်နေရာမှ ကပျာကယာ ထ,ကာ

"ဘုရားကျွန်မမှာ အပြစ်တစ်စုံတစ်ရာ မရှိပါဘူးလို့ ရုံးတော်ကို လျှောက်ထားပြီးဖြစ်ပါတယ်။ ခုလဲ ဒီအတိုင်းပါပဲ။ ဘုရားကျွန်မမှာ ဘာအပြစ်မှ မရှိပါ။ ဘယ်ပစ္စည်းကိုမှလဲ မခိုးခဲ့ပါဘူး။ လက်စွပ်ကတော့ သူကိုယ်တိုင်က ပေးတာပါ"

"ဒါဖြင့် ငွေကိုကော ခိုးယူသလား"

"ဘုရားကျွန်မ လျှောက်ထားပြီးပါပြီ။ ငွေကိုလဲ မယူပါဘူး။ သူ အယူ





နိုင်းလိုက်တဲ့ ငွေတစ်ရာမှအပ တစ်ပြားတစ်ချပ်မှ ပိုမယူခဲ့ပါဘူး"

ကျင်ရွှေက သွက်လက်စွာ ပြန်ဖြေလိုက်သည်။ တရားသူကြီးက သူ့ကို တိုက်ရိုက်မေးနေသဖြင့် ကျင်ရွှေမှာ နည်းနည်းအားတက်လာသလို ရှိပေသည်။

"ကောင်းပြီ၊ ဒါဖြင့် သေသူ ဦးဖေသန်းကို အဆိပ်မှုန့်ခတ်ကျွေးတယ် ဆိုတဲ့ စွပ်စွဲချက်နဲ့ ပတ်သက်လို့ကော မယ်မင်းမှာ အပြစ်ရှိသလား"

"မှန်ပါတယ်။ ဒီအမှုန့်ကို ဘုရားကျွန်မ ကိုယ်တိုင် တိုက်ပါတယ်။ ဒီလိုတိုက်တာလဲ ဒီဆေးမှုန့်ဟာ ဦးဖေသန်း သောက်နေကျ မက်ကလင်းပေါင်ဒါမှုန့်ထင်ပြီး တိုက်မိခြင်း ဖြစ်ပါတယ်။ အဆိပ်မှုန့်ဆိုတာ မသိပါဘူး။ ဘုရားကျွန်မဟာ သူတစ်ပါးအသက်ကို မသတ်ဝံ့ပါဘူး။ သတ်ဖို့လဲ စိတ်မကူးမိပါဘူး။ ဘုရားသိပါတယ်"

ကျင်ရွှေသည် ရုံးမင်းကို လက်အုပ်ချီ၍ လျှောက်ထားလိုက်သည်။ ရင်ထဲကလည်း နာကျင်လာကာ ငိုချလိုက်ချင်သည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြသည်။

"ဒီပုလင်းထဲမှာ ဒီဆေးမှုန့်ထုပ် ရောက်နေတာကော သိသလား"

"မသိပါဘုရား၊ ခါတိုင်းလို အမှုန့်ထုပ်မျိုးမို့လို့ ဒီလိုပဲ တိုက်လိုက်မိပါတယ်"

"ဒါဖြင့်ရင် မယ်မင်းဟာ သေသူ ဦးဖေသန်းရဲ့ ငွေများကိုသော်လည်းကောင်း၊ လက်စွပ်ကိုသော်လည်းကောင်း ခိုးယူခြင်းမပြုဘူး။ ဒါပေမဲ့ ဒီဆေးမှုန့်ကိုတော့ တိုက်မိပါတယ်လို့ ဝန်ခံတာပေါ့။ ဟုတ်လား"

"မှန်ပါတယ်။ ဒီဆေးမှုန့်ကို ဘုရားကျွန်မ တိုက်မိပါတယ်။ ဒါပေမဲ့ ခါတိုင်းလို မက်ကလင်းဆေးမှုန့်ထင်လို့ တိုက်မိခြင်းဖြစ်ပါတယ်။ ဒီဆေးမှုန့်ဟာ အဆိပ်မှုန့်ဖြစ်ကြောင်း မသိရိုးအမှန်ပါ"

"ကောင်းပြီ၊ ဒါဖြင့် အဖြစ်အပျက်ကို အားလုံးပြောပြစမ်း၊ ဟုတ်လား၊ ဘာမှ မကြောက်နဲ့နော်၊ မှန်တာကိုသာ ဖွင့်ပြော။ မှန်တာကို ဖွင့်ပြောရင် မယ်မင်းအတွက် သက်သာနိုင်တယ်။ ကျမ်းကိုင်ဦးမလား"

တရားသူကြီးက ကုလားထိုင် လက်တင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရင်း ,ပြော၏။ ကျင်ရွှေက ကျမ်းကျိန် အစစ်ခံမည်ဆိုသဖြင့် ရှေ့ဖတ်စာရေးကြီးက ကျမ်းတိုက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်ရာကို အစစ်ခံပါမည်"

"မှန်ရာကို အစစ်ခံပါမည်"

ကျင်ရွှေက ရှေ့ဖတ်စာရေးကြီး ဆိုသည့်အတိုင်း လိုက်ဆိုသည်။

"မမှန် အစစ်ခံပါက"

"မမှန် အစစ်ခံပါက"

"ကျမ်းစူးပါစေသား"

"ကျမ်းစူးပါစေသား"

"ကဲ- ဘယ်လိုဖြစ်သလဲ၊ ရုံးတော်ကို မှန်ရာအစစ်ခံနော် ကလေးမ"

ကျင်ရွှေသည် တရားသူကြီးကို အတန်ကြာမျှ ငေးစိုက်ကြည့်နေသည်။ ပြီးမှ

"အဲဒီညက ကျွန်မ အလင်းဖော်တယ်ကို သွားနေကျအတိုင်း သွားပါတယ်။ ဟိုရောက်တော့ ဦးဘကျော်က မန်နေဂျာက ဦးဖေသန်းအခန်းကို အသွားခိုင်းလို့ သွားပါတယ်။ နင့်ကို အဖိုးကြီးမျှော်နေလှပြီလို့လဲ ပြောပါတယ်။ ဘုရား ကျွန်မ ရောက်သွားတော့ ဦးဖေသန်းဟာ တော်တော်မူးနေပါပြီ။ ဘုရားကျွန်မလဲ သူ သိပ်မူးနေတော့ အခြားအခန်းကို သွားချင်ပါတယ်။ ဒါပေမဲ့ ဦးဖေသသန်းက မသွားရဘူးဆိုလို့ သူ့အခန်းထဲမှာပဲ နေရပါတယ်။ ပြီးတော့"

ကျင်ရွှေသည် ခေတ္တရပ်သွား၏။ အဖြစ်အပျက်များကို ပြန်လည်တွေးတောနေဟန် တူပေသည်။

"ပြီးတော့ကော"

"ဟုတ်ကဲ့၊ ပြီးတော့ ဘုရားကျွန်မ သူ့အခန်းထဲမှာ ခဏနေပါတယ်။ ခဏနေပြီး သူ သိပ်မူးနေတာနဲ့ အိမ်ကို ပြန်သွားပါတယ်"

အစိုးရရှေ့နေကြီးက ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး စားပွဲပေါ်ကို လက်နှစ်ဖက်ဖြင့် ထောက်ထားကာ တရားခွင်သို့ လှမ်းကြည့်လိုက်သည်။

"ဘာများ မေးချင်လို့လဲ ဝတ်လုံတော်ရမင်း"

"မှန်ပါ၊ တရားခံမဟာ တရားလိုပြသက်သေ ကိုဘကျော်နဲ့ အရင်တုန်းက သိသလားလို့ မေးချင်ပါတယ်"

အစိုးရရှေ့နေက တရားခံမကို မကြည့်ဘဲ ခေါင်းမော့၍ မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။ တရားသူကြီးက သူ့မေးခွန်းကို တရားခံမအား





တစ်ဆင့်မေးပေးသည်။ ကျင်ရွှေသည် လျှာရှည်လှသော အစိုးရရှေ့နေကြီးကို တစ်ချက်မျှ မျက်မှောင်ကြုတ်လိုက်ကာ . . .

"ကိုဘကျော်နဲ့လား ဟုတ်ပါတယ်၊ အရင်တုန်းကတည်းက သိပါတယ်"

"တရားလိုပြသက်သေ ကိုဘကျော်နဲ့ သိတာဟာ ဘယ်လိုသိတာလဲ၊ ရင်းရင်းနှီးနှီး သိသလား၊ မကြာခဏ တွေ့တတ်သလား"

"အို ဘယ်လိုသိရမှာလဲ၊ သူက ကျွန်မတို့ ဧည့်သည်တွေ ခေါ်ပေးတာပေါ့။ ရင်းနှီးသလား၊ မရင်းနှီးသလားတော့ မသိဘူး"

ကျင်ရွှေကား အစိုးရရှေ့နေကြီးကို ဒေါသထွက်လာကာ ခပ်မာမာ ပြန်ပြောနေ၏။

"သိချင်တာက ကိုဘကျော်ဟာ ဧည့်သည်တွေလာရင် မင်းကိုပဲ ခေါ်သလား၊ တခြားမိန်းကလေးတွေကိုကော ခေါ်မပေးဘူးလား"

အစိုးရရှေ့နေက မေးပြီး ခေါင်းမော့ကာ မျက်လုံးများကို မှိတ်ထားလိုက်၏။ ကျင်ရွှေ့အဖြေထဲတွင် ဘယ်နေရာက ထိုးဖောက်က အကောင်းဆုံးလဲဟု စဉ်းစားနေဟန်တူလေသည်။

"အို ဒါတော့ ကျွန်မလဲ ဘယ်သိမလဲ၊ သူကြိုက်တဲ့လူ သူခေါ်မှာပေါ့"

ကျင်ရွှေကလည်း လိမ္မာပါးနပ်စွာဖြင့် ဖြေလိုက်သည်။ မျက်လုံးများသည် ခင်မောင်ဝင်းထံသို့ ရောက်သွားကြသည်။ ခင်မောင်ဝင်းမှာ "ငါ့ကိုတော့ သူ ကောင်းကောင်းမှတ်မိမှာပဲ" ဟု တွေးကာ အစိုးရရှေ့နေကြီးကိုသာ စိုးရိမ်တကြီး ငေးကြည့်နေသည်။

"ဒါဖြင့်ရင် တရားခံမဟာ ကိုဘကျော်နဲ့ ရင်းရင်းနှီးနှီး မရှိဘူးပေါ့၊ ဒါပါပဲ၊ နောက်ထပ် မေးစရာမရှိတော့ပါဘူး"

"ကဲ နောက်ထပ်ဘာဖြစ်သလဲ၊ ဆိုစမ်းပါဦး"

"သူ သိပ်မူးနေတာနဲ့ ဘုရားကျွန်မလဲ အိမ်ပြန်လာပါတယ်။ ရလာတဲ့ပိုက်ဆံကို အိမ်ရှင် ကိုဘလွန်းကို ပေးပြီး အိပ်ပါတယ်။ အိပ်လို့ ခဏကြာတော့ မျက်မှေးအမြက ဘုရားကျွန်မကို နှိုးပြီး 'ညည်းလူကြီး လာပြန်ပြီ' လို့ ပြောပါတယ်၊ ဘုရားကျွန်မလဲ မလိုက်ချင်ပါဘူး။ ဒါပေမဲ့ ခေါ်တ် ကိုဘလွန်းက ဧည့်ခံလိုက်ပါဆိုတာနဲ့ ထသွားရပါတယ်။ ပြီးတော့ အရက်လဲ သောက်ချင်တယ်၊ ကောင်မလေးတွေကိုလဲ ပိုက်ဆံပေးချင်တယ်၊ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူးဆိုတာနဲ့ သော့ပေးပြီး သွားအယူခိုင်းလို့ ဟော်တယ်က အခန်းကို သွားယူပါတယ်"

"သွားပြီးတော့"

"ခိုင်းတဲ့အတိုင်း သွားယူပါတယ်၊ အခန်းထဲဝင်တော့ ဘုရားကျွန်မ တစ်ယောက်ထဲ မဝင်ဘဲ ကိုဘကျော်နဲ့ မချစ်မေကို ခေါ်သွားပါတယ်"

"ညာပြောတာပါဘုရား၊ ဘုရားကျွန်မ ဒီအခန်းထဲ ဘယ်တုန်းကမှ မဝင်ပါဘူး"

မချစ်မေက ထ၍ပြောလိုက်သဖြင့် တရားသူကြီးက မချစ်မေကို လက်ပြ၍ အထိုင်ခိုင်းလိုက်၏။

"ခေါ်ပါတယ်ဘုရား၊ သူတို့ ရှေ့မှာတင်ပဲ ဆယ်တန်စက္ကူ ဆယ်ချပ် ယူခဲ့ပါတယ်"

ကျင်ရွှေက မချစ်မေကို လှည့်မကြည့်ဘဲ ဆက်ပြောနေ၏။ တရားသူကြီးက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ အစိုးရရှေ့နေကြီးကထ၍

"ကောင်းပြီ၊ သေတ္တာထဲက ဆယ်တန်ဆယ်ချပ်ကို ယူတုန်းက သေတ္တာထဲမှာ ငွေဘယ်လောက်ရှိတယ်ဆိုတာ မင်းသတိ မထားမိဘူးလား"

ကျင်ရွှေကား အစိုးရရှေ့နေကြီး၏ မေးခွန်းကြောင့် လန့်သွား၏။ မဟုတ်မမှန်တာကို လည်ဆည်ပြောခြင်း မဟုတ်သော်လည်း ကျင်ရွှေသည် အစိုးရရှေ့နေကြီးကို အလိုလိုမုန်းတီးနေပေသည်။ တကယ်တော့လည်း အစိုးရရှေ့နေကြီးသည် သူ့လည်ပင်းကို ကြိုးကွင်းစွပ်နေသူ မဟုတ်လား။

"ဒါတော့ ကျွန်မ ရေမှမထားဘဲ၊ ရာတန် စက္ကူတွေတော့ အထပ်လိုက်မြင်တာပဲ"

"ဩော် ဒီလိုဆိုရင် ရာတန်စက္ကူတွေကို မင်းမြင်တာပေါ့ ဟုတ်လား၊ အေး-အေး ဒါပါပဲ"

"ဆယ်တန်ဆယ်ချပ်ကိုယူပြီး မင်းပြန်လာရော့လား"

တရားသူကြီးက ဆက်လက် စစ်ဆေးနေသည်။

"မှန်ပါ၊ ပြန်လာပါတယ်။

"ပြီးတော့ ဘုရားကျွန်မနဲ့ ဦးဖေသန်း တစ်နာရီလောက် ပျော်ပါးကြပြီး ဦးဖေသန်းက ဘုရားကျွန်မကို ဟော်တယ်လိုက်ခဲ့ဖို့ ခေါ်သွားလို့ လိုက်သွားပါတယ်"





"မယ်မင်းက ဆေးမှုန့်ကို ဘယ်လိုတိုက်သလဲ၊ အရက်ထဲ ထည့်တိုက်သလား"

"ဖလ်ခွက် ရေနဲ့ဖျော်ပြီး ဖလ်ခွက်ထဲထည့်တိုက်ပါတယ်"

"ဘာဖြစ်လို့ ဒီဆေးတိုက်တာလဲ"

ကျင်ရွှေသည် မေးခွန်းကို ရုတ်တရက်မဖြေသေးဘဲ ဖြေးညင်းစွာ သက်ပြင်းချလိုက်သည်။ ပြီးမှ

"သူ့မှာ ဗိုက်နာတဲ့ရောဂါရှိလို့ အစာစားပြီး ဒီဆေးကို သောက်လေ့ရှိပါတယ်။ သူက ဘုရား ကျွန်မကို ဆေးတိုက်ဖို့ပြောပါတယ်။ ဒါနဲ့ ဘုရားကျွန်မလဲ ဆေးပုလင်း လိုက်ရှာပါတယ်။ မတွေ့တော့ အပြင်ဘက်ထွက်ပြီး ကိုဘကျော်ကို မေးပါတယ်။ ကိုဘကျော်က စားပွဲပေါ်မှာ ရှိမှာပေါ့လို့ ပြောလို့ လိုက်ရှာတော့ မတွေ့ပါဘူး။ နောက်မှ စားပွဲအံဆွဲထဲကတွေ့ပါတယ်။ ပုလင်းထဲမှာ ဆေးထုပ်နှစ်ထုပ်ရှိနေတဲ့အနက် တစ်ထုပ်ကိုဖြေပြီး ရေနဲ့ ဖျော်တိုက်ပါတယ်။ ဒီလိုမှန်းသိရင် မတိုက်ပါဘူးဘုရား"

ကျင်ရွှေသည် စကားပြောပြီး မောနေ၏။ သူ့ရင်အုံသည် လှိုင်းထအောင် ခုန်နေ၏။ ဦးဖေသန်း၏ ရုပ်ပုံလွှာကိုလည်း မြင်ယောင်လာလေသည်။ သည်တုန်းက ဦးဖေသန်းသည် အလွန်အကျွံအရက်မူးနေပြီ ဖြစ်၏။ ပုလင်းထဲက ဝီစကီနှစ်ခွက်ကို အငှဲ့ခိုင်းကာ ကျင်ရွှေကိုပါ အသောက်ခိုင်းရသဖြင့် သောက်လိုက်ရသေးသည်။ ပြီးတော့ ကျင်ရွှေကိုယ်ကို တင်းကျပ်စွာ ဖက်ကာ အငမ်းမရနမ်းနေသဖြင့် ကျင်ရွှေကပင် ချော့မော့၍ ဆေးတိုက်လိုက်ရသေးသည်။

"ဒါဖြင့် ဦးဖေသန်းရဲ့ စိန်လက်စွပ်က ဘယ်လိုလုပ် မင်းလက်ထဲကို ရောက်လာသလဲ"

"သူက ပေးတာပါ ဘုရား"

"ဘာဖြစ်လို့ ပေးတာလဲ"

ကျင်ရွှေသည် သည်အကြောင်းကို ပြောရမှာ ဝန်လေးနေ၏။ သည်အကြောင်းကို ပြန်ပြောင်း၍ တွေးလည်း မတွေးချင်၊ ပြောလည်း မပြောချင်ပေ။

"ဘာဖြစ်လို့ ပေးတာလဲ"

တရားသူကြီးက နောက်တစ်ခါ ထပ်မေးတော့မှ ကျင်ရွှေသည် အိပ်ရာမှ နိုးလာသူလို လန့်ဖျပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ၊ ဟော်တယ်က အခန်းထဲရောက်တော့ တပည့်တော်မကို"

ကျင်ရွှေက ဆက်မပြောဘဲ တန့်နေ၏။ သူ့စိတ်ထဲတွင် ပြောသင့် မပြောသင့် ချိန်ဆနေဟန် တူပေသည်။

"ပြောပါလေ၊ ရဲရဲတင်းတင်းသာ ပြောပါ"

"ဘုရားကျွန်တော်မကို ကိုယ်တုံးလုံး အချွတ်ခိုင်းပါတယ်၊ ဘုရားကျွန်မက မချွတ်ပါဘူး။ ဒါနဲ့သူက အတင်း ဆွဲချွတ်ပါတယ်။ ဆွဲချွတ်တော့ ဘုရားကျွန်မက အတင်းရုန်းပါတယ်။ ရုန်းရမလားဆိုပြီး တပည့်တော်မပါးကို ရိုက်ပါတယ်။ ဆံပင်လဲ ဆွဲဆောင့်လို့ တပည့်တော်မဘီးလဲ ကျိုးသွားပါတယ်။ ဒါကြောင့် ဘုရားကျွန်မက စိတ်ဆိုးပြီး သွားမယ်ဆို ထွက်သွားမယ် အလုပ်မှာ သူက ပြန်ချော့ပြီး စိန်လက်စွပ်ကို ပေးပါတယ်"

အစိုးရ ရှေ့နေကြီးက ထကာ မေးခွန်းမေးခွင့် တောင်းလိုက်သည်။ သူ့မျက်နှာမှာ ကျင်ရွှေအား များစွာ သနားကရုဏာသက်ဟန် ဆောင်ထားသည်။ ပြီးမှ လည်ပင်းတွင် တင်းကျပ်နေသည့် ကော်လာကိုရွှေ့ကာ ခေါင်းယမ်း၍ ဇက်ချိုးလိုက်ပြီး

"သေသူ ဦးဖေသန်းရဲ့ အခန်းထဲမှာ မင်းဘယ်လောက်ကြာသလဲ၊ ဘယ်နှခါ ပျော်ပါးသလဲ"

"ဘယ်လောက်ကြာတယ်ဆိုတာ မမှတ်မိဘူး၊ နှစ်ခါလောက်ပျော်ပါးပါတယ်"

"ကောင်းပြီ၊ ဒါဖြင့် ဦးဖေသန်း အခန်းကထွက်လာပြီး ဟော်တယ်ထဲမှာ ဘယ်ကိုသွားသေးသလဲ"

"ကပ်ရက် အခန်းလွတ်ထဲ သွားပါတယ်"

"ဘာလုပ်သွားသလဲ"

"ပင်ပန်းတာနဲ့ လန်ချားအခေါ်ခိုင်းထားတာ စောင့်ရင်း တုံးလုံးပက်လက် လှဲရအောင်သွားပါတယ်"

"အဲဒီအခန်းထဲမှာ ကိုဘကျော်ရှိသလား"

"မရှိပါဘူး၊ နောက်တော့ ဝင်လာပါတယ်"

"ဦးဖေသန်းသောက်လို့ ကျန်တဲ့ ဝီစကီပုလင်းကို ယူလာပြီး ကျွန်မနဲ့ နှစ်ယောက် သောက်ကြပါတယ်"

"ပြီးတော့ကော"





"ပြီးတော့ အိမ်ပြန်လာတာပါပဲ။ မနက်ကျတော့မှ **ဦးဖေသန်း** အကြောင်း သတင်းစာထဲမှာ သိရပါတယ်"

"ကဲ ကဲ ဒီနေ့အဖို့တော့ တော်လောက်ပါပြီ။ တရားလို တရားခံများနဲ့ သက်သေများကို စစ်ဆေးပြီးတဲ့နောက် နှစ်ဘက်လျှောက်လဲချက်များကို ကြားနာရန်အတွက် လာမယ့် တနင်္လာနေ့ကို ချိန်းလိုက်တယ်"

တရားသူကြီးနှင့် ဂျူရီလူကြီးများ တရားခွင်မှ ဆင်းသွားကြ၏။ ကျင်ရွှေကိုလည်း ပုလိပ်များက အချုပ်ခန်းသို့ ပို့လိုက်ကြသည်။ မောင်မောင်သန်းကား တစ်လျှောက်လုံးထိုင်၍ မှတ်လာပြီး မပြန်သေးဘဲ အခန်းထဲတွင် လူရှင်းအောင် စောင့်ရင်း ယောင်ပေယောင်ပေလုပ်နေသည်။ သူ့စိတ်ထဲတွင် တရားခံမအား အထူးတန်းရအောင် ထောက်ခံပေးသူကို သိချင်နေသည်။

ထို့ကြောင့် လူရှင်းသည်နှင့် တပြိုင်နက် ရှေ့ဖတ်စာရေး စားပွဲနားသို့ ကပ်သွားသည်။ ရှေ့ဖတ်စာရေးမှာ ဖိုင်တွဲအမှုတွေ တစ်ထပ်ကြီးတင်ကာ အလုပ်ရှုပ်နေသည်။

"စာရေးကြီးကတော့ ရုံးမဆင်းရသေးဘူးနော်"

သည်တော့မှ ရှေ့ဖတ်စာရေးကြီးက ခေါင်းမော့ကာ ပြုံး၍ပြလိုက်၏။

"ဟုတ်ကဲ့၊ သြော် ခင်ဗျားနဲ့တွေ့တုန်း ပြောရအုံးမယ်။ ခင်ဗျားတို့ မြန်မာ့အလင်းကလဲ ကျုပ်တို့စာရေးတွေဖတ်ဖို့ မပို့တာတော်တော်ကြာနေပြီ"

"ဟုတ်လား၊ တိုက်က မပို့တာလား၊ ကြားဖြတ်ယူနေတဲ့လူများ ရှိသလား မသိဘူး။ ကျွန်တော်စုံစမ်းပြီး ရောက်အောင် ပို့ဖို့ပြောပါ့မယ်"

"ကဲ ဆိုစမ်းပါဦး၊ ဘာကိတ်"

"တရားခံမကို အထူးတန်းရအောင် ထောက်ခံချက်ပေးတဲ့ ကရုဏာပိုင်ရှင် ဂုဏ်သရေရှိ လူကြီးနာမည်က ဘယ်သူတုန်းဗျ"

"အဲဒီလူပေါ့ဗျ"

ရှေ့ဖတ်စာရေးက ခပ်တည်တည် လှမ်းပြောလိုက်သည်။ မောင်မောင်သန်းမှာ ရုတ်တရက်တော့ ကြောင်သွား၏။ ပြီးမှ ရှေ့ဖတ်စာရေးက နောက်ပြောင်ခြင်း ဖြစ်သည်လို့ သိကာ ဆလံပေးလိုက်၏။

"ဟဲ ဟဲ၊ ကျရေဂျီးကလဲ လုပ်ပါဗျာ၊ အချင်းချင်းတွေပဲ"

"တကယ်ထောက်ခံစာ ရေးပေးတဲ့လူကတော့ သိပ်မထူးခြားလှပါဘူး။ ထူးခြားတာက ဒီလိုဗျ၊ ဂျူရီလူကြီးထဲမှာပါတဲ့ ဆာဖိုးဟင်းရဲ့သား

www.burmeseclassic.com



ဘိလတ်ပြန် ဦးခင်မောင်ဝင်းကို သိတယ်မဟုတ်လား။ တရားသူကြီးကို သူက ဝင်ပြောတာဗျ၊ တရားသူကြီးက တစ်ယောက်ယောက် စာနဲ့ရေးပြီး ထောက်ခံပါစေ၊ သူ အထူးတန်းပေးပါ့မယ်လို့ ပြောလိုက်တာပါပဲ"

"ဟင် ဦးခင်မောင်ဝင်း"

မောင်မောင်သန်း မဲ့သွားသည်။ သူ့ သူငယ်ချင်း ခင်မောင်ဝင်း ဘယ့်နှယ်လုပ်နေပါလိမ့်ဟုလည်း တွေးမိသည်။ သည်အကြောင်းကို သတင်းထဲတွင် ထုတ်ရေးလိုက်ရလျှင် သူ့ဆရာ သတင်းထောက်ကြီး ကိုဘနှင်းထက် လက်သံပြောင်လိမ့်မည်ဟု တွေးမိသည်။ ဦးဘနှင်းကား သည်လိုသတင်းမျိုးကို ကျားကုပ်ကျားခဲ လိုက်တတ်သဖြင့် နာမည်ကြီးလာခြင်း ဖြစ်လေသည်။

"ကဲ ကျေးဇူးပဲဗျာ၊ ကျွန်တော်သွားပြီး တိုက်ပြန် သတင်းရေးဦးမယ်"

●

## (၂၄)

ခင်မောင်ဝင်းသည် အိမ်ပေါ်ထပ် စာကြည့်ခန်းရှိ ဆိုဖာပေါ်တွင် ပစ်လှဲလိုက်သည်။ သူ့စိတ်ထဲတွင် မကြည်မလင် နောက်ကျိလျက်ရှိသည်။ တရားခံဝက်ခြံထဲတွင် ရပ်နေသည့် ကျင်ရွှေ၏ ရုပ်ပုံလွှာသည် သူ့ကို တစ္ဆေခြောက်သလို ခြောက်လှန့်လျက်ရှိ၏။ အခန်းထောင့်ရှိ ထောင်ထားသော ကျွန်းသားမီးတိုင်ပိုးအုပ်ဆောင်းမှ ဝါးတောနှင့် စမ်းရေစပ်စပ်ကို မြင်ရသည်။ ဝါးတောမှ ဝါးရွက်များသည် စမ်းရေထဲသို့ ကြွေကျသွားကြသည်။ မိုးမခပင်များသည် ဝမ်းချောင်းပေါ်သို့ ယွန်းငိုက်နေ၏။ စမ်းရေအစပ် မြက်ရှည်တောဘက်ဆီတွင် ပျံလွှားငှက်များ ပျံဝဲနေကြသည်။

သည်ရှုခင်းကို ကြည့်ပြန်တော့လည်း ခင်မောင်ဝင်း၏ စိတ်များမှာ ကြည်လင်မလာကြပေ။ နံရံတွင် ချိတ်ထားသည့် ပန်းချီဦးဘဉာဏ်ရေးဆွဲသော ဆာဖိုးဝင်းတို့ဇနီးမောင်နှံ၏ ရုပ်ပုံကားများမှာ သူ့ရဲ့သားကို ငုံ့ကြည့်နေသလို ထင်ရသည်။ ဆရာချို၏ မန္တလေးနန်းမြို့ရိုး ပန်းချီကားထဲမှ ကြာပန်းများသည် ဇဟားမှ ရွှေတင်နှင့် သူတို့ ချစ်ပင်ပျိုးခဲ့ကြသော ကြာကန်ကို အောက်မေ့သတိရစေပေသည်။

ခင်မောင်ဝင်းသည် ဆိုဖာဘေး စားပွဲခုံကလေးပေါ်တွင် တင်ထားသော သံမဏိသေတ္တာကလေးကို ဖွင့်၍ ဖွကြည့်နေသည်။ သူလိုချင်သည့် အရာကို မတွေ့သေးပေ။ စားပွဲအံဆွဲမှာလည်း ဖွင့်ထားလျက်ဖြစ်ကာ အထဲမှ စက္ကူစများ မွမွကြနေ၏။ ခင်မောင်ဝင်းသည် ထ,ကာ ပွကြနေသော သံ



www.burmeseclassic.com

www.burmeseclassic.com



မဏိသေတ္တာကလေးကို ပြန်ပိတ်ကာ စားပွဲအံဆွဲကိုလည်း ထိုး၍ ပိတ်လိုက်သည်။ အခန်းထောင့်က မီးခံသေတ္တာပေါ်တွင် ဆင်စွယ်ဖြင့် ထုထားသော မင်းသမီးရုပ်တစ်ရုပ်ကို တင်ထား၏။

"အပါရေ၊ ရောဟေ့"

ခေါ်သံနှင့်အတူ ခင်မေဝင်း ဝင်လာ၏။ ခင်မေဝင်းသည် ဇာဘော်လီလည်ဟိုက်ပေါ်တွင် ရှန်သားအင်္ကျီ ပန်းနုသွေးကိုဝတ်ကာ ပန်းနုသွေးပေါ်တွင် ပန်းဖြူပွင့်ကလေးတွေ ဖောက်ထားသည့် တိုဘရက်ကိုးလုံချည် အကောင်းစားကို ဝတ်ထားသည်။

ခင်မေဝင်းက ခင်မောင်ဝင်း၏နာမည်ကို အပါဟု ခေါ်လေ့ရှိပြီး ခင်မောင်ဝင်းကလည်း ခင်မေဝင်းကို အတာဟူသော ငယ်နာမည်ကို ခေါ်လေ့ရှိပေသည်။

"မဖွင့်တာ ကြာပါပကောလား အပါ၊ ထူးထူးဆန်းဆန်း ဘာစိတ်ကူးရလို့လဲ၊ စာချုပ်စာတမ်းတွေကတော့ ဒို့အခန်းထဲက မီးခံသေတ္တာထဲမှာ ရှိတယ်"

ခင်မောင်ဝင်းက လက်ထဲက မီးခံသေတ္တာသော့ကို လှမ်းပေးလိုက်၏။

"စာချုပ်စာတမ်းတွေ မဟုတ်ပါဘူးဟာ"

"ဒါဖြင့် ဘာလဲ"

"အို နင် မသိပါဘူး"

"ကောင်းပါပြီရှင်၊ ကိုယ့်ကိစ္စနဲ့ကိုယ် သဘောရှိပါပဲ"

ခင်မေဝင်းက ခပ်ငေါ့ငေါ့ပြောကာ အပြင်ဘက်သို့ လှမ်းထွက်လိုက်သည်။

"ဟေ့ အတာရေ၊ ဒီသေတ္တာကလေး ယူသွားစမ်းပါဟာ"

ခင်မောင်ဝင်းက ခုံပေါ်က သံမဏိသေတ္တာကလေးကို ယူ၍ပေးလိုက်သဖြင့် ခင်မေဝင်းက ယူပြီးထွက်သွားသည်။

ခင်မောင်ဝင်းသည် မီးခံဘီရိုကိုဖွင့်ကာ တစ်စုံတစ်ရာကို ရှာဖွေနေသည်။ မီးခံဘီရိုတစ်လုံး နှံ့အောင်ရှာသော်လည်း သူလိုချင်သည့်အရာကို မတွေ့။ နောက်ဆုံးကျမှ မီးခံဘီရိုအောက်ထပ်က အံထဲမှဖယောင်းစက္ကူနှင့် ထုပ်ထားသော အထုပ်တစ်ခုကို တွေ့သည်။ ခင်မောင်ဝင်းသည် ဝမ်းသာအားရဖြင့် အထုပ်ကို ဖြေဖွင့်၍သွန်ချလိုက်သည်။ အထဲမှ စာရွက်ဟောင်း





များ ထွက်လာ၏။ စာရွက်များမှာ စာရင်းစာအုပ်မှ ဆုတ်ထားသော စာရွက်များဖြစ်၏။ စက္ကူမှာ ဝါကျင်လျက်ရှိပြီး မင်နီဖြင့် ဒေါင်လိုက်တားထားသော မျဉ်းကြောင်းများမှာ ထင်းထင်းကြီး ပေါ်နေကြ၏။ စာတစ်စောင်ကား ဓာတ်ပုံတစ်ပုံနှင့် တွဲလျက်ရှိပေသည်။

ခင်မောင်ဝင်းသည် ဓာတ်ပုံကို ကောက်၍ ကြည့်လိုက်၏။ ဓာတ်ပုံမှာ ရွှေတင်၏ ဓာတ်ပုံဖြစ်ပေသည်။ သည်တုန်းကတော့ ရွှေတင်မှာ နုနယ်ပျိုမျစ်တုန်း ဖြစ်၏။ ပျော့အိသော ဆံနွယ်များသည် ကျောက်ဖြူသလင်းလို ရှင်းနေသော နဖူးပေါ်သို့ ဝဲကျနေ၏။ မျက်လုံးအစုံသည် ဒေါင်းမြီးများလိုနက်စိမ်းဖန့်နေ၏။ ရေးရေးမျှညှိုသော မျက်ဝန်းအလယ်တွင် မျက်လုံးအစုံတို့သည် မှောင်မင်ရောင်စွဲကာ ရွှဲလုံးလိုတောက်ပကြ၏။ ပါးပြင်သည် အိထွေးကာ ပြုံးတော့မယောင် ပံ့ပံ့ကလေး ဖြစ်လာပြီးမှ အပြုံးရိပ်သည် ပါးပြင်မှ လေးကိုင်းလို ကွေးညွှတ်ပြည့်ဝန်းသော နှုတ်ခမ်းများတွင် ခိုနားနေသလို ထင်ရ၏။ သည်တုန်းကတော့လည်း ရွှေတင်၏ မျက်နှာသည် ပွင့်သစ်စပန်းတစ်ပွင့်လို ကျက်သရေရှိပေသည်။

ခင်မောင်ဝင်းသည် ဓာတ်ပုံထဲမှ ရွှေတင်နှင့် သူ နေ့လယ်က တွေ့ခဲ့ရသော တရားခံမ ကျင်ရွှေတို့ကို နှိုင်းယှဉ်ကြည့်မိသည်။ တရားခံမ ကျင်ရွှေမျက်နှာတွင်ကား စိုပြည်နုနယ်ခြင်းတို့ မရှိတော့ပြီ။ အပြစ်ကင်း၍ ချစ်စဖွယ်ကောင်းသော အရိပ်တို့ မရှိတော့ပြီ။ မျက်နှာသည် နေထိပန်းလို ညှိုးနွမ်းကာ အကြောအခြင်မရှိသော အရုပ်တစ်ရုပ်၏ မျက်နှာလို လှုပ်ရှားခြင်း ကင်းမဲ့နေ၏။ ခင်မောင်ဝင်းသည် ဓာတ်ပုံနှင့် တွဲထားသော စာတစ်စောင်ကောက်၍ ဖတ်လိုက်သည်။ လက်ရေးမှာ ခဲတံနှင့်ရေးထားပြီး တချို့နေရာတွင် တံထွေးဆွတ်၍ ရေးထားဟန်တူသဖြင့် မည်းနက်နေ၏။

**အစ်ကို**

အစ်ကိုဟာလေ တစ်ဆင့်ပြီးတစ်ဆင့် ကဲလာတယ်။ မပေးရဲတဲ့ မိရွှေတင်ရဲ့အချစ်ကို ရအောင်ယူတယ်။ အချစ်ရဲ့ အထွတ်အထိပ်ကို တက်ဖို့ရာ ကြောက်ပါတယ် ဆိုနေတဲ့ ကြားထဲက ကြောက်စရာ မရှိပါဘူးဆိုပြီး ရောက်အောင်လဲ သွားခဲ့ရပြီ။ ခုလဲ ဓာတ်ပုံ တောင်းနေပြန်ပြီ။ မပေးရဲဘူး



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရယ်၊ မပေးရဲဘူး၊ ကြီးကြီးဆင့်တို့တင် မကဘူး၊ အစ်ကို့အမေရော အစ်ကို့အစ်မတွေရော တွေ့သွားရင် မိရွှေတင် လောင်မီးကျပါလိမ့်မယ် အစ်ကို။

ပြီးတော့လဲ အစ်ကိုရယ် မိရွှေတင်လို တောသူရဲ့ ဓာတ်ပုံကို ဘာလုပ်ရအောင် ကြည့်နေရမှာလဲ။ ရန်ကုန်မှာ မိရွှေတင်ထက် အဆပေါင်းတစ်ရာပိုပြီး ချောတဲ့မိန်းမချော မိန်းမလှတွေ ရှိပါတယ်။ ပြီးတော့ မိရွှေတင်ရဲ့ဓာတ်ပုံဟာ အစ်ကိုတို့ အိမ်ကြီးနဲ့မလိုက်ဘူး အစ်ကိုရဲ့။ မိရွှေတင်က သေးနုပ်လွန်းလှပါတယ်။ ဒါတင်မကသေးဘူး အစ်ကိုက မိရွှေတင်ကို ကြာပန်းကလေးနဲ့ တူတယ်လို့ နှိုင်းပြောသွားဖူးတယ် မဟုတ်လား၊ ဒီလိုဆို သာလို့ မဖြစ်သေးတယ် အစ်ကို၊ ကြာပန်းဆိုတာ ရွှံ့နွံထဲမှာ နေရမှ ဝေဝေဆာဆာ ပွင့်နိုင်တယ် မဟုတ်လား အစ်ကိုရဲ့။ ညှိခန်းဆောင်က ပန်းအိုးမှာ ကြာပန်းကို အလှထားချင်ပေမယ့်လဲ ဒီကြာပန်းဟာ ရွှံ့နွံထဲမှာလို ကြာကြာ မပွင့်နိုင်ဘူး အစ်ကို၊ မကြာခင်မှာပဲ ညှိုးနွမ်းခြောက်သွေ့သွားမှာပဲ။ ကြာပန်းဟာ အစ်ကိုတို့ရဲ့ ညှိခန်းဆောင်နဲ့ မလိုက်ပါဘူး။ တောမှာရှိတဲ့ ကြာကန်ဘေးက ရွှံ့နွံထဲမှာသာ ပျော်ပိုက်နိုင်ပါတယ်။ ပြီးတော့လဲ ရန်ကုန်မှာ ကြာပန်းထက် အင်မတန် အဖိုးထိုက်တန်တဲ့ ပန်းပွင့်တွေဟာလဲ ရှိတယ်မဟုတ်လား အစ်ကို။

သြော် - အစ်ကိုဟာ ဓာတ်ပုံကို မပေးရင် အစ်ကို့ကို မချစ်ဘူးဆိုတဲ့ သဘောပဲလို့ ယူဆမယ်တဲ့၊ ပြီးတော့ သိပ်လဲ စိတ်ဆိုးမှာပဲတဲ့ ဟုတ်လား။ ချစ်ပါတယ်အစ်ကို။ အစ်ကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာကိုတော့ ရွှေတင်ပြောမပြတတ်ဘူး။ အစ်ကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာကို ပြောပြဖို့ မိရွှေတင်မှာ စကားလုံးတွေတောင် ရှာမရပါဘူး။ ဓာတ်ပုံပေးဖို့ ဝန်လေးတာကတော့ ခုနကပြောတဲ့ အကြောင်းတွေ ကြောင့်ပါပဲ။ ဒါပေမဲ့ အစ်ကိုငြိုငြင်တာ၊ စိတ်ဆိုးတာကို မိရွှေတင် မခံရဲပါဘူး။ ရွှေကလေးရဲ့ အသက်





ရော၊ အချစ်ရော လူရောပိုင်ပြီးဖြစ်တဲ့ မောင့်ကို ဓာတ်ပုံကလေးတစ်ပုံ ပိုင်ဆိုင်ခွင့် ဘာကြောင့် မပေးဘဲ နေရမှာလဲ ဆိုတဲ့အတွက် ဓာတ်ပုံကို မပေးရဲဘဲနဲ့ ပေးလိုက်ရပါတယ်။ ဓာတ်ပုံကို ကြည့်ပြီး မရယ်ရဘူးနော် အစ်ကို။

ရိုသေစွာဖြင့်
နွံထဲက ကြာပွင့်ကလေး
မိရွှေတင်

ခင်မောင်ဝင်းသည် စာကိုဖောက်ပြီး ဓာတ်ပုံကလေးကို စားပွဲပေါ်က ပန်းစိုက်အိုးတွင် မှီ၍ ထောင်ထားလိုက်သည်။ နောက်တစ်စောင်ကို ဆက်ဖတ်နေပြန်သည်။

အစ်ကို

လူလဲမလာ စာလဲမရောက်တာကြာပေါ့နော်၊ အရေးကြီးတဲ့ ကိစ္စကလေးတစ်ခုရှိလို့ ပြောချင်လို့ စောင့်နေပါတယ်။ အစ်ကိုလဲ ဖြူးကို ရုတ်တရက်မပေါ်လာနိုင်တဲ့အတွက် ခုတော့ စာနဲ့ပဲ ရေးပြောလိုက်ရပါတယ်။ နားနဲ့မနာဖဝါးနဲ့ နာပါနော်၊ အစ်ကို မိရွှေတင်မှာ ဟိုဒင်းရှိနေပါပြီ။ ဖုံးမရဖိမရလို့ မီးထမတောက်ခင် အေးအေးဆေးဆေးပြီးအောင် အစ်ကို လာပြီး စီစဉ်လှည့်ပါနော်။ ခုလဲ မိရွှေတင်ဣန္ဒြေပျက်လှပါပြီ။ ကြီးကြီးဆင့်တို့များ သိသွားရင် မိရွှေတင်ဟာ ဘယ်ဘဝ ရောက်မယ်ဆိုတာ အစ်ကိုပဲ တွေးကြည့်ပါတော့ အစ်ကို၊ အစ်ကိုသာမလာတော့ဘူးဆိုရင်တော့ အချစ်ရဲ့အထွတ်အထိပ် ရောက်ခဲ့သူဟာ တောင်အောက်က ချောက်ကမ်းပါးကြီးထဲကို ဆင်းရုံပဲ ရှိတော့တယ်ထင်ပါတယ်။ လာခဲ့ပါ အစ်ကို၊ မိရွှေတင်ကို သနားတယ်ဆိုရင် အမြန်ဆုံးလာခဲ့ပါ။

ဒုက္ခသည်မလေး မိရွှေတင်



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းသည် စာကိုဖတ်၍ ဝမ်းနည်းသလိုလို ဖြစ်လာသည်။ ကမ္ဘာကြီး ချာချာလည်သွားသည်ဟုလည်း ထင်လိုက်ရ၏။ သူသည် တံတောင်ဆစ်နှစ်ဖက်ကို ဒူးပေါ်တွင်ထောက်ကာ မျက်နှာကို လက်ဖဝါးဖြင့် အုပ်လိုက်မိသည်။ အတိတ်မှ အရိပ်တို့သည် သူ့အား ခြောက်လှန့်နေကြပေသည်။ ခင်မောင်ဝင်းသည် သက်ပြင်းကို မှုတ်ထုတ်လိုက်ရင်း နောက်စာ တစ်စောင်ကို ကောက်ဖတ်လိုက်ပြန်သည်။ သည်စာမှာလည်း အရင်စာများလိုပင် စာရင်းစာအုပ်မှ ဆုတ်ထားသော စာရွက်ပေါ်တွင် ခဲတံဖြင့် ရေးထားခြင်း ဖြစ်ပေသည်။

**အစ်ကို**

သို့ပါပြီအစ်ကို၊ အစ်ကိုဟာ မိရွှေတင်ကို သစ်စိမ်းချိုးချိုးသွားပါပြီ၊ ရက်စက်ပါပေ့ အစ်ကိုရယ်၊ အစ်ကိုဟာ မိရွှေတင်ကို ဒီလောက်တော့ စိမ်းကားရက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး။ ဒီစာရတဲ့ နေ့ကစပြီး မိရွှေတင်တစ်ယောက်တော့ အချစ်ရဲ့ အထွတ်အထိပ်ကနေပြီး တောင်အောက် ချောက်ကမ်းပါးကြီးထဲ ထိုးဆင်းသွားပြီလို့သာ မှတ်လိုက်ပါတော့ အစ်ကို၊ ဒီတောင်အောက်က ချောက်ကမ်းပါးကြီးထဲမှာ မိရွှေတင်တစ်ယောက်ရဲ့ ဘဝဟာ အစတုံးပျောက်ကွယ်သွားပြီလို့သာ နားလည်ထားလိုက်ပါတော့ အစ်ကို၊ ဘယ်သူမပြု မိမိမှုဆိုသလို ရွှေတင်ကိုယ့်ကိုယ်ကိုယ်ပဲ ရွှေတင်အပြစ်ဆိုပါတယ်၊ ရွှေတင့်အဖြစ်နဲ့ ရွှေတင် ရှိပါစေတော့ အစ်ကို၊ ရွှေတင့်အဖြစ်နဲ့ ရွှေတင်ပဲ ရှိပါစေတော့။

**ကံဆိုးမလေး မိရွှေတင်**

တကယ်ပင် ရွှေတင်သည် တောင်ထိပ်မှ အသူတစ်ရာနက်လှစွာသော ချောက်ကမ်းပါးကြီးထဲသို့ ထိုးဆင်းသွားလေပြီ။ သည်ချောက်ကမ်းပါးကြီးထဲမှာ မှောင်မည်းလျက်ရှိ၏။ စက်ဆုပ်ရွံရှာဖွယ်တို့ဖြင့် အတိပြီး၏။ မကောင်းမှု ဒုစရိုက်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိ၏။ ရွှေတင်သည် သည်ချောက်ကမ်းပါးကြီးက ဘယ်တော့မှ ပြန်တက်နိုင်မည် မဟုတ်ပေ။





ခင်မောင်ဝင်းသည် စာကိုဖတ်ပြီး မြေကြီးခွက်ဝင်သွားသည်ဟု ထင်မှတ်လိုက်ရသည်။ ကမ္ဘာကြီးပြိုလဲ ပျက်စီးသွားသည်ဟု အောက်မေ့လိုက်မိသည်။

"ရွှေရေ မင်းဆင်းသွားတဲ့ ချောက်ကမ်းပါးဟာ၊ ဒီလောက်နက်ရှိုင်းလိမ့်မယ် မထင်ခဲ့ဘူးကွယ်။ တကယ်ပါပဲ၊ ရွှေကလေးရဲ့ အပြစ်မဟုတ်ပါဘူး၊ အစ်ကို့ရဲ့ အပြစ်ပါ၊ ရွှေကလေးကို သည်ချောက်ကမ်းပါးကြီးထဲ တွန်းပို့ခဲ့သူဟာ အစ်ကိုပါ"

ခင်မောင်ဝင်းသည် ပန်းစိုက်အိုးတွင် မှီ၍ ထောင်ထားသော ရွှေတင့်ဓာတ်ပုံကို ငေးကြည့်၍ စိတ်ထဲက ရွတ်ဆိုနေမိသည်။ ရွှေတင်ကား ဓာတ်ပုံထဲမှနေ၍ သူ့ကို ပုံ့ပုံ့ကလေးပြုံးကာ ငေးကြည့်နေရှာပေသည်။ စာရွက်ကိုင်ထားသော ခင်မောင်ဝင်း၏ လက်များသည်လည်း တဆတ်ဆတ်တုန်ရီနေကြပေသည်။

"ဟေ့ သူငယ်ချင်း၊ ဘာများ မှိုင်တွေချနေတာလဲ"

ခြေသံ တရှပ်ရှပ်နှင့်အတူ မောင်မောင်သန်း၏ အသံကိုကြားလိုက်ရ၏။ မောင်မောင်သန်းမှာ ခင်မောင်ဝင်းတို့၏အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်နေသူဖြစ်လေသည်။ အလုပ်အကိုင်တခြားစီ ဖြစ်နေကြသော်လည်း သူတို့နှစ်ယောက်သည် ကျောင်းမှာတုန်းကလိုပင် ရင်းနှီးကြပေသည်။

မောင်မောင်သန်း အသံကြောင့် ခင်မောင်ဝင်းသည် စားပွဲခုံပေါ်တွင် ဖရိုဖရဲဖြစ်နေသော စာရွက်များကို လျင်မြန်စွာခေါက်ကာ ဖယောင်းစက္ကူအိတ်ထဲသို့ ထည့်လိုက်ပြီး လှမ်းကြည့်လိုက်သည်။ မောင်မောင်သန်းကား သူ့အနားရောက်နေပြီ ဖြစ်၏။ ငါးရာငါးဆယ် တိုက်ပုံနှင့် မန္တလေးလုံချည် မီးခိုးရောင်ကို ဝတ်ထားကာ လက်ဆွဲသားရေအိတ်တစ်လုံးကို ပိုက်ထားပေသည်။ ခင်မောင်ဝင်းကား အလိုက်ကန်းဆိုးမသိ ဝင်လာသော မောင်မောင်သန်းကိုကြည့်ကာ စိတ်အနှောင့်အယှက်ဖြစ်နေသည်။ သည်လိုအချိန်မျိုးတွင် ခင်မောင်ဝင်းသည် အနားမှာ ဘယ်သူမှမရှိစေချင်ပေ။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေးတောနေချင်ပေသည်။

"ဘာကိစ္စလဲကွ၊ မင်းက ဘယ်ကပြန်လာတာလဲ"

ခင်မောင်ဝင်းက အေးစက်စက်အသံဖြင့် မေးလိုက်သည်။ မောင်မောင်သန်းက သားရေအိတ်ကို ပစ်ချကာ ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟ ကောင်ရေ၊ ဘယ်ကလာရမှာလဲ၊ မင့်ဆီလာတာပေါ့၊ ငါက ကိစ္စရှိမှ မင်းဆီလာရမှာလား၊ ပြောစမ်းပါဦး"

မောင်မောင်သန်းက ငွေစီးကရက်ဘူးကို လှမ်းဖွင့်ကာ အထဲမှ စီးကရက်တစ်လိပ်ကို ကောက်ယူပြီး မီးညှိနေ၏။ ခင်မောင်ဝင်းမှာ သူမှားသွားမှန်းသိပြီး မျက်နှာကို ချိုထားကာ -

"မဟုတ်ပါဘူး သူငယ်ချင်းရာ၊ အချိန်မတော်ကြီးဆိုတော့"

"အို လာလာချည်သေး၊ ဘယ်ကလာ အချိန်မတော်ရမှာလဲ။ မင်းဆီကို ငါဒီအချိန်ပဲ လာတတ်တယ် မဟုတ်လား။ ညနေလေးနာရီခွဲ ငါးနာရီလောက် မင်းရုံးဆင်းတယ်။ အပြန်မှာ မင်း တင်းနစ်ရိုက်တယ်။ မင်း တင်းနစ်ရိုက်ပြီးချိန် ငါလာတတ်တာပဲ။ နေစမ်းပါအုံး၊ မင်း ဒီနေ့ ဘာဖြစ်နေတာလဲ၊ တင်းနစ်လဲမရိုက်ဘူးဟုတ်လား၊ မင်းကြည့်ရတာလဲ တစ်မျိုးပဲ"

မောင်မောင်သန်းက စီးကရက်ကို ဖွာရှိုက်ရင်းပြောနေ၏။ ခင်မောင်ဝင်းသည် မသိမ်းမိဘဲကျန်နေသော ရွှေတင့်ဓာတ်ပုံကို ပန်းစိုက်အိုးဘေးတွင် လှမ်းမြင်လိုက်သဖြင့် ဓာတ်ပုံကို မှောက်ထားလိုက်သည်။ မောင်မောင်သန်းကလည်း ဒါကို သတိထားလိုက်မိသည်။

"ဘာမှ မဖြစ်ပါဘူး"

"ဖြစ်ပါတယ် သူငယ်ချင်းရာ၊ မင်း ငါ့ကို ညာမနေစမ်းပါနဲ့။ မင်းမျက်လုံးတွေဟာ ဟောဒီလို မှုန်ငေးနေသမျှ မင်းမျက်နှာဟာ ဟောဒီလို ညှိုးငယ်နေသမျှ မင်းစိတ်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာကို ငါသိပါတယ်။ ကဲ ငါတစ်ခုမေးမယ်၊ မင်းဖြေမလား"

"မေးပေါ့၊ ဖြေနိုင်ရင် ဖြေမှာပေါ့"

"တရားခံမ ကျင်ရွှေ့အပေါ်မှာ မင်း စိတ်ဝင်စားနေတယ် မဟုတ်လား"

မောင်မောင်သန်းက သူ့ကိုမေးရင်း စီးကရက်မီးခိုးများကို မှုတ်ထုတ်နေသည်။ ခင်မောင်ဝင်းကား မမျှော်လင့်ဘဲလာသည့် မေးခွန်းကြောင့် အံ့အားသင့်နေ၏။ မောင်မောင်သန်းကိုလည်း စိတ်ဆိုးနေမိသည်။

"တော်စမ်းပါကွာ၊ မဟုတ်တာတွေ မေးမနေစမ်းပါနဲ့"

"ဘာ မဟုတ်ဘူးလဲ၊ တရားခံမ ကျင်ရွှေကို အချုပ်မှာ အထူးတန်းရဖို့ မင်းဆောင်ရွက်ပေးလိုက်တာ မဟုတ်လား၊ ပြီးတော့"





"နေပါဦး၊ ဒါကို မင်းဘယ်ကသိသလဲ"

"သတင်းထောက်ကွ၊ သတင်းထောက်။ ဒိပြင်သတင်းထောက်သာဆိုရင် မင်းကို သတင်းစာထဲကနေပြီး ဖွင့်တီးလိုက်မှာ၊ ကွယ်လွန်သူ ဆာဖိုးဝင်း၏သား ဘီလပ်ပြန် ဦးခင်မောင်ဝင်း၏ အကူအညီဖြင့် အေစီအရွှေခေါ် မကျင်ရွှေ အချုပ်အထူးတန်းရသွားခြင်းလို့ ရေးလိုက်ကြမယ့်ဖြစ်ခြင်း၊ ငါမို့လို့ မရေးတာသူငယ်ချင်း။ ကိုင်း - ကိုယ့်ကို အမှန်အတိုင်းဖွင့်ပြောစမ်း၊ ကူညီတန်ရင် ကူညီရအောင်"

ခင်မောင်ဝင်းမှာ သည်တော့မှ သူ့အခြေအနေကို တွေးမိကာ ထိတ်လန့်တကြား ဖြစ်သွားသည်။ ကျင်ရွှေကို အထူးတန်းရအောင် တရားသူကြီးကို ဝင်ပြောတုန်းကတော့ ဒါတွေကို မစဉ်းစားမိပေ။ စဉ်းစားမိသည့်တိုင်အောင်လည်း သတင်းထောက်လက်ထဲ ရောက်သည်အထိ အန္တရာယ်ကြီးလိမ့်မည်ဟု မထင်ခဲ့မိပေ။ သူ့ဘဝ ဘယ်လိုဖြစ်စေကာမူ ကွယ်လွန်သူအဖေနှင့် ဆွေမျိုးဂုဏ်ကို ထိခိုက်မည်ဆိုလျှင် သူ့မေမေနှင့်သူသည် သည်ဘဝတွင် အိုးစားကွဲကြရမည် ဖြစ်၏။ တကယ်တော့ ဆာဖိုးဝင်း အမျိုးသည် ဆွေကြီးမျိုးကြီးမဟုတ်လား။

"ငါ့အကြောင်းတော့ ပါချင်တာပါပစေတော့သူငယ်ချင်း၊ မထူးပါဘူး၊ ဒါပေမဲ့ ဖေဖေ့နာမည်တော့ မထည့်ကြပါစေနဲ့ကွာ။ ဆာဖိုးဝင်းရုပ်ကိုတော့ မသိပါစေနဲ့၊ အေးလေ ဒိပြင် သတင်းထောက်တွေ လက်ထဲရောက်သွားရင်လဲ မင်းက လိုက်မြီးပိတ်ပေးစမ်းပါ"

ခင်မောင်ဝင်းသည် သည်လောက်မြန်ဆန်စွာ ဝန်ခံလိမ့်မည်ဟု မထင်ပေ။ ခုလို မမျှော်လင့်ဘဲ ရုတ်တရက်ဝန်ခံလိုက်သောအခါ မောင်မောင်သန်းပင် အံ့အားသင့်သွားသည်။ မောင်မောင်သန်းသည် ခင်မောင်ဝင်းနှင့် မျက်နှာချင်းဆိုင်မိလျက်သား ဖြစ်နေအောင် စားပွဲတွင် တင်ပလ္လင်ထိုင်လိုက်ရင်း

"ကိုယ် အတည်မေးမယ် သူငယ်ချင်း၊ မင်း အရွှေဆိုတဲ့ကောင်မလေးကို ဘယ်လိုစိတ်ဝင်စားနေတာလဲ။ သူက မင်းအဆက်ဟောင်းလား၊ အဆက်ဟောင်းကို ပြန်ဆက်ဖို့ ကြိုးစားနေတာလားဟင်"

ခင်မောင်ဝင်းက ဘာမျှပြန်မပြောဘဲ ငေးနေသည်။ မောင်မောင်သန်းသည် ပန်းစိုက်အိုးဘေးတွင် မှောက်ထားသော ဓာတ်ပုံကို လှန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီပုံကတော့ ရိုးရိုးကလေးနဲ့ ချစ်စရာပဲ၊ ကြည့်စမ်း"

မောင်မောင်သန်းသည် သားရေအိတ်ထဲမှ ရုံးတွင်ရိုက်လာသော ကျင်ရွှေ၏ ဓာတ်ပုံများကို ထုတ်ကြည့်နေသည်။ ခင်မောင်ဝင်းသည် ဘာမျှ မပြောဘဲ မောင်မောင်သန်း လုပ်နေသမျှကို ငေးကြည့်၍သာ နေမိပေသည်။

"ဒီပုံတွေကျတော့ဆန်းလာပြီ၊ ဒါပေမဲ့ ချစ်စရာကောင်းသေးတာပဲ၊ ဒီပုံက မုန်းပေမဲ့ ချစ်ဟန်ဆောင်တတ်တဲ့ အရွှေ၊ ဒီပုံကျတော့ ချစ်ပေမဲ့ မုန်းဟန်ဆောင်တတ်တဲ့ အရွှေ၊ ရော့ ဒီသုံးပုံကို ယှဉ်ကြည့်စမ်း"

မောင်မောင်သန်းက ဓာတ်ပုံသုံးပုံကို စားပွဲပေါ်တွင် ယှဉ်လျက်သား ချထားလိုက်သဖြင့် ခင်မောင်ဝင်းက ငေးကြည့်နေသည်။ မောင်မောင်သန်း က ပုံသုံးပုံအနက် အလယ်တွင် ချထားသော ရိုးသားသည့်ရွှေတင့်ပုံကို ကြည့်ကာ

"ဒီပုံလေးကျတော့ ချစ်ရင် မမုန်း၊ မုန်းရင် မချစ်၊ ဘွင်းဘွင်း။ ဟဲဟဲ သူငယ်ချင်း မင်းဘာလုပ်မလို့လဲ၊ အဆက်ဟောင်းမို့ ပြန်ဆက်ရအောင်လဲ အမှုကြီးက တန်းလန်း၊ ရောက်နေတဲ့နေရာကလဲ အတန်းကုန်။ ကဲ ပြောစမ်း ပါအုံး မင်းနဲ့ဘယ်လိုတွေ့ကြတာလဲ။ ဒါထက် ပိုအရေးကြီးတာက ဘယ်လို အကြောင်းကြောင့် ဒီဘဝထဲ ရောက်လာရတာလဲ"

ခင်မောင်ဝင်းက ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေသည်။ ပြီးမှ

"မပြောပါရစေနဲ့ မောင်မောင်သန်းရာ၊ သတင်းစာတွေထဲ ပါကုန်ရင် တော့ ခက်တော့မှာပဲ"

"ဟ သူငယ်ချင်းရ မှတ်ထား။ တို့သတင်းထောက်ဆိုတာ တစ်လုံးမှ မသိရင် နည်းနည်းရေးတယ်။ နည်းနည်းသိရင် များများရေးတယ်။ အဲ များများသိရင် လုံးလုံး မရေးတော့ဘူး။ ပြော ပြော အကုန်ပြော ဟား ဟား"

ခင်မောင်ဝင်းက မောင်မောင်သန်းကိုကြည့်၍ ပြုံးနေလေသည်။

●

# (၂၅)

တရားလိုရှေ့နေကြီးသည် ထိုင်ရာမှ ထလိုက်သည်။ ဖရိုဖရဲဖြစ်နေသော ဝတ်ရုံကြီးကို ဆွဲဆန့်ကာ စောင်းနေသောခေါင်းပေါင်းကို ခေါင်းပေါ်တွင် တည့်အောင် ဟန်ပါပါရွှေ့လိုက်သည်။ လက်နှစ်ဖက်ဖြင့် စားပွဲခုံကို မှေး၍ ထောက်ထားပြီး ရုံးခန်းပတ်ဝန်းကျင်ကိုလည်း လှမ်း၍ ကြည့်လိုက်၏။ သို့ရာ တွင် ကျင်ရွှေ၏ မျက်လုံးများနှင့် မဆုံမိအောင်ကား မျက်လုံးများကို လွှဲထား ပေသည်။

တစ်ရုံးလုံးရှိ ပရိသတ်များမှာ သူ့ဘက်သို့ အာရုံစိုက်ကာ နားစွင့်နေ ကြသည်။ စောစောက တီးတိုးစကားပြောသံ၊ ချောင်းဟန့်သံများမှာ ငြိမ်သက် သွားကြလေသည်။ ရုံးခန်းထဲရှိ ပရိသတ်များက သူ့ကို အာရုံစိုက်မှန်းသိသည် နှင့် အစိုးရရှေ့နေကြီးသည် ရုတ်တရက် စကားမပြောသေးဘဲ ရှေ့တွင် ချထားသည့် ဥပဒေစာအုပ်ထူကြီးကိုလှန်ကာ အရေးကြီးဟန်ကို ပြနေသည်။

"ရုံးမင်းနှင့်တကွ ရုံးတော်မှာရှိတဲ့ ဂျူရီလူကြီးများကို ကျွန်တော် လျှောက်ထားလိုတာကတော့ တခြားမဟုတ်ပါဘူး။ ဒီနေ့ရုံးတော်ရှေ့မှောက် မှာ ရောက်နေတဲ့ အမှုဟာဖြင့်ရင် အင်မတန်ထူးခြားပြီး စိတ်ဝင်စားစရာ ကောင်းတယ်ဆိုတဲ့ အချက်ပါပဲ။ အစိုးရရှေ့နေဆိုတာဟာ ဘုရင်မင်းမြတ် ကိုယ်တော်တိုင်က ခန့်ထားတဲ့သူဖြစ်တဲ့အတွက် ပြည်သူပြည်သားများရဲ့ အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ်ရမယ့် ဝတ္တရား ရှိပါတယ်။ တိုင်းသူ ပြည်သားတွေရဲ့ အသက် အိုးအိမ်စည်းစိမ်ကို ဖျက်စီးနှောင့်ယှက်သူများ၊



www.burmeseclassic.com

www.burmeseclassic.com



တရားဥပဒေ စိုးမိုးရေးနဲ့ ဘုရင်မင်းမြတ်ရဲ့ ငြိမ်းချမ်းသာယာရေးကို နှောင့်ယှက်ဖျက်စီးသူများကို အရေးယူဖို့ ဝတ္တရားရှိပါတယ်"

အားလုံး ငြိမ်သက်နေကြ၏။ အစိုးရရှေ့နေကြီးကား အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် လျှောက်လဲချက်ကို နိဒါန်းပျိုးနေပေသည်။

"ခု အမှုဟာဖြင့်ရင် ရုံးတော်နဲ့တကွ ဂျူရီလူကြီးများအားလုံး သိကြတဲ့ အတိုင်း ထူးခြားတဲ့ ရာဇဝတ်မှုတစ်ခု ဖြစ်နေပါတယ်။ ဒီရာဇဝတ်မှု ဖြစ်ပွားပုံမှုလဘူတ အကြောင်းချင်းတွေကို ပြန်လှန်စစ်ဆေးကြည့်မယ်ဆိုလို့ရှိရင် ဒီရာဇဝတ်မှုကြီးဟာ အကျင့်စာရိတ္တပျက်ပြားခြင်းမှာ မြစ်ဖျားခံနေတာ တွေ့ရှိပါလိမ့်မယ်။

"ဒီနောက်မှာ ဒီလိုအကျင့်စာရိတ္တ ပျက်ပြားပြီး ခုလိုအင်မတန်ကြောက်စရာကောင်းတဲ့၊ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ အင်မတန်စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းတဲ့ ရာဇဝတ်မှုကြီးများကို ကျူးလွန်လာကြမယ်ဆိုရင် တရားဥပဒေ စိုးမိုးရေးနဲ့ ဘုရင်မင်းမြတ်ရဲ့ အေးချမ်းသာယာရေးကို အန္တရာယ်ပြုလာနိုင်ပါလိမ့်မယ်"

အစိုးရ ရှေ့နေကြီးသည် အမှုဖြစ်ပွားပုံကို အကျယ်တဝင့် ရှင်းလင်းပြောပြကာ စီရင်ထုံးများကို ကိုးကား၍ လျှောက်လဲနေသည်မှာ တစ်နာရီ ကျော်ကျော်လောက် ကြာသွား၏။ လျှောက်လဲချက်ပေးနေသည့် အတောအတွင်း အစိုးရရှေ့နေကြီးသည် မြင်းကောင်းစိုင်းသလို စကားလုံးများကို တသွင်သွင်ပြောချသွား၏။ တစ်ခါမျှသာ ခေတ္တရပ်နား၍ လည်ချောင်းထဲသို့ တက်လာသော ချွဲများကို မျိုချလိုက်သည်။ သို့သော်လည်း ချက်ချင်းပင် အရှိန်ပြန်ယူကာ လျှောက်လဲချက် ပေးသွား၏။ တစ်ခါတစ်ရံ သူ့အသံမှာ အလွန်အမင်း နူးညံ့သိမ်မွေ့ ချိုသာ၏။ တစ်ခါတစ်ရံတွင် မတိုးမကျယ် လေသံခပ်မှန်မှန်ဖြင့် ပေါ်ထွက်လာ၏။ တစ်ခါတစ်ရံတွင်လည်း ကျားဟိန်းသလို ရုံးခန်းတစ်ခုလုံး ဟိန်းသွားအောင် ဒေါသတကြီးဖြင့် ပြော၏။

"သေသူ ဦးဖေသန်းဟာ ပျော်ပျော်ပါးပါး နေတတ်သူဖြစ်သော်လဲ ရှုပ်ရှုပ်ပွေပွေလုပ်တတ်သူ မဟုတ်ပါဘူး။ ဘယ်သူနဲ့မှလဲ ရန်ငြိုးဖွဲ့ထားခြင်း မရှိပါဘူး။ မသမာသူရဲ့ လက်တွင်းမှာ မသမာသူလူသတ်သမားကို အလွယ်တကူ ယုံကြည်မိလို့သာ ခုလိုသေဆုံးခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီအမှုမှာ တရားခံမဖြစ်သူ မိကျင်ရွှေခေါ် အရွှေဟာ"





အစိုးရရှေ့နေကြီးသည် လက်ညှိုးကိုထောင်၍ ဝဲပြသည်။ သူ့လက်ညှိုးသည် ဝက်ခြံထဲက မကျင်ရွှေဆီ အရောက်တွင် ရပ်တန့်သွားကာ ကျင်ရွှေကို လက်ညှိုးဖြင့် ထိုးပြထားသည်။ သူ၏ စူးရှသော မျက်လုံးများသည် ကျင်ရွှေ့မျက်နှာကို ရင်ဆိုင်ထားသည်။

"မိကျင်ရွှေခေါ် အရွှေဟာ မိကောင်းဖခင်သမီး၊ မိဘရဲ့သွန်သင်ဆုံးမ ပဲ့ပြင်မှုအောက်မှာ ကြီးပြင်းလာသူတစ်ဦးဆိုလို့ ရှိရင်တော့ ဒီလောက်ကြီးလေးတဲ့ ရာဇဝတ်မှုကြီးတစ်ခုကို ကျူးလွန်ချင်မှ ကျူးလွန်မိပါ့မယ်။ ကျူးလွန်တယ်ဆိုရင်လဲပဲ အင်မတန် သံသယဖြစ်စရာကောင်းပါတယ်။ ဒါပေမဲ့ တရားခံမ ကိုယ်တိုင်က သူဟာ လင်ကောင်မပေါ်ဘဲမွေးတဲ့ မိန်းမတစ်ဦးရဲ့သမီး၊ အဖေမပေါ်တဲ့သမီးလို့ ဆိုထားတဲ့အတွက် ခုလိုလင်ကောင်မဖော်နိုင်တဲ့ အမေကမွေးတဲ့ တရားခံမလို မိန်းမတစ်ဦးဟာ ခုလောက်ကြီးလေးတဲ့ ရာဇဝတ်မှုကြီးကို ကျူးလွန်မယ်ဆိုတာဟာ ဘာမှသံသယဖြစ်စရာ မရှိတော့ပါဘူး"

ကျင်ရွှေသည် အဖေနှင့်အမေ့နာမည်ကို သည်အမှုကြီးထဲတွင် မပါခင်စေချင်၍ သူ၏အတ္တုပ္ပတ္တိကို ဖာတ်မြှုပ်ခဲ့သည်။ ယခုတော့ အစိုးရရှေ့နေကြီးက ကျင်ရွှေ၏ အပြစ်ကင်းမဲ့သော အမေကိုပင် စာရိတ္တပျက်ပြားသူဟု စွပ်စွဲသွားပြီဖြစ်၏။ ဖြူစင်၍ အပြစ်ကင်းသော သူ့ငယ်စဉ်ဘဝမှာလည်း ရုံးတော်ရှေ့မှောက်တွင် ညှိုးနွမ်းခဲ့ရပြီဖြစ်၏။ ကျင်ရွှေသည် အံကိုကြိတ်ကာ လျှောက်လဲချက်ကို နားထောင်နေပေသည်။ သူ့ဘဝသူ့ကံကြမ္မာအတွက် ဘယ်လောက်ပင် အားတင်းနိုင်ပါသည်ဆိုသော်လည်း အပြစ်ကင်းသူ အမေအား ရက်ရက်စက်စက် ပြောသည်ကိုကြားရသောအခါတွင်မူ ရင်ထဲမှာ မချိအောင် နာကာ မျက်ရည်တွေ စီးကျလာပေသည်။

"တရားခံမ၏ နောက်ကြောင်းရာဇဝင်ကို ပြန်ကြည့်မယ်ဆိုရင် တရားခံမဟာ လင်ကောင်မပေါ်တဲ့အမေက မွေးတဲ့သမီးဖြစ်တယ်။ နောက်တစ်ချက်က တရားခံမဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးရဲ့ အိမ်တစ်အိမ်မှာ အစေခံလုပ်ဖူးတယ်။ အဲဒီမှာ ရိုးရိုးသားသားလုပ်ကိုင်စားသောက်နေရတဲ့ဘဝကို မနှစ်မြို့နိုင်ဘဲ အဲဒီအိမ်က ထွက်ပြေးတယ်။ ထွက်ပြေးပြီး ပြည့်တန်ဆာအိမ်တစ်အိမ်မှာ ပြည့်တန်ဆာအဖြစ် အသက်မွေးတယ်။ သိကြတဲ့အတိုင်း ရုပ်ကလဲ လှ၊ အပြောကလဲ ကောင်းတော့ အဲဒီ

www.burmeseclassic.com



ပြည့်တန်ဆာအိမ်မှာ အခြားပြည့်တန်ဆာတွေထက် ဝင်ငွေကောင်းပြီး အင်မတန်အသုံးအဖြုန်းကြီးပါတယ်လို့ သက်သေတွေက တညီတညွတ်ထဲ ထွက်ဆိုကြပါတယ်။

"ဒီလိုမွေးတဲ့ မိဘမျိုးရိုးစဉ်ဆက်ကစပြီး အကျင့်ပျက်လာတဲ့ တရားခံမ၊ နောက်ပြီးတော့လဲ အကျင့်စာရိတ္တပျက်လာတဲ့ ပြည့်တန်ဆာတွေရဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာပြီး ပြည့်တန်ဆာအဖြစ် အသက်မွေးတဲ့ တရားခံမ ကျင်ရွှေခေါ် အရွှေဟာ . . ."

ခင်မောင်ဝင်းကား အစိုးရရှေ့နေကြီး၏ စွပ်စွဲချက်များကို နားထောင်ရင်း ရင်ထဲမှာတလှိုက်လှိုက် ဖြစ်လာသည်။ အတိတ်ကို ပြန်တွေးရင်းလည်း ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့နေမိသည်။ ဒါတွေဟာ အစ်ကို့အပြစ်တွေပါ ရွှေလေးရယ်၊ အစ်ကို့အပြစ်တွေပါ။

"ဒီလို ပျက်စီးလေလွင့်တဲ့ အမေကမွေးပြီး ပျက်စီးလေလွင့်တဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာတဲ့ တရားခံမဟာ လူတစ်ဖက်သားကို အင်မတန် ယုံကြည်လွယ်တဲ့၊ ပျော်ပျော်ပါးပါး နေတတ်တဲ့ သေသူဦးဖေသန်းနဲ့ တွေ့ခဲ့ခြင်း ဖြစ်ပါတယ်။ သက်သေများရဲ့ထွက်ချက်အရ တရားခံမဟာ ဦးဖေသန်းကို မက်ကလင်းဆေးမှုန့်ထုပ်နဲ့ ထုပ်ထားတဲ့ အဆိပ်မှုန့်ကို တိုက်ကျွေးခဲ့ခြင်း ဖြစ်ပါတယ်။ တရားခံဟာ ဦးဖေသန်းကို ဆေးတိုက်နေကျ ဖြစ်တယ်လို့ ဆိုထားတဲ့အတွက် အဆိပ်မှုန့်နဲ့ ဆေးမှုန့်ကို လွယ်လင့်တကူခွဲခြားပြီး သိနိုင်ရပါမယ်။ နောက်ပြီးတော့လဲ တရားလိုပြသက်သေ အမှတ်-၂ မချစ်မေရဲ့ ထွက်ဆိုချက်မှာ သေသူ ဦးဖေသန်းဟာ မသေခင် 'အရွှေရယ် အစ်ကိုကြီးကို ဒီအတိုင်း ကြည့်နေတော့မှာလား၊ ရက်စက်လှချေရဲ့ အရွှေရယ်'လို့ ညည်းတွားသံ ကြားရတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့ ဦးဖေသန်းသေဆုံးရခြင်းဟာ တင်ကူးပြင်ဆင်ပြီး သေစေရန်ကြံရွယ်ချက်ဖြင့် အဆိပ်တိုက်ကျွေးကြောင်း ထင်ရှားပါတယ်"

တရားခံရှေ့နေကြီး ဦးဇော်ထွန်းမှာ အစိုးရရှေ့နေကြီး၏ လျှောက်လဲချက်ထဲမှ အချို့ကို မှတ်စုပေါ်တွင် ချရေးနေ၏။

ကျင်ရွှေကား အစိုးရရှေ့နေကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေပေသည်။

"ရုံးတော်နဲ့တကွ ဂျူရီလူကြီးမင်းများ ခင်ဗျား"





အစိုးရရှေ့နေကြီးက ညာဘက်လက်ကို ဟန်ပါပါမြှောက်ကာ ဝတ်ရုံကြီးဝတ်ထားသော သူ့ခန္ဓာကိုယ် ဖိုင့်ဖိုင့်ကြီးကို ယိမ်းလှုပ်ရင်းပြောနေ၏။

"တရားခံမရဲ့ ကံကြမ္မာဟာ ရုံးတော်နဲ့တကွ ဂျူရီလူကြီးမင်းများရဲ့ လက်ထဲမှာ ရှိပါတယ်။ ဒါကြောင့်တင်မကပါဘူး၊ တိုင်းသူပြည်သားတွေနဲ့တကွ ဒီခေတ် လူ့အဖွဲ့အစည်းကြီးရဲ့ ကံကြမ္မာဟာလဲ ရုံးတော်နဲ့တကွ လူကြီးမင်းများရဲ့ လက်ထဲမှာ ရှိပါတယ်။ ဒီလောက်ပြစ်မှု ထင်ရှားနေတဲ့ တရားခံမကို သက်ညှာစွာ စဉ်းစားပြီး ပြစ်ဒဏ်ကလွှတ်လိုက်လို့ရှိရင် နောင်မှာ သည့်ထက် ကြီးလေးတဲ့ ရာဇဝတ်မှုကြီးများကို ရဲတင်းစွာ ကျူးလွန်ကြပါလိမ့်မယ်။ တရားဥပဒေစိုးမိုးရေးဟာ ကွယ်ပျောက်ပြီး မင်းမဲ့တိုင်းပြည်ကြီးပမာ ဆူပူလာပါလိမ့်မယ်။ ရုံးတော်နဲ့ လူကြီးမင်းများရဲ့ စီရင်ချက်ဟာ နောင်ရာဇဝတ်မှုတွေကို မကျူးလွန်ရဲအောင် တားဆီးပစ်လိုက်တဲ့ အဟန့်အတားကြီးတစ်ရပ်ဖြစ်ဖို့ လိုပါတယ်။ ရောဂန္တရကပ်ကြီးလို ကူးစက်ပြန့်ပွားတတ်တဲ့ ရာဇဝတ်မှု ကူးစက်ပြန့်ပွားခြင်း မရှိရအောင် ကာကွယ်ဖို့လိုပါတယ်။ ကျန်းမာတဲ့လူတွေနဲ့ ကျန်းမာရေးချို့တဲ့နေတဲ့ လူတွေကို ကူးစက်ပြန့်ပွားတတ်တဲ့ ရောဂန္တရကပ်ကြီးက ကာကွယ်ဖို့လိုသလို၊ ဖြူစင်အပြစ်ကင်းတဲ့ လူတွေနဲ့ ရာဇဝတ်မှုကို ကျူးလွန်ရန် အားထုတ်နေတဲ့ လူတွေကို ရာဇဝတ်မှုပြန့်ပွားမလာရအောင် ကာကွယ်ဖို့လိုပါတယ်။ ဒီလိုကာကွယ်တဲ့နေရာမှာ ရောဂါကို ကူးစက်တတ်တဲ့ ပိုးမွှားတွေကို ဖျက်ဆီးရပါတယ်။ ဒါကြောင့်မို့ အခြားသူများကို ရောဂါမကူးနိုင်ရန် ကာကွယ်သောအားဖြင့်လည်းကောင်း၊ နောက်ထပ်ပြန့်ပွားလာနိုင်စရာရှိတဲ့ ရောဂါတွေကို တားဆီးသောအားဖြင့်လည်းကောင်း၊ နောက်ပြီး ဖမ်းဆီးရမိတဲ့ ပိုးမွှားများကို ဖျက်ဆီးခြင်းအားဖြင့်လည်းကောင်း တရားခံမ မိကျင်ရွှေခေါ် အရွှေအား အိန္ဒိယရာဇသတ်ပုဒ်မ ၃၀၂ တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး မသေမချင်းသတ်ရန်မှတစ်ပါး အခြားထိုက်သင့်သော ပြစ်ဒဏ်မရှိတဲ့အတွက်ကြောင့် သေဒဏ်စီရင်ချက်ချမှတ်ပေးရန် ဘုရင်မင်းမြတ်ကိုယ်စား လျှောက်ထားအပ်ပါတယ်"

အစိုးရရှေ့နေကြီးက စကားလုံးတွေ ဝေဝေဆာဆာဖြင့် ရှည်လျားသော လျှောက်လဲချက်ကိုပေးပြီး လေးလံလှသော သူ့ခန္ဓာကိုယ်ဖိုင့်ဖိုင့်ကြီးဖြင့် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။ ချွေးသီးတွေ စို့နေသော သူ့မျက်နှာကို လက်ကိုင်ပုဝါဖြင့် သုတ်နေ၏။ သူ့မျက်နှာမှာ ကျေနပ်ရောင့်ရဲသည့်



www.burmeseclassic.com

www.burmeseclassic.com



အပြုံး၊ အောင်နိုင်သောစစ်သူကြီး၏ အပြုံးမျိုးကို တွေ့ရပေသည်။

အစိုးရရှေ့နေကြီး၏ အလှည့်ပြီးသည့်နောက် အင်္ဂလိပ်ဝတ်စုံဝတ်ထားသည့် ဝတ်လုံတော်ရမင်းတစ်ဦးထပြီး ကိုဘကျော်နှင့်မချစ်မေအတွက် လျှောက်လဲပြန်သည်။ ကိုဘကျော်နှင့်မချစ်မေမှာ လူသတ်မှုတွင် တရားလိုပြ သက်သေများ ဖြစ်နေကြသော်လည်း ခိုးမှုတွင်မူ သူတို့လည်း ကျင်ရွှေနှင့် အတူ တရားခံများ ဖြစ်နေကြ၏။ ကိုဘကျော်နှင့်မချစ်မေသည် သူတို့အတွက် ဝတ်လုံတစ်ယောက်ကို သပ်သပ်ငှားထားပေးသည်။ သူတို့ဝတ်လုံကမူ သူ၏အမှုသည်များဖြစ်သည့် မောင်ဘကျော်နှင့် မချစ်မေသည် သေသူဦးဖေသန်း၏ ငွေများကို လုံးဝခိုးယူခြင်းမရှိကြောင်း၊ သူတို့နှစ်ဦး ခိုးသည်ဟု လူသတ်မှု တရားခံမ မိကျင်ရွှေက ထွက်ဆိုသည့်ထွက်ချက်များမှာ လူသတ်မှု တရားခံမတစ်ဦး၏ ထွက်ချက်ဖြစ်နေ၍ လက်ခံနိုင်ဖွယ်မရှိကြောင်း၊ ဥပဒေအကိုးအကားဖြင့် လျှောက်လဲသွား၏။ နောက်ပြီး ငွေများကို မိကျင်ရွှေတစ်ဦးတည်း ခိုးယူခြင်းဖြစ်ပြီး ခိုးမှုကိုဖုံးကွယ်ရန် အကြံဖြင့် မိကျင်ရွှေက အဆိပ်ခတ်သတ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကိုဘကျော်နှင့် မချစ်မေမှာ ဤအမှုနှင့် လုံးဝမပတ်သက်ကြောင်းဖြင့် လျှောက်လဲသွား၏။

သူပြီးလျှင် တရားခံရှေ့နေ ဦးဇော်ထွန်း ထ,လေသည်။ ဦးဇော်ထွန်းသည် ရုတ်တရက် ဘာမျှမပြောသေးဘဲ အတန်ကြာရပ်ကာ ရုံးခန်းပတ်ပတ်လည်ကို တစ်ချက်မျှ မျက်စိကစားလိုက်၏။

"ရုံးတော်နဲ့တကွ ဂျူရီလူကြီးမင်းများ ခင်ဗျား"

ဦးဇော်ထွန်းက တရားခွင်ဘက်သို့ မျက်နှာမူ၍ အစချီလိုက်သည်။ သူ့အသံမှာ လေးနက်တည်ငြိမ်လှပေသည်။ အသံသာမဟုတ်၊ မျက်နှာထားကလည်း အေးဆေးလှသည်။ ရုံးခန်းတစ်ခုလုံး သူ့ဘက်သို့ စူးစိုက်ကြည့်နေကြ၏။ ခင်မောင်ဝင်းကား အားတက်လာကာ ဦးဇော်ထွန်းကို အားကိုးသောမျက်လုံးများဖြင့် စိတ်အားထက်သန်စွာ ကြည့်နေ၏။ ဦးဇော်ထွန်းက ဘာမျှမပြောသေးဘဲ သူ့ရှေ့စားပွဲပေါ်တွင် ချထားသော မှတ်စုစာအုပ်မှစာရွက်များကို လှန်လှောကြည့်နေသည်။ အတန်ကြာမှ

"တစ်ဘက်က ပညာရှိ ဝတ်လုံတော်ရမင်းကြီးရဲ့ လျှောက်လဲချက်ကို ကြားနာပြီးပါပြီ။ ပညာရှိဝတ်လုံတော်ရမင်းကြီးက တရားခံမဟာ ငွေခိုးယူပြီး သူခိုးယူတာကို ဖုံးကွယ်လိုတဲ့ သဘောနဲ့ ဦးဖေသန်းကို





အဆိပ်ကျွေး သတ်ကြောင်း၊ ဒါကြောင့်မို့ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ ပြစ်ဒဏ်စီရင်သင့်ကြောင်းနဲ့ လျှောက်လဲသွားပါတယ်။ နောက်ပြီးတော့လဲ တရားခံမရဲ့ နောက်ကြောင်း ရာဇဝင်ကို ပြန်ဖော်ပြီးတဲ့နောက် တရားခံမဟာ အကျင့်စာရိတ္တ ပျက်ပြားတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာသူ ဖြစ်တဲ့အတွက် ဒီလိုကြီးလေးတဲ့ လူသတ်မှုကြီးကို လွယ်လွယ်ကူကူနဲ့ ကျူးလွန်မိမှာဘာမှ သံသယရှိစရာ မလိုကြောင်း လျှောက်လဲသွားပါတယ်။ ဒီတော့ တစ်ဘက်က ပညာရှိရှေ့နေကြီး လျှောက်လဲချက်ကို ကျွန်တော် အချက်ကြီး နှစ်ချက်အပေါ်မှာ အခြေခံပြီး ထုချေလျှောက်လဲလိုပါတယ်"

ဦးဇော်ထွန်းသည် တရားခွင်ကို လှမ်းကြည့်၍ပြောပြီး ခဏကြာမျှ ခေါင်းကိုကုတ်ကာ မျက်လုံးများကို မှိတ်၍စဉ်းစားနေ၏။ တော်တော်ကြာသွားတော့မှ ချောင်းဟန့်ကာ လည်ချောင်းရှင်းလိုက်ပြီး ဆက်ပြောနေသည်။

"ပထမတစ်ချက်က တရားခံမရဲ့ နောက်ကြောင်းရာဇဝင်နဲ့ ပတ်သက်တဲ့အချက်ပါပဲ။ ဒီနေရာမှာ တစ်ဘက်က ပညာရှိရှေ့နေကြီးဟာ အပေါ်ယံကို ကြည့်ပြောသွားပြီးတဲ့ နောက်မှာ ဒီလိုပတ်ဝန်းကျင်၊ ဒီလိုစာရိတ္တရှိတဲ့ သူမို့ ဒီအမှုကိုလွယ်ကူစွာ ကျူးလွန်မိမှာပဲလို့ ကောက်ချက်ချသွားပါတယ်။ အမှန်ကတော့ ဒီလိုမဟုတ်ပါဘူး"

ဦဇော်ထွန်းက တရားလို အစိုးရရှေ့နေကြီးကို လှမ်းကြည့်လိုက်၏။ အစိုးရရှေ့နေကြီးက ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။

"ရုံးတော်နဲ့တကွ ဂျူရီလူကြီးများ ခင်ဗျား။ ရာဇဝတ်မှုတစ်ခုကို စစ်ဆေးကြည့်ရှုတဲ့အခါမှာ သာမန်အပေါ်ယံကိုသာ မကြည့်ဘဲ အရင်းအမြစ်ကိုပါ လိုက်ကြည့်ဖို့လိုပါတယ်။ အလားတူပဲ တရားခံတစ်ယောက်ရဲ့ ရာဇဝင်ကိုသာ မကြည့်ဘဲနဲ့ အရင်းအမြစ်ထိ လိုက်ကြည့်ဖို့ လိုပါတယ်၊ မှန်ပါတယ်။ တရားခံမ မိကျင်ရွှေခေါ် အရွှေဟာ ခုလောလောဆယ်မှာ ပြည့်တန်ဆာတစ်ဦးဖြစ်ပါတယ်။ ဒါကို သူကိုယ်တိုင်ကလဲ ထုတ်ဖော်အစစ်ခံပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ တရားခံမဟာ အကြောင်းကြောင်းတွေကြောင့် ခုဘဝကို ရောက်လာရတယ်ဆိုတာ သတိချပ်ဖို့သင့်ပါတယ်။ တရားခံမဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးရဲ့အိမ်မှာ အစေခံအဖြစ်လုပ်ဖူးတယ်။ ဒါပေမဲ့ ရိုးရိုးသားသားမနေနိုင်ဘဲ ပြည့်တန်ဆာဘဝကို သူ့သဘောအလျောက် လော်လီဖောက်ပြားပြီး ကူးပြောင်းသွားခဲ့ရတယ်လို့ တစ်ဘက်က ပညာရှိ



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့နေကြီးက စွပ်စွဲသွားပါတယ်။ ဒါဟာ မမှန်ပါဘူး။ တရားခံမဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးရဲ့ မွေးစားသမီးဖြစ်ပါတယ်"

အစိုးရရှေ့နေကြီးသည် အလန့်တကြားဖြစ်ကာ သူ့ကို မော့ကြည့်လိုက်၏။ စားပွဲကိုလည်း လက်သီးဖြင့် အသာအယာထုလိုက်သည်။ ရုတ်တရက်ထ၍ ပြောမည်ပြုပြီးမှ တရားသူကြီးက လက်ကာပြလိုက်သဖြင့် ပြန်၍ ထိုင်သွားလေ၏။ ခင်မောင်ဝင်းကား စိတ်အားထက်သန်လာကာ မျက်လုံးမှာ တောက်ပလာကြသည်။ တရားခံရှေ့နေ ဦးဇော်ထွန်းက ဆက်လက် လျှောက်လဲပြန်သည်။

"ပညာအရည်အချင်းအားဖြင့်လဲ အင်္ဂလိပ်-မြန်မာ ခုနစ်တန်းထိအောင် သင်ခဲ့ဖူးလို့ စဉ်းစားဉာဏ်ရှိသင့်သလောက် ရှိပါတယ်။ ဂုဏ်သရေရှိ လူကြီးလူကောင်းများရဲ့ အရိပ်အာဝါသအောက်မှာ ကြီးပြင်းလာခဲ့တဲ့ အတွက်လဲ ယဉ်ကျေးသိမ်မွေ့ပါတယ်။ သို့သော်လဲ အဲဒီဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးနဲ့ ကျူးလွန်မှောက်မှားမိကြတဲ့အတွက် တရားခံမ မိကျင်ရွှေဟာ လေလွင့်ပြီး ပြည့်တန်ဆာဘဝကို ရောက်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒါကိုထောက်ကြည့်ရင် တရားခံမဟာ မိမိ၏ လော်လီဖောက်ပြားမှုကြောင့် မဟုတ်ဘဲ ဂုဏ်သရေရှိ လူကြီးတစ်ဦးရဲ့ လော်လီဖောက်ပြားမှုကြောင့် သူ့ရဲ့အပျိုစင်ဘဝဟာ အစွန်းထင်ခဲ့ရတယ်။ နောက်ပြီး အဖတ်ဆယ်လို့ မရတော့ဘဲနဲ့ ဒီဘဝကို ရောက်ခဲ့ရတယ်ဆိုတာ ထင်ရှားပါတယ်။ ဒီလို တစ်ဘက်သားရဲ့ သွေးဆောင်ဖြားယောင်းချက်ကြောင့် ပျက်စီးလေလွင့်သွားရတာကို တရားခံမအပေါ် လုံးဝပုံချတယ်ဆိုရင်ဖြင့် အင်မတန် အညာအတာ ကင်းမဲ့ရာ ရောက်ပါလိမ့်မယ်"

ခင်မောင်ဝင်းကား ဝတ်လုံတော်ရ ဦးဇော်ထွန်း၏စကားကို နားထောင်ရင်း မျက်နှာတွေ ညိုမည်းလာ၏။ မျက်လုံးတွေ ပြာလာသဖြင့် ခေါင်းငုံ့ထားလိုက်မိသည်။ တတ်နိုင်လျှင် တရားခွင်ပေါ်မှဆင်း၍ ပြေးချင်ပေသည်။

"တတိယအချက်အားဖြင့် အမှုနဲ့ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။ တရားခံမဟာ ဦးဖေသန်းကို အဆိပ်မှုန့်ကို မက်ကလင်းဆေးမှုန့်အမှတ်မှားပြီး တိုက်ကျွေးခဲ့မိခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့သာ တရားခံမဟာ ဆေးပုလင်းထဲမှာ ကျန်တဲ့ဆေးမှုန့်တစ်ထုပ်ကို ဖျောက်ဖျက်မပစ်ဘဲ သည်တိုင်း





ထားပစ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ ဦးဖေသန်းကို သေစေလိုတဲ့ဆန္ဒနဲ့ အဆိပ်ကိုကျွေးရင် ဘာမှခုလိုချန်ထားခဲ့စရာ မရှိပါဘူး။ တစ်ခါတည်း ခြေရာပျောက် ဖျက်ဆီးပစ်ခဲ့ဖို့ပဲ ရှိပါတယ်။ နောက်တစ်ချက် စဉ်းစားစရာက ဒီဆေးပုလင်းထဲမှာ ကျန်တဲ့ ဆေးမှုန့်နှစ်ထုပ်ကို မသမာသူ တစ်ယောက်ယောက်က ဦးဖေသန်းနဲ့ တရားခံမ မရှိချိန်မှာ အခန်းထဲဝင်ပြီး ဆင်တူထုပ်ထားတဲ့ အဆိပ်မှုန့်ကို ရောထည့်ထားတာ မဖြစ်နိုင်ဘူးလားလို့ စဉ်းစားစရာရှိပါတယ်။ ဆိုပါတော့ မသမာစိတ်ရှိတဲ့ မောင်ဖြူ[illegible] ရဲ့ ငွေတွေကို ခိုးယူပြီး ဖုံးကွယ်ရန်အကြံနဲ့ ဦးဖေသန်းနဲ့ တရားခံမ[illegible] အခန်းထဲဝင်ပြီး ဆေးမှုန့်နဲ့အဆိပ်မှုန့်ကို လဲထားတာ[illegible] လားလို့ စဉ်းစားစရာတစ်ချက် ပေါ်ထွက်လာပါတယ်"

"အဆိပ်မှုန့်နဲ့ ဆေးမှုန့်ထုပ်ကို တစ်ယောက်ယောက်က ဝင်ပြီးလဲထားတယ်ဆိုရင် သက်သေပြလေ၊ တရားရုံးဆိုတာ သက်သေသက္ကာယနဲ့ ဥပဒေအရ လုပ်မှပေါ့ ဝတ်လုံတော်ရမင်းရဲ့၊ ဟဲ ဟဲ"

အစိုးရရှေ့နေကြီးက ထိုင်လျက်မှနေ၍ တရားခံရှေ့နေ ဦးဇော်ထွန်းကို ခပ်တိုးတိုးပြောရင်း လှမ်းခနဲ့နေ၏။ ဦးဇော်ထွန်းကမူ သူပြောနေသည်ကို မကြားဟန်ဖြင့် စီရင်ထုံးများကို ကိုးကားလျှောက်လဲနေသည်။

"တရားခံမဟာ သေသူကို အဆိပ်ကျွေးတယ်ဆိုတာ မှန်ပါတယ်။ သို့သော်လဲ အဆိပ်မှုန့်ကို ဆေးမှုန့်အထင်နဲ့ ကျွေးမိခြင်းဖြစ်တဲ့အတွက် ဒါဟာ ဦးဖေသန်းကိုသေစေရန် ကြံရွယ်ချက်ဖြင့် တိုက်ကျွေးတာ မဟုတ်ကြောင်း ထင်ရှားပါတယ်။ အိန္ဒိယရာဇသတ်ကြီး ပုဒ်မ ၂၉၉ နဲ့ ၃၀၁မှာလဲ သေစေရန် ကြံရွယ်ချက်မရှိဘဲနဲ့ သေစေခြင်းဟာ လူသတ်မှုကျူးလွန်ရာ မမြောက်လို့ ဆိုထားပါတယ်။ ဒါကြောင့်မို့ တရားခံမအား တရားသေလွှတ်ပစ်ဖို့ လျှောက်ထားပါတယ်"

ဦးဇော်ထွန်းက လျှောက်လဲချက်ပေးပြီးနောက် ထိုင်ချလိုက်သည်။ တရားသူကြီးက ကျင်ရွှေဘက်သို့ လှမ်းကြည့်ကာ -

"ဘာပြောချင်သေးသလဲ သူငယ်မ"

ကျင်ရွှေသည် ဘာမျှပြန်မပြောဘဲ ခေါင်းကို ဖြည်းညင်းစွာယမ်းလိုက်၏။ နောက် ခေါင်းကိုငုံ့ထားရာမှ ဖြည်းညင်းစွာမော့ကာ တရားသူကြီးကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ သူ့ကို ကြည့်ရသည်မှာ မုဆိုးအုပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခံရသော သားကောင်နှင့်တူပေသည်။ ကျင်ရွှေက ခေါင်းကို ပြန်ငုံ့လိုက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ခင်မောင်ဝင်းသည် ကျင်ရွှေကိုကြည့်ရင်း မျက်ရည်တွေလည်လာသည်။ ကျင်ရွှေ၏ရှိုက်သံသည် သူ့နှလုံးသားကို လေလုံးတက်၍ ဆောင့်လိုက်သလို နာကျင်စေပေသည်။ ခင်မောင်ဝင်းသည် မျက်လုံးတွင် ဝေ့လည်လာသော မျက်ရည်များကို လူမြင်သွားမှာစိုးသဖြင့် ခေါင်းကို အောက်သို့ငုံ့ထားလိုက်မိလေသည်။

"ဂုဏ်သရေရှိ ဂျူရီလူကြီးမင်းများ ခင်ဗျား"

လျှောက်လဲချက်နှင့် စာကို ကြားနာပြီးဖြစ်၍ တရားသူကြီးက စီရင်ချက်ချရန် အမှုကို ဂျူရီလူကြီးများထံ တင်လိုက်သည်။

"တရားလိုပြသက်သေများနှင့်တကွ တရားခံကိုစစ်ဆေးပြီးစီးလို့ နှစ်ဘက်သောပညာရှိ ရှေ့နေကြီးများရဲ့ လျှောက်လဲချက်များကိုလဲ ကြားနာပြီးပါပြီ။ နောက်ဆုံးအဆင့်အနေနဲ့ စီရင်ချက်ချမှတ်ဖို့ပဲ ရှိပါတယ်။ စီရင်ချက်ချမှတ်ဖို့ စဉ်းစားကြတဲ့အခါမှာ လူကြီးမင်းများကို အစီရင်ခံချင်တာ တစ်ခု ရှိနေပါတယ်။ အဲဒါက ဘာလဲဆိုရင် တရားဥပဒေဆိုတာ ဘာလဲဆိုတဲ့ အချက်ပါပဲ။ တရားဥပဒေဟာ အတိမ်းအစောင်းမခံပါဘူး။ အင်မတန် နူးညံ့သိမ်မွေ့လှပါတယ်။ အမှုတစ်ခုဟာ အမှုမှန်ဖြစ်နေပေမဲ့လဲ သက်သေထောက်အထားတွေ မပြည့်မစုံလို့ တရားဥပဒေနဲ့ အရေးယူလို့မရတာလဲ ရှိပါတယ်။ အမှုမှား ဖြစ်နေပေမဲ့လဲ သက်သေအထောက်အထားတွေ ပြနိုင်လို့ တရားဥပဒေအရ အရေးယူရတာလဲ ရှိပါတယ်။ နောက်တစ်ချက်ကလဲ တရားခံတစ်ဦးဟာ ပြစ်မှုတစ်ခုအတွက်ကြောင့် နှစ်ကြိမ်နှစ်ခါပြန်ပြီး အပြစ်ပေးရိုး ထုံးတမ်းစဉ်လာ မရှိပါဘူး။ ဒါကြောင့်မို့ တရားခံတစ်ယောက်ကို စီရင်ချက်ချမှတ်တော့မယ်ဆိုရင် အမှုသွားအမှုလာကို အနုလုံပဋိလုံ ပြန်လှန်သုံးသပ်ပြီး တရားဥပဒေရဲ့ သဘောနဲ့စပ်ဟပ်ပြီး ယူရပါလိမ့်မယ်။ တရားဥပဒေနဲ့ ညှိနှိုင်းတဲ့အခါမှာလဲ ရှင်းလင်းပြတ်သားတိကျဖို့ လိုပါလိမ့်မယ်။ ဖောက်ထွင်းမှုဟာ ဖောက်ထွင်းမှုမျှသာ ဖြစ်ပြီး ခိုးမှုဟာ ခိုးမှုမျှသာ ဖြစ်ပါတယ်။ သော့ခတ်ထားတဲ့ နေရာတစ်ခုက ပစ္စည်းကို ခိုးယူခြင်းဟာ သော့ခတ်ထားတဲ့ နေရာတစ်ခုက ပစ္စည်းကို ခိုးယူခြင်းမျှသာဖြစ်ပြီး သော့ခတ်ထားခြင်းမရှိတဲ့ နေရာတစ်ခုက ပစ္စည်းကို ခိုးယူခြင်းဟာ သော့ခတ်မထားတဲ့ နေရာတစ်ခုက ပစ္စည်းကို ခိုးယူခြင်းမျှသာ ဖြစ်ပါတယ်။ ဒါဟာ





တရားဥပဒေရဲ့ အခြေခံမှုများဖြစ်ပါတယ်။ ဒီအမှုများကို တစ်ခုနဲ့တစ်ခု ရောထွေးယှက်တင် စဉ်းစားလို့ မရပါဘူး။ ရုံးတော်မှာတင်ပြီး စစ်ဆေးတဲ့ ပြစ်မှုတစ်ခုကို စဉ်းစားတဲ့နေရာမှာ တင်တဲ့စွဲချက်ကိုပဲ မူတည်ပြီး စဉ်းစားရပါမယ်။ ရုံးတော်မှာ တင်ပြစစ်ဆေးခြင်းမရှိတဲ့ ပြစ်မှုကို ထည့်သွင်း မစဉ်းစားဖို့ အင်မတန် အရေးကြီးပါတယ်"

တရားသူကြီးက စီရင်ချက်ချရန် စဉ်းစားသည့်နေရာတွင် ဂျူရီလူကြီးများ လိုက်နာရမည့်မှုများကို ရှင်းလင်းပြောပြနေ၏။ တရားသူကြီးသည် ဂျူရီလူကြီးများအား အခြေခံမှုများကို လိုက်နာစေလိုဟန် ရှိပေသည်။

"အကယ်၍ တရားခံဟာ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိတယ်ဆိုရင် လူကြီးမင်းများမှာ တရားခံကို ပြစ်ဒဏ်စီရင်ပိုင်ခွင့် ရှိပါတယ်။ ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း တွေ့တယ်ဆိုရင် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးပိုင်ခွင့် ရှိပါတယ်။ ပြီးတော့ တရားခံအပေါ်မှာ စွဲထားတဲ့စွဲချက်များအနက်က စွဲချက်တစ်ခုသာလျှင် ကျူးလွန်ကြောင်း တွေ့ရှိရပြီး အခြားစွဲချက်များမှာ ပြစ်မှုကျူးလွန်ကြောင်း မတွေ့ရရင် ကျူးလွန်တဲ့ပြစ်မှုအတွက် ပြစ်ဒဏ်စီရင်နိုင်ပြီး မကျူးလွန်တဲ့ပြစ်မှုအတွက် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့် ပေးပိုင်ခွင့်ရှိပါတယ်။ လူကြီးမင်းများဟာ လူကြီးမင်းများထံမေးတဲ့ မေးခွန်းကို ထောက်ခံဖြေဆိုရင် မေးခွန်းထဲမှာပါတဲ့ အချက်အလက် အားလုံးကိုပဲ ထောက်ခံဖြေဆိုရာ ရောက်ပါတယ်။ ဒါကြောင့်မို့ မေးခွန်းများကို ဖြေဆိုတဲ့အခါမှာ မေးခွန်းရဲ့ ဘယ်အပိုင်းကို ထောက်ခံဖြေဆိုပြီး ဘယ်အပိုင်းကိုဖြင့် ထောက်ခံဖြေဆိုခြင်း မပြု၊ သဘောကွဲလွဲတယ်လို့ ပြတ်ပြတ်သားသား အဖြေပေးဖို့ လိုပါတယ်။

"အမှုရဲ့ အကြောင်းကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်"

တရားသူကြီးက ရုံးတော်တွင် အဖန်တလဲလဲ တင်ပြပြီးဖြစ်သည့် အမှုအကြောင်းကို ဖတ်ပြနေလေသည်။ ကျင်ရွှေကား စွဲချက်ကိုဖတ်ပြနေသော တရားသူကြီးကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေ၏။ သူ့မျက်လုံးမှာ မျက်ရည်တွေ ပြည့်လျှမ်းနေပေသည်။ ခင်မောင်ဝင်းကမူ တရားသူကြီးကို ငေးစိုက်ကြည့်နေသော ကျင်ရွှေကိုသာ ငေးစိုက်ကြည့်နေ၏။

ခါတိုင်းတော့ ကျင်ရွှေ၏ မျက်လုံးများကို ရင်မဆိုင်ရဲသဖြင့် ရဲရဲမကြည့်ဝံ့ခဲ့ပေ။ ခုလို ကျင်ရွှေ၏အာရုံ တရားသူကြီးထံ လုံးလုံးလျားလျား ရောက်နေတော့မှ အားရပါးရကြည့်ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျင်ရွှေကား ပွင့်ရိုက်မယ်ညို ရှန်သားအင်္ကျီနှင့် သရက်ထည်လုံချည် အပြာရင့်ရောင်ကို ဝတ်ထား၏။ စကားဝါပွင့်ဖတ်လို ဝါသောအသားသည် ဖြူလျော်နေပြီဖြစ်၏။ မျက်လုံးမှ အရောင်သည် မှေးမှိန်စ ပြုလာပြီဖြစ်၏။ နှုတ်ခမ်းတို့သည် ပကတိပန်းနုသွေး မဟုတ်တော့ဘဲ ထူပိန်းနေအောင် ဆိုးထား၏။ သို့သော်လည်း ဖြိုးသောရွှေရင်၊ ကျင်သောခါး၊ ရှည်လျားသော ပေါင်တံနှင့် ကော့ပျံသော တင်ပါးတို့မှာ ပန်းဦးကို သူဆွတ်ခူးခဲ့သည့်ညက အပျိုစင် ရွှေတင်လို စိုပြည်လန်းဆန်းတုန်းပင် ဖြစ်၏။ တစ်ခါတုန်းကတော့ ရွှေတင်သည် အင်မတန်အပြစ်ကင်းသော ရိုးသားသော အပျိုစင်ကလေး ဖြစ်၏။ သည်တုန်းက မရွှေတင်သည် သူ့နှလုံးသည်းပွတ်၊ သူ့မျက်လုံးမျက်ဆန် ဖြစ်ခဲ့၏။ ယခုတော့ ရွှေတင်သည် စက်ဆုပ်စရာကောင်းသော လူသတ်မှုကြီးတွင် တရားခံမ ဖြစ်လာရပြန်၏။ သူသည် အမှုတွင် ဂျူရီလူကြီး လာဖြစ်နေပေသည်။ သည်လိုဆိုတော့လည်း လောကဟာ အကွေ့အကောက်တွေ မများလွန်းပေဘူးလား၊ မတိုက်ဆိုင်လွန်းပေဘူးလား။

ရွှေတင် သည်ဘဝသို့ ရောက်လာရခြင်းမှာ သူ့ပယောဂကြောင့် ဆိုသည်ကို မယုံနိုင်သေးပေ။

တရားခံရှေ့နေ ဦးဇော်ထွန်းကမူ ကျင်ရွှေသည်ဘဝရောက်လာရခြင်းမှာ လူကြီးလူကောင်းတစ်ဦး၏ ပယောဂကြောင့်ဟု ပြောပြသွား၏။

သို့ရာတွင် သည်စကားကိုတော့ သိပ်လက်မခံချင်ပေ။ ကံကြမ္မာကြောင့် ဖြစ်ရလေခြင်းဟု ကံကိုသာ ရိုးမယ်ဖွဲ့ချင်ပေသည်။

"အို ငါ့ကြောင့် ဒီဘဝရောက်တာ ဟုတ်မှာမဟုတ်ပါဘူး၊ သူ့အကြောင်းနဲ့သူ ဖန်တီးလာတာပဲ"

ခင်မောင်ဝင်းသည် တချွေချွေချောက်သလို သူ့ကို ချောက်လှန့်နေသော ဦးဇော်ထွန်း၏ စကားများကို စိတ်ထဲမှ မောင်းထုတ်ပစ်သည်။ ပြီးနောက် အားတင်းကာ ကိုယ်ကို မတ်မတ်ထားလိုက်ပြီး တရားသူကြီး၏ စာဖတ်သံကို နားထောင်နေသည်။

"ကဲ စွဲချက်ကတော့ ဒါပါပဲ။ ဂျူရီလူကြီးများ စဉ်းစားခန်းဝင်ပြီး လာမယ့်သောကြာနေ့မှာ စီရင်ချက်ချမယ်"

●

# (၂၆)

ခင်မောင်ဝင်းသည် ဝါဒါတစ်ယောက် ဖွင့်ပေးသော ကျားပါးစပ်တံခါးကို ငုံ့၍ ဝင်လိုက်သည်။ ထောင်ဘူးဝထဲတွင် အပြင်ဘုတ်ကျသော နှစ်ကြီးအကျဉ်းသားများသည် အပြင်ဘုတ် ထွက်ရန် တန်းစီနေကြ၏။ ထောင်မှူးလေး တစ်ယောက်နှင့် ထောင်ဝါဒါသုံးလေးယောက်မှာ ထောင်သို့ ရောက်လာသည့် လူသစ်များကို တလာစီနေကြသည်။ ရန်ကုန်ထောင်ကြီးသည် သည်အချိန်ဆိုလျှင် ပျားအုံကြီးလို အလုပ်များနေသည်။ ခင်မောင်ဝင်းသည် ယောင်လည်လည်ဖြင့် ကျားပါးစပ်တံခါးအနီးတွင် ရပ်ပြီး သူတို့ကို ငေးကြည့်နေမိသည်။ အရင်က သည်ထောင်ဘူးထဲသို့ တစ်ခေါက်မျှ မရောက်ဖူးခဲ့ဘဲ သည်အကြိမ် ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်၏။ ထောင်ကား အပြင်လောကနှင့်မတူ၊ အနံ့အသက်လည်း ကွဲပြား၏။ အသွေးအရောင်လည်း ခြားနား၏။ မြင်ကွင်းလည်း တစ်မျိုးတစ်ဖုံဖြစ်၏။ အပြင်လောကနှင့် လုံးဝခြားနားသော လောကတစ်ခုပေတည်း။

နှစ်ဘက်သော ဝတ်လုံတော်ရ ရှေ့နေကြီးများ၏ လျှောက်ထားချက်များကို ကြားနာပြီးသည့်နေ့မှာပင် ဂျူရီလူကြီးများသည် စဉ်းစားခန်းဝင်ခဲ့ကြသည်။ သို့ရာတွင် ဂျူရီလူကြီးချင်း သဘောကွဲလွဲနေသဖြင့် စီရင်ချက် မချနိုင်သေးပေ။ တချို့က ကျင်ရွှေမှာ အပြစ်ရှိသည်ဟု ယူဆ၏။ တချို့က ကျင်ရွှေမှာ အပြစ်မရှိဟု ယူဆကြလေသည်။ ခင်မောင်ဝင်းကား ဦးဖေသန်းအား ကျင်ရွှေ မသတ်ဟု စွဲစွဲမြဲမြဲယုံကြည်နေပေသည်။ ကျင်ရွှေသည်

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသန်းအား အဆိပ်မှုန့်ကို ဆေးအမှတ်ဖြင့် တိုက်သည်မှန်သော်လည်း ကျင်ရွှေသည် ဦးဖေသန်းအား သေစေရန် ကြံရွယ်ချက်ဖြင့် ဆေးတိုက်ခြင်း မဟုတ်ကြောင်းမှာ ထင်ရှားပေသည်။ မသမာသူတစ်ယောက်ယောက်က ဆေးမှုန့်ကို အဆိပ်မှုန့်ထုပ်နှင့် လဲလှယ်ထားခြင်းသာ ဖြစ်ရမည်ဟု ဂျူရီလူကြီးခပ်များများကပင် ယူဆကြသည်။ သို့ရာတွင် ကျင်ရွှေသည် အဆိပ်မှုန့်ထုပ်မှန်း မသိပါဆိုသည့် အချက်မှာ သက်သေပြ၍ မရသော အချက်ဖြစ်၍ တရားလိုပြသက်သေ မောင်ဘကျော်နှင့် မချစ်မေတို့ကမူ သိလျက်နှင့်တိုက်ကျွေးခြင်း ဖြစ်သည်ဟု ထွက်ဆိုသွားကြ၏။ သည်လိုဆိုလျှင် ကျင်ရွှေ၏ စကားသည် ဘယ်လောက်ပင် ကြီးကျယ်သော အမှန်တရားပင်ဖြစ်သော်လည်း သူ့ကို ထောက်ခံထွက်ဆိုသည့် သက်သေမရှိသည်နှင့်ပင် အပြစ်ရတော့မလို ဖြစ်နေ၏။ ခင်မောင်ဝင်းကား သက်သေမရှိတာနှင့် အပြစ်မဲ့သူတစ်ဦး အပြစ်ခံရမည်ကို တွေးမိတိုင်း ရင်နာမိပေသည်။

ခင်မောင်ဝင်းသည် တန်းစီကာ ကျားပါးစပ်မှင့်ပြီး ထွက်သွားကြသည့် အပြင်ဘုတ်ကိုင်များကို ငေးကြည့်နေလေသည်။ သည်ရာဇဝတ်ကောင်များထဲတွင်လည်း ဂျူရီလူကြီးအဖြစ်ထိုင်ကာ အပြစ်ပေးခဲ့သူပေါင်း ဘယ်လောက်ပါမည် မသိပေ။

"ဒီဘက်ကို ကြွပါခင်ဗျာ"

ကာကီဝတ်စုံဝတ်ဆင်ထားသည့် ထောင်မှူးကလေးတစ်ယောက်က ခေါ်သွားသဖြင့် ခင်မောင်ဝင်းက သူ့နောက်သို့ လိုက်သွားသည်။ ထောင်ပိုင်ကလေး၏ အခန်းမှာ ဘူးဝအဝင် လက်ဝဲအတွင်းဘက်တွင်ရှိပြီး သံဆန်ခါများ ကာထားပေသည်။ သူ့အခန်းကို မရောက်မီ ထောင်အမှုထမ်းများ၏ ရုံးခန်းကို ဖြတ်သွားရသည်။ ထောင်ပိုင်ကလေးရုံးခန်းကား အတော်အတန် သားသားနားနားရှိပေ၏။ နောက်ကျောဘက်နံရံတွင် ဆဋ္ဌမမြောက် ဂျော့ဘုရင်၏ ပုံကြီးကို ချိတ်ဆွဲ၍ ထားသည်။ သက္ကလတ်အစိမ်း ဖုံးထားသည့် စားပွဲရှည်ကြီးတစ်လုံးရှိ၍ နောက်ဘက်တွင် သံမဏိမီးခံဘီရိုတစ်လုံးရှိသည်။ အကျဉ်းသားများ၏ အဖိုးတန်ပစ္စည်းများကို ဘူးဝက သိမ်းဆည်းထားလိုက်ပြီးသည်ဘီရိုထဲမှာ သိမ်းထားလေသည်။ သက္ကလတ်စိမ်းဖုံး စားပွဲခင်းနောက်က ထောင်ပိုင်ကလေး၏ ကုလားထိုင်မှာ လွတ်နေသည်။ စားပွဲရှေ့တွင် ကုလားထိုင်နှစ်လုံးမှာ တစ်လုံးနှင့်တစ်လုံး မျက်နှာချင်းဆိုင်ထားသဖြင့် စားပွဲနှင့်





ဘေးတိုက်ဖြစ်နေ၏။ သည်ကုလားထိုင်နှစ်လုံးမှာလည်း လွတ်နေသည်။

"ထိုင်ပါခင်ဗျာ၊ မကြာခင်ပဲ လာပါလိမ့်မယ်"

ထောင်မှူးကလေးက မျက်နှာချင်းဆိုင်နေသော ကုလားထိုင်လွတ်နှစ်လုံးအနက် တစ်လုံးကို ညွှန်ပြ၍နေရာချပေးသည်။ ခင်မောင်ဝင်းက ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရင်း

"ကျေးဇူးတင်ပါတယ်၊ ဒါဘယ်သူ့အခန်းလဲ"

"ထောင်ပိုင်ကလေး အခန်းပါ ခင်ဗျာ"

"ထောင်ပိုင်လေး အလုပ်ကို အနှောင့်အယှက်များ ဖြစ်နေမလား"

"အို ကိစ္စမရှိပါဘူး၊ ဒီနေ့ထောင်ပိုင်ကလေး နေ့အားယူပါတယ်။ တရားခံမနဲ့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ပါတယ်။ ထောင်ပိုင်ကြီးကလဲ သူကိုယ်တိုင် ဦးခင်မောင်ဝင်းကို လာမတွေ့နိုင်တဲ့အတွက် ခွင့်လွှတ်ဖို့ တောင်းပန်လိုက်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ကျေးဇူးတင်ပါတယ်လို့ ပြောပါနော်"

ထောင်မှူးကလေးက ပြုံး၍ခေါင်းညိတ်ပြီး ထွက်သွားသည်။ ကျားပါးစပ်တံခါး ဖွင့်သံ၊ ပိတ်သံ၊ တံခါးနှင့် သံကြိုးရိုက်သံ၊ သော့ခလောက်ဖွင့်သံများကို မကြာခဏကြားနေရသည်။ ထောင်မှာ သည်အချိန်တွင် လူအရှုပ်ဆုံးအချိန် ဖြစ်သည်။ ဝါဒါများ၊ ဂျူတီအပြောင်းအလဲကြောင့်တစ်ကြောင်း၊ ထောင်ဝင်စာလာသူများကြောင့်တစ်ကြောင်း၊ အဝင်အထွက်များသည့် အချိန်ဖြစ်၍ တစ်နေ့တစ်နေ့တွင် သည်ကျားပါးစပ်တံခါးကြီးကို ဖွင့်လိုက်ပိတ်လိုက်လုပ်သော အကြိမ်ပေါင်းမှာ ရေတွက်လို့ပင် ရမည်မထင်ပေ။

မိန်းဂျေးအဆောင်များဘက်ဆီမှ သံတိုင် ခိုင်မခိုင် စစ်ဆေးနေကြသော ဝါဒါများ၏ သံတိုင်များကို သံတုတ်နှင့်ဆွဲတီးလိုက်သော အသံကိုလည်း တစ်ချက်တစ်ချက် ကြားရပေသည်။

ခင်မောင်ဝင်းသည် စောင့်ရင်း စီးကရက်ဘူးကို ဖွင့်၍ တစ်လိပ်ကို မီးညှိသောက်နေပေသည်။ စီးကရက်မှာ နေဗီကပ်စီးကရက် ၅၀ ဝင်ဘူးဖြစ်သည်။ စီးကရက်ကို မီးညှိပြီး သံဘူးကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

ခင်မောင်ဝင်းသည် ပြင်ပကမ္ဘာလောကကြီးနှင့် ခြားနားနေသော ထောင်လောကမှ အသံဗလံတွေကို နားထောင်ရင်း ထောင်သားဘဝကို တွေးနေမိသည်။ သူချစ်သော ရွှေတင်သည် လူသတ်တရားခံမ ပြည့်တန်



www.burmeseclassic.com

www.burmeseclassic.com



ဆာ ကျင်ရွှေအဖြစ် ထောင်ကြီးထဲတွင် ရောက်နေရသည်မှာ တကယ်ဆိုတော့ တွေးလိုက်တိုင်း အသည်းနာစရာ ကောင်းပေသည်။ ရိုးပြတ်နှံ့သင်းသော လေ၊ ကြာကန်၊ ကောက်ရိုးခင်းပုံတို့အရိပ်တွင် လွတ်လပ်သန့်ရှင်းစွာ ကြီးပြင်းလာခဲ့သော ရွှေတာင်၊ သူနှင့် ကောက်လှိုင်းပုံကြီးကိုမှီကာ ချစ်တင်းဆို၍ သူ့အလိုကို ကြည်ကြည်ဖြူဖြူ လိုက်လျောခဲ့ရှာသော ရွှေတာင်၊ ပထမဆုံး သူနှင့်တွေ့စက ဖြူးဘူတာရုံ ပလက်ဖောင်းပေါ်တွင် ရပ်ရင်းလက်သည်းကလေးတွေကိုကိုက်ကာ သူ့ကို ငေးကြည့်နေခဲ့ရှာသော ရွှေတာင်။

သည်လို ရိုးသား၍ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်သော ရွှေတာင်သည် ယခုတော့ လူသတ်တရားခံ ပြည့်တန်ဆာကျင်ရွှေအဖြစ် ကျဉ်းမြောင်းလှသော အုတ်နံရံတံတိုင်းအတွင်းမှာ ရောက်နေရသည်။

"တရားခံမဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်နဲ့ ကျူးလွန် မှောက်မှားမိခဲ့တဲ့အတွက် လေလွင့်ပြီး ပြည့်တန်ဆာဘဝကို ရောက်ခဲ့ရခြင်း ဖြစ်ပါတယ်"

ဦးဇော်ထွန်း၏ စကားလုံးများသည် ခင်မောင်ဝင်းကို ခြောက်လှန့်နေကြ၏။ ခင်မောင်ဝင်းသည် သည်စကားလုံးများကို ပြန်တွေးတိုင်း နောင်တရသလို ဖြစ်မိသည်။ 'အစ်ကို့အပြစ်ပါ အရွှေကလေးရယ်'ဟု ညည်းမိသည်။ ပြီးတော့ သည်ဘဝကိုရောက်သည့်တိုင် သူက စိမ်းကားရက်စက်မည်ဆိုလျှင်လည်း တရားမဲ့ရာကျမည် မဟုတ်ပါလား။ ထို့ကြောင့် ဘာပဲဖြစ်ဖြစ် ကျင်ရွှေကို သွားတွေ့မည်ဟုဆိုကာ ထွက်လာခဲ့ခြင်းဖြစ်၏။ သူ့အဖို့ကားစွန့်စားခန်းကြီးတစ်ရပ်ပေတည်း။ ပတ်ဝန်းကျင်က ကဲ့ရဲ့လိုလျှင်လည်း ကဲ့ရဲ့ပါစေတော့။

"ဟိုမှာလေ ညည်းကို ထောင်ဝင်စာလာတွေ့တဲ့လူ၊ ထိုင်နေတာ မမြင်ဘူးလား၊ ကောင်မကိုက ယောင်တောင်တောင်နဲ့"

ကျင်ရွှေကို ခေါ်လာသော ထောင်ဝါဒါနှစ်ယောက်အနက် တစ်ယောက်က ကျင်ရွှေကို မာန်လိုက်သည်။ ခင်မောင်ဝင်းက လှည့်ကြည့်လိုက်သောအခါ ထောင်ပိုင်ကလေး ရုံးခန်းတံခါးဝတွင် ရပ်နေသော ကျင်ရွှေကို မြင်ရသည်။ ကျင်ရွှေမှာ ထောင်ဝတ်ထောင်စားနှင့် ဖြစ်သည်။ လက်ဝကျယ်ကျယ်၊ လည်ပင်း ခပ်ဟိုက်ဟိုက် ပွယောင်းနေသော ထောင်သားများဝတ်သည့် အင်္ကျီအဖြူနှင့် လုံချည်ကြမ်းကို ဝတ်ထားသည်။ သူ့ဆံပင်များသည်





ပွယောင်းကာ မျက်နှာပေါ်သို့ ဝဲကျနေသည်။ ခင်မောင်ဝင်းသည် သည်အဝတ် သည်အစားနှင့် ကျင်ရွှေကို မြင်လိုက်ရတော့ ရင်ထဲမှာဆို့သွားလေသည်။ သူက သက္ကလတ်ဘောင်းဘီ၊ ဗစ်တိုးရီးယားရှပ်အင်္ကျီ၊ လည်စီးတို့ဖြင့် ကျနစွာ ဝတ်ထားပြီး ကျင်ရွှေက ထောင်ဝတ်ထောင်စားနှင့်ဖြစ်ပေရာ အဆင်အပြင် အသွေးအမွေးမှာ ဆန့်ကျင်နေပေသည်။

ကျင်ရွှေသည် တံခါးဝမှာ မလှုပ်မယှက်ရပ်နေသည်။ သူ့ကိုခေါ်လည်း မခေါ်၊ နှုတ်လည်း မဆက်ပေ။ သူ့မျက်နှာထားကလည်း ယခုမှတွေ့ရမည်ဖြစ်သော သူစိမ်းတစ်ယောက်ကို တွေ့ပုံမျိုးလို ခပ်စိမ်းစိမ်းပင်ဖြစ်နေလေသည်။ ကျင်ရွှေသည် ခင်မောင်ဝင်းကို မရဲတရဲဖြစ်နေသည်။ ခင်မောင်ဝင်းကလည်း မရဲတရဲဖြစ်နေသည်။

ဝါဒါမိန်းမတစ်ယောက်က ကျင်ရွှေကို ကုလားထိုင်လွတ်တစ်လုံးတွင် အထိုင်ခိုင်းပြီး အပြင်သို့ ထွက်သွားသည်။ ကျင်ရွှေသည် အပေါက်ဝမှာ ရပ်နေတုန်းပင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြသည်။ သို့သော်လည်း အဓိပ္ပာယ် ကင်းမဲ့သော အကြည့်မျိုးသာတည်း။ ကျင်ရွှေသည် ကြာကြာမကြည့်ရဲတော့ဘဲ မျက်နှာကို တခြား လွှဲပစ်လိုက်သည်။ ခင်မောင်ဝင်းက စားပွဲပေါ်က စီးကရက်ဘူးကို အဓိပ္ပာယ်ကင်းမဲ့စွာ ကြည့်နေသည်။ သည်တော့မှ ကျင်ရွှေသည် စားပွဲပေါ်က စီးကရက်ဘူးကို တပ်မက်ခြင်းကြီးစွာဖြင့် လှမ်းကြည့်မိသည်။ စီးကရက်သောက်ချင်လာသည်။ ကျင်ရွှေသည် ရုံးထွက်သောနေ့များတွင် စီးကရက်သောက်ရ၏။ စီးကရက်သောက်လေ့ရှိသော ပြည့်တန်ဆာပါးစပ်က စီးကရက် သောက်ချင်လာပေပြီ။

"ရွှေ"

ခင်မောင်ဝင်းက သူ့ဘက်သို့လှည့်၍ ခေါ်လိုက်သည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ ရစ်ဝဲလာသည်။ ကျင်ရွှေ့မျက်လုံးတွင်လည်း မျက်ရည်တွေ ဝဲနေပေသည်။ ကျင်ရွှေကမူ ပြန်၍မထူးဘဲ ခေါင်းကိုငုံ့ထားလေသည်။

ကျင်ရွှေသည် ဘာမျှပြန်မပြောဘဲ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ကာ စားပွဲပေါ်က စီးကရက်ဘူးကို ငေးကြည့်နေသည်။ နောက်ခြောက်သွေ့နေသော နှုတ်ခမ်းကို လျှာဖြင့်လျက်လိုက်သည်။

"စကားလေးဘာလေး ပြောပါဦး ရွှေကလေးရယ်။ ကိုယ့်ကတိကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ဖုံးကွယ်ပေမဲ့ ရွှေကလေးမှန်း အစ်ကိုသိပါတယ်။ နေပါဦး မနေ့ထိုင်ကောင်းရဲ့ဟုတ်လား"

"ကောင်းပါတယ်"

ကျင်ရွှေက သူ့ကို လှည့်မကြည့်ဘဲ စီးကရက်ဘူးကိုသာ ကြည့်နေသည်။ နှစ်ယောက်စလုံး စကားမပြောနိုင်ကြဘဲ ငေးနေကြသည်။ ထောင်ထဲမှ သံတိုင်များကို ဆွဲတီးသံပေါ်လာပေသည်။

"အထူးတန်းရပြီနော်"

"မနက်ဖြန်ကစပြီး ရမယ်လို့ပြောပါတယ်"

"အနေအထိုင် အစားအသောက်ကော ဘယ့်နှယ်နေသလဲ"

"သိပ်တော့ မဆိုးပါဘူး။ ခု အထူးတန်းရမှာမို့လို့ ယာယီ အထူးတန်း အစားအသောက်ကို ထုတ်ပေးနေပါပြီ။ အပြင်က ခေါက်ဆွဲထုပ်တို့ ဘာတို့ တောင် စားဖို့မလိုတော့ဘူး"

ကျင်ရွှေသည် စီးကရက်ဘူးကို ကြည့်ပြီး သက်ပြင်းချလိုက်ကာ ခေါင်းကို အောက်သို့ ငုံ့ထားလိုက်သည်။ ယခုထိ ခင်မောင်ဝင်းကို မျက်နှာချင်းလည်း မဆိုင်၊ ကြည့်လည်း မကြည့်ပေ။

"အပြင်မှာ ဘယ်သူရှိသလဲ"

"ညိုလေး ရှိပါတယ်"

စကားပြတ်သွားကြသဖြင့် ကိုယ့်အတွေးနှင့်ကိုယ် ငေးနေကြသည်။ ခင်မောင်ဝင်းက ခေါင်းကို အောက်သို့ ငုံ့ထားသော ကျင်ရွှေကို ငေးကြည့်နေသည်။ ဆံပင်များသည် နီ၍ မွဲခြောက်နေကာ နဖူးတစ်ခြမ်းကို ဖုံးအုပ်အောင် ဝဲကျနေ၏။ အသားအရေမှာ ဖျော့တော့နေပေသည်။ ထောင်းတွင်းမှ နာရီမောင်း ခေါက်သံများသည် ဆက်တိုက် ပေါ်လာကြပေသည်။

"ညိုလေးဆိုတာ ဘယ်သူလဲဟင်၊ ဘာတော်သလဲ"

"ညိုလေးဆိုတာ ကျွန်မတို့အဖော်ပါ ဘာမှမတော်ပါဘူး"

ကျင်ရွှေက စားပွဲပေါ်က စီးကရက်ဘူးကို လှမ်းကြည့်၍ ခပ်တည်တည် ပြောလိုက်သည်။ အတန်ကြာမှ နှုတ်ခမ်းကိုမဲ့ကာ ဖာပြုံးပြုံးလိုက်ပြီး

"ကျွန်မကတော့ မောင်ကလေးလို ချစ်တာပါပဲ။ သူကတော့ ဘယ်လိုသဘောလဲ မသိဘူး။ သူလဲ ဒီနေ့ ထောင်ဝင်စာလာမယ်ပြောတာပဲ၊ ဘာမှစားစရာမယူခဲ့နဲ့။ ဖဲထုပ်နဲ့စီးကရက်သာယူခဲ့လို့ မှာလိုက်တာပဲ၊ ပါမှ ပါပါ့မလား မသိဘူး"





ကျင်ရွှေသည် စားပွဲပေါ်က စီးကရက်ဘူးကို တပ်မက်စွာ ကြည့်နေသည်။ နှုတ်ခမ်းများကိုလည်း လျှာဖြင့်လျက်နေပေသည်။

"ဩော် စီးကရက်တောင် သောက်တတ်နေပြီကိုး"

ကျင်ရွှေသည် ယောင်ယမ်းကာ စီးကရက်ဘူးဆီသို့ လက်လှမ်းလိုက်မိသည်။ ပြီးမှ ကိုယ့်အပြုအမူကို ကိုယ်ပြန်သတိရကာ လက်ကို ပြန်ရုပ်လိုက်သည်။ ခင်မောင်ဝင်းက ကျင်ရွှေ ရှက်မသွားစေရန် စီးကရက်ဘူးကိုထိုးပေးကာ မီးခြစ်ပါထုတ်ပေးလိုက်သည်။ ကျင်ရွှေသည် ဟန်မဆောင်နိုင်တော့ဘဲ စီးကရက်ကို ကပျာကယာညှိကာ ရှိုက်ဖွာနေသည်။ မီးခိုးများကို အားရပါးရ မှုတ်ထုတ်လိုက်ပြီး စီးကရက်ကို လက်ဖျားတွင် ကျင်လည်လှပစွာ ညှပ်ထားလေသည်။ စီးကရက်ကို ဖွာရှိုက်လိုက်ပြီးသည်နှင့် ကျင်ရွှေ၏ ဟန်ပန်မှာ စောစောကလို မရွံ့မရဲအမူအရာတွေ မရှိတော့ဘဲ ကမ္ဘာကြီးတစ်ခုလုံးကို ဂရုမစိုက်ဘူးဆိုသည့် ပြည့်တန်ဆာ သက်မွေးဝမ်းကျောင်း၏ ဟန်အမူအရာတွေ ဝင်လာသည်ဟု ထင်နေရသည်။

ခင်မောင်ဝင်းမှာ ကျင်ရွှေ၏ ဟန်ကိုကြည့်ကာ စိတ်ပျက်နေ၏။ သူ ကျင်ရွှေနှင့်လာတွေ့ခြင်းမှာ သူ့အပြစ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ရန် ဖြစ်၏။ သူ၏ အပြစ်များကို ဆေးကြောရန်ပင် ဖြစ်၏။ သို့ရာတွင် သူမေးချင်တာတွေက တခြား၊ မေးလိုက်တာတွေက တခြားစီဖြစ်၏။ သူကြားချင်တာက တခြား၊ ကြားရတာက တခြားလည်း ဖြစ်နေပေသည်။

"ထောင်ထဲ ဖဲထုပ်သွင်းလို့ရသလား"

"အို ဝါဒါတွေကို ပိုက်ဆံလေးဘာလေးပေးရင် ဘာဖြစ်ဖြစ် သွင်းလို့ရတာပဲ"

ကျင်ရွှေက လုပ်နေကျဟန်ဖြင့် ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်သည်။ ခင်မောင်ဝင်းသည် ကျင်ရွှေကို ကြည့်ကာ စိတ်မသက်မသာဖြစ်နေလေသည်။ ရွှေတင် အဖြစ်နှင့်တုန်းက ရှိခဲ့သော သိမ်မွေ့ခြင်း၊ တည်ငြိမ်ခြင်း၊ လေးနက်ခြင်း စသည်တို့ မရှိတော့ပေပြီ။

"ရွှေ"

ခင်မောင်ဝင်းက သက်ပြင်းကို မသိမသာချလိုက်ရင်း ခေါ်လိုက်သည်။ ထောင်ကို အလာတုန်းကတော့ ကျင်ရွှေနှင့်သူသည် ရှေးတုန်းက ကယုကယင် ချစ်တုံ့တင်ခဲ့သော ဘဝကို ပြန်ပြောင်းအောက်မေ့ကာ လွမ်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တို့ဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အတိတ်သို့ ပြန်ပြေးကြသည်။ သည်အခါတွင် သူတို့၏ အသည်းနှလုံးများသည်လည်း နူးညံ့သိမ်မွေ့လာကြလိမ့်မည်။ သည်အခါမျိုးတွင် သူ့အပြစ်ကို သူခွင့်လွှတ်ဖို့ တောင်းပန်ရလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ယခုတော့ ကျင်ရွှေသည် သူ့အား အော်ဒါခေါ် ရန်လာသော ဧည့်သည်တစ်ယောက်ထက် ပိုမိုသဘောထားဟန် မတူပေ။

"ရွှေရွှေ"

"ရှင် ဦးခင်မောင်ဝင်း"

ကျင်ရွှေက နာမည်ကို တပ်ခေါ်လိုက်၏။ အစ်ကိုလို့တောင် မခေါ် တော့ပဲကိုး။ စိတ်နာလှပြီ ထင်ပါရဲ့ဟု တွေးလိုက်မိသည်။ ကျင်ရွှေကား စီးကရက်ကို ဖွာရှိုက်ကာ မီးခိုးများကို မှုတ်ထုတ်နေပေသည်။

"ရွှေ့ အမှုအတွက် ရှေ့နေနဲ့လဲ စကားပြောပြီးပြီ။ သက်သေကိစ္စတွေလဲ စီစဉ်ပြီးပြီ။ နောက်ထပ် ဘာအကူအညီ လိုသေးသလဲ ဟင်"

ကျင်ရွှေကား မဲ့ပြုံးပြုံးကာ

"အော် ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ရှင်။ ရွှေတင့်ထိုက်နဲ့ ရွှေတင့်က် ရှိပါစေတော့။ ခုလို အမှတ်တရ ကူညီဖော်ရတာကိုပဲ ကျေးဇူးကြီးလှပါပြီ"

ရွှေတင်၏ အေးစက်စက်အသံကြောင့် ခင်မောင်ဝင်း၏ အသည်းနှလုံးသည် ခဲသွားသည်ဟု ထင်လိုက်ရသည်။ ခင်မောင်ဝင်းသည် ကျင်ရွှေ၏ အပြောအဆို အမူအရာတွေကို ကြည့်ကာ အလိုလိုဝမ်းနည်းလာပေသည်။ ရင်ထဲကလည်း နာကြည်း၍ လာသည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူး အရွှေ။ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်သင့်တာတွေ ဆောင်ရွက်နေပါတယ်"

"ဟုတ်ကဲ့၊ ဝတ္တရားရှိလို့ ဆောင်ရွက်နေရတယ်ဆိုတာလဲ သိပါတယ်"

ခင်မောင်ဝင်းသည် ကျင်ရွှေ၏ စကားများကို နားထောင်ရင်း ရင်ထဲမှာ တလှိုက်လှိုက် ဖြစ်လာ၏။ ကျင်ရွှေ၏ စကားများကား အပြစ်ရှိသူကို အခံရခက်စေသော စကား၊ ခင်မောင်ဝင်း၏ အသည်းနှလုံးကို အပ်နှင့်ဆွသလို နာကျင်စေသော စကားများဖြစ်၏။

"ရွှေရွှေ့ အဖြစ်ဟာ သနားစရာဖြစ်နေပြီ"





"သနားတော့ မသနားပါနဲ့တော့ရှင်၊ နောက်ထပ် အသနားမခံရဲတော့ပါဘူး ကြောက်လှပါပြီ။ ဒီလောက် သနားရရင်လဲ တော်လောက်ပါပြီ"

ခင်မောင်ဝင်းမှာ ဘာပြန်ပြောရမှန်း မသိတော့ပေ။ သူက ပြောလိုက်တိုင်း ကျင်ရွှေက သူ့ကို အချက်ကျကျ ပြန်ပြောလိုက်သဖြင့် အခက်တွေ့နေသည်။ သူ့အား ကျင်ရွှေက အပြစ်ဒဏ်ခတ်သကဲ့သို့လည်း ခံစားမိသည်။ ကျင်ရွှေကား ညှိုးကျသွားသော ခင်မောင်ဝင်းမျက်နှာကို မြင်ကာ ဝမ်းနည်းသွားလေသည်။ သို့ရာတွင် ချက်ချင်းပင် မျက်နှာကို တင်းထားလိုက်သည်။ ခင်မောင်ဝင်းကမူ ခေါင်းငိုက်စိုက်ချရင်း

"စကားနာတွေ မထိုးပါနဲ့ ရွှေရယ်"

"စကားနာထိုးတာ မဟုတ်ပါဘူး၊ အကောင်းပြောနေတာပါ"

နှစ်ယောက်စလုံး စကားမပြောကြဘဲ ငေးနေကြသည်။ ထောင်ဘူးဝထဲတွင် ဝါဒါများ၏ ဖနောင့်ချင်းရိုက်၍ တန်းစီသံများကို ကြားရသည်။ အမိန့်ပေးသံများကိုလည်း ကြားရသည်။

"ဘာအကူအညီ လိုသေးသလဲ"

ကျင်ရွှေက ခေါင်းကုတ်၍ စဉ်းစားနေသည်။ သူ့စိတ်ထဲ သူလိုသော အကူအညီကို ပြောရကောင်းနိုးနိုးဖြင့် စဉ်းစားနေသည်။

"ပြောပါ အားမနာပါနဲ့၊ ဘာအကူအညီ လိုသေးသလဲ"

"ဖြစ်နိုင်ရင်တော့ ငွေနည်းနည်း လိုချင်တယ်၊ နှစ်ဆယ် အစိတ်လောက်"

"ရမှာပေါ့"

ခင်မောင်ဝင်းက အိတ်ထဲမှ ငွေငါးဆယ်ကို ထုတ်ပေးလိုက်သည်။ သည်အတွင်း အခန်းထဲသို့ ထောင်မှူးကလေးတစ်ဦး ဝင်လာသဖြင့် ကျင်ရွှေက ခင်မောင်ဝင်း လက်ထဲက ငွေကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး ပေါင်အောက်၌ ဝှက်ထားလိုက်၏။

"နောက်လိုချင်လဲ ပြောပေါ့၊ ရှေ့နေကိုလဲ လိုတဲ့အကူအညီပေးပါလို့ ပြောထားတယ်"

"အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်၊ တစ်နေ့တော့ ဘယ်နည်းနဲ့ ကျေးဇူးဆပ်ရဆပ်ရ ဆပ်ပါ့မယ်"

ကျင်ရွှေက ခင်မောင်ဝင်းကို ပြုံးကြည့်ရင်း ပြောလိုက်၏။ သူ့အပြုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ ခင်မောင်ဝင်းကို အမဲဖမ်းသော မုယာမာရာ အပြုံးမျိုးသာ ဖြစ်ပေသည်။

ခင်မောင်ဝင်းကား တော်တော်ပင် စိတ်ပျက်လာပေသည်။ အသည်းလည်း နာလာပေသည်။ သည်မျှလောက် ပျက်စီးသွားရသော ကျင်ရွှေအတွက်လည်း ယူကျုံးမရဖြစ်နေမိသည်။ ကျင်ရွှေသည် ခင်မောင်ဝင်း၏ ညှိုးငယ်နေသော မျက်နှာကို အကဲခတ်မိကာ သနားသွားသည်။ သူ့ရင်ထဲတွင် အရင်တုန်းက စိတ်မျိုးတွေဝင်လာသည်။ မျက်နှာတွင် အမဲဖမ်းသော အမူအရာတွေလည်း အလိုလိုပျောက်ကွယ်သွားသည်။

"တောင်းပန်ပါတယ် ရွှေကလေးရယ်၊ အစ်ကို့ကို ဒီစကားမျိုးတွေ နောက်ထပ်မပြောပါနဲ့ကွယ်၊ အစ်ကို တောင်းပန်ပါရစေ"

ခင်မောင်ဝင်း၏အသံမှာ အက်ကွဲကာ ဆွေးမြေ့ကြေကွဲသံ ပေါက်နေ၏။ ကျင်ရွှေသည် မှုန်မှိုင်းသော မျက်လုံးများဖြင့် အဝေးသို့ငေးကြည့်နေပေသည်။

"အစ်ကို ဒီကိုလာတာဟာ တောင်းပန်ဖို့လာတာပါ ရွှေကလေးရယ်၊ အစ်ကိုပြုခဲ့တဲ့အပြစ်တွေ ခွင့်လွှတ်အောင် တောင်းပန်ဖို့လာတာပါ။ ရွှေကလေး ဒီဘဝကိုရောက်လာရတာဟာ အစ်ကို့အပြစ်ပါ။ ဒီအပြစ်တွေကို ပျောက်အောင် ဆေးကြောပစ်တဲ့နည်းဟာ ရွှေကလေးက ခွင့်လွှတ်တဲ့နည်း တစ်နည်းပဲ ရှိပါတယ်"

ကျင်ရွှေသည် လှိုက်လှိုက်လှဲလှဲ ပြောလိုက်သော ခင်မောင်ဝင်း၏ စကားများကို ကြားလိုက်ရသောအခါ စိတ်ထဲတွင် ထိခိုက်လာသည်။ ရင်ဆို့လာပြီး မျက်ရည်တွေ စို့လာကြပေသည်။ မျက်ရည်ဥများသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။ ကျင်ရွှေသည် မျက်ရည်တွေကို ချက်ချင်းသုတ်ပစ်လိုက်ကာ ကြိုးစား၍ မျက်နှာကို တင်းထားလိုက်သည်။

"အတိတ်ကို မေ့လိုက်ကြပါစို့ အစ်ကို။ အတိတ်ကို ပြန်ဖော်နေလို့လဲ ဘယ်သူ့အဖို့မှ ကောင်းတော့မှာ မဟုတ်တော့ပါဘူး။ ဘာလဲ အစ်ကို၊ ရွှေတင်ဟာ အစ်ကိုတို့ ဆာဖိုးဝင်းရဲ့ ဆွေမျိုးအဝိုင်းထဲမှာ ကြီးပြင်းလာတယ်လို့ ထုတ်ပြောမှာ စိုးရိမ်လို့လား။ ဆာဖိုးဝင်းရဲ့သား ဘီလပ်ပြန်ဂျူရီလူကြီး ဂုဏ်သရေရှိလူကြီးလူကောင်း ဦးခင်မောင်ဝင်းနဲ့ တရားခံကျွန်တော်မ မိကျင်ရွှေတို့ဟာ တစ်ခါက ဒီလိုဒီလို ဖြစ်ဖူးခဲ့တယ်လို့ ထုတ်ပြောမှာ စိုးလို့လား၊ စိတ်ချပါ အစ်ကို။ မိကျင်ရွှေ ဒီဘဝကို ဇာတ်မြှုပ်ထားပါတယ်။ ဘယ်





သူ့ရဲ့ ဂုဏ်သိက္ခာကိုမှ မထိခိုက်စေရပါဘူး။ မိရွှေတင့်ဘာသာ မိရွှေတင်ခံပါ့မယ်။ အစ်ကို ဂျူရီလူကြီးမှန်းသိပေမဲ့ အစ်ကိုနဲ့မတွေ့အောင် မိရွှေတင်တမင်ရှောင်ခဲ့ပါတယ်။ အစ်ကိုဂုဏ်ငယ်မှာစိုးလို့ နှုတ်တောင် မဆက်ပါဘူး"

ခင်မောင်ဝင်းသည် ကျင်ရွှေ၏ စကားများကို နားထောင်ရင်း ငိုချင်လာပေသည်။ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်သာဆိုလျှင် ငိုချလိုက်မည်လား မပြောတတ်ပေ။ ကျင်ရွှေသည် သူ့ကို ယခုတိုင် အထင်လွဲနေသေးသည်ကို တွေ့ရသောအခါ ယူကျုံးမရဖြစ်လာပေသည်။

"မဟုတ်ဘူးရွှေ မဟုတ်ဘူး။ အစ်ကိုက ဒါတွေကိုစိုးရိမ်လို့ ရွှေကလေးဆီကို လာတာမဟုတ်ဘူး။ အစ်ကို့ကို ဒီလိုအထင်မလွဲပါနဲ့။ ရွှေ ဒီလိုဖြစ်ရတာဟာ အစ်ကို့အပြစ်ရှိလို့၊ ဒီအပြစ်ကို ရွှေကလေးခွင့်လွှတ်ရအောင် တောင်းပန်ဖို့လာတာပါ။ ဒီအတိတ်ကိုမေ့လို့ မရဘူးရွှေ။ မေ့ပစ်လို့ကို မရဘူး။ အပြစ်ရှိတဲ့ အတိတ်ကို မေ့ထားရင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်လို့ ဘယ်တော့မှ ရတော့မှာမဟုတ်ဘူး"

"ရွှေတင့်အဖို့ကတော့ ကယ်တင်လို့ မရတဲ့လမ်းဆုံးကို ရောက်နေပါပြီ။ ဒီတော့ အတိတ်ကိုမေ့ထားဘာက အကောင်းဆုံးပါ"

နှစ်ယောက်သား ဘာမျှမပြောနိုင်ကြဘဲ မျက်လုံးတွေ မျက်ရည်ဝေ့လာရင်း အဝေးသို့ငေးကြည့်နေကြပြန်သည်။ ထောင်ဝါဒါများ၏ ဘွတ်ဖိနပ်သံများသည် ဘူးထဲမှထွက်ပေါ်လာ၏။ အဝေးမှ နာရီကင်းခေါက်သံသည် ဆက်၍ဆက်၍ ကြားရလေသည်။ သော့ပိတ်သံ၊ ဖွင့်သံ၊ တံခါးကိုကြိုးနှင့်ရိုက်သံတို့ ပေါ်ထွက်လာသည်။ ခင်မောင်ဝင်းက ကျင်ရွှေကို လှည့်ကြည့်ကာ

"ပြောစမ်းပါဦး ရွှေကလေးရယ်၊ ဒီအခြေအနေကို ဘယ်လိုဆိုက်လာတာလဲဟင်"

ကျင်ရွှေသည် ဖြူးတုန်းက သူနှင့်ခင်မောင်ဝင်းတို့အဖြစ်ကို တွေး၍ ဝမ်းနည်းနေရာက ခင်မောင်ဝင်းစကားများကို ကြားလိုက်သဖြင့် စိတ်နာလာပြန်သည်။ သူ့တွင် ကိုယ်လေးလက်ဝန်ရှိသဖြင့် စာအတန်တန်ပေး၍ မှာသော်လည်း စာလည်း မပြန်၊ လူလည်း မရောက်၊ မေ့မေ့ပျောက်ပျောက် နေနိုင်ရက်ခဲ့ပုံကို အမှတ်ရလာသည်။ ကျင်ရွှေသည် သူ့ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးများမှာ ဝင်းဝင်းတောက်ကာ မျက်နှာသည် တင်းမာနေသည်။ ရွှေတင်သည် ရင်ထဲတွင် ဆို့တက်လာသော အလုံးကြီးကို ကြိတ်မှိတ်မျိုချကာ အော်၍ ငိုလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပြောဘူး၊ မပြောဘူး၊ ဒါတွေ မေးမနေနဲ့"

ခင်မောင်ဝင်းသည် ကျင်ရွှေ၏ အော်သံနှင့် ငိုသံကြောင့် လန့်ဖျတ်သွားကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"မပြောဘူး၊ မပြောဘူး"

ကျင်ရွှေသည် အော်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။ ခင်မောင်ဝင်းကား ဘာမျှမပြောတော့ဘဲ ခေါင်းငိုက်စိုက်ချထားရုံသာ တတ်နိုင်တော့သည်။ မိန်းမဝါဒါ တစ်ယောက်သည် အပေါက်ဝမှ ခေါင်းပြူကြည့်ကာ ပြန်ထွက်သွားသည်။ သည်တော့ ကျင်ရွှေသည် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ကာ အငိုတိတ်လိုက်ပြီး မျက်ရည်များကို သုတ်နေသည်။ မထူးတော့ဘူးဆိုသည့်ဘဝမှာ ဘာမှဂရုမစိုက်တော့ဘူးဆိုသည့် မျက်နှာထားမျိုးကို ထားလိုက်ပြန်လေသည်။ ပြီးတော့ ခင်မောင်ဝင်း၏ စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို မီးညှိသောက်လိုက်ကာ -

"ကျွန်မ သွားတော့မယ်၊ ဒါပဲ မဟုတ်လား"

"သွားတော့မလား ရွှေကလေးရယ်၊ စကားမပြောချင်လောက်အောင် တောင် အစ်ကို့ကို မုန်းနေပလား"

"ချစ်တာ မုန်းတာတွေ မပြောပါနဲ့တော့ အစ်ကို၊ ချစ်တာမုန်းတာတွေဆိုတာ ရွှေတင်မှာ မရှိတော့ပါဘူး။ ဒီအကြောင်းဟာ ပြီးခဲ့ပါပြီ။ မိရွှေတင်ဟာ ပြည့်တန်ဆာမ လူသတ်မှု တရားခံမပါ"

"ရွှေကလေးဟာ လူသတ်မှုမှာ အပြစ်မရှိဘူးလို့ အစ်ကိုယုံပြီးသားပါကွယ်"

"ဒါတော့ အစ်ကိုယုံချင်သလို ယုံပေါ့လေ။ အပြစ်ရှိတယ်လို့လဲ ယုံနိုင်တယ်၊ မယုံချင်လဲ နေနိုင်ပါတယ်။ ဒါပေမဲ့ မိရွှေတင်ဟာ လူမသတ်ဘူးဆိုတာ မိရွှေတင်သာ သိပါတယ်၊ ဘုရားလဲ သိပါတယ်။ မိရွှေတင်ဟာ ခိုးချင် ခိုးမယ်၊ ဝှက်ချင် ဝှက်မယ်။ ဒါပေမဲ့ မိရွှေတင်ဟာ လူတစ်ယောက်ရဲ့ အသက်ကို သတ်လောက်အောင်တော့ မဖြစ်သေးပါဘူး။ အေးလေ ဒါကလဲ ကိုယ့်ဘာသာကိုယ် မသတ်ဖူးလို့ ပြောရုံနဲ့ဖြစ်တာမှမဟုတ်ဘဲ။ သူတို့က ပြောတော့ ပိုက်ဆံကောင်းကောင်းပေးပြီး ရှေ့နေကောင်းကောင်း ငှားနိုင်ဖို့ အရေးကြီးတယ်လို့ ပြောကြတာပဲ"

"အကောင်းဆုံးဆိုတဲ့ ရှေ့နေနဲ့ အစ်ကို ကြိုးစားပါ့မယ်ကွယ်"





ကျင်ရွှေက ဘာမျှ ပြန်မပြောပေ။ ကျင်ရွှေသည် ကုန်သွားသော စီးကရက်ကို ပြာခွက်ထဲသို့ ခေါင်းထိုးချေလိုက်ပြီး ထ,ရပ်ကာ

"ကဲ ကျွန်မသွားတော့မယ် အစ်ကို"

"လိုတဲ့ အကူအညီရှိရင်လဲ အစ်ကို့ကို ပြောပါ။ အစ်ကိုကတော့ ရွှေနဲ့ စကားပြောရတာ အားမရသေးဘူး။ နောက်လာတွေ့ပြီး အေးအေး ဆေးဆေး ပြောချင်သေးတယ်"

"ခု ပြောပြီးပြီကော အစ်ကို"

ခင်မောင်ဝင်းက ခေါင်းယမ်းလိုက်ကာ -

"ဟင့်အင်း ခုပြောတာတွေထက် အရေးကြီးတဲ့ ပြောစရာစကားတွေ ကျန်သေးတယ်။ နောက်ကျမှ အေးအေးဆေးဆေး ပြောချင်သေးတယ်"

"ဒါတော့ အစ်ကို့သဘောပေါ့"

ကျင်ရွှေသည် သူ့ကိုနှုတ်ဆက်ကာ ထွက်သွားပြီး ကျားပါးစပ်တံခါးကို ငုံ့လျှိုးပျောက်ကွယ်သွားပေသည်။

ခင်မောင်ဝင်းကား ကျင်ရွှေပျောက်ကွယ်သွားသည်အထိ ငေး၍ကျန်ရစ်ခဲ့သည်။ အစတုန်းကတော့ သူနောင်တရပုံ၊ သူ့အပြစ်ကြောင့် ရွှေတင် ဒီဘဝရောက်ရပုံကို ဝန်ခံကာ ခွင့်လွှတ်ဖို့တောင်းပန်နေလျှင်တော့ ရွှေတင် သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဟိုတုန်းက ချစ်သော ရွှေတင်ဘဝသို့ ပြန်ရောက်လာလိမ့်မည်ဟု ထင်၏။ သို့သော်လည်း ဟိုတုန်းက ရွှေတင်သည် မရှိတော့ချေပြီ။ ဟိုတုန်းက ရွှေတင်အစား ကျင်ရွှေကိုသာလျှင် တွေ့ခဲ့ရ ပေပြီ။

ကျင်ရွှေသည် သူ၏ ပြည့်တန်ဆာဘဝကို ရှက်ကြောက်ဟန်လည်း မရှိတော့ပေ။ ရှက်ကြောက်ခြင်းမရှိရုံမျှမက ဂုဏ်ယူလိုဟန်ပင် ရှိပေသေး သည်။ တကယ်တော့ ကျင်ရွှေအဖို့ သူ့ဘဝကို သည်လို ရင်ဆိုင်ရုံမှအပ အခြားလမ်းလည်း မရှိတော့ပြီ မဟုတ်ပါလား။ တကယ်တော့ လူဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် လှုပ်ရှားနေထိုင်နိုင်ရေးအတွက် ကိုယ့်အလုပ်အကိုင်ကို ကိုယ် အရေးပါအရာရောက်သည်ဟု ယူဆတတ်ကြသည် မဟုတ်လား။

●

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ကျင်ရွှေသည် ကျောက်စရစ်ခဲကလေးများ ခင်းထားသည့် လူသွားလမ်းကလေးအတိုင်း လျှောက်လာသည်။ ကျောက်စရစ်လမ်းဘေးတွင် ဗုဒ္ဓသရဏာပင်များ၊ ဒန်းပင်များ၊ ရွက်လှပင်များစိုက်ထားကာ ဘေးပတ်ပတ်လည်တွင် အုတ်ခဲများကို သုံးထောင့်ပေါ်အောင်ဖော်၍ ထုံးဖြူသုတ်ထားသည်။ မိန်းမထောင်မှာ ထောင်ဘူးဝမှဝင်သွားလျှင် ညာဘက်တွင် တံတိုင်းတစ်ခုကာထားကာ တံတိုင်းထိပ်တွင် သံချွန်များစိုက်ထားပေသည်။ တံတိုင်းမှာ လူတစ်ရပ်သာသာလောက် မြင့်ပေသည်။

မိန်းမထောင် ဂိတ်ဝသို့ရောက်နေလျှင် တံခါးဖွင့်မပေးသေးသဖြင့် ကျင်ရွှေသည် ရပ်နေလိုက်သည်။ နောက်ကလိုက်လာသော မိန်းမဝါဒါနှစ်ယောက်မှာ သူ့ကိုမှီလာကြပြီး တစ်ယောက်က ဂိတ်တံခါးကို ဖွင့်ပေးလိုက်မှ မိန်းမထောင်ထဲသို့ ဝင်လာခဲ့လေသည်။ မိန်းမထောင်ကား နှစ်ထပ်အုတ်တိုက်၊ အုတ်ကြွပ်မိုးဖြစ်၏။ သည်နေရာကား မိန်းမများအတွက် သပ်သပ်ဆွယ်ထားသော နေရာဖြစ်သဖြင့် ကျပ်တည်းစွာ ထားရသည်။ မိန်းမထောင်တွင်းသို့ ယောကျ်ားဝါဒါများကိုပင် ဝင်ခွင့်မပြုဘဲ မိန်းမဝါဒါများကိုသာလျှင် ဝင်ခွင့်ပြုပေသည်။ အကျဉ်းသမားများကိုကား အနားသို့ပင် သီခွင့်မရပေ။ သည်လောက်ကျပ်ကျပ်တည်းတည်း ကြားထဲကပင် တချို့ဘုတ်ကိုင် အကျဉ်းသမားများက ဝါဒါများ အလစ်တွင် အုတ်ဝင်းထရံကိုကျော်၍ ဝင်ကြသဖြင့် မိန်းမအကျဉ်းသမားများမှာ ထောင်ထဲတွင်ပင် ကိုယ်လေးလက်ဝန်ရှိသူပင် ရှိခဲ့သေးသည်။





မိန်းမထောင်အပေါ်ထပ်တွင် အထူးတန်းအကျဉ်းသမားများကို ထား၍ အောက်ထပ်တွင်သာ မိန်းမအကျဉ်းသမားများကို ထားပေသည်။ ကျင်ရွှေမှာ အထူးတန်းပေးရန် တရားသူကြီးက အမိန့်ချမှတ်လိုက်ပြီဖြစ်သော်လည်း ယခုထက်တိုင် အထူးတန်းသို့ မနေရသေးပေ။ ထောင်က အခွင့်အရေးတစ်ခုကို ရဖို့ကိစ္စဆိုသည်မှာ အင်မတန်ခက်ခဲသောအရာ ဖြစ်သည်။ အထူးတန်းအမိန့်ကို ဆိုင်ရာက ပို့လိုက်ပြီဖြစ်သော်လည်း မရောက်လာသေးဟု ထောင်မှူးက ဆိုသည်။ အမိန့်ရောက်ပြန်လျှင်လည်း ထောင်ပိုင်လက်မှတ်မထိုးရသေးဟု ဆိုပြန်သည်။ ထောင်ပိုင်လက်မှတ်ထိုးပြီးလျှင်လည်း ဈေးတိုက်ထောင်မှူးက သူ့ဆီမရောက်သေးဟု ဆိုထားပြန်သည်။ ဈေးတိုက်ထောင်မှူးထံ ရောက်ပြန်လျှင်လည်း အင်တိုင်း(အထူးတန်း အကျဉ်းသမားများအတွက် ဝေပုံကျပေးရမည့် အစားအသောက်စာရင်း) မရှိသေးဟုဆိုကာ ဆိုင်းနေပြန်သည်။ သို့ဖြင့် အထူးတန်းအကျဉ်းသမားတစ်ယောက်အဖို့ အထူးတန်း အမိန့်ကို တရားသူကြီးထံက ရပြီဖြစ်သော်လည်း ထောင်ထဲတွင် တကယ်အထူးတန်းရရေးမှာ တော်တော်ကြာပေသည်။

ကျင်ရွှေမှာ အထူးတန်းရပြီးကြောင်း ထောင်ပိုင်အား ဝတ်လုံမှတစ်ဆင့် အကြောင်းကြားပြီးဖြစ်၍ အစားအသောက်များကို ယာယီထုတ်ပေးထားသည်။ အနေအထိုင်မှာမူ သာမန်အကျဉ်းသမားများနှင့်အတူ အောက်ထပ်မှာပင် ရောနှောနေရပေသေးသည်။ မိန်းမဆောင်အောက်ထပ်မှာ ပေလေးဆယ်လောက်ရှည်၍ တစ်ဆယ့်ခြောက်ပေလောက်ကျယ်သော ထောင်ကြီးဖြစ်သည်။ အုတ်နံရံကာထားပြီး ငါးမူးလုံးခန့် သံတိုင်များတပ်ထားသော အပေါက်ကြီးများကို ဖောက်ထားသည်။ အဆောင်ထဲတွင် သမံတလင်းခင်းထားပြီး သစ်သားခုံကလေးများကို အသေစွဲရိုက်ထားသည်။ နံရံတွင် ပဉ္စဝဂ္ဂီငါးဦးအား မိဂဒါဝုန်တောတွင် တရားဟောနေဟန် ဗုဒ္ဓဝင်ပုံတော်ကို ရေးဆွဲထားသည်။ သည်ကားများမှာ ပန်းချီလက်ရာ အစအနရှိသော အကျဉ်းသမားတစ်ဦးကို ထောင်ပိုင်က အဆွဲခိုင်း၍ ဆွဲထားခြင်းဖြစ်ပေသည်။

အောက်ထပ် မိန်းမထောင်တွင် ကျင်ရွှေအပါအဝင် အကျဉ်းသမားပေါင်း ၉ ယောက်ရှိသည်။ နှစ်ယောက်မှာ ကလေးများဖြစ်၏။ သူတို့အမေထောင်ကျ၍ သူတို့လည်း ထောင်ထဲသို့ လိုက်နေရခြင်းပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျင်ရွှေသည် အဆောင်ဝတွင် ရပ်လိုက်ကာ နောက်ကပါလာသော မိန်းမဝါဒါကို တစ်ဆယ်တန်ငွေစက္ကူတစ်ချပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး မိန်းမဝါဒါ၏လက်ထဲသို့ ထည့်လိုက်သည်။

"တစ်ယောက်တစ်ဝက်စီ ခွဲယူနော်"

ကျင်ရွှေသည် အနားသို့ကပ်ကာ လေသံဖြင့်ပြောလိုက်ပြီး အဖေးတွင်ကျန်ရစ်ခဲ့သော ဝါဒါမိန်းမကို လက်ညှိုးထိုးပြလိုက်၏။ မိန်းမဝါဒါသည် လူသူလေးပါး ရှိမရှိ ပတ်ဝန်းကျင်ကိုကြည့်ကာ ငွေစက္ကူကို ခါးကြားထဲသို့ လိမ်ကျစ်ထည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ နောက် မိန်းမထောင်တစ်ဘက်သို့ ကွေ့၍ ပျောက်ကွယ်သွားလေသည်။

သည်တော့မှ ကျင်ရွှေသည် အဆောင်ထဲသို့ဝင်လာခဲ့သည်။ စနေနေ့မို့ အလုပ်မဆင်းရသဖြင့် အဆောင်ထဲတွင် အကျဉ်းသမားများ စုံစုံလင်လင် ရှိနေကြသည်။ မိန်းမအကျဉ်းသမားနှစ်ယောက်မှာ သစ်သားခုံပေါ်တွင် လှဲနေကြ၏။ တစ်ယောက်ကား ချောင်းတဟွတ်ဟွတ်ဆိုးကာ လူမမာရုပ်ပေါက်နေသော မွေးနီဆိုသည့် မိန်းမဖြစ်၏။ မွေးနီသည် ဆွဲကြိုးဖြတ်မှုဖြင့် ထောင်ကျလာခြင်းဖြစ်သည်။ သူ့ဘေးသစ်သားခုံပေါ်တွင် လှဲနေသည့် မိန်းမမှာ အသက် ၄၀လောက်ရှိဦးမည် ထင်ရ၏။ အရပ်ထောင်ထောင်မောင်းမောင်း ပျက်နှာထားဆိုးဆိုး ဆံတိုလေးနှင့်ဖြစ်သည်။ တစ်ခါတစ်ရံ စိတ်ဖောက်ပြန်တတ်သည်။ စိတ်ဖောက်ပြန်ကာ အိပ်ရာထဲတွင် အိပ်နေသော ယောကျ်ားကို ဓားမနှင့်ခုတ်သတ်ခဲ့သည့်အတွက် ထောင်ဒဏ်တစ်သက် အပြစ်ပေးခံရခြင်း ဖြစ်၏။ မမြကြီးသည် ထောင်ထဲတွင် ဆေးခြောက်အရောင်းအဝယ်၊ အရက်အရောင်းအဝယ် လုပ်သူဖြစ်သည်။ လက်သမားရုံမှ အကျဉ်းသားများ ခိုးလာသော ဆားခတ်သည့် ပါလစ်ဆီအရက်ကို မရရအောင် ယူတတ်သူဖြစ်သည်။ ကျင်ရွှေကား ထောင်ထဲရောက်မှ ဆေးခြောက်လည်း ရှူတတ်နေပြီ။ စိတ်ညစ်သည့်အခါတွင် မမြကြီးထံမှ ဆေးခြောက် မတ်ထုပ်တစ်ထုပ်လောက်ဝယ်ကာ မှိန်းနေတတ်သည်။ တစ်ခါတစ်ရံ ဆေးခြောက်ပြတ်လျှင်လည်း ပါလစ်ဆီအရက်ကလေးကို သောက်ရမှ အိပ်ပျော်တော့သည်။ နောက်တစ်ယောက်မှာ ပြည့်တန်ဆာ ပုဒ်မဖြင့် အဖမ်းခံရသော အကြည်ဖြစ်၏။ အကြည်ကား ကျင်ရွှေနှင့် ရွယ်တူလောက်ပင် ဖြစ်သည်။ အကြည်ကား လွတ်ရက်နီးပြီဖြစ်၍





သီချင်းတအေးအေးဖြင့် ထောင်အထွက်တွင် အဆင်သင့်ဝတ်ရန် ဇာဘော်လီတစ်ထည်ကို ဖာထေးနေပေသည်။

"နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးတောင် ပုံပြရင် မယ့်မေဒ္ဒာက ပိုတယ်ထင်သေးသမောင်၊ ဖူးစာနတ်မင်းကိုယ်တိုင်၊ ရေးတာမင်ကျဲတယ်။ ကျွန်မဖြင့် ထင်မိတယ်၊ ရှင့်ကြောင့် ခက်သေးတယ်၊ ခရာတာတာ၊ သူ့မျက်နှာချိုလှတယ်၊ မြရင်မှာ မောင်ရယ်၊ မကြာမီဘဲနောင်လဲ နှစ်လရှည်၊ ညစဉ်ပါမောင်ရယ်၊ တစ်နာရီတည်း မောင်နဲ့ချစ်ပါရစေ"

အကြည်သည် လေဘာတီမြရင်၏ တစ်နာရီထဲသီချင်းကို စိတ်ပါလက်ပါ ဆိုနေသည်။ သည်သီချင်းဖြင့် လာသမျှ ဧည့်သည်ကို ဖျော်ဖြေခဲ့ရသည်ကို အမှတ်ရနေပေသည်။ နောက်တစ်ယောက်မှာ တွံတေးသုံးခွဘက်မှ ယောကျ်ားက ဓားမြတိုက်ရာတွင် တိုက်ရာပါပစ္စည်းကို လက်ခံမှုဖြင့် ထောင်ကျသော မပြားကြီးဖြစ်၏။ မပြားကြီးကား ယောကျ်ားနှင့်ကံတူအကျိုးပေးဖြစ်၏။ သူ့ယောကျ်ားရောသူပါ ထောင်ကျနေပေရာ ဘာကိုမျှပူပန်ဟန်မရှိဘဲ ခပ်ပျော်ပျော်နေတတ်သည်။ မပြားကြီးသည် အုတ်တံတိုင်းခြားထားသော ယောကျ်ားဆောင် အပေါ်ထပ်မှ အကျဉ်းသမားတစ်ယောက်နှင့် ညစ်ညမ်းသော အမူအရာကို လက်နှင့်လုပ်ပြနေသည်။ မပြားကြီးသည် အားအားရှိ တစ်ဘက်ဆောင်အပေါ်ထပ်မှ အကျဉ်းသမားများနှင့် သည်လိုပင် ဝိုင်ယာလက် စကားပြောသလို ပြောတတ်သည်။ နောက်တစ်ယောက်မှာ ဟံသာဝတီဘက်မှ အရက်ပုန်းရောင်းသဖြင့် ထောင်ကျလာသော တရုတ်မကြီးဖြစ်၏။ တရုတ်မကြီးကား တရုတ်မဘောင်းဘီကို ဝတ်ထားလေသည်။ မြန်မာလို ပျစ်ပျစ်နစ်နစ် ဆဲရေးတိုင်းထွာရာတွင် နာမည်ကြီးသူပေတည်း။ နောက်ဆုံးတစ်ယောက်မှာ ကလေးနှစ်ယောက်အမေဖြစ်သည်။ အသက်သုံးဆယ်ကျော်လောက်ပင် ရှိဦးမည် ထင်ရ၏။ ယောကျ်ားပိုးထိ၍ ဆုံးပြီးကတည်းက သမ္ဘာန်ခတ်ကျွေးခဲ့ရသူဖြစ်၏။ တစ်ည မုတ်ကျွန်းပေါ်ရှိ ရွာတစ်ရွာမှ အရက်မူးသမားတစ်ယောက် သမ္ဘာန်လိုက်အပို့တွင် ဘလက်ကာယပြုသဖြင့် ဓားနှင့်ခုတ်ရာမှ ထောင်ထဲသို့ရောက်လာရခြင်း ဖြစ်ပေသည်။ အမေထောင်ထဲရောက်တော့ ထောက်ထောက်ခံခံကျွေးမွေးမည့်သူ မရှိသည့် လူမမယ်နှစ်ယောက်လည်း ထောင်ထဲသို့လိုက်လာခဲ့ကြပေသည်။ ကလေးအမေ ငြိမ်းမေသည် ဒူးနှစ်ဖက်ကိုကား၍ သားသည်အမေထိုင်ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



အငယ် နို့ညှာကလေးကို ရင်ခွင်တွင်ပွေ့၍ သိပ်နေပေသည်။

"ကျွန်မကို နမ်းတာ ကုလားပါပဲရှင် ပါးမှာ အရာကြီးထင်"

အကြည်သည် ဖာထေးပြီးသားဘော်လီကို ခေါက်ကာ ပြည်လှဖေဆိုသော မေတ္တာဂုဏ်သီချင်းကို ဖျက်ဆိုနေပေ၏။ သည်သီချင်းကို အကြည်သည် ခေါင်းအိမ်မှာ နေကတည်းက ရခဲ့လေသည်။ ကျင်ရွှေကိုယ်တိုင်လည်း သည်သီချင်းကို မျက်ပြူးအမြဲဆိုသည်ကို ကြားဖူးခဲ့ပေသည်။

ကျင်ရွှေသည် စီးကရက်တိုကို ဖွာရှိုက်ကာ အဆောင်ထဲက သူအိပ်သော သစ်သားခုံလေးဘက်သို့ လျှောက်လာခဲ့လေသည်။ အကြည်က သူ့ကို မော့ကြည့်လိုက်ရင်း

"အရွှေတို့များ တယ်မောက်နေတာပဲဟော့၊ ပိုလိုတွေဘာတွေခဲလို့၊ အထူးတန်းလဲ နေရအုံးမယ် ဇိမ်ပဲ၊ ပေးစမ်းပါ ပိုလိုတစ်ဖွာလောက်"

"ဒါတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့အေ့"

ကျင်ရွှေက ပြန်ပြောကာ လက်တစ်ဆစ်လောက်သာ ကျန်တော့သော စီးကရက်တိုကို လှမ်းပစ်လိုက်၏။ အကြည်ကား ရင်ခွင်ထဲကျသွားသော စီးကရက်တိုကြောင့် ထခုန်ကာ သမံတလင်းပေါ်သို့ ကျသွားတော့မှ ကောက်ယူ၍ ဖွာနေသည်။

"ထောင်ဝင်စာလာတွေ့တဲ့ လူက ဘယ်သူလဲ"

ကျင်ရွှေက ဘာမျှပြန်မပြောဘဲ သူ့သစ်သားခုံတွင် သွား၍ထိုင်နေသည်။ ကျင်ရွှေ့သစ်သားခုံနှင့် ခြေချင်းဆိုင်ထားသော သစ်သားခုံတွင် အိပ်နေသော မွေးနီက ချောင်းတဟွတ်ဟွတ်ဆိုးရင်း ခေါင်းထောင်ထကာ

"ညည်း မပြောပေမဲ့ ငါသိပြီးသားပါအေ၊ အခုနကတင် ဝါဒါမက ပြောသွားတယ်၊ ညည်းလာတွေ့တဲ့လူက သူဌေးဆို၊ ဘောင်းဘီ၊ ဘွတ်ဖိနပ်တွေ ဝတ်လို့တဲ့"

သည်အတွင်း မိန်းမဝါဒါတစ်ယောက် ဝင်လာကာ လက်ဆွဲခြင်းတစ်ခုကို ကိုင်၍ ဝင်လာလေသည်။ မိန်းမဝါဒါမှာ အထူးတန်း အစားအသောက်ရနေသည့် ကျင်ရွှေအတွက် ဈေးတိုက်မှ ပုံစံထုတ်လာခြင်း ဖြစ်ပေသည်။ အထူးတန်းအကျဉ်းသမားတစ်ယောက် တစ်နေ့အတွက် ရသင့်သော ကြက်သွန်၊ ဆီ၊ ဆား၊ ငပိ၊ အသား၊ ဟင်းသီးဟင်းရွက်၊ ကော်ဖီ၊ သကြား စသည်တို့ကို ထည့်ထားလေသည်။





"ရော့ရော့၊ ဈေးတိုက်က ပုံစံထုတ်လာတာ၊ အာလူးတော့ မရတော့ဘူး၊ ထောင်မှူးကလေးက ခုလောလောဆယ်တော့ ဒီမှာပဲ ချက်စားတဲ့"

ကျင်ရွှေက ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ မွေးနီသည် ထလာကာ ဆွဲခြင်းထဲက ပစ္စည်းများကို လှမ်းကြည့်လိုက်ရင်း

"ဟင်းချက်ရင် ဒို့ဖို့ပါ နည်းနည်းပါးပါး ကျန်အောင် ကြည့်ချက်ပါအေ၊ ညည်းမချက်ချင်ရင်လဲ ငါ့သာ ဟင်းဝေပေးပါ"

ကျင်ရွှေက ခေါင်းကို စောင်းငဲ့ကာ ဗမာဆန်ဆန် ဖြည်းလေးစွာ ညိတ်ပြလိုက်သည်။ တကယ်တော့ သည်အဆောင်ထဲတွင် ကျင်ရွှေသည် တန်ခိုး အကြီးဆုံး ဖြစ်နေသည်။ အထူးတန်း ရထားသူမို့ စားစရာ သောက်စရာရှိလျှင် သူ့ကို မျက်နှာချို သွေးကြရသည်။ အကြည်မှာ ကျင်ရွှေ၏ အထူးတန်း အစားအသောက်ပုံစံကို မနာလိုဖြစ်နေသည်။ ဖာသည်ချင်း အတူတူ ဘယ်အမဲကများ သည်ကောင်မကို ထောင်ဝင်စာလာတွေ့ပါလိမ့်ဟု စဉ်းစားနေဟန်ရှိလေသည်။

"ထောင်ဝင်စာ လာတွေ့တဲ့ သူဌေးက ဘာတွေ ပေးသွားသလဲ အရွှေ"

ကျင်ရွှေက အကျဉ်းသား အင်္ကျီအပွကြီးထဲတွင် ဝှက်ယူလာသည့် စီးကရက်ဗူးကို ထောင်ပြကာ ခေါင်းအုံးအောက်သို့ ထိုးသွင်းလိုက်သည်။

"ဒါပဲလား၊ ပြီးတော့ကော"

ကျင်ရွှေက ခပ်ကြွားကြွားမျက်နှာပေးဖြင့် လက်ညှိုးနှင့် လက်မကို ဝိုင်းပြလိုက်သည်။ ငွေပေးသွားသည်ဆိုသည့်သဘောကို ပြောခြင်းပင် ဖြစ်လေသည်။ အကြည်သည် ကျင်ရွှေပြောသည်ကို နားလည်သွားကာ မျက်နှာထားကို အမြန်ပြောင်းလိုက်သည်။ အကြည်၏မျက်နှာမှာ စောစောကလို မနာလိုသော မျက်နှာထားမဟုတ်တော့ဘဲ အောက်ကျို့သော မျက်နှာမျိုး ဖြစ်ပေသည်။

"သူဌေးက ဘယ်အရွယ်ရှိပြီလဲအေ့"

"ဘာကြီးဦးမလဲ၊ သုံးဆယ်လောက် ရှိဦးမှာပေါ့"

ကျင်ရွှေက မပြုံးချင့်ပြုံးချင်ပြုံး၍ ပြောလိုက်သည်။ မမြကြီးက အိပ်ရာပေါ်တွင် ပက်လက်လှန်နေရာမှ ချောင်းဟန့်လိုက်ရင်း

"ချောသလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ရွှေရဲ့ အမဲတစ်ကောင်ပေါ့နော်"

ကျင်ရွှေသည် ရုတ်တရက်မဖြေသေးဘဲ ငိုင်တိုင်တိုင် ဖြစ်နေသည်. အတန်ကြာမှ

"ဆိုပါတော့လေ၊ ခုပဲ ငွေငါးဆယ်ချူခဲ့သေးတယ်"

ကျင်ရွှေက လွတ်ခနဲ ပြောလိုက်မိသည်။ ပြီးမှ သူ့စကားလွန်သွားမှန်းကို သတိရကာ ခပ်ငေးငေးဖြင့် -

"ဒါပေမဲ့ကွယ် အမဲတော့ မဟုတ်ပါဘူး"

တကယ်တော့လည်း ခင်မောင်ဝင်းကို ဖာသည်တစ်ယောက်ဆီလာသော အမဲတစ်ကောင်ဟု ပြောရမည်ကို မပြောရက်ပေ။

ကိုယ့်ကို စေတနာဖြင့် လာတွေ့သူ ချစ်သူကို မစော်ကားလိုပေ။

"ဒါဖြင့် အဆက်ဟောင်းထဲကလား"

"ဟုတ်တယ် အဆက်ဟောင်း၊ ဟောင်းလွန်းအားကြီးလို့ ခက်နေတယ်"

ကျင်ရွှေသည် ရင်ထဲမှာပြောချင်သော စကားလုံးကို တည့်တည့်မေးမိလျက်သား ဖြစ်နေ၍ လိုက်လိုက်လှဲလှဲ ပြောချလိုက်သည်။ သူ့အသံမှာ ငိုသံကြီးလို တုန်တုန်ရီရီဖြစ်ကာ တိမ်ဝင်သွားသည်။ မျက်နှာသည် ညိုလာကာ မျက်လုံးတွင် မျက်ရည်တွေရစ်ဝဲလာကြပေသည်။ ကလေးအမေ မညိမ်းမေသည် မျက်ရည်တွေ ဝဲနေသော ကျင်ရွှေကို တအံ့တဩ လှမ်းကြည့်နေလေသည်။

"အမေလေးတော်၊ ဟောင်းလွန်းအားကြီးတာနဲ့ ဘာလို့ခက်ရမှာလဲ၊ ဟောင်းရင် သာတောင်ကောင်းသေး"

မမြကြီးက ဝင်ပြောလိုက်သဖြင့် ဝါးခနဲ ရယ်လိုက်ကြသည်။ ကျင်ရွှေကမူ မရယ်နိုင်ဘဲ မျက်ရည်လည်ရွဲနှင့် ခေါင်းကို ဖြည်းလေးစွာ ယမ်းနေသည်။

"ရှင်တို့ မသိဘူး၊ ကျွန်မ့အဟောင်းက မကောင်းဘူး၊ ခက်တယ် ခက်တာမှ သိပ်ခက်တယ်"

"ဘာလို့ ခက်တာလဲ"

"အတိတ်ကိုဖော်လို့ မကောင်းလို့ခက်တာပေါ့။ သူကတော့ အတိတ်ကိုဖော်မှ သူ့ကိုယ်သူကယ်တင်လို့ရမယ်တဲ့။ ကျွန်မအဖို့တော့ မထူးတော့ပါ





ဘူး။ ကယ်တင်လို့မရတဲ့ဘဝရောက်နေပြီမို့ အတိတ်ကို ပြန်ဖော်ရင်လဲ စိတ်မကောင်းရုံပဲရှိတော့မှာပဲ။ သတိမရဘဲနေတာကမှ ကောင်းသေးတယ်။ သည်လိုကျတော့လဲ သူက သဘောမကျပြန်ဘူး၊ ခက်ပါတယ် မညိမ်းမေရယ်"

ကျင်ရွှေက ခပ်လေးလေးညည်းကာ ရစ်ဝဲလာသော မျက်ရည်တွေကို သုတ်လိုက်သည်။ မညိမ်းမေသည် သူ့ကို သနားကရုဏာသက်သလို ငေးနေပေသည်။ မညိမ်းမေသည် ထောင်ထဲတွင် ကျင်ရွှေနှင့် တော်တော်ကြာကြာနေခဲ့ဖူးပြီဖြစ်၏။ ပါလစ်ဆီအရက်ကို သောက်တတ်သော ကျင်ရွှေ၊ တစ်ခါတစ်ရံ ဆေးခြောက်ရှူတတ်သော ကျင်ရွှေ၊ ပြည့်တန်ဆာမ ကျင်ရွှေ၊ လူသတ်မှု တရားခံ ကျင်ရွှေကိုသာ မြင်ဖူးခဲ့၍ မျက်ရည်လည်ရွဲနှင့် ကျင်ရွှေကို သည်တစ်ခါသာ မြင်ဖူးပေသည်။ သည်လိုဆိုပြန်တော့လည်း သနားစရာ ကောင်းနေပေသည်။

"ဟင် မကျင်ရွှေတို့အခက်က ကျွန်မတော့ နားမလည်နိုင်သေးပါဘူး"

"ဒါပေမဲ့ စိတ်မကောင်းစရာကြီး၊ ဘာဖြစ်လို့ ငိုတာလဲဟင်"

ကျင်ရွှေသည် မျက်ရည်တွေကြားမှ အားယူ၍ ပြုံးလိုက်သည်။ သို့ရာတွင် သူ့အပြုံးမှာ တောက်ပခြင်းမရှိ၊ နွမ်းနယ်သော မချိပြုံးမျှသာ ဖြစ်လေသည်။

"ဩော် မညိမ်းမေက ကျွန်မငိုတာ မမြင်ဘူးလို့ ဆန်းနေသလား၊ ဟုတ်တယ် မညိမ်းမေ။ ကျွန်မ မငိုဘူး၊ မငိုမိအောင်လဲ ငိုစရာတွေကို မတွေးဘူး၊ ကျွန်မဇာတ်ကြောင်းဟာ ရင်နာစရာကောင်းတယ် မညိမ်းမေ၊ ရင်နာစရာကောင်းလွန်းလို့ အတိတ်ကို မတွေးမိအောင် ကျွန်မနေတယ်။ အတိတ်ကို တွေးမိလာရင် စိတ်ညစ်လွန်းလို့ စိတ်ညစ်ပြေအောင်ဆိုပြီး အရက်သောက်တယ်၊ ဆေးခြောက်ရှူတယ်။ ကျွန်မအားတင်းပါမယ် မညိမ်းမေ၊ ဝက်ဖြစ်မှတော့ ချေးမကြောက်တော့ဘူး ဆိုသလို ကျွန်မ ဘာကိုမှ မတွေးမိအောင် ပျော်အောင်နေတယ်။ အမြဲတမ်း ပြုံးပြုံးရယ်ရယ်နေတယ်။ ကျွန်မဇာတ်ကြောင်းကို ကျွန်မသာအသိဆုံးမို့ ကိုယ့်ဘဝကို ဇာတ်မြှုပ်ပြီး ဖာသည်ပီပီနေတယ်။ အတိတ်ကို လုံးလုံးလျားလျားကြီး မေ့ထားလိုက်တယ်။ ဒါပေမဲ့ ဒီနေ့တော့ သူလာပြီး ဘယ်လိုနည်းနဲ့ ဒီလိုအဖြစ်ကို ရောက်ရတာလဲ ဘာလဲလို့ လာမေးတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကျင်ရွှေ၏ အသံမှာ ဝမ်းနည်းသံမှ ဒေါသသံပါလာသည်။ ကျင်ရွှေသည် နှုတ်ခမ်းကို ကိုက်ကာ မျက်ရည်တွေကို သုတ်လိုက်သည်။

"မမေးနဲ့၊ ကျွန်မကို ဒါတွေမမေးနဲ့လို့ အော်ထုတ်လိုက်တယ်။ ဟုတ်တယ် ကျွန်မ ဒီဘဝကို ဘယ်လိုရောက်လာသလဲဆိုတာ ကျွန်မ သူ့ကို ပြောမပြနိုင်ဘူး၊ ပြောပြလဲ သူဘာမှ တတ်နိုင်တော့မှာမဟုတ်ဘူး"

"သူ့ကို မပြောပြချင်ရင်လဲ ကျွန်မတို့ကို ပြောပြပါလား မကျင်ရွှေရဲ့"

"နားမထောင်ချင်စမ်းပါနဲ့ မညိမ်းမေ။ ဒီအကြောင်းကို ပြန်ပြောရရင် ရင်နာလွန်းလို့ပါ"

"လုပ်ပါ အရွှေရယ်၊ ကိုယ်တို့ကိုတော့ ပြောပြပါ။ ကိုယ့်အချင်းချင်း ဘာကွယ်ဝှက်စရာလိုသလဲ။ သိတန်သိထားရတာပေါ့"

ခပ်လှမ်းလှမ်းမှ အကြည်ကလည်း သူ့ကို လှမ်းပြောလိုက်၏။ ကျင်ရွှေသည် ဘာမျှမပြောဘဲ နှုတ်ခမ်းများကို ကိုက်ထားလေသည်။ အတန်ကြာမှ

"ကဲ ကဲ နားထောင် ကျွန်မ ပြောပြမယ်။ ကျွန်မနာမည်ရင်းက ကျင်ရွှေမဟုတ်ဘူး၊ ရွှေတင်တဲ့။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူနဲ့တွေ့ကြတာ၊ တွေ့ကြတယ်ဆိုတာက အတွေ့ကလေးမဟုတ်ဘူး၊ အတွေ့ကြီး တွေ့ကြတာ"

ရွှေတင်က သူ့အဖြစ်အပျက်ကို ပြန်၍ ပြောပြလေသည်။

●

# (၂၈)

ရွှေတင်သည် ကြမ်းပြင်ပေါ်တွင် ထိုင်နေရာမှ အထလိုက်တွင် မိုက်ခနဲဖြစ်သွားသည်။ ခေါင်းထဲက တရိပ်ရိပ်မူးလာသဖြင့် ခုတင်တိုင်ကို လှမ်းကိုင်ထားလိုက်ပြီး တော်တော်ကြာအောင် ရပ်နေရသည်။ ခဏကြာတော့မှ ကုတင်နားသို့ ဖြည်းညင်းစွာ လျှောက်လာကာ အသာလှဲချလိုက်မိသည်။

ကြီးကြီးဆင့်နှင့် ဒေါ်ဒေါ်သီမှာ အိပ်ပျော်နေကြပြီဖြစ်၏။ ရွှေတင်နှင့် သူ့အစ်မရွှေခင်သာလျှင် ရွှေတင်၏ အခန်းကလေးထဲတွင် ရှေးဟောင်းနှောင်းဖြစ်တွေကိုပြောကာ စကားကောင်းနေကြ၏။ ရွှေခင်မှာ ရွှေတင်က လှမ်းခေါ်လိုက်သဖြင့် ဇဟားမှဖြူးသို့ ခေတ္တရောက်လာခြင်းဖြစ်သည်။ ရွှေတင်သည် သူ့တွင် ကိုယ်လေးလက်ဝန်ရှိနေကြောင်းကို ခင်မောင်ဝင်းထံ စာအတန်တန်ဖြင့် အကြောင်းကြားခဲ့သည်။ သို့သော်လည်း ခင်မောင်ဝင်းထံမှ ဘာအကြောင်းမျှ ပြန်မလာပေ။ ကြာတော့ ရွှေတင်သည် စိတ်ပျက်အားငယ်စ ပြုလာသည်။ ဗိုက်ထဲမှ ကိုယ်ဝန်မှာ ဖုံးမရအောင် ပေါ်လာလျှင် ကြီးကြီးဆင့်တို့ ဒေါ်ဒေါ်သီတို့ကို ဘယ်လိုပြောရမည် မသိပေ။ ထို့ကြောင့် ဖြူးမှ အမြန်ဆုံးသာ ထွက်ပြေးချင်ပေသည်။ ဖြူးမှထွက်ပြေးမည်သာ ဆိုရသော်လည်း ဘယ်ကိုသွားရမည် မသိပေ။ သူ့လောကသည် ဖြူးတစ်ဝိုက်သာဖြစ်၏။ သည်လောက၏ အပြင်ဘက်တွင် ဘာတွေရှိသည်ကိုလည်း ရွှေတင်မသိပေ။ သူ့အစ်မ ရွှေခင်ရှိရာ ဇဟားသို့ပြန်လျှင်တော့ ဖြစ်ပါ၏။ သို့သော် ဗိုက်တစ်လုံးနှင့် ဇဟားပြန်ရမည်မှာ ရှက်စရာကောင်းလှသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရွှေတင်သည် ဘာမျှမတတ်နိုင်တော့ဘဲ ဇယားက ရွှေခင်ကို ဖြူးသို့အမြန်ဆုံးလိုက်လာရန် လူကြုံဖြင့် တိတ်တဆိတ်မှာလိုက်ရသည်။ ရွှေခင်သည် လယ်အလုပ်တွေကိုပစ်ကာ ဘုမသိဘမသိဖြင့် ဖြူးသို့ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

ရွှေခင်သည် ရွှေတင့်ခုတင်ဘေးကြမ်းပေါ်တွင် သူ့အိပ်ရာလိပ်ကလေးကို ကျောပေးပြီး ဖြန့်ခင်းထားသဖြင့် ရွှေတင့်အခြေအနေကို မသိလိုက်ပေ။ ရွှေခင့်အိပ်ရာခြေရင်းတွင် ဂုံအိတ်တွေ၊ တင်းတောင်းတွေ ပြည့်နှက်နေ၏။ ရွှေခင်သည် ခြင်ထောင်ကြိုး ထခုည်ရင်း လယ်တောမှအလုပ်များကို စဉ်းစားနေမိလေသည်။ လယ်တောတွင် စပါးပေါ်ချိန် ဖြစ်သဖြင့် ထွန်းအေးတစ်ယောက်တည်း အလုပ်များနေမည်ကို မြင်ယောင်နေပေသည်။

"ရွှေတင်ရေ ငါနက်ဖြန် ရွာပြန်ချင်တယ်၊ ဘယ့်နှယ်လဲ။ အလုပ်တွေကလဲ တစ်ပုံကြီးကျန်သေးတယ်၊ ကောက်လှိုင်းတွေလဲ မသိမ်းရသေးဘူး"

"တစ်ရက်လောက် နေပါဦး ရွှေခင်ရယ်၊ ငါက အော့လိုက်အန်လိုက်နဲ့ အားနည်းနေသေးလို့ပါ"

ရွှေတင်က အသံသဲ့သဲ့ဖြင့်ပြန်ပြောလိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ နွမ်းလျနေသည်။ သူ့အသံမှာ ဖျော့တော့အားနည်းနေပေသည်။ ရွှေခင်သည် ခြင်ထောင်ကြိုးချည်ပြီး အိပ်ရာပေါ်တွင် ထိုင်ချ၍ ဒူးနှစ်ဖက်ထောင်ကာ ကွမ်းသီးဖက် ဆေးလိပ်ကိုဖွာရင်း ရွှေတင်ကို ငေးကြည့်နေမိသည်။ ရွှေတင်ကို ကြည့်ပြီး တွေးနေမိသည်။

"ရွှေတင်"

ရွှေတင်သည် သူ့ဘက်ကို ဖြည်းညှင်းစွာလှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးများမှာ ဖျော့တော့နေကြသည်။ ရွှေခင်သည် မေးသင့်မမေးသင့် စဉ်းစားနေမိသည်။ အတန်ကြာမှ -

"ရွှေတင် နင့်ကိုကြည့်ရတာ အကဲမရဘူး၊ မှန်တဲ့အတိုင်း ငါ့ကိုပြောစမ်း"

ရွှေတင်သည် ဘာမျှမပြောဘဲ ရွှေခင်ကို စိုက်၍ ကြည့်နေသည်။ သူ့မျက်လုံးမှ မျက်ရည်တွေ စီးကျလာသည်။ ပြီးနောက် ရွှေခင်ကို လက်ယပ်၍ ခေါ်လိုက်သည်။ ခုမှတော့ဖြင့် မထူးတော့ပြီမို့ ရွှေခင့်ကိုပင် ဖွင့်ဟ၍ပြောရပေမည်။ ရွှေခင်သည် ကွမ်းသီးဖက်ဆေးလိပ်ကြီးကို လက်ကြားတွင်ညှပ်ကာ ရွှေတင့် ခုတင်စွန်းတွင် လာ၍ ထိုင်လိုက်သည်။





"ရွှေခင်၊ ငါ့မှာ ဟိုဒင်း၊ ဟိုဒင်း"

ရွှေတင်သည် ရှေ့ဆက်မပြောနိုင်ဘဲ မျက်နှာကို ခေါင်းအုံးနှင့်အပ်ကာ ငိုရှိုက်နေသည်၊ သူ့ကျောပြင်သည် နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။

"ငါရိပ်မိပါတယ် ရွှေတင်ရယ်၊ ပြောစမ်းပါဦး ဘယ်သူနဲ့လဲ။ ဒုက္ခပါပဲ၊ ငါတော့ ညည်းကြောင့် သေသာ သေလိုက်ချင်တာပဲအေ"

"ပြောတော့ ရွှေခင်၊ ပြောဘော့၊ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ ငါ့အပြစ်ပဲ"

ရွှေတင်သည် မျက်နှာကို ခေါင်းအုံးတွင်အပ်ကာ ငိုရှိုက်ရင်း ပြောလိုက်၏။ မျက်လုံးများမှ စီးကျလာသော မျက်ရည်များသည် ပူလောင်လှလေ၏။ ပူလောင်သော မျက်ရည်များသည် သူ့ရင်ထဲတွင် ဘယ်လောက်ပူလောင်နေသည်ကို ဖော်ထုတ်ပြသည့် အမှတ်အသားပင် ဖြစ်လေသည်။ မျက်ရည်ဆိုသည်မှာ သာမန်အားဖြင့် ပူလောင်သည် မှန်သော်လည်း ရင်တွင်းတွင် ပူလောင်နေသော ရွှေတင်၏ မျက်ရည်များက ပို၍ ပူလောင်သည်ဟု ထင်ရပေသည်။

"ဘယ့်သူနဲ့လဲ၊ ပြောစမ်းပါဦး"

ရွှေခင်က စိတ်မရှည်နိုင်တော့၍ ဒေါသသံကလေးဖြင့် ပြောလိုက်သည်။ သူ့အသံမှာ နည်းနည်းကျယ်၍ သွားသဖြင့် ရွှေတင်က ပါးစပ်ကို လှမ်းပိတ်လိုက်ကာ

"တိုးတိုးပြောပါ၊ ကြီးကြီးဆင့်တို့ နိုးကုန်လိမ့်ဦးမယ်။ ဘယ်သူနဲ့ဆိုတာတော့ မသိချင်ပါနဲ့တော့ ရွှေခင်ရယ်၊ မပြောပါရစေနဲ့တော့"

"လင်ကောင်မပေါ်ဘဲမွေးလို့ ဖြစ်မလားဟဲ့။ ဘယ်သူနဲ့ဆိုတာတော့ ပြောဦးမှပေါ့ ရွှေတင်။ ညည်း ငါ့ကိုပါ အရှက်ကွဲအောင် လုပ်နေတာနဲ့ အတူတူပဲ၊ ငါတော့ သေချင်တယ်"

ရွှေခင်သည် ချူသံပါအောင် ညည်းနေသည်။ ရွှေတင်ကား ငိုရှိုက်လျက် ရှိပေသည်။

"ပြောလို့မဖြစ်ဘူး ရွှေခင်၊ ပြောလို့မဖြစ်ဘူး။ ပြောရင်အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်၊ ဒုက္ခရောက်ချင်းရောက်ရင် ငါသာရောက်ပေစေတော့။ အရှက်ကွဲရင်လဲ ငါသာ ခံတော့မယ်"

"ဒုက္ခရောက်ရအောင် ဘယ်သူနဲ့တုံးဟဲ့ ရွှေတင်ရဲ့၊ ငါနင့်ကို ထုပစ်လိုက်ချင်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း လုပ်ချင်သလိုလုပ်တော့ ရွှေခင်၊ ငါ သူ့ အရှက်ရအောင် မပြောချင်ဘူး၊ ငါပဲ ခံတော့မယ်"

ရွှေခင်သည် ဘယ်သူများ ဖြစ်ပါလိမ့်မလဲဟု စဉ်းစားနေမိသည်။ မီးမရှိတော့သော ကွမ်းသီးဖက်ဆေးလိပ်ကို ယောင်ယမ်း၍ ဖွာနေသည်။ ခဏကြာမှ ကွမ်းသီးဖက်ဆေးလိပ်ကို ဆေးလိပ်ပြာခံခွက်ထဲသို့ ထိုးထည့်လိုက်ရင်း

"အစ်ကို ခင်မောင်ဝင်းနဲ့လား၊ မှန်မှန်ပြောစမ်း"

ရွှေခင်၏ အသံမှာ အမိန့်ပေးသံပါနေ၏။ ရွှေတင်သည် ငြင်းမနေတော့ဘဲ ခေါင်းညိတ်ပြလိုက်လေသည်။ ရွှေတင်က အားတက်သရောဖြင့်

"ဒီလိုဆိုရင် ကြီးကြီးဆင့်တို့ကို ပြောပြပါလား"

"ပြောပြလို့ ဘယ်ဖြစ်ဦးမလဲ ရွှေခင်ရယ်၊ မီးတောက်ကုန်မှာပေါ့"

ရွှေတင်က မျက်ရည်ကို သုတ်နေ၏။ ကြီးကြီးဆင့်တို့အကြောင်းကို ရွှေခင် ကောင်းကောင်းမသိသေးပေ။

"အို ဘာကြောက်စရာရှိသလဲ၊ လူသိပ်မသိခင် မြန်မြန်မင်္ဂလာဆောင်လိုက်ရုံပေါ့"

"သည်လောက်မလွယ်ဘူး ရွှေခင်"

ရွှေတင်က ခေါင်းကို ဖြည်းလေးစွာ ယမ်း၍ ပြောလိုက်သည်။ သူ့အသံသည် ငိုရှိုက်သံပါလာသည်။ သည်အကြောင်းကို တွေးလိုက်တိုင်း ရင်ထဲမှာ မချိမဆံ့ဖြစ်လာကာ ရင်ဝတွင် အလုံးကြီးလာဆို့ထားသလို လိုက်လာသည်။

"ဘာလို့မလွယ်ရမှာလဲ၊ အစ်ကိုခင်မောင်ဝင်းက ကြီးကြီးဆင့်ရဲ့တူအရင်း၊ အစ်မက ကြီးကြီးဆင့်ရဲ့ မွေးစားသမီး၊ လက်ဆက်လိုက်ရင် လွယ်လွယ်လေးပေါ့"

ရွှေခင်သည် တောမှာမွေး၍ တောမှာကြီးပြင်းလာသူ ဖြစ်၏။ မြို့အကြောင်းကို သိဟန်မတူပေ။ ထို့ထက် ကြီးကြီးဆင့်တို့ အကြောင်းကိုလည်း သိဟန်မတူပေ။ ထို့ထက် ကြီးကြီးဆင့်တို့အိမ်တွင် နေရသော ရွှေတင်၏ ဘဝကိုလည်း သိဟန်မတူပေ။ သူ့သချာတွင် သည်ကိစ္စသည် စိတ်တွက်ဖြင့် အဖြေရနိုင်သော မေးခွန်းတစ်ပုဒ်ဟု ထင်နေပုံရလေသည်။

"မွေးစားသမီးဆိုတာကို ထည့်ပြောမနေနဲ့ရွှေခင်။ ငါ့အကြောင်း





ညည်းမသိဘူး၊ အပြင်ကနေကြည့်တော့သာ မြေပိုင်ရှင် ဆန်စက်သူဌေး ဒေါ်မြဆင့်ရဲ့မွေးစားသမီး၊ ဒါပေမဲ့ တကယ်ကျတော့ ငါဟာ တရားဝင်မွေးစားသမီးမဟုတ်ဘူး။ ခိုင်းလို့ကောင်းရုံသာ မွေးစားသမီးရယ်လို့ စကားအဖြစ် လုပ်ထားတာ၊ သူတို့ပြင်ဆင်ပေးကမ်းထားတာကလေးတွေတောင် ပြန်ပေးလိုက်ချင်သေးတယ်"

ရွှေတင့်အသံမှာ ဝမ်းနည်းသံတစ်ဝက် ရောလျက်ရှိ၏။

"ဒေါ်ဒေါ်သီကို ပြောခိုင်းကြည့်ရင်ကော"

"ဒေါ်ဒေါ်သီက ဘာသြဇာရှိတာလိုက်လို့၊ သူလဲ ကြီးကြီးဆင့်ကို မှီခိုနေရတာပဲ မဟုတ်လား။ ဒီမှာရွှေခင်၊ ညည်း မသိဘူး။ ကြီးကြီးဆင့်တို့က သူတို့တူနဲ့ ငါ့ကို နည်းနည်းမှတန်တယ်ရာတယ် ထင်တာမဟုတ်ဘူး။ သူတို့ရှေ့မှာ စကားပြောတာတောင် ကြိုက်တာမဟုတ်ဘူး"

"သူတို့က တန်တယ်ရာတယ်မထင်လဲ ဘာကိစ္စရှိလဲ၊ အစ်ကိုခင်မောင်ဝင်းက အဓိကရာပါ"

ရွှေတင်သည် ခင်မောင်ဝင်းကို သွားအမှတ်ရပေသည်။ ခင်မောင်ဝင်းသည် သူ့အပေါ်တွင် စိမ်းကားရက်စက်မည့်သူ မဟုတ်ကြောင်းကိုကား ရွှေတင်ကောင်းကောင်းသိပေသည်။ ဒေါ်မြဆင့်အကြောင်းကို တွေးလျှင် ဒေါသထွက်သလို ရှိသော်လည်း ခင်မောင်ဝင်းအကြောင်းကို တွေးလျှင် ဝမ်းနည်းလာတတ်ပေသည်။

"အစ်ကိုကလဲ ဘယ်လိုမှန်း မသိပါဘူးကွယ်။ စာရေးပြီး အကြောင်းကြားထားတာ စာလဲ မပြန်၊ လူလဲ မပေါ်လာဘူး။ ဟိုတုန်းကတော့ အကြောင်းအမျိုးမျိုးပြပြီး ငါ့ရှိရာလိုက်လာတာပဲ။ ခုတော့ အကြောင်းအမျိုးမျိုးပြပြီး ငါ့ကို ရှောင်သွားပြီ ထင်ပါရဲ့"

ရွှေတင်၏ အသံမှာ ပြောရင်း ငိုသံပါလာသည်။ တကယ်ပင် ခင်မောင်ဝင်းသည် သူ့ကို ရှောင်သွားလေပြီလား မဆိုနိုင်တော့ပေ။ ရွှေတင်သည် တွေးရင်း ဝမ်းနည်းလာကာ မျက်ရည်တွေကို သွန်ချမိပြန်သည်။

"ခက်ကြပေါ့ ရွှေခင်၊ ခက်ကြပေါ့၊ မကြံတတ်တော့ဘူး"

"ရန်ကုန်လိုက်သွားရင်ကော"

"ဘယ်ဖြစ်မလဲ ရွှေခင်ရယ်၊ ရန်ကုန်ကို မသွားတတ် မလာဘူးဘဲ တစ်ခေါက်မှလဲ ရောက်ဖူးတာမဟုတ်ဘူး။ ဟိုလိုက်သွားတော့ သူလဲ အရှက်



www.burmeseclassic.com

www.burmeseclassic.com



ကွဲဦးမယ်၊ အခုအတိုင်းတော့ သူ့ဆီက စာလာအောင်ဖြစ်ဖြစ်၊ လူကိုယ်တိုင်လာအောင်ဖြစ်ဖြစ် စောင့်ရမှာပဲ"

"စောင့်နေရင် ဒီဝိုက်ကမပေါ်ဘဲ မနေဘူးတော့၊ တစ်နေ့တခြားပေါ်လာမှာ၊ အဲဒါကိုကော ဘယ့်နှယ်လုပ်မလဲ"

"ဒါတော့ တခြားကို သွားတန်သွားနေရမှာပေါ့ ရွှေခင်ရယ်"

ရွှေခင်သည် ငေးနေမိလေသည်။ ဇဟားကို ခေါ်ရန်လည်း မဖြစ်၊ မုံးကို ပို့ဖို့ဆိုသည်မှာလည်း လွယ်ကူသည့်ကိစ္စမဟုတ်၊ အသိမိတ်ဆွေမရှိသည့်နေရာကို ပို့ထားလျှင် ကောင်းလေမလားဟု တွေးရင်း တစ်စုံတစ်ရာကို သတိရလာသဖြင့် အားတက်လာကာ

"ညနေကတော့ သတင်းတစ်ခုကြားတယ်၊ ကြီးကြီးဆင့်နဲ့ဒေါ်ဒေါ်သီတို့ ပြောနေကြတာ။ အစ်ကိုခင်မောင်ဝင်း မေမြို့သွားမလို့တဲ့။ ဒီနေ့ညရထားနဲ့ အထက်ပါသွားမယ်တဲ့၊ ဖြူးကိုတော့ မဝင်တော့ဘူးတဲ့။ မိတ်ဆွေတွေနဲ့ အတူတူသွားရမှာမို့လို့ အပြန်မှာ အချိန်ရရင် ဖြူးကို ဝင်လာလိမ့်မယ်ထင်တယ်တဲ့"

ရွှေတင်မှာ အားတက်လာကာ မျက်နှာတွင် သွေးရောင်စို့လာသည်။ ခုအတောအတွင်း သူအတွေ့ချင်အမြင်ချင်ဆုံးသူမှာ ခင်မောင်ဝင်းပင် ဖြစ်သည်။ ခင်မောင်ဝင်းသည် သူ့အဖို့ ရေနစ်ရာတွင် လှမ်းတွယ်ရမည့် ကောက်ရိုးပင်တစ်ပင် ဖြစ်သည်။ နစ်မှနစ်စေတော့ သည်ကောက်ရိုးပင်ကို လှမ်း၍တွယ်ရာမှအပ တခြားနည်းလမ်း မရှိတော့ပေ။

"ဟင် ဟုတ်လား၊ အပြန်မှ ဝင်မယ်ဆိုတာကတော့ မဖြစ်နိုင်ဘူး။ ကြီးကြီးဆင့်တို့က မဝင်အောင်လုပ်ကြမှာသိလား၊ ခု ဘယ်အချိန် ရှိပြီလဲ"

"ဆယ်နာရီလောက်တော့ ထိုးရောပေါ့"

"ရထားက ဆယ်နာရီဆိုက်မှာ၊ လာ - လာ ဘူတာရုံဆင်းတွေ့ရအောင်"

ရွှေတင်သည် စောင်တွေကို ဘေးကန်ထုတ်ကာ ခုတင်မှ ထ,လိုက်သည်။

"ကြီးကြီးဆင့်တို့ အိပ်ကုန်ကြပလား"

"အိပ်ကုန်ကြပါပြီ၊ ခုနတင် နင်းပေးခဲ့ရသေးတယ်၊ လာ လာ ရထားဆိုက်ချိန် နီးနေပြီ"





ရွှေတင်သည် ပြောရင်းဆိုရင်း ခုတင်ခြေရင်းတွင်ဖြန့်ထားသောသရက်ထည်လုံချည်ကို ထပ်၍ ဝတ်လိုက်လေသည်။ အကျႌလဲရန် အချိန်မရတော့၍ အမြိတ်များတွဲလောင်းကျနေသည့် ဧရှဉ့်သွေးကတ္တီပါစောင်ကလေးကို ခြုံလိုက်သည်။ စောစောကတော့ ရွှေတင်သည် အင်အားကုန်ခန်းသူမို့ နွမ်းနယ်နေ၏။ ယခုတော့ ရွှေတင်သည် ပေါ့ပါးဖျတ်လတ်နေသည်။ ရှေ့တွင် မျှော်လင့်ချက်ကြီးကို မြင်ရ၍ အားတက်လာသည်။ တကယ်ဆိုတော့ ခင်မောင်ဝင်းသည် သူ့အဖို့ မျှော်လင့်ချက်တောင်ကြီး မဟုတ်လား။

"လုပ်ပါ ရွှေခင်ရဲ့၊ ရထားမမီလိုက်ပဲနေလိမ့်မယ်"

ရွှေတင်က သွက်လက်ဖျတ်လတ်သလောက် ရွှေခင်က နှေးကွေးလေးကန်နေသည်။ ရွှေခင်က မျက်နှာသုတ်ပုဝါတစ်ထည်ကို ကောက်၍ခြုံလိုက်ရင်း -

"အေးပါဟယ် ဖြည်းဖြည်းပေါ့။ လောတော့လဲ ညည်းပဲ"

"တော်တော်ကြာ ရထားမမီလိုက်ပဲ နေလိမ့်မယ်၊ ရထားကသုံးမိနစ်ပဲဆိုက်တာ"

ရွှေတင်တို့ညီအစ်မသည် တံခါးကို အသံမမြည်အောင်ဖွင့်ကာ အပြင်သို့ ထွက်လာကြသည်။ ဆောင်းဦးလေသည် စိမ့်စိမ့်အေးနေပေသည်။ ကောင်းကင်တွင် လရောင်မရှိဘဲ မိုးတိမ်များ အုံ့ဆိုင်းနေသည်။ အဝေးမှ ခွေးဟောင်သံ၊ ကြက်တွန်သံစသည့် ည၏ အသံဗလံများကို တစ်ချက်တစ်ချက်တွင် ကြားရသည်။

ရွှေတင်သည် ကတ္တီပါစောင်စွန်းနှစ်ဖက်ကို ဘယ်လက်ဖြင့် ရင်ညွန့်ပေါ်တွင် ဆွဲ၍ ခြုံလိုက်ကာ ရှေ့မှ ခပ်သုတ်သုတ် လျှောက်လာသည်။ ရွှေခင်မှာ ရွှေတင့်ခြေလှမ်းကို မမီနိုင်တော့ဘဲ ခပ်သုတ်သုတ်လိုက်နေရသည်။ ရွှေတင်မှာ သူ့ဇောနှင့်သူမို့ မမောနိုင်သော်လည်း ရွှေခင်မှာ မောဟိုက်နွမ်းနယ်၍ပင်လာသည်။

ရန်ကုန်-မန္တလေးလမ်းကို ဖြတ်ကျော်လာသောအခါတွင် ဒေါ်မြဆင့်၏ ဆန်စက်ဝင်းထဲမှ ဆယ်နာရီတစ်မောင်းခေါက်သံကို ကြားရလေသည်။ လမ်းပေါ်တွင် လူသူကင်းရှင်းကာ တိတ်ဆိတ်နေသည်။ မြင်းလှည်းတစ်စီးမှာ လှည်းဘီးကြားတွင် ကြိမ်တုတ်ထိုး၍ အချက်ပေးရင်း ကျော်တက်သွားသည်။ မြင်းခွာသံနှင့် ဂျလက်-လက်-လက်ဟူသော မြင်းလှည်းဘီးထဲသို့ ကြိမ်ထိုး၍ အချက်ပေးလိုက်သောအသံမှာ ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်းပါ ရွှေခင်ရယ်၊ နှေးလိုက်တာ"

ရွှေတင်က ရှေ့ကသွားနေရင်း နောက်သို့ လှည့်ကြည့်၍ ပြောလိုက်သည်။ ခြေလှမ်းများကား နည်းနည်းမျှမတုံ့ပေ။ သူ့အဖို့ အချိန်သည် အင်မတန် အရေးကြီးနေ၏။ ရွှေတင့်အဖို့ ခြေတစ်လှမ်းသည် ဘဝ လမ်းကွေ့တစ်ခုပင် ဖြစ်သည်။ ခြေတစ်လှမ်းနောက်ကျခဲ့လျှင် သူ့ဘဝတွင် တစ်ကွေ့နောက်ကျခြင်းပင် ဖြစ်သည်။ ရွှေခင်ကား ရှေ့မှခပ်သုတ်သုတ်နှင် နေသော ရွှေတင်ကို အမီလိုက်ရင်း မောနေလေသည်။

လေသည် ခပ်ပြင်းပြင်းတိုက်လာ၏။ ရွှေတင်၏ ကတ္တီပါစောင်နှင့် ထဘီသည် နောက်သို့လွင့်နေပေသည်။ မိုးသက်လေထဲမှ မိုးသက်နံ့သည် မွှေးနေသည်။ စောစောက မိုးစက်မိုးမှုန်ကလေးများသည် တဖွဲဖွဲကျလာကြသည်။

"ဟောတော့၊ မိုးပေါက်ကလေးတောင် ကျလာပြီ"

ရွှေခင်က ခေါင်းကို လက်ဖြင့် အုပ်လိုက်ရင်း လှမ်းပြောလိုက်ပြီးမှ မျက်နှာသုတ်ပုဝါကို ခေါင်းကပါသိုင်း၍ ခြုံထားလိုက်သည်။ ရွှေတင်ကား ဘာမျှမပြောဘဲ ရှေ့မှ ခပ်သုတ်သုတ် သွားနေလေသည်။ ခပ်လှမ်းလှမ်းဆီမှ ရထားခုတ်သံကို ကြားရလေသည်။ ရွှေတင်သည် မျက်လုံးမျက်ဆံပြူးဖြင့်

"ဟော ရထားဝင်လာပြီ ထင်တယ်"

"ဟုတ်တယ်"

နှစ်ယောက်စလုံး အပြေးကလေးသွားကြသည်။ မိုးသည် တဖြည်းဖြည်း သည်း၍လာလေသည်။ မိုးစက်များသည် မိုးသက်လေအား ဝှေ့လိုက်သောအခါတွင် အဝေးသို့ လွင့်စင်သွားကြလေသည်။ လေသည် ခပ်ပြင်းပြင်း တိုက်လာလေသည်။ သူတို့နှစ်ယောက်စလုံးမှာ စိုရွှဲလျက်ရှိသည်။ ရွှေတင်ကား ကတ္တီပါစောင်ကို ခေါင်းပေါ်တွင် ခြုံထားရန်ကိုပင် သတိမရတော့ဘဲ ခပ်သုတ်သုတ် ပြေးနေလေသည်။ ရှေ့မှ မြင်းလှည်းတစ်စီးက ခေါင်းလောင်း တဒေါင်ဒေါင်တီးကာ မောင်းလာသဖြင့် ဘေးသို့ဆင်း၍ ရပ်နေရသေးသည်။ မြင်းလှည်းပေါ်တွင် ဝန်စည်စလည်များ တင်၍လာသည်ကို မြင်ရလေသည်။

"ရထားဆိုက်နေပြီ"

ရွှေတင်သည် လမ်းပေါ်သို့ ပြန်၍တက်ကာ မိုးထဲလေထဲတွင် တအားသွန်၍ ပြေးလေသည်။





"ဟုတ်တယ် ရထားဆိုက်နေပြီ"

ရွှေခင်ကလည်း နောက်ကပြေးလိုက်ရသည်။ သည်ကြားထဲတွင် လုံချည်က ရေတွေစိုရွှဲကာ ကပ်နေသဖြင့် တုံ့၍ နေပေသေးရာ လုံချည်ကို လက်တစ်ဖက်ဖြင့် မ၍ ပြေးရသည်။ ဘူတာရုံထဲတွင်ကား မီးတွေထိန်လင်းနေ၏။ လူသံသူသံ၊ ဈေးသည်တို့၏ အော်သံ၊ မီးရထားစက်ခေါင်းမှ တရှဲရှဲ မြည်သံတို့ကိုလည်း ကြားရသည်။

မိုးသည် သဲသဲမဲမဲ ရွာချနေသည်။ လေပြင်းတစ်ချက်တစ်ချက် ဝှေ့ရမ်းလိုက်သဖြင့် မိုးစက်မိုးမွှားများသည် လွင့်သွားကြသည်။ ရွှေတင်သည် ဘူတာအဝသို့ရောက်ပြီး အထဲသို့ ပြေးဝင်သွားသည်။

"ရွှေတင်ရေ၊ ငါဒီဘူတာရုံထဲက စောင့်နေမယ်ဟေ့"

ရွှေခင်က အော်၍ပြောကာ ဘူတာရုံအဝတွင် ရပ်ရင်း မျက်နှာတွင် စိုနေသော မိုးစက်များကို မျက်နှာသုတ်ပုဝါနှင့်သုတ်ကာ စိုနေသော ထဘီကို ပြင်ဝတ်နေသည်။ ရွှေတင်ကား ဘူတာဂိတ်ကိုကျော်ကာ ပလက်ဖောင်းပေါ်က လူအုပ်ကြားထဲတွင် ဝင်ရောက်လျက် ထွက်သွားသည်။ ရွှေခင်ပြောသံကို ကြားဟန်မတူပေ။

ရွှေတင်သည် စိုရွှဲနေသော ကတ္တီပါစောင်ကို ခေါင်းမှနေပြီး ခြုံထားလိုက်သည်။ မီးရောင်ထဲသို့ရောက်သဖြင့် အသိမိတ်ဆွေတွေနှင့် တွေ့မှာ စိုးရိမ်နေမိလေသည်။ မီးထွန်းထားသော်လည်း ပလက်ဖောင်းမှာ ခပ်မှောင်မှောင်ဖြစ်နေ၍ သိပ်တော့ မစိုးရိမ်ရပေ။ ရထားမှာ အဆင်းအတက်ဖြင့် ရှုပ်ယှက်ခတ်နေသည်။ ရွှေတင်သည် မီးရထားတွဲများကို တစ်တွဲပြီးတစ်တွဲ လျှောက်ကြည့်နေသည်။ တတိယတန်းတွဲများမှာ မီးမှိန်မှိန်ထွန်းထားသည်။ ရွှေတင်သည် ရှေ့ဆက်၍လျှောက်ကြည့်သည်။ ဒုတိယတန်းတွဲများဘက်သို့ ရောက်လာသည်။ တချို့မှာ အိပ်ကုန်ကြပြီဖြစ်၍ မီးပိတ်ကာ မှောင်မည်းနေသည်။ အချို့တွဲများမှာ လင်းလျက်ပင် ရှိသေးသည်။ ရွှေတင်သည် ဒုတိယတန်းတွဲများကို ခပ်သုတ်သုတ်ဖြတ်လာခဲ့သည်။ သူ့မျက်လုံးများသည် တွဲထဲသို့ ကျိုးကန်းတောင်းမျှော် ကြည့်နေသည်။ ခင်မောင်ဝင်းသည် မီးရထားစီးလျှင် ပထမတန်းတွဲတွင်သာ စီးလေ့ရှိသည်ကို အမှတ်ရကာ ပထမတန်းတွဲဘက်ရောက်အောင် ပြေးလာခဲ့သည်။ မိန်းမကြီးတစ်ယောက်နှင့်တိုက်မိ၍ အင့်ခနဲ ဖြစ်သွား၏။ အတိုက်ခံရသော မိန်းမကြီး၏ ပစ္စည်းများမှာ



www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းပေါ်တွင် ပြန့်ကြဲနေ၏။ ရွှေတင်သည် မိန်းမကြီးကို ပြန်ကြည့်ဖို့ပင် သတိမရတော့ဘဲ လျှောက်လာခဲ့သည်။ မိန်းမကြီးမှာ တဲဆူဆူဖြစ်၍ ကျန်ရစ်ခဲ့ပေသည်။

ပထမတန်းတွဲများဘက်သို့ ရောက်သောအခါတွင်လည်း အချို့တွဲများမှာ မီးမှိတ်၍ အိပ်ကုန်ကြပြီဖြစ်၏။ တကယ်ဆိုတော့ သည်လောက်ရှည်လျားသော မီးရထားတွဲကြီးတစ်လျှောက်ကို လိုက်၍ရှာရသည်မှာ မလွယ်လှပေ။ ပြီးတော့လည်း အိပ်ချိန်ဖြစ်၍ အခန်းမီးမှိတ်ကာ အိပ်နေကောင်း အိပ်နေဦးမည်ဖြစ်၏။ ရွှေတင်သည် ပထမတန်းတွဲများကို လျှောက်ကြည့်ရင်း ရင်ထဲက ဟာတာတာကြီးဖြစ်၍လာသည်။

ဝီစီမှုတ်သံကို ဂတ်တွဲမှထွက်ပေါ်လာသည်။ ဥသြဆွဲသံသည်လည်း မရှေးမနှောင်းပေါ်လာသည်။ ရွှေတင်သည် စိတ်ပျက်အားလျော့သွားလေသည်။ "သွားပြီ၊ တွေ့တော့မှာမဟုတ်တော့ဘူး"ဟု လက်လျှော့လိုက်သည်။ သူသည် မီးတွေထိန်နေသော ပထမတန်းတွဲများကို လျှောက်ကြည့်လာလေသည်။

ပထမတန်းတွဲတစ်တွဲတွင်ကား မီးတွေထိန်နေ၏။ မောင်မောင်သန်း၊ နယ်ခြားစောင့်တပ်မှ စစ်ဗိုလ်တစ်ဦး၊ အသက်အစိတ်ခန့် လှပချောမောသော မိန်းမတစ်ဦးနှင့် ပြတင်းပေါက်ဘက်ကို ကျောပေးနေသူတစ်ယောက်၊ ပေါင်းလေးယောက် ဖဲကစားနေကြသည်။ မောင်မောင်သန်းနှင့် ပြတင်းကိုကျောပေးနေသူမှာ စစ်ဗိုလ်နှင့်မိန်းမစသည်တို့ အတွဲလိုက် မျက်နှာချင်းဆိုင်နေကြသည်။ နံရံတွင် စစ်ဦးထုပ်၊ စစ်အင်္ကျီ၊ ခြောက်လုံးပြူးလွယ်ထားသော ခါးပတ်တို့ကို ချိတ်သည့် ပြတင်းပေါက်ကို ကျောပေးနေသူသည် အဝါရောင်ပိုးပျော့ ရှပ်လက်ရှည်ကို ဝတ်ထားလေသည်။

မိန်းမပျိုက သူ့အထက်အိမ်ဖြစ်သော ပြတင်းပေါက်ကို ကျောပေးနေသူကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဖဲတစ်ချက်ကို ဖဲပုံထဲမှ စမ်းဆွဲထားရင်း

"ကဲ ပစ်ရှင်၊ အရာကြီး လိုချင်တယ်"

"အရာကြီးလိုချင်ရင် မေမြို့နဲ့မကိုက်ဘူး၊ နကိုလမ်းနဲ့မှ ကိုက်မယ်"

မောင်မောင်သန်းက စပ်ဖြီးဖြီးဖြင့် မိန်းမပျိုကိုကြည့်၍ ပြောလိုက်သည်။ ပြတင်းကို ကျောပေးနေသူက လက်ထဲက ဖဲတစ်ချက်ကိုလှမ်းပစ်လိုက်သည်။ မိန်းမပျိုက ဖဲချပ်ကိုကြည့်ပြီး မောင်မောင်သန်းဘက်သို့ လှမ်းကြည့်ကာ





"ရှင်ကကော ဘာလိုချင်နေသလဲ"

"ကျွန်တော်ကတော့ ရှင်းရှင်းပြောမယ်။ ဘုရင်မ လိုချင်တယ်"

"ရော့ ဘုရင်မ"

မိန်းမပျိုက စပိတ်ကွင်းတစ်ချပ်ကို ပစ်ချလိုက်သည်။ မောင်မောင်သန်းက မျက်နှာကို ရှုံ့မဲ့ကာ ဖဲပုံထဲမှဖဲကို လှမ်းဆွဲရင်း

"ဟင့်အင်း၊ ကျွန်တော်လိုချင်တာက ဒီဘုရင်မ မဟုတ်ဘူးဗျ။ ဟတ်ကွင်း ဟတ်ကွင်း။ အသည်းနှလုံး နီနီရဲရဲကလေးနဲ့ ဘုရင်မကိုပြောတာ"

"ဘုရင်မလိုချင်ရင် ကိုခင်မောင်ဝင်းနဲ့ နေရာချင်း လဲလိုက်ပါလားဗျ"

စစ်ဗိုလ်က လှမ်းပြောလိုက်သည်။ မိန်းမက အသံလွင်လွင်ဖြင့် ရယ်လိုက်ကာ

"ကိုမောင်မောင်သန်းက ခုစ်တီးပိတ်ဖြူ လုံချည်ဝတ်လိုက်ရင် ပြီးတာပဲ မဟုတ်လား"

အားလုံးရယ်လိုက်ကြသည်။ ရွှေတင်သည် သူတို့တွဲ ပြတင်းပေါက်နားသို့ ရောက်လာလေသည်။ သူတို့တွဲကိုကြည့်၍ ကျော်သွားပြီး ခပ်လှမ်းလှမ်းရောက်မှ မသက်သာ၍ ပြန်လှည့်လာကာ ပိုးပျော့အင်္ကျီ၊ ပလေကပ်လုံချည်ဖြင့် ကျောပေးထိုင်နေသော ခင်မောင်ဝင်းကို ဝေခွဲမရနိုင်ဘဲ ခဏမျှကြည့်လိုက်မိသည်။

ဒုတိယအကြိမ် ဝီစီမှုတ်သံ ပေါ်လာလေသည်။ ရထားတွဲအဆက်များသည် ဂျိမ့်ခနဲမြည်ကာ ရထားထွက်စပြုလေပြီ။

ရွှေတင်သည် ရှေ့သို့ပြေးကာ အထဲသို့ လှမ်းကြည့်လိုက်သည်။ ခင်မောင်ဝင်း၏မျက်နှာကို ဘေးစောင်းမြင်နေရသဖြင့် ဝမ်းသာသွားကာ ရထားနှင့်အတူ ပြေးလိုက်ရင်း "အစ်ကို"ဟု အော်လိုက်မိသည်။ ခင်မာင်ဝင်းကား မကြားဘဲ ဖဲတစ်ချက်ကို ဆွဲနေသည်။

"အစ်ကိုရေ၊ အစ်ကို"

ရွှေတင်သည် နောက်နှစ်ခွန်းဆင့်၍ ခေါ်လိုက်သည်။ မောင်မောင်သန်းသည် ထ,လာကာ ပြတင်းပေါက်မှ တံတွေးထွေးလိုက်သည်။ ခင်မောင်ဝင်းသည် ရွှေတင်၏ အသံကို ကြားလိုက်သဖြင့် လှည့်ကြည့်မည်အပြုတွင် လက်အောက်က မိန်းမပျိုက

"ကဲ ပစ်ရှင်မြန်မြန်၊ ဒီတစ်ခါတော့ အရာကြီး မလိုချင်ဘူး၊ ဟတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကလေး လိုချင်တယ်၊ အသည်းနီနီကလေး၊ အသည်းနီနီကလေး"

ခင်မောင်ဝင်းသည် ဖဲတစ်ချပ်ကို ပစ်လိုက်ပြီး နောက်သို့ပြန်လှည့်ကြည့်လိုက်သည်။ ရထားမှာ အရှိန်တော်တော်လေးရကာ တရိပ်ရိပ်ပြေးနေသည်။ ရွှေတင်က ရထားဘေးက အပြေးလိုက်လာသည်။ လက်တစ်ဖက်က ခေါင်းမြီးခြုံထားသည့် စိုနေသော ကတ္တီပါစောင်ကို ကိုင်ထားသည်။ ခင်မောင်ဝင်းကား ဇဝေဇဝါနှင့် ငေးကြည့်နေသည်"

"သူတောင်းစားမလေး ထင်ပါရဲ့ကွာ၊ အကြွေရှိရင် လှမ်းပစ်ပေးလိုက်စမ်းပါ"

ခင်မောင်ဝင်းကပြုံးကာ ရှေ့တွင်ရှိသည့် ငါးမူးစေ့တစ်စေ့ကို ကောက်၍ ပစ်ချလိုက်ပြီး ဖဲကို ပြန်ကြည့်နေသည်။

ရွှေတင်ကား ငါးမူးစေ့ပစ်ချသည့် အဓိပ္ပာယ်ကို နားမလည်၊ အရှိန်ပြင်းစပြုနေသော ရထားကြီးဘေးကို ပြေးလိုက်လာသည်။ ခင်မောင်ဝင်းတို့တွဲမှာ ရှေ့သို့ ကျော်သွားလေပြီ။ သို့ရာတွင် ရွှေတင်ကား ပြေးလိုက်ဆဲပင်ဖြစ်၏။ တစ်စတစ်စနှင့် ရထားကြီးသည် အရှိန်ပြင်းလာ၏။ ရွှေတင်သည် ပြေးရင်းက တဖြည်းဖြည်းနောက်ကျ ကျန်ရစ်ခဲ့၏။ ပထမတန်းတွဲများ ကုန်ပြီး ဒုတိယတန်းတွဲတွေက သူ့ကို မီလာ၏။ ရွှေတင်သည် မီလိုမီငြား ပြေးလိုက်ဆဲပင် ဖြစ်သည်။ ပါးစပ်ကလည်း "အစ်ကိုရေ၊ အစ်ကို"ဟု အော်၍ လာသည်။ ဒုတိယတန်းတွဲတွေက ကုန်သောအခါ တတိယတန်းတွဲများသည် သူ့ကို မီ၍လာကြပြန်သည်။ ရွှေတင်သည် မီးရထားတွဲများဘေးမှ ပြေးလိုက်နေတုန်းပင် ဖြစ်သည်။ တတိယတန်းတွဲများမှာ တရိပ်ရိပ်ဖြတ်ကျော်သွားကြလေသည်။ ရထားသည် ပို၍ မြန်လာသည်။ ရွှေတင် တော်တော်မောလာတော့မှ ရပ်လိုက်ကာ လည်နေသော မီးရထားဘီးများကို ငုံ့ကြည့်လိုက်သည်။ ပြီးတော့ ကတ္တီပါစောင်အစွန်းနှစ်ဖက်ကို တင်းကျပ်စွာ ပိုက်ကာ ရှိုက်၍ ငိုချလိုက်သည်။

"သွားပြီ ရွှေခင်ရယ်၊ မမီတော့ဘူး သွားပြီ"

ရွှေတင်သည် လျင်မြန်စွာ ခုတ်နေသော မီးရထားကြီးဘေး ပလက်ဖောင်းတွင် ထိုင်ချလိုက်ကာ ရှိုက်၍ ငိုလိုက်သည်။ ငိုရင်း အကွာကြီးကွာလှသော ခင်မောင်ဝင်းနှင့် သူ့ဘဝကို ပြေး၍ မြင်ယောင်လာသည်။ သားရေဆိုဖာကြီးပေါ်တွင်ထိုင်ကာ ရွှင်ပျစွာဖြင့် ဖဲကစားနေသော ခင်မောင်ဝင်းဘဝနှင့် မိုးထဲလေထဲ အမှောင်ထုကြီးထဲတွင် ငိုကျန်ရစ်ခဲ့ရသော သူ့ဘဝ။





သည်ဘဝနှစ်ခုသည် ခုတော့ အဝေးကြီးဝေးကြပေပြီ။

ရွှေတင်သည် ရုတ်တရက် ထ,လိုက်သည်။ နောက်ပြီး . . .။

နောက်ပြီး၊ တဂျုံးဂျုံးလည်နေသော မီးရထားကြီးများအောက်သို့ ခုန်ချလိုက်တော့မည်ဟု အားယူလိုက်သည်။ သည်တွင် ဗိုက်ထဲကကလေးက တစ်ချက်လှုပ်လိုက်သည်။ သည်တော့မှ သတိရကာ ဗိုက်ပေါ်ကို လက်တစ်ဖက်အင်လိုက်ရင်း "သားကလေး" ဟု ရှိုက်၍ ရှိုက်၍ ပြောလိုက်မိသည်။ သူ့ဘဝမှာ ဘာမျှမထူးတော့။ အပြစ်တွေ၊ အညစ်အကြေးတွေစွန်းထင်းနေသော ဘဝဖြစ်၏။ သေလျှင်လည်း အဖိုးမတန်၊ နှမြောစရာမဟုတ်တော့ပြီ။ သို့သော် ဗိုက်ထဲက အပြစ်မဲ့သော ရင်သွေးငယ်ပါ အမေ့အတွက် သေရမည်ဆိုလျှင်ကား သည်အမေသည် နည်းနည်းမျှ ခွင့်လွှတ်ထိုက်သောအမေမဟုတ်ဟု စဉ်းစားမိသည်။ အစွန်းဆုံးဂတ်တွဲသည် သူ့ဘေးမှဖြတ်ကာ အဝေးသို့ ရောက်သွားလေသည်။ ဂတ်တွဲမှမီးနီကလေးသည် မိုးသက်တွေကြားထဲက သူ့ကို မျက်စိမှိတ်၍ ပြောင်သွားသလို ထင်ရပေသည်။

ရွှေတင်သည် ရှိသမျှခွန်အားတွေကို အကုန်လျှော့ချလိုက်သည်။ သည်ရထားကြီး မလာတုန်းကတော့ ရွှေတင်သည် မျှော်လင့်ချက်တွေ အနန္တနှင့် ဖြစ်၏။ လောကတွင် သူကိုယ်တိုင်လည်း အကောင်းကို ယုံကြည်၏။ တခြားလူတွေလည်း သူ့လိုပင် အကောင်းကို ယုံကြည်ကြသည်ဟု သူထင်ပေသည်။ ယခုတော့ ရွှေတင်သည် လောကတွင် အကောင်းမရှိတော့ဟု ထင်မြင်လာသည်။ လောကကြီးကို စိုးမိုးနေသည့် နိယာမတရားများမှာ လိမ်လည်ခြင်းနှင့် သစ္စာမဲ့ခြင်းသာ ဖြစ်သည်ဟု ထင်လာသည်။ တစ်ခါတုန်းက သူချစ်ခဲ့သော သူ့ကိုလည်း ချစ်သည်ဆိုသော ခင်မောင်ဝင်းသည် ယခုတော့ တောသူမိရွှေတင်၏ အချစ်ကို မောင်ပိုင်စီး၍ ကြောရုံမျှကြကာ နွံ့နွံထဲသို့ ပစ်ချလိုက်ပြီးဖြစ်၏။ သည်တကည်းက ရွှေတင်သည် လောကတွင် အကောင်းကိုမရှိတော့ဟု ယုံကြည်လာခဲ့ခြင်း ဖြစ်ပေသည်။

သည်ရထားကြီးသည် သူ့အဖို့ မျှော်လင့်ချက်တွေ စုဝေးရာဖြစ်၏။ လောကတွင် ကောင်းတာတွေရှိသေးသည်ဟူသော ယုံကြည်ချက်ကလေး ဖြစ်သည်။ ရထားကြီးဆီသို့ အမီပြေးလာခဲ့ရခြင်း ဖြစ်၏။

ယခုတော့ သည်ရထားကြီးနှင့်အတူ အကောင်းသည် ဝေး၍ ဝေး၍ သွားလေပြီ။

●

www.burmeseclassic.com

www.burmeseclassic.com

# (၂၉)

ရွှေတင်က အဖြစ်အပျက်ကို ပြန်ပြောပြီးမှ ဆေးပေါ့လိပ်တစ်လိပ်ကို ကောက်ညှိဖွာလိုက်ကာ

"အဲဒီတုန်းကလေ ဝမ်းထဲကသားလေးကသာ မလှုပ်ဘူးဆိုရင်၊ သားကလေးကိုသာ သတိမရဘူးဆိုရင် ကျွန်မ ရထားဘီးကြီးတွေအောက် ပစ်ဝင်လိုက်မိမှာပဲ။ တကယ့်တော့လဲ အဲဒီတုန်းကစပြီး လောကမှာ ကျွန်မတန်ဖိုးထားတာဆိုလို့ သားကလေးရဲ့အသက်တစ်ခုပဲ ကျန်တော့တယ်။ ဒီပြင်ဘာကိုမှ တန်ဖိုးမထားတော့ဘူး။ ကျွန်မအသက် ကျွန်မဘဝကိုလဲ တန်ဖိုးမထားတော့ဘူး။ လူတွေကိုလဲ စိတ်ကောင်းနှလုံးကောင်း ရှိတယ်လို့ မထင်တော့ဘူး။ ဒီ လောကမှာ အကောင်းဆိုတာ မရှိတော့ဘူးလို့ ထင်တယ်"

သူတို့အားလုံးသည် ငြိမ်၍ နားထောင်နေကြ၏။ အကြည်သည် ဇာဘော်လီကို ပေါင်ပေါ်တွင် ခေါက်၍ တင်ထားရင်းက အဝေးသို့ ငေးနေ၏။ မညိမ်းမေဆိုလျှင် မျက်ရည်ပင် ဝဲနေပေသည်။ မညိမ်းမေသည် ရွှေတင်၏ ဘဝကို တွေး၍ ဝမ်းနည်းနေမိသည်။

"ခု ဒီကလေးလေးကော"

ရွှေတင်သည် ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်သည်။

"မွေးပြီး တစ်လလောက်ရှိတော့ ဆုံးသွားတယ်။ သားကလေး မရှိတော့တဲ့နောက်တော့ လောကမှာ ကျွန်မ တန်ဖိုးထားရမယ့်ဟာ ဘာတစ်ခုမှ မရှိတော့ဘူးပေါ့။ အစတုန်းကသာ ဒီသားကလေးသံယောဇဉ်နဲ့အောင့်အည်း





နေလာခဲ့ရတာ မဟုတ်လား။ သားကလေး မဆုံးဘဲနေပါ့မလား မညိမ်းမေ။ ကိုယ်ဝန်ကို ဖုံးဖိမထားနိုင်တဲ့ ဘဝရောက်တော့ ကြီးကြီးတို့ကလဲ မေးကြတာပေါ့။ အမှန်ကို ဖွင့်ပြောရအောင်လဲ အစ်ကို့ဆီက ဘာစကားမှ မကြားရ။ နောက်ဆုံးတော့ ကြီးကြီးဆင့်တို့က အိမ်ကနှင်ထုတ်တော့တာပဲ။ သားတစ်ကောင်နဲ့ တိုးလို့တွဲလောင်းဖြစ်နေတဲ့ ကျွန်မလိုမိန်းမကို အစေခံအဖြစ်ထားလို့လဲ ဘာလုပ်မှာလဲ မညိမ်းမေ။ သူတို့အဖို့ ဆန်ကုန်မြေလေးရုံပဲရှိမှာပေါ့။ အေးလေ ခုတော့ သားကလေး သက်ဆိုးမရှည်တာပဲ ကောင်းပါတယ်။ အသက်ထင်ရှားရှိနေရင် လင်ကောင်မပေါ်တဲ့အမေကမွေးတဲ့ သားလို့ ကဲ့ရဲ့ခံရဦးမယ် မဟုတ်လား"

ရွှေတင်သည် ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်သည်။ ရွှေတင်သည် စိတ်ထဲတွင် ကျိတ်မနိုင်ခဲမရဖြစ်လာလွန်းသဖြင့် သားကလေး သက်ဆိုးမရှည်တာပဲ ကောင်းတယ်ဟု ဆိုလိုက်ရသော်လည်း နှလုံးသားမှာကား ပူလောင်နာကြည်းလှပေသည်။

ရွှေတင်သည် သူ့သားကလေးကို မျက်စိထဲတွင် မြင်ယောင်လာပေသည်။ တစ်လသားကလေးမို့ ရုပ်ကို ပီပီသသမဖမ်းနိုင်သော်လည်း သူ့စိတ်ထဲတွင် မျက်ခုံးနှင့်နှာတံမှာ အဖေနှင့်တူပြီး၊ မျက်လုံးများမှာ မအေနှင့်တူသည်ဟု ထင်ရပေသည်။ သည်တုန်းက သားကလေး၏ အလောင်းကို ဖာဖုံးကလေးထဲတွင်ထည့်ကာ ဇယားနောက်ဖေးရှိ ချောင်းကလေးနံဘေးမှ လှည်းလမ်းကြောင်းအနီး မြရာပင်များအောက်တွင် မြှုပ်ပစ်ခဲ့ရသည်။ သားကလေး၏ အလောင်းကို မြှုပ်ပြီးသည်နှင့် သူ၏ အသည်းနှလုံးသည်လည်း မြေမြှုပ်သင်္ဂြိုဟ်ပြီးလေပြီဟု ရွှေတင် ထင်ခဲ့လေသည်။ လောကတွင် သူ့နှလုံးသားမှ မြတ်နိုးသော အရာဟူသမျှသည် မရှိကြလေတော့ပြီတကား။

တရုတ်မကြီးကား စုတ်တသတ်သတ်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေ၏။ မွေးနီသည် ချောင်းတဟွတ်ဟွတ်ဆိုးရင်း ခင်မောင်ဝင်းကို ကျိန်ဆဲနေပေသည်။

"ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတဲ့စကားဟာ သိပ်မှန်တာပဲ။ သားကလေးဆုံးလို့ ပူရဆွေးရလို့ မပြီးသေးခင် ဒုက္ခတစ်ခုထပ်တွေ့ပြန်တယ်။ ကျွန်မကို လက်ခံထားတဲ့အိမ်က မယားလုပ်သူ တခြားသွားနေတုန်း အိမ်ရှင်ယောကျ်ားရဲ့ မတရားကျင့်တာကို ခံလိုက်ရတယ်။ ဒါနဲ့ အဲဒီအိမ်ကဆင်းပြေးခဲ့ရပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုယောကျ်ားမျိုးလဲ၊ ဘယ်လိုဟာတွေလဲ၊ သူတို့ကို ပါးရိုက်လွှတ်လိုက်ပါလား"

အကြည်က ဒေါသတကြီးဖြင့် ဝင်ပြောလိုက်၏။ ရွှေတင်က ခေါင်းယမ်းကာ

"ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသလိုဖြစ်နေမှာမို့ မပြောပါရစေနဲ့ အကြည်ရယ်။ သူက ယောကျ်ားသား၊ ကိုယ်က မိန်းမသားဆိုတော့လဲ အနိုင့်အထက်ပြုတာကို ခံလိုက်ရတာပဲ။ အဲဒီတုန်းက ကိုယ့်ဘဝကလဲ အခြေမလှပဲကိုး။ လင်ကောင်မဖော်နိုင်ဘဲ ကလေးတစ်ယောက်ကို မွေးတယ်ဆိုတော့ ကိုယ့်ဘဝဟာ သူတစ်ပါးအထင်သေးမယ်ဆိုလဲ သေးစရာဖြစ်နေပြီမဟုတ်လား။ ဒါနဲ့ ဒီမှာကြာကြာနေလို့တော့ ဖြစ်မှာမဟုတ်ဘူးဆိုပြီး ပဲခူးကို ထွက်ပြေးခဲ့ရတာပဲ"

သည်တုန်းက ရွှေတင်သည် လွယ်အိတ်ကလေးတစ်လုံးတွင် ရှိစုမဲ့စုကလေးတွေထည့်ပြီး ထွက်လာခဲ့သည်။ ပဲခူးရောက်တော့ ရွှေခင့်သူငယ်ချင်းအိမ်မှာ ခိုကပ်နေရသည်။ ရွှေခင့်သူငယ်ချင်းမှာ ဆေးလိပ်ခုံတစ်ခုံတွင် အလုပ်လုပ်နေသည်။ ရွှေတင်သည် သူ့အစ်မ၏ သူငယ်ချင်းကို အမှီသဟဲပြုကာ အလုပ်ရသည်။ ဆေးလိပ်ခုံရောက်စတွင် ဖက်ရွေးရသည်။ ဖက်ရွေးရာကတစ်ဆင့် ဖက်ညှပ်ရသည်။ ဖက်ညှပ်ကတစ်ဆင့် အစီခံ လုံးရသည်။ နောက်ကျမှ ဆေးလိပ်သမ ဖြစ်လာသည်။ သည်တုန်းကတော့ ရွှေတင်သည် နာကြည်းစရာ အတိတ်ဟောင်းကို မေ့လျော့ကာ ခပ်အေးအေးနေခဲ့သည်။

"ဒါပေမဲ့ မကြာပါဘူးကွယ်၊ ဆေးလိပ်ခုံမှာ ဆေးလိပ်ဝင်လိပ်ရင်းက ဆေးလိပ်ခုံပိုင်ရှင်က ကိုယ့်ကို မယားအငယ်လုပ်ပါရော၊ အဲဒီမယားကြီးက သိတော့ နှင်ချလိုက်တာနဲ့ ပဲခူးမှာတင် ဟိုရောက်ဒီရောက်ရောက်ပြီး သည်ဘဝရောက်ရတာပါပဲ"

"သည်ဘဝ နောက်ဆုံးပိတ်ရောက်လာပုံကလေးကကော"

မွေးနီက ချောင်းတဟွတ်ဟွတ်ဆိုးရင်း မေးလိုက်သည်။

"နှင်ချလိုက်တော့ ပဲခူးမှာ အလုပ်မရှိ သောင်တင်နေတာပေါ့။ ရွှေခင့်သူငယ်ချင်းအိမ်မှာ စားသောက်နေရပေမဲ့လဲ ကြာကြာစားသောက်နေလို့ မကောင်းဘူးဟုတ်လား။ ဒါနဲ့ သူတို့အိမ်နားက ဘုံဆိုင်တရုတ်ကြီးတစ်ယောက်နဲ့ အတင်းနားချတာ ယူလိုက်ရတယ်။ အဲဒီတုန်းမှာ အရက်ပုန်း





ချက်တာတို့၊ ဘာတို့ တတ်လာခဲ့တာပေါ့လေ။ နောက်တော့ ဘုံဆိုင်တရုတ်ကြီးက ပြည်ကြီးပြန်သွားတော့ ခိုကိုးရာမဲ့ဖြစ်ပြီး ပဲခူးဈေးထဲက မိန်းမကြီးတစ်ယောက်နဲ့ သွားတွေ့တာပဲ၊ သူက ရန်ကုန်မှာ အလုပ်ရှိတယ်ဆိုပြီး ( - ) လမ်းက အိမ်တစ်အိမ်မှာ ထားတယ်၊ ရောက်စတော့ ကောင်းကောင်းမွန်မွန်ပေါ့ကွယ်။ နောက် သုံးလေးရက်လဲကြာရော ဧည့်သည်နဲ့လွှတ်ပေး၊ နောက် ဧည့်သည်တစ်ယောက်ပြီး တစ်ယောက်၊ တစ်ယောက်ပြီး တစ်ယောက် လွှတ်ပေးရင်းက သည်ဘဝကို ရောက်တာပဲ။ နောက်ဆုံးခေါင်း ကိုဘလွန်းအိမ်ရောက်တော့ ဦးဖေသန်းနဲ့တွေ့တာပါပဲ။ အမှန်တော့ ဦးဖေသန်းပစ္စည်းကိုလဲ မယူရပါဘူး။ ဆေးမှုန့်မှားပြီး တိုက်မိတာပဲရှိပါတယ်။ ဒါလဲ ခါတိုင်းတိုက်နေကျ ဆေးမှုန့်ပဲဆိုပြီး တိုက်လိုက်တာပဲ။ ကိုယ့်အထင်တော့ ကိုဘကျော်တို့ လင်မယားက ငွေတွေယူပြီး ဆေးမှုန့်နဲ့အဆိပ်မှုန့်ကို လဲထည့်လိုက်တယ် ထင်တာပဲ"

"ဟင် ဒါဖြင့် သူတို့ကော အမှုမရောက်ဘူးလား"

ရွှေတင်က ပြုံးလိုက်သည်။ သို့ရာတွင် သူ့အပြုံးမှာ သရော်သော အပြုံးမျိုးသာတည်း။

"သူတို့ကိုတော့ ခိုးမှုနဲ့ပဲ တင်တယ်လေ၊ ကိုယ့်ကျတော့ ခိုးမှုရော၊ လူသတ်မှုရော နှစ်ခုတင်တာပေါ့။ လူသတ်မှုမှာ သူတို့နှစ်ယောက်က တရားလိုပြသက်သေတွေတဲ့၊ ဟင်း ဟင်း"

ရွှေတင်သည် မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။ သူ့ရယ်သံမှာ အပြစ်ကင်းသူအား စွဲထားသော အမှုတွင် အပြစ်ရှိသူက တရားလိုပြသက်သေဖြစ်နေသော လောကကြီး၏ ကမောက်ကမနိုင်ပုံကို လှောင်ပြောင်သော ရယ်သံမျှသာ ဖြစ်ပေသည်။ ပြီးမှ အသံခပ်မာမာဖြင့်

"ကိုယ် ဒီလိုဖြစ်လာရတာကတော့ ယောကျ်ားတွေ မကောင်းလို့ ဖြစ်ရတာပဲ။ ခုတော့ ကိုယ့်စိတ်ထဲမှာ ယောကျ်ားဆိုရင် ဘယ်ယောကျ်ားမှ မကောင်းဘူးလို့ ထင်နေတယ်"

"ဒါကတော့ အတွေ့အကြုံချင်း မတူလို့ပါတော်၊ ကိုယ်တို့အိမ်ကလူကတော့ သိပ်ကောင်းတာပဲ။ မိန်းမကို ခေါးပြတောင်တိုက်ကျွေးလိုက်သေး"

မပြားကြီးက မားပြုံးဖြင့် ထောင်ကျနေသော ယောကျ်ားကို အမှတ်



www.burmeseclassic.com

www.burmeseclassic.com



ရ၍ ပြောလိုက်သည်။ သူတို့နှစ်ယောက်ကား ရှေ့သွားနောက်လိုက် ညီပေသည်။ ယောကျ်ားက ဓားပြတိုက်၍ မိန်းမက တိုက်ရာပါပစ္စည်းကို ထုခွဲပေးသည်။ ရွှေတင်က မပြားကြီးကို ကြည့်၍ ပြုံးပြလိုက်ပြီး

"လောကမှာ ကောင်းတဲ့ယောကျ်ားဆိုတာ ရှားပါတယ်။ ယောကျ်ားတွေဟာ မိန်းမတွေကို မြင်ရင် ကာမရာဂသားကောင်အဖြစ်နဲ့ချည်း ကြည့်နေကြတာတွေပါ။ ခုတော့ ကျွန်မလဲ ဒင်းတို့ကို သားကောင်တွေ၊ အမဲတွေ အဖြစ်နဲ့ပဲ သဘောထားပြီး ဆက်ဆံလိုက်တယ်။ ဒီလိုကျမှ ဒင်းတို့ယောကျ်ားတွေကို နိုင်တော့တယ်။ ငွေညှင်းရင် ညှင်းသလောက်ထွက်လာတယ်"

ရွှေတင်က ပြော၍ ပြုံးလိုက်သည်။ တကယ်ပင် ရွှေတင်သည် ပြည့်တန်ဆာဘဝကို ရောက်ကတည်းက သည်အတိုင်းပင် ယောကျ်ားတွေကို အမဲဖမ်းခဲ့သည်။ သည်လိုဆိုပြန်တော့လည်း ယောကျ်ားများသည် မိန်းမ၏ ခြေရင်းတွင် ဝပ်စင်းလာကြပေသည်။ ရွှေတင်သည် စီးကရက်ကို မီးညှိ၍ ဖွာနေသည်။ စီးကရက်ဖွာရင်း ခင်မောင်ဝင်းကိုသွား၍ အမှတ်ရမိပြန်ကာ ဝမ်းနည်းသလိုလို ဖြစ်လာသည်။ ခင်မောင်ဝင်းနှင့် တွေ့တုန်းကတော့ ရွှေတင်သည် ယောကျ်ားဆိုသော သတ္တဝါများ၏ သဘောကိုလည်း နားမလည်သေးပေ။ ခင်မောင်ဝင်းကို အမဲဖမ်းသော သဘောဖြင့် ချစ်ခဲ့ခြင်း မဟုတ်ဘဲ မေတ္တာစစ်၊ မေတ္တာမှန်ဖြင့် ချစ်ခဲ့ခြင်းဖြစ်၏။ ခင်မောင်ဝင်းကို စိတ်နာသလိုလိုရှိခဲ့သော်လည်း ခင်မောင်ဝင်းနောက် တွေ့ရသောယောကျ်ားများမှာ ခင်မောင်ဝင်းလောက်ပင် အသည်းနှလုံးရှိသူများ မဟုတ်ကြပေ။ ကျောက်စရစ်ကုန်းတွင် ပန်းပင်စိုက်၍မရသလို သူတို့၏ အသည်းနှလုံးတွင်လည်း အချစ်ပင်စိုက်၍ ရနိုင်ဟန်မတူပေ။ သူတို့သည် မိန်းမတစ်ယောက်ကို ကာမရာဂသားကောင်များအဖြစ်သာ ကြည့်တတ်ကြပေသည်။ သည်လိုဆိုပြန်တော့လည်း ခင်မောင်ဝင်းသည် သူတို့အထဲတွင် အပြစ်အကင်းဆုံး လူတစ်ယောက် ဖြစ်နေပြန်ပေသည်။

ရွှေတင်သည် စီးကရက်ထိပ်ဖျားတွင် တောင့်နေသော ပြာကို ခြွေချလိုက်ပြီး

"ခု အဆက်ဟောင်းကြီးက မျက်နှာလေးငယ်ငယ်နဲ့ လာတောင်းပန်နေပြန်ပြီ၊ သူ ပြုခဲ့တဲ့အပြစ်တွေကို ခွင့်လွှတ်ပါတဲ့"

"ခွင့်လွှတ်လိုက်ပါအေ၊ သနားပါတယ်"





မပြားကြီးက ရွှေတင်ကို လှမ်း၍ပြောလိုက်သည်။ မပြားကြီးသည် သူ မမြင်ဖူးသော ခင်မောင်ဝင်းကို တွေးကြည့်၍ သနားနေလေသည်။ မညိမ်းမေကား အဆောင်အပြင်ဘက်သို့ ငေးကြည့်နေပေသည်။ အဆောင်ရှေ့ အုတ်ရေကန်တွင် ရေတွေပြည့်လျှံကာ အောက်သို့ လျှံကျနေပေ၏။

"အမှန်ကတော့ ယောကျ်ားတွေဟာ ချစ်တယ်ဆိုတဲ့စကားကို ပါးစပ်ရှိလို့သာ ပြောနေကြတာပါ မညိမ်းမေရယ်။ တကယ်ကျတော့ မိန်းမတွေကို သူတို့ ကာမရာဂဖြေဖျော်ရာတွေလောက်ပဲ သဘောထားကြတာပါ။ ကျွန်မတို့ဟာ သူတို့ရဲ့ ကာမဂုဏ်အာရုံ သားကောင်တွေလောက်ပဲ အောက်မေ့ကြတာပါ။ သူတို့နဲ့တွေ့ရင် ခင့်ကို ချစ်ပါတယ်လို့ပြောမယ်။ နောက် ချစ်ရုံနိုးရိုးပဲလို့ပြောမယ်။ နောက်တစ်ဆင့် ကျွန်တော့်အချစ်ရဲ့ အထွတ်အထိပ်ဘက်ကြပါစို့လို့ပြောမယ်။ အချစ်ရဲ့အထွတ်အထိပ်လဲရောက်ရော၊ ဟိုတောင်ကမ်းပါး အသူတစ်ရာလောက်နက်တဲ့ ချောက်ကြီးထဲကို ထိုးဆင်းရတော့တာပဲ။ ဒါကြောင့်မို့ ခုတော့ ကျွန်မဖြင့်လေ ဘယ်ယောကျ်ားမှ မယုံစားတော့ဘူး။ သူတို့ကို နိုင်ချင်ရင် သူတို့ကိုလဲ ကာမဂုဏ်ရဲ့ သားကောင်တွေလို့ သဘောထားလိုက်တော့တာပါပဲ။ ဒီလို သဘောထားလိုက်တာနဲ့ သူတို့ဟာ မိန်းမအလိုကို လိုက်လာတာပဲ။ လူကို ချစ်သလား၊ ငွေကို ချစ်သလား၊ စိန်ရွှေကို ချစ်သလား၊ တိုက်လား၊ မော်တော်ကားလား"

"နေစမ်းပါဦး၊ ခု အဆက်ဟောင်းကြီးက လာတောင်းပန်တော့ မသနားဘူးလား"

အကြည်က ဇာဘော်လီအကျႌကို ခေါက်ကာ အုန်းဆံခေါင်းအုံးအောက်တွင် ဖိထားလိုက်သည်။ ရွှေတင်သည် စီးကရက်တိုကို စကြာလှည့်၍ လွင့်သွားအောင် လက်ညှိုးဖြင့် တောက်လိုက်ကာ

"အင်း မျက်နှာငယ်လေးနဲ့လာပြီး သူ့အပြစ်တွေကို ခွင့်လွှတ်ပါလို့ တောင်းပန်တော့ သနားသလိုလိုတော့ရှိပါရဲ့၊ ဒါပေမဲ့ မသနားချင်တော့ဘူး၊ မချစ်လဲ မချစ်ချင်တော့ဘူး။ သူတို့ကို သနားရင် ကိုယ်တို့မှာ သိပ်ဒုက္ခရောက်တယ်၊ ဒါ့ကြောင့်မို့ ကိုယ်တော့ ခု သနားစိတ်တွေ ချစ်စိတ်တွေဝင်လာရင် ဖျောက်ဖျက်ပစ်လိုက်တာပဲ။ ဒင်းတို့ကို မသနားလဲ မသနားတော့ဘူး၊ ချစ်လဲ မချစ်တော့ဘူးလို့ အားတင်းထားလိုက်တာပဲ။ ဟုတ်တယ်လေ ဒင်းတို့ယောကျ်ားတွေဟာ မုဆိုးတွေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်သည် အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ တကယ်လည်း ခင်မောင်ဝင်း လာတောင်းပန်သောအခါ သနားသလိုလိုဖြစ်လာ၏။ သို့ရာတွင် မသနားချင်တော့ဘူး။ နောက်ထပ်လည်း မတောင်းပန်စေချင်တော့ပြီ။ နောက်ထပ် မတောင်းပန်ပါနဲ့တော့ အစ်ကိုရယ်၊ ရှိကြီးခိုးပါရဲ့။

ရွှေကင်သည် စိတ်ထဲ၌ ရွတ်ဆိုနေမိလေသည်။

●

## (၃၀)

တရားခံမ ရွှေတင်သည် ခွေးခြေမြင့်မြင့်ကြီးပေါ်တွင် ထိုင်ကာ ဝက်ခြံဘောင်ပေါ်တွင် လက်နှစ်ဖက် ယှက်တင်ထားပြီး ခေါင်းကို အောက်သို့ ငိုက်စိုက် ချထားသည်။ ရုံးခန်းထဲတွင် တရားလို တရားခံ ရှေ့နေများ၊ တရားလိုပြ သက်သေများဖြစ်ကြသော ကိုဘကျော်-မချစ်မေတို့လင်မယား၊ သေသူ ဦးဖေသန်း၏ ညီလင်မယားစုံတွဲနှင့် ပရိသတ်များဖြင့် ပြည့်ကျပ်နေသည်။ ညိုလေးသည် ဝက်ခြံဘေးတွင် ရပ်လျက်ရှိသည်။ ခါတိုင်းလို ဘလေဇာ နက်ပြာရောင်ခပ်မွဲမွဲ၊ ဘန်ကောက်လုံချည် တစ်ပတ်နွမ်း၊ ဘိုကေ အရှည်နှင့် ဖြစ်သည်။ သူ့နောက်နားတွင် မိန်းမပုလိပ်နှစ်ယောက် ရပ်နေ၏။ ယောက်ျားပုလိပ်ကား ရိုင်ဖယ်သေနတ်ကို ထောင်၍ ကိုင်ထားလေသည်။ ခင်မောင်ဝင်းနှင့် မောင်မောင်သန်းမှာ ရှေ့ဖတ်စာရေး၏ စားပွဲတွင် ထိုင်လျက်ရှိသည်။

တရားခွင်ပေါ်တွင် တရားသူကြီး တစ်ဦးတည်းသာရှိ၍ ဂျူရီလူကြီးများ မရှိတော့ပေ။ ဂျူရီလူကြီးများမှာ စဉ်းစားဆုံးဖြတ်ကာ ထင်မြင်ချက်ပေးပြီးဖြစ်၍ တရားသူကြီးက စီရင်ချက် ဖတ်ပြရုံသာရှိတော့သည်။ ရွှေတင်ကား တထိတ်ထိတ်ဖြစ်နေသည်။ သူ့အသည်းနှလုံးများသည် တဆတ်ဆတ် ခုန်နေသည်။ သူ့အတွေးများသည် ချာချာလည်ကာ ဘာကိုမျှ အစရှာမရအောင် ဖြစ်၍နေသည်။ သည်နေ့ကား သူ့ဘဝကံကြမ္မာကို အဆုံးအဖြတ်ပေးမည့်နေ့ဖြစ်၏။ လွှတ်လေမလား၊ ထောင်ဒဏ် များများလား၊ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လား၊ သေဒဏ်လားတော့ မသိပေ။ သူ့တွင် လုံးဝ အပြစ်မရှိသဖြင့် လွတ်လိမ့်မည်လား ဟူ၍လည်း ထင်၏။ တရားလို အစိုးရရှေ့နေကြီး၏ ကြိုးကွင်းတပ်နေသော လက်ကြီးကို မြင်လိုက်သောအခါတွင်လည်း လွတ်မှာ မဟုတ်တော့ဘူးဟု တွေးမိကာ အားငယ်စိတ်ပျက်၍ လာပြန်သည်။ ရွှေတင်သည် လောကတွင် အကောင်းဆိုသည်မှာ မရှိတော့ဟု ယုံကြည်ထားသူ ဖြစ်၏။ သို့ရာတွင် တရားရုံးဆိုသည်မှာ အဆိုးထဲတွင် ရောက်နေသော အကောင်းကို ကယ်တင်၍ အကောင်းထဲသို့ ရောက်နေသော အဆိုးကို ဖယ်ရှားပစ်နိုင်သောအရာဟူ၍ မျှော်လင့်ထားမိပေသည်။

"အားလုံး လူစုံကြပလား"

တရားသူကြီးက အစိုးရရှေ့နေကြီး၏ တရားခွင်အောက်နားက စားပွဲတွင် ထိုင်နေသော အစိုးရရှေ့နေကြီးကို လှမ်းမေးလိုက်သည်။ အစိုးရရှေ့နေကြီးက အနီးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ပြီး "ရောက်ကုန်ကြပါပြီ"ဟု ဖြေလိုက်သည်။

"တရားလို စီ၊ ပီ၊ အို ကော"

"ရောက်ပါပြီ"

ကာကီဝတ်စုံကို ဝတ်ထားသည့် စီပီအိုက ထ၍ ဖြေလိုက်သည်။ တရားသူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဖိုင်တွဲများ၊ အမှုတွဲများကို လှန်လှောကြည့်နေသည်။

"ကဲ စီရင်ချက် ဖတ်ပြမယ်"

တရားသူကြီးက စာရွက်ထပ်ကြီးတစ်ထပ်ကို ကောက်လိုက်ကာ အမှု၏ ရာဇဝင်ကို ရှည်လျားစွာ ဖတ်ပြနေသည်။

ရန်ကုန်မြို့ အထူးစက်ရှင်တရားသူကြီးရုံး၌ ၁၉၃၇၊ ဇူလိုင် ၂၃ရက်နေ့၊ ၁၉၃၇ ခု၊ ရာဇဝတ်ကြီးမှုနံပါတ် –

တရားလို အဋ္ဌမမြောက် ဘုရင်မင်းမြတ်နှင့် တရားခံ မိကျင်ရွှေခေါ် အရွှေ –

ရာဇသတ်ကြီးပုဒ်မ ၃၀၂-၃၈၁ အရ စွဲမှု စီရင်ချက်။

"ဤအမှုမှာ ရန်ကုန်မြို့ လမ်း (  )ရှိ လင်းဟော်တယ်တွင် ၁၇-၁-၃၇ရက်နေ့ ည ၁ နာရီခွဲအချိန်ခန့်တွင် တရားခံ မိကျင်ရွှေခေါ် အရွှေက ပြည်မြို့နေ ကုန်သည်ဦးဖေသန်းအား အဆိပ်ခတ်သတ်၍ ဦးဖေသန်း





သေဆုံးရသဖြင့် တရားခံအား အိန္ဒိယရာဇသတ် ပုဒ်မ ၃၀၂-၃၈၁အရ လမ်းမတော် ရဲဌာနမှ စွဲတင်သော အမှုဖြစ်သည်။

"အမှုအဖြစ်အပျက် အတိုချုပ်မှာ ၁၉၃၇ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့၊ ည ၇ နာရီအချိန်ခန့်က သေသူ ဦးဖေသန်းသည် ရန်ကုန်မြို့ လမ်းအမှတ်(   )နေ ပြည့်တန်ဆာခေါင်း ဘလွန်း(တရားလိုပြသက်သေ) အိမ်သို့ ရောက်ရှိလာကာ တရားခံမိကျင်ရွှေခေါ် အရွှေနှင့် ပျော်ပါးလို ကြောင်း ပြောသဖြင့် တရားခံမ အိပ်ပျော်နေရာမှနှိုး၍ ပျော်ပါးစေပါသည်။ ထိုအချိန်က သေသူ ဦးဖေသန်းမှာ အရက်များမူးလျက်ရှိသည်ဟု ဆိုသည်။ တစ်နာရီခန့် ပျော်ပါးပြီး သေသူဦးဖေသန်းက အိမ်ရှိမိန်းကလေးများအား ပိုက်ဆံပေးလို၍တစ်ကြောင်း၊ အရက်သောက်လိုသေး၍ တစ်ကြောင်း၊ တရားခံမအား သေတ္တာသော့ကို ပေးအပ်၍ တည်းခိုရာဟိုတယ်သို့ ပြန်၍ ပိုက်ဆံအယူခိုင်းသဖြင့် တရားခံမက သွားရောက်ယူရသည်။ တရားခံမ ဟိုတယ်သို့ရောက်သည့် အချိန်တွင် ဟိုတယ်၌ မောင်ဘကျော်(လိုပြသက် ၁-)နှင့် မချစ်မေ(လိုပြသက် ၂-)တို့ကို တွေ့ရသဖြင့် ၎င်းတို့နှင့်အတူ သေသူဦးဖေသန်း၏ အခန်းသို့ ဝင်၍ သေတ္တာကိုဖွင့်ကာ ဦးဖေသန်း အယူခိုင်းသည့်အတိုင်း ငွေတစ်ရာကို ယူခဲ့သည်။ သို့ယူစဉ်တွင် မောင်ဘကျော်နှင့် မချစ်မေတို့လည်း အနီးအနားတွင်ရှိ၍ သေတ္တာထဲတွင် ရာတန်စက္ကူ အများအပြားရှိသည်ဟု မျက်မြင်သက်သေ နှစ်ဦးက တညီတညွတ်တည်း ထွက်ဆိုကြသည်"

ရွှေတင်သည် ခေါင်းကို ငိုက်စိုက်ချထားလေသည်။ ဘယ်ကိုမျှ မကြည့်တော့ပေ။ ခင်မောင်ဝင်းကား တရားသူကြီးအသံကို နားစွင့်၍ထောင်နေသည်။

"တရားခံမသည် ငွေကိုယူပြီးနောက် ပြည့်တန်ဆာခေါင်း ဘလွန်းအိမ်သို့ လာခဲ့သည်။ ၁၀ နာရီခန့်ကျမှ ဦးဖေသန်းက သူနှင့်လိုက်ရန် ခေါ်သဖြင့် လန်ချားတစ်စင်းနှင့်အတူ ဦးဖေသန်းတည်းခိုရာ ဟိုတယ်သို့ပြန်လာကြသည်။ တည်းခိုရာဟိုတယ်တွင် ဦးဖေသန်းနှင့်အတူ အရက်သောက်ပျော်ပါးကြပြီး ဦးဖေသန်းအား ငွေများကို ခိုးယူကာ အဆိပ်ခတ်၍သတ်သည့် အမှုဖြစ်သည်။

"ရန်ကုန်ဆေးရုံကြီး ပုလိပ်ဘက်ဆိုင်ရာ ဆရာဝန်၏ အစစ်ခံချက်



www.burmeseclassic.com

www.burmeseclassic.com



အရ ဦးဖေသန်းမှာ အရက်နှင့်အဆိပ်ကြောင့် နှလုံးသွေးကြောများ ပေါက်ကွဲပျက်စီး၍ သေဆုံးရကြောင်း၊ သေသူ၏ ဝမ်းဗိုက်ထဲမှ အဆိပ်မှုန့်များ (သက်သေခံပစ္စည်းအမှတ်–)ကိုလည်း တွေ့ရှိရကြောင်းဖြင့် ထွက်ဆိုသွားလေသည်။

"မောင်ဘကျော်နှင့် မချစ်မေ(လို-ပြ-၁-၂)ငင်းတို့ကို စစ်ဆေးရာတွင် ငွေများကို တရားခံမခိုးယူ၍ အဆိပ်ဆေးမှုန့်ကို သူပင်တိုက်ကြောင်း ထွက်ဆိုသွားကြသည်။ ၎င်းတို့မှာ အလင်းဟိုတယ်တွင် အလုပ်လုပ်သူများ ဖြစ်သည့်အားလျော်စွာ ဟိုတယ်အခန်းများကို ဝင်ရောက်ရှင်းလင်းနိုင်ရန် အခန်းသော့များ ရှိကြသော်လည်း သို့ရှင်းလင်းရာတွင် အခန်းရှင် ရှိသည့်အချိန်များတွင်သာ ရှင်းလင်း၍ အခြားအချိန်များတွင် ရှင်းလင်းခြင်း မပြုကြောင်း၊ အခင်းဖြစ်ပွားသည့်ညက သေသူ ဦးဖေသန်းနှင့် တရားခံမတို့နှစ်ယောက်တည်း အခန်းတွင်းတွင် တံခါးပိတ်၍ အရက်သောက်ပျော်ပါးနေချိန်တွင် "အရွှေရယ် အစ်ကိုကြီးကို ရက်စက်တော့မှာလား၊ ဒီအတိုင်းကြည့်နေတော့မှာလား" ဟု ညည်းညူအော်ဟစ်သံကြားရပြီး မကြာမီ တရားခံမ ပြန်ထွက်လာကြောင်း စသဖြင့် အစစ်ခံသွားကြသည်။ ပြည့်တန်ဆာခေါင်း ဘလွန်း(လိုပြ) နှင့် ပြည့်တန်ဆာမ အမြခေါ် မြမြ၊ မျက်ပြူးခေါ် မာဂရက်(လိုပြ)တို့အား စစ်ဆေးသောအခါတွင်လည်း တရားခံမသည် ဦးဖေသန်းထံမှ ငွေများစွာ ရရှိကြောင်း၊ စိန်လက်စွပ်တစ်ကွင်း (သက်သေခံ ပစ္စည်းအမှတ်–)ကိုလည်း ရရှိကြောင်းဖြင့် ထွက်ဆိုသွားကြသည်။

"တရားခံမကို စစ်ဆေးသောအခါတွင် တရားခံမက အိမ်တွင် အိပ်နေစဉ် ဦးဖေသန်းရောက်လာ၍ ပျော်ပါးရကြောင်း၊ ဦးဖေသန်းက ငွေယူခိုင်းသဖြင့် ဟိုတယ်သို့ပြန်ကာ မောင်ဘကျော်နှင့် မချစ်မေတို့ရှေ့တွင် ငွေယူကြောင်း။ ထို့နောက် ဦးဖေသန်းနှင့်အတူ ဟိုတယ်သို့တစ်ခေါက်ပြန်လာကာ အရက်သောက်ပျော်ပါးကြကြောင်း၊ ဦးဖေသန်းက ဗိုက်နာ၍ သောက်နေကျ မက်ကလင်းဆေးမှုန့်ပုလင်းကို လိုက်ရှာသောအခါတွင် ပုလင်းကို အံဆွဲထဲတွင် သွားတွေ့ကြောင်း၊ ဆေးမှုန့်နှစ်ထုပ်ရှိ၍ တစ်ထုပ်ကို ဖျော်တိုက်ကြကြောင်း၊ သို့တိုက်ရာတွင် ဆေးမှုန့်ထုပ်များမှာ မက်ကလင်းဆေးမှုန့်ထင်၍ တိုက်မိကြောင်း၊ ခါတိုင်းလည်း ဤပုလင်းထဲမှပင် တိုက်ရကြောင်း၊ ဆေးမှုန့်ထုပ်နှင့် အဆိပ်မှုန့်ကို မောင်ဘကျော်နှင့် မချစ်မေတို့က လဲလှယ်ထားသည်





ဟု ထင်ကြောင်းဖြင့် ထွက်ဆိုသွားသည်။ စိန်လက်စွပ်နှင့် ပတ်သက်၍ တရားခံမက ထွက်ဆိုရာတွင် ၎င်းစိန်လက်စွပ်မှာ သေသူဦးဖေသန်း၏ လက်စွပ်ဖြစ်ပါသည်။ ၎င်းလက်စွပ်ကို ဦးဖေသန်းက မိမိအားပေးထားခြင်း ဖြစ်ပါသည်ဟု ထွက်ဆိုသွားသည်။ ၎င်းက အစစ်ခံရာတွင် ဦးဖေသန်းက "အရွှေရယ် အစ်ကိုကြီးကို ဒီအတိုင်းကြည့်နေတော့မှာလား၊ ရက်စက်တော့မှာလား" ဟု ပြောသည်ကို မှတ်မိပါသည်။ ဦးဖေသန်းမှာ အရက်မူးတုန်းဗိုက်နာလျှင် ယခုလိုအော်ဟစ်ညည်းညူမြဲဖြစ်၍ အထူးအဆန်းမဟုတ်တော့ဘဲ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်မျှသာဖြစ်ပြီး မကြာခင်မူး၍ အိပ်ပျော်သွားမည်ထင်သဖြင့် ထွက်လာခဲ့ပါသည်ဟု ဆိုလေသည်"

တရားသူကြီးက စာရွက်ကို နောက်တစ်ရွက် လှန်လိုက်၏။ ရုံးခန်းထဲတွင် စာရွက်လှန်သံနှင့် ပန်ကာလည်သံကိုသာ ကြားရ၏။ ထောင့်တစ်ထောင့်မှ ချောင်းဆိုးသံ ထွက်ပေါ်လာလေသည်။

"အထက်ပါ အချက်များကို ထောက်သော် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားစေသည့် အဖြစ်အပျက် အခြေအနေဆိုင်ရာ သက်သေအထောက်အထားများ ခိုင်လုံသည်ဟု ယူဆရပေမည်"

ရွှေတင်သည် အားငယ်သွားသည်။ သူ့ဘက်က လွတ်ရန် လမ်းမရှိတော့ဟု ထင်စပြုလာသည်။

"သို့သော် တရားခံ၏ ပညာရှိရှေ့နေကြီး၏ တင်ပြသောအချက်တစ်ချက်ကို အလေးအနက်ထား၍ စဉ်းစားရန်ရှိပေသည်။ ထိုအချက်မှာ သေသူဦးဖေသန်းနှင့် တရားခံမ, မရှိစဉ်အချိန်တွင် မသမာသူတစ်ဦးဦးက ဆေးပုလင်းထဲမှ ဆေးမှုန့်ထုပ်နှင့်အဆိပ်မှုန့်ကို လဲလှယ်ထားနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။ ဤအချက်မှာ များစွာယုတ္တိတန်သော အချက်ပင်ဖြစ်သည်"

ရွှေတင်သည် အားတက်လာကာ ခေါင်းထောင် ထလာသည်။ သူ့မျက်လုံးများသည် စူးရှတောက်ပြောင်လာကြသည်။

"ဂျူရီလူကြီးများကလည်း ဤအချက်ကို အကြောင်းပြု၍ တရားခံမမှာ ဦးဖေသန်းအား သေစေရန်ကြံရွယ်ချက်ဖြင့် အဆိပ်မှုန့်ကို တိုက်ခြင်းမဟုတ်ကြောင်း ကောက်ချက်ချကြသည်။ ယင်းသို့ဖြစ်လျှင် တရားခံမအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ စွဲနိုင်သော လူသတ်မှု မ,မည်ဘဲ ပုဒ်မ



www.burmeseclassic.com

www.burmeseclassic.com



၃၀၀၏ ခြွင်းချက်(၄)ဖြစ်သော လူကို သေစေမှုသာ ဖြစ်နိုင်ပေသည်။ တရားခံဘက်မှ အဆိပ်မှုန့်နှင့် ဆေးမှုန့်ကို မသမာသူတစ်ဦးဦးက လဲလှယ်ထည့်သွားခြင်းဖြစ်သည်ဟု ချေပချက်မှာ ယုတ္တိတန်သော်လည်း ခိုင်လုံသော သက်သေတစ်စုံတစ်ရာ မပြနိုင်ပေ။ ယင်းတင်ပြချက်မှာ တရားခံမအား အမည်တပ်၍ အော်ဟစ် ညည်းညူနေသည်ဆိုသော တရားခံမ၏ ဝန်ခံချက်ကိုလည်းကောင်း၊ တရားလိုပြ သက်သေမောင်ဘကျော်နှင့် မချစ်မေတို့၏ ထွက်ဆိုချက်ကို လည်းကောင်း မလွှမ်းမိုးနိုင်ပေ။ ထို့ကြောင့် တရားခံ၏ ပညာရှိရှေ့နေကြီး၏ ချေပလျှောက်လဲချက်ကို ဖြစ်နိုင်စရာရှိသည်ဟု ရုံးတော်က ယူဆရန် ခဲယဉ်းပေရာ တရားခံမအား စွဲဆိုထားသော ပုဒ်မမှ ပြောင်းလဲ၍ ပြစ်ဒဏ်ပေးရန်မှာ မဖြစ်နိုင်ပေ။

"သံသယဖြစ်စရာ အကြောင်းများရှိလျှင် တရားခံဘက်မှနေ၍ တရားဥပဒေကို သက်ညှာစွာ အဓိပ္ပာယ်ကောက်ယူရမည်ဟူ၍ ညွှန်ပြချက်များရှိသော်လည်း အဖြစ်အပျက်အခြေအနေဆိုင်ရာ သက်သေခံအထောက်အထားတို့မှာ ခိုင်မာလွန်းသဖြင့် တရားခံအပေါ်တွင် သက်ညှာရန် ခက်ခဲလှပေသည်။ တစ်ဖန် တရားခံမှာ ၎င်း၏ ထွက်ဆိုချက်အရ အကျင့်စာရိတ္တပျက်ပြားသော မိခင်မှ မွေးဖွားလာကာ စာရိတ္တပျက်ပြားသော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာသူဖြစ်လေရာ ပုံခုအမှုမျိုးကို ကျူးလွန်ခြင်းမပြုဟု စဉ်းစားရန်မှာ များစွာသံသယရှိစရာကောင်းသော အချက်ဖြစ်သည်။ သို့ဖြစ်ပေရာ တရားခံမအား ရာဇသတ်ပုဒ်မ ၃၀၂ အရ အပ်နှင်းထားသော သေဒဏ်မှတစ်ပါး အပြစ်ပေးရန် မရှိတော့ပေ"

ရုံးခန်းထဲမှ အံ့ဩသံ၊ သက်ပြင်းချသံများကို ကြားရသည်။ အားလုံး ရွှေတင်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ရွှေတင်ကား ခေါင်းကို ငုံ့နေလေသည်။

"သို့သော်လည်း တရားခံမမှာ အားနွဲ့သူ မိန်းမသားဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ ယခင်က ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိသည့်အတွက်ကြောင့် တစ်ကြောင်း၊ သက်ညှာသောအားဖြင့် အိန္ဒိယပုဒ်မ ၃၈၁-ကို ကျူးလွန်သည့်အတွက် ထောင်ဒဏ်သုံးနှစ်နှင့် ပုဒ်မ ၃၀၂ ကို ကျူးလွန်သည့်အတွက် ထောင်ဒဏ်တစ်သက်ကို တစ်ပေါင်းတည်း ကျခံစေကာ တစ်ကျွန်းသို့ပို့ရန် အမိန့်ချမှတ်လိုက်သည်။ အယူခံခွင့်ကို တနင်္ဂနွေ နှစ်ပတ်ခွင့်ပြုလိုက်သည်"





ရွှေတင်သည် မျက်နှာကို လက်တန်းပေါ်တွင်တင်ကာ ရှိုက်၍ ရှိုက်၍ ငိုလိုက်သည်။ သူ့အသံမှာ မထွက်လာတော့ဘဲ ကြိတ်၍သာ ရှိုက်ငိုနေသည်။ သွားလေပြီ။ လောကတွင် အကောင်းဆုံးဆိုသမျှ ဘာမျှမရှိတော့ပြီ။

တရားသူကြီးသည် စီရင်ချက်ကိုဖတ်ပြီး တရားခွင်ပေါ်မှ ဆင်းသွားသည်။ ရှေ့ဖတ်စာရေးကြီးကား ဖိုင်တွဲများကို ကိုင်၍ တရားခွင်နောက်က တရားသူကြီးနားနေခန်းထဲသို့ ဝင်လိုက်သွား၏။ အစိုးရရှေ့နေကြီးနှင့်တကွ သက်သေများ၊ အမှုကိုလာရောက် နားထောင်နေသော ပရိသတ်များလည်း ရုံးခန်းထဲမှ ထွက်သွားကြသည်။ တီးတိုးပြောသံ၊ ဖိနပ်သံများကို ကြားနေရသည်။ ရွှေတင်သည် ပရိသတ်များကို မကြည့်၊ တရားခွင်ဘက်ဆီသို့လည်း မလှည့်တော့ဘဲ ဝက်ခြံလက်တန်းပေါ်တွင် ခေါင်းတင်ကာ ရှိုက်၍ ရှိုက်၍ ငိုနေသည်။ မောင်မောင်သန်းမှာ မှတ်စုစာအုပ်ကိုဖွင့်ကာ ရေးမှတ်နေ၏။ ညိုလေးသည် ရှိုက်ကြီးတငင်ငိုနေသော ရွှေတင်ကို ကြည့်ကာ ဝမ်းပန်းတနည်းဖြင့် ဝက်ခြံဘေးတွင် သွားရပ်နေ၏။ ညိုလေးသည် ရွှေတင်ကို အားပေးစကားပြောချင်ပါ၏။ သို့ရာတွင် စကားလုံးများသည် လည်ချောင်းထဲတွင် တစ်ဆို့နေကြပေသည်။

ခင်မောင်ဝင်းကား တရားခံရှေ့နေ ဦးဇော်ထွန်းအနား သွားရပ်လိုက်သည်။ ဦးဇော်ထွန်း၏ စာရေးမှာ ဥပဒေစာအုပ်များ၊ အမှုတွဲများကို စာခြင်းထဲသို့ ထည့်နေလေ၏။

"အားမလျှော့ပါနဲ့ဦး ဦးဇော်ထွန်း၊ ကြိုးမိန့်မဟုတ်ဘဲ ကျွန်းမိန့်ဆိုတော့ သက်သာစရာလမ်းတွေ အများကြီး ရှိပါသေးတယ်"

ခင်မောင်ဝင်းက ဦးဇော်ထွန်းကို လှမ်း၍ပြောလိုက်သည်။

"အင်း အားတော့မလျှော့သေးပါဘူး။ အယူခံမယ်ဆိုတဲ့အကြောင်းတော့ တရားသူကြီးကို ပြောထားရဦးမှာပဲ"

ဦးဇော်ထွန်း၏ အသံမှာ ပန်းလျနေသော အသံဖြစ်၏။ မျက်နှာကမူ ပြုံး၍ နေ၏။ သို့သော် သူ၏ အပြုံးမှာ မချိပြုံး။

"ကောင်းပါတယ်၊ သွားပြောထားပေါ့"

ခင်မောင်ဝင်းက ဦးဇော်ထွန်းကို ပြောရင်း ရွှေတင့်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ဦးဇော်ထွန်းကလည်း ရွှေတင့်ဘက်သို့ လှမ်းကြည့်သည်။ ရွှေတင်မှာ ဝက်ခြံပေါ်တွင် ခေါင်းတင်ထားတုန်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး၊ ခင်ဗျားတရားခံမကို အားပေးပါဦး"

ခင်မောင်ဝင်းက ရွှေတင့်ဘက်သို့ မေးငေါ့၍ခပ်တိုးတိုးပြောလိုက်သဖြင့် ဦးဇော်ထွန်းသည် ရွှေတင့်ဘက်သို့ လျှောက်သွားသည်။ ခင်မောင်ဝင်းသည် ဦးဇော်ထွန်းနောက်က လိုက်သွားရကောင်းမလားဟု စဉ်းစားနေသည်။ လူရှေ့သူရှေ့တွင် ရွှေတင်နှင့်သွားတွေ့တာ ကောင်းမှကောင်းပါ့မလားဟု ချီတုံချတုံဖြစ်နေ၏။ လူသတ်မှုတရားခံ ပြည့်တန်ဆာမတစ်ဦးကို သူလိုလူကြီးလူကောင်းတစ်ယောက်က သွားတွေ့လျှင် ဘယ်လိုပြောကြဦးမလဲ။ သူ့ဂုဏ်နှင့်သူ့အဆင့်အတန်းသည် သူ့ရှေ့တွင် တံတိုင်းကြီးလို ဘွားခနဲပေါ်လာပြန်၏။

"ဟယ် မထူးပါဘူး"

ခင်မောင်ဝင်းသည် အားတင်းကာ ဦးဇော်ထွန်းနောက်က လိုက်သွားမိသည်။

"ကဲ၊ ကဲ သူငယ်မ၊ ဒီလောက်လဲ အားမငယ်ပါနဲ့၊ ဟိုက်ကုတ်မှာ အယူခံဦးမှာပါ"

ရွှေတင်က လက်ကိုင်ပုဝါဖြင့် မျက်ရည်စများကိုသုတ်ပြီး နှာညှစ်လိုက်သည်။ ပြီးမှ ခေါင်းမော်၍ ကြည့်လိုက်သည်။ ရွှေတင့်မျက်လုံးများမှာ နီရဲနေကြ၏။ မျက်ခွံများသည် မို့နေကြ၏။ မျက်ရည်ကို ဘယ်လိုပင် သုတ်သော်လည်း မျက်လုံးအိမ်ထဲတွင်မူ မျက်ရည်တွေ ပြည့်နေပေသည်။

"ဘာမှ အားမငယ်ပါနဲ့ရွှေ၊ အယူခံဦးမှာ၊ ဟိုက်ကုတ်ကျရင် လွတ်ချင်လွတ်မှာပါ"

ရွှေတင်က ဘာမျှမပြောဘဲ မျက်လွှာကိုချထားသည်။ မျက်လွှာချလိုက်တော့ မျက်လုံးအိမ်တွင် ပြည့်နေသည့် မျက်ရည်များသည် ဖိညှစ်လိုက်သလို ပါးပြင်ပေါ်သို့ စီးကျလာပေသည်။ ညိုလေးမှာ ဦးဇော်ထွန်းနှင့် ခင်မောင်ဝင်းစကားကို ကြားလိုက်သဖြင့် အားတက်လာသည်။

"အယူခံဦးမှာလား ဝတ်လုံတော်ရမင်း"

"အေး၊ ခုပဲ ငါ တရားသူကြီးဆီကို သွားပြောမယ်၊ ဦးခင်မောင်ဝင်း ကျွန်တော် ခဏသွားလိုက်ဦးမယ်နော်"

ဦးဇော်ထွန်းသည် တရားသူကြီးအခန်းထဲသို့ ထွက်သွားသည်။ တရားသူကြီးအခန်းထဲမှ ထွက်လာသော ရှေ့ဖတ်စာရေးကြီးက "တရားခံနဲ့





ဆယ်မိနစ်ပဲ စကားပြောနိုင်တယ်နော်"ဟု လှမ်းပြောသံကို ကြားလိုက်ရ၏။ အပြင်တရားခံ ဝက်ခြံနားတွင် ရွှေတင်ကို အစောင့်ကျနေသော ပုလိပ်များမှလွဲ၍ ညိုလေး၊ ခင်မောင်ဝင်းနှင့် မောင်မောင်သန်းတို့သာ ကျန်ရစ်ခဲ့ပေသည်။

"လူချင်း နေရာလဲလို့ရရင် လဲလိုက်ချင်ပါရဲ့ အစ်မရယ်"

ညိုလေးက ဝက်ခြံဘေးမှရပ်ကာ ရွှေတင်ကို လှမ်း၍ ပြောလိုက်သည်။ ညိုလေး၏အသံမှာ ကြားကောင်းရုံပြောခြင်းမဟုတ်၊ တကယ်ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲထွက်လာသော အသံမျိုးဖြစ်ပေသည်။ သူ့မျက်လုံးများသည် မှုန်မှိုင်း၍ နေကြပေသည်။

ရွှေတင်က မချိုပြုံးပြုံးကာ ခင်မောင်ဝင်းဘက်ကို တစ်ချက်မျှ ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး

"မင်းကိုတော့ ငါ့ကိုယ်စား မခံစေချင်ဘူး ညိုလေးရယ်၊ တကယ် အပြစ်ရှိသူသာ ခံစေချင်ပါတယ်"

ခင်မောင်ဝင်းသည် ရွှေတင့်စကားများကြောင့် မိုးကြိုးစက်ကွင်း မိလိုက်သလို တစ်ကိုယ်လုံး ထူပူရှိန်းဖိန်းသွားသည်။ သွေးများသည် သူ့ကိုယ်ထဲတွင် ပွက်ပွက်ဆူနေကြသည်ဟု ထင်မှတ်ရသည်။ ရွှေတင်က ဘယ်လိုအဓိပ္ပာယ်ဖြင့် ပြောမှန်းမသိသော်လည်း သူ့ကို ရည်ရွယ်၍ ပြောလိုက်တာလားဟု တွေးနေမိသည်။ ရွှေတင်က ဖျတ်ခနဲ လှမ်းကြည့်လိုက်တာက သူ့ကို အပြစ်ရှိသည်ဟု သွယ်ဝိုက်ပြောလိုက်တာလားဟု ထင်နေမိသည်။ ခင်မောင်ဝင်းသည် အပြစ်ရှိသူလို အနေရထိုင်ရ ကျပ်လာကာ မလုံမလဲ ဖြစ်လာလေသည်။

"ကဲ အစ်ကိုသွားဦးမယ်၊ မကြာခင် ထောင်ထဲ လာပါဦးမယ်"

ခင်မောင်ဝင်းက ရွှေတင်ကို နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့"

ရွှေတင်က သူ့ကို ဖျတ်ခနဲ လှမ်းကြည့်၍ ပြောလိုက်ပြီး မျက်လွှာကို ချထားလိုက်သည်။

ရွှေတင်က "ဟုတ်ကဲ့"ဟု ပြောလိုက်သော စကားလုံးသည် သူ့နားထဲတွင် "ဒါနင့်အပြစ်ပဲ"ဟု ပြောသလို ထင်လိုက်မိသည်။ ရွှေတင့်ပါးစပ်က ထွက်လာသမျှ စကားလုံးများသည် သူ့ကို အပြစ်ဖို့သော စကားလုံးများ ဖြစ်နေမလားဟု စိုးရိမ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကူအညီ လိုချင်လိုချင် ရှေ့နေကြီးကိုပြောနော်"

"ဟုတ်ကဲ့"

သည်တစ်ခါတော့ ရွှေတင်က သူ့ကို မကြည့်တော့ဘဲ မျက်လွှာကို အောက်သို့ချရင်းက ပြောလိုက်သဖြင့် ခင်မောင်ဝင်းအဖို့ နေသာထိုင်သာ ရှိသလို ဖြစ်သွားပေသည်။ ခင်မောင်ဝင်းက ခေါင်းငိုက်စိုက်ဖြင့် အပြင်ဘက်သို့ ထွက်လာသည်။ မောင်မောင်သန်းသည် ဝက်ခြံထဲက ရွှေတင်နှင့် ဝက်ခြံဘေးတွင် ရပ်နေသော ညိုလေးကို ဖျတ်ခနဲ ခေတ်ပုံလှမ်းရိုက်ပြီး ခင်မောင်ဝင်းနောက်သို့ ခပ်သွက်သွက်လှမ်းထွက်လာခဲ့သည်။

အခန်းထဲတွင် ပုလိပ်အစောင့်များမှလွဲလျှင် ညိုလေးနှင့်ရွှေတင်သာ ကျန်ရစ်ခဲ့ပေသည်။ ရွှေတင်နှင့်ညိုလေးသည် စိုက်ကြည့်နေကြသည်။ သူတို့ မျက်လုံးများတွင် သနားခြင်း၊ ခင်မင်ခြင်း၊ ညှာတာခြင်းတို့သည် အကောင်းတွေအဖြစ် ကူးပြောင်းကာ တဖျတ်ဖျတ်လက်နေသည်ဟု ထင်ရပေ၏။

ညိုလေးသည် ရွှေတင်ကို စိုက်ကြည့်ရင်း ရင်ဆို့လာပြီး မျက်ရည်တွေ ကျလာသည်။ အပြစ်မရှိသော မိန်းမတစ်ဦး ထောင်ထဲတွင် သေတစ်ပန် သက်တစ်ဆုံး အပြစ်ဒဏ်ကျခံရမည်ဆိုသည်မှာ တကယ်ရင်ဆို့စရာလည်း ကောင်းပေသည်။ ညိုလေးသည် ကျလာသော မျက်ရည်တွေကို ရွှေတင် မြင်သွားမည်စိုးသဖြင့် ဝက်ခြံလက်တန်းကို မှေးကိုင်ကာ ခေါင်းကို အောက်သို့ ငုံ့ထားလိုက်လေ၏။ ရွှေတင်က ညိုလေးကိုဝမ်းနည်းစွာ လှမ်းကြည့်နေသည်။

"အစ်မအတွက် မပူပါနဲ့ဟယ်၊ အစ်မ ကိစ္စမရှိပါဘူး"

ရွှေတင်သည် ငုံ့နေသော ညိုလေး၏ ခေါင်းကို ပွတ်သပ်ပေးနေသည်။ ညိုလေးခေါင်းမှ ဆံပင်အခွေအလိပ်ကလေးများကို ဖြန့်၍ ပေးနေသည်။

"လောကမှာ ယောကျာ်းတိုင်းဟာ မိရွှေတင်ကို ကာမရာဂ သားကောင်အဖြစ်နဲ့ချည်း ကြည့်ကြတယ် မိရွှေတင်၊ သားကောင်အဖြစ်နဲ့ မကြည့်တဲ့လူဆိုလို့ လောကမှာ ညိုလေးတစ်ယောက်ပဲ ရှိတယ်။ ဒီတော့ ညိုလေးကိုလဲ သားကောင်အဖြစ် မကြည့်လေနဲ့ မိရွှေတင်၊ ညိုလေးကို အမဲ အဖြစ် မကြည့်လေနဲ့"

မိရွှေတင်သည် ညိုလေး၏ ဆံပင်များကို ပွက်သပ်ရင်း စိတ်ထဲတွင် ရွတ်ဆိုနေမိလေသည်။

# (၃၁)

ဦးမောင်မောင်မြင့်သည် ဘောလုံးအဖြူလုံးကလေးကို ကျူတံထိပ်ဖျားဖြင့် ချိန်ဆကာ ခပ်ဆတ်ဆတ် ထိုးချလိုက်သည်။ ဘောလုံးအဖြူကလေးသည် ဘိလိယက်စားပွဲ တစ်ဘက်ဘောင်ကိုထိကာ သက္ကလတ်စိမ်းပေါ်တွင် ပြေးလွှားနေပြီး ဘောလုံးအနီးနားမှ ကပ်၍ လိမ့်သွားသည်။

"တောက်၊ ကင်နင်ဆွဲလိုက်တာဗျာ နည်းနည်းကလေး လိုသွားတယ်"

ဦးမောင်မောင်မြင့်က မကျေမနပ်လှမ်းပြောလိုက်ပြီး ဘိလိယက်ခုံဘေး စားပွဲဝိုင်းကလေးပေါ်ရှိ ငွေလင်ပန်းထဲမှ ဝီစကီဖလ်ခွက်ကို ယူ၍ တကျိုက်ယူသောက်လိုက်သည်။ ဦးမြခင်က ကျူတံထိပ်ကို မြေဖြူဖြင့် သုတ်လိုက်ရင်းပြုံးကာ ဘောလုံးကို ချိန်နေ၏။ ဦးမြခင်မှာ ရွှေတင်၏ အမှုကို စီရင်ချက်ချသော တရားသူကြီးဖြစ်၏။ သူသည် ပိန်ပိန်နွဲ့နွဲ့ အသားဖြူဖြူ မျက်မှန်နှင့်ဖြစ်၏။ ရှပ်အကျီလက်တိုအဖြူ၊ မန္တလေးလုံချည် မီးခိုးရောင်ကို ဝတ်ထားပြီး ခါးသေးသေးကလေးနှင့် သားရေခါးပတ်ကြီး ပတ်ထားလေ၏။

ခင်မောင်ဝင်းတို့အိမ်မှာ ဘိလိယက်ခန်း သပ်သပ်ရှိ၏။ ဆာဖိုးဝင်းက ခင်မောင်ဝင်းပျင်းမည်စိုးသဖြင့် အိမ်တွင် ဘိလိယက်ခုံတစ်ခုံဝယ်ကာ ဘိလိယက်ခန်းလုပ်ပေးထားခြင်း ဖြစ်လေသည်။ ဘိလိယက်ခန်းကို အိမ်အောက်ထပ် လက်ျာဘက်အဆွယ်တွင် လုပ်ထား၏။ ဘေးတွင် ပြတင်းပေါက်ကြီးကြီးများ ဖောက်ထားကာ တံခါးများကို မှန်အပြည့်တပ်ထားသည်။ ပြတင်းပေါက်မှ ကြည့်လျှင် ပန်းခြံကို လှမ်းမြင်ရပေသည်။ ဘိလိယက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ အိမ်သူအိမ်သားများနှင့် ဖိတ်ကြားခြင်းခံရသူများသာ ကစားသောနေရာဖြစ်ပေ၏။

ဘီလိယက်ခန်းထောင့်က နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင်မူ ခင်မေဝင်းနှင့် တရားသူကြီးကတော် ဒေါ်ခင်ခင်ဆွေတို့မှာ စကားကောင်းနေကြသည်။ ခင်မေဝင်းမှာ ဂျော်ဂျက်အင်္ကျီရင်ဖုံး၊ ငွေဇာပြင်လုံချည်ကို ဝတ်ထားပြီး လေဒီရှူးကို စီးထား၏။ မျက်နှာတွင် ပေါင်ဒါတွေဖွေးကာ နှုတ်ခမ်းနီကို လိမ်းခြယ်ထားသည်။ ဆံပင်နောက်တွဲထုံးပြီး စံပယ်ကုံးတစ်ကုံးကို ပန်ထားသည်။ တရားသူကြီးကတော် ဒေါ်ခင်ခင်ဆွေမှာ ရွှေကျီးညို ပဒုမ္မာရင်ဖုံး၊ ဘီအေအနားတပ်ထားသော အဝါရောင် ပိုးစပ်တွန့်လုံချည်နှင့် ခြေထောက်တွင် ဒေါက်မြင့်ဖိနပ်စီး၍ထားသည်။ သူတို့နှစ်ယောက်စလုံး ပါးအို့များကို ရဲတွတ်နေအောင် ဆေးဆိုးထားကြသည်။

ဒေါ်ခင်ခင်ဆွေက သူ့ယောကျ်ား ဦးမြခင် ကလပ်သွားကြောင်း၊ ဘီလိယက်ဝါသနာပါကြောင်း၊ တစ်ခါတလေ ညဉ့်နက်သန်းခေါင်မှ ပြန်လာတတ်ကြောင်း ပြောပြနေ၏။

"မင်းကတော်ကလဲ လင်ကိုတယ်ကြောက်ရသကိုး။ ဒီလောက်တော့လဲ လွန်လွန်းတယ်"

ခင်မေဝင်းက ကလိဆွသောအပြုံးဖြင့် ပြောလိုက်သည်။

"ဆွေတို့က စက်ရှင်မင်းကြီးကတော်လိုမှ မဟုတ်ဘဲ၊ ကြောက်ရသေးတာပေါ့"

"အို ဘာလဲ၊ စက်ရှင်မင်းကြီးကတော်တို့လို မဟုတ်ဘူးဆိုတာ မေတို့က ဘာဖြစ်လို့လဲ"

ခင်မေဝင်းက ပါးစပ်နားသို့ တေ့ထားသောလိမ္မော်ရည်ဖလ်ခွက်ကို မသောက်သေးဘဲ ဒေါ်ခင်ခင်ဆွေဘက်သို့ လှည့်၍ မေးလိုက်ပါသည်။

"အော် စက်ရှင်မင်းကြီးကတော်က ဆာဖိုးဝင်းရဲ့သမီး ခင်ပွန်းလောင်းကို အစကတည်းက နိုင်ထားရတာ။ ယောက္ခမက သားမက်လောင်းကို ဘိလပ်ပညာသင်ပို့၊ ပြန်လာတော့ အလုပ်ရှာပေး၊ သမီးနဲ့အတူ စိန်ရော၊ ရွှေရော၊ အိမ်ရော၊ ကားရော ပေးထားနိုင်တာ"

ခင်မေဝင်းမျက်နှာမှာ ပြုံးရာမှ မဲ့သွားသည်။ ချိုရာမှ တင်းလာသည်။

"အို ဒါက ပဓာနမဟုတ်ပါဘူး။ လူက ပဓာနပါ။ လူ လူ၊ မင်းကတော်ကိုယ်တိုင်က သဘောကောင်းလွန်းအားကြီးတယ်"





အဝတ်ဖြူ ဘောင်းဘီဖြူဝတ်ထားသော ဘွိုင်ကုလားတစ်ယောက်က ငွေလင်ပန်းတွင် ဝိုင်ပုလင်း၊ ဝိုင်အရက်ခွက်များထည့်၍ သူတို့ရှေ့စားပွဲပေါ်သို့ လာချလေသည်။ ခင်မေဝင်းက ဝိုင်ဖလ်ခွက်တစ်လုံးတွင် ဝိုင်ကို ငှဲ့စေပြီး ဒေါ်ခင်ခင်ဆွေအား ပေးရင်း

"သောက်လိုက်ပါဦး မင်းကတော်၊ အချိုကလေးပါ။ မေတော့ ညနေကျရင် သူ့သောက်ရမှ ထမင်းစားလို့မြိန်တယ်။ ဟော့ဘွိုင် ဟိုမှာ ဝီစကီကုန်နေပြီထင်တယ်၊ ကောင်မလေးကို စတိုခန်းထဲမှာ အယူခိုင်းလိုက်ဦး"

ခင်မေဝင်းက ဝီစကီဖလ်ခွက်ကို မော့ကပြသော ဦးမောင်မောင်မြင့်ကိုမြင်သဖြင့် လှမ်းအော်လိုက်သည်။ ဘွိုင်ကုလားကား မြေဖြူတစ်ချောင်းဖြင့် မာကာဝင်လုပ်ပေးနေရာမှ အပြင်သို့ ထွက်သွားလေသည်။

"ကျေးဇူးတင်ပါတယ် မင်းကြီးကတော်"

ဒေါ်ခင်ခင်ဆွေက ဝိုင်ကလပ်ကို လှပစွာကိုင်ကာ နှုတ်ခမ်းတွင် တေ့၍ စုတ်နေသည်။ ပြီးမှ ဝိုင်ကလပ်ကို နှုတ်ခမ်းမှ ခွာလိုက်ကာ လက်ကို ဘေးသို့ ဆွဲမြှောက်၍ ကိုင်ထားရင်း

"မင်းကတော် မောင်ကော၊ ဦးခင်မောင်ဝင်းလေ၊ ဘယ်တော့လောက်များ လူပျိုကြီးဘဝ အဆုံးသတ်မှာတဲ့လဲ"

ခင်မေဝင်းက ဝိုင်ပုလင်းထဲမှ ဝိုင်ကို ကလပ်ထဲသို့ ငှဲ့နေသည်။

"ပြော မပြောတတ်ပါဘူး မင်းကတော်ရယ်၊ ဖေဖေမဆုံးခင်ကလေးတင်ပဲ စီစဉ်ကြသေးတယ်။ ဖေဖေနဲ့မေမေက သူတို့ပေးစားချင်တဲ့ မိန်းမရှိတယ်၊ သူကနေပါစေအုံးလို့ ပြောတယ်။ မေမေကလဲ သူတို့လူငယ်ချင်းလဲ ရင်းနှီးအောင်ဆိုပြီး နေခွင့်ပေးလိုက်တယ်။ ဒါနဲ့တလောက မေမေထပ်ပြီး ပြောသေးတယ်။ အဲဒီတော့ သူက သူယူချင်တဲ့မိန်းမရှိတယ်လို့ ပြောတယ်။ ဘယ်သူလဲလို့မေးတော့လဲ မပြောဘူး။ သူယူချင်တဲ့မိန်းမကို မယူရရင် မေမေပေးစားချင်တဲ့မိန်းမကိုလဲ မယူနိုင်ဘူးဆိုတာနဲ့ ခုတော့ ဘယ်သူ့မှမယူဖြစ်သေးဘူး။ မေ့မောင်လေးက လိမ္မာရှာပါတယ် မင်းကတော်ရယ်။ မိဘဆွေမျိုးရဲ့ ဂုဏ်သိက္ခာကို ထောက်ရှာပါတယ်။ သူယူချင်တဲ့မိန်းမက ဘယ်ကမှန်းလဲ မသိဘူး။ တကယ်လို့ အောက်တန်းစားပေါက်လွှတ်ပဲစားထဲကဟာ ဖြစ်နေပြီး သူကများ အတင်းယူပစ်လိုက်ရင် ကျွန်မတို့ ဘာမှ တတ်နိုင်မှာမဟုတ်ဘူး"

"ဟုတ်တာပေါ့ မင်းကြီးကတော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ဆွေက ဝိုင်ခွက်ကို တော့စုပ်လိုက်သည်။ ဦးမောင်မောင်မြင့်နှင့် ဦးမြခင်မှာ ဘီလိယက်ထိုးနေရာမှ ဝီစကီဖလ်ခွက်များကိုင်လျက် စောင့်နေသော စားပွဲထိုးကို သတိပြုမိလိုက်ကြသည်။

"ဒိုင်ဆေး ဦးမြခင်၊ ခဏနားပြီး ဟတ်ပက်စီလောက် လုပ်လိုက်ကြအုံးစို့၊ ဆော်ဒါတွေ ဖလက်ဖြစ်ကုန်မှာ စိုးရတယ်"

သူတို့နှစ်ယောက်သည် ကျူများကို ဘီလိယက်စားပွဲတွင် မှေး၍ ထောင်ထားလိုက်ပြီး အရက်တစ်ခွက်စီယူ၍ သောက်လိုက်သည်။ နောက်တစ်ခွက်စီထပ်ထည့်ကာ ဆော်ဒါများ ရောလိုက်သည်။ စားပွဲထိုးမှာ ဇန်းကိုချကာ မာကာလုပ်နေသည်။

"ဦးမောင်မောင်မြင့်၊ ခင်ဗျားညီတော်မောင်ရဲ့သတင်းကို အစုံအလင်ကြားပြီးပလား"

"အင်း ကြားသလောက်တော့ ကြားပါပြီဗျာ။ မကောင်းတဲ့မိန်းမ တစ်ယောက်ရဲ့ကိစ္စကို ဘာလို့များဒီလောက် စိတ်ဝင်စားနေရတာလဲ မသိဘူး"

ဦးမောင်မောင်မြင့်က အရက်ခွက်ကို စားပွဲပေါ်သို့ပြန်ချလိုက်ကာ နှုတ်ခမ်းများကို သုတ်လိုက်ပြီး ပန်းကန်ပြားထဲမှ စပျစ်သီးတစ်လုံးကိုချွေ၍ ဝါးနေ၏။

"ကျွန်တော်လဲ အဲဒါပဲ စဉ်းစားလို့မရတာ။ ခုသူပဲ ကမကထလုပ်ပြီး ဟိုက်ကုတ်အယူခံတက်နေပြန်ပြီ။ ကျွန်တော်လဲ စိတ်မကောင်းဘူးဗျာ၊ အမှန်က ကောင်မလေးသတ်တာ မဟုတ်ဘူးဗျ။ ဒါပေမဲ့ ဆာကမ်စတင့်ရှယ်အဲဗီး ဒင်း(စ)က သိပ်ခိုင်လုံနေတော့ လျှော့ပစ်လို့မရဘူး။ ဒီထဲမှာ သူကလဲ ကန့်လန့်ဆိုတော့ အစဉ်းစားရကျပ်တယ်။ ခက်တာက ဂျူရီလူကြီး တစ်ယောက်ဖြစ်ပြီး သူလို လူကြီးတစ်ယောက်က ဒီလိုလုပ်နေတယ်ဆိုတော့ အရုပ်ဆိုးတာပေ့ါ။ လူသိနတ်ကြားလုပ်တာ မဟုတ်လို့တော့ တော်ပါသေးရဲ့"

"ကျွန်တော်ကတော့ ဒီဟာကို သိပ်မပူပါဘူး။ ဒါပေမဲ့ မိန်းမပျက် တစ်ယောက်ရဲ့ ကိစ္စမှာ သူက ဒါလောက်စပ်စပ်စုစုလုပ်နေတယ်ဆိုတော့ သူ ဘယ်အခြေအနေရောက်သွားမလဲ၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ သူ နာမည်ပျက်ရင် ကျွန်တော်တို့ တစ်မျိုးလုံးကော မပျက်တော့ဘူးတဲ့လား"

"မှန်ပါတယ် ဦးမောင်မောင်မြင့်ဘက်ကတော့ ဆာဖိုးဝင်းမိသားစုထဲက လူတစ်ယောက်အနေနဲ့ကြည့်တယ်။ ကျွန်တော်ကတော့ တရားရုံး





ဘက်က ဂျူရီအဖွဲ့ဘက်ကနေပြီး ကြည့်တယ်။ အေးလေ ဘယ်ဘက်က ကြည့်ကြည့် မကောင်းတာတော့ အမှန်ပဲ"

ဦးမောင်မောင်မြင့် မျက်နှာထားမှာ သုန်မှုန်နေ၏။ သူ့မျက်နှာထားမှာ ရွံရှာသည့် မျက်နှာထားမျိုး ဖြစ်ပေသည်။

နှစ်ယောက်သား စကားမပြောကြဘဲ တွေနေကြသည်။ ဦးမြခင်ကား အပြစ်မဲ့တရားခံတစ်ဦးကို ပြစ်ဒဏ်ပေးရသည်ကိုလည်းကောင်း၊ ခင်မောင်ဝင်းက ဂျူရီလူကြီးတစ်ယောက်ဖြစ်လျက်နှင့် သည်ကိစ္စတွင် စပ်စုနေသည်ကိုလည်းကောင်း တွေးနေသည်။ ဦးမောင်မောင်မြင့်ကား မိန်းမပျက် တစ်ယောက်၏ ကိစ္စတွင် ခင်မောင်ဝင်းဝင်စွက်သဖြင့် အားလုံးနာမည်ပျက်မည်ကို တွေး၍ စိုးရိမ်နေသည်။

"ကဲ ကဲ တစ်ပွဲလောက် ဆက်ထိုးကြဦးစို့"

ဦးမောင်မောင်မြင့်က ပြောလိုက်သဖြင့် နှစ်ယောက်သား အရက်ဖလ်ခွက်များကိုချကာ ဘီလိယက် ဆက်ထိုးကြပြန်သည်။

*

စက်ရှင်မင်းကြီးကတော်နှင့် တရားသူကြီးကတော်တို့ကား တတွတ်တွတ် စကားပြောနေကြတုန်းပင် ဖြစ်၏။

"မင်းကြီးကတော်တို့အိမ်မှာ ဒီဘီလိယက်ခုံထားတာ ဘယ်လောက်ကြာပြီလဲ။ စက်ရှင်မင်းကြီးနဲ့ လက်ထပ်ပြီးမှလား၊ အရင်ကလား"

"ကြာပါပြီ မင်းကတော်ရယ်၊ မေတို့ လက်ထက်ပွားမဟုတ်ပါဘူး။ ဖေဖေက သူ့သားအိမ်အပြင်ထွက်ပြီး မလည်အောင် အိမ်ထဲမှာ ကစားစရာ လုပ်ပေးထားတာ"

"မင်းကြီးကတော်ရဲ့မောင်က တကယ်တော့ အိမ်တွင်းပုန်း ဟုတ်ရဲ့လား"

ဒေါ်ခင်ခင်ဆွေက အသံထွက်အောင်ရယ်၍ မေးလိုက်သည်။

ခင်မေဝင်းက ဘာမှပြန်မပြောဘဲ ရောနှော၍ရယ်လိုက်သည်။ ဘွိုင်ကုလားတစ်ယောက်က ဝိုင်ခွက်များကို လာငှဲ့၍ပေးပြန်သဖြင့် နှစ်ယောက်ယူ၍ ဝိုင်ခွက်ကို နှုတ်ခမ်းနှင့် တော့စုပ်လိုက်ကြသည်။

"မေ့မောင်က ရိုးပါတယ် မင်းကတော်ရဲ့၊ ဟဲ ဟဲ"

တရားသူကြီးကတော်က ပြုံးနေ၏။ ခဏကြာမှ



www.burmeseclassic.com

www.burmeseclassic.com



"ဆွေ့ညီမတစ်ယောက်လဲ ဒီနှစ် ဘီအေအောင်သွားပြီ"

"မိန်းကလေးတွေ သိပ်ပညာတတ်ရင် အပျိုကြီးဖြစ်တတ်တယ်နော်"

ခင်မေဝင်းက နောက်သလိုလိုပြော၍ ရယ်နေသည်။ ပြီးမှ စကားဆက်ကာ

"မေ့အစ်မ ဝမ်းကွဲတစ်ယောက် စာသိပ်ကြိုးစားတာပဲ။ အင်္ဂလိပ်စာဂုဏ်ထူးအောင်၊ နောက် အမ်အေတက်၊ လူကိုပိန်ချိနေအောင် ကြိုးစားတာ၊ အဲ-အမ်အေလဲ အောင်ရော အသက်ကသုံးဆယ်ကျော်နေပြီ။ ဘယ်သူကမှလဲ ယူမယ့်လူ မရှိတော့ဘူး။ အစဉ်းစားကြီးရတာနဲ့ အချိန်ကုန်ပြီး အပျိုကြီးဘဝနဲ့ အချိန်ကုန်ရတော့တာပဲ"

"အဲမှာ ခုတလောတော့ ယောက်ျားတွေက ပညာတတ်မိန်းကလေးတွေကို သဘောကျရမှန်း သိလာပါပြီ မင်းကတော်ရဲ့"

ဒေါ်ခင်ခင်ဆွေက အားကျမခံ ပြောလိုက်သည်။ ခင်မေဝင်းကမူ စီးကရက်တစ်လိပ်ကို ကောက်၍ မီးညှိကာ

"မင်းကတော်ကလဲ ဘယ်အိုင်-စီ-အက်(စ)ကများ ဘီအေမကို ရှာယူတာရှိဖူးလို့လဲ"

တရားသူကြီးကတော်မှာ ဒီတစ်ချီတော့ ဘာမှမပြောတော့ဘဲ ပြုံး၍သာ နေလိုက်သည်။ တကယ်တော့လည်း ခင်မေဝင်းစကားမှာ မှန်သလိုလိုရှိသည်။ အိုင်-စီအက်စ်များမှာ ဘိလပ်က ပြန်လာလျှင် မြေပိုင်ရှင်သူဌေးသမီးကို ယူလာတတ်ကြသည်။ သူ့ယောက်ျား ဦးမြခင်မှာ ဘိလတ်ကဝတ်လုံသင်ပြီး ပြန်လာသူဖြစ်၏။ ဦးမြခင်ဘိလတ်သွား၍ ဝတ်လုံပညာသင်နိုင်အောင် သူတို့က စရိတ်ထောက်ခဲ့ရသည် မဟုတ်လား။ ဦးမောင်မောင်မြင့်နှင့် ခင်မေဝင်းတို့လည်း သည်နည်းနှင်နှင်သာဖြစ်၏။ ဦးမောင်မောင်မြင့်နှင့် ခင်မေဝင်းကို စေ့စပ်ပြီး ဦးမောင်မောင်မြင့်ကို ဘိလတ်သို့ သူတို့စရိတ်ဖြင့် လွှတ်ခဲ့၏။ ပြန်လာတော့မှ လက်ထပ်ခြင်းဖြစ်လေသည်။ ဘိလပ်ပြန်များသည် သူဌေးသမီးများအလယ်တွင် မိုးကျရွှေကိုယ်တွေ ဖြစ်နေကာ သူဌေးသမီးများသည် ဘိလပ်ပြန်များအလယ်တွင် မဥ္စူသက နတ်ပန်းဖြစ်နေ၏။

"ကျွန်မညီမကို မင်းကြီးကတော်တို့အိမ် ခေါ်ခဲ့ရဦးမယ်"

"ခေါ်ခဲ့ပါဦး မင်းကတော်ရဲ့"

ဒေါ်ခင်ခင်ဆွေက ကိုယ့်စိတ်ကူးနှင့်ကိုယ် တွက်၍ ပြောခြင်းဖြစ်၏။





ခင်မေဝင်းကလည်း သူ့စိတ်ကူးနှင့်သူ ဖိတ်ခေါ်ခြင်းဖြစ်လေသည်။ သို့သော် သူတို့နှစ်ယောက်သည် တစ်ယောက်စိတ်ကူးကိုတစ်ယောက် နားလည်ပြီးသား ဖြစ်နေကြပေသည်။

သူတို့နှစ်ယောက်သား တော်တော်ကြာ စကားမပြောကြဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် တွေးနေကြသည်။ ဒေါ်ခင်ခင်ဆွေက သူ့ညီမကို ခင်မောင်ဝင်းနှင့် ရင်းနှီးလာအောင် ဘယ်လိုလုပ်ရမလဲဟု တွေးနေ၏။ ခင်မေဝင်းက စူစီနှင့်လူကြီးချင်း စကားစ,ထားကြသော သူ့မောင်ကို ခင်ခင်ဆွေ့ညီမနှင့် စိတ်ကူးကြည့်နေသည်။ ခင်ခင်ဆွေ့ညီမမှာ ဘီအေဆိုတဲ့ ဂုဏ်တော့ရှိတာပဲ။ ပစ္စည်းအခြေအနေကတော့ စူစီတို့လောက် ရှိမှာမဟုတ်ဘူး။

*

"ဒီမိန်းမနဲ့ ခင်ဗျားညီတော်မောင်က ဘယ်လိုအဆက်အသွယ် ရှိခဲ့ဖူးလို့လဲဗျ၊ သိသလား"

ဘောလုံးအဖြူကလေးကို ဒေါက်ခနဲထိုးချလိုက်ပြီး ဘောလုံးသွားရာသို့ လှမ်းကြည့်ရင်း ဦးမြခင်က မေးလိုက်သည်။

"ဟောင်း အမ် အိုင် တူနီး(ကျွန်တော်တော့ ဘာမှမသိရပါဘူးဗျာ) အဲ တစ်ခုတော့ သေချာတယ်။ မိန်းမပျက်၊ မိန်းမရှုင်နဲ့ အဆက်ရှိတဲ့ ယောက်ျားတစ်ယောက်ဟာ သူကိုယ်တိုင်ကိုက ပျက်လို့ရှုင်လို့သာ ဖြစ်ရမှာပဲ"

ဦးမောင်မောင်မြင့်က ဘောလုံးအဖြူကို ထိုးရန် ချိန်ပြီး ထိုးချလိုက်သည်။ ဘောလုံးအဖြူသည် အနီလုံးကို သွား၍ ရိုက်ပြီး လိမ့်သွားလေသည်။

ခင်မောင်ဝင်းသည် ခပ်ငိုင်ငိုင်ဖြင့် ဘိလိယက်ခန်းထဲဝင်လာခဲ့လေသည်။ စားပွဲထိုးက သူ့ကို လှမ်းမြင်သဖြင့် နံရံတွင်ကပ်၍ ခပ်မတ်မတ်ရပ်လိုက်သည်။ ဦးမောင်မောင်မြင့်နှင့် ဦးမြခင်တို့ကား ဘိလိယက်ဘောလုံးများကိုသာ စူးစိုက်နေကြသဖြင့် မသိလိုက်ကြပေ။ မင်းကတော်နှစ်ယောက်ကလည်း သတိမမူလိုက်မိဘဲ စကားကောင်းနေကြသည်။

"ခင်ဗျား ညီတော်မောင် စွဲမယ်ဆိုလဲ စွဲလောက်တယ်ဗျ။ ကောင်မလေးက ရုပ်လဲချော၊ အဆက်အပေါက်ကလဲ တော်တော်ဖြောင့်တယ်။ ပျက်စီးနေတဲ့ကြားထဲကတောင် နွံနစ်နေတဲ့ ပဒ္မာများလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြခင်၏ အသံသည် ဘောလုံးချင်း ရိုက်ခတ်သံကြားမှ ထွက်လာ၏။

"ဘယ်ကနွံနစ်တဲ့ ပတ္တမြားရမှာလဲ၊ နွံနစ်တဲ့ ပတ္တမြားနဲ့မနှိုင်းစမ်းပါနဲ့၊ ဒီကိစ္စမျိုးမှာ နွံနစ်တဲ့အပုပ်ကောင်နဲ့သာ နှိုင်းရမယ်။ ခုကျွန်တော်တို့အိမ်က ညီတော်မောင်က ဒီနွံထဲက အပုပ်ကောင်ကြီးကို ဆယ်ဖို့ကြိုးစားနေတယ် လေ၊ ဟား - ဟား"

ဦးမောင်မောင်မြင့်က သူ့စကားကို သူ သဘောကျသွားဟန်ဖြင့် အားရ ပါးရ ရယ်လိုက်၏။ ဦးမောင်မောင်မြင့်မှာ အရက်ကလေးကလည်း တွေလာပြီဖြစ်၍ အာသွက်လာ၏။ သူ့ရယ်သံကြောင့် စကားကောင်းနေကြသော ခင်မေဝင်းနှင့် ခင်ခင်ဆွေက သူတို့ဘက် လှမ်းကြည့်လိုက်သည်။ သူတို့နှစ်ယောက်၏ မျက်လုံးများသည် ဦးမောင်မောင်မြင့်ဆီသို့ မရောက်တော့ဘဲ တံခါးဝတွင် ခါးထောက်ရပ်နေသည့် ခင်မောင်ဝင်းဆီသို့ ရောက်သွားကြသည်။

"မောင်တို့တော့ ဘာများ သဘောကျနေသလဲ မသိ"

ခင်မေဝင်းက ဦးမောင်မောင်မြင့်ဘက်သို့ မေးငေါ့ရင်း ခင်ခင်ဆွေကို ပြုံး၍ ပြောလိုက်သည်။ ဦးမောင်မောင်မြင့်ကမူ သူတို့ပြောသံကိုလည်း မကြား၊ ခင်မောင်ဝင်းကိုလည်း မမြင်ဘဲ ဆက်ပြောနေ၏။

"နွံထဲက အပုပ်ကောင်ကို သူက ဆယ်ရင် သူ့ကိုယ်မှာ အပုပ်တွေ ကူးစက်ကုန်မှာကို သိတာမဟုတ်ဘူးဗျ။ သူ့ကို ကူးစက်တာက အရေးမကြီးဘူး၊ ဒီအပုပ်ကောင်ကြီးကို နွံထဲက ဆွဲထုတ်လာရင် ဘေးလူတွေကိုလဲ နွံနံ့တွေ စင်ကုန်ဦးမယ်။ ဘေးပတ်ဝန်းကျင်တစ်ခုလုံးလဲ အပုပ်နံ့တထောင်းထောင်းနဲ့ ဖြစ်မယ်။ ကွယ်လွန်သူ ဆာဖိုးဝင်းရော ကျွန်တော်တို့ မိသားစုရော အားလုံးဂုဏ်သိက္ခာ ပျက်မယ်။ နာမည် အမည်းစက်ထင်မယ်။ သွားပုပ်လေလွင့် အပြောခံရမယ်-ထွီ"

ဦးမောင်မောင်မြင့်က ခပ်ကျယ်ကျယ်ပြောကာ တံတွေးထွေးလိုက်သည်။ အလှည့်လိုက်တွင် ခင်မောင်ဝင်းကို မြင်လိုက်သဖြင့် ကြက်သေသေနေသည်။ ခင်မေဝင်းတို့ကလည်း သည်တော့မှ ဦးမောင်မောင်မြင့်တို့ ပြောနေသံကိုကြားကာ "မောင်လေး လာလာ၊ ဒီမှာထိုင်"ဟု လှမ်းခေါ်လိုက်သည်။ ဦးမြခင်နှင့် ဒေါ်ခင်ခင်ဆွေသည် ခင်မောင်ဝင်းကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြပေသည်။





ခင်မောင်ဝင်းကား သူတို့ပြောနေသမျှကို အကုန်ကြားပြီးဖြစ်၏။ သူ့မျက်နှာသည် ဒေါသကြောင့် နီရဲနေပေသည်။ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ်တုန်ရီနေသည်။ အံသွားများကို ကြိတ်ထားသဖြင့် မေးရိုးများသည် ဖုထွက်နေကြသည်။

ခင်မောင်ဝင်းသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ဘိလိယက်စားပွဲနားကို လျှောက်သွားပြီး ဦးမောင်မောင်မြင့် ရှေ့၌ ရပ်လိုက်သည်။ သူ့မျက်လုံးများမှာ ဝင်းဝင်းတောက်နေကြပေ၏။

"လက်စသတ်တော့ ကျွန်တော့်အကြောင်း ပြောနေကြတာပေါ့ ဟုတ်လား။ ဒီမှာ အစ်ကိုကြီး၊ ဆာဖိုးဝင်း ဂုဏ်သိက္ခာထိခိုက်မှာကို သိပ်မပူပါနဲ့။ ပူစရာရှိရင် ကျွန်တော်က ပိုပူရမှာပါ"

ခင်မောင်ဝင်း၏ အမူအရာမှာ ကြောက်စရာကောင်းနေ၏။ အသံကျယ်ကျယ် ပြောလိုက်သဖြင့် အသံသည် ဟိန်းသွား၏။

"မောင်လေး၊ အို ဒီလို ဘာလို့ပြောရတာလဲ၊ သိပ်ခက်တာပဲ၊ လာလာ"

ခင်မေဝင်းက ကပျာကယာထလာကာ ခင်မောင်ဝင်းလက်ကို ဆွဲလိုက်သည်။ ခင်မောင်ဝင်းက လက်ကို ဆောင့်ရုန်းလိုက်ရင်း

"ခင်ဗျားအသာနေ၊ ခင်ဗျားဘာမှမသိဘူး။ ဒီမှာ အစ်ကိုကြီး၊ အစ်ကိုကြီးက ကျွန်တော်ဟာ အပုပ်ကောင်ကို နွံထဲက ဆယ်နေတယ်လို့ပြောတယ် ဟုတ်လား။ အမှန်က ရွှေတင်ဟာ အပုပ်ကောင်ဖြစ်ချင်လို့ ဖြစ်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့ တစ်မျိုးလုံးကြောင့် အပုပ်ကောင်ဖြစ်နေရတာ။ ကျွန်တော်တို့ တစ်မျိုးလုံးသာ အပုပ်ကောင်တွေ၊ အပုပ်ကောင်တွေ၊ သိလား"

ခင်မေဝင်းမှာ ရွှေတင်ဆိုသောအသံကို ကြားလိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားသည်။ ခင်မောင်ဝင်း ဒေါသရှိန်မပြေသေး၍ လေခပ်အေးအေးဖြင့်

"ဟဲ့ ခင်မောင်ဝင်း၊ ဘယ်က ရွှေတင်လဲ။ မင်းအစ်ကိုကြီးက ဘယ်တုန်းက ရွှေတင်ဟာ အပုပ်ကောင်လို့ ပြောလို့လဲ"

"ဘယ်က ရွှေတင်ရမှာလဲ။ ရုံးမှာ လူသတ်မှုတရားခံ ဖြစ်နေတဲ့ ရွှေတင်ပေါ့။ ပျက်စီးနေတယ်ဆိုတဲ့ ရွှေတင်ပေါ့"

ခင်မေဝင်းမှာ မျက်နှာပျက်သွားသည်။ ဦးမြခင်နှင့် ဒေါ်ခင်ခင်ဆွေတို့ မှာလည်း မျက်နှာအထားရ ခက်နေကြသည်။ ခင်မေဝင်းမှာ ဦးမြခင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ဆွေ၏ရှေ့တွင်ဖြစ်နေသဖြင့် အကြီးအကျယ် ရှက်နေသော်လည်း ဟန်ဆောင်၍ ဖုံးကာ

"တော်ပါကွယ်၊ ဒါတွေ ပြောမနေပါနဲ့တော့"

ခင်မောင်ဝင်းမှာ သည်တော့မှ ခင်မေဝင်းကို စိမ်းစိမ်းစားစား လှည့်ကြည့်လိုက်သည်။

"ပြောရမယ် မမ၊ ပြောရမယ်။ ရွှေတင်ကို ကျွန်တော်တို့တစ်မျိုးလုံးက နွံထဲတွန်းချခဲ့တာ။ အပုပ်ကောင်ဖြစ်အောင် လုပ်ထားတာ။ တကယ်တော့ ရွှေတင်ဟာ အပုပ်မဟုတ်ဘူး။ စိတ်သဘောထား ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ အသည်းနှလုံးထဲရှိတာကို ဖွင့်ပြောတယ်။ ကျွန်တော်တို့အမျိုးတွေက စိတ်သဘောထားသေးသိမ်တယ်၊ ကောက်ကျစ်တယ်၊ ယုတ်မာတယ်၊ ရွှေတင်ကို ကျွန်လိုထားချင်တယ်။ ကိုယ့်ရဲ့ကောက်ကျစ်ယုတ်မာမှုတွေကို အပေါ်ယံ ဟန်ဆောင်မှုတွေ ပကာသနတွေနဲ့ ဖုံးချင်တယ်။ ခင်ဗျားတို့ဟာ ဝမ်းထဲက တမာလိုခါးတာကို အပေါ်ယံမှာ ပျားလိုချိုချင်ဟန်ဆောင်တယ်။ မနာလိုတာကို နာလိုဟန်ဆောင်တတ်တယ်။ မချစ်တာကို ချစ်ဟန်ဆောင်တတ်တယ်။ ခင်ဗျားတို့ဟာ မျက်နှာဖုံးစွပ်ထားကြတာ၊ သိရဲ့လား။ ခု ကျွန်တော် လုပ်နေတာဟာ အစ်ကိုကြီးပြောသလို ကျွန်တော်တို့ တစ်ဆွေလုံးတစ်မျိုးလုံး ဂုဏ်သိက္ခာပျက်အောင် လုပ်နေတာမဟုတ်ဘူး။ ဂုဏ်သိက္ခာပြန်တက်အောင် လုပ်နေတာ၊ ရွှံ့နွံထဲက ကြာပေါက်အောင် လုပ်နေတာ"

ခင်မောင်ဝင်းသည် ဒေါသတကြီးဖြင့်ပြောကာ ချာခနဲလှည့်ထွက်သွား၏။ ဦးမောင်မောင်မြင့်မှာ ဘာမျှပြန်မပြောနိုင်ဘဲ မျက်နှာကြီးနီရဲ၍ ကျန်ရစ်ခဲ့သည်။ ခင်မေဝင်းမှာ ဧည့်သည်တွေကို အားတုံ့အားနာကြီး ဖြစ်နေသည်။ ဦးမြခင်တို့ လင်မယားမှာလည်း ဘာမျှမပြောသာဘဲ ငိုင်နေကြသည်။

အားလုံး ဆိတ်ငြိမ်နေကြလေသည်။ အတန်ကြာမှ ခင်မေဝင်းက ဟန်ဆောင်၍ ပြုံးလိုက်ကာ

"ခင်မောင်ဝင်းဟာ ဒီလိုချည်းပဲ၊ ပြောရမှန်းမသိ၊ မပြောရမှန်းမသိနဲ့ ပြောချင်ရာ လျှောက်ပြောတာပဲ။ အငယ်ဆိုတာ ဒီလိုချည်းပဲ ထင်ပါရဲ့၊ ဟုတ်လား မင်းကတော်"

ခင်ခင်ဆွေကား ခင်မောင်ဝင်းကိုကြည့်၍ လန့်သွားလေသည်။





သည်လိုလူမျိုးနှင့် သူညီမ ဖြစ်မှဖြစ်ပါ့မလားဟု တွေးမိသည်။

"ရော့ပါ၊ သောက်လိုက်ပါဦး မင်းကတော်ရဲ့။ ညီမလဲ နောက်တစ်ခါလာရင် ခေါ်ခဲ့နော်"

ခင်မေဝင်းက ဝိုင်ကလပ်ကို လှမ်း၍ ပေးလိုက်သည်။

"ဟုတ်ကဲ့၊ ခေါ်ခဲ့ပါ့မယ်"

ခင်ခင်ဆွေက ဝိုင်ကလပ်ကို လှမ်းယူရင်း ပြောလိုက်၏။ ဟုတ်ကဲ့ဟုသာ ပြောလိုက်ရသော်လည်း ကြောက်စရာကြီးဟု စိတ်ထဲမှာ ထင်နေသည်။

"ရွှံ့နွံထဲက ကြာ၊ ဟင်း ရွှံ့နွံထဲက ကြာ၊ ထွီ"

ဦးမောင်မောင်မြင့်က ပါးစပ်မှမကျေမနပ် ခပ်တိုးတိုး ရွတ်ရင်း ဘောလုံးကို နင်းကန်ထိုးချလိုက်သည်။ ဘောလုံးကလေးသည် အနီဘောလုံးကို ရိုက်ခတ်ကာ ဘောင်ကိုထိပြီး သက္ကလတ်စိမ်း စားပွဲပေါ်တွင် အခေါက်ခေါက် အခါခါပြေးလွှားနေပေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

# (၃၂)

ခင်မောင်ဝင်းသည် ကိုယ်ကို ကုလားထိုင်နောက်သို့ မှီထားလိုက်လေသည်။ ထောင်မှူးကြီးရုံးခန်းထဲတွင် ဈေးတိုက်သို့ပို့ရန်အတွက် ကြက်သွန်အိတ်များ၊ ရေတ်သီးအိတ်များ စသည့်အိတ်တွေ စုပုံနေ၏။ ခပ်လှမ်းလှမ်း သင်ပုန်းပေါ်တွင် သာမန်အကျဉ်းသား၊ အထူးတန်းအကျဉ်းသား၊ တစ်ကျွန်းအကျဉ်းသား၊ ကြိုးကျအကျဉ်းသားများ၏ အရေအတွက်များကို ရေးထား၏။ ကျွန်းကျ အကျဉ်းသမား ၂၇ယောက်ဟု မြေဖြူဖြင့် ရေးထား၏။ သည် ၂၇ ယောက်ထဲတွင် ရွှေတင်လည်း ပါလိမ့်မည် ထင်၏။ သူနှင့်ရွှေတင်သာ မတွေ့ခဲ့လျှင် သည်သင်ပုန်းပေါ်မှ တစ်သက်တစ်ကျွန်းကျ အကျဉ်းသမားများ စာရင်းထဲတွင် တစ်ယောက်လျော့နေပေလိမ့်မည်။ ခင်မောင်ဝင်းသည် သည်သင်ပုန်းပေါ်မှ ဂဏန်းတစ်လုံးကို ဖျက်ပစ်လိုက်ချင်၏။ သို့ရာတွင် သင်ပုန်းပေါ်မှ ဂဏန်းကို ဖျက်၍ရသည်ထားဦး၊ တကယ့်အဖြစ်အပျက်များကိုမူ ဖျက်ပစ်၍ ရတော့မည်မဟုတ်ပါ။

ခင်မောင်ဝင်းသည် ထောင်မှူးကြီးရုံးခန်းထဲတွင် ထိုင်နေသည်မှာ ကြာလှပြီဖြစ်၏။ သူ့ခေါင်းပေါ်မှ ပန်ကာသည် တဝီဝီလည်လျက်ရှိသည်။

"မောင်ရွှေအောင်၊ တွေ့လိုသူ အမိ ဒေါ်သန်းကြည်"

"ဦးဖိုးလုံး၊ တွေ့လိုသူ ဇနီး ဒေါ်ဖွားမယ်"

"ဦးမောင်အုန်းရွှေ၊ တွေ့လိုသူ ဇနီး မရွှေမူ"

ထောင်ဘူးဝက ထောင်ဗာယာတစ်ယောက်က ထောင်ဝင်စာ





လာတွေ့ရန် အကျဉ်းသမားများ၏ စာရင်းကို အော်ဖတ်နေသံကြားရသည်။ ခင်မောင်ဝင်းသည် ထောင်မှူးကြီးရုံးခန်းရှိ သံဆန်ခါတပ် ပြတင်းပေါက်မှ ထောင်ထဲသို့ လှမ်းကြည့်နေသည်။ အကျဉ်းသားအချို့သည် စပါးများကို တောင်းနှင့်သယ်ကာ စပါးတိုက်သို့ ပို့နေကြ၏။ စပါးတိုက်မှာ ထောင်တွင် စပါးများကို သိုလှောင်သော စပါးစည်ကြီးဖြစ်၏။ အကျဉ်းသမားများစားရန် လုံးတီးဆန်အဖြစ်သို့ မရောက်မီ စပါးများကို စပါးတိုက်ထဲတွင် သိုလှောင်ထားလေသည်။

"ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ ဆရာ"

အင်္ကျီပြာ၊ ဘောင်းဘီဖြူ၊ ဖိနပ်နှင့် ကာကီဖော့ဦးထုပ် ဆောင်းထားသော ထောင်မှူးကြီး၏ ဗာယာက လာ၍ မေး၏။ ထောင်မှူးကြီးသည် အကျဉ်းသားများထဲက သူ့လူယုံတော်တစ်ဦးကို ထောင်ဗာယာ ခန့်ထားလေသည်။

"အထူးတန်းက မကျင်ရွှေကို တွေ့ချင်လို့ပါ"

"ခု မတွေ့နိုင်သေးပါဘူး ခင်ဗျား။ ထောင်ဝင်စာပြမယ့် ထောင်မှူးကလေး မရှိသေးပါဘူး"

"ဘယ်သွားသလဲ"

ခင်မောင်ဝင်းမှာ ရုတ်တရက်ဒေါပွသွားသည်။ စောင့်ရတာ ကြာလှပြီမို့ စိတ်ညစ်ရသည့်အထဲ မတွေ့ရသေးဆိုတော့ စိတ်တိုလာပေသည်။

"အပြင် ထမင်းစား ထွက်သွားပါတယ်"

"ဘာဖြစ်လို့လဲ၊ ဒီအချိန်ဟာ ထောင်ဝင်စာပြတဲ့အချိန် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ တစ်မနက်လုံး ထောင်ဝင်စာတွေပြနေလို့ ထမင်းမစားရသေးတာနဲ့ အိမ်ပြန်ပြီး ထမင်းစားပါတယ်"

ခင်မောင်ဝင်းသည် သက်ပြင်းကိုချလိုက်သည်။ ထောင်ထဲတွင် အကျဉ်းသမား တွေ့ရမည့်အရေးမှာ ဘယ်လောက်ခက်ခဲကြောင်းကို ယခုမှ သဘောပေါက်လာသည်။ အပြင်က လွတ်လွတ်လပ်လပ် လူတွေတောင် တွေ့ခွင့်မရလျှင် ထောင်ထဲတွင် အကျဉ်းချ ခံထားရသူမှာ ဘယ်လောက် စိတ်ဆင်းရဲမလဲဟု တွေးနေ၏။ တွေ့ချင်တိုင်း မတွေ့ရ၊ သွားချင်တိုင်း မသွားရ၊ စားချင်တိုင်း မစားရ၊ လွတ်လပ်မှုဟူသမျှကို အကုန်ချုပ်ချယ်



www.burmeseclassic.com

www.burmeseclassic.com



ကန့်သတ်ထား ခံနေရသူ၏ ဘဝမှာ တော်တော်စိတ်ကျဉ်းကျပ်မည်ဟု အောက်မေ့မိသည်။

"ငါ ထောင်ဝင်စာပြတဲ့ ထောင်မှူးကလေးနဲ့ တွေ့ချင်တယ်ကွာ။ အဲဒါ ဘယ်လိုလုပ်ရင် တွေ့နိုင်မလဲ"

"ထမင်းစားပြီးရင် ပြန်လာပါလိမ့်မယ်။ ဆရာ ခဏစောင့်နေပါဦး"

သည်အတောအတွင်း ထောင်မှူးကြီး ဝင်လာလေသည်။ ထောင်မှူးကြီးမှာ အိန္ဒိယ-မြန်မာ ကပြားဖြစ်၏။ အရပ်ထောင်ထောင်ဖောင်းဖောင်း၊ ဗိုက်ရွှဲရွှဲနှင့် ထောင်မှူးဝတ်စုံကို ဝတ်ထားလေသည်။

"ဟေ့ ဒီရုံးခန်းထဲကို အပြင်လူ ဘယ်သူမှမဝင်ရဘူးဆိုတာ မင်း မသိဘူးလား၊ ဘာဖြစ်လို့ ဝင်ခွင့်ပေးသလဲ၊ တိုက်ထဲရောက်သွားချင်သလား၊ ဟင်"

ထောင်မှူးကြီးက ဗမာစကားမပီတပီဖြင့် ထောင်ဗားယာတွေကို ဟောက်နေသည်။ ခင်မောင်ဝင်းသည် အပေါက်ဝသို့ ချက်ချင်း ထ,သွားကာ အင်္ဂလိပ်စကားဖြင့်

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် ထောင်ပိုင်ဝန်ဆီကို အခွင့်တောင်းပြီး အကျဉ်းသမားတစ်ယောက်ကို လာတွေ့တာပါ။ ဒီအခန်းမှာ လာစောင့်နေပါဆိုလို့ ခဏစောင့်နေတာပါ။ သူ့အပြစ်မဟုတ်ပါဘူး။ ခုလိုဖြစ်ရတာ အင်မတန် ဝမ်းနည်းပါတယ်"

ခင်မောင်ဝင်းက ဝင်၍တောင်းပန်လိုက်တော့မှ ခင်မောင်ဝင်းဘက်ကို လှည့်ကြည့်လိုက်ကာ

"အိုး အိုင်-အမ် ဆောရီး၊ ကိစ္စမရှိပါဘူး နေပါ။ ဒီကောင်တွေက ဒီလိုခဏခဏ စည်းသည်တွေ သွင်းလွန်းလို့ပြောတာပါ။ ထောင်ပိုင်က ခွင့်ပေးလိုက်တယ်ဆို ကိစ္စမရှိပါဘူး၊ ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ"

"အထူးတန်း အကျဉ်းသမား မကျှင်ရွှေပါ"

ခင်မောင်ဝင်းက ထောင်မှူးကြီး၏ မျက်နှာကို အကဲခတ်၍ ပြောလိုက်သည်။ ထောင်မှူးမှာ သည်တော့မှ ခင်မောင်ဝင်းကို လေးစားလာဟန်ရှိပေသည်။

"ဟော ဟော၊ ထောင်မှူးကလေး လာနေပြီ"

"ဟေ့ အထူးတန်း မိန်းမဆောင်က မကျင်ရွှေကို ခေါ်ပေးပြီး ထောင်ဝင်စာ ပြလိုက်စမ်းဟေ့"





ထောင်မှူးကလေးက ခင်မောင်ဝင်းကို အတွင်းဘက် အထူးတန်း အကျဉ်းသမားများ ထောင်ဝင်စာတွေ့သည့်နေရာသို့ ခေါ်သွားသည်။ ခင်မောင်ဝင်းသည် ကျားပါးစပ်တံခါးကို ငုံ့ကာ အထဲသို့လိုက်သွားရသည်။ အထူးတန်း အကျဉ်းသမား ထောင်ဝင်စာတွေ့သည့်နေရာမှာ ထောင်ပိုင်ဝန်၏ ရုံးခန်းနှင့် ကျောချင်းကပ်လျက်တွင် သံတိုင်များကာထားပြီး အလယ်တွင် စားပွဲရှည်ကြီးတစ်လုံးနှင့် ဘေးတစ်ဖက်တစ်ချက်တွင် ခုံရှည်ကြီးများကို စီချထား၏။

"သိပ်စိတ်ညစ်စရာ ကောင်းတယ်ခင်ဗျ။ ထောင်ပိုင်က တစ်မျိုး၊ ထောင်ပိုင်ကလေးက တစ်မျိုး၊ ထောင်မှူးကြီးက တစ်မျိုး၊ ဘယ်သူ့စကားနားထောင်ရမှန်း မသိဘူး"

ထောင်မှူးကလေးက သူ့ကိုလှည့်၍ ညည်းလိုက်သည်။

"သိပ်အလုပ်များသလား"

"ဟာ သိပ်များတယ်၊ မနက်လင်းကတည်းက ဂျူတီဆင်းရတယ်။ ထမင်းစားချိန်မရဘူး။ ခုထောင်ဝင်စာ နည်းနည်းကလေးပါးတုန်း ပြန်စားရတယ်။ ဒီအလုပ်ကို ညည်းငွေ့လှပြီ"

ထောင်မှူးကလေးက ညည်းနေ၏။

"ဒီ့ပြင် အလုပ် ထွက်လုပ်ပါလားဗျ"

"ဒီ့ပြင် အလုပ်ကလဲ မလွယ်ဘူးခင်ဗျ၊ ကျွန်တော့်မှာ သားသမီးလေးယောက်နဲ့ဆိုတော့ ဒီအလုပ်ကိုပဲ တွယ်ကပ်ပြီး လုပ်နေရတယ်၊ ဒီအလုပ်က ထွက်ပြီး ဒီ့ပြင်အလုပ်ချက်ချင်းရရင် တော်ပါရဲ့။ မရရင် ဒီကလေးတွေနဲ့ ထိုင်ငတ်ရုံပဲ ရှိတော့တယ်။ ဒီမှာက ထောင်သားက ထောင်ကျော်လောက်ရှိတော့ ထိန်းရတာက သိပ်ခက်တယ်။ မ,တစ်ထောင်သားတွေ မဟုတ်လား။ ဒါပေမဲ့ ထောင်ထဲမှာ ဆိုးတဲ့လူရှိသလို ကောင်းတဲ့လူလဲရှိတော့ ရှိတာပေါ့လေ၊ သူတို့လဲ လူတွေမဟုတ်လား။ ဆိုးတဲ့အခါလဲ ဆိုး၊ ကောင်းတဲ့အခါလဲ ကောင်းတာပေါ့လေ။ တစ်ခါတလေလဲ သနားစရာသိပ်ကောင်းတာပဲ။ ဒါပေမဲ့ သနားလို့ စည်းကမ်း နည်းနည်းကလေးများ လျှော့မပေးလိုက်နဲ့၊ နည်းနည်းလျှော့လိုက်တာနဲ့ တစ်ပြိုင်နက် ဆူလာတာပဲ"

ထောင်မှူးကလေးက မှားမကြာမီက ဖြစ်ပွားခဲ့သော ထောင်သားချင်း အုပ်စု၍ ဝိုင်းရိုက်ကြပုံကို ပြောပြနေ၏။ အုပ်စုတိုက်ပွဲတွင် ထောင်သားများ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်အချိန်က သံတူရွှင်းတွေ၊ ဓားတွေဝှက်ထားကြသည် မသိ၊ ရိုက်ကြသောအခါ တုတ်တပျက်၊ ဓားတပျက်ဖြစ်ကာ ထောင်သားတစ်ဦးပင် သေဆုံးသွားခဲ့သည်။

"ဟော မကျင်ရွှေ လာပြီ"

အမျိုးသမီးဝါဒါတစ်ယောက်နှင့်အတူ ရွှေတင်ရောက်လာသဖြင့် စကားပြတ်သွားကြသည်။ ရွှေတင်မှာ ပန်းရိုက်သရက်ထည်အင်္ကျီပန်းရောင်နှင့် သရက်ထည်လုံချည်အသစ်ကို ဝတ်ထား၏။ သူ့မျက်နှာမှာ နီရဲလျက်ရှိပြီး အမျိုးသမီးဝါဒါနောက်က ခပ်ကျဲကျဲလှမ်း၍ လိုက်လာ၏။ မျက်နှာက ခပ်ပြုံးပြုံး၊ ခေါင်းက ခပ်မော့မော့။

ထောင်မှူးကလေးကို မြင်လိုက်တော့မှ ရွှေတင်သည် ဣန္ဒြေဆယ်လိုက်သည်။ ပြုံးနေသော မျက်နှာသည် ခပ်တည်တည်ဖြစ်သွားသည်။ ယိမ်းနွဲ့နေသော လည်တိုင်သည် မတ်သွားလေသည်။ ပြီးတော့ ရွှေတင်သည် ထောင်မှူးကလေးကို မရွံ့မရဲဖြင့် လှမ်းကြည့်လိုက်သည်။ သို့ရာတွင် ချက်ချင်းလိုပင် ရွံ့ကြောက်ဟန်များကို ရုပ်သိမ်းကာ ပြုံး၍ ခင်မောင်ဝင်းကို နှုတ်ဆက်လိုက်သည်။ -

"နေကောင်းတယ်နော်"

ရွှေတင်က ပထမအခေါက်တုန်းကလို ခင်မောင်ဝင်းကို ရှက်ကြောက်ဟန် မရှိတော့ဘဲ ရဲတင်းဖျတ်လတ်နေသည်။ ရွှေတင်သည် ဖုန်တွေတက်နေသော ခုံကို ပါးစပ်ဖြင့်မှုတ်ပြီး မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

"ဟိုက်ကုတ်တင်ဖို့ လျှောက်လွှာရေးပြီး ယူလာခဲ့တယ်။ အဲဒီလျှောက်လွှာမှာ ရွှေ လက်မှတ်ထိုးရမယ်။ ဦးဇော်ထွန်းရေးပေးလိုက်တာလေ။ ရွှေ လက်မှတ်ထိုးပြီးရင် ဟိုက်ကုတ်တင်မှာပဲ၊ ဘယ့်နှယ်လဲ"

"ရွှေတင့်အဖို့တော့ အရေးမကြီးတော့ပါဘူး။ အစ်ကို ကောင်းမယ်ထင်သလိုသာလုပ်"

ခင်မောင်ဝင်းက အိတ်ထဲက လျှောက်လွှာစာရွက်ကို ထုတ်ဖြန့်လိုက်ပြီး ထောင်မှူးဘက်သို့ ပြလိုက်ကာ -

"ဒီနေရာက လက်မှတ်ထိုးရမှာ မဟုတ်လား ထောင်မှူးလေး"

"ဟုတ်ပါတယ်၊ ကဲ - မကျင်ရွှေ လက်မှတ်ထိုးလိုက်လေ။ ရော့ ဖောင်တိန်"





"အစ်ကိုတို့ဟာတွေက ဘာတွေမှန်းလဲမသိပါဘူး။ ရွှေတင်တော့ ခိုင်းလို့သာလုပ်ရတယ်၊ စိတ်တောင်မပါတော့ဘူး"

ရွှေတင်က အင်္ဂလိပ် လက်နှိပ်စက်ဖြင့် ရိုက်ထားသော လျှောက်လွှာစာရွက်ကိုဖြန့်ကာ လက်တစ်ဖက်က ဖောင်တိန်ကိုင်ထားရင်း လက်မှတ်ထိုးရမည့်နေရာကို လိုက်ရှာနေသည်။ ခင်မောင်ဝင်းက လက်မှတ်ထိုးရမည့်နေရာကို ထောက်ပြတော့မှ စာရွက်ကို စားပွဲပေါ်တွင် တင်၍ လက်မှတ်ထိုးနေသည်။

ခင်မောင်ဝင်းသည် စာရွက်ဖြူပေါ်တွင် ထင်းခနဲဖြစ်နေသော ရွှေတင်၏ လက်ချောင်းကလေးများကို ကြည့်နေမိသည်။ လက်ချောင်းများမှာ သွယ်ပျောင်းသော်လည်း ခိုင်ခံ့သန်မာဟန်ရှိသည်။ နီရဲနေသော လက်သည်းခွံများပေါ်တွင် လ,ခြမ်းဖြူဖြူကလေးများ ဖွေးခနဲပေါ်နေသည်။ ဖောင်တိန်ကို လက်ညှိုး-လက်မဖြင့် ညှပ်ကိုင်ထားရင်း လက်ချောင်းကလေးများ စုထားပုံမှာ ကြာဖူး ကြာငုံကလေးများလို နီရဲလှပ၍နေ၏။

"ဒါပဲလား၊ ပြီးတော့ကော"

ရွှေတင်က လက်မှတ်ထိုးပြီး မေးလိုက်၏။ ရွှေတင်မေးပုံမှာ သူ့အကျိုးအတွက်မဟုတ်ဘဲ အခြားလူတစ်ယောက်အတွက် လုပ်ပေးနေပုံဖြစ်၏။ သူ့ဟန်ပန်မှာ ခင်မောင်ဝင်းက နောက်ထပ် ဘာခိုင်းအုံးမလဲ၊ ခိုင်းတာလုပ်ပေးမည်ဟူသော ဟန်မျိုးဖြစ်၏။

"လက်မှတ်ထိုးရုံပါပဲ။ ဒါပေမဲ့ ရွှေရွှေနဲ့ နည်းနည်း စကားပြောချင်တယ်"

"ပြောလေ - အစ်ကိုပြောချင်တာပြော၊ ရွှေတင် နားထောင်မယ်"

ရွှေတင့်အသံမှာ တည်ငြိမ်၏။ သူ့မျက်နှာမှာလည်း စောစောကဟန်တွေ မရှိတော့ဘဲ တည်ငြိမ်သွားသည်။ ထောင်မှူးကလေးက သူတို့အနားမှ ထ,သွားသဖြင့် ခင်မောင်ဝင်းနှင့် ရွှေတင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသည်။ ရွှေတင့်ကို ခေါ်လာသည့် မိန်းမဝါဒါမှာ ခပ်ဝေးဝေးတွင် ထိုင်နေသည်။

သည်အချိန်မှာ ခင်မောင်ဝင်းအဖို့ သေရေးရှင်ရေး အချိန်ဖြစ်၏။ ခင်မောင်ဝင်းသည် ပထမအကြိမ် ရွှေတင်ကို ထောင်ဝင်စာလာတွေ့တုန်းကတည်းက ရွှေတင်ကို လက်ထပ်ရန် မပြောခဲ့မိသည်မှာ မှားလေခြင်းဟု



www.burmeseclassic.com

www.burmeseclassic.com



နောင်တရနေလေသည်။ သည်တုန်းကတည်းက ရွှေတင့်ကို မပြောခဲ့မိခြင်းမှာ သူ့စိတ်ထဲတွင် ဝေခွဲမရ၍ဖြစ်၏။ ရွှေတင့်လို မိန်းမရွှင်တစ်ယောက်ကို လက်ထပ်ယူလိုက်လျှင် ဆွေမျိုးတွေက ဘယ်လိုသဘောထားမည်ကို မသိ၍ အေးအေးဆေးဆေး စဉ်းစားရန် မပြောမိခဲ့ခြင်းဖြစ်၏။

ယခုတော့ စဉ်းစားပြီးလေပြီ။

ရွှေတင်ကို လက်ထပ်ယူရန် ဆုံးဖြတ်ပြီးပေပြီ။ ဘယ်သူတွေက ဘာပြောစေတော့၊ ဘယ်လိုပင် ကဲ့ရဲ့သဂြိုဟ် စကားတင်း ဆိုကြစေတော့ သူ ဂရုမစိုက်တော့ပါပြီ။ ဆွေမျိုးတွေဂုဏ်သိက္ခာ၊ သူ့ဂုဏ်သိက္ခာဆိုတာတွေကိုလည်း မတွေးချင်တော့ပြီ။ တကယ်တော့ သည်ဂုဏ်သိက္ခာဆိုသည့် အရာတွေမှာ သူ့အဖို့ နှံ့အိုင်ကြီးပင် မဟုတ်ပါလား။

ရွှေတင်ကို လက်ထပ်တော့ကော ဘာဖြစ်ဦးမည်နည်း။

ယခုပင် ဦးမောင်မောင်မြင့်တို့က သူ့အား အပုပ်ကောင်ကြီးကို ဆယ်နေသူဟု ကဲ့ရဲ့နေကြပြီဖြစ်၏။ လက်မထပ်လျှင်လည်း ကဲ့ရဲ့မည့်အတူတူ လက်ထပ်ယူလိုက်တာကပင် ကောင်းသည်ဟု ထင်၏။ တစ်ဘက်က စဉ်းစားပြန်လျှင်လည်း လက်မထပ်ဖြစ်သည့်တိုင်အောင် သူကိုယ်တိုင်က လက်ထပ်ယူမည်ဟုပြောလျှင် ရွှေတင်သည် သူ့အပြစ်ကို ခွင့်လွှတ်တန်ကောင်းရဲ့ဟု မျှော်လင့်မိသည်။ ရွှေတင်ငြင်းလိုက ငြင်းစေတော့၊ သည်လိုပြောလျှင် အနည်းဆုံး ရွှေတင်က သူ့အပေါ်တော့ ကျေနပ်လောက်ရဲ့ဟု တွေးမိသည်။

အုတ်နံရံမှ နေရောင်ပြန်ဟပ်သဖြင့် သူတို့အခန်းထဲမှာ လင်းနေ၏။ ခင်မောင်ဝင်းသည် ယခုမှ ရွှေတင့်မျက်နှာကို သေသေချာချာ ကြည့်မိပြန်သည်။ ဝန်းမို့နေသော မျက်လွှာပေါ်တွင် သေးမျှင်နက်ရှိုင်းသော မျက်ရစ်ကလေးများကို မြင်ရသည်။ ရှည်လျားကော့သွယ်သော မျက်တောင်များအောက်က မျက်လုံးများမှာ ဝိုင်းစက်ညို့ရီလျက်ရှိသည်။ မျက်အိမ်အောက်နားတွင် အရစ်ကလေးတွေပေါ်နေပေရာ သည်အရစ်များကြောင့် မျက်လုံးများမှာ ပြုံးရယ်နေသယောင် ထင်စရာဖြစ်နေသည်။ မျက်ခုံများကား မို့နေကြပေ၏။ ခင်မောင်ဝင်းသည် ကြည့်ရင်း ရွှေတင်ကို ပို၍ ပို၍ သနားလာသည်။

ခင်မောင်ဝင်းသည် ကိုယ်ကို ရှေ့သို့ကိုင်းကာ စားပွဲပေါ်သို့





တံတောင်ဆစ်ထောက်လိုက်ရင်း မိန်းမဝါဒါ မကြားအောင် လေသံကလေးဖြင့်

"ဟိုက်ကုတ်မှာ မရဘူးဆိုရင် ဘုရင်ခံရဲ့ကောင်စီမှာ အသနားခံစာတင်ဦးမယ်၊ သိပ်လဲ စိတ်ပျက်မနေပါနဲ့၊ နည်းလမ်းရှိသမျှ အကုန်ကြိုးစားပါ့မယ်"

"ဟိုက်ကုတ်တက်ပြီး အယူခံလဲ အလကားနေမှာပဲ။ ရွှေတင်ဟာ အစ်ကိုလို ဂျူရီလူကြီးတစ်ယောက်နဲ့ ရင်းနှီးနေတာသိရင်တော့ လွှတ်ပစ်မလား မသိဘူး။ ဒီလိုမဟုတ်ဘဲနဲ့တော့ အမှုက ဘယ်လောက်မှန်နေနေ၊ ရွှေတင်လိုမျက်နှာမွဲကို လွှတ်ပစ်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ ရွှေတင်တော့ ပျော်ပျော်နေတယ်"

ရွှေတင်သည် မရယ်ချင့်ရယ်ချင် ဖျစ်ညှစ်၍ ရယ်လိုက်ကာ သီချင်းတစ်ပုဒ်ကို ညည်းနေ၏။ ရွှေတင်၏ မျက်နှာအမူအရာ၊ လှုပ်ရှားဟန်၊ ပြောဆိုပုံတွေမှာ ခင်မောင်ဝင်းအဖို့ ဆန်းနေ၏။ ရွှေတင်၏ အမူအရာမှာ မခိုးမခန့် အမူအရာဖြစ်၏။ ဟန်မှာ မခန့်လေးစားဟန်ဖြစ်၏။ ပြောဆိုပုံတွေမှာ ဥပေက္ခာပြုသော ပြောဆိုပုံဖြစ်၏။

ခင်မောင်ဝင်းသည် ရွှေတင်ကို စိတ်ပျက်လက်ပျက်ဖြင့် ကြည့်နေမိလေ၏။ သူက စကားဆက်လိုက်မည် အပြုတွင် ရွှေတင်က အတင်းလု၍ ဝင်ကာ

"ဒီနေ့ အစ်ကို့ကို ရွှေတင် တစ်ခုပြောစရာရှိတယ်"

"ပြောပါ၊ ဘာလဲ"

ရွှေတင်တို့ အချုပ်ထဲမှာ မီးရှို့မှုနဲ့ကျလာတဲ့ အဘွားကြီးရှိတယ်။ သူ့သားကလဲ မီးရှို့မှုနဲ့ ကျလာတာပဲ။ အမှန်ကတော့ သူတို့ရှို့တာမဟုတ်ဘူး။ အဘွားကြီးရဲ့သားမှာ မိန်းမရှိတယ်။ သူတို့လင်မယား စိတ်ဆိုးပြီး မိန်းမက အိမ်ကထွက်သွားပြီး ဘုံဆိုင်တရုတ်နဲ့ ညားနေတယ်။ အဲဒါ ယောက်ျားက လိုက်ခေါ်တုန်းမှာ ယောက်ျားနဲ့ဘုံဆိုင်တရုတ် ရန်ဖြစ်ကြတယ်။ နောက်မကြာခင်မှာ ဘုံဆိုင်ပေါ် မီးကွင်းပစ်တင်တာတွေ့တော့ သူပဲဆိုပြီး ပုလိပ်တွေက ဖမ်းတယ်။ အမှန်ကတော့ ဘုံဆိုင်တရုတ်က ပုလိပ်ကိုငွေပေးပြီး ဖမ်းခိုင်းဟန်တူပါရဲ့။ သားဖမ်းတော့ အဘွားကြီးကိုလဲ ကြံရာပါဆိုပြီး ဖမ်းလာတာပဲ၊ အဲဒါ အစ်ကိုနဲ့သိတယ်လို့ကြားတော့ အဘွားကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင့်ဆီလာပြီး (သူ့သားထောင်ထဲမှာ ရှိပါတယ်၊ သွားတွေ့ပြီး အမှုက လွတ်အောင် လုပ်ပေးပါ)လို့ အပြောခိုင်းလို့ လုပ်ပေးလိုက်ပါအစ်ကိုရယ်၊ သနားပါတယ်နော်"

"အေးပါ အစ်ကိုသွားတွေ့ပါ့မယ်၊ နာမည်က ဘယ်သူတဲ့လဲ"

"သား နာမည်က ကိုရွှေဖိုးတဲ့"

ခင်မောင်ဝင်းက အိတ်ထဲမှ ဒိုင်ယာရီစာအုပ်ကိုထုတ်ကာ မှတ်ထားလိုက်သည်။ အမှန်ကတော့ ရွှေတင်က တခြားအကျဉ်းသမားတွေအတွက် ပြောပေးနေသဖြင့် စိတ်ပျက်သွားလေသည်။ သူထောင်သို့လာခြင်းမှာ သူနှင့် ရွှေတင်ကိစ္စကို ဖြေရှင်းရန်ဖြစ်၏။ သူ့အပေါ်တွင် ရွှေတင် အထင်လွဲနေတာ တွေကို ဖြေရှင်းရန်ဖြစ်၏။ လွတ်မြောက်ရေးကို တိုင်ပင်ကြရန်ဖြစ်၏။ ရွှေတင်က သည်ကိစ္စတွေကို အရေးမကြီးသလို ဘေးချိတ်ထားပြီး တခြား အကျဉ်းသမားတွေ၏ ကိစ္စတွေကို အရေးတကြီးလုပ် ပြောနေသောအခါ ခင်မောင်ဝင်းမှာ အားလျော့သွားပေသည်။

"ကောင်းပြီလေ၊ အစ်ကို သွားတွေ့စုံစမ်းပြီး ကြည့်လုပ်ပါ့မယ်။ ကဲ ဒါတွေထားလိုက်ပါဦး ရွှေရယ်။ အစ်ကိုတို့ကိစ္စ ပြောစမ်းပါရစေအုံး။ အစ်ကို အရင်တစ်ခေါက်လာတုန်းက ပြောတာတွေ မှတ်မိသေးရဲ့လား"

"ဩ အစ်ကို အရင်တစ်ခေါက်တုန်းက ပြောသွားတာတွေက အများကြီးပဲ၊ ဘယ်ဟာကိုပြောတာလဲ"

ရွှေတင်က ခင်မောင်ဝင်းကို လှောင်သလိုလိုပြုံး၍ ကြည့်ကာ မေး၏။ ရွှေတင့်မျက်လုံးများမှာ မှေးစင်းနေကြ၏။ မျက်နှာသည်နီရဲလျက်ရှိ၏။

"ကျွန်မကို နမ်းတာ ကုလားပါပဲရှင်၊ ပါးမှာ အရာကြီးထင်"

ရွှေတင်သည် ပြည်လှဖေ၏ 'မေတ္တာဂုဏ်' ကိုဖျက်၍ ဆိုနေ၏။ ရွှေတင်သည် သူ့ကိုယ်သူကိုလည်းကောင်း၊ ခင်မောင်ဝင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်းကောင်း အရေးမကြီး ဂရုမစိုက်သောဟန် ပေါက်နေပေသည်။ ခင်မောင်ဝင်းကား ထူးဆန်းလှသော ရွှေတင့်အမူအရာကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ဩော် အစ်ကို့ကို ခွင့်လွှတ်ဖို့ပြောတဲ့ ကိစ္စလေ"

"ဩ အလကားဟာတွေ ပြောမနေစမ်းပါနဲ့၊ တစ်ခါလာလဲ ခွင့်လွှတ်ပါ၊ တစ်ခါလာလဲ ခွင့်လွှတ်ပါတဲ့၊ ခဏခဏ ခွင့်လွှတ်ဖို့ ပြောနေတာပဲ"





"မဟုတ်ဘူး ရွှေ၊ အစ်ကို့အပြစ်တွေကို ကျေအောင်လုပ်ချင်တယ်။ ဒီလို ကျေအောင်လုပ်တဲ့နေရာမှာ စကားနဲ့မဟုတ်ဘဲ အလုပ်နဲ့ပြချင်တယ်။ ဒီတော့ ရွှေက အစ်ကို့ကို ခွင့်လွှတ်မယ်ဆိုရင် အစ်ကို ရွှေ့ကို လက်ထပ်ယူမယ်"

ရွှေတင့်မျက်နှာမှာ အလျဉ်းပြောင်းသွားသည်။ မျက်နှာမှာ လှောင်ပြောင်သော အမူအရာမှ တည်ငြိမ်သွားသည်။ တည်ငြိမ်ရာမှ တင်းမာလာသည်။

"လက်ထပ်မယ် ဟုတ်လား"

"ဟုတ်တယ်၊ ရွှေ့ကို လက်ထပ်မယ်"

"ရွှေတင့်မှာ ဘာများ မက်စရာရှိလို့လဲ"

ရွှေတင်က အသံခပ်မာမာဖြင့် မေးလိုက်၏။

"ရွှေဟာ အစ်ကို့ကြောင့် ဒီလိုဖြစ်ရတာ။ ဒါကြောင့်မို့ ရွှေ့ကို ကယ်တင်ဖို့ဟာ အစ်ကို့မှာ ဝတ္တရားရှိတယ်"

"ဩ ဝတ္တရားရှိတာ သိသကိုး။ နေစမ်းပါဦး၊ ဘာဝတ္တရားလဲ။ မိန်းကလေးတစ်ယောက်ကို ကျူးလွန်တုန်းကတော့ ဝတ္တရားဆိုတာတွေ ဘာတွေ မရှိဘူး။ ခုမှ ဝတ္တရားဆိုတာ သိသကိုး။ တော်တော် ဝတ္တရားသိတဲ့ လူကြီးလူကောင်းပေါ့နော်၊ ဟင်း ဟင်း"

ရွှေတင်က တမင်လှောင်၍ ရယ်လိုက်၏။ ရယ်သော်လည်း မျက်လုံးတွင် မျက်ရည်များလျှမ်းနေပေ၏။ ရွှေတင်က ခပ်ကျယ်ကျယ်လေး ပြောလိုက်သဖြင့် စူးရှသောအရက်နံ့ကြီးသည် ရွှေတင့်ပါးစပ်မှ ထွက်လာ၏။ သည်တော့ ခင်မောင်ဝင်းသည် ယခုတစ်ခေါက် ထောင်ဝင်စာလာတွေ့ရာတွင် ရွှေတင်မှာ ယခင်နှင့်မတူ တမူကွဲနေသည့် အကြောင်းရင်းကို သိလာတော့သည်။ သည်စကားတွေကို ရွှေတင်ပြောခြင်းမဟုတ်ဘဲ အရက်က ပြောခြင်းဖြစ်ပေကြောင်းကို သဘောပေါက်လာကာ ဝမ်းနည်းလာပေသည်။

"ခေါင်းအေးအေးထားပြီး စဉ်းစားပါ ရွှေရယ်"

"ဩ မထားနိုင်ဘူး။ အေးမှုမအေးဘဲ။ ဟန်မဆောင်ချင်ပါဘူး။ အစ်ကိုက ရွှေတင်ဟာ သိပ်ပြီးဒေါသထွက်နေတယ် ထင်သလား၊ ဟုတ်တယ် ရွှေတင် ဒေါသထွက်တယ်။ ကိုယ့်ဘဝကိုယ် ပြန်တွေးတိုင်း နာကြည်းတယ်၊ ဒါပေမဲ့ ရွှေတင် သတိမလွတ်ပါဘူး။ ကိုယ်ဘာပြောတယ်ဆိုတာကို သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်၏ မျက်နှာသည် အရက်ရှိန်ကြောင့်လည်းကောင်း၊ ဒေါသကြောင့်လည်းကောင်း နီမြန်းနေပေသည်။ ခင်မောင်ဝင်းသည် စိတ်ပျက်လက်ပျက်ဖြင့် ရွှေတင်ကို ငေးကြည့်နေမိပေသည်။

"ဒီမှာ အစ်ကို၊ ရွှေတင်ဟာ ရာဇဝတ်ကောင်၊ ပြည့်တန်ဆာမ၊ အစ်ကိုက ဂုဏ်သရေရှိ လူကြီးလူကောင်း၊ သူဌေးသား ဘိလတ်ပြန်၊ ရွှေတင်လို မိန်းမမျိုးနဲ့ ပတ်သက်ပြီး နာမည်ပျက်မခံချင်ပါနဲ့။ လောကမှာ အစ်ကို့ကို ပန်းကုံးစွပ်ယူမယ့် သူဌေးသမီးတွေ ဒုနဲ့ဒေးရှိပါတယ်။ သူတို့ဆီသာ သွား၊ သူတို့က တန်ဖိုးရှိပါတယ်။ ရွှေတင်က ဘာမှတန်ဖိုးမရှိပါဘူး။ ရွှေတင့်တန်ဖိုးဟာ တစ်ညမှ တစ်ဆယ်ပဲတန်ပါတယ်"

"တော်တော့ ရွှေ၊ ရွှေ ဘယ်လောက်ပဲ ရက်ရက်စက်စက် ပြောပေမဲ့ အစ်ကို မနာပါဘူး။ အစ်ကို့ရင်ထဲမှာ ခံစားနေရတာကို ရွှေတင်မသိဘူးဆိုပြီး ဝမ်းနည်းတာပဲရှိတယ်။ ရွှေတင့်အပေါ်မှာ အစ်ကို ကျူးလွန်ခဲ့မိတဲ့ အပြစ်အတွက် အစ်ကိုဘယ်လောက် နောင်တရတယ်ဆိုတာ ရွှေ မသိဘူး"

ခင်မောင်ဝင်းက ဝမ်းနည်းလှိုက်လှဲသံကြီးဖြင့်ပြောလိုက်၏။ ရွှေတင်က ရက်ရက်စက်စက် ပြောလိုက်သဖြင့် ခင်မောင်ဝင်းသည် တကယ်ပင် ဝမ်းနည်းလာလေသည်။

"နောင်တရတယ် ဟုတ်လား၊ တကယ်နောင်တရတာ မဟုတ်ပါဘူး အစ်ကိုရယ်။ ရွှေကလဲ ဒီလောက်တော့ လူကဲခတ်တတ်နေပါပြီ။ နောင်တမရလို့ အစ်ကို ရွှေတင့်ကို ငွေတစ်ရာပေးခဲ့တယ် မဟုတ်လား။ ဒါအစ်ကို ပေးခဲ့တဲ့ ကြေးပဲမဟုတ်လား။ ဒီပြင်လူက တစ်ညတစ်ဆယ်ပေးတယ်။ အစ်ကိုက တစ်ရာပေးတယ်၊ ဒါပဲကွာပါတယ် အစ်ကို"

ရွှေတင်က ပြောင်သလိုလိုပြောလိုက်သည်။ သည်တော့မှ ခင်မောင်ဝင်းသည် ရွှေတင်နှင့်ခွဲ၍ ရန်ကုန်ပြန်ခါနီးတုန်းက ရွှေတင့်အား ငွေတစ်ရာပေးခဲ့သည်ကို အမှတ်ရလာသည်။ သည်တုန်းက ရွှေတင်ငြင်းသော်လည်း အဝတ်အစားဝယ်ဖို့ဆိုပြီး ငွေတစ်ရာ ဇွတ်ပေးခဲ့သည်။

"အစ်ကို သိပါတယ် အရွှေ၊ အစ်ကိုသိပါတယ်။ ဒါကြောင့် ဒီအခြေရောက်မှန်း သိရလို့ ဒီအပြစ်တွေကို ကျေအောင်လုပ်နေပါတယ် ရွှေ။ အစ်ကိုလေ ရွှေ့ကိုဘယ်တော့မှ မခွဲတော့ဘူး။ အစ်ကိုပြောတဲ့အတိုင်း ရွှေ့ကို လက်ထပ်ယူတော့မယ်"





"ဟင့်အင်း၊ အစ်ကို ရွှေ့ကို လက်မထပ်ရဘူး"

ရွှေတင်က ခေါင်းယမ်း၍ ခပ်ကျယ်ကျယ်ပြောလိုက်သည်။

"ရွှေ"

ခင်မောင်ဝင်းက ပြောပြောဆိုဆို ရွှေတင်၏ လက်ကို ဖမ်းဆုပ်လိုက်သည်။ ရွှေတင်က ရုန်းဖယ်လိုက်သည်။

"သွားတော့အစ်ကို၊ ရွှေတင့်ကို မထိပါနဲ့တော့၊ ရွှေတင်က အညစ်အကြေးတွေ ပေကျံနေတဲ့မိန်းမပါ။ ရွှေတင့်ကိုထိလို့ အစ်ကို့ကို ပေကုန်ပါဦးမယ်။ ရွှေတင်က ရာဇဝတ်ကောင်၊ အစ်ကိုက သူဌေးသား၊ ဒီနေရာဟာ အစ်ကို့နေရာမဟုတ်ပါဘူး။ အစ်ကို သွားပါတော့"

ရွှေတင်သည် ချုပ်တည်းထားရသော မျက်ရည်တွေကို သွန်ချကာ ငိုပစ်လိုက်သည်။ သည်မျက်ရည်များမှာ ဒေါသကြောင့်လည်းကောင်း၊ သောကကြောင့်လည်းကောင်း ပို၍ပူလောင်သည်ဟု ထင်ရပေ၏။

"တကယ်တော့ အစ်ကိုဟာ ရွှေတင့်ကို ကယ်ချင်တာထက် ရွှေတင့်ကို ဗန်းပြပြီး အစ်ကို့ကိုယ်ကို အစ်ကို ကယ်ချင်တဲ့စိတ်က များနေတာပါ အစ်ကို။ ရွှေတင်သိပါတယ်။ အရင်တုန်းက အစ်ကိုဟာ ရွှေတင်နဲ့ရင်းပြီး အစ်ကို့ရဲ့ ပျော်ရွှင်မှုကို ရှာခဲ့တယ်။ ခုလဲ ရွှေတင်ကို အကြောင်းပြုပြီး အစ်ကို့ဂုဏ် သိက္ခာကို အစ်ကို ပြန်ဆယ်ချင်တယ် မဟုတ်လား အစ်ကို။ ရွှေတင်သိတယ် အစ်ကို။ ခုတော့ ရွှေတင် ယောကျ်ားတွေအကြောင်းသိလို့ ခက်နေတယ်။ ယောကျ်ားတွေကို မုန်းတယ်၊ ရွံတယ်၊ စက်ဆုပ်တယ်၊ အစ်ကို့ကိုလဲ မုန်းတယ်၊ အစ်ကို့မျက်နှာကိုလဲ ရွှေတင် မကြည့်ချင်ဘူး၊ ရွှေတင် မကြည့်ချင်ဘူး၊ နောက်လဲ မလာနဲ့တော့"

ရွှေတင်သည် ဖြုန်းခနဲ မတ်တတ်ထလိုက်ပြီး အော်၍ပြောကာ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ခပ်လှမ်းလှမ်းမှ မိန်းမဝါဒါသည် သူတို့ဘက်သို့ လျှောက်လာခဲ့ပြီး ရွှေတင်ကိုကြည့်ကာ

"ဟဲ့အရွှေ ဘာဖြစ်တာလဲ၊ ထောင်ထဲမှာ ဒီလို"

"ပြောပါစေ-ပြောပါစေ၊ သူပြောချင်တာ ပြောပါစေ"

ခင်မောင်ဝင်းက မိန်းမဝါဒါ၏ စကားမဆုံးခင် လက်ပြ၍ ဝင်ပြောလိုက်သည်။

"ဒါ ထောင်တော့ မမရဲ့၊ အိမ်မှတ်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဝါဒါက ရွှေတင်ကို ကြိမ်းသလိုလို လှမ်းပြောပြီး ကြည့်နေသည်။

"တဆိတ် ကျွန်တော်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောပါရစေဦးဗျာ။ ခဏစောင့်ပါဦး"

ခင်မောင်ဝင်းက မိန်းမဝါဒါကို တောင်းပန်လိုက်သဖြင့် ဝါဒါမိန်းမသည် စားပွဲထိပ်တွင် သွား၍ထိုင်ပြီး သူတို့ကို အကဲခတ်နေသည်။

ရွှေတင်သည် ခုံရှည်ပေါ်တွင် ပြန်ထိုင်လိုက်ရင်း မျက်ရည်များကို အင်္ကျီလက်ဖျားဖြင့် သုတ်နေသည်။ ငိုရှိုက်နေသဖြင့် သူ့ရင်အုံသည် နိမ့်တုံမြင့်တုံဖြစ်နေ၏။ ခင်မောင်ဝင်းက စားပွဲခုံပေါ်တွင် လက်ထောက်လိုက်ရင်း ရွှေတင်ကို ငေးကြည့်နေသည်။ ချော့ရမလား၊ ပြန်ရမလားဟု ဝေခွဲမရဖြစ်နေသည်။

"ဒါဖြင့် ရွှေ အစ်ကို့ကို မယုံဘူးပေါ့"

"ရွှေတင်ကို လက်ထပ်မယ်ဆိုတာလား၊ ဟုတ်တယ်၊ ရွှေတင်မယုံဘူး။ ဖြစ်လဲ မဖြစ်နိုင်ဘူး။ အစ်ကို့ကိုယူမယ့်အစား ရွှေတင့်ဘာသာသတ်သေပစ်မယ်။ မသေရဲဘူးတော့ မထင်လိုက်ပါနဲ့"

"ယူတာ မယူတာကတော့ ရွှေ့သဘောပါပဲ။ အစ်ကိုကတော့ ရွှေတင် မကျေနပ်, ကျေနပ်အောင် လိုက်ဆောင်ရွက်ပေးမှာပါပဲ"

"ဒါ အစ်ကို့ကိစ္စပဲ၊ ဆောင်ရွက်ချင် ဆောင်ရွက်၊ မဆောင်ရွက်ချင်လဲ နေပေါ့။ ရွှေတင်ကတော့ အစ်ကို့ဆီက ဘာမှမလိုချင်တော့ဘူး၊ တကယ်ပဲ၊ ရွှေတင် သေတာပဲကောင်းပါတယ်။ သေလိုက်ရင် အေးတာပါပဲ"

ရွှေတင်သည် မျက်ရည်တွေ စီးကျလာပြန်သည်။ သည်မျက်ရည်များသည် ဘယ်တော့များမှ ကုန်ခမ်းမည် မသိပေ။ ခင်မောင်ဝင်းသည် စကားမပြောနိုင်ဘဲ ရွှေတင်ကို ကြည့်နေသည်။ ရွှေတင်၏ မျက်ရည်များသည် သူ့ကိုလည်း တလှိုက်လှိုက်ဖြစ်လာစေပေသည်။

ရွှေတင်သည် ခင်မောင်ဝင်းကို မော့၍ ကြည့်လိုက်ပြီး မျက်ရည်တွေကို သုတ်လိုက်သည်။ မိန်းမဝါဒါက ထောင်ဝင်စာအချိန်စေ့ပြီဟု လာ၍ သတိပေးနေသဖြင့် ရွှေတင်သည် ထိုင်ရာမှ ထလိုက်၏။

"ရွှေ သိပ်စိတ်ထိခိုက်နေတယ် ရွှေ၊ အစ်ကို မနက်ဖြန် တစ်ခေါက်လာခဲ့ဦးမယ်။ အေးအေးဆေးဆေး စဉ်းစားပါဦး"

ရွှေတင်သည် ဘာမျှပြန်မပြော၊ ခင်မောင်ဝင်းကိုလည်း လှည့်မကြည့်





တော့ဘဲ မိန်းမဝါဒါခေါ်ဆောင်ရာသို့ လိုက်ပါသွားပေသည်။

မိန်းမဆောင်က အကျဉ်းသမားများမှာ ရွှေတင်ကို မျှော်နေကြသည့်အတိုင်း ရွှေတင် ထောင်ဝင်စာပြန်လာလျှင် ဆေးလိပ်၊ ခေါက်ဆွဲ စသည်တို့ ပါလာမည်ဖြစ်၍ ရွှေတင်ကို စောင့်နေကြခြင်း ဖြစ်၏။

သည်တစ်ခေါက်တော့ ရွှေတင့်လက်ထဲတွင် ဘာမျှပါမလာပေ။ ရွှေတင်၏ မျက်နှာသည် နီရဲကာ မျက်ခွံတွေ မို့နေသည်ကိုသာ သတိထားလိုက်မိကြသည်။

"ဘယ့်နှယ် မရွှေချော၊ အဆက်ကြီးနဲ့ ဟန်ကျခဲ့ရဲ့လား"

မပြားကြီးက သရက်သီးစိမ်းကို ဆားနှင့်တို့၍ တကြွပ်ကြွပ်မြည်အောင်စားရင်း ရွှေတင်ကို လှမ်းမေးလိုက်သည်။ မွေးနီက

"သူ့အဆက်ကြီးက သူ့ကို တော်တော်စွဲပုံရသတော့်၊ ခုလိုသဲသဲမဲမဲ လိုက်နေတုန်းမှာ ရသလောက် ညှစ်ထုတ်လိုက်ပေါ့အေ"

"အို သူဌေးသားလား၊ ကောင်းတယ် ကောင်းတယ်၊ သိပ်ကောင်းတယ်။ ပိုက်ဆံမရှိတဲ့လူ မကောင်းဘူး၊ မိန်းမလိုချင်တယ်နော် စိတ်ရှိတယ်၊ ပိုက်ဆံမရှိလို့ မယူနိုင်ဘူး။ သူဌေးသားနော် မိန်းမလိုချင်တယ်၊ ပိုက်ဆံလဲရှိတယ်၊ သိပ်ကောင်းတယ်"

တရုတ်မကြီးက မပီကလာ ပီကလာဖြင့် ဝင်ပြောနေ၏။

"သမီး၊ အမေ့ကိစ္စကို ပြောခဲ့သေးလား"ဟု လှမ်းမေး၏။

ရွှေတင်သည် ဘယ်သူ့ကိုမှ ပြန်မပြောနိုင်တော့ဘဲ သစ်သားခုံပေါ်၌ ပစ်လှဲလိုက်ပြီး ဝါကျင့်နေသော အုတ်နံရံကြီးကိုသာ ငေးကြည့်နေမိသည်။ ခင်မောင်ဝင်း ပြောသွားသော စကားများသည် နာကြည်းဆွေးမြေ့ဖွယ်ကောင်းဖို့ သူ့အတိတ်ကိုပြန်၍ ဖော်ပေးသလိုဖြစ်နေ၏။ သို့သော်လည်း အတိတ်အကြောင်းကို ကြာကြာမတွေးချင်တော့ပါ။ အတိတ်ကို ပြန်တွေးရသည်မှာ အသည်းတဆတ်ဆတ် နာစရာကောင်းလှပါ၏။ သို့ကြောင့် ရွှေတင်သည် မပြားကြီးထံမှ ပါလစ်ဆီ အရက်တစ်ခွက်ကိုဝယ်ကာ သောက်ချလိုက်ပြီး အိပ်ပစ်လိုက်သည်။

သည်ဘဝကို သည်ဆေးဖြင့် ကုစားခြင်းသည် အကောင်းဆုံး မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

# (၃၃)

ခင်မောင်ဝင်းသည် ထောင်ပိုင်ကြီးအိမ်မှထွက်လာကာ ထောင်ဘက်သို့ မြေနီလမ်းအတိုင်း လျှောက်လာခဲ့သည်။ မန်ကျည်းပင်ကြီးများ၊ ကုက္ကိုပင်ကြီးများက လမ်းမပေါ်တွင် မိုးနေကြသည်။ ဘုတ်အီသံကို ကြားနေရ၏။

"အရင်တုန်းက အစ်ကိုဟာ ရွှေတင်နဲ့ရင်းပြီး ပျော်ရွှင်မှုကို ရှာခဲ့တယ်။ ခုလဲ ရွှေတင့်ကို အကြောင်းပြုပြီး အစ်ကို့ဂုဏ်သိက္ခာကို အစ်ကို ပြန်ဆယ်ဦးမလို့ မဟုတ်လား"

ခင်မောင်ဝင်းသည် ရွှေတင်၏ စကားများကို ကြားယောင်နေသည်။ ရွှေတင့်စကားလုံးများသည် ဘေးကို ပိသာလေးနှင့်ပစ်သလို နာကြည်းစေသည်။ တကယ်တော့ ခင်မောင်ဝင်းက ရွှေတင့်ထံ ခွင့်လွှတ်ရန် တောင်းပန်ခဲ့ခြင်းမှာလည်း သူ့ကိုယ်သူ လူကောင်းတစ်ယောက်ဟု အဖတ်ဆယ်ရုံမျှသာ ဖြစ်သည်။ မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးသူမဟုတ်ကြောင်း ရွှေတင် သံသယရှင်းရုံမျှသာ ဖြစ်ပေသည်။ ရွှေတင်ကို ကယ်တင်ရေးထက် သူ့ကိုယ်သူ ကယ်တင်ရေးအတွက်သာ ဖြစ်ပေသည်။

မနေ့က ရွှေတင်နှင့်တွေ့လိုက်တော့မှ ရွှေတင်သည် သူ့အပေါ် ဘယ်လောက် နာကြည်းနေသည်ကို သိလာရပေသည်။ သူ့အပြစ် သည်မျှလောက် ကြီးမားနေသည်ကိုလည်း ပို၍ သဘောပေါက်လာခဲ့သည်။ ရွှေတင်၏ သန့်ရှင်းသော စိတ်သည် သူ့ကြောင့် ပေကျံညစ်ထေးခဲ့ရသည်ကိုလည်း ပို၍ နားလည်လာသည်။





"အေးလေ၊ ငါတတ်နိုင်သမျှ အကုန်လုပ်ပေးတာပဲ၊ ဒီလောက် လုပ်ပေးရင် ငါ့အပြစ်တွေဟာ ကျေလောက်ပါပြီ ထင်ပါရဲ့"

ခင်မောင်ဝင်းသည် သူ့အပြစ်တွေကို ကြိုးစား၍ ဖြေသိမ့်မိပြန်သည်။ ရွှေတင့်အတွက် သူတတ်နိုင်တာတွေမှန်သမျှကို လုပ်ပေးခဲ့ပြီးပေပြီ။ သူ့အပြစ်တွေ ကျေပါစေဟူသော မျှော်လင့်ချက်ဖြင့် ခင်မောင်ဝင်းသည် ရွှေတင့်အတွက် ငွေကုန်ကြေးကျခံခဲ့၏။ အမှုစစ်နေသည့်အတွင်းတွင် တတ်နိုင်သမျှ ကြိုးစားခဲ့၏။ ထောင်ထဲတွင် ရွှေတင့်အတွက် စားစရာသောက်စရာက အစ ပို့၍ပေးခဲ့၏။ သည်မျှမက မီးရှို့မှုဖြင့် အဖမ်းခံရသော အဘွားကြီးသားအမိကိစ္စကိုပင် ရွှေတင့်မျက်နှာကြောင့် မဆီမဆိုင်ဝင်၍ ကူညီပေးပါသေးသည်။ သည်လိုလုပ်ပေးခြင်းသည် သူ့အပြစ်ကို သူဆေးကြောပစ်ခြင်းဟု ထင်နေပေသည်။ ရွှေတင်အား သည်လိုကူညီပေးနိုင်လျှင် သူ့အပြစ်များသည် အလိုအလျောက် ပြေပျောက်သွားကြလိမ့်မည်ဟုလည်း မျှော်လင့်နေမိသည်။ သည်လိုလုပ်ပေးနိုင်လျှင် သူ့ဂုဏ်သိက္ခာသည် ပြန်၍အဖတ်ဆယ်လို့ ရလိမ့်မည်ဟု ယုံကြည်နေသည်။ သည်လိုလုပ်ရင်းဖြင့် သူသည် လူကောင်းတစ်ယောက် ပြန်ဖြစ်လာလိမ့်မည်ဟု သဘောပေါက်နေသည်။

တကယ်တော့ လူ့စိတ်သည် မြစ်ရေအလျဉ်နှင့် တူပေသည်။ မြစ်မထဲတွင် စီးဆင်းနေသော ရေသည် သည်ရေအလျဉ်ပင် ဖြစ်၏။ သို့သော်လည်း သည်ရေအလျဉ်သည် တစ်နေရာတွင် ရေစီးမြန်၍ တစ်နေရာတွင် ရေစီးသာ၏။ တစ်နေရာတွင် ပူနွေး၍ တစ်နေရာတွင် အေးမြ၏။ တစ်နေရာတွင် နောက်ကျိ၍ တစ်နေရာတွင် ကြည်လင်ပေသည်။ ထို့အတူ လူ့စိတ်သည်လည်း သည်စိတ် သည်စိတ်ပင်ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ရက်စက်၍ တစ်ခါတစ်ရံတွင် သနားကြင်နာတတ်၏။ တစ်ခါတစ်ရံတွင် အဆင်ခြင်ဉာဏ်ကင်း၍ တစ်ခါတစ်ရံတွင် မိုက်မဲ၏။ စိတ်အစဉ်သည် မပြောင်းမလဲ တည်နေခြင်း မရှိပေ။

ခင်မောင်ဝင်းကလည်း လောကီလူ့ဘုံသားပင် မဟုတ်လား။

သူ့စိတ်အစဉ်သည်လည်း မြစ်ရေလျဉ်လိုပင် ဖြစ်ပေသည်။ အမှုအတောအတွင်းတုန်းကတော့ ခင်မောင်ဝင်းသည် ရွှေတင့်ကို ကူညီခြင်းဖြင့် သူ့ကိုယ်သူ လူကောင်းတစ်ယောက်ပြန်ဖြစ်အောင် ကြိုးစားကာ ကြည်နူးနှစ်သိမ့်နေခဲ့မိသည်။ မနေ့က ရွှေတင်နှင့်တွေ့ခဲ့ပြီးသည့်နောက်တွင်မူ သူ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်များသည် သည်လောက်ဖြင့် မကျေနိုင်သေးသည်ကို တွေ့လာပေသည်။ ကြည်နူးနှစ်သိမ့်ခြင်းများသည် ပျောက်ကွယ်သွားကြပြန်ကာ ထိတ်လန့်ခြင်း၊ နောင်တရခြင်းတို့သည် စိုးမိုးခြယ်လှယ်လာပြန်သည်။ ရွှေတင်ကို ကူညီခဲ့သမျှမှာ ရွှေတင့်အကျိုးမဟုတ်ဘဲ သူ့အပြစ်လွတ်ရာလွတ်ကြောင်းအတွက်မျှသာ ဖြစ်သည်ဟု ထင်လာသည်။ ကိုယ်ကျိုးကြည့်ခြင်းသာတည်း။

ထောင်ဘူးဝတွင် ထောင်ဝင်စာပြသည့် ထောင်မှူးကလေးကို အဆင်သင့်ပင် တွေ့ရသည်။ ထောင်မှူးများမှာ ခင်မောင်ဝင်းနှင့် မျက်နှာတမ်းမိနေကြပေပြီ။

"မကျင်ရွှေကို တွေ့ချင်လို့"

ခင်မောင်ဝင်းက ထောင်ပိုင်ရေးပေးလိုက်သည့်စာကို ထောင်မှူးအားပေးလိုက်သည်။ ထောင်ပိုင်မှာ ခင်မောင်ဝင်းနှင့် ရင်းနှီးသူဖြစ်၍ အထူးအခွင့်အရေး ပေးလိုက်ခြင်း ဖြစ်ပေသည်။ ထောင်မှူးကလေးသည် ထောင်ပိုင်၏ စာကိုဖတ်၍ ခေါင်းကုတ်နေသည်။ အတန်ကြာမှ

"ခက်တာပဲဗျာ၊ မကျင်ရွှေကို ဒီနေ့မတွေ့လို့မဖြစ်ဘူးလား"

"မဖြစ်ဘူးဗျ၊ ကိစ္စက အရေးကြီးလို့၊ ဘာဖြစ်လို့လဲ"

ခင်မောင်ဝင်းသည် ထောင်မှူးကလေးကို နားမလည်သလိုကြည့်၍ မေးလိုက်သည်။ ထောင်မှူးကလေးသည် သူ့ကိုကြည့်၍ ပြုံးနေလေသည်။

"အင်း အမှန်ကတော့ ခင်ဗျားအပြစ်ပဲဗျ။ ဦးခင်မောင်ဝင်းကို ကျွန်တော်တို့ မေတ္တာရပ်ခံချင်တာ တစ်ခုရှိပါတယ်။ နောက် ပိုက်ဆံတို့ ဘာတို့ပေးရင် မကျင်ရွှေရဲ့ လက်ထဲကိုမပေးပါနဲ့။ သူ့ကိုပေးချင်ရင် ကျွန်တော်တို့ကို ပေးထားပါ။ ကျွန်တော်တို့က သူ့ကို စာရင်းတစ်ခု သတ်သတ်ဖွင့်ပေးထားပါ့မယ်။ ခုတော့ ဦးခင်မောင်ဝင်းက သူ့လက်ထဲ ပိုက်ဆံပေးပစ်ခဲ့လို့ ထင်တာပဲ။ မနေ့က အရက်တွေဝယ်သောက်ပြီး မူးပြီးအော်နေတယ်။ ဒီနေ့မနက် အစောကြီးလဲထပြီး ငိုနေတယ်။ ထောင်ထဲမှာ အရက်သောက်တယ်ဆိုတော့"

"ဟင် - ဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့မှာ ထောင်စည်းကမ်းဖောက်တဲ့ လူကို တင်းကျပ်စွာ အရေးယူဖို့တာဝန်ရှိနေပါတယ်။ ဒါကြောင့်မို့ သူ့ကို ဒီနေ့ တစ်ယောက်တည်း အလုံတိုက်ပိတ်ပြီး အပြစ်ပေးထားပါတယ်။ သာမန်အား





ဖြင့်တော့ မကျင်ရွှေဟာ သိပ်အေးတာပဲ။ ဒါပေမဲ့ သူ့ကို ပိုက်ဆံမပေးပါနဲ့ ဦးခင်မောင်ဝင်း၊ အကျဉ်းသမားဆိုတာ"

သည်တော့မှ ခင်မောင်ဝင်းသည် ရွှေတင် မနေ့ကအရက်မူးလာသည်ကို သတိရလာသည်။ သူ့ကို နာနာကြည်းကြည်း မပြောစဖူးပြောသွားသည်ကို အမှတ်ရလာသည်။ ထောင်ထဲတွင် ရွှေတင် ပျက်စီးချင်တိုင်း ပျက်စီးနေသည်ကိုလည်း တွေး၍ ထိတ်လန့်လာရသည်။

"ဒီမှာ ထောင်မှူးလေး၊ ထောင်စည်းကမ်းကို ကျွန်တော် ရိုသေပါတယ်ဗျာ။ ဒါပေမဲ့ အရေးကြီးတဲ့ ကိစ္စရှိလို့ပါ။ ထောင်ပိုင်ကလဲ ခွင့်ပေးပြီးသားဆိုတော့ ကျွန်တော်တွေ့ပါရစေ"

ခင်မောင်ဝင်းက တောင်းပန်တိုးလျှိုးသောအသံဖြင့် ပြောလိုက်သည်။ ထောင်မှူးကလေးသည် မဝေခွဲတတ်သလို စဉ်းစားနေလေသည်။ အတန်ကြာမှ

"ကဲလေ၊ ကိစ္စကအရေးကြီးရင်တော့ တိုက်ထဲက ထုတ်ပေးရမှာပဲ။ ထောင်ပိုင်ကိုယ်တိုင်က ခွင့်ပြုထားတော့ ကျွန်တော်တို့လဲ မတတ်နိုင်ဘူး၊ ဝတ္တရားအရ ပြောရတာပါနော်၊ စိတ်မရှိပါနဲ့၊ ပိုက်ဆံတွေဘာတွေတော့ မပေးခဲ့နဲ့နော်"

ထောင်မှူးကလေးက ဝါဒါတစ်ယောက်ကို အခေါ်ခိုင်းလိုက်သည်။ ခဏကြာလျှင် ရွှေတင်ရောက်လာသည်။ ရွှေတင်သည် တိုက်အဝတ်အစားနှင့် ဖြစ်၏။

အလုံတိုက် ချခံထားရသူတို့၏ အဝတ်အစားမှာ ညစ်ပတ်ဝါထိန်နေသည်။ အရောင်အဆင်းမရှိ၊ ပွယောင်းယောင်းနှင့် ထောင်ဝတ်ထောင်စားကြီးကို မြင်ရသည်မှာ စိတ်ပျက်စရာကြီးဖြစ်သည်။ အပြင်လူတွေမြင်လျှင် စိတ်ပျက်ကြောက်လန့်သွားအောင် ထောင်များတွင် သည်လိုအဝတ်အစားကိုယို့ကားယားတွေကို တမင်ထုတ်ပေးထားသလားဟုပင် ထင်ရသည်။ ရွှေတင့်ဆံပင်များမှာ မျက်နှာတစ်ခြမ်းကို ဖုံးအုပ်လုမတတ် ဖြစ်နေသည်။ မျက်လုံးများသည် နီရဲနေသည်။

"အစ်ကို၊ ရွှေတင့်ကို ခွင့်လွှတ်ပါအစ်ကို။ မနေ့က ရွှေတင် စိတ်လိုက်မာန်ပါ ပြောလိုက်မိတယ်။ ရွှေတင်ဟာ မကောင်းဘူးအစ်ကို။ ပြောချင်ရာ စွတ်ပြောတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်က ခင်မောင်ဝင်းကို တောင်းပန်နေ၏။ ရွှေတင့်မျက်နှာမှာ မပြုံးမရယ် ခပ်တည်တည်ဖြစ်၏။ အသံမှာလည်း တည်ငြိမ်နေပေသည်။

"အစ်ကိုက ရွှေ့ကို ခွင့်လွှတ်ရမှာမဟုတ်ဘူး ရွှေ၊ ရွှေက အစ်ကို့ကို ခွင့်လွှတ်ရမှာပါ"

"ဒီအကြောင်းကို မပြောကြပါနဲ့တော့အစ်ကို၊ ရွှေတင့်ဆီကိုလဲ နောက် မလာပါနဲ့တော့"

"ဘာဖြစ်လို့ မလာရမှာလဲ"

"မလာပါနဲ့အစ်ကို၊ ရွှေတင် ဒါပဲပြောပါရစေ"

"မဟုတ်ဘူး၊ ဘာဖြစ်လို့မလာရမှာလဲ။ အကျိုးအကြောင်းလဲ ပြောဦးမှပေါ့"

ခင်မောင်ဝင်းက မခံမရပ်နိုင်ဘဲ ရွှေတင်ကို မေးနေသည်။ ရွှေတင်သည် စိတ်ရှုပ်ထွေးစွာဖြင့် ခင်မောင်ဝင်းကို ကြည့်နေသည်။

"အကျိုးအကြောင်းတွေ ပြောမနေပါနဲ့ အစ်ကို။ မလာပါနဲ့ဆိုရင် ပြီးရောပေါ့။ အစ်ကိုနဲ့ရွှေတင် မတွေ့ကြတာပဲ ကောင်းပါတယ်။ ရွှေတင်လဲ အစ်ကို့ကို မတွေ့ချင်တော့ဘူး။ အစ်ကို ဒီလိုလာလာပြီး တွေ့နေရင် ရွှေတင့်ကိုယ်ကို ရွှေတင် သတ်သေမိလိမ့်မယ်၊ တကယ်ပဲ"

ရွှေတင် ခါးခါးသီးသီး ငြင်းနေသည်။ ရွှေတင့်အသံတွင် သူ့ကို စက်ဆုပ်မုန်းတီးသည့်အသံ၊ ခွင့်မလွှတ်နိုင်သော ဒေါသသံပါသည်ဟု ခင်မောင်ဝင်းထင်လေသည်။ သို့ရာတွင် ဒါချည်းပဲမက၊ သူ့အား ကောင်းစေလိုသည့် စေတနာ သက်ဝင်နေသည်ဟုလည်း ထင်မိလေသည်။

"ရွှေ၊ အစ်ကိုပြောတဲ့စကားကိုပဲ ထပ်ပြောရဦးမှာပဲ ရွှေ၊ အစ်ကို့ကို ရွှေ လက်ထပ်ပါ။ အစ်ကိုကတော့ ရွှေလက်ထပ်မယ်လို့ မပြောမချင်း လာနေဦးမှာပဲ"

"ဒါတော့ အစ်ကို့သဘောပဲလေ၊ ရွှေတင့်သဘောကတော့ အစ်ကို့ကို ပြောပြီးပါပြီ"

ရွှေတင်၏ နှုတ်ခမ်းများသည် တုန်ရီနေကြလေသည်။ ခင်မောင်ဝင်းသည် ဘာမျှမပြောနိုင်ဘဲ ရွှေတင့်ကို ငိုင်၍ ကြည့်နေသည်။

"ခု အစ်ကို ဖြူးကို လိုက်သွားမယ်။ ပြီးတော့ ရွှေကလေးနဲ့ ကိုယ်တို့ရဲ့ ကိစ္စကို အမြန်ဆုံးပြီးအောင် ကြိုးစားမယ်။ အမှုကိုလဲ တရားရှင်လွှတ်ပစ်အောင် လိုက်ပြီးကြိုးစားဦးမယ်"





"မလွှတ်လဲ အရေးမကြီးပါဘူး အစ်ကိုရယ်။ လူသတ်မှုကြောင့် မဟုတ်ပေမဲ့ ဒီမြင် ရွှေတင်ကျူးလွန်ခဲ့တဲ့ အပြစ်တွေကြောင့် ရွှေတင်ဟာ ဒီပြစ်ဒဏ်လောက်ကိုတော့ ခံထိုက်နေပါပြီ"

ရွှေတင်သည် မျက်လုံးတွင် မျက်ရည်တွေ ဝဲလာ၏။ သို့ရာတွင် မျက်ရည်များမှာ စီးကျမလာကြပေ။ ရွှေတင်သည် မျက်ရည်တွေကို ထိန်းချုပ်ထားဟန် ရှိပေသည်။

"ဩော် ဒါထက်အစ်ကို၊ မီးရှို့မှုနဲ့ကျတဲ့ အဖွားကြီးရဲ့သားကို ထောင်ဝင်စာ သွားတွေ့ဖြစ်သေးသလား"

"မနေ့က ဝင်တွေ့တယ်"

ရွှေတင်က တခြားလူ၏ကိစ္စကို ဖောက်ပြောလိုက်သဖြင့် ခင်မောင်ဝင်းက စိတ်မပါ့တပါဖြင့် အဖြေပေးလိုက်သည်။ ခင်မောင်ဝင်းက ရွှေတင့်ဆီကိုလာခြင်းမှာ သူတို့ကိစ္စပြောရန်ဖြစ်၏။ တခြားကိစ္စပြောရန် မဟုတ်ပေ။ ရွှေတင်မှာ သူ့ကိစ္စထက်တခြားသူကိစ္စကို စိတ်ဝင်စားနေသဖြင့် ခင်မောင်ဝင်းမှာ စိတ်ပျက်နေသည်။

"တကယ်ကော အပြစ်မရှိတာ ဟုတ်ကဲ့လား"

"ဟုတ်ဟန်တူပါတယ်။ ကောင်လေးအပြောကတော့ သူ့မိန်းမကို မီးရှို့ခံရတဲ့ အိမ်ရှင်ဘုံဆိုင်တရုတ်က ခိုးပြီးပေါင်းသင်းနေတယ်။ ကောင်လေးက သူ့မိန်းမကိုသွားခေါ်တော့ ဘုံဆိုင်တရုတ်နဲ့ သူ့လူတွေက ကောင်လေးကို ဝိုင်းရိုက်ကြသတဲ့။ နောက်နှစ်ရက်လောက်ကြာတော့ ဘုံဆိုင်ပေါ်ကို မီးကွင်းပစ်ပြီး မီးရှို့တာမီးလောင်ရော။ ဒီတင်တရုတ်က သူနဲ့ရန်ငြိုးရှိတဲ့ ကောင်းလေးပဲဆိုပြီး ပုလိပ်တိုင်တယ်။ ရုံးကလဲ အမှုထင်ရှားတယ်ဆိုပြီး ထောင်ချလိုက်တယ်လို့ ပြောတာပဲ။ အဘွားကြီးကိုလဲ မီးရှို့မှုကြံရာပါဆိုပြီး ထောင်ချလိုက်သတဲ့"

"ဟုတ်မှာပါ အစ်ကို၊ အဘွားကြီးက ဒီလိုလုပ်မယ့်အဘွားကြီးမျိုး မဟုတ်ပါဘူး။ ထောင်ထဲမှာ ဒီလိုအပြစ်မရှိဘဲ ရောက်လာတဲ့လူတွေ အများကြီးပဲအစ်ကို။ မိန်းမထောင်မှာ ဓားခုတ်မှုနဲ့ကျနေတဲ့ မညိမ်းမေဆိုရင် မုတ်ကျွန်းဘက်က ရွာတစ်ရွာမှာနေတယ်။ ယောကျ်ားဆုံးတော့ ကလေးနှစ်ယောက်နဲ့ သမွာန်ခတ်စားနေရတယ်။ တစ်နေ့တော့ ဝါးဘာသောက်သောက်ကနေပြီး ညနေမိုးချုပ်ချုပ် လူတစ်ယောက်ကို လိုက်ပို့တယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လူက အရက်တွေမူးလို့တဲ့။ လမ်းကျတော့ အတင်းသူ့ကို ဘလက်ကာယလုပ်တော့ ကြောက်ကြောက်လန့်လန့်နဲ့ ပါလာတဲ့ဓားမနဲ့ ခုတ်လိုက်တာ ခေါင်းနဲ့ ပခုံးမှာ ဒဏ်ရာရသွားတယ်။ သေတော့ မသေပါဘူး။ ဒါနဲ့ သူ့ကိုပုလိပ်တ ရုံးတင်တရားစွဲတော့ ပုဒ်မ ၃၂၅နဲ့ ထောင်ကျလာတာပဲ။ သူက ရုံးမင်းရှေ့မှာ သူ့ကို ဘလက်ကာယလုပ်လို့ ခုတ်ပါတယ်လို့ထွက်တယ်။ ဒါပေမဲ့ သူတို့ နှစ်ယောက်တည်းရှိတော့ သူ့ဘက်ကဘယ်သူက သက်သေခံမလဲ။ တရားလိုဘက်ကတော့ ဓားဒဏ်ရာက သက်သေပြစရာ ရှိနေတာကိုး။ ဒါဟာ မညီမ်းမေအပြစ်လား အစ်ကို၊ ယောကျ်ားတစ်ယောက်က ကိုယ့်ကိုမတရားကျင့်တာနဲ့ အကြောက်ကြောက်အလန့်လန့် ကာကွယ်မိခဲ့လို့ ခြေလွန်လက်လွန်ဖြစ်သွားတဲ့ လူကျတော့ အပြစ်ရတယ်။ ကြံစည်တဲ့လူကျတော့ အပြစ်မရဘူး။ ခုဆို ကလေးလေးနှစ်ယောက်လဲ မအေနဲ့ထောင်ထဲမှာ လိုက်နေရတယ်။ လောကကြီးဟာ မတရားဘူးအစ်ကို၊ ဘယ်လောက်ပဲမှန်မှန်၊ အားနည်းတဲ့လူက ရှုံးတာပဲ။ ကြီးနိုင်ငယ်ညှဉ်းလောကကြီးပါ"

ရွှေတင်သည် သူ့ဘဝကို မေ့လျော့ကာ တခြားလူတွေဘဝကို တွေးကြည့်ပြီး လောကကြီးကို စိတ်နာနေပေသည်။ သူ့ဘဝကိုကား မထူးတော့သည့်ဘဝမို့ ပို၍စိတ်နာစရာ မလိုတော့ပြီဟု သဘောထားဟန် ရှိလေသည်။

"မြူးကို ဘာမှာလိုက်ဦးမလဲ"

ရွှေတင်က ခေါင်းကို ယမ်းပြလိုက်သည်။

"မရှိပါဘူး၊ ရွှေတင့်ဘာသာ ရွှေတင် ခြေရာဖျောက်နေပါရစေ။ ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်ချင်တော့ဘူး။ မိန်းမပျက်တစ်ယောက်နဲ့ အဆက်အသွယ်လုပ်ရင် တခြားလူတွေပါ ထိခိုက်နေပါလိမ့်မယ်။ သူတို့ဘာသာသူတို့ အပြစ်ကင်းကင်းနေကြပါစေ"

"ရွှေ ဘာလိုချင်သေးသလဲ၊ လိုချင်တာရှိရင် မှာနော်"

ရွှေတင်က ခေါင်းယမ်း၍ပြသည်။ သူတို့နှစ်ယောက်စလုံး အတန်ကြာ တိတ်ဆိတ်နေကြသည်။ ရွှေတင်မှာ အနည်းငယ်ပိန်သွားသည်ဟု ထင်ရသည်။ ခင်မောင်ဝင်းသည် ကြုံလှီဖျော့တော့နေသော ရွှေတင်ကိုကြည့်ကာ သူ့ကျန်းမာရေးကို စိုးရိမ်လာပြန်သည်။

"ရွှေ ဆေးရုံတက်ပြီး အေးအေးဆေးဆေးနေပါလား။ အစ်ကို ထောင်ပိုင်ကို ပြောခဲ့မယ်လေ"





"မလိုပါဘူး အစ်ကို၊ ရွှေတင် ကျန်းမာသားပဲ"

ရွှေတင်က ပြုံး၍ပြောလိုက်သည်။

"အစ်ကို့ စကားကို နားထောင်ပါ ရွှေ၊ ကျန်းမာအောင် ဂရုစိုက်နေပါ။ ဆေးရုံမှာနေရတာက ပိုပြီးအေးဆေးပါတယ်။ ကဲ အစ်ကိုပြောခဲ့မယ်၊ ဟုတ်လား"

ခင်မောင်ဝင်းက နာရီကို ကြည့်ပြီး ထိုင်ရာမှထလိုက်သည်။ ရွှေတင်သည် ဘာမျှမပြောဘဲ စဉ်းစားနေသည်။ ခင်မောင်ဝင်းက သူ့အားဂရုတစိုက်ရှိသဖြင့် ဝမ်းသာသွားသည်။ ပြီးတော့လည်း မနေ့က သူနာနာကြည်းကြည်းပြောလိုက်သည့်ကြားကပင် စိတ်မပျက်နိုင်ဘဲ ထောင်ဝင်စာ လာတွေ့နေသဖြင့်လည်း သနားသွားမိသည်။

"အစ်ကို့ သဘောပဲလေ။ အစ်ကိုက ဆေးရုံတက်စေချင်လဲ တက်ပါ့မယ်။ ပြီးတော့ ရွှေတင် အရက်လဲ မသောက်တော့ပါဘူး"

ရွှေတင့်နှုတ်က အလိုလို ခင်မောင်ဝင်းကို ကတိပေးမိလျက်သား ဖြစ်သွားသည်။ ခင်မောင်ဝင်းသည် ရွှေတင့်စကားကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။ အချစ်ဆိုသည်မှာ တကယ်တော့ အရာရာကို ကျော်လွှားနိုင်သော အရာတစ်ခုဟု နားလည်လာပေသည်။

ခင်မောင်ဝင်းက ရွှေတင်ကို နှုတ်ဆက်၍ ဘူးဝမှ ထွက်သွားလေသည်။ ရွှေတင်သည် ဘူးဝမှခင်မောင်ဝင်း ပျောက်ကွယ်သွားသည်အထိ ငေး၍ ကျန်ရစ်ခဲ့လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

မီးရထားသည် ဖြူးသို့ ညနေ ၅ နာရီတွင် ဆိုက်လေသည်။ ခင်မောင်ဝင်းနှင့် မောင်မောင်သန်းသည် ပထမတန်းတွဲပေါ်မှ ဆင်းလာကြသည်။ ခင်မောင်ဝင်းမှာ မန္တလေးပိုးလုံချည်၊ မီးခိုးရောင်သက္ကလတ်တိုက်ပုံကို ဝတ်ထားပြီး ကြွံ့ရောင်ပိနံတန်းဖိနပ်ကို စီးထားသည်။ မောင်မောင်သန်းက ရှပ်အကျႌအဖြူလက်တို၊ ကာကီဘောင်းဘီရှည်ကို ဝတ်ထားပြီး ဖော့ဦးထုပ်တစ်လုံးကို ဆောင်းထားသည်။ မောင်မောင်သန်းသည် ပခုံးတွင် ကင်မရာကို သားရေကြိုးဖြင့် လွယ်ထား၏။

မောင်မောင်သန်းက ကူလီများကိုခေါ်ကာ ပစ္စည်းများချနေလေသည်။ ခင်မောင်ဝင်းသည် ဖြူးဘူတာပလက်ဖောင်းကို မြင်လိုက်ရတော့ ရင်ထဲမှာဆို့လာလေသည်။ သည်နေရာမှာ ရွှေတင်နှင့် ပထမဆုံးတွေ့ခဲ့ကြသည်ကို အမှတ်ရလာသည်။ ရွှေတင်က လက်သည်းကလေးတွေကိုက်ကာ သူ့ကို ရပ်ကြည့်နေပုံ၊ သူ့လက်မှ သားရေလက်ဆွဲအိတ်ကို ယူပုံ၊ ကြီးကြီးဆင့်၊ ဒေါ်ဒေါ်သီနှင့် သူစကားကောင်းနေကြသည်ကို ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေပုံတို့သည် မျက်စိထဲတွင် အထင်းသားပေါ်လာ၏။

"ဟေး ဦးခင်မောင်ဝင်း၊ လာ လာ"

မောင်မောင်သန်းမှာ ပစ္စည်းတွေကို ကူလီအား အချိုင်းကာ ဘူတာရုံအဝသို့ ရောက်သွားပြီဖြစ်၏။ သည်တော့မှ ခင်မောင်ဝင်းသည် နောက်က ခပ်သုတ်သုတ်လိုက်လာခဲ့သည်။ ဘူတာအပြင်ဘက်တွင် မြင်းရထားသမား





များက အလုအယက်ခေါ်ကြသည်။ သူတို့နှစ်ယောက်သည် မြင်းရထားတစ်စီးပေါ်သို့ တက်လိုက်ကြ၏။ မောင်မောင်သန်းက သားရေအိတ်ကို ထုတ်ကာ ကူလီနှစ်ယောက်ကို တစ်မူးစီပေးလိုက်သည်။

"နည်းပါတယ် ဆရာလေးရယ်၊ သုံးပဲစီလောက်တော့ ပေးပါ"

ကူလီတစ်ယောက်က လက်ဖြန့်ခံ၍တောင်း၏။ မောင်မောင်သန်းက သားရေအိတ်ကို အိတ်ထောင်ထဲသို့ ပြန်ထည့်ရင်း

"ဘယ်နည်းရမှာလဲ၊ ဒီလောက်ဆို တော်ရောပေါ့ ရန်ကုန်မှာ . . ."

မောင်မောင်သန်းစကားမဆုံးခင် ခင်မောင်ဝင်းက လက်ကာပြလိုက်ကာ သူ့အိတ်ထဲမှ သားရေအိတ်ကိုဖွင့်၍ ဆယ်တန်တစ်ရွက်ပေးလိုက်သည်။

"ရော့ ရော့၊ တစ်ယောက်ကို ငါးကျပ်စီယူကြ"

"ခင်ဗျာ"

ကူလီနှစ်ယောက်သည် အံ့အားသင့်ကာ ခင်မောင်ဝင်းမျက်နှာကို ကြည့်ကြပြီး တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြသည်။ သူတို့မျက်လုံးကို သူတို့ပင် မယုံနိုင်သလို ဖြစ်နေမိသည်။ မောင်မောင်သန်းမှာလည်း ခင်မောင်ဝင်းလုပ်ပုံကို ကြည့်၍ အံ့အားသင့်နေသည်။ တစ်စုံတစ်ရာ ပြောတော့မည်ပြုပြီးမှ ဘာမျှမပြောတော့ပဲ သက်ပြင်းချလိုက်သည်။

"ကဲဗျို့၊ ရထားဆရာ မောင်းပေတော့"

မြင်းရထားသည် မညီမညာဖုထစ်နေသော ကျောက်လမ်းများအတိုင်း မောင်းလာလေသည်။ ခင်မောင်ဝင်းကား မြင်းလှည်းပေါ်ရောက်တော့လည်း ရွှေတင်ကိုသာ အမှတ်ရနေသည်။ ရထားပေါ်တွင် ကြီးကြီးဆင့်နှင့် ဒေါ်ဒေါ်သီက မျက်နှာချင်းဆိုင်ထိုင်လာခဲ့ကြသည်ကို အမှတ်ရလာသည်။

သည်အခေါက် ဖြူးကို လာရသည်မှာ ငြီးငွေ့စရာကောင်းသည်ဟု ထင်မိ၏။ ခါတိုင်းကတော့ ဖြူးတွင် ရွှေတင်ရှိသဖြင့် ခင်မောင်ဝင်းသည် ပြုံးနေ၏။ ဖြူးရောက်လျှင် ရွှေတင်နှင့်တိတ်တိတ်ပုန်း ချစ်ကြရမည်ကို တွေး၍ ကြည်နူးခဲ့၏။ ဖြူးဘူတာရောက်၍ လာကြိုသော ရွှေတင်မျက်နှာကို မြင်လိုက်ရလျှင်ပင် ပင်ပန်းနွမ်းနယ်လာသမျှတွေ အကုန်ပျောက်ကာ နုပျိုလန်းဆန်းလာ၏။ သည်တစ်ခေါက်မှာမူ သဲကန္တာရထဲတွင် ခရီးသွားနေရသူလိုပင် ဖြစ်လေသည်။ ကြီးကြီးဆင့်နှင့် ဒေါ်ဒေါ်သီတို့ကိုပင် အကြောင်းကြားမထားပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းသည် ဦးမောင်မောင်မြင့်တို့ သဘောထားတွေသိကတည်းက သူ့အမျိုးတွေကို မုန်းလာခဲ့သည်။ သည်ပတ်ဝန်းကျင်ထဲတွင် ကျင်လည်ခဲ့ရသည့် သူ့ဘဝကိုလည်း စက်ဆုပ်လာခဲ့သည်။ သူ့ပတ်ဝန်းကျင်မှာ ဟန်ဆောင်မျက်နှာဖုံးစွပ်ထားသော ပတ်ဝန်းကျင်ဖြစ်၏။ အသည်းနှလုံးမရှိသော ပတ်ဝန်းကျင်ဖြစ်၏။ ငါ့အမျိုးကလွဲလျှင် ကျန်တာတွေဘာမှတန်ဖိုးမရှိဟုထင်သော ပတ်ဝန်းကျင်ဖြစ်၏။ သည်ပတ်ဝန်းကျင်နှင့် သူမနေချင်တော့ပေ။

ဦးမောင်မောင်မြင့်နှင့် စကားများပြီးနောက်တွင် ခင်မောင်ဝင်းသည် သူ့ရသင့်သော ပစ္စည်းများကို ဝတ်လုံဦးဇော်ထွန်းအား စာချုပ်စာတမ်းများချုပ်စေကာ ခွဲယူလိုက်သည်။ ခင်မေဝင်းက ပတ်ကလိန်းကအိမ်ကြီးနှင့် ဆန်စက်များ၊ အတွင်းပစ္စည်းများကို တောင်းသည်။ ခင်မောင်ဝင်းသည် ဘာမျှငြင်းခုံမနေတော့ဘဲ ဖြူးနှင့် ဇေယျဝတီတစ်ဝိုက်က လယ်မြေကိုချည်း ယူခဲ့သည်။ မေမေကမူ သူမသေခင် အမွေခွဲရပါ့မလားဟု ငိုကြီးချက်မဖြင့် ဆိုသည်။

"ဒီမှာ မေမေ၊ မေမေရှိတုန်းမှာ ကျွန်တော် ဒီလိုမလုပ်သင့်ဘူးဆိုတာ မှန်ပါတယ် ဒါပေမဲ့ ကျွန်တော့်ဘာသာ ကျွန်တော် သတ်သတ်နေပါရစေမေမေ။ တခြားမှာ အေးအေးဆေးဆေးသွားနေချင်လို့ပါ။ ကျွန်တော် ဒီပြင်ပစ္စည်းတွေ မရချင်ရင်နေပါစေ။ ဖြူးနဲ့ဇေယျဝတီတစ်ဝိုက်က လယ်တွေရရင် တော်ပါပြီ"

နောက်ဆုံးတော့ မေမေကလည်း မငြင်းတော့ဘဲ အမွေများကို ခွဲပေးလိုက်သည်။ အမှန်ကတော့ ခင်မောင်ဝင်းသည် ပတ်ကလိန်းက အိမ်ကြီးမှာ မနေချင်တော့ပေ။ သူတို့အိမ်သည် အပုပ်ကောင်တွေ စုဝေးရာတစပြင်နှင့် တူသည်ဟု ထင်၏။ ကြာမပေါက်သော ရွှံ့နွံအိုင်နှင့် တူသည်ဟုလည်း ထင်မိပေသည်။ သည်လောက် အညစ်အကြေးတို့ဖြင့် ပြည့်နေသောနေရာတွင် မနေချင်တော့ပါပြီ။

ထို့ကြောင့် ခင်မောင်ဝင်းသည် ဖြူးသို့ထွက်လာခဲ့ခြင်း ဖြစ်သည်။ တတ်နိုင်လျှင် ပတ်ကလိန်းကအိမ်ကို ပြန်မသွားချင်တော့ပေ။

"ဆရာလေးတို့ ခဏကလေးနော်"

ရန်ကုန်-မန္တလေးလမ်း တစ်နေရာတွင် မြင်းလှည်းသမားက ရပ်လိုက်ပြီး မြင်းလှည်းပေါ်မှဆင်းသွားသည်။ မောင်မောင်သန်းသည် မြင်းလှည်း





သမားသွားရာကို လှမ်းကြည့်နေသည်။ မြင်းလှည်းသမားသည် တို့ဗမာအစည်းအရုံးဟု အဝါပေါ်တွင် အစိမ်းစာလုံးဖြင့် ရေးထားသော ဆိုင်းဘုတ်ဆွဲထားသည့် အိမ်တစ်အိမ်ထဲသို့ ဝင်သွားကာ ခဏကြာလျှင် ပြန်ထွက်လာသည်။

"ဘာသွားလုပ်တာလဲဗျ၊ ခင်ဗျားက သခင်လား"

မောင်မောင်သန်းက သတင်းထောက်ပီပီ စပ်စုလိုက်၏။ မြင်းလှည်းသမားက မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်ပြီး မြင်းကို ကြိမ်တို့လိုက်သည်။ ကတ္တရာစေးလမ်းပေါ်တွင် မြင်းခွာသံတဖြောက်ဖြောက် မြည်နေလေ၏။

"ဟဲ ဟဲ မဟုတ်ပါဘူး ဆရာ။ ဒါပေမဲ့ ကျွန်တော်တို့နယ်က သခင်တောက်ထွန်းဆိုတဲ့ သခင်ခေါင်းဆောင်တစ်ယောက် ကာကွယ်ရေးပုဒ်မနဲ့ အဖမ်းခံရလို့"

ခင်မောင်ဝင်းသည် ငေးနေရာမှ သခင်တောက်ထွန်းဟူသော အသံကို ကြားလိုက်ရသည်နှင့် အတွေးမှလန့်နိုးလာကာ နားစွင့်ထောင်လိုက်သည်။

"သူ အဖမ်းခံရတာ ခင်ဗျားတို့က ဘာသွားလုပ်တာလဲ"

"ဟာ ဒီ သခင်တောက်ထွန်းဆိုတဲ့လူက တော်တော် သဘောထားပြည့်ဝတဲ့လူ ဆရာလေးရဲ့။ ဒီနယ်မှာရှိတဲ့ လယ်သမားတွေက သူ့ဆိုရင် ဘုရားပဲ။ ဇေယျဝတီသကြားစက်က ကုလားအလုပ်သမားတွေကဆိုရင်လဲ သူ့ကို သိပ်ကြည်ညိုတာ။ မကြည်ညိုဘဲနေပါ့မလား ဆရာ၊ ဒီနယ်မှာ လယ်သမားတွေ မြေခွန်တော်လျှော့ဖို့ မျိုးတော်ဖိုးထုတ်ပေးဖို့ သူခေါင်းဆောင်လုပ်တာပဲ။ ကြံစိုက်တဲ့လူတွေအဖို့လဲ ကြံကို အစိုးရသကြားစက်က ဈေးပိုပေးအောင် သူပဲလုပ်ခဲ့တာပဲ။ ကျွန်တော်တို့လဲ သူ့ကို သိပ်ကျေးဇူးတင်တာ ဆရာလေးရဲ့"

"ဘာဖြစ်လို့လဲဗျ"

ခင်မောင်ဝင်းသည် ကိုတောက်ထွန်းကို အမှတ်ရလာသည်။ အစတုန်းကတော့ ခင်မောင်ဝင်းသည် ကိုတောက်ထွန်းလို သခင်ပေါက်စကို နည်းနည်းမျှ မျက်စိထဲတွင် ကြည့်မရပေ။ ရယ်စရာသတ္တဝါတစ်ယောက်ဟုသာ အောက်မေ့ခဲ့သည်။

ရထားသမားက ကွမ်းသွေးများကို ပစ်ခနဲထွေးလိုက်ပြီး ပါးစောင်ကို သုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အရင်တုန်းက မြူနီစီပယ်ခွန်သာ ဆောင်ရပေမဲ့ မြူနီစီပယ်က လမ်းတွေ ပြင်မပေးဘူး။ ဒီလမ်းတွေဆိုတာ ကျင်းတွေချိုင့်တွေ ချည်းဘဲ။ လှည်းဘီးသံပတ်တစ်ခုဆိုရင် ဘယ်လောက်မှမသုံးလိုက်ရဘူး။ မြင်းတွေလဲ ခဏခဏကျင်းထဲလိမ့်ကျလို့ ခြေထောက်ကျိုးသွားတာနဲ့၊ မြင်းခွာ ပွဲသွားတာနဲ့၊ အိုနာကျိုးကန်းချည်းပဲ။ ခု သူခေါင်းဆောင်ပြီး မြူနီစီပယ်ကို အရေးဆိုတော့မှ လမ်းတွေလဲ ကောင်းလာပြီး မြူနီစီပယ်ခွန် လျော့သွားတော့တယ်။ ခု သူအဖမ်းခံရတော့ သူ့အတွက် ရန်ပုံငွေထည့်ကြပါလို့ အစည်းအရုံးက ကြေညာထားတာနဲ့ သွားထည့်တာဆရာရဲ့။ ထည့်မလို့ ထည့်မလို့နဲ့ဟာ မထည့်ဖြစ်ဘူး။ အခုမှ ဒီနားရောက်တုန်း အခန့်သင့်တာနဲ့ သွားထည့်တာ"

"သြော် သြော်"

ခင်မောင်ဝင်းက ဘာမျှမပြောဘဲလိုက်လာ၏။ ဝါးဖတ်ဦးထုပ်၊ ပင်နီ ဖျင်ကြမ်း အင်္ကျီလက်ရှည်နှင့် ဟံဇားလုံချည်၊ နှုတ်ခမ်းမွှေးသက်သက်ဖြင့် ကိုတောက်ထွန်းကို မြင်ယောင်လာ၏။ ခင်မောင်ဝင်းသည် ချက်ချင်းအမှတ် ရကာ မြင်းလှည်းကို အရပ်ခိုင်းလိုက်လေသည်။

"ဟော့ ဘာလုပ်ဦးမလို့လဲကွ"

"ဒီမှာ မောင်မောင်သန်း၊ အဲဒီရန်ပုံငွေထဲကို သွားထည့်ချည်ကွာ"

ခင်မောင်ဝင်းက အင်္ဂလိပ်လိုလှမ်းပြောကာ မောင်မောင်သန်း လက်ထဲသို့ ဆယ်တန်ငါးရွက်ကို လှမ်းထည့်လိုက်သည်။ မောင်မောင်သန်း မှာ ခင်မောင်ဝင်းလုပ်ပုံတွေကို နားမလည်နိုင်သလို ကြောင်ကြည့်နေသည်။ အင်မတန်ဗိုလ်ဆန်သော ခင်မောင်ဝင်းက ကာကွယ်ရေးပုဒ်မဖြင့် အစိုးရက ဖမ်းချုပ်ထားလေသော သခင်တစ်ယောက်အတွက် ရန်ပုံငွေထည့်ဝင်ခြင်းမှာ ထူးဆန်းနေသည်။

"သွားလေ၊ သွား"

ခင်မောင်ဝင်းက နောက်တစ်ခေါက်ပြောလိုက်မှ မောင်မောင်သန်း သည် သတိရလာကာ မြင်းလှည်းပေါ်က ခုန်ဆင်းလိုက်သည်။

"ဘယ်သူက ထည့်တယ်လို့ ပြောမလဲ"

"အမည်မဖော်လိုသူတစ်ဦးပေါ့ကွာ"

မောင်မောင်သန်းသည် ဆိုင်းဘုတ်တပ်ထားသော အိမ်ထဲသို့ ဝင်သွားကာ ခဏကြာလျှင် ပြန်ထွက်လာသည်။





"သူတို့တွေ တော်တော်အံ့အားသင့်နေကြတယ်။ ငွေ ၅၀ ထည့်တဲ့လူ ရှိသေးဟန် မတူပါဘူး"

မောင်မောင်သန်းက မြင်းလှည်းပေါ်သို့တက်ထိုင်ရင်း ပြောလိုက် သည်။ ခင်မောင်ဝင်းမှာ ကြည်နူးသွားပေသည်။ သူ့စိတ်သည် အရေခွံကျွတ် သော မြွေလို အရေသစ်လဲလျက်ရှိသည်။ ကိုတောက်ထွန်းကို အထင်သေး စိတ်များမှာ လွင့်စင်ကုန်ကြသည်။ သူအရင်က ဆက်ဆံပုံ၊ ပြောပုံ၊ ဆိုပုံ၊ နေထိုင်ပုံတို့ကိုလည်း နောင်တရနေမိသည်။

"သခင်တွေဟာ တော်တော်တော့ ဖွဲ့ကောင်းနေတယ်ပေ့သိလား။ သခင်အောင်ဆန်းတို့များ ရေကျော်ဗိုဟ်မာအစည်းအရုံးက အဖွဲ့ပေါ်မှာ တအုပ်ခေါင်းအုံးအိပ်၊ နှစ်ပြားတန်ထမင်းကြော်ကလေးစားပြီး သူယုံကြည်ရာ သူလုပ်တာပဲ။ မှားတာမှန်တာ အပထား၊ ဒီလူတွေရဲ့ဖွဲ့ကတော့ တကယ် ချီးကျူးစရာပဲ"

မောင်မောင်သန်းက သခင်များ၏ အကြောင်းကို ပြောပြနေသည်။ သည်အချိန်မှာ နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံကြီး၏ ဒီရေသည် တဟုန် ထိုးတက်နေချိန်ဖြစ်၏။ လွှတ်တော်က ပြဋ္ဌာန်းလိုက်သော သီးစားခဥပဒေနှင့် ပတ်သက်၍ တစ်တိုင်းပြည်လုံး အုံကြွနေချိန်ဖြစ်၏။ ဟိုက်ကုတ်တွင် သီးစား ပြဿနာနှင့်ပတ်သက်၍ အယူခံမှုတွေ တစ်ထပ်ကြီးရောက်နေချိန်ဖြစ်၏။ သီးစားဥပဒေမှာ သီးစားခများ လျှော့ပေါ့ရေးကို ပြဋ္ဌာန်းထားသဖြင့် မြေပိုင်ရှင်များက ဥပဒေများကို ဆန့်ကျင်တိုက်ဖျက်လျက်ရှိသည်။ ပျဉ်းမနားတွင် ကျင်းပသော တောင်သူလယ်သမားညီလာခံကြီးက အစိုးရ နှင့် မြေရှင်များ၏ ဖိနှိပ်မှုကို တစ်ခဲနက်ကန့်ကွက်လျက်ရှိသည်။ တောင်ငူ တွင်ကျင်းပသော တောင်သူလယ်သမားညီလာခံကလည်း အခွန်တော်မပေး ၍ အစိုးရက သိမ်းထားသော လယ်များကို လယ်ခွန်ငါးဆ ပြန်ပေးမှ ယူခွင့်ပြုရန် ပြဋ္ဌာန်းသောဥပဒေကို ကန့်ကွက်လျက်ရှိသည်။ သနပ်ပင် တောင်သူလယ်သမားညီလာခံက တောင်သူလယ်သမားများအား ဆားချက် ခွင့်သာပေးပြီး ရောင်းခွင့်မပေးသည့်အတွက် ကန့်ကွက်သည့်အပြင် အာဏာ ဖီဆန်ရေးလုပ်ငန်း စ,ရန် ဆုံးဖြတ်လိုက်သည်။ သခင်တောက်ထွန်းမှာ သည်ညီလာခံအပြီးတွင် အဖမ်းခံရခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် အိမ်ရှေ့သို့ ထိုးဆိုက်လိုက်သည်။

အိမ်ကြီးမှာ အရင်ကထက်ပင် အိုမင်းနေပြီဟု ထင်ရ၏။ သဘော်ဆေးစိမ်း သုတ်ထားသော သွပ်မိုးများသည် ဆေးမသုတ်ရတာကြာပြီဖြစ်၍ အရောင်အသွေး လွင့်နေပြီဖြစ်၏။ အချို့သွပ်မိုးများမှာ ရေနံရောင်ကြောင့် မည်းနက်နေကာ သဘက်ကြီးတစ်ကောင် ထိုင်နေသည်ဟု ထင်ရလေသည်။ ပျက်စီးယိုယွင်းခြင်း၏ အမှတ်လက္ခဏာပေတည်း။

ပန်းခြံတစ်ခုသာလျှင် သစ်လွင်လန်းဆန်းလျက် ရှိသည် ထင်ရ၏။ ပန်းခြံထဲမှ ပန်းများသည် တဝေဝေဖူးပွင့်နေကြသည်။ နှင်းဆီဖြူပွင့်ကြီးများမှာ တိမ်ပုံများလို ထွေးထွေးအိအိဖြင့် ကြည့်လို့လှသည်။ ကရမက်ပန်းကိုင်းများကလည်း အောက်သို့ညွတ်ကျကာ ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသည်။ တတိုင်းမွှေးရုံကြီးမှာ တစ်ရုံလုံးဖွေးနေသည်။

ဒေါ်မြသီမှာ အကြောင်းမကြား၊ ရုတ်တရက်ရောက်လာသော ခင်မောင်ဝင်းကိုကြည့်ကာ အံ့အားသင့်နေသည်။

"ဟဲ့ ဘယ်ကနေ လှည့်လာတာလဲ"

ဒေါ်မြသီက သူတို့ပစ္စည်းတွေကို အေးခင်တို့ကို အယူခိုင်း၏။ ညွန့်နှင့် အေးခင်သည် ခင်မောင်ဝင်းကို ပြုံးကြောင်ကြောင်ငေးကြည့်ရင်း ပစ္စည်းများကို သယ်သွားကြ၏။ သူရောက်လာလျှင် ရွှေတင်သည် ပစ္စည်းတွေကို နေရာချပေးမြဲဖြစ်၏။ ယခု ရွှေတင်မရှိတော့ပြီ။

"ရန်ကုန်က လာတာပဲ၊ ကြီးကြီးဆင့်ကော"

"ရှိပါတယ်။ လာလာ အပေါ်ထပ်မှာ"

ဒေါ်မြသီက ရှေ့ဆောင်ခေါ်သွားသဖြင့် ခင်မောင်ဝင်းနှင့် မောင်မောင်သန်းသည် အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

"ဖြစ်ပုံပျက်ပုံကို ပြောစမ်းပါဦး ဒေါ်ဒေါ်သီ"

ဒေါ်မြသီက ရွှေတင်ဗိုက်ပေါ်သည့်ကိစ္စကိုပြန်၍ ပြောပြသည်။ ခင်မောင်ဝင်းသည် လေ့ကားကို တစ်ထစ်ချင်း လှမ်းတက်ရင်းက နားထောင်လာလေသည်။

"ငါက ဘယ်သူနဲ့လဲလို့ ချော့တစ်ခါခြောက်တစ်လှည့် မေးပါသေးတယ်ကွယ်။ ဒါပေမဲ့ ကောင်မလေးက ဆိတ်ဆိတ်သားမပြောဘူး။ နောက်ဆုံးတော့ ငါလဲ လက်လျှော့လိုက်ရတယ်။ အိမ်မှာ ကိုယ်ဝန်နဲ့ဆိုတော့ သူ့





အတွက်ကလဲ တစ်ဒုက္ခပဲ။ ပြီးတော့ ဒီမှာမွေးလို့ မဖြစ်ဘူး။ တစ်မြို့လုံးက ဒို့ကိုပါ ဝိုင်းကဲ့ရဲ့ကြလိမ့်မယ်ဆိုပြီး ဇဟားကို ပို့လိုက်ရတာ"

အိမ်အပေါ်ထပ်သို့ရောက်ပြီး ဧည့်ခန်းတွင် ထိုင်လိုက်သည်။ စန္ဒရားကြီးမှာ အရင်နေရာမှာပင် ရှိသေး၏။ စန္ဒရားခုံပေါ်က ပန်းစိုက်အိုးၗလည်း လိပ်ပြာသည် ကြာပွင့်အနီးတွင် တစ်ရစ်ဝဲဝဲပင် ရှိနေသေးသည်။ ခင်မောင်ဝင်းသည် ပန်းအိုးကိုမြင်လိုက်တော့ ရွှေတင်အား သူပြောခဲ့သော 'ကုမုဒ်ကြာနှင့် ပန်းလိပ်ပြာ' ကိုသွား၍ သတိရမိပေသည်။ ပန်းအိုးထဲတွင် စိုက်ထားသော ပန်းပွင့်များမှာမူ အရင်ကလို မလန်းဆန်းတော့ဘဲ ညှိုးရော်နွမ်းရိ၍ နေကြပေပြီ။

"ငါကတော့ မင်းကြီးကြီးဆင့်ကို ပြောပါသေးတယ်ကွယ်။ အိမ်ကနှင်မချပါနဲ့လို့။ အဖေဖော်လို့ရတာ မရတာ အပထား၊ အိမ်မှာပဲမွေးပါစေလို့၊ ဒါပေမဲ့"

ဒေါ်မြသီမှာ စကားမဆုံးခင် ရပ်သွားသည်။ ဒေါ်မြဆင့်သည် အခန်းထဲမှ ထွက်လာ၏။ လက်တွင် ပယင်းပုတီးကို ကိုင်ထားပေသည်။ ဒေါ်မြဆင့်မှာ ဒေါ်မြသီ၏စကားကို တစ်စွန်းတစ်စကြားလိုက်သဖြင့် ဒေါ်မြသီကို မျက်နှာထားဖြင့် တစ်ချက်ကြည့်၍ ထိုင်ချလိုက်သည်။

"ဘာသံမကြား၊ ညာသံမကြားပါလား၊ ခုဘယ်ကလာတာလဲ"

"ဒီကိုလာတာပဲ ကြီးကြီး"

ခင်မောင်ဝင်းသည် ဆေးတံကို မီးတို့၍သောက်နေသည်။ ဒေါ်မြဆင့်က ဒေါ်မြသီဘက်ကိုလှည့်ကာ -

"မမြသီ၊ ညွန့်တို့လင်မယားကိုခေါ်ပြီး ရေချိုးဖို့ရေချိုးခန်းတွေ ဘာတွေ ရှင်းခိုင်းဦး။ ပြီးတော့-ရေနွေးနဲ့ရေအေးနဲ့စပ်၊ အိပ်ခန်းလဲ အပေါ်ထပ်မှာ ကုတင်နှစ်လုံး အပြင်ခိုင်း"

ဒေါ်မြဆင့်က ပယင်းပုတီးကို လက်ကောက်ဝတ်တွင် လျှို၍ပတ်လိုက်ပြီး ပခုံးပေါ်တွင် ပြေကျနေသော ဆံပင်များကို နောက်တွင် ဘီးကျော့ပတ်ထုံးနေသည်။

"နေပါစေ ကြီးကြီးဆင့်၊ ရေချိုးခန်းတွေ ဘာတွေလုပ်မနေပါနဲ့။ တွေ့တဲ့နေရာမှာ ချိုးမယ်။ အိပ်ရာတွေဘာတွေလဲ ပြင်ခိုင်းမနေနဲ့တော့"

ခင်မောင်ဝင်းက ဝင်၍တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာလို့ဒီလောက်ရေးကြီးသုတ်ပျာ ဖြစ်နေရတာလဲ။ အေးအေး ဆေးဆေးပေါ့"

ဒေါ်မြဆင့်က ခင်မောင်ဝင်းကို ကြည့်၍ ပြောလိုက်၏။ ရေးကြီး သုတ်ပျာနိုင်ပုံကိုလည်း အံ့အားသင့်နေသည်။

"ကျွန်တော်တို့ကို ဒီလောက် အဆောင်အယောင် အခမ်းအနား တွေနဲ့ ဧည့်မခံပါနဲ့တော့ ကြီးကြီးဆင့်ရယ်။ ဖြစ်သလိုပဲ နေပါရစေ၊ ကြီးကြီး ဆင့်တို့လဲ ပင်ပန်းလှပါတယ်"

"အို မဟုတ်တာ။ ဖြစ်သလိုနေရမယ်လို့ပဲ။ တို့ကိုယ်တိုင်လဲ လုပ်ရ တာ မဟုတ်ဘဲ။ ညွှန့်တို့လင်မယား နိုင်းလိုက်ရုံပဲ။ အေး တစ်ခုတော့ရှိရဲ့၊ မိရွှေတင်တုန်းကတော့ သူ့ကိုပြောလိုက်ရင် သူ့ဘာသာသူ စီမံသွားတာပဲ။ ခုတော့ တို့ကိုယ်တိုင် ဝင်စီမံရတာပေါ့။ အင်း မိရွှေတင်အကြောင်း မင်းလဲ ကြားပြီးရောပေါ့။ ဒင်း အကြောင်းတော့ ပြောဘဲမပြောချင်ပါဘူး။ ငါ့သမီး လိမ္မာလုံ၊ လိမ္မာလုနဲ့ ယောက်မမြင်းစီးထွက်လာဆိုသလို တို့မျက်နှာကို အိုးမဲ သုတ်သွားလိုက်တာ"

"ဒီမှာ ကြီးကြီးဆင့်၊ ရွှေတင့်အကြောင်း ကျွန်တော့်ကို မပြောကြပါနဲ့ တော့။ ကျွန်တော် အကုန်လုံးကြားပြီးပါပြီ၊ သိပြီးပါပြီ။ ခုလိုဖြစ်ရတာဟာ"

"ငါကတော့ မင်းကြီးကြီးဆင့်ကို ပြောပါတယ်ကွယ်"

ဒေါ်မြသီက အိုးမလုံအုံ့ပွင့်ကာ ခင်မောင်ဝင်းစကားမဆုံးခင် ဝင်၍ ပြောလိုက်သည်။ ဒေါ်မြဆင့်က ဒေါ်မြသီကို မျက်စောင်းထိုး၍ ကြည့် လိုက်ပြီး

"ဘာလဲ၊ ညည်းက ခုမှ ထမင်းရည်ပူလျှာလွှဲ လုပ်မနေပါနဲ့။ ဒီလို မဖြစ်ခင်ကတည်းက ဖြစ်မှာစိုးလို့ ညည်းတူမကို နိုင်အောင်ထိန်းပါလို့ ငါခဏ ခဏ ပြောတယ်မဟုတ်လား။ ညည်းမထိန်းလို့ ဒီလိုဖြစ်ရတာ"

ဒေါ်မြသီမှာ ဒေါ်မြဆင့်ကို ကြောက်ရသော်လည်း သည်တစ်ခါတွင် မူ သည်းမခံနိုင်တော့ပေ။ ရွှေတင် သည်လိုဖြစ်ရသည်မှာ ဒေါ်မြဆင့်ကြောင့် ဟု ထင်နေသည်။ ဒေါ်မြသီမှာ မျက်နှာတွေနီရဲလာသည်။

"ဩ ထိန်းပါသကောတော်၊ မိရွှေတင် ကိုယ်တိုင်က ကျုပ်ကို အထင် လွဲတဲ့အထိ ထိန်းတယ်မဟုတ်လား၊ ဒီထက်တော့ မထိန်းနိုင်တော့ဘူး"

"ဘယ်ကထိန်းရမှာလဲ။ ကောင်မလေးကိုကလဲ ကောင်မလေးပါ။





လူ ကြည့်ရတာ ရိုးပုံရိုးလက်နဲ့ တကတဲပဲ၊ ငါပြောလိုက်ရမကောင်းဘူး"

ဒေါ်မြဆင့်နှင့် ဒေါ်မြသီမှာ တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ နေကြသည်။ ဒေါ်မြသီက ဒေါ်မြဆင့်ကြောင့်ဟု အပြစ်တင်သည်။ ဒေါ်မြဆင့်က ဒေါ်မြသီ အလိုလိုက်လွန်းအားကြီးသည်ဟု ဆိုသည်။ ခင်မောင်ဝင်းမှာ အဘွားကြီးနှစ်ယောက်ကို ကြည့်ရင်း စိတ်ပျက်လာ လေသည်။

"ကဲ ကဲ တော်ကြပါတော့။ တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ မနေပါနဲ့တော့။ ဒါဘယ်သူ့အပြစ်မှ မဟုတ်ဘူး။ ကြီးကြီးဆင့်ကလဲ ထိန်းတယ်"

ဒေါ်မြဆင့်မှာ သည်တော့မှ စိတ်အေးသွားပုံရကာ 'ဘယ့်နှယ်ရှိစ' ဟုသော အကြည့်မျိုးဖြင့် ဒေါ်မြသီကို လှမ်းကြည့်လိုက်သည်။

"ဒေါ်ဒေါ်သီကလဲ ထိန်းတာပဲ။ ရွှေတင်ကလဲ အင်မတန်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ပါ။ အနေအထိုင် ပိပြားတယ်၊ စေ့စပ်တယ်၊ ဒီထဲမှာ တရားခံက ကျွန်တော်ပါ။ ရွှေတင် လွတ်အောင်ရှောင်ရက်သားနဲ့ ကျွန်တော် က မလွတ်အောင် လိုက်ခဲ့တာပါ။ ဒါဟာ ကျွန်တော့်အပြစ်ပါ"

ခင်မောင်ဝင်းက တိုက်ရိုက်ဖွင့်ပြောချလိုက်သည်။ သူ့အပြစ်ကို သူ ဖုံးကွယ်၍လည်း မနေချင်တော့ပေ။ မောင်မောင်သန်းမှာ ခေါင်းငိုက်စိုက်ချ ထားသည်။ ဒေါ်မြသီက ခင်မောင်ဝင်းကို အလန့်တကြားကြည့်နေသည်။ ဒေါ်မြဆင့်ကမူ ရင်ဘတ်ကို မနာအောင်ထုလိုက်ကာ

"ဟောတော့ - ဟောတော့။ ကိုယ့်ကျိုးကြီးနည်းကုန်ပါပြီ။ ငါ့တူတော့ အညွှန့်ကျိုးပါပြီ၊ အညွှန့်ကျိုးပါပြီ။ မင်းအဖေနဲ့ မင်းအမေသိရင် ငါ့ကို ဘယ် လိုပြောကြမလဲဟင် ခင်မောင်ဝင်း။ တစ်အိမ်လုံးက ဖူးဖူးမှုတ်ထားတာ။ ငါ့ အိမ်ရောက်တော့မှ ဒီလို ပန်းကောင်းအညွှန့်ကျိုးဖြစ်ရင် ငါ့ကို ဘယ်လို ပြောကြမလဲ"

ဒေါ်မြဆင့်က လက်ကောက်ဝတ်တွင် ဝတ်ထားသော ပယင်းပုတီးကို ချွတ်၍ စားပွဲပေါ် ပစ်တင်လိုက်၏။ ဒေါ်မြသီကမူ ဒေါ်မြဆင့်ကို မကျေနပ် သလို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ဘာမျှတော့ မပြောပေ။

"အညွှန့်ကျိုးတာက ကျွန်တော်မဟုတ်ပါဘူး ကြီးကြီးဆင့်ရယ်၊ ရွှေတင်ပါ။ ရွှေတင် ဒီလိုပန်းကောင်းအညွှန့်ကျိုး ဖြစ်ရတာဟာ ကျွန်တော့် ကြောင့်ပါပဲ။ ကဲပါ ဒါတွေ ပြောမနေပါနဲ့တော့။ ကြီးကြီးဆင့်တို့က နှင်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ရွှေတင်ဘယ်မှာများ နေသလဲဆိုတာ မသိတော့ဘူးလား"

ခင်မောင်ဝင်းမှာ အဘွားကြီးတွေနှင့် သိပ်မပြောချင်တော့သဖြင့် စကားကို မြန်မြန်ပြီးအောင် ဖြတ်၍ မေးလိုက်သည်။ ဒေါ်မြဆင့်က အခဲမကျေသေးဘဲ -

"ဒီကောင်မအကြောင်းကို ငါ့မမေးနဲ့ခင်မောင်ဝင်း။ ဒင်းကို ဒီလိုမှန်းသိရင်လား သတ်တောင်ပစ်ချင်တယ်။ ငါက အစကတည်းက မင်းနဲ့အရောတဝင်လုပ်တာ ကြိုက်ကိုမကြိုက်ဘူး။ ဒါကြောင့်မို့ ဒင်းကို မျက်စိဒေါက်ထောက်ပြီး ကြည့်နေတာ။ ဒါတောင် အမိအရဖမ်းမိအောင် ဖမ်းလိုက်သေးတယ်။ ဟင်း ကောင်မကိုက"

"ရွှေတင်က ကျွန်တော့်ကိုဖမ်းတာမဟုတ်ဘူးဗျ။ ကျွန်တော်က ရွှေတင့်ကို မိအောင်ဖမ်းတာ။ ရွှေတင် ခုလိုဖြစ်ရတာ ကျွန်တော့်ကြောင့်။ ပြီးတော့ ကျွန်တော်တို့ ဆွေမျိုးတွေကြောင့်"

"ဆွေမျိုးတွေကို ဆွဲမထည့်ပါနဲ့ကွယ်"

ဒေါ်မြဆင့်က ခင်မောင်ဝင်းကို မကြည့်ဘဲလှမ်းပြောကာ ကွမ်းသီးဖတ် ဆေးလိပ်တစ်လိပ်ကို ဖွာနေသည်။

"ထည့်ရမယ် ထည့်ရမယ်။ ကျွန်တော်တို့ ဆွေမျိုးတွေဟာ တို့အမျိုးမှ တို့အမျိုးဆိုပြီး သိပ်မာနကြီးတယ်။ ပ,လွှားတယ်။ ရွှေတင့်ကို ကျွန်လောက်ပဲ အောက်မေ့တယ်။ တို့မှာ ငွေရှိတယ်၊ မြေရှိတယ်၊ ဂုဏ်ရှိတယ်။ ဒါကြောင့်မို့ တို့လုပ်တဲ့အရာတိုင်းဟာ တရားတယ်။ မှန်တယ်လို့ထင်တယ်။ ဒီပြင်လူတွေဟာ ဆွေဂုဏ်မျိုးဂုဏ်မရှိဘူး၊ ငွေမရှိဘူး၊ ကြေးမရှိဘူးဆိုပြီး သူတို့လုပ်သမျှဟာ သိမ်ဖျင်းတယ်၊ မှားတယ်လို့ထင်တယ်။ ကျွန်တော်တို့အမျိုးတွေဟာ အပေါ်စီးကနေပြီး အနိုင်ယူချင်ကြတယ်။ တကယ်တော့ ရွှေတင်ကို ဒီ ချောက်ကမ်းပါးကြီးထိပ်မှာ တင်ထားတာက ကျွန်တော်တို့ဆွေမျိုးတွေ၊ ကမ်းပါးထိပ်ကနေ ချောက်ထဲကို တွန်းချလိုက်တာက ကျွန်တော်။ ဒါကြောင့်မို့ ရွှေတင် ဒီလိုဖြစ်ရတာ ကျွန်တော်နဲ့ ကျွန်တော်တို့ ဆွေမျိုးတွေကြောင့်"

"ဟော့ ခင်မောင်ဝင်း၊ တော်တော့"

ဒေါ်မြဆင့်က အသံခပ်ဆတ်ဆတ်ဖြင့် ငေါက်လိုက်သည်။ ခင်မောင်ဝင်းမှာ သည်တော့မှပို၍ ဒေါပွလာသည်။ ဒေါ်မြသီမှာ သူတို့နှစ်ယောက်ကို မျက်လုံးအဝိုင်းသားနှင့်သာ ကြည့်နေမိသည်။





"ကျွန်တော်တို့ဆွေမျိုးတွေဟာ လောကမှာ ဘာကိုမှတန်ဖိုးမထားဘူး၊ ငွေနဲ့ဂုဏ်ကိုပဲ တန်ဖိုးထားတယ်။ ငွေနဲ့ဂုဏ်သာရမယ်ဆိုရင် အရှက်ကိုလဲ စွန့်ကြတာပဲ။ အကျင့်သိက္ခာကိုလဲ စွန့်လွှတ်ကြတာပဲ။ အသက်ကိုတောင် စွန့်ကြဦးမလား မသိဘူး"

ခင်မောင်ဝင်းသည် ရုတ်တရက်ထိုင်ရာမှ ထ,ကာ လက်နှစ်ဖက်ကို နောက်ပစ်၍ ခေါင်းငုံ့ရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

"အိမ်ကနှင်ချတော့ ရွှေတင် ဘယ်ဆင်းသွားသလဲ"

ခင်မောင်ဝင်းက ဒေါ်မြသီကို လှည့်၍ မေးလိုက်သည်။ ဒေါ်မြသီသည် ရုတ်တရက် ဘာမျှမပြောဘဲ ဒေါ်မြဆင့်ကို လှမ်းကြည့်နေသည်။

"အရှက်တကွဲ အကျိုးနည်းဖြစ်မှာစိုးလို့ နှင်ထုတ်တာ။ သူ ဘယ်ရောက်သွားသလဲဆိုတာ ဘယ်သိမလဲကွဲ့။ အခါပေး ဦးပုညကို မေးကြည့်ပါလား"

ဒေါ်မြဆင့်က ဆတ်ခနဲလှည့်ကာ ဒေါ်မြသီကိုမေးငေါ့ပြပြီး မဲ့ရွဲ့ပြောလိုက်သည်။

"ဘယ်သွားသလဲ ဒေါ်ဒေါ်သီ"

"သူ့အစ်မ ရွှေခင်ဆီသွားမယ် ပြောတာပဲ"

ဒေါ်မြသီက မရဲတရဲဖြင့် ဖြေ၏။

"ရွှေခင်ဆီဟုတ်လား၊ သူတို့ရွာမှာလား"

ခင်မောင်ဝင်းက လမ်းလျှောက်နေရာမှ မေးလိုက်သည်။

"ဟုတ်တယ်၊ ဇဟားမှာ သွားနေတယ်"

"ကဲ ဒါဖြင့် ကျွန်တော် မနက်ဖြန်မနက်ကျရင် အဲဒီကိုလိုက်သွားမယ်။ ဒီမှာတစ်ညပဲ အိပ်မယ်၊ ထူးထူးထွေထွေ ပြင်ဆင်မနေပါနဲ့။ ဖြစ်သလိုပေါ့။ ကျွန်တော့်ကြောင့် ဖြစ်ရတဲ့ကိစ္စကို ကျွန်တော်လိုက်ရှင်းမှဖြစ်မယ်"

မောင်မောင်သန်းမှာ ခင်မောင်ဝင်းကို မော့ကြည့်နေသည်။ ခင်မောင်ဝင်းသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

# (၃၅)

ရွှေတင်သည် သရက်သီးစိမ်းကို ဆားနှင့်တို့၍ ကိုက်လိုက်လေသည်။ သရက်သီးမှာ ပါးကြောတွေ တင်းသွားအောင် ချဉ်လှပေ၏။ သည်သရက်သီးမှာ ရွှေတင် စားချင်လွန်းသဖြင့် ဝါဒါတစ်ယောက်ဆီက တောင်းထားလိုက်ခြင်း ဖြစ်လေသည်။ မွေးနီမှာ သရက်သီးပစ်မှုဖြင့် တိုက်ထဲရောက်နေ၏။ မပြားကြီးမှာလည်း အကျဉ်းသားတစ်ယောက်နှင့် အိမ်သာနားတွင်ချိန်းတွေ့ပြီး ကိုယ်လေးလက်ဝန် ရှိလာသဖြင့် အလုံတိုက်ထဲတွင် လှောင်ထားလေသည်။ မပြားကြီး၏ ယောကျ်ားမှာ အင်းစိန်ထောင်တွင် ဓားပြမှုဖြင့် ကျနေ၏။ သူက သည်ထောင်တွင် တိုက်ရာပါပစ္စည်းများ လက်ခံမှုဖြင့် ကျသည်။ နှစ်ယောက် ကံတူအကျိုးပေးပေတည်း။

ရွှေတင်သည် မပြားကြီးအဖြစ်ကို တွေး၍ ပြုံးလိုက်မိသည်။ မပြားကြီးမှာ သူ့ယောကျ်ားကို ဘယ်လောက်လွမ်းကြောင်း၊ ဘယ်လောက်ချစ်ကြောင်းကို စီကာပတ်ကုံး ပြောပြတတ်၏။ ရွှေတင်က ယောကျ်ားတွေမကောင်းကြောင်း ပြောမိလျှင် သည်အထဲတွင် သူ့ယောကျ်ားမပါဟု မပြားကြီးက ရှေ့နေလိုက်တတ်၏။ ယခု သူ့ယောကျ်ားကို သူ အင်မတန်ချစ်သည်ဆိုသော မပြားကြီးသည် ထောင်ထဲတွင် ကိုယ်ဝန်ပေါ်နေပေပြီ။

"လူတွေဟာ ဒီလိုပဲ။ ကိုယ့်ချစ်သူတစ်ယောက်အပေါ်မှာ ဖောက်ပြားတော့မယ်ကြံရင် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတဲ့ အကြောင်း နာနာဖိပြောစမြဲထင်ပါရဲ့"





ရွှေတင်သည် အုတ်လှေကား အပေါ်ဆုံးအဆင့်တွင် ထိုင်၍ တတိယအဆင့်တွင် ခြေတင်ထားရင်း တွေးနေသည်။ အထူးတန်းရပြီးဖြစ်၍ သာမန်အကျဉ်းသားများလို မဝတ်ရတော့ဘဲ သပ်သပ်ရပ်ရပ်ဖြစ်နေလေသည်။ ဆေးရုံတွင် တစ်ပတ်လောက်တက်ပြီး ဆေးထိုးလိုက်သဖြင့် အသားအရေမှာ စိုပြည်ဝါဝင်း၍လာ၏။ ခေါင်းတွင် နှင်းဆီနီကြီးတစ်ပွင့်ကို ပန်ထားပေရာ သူ့မျက်နှာနှင့် နှင်းဆီပွင့်သည် အလှချင်းပြိုင်နေသလို ရှိပေ၏။

အဆောင်ရှေ့ ဗုဒ္ဓသရဏပင်များ၊ နှင်းဆီပင်များမှာ အပွင့်တွေဝေနေသည်။ သည်ပန်းပင်များကို ရွှေတင်ကိုယ်တိုင် စိုက်ထားခြင်းဖြစ်သည်။ အထူးတန်းရပြီမို့ အလုပ်ကြမ်းမလုပ်ရတော့ဘဲ အားအားရှိလျှင် ပန်းပင်များကို စိုက်နေရသည်နှင့်ပင် အချိန်ကုန်ရသည်။ ပန်းပင်စိုက်ရသည်မှာ စိတ်ကိုလန်းဆန်းလာစေသည်။ ကိုယ်စိုက်သောပန်းပင်မှ ပန်းပွင့်တို့ ဖူးပွင့်လာကြပြီဆိုလျှင် သူတို့ကို ကြည့်၍ ကြည်နူးနေမိသည်။ ရွှေတင်သည် ခင်မောင်ဝင်းကို ကတိပေးပြီးကတည်းက ပါလစ်ဆီအရက် မသောက်တော့ပေ။ ဆေးခြောက်လည်း မရှူတော့ပေ။ ပထမတွင်မူ သောက်နေကျမသောက်ရသဖြင့် အနေရခက်သလိုလိုရှိသည်။ ရှူနေကျ မရှူရတော့သဖြင့် ဟာတာတာကြီးဖြစ်နေသည်။ သို့ရာတွင် စိတ်ခပ်ထွေထွေဖြစ်လာပြီဆိုလျှင် ကြိတ်မှိတ်မျိုသိပ်ကာ ပေါက်ပြားတစ်လက်ဖြင့် မြေများကို တူးဆွပြီး ပန်းပင်ကလေးတွေ ပျိုးထောင်ပေးခြင်းဖြင့် သန့်ရှင်းစွာနေနိုင်လာခဲ့ပေသည်။

အုတ်ရေကန်ဘေးတွင် ယိုးဒယားနှင်းဆီများ ဖူးပွင့်နေကြသည်။ အုတ်ရေကန်ထဲမှ ရေသည် လျှံကာ အောက်သို့ ဖိတ်ကျနေလေ၏။

ခင်မောင်ဝင်း ဆက်တိုက် ထောင်ဝင်စာ လာပြီးကတည်းက ရွှေတင်သည် ခင်မောင်ဝင်းကို သနားသွားလေသည်။ ဒုတိယအခေါက် လာတုန်းက ရွှေတင်သည် ခင်မောင်ဝင်းကို နာနာကြည်းကြည်းဖြင့် ရင်ထဲရှိသမျှကို ဖွင့်ထုတ်ပြောလိုက်သည်။ သည်တုန်းက အရက်ကလည်း ခပ်ထွေထွေမို့ အာစရာစ သွက်လှပေ၏။ သို့ရာတွင် သည်ကြားထဲက ခင်မောင်ဝင်းမှာ ဇွဲကောင်းကောင်းနှင့် ပေါက်လာပြန်တော့ သနားသလို ဖြစ်လာပေသည်။ တကယ်တော့ ခင်မောင်ဝင်းသည် မကောင်းမှုတို့ဖြင့် ရောပြွမ်းနေသော လူ့လောကကြီးထဲတွင် အကောင်းဆုံးလူတစ်ယောက်ပင် ဖြစ်သည်။ အညစ်အကြေးဖုံးနေသော လောကကြီးထဲတွင် အသန့်ရှင်းဆုံး လူတစ်ယောက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းက သူ့ကို လက်ထပ်မည်ဟု ပြောလိုက်သောအခါ ရွှေတင်သည် ခင်မောင်ဝင်းအစား ဝမ်းနည်းသွားမိသည်။ အမှန်ကတော့ ရွှေတင်သည် ခင်မောင်ဝင်းလိုလူတစ်ယောက်အား သူ့လို မိန်းမပျက်တစ်ယောက်က ရှောင်ပေးသင့်သည်။ ခင်မောင်ဝင်းက တကယ်လက်ထပ်သည်ထားဦး၊ ခင်မောင်ဝင်းကို သည်ဘဝတွင် မကြည့်ချင်၊ မမြင်ချင်ပေ။ သူတစ်ယောက်တည်း မဟုတ်ဘဲ ခင်မောင်ဝင်းကိုပါ နွံအိုင်ကြီးထဲသို့ ဆွဲနှစ်သလို ဖြစ်နေမည်ကို စိုးရိမ်မိသည်။

"မိကြည်တို့လိုကောင်မများ ဒီလိုအပဲနဲ့တွေ့ချင်စမ်းသကွာ၊ တစ်ခါတည်း ကွဲခနဲနေအောင် ဖမ်းထားလိုက်မှာ"

ခင်မောင်ဝင်းက သူ့ကို လက်ထပ်မည်ဟု ပြောပုံကို ရွှေတင်က သူ့အပေါင်းအဖော်များအား ပြောပြသောအခါ အကြည်က အားမလိုအားမရဖြင့် ဆို၏။

"ဟဲ့ အရွှေ၊ ညည်းက ဖာသည်လုပ်စားတာ ကြာလှပြီ။ ခုထိဖာပါးမဝသေးဘဲကိုးအေ့။ သူလို သူဌေးသားကိုယူတော့ ညည်းက ပိုက်ကျမှာစိုးလို့လား၊ ညည်းက ယင်ဖိုမသန်းရသေးတဲ့ အပျိုနုနုထွတ်ထွတ်ကလေးမို့လို့လားဟင်၊ အပျိုနုနုထွတ်ထွတ်ကလေးတောင် သူ့လို လူဆိုရင် က,ယူတယ်။ ညည်းက ဘာမို့ ဒီလောက် စဉ်းစားနေတာတုံး၊ ငါသာ ညည်းနေရာကဆိုရင် က,တောင်ယူသေးတယ်။ ပိုက်ဆံလဲ ဖောဖောသီသီသုံးရသေး၊ လူလဲ သက်သာသေး"

မွေးနီက ညစ်ညမ်းစွာ ပြောပြနေ၏။ မွေးနီသည် တစ်တစ်ခွခွပြောတတ်သူ ဖြစ်သည်။ သူပြောလိုက်လျှင် အတုံးလိုက်အတစ်လိုက် ပြောချတတ်သည်။ ရွှေတင်က စောင်ကို ခေါင်းမြီးခြုံ၍ နားပိတ်ထားလိုက်သည်။ သူတို့စိတ်သဘောထားမှာ ရှုန့်ရင်းလှပါကလား။

"မဖြစ်နိုင်ပါဘူး အစ်ကိုရယ်၊ မဖြစ်နိုင်ပါဘူး"

ရွှေတင်သည် ခင်မောင်ဝင်း စကားများကိုလည်းကောင်း၊ သူ့အပေါင်းအသင်းများ၏ စကားများကိုလည်းကောင်း ကြားယောင်လာကာ ခေါင်းယမ်း၍ ခပ်တိုးတိုး ညည်းလိုက်မိသည်။

မရမ်းပင်ပေါ်မှ ဥဩငှက်ကလေး ဖွဲ့သော တေးသီသံကို ကြားရပေသည်။ ထွေထွေအေးအေးရှိလှသော ဥဩသံကို ကြားလိုက်ရသောအခါတွင်





ပူလောင်လျက်ရှိသော ရွှေတင်၏ ရင်သည် အေးမြလာသည်ဟု ထင်မှတ်ရသည်။ တောတုန်းကဆိုလျှင် ယခုလို နွေဦးပေါက်၌ ဥဩတွန်သံကို ကြားရမြဲတည်း။ မြူတွေဝေ၍ မှိုင်းပျနေသော နွေဦးပေါက်နံနက်ခင်းတွင် ဥဩတွန်သံကို ကြားရသည်မှာ ကြည်မောဆွတ်ပျံ့ဖွယ်ရာပင် ဖြစ်ပေသည်။ သည်အချိန်ဆိုလျှင် ဖယားအနောက်ဘက် အင်ကြင်းတောမှ အင်ကြင်းပန်းများ တစ်တောလုံး ရဲနေအောင် ဖူးပွင့်ကြသည်ကို အမှတ်ရလာသည်။ သူငယ်ငယ်တုန်းကဆိုလျှင် အဖေနှင့်တောစပ်သို့ ဝါးခုတ်လိုက်သွားတတ်၏။ တောတစ်လျှောက် မြေပြင်တွင် ညာညောင်းရွက်ကျင်တို့သည် ပြန့်ကျဲလျက် ရှိသည်။

မြေပေါ်က ကျွန်းရွက်ခြောက်များကို နင်းသွားရသည်မှာ ပျော်စရာကြီး ဖြစ်သည်။ ကျွန်းပင်ကြီးများပေါ်တွင် ရော်ရွက်တွေ တထိန်ထိန် ဝေနေကြသည်။ ခပ်လှမ်းလှမ်း အင်ကြင်းတောစပ်ကား မှိုင်းပျနေသော ကောင်းကင် နောက်ခံတွင် တျာတျာနီအောင် ဖူးပွင့်ကြကုန်သည်။ နွေဦးကို ကြိုလင့်သော အထောက်တော်ဥဩ၏ တေးသံကိုလည်း တောစပ်မှာ ကြားနိုင်ပေသေးသည်။

"ဥဩတွန်တော့ အင်ကြင်းတွေပွင့်တာပဲ"

အဖေက ဝါးစည်းကြီးကို လှည်းပေါ်သို့တင်ရင်း ပြောပြခဲ့သည်ကို အမှတ်ရနေသည်။ ရွှေတင်သည် အင်ကြင်းပန်းခက်ကလေးများကို ခေါင်းတွင်ပန်ကာ ကျောက်စရစ်ခဲလုံးကလေးများဖြင့် ဖယ်ခုတ်ကစားနေသည်။ အင်ကြင်းပန်းများကို သဘောကျလှသဖြင့် ခူးပေးဖို့ အဖေ့အား နားပူနားဆာ လုပ်ခဲ့သည်ကိုလည်း အမှတ်ရလာသည်။

"ဩော် အင်ကြင်းပန်းတွေ ပွင့်တော့မှာပါလား"

ရွှေတင်သည် ဥဩသံကို နားထောင်ရင်း ဖယားနောက်ဖေးက အင်ကြင်းတောကို အမှတ်ရလာပေသည်။ သည်ကတည်းက ရွှေတင်၏ နှလုံးအိမ်တွင် ဥဩတွန်သံနှင့် အင်ကြင်းပန်းသည် ခွဲခြားမရအောင် စွဲလာခဲ့သည်။ အင်ကြင်းပန်းကို မြင်လျှင် ဥဩသံကို ကြားယောင်လာသည်။ ဥဩသံကို ကြားလျှင် အင်ကြင်းပန်းများကို မြင်ယောင်လာသည်။ တစ်ဆက်တည်းမှာပင် အဖေ့ကို အမှတ်ရလာသည်။ အဖေသည် ရိုးသားသော တောသားကြီးဖြစ်၏။ ရွှေတင်တို့ သားအမိတစ်တွေ စားသောက်ရေးအတွက် မညည်းမညူ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရသူဖြစ်၏။ အဖေ့ကို တွေးမိပြန်လျှင် သူ့စိတ်အစဉ်သည် အမေ့ထံသို့လည်းကောင်း၊ ရွှေခင့်ထံသို့လည်းကောင်း၊ သူ ကြီးပြင်းခဲ့ရသော ရိုးသားအပြစ်ကင်းသည့် ကျေးတော ပတ်ဝန်းကျင်သို့လည်းကောင်း ရောက်သွားသည်။ ထိုမှတစ်ဖန် သက်ဆိုးမရှည်သော သားလေးကိုလည်းကောင်း၊ ကိုတောက်ထွန်းကိုလည်းကောင်း အမှတ်ရလာပြန်သည်။ သည်အရာများမှာ သန့်ရှင်းသော အရာများဖြစ်၏။ ညစ်ညမ်းမှုဟူ၍ မြူလောက်မျှမရှိသည့် အေးချမ်းသော အတိတ်ဟောင်းဖြစ်၏။ သည့်နောက်ပိုင်းမှ တွေ့ခဲ့ရသော အရာများကား သန့်ရှင်းခြင်းဆို၍ သဲတစ်ပွင့်လောက်မှ မရှိသည့် ညစ်ညမ်းမှုတွေဖြစ်၏။

ရွှေတင်သည် သည်လို ဥဩတွန်သံပေး၍ စိတ်အေးချမ်းမွေ့စရာအချိန်ကလေးတွင် အဆိုးတွေကိုမေ့ကာ အကောင်းတွေကိုချည်း တွေးချင်၏။ ညစ်ညမ်းမှုတွေကိုမေ့ကာ သန့်ရှင်းဖြူစင်တာတွေကိုသာ တွေးချင်၏။ သူ မုန်းသော၊ မနှစ်မြို့သော အရာတွေကိုမေ့ကာ သူမြတ်နိုးသော၊ ချစ်သော အရာတွေကိုသာ တွေးချင်နေသည်။

ဥဩသံသည် မရမ်းပင်ဆီမှ ရွေ့သွားကာ ကုက္ကိုပင်ဆီမှ ပေါ်လာပြန်သည်။ ရွှေတင်သည် ဥဩသံတွင် နစ်မွန်းနေလေ၏။ ဥဩသံကို နားထောင်ရင်း ကောင်းတာတွေ၊ သန့်ရှင်းတာတွေကို တွေးနေရာမှ ခင်မောင်ဝင်း၏ မျက်နှာသည် သူ့မျက်စိထဲတွင် ပေါ်၍ ပေါ်၍ လာတတ်သည်။ တကယ်တော့ ရွှေတင်၏ စိတ်သည် ခင်မောင်ဝင်းအား အကောင်းဘက်မှ သန့်ရှင်းဖြူစင်သည့်ဘက်သို့ ဆွဲခေါ်နေခြင်းသာ ဖြစ်ပေသည်။

"မဖြစ်နိုင်ဘူး အစ်ကို၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အရင်တုန်းက မဖြစ်နိုင်တာကတော့ အစ်ကို့ကို ရွှေတင်စိတ်နာလို့ မဖြစ်နိုင်တာ။ ခုမဖြစ်နိုင်တာကတော့ အစ်ကို့ကို သနားလို့ မဖြစ်နိုင်တာ၊ ချစ်လို့ မဖြစ်နိုင်တာပေါ့ အစ်ကိုရယ်။ အစ်ကိုက ရွှေတင်ကို အရင်ကလိုပဲ ချစ်နိုင်တယ်ထားဦး။ အစ်ကို့မှာ ဆွေတွေမျိုးတွေ၊ အပေါင်းအသင်းတွေ၊ ဘေးလူတွေက လက်ညှိုးထိုးစရာ ဖြစ်သွားမှာပေါ့။ ဆာဖိုးဝင်းသား ဘိလတ်ပြန် မြေပိုင်ရှင်သူဌေး ဦးခင်မောင်ဝင်းရဲ့ မိန်းမဟာ ပြည့်တန်ဆာမ၊ လူသတ်တရားခံမ,လို့ လူတွေက ပြောကုန်ကြမှာပေါ့။ ရွှေတင့်အတွက် လူတကာရဲ့ တံတွေးခွက်ထဲမှာ ပက်လက်အမျောမခံပါနဲ့ အစ်ကို"





နွေဦးလေပြည်ကလေး တိုက်ခတ်လိုက်သဖြင့် အုတ်ကန်ထဲတွင် လှိုင်းဂယက်ကလေးတွေ တွန့်ယှက်နေသည်။ ရွှေတင့်ရင်ထဲတွင်လည်း လှိုင်းဂယက်ကလေးတွေ ပြေးလျက်ရှိသည်။

"ဟိုတုန်းကတော့ အစ်ကို့အချစ်ကို ရွှေတင် လက်မခံခဲ့ရဘူး။ ခုတော့ လက်မခံရက်ဘူး အစ်ကို။ အစ်ကို စိတ်ဆင်းရဲမှာကို ရွှေတင် မကြည့်ရက်ပါဘူး"

ရွှေတင်သည် သူ့စိတ်ကူးနှင့်သူ တွေးနေမိ၏။ ဥဩသံသည် တနွဲ့နွဲ့ တွန်ကျူး၍ နေသည်။

သူ့အညစ်အကြေးများမှာ ဘယ်လိုပင် ဆေးဆေး၊ မစင်တော့ဟု ရွှေတင် ထင်၏။ ဘယ်လိုပင် ချွတ်ချွတ်၊ မကျွတ်တော့ဟု ယုံကြည်၏။ သူ့ကို နွံထဲသို့ကျနေသော အပုပ်ကောင်ဟု ဆိုကြ၏။ ဆိုကြပါစေ၊ လူတွေဟာ နိမ့်နေသူကို နှိမ်၍ မြင့်နေသူကို မြှင့်ပေးတတ်ကြသည်ဆိုတာ ရွှေတင် သိပါပြီ။ တကယ်တော့ သည်လောကသည် အစွန်းအထင်းကို ဆေးကြောပေးသော လောကမဟုတ်။ ပို၍ ညစ်နွမ်းလာအောင် အညစ်အကြေးတွေဖြင့် ဝိုင်း၍ ပက်တတ်သော လောကသာ ဖြစ်၏။

သည်လောကထဲ၌ သူ့တွင် စွန်းထင်းနေသော အညစ်အကြေးတွေကို ဆေးကြောပေးမည့်သူမှာ ခင်မောင်ဝင်းတစ်ယောက်သာ ရှိ၏။ ရွှေတင်သည် နွံထဲက ပေါက်သော ကြာပွင့်ကလေးဟု ခင်မောင်ဝင်းက ပြောခဲ့ဖူး၏။ ဒီလိုဆိုပြန်တော့ ခင်မောင်ဝင်းသည် သည်လောကထဲတွင် အကောင်းဆုံးလူတစ်ယောက် ဖြစ်နေပေသည်။

"ရွှေတင့်ကိုလဲ အစ်ကိုက တကယ်ပြန်ချစ်နိုင်မှာ မဟုတ်တော့ပါဘူးလို့ ရွှေတင်ကငြင်းခဲ့ပေမဲ့ အစ်ကိုက ရွှေတင်ဟာ နွံထဲကပေါက်တဲ့ ကြာ၊ အဆိုးထဲက အကောင်း၊ အညစ်ထဲက အသန့်၊ ဒါကြောင့်မို့ ရွှေတင့်ကို အစ်ကို ယူမယ်။ နှစ်နှစ်ကာကာချစ်တယ်"

ရွှေတင်သည် ခင်မောင်ဝင်းစကားများကို ကြားယောင်နေသည်။ သဲကြီးမဲကြီးဖြင့် လိုက်လာရှာသော ခင်မောင်ဝင်းကို သနားလာသည်။

"အစ်ကိုပြုခဲ့သမျှအပြစ်တွေကို ရွှေတင် ခွင့်လွှတ်ပါတယ် အစ်ကို။ အစ်ကို့ကိုလဲ ရွှေတင်သနားပါတယ်။ တကယ်တော့ ရွှေတင့်ကို ပြစ်မှားခဲ့တာ မဟုတ်ပါဘူး၊ ချစ်မှားခဲ့တာတွေပါ။ ဒါပေမဲ့ အစ်ကို ရွှေတင့်ကို မချစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့၊ လက်မထပ်ချင်နဲ့တော့။ လူတကာရဲ့ တံတွေးခွက်မှာ အစ်ကို ပက်လက်မျောတာကို ရွှေတင် မကြည့်ရက် မမြင်ရက်လို့ပါ အစ်ကိုရယ်၊ ရှိကြီးခိုးပါရဲ့။ မဖြစ်နိုင်တော့ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ အလာကောင်းပေမဲ့ အခါနှောင်းပြီအစ်ကို၊ ခုတော့ အစ်ကို့အပေါ်မှာ ရွှေတင် ဘယ်လိုပင်ချစ်ပေမဲ့ မုန်းဟန်ဆောင်ရတော့မယ်"

ရွှေတင်သည် တွေးရင်း မျက်ရည်ဝဲလာလေသည်။ ဥသြကလည်း တနွဲ့နွဲ့တွန်သံပေးလျက် ရှိပေသည်။ အသင် ကိုရွှေဥသြ၊ ဘယ်သဘောနှင့် တွန်သနည်း။

●

## (၃၆)

"ဇဟား"

မီးရထားဘက်က ဘူတာရုံမှ ဆိုင်းဘုတ်ကလေးကို ခပ်လှမ်းလှမ်းမှ မြင်ရသည်။ ဇဟားမှာ ရန်ကုန်-မန္တလေးမီးရထားလမ်းမှ ဘူတာရုံငယ်ကလေး ဖြစ်၏။ ဖြူးနှင့်သိပ်မဝေးလှပေ။ သည်ဘူတာရွာကလေးကို ခင်မောင်ဝင်း တစ်ခါကလည်း ရောက်ခဲ့ဖူး၏။ သည်တုန်းကရောက်ခဲ့ခြင်းမှာ ရွှေတင်ကို လိုက်၍ ဖမ်းတုန်းကဖြစ်လေသည်။ ရွှေတင်သည် သူ့စနက်ကြောင့် ဖြူးမှ ဇဟားကို ရှောင်ပြေးသည့်အခါတွင် ခင်မောင်ဝင်းသည် ရှောင်ပုန်းထွက်ပြေးသွားသော ရွှေတင်ကို သဲသဲမဲမဲလိုက်ဖမ်းခဲ့သည်။

ယခုတစ်ခေါက် ရောက်ရပြန်ပေပြီ။

မြင်းလှည်းကလေးသည် တောင်ငူ-ရန်ကုန်သွား ကားလမ်းကြီးအတိုင်း မောင်းလာခဲ့သည်။ ကတ္တရာစေးလမ်းပေါ်သို့ ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းယှက်မိုးနေကြပေသည်။ လမ်းဘေးရေမြောင်းကလေးများမှာ ရိပ်ငြိမ်စွာ စီးဆင်းလျက်ရှိ၏။ ဘဲတစ်အုပ်သည် ရေမြောင်းထဲတွင် ရေကူးနေကြပေသည်။ ကြေးနန်းတိုင်များသည် ရေမြောင်းထဲတွင် မှန်ကြည့်နေသလို ထင်မှတ်ရ၏။ လယ်ကွင်းများမှာ ကောက်ရိတ်သိမ်းပြီးဖြစ်၍ ရိုးပြတ်များသာ ကျန်တော့သည်။ ကောက်လှိုင်းပုံများကို စုပုံထားသည်မှာ တောင်ပို့ကြီးများနှင့် တူပေသည်။ ကောက်လှိုင်းရိုက်သော စင်များကိုလည်း မြင်ရသည်။ အချို့ကား စပါးလှေ့၍ပင် နေကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရွှက်နု ရေကြည်က ပေါ်သနဲ့၊ တောပေဝန်တောင် တစ်လျှောက်ဆီက၊ ဝါးတန်းတို့ ခွာညိုကြ ပေါက်ပါသနဲ့၊ (အိုကွယ်)နွားနောက်က ကိုတောင်သူရယ်"

ရိုးပြတ်လယ်တောဆီမှ တေးသံကို ကြားရသည်။ ကတ္တရာစေးလမ်းပေါ်တွင် အသားကျနေသော မြင်းခွာသံသည် တေးသံကို စီးလိုက်ပေးသကဲ့သို့ ရှိပေ၏။ မောင်မောင်သန်းနှင့် မြင်းလှည်းဆရာကား စကားကောင်းလာကြပေသည်။ ခင်မောင်ဝင်းကား စကားလုံးတစ်လုံးမှ မပြောမိဘဲ ကိုယ့်အတွေးနှင့်ကိုယ် လိုက်လာခဲ့သည်။ ရိုးပြတ်လယ်ကွင်းထဲတွင် ကျွဲအုပ်များ အစာစားနေသည်ကို မြင်ရလေ၏။

"သုံးရာပြည့် ကုလားနံ့ငယ်၊ နင်မတန် ကျိုက်ခတောင်းရယ်နဲ့၊ တောင်စောင်းကို နေ့စွယ်ခ,တယ်ကွယ်၊ နားကြပြန်တယ်"

တေးသံနှင့် ပလွေသံသည် တစ်ကျော့စီ ထွက်ပေါ်လာ၏။ နွားအုပ်မ,လာကြသော နွားကျောင်းသားများ၏ တေးပင်ဖြစ်ပေ၏။ နံနက်ခင်း၏ ဝါဖျော့သော ရွှေရောင်နေခြည်တန်းများ အကြားတွင် မြူမှုန်များ လွင့်နေပေသည်။ ပန်းဖျော့သွေးတိမ်များ၊ ခရမ်းရောင်တိမ်များသည် ကောင်းကင်တွင် တအိအိ မျောနေကြသည်။

"ထိုးမှင်ကြောင်ခေါ် ကပြစ်ရယ်နဲ့၊ ရစ်ထားပါတဲ့ ယောင်စုစုငယ်၊ တလုပ်လျှို ဟိုယာခေါင့်ဆီက၊ ယုန်စောင့်ပါတဲ့ ကိုလူပျိုငယ်၊ ပန်းတိမ်ငယ်ဆိုတဲ့ ပန်းရယ်နဲ့၊ ညနေချမ်း လူပုံပြပါလို့၊ ကိုတောင်သူ နွားလှန်ထတို့မှာကွယ် ဆီးဖြူပင်စခန်း၊ (အိုကွယ်) နွားရေချပါတဲ့လမ်း"

ပလွေသံနှင့်တေးသံသည် လေလျှဉ်ကိုစီးကာ တနွဲ့နွဲ့ ပျံ့လွင့်လာပေသည်။ မောင်မောင်သန်းကား မြင်းလှည်းဆရာနှင့် စကားကောင်းလျက်ပင် ရှိသေးသည်။

ခင်မောင်ဝင်းမှာ ငေးမျှော်ရင်းလိုက်ပါလာသည်။ သည်လယ်ကွင်းများမှာ သူ့အဖေ ဆာဖိုးဝင်း၏ လယ်ကွင်းဖြစ်၏။ မီးရထားလမ်းမှသည် အနောက် ပဲခူးရိုးမတောင်ခြေထိ လယ်ကွင်းများမှာ အများအားဖြင့် သူတို့ လယ်ကွင်းများသာ ဖြစ်သည်။ ဇဟားမှစ၍ အနောက်ဘက် ပဲခူးရိုးမတောင်ခြေတွင်ရှိ သောင်သိုင်း၊ ကျိုင်း၊ ရဲနွဲ့စသော ရွာများမှ ရွာသားများမှာလည်း သူတို့မြေကိုလုပ်သော သီးစားများ၊ သူရင်းငှားများသာ ဖြစ်သည်။





အမှန်ကတော့ သည်ရွာများမှ လူများသည် သူတို့၏ လယ်မြေများကို အကြွေးဖြင့် ဆာဖိုးဝင်းဆွေမျိုးများထံ အဆုံးခံခဲ့ရခြင်း ဖြစ်ပေသည်။ သည်တစ်ဝိုက်မှ လယ်သမားများသည် မြေမဲ့များသာ ဖြစ်ပေသည်။ မြေမဲ့လယ်သမားများသည် ဆာဖိုးဝင်းမိသားစု၏ သူရင်းငှားများသာ ဖြစ်ပေသည်။ အမှန်ကတော့ မြေများကို အဖိုးကြီးစွာဖြင့် အပေါင်ခံထားပြီး မြေများကို ကြွေးနှင့်သိမ်းလိုက်ခြင်းသည် လယ်သမားများအား ကျွန်လုပ်ခြင်းပင် ဖြစ်လေသည်။ သည်မြေများကို သူတို့အား ပြန်၍ သီးစားချထားကာ သီးစားခကို မတရားယူလိုက်သေးသည်။ ဆာဖိုးဝင်းမိသားစုသည် သည်နည်းဖြင့် အသက်ရှင်ခဲ့ကြခြင်း ဖြစ်လေသည်။ ခင်မောင်ဝင်းသည် လယ်တောကို မြင်တော့ ရွှေတင်ကို အမှတ်ရလာပြန်သည်။ မျဉ်းဖြောင့်တစ်ကြောင်းလို စေ့နေသော ရွှေတင်၏ မျက်လုံးများကို မြင်ယောင်လာသည်။

"အစ်ကိုက သူဌေးသား၊ ရွှေတင်က ရာဇဝတ်ကောင် ပြည့်တန်ဆာမ၊ ရွှေတင်ရဲ့တန်ဖိုးဟာ တစ်ညမှာ တစ်ဆယ်ပဲ ရှိပါတယ် အစ်ကို"

ခင်မောင်ဝင်းသည် ရွှေတင့်စကားများကို ကြားယောင်လာပြန်သည်။ မြင်းလှည်းသည် ကတ္တရာစေးလမ်းမှဆင်းကာ လှည်းလမ်းအတိုင်းမောင်းလာပေရာ တဂျုံးဂျုံးဆောင့်နေသည်။ မြင်းလှည်းဆောင့်တိုင်း ခင်မောင်ဝင်းခေါင်းသည် လှုပ်ယမ်းလျက်ရှိသည်။

"ကဲ၊ ရွာထဲကိုရောက်ပြီ"

မောင်မောင်သန်းက ပြောလိုက်တော့မှ ခင်မောင်ဝင်းသည် သတိရလာသည်။ သူတို့နှစ်ယောက်တွင် သားရေလက်ဆွဲအိတ်တစ်လုံးသာ ပါလာသည်။ တခြားပစ္စည်းများမှာ ဖြူးတွင် ကျန်ရစ်ခဲ့သည်။ ခင်မောင်ဝင်းသည် သားရေလက်ဆွဲအိတ်ကို ဆွဲကာ မြင်းရထားပေါ်မှ ဆင်းလိုက်ပြီး ဖုန်များကို ခါနေသည်။ မြင်းလှည်းမှာ ခလောက်ဆွဲ သုံးပင်နှစ်ခန်း အိမ်တစ်လုံးရှေ့တွင် ရပ်ထားသည်။

"ဒါ သူကြီး ဦးရွှေဝအိမ်လား"

"ဟုတ်ပါတယ်"

ခြံပေါက်မှ ရင်ရှားနှင့်မိန်းမကြီးတစ်ယောက်က ဖြေသည်။ မိန်းမကြီးမှာ ရေအိုးကို ခေါင်းပေါ်တွင် ရွက်ထားရင်း သူတို့ကို စွေ၍ လှမ်းကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာလျှင် ဦးရွှေဝ ထွက်လာသည်။ ဦးရွှေဝကား အသားဖြူဖြူ ခပ်ဝဝ၊ သျှောင်တစ်စောင်းထုံးကာ နှုတ်ခမ်းမွေး ကျင်စွယ်နှင့်ဖြစ်သည်။ ဦးရွှေဝသည် ဆာဖိုးဝင်း၏ လူယုံတော်ကြီးဖြစ်သည်။ ဆာဖိုးဝင်း အောက်လွှတ်တော်အမတ် အရွေးခံရတုန်းက ဦးရွှေဝကို လက်ရုံးပြုကာ သည်နား တစ်ဝိုက်မှ မဲများကို သိမ်းကျုံးရခဲ့ခြင်းဖြစ်၏။ နောက်ပြီး ဆာဖိုးဝင်း၏ သီးစားခများကိုလည်း ဦးရွှေဝပင် စုဆောင်း၍ ပေးရလေသည်။

"ဦးရွှေဝ ကျွန်တော့်ကို မှတ်မိပါသေးလား"

ခင်မောင်ဝင်းက ဦးရွှေဝကို ပြုံး၍ မေးလိုက်သည်။ ဦးရွှေဝသည် မျက်လုံးများမှေး၍ အတန်ကြာကြည့်နေပြီးမှ

"ဟာ မှတ်မိပါသော်ကော၊ ဆရာကြီးသား မဟုတ်လား"

ဦးရွှေဝက ဆာဖိုးဝင်းအား ဆရာကြီးဟု ခေါ်သည်။ ဦးရွှေဝသည် သည်တော့မှ ခင်မောင်ဝင်းတို့ကို ပျာပျာသလဲ အိမ်ထဲသို့ ဖိတ်ခေါ်သွားသည်။

"ခြစ်ချုတ် ဆိုစမ်းပါဦး ကိစ္စက"

ဦးရွှေဝသည် သင်ဖြူးချောတစ်ချပ်ကို ခင်းပေး၍ ဆေးပေါ့လိပ်ဖန်းကို လာချရင်း ပြောလိုက်သည်။ ဦးရွှေဝသည် ပခုံးတွင် တင်ထားသည့် မျက်နှာသုတ်ပုဝါဖြင့် ယပ်ခတ်နေပေသည်။ သူ၏ ဝမ်းဗိုက်မှာ အိုးကြီး တစ်လုံးလို လုံးမောက်နေသည်။ ဗိုက်ခေါက်ကြီးများမှာ အရစ်,အရစ် ထနေသည်။

"ကိစ္စကတော့ ကျွန်တော့်မြေတွေ ကိစ္စပဲ"

"ဟာ ဆရာလေးကလဲ၊ မြေကိစ္စများ ဒီကို ကိုယ်တိုင်လာနေရသေးသလား၊ ဖြူးကိုခေါ်လိုက်ရင် ပြီးရောပေါ့။ မယ်မြဆင့်တို့ ပြောလိုက်ရင် ကျုပ်ပြေးလာမှာပေါ့"

ခင်မောင်ဝင်းသည် သူ့မြေများအကြောင်းကို စုံစမ်းပြီး သီးစားခ လျှော့ယူရန်ကိစ္စအတွက် သီးစားသမားများနှင့်တွေ့ချင်ကြောင်း ပြောပြသည်။ ဦးရွှေဝသည် သီးစားခလျှော့ယူရေးကို သဘောကျဟန် မတူပေ။ နှုတ်ခမ်းမွေးများကို ဆွဲ၍ လိမ်ရင်း အတန်ကြာစဉ်းစားနေသည်။

"မဖြစ်ဘူးထင်တယ် ဆရာလေးရဲ့၊ ဒင်းတို့ကို သိပ်အလျှော့ပေးလို့ မဖြစ်ဘူး။ ဆရာလေးတို့ကလဲ သခင်တွေ ဆူဆူပူပူလုပ်တာနဲ့ သီးစားခ လျှော့ဖို့ ကိစ္စကို အပူတပြင်းလုပ်နေကြပြီ ထင်တယ်"





ခင်မောင်ဝင်းက ဦးရွှေဝစကားများကို စဉ်းစားနေသည်။ သည် အချိန်မှာ ဒို့ဗမာ အစည်းအရုံးများက ဦးဆောင်၍ သီးစားခ လျှော့ပေါ့ရေးကို လုပ်နေချိန်ဖြစ်၏။ ဦးရွှေဝ ထင်မည်ဆိုလျှင်လည်း ထင်စရာဖြစ်နေပေသည်။ သို့ရာတွင် ခင်မောင်ဝင်းမှာ ဒို့ဗမာအစည်းအရုံးလှုပ်ရှားမှုများနှင့် ဘာမျှ ပတ်သက်ခြင်း မရှိပေ။ သူ့ဆုံးဖြတ်ချက်မှာ သူအမွေရသော ဖြူး တစ်ဝိုက်မှ လယ်မြေများကို စွန့်လွှတ်ပစ်လိုက်ကာ ရွှေတင်နှင့် လက်ထပ်၍ အေးအေးချမ်းချမ်း နေရန်ဖြစ်၏။ သည်အဆင့်သို့ မရောက်ခင် လယ်သမားများ၏ သဘောကို စောင့်ကြည့်ရန်၊ သီးစားခ လျှော့ပေါ့ရေးကို ပထမ စမ်းလုပ်ကြည့်ရန် ဖြစ်သည်။

ဦးရွှေဝ ပြောလိုက်သည့်စကားများကြောင့် ခင်မောင်ဝင်း တွေသွားသည်။ သည်မြေတွေကို သူတကယ် စွန့်နိုင်ပါ့မလားဟု သူ့ကိုယ်သူ စစ်ဆေးကြည့်သည်။ သည်မြေများသည် မိဘ၊ ဘိုးဘွားများ လက်ထက်က စုဆောင်းလာသော မြေများဖြစ်၏။ သည်မျှများပြားသော လယ်မြေတွေကို ပိုင်ဆိုင်ရန် သူ့အဖေ ဆာဖိုးဝင်းနှင့်တကွ ဘိုးဘွားများသည် ကုတ်ကပ်၍ စုဆောင်းခဲ့ကြရ၏။ မူးတွက်ပဲတွက် တွက်၍ ခြစ်ခြုတ်လာခဲ့ကြရ၏။ သည်လို အနှစ်နှစ်အလလစုဆောင်းလာသော မြေများကို စွန့်ပစ်လိုက်မည်ဆိုလျှင် ကိုယ်မွေးသည့်ကြက် တစ်မနက်နှင့် ရိုက်စားပစ်လိုက်သလို ဖြစ်နေမည်လားဟု တွေးမိသည်။ တကယ်တော့ သည်မြေတွေကို စွန့်ပစ်ရခြင်းမှာ အင်မတန်လွယ်သော ကိစ္စဖြစ်၏။ သို့ရာတွင် ပြန်ရဖို့ကား နှစ်ပရိစ္ဆေဒ ဘယ်လောက်ကြာဦးမည် မသိပေ။

"ငါ မြေတွေကို မလိုချင်တော့ဘူး။ ဒီမြေတွေမရှိရင် ငါ့မှာ ပူစရာလဲ မရှိတော့ဘူး၊ ကြောင့်ကြစရာလဲ မရှိတော့ဘူး။ ရွှေတင် အယူခံလွှတ်လာရင် ရွှေတင်နဲ့ပဲ နေတော့မယ်"

ခင်မောင်ဝင်းသည် သူ့ဘာသာသူတွေးနေလေသည်။

"ဒါပေမဲ့ ငါဟာ ဒီလို တကယ်နေနိုင်ပါ့မလား။ ငါဟာ ရွှေတင်ကို လက်ထပ်ဦးမယ်၊ သားတွေ သမီးတွေရဦးမယ်၊ ဒီသား ဒီသမီးတွေကို ငါ့မှာ အမွေပေးခဲ့ရဦးမယ်။ ဒီမြေတွေကို စွန့်ဖို့ဆိုတာ လွယ်တယ်။ ဒါပေမဲ့ ပြန်ရဖို့အရေးဟာ မလွယ်တော့ဘူး။ ပြီးတော့ ရွှေတင်နဲ့ လက်ထပ်ဖို့ ဆိုတာကလဲ မသေချာသေးဘူး။ ရွှေတင် အယူခံရှုံးလို့ ကျွန်းကို ပို့ရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ လိုက်နေနိုင်ပါ့မလား။ ပြီးတော့ ဒီမြေတွေကို ငါ စွန့်တော့မယ်လို့ ဆိုတာဟာ တကယ့်စေတနာနဲ့ လုပ်တာလား။ ဒါမှမဟုတ် ငါ့ကို 'မြေယာ ဟူသမျှ စွန့်သော ဝေသန္တရာလက်သစ်' လို့ သတင်းစာတွေက သူ့ရဲ ကောင်းကြီးလို့ ချီးကျူးခံချင်လို့ လုပ်တာလား"

ဦးရွှေဝက မြေကရားထဲမှ လက်ဖက်ရည်ကြမ်းကို ငှဲ့ပေးနေ၏။ လက်ဖက်ရည် ပန်းကန်များမှာ အဆီတက်၍ ဝါထိန်နေပေသည်။

"ကျွန်တော် လယ်သမားတွေနဲ့ တွေ့ချင်တယ် ဦးရွှေဝ"

"ဟာ တွေ့ရပါတယ်၊ ဟဲ့ သာဇံ၊ ရွာသားတွေကို လိုက်ပြီး 'ဗျိုး' ဟစ်ချေစမ်း၊ ခုလာခဲ့လို့"

ဦးရွှေဝက တဘက်ခေါင်းပေါင်း၍ ကိုယ်အထက်ပိုင်း ဗလာကျင်း ထားသော လူရွယ်တယောက်ကို ခိုင်းလိုက်သည်။ လူရွယ်သည် ရွာထဲသို့ ထွက်သွားလေ၏။

ခင်မောင်ဝင်းမှာ သည်ဘက်တွင် သူတို့ လယ်မြေများ ရှိသော်လည်း ရွှေတင့်ထံ လိုက်တုန်းကမှလွဲ၍ တခေါက်မှ မရောက်သေးပေ။ လယ်မြေ အကြောင်းကိုလည်း ကောင်းကောင်း နားမလည်ပေ။ လယ်ခွန်တော်ဘယ် လောက်ပေးရ၍ သီးစားခကို ဘယ်လောက်ယူသည်ကိုလည်း ကောင်းကောင်း မသိပေ။ သည်မြေများမှ လယ်ခများ၊ သီးစားခများကို ဖြူးမှ ဒေါ်မြဆင့်က သာ ကောက်ခံပေးနေခြင်း ဖြစ်သည်။ ဒေါ်မြဆင့်က ကောက်ခံရသည် ဆိုသော်လည်း ဒေါ်မြဆင့် ကောက်ခံခြင်း မဟုတ်ပေ။ ရွာတိုင်း ရွာတိုင်းတွင် ဦးရွှေဝတို့လို ဒေါ်မြဆင့်တို့၏ လူယုံတော်ကြီးများ ရှိသည်။ ထိုလူယုံတော် ကြီးများက အချိန်တန်လျှင် သီးစားခ၊ မြေခ စသည်များကို စုဆောင်းကာ ဖြူးရှိ ဒေါ်မြဆင့်ထံသို့ အိမ်တိုင်ယာရောက် လာပေးခြင်းသာ ဖြစ်သည်။ ဒေါ်မြဆင့်မှာ ငွေများကို ဆာဖိုးဝင်းငွေများ အပ်နှံထားသော ဘဏ်သို့ တစ်ဆင့် လွှဲသည်။ စာရင်းကို တစ်နှစ်တစ်ခါလောက်သာ ရှင်းရလေသည်။

"ဒီနားတစ်ဝိုက်က ကျွန်တော်တို့ လယ်တွေလုပ်တဲ့ ရွာသားတွေထဲမှာ သီးစားသမား များသလား၊ လယ်ကူလီ များသလား"

ခင်မောင်ဝင်းက ဆေးတံကို မီးညှိ၍ ဖွာရင်း မေးလိုက်သည်။ မောင်မောင်သန်းမှာ ပဲလှော်ကြော်သုတ်ကို လက်ဖက်ရည်ကြမ်းနှင့်မြည်းနေ၏။

"သီးစားလဲ ရှိတာပဲ၊ လယ်ကူလီလဲ ရှိတာပဲ"





"သီးစားခက ဘယ်လိုပေးသလဲ၊ လယ်ကူလီခကကော"

ဦးရွှေဝက သီးစားခနှုန်းများကို ပြောပြနေ၏။ သီးစားခနှုန်းများမှာ အဆမတန်ကြီးလှသည်။ ကိုယ်ပိုင်လယ်ကလေးများကို ဆုံးသွားသည့် ဆင်းရဲသား လယ်သမားများမှာ သီးစားခနှုန်း ကြီးမြင့်စွာပေး၍ သီးစား အဖြစ် လုပ်ကိုင်ကြပြီး ကိုယ်ပိုင်လယ်မရှိသောသူများမှာ လုပ်ခနည်းနည်း ဖြင့် လယ်ကူလီအဖြစ် လုပ်ကြရသည်။

"ဖြူး တစ်ဝိုက်မှာဆိုရင် သီးစားခနှုန်းက လယ်ထွက် စပါးတင်းရေ တစ်ရာကို လေးဆယ့်ငါးတင်းလောက် မြေရှင်ကို ပေးရတယ်။ စပါးထွက်က တစ်ဧကမှာ တင်းသုံးဆယ်လောက်ပဲထွက်တော့ တစ်ဧကလုပ်တဲ့ သီးစား ဟာ တင်းနှစ်ဆယ်လောက် သီးစားပေးလိုက်ရတော့ ဆယ်တင်းကျော်ကျော် လောက်ပဲ ကျန်တော့တာပေါ့"

"ခု ကျွန်တော်တို့လယ်တွေ လုပ်နေတဲ့ သီးစားသမားတွေကို သီးစား ခတွေ လျှော့လိုက်ရင်ကော"

ခင်မောင်ဝင်းသည် သူ့လယ်မြေများ အားလုံးကို စွန့်လွှတ်ပေးဝေပစ် ချင်၏။ သို့သော် လုပ်လို့ မရသေးပေ။ သူ့စိတ်ထဲတွင် ပစ္စည်းသံယောဇဉ် သည် အမျှင်မပြတ်သေးပေ။ ထို့ကြောင့် အစမ်းသဘောဖြင့် သီးစားခများကို အရင်ဆုံး လျှော့ချပစ်မည်ဟု စိတ်ကူးမိ၍ မေးလိုက်ခြင်းဖြစ်၏။

"ဟာ ဆရာလေးကလဲ မဟုတ်တာ၊ လျှော့လို့ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲဗျ"

"ခုတောင်မှ ဒီကောင်တွေဟာ စပါးထွက်ကို လျှော့ပြောချင်တယ်၊ သီးစားခကို မှန်မှန်မပေးချင်ဘူး၊ ပေကပ်ကပ်လုပ်နေတယ်။ ဒီအထဲမှာ ဆရာလေးက လျှော့မယ်ဆိုရင် သူတို့အကြိုက် ဖြစ်သွားမှာပေါ့"

ဦးရွှေဝက သူ့အကျိုးကို ကြည့်၍ ပြော၏။ ဦးရွှေဝသည် ဒေါ်မြဆင့် တို့၏ လူယုံတော် ပီသပါပေသည်။

"ဦးရွှေဝပြောတာလဲ မှန်ပါတယ်၊ ဒါပေမဲ့ ဦးရွှေဝကို ကျွန်တော့် စိတ်ကူးကို ပြောပြရဦးမယ်၊ ဒီမှာ ကျွန်တော်တို့လယ်တွေကို လုပ်တဲ့ သီးစား သမားတွေ လယ်ကူလီတွေ ရှိတယ်မဟုတ်လား"

"ရှိတာပေါ့ ဆရာလေးရယ်"

"ဒီသီးစားသမားတွေကို သီးစားခ လျှော့ချင်တယ်၊ နောက်ပြီး လယ်ကူ လီတွေကိုလဲ သီးစားခ ပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆရာလေးကလဲ ဒို့ဗမာသခင်တွေနဲ့ တွေ့လာပြန်ပြီထင်ပါတယ်။ လွှတ်တော်က ဒီနှစ်သီးစားခ ဥပဒေလုပ်ပေးလိုက်လို့ မြေပိုင်ရှင်တွေက မကျေမနပ်ဖြစ်ကုန်ကြပြီ။ တချို့ ဟိုက်ကုတ်တွေဘာတွေမှာတောင် အယူခံဝင်ကုန်ကြပြီလို့ ကြားရတယ်။ ဆရာလေးကတော့ ပြောင်းပြန်ပဲ၊ သီးစားခလျှော့ဖို့တောင် စိတ်ကူးနေပြန်သေးတယ်"

ဦးရွှေဝက အစိုးရ၏ ဥပဒေကြောင့် ပေါ်ပေါက်လာသောဂယက်များကို ပြောနေ၏။ မောင်မောင်သန်းက လက်ဖက်ရည်ကြမ်းပန်းကန်ကို အောက်သို့ချလိုက်ပြီး

"ဟုတ်တယ် ဟုတ်တယ်၊ အစိုးရက သီးစားခဥပဒေကို ပြဋ္ဌာန်းလိုက်လို့ မြေပိုင်ရှင်တွေက မကျေမနပ်ဖြစ်ပြီး ဟိုက်ကုတ်မှာ အယူခံဝင်နေကြတယ်။ သီးစားခဥပဒေကို ကန့်ကွက်တဲ့ အစည်းအဝေးကြီးတစ်ခုတောင် မြေပိုင်ရှင်တွေက ကြီးမှူးပြီး မြို့တော်ခန်းမမှာ လုပ်မယ်လို့ ကြားခဲ့သေးတယ်။ ပြီးတော့ သီးစားခအမှုတွေကို ဆိုင်ရာမြို့နယ်မှာ ကော်မီတီတွေဖွဲ့ပြီး ရှင်းလင်းဆုံးဖြတ်နိုင်ခွင့် အာဏာပေးရမယ်ဆိုတဲ့ အဆိုကို ဦးဘဝင်းက ဥပဒေပြုလွှတ်တော်မှာ တင်ထားသေးတယ်"

မောင်မောင်သန်းက ရန်ကုန်တွင်ရှိစဉ် ကြားခဲ့ရသော သတင်းများကို ပြန်ပြောနေသည်။

"အေးလေ၊ ဒါတွေထားပါတော့၊ ကျွန်တော်ကတော့ အစိုးရဲ့ ခုသီးစားဥပဒေကိုတောင် သိပ်အားမရသေးဘူး၊ ဒီဥပဒေကလဲ ဟန်ပြလောက်ပဲရှိသေးတာပဲ။ သီးစားခနဲ့ ပတ်သက်လို့ လယ်သမားတွေက ဆူလာလို့ အစိုးရက မနေသာတော့ဘဲ လုပ်ပေးတာလို့ မြင်နေတယ်။ ကျွန်တော့်သဘောကဘယ်သူက ကန့်ကွက်ကန့်ကွက်၊ လယ်သမားတွေကို သည်ထက်သက်သာချောင်ချိအောင် လုပ်ပေးတဲ့ဥပဒေ ဖြစ်စေချင်တယ်။ ခုဟာကို အားမရသေးဘူး။ ဦးရွှေဝစဉ်းစားကြည့်လေ၊ ဒီမြေတွေအပေါ်က ကျွန်တော်တို့ အမြတ်ထုတ် စားသောက်လာကြတာ ဘယ်လောက်ကြာပလဲ၊ ဖေဖေတို့ လက်ထက် မတိုင်ခင်ကတည်းက မဟုတ်လား။ လယ်သမားတွေဟာ စားစရာမရှိ၊ ဝတ်စရာမရှိနဲ့ လုပ်လာကြရတယ်၊ ဒီတော့ ကျွန်တော် ဒီလယ်မြေတွေအပေါ်က အမြတ်မထုတ်ချင်တော့ဘူး၊ ဖေဖေတို့လက်ထက်က လုပ်ခဲ့တာတွေကို တစ်မျိုးတစ်ဖုံ ပြောင်းပစ်ချင်တယ်။ ဒါကြောင့် သီးစား





သမားတွေကို သီးစားခလျှော့ယူမယ်၊ လယ်ကူလီတွေကို **သီးစားချပေးမယ်**"

ရွာသားများမှာအလျှိုလျှို ရောက်လာကြကာ သူတို့နှင့် **မလှမ်းမကမ်း** မြေကြီးပေါ်တွင် ဝိုင်းဖွဲ့၍ ထိုင်နေကြသည်။ အချို့မှာ နံနက်ချမ်းချမ်း **စီးစီး**တွင် အင်္ကျီမပါ ဗလာကိုယ်ထီး ဖြစ်၏။ ညစ်ထေးနေသော လုံချည်များကို ခေါင်းပေါင်းထားကြသည်။ အချို့ကား ဖျင်ကြမ်း အပေါ်အင်္ကျီကြီးကို အထဲက အတွင်းခံမပါဘဲ ဝတ်ထားကြသည်။ အချို့မှာ သျှောင်တစောင်းနှင့်ဖြစ်၍ အချို့မှာ ခေါင်းတုံးရိတ်ထားကြသည်။ သူတို့အားလုံးသည် ခင်မောင်ဝင်းကို အကဲခတ်၍ စကားပြောနေကြသည်။ အဘိုးကြီးတစ်ယောက်မှာ ဆင်ခြေထောက်ဖြစ်၍ ခြေသလုံးကြီးတစ်ဖက်မှာ အဆမတန်ကြီး၍ ယောင်အမ်းနေသည်။ သူ့ခြေထောက်ကြီးမှာ ပြောင်တင်းကာ မကြည့်ဝံ့စရာကြီးဖြစ်နေ၏။ အဘိုးကြီးတစ်ယောက်မှာ လည်ပင်းတွင် အဖုကြီးပေါက်ကာ ရင်ပတ်ပေါ်သို့ တွဲကျနေသည်။ သည်အဖုကြီးမှာ တစ်ပိဿာလောက်တော့ လေးမည်ဟု ထင်ရသည်။ မိန်းမတွေလည်း ပါကြပေသည်။ မိန်းမများမှာ အင်္ကျီဝတ်မထားဘဲ ရင်ရှားထားကြပြီး ကလေးများကို ခါးထစ်ခွင်တွင် ချီ၍ ထားကြ၏။ ကလေးများမှာ ကြေးတွေ အရစ်အရစ်ထကာ ဗိုက်ပူနံကား ကလေးတွေဖြစ်၏။ နှပ်များသည် တွဲလောင်းကျကာ နှုတ်ခမ်းပေါ်သို့ ရောက်နေ၏။ ခြေထောက်က အနာကြီးမှာ ဖုတ်တွေ အလိမ်းလိမ်းကပ်ကာ ယင်တလောင်းလောင်းနှင့် ဖြစ်နေသည်။ ကလေးများတွင်လည်း အဝတ်အစား မရှိကြပေ။

ခင်မောင်ဝင်းသည် သူတို့ကိုကြည့်ကာ သနားလာသည်။ သူတို့ကို သီးစားခနှုန်းလျှော့သည့်အကြောင်း၊ လယ်ကူလီများအား သီးစားချပေးမည့်အကြောင်း ပြောလိုက်ရလျှင် ဘယ်လောက် ဝမ်းသာကြမလဲဟု တွေး၍ ကြည်နူးနေမိသည်။ မောင်မောင်သန်းက မြေကြီးပေါ်တွင် စုထိုင်နေသော လယ်သမားများကို လျှပ်စစ်မီးလုံးဖြင့် ဖျတ်ခနဲ ဓာတ်ပုံရိုက်လိုက်၏။ မိန်းမကြီးများက ဝင်းခနဲ လက်သွားသောကြောင့် ယောင်ယမ်း၍ အော်လိုက်ကြသည်။ အချို့က ထပြေးကြသည်။ နောက် ဓာတ်ပုံရိုက်မှန်းသိတော့မှ သူတို့အဖြစ်ကို သူတို့ပြန်ပြောကာ ရယ်၍ နေကြ၏။

ခင်မောင်ဝင်းသည် သူတို့ကို ခေါ်ပြီး ဘာကစ၍ ပြောရမှန်းမသိဘဲ ဖြစ်နေ၏။ လယ်သမားများက သူ့ကို စူးစိုက်၍ ကြည့်နေသောအခါတွင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အကြည့်ကို မခံရပ်နိုင်ဘဲ ရှက်သလိုလည်း ဖြစ်နေသည်။

"ကဲ ကဲ လူစုံကြပလား၊ ဘကြီးအိုတို့ ရှေ့နားတိုးကြလေဗျာ၊ ဟောဒီ ဆရာကလေးက ကျုပ်တို့ဆရာကြီးရဲ့သားပဲ၊ ခုခင်ဗျားတို့လုပ်နေတဲ့ မြေတွေဟာ သူပိုင်တဲ့ မြေတွေချည်းပဲ"

ဦးရွှေဝက လှမ်းပြောလိုက်၏။

"ဟယ် သူဌေးကလေးက ငယ်ငယ်လေးတော့"

"ရုပ်ကလဲချောသတော့"

မိန်းမတွေထဲမှ တီးတိုးပြောသံကို ကြားရသည်။

"ခု ဆရာလေးက ခင်ဗျားတို့ သီးစားခတွေကို လျှော့ပေးမလို့လာတာ၊ ပြီးတော့ လယ်ကူလီတွေကိုလဲ သီးစားချပေးမလို့၊ အဲဒါ ခင်ဗျားတို့က စည်းနဲ့ ကမ်းနဲ့ လုပ်တတ်ဖို့ အရေးကြီးတယ်။ ခင်ဗျားတို့ကို သီးစားချဖို့ ထိုက်တန် တယ်ထင်လို့ ချပေးမလို့ပဲ၊ ခင်ဗျားတို့က ထိုက်တန်အောင် မလုပ်တတ်ရင်"

"ကိုရွှေဝရယ်၊ ထိုက်မထိုက်ပြောမနေပါနဲ့၊ ကျုပ် ဒီမြေပေါ်မှာ လုပ်လာတာ အနှစ်လေးဆယ်ကျော်ပြီ၊ ကျုပ်တို့ကို မြေရှင်ကကျေနပ်လို့ ဒီလောက်ပဲ လုပ်ခွင့်ပေးထားတာမဟုတ်လား။ ကျုပ်တို့ကလဲ မြေရှင်ကို ကျေနပ်တာပါပဲ၊ ဆရာကြီးကို ဘယ်တုန်းကမှ ကလန်ကဆန် မလုပ်ခဲ့ဖူး ပါဘူး။ ခုဆရာကြီးသားလက်ထက်ကျတော့လဲ ဒီအတိုင်းပဲ လုပ်လာတာပါ၊ ကိုရွှေဝသိပါတယ်"

ဘကြီးအိုက ပြန်ပြောလိုက်၏။ ဘကြီးအိုမှာ အသက်ခြောက်ဆယ် ကျော်လေပြီ။ အောက်ခံ အင်္ကျီမပါဘဲ ဖျင်ကြမ်းအပေါ်အင်္ကျီဝတ်ထား၏။ ခေါင်းတုံးပေါ်တွင် ဆံပင်ဖြူ ကျိုးကျဲပေါက်နေကြပေ၏။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဘကြီးပြောတာ မှန်ပါတယ်။ ဒါကြောင့်မို့ ဘကြီးအိုကို ကျွန်တော်ခေါ်တာပါ၊ ကိစ္စကတော့ ကျွန်တော်တို့ လယ်တွေကို လုပ်တဲ့ လယ်ကူလီတွေကို ဒီနှစ်ကစပြီး သီးစားချပေးမယ်။ သီးစားချတဲ့နေရာမှာ အရင်ကနှုန်းနဲ့ မဟုတ်ဘဲ ဒီ့ထက်လျှော့ပြီး ပေးမယ်။ အဲဒါကို ဘကြီးအိုနဲ့ တိုင်ပင်ချင်လို့ပါပဲ"

လယ်သမားများက ဘာမျှမပြောဘဲ ငြိမ်နေကြသည်။ သူတို့သည် သူတို့အား သီးစားချပေးမည် ဆိုသည်ကို နားလည်ပုံလည်း မရ၊ ယုံကြည် ဟန်လည်း မတူပေ။





"ကူလီမဟုတ်ဘဲ သီးစားချမယ်ဆိုပါတော့"

အသက် ၃၀ ဆယ်ကျော် လူငယ်တစ်ယောက်က မေးလိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ ခရုသင်းစွဲသလို ဖြူဖွေးနေသည်။

"ဟုတ်တယ်၊ ဒီမြေကို ခင်ဗျားတို့ကို အငှားချမယ်၊ သီးစားခကို လျှော့ပေးမယ်"

"သာဓုပါကွယ်၊ သာဓုပါ"

အဘိုးကြီးတစ်ယောက်က အသံတုန်တုန်ဖြင့် ပြောလိုက်သည်။

"သီးစားခက ကျုပ်တို့ ပေးနိုင်သလောက်ထိ လျှော့ပေးရင် ကောင်း သပေါ့ ဆရာလေးရယ်"

"ကျုပ်တို့ကတော့ သီးစားချတာ မလိုချင်ဘူးလို့ ငြင်းစရာမရှိပါဘူး၊ လယ်ကူလီထက်တော့ ဟန်ကျတာပဲ"

"ခုလို သီးစားချပေးလိုက်တော့ မြေရှင်အတွက်လဲ ဟန်ကျတာပေါ့၊ စပါးပေါ်ချိန် သီးစားခ သိမ်းရုံပဲရှိတာ၊ ဦးရွှေဝလဲ အလုပ်မများတော့ဘူးပေါ့"

"ခက်တာက ခင်ဗျားတို့က သီးစားချလိုက်ရင် ကောင်းကောင်းလုပ်ဖို့ အရေးကြီးတယ်ဗျ၊ အရင်တုန်းကလို ပြီးကပစ် လုပ်နေလို့တော့ မဖြစ်ဘူး"

ဦးရွှေဝမှာ လယ်ကူလီများအား သီးစားချပေးခြင်းကို သဘော မတူပေ။ ယခင်တုန်းက သည်နားတစ်ဝိုက်ရှိ ဆာဖိုးဝင်း၏ လယ်များအားလုံး ကို သီးစားအဖြစ် ခံထားလိုက်ပြီး သူကမှတစ်ဆင့် လယ်ကူလီများငှား၍ လုပ်လေသည်။ သီးစားခက စပါးတစ်ရာထွက် တင်းသုံးဆယ်ပေးရလျှင် လယ်ကူလီကို သူက ငါးတင်းလောက်ပဲ ပေးသည်။ သို့ဖြင့် သူသည် လယ်မလုပ်ရဘဲ တင်းတစ်ရာလျှင် တင်းအစိတ်လောက် ဘာမှမလုပ်ရဘဲ အလကားရနေခဲ့သည်။ ယခု ကူလီများအားလုံးကို သီးစားချပေးလိုက်မည်ဆို လျှင် သူ့အတွက် ခေါင်းပုံဖြတ်လို့ မရတော့ပေ။

"ပြီးကပစ် မလုပ်ပါဘူး ကိုရွှေဝရယ်၊ ကျုပ်တို့လဲ ကြိုးစားလုပ် ကြတာပါပဲ"

အဖိုးကြီးက ဆေးရွက်ကြီးကို တမြုံ့မြုံ့ဝါးရင်း ပြောလိုက်သည်။

"ပြီးကပစ် မလုပ်ဘူးတော့ မပြောနဲ့ ဦးဖိုးအို၊ ဒီအထဲမှာ ခင်ဗျား အဆိုးဆုံးပဲ။ ဒီ့ပြင်ဟာမပြောနဲ့၊ ကိုယ့်နွားတွေကိုတောင် ခင်ဗျားဂရုမစိုက် ဘူး၊ တစ်နေ့ကတင် ကျုပ်ကောက်လှိုင်းပုံတွေကို ခင်ဗျားနွားတွေ ဝင်စားသွား ပါသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကိုရွှေဝရယ်၊ အဲဒီနေ့က ကျုပ် တောင်ခြေသွားပြီး သစ်ခုတ်နေလို့ပါ။ ကောက်လှိုင်းပုံကလေးနွားဝင်ဆွဲတာ ဒီလောက်ဒဏ် ဆောင်ဖို့မကောင်းပါဘူး။ ခုတော့ ဒဏ်နှစ်ကျပ် ဆောင်လိုက်ရပါကောလား"

"ခင်ဗျားဘာသာ ဘယ်သွားနေနေ၊ ဥပဒေဟာ ဥပဒေပဲဗျ၊ ကျုပ်က ကျေးရွာအက်ဥပဒေအတိုင်း လုပ်ရတာ"

ဦးရွှေဝက ခပ်တင်းတင်း ပြန်ပြောလိုက်သည်။ ဘကြီးအိုသည် ခေါင်း တဆတ်ဆတ်ညိတ်ကာ ကွမ်းစားနေသည်။

"ဥပဒေဆိုတာ ပါးစပ်က ပြောတဲ့ လူအဖို့ကတော့ လွယ်တာပဲ သူကြီးရေ့၊ ကျုပ်တို့လို ဆင်းရဲသား အဖို့ကတော့ လိုက်နာရတာ လွယ်တဲ့ ကိစ္စမဟုတ်ဘူး"

"ခင်ဗျားတို့ နွားတွေကို ခြံခတ်ထားပါလို့ ကျုပ်ပြောခဲ့တာ ဘယ်နှခါ ရှိပလဲ"

"သူကြီးက ပြောတော့သာလွယ်တာ၊ ခြံခတ်ရအောင် သစ်ဝါး ဘယ်ကရလို့တုံးဗျ၊ မနှစ်က ကျုပ်နွားခြံလုပ်ဖို့ လယ်တီကွင်းထဲက သစ်ရာပင်ကြီးတစ်ပင် လှဲမိပါတယ်၊ သူကြီးက ပိုင်နက်ကျူးလွန်မှုနဲ့စွဲလို့ ကျုပ် ထောင်ထဲ သုံးလလောက် နေခဲ့ရပါပကော၊ ဘယ်မှာ ခြံခတ်ဖြစ်တော့ လို့တုံး"

အသားညိုညို ရင်အုပ်ကားကားနှင့် လူရွယ်တစ်ဦးက ပြောလိုက် သည်။ သူသည် လယ်ကူလီတစ်ဦးဖြစ်သည်။ မနှစ်က လယ်တီကွင်းထဲမှ ခြောက်သယောင်းနေသော သစ်ရာပင်တစ်ပင်ကို ခြံစည်းတိုင်ထူရန် လှဲမိ သဖြင့် သူသည် အချုပ်ခန်းထဲသို့ ရောက်ခဲ့ရ၏။

ခင်မောင်ဝင်းနှင့် မောင်မောင်သန်းသည် သူတို့ ပြောသမျှစကားတွေ ကို နားထောင်နေမိသည်။

"ဘယ်လိုဖြစ်လို့လဲ ဦးရွှေဝ"

"ဒီကောင်လေးဟာ ဒီလိုချည်းပဲ၊ နှစ်တိုင်းကွင်းထဲက သစ်ပင်တွေ လိုက်လိုက်လှဲနေလို့ မနှစ်ကတော့ ဖမ်းချုပ်ထားလိုက်တယ်။ ဟော့ သာရှင်း သူတစ်ပါးရဲ့ပစ္စည်းတွေကို ခွင့်မပေးဘဲ မယူရဘူးကွ၊ လေးစားရတယ်"

ဦးရွှေဝက လူရွယ်ကို လှမ်းပြောလိုက်သည်။

"လေးစားပါသော်ကော ဖိုးရွှေဝရယ်၊ သည်ထက်တော့ဖြင့် မလေးစား





နိုင်တော့ဘူး၊ ကျုပ်တို့အားလုံးကို ကိုရင့်လက်ခုပ်ထဲကရေ၊ သွန်လိုသွန် မှောက်လိုမှောက်"

ဘကြီးအိုက လှမ်း၍ ပြောလိုက်၏။ ဘကြီးအိုသည် ဦးရွှေဝကို မကျေမနပ် ဖြစ်နေဟန်တူပေသည်။ လယ်ကူလီများမှာ ဦးရွှေဝကို မုန်းတီး ဟန် ရှိသည်။ ဦးရွှေဝကလည်း သူတို့အပေါ် ဩဇာအာဏာတွေ ပြဟန်တူ ပေသည်။

"ကဲ ကဲ ဒါတွေ အသာထားပါဦး၊ ကျွန်တော့်မြေကိစ္စကို စဉ်းစားကြ ပါဦး၊ ခု ခင်ဗျားတို့ လယ်ကူလီတွေကို သီးစားချပေးမလို့၊ အဲဒီတော့ သီးစားခနှုန်းကို ဘယ်လိုထားချင်ကြသလဲ"

ခင်မောင်ဝင်းက သူတို့တစ်ယောက်တစ်ပေါက် ပြောနေကြသည်ကို စိတ်မရှည်နိုင်တော့သဖြင့် ကြားဖြတ်၍ မေးလိုက်ရသည်။ လယ်သမားများ သည် တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေကြသည်။ တချို့က တီးတိုးတိုင်ပင်နေကြသည်။

"ဒါတော့ ဆရာလေးတို့ မြေပဲ၊ သီးစားခကိုလဲ ဆရာလေးတို့ကြိုက် သလို ဆုံးဖြတ်ပါ"

ဘကြီးအိုက ပြောလိုက်သည်။ လယ်ကူလီများမှာ သူတို့အား သီးစား ချထားသဖြင့် ဝမ်းပန်းတသာဖြစ်နေကြလိမ့်မည်ဟု ခင်မောင်ဝင်းက မျှော်လင့်သည်။ သို့ရာတွင် သူတို့မှာ ဘာမျှထူးဆန်းဟန်မပြပေ။

ခင်မောင်ဝင်းက အစိုးရဥပဒေတွင် သတ်မှတ်ထားသည့် သီးစား ခနှုန်းထက် လျှော့၍ ပြောလိုက်သည်။ သီးစားခနှုန်းမှာ မြေရှင်တွေက သူတို့ အတွက် ထိခိုက်နစ်နာသည်ဟုဆိုကာ ကန့်ကွက်နေကြသည့် နှုန်းဖြစ်၏။ ခင်မောင်ဝင်းပြောလိုက်သည့်နှုန်းမှာ သည်ထက်ပင်လျော့၍ နေသေးသည်။ လယ်သမားများကမူ သည်နှုန်းကိုပင် များသည်ဟုဆိုကာ ထပ်၍ လျှော့ နိုင်းနေကြပြန်သည်။ မြေရှင်၏ လိုလားချက်နှင့် လယ်သမားများ၏ လိုလားချက်မှာ နတ်ပြည်နှင့် အဝီစိလို ကွာခြားလွန်းလှပါကလား။

"ကဲ ဘကြီးအိုတို့ စဉ်းစားကြည့်ကြ၊ ဒီနှုန်းဟာ နည်းတယ်၊ များတယ် သိပ်ကြေးများမနေကြနဲ့။ အစိုးရက ပြဋ္ဌာန်းထားတဲ့သီးစားခ စံနှုန်းထက် တောင် နည်းနေသေးတယ်။ ခု ရန်ကုန်မှာ မြေပိုင်ရှင်တွေက အစိုးရရဲ့ သီးစားခစံနှုန်းကို မကျေနပ်လို့ ကန့်ကွက်နေကြတဲ့အချိန်မှာ ကျုပ်ဆရာလေး



www.burmeseclassic.com

www.burmeseclassic.com



က ဒီ့ထက်နည်းတဲ့ နှုန်းနဲ့ သီးစားချပေးတယ်။ ခင်ဗျားတို့တစ်တွေ လယ်ကူလီဘဝက သီးစားသမားတွေ ဖြစ်လာအောင် သီးစားချပေးတာနဲ့ပဲ ဆရာလေးကို ကျေးဇူးတင်ဖို့ကောင်းနေပြီ၊ ဒီ့ပြင် ဘယ်မြေပိုင်ရှင်ကများ ခုလို ခင်ဗျားတို့ကို ဒီလိုဆေးဖော်ကြောဘက်လုပ်ဖူးလို့လဲ၊ ကျုပ်သာ ဆရာလေးဆိုရင် ဒီလို ဘယ်လုပ်ပေးမလဲ၊ အဝေးကြီး"

နောက်ဆုံးတွင် ဦးရွှေဝပြောသည့်အတိုင်းပင် သီးစားခနှုန်းများကို လယ်သမားများက သဘောတူလိုက်ကြသည်။ ရွာသားများသည် တစ်ယောက် တစ်ခွန်း ဆူညံစွာပြော၍ ပြန်သွားကြသည်။ သီးစားခနှုန်းမှာ အရင်က လယ်တစ်ဧကလျှင် စပါးထွက် တင်းသုံးဆယ်လျှင် သီးစားခ နှုန်းအပြင် တင်းနှစ်ဆယ်ပေးခဲ့ရ၏။ ယခု ဆယ်တင်းမပြည့်တော့ပေ။ သည်လိုသီးစားခနှုန်းကို ဘယ်မှာမှ မရဖူးပေ။ သို့ရာတွင် လယ်သမားများကား မကျေမနပ်နှင့်ပင် ပြန်သွားကြသည်။ ယခုလို သီးစားခနှုန်းများကို လျှော့ချသည့်အတွက်ကြောင့်လည်းကောင်း၊ လယ်ကူလီများအား သီးစားချ ပေးလိုက်သည့်အတွက်ကြောင့်လည်းကောင်း၊ ခင်မောင်ဝင်းကို ကျေးဇူးတင် စကားလေးလောက်တော့ ပြောသွားဖို့ကောင်း၏။ သို့ရာတွင် သူတို့မှာ ကျေးဇူးတင်စကားကို မပြောရုံမျှမက ယခုလောက်အထိ လိုက်လျှောသည် ကိုပင် အားရတင်းတိမ်ခြင်းရှိဟန် မတူကြသေးပေ။

ခင်မောင်ဝင်းသည် လယ်သမားများ၏ အမူအရာကို ကြည့်ကာ စိတ် အပျက်ကြီးပျက်၍သွားမိလေသည်။ ပြီးတော့မှ ဘာကြောင့်လဲမသိ၊ မလုံ မလဲ ဖြစ်နေပေသည်။

●

## (၃၇)

"ဆရာလေး ဘယ်အချိန်လောက် ထမင်းသုံးဆောင်မလဲ"

ဦးရွှေဝက ကျိုးနွံစွာလာ၍ မေးနေသည်။ ခင်မောင်ဝင်းသည် အိမ်ရှေ့တလင်းပြင်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ မောင်မောင်သန်းမှာ သင်ဖြူးချော ခင်းထားသည့် ကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ် လှဲနေသည်။

"ကျက်တဲ့အချိန်ပေါ့ဗျာ၊ ကျွန်တော်တော့ သိပ်မဆာသေးဘူး၊ ရွာထဲ ခဏလျှောက်ကြည့်ချင်သေးတယ်၊ နေပါဦး၊ ဒီမှာ မုံးက ပြောင်းလာတဲ့ မရွှေခင်တို့ ရှိသေးလား"

"ဪ မယ်မြဆင့်တို့အိမ်မှာ နေသွားတဲ့ ရွှေတင်ရဲ့အစ်မ ရွှေခင်တို့ လား၊ ရှိပါတယ်၊ ရှိပါတယ်၊ ကောင်မလေးများလဲ ပန်းရှာတယ် ဆရာလေးရဲ့"

"ဟုတ်လား၊ သူတို့ဘယ်မှာနေသလဲ"

"ဟိုရွာတောင်ဘက်ဖျားမှာ၊ သူတို့အိမ်တောင်ဘက်မှာ ရေကန်နဲ့ လယ်ကွင်းပဲ ရှိတော့တယ်၊ ကျုပ်လိုက်ပို့ပေးမယ်လေ ဆရာလေး"

"နေပါစေ- နေပါစေ၊ ကျွန်တော့်ဘာသာကျွန်တော် သွားပါ့မယ်၊ နေ့လယ်ကျရင်သာ ရွာသားတွေကို တစ်ခါထပ်ပြီး ခေါ်ထားပါဦး၊ ခုနက ကိစ္စကို ပြတ်အောင် လုပ်လိုက်ရအောင်"

"ကောင်းပါပြီ ဆရာလေး"

ခင်မောင်ဝင်းသည် မောင်မောင်သန်းကို နှိုးကာ နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲသို့ လျှောက်လာခဲ့ကြသည်။ ရွာလမ်းမှာ ဖုန်တွေ တထောင်းထောင်း ထနေသည်။ လမ်းမပေါ်တွင် ကောက်ရိုးမျှင်များ၊ အမှိုက်များ၊ အညစ်အကြေးပုံများဖြင့် ပြည့်လျက်ရှိသည်။ အိမ်များမှာ သက်ငယ်မိုး၍ ဝါးထရံကာထားကြသည်။ အိမ်ရှေ့တွင် စပါးနယ်သော တလင်းပြင်များကို တွေ့ရသည်။ နွားဖြုတ်ထားသော လှည်းများကိုလည်း တွေ့ရ၏။ အိမ်ဝိုင်းများမှာ ကိုယ့်ဝိုင်းနှင့်ကိုယ် အကာအရံရယ်လို့ မရှိကြပေ။ တချို့နေရာများတွင်သာ ကြခတ်ဝါးများကို ခနော်ခနဲ့ဖြင့် ချည်ကာ ပိုင်တန်းများလုပ်၍ထား၏။

"ဟာကွာ လခွေးလိုမှပဲ၊ နွားချေးတွေ တက်နင်းမိကုန်ပြီ"

မောင်မောင်သန်းက မျက်နှာကြီး ရှုံ့မဲ့ကာ နွားချေးတွေပေနေသော ဖိနပ်ကို သစ်သားတုံး တစ်ခုပေါ်သို့ တင်၍ ခြစ်ချနေ၏။ ခွေးတစ်အုပ်သည် သူတို့ကို ဝိုင်း၍ ဟောင်နေကြသည်။ ရင်ရှားနှင့် မိန်းမငယ်ငယ် တစ်ယောက်သည် ရေအိုးတစ်လုံးကို ခေါင်းပေါ်တွင် ရွက်၍ လျှောက်လာသည်။ သူတို့အနားသို့ ရောက်သောအခါ သူတို့ကို မရဲတရဲ ကြည့်လိုက်ပြီး အဝေးမှ ကွင်း၍ သွားသည်။ ရွာလယ်ရှိ ရေတွင်းမှ ရေခပ်ပြန်လာခြင်း ဖြစ်ဟန်တူလေသည်။

ရွာလယ်ရေတွင်းတွင် ရေငင်နေသော ထဘီရင်ရှားနှင့် မိန်းမကြီးသည် ရေငင်ရပ်ကာ သူတို့ကို ကြည့်နေလေသည်။ သည်ရွာရောက်ကတည်းက အင်္ကျီဝတ်သော မိန်းမရယ်လို့ မတွေ့ရသေးပေ။ သူတို့မြင်သမျှ မိန်းမတိုင်းမှာ ထဘီ ရင်ရှားတွေနှင့်ချည်းသာ ဖြစ်ပေ၏။

ဆွမ်းအုပ်ကို ရွက်လာသော ဘုန်းကြီးကျောင်းသားကလေး နှစ်ယောက်သည် သူတို့ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ဖြတ်သွားကြ၏။ ဆွမ်းခံပြန်ချိန်ဖြစ်၍ နေတော်တော်ပူလောင်ပြီ ဖြစ်၏။ နွားချေးနံ့သည် သူတို့နှာခေါင်းထဲသို့ စူး၍ ဝင်လာသည်။ အင်္ကျီမပါ၊ နံငယ်ပိုင်းကိုသာ ဝတ်ထားသည့် ရွာသားများသည် သူတို့ကို ကြည့်နေသည်။ တချို့လယ်သမားများမှာ လှည်းတအီအီမောင်းကာ လယ်တောမှ ပြန်လာကြသည်။

ရေတွင်းကို ကျော်သွားပြီး ရှေ့လမ်းကျဉ်းကလေးထဲတွင် သူတို့ဘက်သို့ လာနေသော လှည်းတစ်စီးနှင့် တိုးနေသည်။ လှည်းပတောင်းမှာ ဆီမထည့်သဖြင့် တအီအီမြည်နေသည်။ လမ်းကြားကလေးမှာ ကျဉ်းမြောင်းလှသဖြင့် ရှောင်ပေးစရာမရှိဘဲ ဖြစ်နေ၏။ လှည်းမောင်းသူမှာ ထဘီရင်ရှား





ထားသော မိန်းမတစ်ဦးဖြစ်သည်။ လမ်းဘေးသို့ ကပ်၍ တက်ပေးပြီး လှည်းကို ရပ်ထားသည်။ ကိုယ်တုံးလုံးနှင့် ခြောက်နှစ်သား ကလေးတစ်ယောက်မှာ လှည်းနောက်မြီးတွင် ခိုစီး၍ လိုက်လာသည်။

"ဆရာလေးတို့က ဖြူးက မဟုတ်လား"

လှည်းမောင်းလာသည့် မိန်းမက လှမ်း၍ မေးလိုက်သည်။

"ဟုတ်ပါတယ်"

မောင်မောင်သန်းက ဝင်ဖြေလိုက်သည်။

"ဖြူးက ကျွန်မတို့အကြီး ဒေါ်မြဆင့်ရဲ့တူတွေ ထင်ပါရဲ့"

"အေး အေး ဟုတ်တယ်၊ ကြီးကြီးဆင့်တို့ တူပဲ၊နင် ဘယ်သူလဲ"

ခင်မောင်ဝင်းက လှည်းမောင်းလာသောမိန်းမကို ကြည့်၍မေးလိုက်လေသည်။ မိန်းမမှာ အသက် ၃၀ နီးပါးလောက်ပင်ရှိဦးမည် ထင်ရ၏။ ဖွံ့ထွားသော ရင်အုံများသည် ထဘီရင်ရှားအတွင်းတွင် မို့မောက်နေကြသည်။

"ကျုပ်က ကိုကံအေး မိန်းမပါ"

ခင်မောင်ဝင်းသည် နာမည်ကို ဘယ်မှာ ကြားဖူးပါလိမ့်ဟု စဉ်းစားနေသည်။ သို့ရာတွင် စဉ်းစား၍မရပေ။

"အကြီးတို့စက်ထဲမှာ ပြုတ်ကန်ထဲကျပြီးသေတဲ့ ကိုကံအေးလေ"

သည်တော့မှ ခင်မောင်ဝင်းသည် ကံအေးကို အမှတ်ရလာ၏။ ဖြူးသို့ ပထမတစ်ခေါက်လာတုန်းက ကံအေးတစ်ယောက် ပြုတ်ကန်ထဲကျသွားခဲ့သည်မဟုတ်လား၊ သည့်နောက်တော့ ကံအေးအကြောင်းကို ဘာသတင်းမျှ မကြားရတော့ပေ။ သို့ရာတွင် ကံအေးကို လျော်ကြေးပေးဖို့ကိစ္စအတွက် စက်ထဲက အလုပ်သမားတွေ ဆူဆူပူပူ ဖြစ်ကြသည်ကိုကား မှတ်မိနေသည်။ သည်တုန်းက အလုပ်သမားတွေဘက် လိုက်သည်ဟူသော အကြောင်းပြချက်ဖြင့် ကိုတောက်ထွန်းအား အလုပ်မှ နှင်ထုတ်ပစ်လိုက်သည်ကိုလည်း အမှတ်ရလာလေသည်။

"အေး အေး ငါမှတ်မိပြီ၊ နေပါဦး၊ နင်အခု ဘာလုပ်နေသလဲ၊ ချောင်ချောင်လည်လည်ပဲလား"

"ဘယ်မှာ ချောင်လည်ပါ့မလဲဆရာလေးရယ်၊ လက်လုပ် လက်စားပေါ့"

"သားသမီးဘယ်နှယောက်ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး နှစ်ယောက်၊ သားတစ်ယောက်ကျန်ရစ်ခဲ့တယ်"

နွားများက ရုန်းနေသဖြင့် ကံအေးမိန်းမက နဖားကြိုးများကို ဆွဲထားလိုက်ပြီး စုတ်သတ်နေသည်။

"ဒီသား ဒီသမီးတွေကိုလဲ အားမကိုးရသေးတော့ ကျုပ်ကပဲ လုပ်ကျွေးနေရတာပဲ"

"နင့်ဘာသာနင် လယ်လေးဘာလေး မလုပ်ဖူးလား"

"ကျုပ်ဘာသာကျုပ် ဘာလုပ်နိုင်မလဲ ဆရာလေးရဲ့၊ ကျုပ်မှာ မြေမှ မရှိတာ၊ ခုတော့ ကောက်စိုက်လိုက်တယ်၊ ပျိုးနုတ်လိုက်တယ်၊ စပါးရိတ်လိုက်တယ်၊ ထင်းခုတ်တယ်။ ဒီလှည်းနဲ့ နွားက သူကြီးဖိုးရွှေဝရဲ့ လှည်းနဲ့နွား၊ မနှစ်ကဆိုရင် သဿမေခွန်တောင် မပေးနိုင်ဘူး"

ခင်မောင်ဝင်းသည် ကံအေးမိန်းမကို ကြည့်ကာ သနားသွားလေသည်။ ဒေါ်မြဆင့်တို့က ကံအေးအား လျော်ကြေးတစ်ပြားမှ မပေးခဲ့ကြပေ။ ကံအေး၏ သားသမီးများသည် သည်လိုနှင့်ပင် ကြီးပြင်း အသက်ရှင်လာကြရပေသည်။

"နင်တို့အိမ်က ဘယ်မှာလဲ"

"ဒီနားတင်ပဲ ဆရာလေး၊ လိုက်ခဲ့ပါဦးလား"

ကံအေးမိန်းမက ခေါ်သဖြင့် ခင်မောင်ဝင်းနှင့် မောင်မောင်သန်းသည် လှည်းနောက်က လိုက်လာခဲ့ကြသည်။ လှည်းနောက်မြီးခိုစီးလာသော ကလေးက သူတို့ကို ကြည့်နေလေသည်။

ကံအေးမိန်းမ၏ အိမ်မှာ အိမ်ဟု ဆိုရသော်လည်း တဲကုပ်ကလေးမျှသာဖြစ်၏။ သက်ငယ်မိုးများမှာ ပေါက်ပြဲနေကြပေပြီ။ ဝါးထရံမှာလည်း ကွာကျနေပေသည်။ အိမ်ရှေ့တွင် ကောက်ရိုးပုံများကို ပုံထားသည်။ ကံအေးမိန်းမက လှည်းကို ချွတ်လိုက်ပြီး သူတို့ကို အိမ်ရှေ့ ကွပ်ပျစ်လေးပေါ်တွင် ဖျာသွစ်တချပ်ကို ထုတ်၍ ခင်းပေးသည်။

"အဖေရေ၊ ဖြူးက ဆရာလေးတို့ လာတယ်တော့"

ကံအေးမိန်းမက သူ့အဖေကို လှမ်းပြောလိုက်၏။ သူ့အဖေမှာ မျက်မမြင်ဒုက္ခိတကြီးဖြစ်လေသည်။ အသက်ခြောက်ဆယ်ကျော်လောက်ရှိပြီဟု ထင်ရ၏။ အင်္ကျီမဝတ်ဘဲ ပုဆိုးတစ်ထည်ကို ပခုံးတွင် သိုင်းထားပြီး ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဖွာနေလေသည်။





"ဟုတ်လား၊ ကောင်မလေးတွေ၊ ချေ့သည်တွေကို လက်ဖက်ရည် အဖန်တည်ပါဟဲ့၊ ရော့-ရော့ ဒီမှာ ပန်းကန်တစ်လုံး"

ညစ်ထေးနေသော ဘော်လီအင်္ကျီကို ဝတ်ထားသည့် အသက်ဆယ့်သုံးနှစ်အရွယ် ဆံတောက်နှင့် ကလေးမကလေးက လက်ဖက်ရည်ကြမ်းအိုးကို လာ၍ ချသည်။ မိန်းကလေးမှာ ခင်မောင်ဝင်းတို့ရှေ့တွင် ရှက်နေပုံရသည်။ ဖူးငုံစပြုနေသော ရင်သားများမှာ ဘော်လီအင်္ကျီအောက်တွင် ဖောင်းကြွနေသည်။ သူ့ထက် တစ်နှစ်သာသာလောက်ကြီးမည်ထင်ရသော ကောင်မလေးတစ်ယောက်မှာလည်း ဘော်လီအင်္ကျီကို ဝတ်ထားပြီး ရင်ရှားထားသည်။ သည်မိန်းကလေးမှာ ကံအေး၏ သမီး အကြီးလေးဖြစ်ဟန်တူ၏။ အကြီးမသည် လက်နှစ်ဖက်ကို ပခုံးတွင် ယှက်ကာ ရင်သားများကို ဖုံးကွယ်ထားသည်။

"နေပါစေ ဘကြီး၊ ကျွန်တော်တို့ သောက်ပြီးပါပြီ၊ ဘကြီးတို့ဘယ်လို နေထိုင်ကြတယ်ဆိုတာကို ကြည့်ချင်လို့လာတာပါ"

ခင်မောင်ဝင်းက တစမ်းစမ်းဖြင့် တစ်စုံတစ်ရာကို ရှာနေသော အဘိုးကြီးဘက်သို့ လှည့်ပြောလိုက်သည်။ မောင်မောင်သန်းက ကံအေးသမီး နှစ်ယောက်ကို လှမ်းကြည့်နေသည်။ ကံအေး၏ သမီး ၂ ယောက်သည် မောင်မောင်သန်း အကြည့်ကို မခံနိုင်တော့ဘဲ တဲနောက်ဘက်သို့ ဝင်ပြေးကြလေ၏။

"ကျုပ်တို့ နေတာ ထိုင်တာတော့ မြင်တဲ့အတိုင်းပဲ ဆရာလေးရဲ့၊ တဲကလဲ ပြိုလုပြိုခင်ပဲ၊ မပြင်နိုင်တော့ ဒီအတိုင်းပဲ နေကြရတာပဲ"

"အဖေ ထမင်းစားပြီးပလား"

ကံအေးမိန်းမက သူ့အဖေကို သူတို့အား ပြောင်းဖူးဖက်ဆေးလိပ်ဗန်းကို လာချရင်း မေးလိုက်သည်။

"အေး၊ ပြီးပါပြီကွယ်"

"ဘာဟင်းတွေနဲ့စားကြသလဲ"

ခင်မောင်ဝင်းက ကြားဖြတ်၍မေးလိုက်သည်။ ခင်မောင်ဝင်းမှာ လယ်သမားတွေက သူ့အား သူတို့နှင့် ရင်းရင်းနှီးနှီး ဆက်ဆံသူ၊ ဖော်ရွေသူဟု ထင်စေချင်၏။ သူ့အား မြေပိုင်ရှင်နှင့်မတူသော မြေပိုင်ရှင်တစ်ဦးဟု အထင်ရောက်စေချင်သည်။ ထို့ကြောင့် သူတို့စားရေးသောက်ရေး၊ နေရေးထိုင်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများကို လက်ပွန်းတတီးမေးနေခြင်း ဖြစ်လေသည်။

"ဘာရှိမလဲကွယ်၊ ပီလောပင်းခါးနဲ့ ငရုတ်သီးထောင်း၊ ချောင်းထဲက သွဲ့ရတဲ့ ငသလဲထိုးဟင်းရယ်ပေါ့၊ ဆန်ကတော့ကောင်းပါရဲ့၊ မဆိုးပါဘူး။ ဟဲ့သမီး၊ ဒို့စားတဲ့ထမင်း ပြလိုက်စမ်းပါဟယ်၊ ဆရာလေးတို့ သိသွားအောင်"

"အိုအဖေကလဲ"

ကံအေးမိန်းမက သူ့အဖေကို လှမ်း၍ မာန်သလိုလို ပြောလိုက်သည်။ သူ့စိတ်ထဲတွင် ခင်မောင်ဝင်းတို့လို လူတစ်ယောက်အား သည်လိုဟင်းမျိုးပြရမှာကို အားနာနေသည်။

"ဒါပဲလား"

"ဒါပဲပေါ့ ဆရာလေးရဲ့၊ ဒါအကောင်းဆုံးပဲ၊ ငသလဲထိုးက မနေ့က ကောင်မလေးတွေ ချောင်းထဲသွားသဲ့လို့ ရလာတာ"

တဲရှေ့တွင်ကား ကလေးတွေ၊ မိန်းမတွေက သူတို့ကို ဝိုင်းအုံကြည့်နေ၏။ လယ်သမားထမင်းဟင်းကို ကြည့်ချင်သော မြေပိုင်ရှင် ခင်မောင်ဝင်းသည် သူတို့အဖို့ အထူးအဆန်းကြီး ဖြစ်နေဟန်တူပေသည်။

"ကျုပ်တို့ ဆင်းရဲတာတော့ မေးမနေပါနဲ့ ဆရာလေးရယ်၊ ဘယ်ခေတ်ကမှ ဒီလောက် မဆင်းရဲဖူးဘူး၊ ရှေးဗမာမင်း လက်ထက်က သရောနိုင်းတယ်ဆိုတာ ကြားရုံပဲကြားဖူးတယ်၊ ခုတော့ ကိုယ်တွေ့ပဲ၊ ဟိုတစ်နှစ်တုန်းက မျိုးစပါးတွေကိုပိုးဖျက်တော့ ကျုပ်တို့ပြောင်းဖူးနဲ့ဆန် ရောစားရတယ်"

ခင်မောင်ဝင်းသည် သည်နေရာမှာ ကြာကြာမနေရဲတော့ပေ။ စိတ်ထဲတွင် ရှက်သလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်လာသည်။

"ကဲ ကဲ၊ ကျွန်တော်တို့ လျှောက်ကြည့်ဦးမယ် ဘကြီး"

နှုတ်ဆက်၍ ထလိုက်သဖြင့် ဝိုင်းကြည့်နေသူများမှာ ဘေးသို့ ရှဲသွားကြပြီး တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ ကလေးတွေက မောင်မောင်သန်းလွယ်ထားသည့် ကင်မရာကို အထူးအဆန်း ဖြစ်နေကြသည်။ သူတို့ ထွက်သွားသောအခါ ကလေးတစ်သိုက်က နောက်မှ လိုက်လာကြသည်။ သူတို့အနက် တချို့က ကိုယ်တုံးလုံးဖြစ်၍ ကြေးတွေ အရစ်ရစ်ထနေသည်။ တချို့က ပုဆိုးကွင်းသိုင်းကာ နှပ်တွဲလောင်းနှင့် ဖြစ်၏။

"ဘယ်သွားမလို့လဲ မသိဘူးကွ၊ အဲဒါ ကျောက်ဆေးထိုးလာတာပဲ"





ပုဆိုးကွင်းသိုင်းနဲ့ ကောင်လေးတစ်ကောင်က သူ့အဖော်များကို ပြောနေ၏။ အချို့ကလေးများမှာ ကျောက်ဆေးထိုးလာသည်ဟု ကြားကာ ဘုမသိ ဘမသိဖြင့် လန့်ဖျပ်၍ ပြန်ပြေးကြသည်။

" မဟုတ်ပါဘူးကွ၊ တရားဟောလာတာပါ၊ သူကြီးဖိုးရွှေဝအိမ်မှာတောင် တရားဟောပြီးပြီ၊ ဟိုအရင်တစ်ခါလာတဲ့ သခင်ကြီးလို တရားလာဟောတာပဲ"

"ဘယ်ကဟုတ်ရမှာလဲ၊ ဟိုသခင်ကြီးက သူ့လိုမဟုတ်ဘူးကွ၊ အဝတ်အစားက ဒီလိုမပြောင်ဘူး၊ ပြီးတော့ တို့အဖေတို့နဲ့ လက်ဖက်ရည်ကြမ်းလဲ အတူသောက်တယ်ကွ၊ ပြီးတော့ တို့ဖေကလဲ အဲဒီသခင်ကြီးကို သဘောကျတယ်ကွ"

"မယုံရင် မေးကြည့်ကွ၊ ကျောက်ထိုးလာတာ"

ကလေးများက နောက်ကစုပြုံလိုက်ရင်း ငြင်းခုံလာကြသည်။ ခင်မောင်ဝင်းနှင့် မောင်မောင်သန်းမှာ စကားတပြောပြောနှင့် လျှောက်လာကြသည်။

"ဒီရွာက မိန်းမတွေမှာ ဘာထူးခြားချက်ရှိသလဲ မောင်မောင်သန်း၊ မင်းသတိထားမိရဲ့လား"

"ဟင့်အင်း"

"မိန်းမတွေ အားလုံးဟာ အင်္ကျီမဝတ်ကြဘူး၊ အကုန်ထဘီရင်ရှားနဲ့ချည်းပဲ၊ ကံအေးရဲ့ သမီးကလေးများဆိုရင် ဘော်လီအင်္ကျီကို မလုံ့တလုံဝတ်ထားကြတယ်၊ ရင်ကိုတောင် လုံအောင် မဖုံးနိုင်ကြဘူး"

"အေး ဟုတ်တယ်၊ အကြီးမလေးက ရှက်လို့ထင်ပါရဲ့၊ ငါလှမ်းကြည့်လိုက်တော့ တဲနောက်ဖေး ထွက်ပြေးတာပဲ၊ ပြီးတော့ လူကြီးတွေရော ကလေးတွေရော အင်္ကျီမဝတ်ကြဘူး၊ ဘယ်လောက်ချမ်းကြမလဲ မသိဘူး"

သူတို့နောက်က ကလေးများက ဆူညံစွာ ငြင်းခုံလိုက်ကြသဖြင့် ခင်မောင်ဝင်းက ရပ်၍ သူတို့ကို လှည့်ကြည့်လိုက်သည်။ ဆူညံနေသော ကလေးများသည် ငြိမ်သွားကြသည်။ ပြီးတော့လည်း သူတို့သည် ရှေ့မတိုးကြဘဲ ရပ်တန့်နေသည်။

"ဦးတို့ ဘယ်သွားမလို့လဲ"

ပုဆိုးကွင်းသိုင်းနှင့် ကလေးက လှမ်း၍ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရွှေခင်တို့အိမ် သွားမလို့ကွ၊ မရွှေခင်အိမ်ကို ဒီကသွားရတယ် မဟုတ်လား"

ကလေးများက နောက်က ဆူညံစွာ ငြင်းခုံနေကြသည်။ ပုဆိုးကွင်းသိုင်းနှင့် ကလေးမှာ သူတို့ထဲတွင် အကြီးဆုံးဖြစ်သည်။

"ဘယ်မရွှေခင်လဲ၊ ကိုထွန်းအေး မရွှေခင်လား"

"အေး ဟုတ်တယ် ဟုတ်တယ်"

" ဟို ရွာတောင်ဖျားမှာ၊ လာ လာ၊ ကျုပ်လိုက်ပြမယ်"

ကလေးက သူ့ကိုသူ 'ကျုပ်' ဟူသော နာမ်စားကို သုံးလိုက်သဖြင့် ခင်မောင်ဝင်းမှာ ရုတ်တရက် ကြောင်သွားသည်။ နောက်မှ ပြုံး၍ သူတို့ခေါ်သည့်နောက်သို့ လိုက်လာခဲ့သည်။ ကလေးတွေနှင့် တွေ့လိုက် တော့မှ စောစောက အင်နေရခက်နေသော စိတ်များ ပျောက်ကွယ်သွားကာ နေသာထိုင်သာသလို ရှိလာ၏။

"ဟေ့ ကလေး၊ ဒီရွာထဲမှာ ဘယ်သူအဆင်းရဲဆုံးလဲကွ"

"အကုန်လုံးပဲဗျ"

ကလေးက ပြန်ပြောလိုက်သည်။ မောင်မောင်သန်းမှာ ကလေး စကားကို သဘောကျသွားကာ ရယ်နေ၏။

"မဟုတ်ဘူး အဲဒီအဆင်းရဲဆုံးထဲမှာ ဘယ်သူက ပိုဆင်းရဲသလဲလို့ မေးတာ"

"မယ်ရွှေမ အဆင်းရဲဆုံးပဲ၊ အရက်ချက်ရောင်းရတယ်"

ပုဆိုးကွင်းသိုင်းနှင့်ကလေးက ဖြေသည်။

"မဟုတ်ပါဘူးကွ၊ မဖွားမယ်က အဆင်းရဲဆုံး"

"ဘယ်က ဟုတ်ရမှာလဲ၊ ကိုကံအေးမိန်းမ မဒီလုံးက အဆင်းရဲဆုံး"

"ဟေ့ မဖွားမယ်က ပိုဆင်းရဲတယ်ကွ၊ နွားတစ်ကောင်မှ မရှိဘူး၊ တစ်ခါတလေ တောင်းစားရတယ်၊ ပြီးတော့ ကလေး ငါးယောက်ရှိတယ်၊ တစ်ယောက်တောင် သူများပေးလိုက်ရပြီတဲ့"

"မဒီလုံးက ဒီထက်ဆင်းရဲသေး၊ တို့အမေကပြောတယ်၊ မဒီလုံးက မုဆိုးမတဲ့"

"မဖွားမယ်ကကော မုဆိုးမပဲကွ၊ သူ့မှာ ယောက်ျားမှမရှိပဲ"

ပုဆိုးကွင်းသိုင်းနှင့်ကလေးက ပြန်၍ ရှင်းပြနေသည်။





"မဖွားမယ် ယောက်ျားက ဘယ်မှာတဲ့လဲကွ"

"ထောင်ထဲမှာဗျ"

ကလေးက ခင်မောင်ဝင်းကို မကြည့်ဘဲ မျက်နှာကို ငုံ့၍ ပြောလိုက်သည်။ သူ့ကိုကြည့်ရသည်မှာ တကယ့်လူကြီးတစ်ယောက်လို လေးနက်နေသည်။

"ဟုတ်တယ်ဗျ၊ သူ့ယောက်ျားက ထောင်ထဲမှာလို့ ကျုပ်တို့အဖေက လဲ ပြောတယ်၊ မနှစ်က လက်ခုပ်ပင်ကွင်းထဲကသစ်ပင်တွေလှဲလို့ ဖိုးရွှေဝက ထောင်ချလိုက်ပြီတဲ့ဗျ"

ကိုယ်တုံးလုံး နှပ်တွေ တွဲလောင်းဖြင့် ကလေးတစ်ယောက်က ပြောပြီး နှပ်ရှုံ့လိုက်သည်။ သို့ရာတွင် သူ့နှပ်ချေး တွဲလောင်းမှာ နှာခေါင်းထဲသို့ ခေတ္တသာ ပြန်ဝင်ပြီး ပြန်ထွက်လာပြန်သည်။

"အဲဒါ မရွှေခင်တို့ ဝိုင်းပဲဗျ"

ကလေးက ပြောလိုက်သည်။ ခင်မောင်းဝင်းတို့မှာ ရွာတောင်ဖျားရှိ ရွှေခင်တို့ ဝိုင်းထဲသို့ ရောက်လာကြ၏။ ဝိုင်းထဲတွင် အိမ်လေးအိမ် စုနေလေသည်။

အိမ်ရှေ့တွင် ဘယ်သူမှ မရှိပေ။ နွားတစ်ကောင်ကို ဝင်းထရံတွင် ချည်ထား၏။ လှည်းအိမ်တစ်ခုကို ဖြုတ်ပြီး မြေကြီးပေါ်တွင် ချထားသည့် လှည်းဘီးနှစ်ဘီးမှာ မန်ကျည်းပင် ခြေရင်းတွင် ထောင်ထားလေသည်။

"ဟဲ့ ကောင်လေး၊ ဘယ် ထွက်သွား ပြန်တာတုံး၊ ဒီ သေနာကောင် လေး"

တဲထဲမှ ကိုယ်တုံးလုံးနှင့် ကလေးတစ်ယောက် ပြေးဆင်းလာသဖြင့် အသက်သုံးဆယ်ကျော်ခန့်ရှိ ထဘီ ရင်ရှားထားသော မိန်းမတစ်ယောက်က နောက်မှ ဆင်းလိုက်လာသည်။ ခင်မောင်ဝင်း၊ မောင်မောင်သန်းနှင့် ကလေး တစ်သိုက်ကို မြင်၍ မိန်းမသည် ရပ်တန့်၍ တအံ့တဩ ငေးကြည့်နေသည်။ ပြီးမှ ကလေးလေးကို ကောက်၍ ချီထားလိုက်သည်။ သူ့ဟန်ပန်မှာ ခင်မောင်ဝင်းက ကလေးကို တစ်စုံတစ်ရာ လုပ်လိုက်လေမည်လားဟု အထိတ်တလန့်ဖြင့် ကောက်၍ ချီလိုက်ပုံမျိုး ဖြစ်သည်။

"ဘာကိစ္စလဲတော့"

မိန်းမက ခင်မောင်ဝင်းနှင့် မောင်မောင်သန်းကို မသင်္ကာသလို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ မေးလိုက်၏။ သူ့မျက်လုံးများမှာ သူတို့ကို ကြောက်လန့်နေဟန် ရှိသည်။

"မရွှေမ၊ အဲဒါ မရွှေခင်ဆီလာတဲ့ ဧည့်သည်ဗျ"

ပုဆိုးကွင်းသိုင်းနှင့် ကလေးက လှမ်းပြောလိုက်သည်။ မရွှေမသည် ခင်မောင်ဝင်းနှင့် မောင်မောင်သန်းကို ခြေဆုံး ခေါင်းဆုံး ကြည့်နေသည်။ မရွှေမမှာ တိတ်တိတ်ပုန်း အရက်ချက်သူ ဖြစ်ပေရာ သူတို့အိမ်ဝိုင်းထဲသို့ သူစိမ်းတစ်ရံစာလာလျှင် အရက်ပုန်းလာဖမ်းသည့် ယစ်မျိုး အဖွဲ့သားတွေ ဟု ထင်နေတတ်သည်။ ခင်မောင်ဝင်းတို့ကို မနှစ်မြို့ဟန်ဖြင့် ကြည့်နေခြင်း ဖြစ်လေသည်။

"ကျွန်တော်က ဖြူးက ဒေါ်မြဆင့်ရဲ့ တူပါ။ မရွှေခင်တို့အိမ် ဟိုဘက် အိမ် မဟုတ်လား"

သည့်တော့မှ မရွှေမ၏ မျက်နှာမှာ ထိန်လင်းလာသည်။

"ဩော်-ဩော်၊ မယ်မြဆင့်ရဲ့တူလား၊ သိပါဘူးတော်၊ မရွှေခင်တို့အိမ် က ဟိုဘက်ကတော့၊ ရွှေခင်ရေ-ရွှေခင်၊ ဟောဒီမှာ ဧည့်သည်လာတယ်ဟေ့၊ ဟဲ့ - ဂန်းမသားလေးတွေ သွား၊ ဘာဖြစ်လို့ နောက်က တကောက်ကောက် လိုက်နေတာလဲ၊ ရွှေခင်ရေ၊ ဝေး ရွှေခင်"

မရွှေမက ကလေးကို ခါးထစ်ခွင်ချီကာ ရွှေခင်တို့ အိမ်ဘက်သို့ ခေါ်သွားသည်။ ရွှေခင်တို့အိမ်ရှေ့တွင်လည်း ဘယ်သူမှ မရှိပေ။ ခင်မောင်ဝင်းသည် အိမ်ရှေ့တွင်ရပ်ကာ အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။ အိမ်ထဲတွင် ရက္ကန်းစင်တစ်စင် ရက်ထည်တစ်ပိုင်းတစ်စနှင့် ရှိသည်။ ရက္ကန်းစင်ဘေးတွင် သစ်သားကွပ်ပျစ်ကလေးတစ်လုံး ရှိပေသည်။

"အင်း ရွှေတင်ဟာ ဒီကွပ်ပျစ်ကလေးပေါ်မှာ ကလေးမွေးခဲ့တာ နေမှာပဲ"

ခင်မောင်ဝင်းသည် ဟာလာဟင်းလင်းဖြစ်နေသော ကွပ်ပျစ်ကို ကြည့်၍ တွေးမိကာ သက်ပြင်းချလိုက်မိသည်။ ခဏကြာတော့မှ ရွှေခင်သည် တဲနောက်ဖေးဘက်မှ ကွေ့၍ ထွက်လာသည်။ ရွှေခင်မှာလည်း ထဘီရင်ရှားနှင့်ပင် ဖြစ်သည်။

ခင်မောင်ဝင်းသည် ရွှေခင်ကို သည်တစ်ခါပဲ မြင်ဖူးသေးသည်။ ရွှေခင်မှာ ရွှေတင်နှင့် လုံးဝမတူဘဲ တောသူရုပ်ဖြစ်သည်။ ကိုယ်လုံးကိုယ်





ပေါက်မှာ ရွှေတင်လောက် မလှသော်လည်း ပြည့်ဖြိုးစိုပြည်သည်။ **အသားမှာ** ရွှေတင်လို ဖြူဝင်းမနေဘဲ ညိုနေသည်။

"ဖြူးက မယ်ဆင့်ရဲ့ တူတဲ့အေ့"

မရွှေမက အံ့အားသင့်၍ ကြည့်နေသော ရွှေခင်ကို ပြောလိုက်သည်။ ဒေါ်မြဆင့်၏ တူဟုသိလိုက်သည်နှင့် ရွှေခင်မျက်နှာ ညိုးကျသွားသည်။ ညိုးကျသွားရာမှ တင်းမာခက်ထန်လာသလို ထင်ရ၏။ သူ့ညီမ ရွှေတင့်အတွက် စိတ်နာနေဟန်ရှိသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်က ဒေါ်မြဆင့်ရဲ့တူ ခင်မောင်ဝင်းပါ၊ သူက ကျွန်တော့်သူငယ်ချင်း မောင်မောင်သန်း"

ခင်မောင်ဝင်းက ရွှေခင့်ကို အကဲခတ်၍ ပြောလိုက်၏။ ရွှေခင်သည် ဝမ်းသာသည့်ဟန်လည်း မပြ၊ ဖော်ရွေသည့် အမူအရာလည်း မရှိပေ။

"ကြားဖူးပ တော်၊ ဘာကိစ္စပါလိမ့်"

ရွှေခင်က နှုတ်ခမ်းကို မဲ့၍ ပြောလိုက်သည်။ ရွှေခင့်အသံမှာ လှောင်ပြောင်သလို၊ မထီမဲ့မြင်ပြုသလို အသံမျိုးဖြစ်၏။ ခင်မောင်ဝင်းသည် မရွှေမနှင့် သူ့နောက်က ဝိုင်းအုံနေသော ကလေးတစ်သိုက်ကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ရွှေခင့်အနားသို့ ကပ်သွားကာ

"ကျွန်တော် မရွှေခင်နဲ့ စကားနည်းနည်းပြောချင်လို့"

ရွှေခင်သည် ခင်မောင်ဝင်း၏ မျက်နှာကို အံ့ဩသလို ကြည့်နေမိသည်။ ခင်မောင်ဝင်းလို လူတစ်ယောက်က ရွှေခင်လို မိန်းမတစ်ယောက်ကို ဘာတွေများ ပြောစရာရှိပါလိမ့်ဟု တွေးနေဟန်ရှိသည်။ သူ့ကို ခုလို အရေးတယူလုပ်၍ ပြောနေသဖြင့်လည်း ကျေနပ်သွားပုံ ရပေသည်။ ခင်မောင်ဝင်း မျက်နှာမှာ လေးနက်သောအသွင်ကို ဆောင်နေ၏။

"ဘာကိစ္စပါလိမ့်၊ ထိုင်ကြဦးလေ"

ရွှေခင်က သည်တော့မှ ဖျာကြမ်းအသစ်တချပ်ကို ထုတ်ခင်းပေးသည်။ ပြီးနောက် ကလေးများကို မောင်းထုတ်လိုက်သည်။ မရွှေမသည် မလှမ်းမကမ်းတွင် ယောင်ပေပေရပ်ကာ နားထောင်နေ၏။

"ဩော် ရွှေတင့်အကြောင်းနဲ့ ပတ်သက်ပြီး သိချင်တာကလေးတွေ ရှိလို့ပါ"

ရွှေခင်၏ မျက်နှာမှာ ရွှေတင့်အကြောင်းဟု ကြားလိုက်သည်နှင့် ညိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတင့်အကြောင်းကို တော်တို့ သိစရာမလိုတော့ပါဘူး။ သူ့ထိုက်နဲ့ သူ့ကံ ရှိပါစေတော့၊ နောက်ထပ်လဲ ဒုက္ခလာမပေးကြပါနဲ့တော့"

ရွှေခင်က ခပ်ပြတ်ပြတ် ပြောလိုက်သဖြင့် ခင်မောင်ဝင်းမှာ ငိုင်ကျသွားသည်။ ရွှေခင့်စကားများမှာ စိမ်းကားလွန်းလှသည်ဟုလည်း အောက်မေ့မိသည်။ သူ့ကို လူယုတ်မာဟု ထင်နေဟန်ရှိပေသည်။ သူတို့၏ လွဲမှားသောအထင်ကို ဘယ်လိုဖျောက်ဖျက်ပစ်ရပါမည်နည်း။ သည်အစွန်းအထင်းကြီးကို ဘယ်လိုဆေးကြောပစ်ရပါမည်နည်း။

"ဒုက္ခပေးဖို့လာတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့အကူအညီပေးဖို့လာတာပါ"

မောင်မောင်သန်းက သူတို့လာရသည့်အကြောင်းကို လိပ်ပတ်လည်အောင် ရှင်းပြရသည်။ နောက်ဆုံးကျတော့မှ ရွှေခင်သည် မောင်မောင်သန်းစကားကို လက်ခံကာ မျက်နှာတစ်မျိုး ပြောင်းသွားသည်။ စောစောကလို တင်းမာခက်ထန်သော မျက်နှာထား မရှိတော့ပေ။

မောင်မောင်သန်းသည် လွှဖြင့်ဖြတ်ထားသော ကုက္ကိုပင်ငုတ်တိုကြီးပေါ်တွင် ထိုင်လိုက်သည်။ ခင်မောင်ဝင်းမှာ ရပ်လျက် အဝေးသို့ ငေးနေသည်။ သည်တော့မှ ရွှေခင်သည် သူတို့အနားသို့လာကာ မြေကြီးပေါ်တွင် ဆောင့်ကြောင့်ထိုင်၍ အဖြစ်အပျက်များကို ပြောပြနေသည်။

"အစ်ကိုကြီးတို့ မီးရထားကြီး ထွက်ခွာသွားတော့လေ၊ ရွှေတင်ဟာ သတိလစ်နေတယ်ထင်တယ်၊ ငေးကြည့်နေတယ်။ ရွှေတင်ဟာ ရထားကြီးထွက်သွားတာကို နောက်ကငေးကြည့်ပြီး မတုန်မလှုပ်ရပ်နေတယ်"

ရွှေခင့်အသံမှာ ပြောရင်းဆိုရင်း ငိုသံပါလာသည်။ မိုးထဲလေထဲတွင် သူနှင့်ရွှေတင်တို့ နှစ်ယောက်သား လိုက်ကြပုံကို အမှတ်ရနေသည်။

"အေး ဟုတ်တယ် ဟုတ်တယ်၊တို့တွဲဘေးက ပြေးလိုက်ပြီး အစ်ကိုအစ်ကို့လို့ အော်ခေါ်တာ သူပဲထင်တယ်၊ ငါက သူတောင်းစားလေးထင်ပါရဲ့လို့ ပြောလိုက်လို့ မင်းကတောင် ငါးမူးစေ့တစ်စေ့ပစ်ပေးခဲ့သေးတယ်လေ"

ခင်မောင်ဝင်းမှာ သူပြုမိသော ရက်စက်မှုကြီးကို သတိရကာ နှလုံးသားများ နာကျင်လာသည်ဟု ထင်ရပေသည်။

"အင်း အမှန်ကတော့ ဒီအသံ၊ ဒီရုပ်ကို မမှတ်မိတာ ငါ့အပြစ်ပဲ





မောင်မောင်သန်း၊ အဲဒီတုန်းက မှတ်မိလိုက်ရင်လဲ ခုလိုဖြစ်မှာမဟုတ်ဘူး။ အေးလေ ငါ့အမြင်၊ ငါ့အကြား၊ ငါ့သတိတွေကို ငါ့ရဲ့အထက်တန်းစားဆွေမျိုးပတ်ဝန်းကျင်က လုံးလုံးဖုံးထားနေတာကိုး"

ခင်မောင်ဝင်းက ယူကျုံးမရသံကြီးဖြင့် ညည်းလိုက်၏။ ကောက်ရိုးတစ်ပင်ကို ကောက်၍ လက်ထဲတွင် လိမ်၍နေသည်။ ရွှေခင်သည် ခင်မောင်ဝင်း၏ ယူကျုံးမရဖြစ်နေသော မျက်နှာ၊ ကြေကွဲလှိုက်လှဲသောအသံတို့ကို မြင်တွေ့ကြားနေရင်းက သနားစိတ်တွေ ဝင်လာမိသည်။

"ရထားကြီးထွက်သွားတော့ ရွှေတင်ကို ကျမ လိုက်ရှာတယ်၊ ရထားထွက်သွားရာနောက်ကို လှမ်းကြည့်ပြီး မတ်တတ်ရပ်ငေးကျန်ရစ်ခဲ့တာပဲ၊ နောက်တော့ ရွှေတင်က 'ရွှေခင်ရယ်၊ ဗိုက်ထဲက ကလေးကိုသာ သတိမရဘူးဆိုရင် ငါတော့ ရထားနင်းပြီးအသေခံတော့မလို့' လို့ ပြောပြတယ်၊ သူ့အဖို့လောကမှာ တန်ဖိုးထားစရာဆိုလို့ သားကလေးကလွဲပြီး ဘာမှမရှိတော့ဘူးတဲ့"

"အဲဒီသားကလေးကော"

ခင်မောင်ဝင်းက စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။

"မွေးပြီး တစ်လလောက်ကြာတော့ ဆုံးသွားတာပဲ၊ ကလေးလဲ ဆုံးပြီးရော ရွှေတင်ဖြင့် လူရုပ်တောင်မပေါ်တော့ဘူး၊ လောကမှာသူ့အဖို့ တန်ဖိုးထားစရာဟာ မရှိတော့ဘူး၊ သူ့ဘဝကိုတောင် တန်ဖိုးမထားချင်တော့ဘူးဆိုပြီး မျက်ရည်နဲ့ မျက်ခွက်ပဲ"

ရွှေခင်သည် မျက်လုံးထဲမှ ဝေ့လည်၍ စီးဆင်းလာသော မျက်ရည်များကို လက်ခုံဖြင့်သုတ်လိုက်ပြီး နှာရည်ညှစ်လိုက်သည်။

"ရွှေတင် ဒီဘဝရောက်အောင် လုပ်တဲ့တရားခံဟာ ငါပဲ မောင်မောင်သန်း၊ ငါပဲ၊ ငါ့ကြောင့် ရွှေတင် နှံ့ထဲကျရတာ၊ ငါ့ကြောင့် အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲ ထိုးကျရတာ၊ ငါဟာ တရားခံပဲ"

ခင်မောင်ဝင်းက သက်ပြင်းချကာ ခေါင်းကို ဖြည်းလေးစွာ ယမ်းနေသည်။ ဒီအဖြစ်တွေကို ကျေအောင် ဘယ်လိုလုပ်ရပ့ါဟု စဉ်းစားမရအောင်ဖြစ်နေသည်။ ခင်မောင်ဝင်းသည် ကောက်ရိုးစင်တိုင်ကို ကိုင်ကာ အဝေးသို့လှမ်းကြည့်နေသည်။ မောင်မောင်သန်းနှင့် ရွှေခင်မှာလည်း စကားမပြောနိုင်ကြဘဲ ခင်မောင်ဝင်းကို ငေးကြည့်ကာ ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရွှေခင်တို့အိမ်က မရွှေတင် ဘာကြောင့် ထွက်သွားတာလဲ"

မောင်မောင်သန်းမှာ ရွှေတင်ကို တရားခံဘဝနှင့်သာ မြင်ဖူးခဲ့၏။ ပြည့်တန်ဆာတယောက်အဖြစ်သာ မြင်ခဲ့ဖူး၏။ ထို့ကြောင့် ချစ်ပေမဲ့ မုန်းဟန်ဆောင်တတ်သော တရားခံမ၊ မုန်းပေမဲ့ ချစ်ဟန်ဆောင်တတ်သောတရားခံမဟု သတင်းခေါင်းတပ်ရန် စကားလုံးများကိုပင် တွေးခဲ့သည်။ ယခုတော့ ရွှေတင်၏ ပင်ကိုဘဝသည် ရိုးသားသော ဘဝဖြစ်၏။ သနားစရာကောင်းသော ဘဝဖြစ်၏။ အချစ်ကို အချစ်ဟု ပြော၍ အမုန်းကို အမုန်းဟုပြောတတ်သော သဘောဖြူအူစင်း ကျေးတောသူ၏ ဘဝဖြစ်၏။ သည်လို ပရိယာယ်မကြွယ်သော တောသူမ ရွှေတင်သည် လောကအလယ်တွင် တကယ်ပြုံးခြင်း မဟုတ်သော မြူဆွယ်အပြုံးကိုသာ ပြုံးတတ်သည့် ပြည့်တန်ဆာမဘဝကို ဘာကြောင့် ရောက်ပါလိမ့်ဟု တွေးနေမိသည်။

ရွှေခင်သည် မောင်မောင်သန်း၏ အမေးကို ရုတ်တရက် မဖြေဘဲ ငိုင်နေသည်။ သူ့စိတ်ထဲတွင် ပြောသင့် မပြောသင့် ချိန်ဆနေပုံရပေသည်။ ပြီးမှ နာကြည်းသောအသံဖြင့် -

"ပြောရမှာ ရှက်လဲ ရှက်ပါရဲ့အကိုရယ်၊ ကျွန်မက ဒီမှာပဲနေစေချင်ပါတယ်၊ ပျော်သလောက် နေပါလို့လဲ ပြောထားပါတယ်၊ ရွှေတင်ကလဲ နေချင်ပါတယ်၊ ဒါပေမဲ့"

ရွှေခင်သည် ဆက်မပြောနိုင်ဘဲ စီးကျလာသော မျက်ရည်များကို သုတ်နေသည်။ နှုတ်ခမ်းကို ကိုက်ထားပုံမှာ ပြင်းပြစွာနာကြည်းသည့် အသွင်ကို ဆောင်နေသည်။ ခင်မောင်ဝင်းသည် အဝေးသို့ ငေးကြည့်နေရာမှ ရွှေခင်ကို စိုက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကျွန်မ-ကျွန်မယောကျ်ားက သိပ်ဆိုးတယ်"

"ဩော် ခဲအိုလုပ်သူက သူ့ဘာသာသူသောက်စား ဖြန်းတီးမှုးယစ်နေပြီး ခယ်မကို မကျွေးနိုင်ဘူးဆိုပြီး နှင်ချတယ်ပေါ့၊ ဟုတ်လား၊ တယ်ကောင်းဟင်"

မောင်မောင်သန်းက မကျေချမ်းသံဖြင့် ပြောနေသည်။

"မဟုတ်ဘူးအစ်ကို၊ သည်ထက်ဆိုးတဲ့ အလုပ်ကို လုပ်တာ၊ သိပ်ယုတ်ကန်းတာပဲ၊ မပြောပါရစေနဲ့တော့ အစ်ကိုရယ်"





"ဩော် လင်ကောင်မပေါ်ဘဲ ကလေးမွေးတဲ့ ကောင်မ၊ ရှက်စရာကောင်းတယ်၊ ဒို့အိမ်နဲ့ မတန်ဘူးလို့ပြောသလား"

"မဟုတ်ဘူး-မဟုတ်ဘူး၊ ယုတ်ကန်းပါတယ်ဆိုမှပဲ၊ နားမလည်ကြဘူးလားရှင်၊ ကျွန်မအိမ်မှာမရှိတုန်း ရွှေတင်ကို ကျွန်မယောကျ်ားက မတရားကျင့်လွတ်တာကို ပြောတာတော်ရဲ့ ကိုင်း၊ သိပလား"

ရွှေခင်သည် စိတ်မရှည်နိုင်တော့သလို ဆောင့်ကြီးအောင့်ကြီး ပြောကာ ငိုချလိုက်သည်။ မောင်မောင်သန်းမှာ ပါးစပ်ဟကာ အံ့အားသင့်နေသည်။

"အင်း ရိပ်တော့ ရိပ်မိပါတယ်လေ၊ ဒါပေမဲ့ သေချာအောင်မေးတာပါ"

"ကျွန်-ကျွန်-ကျွန်မလေ ဒီကောင်ကို မလွှဲသာလို့ ဆက်သာပေါင်းနေရတယ်၊ မျက်နှာတောင် မကြည့်ချင်တော့ဘူး"

ရွှေခင်သည် ရှိုက်သံကြားမှ ပြောပြနေ၏။ ခင်မောင်ဝင်းနှင့် မောင်မောင်သန်းကမူ ဘာမျှ မပြောကြတော့ပေ။ မောင်မောင်သန်းသည် သစ်ကိုင်းခြောက်ကလေး တစ်ချောင်းဖြင့် သစ်မြစ်ကြီးကို ခြစ်နေသည်။ ခပ်လှမ်းလှမ်း ကုက္ကိုပင်ကြီးပေါ်မှ ဥသြတစ်ကောင်သည် လေးတွဲ့စွာ တွန်ကျူးနေပေသည်။

ခင်မောင်ဝင်းမှာ သည်လို ရင်နင့်စရာကောင်းသော အဖြစ်အပျက်တွေကို နောက်ထပ် မကြားချင်တော့ပေ။ ဒါတွေအားလုံး၏ တရားခံသည် သူပင် ဖြစ်သည်ဆိုသော ယုံကြည်ချက်မှာ ပိုမိုခိုင်မြဲလာသည်။ သူနှင့် ရွှေတင်သာ ကျူးကျူးလွန်လွန် မဖြစ်ခဲ့ဘူးဆိုပါက ရွှေတင်သည် သည်လို နွံအိုင်ထဲသို့ ကျရောက်သွားမည်မဟုတ်ဟု ထင်ရပေသည်။

"အစ်ကိုတို့အမျိုးက ဆာဖိုးဝင်းအမျိုးမဟုတ်လား၊ ဆာဖိုးဝင်းအမျိုးဆိုတာ အင်မတန်ကြီးပါတယ်၊ ရွှေရွှေတို့နဲ့ စာရင် တောင်ထိပ်နဲ့ တောင်ခြေလို့ကြားလို ကွားခြားလှပါတယ်"

ရွှေတင်၏ မျက်ရည်လည်ရွဲနှင့် မျက်နှာကလေးကိုလည်းကောင်း၊ အသံကလေးကိုလည်းကောင်း အမှတ်ရနေသည်။ အချစ်ရဲ့ အထွတ်အထိပ်ရောက်ရင် ချောက်ကြီးထဲ ကျမှာပါအစ်ကိုရယ်၊ ကြီးကြီးဆင့်တို့က ဒီလောက် သက်ာမကင်းဖြစ်နေတာထောက်ရင် မိရွှေတင်ရဲ့ ရှေ့မှာ အသူတစ်ရာနက်တဲ့ ချောက်ကြီးတစ်ခု ရှိနေပြီလို့ ပြောနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အချစ်၏ အထွတ်အထိပ်သို့ ရောက်အောင် သူ ဖွတ်အတင်းခေါ်ခဲ့တုန်းကလည်း ရွှေတင်သည် ငြင်းဆန်ခဲ့၏။ သူ့ရွေ့ရေးကိုသူ နိမိတ်ဖတ်ခဲ့ဖူး၏။ ဇဟားသို့ ထွက်ပြေးရှောင်ပုန်းသည်ကိုပင် မရအရ ဖမ်းခဲ့ဖူး၏။ သည်တုန်းကတော့ ခင်မောင်ဝင်းသည် ရွှေတင်၏ မျက်ရည်လည်ရွှဲမျက်နှာကိုလည်းကောင်း၊ တောင်းပန်တိုးလျှိုးသံကိုလည်းကောင်း၊ မြင်လည်းမမြင်၊ ကြားလည်း မကြားခဲ့ပေ။ ယခုမူ ရွှေတင်သည် ဘယ်တော့မှ ပြန်တက်နိုင်တော့မည် မဟုတ်သော ချောက်ကမ်းပါးကြီးထဲသို့ ထိုးဆင်းသွားပေပြီ။

ခင်မောင်ဝင်းသည် သူတို့အနားမှာ နေရသည်ကိုပင် မလုံမလဲဖြစ်ကာ ကြာကန်ဘက်သို့ လျှောက်လာခဲ့သည်။ မောင်မောင်သန်းမှာ ရွှေခင်နှင့် စကားပြောကျန်ရစ်ခဲ့ကြသည်။

"ဒါထက်၊ မရွှေတင် ဒီကနေပြီး ဘယ်ကိုထွက်သွားသလဲ"

"ညောင်လေးပင်လား၊ ပဲခူးလား မသိဘူး၊ လိုက်သွားတယ်။ အဲဒီက ဆေးလိပ်ခုံတစ်ခုံမှာ ဝင်ပြီး အလုပ်လုပ်တယ်လို့ ကြားရတယ်၊ ပြီးတော့ ဆေးလိပ်ခုံ ပိုင်ရှင်က မယားငယ်အဖြစ်နဲ့ ထားတယ်လို့ ကြားရသေးတယ်၊ ဒီနောက်တော့ သူ့အကြောင်း ဘာမှမကြားရတော့ဘူး"

ရွှေခင်သည် ရှိုက်၍ ရှိုက်၍ ငိုနေသည်။ ရွှေခင်၏ ရှိုက်သံသည် ခင်မောင်ဝင်း၏ ထုထည်ကြီးလှသော ဂုဏ်ပုဒ်တွေ၊ သိက္ခာတွေကို ဖြိုချနေသော ထိုးနှက်ချက်များနှင့် တူနေသည်။

"ခုလား၊ ခု ရွှေတင် ပြည့်တန်ဆာဖြစ်နေပြီ မရွှေခင်ရေ။ ပြည့်တန်ဆာမ၊ လူသတ်တရားခံမ ဘဝနဲ့ ထောင်ထဲမှာ ရောက်နေပြီ"

ခင်မောင်ဝင်းက ကြာကန်ဘက်သို့ လျှောက်လာရင်း ရွှေခင်ကို အဖြေပေးလိုက်သည်။ သို့ရာတွင် စကားလုံးများမှာ ထွက်မလာဘဲ ရင်ထဲမှာပင် တစ်ဆို့နေကြသည်။ တကယ်တော့ ခင်မောင်ဝင်းသည် သည်စကားလုံးများကို ရွှေခင်တို့အား မပြောရဲခြင်းသာ ဖြစ်သည်။ ရွှေတင်၏ နောက်ပိုင်းဇာတ်လမ်းကို ရွှေခင်အား အသိမပေးရဲခြင်းသာ ဖြစ်သည်။

"လူယုတ်မာ၊ အရေခြုံ လူကြီးလူကောင်း၊ သူများ သားပျို မယားပျိုကို ဖျက်ဆီးသူ၊ မိန်းကလေးတွေကို ဖြားယောင်းသွေးဆောင်သူ"

ဖွင့်များ ပြောလိုက်ရလျှင် ရွှေခင်တို့က သည်လိုများ ဝိုင်း၍ လက်ညှိုး





ထိုးလေမည်လား။ သူတို့သည် နာမဝိသေသန ဘွဲ့ထူးတွေကို ပေါက်ပေါက်ကြဲသလို အပ်နှင်းလေမည်လား၊ စက်ဆုပ်ရွံရှာသည့် မျက်လုံးများဖြင့် ကြည့်ကြလေမည်လား။

ခင်မောင်ဝင်းသည် ကန်ဘောင်ရိုးရှိ ကျောက်စရစ်ခဲလုံးကလေးများကို နင်း၍လျှောက်လာခဲ့သည်။ ကျောက်စရစ်ခဲကလေးများသည် သူ့ဖိနပ်အောက်မှ လွင့်စင်သွားကြသည်။

"ခင်ဗျား လူယုတ်မာကြီး၊ လူယုတ်မာခြေထောက်နဲ့ ကျုပ်တို့ကို မနင်းနဲ့၊ ကျုပ်တို့ကို မနင်းနဲ့"

ကျောက်စရစ်ခဲကလေးတွေက စကားပြောတတ်ရင် သူ့ကို ဒီလိုပင်ကဲ့ရဲ့ကာ အနင်းမခံဘဲ အဝေးသို့ ရှောင်ပြေးကြလိမ့်မည် ထင်သည်။ ထို့ပြင် မက ပထဝီမြေကြီးကလည်း ကောက်ကျစ်ယုတ်မာခြင်းနှင့်မှန်ကန်တည့်မတ်ခြင်းစသည့် တရားများကို ခွဲခြားဝေဖန်တတ်ခဲ့မည်ဆိုပါက သူလိုလူတစ်ယောက်ကို မြေပြင်ပေါ်မှ လွင့်စင်သွားအောင် ခါချလိုက်မည်လား မပြောတတ်ပေ။

သည်နေရာမှာ သူနှင့် ရွှေတင်တို့ ချစ်ပင်ပျိုးခဲ့ကြသော နေရာဖြစ်၏။ စိမ်းဆတ်ဆတ်အနံ့ သင်းနေသည့် ကောက်လှိုင်းပုံကြီးများကို မှီကာကန်ထဲတွင် ထွားထွားဝေဝေ ဖူးပွင့်နေကြသည့် ကြာပန်းတွေကို ကြည့်ကာတီတာ စကားဆိုခဲ့ကြ၏။ သည်တုန်းက သူက ရွှေတင့်ကို ကြာပွင့်နှင့်နှိုင်း၏။ ရွှေတင်ကလည်း သူ့ကို ကြာပွင့်နှင့် နှိုင်း၏။ တစ်ယောက်ကိုတစ်ယောက် အပြစ်မမြင်ဘဲ အချစ်ကိုချည်းမြင်သော အချိန်ပိုင်းကလေးပေတကား။

ကန်ထဲတွင် ကြာပွင့်များသည် အရင်တုန်းကလိုပင် ဖူးပွင့်နေကြပေသည်။ ခင်မောင်ဝင်း၏ စိတ်ထဲတွင်ကား ကြာဖြူပွင့်များ ဖြူဖွေးကြပုံသည် ရွှေတင်၏ စိတ်နှလုံး ဖြူပုံနှင့်တူသည်ဟု ထင်မိပေ၏။ ကြာနီပွင့်များမှာ ရွှေတင်၏ နီထွေးသော လက်ဖဝါးများနှင့်တူ၏။ ကြာညိုပွင့်များ ညိုရောင်သန်းပုံမှာ ရွှေတင်၏ မျက်လုံးများလိုပင် ဖြစ်နေပေသည်။ သည်ကြာများအားလုံးသည် နွံစပ်တွင် ပေါက်နေကြသည်။ တချို့ ကြာရွက်များမှာ ရေထဲတွင် ပက်လက်လန်၍ မျောနေကြသည်။ ခရေပွင့်များမှာ မြေပေါ်တွင် ပြန့်ကြဲနေကြပေ၏။ လယ်တောအဆုံးတွင် မြရာပင်အုပ်များသည် ညိုမှိုင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သန်းသည် ရွှေခင်နှင့်စကားပြောပြီး ခင်မောင်ဝင်း နောက်သို့ လိုက်လာ၏။ ခင်မောင်ဝင်းမှာ သူ့ကိုလှည့်မကြည့်ဘဲ ကမူကလေးပေါ် တွင်ရပ်ကာ မှိုင်းပြာနေသော မိုးကုပ်စက်ဝိုင်းဆီသို့ ငေးကြည့်နေပေသည်။

"မောင်မောင်သန်း"

ခင်မောင်ဝင်းက သံပြတ်နှင့် ခေါ်လိုက်၏။ မောင်မောင်သန်းက သူဘာပြောမလဲဟု ခင်မောင်ဝင်းမျက်နှာကို စူးစိုက်ကြည့်နေသည်။ ခင်မောင်ဝင်းအသံမှာ ခပ်ပြတ်ပြတ်ပင် ဖြစ်သော်လည်း ခိုင်မာတည်ကြည်သော အသံဖြစ်သည်။ သူ့မျက်နှာသည် ပြတ်သားတည်ငြိမ်သော အသွင်ကို ဆောင်နေပေသည်။

"ငါတော့ ဆုံးဖြတ်ချက်တစ်ခု ချပြီးပြီ"

"ဆိုစမ်းပါဦး၊ ဘာဆုံးဖြတ်ချက်လဲ"

"ငါ ဒီက ရန်ကုန်ကို ပြန်ရောက်လို့ရှိရင် ငါပြုသမျှ အပြစ်တွေကို ခွင့်လွှတ်ဖို့ ရွှေတင့်ကို ထပ်ပြီး တောင်းပန်မယ်၊ ပြီးတော့"

ခင်မောင်ဝင်းသည် စကားကိုဖြတ်ကာ အဝေးသို့ ငေးနေ၏။ မောင်မောင်သန်းက ကျောက်စရစ် ခဲလုံးကလေးများကို ဖိနပ်ဦးဖြင့် တော့ကစားရင်း -

"ပြီးတော့၊ ရွှေတင်ကို ငါလက်ထပ်ယူလိုက်တော့မယ်"

မောင်မောင်သန်းသည် ပါးစပ်အဟောင်းသားနှင့် ခင်မောင်ဝင်းကို ငေးကြည့်နေမိသည်။ ခင်မောင်ဝင်း စိတ်မှ ကောင်းတော့ရဲ့လားဟုလည်း သံသယဖြစ်လာသည်။ တကယ်တော့ ခင်မောင်ဝင်း မရူးပါ။ ခင်မောင်ဝင်း၏ မျက်နှာ၊ မျက်လုံးကြည့်ပုံ၊ လေယူလေသိမ်းတို့မှာ ပကတိအတိုင်းသာ ဖြစ်ပါသည်။ မောင်မောင်သန်းသည် ခင်မောင်ဝင်းကို ဘေးမှကြည့်၍ အားမရသလို ရှေ့တည့်တည့်သို့ သွားရပ်ပြီး ခင်မောင်ဝင်းကို ကြည့်နေမိသည်။

"ဟေး ဖိုးခင်မောင်ဝင်း၊ ဖြစ်ပါ့မလားကွ၊ ကျွန်းမိန့်ကိုအယူခံလို့ ရဦး၊ ထောင်တော့ကျဦးမှာပဲ၊ မဖြစ်နိုင်တာတွေ မဆုံးဖြတ်စမ်းပါနဲ့ကွာ"

"ဖြစ်နိုင်တယ်၊ ဖြစ်ရမယ်၊ အယူခံ ရှုံးတယ်ဆိုပါတော့၊ ရွှေတင်နဲ့ လက်ထပ်ပြီး ငါ ကျွန်းကို လိုက်သွားမယ်၊ ယောကျ်ား ကျွန်းကျရင် မိန်းမ လိုက်နိုင်တယ်၊ မိန်းမ ကျွန်းကျရင် ယောကျ်ား လိုက်နိုင်တယ်၊ ဟိုမှာ တို့ အိမ်ထောင်သည်တွေအဖြစ်နဲ့ တောင်ယာကိုင်းကျွန်း လုပ်ကိုင်စားမယ်၊





ထောင်ကျရင်လဲ လက်ထပ်ထားမှာပဲ၊ ထောင်ကထွက်လာတော့ အတူနေ လိုက်ရုံပေါ့"

မောင်မောင်သန်းသည် ခေါင်းကို တဖျစ်ဖျစ်မြည်အောင် ကုတ်နေသည်။

"မဖြစ်နိုင်တာကြီးပဲကွာ၊ မင်းက ကျွန်းကို လိုက်နိုင်တယ်ထားဦး မင်းဂုဏ်သိက္ခာ မင်းဆွေမျိုး ဂုဏ်သိက္ခာ"

"ဟော့ကောင် တော်တော့၊ လာပြန်ပလား၊ ဒီဆွေမျိုးတွေ ဂုဏ်သိက္ခာ တွေ"

ခင်မောင်ဝင်းသည် မျက်နှာထားတင်းတင်းဖြင့် ဒေါ်လိုက်သဖြင့် မောင်မောင်သန်းပင်လန့်သွားသည်။ သည်တော့မှ မောင်မောင်သန်းက လေအေးကလေးဖြင့်

"စိတ်နောက်ကိုယ်ပါ မဆုံးဖြတ်စမ်းပါနဲ့ကွာ၊ ကဲ မင်းဆွေမျိုးတွေရဲ့ ဂုဏ်သိက္ခာကို ထည့်မစဉ်းစားဘူးပဲထားပါ၊ မင်းအဖေဖြစ်တဲ့ ကွယ်လွန်သူ ဆာဖိုးဝင်းရဲ့ နာမည်ကို ထောက်ထားရဦးမယ်၊ မင်းပစ္စည်းတွေ မင်းဂုဏ် တွေကို ငဲ့ညှာရဦးမယ်၊ အို ထောက်ထားငဲ့ညှာစရာတွေ အများကြီးပဲ၊ စိတ်နောက်ကိုယ်ပါ မလုပ်စမ်းပါနဲ့ကွာ၊ မဖြစ်နိုင်တာ"

ခင်မောင်ဝင်းက သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာ ထားမှာ ဘာဖြစ်ဖြစ် လုပ်တော့မည့်ဟန် ပေါ်နေသည်။

"ဖြစ်နိုင်တယ်ကွ၊ ဖြစ်နိုင်တယ်၊ ဖြစ်အောင်လုပ်မယ်၊ ငါဟာ ဒီဂုဏ် သိက္ခာတွေကို ထောက်ထားနေခဲ့မိလို့ ရွှေတင့်အပေါ်မှာ အပြစ်အမျိုးမျိုး ကျူးလွန်ခဲ့မိပြီ၊ ရွှေတင်ကို အမိဖမ်းဖို့လိုက်တုန်းကတော့ ငါ ဒီဂုဏ်တွေ သိက္ခာတွေကို ငါ ဘေးဖယ်ထားခဲ့တယ်။ ရွှေတင်ကို စွန့်ခွာချင်တော့ ဆွေဂုဏ် မျိုးဂုဏ် ပစ္စည်းဂုဏ် ပညာဂုဏ်ဆိုတာတွေကို အလေးပေးစဉ်းစား ခဲ့တယ်၊ ဒီဂုဏ်တွေဟာ ငါ့ရှေ့မှာ တောင်ကြီးတွေလို ကာဆီးနေတာကို ငါ ဒီအတိုင်း အညံ့ခံကြည့်နေခဲ့တယ်၊ မေမေ့မျက်နှာ ထောက်ရ အစ်မ မျက်နှာ ထောက်ရ ဖြစ်ခဲ့တယ်၊ ငါ ခုဒါတွေအားလုံးကို စွန့်ပစ်လိုက်တော့ မယ်။ ရွှေတင်ကို အမိဖမ်းတုန်းက ဒါတွေမစဉ်းစားဘဲ စွန့်ပစ်ချင်တော့မှ ဒါတွေစဉ်းစားမယ်ဆိုရင် ငါ တရားမလား မောင်မောင်သန်း ဟင်၊ မတရား ဘူးကွ၊ မတရားဘူး၊ ဒီဟာတွေ အားလုံးကို ငါ စွန့်ပစ်လိုက်တော့မယ်၊ ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းက အပေါ်အင်္ကျီ အတွင်းအိတ်ထဲမှ စာရွက်တွေတစ်ထပ်ကြီးကို ထုတ်ပြလိုက်သည်။ မောင်မောင်သန်းသည် နားမလည်သလို စာရွက်ထပ်ကြီးကို တစ်လှည့်၊ ခင်မောင်ဝင်းကို တစ်လှည့် ကြည့်နေသည်။

"ဒီမလာခင်မှာ ငါ အမွေခွဲခဲ့ပြီးပြီ၊ ဖြူးနဲ့ ဇေယျဝတီဘက်က မြေတွေကို ငါယူခဲ့တယ်၊ အားလုံးပေါင်း ဧကသုံးထောင်လောက်ရှိတယ်၊ ဒီပစ္စည်းတွေကိုလဲ ငါ စွန့်ပစ်တော့မယ်။ ငါပိုင်တဲ့ အိမ်တွေ မြေတွေ ယာတွေ ခြံတွေကို ပေးပစ်မယ်၊ လှူပစ်မယ်၊ ရွှေခင်တို့လို ငါတို့မြေပေါ်လုပ်တဲ့ လယ်သမားတွေကို ပေးလိုက်တော့မယ်၊ ရွှေတင်နဲ့ ကျွန်းကို လိုက်သွားတဲ့နောက်မှာတော့ ငါ့မှာ ဒီမြေတွေရှိနေလို့ကော ဘာလုပ်တော့မှာလဲ"

"ဟောကောင် မင်းရူးနေသလား"

မောင်မောင်သန်းမှာ သည်းမခံနိုင်အောင်ဖြစ်လာသည်။ ခင်မောင်ဝင်းသည် ရွှေတင့်အတွက်ကြောင့် သည်မျှလောက် ဖြစ်နေသည်ကို တွေ့ရှိရသဖြစ်မိ၏။ ရွှေတင်၏ တန်ဖိုးမှာ သည်လောက်ကြီးသလားဟုလည်း တွေး၍ မချင့်မရဲဖြစ်နေမိသည်။

"မင်းဟာ အရူးလို စိတ်နောက်ကိုယ်ပါ လုပ်နေတာပဲ"

"ငါ စိတ်နောက်ကိုယ်ပါ လုပ်တာမဟုတ်ဘူး၊ အားလုံးစဉ်းစားပြီးမှလုပ်တာ၊ ငါဟာ ရွှေတင် အမှုကလွတ်အောင် ရှေ့နေအကုန်အကျခံပြီးကြိုးစားခဲ့တယ်၊ ထောင်ဝင်စာတွေ့ပြီး လိုတဲ့ငွေရေး ကြေးရေး စားရေးသောက်ရေး အကူအညီတွေကို လိုသလောက်ပေးခဲ့တယ်။ ဒါတင်မကဘူး၊ ရွှေတင်ထောင်ထဲက ဘယ်အကျဉ်းသားရဲ့အမှုစုံစမ်းပြီး လွတ်အောင်လုပ်ပေးပါလို့ ပြောရင် သူပြောတဲ့အတိုင်း ဆောင်ရွက်ပေးခဲ့တယ်၊ ရွှေတင်ကို ငါ့အပြစ်တွေ ခွင့်လွှတ်ဖို့ တောင်းပန်ခဲ့တယ်"

"အေးလေ ဒါလောက် လုပ်ပေးရင် တော်ရောပေါ့ကွ၊ မင်းအပြစ်ကို မင်း သိပြီးလို့ တောင်းပန်ပြီးပြီ၊ လိုအပ်တဲ့ အကူအညီမှန်သမျှကိုလဲ ပေးပြီးပြီ၊ သူ့အတွက်တင် မကဘူး၊ တခြားလူတွေအတွက်တောင် သူနဲ့ပတ်သက်ပြီး မင်းက ကူညီဆောင်မပြီးပြီ၊ ဒါဟာ သူ့ကိုကူညီတာ ကယ်တင်တာ မဟုတ်ဖူးလား၊ မင်း ဒီထက်ဘာများပိုလုပ်ချင်သေးသလဲ"

"အေး ဟုတ်တယ်၊ ငါလဲ အစက ဒီလိုထင်ခဲ့တာပဲ၊ ရွှေတင်ကို ငါဒီလို အကူအညီပေးနေတာဟာ ရွှေတင်ကို ကယ်တင်ဖို့လို့ ငါထင်ခဲ့တာပဲ၊ ဒါပေမဲ့





တကယ်ကျတော့ ရွှေတင်ကို ကယ်တင်ရေးထက် ငါ့ကိုယ်ငါ ကယ်တင်ရေးဖြစ်နေတယ်။ ငါ့ကို လူတွေက မိန်းကလေးတွေကို ဖျက်ဆီးတဲ့ လူ၊ လူယုတ်မာလို့ စွပ်စွဲကြတော့မှာပဲ၊ ဒီလိုစွပ်စွဲခံရရင် ငါ့ဂုဏ်သိက္ခာတွေ ငါ့ဆွေမျိုး ဂုဏ်သိက္ခာတွေကို ထိခိုက်တော့မှာပဲလို့ စိုးရိမ်ပြီး ငါ့ကိုယ်ငါ သူတို့ ထင်သလို မဟုတ်ပါဘူး၊ ကျုပ်ဟာ လူကောင်းတစ်ယောက်ပါ၊ သူများသားပျို မယားပျိုကို ဖျက်ဆီးသူ မဟုတ်ပါဘူးလို့ အထင်ရောက်အောင် လုပ်ပြနေတာပဲ ဖြစ်တယ်၊ ဒါဟာ တကယ်ကျတော့ ရွှေတင့်အကျိုးထက် ငါ့အကျိုးဖြစ်နေတယ်။ ရွှေတင်ကို ကယ်တင်ရေးထက် ငါ့ကိုယ်ငါ ကယ်တင်ရေးဖြစ်နေတယ်။ ရွှေတင်ကို အဖတ်ဆယ်ရေးထက် ငါ့ဂုဏ်သိက္ခာကို အဖတ်ဆယ်ရေး ဖြစ်နေတယ်"

မောင်မောင်သန်းသည် ဘာမျှမပြောတော့ဘဲ ကျောက်ခဲလုံးကလေးများကို ကောက်ကာ ကန်ထဲသို့ ပစ်ချနေသည်။ ကန်ရေပြင်တွင် လှိုင်းတွန့်ကလေးများထနေ၏။

"ခုတော့ ငါ့ဂုဏ်သိက္ခာတွေ ပြန်တက်ရေး၊ ငါ့ကို လူတွေက လူကောင်းလို့ ထင်လာအောင် လုပ်ရေးတွေကို မစဉ်းစားတော့ဘူး။ ဒီကိုရောက်လာပြီး လယ်သမားတွေကိုမြင်ရတော့ ပိုပြီး ငါ့အမြင်၊ ငါ့အတွေးတွေဟာ ပြတ်သားလာတယ်။ ငါ့မှာ အပေါ်ယံ ဂုဏ်သိက္ခာတွေ၊ ပစ္စည်းတွေ ဘယ်လောက်ရှိပေမဲ့ တကယ်တော့ ငါတို့အမျိုးတွေဟာ လူများပါးစပ်နားက ထမင်းလုပ်ကို အေးအေးပြတိုက်ပြီး စားနေတာပဲ၊ မတရားလုပ်နေကြတာပဲ၊ လောကမှာ ဂုဏ်တွေ ပိုက်ဆံတွေသာရှိပြီး အကျင့်သိက္ခာမရှိရင် တရားမျှတမှုမရှိရင် ဘာလုပ်မှာလဲ၊ ဂုဏ်တို့ ပိုက်ဆံတို့ဆိုတာတွေဟာ အကျင့်သိက္ခာနဲ့ တရားမျှတမှုလောက် တန်ဖိုးမရှိပါဘူး"

"ဒါတော့ ဟုတ်တာပေါ့ကွာ"

"အေး ဒါတွေကို ငါအားလုံး အပြန်ပြန်အလှန်လှန် စဉ်းစားပြီးပြီ။ ဒီလိုစဉ်းစားပြီးတော့မှ ရွှေတင့်ကို ငါလက်ထပ်ပြီး ယူမယ်။ အယူခံရှုံးရင်လဲ ကျွန်းကိုလိုက်သွားမယ်။ ငါ့မြေတွေကိုလဲ ငါ လှူပစ်ပေးပစ်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တာ။ ငါ စိတ်နောက် ကိုယ်ပါ အရူးလိုလုပ်နေတာ မဟုတ်ဘူး။ ဒို့ဆွေမျိုးတွေကသာ ဂုဏ်စိတ် ပကာသနစိတ် ပိုက်ဆံစိတ် ခေါ်ဆောင်ရာကို လိုက်ပြီး အရူးလို လုပ်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသည် အနောက်ဘက်သို့ နိမ့်ဆင်းစပြုလာ၏။ ကောင်းကင်တစ်နိုတွင် တိမ်ပုံများသည် မျောပါနေကြ၏။ ရွက်လွင့်လာသော လှေကြီးများနှင့် တူပေသည်။ ကလေးများသည် ကျွဲအုပ် နွားအုပ်များကို မ,၍ ပြန်လာကြသည်။ ကိုယ်တုံးလုံးနှင့် ကျွဲကျောင်းသားကလေးသည် ကျွဲကျောကုန်းပေါ်တွင် ထိုင်ကာ ပလွေမှုတ်လာသည်။ ကျန်ကလေးများက က၍လိုက်လာကြသည်။ ခင်မောင်ဝင်းက သူတို့ကို ကြည့်နေသည်။

"ကြည့်စမ်း၊ သူတို့မှာ ဆောင်းတွင်း ခိုက်ခိုက်တုန်အောင် ချမ်းပေမဲ့ စောင်ခြုံစရာ မရှိဘူး။ သူတို့က လယ်တွေလုပ်ပြီး ဒီလိုဆင်းရဲနေတဲ့ အချိန်မှာ ဒို့က သူတို့ဆီက အေးအေးပြတိုက်ပြီး အနွေးထည်အထပ်ထပ်ဝတ်၊ စည်းစိမ်နဲ့နေတာမျိုးကို ဂုဏ်လို့ ခေါ်မလား၊ တရားမျှတမှုလို့ခေါ်မလား။ ဒီတော့ ငါ့မှာ ရှိတဲ့ပစ္စည်းတွေ မမက်မောတော့ဘူး မောင်မောင်သန်း။ အစတုန်းကတော့ သီးစားသမားတွေကို သီးစားခ လျှော့ပေးမယ်၊ လယ်ကူလီတွေကို သီးစားချပေးမယ်လို့ စိတ်ကူးထားတာပဲ ရှိတယ်။ ခု သူတို့အခြေအနေတွေ မြင်ရတော့ သီးစားခ လျှော့ရုံ၊ သီးစားချပေးရုံနဲ့ ငါ မတင်းတိမ်ချင်တော့ဘူး။ ဒါတွေအားလုံးကို ငါစွန့်လိုက်တော့မယ်။ ဒီပစ္စည်းတွေ ဒီမြေတွေကို ပေးပစ်လိုက်မယ်၊ ဒါတွေမရှိတော့မှ ဂုဏ်သိက္ခာဆိုတဲ့အပေါ်ယံတွေ ပျောက်ကွယ်မယ်၊ ဒီတော့မှ ငါဟာ ရွှေတင်ကို ကယ်တင်နိုင်မယ်၊ အပြစ်ကျူးလွန်ခဲ့တဲ့ ငါ့အတိတ်နွံထဲကလဲ ငါ့ကိုယ်ငါ တကယ်အမှန် ကယ်တင်နိုင်မယ်။ ပြီးတော့ ငါရွှေတင်နဲ့ ကျွန်းကိုလိုက်မယ်၊ ဖြစ်နိုင်တယ်"

မောင်မောင်သန်းသည် ကမူဆင်ခြေလျှောမှနေ၍ ကမူထိပ်တွင် ရပ်နေသော ခင်မောင်ဝင်းကို မော့ကြည့်နေမိသည်။ ကောင်းကင်နောက်ခံတွင် ကမူထိပ်မှ ခင်မောင်ဝင်း၏ ရုပ်လုံး မည်းမည်းသဏ္ဍာန်မှာ ထင်းထင်းကြီးပေါ်နေသည်။ မောင်မောင်သန်းသည် ဘာမျှမပြောတော့ဘဲ အရုပ်ကြိုးပြတ်ထိုင်ချလိုက်ကာ ကျောက်စလစ်ခဲကလေးကို ကန်ထဲပစ်ချနေ၏။ ကန်ထဲတွင် ကြာပွင့်များသည် ဖူးပွင့်ဝေဆာနေကြသည်။ တေးသံနှင့် ပလွေသံသည် တနွဲ့နွဲ့ ထွက်ပေါ်လာလေ၏။

"ကိုတောင်သူ နွားလှန် ထတို့မှာကွယ်- ဆီးဖြူပင်စခန်း (အိုကွယ်) နွားရေချပါတဲ့လမ်း"

●

# (၃၈)

ထောင်မှူးကြီးသည် ရှေ့က စားပွဲပေါ်တွင် ဖိုင်တွဲတွေ တစ်ထပ်ကြီးချကာ အလုပ်ရှုပ်နေသည်။ သတင်းစာများလည်း ပုံ၍ နေ၏။ သည်သတင်းစာများမှာ ထောင်ဝင်စာလာသူများ ယူလာသည့် ထောင်ထဲသို့ ပေးသွင်းရန် သတင်းစာများ ဖြစ်သည်။ ထောင်မှူးကြီးသည် ဖိုင်တွဲများကို ဘေးသို့ ဖယ်လိုက်ပြီး သတင်းစာများကို ဖတ်နေသည်။ ထောင်ထဲသို့ သွင်းသင့်သော သတင်းများ ပါ-မပါ စစ်ဆေးနေခြင်း ဖြစ်ပေသည်။ သူ့စားပွဲနှင့် မျက်နှာချင်းဆိုင်အပေါက်ဝတွင် ထောင်ထားသော သင်ပုန်းပေါ်တွင်ကား ကြိုးကျသူများ စာရင်း၊ တစ်ကျွန်းပို့ရမည့်သူများ စာရင်း၊ အယူခံသူများစာရင်း၊ လွတ်သူများ စာရင်းကို မြေဖြူဖြင့်ရေးသားထား၏။

ထောင်မှူးကြီးမှာ ပိန်ပိန်ရှည်ရှည်၊ အသားညိုညိုနှင့် ရခိုင်လူမျိုးဖြစ်၏။ စကားပြောလျှင် ရခိုင်သံဝဲဝဲဖြင့် စကားပြောတတ်ပေသည်။ ထောင်မှူးယူနီ ဖောင်းဝတ်စုံမှာ ပွယောင်းနေသည်ဟု ထင်မှတ်ရသည်။

ထောင်မှူးကြီး စားပွဲဘေး နံရံကပ်လျက် ကုလားထိုင် တန်းလျားပေါ်တွင်မူ ညိုလေးနှင့် ရွှေတင်တို့ ထိုင်နေကြသည်။ ရွှေတင်မှာ အထူးတန်းရထားပြီဖြစ်၍ ထောင်ဝင်စာလာသူညိုလေးနှင့် ထောင်မှူးကြီးရုံးခန်းထဲတွင် တွေ့ခွင့်ပေးခြင်း ဖြစ်ပေ၏။ ညိုလေးသည် ဘိုကေအရှည်၊ ဘလေဇာတိုကျပ်ကျပ်နှင့် ဘန်ကောက်လုံချည် တစ်ပတ်နွမ်းကို ဝတ်ထားပေသည်။

ဘူးဝထဲသို့ ထမင်းချိုင့်များ၊ ခေါက်ဆွဲထုပ်များကိုင်၍ ထောင်ဝင်စာ



www.burmeseclassic.com

www.burmeseclassic.com



လာသူများ ဝင်လာကြပေသည်။ ရိုးရိုးအကျဉ်းသမားများ ထောင်ဝင်စာတွေ့ပေးသည့်နေရာဆီမှ အော်ဟစ်ပြောဆိုနေသံများကိုလည်း ကြားရပေသည်။

"ရော့ ရော့၊ ဒါ မင်းတို့သတင်းစာလား"

ထောင်မှူးကြီးက အသံခပ်ဝဲဝဲဖြင့် လှမ်းပြောကာ စစ်ဆေးပြီးသော မြန်မာ့အလင်း သတင်းစာကို ညိုလေးအား လှမ်းပေးလိုက်သည်။ သတင်းစာမှာ ညိုလေးယူလာခဲ့ခြင်းဖြစ်၏။ ဘူးဝသို့ရောက်လျှင် သတင်းစာကို စစ်ဆေးရန် ထောင်မှူးကြီးရုံးခန်းသို့ တင်လိုက်သဖြင့် ထောင်မှူးကြီးက စစ်ဆေးပြီး ထောင်ထဲသို့ သွင်းခွင့်ပေးလိုက်ခြင်း ဖြစ်သည်။ အကျဉ်းထောင် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသော သတင်းစာသားများပါလျှင်၊ သို့မဟုတ် အကျဉ်းသမားများ ဖတ်ရန်မသင့်ဟု ယူဆသော သတင်းများပါလျှင် ထောင်မှူးကြီးက ဖြတ်တောက်ပြီးမှ သွင်းခွင့်ပြုပေသည်။

ညိုလေးသည် ကုလားထိုင်မှ ထကာ ကိုယ်ကို ရို့၍ ထောင်မှူးကြီးလက်မှ သတင်းစာကို ယူလိုက်ပြီး ရွှေတင်ကို လှမ်းပေးလိုက်သည်။ ရွှေတင်သည် သတင်းစာကို ဝတ်ကျေဝတ်ကုန် လှန်လှောကြည့်နေ၏။ သူ့မျက်လုံးများ သည် သတင်းစာမျက်နှာဖုံး လက်ျာဘက်ထောင့်မှ သတင်းတစ်ပုဒ်ကို မြင်လိုက်သောအခါ ပြူးကျယ်သွားကြသည်။ မျက်နှာထားမှာလည်း တည်ငြိမ်လေးနက်၍လာသည်။ သတင်းအပေါ်တွင် "ဖြူးသခင်တောက်ထွန်း ရန်ကုန်ထောင်ပို့ပြီ" ဟု ခေါင်းတပ်ထားပေ၏။

ရွှေတင်သည် သတင်းစာသားများကို ဆက်၍ ဖတ်နေလေသည်။

"ဖြူးမြို့၊ ဒို့ဗမာ အစည်းအရုံး၊ အတွင်းရေးမှူး သခင်တောက်ထွန်းအား ပြည်ပိုင်အစိုးရက ကာကွယ်ရေးပုဒ်မ ၂၈ အရ ဖမ်းဆီးထားခဲ့ရာမှ ယခုအခါတွင် သခင်တောက်ထွန်းအား တောင်ငူထောင်မှ ရန်ကုန်ထောင်ကြီးသို့ ယမန်နေ့က ပင် ပို့လိုက်ပြီဖြစ်ကြောင်း"

ရွှေတင်၏ မျက်စိထဲတွင် လက်သီး လက်မောင်းတန်း၍ တရားဟောနေသော ကိုတောက်ထွန်းကို မြင်ယောင်လာလေ၏။ ကိုတောက်ထွန်းသည် ဆန်စက်မှ ထွက်သွားပြီးကတည်းက သူ့ဘဝကို ဒို့ဗမာ အစည်းအရုံး၏ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းများဆီတွင် မြှုပ်နှံထားခဲ့သည်။ ဖြူးနယ်မှ လယ်သမားများအား ရှေ့ဆောင်ကာ မြေခွန်တော် လျှော့ပေါ့ရေး၊ သီးစားခ





ဥပဒေ ပြဋ္ဌာန်းရေး၊ လက်ငုတ်လယ်များကို ထွန်ယက်ရေး၊ လုံလောက်သော အမတော်ကြေးများ ရရှိရေးတို့အတွက် ဆောင်ရွက်ခဲ့သည်။ ယခုတော့ ကိုတောက်ထွန်းသည် အဖမ်းခံရပေပြီ။ ရွှေတင်သည် ဖြူးတွင် သူနှင့် ခင်မောင်ဝင်းတို့ လမ်းလျှောက်ရာမှ အပြန် ကိုတောက်ထွန်းတရားပွဲကို ဝင်နားထောင်ရင်း ခင်မောင်ဝင်းပြောသည့်စကားများကို အမှတ်ရလာပေသည်။

"သခင်ပေါက်စ ထောင်ခြောက်လဆိုတာ ဒီလိုလူမျိုးလား၊ ဟဲဟဲ"

ခင်မောင်ဝင်းကား မခိုးမခန့်ရယ်၍လှောင်နေ၏။ ခင်မောင်ဝင်းသည် ဒို့ဗမာ အစည်းအရုံး လှုပ်ရှားမှုကို အထင်သေးခဲ့သူဖြစ်သည်။ အင်္ဂလိပ်အစိုးရကို အထင်ကြီးခဲ့သူဖြစ်သည်။ ခင်မောင်ဝင်းနှင့် ကိုတောက်ထွန်းမှာ ဝင်ရိုးစွန်းနှစ်ခုလို ကွာခြားခဲ့သူများဖြစ်ကြပေ၏။ ရွှေတင်သည် သတင်းကို ဆက်ဖတ်နေပြန်သည်။

"သခင်တောက်ထွန်းမှာ သနပ်ပင် လယ်သမားညီလာခံကြီးတွင် အာဏာဖီဆန်ရေးအတွက် ရဲရဲတောက်ဟောပြောခဲ့ပြီးနောက် အဖမ်းခံရခြင်းဖြစ်သည်ဟု ကြားသိရကြောင်း၊ ၎င်းမှာ တောင်ငူခရိုင်တွင် ဒို့ဗမာသခင် သခင်မများ၊ လယ်သမားများ၊ အလုပ်သမားများကသာမက မြို့မိမြို့ဖများကလည်း လေးစားချစ်ခင်သူ တစ်ဦးဖြစ်ပေရာ အချုပ်ဖြင့် မီးရထားဘူတာသို့ ခေါ်ဆောင်လာသောအခါတွင် ဒို့ဗမာသခင်၊ သခင်မများ၊ လယ်သမားများ၊ အလုပ်သမားများ၊ မြို့မိမြို့ဖများက ကြွေးကြော်သံများ ဟစ်အော်ကာ ဘူတာရုံသို့ လိုက်ပို့ကြသည်ကို တွေ့ရကြောင်း၊ ဖြူးမှ လယ်သမားများနှင့် ဇေယျဝတီမှ အိန္ဒိယအလုပ်သမားများကလည်း မော်တော်ကားများဖြင့် တောင်ငူသို့ လာရောက်နှုတ်ဆက်ကြသေးကြောင်း၊ ဇေယျဝတီမှ အိန္ဒိယ အလုပ်သမားများကမူ (တောက်ထွန်း ကီဂျေး၊ တောက်ထွန်း ကီဂျေး) စသည်ဖြင့် ဟိန္ဒူဘာသာဖြင့် ကြွေးကြော်ကြကြောင်း"

"သခင်တောက်ထွန်းမှာ ပင်နီအင်္ကျီ ဝါးဖတ် ဦးထုပ်ဆောင်းထားပြီး လာရောက်ပို့ကြသော ပရိသတ်များအား



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်စွာ လက်ပြနှုတ်ဆက်၍ လိုက်ပါသွားသည်ကို တွေ့ရကြောင်း။"

ရွှေတင်၏ မျက်စိထဲတွင် ဝါးဖတ်ဦးထုပ်ကြီးကိုဆောင်းကာ ပင်နီဖျင်ကြမ်းအင်္ကျီကြီးဖြင့် ဖို့ရို့ဖားရားဝတ်တတ်သော ကိုတောက်ထွန်းကို မြင်ယောင်လာ၏။ ကိုတောက်ထွန်းကား ဒေါ်မြဆင့်တို့၏ ဆက်ဆံပုံကို မုန်းသူဖြစ်၏။ ဒေါ်မြဆင့်တို့ကြောင့် ရွှေတင် သည်ဘဝသို့ ရောက်လာပုံကို သိလျှင် သူ့အမုန်းမှာ ဘယ်လောက်ခါးသီးလိုက်မည် မသိပေ။ ရွှေတင်ကိုလည်း အပြစ်ပြောလိမ့်မည်ဟု ထင်ပေသည်။ ကိုတောက်ထွန်းနှင့် မတွေ့ရသည်မှာ လေးနှစ်လောက်ရှိလေပြီ။ တွေ့မည့်တွေ့တော့လည်း ထောင်ထဲတွင် အကျဉ်းသမားများအဖြစ် လာတွေ့ကြပေဦးမည်။

"အစ်မရေ၊ အစ်မမှာလိုက်တဲ့ ဖဲထုပ်ပါလာတယ်"

ညိုလေးက ထောင်မှူးကြီး အပြင်ဘက်သို့ ထွက်အသွားတွင်ရွှေတင့်အနားသို့ကပ်၍ ခပ်တိုးတိုး ပြောလိုက်၏။ ရွှေတင်သည် ညိုလေးစကားကို မကြားတော့သလိုဖြင့် သတင်းစာကို လက်ထဲတွင် ခေါက်လျက်သားကိုင်ရင်း ငိုင်နေသည်။ ညိုလေးက စက္ကူပတ်ကာကြိုးဖြင့် ထုပ်လာသော ဖဲထုပ်ကို လှမ်းပေးလိုက်တော့မှ ရွှေတင်သည် ဖဲထုပ်ကို စက်ဆုပ်ရွံရှာစွာ ကြည့်လိုက်ပြီး ခေါင်းရမ်းလိုက်သည်။

"ဟင့်အင်း၊ ငါမလိုချင်တော့ဘူး၊ ပြန်ယူသွားတော့"

ညိုလေးသည် ဖဲထုပ်ကို ဘလေဇာ အင်္ကျီအိတ်ထဲသို့ လျင်မြန်စွာ ထည့်ရင်း ရွှေတင်ကို နားမလည်သလို ငေးကြည့်နေသည်။ ရွှေတင်မှာ သူတို့နှင့် အတူနေစဉ်က အင်မတန် ဖဲရိုက်ဝါသနာပါသူ ဖြစ်သည်။ ဖဲရိုက်နေတုန်း ဧည့်သည်လာလျှင် ဧည့်သည်ဆီက ပိုက်ဆံရဖို့ကို စိတ်ကူးမထည့်တော့ဘဲ ဖဲဝိုင်းမှ မထနိုင်သူဖြစ်၏။ ဖဲရိုက်ရမည်ဆိုလျှင် ထမင်းမစား ဟင်းမစား ရိုက်သူဖြစ်၏။ ထောင်ထဲရောက်တော့လည်း သူတဖွဖွ မှာလွန်း၍ ဖဲထုပ်ကို ယူလာခဲ့ရသော်လည်း မလစ်သဖြင့် မပေးဖြစ်ခဲ့ပေ။ ခါတိုင်း ထောင်ဝင်စာလာလျှင် အိမ်မှာ မျက်မှေးအမြတို့ ဂျော်ကာဆွဲသေးသလားဟု ခဏခဏ မေးကာ သူတို့ ဖဲရိုက်ကြောင်း ညိုလေးပြောပြသည်ကို မြိန်ရေရှက်ရေ နားထောင်တတ်သည်။

ညိုလေးသည် ရွှေတင်၏ အရိပ်အခြေကို ကြည့်၍ ငိုင်နေမိ၏။





ရွှေတင်မှာ မကောင်းမှုဟူသမျှနှင့် မပတ်သက်ချင်တော့သော ဟန်ပန် ပေါ်နေသည်ဟု ထင်ရပေ၏။

"မျက်မှေး အမြကလဲ စီးကရက် ဝယ်ပေးလိုက်တယ်၊ ငွေတစ်ဆယ်လဲ ပေးလိုက်သေးတယ်။ ပြီးတော့ ကိုကြီးလွန်းက ငွေသုံးဆယ်"

"မင်းပဲ ပြန်ယူသွားပါတော့ ညိုလေးရယ်၊ ငါ ဒါတွေ မလိုချင်တော့ပါဘူး၊ အမြကိုလဲ ခုလိုအမှတ်တရပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါ"

ညိုလေးသည် ရွှေတင်ကို အံ့ဩစွာ ငေးကြည့်နေမိသည်။ ခါတိုင်းဆိုလျှင် ရွှေတင်သည် စီးကရက်ကိုလည်း ဖွာတတ်သည်။ စီးကရက်ပါလာလျှင်လည်း အငမ်းမရသောက်တတ်သည်။ ယခုမူ ရွှေတင်တွင် အငမ်းမရဟန်တွေ မရှိတော့ပေ။

သူတို့နှစ်ယောက်သည် စကားမပြောမိကြဘဲ တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေကြ၏။

"ဒီကနေ့ကစပြီး အစ်မရဲ့နာမည် မကျင်ရွှေဆိုတာကို မေ့ပစ်လိုက်ပါတော့ကွယ်၊ ကျင်ရွှေဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝကို ဒီနေ့ကစပြီး အဆုံးသတ်လိုက်တော့မယ်။ ငါ့နာမည်ရင်းက ရွှေတင်တဲ့"

ရွှေတင့် မျက်နှာမှာ ကြည်လင်ဝင်းပလာသည်ဟု ထင်ရ၏။ တကယ်လည်း ရွှေတင်သည် ပြည့်တန်ဆာမ ကျင်ရွှေဘဝကို အတိတ်မှာ မြှုပ်နှံထားလိုဟန် တူပေ၏။ ကျင်ရွှေဘဝကို အဆုံးသတ်၍ ရွှေတင်၏ ဘဝသစ်ကို ထူထောင်လိုဟန် တူပေ၏။ မကောင်းတာတွေကို အတိတ်မှာ ထားခဲ့ပြီး ကောင်းမွန်စွာ နေတော့မည်ဟု ဆုံးဖြတ်ထားဟန်လည်း ရှိပေသည်။

"မရွှေတဲ့၊ ဟုတ်လား"

ညိုလေးက ရွှေတင်ကို အထူးအဆန်းလို ကြည့်နေသည်။ သည်နေ့ ရွှေတင် လုပ်သမျှတွေသည် ညိုလေးအဖို့ အသစ်အဆန်းတွေချည်း ဖြစ်နေ၏။ စိတ်ကလည်း အသစ်၊ ဟန်ပန်တွေကလည်း အသစ်၊ စကားတွေကလည်း အသစ်၊ နာမည်ကလည်း အသစ်။

ညိုလေးသည် ရွှေတင်ကို ကိုဘလွန်းအိမ် မရောက်ခင်ကတည်းက သိခဲ့ဖူး၏။ သည်တုန်းက ရွှေတင်သည် ( ) လမ်းက ပြည့်တန်ဆာခေါင်းအိမ်မှာ ဖြစ်သည်။ ညိုလေးသည် အလုပ်ပါးသည့်နေ့များတွင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းက ပြည့်တန်ဆာခေါင်းအိမ်တွေကို လည်၍ 'ကုန်ဖလှယ်' ရန် စနည်းနာရ၏။ ကိုဘလွန်းအိမ်က 'အဟောင်း' သည် တခြားအိမ်တွင် 'အသစ်' ဖြစ်နေ၏။ တခြားအိမ်က 'အဟောင်း' သည် ကိုဘလွန်း၏ ဖောက်သည်များအတွက် 'အသစ်' ဖြစ်နေတတ်၏။ ညိုလေးသည် သို့ကလို 'ကုန်ဖလှယ်' ရန် စနည်းနာထွက်ရင်း ကုန်သစ် ရွှေတင်ကို ဖဲဝိုင်းတွင် တွေ့ခဲ့ခြင်းဖြစ်၏။ နောက် နှစ်ဦးနှစ်ဘက် သဘောတူညီချက်ဖြင့် ကိုဘလွန်းအိမ်သို့ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။ ညိုလေးသည် သူရှာလာသော ကုန်သစ် 'ရွှေတင်' ကို ကိုဘလွန်းအိမ်တွင် အစစအရာရာ ဂရုစိုက်ရ၏။ ရွှေတင်သည် သူတို့အထဲတွင် ရုပ်လည်း အချောဆုံး၊ ကိုယ်လုံးကိုယ်ပေါက်လည်း အဖြောင့်ဆုံး၊ စာလည်း အတတ်ဆုံးမို့ ထူးခြားနေ၏။ ရွှေတင် နေမကောင်းလျှင် ပျာပျာသလဲ ပြုစုတတ်၏။ ရွှေတင် လိုချင်တာဆိုလျှင် ရအောင်ရှာ၏။ ကြာသော် အခြားမိန်းကလေးတွေကပင် ရွှေတင်နှင့်ညိုလေးကို ပေးစားလာကြသည်။

"အရွှေ တို့လက်ဖက်ရည် သောက်ချင်တယ်အေ၊ ညည်းလင်လေးကို ညည်းပဲ ခိုင်းပေးစမ်းပါ၊ တို့ခိုင်းလို့မရဘူး"

မျက်ပြူးအမြဲက လက်ဖက်ရည် သောက်ချင်၍ ညိုလေးကို ခိုင်း၍ မရလျှင် ရွှေတင်ကို သည်လိုပင် တိုင်တန်းကတတ်၏။ ရွှေတင်သည် ညိုလေးကို သူတို့လိုလည်း မစာမနာ မခိုင်းရက်ပေ။ ထို့ကြောင့် ညိုလေးကလည်း ရွှေတင်ဆိုလျှင် အစစအရာရာ ညာတာတတ်ပေသည်။ ရွှေတင်နှင့် ညိုလေးတို့ တွေ့ကြသည်မှာ သုံးနှစ်နီးပါးလောက်ရှိပြီ ဖြစ်သော်လည်း ရွှေတင်သည် သူ့ဘဝ ဇာတ်ကြောင်းကို မပြောခဲ့ပေ။ နာမည်ရင်းကိုပင် ယခုမှ ထုတ်ပြောခြင်း ဖြစ်ပေ၏။

"မရွှေတင်တဲ့ ဟုတ်လား၊ အစ်မ နာမည်ကလေးက လှတယ်နော်"

"နာမည်လှတာတွေ အသာထားစမ်းပါကွယ်၊ မင်း ခဏခဏ မေးတဲ့ အစ်မရဲ့အကြောင်းကို ခု ပြောပြရမလား"

ရွှေတင်က ပြုံး၍ မေးလိုက်သည်။ ညိုလေးသည် ဘုမသိဘမသိဖြင့် ရောယောင်ပြုံးရင်း ခေါင်းညိတ်လိုက်၏။ ညိုလေးက ရွှေတင် ငိုလျှင် ငိုခြင်း၊ ရွှေတင်ပြုံးလျှင် ပြုံးခြင်း၊ ငိုရှုံပြုံးရုံသာတတ်သော အစေခံပမာပေတည်း၊

"မင်း-အစ်မအကြောင်းကို ခဏခဏမေးခဲ့တယ် မဟုတ်လား၊ ဒါပေ





မဲ့ အစ်မ မပြောခဲ့ဘူး၊ အစ်မဟာ အစ်မရဲ့ ဇာတ်ကြောင်းကို မြုပ်ထားခဲ့ချင်တာလဲ ပါတယ်၊ ပြီးတော့ အစ်မရဲ့နေရာက ကြည့်ပြီး ဘယ်သူ့ကိုမှ မယုံချင်တာလဲ ပါတယ်။ ခုတော့ အစ်မ မင်းကိုယုံပြီ။ ကိုကြီးလွန်းအိမ်မှာ နေတုန်းကရော အစ်မထောင်ထဲရောက်တဲ့အခါမှာရော မင်း ကူညီစောင့်ရှောက်ခဲ့တာတွေကို ကြည့်ပြီး ခုတော့ အစ်မ မင်းကိုတော့ယုံပါပြီ။ အစ်မအပေါ်မှာ မင်းကျေးဇူး ဘယ်လောက်ရှိတယ်ဆိုတာကိုလဲ အစ်မ သိပါပြီ"

"ရှည်လိုက်တာ အစ်မရယ်၊ အစ်မအကြောင်းကို ပြောမှာသာ ပြောစမ်းပါ"

ညိုလေးက အားမလို အားမရသံဖြင့် ပြောလိုက်သည်။ အရင်တုန်းက သည်အကြောင်းကို ရွှေတင်အား တဖွဖွ မေးခဲ့ဖူးသော်လည်း ရွှေတင်သည် ရှောင်လွှဲ၍သာ နေခဲ့၏။ ယခု သူသိချင်သော အကြောင်းကို ရွှေတင်က ပြောပြမည်ဟုဆိုတော့ သိချင်စိတ်စော၍သာ နေပေသည်။

"အစ်မရဲ့ ဇာတိက ဖြူးနယ်၊ စစ်တောင်းမြစ်ကမ်းမှာရှိတဲ့ မုံးဆိုတဲ့ရွာကလေးကွဲ့၊ အစ်မရဲ့ အဖေကတော့ လယ်သမားပေါ့ကွယ်၊ ဆယ်နှစ်သမီးလောက်လဲ ရောက်ရော ဖြူးကမြေပိုင်ရှင်အပျိုကြီးတစ်ယောက်က ခေါ်မွေးစားထားတာနဲ့ ဖြူးမှာနေခဲ့ရတယ်၊ မွေးစားသမီးဆိုပေမဲ့ အစေခံတစ်ပိုင်းပေါ့ကွယ်၊ အဲဒီမှာနေရင်း အဲဒီအပျိုကြီးရဲ့တူ ရန်ကုန်ကသူဌေးသားတစ်ယာက်နဲ့ လွန်လွန်ကျူးကျူးဖြစ်ပြီး ကိုယ်ဝန်ရှိလာတော့ အပျိုကြီးက အစ်မကိုနှင်ချလိုက်တာပဲ၊ အစ်မလဲ ဇဟားဆိုတဲ့ ရွာကလေးမှာ သွားနေရတယ်၊ ကလေးအဖေကလဲ မပေါ်လာတော့ဘူး၊ အဲဒီရွာမှာ ကလေးဆုံးပြီး လူတစ်ယောက်ရဲ့ အစော်ကားခံရတာနဲ့ ပဲခူးကို ထွက်ပြေးခဲ့တာပဲ"

ရွှေတင်က သူ့ဇာတ်လမ်းကို အတိုချုံး၍ ပြောပြနေ၏။ သည်တစ်ခါ ပြောပြရာတွင် ရွှေတင့်အသံမှာ နာကြည်းသံမပါတော့ပေ။ ဖြစ်ခဲ့သည့် အတိတ်ဟောင်းကို ခွင့်လွှတ်သည့်အသံ၊ ဥပေက္ခာပြုသည့်အသံသာ ပါပေသည်။ ကိုကြီးလွန်းအိမ်ရောက်ပြီး လူသတ်မှုတရားခံ ဖြစ်ရပုံကိုတော့ ညိုလေးသိပြီးဖြစ်၍ မပြောတော့ပေ။

"ဒီသူဌေးသားဆိုတဲ့လူတွေဟာ ဒီလိုပဲ မိန်းကလေးတွေကို ဖျက်ဆီးနေတာထင်ပါရဲ့ အစ်မရယ်၊ ဒီလိုကောင်မျိုးကို ကျွန်တော် လက်စားချေချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ညိုလေးက တက်တစ်ချက်ခေါက်ကာ တင်းမာစွာ ပြောလိုက်သည်။ ညိုလေး၏ တက်ခေါက်သံနှင့် မျက်နှာထားကြောင့် ရွှေတင်ပင်လန့်သွားသည်။ ညိုလေးမှာ ဒီလိုလူမျိုးကို ရွှေတင်က လက်စားချေပါဆိုလျှင် အချိန်မရွေး လက်စားချေမည့်ဟန် ပေါက်နေ၏။

"အစ်မလဲ အစကဒီလိုပဲ နာခဲ့တာပဲ၊ ဒါပေမဲ့ ဒီလူဟာ လူကောင်းပါကွယ်။ ခုတော့ သူ့ခမျာ သူ့အပြစ်တွေသူ နောင်တရရှာပါပြီ"

ရွှေတင်က အဝေးသို့ ငေးကြည့်ရင်း ဆွေးလျသည့် အသံဖြင့် ပြောလိုက်သည်။ အပြင်ဘက် ကုက္ကိုပင်ကြီးအောက်တွင် ထောင်ဝင်စာတွေ့ရန် စောင့်နေသူများကို မြင်ရလေ၏။ သူတို့သည် ထောင်ကြီးဘက်သို့ လှည့်ကာ စိတ်အားထက်သန်စွာ မျှော်နေကြသည်။

"ကျွန်တော်လဲ လူကောင်းမဟုတ်ပါဘူးအစ်မရယ်၊ ဖာခေါင်းအိမ်မှာ ကပ်ရပ်ပြီး ဒီလို မိန်းကလေးတွေကို ဖျက်ဆီးတဲ့အလုပ်ကို စိတ်ညစ်လှပြီ၊ ပျော်လဲ မပျော်တော့ပါဘူး"

"အလုပ်အကိုင်ကော ဘယ့်နှယ်နေသလဲ"

"မကောင်းပါဘူး အစ်မရယ်၊ အော်ဒါရှာရတာကလဲ အရင်ကလို မလွယ်တော့ဘူး၊ အော်ဒါနည်းရင် ကိုကြီးလွန်းက ကြိမ်းသေးတယ်၊ ပုလိပ်ရန်လဲ ကြောက်ရသေးတယ်၊ ကျွန်တော်လဲ ဒီအလုပ်ကြီးကို စက်ဆုပ်လှပြီ၊ ဒို့ပြင်လဲ ဘာမှမလုပ်တတ်"

ညိုလေးက သူ့ဘဝကို သူတွေး၍ ညည်းနေသည်။ ရွှေတင်သည် ဘာမျှမပြောဘဲ သတင်းစာကို အဓိပ္ပာယ်မရှိ လှန်လှောနေသည်။ ညိုလေးဘဝကို တွေး၍လည်း သနားသလို ဖြစ်နေသည်။

"ဒီအလုပ် မလုပ်နဲ့တော့ပေါ့ကွယ်"

ရွှေတင်က သတင်းစာရွက်များကို လှန်ရင်း ပြောလိုက်သည်။ ညိုလေးသည် ထောင်ပြင်ကို လှမ်း၍ ငေးကြည့်နေရာမှ ရွှေတင်ကို ကြည့်လိုက်ပြီး

"ဒီအလုပ် မလုပ်လို့ ကျွန်တော် ဘယ်အလုပ်လုပ်ရမှာလဲ အစ်မရယ်၊ ပညာကလဲ မတတ်၊ လက်မှုပညာလဲ မတတ်နဲ့"

ရွှေတင်သည် ညိုလေးဘဝကို တွေးတောကြည့်မိသည်။ တကယ်တော့ ညိုလေးဘဝသည် သူပြောသည့်အတိုင်းပင် ဖြစ်ပေသည်။

"ကောင်းရာကောင်းကြောင်း အလုပ်တစ်ခုခုရရင် လုပ်မလား"





"ဟာ၊ လုပ်မှာပေါ့ အစ်မရဲ့၊ ဘယ့်နှယ့်ပြောပါလိမ့်၊ ဘာလုပ်ရမလဲသာ ပြောပါ၊ လုပ်ပါ့မယ်"

ညိုလေးက စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

"လယ်ထွန်ရမယ်၊ လယ်သမားပေါ့ကွယ်"

"ဘယ်မှာလဲ"

"အဝေးကြီးမှာ၊ မင်းသွားနိုင်ပါ့မလား"

"အစ်မက ကောင်းစေချင်လို့ လွှတ်ရင် ကျွန်တော် ဘယ်ဖြစ်ဖြစ်သွားမယ်။ ငရဲပြည်ကိုလဲ သွားမှာပဲ၊ ဒါပေမဲ့"

ညိုလေးမှာ စိတ်အားထက်သန်စွာ ပြောနေရာက တန့်သွားပြီး အဝေးသို့ ငေးနေသည်။ သူ့စိတ်ထဲတွင် ဘယ်လို ဆက်ပြောရမည် မသိဘဲ ဖြစ်နေသည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"အစ်မနဲ့ခွဲရမှာတော့ စိတ်မကောင်းဘူး အစ်မရယ်"

"ဒါတော့ကွယ် ခွဲတန်လဲ ခွဲရမှာပေါ့၊ တို့ခုလဲ တစ်ကွဲစီ နေရတာပဲ၊ ဒီအထဲမှာ အယူခံမှုကလဲ မပြီးသေးဘူး၊ အယူခံပြီးလို့ ကျွန်းဒဏ်ကို အတည်ပြုလိုက်ရင် အစ်မက တစ်ကျွန်းကိုတောင် သွားရအုံးမှာ"

ရွှေတင်သည် ဘာမျှမပြောတော့ဘဲ သတင်းစာကို ကောက်၍ လှန်နေသည်။ ညိုလေးသည် အပြင်သို့ ငေးကြည့်နေ၏။ သတင်းစာနောက် တစ်ရွက်ကို အလှန်လိုက်တွင် ရွှေတင့် မျက်လုံးများသည် သတင်းစာကြော်ငြာကော်လံမှ ကြော်ငြာတစ်ခုကို သွား၍ မြင်မိလိုက်သည်။

**သားအဖြစ်မှ စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ ပတ်ကလိန်း၊ ခြံနံပါတ် (....) နေ ကွယ်လွန်သူ မြေပိုင်ရှင် သူဌေး၊ အောက်လွှတ်တော် မင်းတိုင်ပင်အမတ်ဟောင်းနှင့် ဘုရားဒါယကာကြီး ဆာဖိုးဝင်းနှင့် ဘုရားအမ ဒေါ်ခင်ခင်လေး၏သား မောင်ခင်မောင်ဝင်းသည် မိဘဆွေမျိုးအားလုံး၏ ပြောဆိုဆုံးမစကားကို မနာယူပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

ဒေါ်ခင်ခင်လေး



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်သည် သတင်းစာကြော်ငြာကို နှစ်ခေါက် သုံးခေါက်ပြန်ဖတ်နေသည်။ ဘယ်လိုတွေများ ဖြစ်ကုန်ကြပါလိမ့်မလဲဟုလည်း တွေးမိသည်။ သည်ကြော်ငြာနှင့် ကပ်လျက်တွင်လည်း'စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းကြောင်း' ကြော်ငြာတစ်ပုဒ်ကို တွေ့သဖြင့် ဆက်ဖတ်နေပြန်သည်။

ရန်ကုန်မြို့၊ ပတ်ကလိန်း၊ ခြံနံပါတ်( . . . . )နေ ကွယ်လွန်သူ မြေပိုင်ရှင် သူဌေး ဆာဖိုးဝင်းနှင့် သူဌေးကတော် ဒေါ်ခင်ခင်လေး၏သား မောင်ခင်မောင်ဝင်းနှင့် ရန်ကုန်မြို့၊ ဟယ်လပင်လမ်း၊ ခြံနံပါတ်( . . . . )နေ၊ အငြိမ်းစားအရေးပိုင် ဦးဘထွန်း-ဒေါ်မိမိတို့၏သမီး စုစီတို့အား နှစ်ဦးနှစ်ဘက် စေ့စပ်ကြောင်းလမ်းထားခြင်းကို နှစ်ဘက်သော မိဘများ သဘောတူ ဖျက်သိမ်းလိုက်ပါကြောင်း။

ရွှေတင်အဖို့ ကမ္ဘာကြီးသည် ချာချာလည်သွားသည်ဟု ထင်မှတ်လိုက်ရသည်။ သည်ကိစ္စတွေ ဖြစ်လာခြင်းမှာ သူနှင့်ပတ်သက်လိမ့်မည်ဟူ၍လည်း တွေးမိကာ စိုးရိမ်သွားမိပြန်သည်။ ခင်မောင်ဝင်းက သူ့ကို လက်ထပ်ဖို့ မကြာခဏ ပူဆာခဲ့၏။ ဒါတွေကို သူ့ဆွေမျိုးတွေကိုများ ဖွင့်ပြောလိုက်လေပြီလားလည်း မသိပေ။

"မဖြစ်ဘူးထင်တယ် အစ်ကို၊ ရွှေတင်အတွက် အစ်ကို နွံထဲ အကျမခံပါနဲ့"

ရွှေတင်သည် တစ်ယောက်တည်း ခပ်တိုးတိုး ညည်းလိုက်မိသည်။ အပြင်ဘက်သို့ ငေးနေသော ညိုလေးသည် သူ့ဘက်သို့ အလန့်တကြား လှည့်ကြည့်လိုက်သည်။

"အစ်မ ဘာဖြစ်တာလဲ"

ညိုလေးသည် သညာကင်းမဲ့နေသူလိုဖြစ်နေသော ရွှေတင်ကို ကြည့်၍ မေးလိုက်သည်။ သည်တော့မှ ရွှေတင်သည် အနားတွင် ညိုလေးရှိနေသည်ကို သတိရလာကာ လှည့်ကြည့်လိုက်ပြီး ပြုံးလိုက်ကာ

"ဘာမှ မဖြစ်ပါဘူးကွယ်၊ အစ်မဘာသာ အစ်မ ပြောတာပါ။ ဒါထက် ညိုလေး၊ မင်း အစ်မကို ခင်တယ်နော်"

"ခင်တာပေါ့ အစ်မရယ်၊ ဒါများ မေးနေရသေးသလား"





"အစ်မကလဲ မင်းကို ယုံတယ်၊ ဒီတော့ အစ်မ တစ်ခုပြောမယ်နော်"

ညိုလေးက ဘာမျှ မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။

"စောစောက အစ်မပြောသလို အစ်မကို ဒီနေ့ကစပြီး ကျင်ရွှေဆိုတာကို မေ့ပြီး မရွှေတင်လို့ပဲ သဘောထားပါတော့။ အစ်မလဲ ဒီနေ့ကစပြီး ကောင်းကောင်းမွန်မွန် နေတော့မယ်လို့ ဆုံးဖြတ်ပြီးပြီ၊ ဒီတော့ မင်းလဲ အစ်မပြောတဲ့အတိုင်း ကောင်းကောင်းမွန်မွန်နေပေါ့ကွယ်၊ အစ်မ စီစဉ်ပေးပါမယ်။ အစ်မလေ ကျွန်းဒဏ်အတည်ပြုလိုက်လို့ တစ်ကျွန်းကို သွားရလို့ရှိရင် အစ်မ လူတစ်ယောက်ကို လက်ထပ်သွားမယ် စိတ်ကူးတယ်"

"ဟင် အစ်မ လက်ထပ်မယ်၊ လက်ထပ်လို့ရသလား"

ညိုလေးက အံ့အားသင့်စွာ မေးလိုက်သည်။ သည်စကားကို ကြားရလိမ့်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ပေ။ ရွှေတင်က ပြုံးလိုက်ကာ

"ရပါတယ်ကွယ့်၊ လင် ကျွန်းကျရင် မယားလိုက်နိုင်တယ်၊ မယားကျွန်းကျရင် လင်လိုက်နိုင်တယ်။ မင်းကသာ အစ်မပြောတဲ့အတိုင်း ကောင်းကောင်းမွန်မွန်နေပါ"

ညိုလေးသည် ရွှေတင်လက်ထပ်မည့်သူ ဘယ်သူများလဲဟု ဖွင့်၍ မေးလိုက်ချင်သည်။ သို့ရာတွင် ရွှေတင်ကို မေးလည်း မမေးရက်၊ မေးလည်း မမေးရဲပေ၊ သူ့အဖို့ကား ရွှေတင်သည် သူ့ဘဝဇာကရီသာ ဖြစ်ပါ၏။ ရွှေတင်က သေဆို သေ၊ ရှင်ဆို ရှင်၊ ခိုင်းရာလုပ်မည့် အစေခံသာတည်း။

"မင်းကို အစ်မ ယုံပါတယ်နော်၊ ဒီအကြောင်းတွေကို မျက်ပြူးအမြတ်တို့ ကိုကြီးလွန်းတို့ကို မပြောလိုက်ပါနဲ့၊ အိုကွယ် မျက်မှေးအမြဲကိုတောင် မပြော လိုက်ပါနဲ့"

ညိုလေးသည် ခေါင်းငိုက်စိုက်ချထားရာက ခေါင်းကို ညိတ်ပြလိုက်၏။ ထောင်ဝင်စာ အချိန်စေ့သဖြင့် ထောင်မှူးကလေးက ပြန်လွှတ်နေပေပြီ။ ညိုလေးနှင့် ရွှေတင်သည် ထိုင်ရာမှ ထလိုက်ကြသည်။

"သွားတော့မယ် အစ်မ"

ညိုလေးသည် ရွှေတင်ကို မကြည့်ဘဲ နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ သူ့ရင်ထဲမှာ ပြောစရာတွေ အများကြီးရှိသော်လည်း ပြောချိန်လည်း မရ၊ ပြောလည်း မပြောရဲ၊ ပြောလည်း မပြောရက်၊ ဝမ်းထဲကမှ မချိတော့ပေ။ ရွှေတင်သည် ဘယ်သူနှင့် လက်ထပ်ပေမည်နည်း။ ထောင်ထဲတွင် ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လေပြီလားလဲ မသိတော့ပေ။ ရွှေတင်၏ စကားများကိုကား ကြားယောင်နေပေသည်။ ရွှေတင်က တစ်နေရာသို့သွားကာ ကောင်းရောင်းကောင်းဝယ် တစ်ခုခုလုပ်ရမည်ဟု ပြော၏။ ဘယ်လောက်ဝေးသော နေရာသို့ သွားရပေမည်နည်း။

"အစ်မလဲ ဒီနေ့ကစပြီး ကောင်းကောင်းမွန်မွန် နေမယ်လို့ ဆုံးဖြတ်ပြီးပြီ၊ ဒီတော့ မင်းလဲ ဒီနေ့ကစပြီး အစ်မပြောတဲ့အတိုင်း ကောင်းကောင်းမွန်မွန်နေဖို့ အစ်မ စီစဉ်ပေးပါ့မယ်"

●

# (၃၉)

ခင်မောင်ဝင်းနှင့် မောင်မောင်သန်းတို့နှစ်ယောက် ရွှေခင်တို့ ဝိုင်းထဲမှ ပြန်ထွက်လာသော အခါတွင် ကလေးတစ်သိုက်မှာ သူတို့ကို စောင့်၍ ကြည့်နေကြဆဲပင် ဖြစ်၏။ ကလေးအုပ်မှာ စောစောကထက်ပင် များလာသည်ဟု ထင်ရသည်။ သူတို့နှင့်မလှမ်းမကမ်းတွင် ရင်ရှားထားသော မိန်းမ တစ်ယောက်သည် သေးကွေးလှသော နှစ်ခါလည်သားကလေးတစ်ယောက်ကို ချီထားလေသည်။ ကလေးမှာ တစ်ကိုယ်လုံးဝါထိန်ကာ လက်မောင်းကလေးများမှာ ပိန်ချည့်သေးကွေးကာ အရိုးတွေငေါထွက်နေကြသည်။ မိန်းမမှာ သူတို့ကို ငေး၍ ကြည့်နေ၏။

"အဲဒီ မိန်းမက ဘယ်သူလဲကွ"

"အဲဒါ ကျုပ်ပြောတဲ့ မဖွားမယ်ဆိုတာပေါ့ဗျ"

ပုဆိုးကွင်းသိုင်းနှင့် ကောင်လေးက ဖြေလိုက်သည်။ ခင်မောင်ဝင်းသည် သေးကွေးချည့်နဲ့နေသော ကလေးကို ကြည့်၍ စိတ်မကောင်း ဖြစ်သွားသည်။ ကလေးမှာ ကိုယ်တုံးလုံးလေးနှင့်ဖြစ်သည်။ အဝတ်အစား ဆို၍ ဘာမျှမရှိပေ။ ခင်မောင်ဝင်းသည် ကလေးများကို ရှောင်ကွင်းကာ မဖွားမယ် ရှေ့သို့ သွားရပ်လိုက်၏။ မဖွားမယ်သည် လန့်ကာ နောက်သို့ ဆုတ်သွားပြီး သူ့ကို ကြည့်နေလေသည်။ သူ့ကလေးအား ခင်မောင်ဝင်းက လုယူမည်ကို စိုးရိမ်သည့်ပုံဖြင့် ကလေးကို ခင်မောင်ဝင်းက မမြင်အောင် ကိုယ်နှင့်ဖြင့် ဘေးတိုက်၍ ထားလိုက်သည်။ ကလေးသည် မိခင်ရင်ခွင်ထဲမှ ခေါင်းပြူကာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းကို ကြည့်၍ ပြုံးရယ်နေ၏။ သို့ရာတွင် သူပြုံးရယ်ခြင်းမှာ ပြုံးရယ်ခြင်းနှင့် မတူဘဲ မချိမဆံ့ ဝေဒနာကြီးတစ်ရပ်ကို ခံရ၍ ငိုမဲ့နေပုံနှင့်တူသည်ဟု အောက်မေ့မိသည်။

"မဖွားမယ်ဆိုတာ ခင်ဗျားလား"

"ဟုတ်တယ်တော့"

မဖွားမယ်သည် ခင်မောင်ဝင်းကို မကြည့်ဘဲ ခေါင်းငုံ့နေ၏။ မဖွားမယ်မှာ အသက်သုံးဆယ်လောက်သာ ရှိဦးမည်ဖြစ်သော်လည်း ကြမ်းတမ်းရင့်ရော်၍ နေပေသည်။ ရင်ရှားထားသော သူ့လုံချည်မှာ မည်းညစ်စုတ်ပြတ်နေ၏။ သူ့ယောကျ်ားမှာ ခင်မောင်ဝင်းတို့၏ လယ်များတွင် လယ်ကူလီလုပ်သူဖြစ်သည်။ မြေပေါ်မှ သစ်ပင်များကို လှဲသည်ဆိုကာ ပိုင်နက်ကျူးလွန်မှုဖြင့် ထောင်ကျနေလေသည်။

"ဘာလုပ်ကိုင်စားသလဲ"

"ခုတော့ ဒီလိုပါပဲတော်၊ တောင်းရမ်းစားရတော့တာပေါ့"

မဖွားမယ်သည် ပြောရင်းဆိုရင်း မျက်ရည်တွေ စီးကျလာကာ ငိုနေ၏။ ရင်ခွင်ထဲက ကလေးမှာ သူ့အမေကို ပြုံးရယ်ကာ ခြေထောက်ကလေးများကို ကော့ကော်ကန်ကားလုပ်၍ ကစားနေလေသည်။ သူ့ခြေထောက်ကလေးများမှာ ကျူရှိုးသာသာမျှ ရှိပေသည်။

"ရော့ ရော့၊ ကလေးမုန့်ဖိုးယူထား"

ခင်မောင်ဝင်းက သားရေအိတ်ကို ထုတ်ကာ ဆယ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ မဖွားမယ်သည် ပါးစပ်မှ တတွတ်တွတ်ဆုတောင်းရင်း ကျန်ရစ်ခဲ့၏။ ရှေ့ နှစ်လှမ်းလောက် လှမ်းမိကာရှိသေး မိန်းမတစ်သိုက်ပေါ်လာကြပြန်သည်။ သူတို့အားလုံးက သူတို့ ဆင်းရဲပုံကို ပြောပြကြကာ ပိုက်ဆံတောင်းကြပြန်သည်။ သူတို့ကို ခွဲဝေပေးရင်းဖြင့် ခင်မောင်ဝင်း အိတ်ထဲတွင်ပါလာသော ငွေခြောက်ဆယ်မှာ အကြွေမျှသာ ကျန်တော့သည်။ လူကြီးတွေ ပိုက်ဆံတောင်းသည်ကို မြင်လျှင် ကလေးတွေကလည်း ဝိုင်း၍ တစာစာ တောင်းကြသည်။

"ဟေး ဟေး၊ မရှိတော့ဘူးကွ၊ ရော့ ရော့၊ တစ်ယောက်တစ်မူးစီ"

မောင်မောင်သန်းက သူ့အိတ်ထဲတွင် ပါလာသော ပိုက်ဆံအကြွေများကို ခွဲဝေပေးနေသည်။ ကလေးများမှာ ပိုက်ဆံလုရင်းလည်း အချင်းချင်း ရန်ဖြစ်နေကြသည်။





ခင်မောင်ဝင်းသည် ဦးရွှေဝအိမ်ဘက်သို့ လျှောက်လာခဲ့သည်။ သူတွေ့မြင်ကြားခဲ့သော အဖြစ်အပျက်များကို တွေးလာခဲ့မိသည်။ တကယ်ဆိုတော့ လယ်သမားတွေ၏ ဘဝမှာ နာကြည်းစရာ ဘဝဖြစ်၏။ သေတွင်းထဲသို့ ရောက်နေသော ဘဝဖြစ်၏။ လူကြီးများမှာ နံနက်မှ ညမိုးချုပ်တိုင် အလုပ်လုပ်ရသည်။ ကလေးများကား အစာရေစာဝလင်အောင် မစားရ၍ ကြုံလှီဖျော့တော့နေကြသည်။ သို့ရာတွင် သူတို့ဘဝကို သူတို့ နာကြည်းရမှန်း သိဟန်မတူပေ။ သူတို့သည် ဆင်းရဲသော ပတ်ဝန်းကျင်တွင် မွေးဖွားကာ ဆင်းရဲသော ပတ်ဝန်းကျင်မှာပင် ကြီးပြင်းလာကြပြီး ဆင်းရဲသော ပတ်ဝန်းကျင်မှာပင် သေသွားခဲ့ကြ၏။ ကြာသော် ဆင်းရဲခြင်းသည် သူတို့အဖို့ သဘာဝနိယာမ တရားကြီးတစ်ခု ဖြစ်လာပေသည်။

သူတို့ ဆင်းရဲတွင်းနက်ရခြင်းမှာ သူတို့ကို ဝလင်အောင် ကျွေးမွေးပေးသော မြေယာများကို သူတို့ လက်ထဲမှ မြေပိုင်ရှင်များက လုယူထားသောကြောင့် ဖြစ်သည်ဟု ခင်မောင်ဝင်းစိတ်တွင် ထင်မြင်လာ၏။ သူတို့တွင် ထွန်စရာ မြေမရှိ၊ စားစရာ ဝမ်းစာစပါးမရှိ၊ စိုက်စရာ မျိုးစပါးလည်း မရှိပေ။ မြေယာများသည် သူတို့လက်ထဲတွင်မရှိဘဲ မြေရှင်များ၏ လက်ထဲသို့ ရောက်နေကြ၏။ မြေယာမှ ထွက်သော သီးနှံများသည် ဒေါ်မြဆင့်စက်ထဲက စပါးကျီထဲသို့ ရောက်နေကြ၏။ သီးနှံစပါးတို့သည် ဒေါ်မြဆင့်၏ ညှော့ခန်းတွင် အလှထားသော စန္ဒရား၊ ဒေါ်မြဆင့်ပန်သော စိန်နားကပ်၊ ခင်မောင်ဝင်းကိုင်သော ချယ်ရီသား လက်ကိုင်တုတ်၊ စားပွဲပေါ်တွင် အလှတင်ထားသော ဆင်စွယ်ရုပ်များ ဖြစ်လာကြပေသည်။

အမှန်ကတော့ မြေယာသည် တစ်ဦးတစ်ယောက်ပိုင်သော ပုဂ္ဂလိကပစ္စည်း မဖြစ်သင့်ပေ။ နေရောင်ခြည်၊ ရေနှင့်လေကို ရောင်းဝယ်ဖောက်ကားခြင်းပြုလို့မရသလို မြေယာကိုလည်း ရောင်းဝယ်ခြင်းမပြုသင့်ပေ။ မြေကြီးသည် လူတိုင်းအား သဘာဝက ပေးလိုက်သော ဘုံပစ္စည်းသာ ဖြစ်သင့်ပေသည်။ ဘယ်သူမှ မပိုင်သင့်သော မြေယာကို ကိုယ်ပိုင်ဟု ယူဆကာ လယ်သမားများအား သီးစားချထားခဲ့သည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် ရှက်၍လာ၏။

"ဟုတ်တယ်၊ နေရောင်ခြည်တို့ လေညင်းတို့ကို ဘယ်သူကမှ ပိုင်လို့မရသလို မြေကြီးကိုလဲ ဘယ်သူကမှ ပိုင်ဖို့မကောင်းဘူး။ ငါက



www.burmeseclassic.com

www.burmeseclassic.com



ဒီမြေတွေဟာ ငါ့မြေ၊ ငါပိုင်တယ် ဆိုပြီး လယ်သမားတွေကို သီးစားချမလို့ လုပ်နေတယ်။ ဒီလိုမလုပ်တော့ဘူး၊ ဒီမြေတွေကို သူတို့ကို ခွဲဝေပေးပြီး အဲဒီက သီးစားခတွေကို စုပေါင်းပြီး သူတို့ကောင်းကျိုးအတွက် အသုံးချရမယ်။ ခုအခြေအနေမှာတော့ ဒါဟာအကောင်းဆုံးပဲ"

ဦးရွှေဝမှာ သူ့ကို စောင့်ကြို့နေလေသည်။ ခင်မောင်ဝင်းက သူ့စိတ်ကူးကို ဦးရွှေဝအား ဖွင့်၍ ပြောလိုက်သည်။ ဦးရွှေဝသည် သူ့ကို အံ့အားသင့်စွာ ကြည့်နေသည်။

"ဒါဖြင့် ဆရာလေးအဖို့တော့ သီးစားခနည်းသွားမှာပေါ့နော်"

"မဟုတ်ဘူး၊ သီးစားခနည်းရုံမကတော့ဘူး၊ လုံးလုံးကို မရတော့ဘူး၊ ကျွန်တော့်သဘောက ဒီမြေတွေအားလုံးကို ပုဂ္ဂလိကပိုင် မရှိစေရဘူး၊ ဒါကြောင့်မို့ ဒီမြေကထွက်တဲ့ သီးနှံတွေကိုလဲ ဘယ်သူမှ မပိုင်တော့ဘူး၊ အားလုံးသမဝါယမနဲ့ စုပေါင်းပိုင်ရမယ်"

"ဒီလိုဆို ဆရာလေး ဘယ်မှာ မြေထောက်ခရတော့မလဲ"

ဦးရွှေဝက စိုးရိမ်တကြီး ဖွင့်ပြောလိုက်သည်။

"ဟုတ်တယ်၊ မရတော့ဘူး၊ ကျွန်တော် ဒါတွေအားလုံးကို စွန့်ပစ်လိုက်တော့မယ်"

ဦးရွှေဝသည် ဘာမျှမပြောတော့ဘဲ သက်ပြင်းကိုသာ ချလိုက်၏။ ယခုတော့ သူနားလည်ပေပြီ၊ စောစောက ခင်မောင်ဝင်းစီစဉ်ခဲ့သလို လယ်သမားများအား သီးစားခလျှော့ပြီး လယ်ကူလီများအား သီးစားချထားပေးမည်ဟုဆိုလျှင် ဦးရွှေဝအဖို့ အမြတ်ထုတ်နိုင်သည့် နည်းလမ်းကလေးတွေရှိသေး၏။ ယခုလို ခင်မောင်ဝင်းက သူပိုင်မြေအားလုံးကို အများပိုင်လုပ်လိုက်တော့မည် ဆိုလျှင် သူ့အဖို့ လမ်းပိတ်သွားလေပြီ။ ခင်မောင်ဝင်းသည် စိတ်ရူးပေါက်နေသူလား၊ ဗိုဇမာ သခင်များကို အားကျလေသလားဟု တွေးမိလေသည်။

ဦးရွှေဝ အိမ်ရှေ့တလင်းပြင်မှာ ရွာသားတွေ၊ မိန်းမတွေနှင့် ပြည့်ကျပ်နေသည်။ လဆန်းဖြစ်၍ အနောက်ဘက် ကောင်းကင်တွင် လတစ်ခြမ်းမှာ ရေးရေးပေါ်နေလေ၏။ ခင်မောင်ဝင်းသည် မတ်တတ်ရပ်ကာ လယ်သမားများအား သူ့အစီအစဉ်ကို ပြောပြသည်။ လယ်သမားများမှာ ဘာမျှထူးခြားဟန်မပြဘဲ တိတ်ဆိတ်နေကြ၏။





"ခုလို ကျွန်တော်ပိုင်တဲ့ မြေယာတွေကို ခင်ဗျားတို့ အများပိုင်ပစ္စည်းအဖြစ် ခွဲဝေပေးလိုက်တာ အကြောင်းရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ တကယ် လယ်မလုပ်တဲ့လူဟာ ဒီလယ်ကို မပိုင်သင့်တော့ဘူးလို့ ထင်လို့ပါပဲ။ ဒီလယ်တွေဟာ တကယ် လယ်လုပ်တဲ့လူတွေအားလုံး စုပေါင်းပိုင်သင့်တယ်လို့ ထင်ပါတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

လယ်သမားတွေက ခင်မောင်ဝင်း စကားလုံးများကို သဘောကျသွားကာ ထောက်ခံကြသည်။

"ခု ကျွန်တော်ပိုင်တဲ့ လယ်တီကွင်း၊ လက်ခုပ်ပင်ကွင်း၊ မိုးကောင်းကွင်းနဲ့ ကြက်မသောက်ကွင်းက စုစုပေါင်း လယ်ဧကနှစ်ထောင်ကျော်လောက်ကို ခင်ဗျားတို့ လယ်သမားတွေအားလုံးပိုင်တဲ့ လယ်တွေဖြစ်အောင် လုပ်မယ်။ အဲဒီလယ်တွေမှာ ခင်ဗျားတို့က ဝင်လုပ်ကြမယ်၊ သီးစားခကို ထိုက်သင့်သလို သတ်မှတ်ပြီး သီးစားခတော့ ပေးကြရမယ်။ ဒါပေမဲ့ အဲဒီသီးစားခတွေကို ကျွန်တော့်ကို မပေးရတော့ဘူး၊ ခင်ဗျားတို့အတွက်သုံးဖို့ ရန်ပုံငွေထဲမှာ ထည့်ဝင်ရမယ်။ ခင်ဗျားတို့ပေးထားတဲ့ သီးစားခတွေကို စုထားတဲ့ ရန်ပုံငွေဟာ ခင်ဗျားတို့ကောင်းကျိုးအတွက် အသုံးချရမယ်။ ဥပမာ - အဲဒီရန်ပုံငွေထဲက ခင်ဗျားတို့အတွက် စာသင်ကျောင်းဆောက်မယ်၊ ဆေးပေးခန်းဆောက်မယ် အစရှိသဖြင့် အသုံးချသွားမယ်၊ မြေခွန်တော်ကိုလဲ ဒီရန်ပုံငွေထဲကပဲ ပေးရမယ်"

ခင်မောင်ဝင်း၏ အစီအစဉ်ကို အားလုံးကပင် သဘောကျကြ၏။ သို့ရာတွင် ခင်မောင်ဝင်းကိုကား သိပ်ယုံကြည်ကြပုံမရကြသေးပေ။ ဖွင့်၍ မပြောသော်လည်း သူတို့ကို ဘယ်လိုများ လှိမ့်အုံးမလဲဟု စိုးရိမ်နေကြသည်။ ခင်မောင်ဝင်းပြောသည့်အတိုင်းဆိုလျှင် သည်မြေများအားလုံးကို သူတို့အားလုံးပိုင်ကာ သီးနှံစပါးများရောင်းရငွေကိုလည်း သူတို့အားလုံးပိုင်ကြမည်ဖြစ်၏။ သို့သော် လူဆိုသည်မှာ ကိုယ်ကျိုးမရှိသည့်ဟာကိုတော့ လုပ်မည်မဟုတ်ကြောင်းကို သူတို့သိကြ၏။ မြေပိုင်ရှင်များသည် သူတို့အကျိုးအတွက် ကြည့်ကြပုံကိုလည်း သူတို့သည် ဘိုးဘွားဘီဘင် လက်ထက်ကစ၍ သူတို့ယခုတိုင် တွေ့ရသော အတွေ့အကြုံများအရ သိပြီးဖြစ်သည်။ ထို့ကြောင့် မြေပိုင်ရှင်က သူတို့အား စုဝေးခေါ်၍ တစ်ခုခုပေးမည်ဟုပြောတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိတ်ထဲက နောက်ထပ် ဘယ်လိုနှိုက်ယူရမည်နည်းဟု နည်းလမ်းရှာခြင်းဖြစ်သည်ဟု ထင်နေကြ၏။ ထို့ကြောင့် ခင်မောင်ဝင်းအား မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ကြည့်နေမိကြခြင်း ဖြစ်ပေသည်။

"ကဲ၊ ဒီတော့ သီးစားခနှုန်းကို ဘယ်လိုသတ်မှတ်မလဲ"

ခင်မောင်ဝင်းက သူ့ကို မယုံမရဲဖြင့်ကြည့်နေကြသော ရွာသားတွေကို လှမ်း၍မေးလိုက်သည်။

"ဒါတော့ ကျုပ်တို့တစ်တွေက သတ်မှတ်လို့ ဘယ်ဖြစ်မလဲ ဆရာလေးရဲ့၊ မြေက ဆရာလေးမြေမဟုတ်လား၊ ဆရာလေးက သတ်မှတ်မှပေါ့"

လယ်သမားများမှာ သူ့ကို ယခုတိုင် မယုံမရဲ ဖြစ်နေသည်ကို သတိထားမိသဖြင့် ခင်မောင်ဝင်းက ပြုံးလိုက်သည်။

"ဒို မဟုတ်ဘူး၊ ကျွန်တော့်မြေမဟုတ်တော့ဘူး၊ ဒီမြေတွေအားလုံးကို ခင်ဗျားတို့အားလုံးပိုင်ဖြစ်အောင် လုပ်မယ်၊ ခင်ဗျားတို့က ခင်ဗျားတို့ကြိုက်တဲ့ သီးစားခကို သတ်မှတ်ပြီး သီးစားခကို ကျွန်တော့်မပေးတော့ဘဲ စုထားမယ်။ အဲဒီသီးစားခရတဲ့ ငွေတွေကို ခင်ဗျားတို့အတွက် သုံးမယ်၊ သမဝါယမ သဘောပေါ့ဗျာ"

"ဟာ မဖြစ်နိုင်တာ ဆရာလေးရယ်၊ သမဝါယမက တစ်မျိုး၊ ဒါက တစ်မျိုးပဲ"

ဦးရွှေဝမှာ အလိုလို စိတ်တိုနေရသည့်အထဲ လယ်သမားတွေက အင်တင်တင်ဖြစ်နေသဖြင့် ပို၍ စိတ်တိုလာသည်။

"ခင်ဗျားတို့ ဒီလောက် ပြောတာတောင် နားမလည်သေးဘူးလား၊ ကဲ- ကျုပ်ပြောမယ်၊ သေသေချာချာနားထောင်၊ ခု-ခင်ဗျားတို့သမဝါယမအဖွဲ့တစ်ခုဖွဲ့ရော၊ အဲဒီအဖွဲ့ကို ခင်ဗျားတို့အားလုံးပိုင်ကယ်၊ ဆရာလေးက သူ့မြေတွေကို သမဝါယမအဖွဲ့အပ်လိုက်မယ်၊ ခင်ဗျားတို့က သမဝါယမဆီက မြေကို ယူပြီး သီးစားခပေးပြီး လုပ်ကြ၊ သီးစားခကို သမဝါယမအဖွဲ့က သိမ်းထားပြီး ခင်ဗျားတို့အတွက် အသုံးချမယ်။ ဒါကိုပြောတာ နားမလည်ဘူးလား"

"နားလည်ပါတယ်ဗျ၊ ဒါပေမဲ့ အဲဒီလို သမဝါယမတွေ ဘာတွေလုပ်နေရင် ကျုပ်တို့သီးစားခတွေ ဘာတွေကို ကန့်သတ်တဲ့ အချိန်အတွင်းပေးရမှာဗျ၊ ခု-ဆရာလေးတို့ဆီ ပေးရတာက သည်နှစ်မပေးရင်





နောင်နှစ်ကျမှ အတိုးနဲ့ပေးလို့ရတယ်။ သမဝါယမကျရင် နောက်ကျမှ ပေးမယ်ဆိုလို့ဖြစ်မှာ မဟုတ်ဘူး၊ ဒီလိုဆို ကျုပ်တို့အားလုံး ဒုက္ခရောက်ကုန်မှာဗျ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အရင်လို ကျုပ်တို့ သီးစားချတာပဲကောင်းပါတယ်၊ ကျုပ်တို့က တောသားတွေ၊ ဘာမှ နားလည်တာမဟုတ်ဘူး၊ ဒီတော့ ဘိုးဘွားလက်ထက် လုပ်လာတဲ့အတိုင်း ပိုနေမြဲ ကျားနေမြဲပဲ ကောင်းတယ်"

"ဆရာလေးဟာကလဲဗျာ၊ ကျုပ်တို့ မလုပ်ဖူးဘူး၊ အရင်ကလိုပဲ ကောင်းပါတယ်၊ သီးစားခသာ လျှော့ယူပါ"

ခင်မောင်ဝင်းမှာ လယ်သမားတွေ သဘောမပေါက်ပုံကို ကြည့်၍ စိတ်တိုလာသည်။ သူတို့စိတ်ထဲတွင် သူ့အပေါ် မယုံသင်္ကာဖြစ်နေသည်ကိုလည်း ဝမ်းနည်းလာသည်။

"ကဲ- ကျွန်တော်ပြောမယ်၊ ခင်ဗျားတို့ ခုလယ်ရှင်ကို သီးစားခ ပေးရတဲ့စံနစ်အရ ဒီတစ်နှစ် မပေးနိုင်လို့ရှိရင် နောက်နှစ်မှ ပေးလို့ရတာမှန်တယ်၊ ဒါပေမဲ့ အတိုးနှစ်ဆသုံးဆလောက် ပြန်ပေးရတာကိုလဲ ထည့်စဉ်းစားကြဦး၊ ခုအတိုင်းဆိုရင် ခင်ဗျားတို့က ကျွန်တော်ပေးတဲ့မြေကို မလိုချင်ဘူးလို့ ငြင်းတဲ့အဓိပ္ပာယ်ထွက်တယ်၊ ဒီလိုဆိုရင် ကျွန်တော် တစ်ခုမေးမယ်၊ ခင်ဗျားတို့မှာ ခင်ဗျားတို့ပိုင်တဲ့မြေ ရှိသလား"

"ဘယ်ရှိမလဲ ဆရာလေးရဲ့"

"ကဲ- ဒီတော့ ကျွန်တော်ပြောတာကို ခု အဖြေမပေးချင်သေးဘူးဆိုရင် စဉ်းစားကြပါဦး"

"စဉ်းစားစရာမလိုတော့ပါဘူး ဆရာလေးရယ်၊ ပိုနေမြဲ ကျားနေမြဲပဲ ကောင်းတယ်"

"ကိစ္စမရှိဘူးလေ၊ ကျွန်တော် မနက်ဖြန်ထိ စောင့်မယ်၊ အဲဒီတော့ တစ်ခါထပ်ပြောကြဦးပေါ့"

လယ်သမားများက ဘာမျှအဖြေမပေးကြဘဲ တိတ်ဆိတ်နေကြသည်။ ခင်မောင်ဝင်းသည် လယ်သမားများကို နားမလည်သလို ငေးကြည့်နေသည်။ ဦးရွှေဝက -

"ဆရာလေးရယ်၊ ဒီတောသားတွေဆိုတာ ဒီလိုပဲ၊ သူတို့ကိုကောင်းစေချင်လို့ လုပ်ပေးပေမဲ့ စေတနာကို ဝေဒနာလို့ ထင်တယ်၊ ခင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းထားတာပဲ ကောင်းတယ်။ သူတို့ကောင်းကျိုးကို လုပ်လို့ လုပ်မှန်းမသိတဲ့ လူတွေ ငတ်တာပဲကောင်းတယ်"

"သူတို့ထဲက လူကြီးတွေနဲ့တွေ့ပြီး စကားပြောရရင် မကောင်းဘူးလား၊ သူတို့ကို ရေလည်အောင် ရှင်းပြပေါ့"

မောင်မောင်သန်းက အကြံပေးလိုက်သည်။

"ဦးရွှေဝတို့အထဲက လူကြီးတွေကို မနက်ဖြန် ဖိတ်ပေးစမ်းပါဗျာ"

ဦးရွှေဝက ခေါင်းကို ညိတ်လိုက်၏။ သူ့စိတ်ထဲတွင်ကား မဖြစ်နိုင်ပါဘူးဟု တတွတ်တွတ် ရွတ်ဆိုနေမိလေသည်။

●

## (၄၀)

ခင်မောင်ဝင်းနှင့် မောင်မောင်သန်းသည် ပက်လက် ကုလားထိုင်တစ်လုံးစီဖြင့် မန်ကျည်းပင်အောက်တွင် ထိုင်နေကြသည်။ ဦးရွှေဝနှင့် ရွာလူကြီးခြောက်ယောက်မှာ သူတို့နှင့် မျက်နှာချင်းဆိုင် ကွပ်ပျစ်ပေါ်တွင် ထိုင်နေ၏။ အစက မြေကြီးတွင် ထိုင်မည်ဟု တကဲကဲ လုပ်နေကြသဖြင့် ခင်မောင်ဝင်းကပင် ကွပ်ပျစ်ပေါ်သို့ အထိုင်ခိုင်းရ၏။

မန်ကျည်းရွက်များသည် မြေပြင်ပေါ်သို့ ကြွေကျလာကြ၏။ ဘုတ်အီသံကိုလည်း ကြားရတတ်လေသည်။ လူကြီးများမှာ လက်ဖက်ရည်ကြမ်းကို သောက်ရင်း ခင်မောင်ဝင်းကိုသာ ကြည့်နေကြ၏။ ခင်မောင်ဝင်းက သူ့အစီအစဉ်ကို သေသေချာချာ ရှင်းပြနေသည်။

"ကဲ- ကျွန်တော် ထင်တာမြင်တာကို ဖွင့်ပြောမယ်နော်၊ ဦးကြီးတို့လဲ ဦးကြီးတို့မြင်တာကိုပြောပါ၊ ဟုတ်လား"

အားလုံးက ခေါင်းညိတ်ကြသည်။ ဦးရွှေဝက လက်ညှိုးတွင် ကပ်နေသည့် ထုံးများကို ခါးပန်းနှင့် သုတ်ကာ ကွမ်းဝါးရင်းက

"ဘကြီးအို သေသေချာချာ နားထောင်နော်"

"နားထောင်ပါ့မယ် ဖိုးရွှေဝရဲ့"

"ကျွန်တော့်သဘော အတိုချုပ်ကတော့ မြေယာကို ရောင်းလဲ မရောင်းရဘူး၊ ဝယ်လဲ မဝယ်ရဘူး၊ မြေကို ရောင်းနိုင်ဝယ်နိုင်တဲ့ အခွင့်အရေးရှိနေရင် ပိုက်ဆံရှိတဲ့လူက မြေတွေအားလုံးကို သိမ်းကျုံးဝယ်ပစ်လိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မြေမရှိတဲ့လူကို သူ မတရားသဖြင့် သီးစားခယူပြီး ၄ားချနိုင်နေလိမ့်မယ်"

"အဲဒါတော့ ဟုတ်သားဗျ"

ဘကြီးအိုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလိုက်၏။

"ဒါတင်မကဘူး၊ သူ့မြေထဲကို မလာရဘူးလို့ သတ်မှတ်ထားနိုင်တယ်၊ ကုန်ကုန်ပြောမယ်ဗျာ၊ ဒီမြေထဲကို ခြေချတာနဲ့ သူ့ကို တရားစွဲနိုင်တဲ့ အခွင့်အရေးအထိ ရှိနေတယ်"

"ဒါလဲ ဟုတ်တာပဲ၊ တလောက ဖွားမယ် ယောက်ျားကြည့်ပါလား၊ သာရှင်းလဲ ဒီလိုပဲ၊ ဆရာလေးမြေပေါ်က သစ်ပင်လှဲတာနဲ့ တရားစွဲခံရပါကော"

"ဟုတ်တယ်လေ၊ ဒီလိုဖြစ်နေတာဟာ မြေကို အရောင်းအဝယ်လုပ်နိုင်နေကြလို့ပေါ့၊ သူ့မြေ ကိုယ့်မြေလို့ သတ်မှတ်ထားကြလို့ပေါ့၊ ကျွန်တော် ဒီကိုလာခဲ့တဲ့ အကြောင်းကတော့ ကျွန်တော် ဒီမြေတွေကို မလိုချင်တော့ဘူး။ ကျွန်တော့်မှာ ဒီမြေတွေပိုင်ရတာ စိတ်သောက ရောက်ရတယ်၊ ဒါကြောင့်မို့ ဒီမြေတွေကို စွန့်ပစ်လိုက်တော့မယ်။ ခုဆွေးနွေးရတာက ဒီမြေတွေကို ခင်ဗျားတို့ကို ဘယ်လို ခွဲဝေပေးရမယ်ဆိုတဲ့ ကိစ္စပဲ"

"လယ်သမားတွေ ပေးလိုက်ရုံပေါ့ ဆရာလေးရဲ့"

အဘိုးကြီးတစ်ယောက်က လက်ဖက်ရည် ပန်းကန်ကို ချ၍ ပြောလိုက်သည်။ ယခုမှ ခင်မောင်ဝင်း၏ သဘောကို နားလည်လာဟန်ရှိသည်။ သူ့မျက်လုံးများမှာ ခင်မောင်ဝင်းကို စိုက်ကြည့်နေသည်။

"ဟုတ်တယ်၊ ကျွန်တော် လယ်သမားတွေကို ပေးပစ်မယ်၊ အစတုန်းကတော့ သမဝါယမကို အားလုံးပေးပြီး ဒီကမှတစ်ဆင့် ခင်ဗျားတို့က သီးစားခနဲ့ လုပ်ရင်ကောင်းမလားလို့ တွေးမိတယ်။ ခု-နည်းတစ်မျိုးစဉ်းစားရပြန်ပြီ။ အဲဒါက လယ်မြေတွေကို ခင်ဗျားတို့ အားလုံးခွဲဝေယူကြ။ သမဝါယမပိုင် လယ်ကတော့ လယ်စရိတ်တွေ ဘာတွေရနိုင်အောင်အတွက် သတ်သတ်ထားမယ်။ ဒါကြောင့်မို့ ကျန်လယ်တွေကို ခွဲဝေပေးမယ်။ ဒါပေမဲ့ ဘယ်သူ ဘယ်ဝါပေးမလဲ၊ ဘယ်လိုပေးမလဲ၊ ဘယ်လို လယ်သမားကို ပေးမလဲဆိုတဲ့ ကိစ္စကို ဆွေးနွေးချင်လို့ ခေါ်တာပဲ"

အားလုံး တိတ်ဆိတ်နေကြသည်။ သူတို့အားလုံး ကိုယ့်အတွေးနှင့် ကိုယ် နစ်မွန်းနေကြသည်။





"ဥပမာ အစိုးရက မြေရှင်တွေပိုင်တဲ့ မြေအားလုံးကို သိမ်းယူပြီး လယ်သမားတွေလက်ထဲကို ပေးပစ်ရမယ်လို့ ဥပဒေလုပ်တယ် ဆိုပါတော့"

"အစိုးရက ဝေမလို့တဲ့လား ဆရာလေးရဲ့၊ ဂျွန်ဦးစောတုန်းကတော့ မြေယာဝေခြမ်းရေးဆိုလား၊ ဘာဆိုလားလုပ်မယ်ပြောတာပဲ"

"ဒီအစိုးရက မလုပ်ပါဘူး၊ ဥပမာပြောတာပါ၊ ကျွန်တော်ကြားဖူးသလောက် ပြောရမယ်ဆိုရင် ရုရှားပြည်မှာတော့ ဒီလိုပဲ လုပ်တာပဲ၊ မြေယာတွေအားလုံးကို မြေရှင်တွေရဲ့ လက်ထဲက သိမ်း၊ ဥပဒေနဲ့ပြဋ္ဌာန်းပြီး ဆင်းရဲသားတွေကို ခွဲဝေပေးတယ်၊ ခု-ကျွန်တော်တို့ဆီမှာလဲ ဒီလိုလုပ်ပြီဆိုပါစို့၊ ဘယ်လိုခွဲဝေယူကြမလဲ"

"ဒါကတော့ လူတိုင်းလူတိုင်း ညီတူညီမျှ ခွဲယူပေါ့ဆရာလေးရဲ့၊ လယ်ရှင်လဲ ဒီလောက်ပဲယူ၊ လယ်သမားလဲ ဒီလောက်ပဲယူပေါ့"

ဘကြီးအိုက လှမ်း၍ ပြောလိုက်သည်။ ဘကြီးအိုမှာ ကိုတောက်ထွန်းတို့တရားပွဲများသို့ မကြာခဏရောက်သဖြင့် ကြားဖူးနားဝ ရှိနေပေ၏။

"တစ်ယောက် တစ်ယောက်ကို ကိုယ်လုပ်နိုင်သလောက်ယူလို့ကော မဖြစ်ဘူးလား"

ခြေတစ်ဖက်ဆာနေသော လယ်သမားကြီးတစ်ယောက်က ဝင်ပြောလိုက်သဖြင့် ဘကြီးအိုက သူ့ကို လှည့်ကြည့်လိုက်၏။

"ညီတူညီမျှ ခွဲဝေယူတာပဲ ကောင်းပါတယ်ဗျာ"

"ညီတူညီမျှ ဆိုတာမဖြစ်နိုင်ဘူး ထင်တယ်၊ လူကိုင်းညီတူညီမျှ ခွဲဝေယူရမယ်ဆိုရင် လယ်မလုပ်တဲ့ လူတွေရဲ့ လက်ထဲကို လယ်တွေရောက်ကုန်မှာပေါ့၊ အဲဒီလယ်မလုပ်တဲ့ လူတွေက သူတို့အလကားရတဲ့ လယ်တွေကို ပိုက်ဆံချမ်းသာတဲ့ လူတွေဆီ ပြန်ရောင်းလိုက်ရင် လယ်တွေအားလုံး လူချမ်းသာလက်ထဲ ပြန်ရောက်ကုန်မှာပေါ့၊ ဒီတော့ ကျွန်တော် စိတ်ကူးလို့ရတာက"

ခင်မောင်ဝင်းသည် ဆေးတံကို မီးညှိ၍ ဖွာနေသည်။ မောင်မောင်သန်းကား သူတို့တစ်တွေ ဆွေးနွေးကြသည်ကို နားထောင်၍နေ၏။ ဘာမျှမပြောပေ။

"ကျွန်တော့်စိတ်ကူးက ကျွန်တော့်မြေတွေအားလုံးကို သမဝါယမအဖွဲ့ကို ပေးလိုက်မယ်၊ အဲဒီသမဝါယမအဖွဲ့မှာ ခင်ဗျားတို့အားလုံးပါကြ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မြေတွေကိုလဲ အားလုံးစုပေါင်း ထွန်ယက်ပြီး စပါးရောင်းရငွေတွေကိုလဲ အားလုံးပိုင်ရမယ်။ လယ်ယာအသုံးအဆောင်ပစ္စည်းတွေ၊ ကျွဲနွားတွေကိုလဲ သမဝါယမကပဲ ပိုင်ရမယ်။ ပြီးတော့ ကိုယ့်မြေကိုယ့်ယာဆိုပြီး သတ်သတ် လုပ်နိုင်အောင်လဲ တစ်အိမ်ထောင်ကို လူဦးရေအလိုက် ဝေပေးမယ်။ အဲဒီမြေပေါ်မှာ သမဝါယမအဖွဲ့ရဲ့ ညွှန်ကြားချက်အရ ကောက်ပဲသီးနှံတွေ စိုက်ရမယ် ရောင်းရမယ်"

"ကောင်းတော့ သိပ်ကောင်းတာပဲ ဆရာလေးရေ၊ ဒါပေမဲ့ တော်တော်ကြာ သူက မြေကောင်းရတယ်၊ ငါက မြေဆိုးရတယ်ဆိုပြီး သတ်နေကြရင်တော့ ဒုက္ခပဲ"

"ဟုတ်ပါတယ်၊ ဒါက ပြောသလောက်တော့ မလွယ်ပါဘူး၊ လူတိုင်း မြေကောင်းကို လိုချင်ကြမှာပဲ၊ ဒါပေမဲ့ လက်ငုတ်ကို ဦးစားပေးပြီး ဝေမယ်၊ တစ်အိမ်ထောင်အတွက်ရမယ့်မြေကို ကိုယ့်အိမ်ထောင် ဝင်ငွေအတွက် လုပ်မယ်။ သမဝါယမက ပိုင်တဲ့ စုပေါင်းလယ်မြေကျတော့ အများအကျိုးအတွက် လုပ်မယ်။ ထွက်တဲ့ ကောက်ပဲသီးနှံရောင်းရငွေလဲ အားလုံးပိုင်မယ်။ ဒီတော့ ကျွန်တော်ပြောတာကို အများက လက်ခံမယ်ဆိုရင် ဒီအတိုင်း လုပ်ချင်တယ်"

"ကောင်းပါတယ်ဗျာ၊ သိပ်ကောင်းတဲ့အကြံပဲ"

လယ်သမားကြီးများမှာ ခင်မောင်ဝင်းက ရေရေလည်လည် ရှင်းပြတော့မှ သဘောပေါက်လာကြ၏။ ယခင်က မြေမရှိသူများလည်း မြေရှိလာပြီဖြစ်၍ ဝမ်းသာနေကြသည်။ ဦးရွှေဝက

"ဆိုပါတော့ဗျာ၊ ကျုပ်က မြေလိုချင်တယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"ဒါကတော့ ဒီလိုရှိပါတယ်၊ ကျွန်တော် သိသလောက်ကတော့ တောမှာ အတန်းအစား ၅ မျိုးရှိတယ်၊ ထိပ်ဆုံးကတော့ ကျွန်တော်တို့လို မြေရှင်တွေပဲ၊ ဒုတိယက ဦးရွှေဝတို့လို ချမ်းသာတဲ့လယ်သမား၊ နောက် အလယ်လတ်အတန်းစား လယ်သမား၊ နောက် ဆင်းရဲတဲ့လယ်သမားနဲ့ နောက်ဆုံးမှာ လယ်ကူလီဆိုတာရှိတယ်။ ခု-ကျွန်တော့်မြေတွေကို သမဝါယမကို လှူလိုက်တော့မယ်။ အဲဒီတော့ ကျန်လေးမျိုးမှာ လယ်ကူလီတွေကို ပထမ၊ ဆင်းရဲတဲ့လယ်သမားတွေကို ဒုတိယ၊ အလယ်အလတ်တန်းစား လယ်သမားတွေကို တတိယ ဝေပေးမယ်။ အဲဒါတွေဝေလို့ ကျန်သေးရင် ဦးရွှေဝတို့လို ချမ်းသာတဲ့ လယ်သမားတွေကိုပါ အဖွဲ့က သဘောတူရင် ဝေပေါ့"

"ဒါတော့ ဖိုးရွှေဝရယ်၊ ကိုရင့်မှာ လယ်မြေရှိနေတာပဲ၊ ဘာလုပ်ဖို့ ယူဦးမလဲ"

ဘကြီးအိုက ဝင်ပြောလိုက်သည်။ သည်လိုနှင့် ဆွေးနွေးပွဲမှာ ပြီးသွားလေသည်။

*

ရွာထဲတွင် သမဝါယမဖွဲ့ရေးမှာ အုတ်အော်သောင်းနင်းဖြစ်နေ၏။ တချို့က ခင်မောင်ဝင်း၏ အကြံကို သဘောကျ၏။ တချို့က သည်အကြံကို သက်ာမကင်းဖြစ်နေကြတုန်းပင် ဖြစ်သည်။

"ကျုပ်အထင်ပြောရမယ်ဆိုရင်တော့ ဆရာလေးဟာ တကယ် စွန့်လွှတ်တယ်ထင်တာပဲ၊ ပစ္စည်းသခင်ရ လူသခင်ရဆိုတဲ့ တရားကိုမြင်လို့ စွန့်တယ်ထင်တာပဲ၊ ဒီတော့ ကျုပ်ကတော့ ဆရာလေးအပေါ်မှာ ဘာမှ သံသယမရှိဘူး။ အင်း- မောင်မင်းကြီးသား ဘုန်းကြီးလို့ သက်ရှည်ပါစေဗျာ"

ဘကြီးအိုက တတွတ်တွတ် ဆုတောင်း၍ သူ့ထင်မြင်ချက်ကို ရှင်းပြ၏။ သည်အတောအတွင်း ဖြူးမြို့၌ ကုသိုလ်ဖြစ်ဆေးရုံတစ်ရုံကို ခင်မောင်ဝင်းက ဆောက်လုပ်လှူဒါန်းလိုက်သည်ဆိုသော သတင်းကိုလည်း ကြားကြရသဖြင့် ဘကြီးအို၏ အယူအဆကို အားလုံးလက်ခံလိုက်ကြသည်။ ရွာထဲ၌ ခင်မောင်ဝင်းက မရှိဆင်းရဲသူများအား ဂွမ်းစောင်များ၊ အဝတ်အထည်များ၊ ပိုက်ဆံများပေးသည်ကိုလည်း တွေ့နေကြပေရာ ခင်မောင်ဝင်းကို သာဓုခေါ်နေကြ၏။ သာဓုခေါ်ရုံသာ မဟုတ်၊ ခင်မောင်ဝင်းက ပေးကမ်းစွန့်ကြဲနေသည်ဟု ကြားလျှင် မိန်းမတွေကလည်း လာ၍ တောင်းကြပြန်သည်။

ခင်မောင်ဝင်းသည် ဘယ်သူ့ကို ဘယ်လောက်ပေးရမည်။ ဘယ်လို ပေးရမည်ကို မဆုံးဖြတ်တတ်အောင်ရှိနေ၏။ ပြီးတော့ လူတွေ ဆင်းရဲကြသည်ကို တွေ့ရ၍ ခုလို တစ်ဦးတစ်ယောက်ချင်းလာတောင်းသမျှ ပိုက်ဆံ ပေးရသည်မှာလည်း အဓိပ္ပာယ်မရှိလှဟု ထင်သည်။

သူ့ဆန္ဒမှာ ခုလို တစ်ဦးချင်း လျှောက်ပေးနေသည်ထက် တများ

www.burmeseclassic.com



အတွက်သုံးနိုင်မည့် ကိစ္စတစ်ခုခုတွင် ပါဝင်လှူဒါန်းလို၏။ သို့ရာတွင် အားကိုးတကြီးနှင့် လာတောင်းသူများကို မပေးဘူးဟု ငြင်းရမှာကလည်း ခက်နေ၏။ ထို့ကြောင့် အကောင်းဆုံးနည်းမှာ ဇဟားမှ အမြန်ဆုံးထွက်ခွာသွားရန်ပင် ဖြစ်သည်။ ကျန်ကိစ္စများကို ဖြူးမှနေ၍ စီစဉ်မည်ဟု စိတ်ကူးထားလိုက်သည်။

"ဟော့ ခင်မောင်ဝင်း၊ မင်းက အလကားပေးမှန်းသိရင် လူတွေကတော့ လာတောင်းကြမှာပဲ။ သူတို့တောင်းတိုင်း လျှောက်ပေးနေရင်လဲ သူတောင်းစားကို စွန့်ကြသလိုဖြစ်နေမှာပဲ၊ အဓိပ္ပာယ်မရှိဘူး၊ ဒီတော့ သူတို့အတွက် စာသင်ကျောင်းတို့၊ ဆေးပေးခန်းတို့ ဆောက်ပေး၊ ဒါအကောင်းဆုံးပဲ"

"အေး ငါလဲ ဒီလိုပဲ သဘောရတာပဲ၊ ဒါပေမဲ့ ခုလိုလာတောင်းနေကြတော့လဲ မခက်ဖူးလား၊ မပေးဘဲ နေပြန်ရင်လဲ သူတို့ စိတ်ကောင်းမှာ မဟုတ်ဘူး"

"ကဲ- ဒီတော့ ဦးရွှေဝနဲ့ ဦးကြီးတို့က ကျွန်တော်ပိုင်တဲ့ လယ်တွေ အနီးအနားက ရွာတွေမှာ ဆင်းရဲတဲ့ လယ်သမား၊ ချမ်းသာတဲ့ လယ်သမား၊ သီးစားသမား၊ လယ်ကူလီတွေ ဘယ်လောက်ရှိတယ်ဆိုတာ စာရင်းကောက်ပါ။ အိမ်ထောင်လိုက်စာရင်းပေါ့။ ပြီးတော့ သမဝါယမအဖွဲ့ ဖွဲ့ပါ။ အဲဒီအဖွဲ့က ဘယ်သူ့ပေးသင့် မပေးသင့်ဆုံးဖြတ်ပြီး ဝေပေးပါ။ မြေတွေကို သမဝါယမ လွှဲဖို့ကိုတော့ ကျွန်တော် ရန်ကုန်ရောက်မှ ရှေ့နေနဲ့ စာချုပ်စာတမ်းချုပ်မယ်"

ခင်မောင်ဝင်းနှင့် မောင်မောင်သန်းသည် ဦးရွှေဝနှင့် လူကြီးများကို မှာကြားကာ ဖြူးသို့ ပြန်ခဲ့ကြ၏။ ဒေါ်မြဆင့်က ခင်မောင်ဝင်းအား သတင်းစာတွင်ပါသည့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာကို ပြကာ မြည်တွန်တောက်တီးနေ၏။

"ဒီလို လုပ်မယ်ဆိုတာ ကျွန်တော်သိသားပဲ"

"ဟင်- သိရက်သားနဲ့ မင်းထင်ရာ လျှောက်လုပ်နေသလား၊ မင်း တော်တော်မိုက်တယ်၊ အားလုံး အရှက်တကွဲအကျိုးနည်း ဖြစ်အောင် လုပ်တယ်"

"ဒါတော့ ကြီးကြီးဆင့်တို့ ထင်ချင်သလို ထင်နိုင်ပါတယ်။ ကျွန်တော် ဟာ ကိုယ်ကျိုးမကြည့်တတ်တော့ မိုက်ရာရောက်ချင်ရောက်နေမှာပေါ့"

ခင်မောင်ဝင်းသည် ခပ်ပြတ်ပြတ်ပြောကာ အိမ်ပေါ်ထပ်သို့ တက်





သွားပြီး သူ့ပစ္စည်းတွေကို သိမ်းဆည်းနေ၏။ သက္ကလတ်စိမ်းခင်း ကျွန်းတားပွဲ အံ့ထဲမှ မြေစာချုပ်များ၊ သီးစား နှစ်ချုပ်စာရင်းများကို ရှာဖွေ၍ ယူနေသည်။ သည်စာချုပ်တွေကြားထဲမှ ဒေါ်မြဆင့်၊ ဒေါ်မြသီ၊ ရွှေတင်နှင့်သူ၊ လေးယောက်တွဲ ရိုက်ထားသော ဓာတ်ပုံကို သွား၍ တွေ့လေသည်။ သည်ဓာတ်ပုံမှာ ဖြူးသို့ ပထမတစ်ခေါက်သူလာတုန်းက စု၍ ရိုက်ထားသည့် ပုံဖြစ်လေသည်။ ဒေါ်မြဆင့်နှင့် ဒေါ်မြသီက ရှေ့တွင်ကုလားထိုင်တစ်လုံးစီနှင့် ထိုင်၍ သူနှင့် ရွှေတင်က နောက်မှ ရပ်နေကြပုံပင် ဖြစ်ပေ၏။ ရွှေတင်မှာ သည်တုန်းက ပွင့်ခါစ ပန်းဖူးလို လှပပျိုမြစ်သော ရွှေတင်ပေတည်း။

ခင်မောင်ဝင်းသည် စာချုပ်များနှင့် ဓာတ်ပုံကိုသာ ယူခဲ့ပေသည်။ အခြားပစ္စည်းတွေကိုတော့ မယူတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

## (၄၁)

ရွှေတင်သည် ဘူးထဲမှ ထွက်ကာ အဆောင်ဘက်သို့ လျှောက်လာခဲ့လေ၏။ စပါးတိုက်နားတွင် စပါးကြိတ်နေသော အကျဉ်းသမားများသည် ရွှေတင်ကို တပ်မက်သော မျက်လုံးများနှင့် လှမ်းကြည့်နေကြလေသည်။ စပါးတိုက်ဘေးမှ ဖြတ်၍ ဆေးရုံအုတ်ရိုးဘေးက လမ်းကလေးပေါ်သို့ တက်လာခဲ့သည်။

သူ့စိတ်ထဲတွင် မျက်နှာငယ်လေးနှင့် လာရောက်တောင်းပန်နေသော ခင်မောင်ဝင်းကို မြင်နေသည်။ ခင်မောင်ဝင်း ထောင်သို့ ပထမတစ်ခေါက် လာစဉ်ကတော့ ရွှေတင်သည် ခင်မောင်ဝင်းကို ကောက်ကျစ်စဉ်းလဲသော ဖျိုင်းလို ရွံ့ရှာမုန်းတီးလေသည်။ အချစ်ကြီး ချစ်၍ အယုံကြီး ယုံခဲ့သလို အမုန်းကြီး မုန်းခဲ့လေသည်။ ပထမဆုံး ထောင်ဝင်စာသွားတွေ့ခဲ့ခြင်းမှာ သံသယတွေနှင့် တွေ့ခဲ့ခြင်းသာ ဖြစ်လေသည်။

ယခုတော့ သံသယတွေ မရှိတော့ပြီ။ မျက်နှာငယ်နှင့် လာ၍ တောင်းပန်နေသော ခင်မောင်ဝင်းအပေါ်တွင် အချစ်တွေ ဒီရေတိုးသလို တိုးလာပြန်လေသည်။ ရာဟုဖမ်းရာမှ လင်းလာသော လမင်းကြီးလို အချစ်တွေ လင်းလာလေသည်။ သို့ကလို အချစ်၏ အလင်းရောင်ထဲမှာ ခင်မောင်ဝင်း ဘဝနှင့်သူ့ဘဝကို ချိန်ထိုးကြည့်လိုက်သောအခါ နွံနှင့်ကြာလို ကွာလှမ်းလှသည်ကို ထင်ရှားစွာ မြင်ရလေ၏။ သူ့ဘဝမှာ ညစ်ပုပ်လှသော နွံထဲက ပြည့်တန်ဆာမဘဝဖြစ်၍ ခင်မောင်ဝင်းမှာ ကြာပန်းလို ဖြူစင်သော ဘဝဖြစ်သည်ဟု ထင်လာလေ၏။ သည်လို ဖြူစင်သော ကြာပန်းကို သူ၏ နွံအိုင်နှင့်တူသော ဘဝထဲမှာ ဆွဲ၍ မနှစ်ချင်ပါ။





သည်အတွေးဖြင့် ရွှေတင်သည် ခင်မောင်ဝင်းက လက်ထပ်ရန် ပြောသည်ကို ငြင်းဆိုခဲ့ခြင်းဖြစ်လေ၏။ တကယ်တော့ သူ့အချစ်မှာ ညီလေး တို့လို လူနှင့်သာ ထိုက်တန်သည် ထင်လေသည်။

သည်လို တွေး၍ လျှောက်လာတုန်း ရှေ့ဆေးရုံအုတ်ရိုးက တံခါးပွင့်လာကာ လူတစ်ယောက် ထွက်လာလေသည်။ ရွှေတင်သည် တံခါးဖွင့်ပိတ်သံကြောင့် အတွေးပြတ်သွားကာ ထိုလူကို လှမ်းကြည့်ပြီးမှ ဆက်၍ ခေါင်းငုံ့ကာ လျှောက်မြဲလျှောက်လာခဲ့သည်။ သူ့စိတ်ထဲတွင် ထိုလူကို ကြည့်ချင်လာသဖြင့် နောက်တစ်ခါ လှမ်း၍ ကြည့်လိုက်ပြန်သည်။

"ဟဲ့ ရွှေတင် မှတ်လား"

"ဟင် ကိုရင်"

ရွှေတင်က ဆို့နင့်သော အသံကြီးဖြင့် ခေါ်လိုက်သည်။

သူတို့ နှစ်ယောက်စလုံး ပါးစပ်မှ ပြိုင်တူလို ထွက်လာကြလေသည်။ ရွှေတင်ကလည်း ခပ်သုတ်သုတ်သွားနေသည်။ ကိုတောက်ထွန်းကလည်း ခပ်သုတ်သုတ် လျှောက်လာလေသည်။

ကိုတောက်ထွန်းမှာ မုတ်ဆိတ်မွေးတွေ၊ ပါးသိုင်းမွေးတွေနှင့် ဖြစ်နေပေ၏။ ကတုံးဆံတောက်၊ ပင်နီလက်ရှည်အင်္ကျီ ခပ်နွမ်းနွမ်း၊ ပလေကပ်လုံချည် အနွမ်းများကို ဝတ်ထားလေသည်။

"ဟင် ရွှေတင် ရွှေတင်၊ ငါ နင့်အကြောင်းတွေ အကုန်ကြားတယ် ရွှေတင်၊ ဘယ့်နှယ် ဘိလတ်ပြန်ကြီးကို ယုံစားမိတာ မှားမှန်းသိပလား ဟင်၊ ဟဲ ဟဲ"

ကိုတောက်ထွန်းက ရွှေတင်ကို ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြည့်၍ မလိုတမာ ရယ်လိုက်သည်။ သို့သော် ကိုတောက်ထွန်း၏ မလိုတမာအပြုံးမှာ ကြာရှည်မခံပါ။ ချက်ချင်းမျက်နှာညိုးငယ်သွားကာ ဝမ်းနည်းသည့် အရိပ်အရောင်တွေ ယှက်သန်းလာပါသည်။ ရွှေတင်၏ အဖြစ်ကို ကြည့်ကာ ကြေကွဲဝမ်းနည်းသွားပုံရပါသည်။

"ပြောတော့ကိုရင် ပြောတော့၊ ရွှေတင့်ကို ကိုရင် ပြောချင်သလို ပြောတော့"

ရွှေတင်က ကိုတောက်ထွန်းကို မကြည့်ဘဲ ခေါင်းငုံ့၍ ပြောလိုက်သည်။ ပူနွေးသော မျက်ရည်များသည် တွေတွေ စီးကျလာကြလေသည်။ သည်တော့မှ ကိုတောက်ထွန်း၏ မျက်နှာသည် ညိုမှိုင်းသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးနဲ့ ရွှေတင်၊ စိတ်ထဲမှာ ဒေါသထွက်လွန်းလို့ ပြောလိုက်တာ၊ အမှန်ကတော့ နင့်အပြစ်မဟုတ်ပါဘူး၊ ဟိုအကောင်အပြစ်ပဲ၊ ဒင်းတို့လို မြို့က လူရည်တတ်တွေဟာ တို့တောသူတွေကို ဖြားယောင်းသွေးဆောင်ပြီး ဖျက်ဆီးသွားကြတာချည်းပဲ၊ ငါ နင့်ကို ဒေါမပွပါဘူး၊ ဟိုကောင်ကိုသာ ဟင်း"

ကိုတောက်ထွန်းက အံကြိတ်၍ သက်ပြင်းကြီးချလိုက်ရင်း ပြောလိုက်၏။ ရွှေတင်က မျက်ရည်ရွဲနေသော မျက်လုံးများဖြင့် မော်ကြည့်ကာ

"သူ့အပြစ်မဟုတ်ပါဘူး ကိုရင်ရယ်၊ ရွှေတင့်အပြစ်ပါ"

ကိုတောက်ထွန်းက ပို၍ ဒေါပွဟန်ဖြင့်

"ဘာလို့ သူ့အပြစ်မဟုတ်ရမှာလဲ၊ မိန်းကလေးတစ်ယောက်ကို အတည်မယူနိုင်ဘဲနဲ့ ကိုယ်ထိလက်ရောက် ကျူးလွန်တယ်၊ ပြီးတော့ ဗိုက်တစ်လုံးနဲ့ ထားပစ်ခဲ့တယ်၊ ပြီးတော့ တယ်လေ ငါ ပြောရရင်မကောင်းပါဘူး"

"မဟုတ်ဘူးကိုရင်၊ သူဟာ ရွှေတင့်ကို တကယ် အချစ်စစ်နဲ့ချစ်တာပါ။ တကယ် အချစ်စစ်နဲ့ချစ်လို့ အမှုတစ်လျှောက်လုံးမှာ ရှေ့နေငှားရာက စပြီး အစစအရာရာ ကူညီခဲ့တယ်"

"ဒီမှာ ရွှေတင်၊ သူကူညီတာဟာ နင့်ကို ဗိုက်တစ်လုံးနဲ့ ထားပစ်ခဲ့လို့ မယားစရိတ် သားစရိတ်ပေးတဲ့ သဘောထက် ဘာမှမပိုပါဘူး၊ ဒါကို နင်က"

"မဟုတ်ပါဘူး ကိုရင်ရဲ့၊ ရွှေတင်ပြောတာ နားထောင်စမ်းပါဦး၊ အစတုန်းကတော့ ရွှေတင်လဲ ဒီလိုထင်ခဲ့တာပါပဲ၊ ဒါပေမဲ့ ခု-ဒီလိုကူညီရုံနဲ့တင် သူ့အပြစ်တွေ မကျေမှာစိုးလို့ ရွှေတင့်ကို လက်ထပ်ပြီး တစ်ကျွန်းကို လိုက်ပါရစေလို့ လာပြောနေတယ်၊ ခုလဲ သူ့လယ်တွေကို လယ်သမားတွေကို ဝေပေးဖို့ဆိုပြီး ဖြူးကိုထွက်သွားတယ်၊ ဒါကြောင့်မို့ သူ့အပြစ်မဟုတ်ပါဘူးလို့ ရွှေတင်ပြောတာပါ"

ကိုတောက်ထွန်း၏ မျက်နှာမှာ ခက်ထန်နေရာမှ နူးညံ့လာလေ၏။ သူ့မျက်နှာသည် ညိုမှိုင်းနေရာမှ ကြည်လင်လာသည်ဟု ထင်ရလေသည်။ သူ့အသံကလည်း တင်းမာလာရာမှ ချိုသာလာလေသည်။ ကိုတောက်ထွန်းက သက်ပြင်းချလိုက်ပြီး

"အင်း၊ နင်တို့ဇာတ်က တယ်ရှုပ်တာကိုး၊ အေးလေ ဒီလိုဆိုတော့ နင့် အပြစ်လဲ မဟုတ်ဘူး၊ သူ့ကိုလဲ အပြစ်မဆိုသာပြန်ဘူး၊ အမှန်ကတော့ လူချမ်းသာတွေရဲ့ လက်ချက်ကြောင့် ဒီဘဝကို ရောက်လာရတာဟာ





နင်တစ်ယောက်တည်း မဟုတ်ပါဘူး ဒုနဲ့ဒေးပဲ၊ သူတို့ကြောင့် မိန်းကလေးတွေ ပျက်စီးတယ်၊ ရာဇဝတ်မှုတွေ ပေါ်တယ်။ သူတို့ကို ဒီလိုအပြစ်ကျူးလွန်မိအောင် သူတို့အသိုင်းအဝိုင်း၊ သူတို့ပတ်ဝန်းကျင်၊ သူတို့စံနစ်တွေက တွန်းပို့လိုက်တာပဲ၊ ဒီလိုဖြစ်ရတဲ့တရားခံဟာ ခနရှင်စံနစ်၊ မြေရှင်ပဒေသရာဇ်စံနစ်ပဲ"

ကိုတောက်ထွန်းက နိုင်ငံရေးလေသံဖြင့် အဆုံးသတ်လိုက်လေသည်။ ရွှေတင်သည် ကိုတောက်ထွန်း၏ အယူအဆကို ခြွင်းချက်မရှိ လိုက်လှဲစွာ ထောက်ခံလိုက်ချင်ပေသည်။ သို့ကလိုထောက်ခံခြင်းမှာ ရွှေတင် နိုင်ငံရေးကို နားလည်၍ မဟုတ်ပါ။ သူ အချစ်ကြီး၍ အယုံကြီးယုံခဲ့သော ခင်မောင်ဝင်း နေရာတွင် အပြစ်ဖို့ရန် အစားရသောကြောင့်သာ ဖြစ်ပေသည်။ သူ့စိတ်ထဲတွင် သူ ဒီဘဝရောက်ရသည့်အတွက် ခင်မောင်ဝင်းကိုလည်း အပြစ်မတင်ရက်၊ ဘယ်သူ့ကို အပြစ်ဖို့ရမည်ဟူ၍လည်း ရှာမတွေ့ဘဲ အစပျောက်နေစဉ် ယခုတော့ အပြစ်တင်စရာ အစားရလေပြီ။

ရွှေတင်သည် ခုမှ အသက်ရှူချောင်သွားကာ

"အစ်ကို ဒီထောင်ကို ပြောင်းလာတယ်ဆိုတဲ့အကြောင်း သတင်းစာထဲ တွေ့လိုက်တယ်"

"နေပါဦး၊ ခု ကျွန်းကျတယ်ဆိုတော့ ကျွန်းကို ဘယ်တော့လောက်သွားရမလဲ"

ဝါဒါမိန်းမက စကားပြောတာ ကြာနေပြီဖြစ်၍ ရွှေတင်ကို ခေါ်လေသည်။ ရွှေတင်က သူခေါ်သည်ကို မကြားဟန်ဖြင့် ကိုတောက်ထွန်းဘက် လှည့်ကာ

"ဘယ်တော့ သွားရမယ်လို့တော့ မသိသေးဘူး၊ ဒါပေမဲ့ ရှေ့လထဲ သွားရလိမ့်မယ်ထင်တယ်"

"ငါ နင့်ကို ပြောချင်တာတွေ အများကြီးရှိတယ်၊ ငါလဲ တော်တော်နဲ့တော့ လွတ်မှာမဟုတ်ဘူး၊ တစ်ပြည်လုံးမှာ သခင်တွေဖမ်းလိုက်တာလဲ သောက်သောက်လဲပဲ"

"ရွှေတင်လဲ ကိုရင့်ကို ပြောချင်တာတွေရှိတယ်၊ နောက်မှတွေ့ကြဦးစို့၊ ခေါ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်သည် ကိုတောက်ထွန်းကို နှုတ်ဆက်ကာ မိန်းမဆောင်ထဲသို့ ဝင်လာခဲ့သည်။ မိန်းမဆောင်အုတ်ရိုးတံခါးသည် ကျိုင်းခနဲ မြည်သံနှင့်အတူ ပိတ်သွားခဲ့လေသည်။

●

# (၄၂)

ရန်ကုန်ပြန်ရောက်တော့ ခင်မောင်ဝင်းသည် ကရစ်လမ်းတွင် တိုက်ခန်းတစ်ခန်းငှား၍ နေ၏။ တောမှာ လယ်သမားတွေ၏ ဆင်းရဲပုံကို သေသေချာချာ မြင်ခဲ့ပြီး နောက်တွင်ကား ခင်မောင်ဝင်းသည် အရင်က အထင်ကြီးခဲ့သော စည်းစိမ်ချမ်းသာတွေကိုလည်း မမက်မောတော့ပေ။

ခင်မောင်ဝင်းသည် နောက်တစ်နေ့တွင် ထောင်ဘက်သို့ ထွက်လာခဲ့မိသည်။ လမ်းတွင် မိတ်ဆွေတစ်ယောက်က မြင်းပွဲခေါ်သည်ကိုပင် အတန်တန်ငြင်းခဲ့ရသည်။ အရင်တုန်းကတော့ ခင်မောင်ဝင်းသည် တနင်္ဂနွေနေ့ဆိုလျှင် မြင်းပွဲသို့ ရောက်မြဲဖြစ်၏။ ယခုတော့ သည်စိတ်တွေ မရှိတော့ပေ။

ထောင်မှာ တနင်္ဂနွေနေ့မို့ လူရှင်းနေပေ၏။

ခင်မောင်ဝင်းသည် ထောင်ဘူးဝသို့ ဝင်ကာ ထောင်မှူးကြီးရုံးခန်းထဲတွင် ထိုင်၍ စောင့်နေသည်။ တာဝန်ကျသော ထောင်မှူးကလေးက ဝါဒါတစ်ယောက်ကို စေလွှတ်၍ ရွှေတင်ကို အခေါ်ခိုင်းလိုက်သည်။ ခဏကြာလျှင် မိန်းမဝါဒါတစ်ယောက်နှင့်အတူ ရွှေတင်ရောက်လာလေ၏။ ရွှေတင်မှာ ခါတိုင်းလို သရက်ထည်အင်္ကျီ၊ သရက်ထည်လုံချည်နှင့်ပင် ဖြစ်၏။ ခေါင်းတွင် နှင်းဆီဖြူတစ်ပွင့်ကို ပန်ထားလေသည်။

ခင်မောင်ဝင်းကို မြင်လိုက်သောအခါ ရွှေတင့် မျက်နှာမှာ ပန်းသွေးစို့သွားသလို နီရဲသွားသည်ကို သတိထားလိုက်မိ၏။ နောက် တန့်ခနဲရပ်သွားပြီးမှ မျက်နှာကလေး ခပ်သုန်သုန်ဖြင့် သူ့ဘက်သို့ လျှောက်လာသည်။ မျက်လွှာကိုလည်း ချထားပေ၏။ ဖြူးမသွားခင်က နောက်ဆုံးတစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြတုန်းက သူ အရက်မူးမူးဖြင့် ပြောလိုက်မိသည်ကို တောင်းပန်ကာ နောက်တွင် အရက် မသောက်တော့ပါဟု ကတိပေးခဲ့သည်ကို ရွှေတင်သည် အမှတ်ရနေ၏။ ရွှေတင်၏ မျက်နှာသည် ရှက်သလို ရွံ့သလို ဖြစ်နေပေသည်။ ယခင်ကလို လောကကို မထေမဲ့မြင်ပြုသော အပြုံးမျိုးတွေ မရှိတော့ပြီ။

"သိပ်ကြာတော့မှာ မဟုတ်ပါဘူး၊ ဟိုက်ကုတ်က အမိန့်ချတော့မှာပါ"

ခင်မောင်ဝင်းက အမှုအကြောင်းကို ပြောပြနေ၏။ ခင်မောင်ဝင်းမှာ ဖြူးမှ ရောက်ပြီး မကြာမီပင် ရှေ့နေဦးဇော်ထွန်းနှင့်တွေ့ကာ အကျိုးအကြောင်းမေးခဲ့ပြီးဖြစ်၏။ ဦးဇော်ထွန်းက မကြာမီ စီရင်ချက်ချတော့မည်ဟု ပြောလိုက်လေသည်။

"ကိစ္စမရှိပါဘူးလေ၊ အယူခံရှုံးရင်လဲ တစ်ကျွန်းကို သွားရုံပေါ့။ ရွှေတင်ဟာ လောကအပြင်ဘက်ကိုရောက်သွားပြီး လူတွေအားလုံးက မေ့သွားကြတာပဲကောင်းပါတယ်"

ရွှေတင်သည် နှုတ်ခမ်းများကို စုပြီး စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်သည်။ ရွှေတင်သည် ဘယ်မျှလောက် ကောင်းကောင်းမွန်မွန်နေပါသည်ဆိုသော်လည်း ပြည့်တန်ဆာသက်မွေးဝမ်းကျောင်း၏ သွင်ပြင်လက္ခဏာများမှာ တစ်ခါတစ်ခါတွင် ပေါ်ပေါက်လာတတ်သေးသည်။ ခင်မောင်ဝင်းသည် ရွှေတင်ကို စိတ်မသက်မသာဖြင့် ကြည့်နေမိသည်။

"ဒီမှာ ရွှေ၊ ရွှေ့ကို အစ်ကိုတစ်ခုပြောချင်တယ်"

"ပြောပါလေ၊ ရွှေတင်ကိုများ ခွင့်တောင်းနေရသေးသလား"

"တကယ်ပြောတာပါ ရွှေရယ်၊ အစ်ကို့စကားကို အလေးအနက်ထားပြီး နားထောင်စေချင်ပါတယ်။ ခု အစ်ကို ဖြူးလဲ ရောက်ခဲ့ပြီးပြီ၊ ပဲခူးကိုလဲ ဝင်ခဲ့ပြီး ရွှေ့အကြောင်းစုံကို အစ်ကိုသိခဲ့ရပြီ ရွှေ၊ ဖြူးက အစ်ကိုတို့စုရိုက်ထားတဲ့ ဓာတ်ပုံတောင်တွေလို့ ယူလာခဲ့သေးတယ်။ ရွှေယူချင် ယူထားလေ"

ခင်မောင်ဝင်းက စာအိတ်ဖြင့် ထည့်လာသော ဓာတ်ပုံကို ထုတ်ပေးလိုက်၏။ ရွှေတင်သည် မျက်ခုံးများကို ပင့်ကာ ဓာတ်ပုံကို ကြည့်လိုက်သည်။ သူ့မျက်လုံးများက "ဒီဓာတ်ပုံကို ဘာလုပ်မလဲအစ်ကိုရယ်" ဟုပြောနေဟန်ရှိ၏။ သို့ရာတွင် ရွှေတင်သည် ဘာမျှမပြောတော့ဘဲ စာအိတ်ကို ရင်ဖုံးအကျီကြားထဲသို့ ထည့်ထားလိုက်သည်။





"ရွှေ့အစ်မ မရွှေခင်နဲ့လဲတွေ့ခဲ့တယ်"

"ဟုတ်လား"

ရွှေတင်က သူ့ကို မကြည့်ဘဲ ဝတ်ကျေဝတ်ကုန် သဘောဖြင့် ပြောလိုက်သည်။ သိပ်စိတ်ဝင်စားဟန် မရှိလှပေ။ ခင်မောင်ဝင်းမှာ ရွှေတင်သည်လိုမထုံတက်သေးကြီး ဖြစ်နေသည်ကို ကြည့်၍ အားမလို အားမရဖြစ်နေ၏။ ရွှေတင်နှင့် စကားတွေ ရှန်းရှန်းဝေအောင် ပြောချင်၏။ သို့ရာတွင် ရွှေတင်မှာ သံပတ်ပေးထားသော စက်ရုပ်လိုသာတည်း။

"ဒီမှာနေရတာ ကောင်းရဲ့လား"

နှစ်ယောက်သား စကားပြတ်သွားကြသဖြင့် ခင်မောင်ဝင်းက စကားစရှာ၍ မေးလိုက်ပြန်သည်။

"ကောင်းပါတယ်"

"သိပ် ကျပ်တည်းလား"

"ဟင့်အင်း၊ သိပ်မကျပ်ပါဘူး"

"ဆေးရုံကကော"

"ဆေးရုံကတော့ ပိုပြီး လွတ်လပ်တာပေါ့၊ ဒါပေမဲ့ နေသားမကျတော့ မနေတတ်တာနဲ့ ဆင်းလာခဲ့တယ်၊ အဆောင်မှာဆိုတော့ ကိုယ့်လူနဲ့ကိုယ်နေရတာကိုး"

"ဘယ်သူတွေလဲ"

"အရင် အစ်ကို့ကို ပြောဖူးတဲ့လူတွေပေါ့။ ဆွဲကြိုးဖြတ်တဲ့ လူ၊ တိုက်ရာပါပစ္စည်းလက်ခံတဲ့ လူ၊ ပြည့်တန်ဆာမ၊ အို စုံလို့ပါပဲအစ်ကိုရယ်၊ ဒါပေမဲ့ သူတို့က ဒီလောက်မဟုတ်ပါဘူး၊ မီးရှို့မှုနဲ့ အဖမ်းခံရတဲ့ အဘွားကြီးနဲ့ နေရတာက ကောင်းတာပါ၊ သူ့ခမျာကော အစ်ကို၊ ရွှေတင် ပြောထားတာ ဘယ့်နှယ်နေသေးသလဲ"

ရွှေတင်က သူ့အမှုအကြောင်းကို မပြောဘဲ အခြားသူ အမှုကို ပြောနေသဖြင့် ခင်မောင်ဝင်းမှာ စိတ်ပျက်သွားပြန်သည်။

"ရှေ့နေကတော့ လွတ်မယ်လို့ ပြောတာပဲ"

"ဘုရားသိကြားမလို့ လွတ်ပါစေအစ်ကိုရယ်၊ အဘွားကြီး သနားပါတယ်"

ရွှေတင်မှာ မျက်နှာကလေးဝင်းထိန်သွားကာ ပြုံးယောင်သန်း၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဒီကပြန်ရင် ရှေ့နေဆီ သွားဦးမယ်၊ ရွှေတင် ဘာမှာ ချင်သေးသလဲ။ ကျွန်းဒဏ်တော့ ဟိုက်ကုတ်က ဖျက်ပေးလိမ့်မယ် ထင်ပါရဲ့"

"ဖျက်ဖျက်-မဖျက်ဖျက် မထူးပါဘူးအစ်ကို"

"ဘာလို့ မထူးရမှာလဲရွှေ၊ ဒီလို ဖြစ်ရတာဟာ ရွှေ့အပြစ်တစ်ခုမှ မပါဘူး၊ အစ်ကို့အပြစ်ချည်းပဲ၊ ဖြူးရောက်တော့မှ အစ်ကို့အပြစ်တွေဟာ ဘယ်လောက်ကြီးသလဲဆိုတာ ပိုပြီးသိလာတယ်။ ဒါကြောင့်မို့ အစ်ကို့ အပြစ်တွေကို ခွင့်လွှတ်ပါနော် ရွှေ၊ ဟုတ်လား"

"အို ဒါကတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပါ အစ်ကိုရယ်၊ မဆီမဆိုင်ဝင် မပါချင်စမ်းပါနဲ့၊ အစ်ကို့မှာ ဂုဏ်သိက္ခာပျက်နေပါဦးမယ်"

ရွှေတင်က မျက်မှောင်ကလေးတွန့်ကာ အရေးမကြီးသလို ပြောလိုက်၏။ ခင်မောင်ဝင်းသည် ဂုဏ်သိက္ခာဆိုသော စကားကြောင့် အနာကိုအပ်နှင့် ဆွသလို နာကျင်လာသည်။

"ဆုံးအောင်နားထောင်ပါဦး ရွှေရယ်၊ အစ်ကိုပြောပါရစေဦး၊ ရွှေကလေး ဒီအခြေအနေကိုရောက်ရတဲ့ တရားခံဟာ အစ်ကိုပဲဆိုတာ အစ်ကို ကောင်းကောင်းကြီးသိပါပြီ၊ အစတုန်းကတော့ အစ်ကို ရွှေ့ကို လိုက်ကူညီတာတွေဟာ အစ်ကို့ပတ်ဝန်းကျင်က လူယုတ်မာလို့ မထင် အောင် လိုက်ကူညီတာပဲ၊ ကိုယ်ကျိုးကြည့်တာပဲ၊ ရွှေ့ကို ကယ်တင်ရေးထက် အကို့ကိုယ်ကို ကယ်တင်ရေးကို အလေးပေးခဲ့တယ်။ ဒါဟာ အစ်ကို့အမှားပဲ၊ ခုတော့ ဒီလိုမဟုတ်တော့ပါဘူး ရွှေ၊ အစ်ကို့ကိုယ်ကို အစ်ကို ကယ်တင်ရေး ထက် ရွှေကလေးကို ကယ်တင်ရေးဟာ အဓိကပါ။ ရွှေကလေးဆီက အစ်ကို့ကို ခွင့်လွှတ်ပါတယ်ဆိုတဲ့ ကတိကိုပဲ အစ်ကို လိုချင်ပါတယ်"

ခင်မောင်ဝင်းသည် ရွှေတင်ကို မျှော်လင့်ခြင်းကြီးစွာဖြင့် ကြည့်နေ သည်။ ရွှေတင်မှာ ထူးခြားဟန်မပြဘဲ စီးကရက် ဖွာနေပေ၏။

"ရွှေကလေးက အစ်ကို့ကို ခွင့်လွှတ်မယ်ဆိုရင် အစ်ကို အရင်တစ် ခါတုန်းက ပြောသလို ရွှေ့ကို လက်ထပ်မယ်"

ခင်မောင်ဝင်း၏ မျက်နှာမှာ တကယ်လုပ်မည့် မျက်နှာမျိုးဖြစ်သည်။ တွေဝေယိမ်းယိုင်သော အမူအရာမျိုး မရှိပေ။

"ရွှေတင်ကို လက်ထပ်ချင်သေးသလား အစ်ကိုရယ်"

ရွှေတင်က ညည်းသလိုအသံဖြင့် ပြောလိုက်သည်။ ခင်မောင်ဝင်းက





"ဟုတ်တယ်၊ လက်ထပ်ချင်တာလဲပါတယ်၊ လက်ထပ်သင့်တာလဲ ပါတယ်။ အယူခံရှုံးလို့ တစ်ကျွန်းကိုပို့ရင်လဲ အစ်ကိုပါလိုက်မယ်၊ တစ်ကျွန်း ရောက်ရင် သမ္မာအာဇီဝ တောင်ယာ၊ ကိုင်းကျွန်း လုပ်ကိုင်စားကြမယ်၊ ဟုတ်လား ရွှေ၊ အယူခံနိုင်ရင်လဲ လွှတ်လာရင် ဒီမှာပဲအတူနေကြမယ်"

ရွှေတင်သည် ဝမ်းလည်း သာ၏၊ ဝမ်းလည်း နည်း၏။ ခင်မောင်ဝင်း ကိုလည်း သနား၏။ သည်ဝေဒနာများသည် ရင်ကို တလှိုက်လှိုက်ခုန်စေ၏။ စီးကရက် ဖွာရမည်ကိုပင် မေ့နေသည်။ စီးကရက်မီးခိုးသည် တလူလူထွက် နေလေ၏။

"ခွင့်လွှတ်မယ် မဟုတ်လား ရွှေ၊ အစ်ကို ကျူးလွန်ခဲ့တဲ့ အပြစ်တွေ အတွက် ခွင့်လွှတ်ပါကွယ် နော်၊ အစ်ကို့ကို လောကကြီးမှာ ဘယ်သူကမှ ခွင့်မလွှတ်ချင်နေပစေ၊ ကဲ့ရဲ့ချင်သူက ကဲ့ရဲ့ပါစေ၊ ရွှေက ခွင့်လွှတ်တယ် ဆိုရင် အစ်ကို ကျေနပ်ပါပြီ ရွှေရယ်"

"အပြစ်ကတော့ ခွင့်လွှတ်ပါတယ်"

ရွှေတင်က မျက်နှာကလေး မှုန်မှုန်၊ အသံကလေး တုန်တုန်ဖြင့် အဝေးကို ငေးကြည့်နေသည်။ သူ့ရင်ထဲတွင် ကရုဏာလှိုင်းသည် ဘောင် ဘင်ခတ်နေပုံရပေသည်။ ခင်မောင်ဝင်းက ကုလားထိုင်ကို ရှေ့နားသို့ တိုး ဆွဲ၍ ထိုင်လိုက်ပြီး

"ခြွင်းချက်က ဘာလဲရွှေ"

"သည့်ပြင်ဟာတွေကတော့ မဖြစ်နိုင်ပါဘူးအစ်ကိုရယ်၊ မဖြစ်ပါဘူး"

ရွှေတင်က သက်ပြင်းချလိုက်ကာ ကိုယ်ကို ကုလားထိုင်နောက်မှီတွင် လျှော့မှီ၍ ထိုင်လိုက်ပြီး ခေါင်းကို ဖြည်းညှင်းစွာ ယမ်းနေပေသည်။

"ဘာဖြစ်လို့လဲ ရွှေကလေးရယ်"

"ရွှေတင့်ဘဝဟာ အတန်းဆုံး ရောက်နေပြီ အစ်ကို၊ ရွှေတင်ဟာ သူများမယားငယ်လဲ ဖြစ်ခဲ့ဖူးပြီ၊ ပြီးတော့ ပြည့်တန်ဆာမ၊ ခိုးမှု၊ လူသတ်မှု တွေနဲ့ ထောင်ကျနေတဲ့ တရားခံမ၊ အတန်းဆုံးနေပြီ"

"အို၊ ဒီအကြောင်းတွေကြောင့်တော့ အစ်ကို့ကို မငြင်းပါနဲ့ ရွှေ၊ အတန်းဆုံးကို အစ်ကိုနဲ့ ဘဝသစ်ကို ပြန်စကြရအောင်ပါ"

ရွှေတင်သည် ငေး၍ စဉ်းစားနေ၏။ ဟင့်အင်းဟု ငြင်းရမလား။ အင်းဟု ဖြေလိုက်ရမလား၊ ဘယ်သင်းကို ပြောရမှန်း မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်းကမူ တွေဝေနေသော ရွှေတင်ကို စိုက်ကြည့်နေသည်။

"ကဲ လက်ခံပါရွှေကလေးရယ်၊ အစ်ကိုလေ အစ်ကိုရဲ့ စည်းစိမ်တွေ မြေတွေ ယာတွေကိုလဲ စွန့်လွှတ်ခဲ့ပြီးပြီ၊ သည်အနှောင်အဖွဲ့တွေထဲမှာ နစ်မနေချင်တော့ဘူး။ ဒီအနှောင်အဖွဲ့တွေဟာ အစ်ကို့ကို အပြစ်တွေ ကျူးလွန်အောင် တွန်းပို့နေတဲ့ အရာတွေပဲ၊ ဒီအရာတွေ မရှိမှ အစ်ကိုဟာ ရွှေ့ကို ကယ်နိုင်မယ်၊ အစ်ကို့ကိုလဲ အစ်ကို ကယ်တင်နိုင်မယ်"

"ဟင်၊ မြေတွေယာတွေကို စွန့်ပစ်လိုက်တယ်"

"ဟုတ်တယ်၊ ဒီဟာတွေအားလုံးကို လယ်သမားတွေကို ဝေပစ်ဖို့ စီစဉ်ခဲ့ပြီးပြီ၊ ဒါတွေ ရှိနေသမျှ အစ်ကိုဟာ ရွှေ့ကို ကယ်နိုင်မှာမဟုတ်ဘူး၊ အစ်ကို့အပြစ်ကိုလဲ အစ်ကို ကျေအောင် လုပ်နိုင်မှာ မဟုတ်ဘူး"

"အစ်ကို"

ရွှေတင်က ခပ်တိုးတိုးခေါ် လိုက်သည်။ သူ့အသံမှာ တိုးတိတ်ညင်သာလွန်းလှပေ၏။ ခင်မောင်ဝင်းက ရွှေတင်ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။ ရွှေတင့်မျက်နှာမှာ မျက်ရည်တွေ ပြည့်လျှမ်းကာ ရွှန်းလဲ့နေကြပေ၏။

"အစ်ကိုဟာ ကိုယ့်အပြစ်ကို မြင်နိုင်တယ်ဆိုတာ ကောင်းပါတယ် အစ်ကို၊ ရွှေတင့်ကို သနားတယ်ဆိုတာလဲ ကောင်းပါတယ်၊ အစ်ကိုဟာ ကိုယ့်အပြစ်ကို ကျေအောင်လုပ်တယ်ဆိုတာလဲ ကောင်းပါတယ်။ ဒါပေမဲ့ အစ်ကို၊ အစ်ကိုဟာ ရွှေတင်ကို အရင်တုန်းကလို ဘယ်နည်းနဲ့မှ ချစ်နိုင်စရာ အကြောင်းမရှိတော့ဘူး၊ ဒီဘဝမှာ ဒီမျှနဲ့ စခန်းသိမ်းကြပါစို့ရဲ့"

"အို ဘာဖြစ်လို့သိမ်းရမှာလဲ၊ ခုမှ စခန်းဖွင့်ပါ ရွှေရဲ့၊ ရွှေရဲ့သတင်းကို ကြားပြီးတော့ တချို့လူတွေက ပြောကြတယ်၊ ရွှေဟာ နွံထဲကျသွားတဲ့ အပုပ်ကောင်တဲ့၊ တချို့ကတော့ ရွှေရဲ့ရုပ်ရည်ကိုမြင်ပြီး နွံထဲကျသွားတဲ့ ပတ္တမြားတဲ့၊ ဘယ်သူတွေက ဘာပြောပြော အစ်ကို ဂရုမစိုက်တော့ဘူး ရွှေရဲ့၊ တစ်ကလောကလုံးက ရွှေ့ကို ဖယ်ကြဉ်လာကြပါစေ၊ အစ်ကိုဟာ ရွှေ့ဘက်မှာ ရှိပါတယ်၊ အစ်ကို့အဖို့တော့ ရွှေဟာ နွံအညစ်ကြေးတွေ ကြားထဲက ပေါက်လာတဲ့ ကြာပွင့်ကလေးတစ်ပွင့်လိုပဲ ထင်တယ်၊ ဒီကြာပွင့်ကလေးကို အစ်ကို လက်ကမ်းကြိုနေပါတယ် ရွှေကလေးရယ်"

ရွှေတင်သည် ခင်မောင်ဝင်း စကားများကို နားထောင်ပြီး ခေါင်းကို ညင်သာစွာ ယမ်းခါနေပေသည်။





"ရွှေတင့်မှာ ပေကျံနေတဲ့ အညစ်အကြေးဟာ ဘာနဲ့ဆေးဆေး မစင်တော့ဘူးအစ်ကို၊ ဘာနဲ့ချွတ်ချွတ် မကျွတ်တော့ဘူး၊ လက်ထပ်ဖို့ဆိုတာ မစဉ်းစားအပ်တဲ့ ကိစ္စကြီးပါ အစ်ကိုရယ်"

"ဘာလို့ မစဉ်းစားရမလဲ၊ စဉ်းစားရမယ်၊ စဉ်းလဲ စဉ်းစားအပ်တယ်။ ရွှံ့နွံဟာ ဘယ်လောက်ပဲ ပုပ်ပုပ်၊ ဘယ်လောက်ပဲ ညစ်ပတ်ညစ်ပတ် ကြာပင်ပေါက်စေတယ်၊ ကြာပန်းကို ပွင့်စေတယ်။ အစ်ကို ကျူးလွန်ခဲ့တဲ့ အပြစ်တွေ၊ ရွှေကလေး ဖြတ်သန်းခဲ့ရတဲ့ ဘဝတွေဟာ ရွှံ့နွံနဲ့တူတယ်၊ အစ်ကိုတို့ဟာ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြီး စိတ်သစ်မွေးကြတယ်ဆိုရင် ကြာပန်းနဲ့တူတဲ့ ဘဝသစ်ကို ရကြမှာပါကွယ်နော်၊ ဟုတ်လား"

ရွှေတင်သည် ဘာမျှမပြောဘဲ လက်သည်းချင်းပွတ်၍ စဉ်းစားနေမိသည်။ ရွှေတင်၏ မျက်နှာသည် ပွင့်စပန်းလို လန်းဆန်းကြည်လင်လာသည်ဟု ထင်ရ၏။ ခင်မောင်ဝင်းသည် ဝင်းပနေသော ရွှေတင်၏ မျက်နှာကိုကြည့်ကာ အားတက်လာသည်။

"ဟုတ်လား ရွှေ၊ အစ်ကို မကြာခင်ပဲ တရားသူကြီး ခေါ်ခဲ့မယ်နော်၊ ထောင်ထဲမှာ လက်ထပ်ကြမယ်"

ရွှေတင်သည် ဘာမျှမပြောနိုင်ဘဲ တွေ၍ နေ၏။

"ကဲ- အချိန်စေ့ပါပြီခင်ဗျာ"

ထောင်မှူးကလေးက သတိပေးလိုက်သဖြင့် သူတို့နှစ်ယောက်သည် ထိုင်ရာမှ ထလိုက်ကြသည်။ သံတိုင်များကို ဆွဲစေ့လိုက်သံ၊ သော့ခလောက်သံ၊ သံကြိုးနှင့် တံခါးရိုက်သံများကို ကြားရလေ၏။

ရွှေတင်သည် ဘူးဝတွင် ခင်မောင်ဝင်း ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေပြီးမှ အဆောင်သို့ ပြန်လာခဲ့ပေသည်။

အဆောင်သို့ ပြန်ရောက်တော့မှ ရွှေတင်သည် လှေကားထစ်တွင် ထိုင်ကာ စာအိတ်ထဲမှ ဓာတ်ပုံကို တစ်ပိုင်းပေါ်အောင် ဆွဲထုတ်ပြီးတစိမ့်စိမ့်ကြည့်နေမိသည်။ ဓာတ်ပုံထဲ၌ လူတွေ၏ မျက်နှာများကိုလည်းကောင်း၊ အဝတ်အစားများကိုလည်းကောင်း၊ သူနှင့် ခင်မောင်ဝင်း နောက်တွင်ရှိသည့် ပန်းရုံကြီးများကိုလည်းကောင်း၊ ခင်မောင်ဝင်းကိုလည်းကောင်း ကြည့်နေမိသည်။ ဓာတ်ပုံမှာ ဝါကျင့်နေပေပြီ။ ခင်မောင်ဝင်းမှာ အင်္ကျီလိပ်ဝတ်စုံနှင့် ဖြစ်သည်။ သူနှင့်ခင်မောင်ဝင်းမှာ ရှေ့သွားနောက်လိုက်ညီသည်။ ခင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းက ချောမောခံ့ညားသလောက် ရွှေတင်က နုယဉ်လှပသည်။ ဆံခွေက လေးများမှာ နဖူးပေါ်တွင် ဝဲကျနေသည်။

"ဒါက ဘာလဲအေ့၊ ညည်းအဆက်ကြီးက ပေးသွားတာလား"

နောက်နားကကပ်၍ မေးလိုက်သံကို ကြားသဖြင့် လှည့်ကြည့်လိုက်ရာ အကြည်ကို တွေ့ရသည်။ အကြည်မှာ လွတ်သွားပြီးမှ ပြည့်တန်ဆာမှုဖြင့်ပင် နောက်တစ်ခေါက် ရောက်လာခြင်းဖြစ်လေ၏။ ဘယ်အချိန် ရောက်လာသည်ကိုပင် မသိလိုက်ပေ။ ရွှေတင်က ဓာတ်ပုံကို အိတ်ထဲသို့ ပြန်သွင်းလိုက်သော်လည်း အကြည်က လုယူ၍ ကြည့်နေသည်။

"ဒါက ဘယ်သူလဲ၊ ညည်းလား"

"ဘယ်သူဖြစ်ဦးမလဲ၊ မိကျင်ရွှေပေါ့"

"ဒါက ညည်းအဆက်ကြီးပေါ့၊ အံမယ် ဗိုလ်လိုဝတ်ထားပါလား၊ ချောသားပဲအေ့"

ရွှေတင်မှာ ခင်မောင်ဝင်းအား "ညည်းအဆက်ကြီး" ဟု အကြည်က ရင့်ရင့်သီးသီး ခေါ်လိုက်သဖြင့် အောင့်သွားသည်။

"ဒါက သူ့အမေလား"

"မဟုတ်ပါဘူး၊ သူ့အဒေါ်ပါ၊ ကိုယ့်ရုပ်နဲ့ တူသေးရဲ့လား"

"တူပေါင်၊ မျက်နှာက လုံးလုံးမတူတော့ဘူး၊ သိပ်နုတာပဲ၊ ဘယ်လောက်ကြာပလဲ၊ လေး ငါး ခြောက်နှစ်လောက်တော့ ရှိရောပေါ့"

"ဘယ်လောက်ကြာပလဲ မသိပါဘူး ရွှေကြည်ရယ်၊ ငါ့စိတ်ထဲတော့ တစ်သက် တစ်ဘဝ တစ်ကမ္ဘာကြာပြီလို့ ထင်တာပဲ"

ရွှေတင်၏ မျက်နှာမှာ ဝင်းထိန်နေရာမှ ညှိုးကျသွား၏။ မျက်မှောင်ချီထားလိုက်သဖြင့် နဖူးပေါ်၌ အစင်းတွေထင်လာ၏။

"ညည်းနှယ်အေ၊ ဒီလိုဘဝ ရောက်ရတာများ အံ့ပါရဲ့၊ ဒီထဲဝတ်ထားတာက စိန်တွေလား"

အကြည်က ဓာတ်ပုံထဲတွင် ရွှေတင်ဝတ်ထားသည်ကို ကြည့်၍ ပြောလိုက်သည်။ ရွှေတင်မှာ တရုတ်ပိုးရင်ဖုံးအကျီ၊ ကြိုးကြိုးချိတ်လုံချည်တို့ကို ဝတ်ထားပြီး စိန်နားကပ်၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်ရင်ထိုးတွေနှင့်ဖြစ်၏။

"စိန်တွေချည်းပဲ"





"ဒီလိုဆို ဇိမ်ပေါ့အေ၊ ရွှေတွေလဲ ငွေတွဲလဲနဲ့"

"ရွှေတွဲလဲ ငွေတွဲလဲတော့ ဝတ်ရပါရဲ့၊ ဒါပေမဲ့ ငရဲပြည်ရောက်သလိုပဲလို့ ထင်မိတယ်"

"ဘာဖြစ်လို့လဲ"

"အို မနက်ဝေလီဝေလင်းကစ ညဉ့်နက်သန်းကောင်ထိ နားရတယ်လို့ မရှိပဲ၊ မျက်နှာကောင်းလဲ ရတာမဟုတ်ဘူး"

"မွေးစားသမီးပဲအေ၊ ဒီလောက်တောင်ပဲလား"

"မွေးစားသမီးဆိုတာ နာမည်ပဲရှိတာပဲအေ့၊ ညည်းမသိပါဘူး၊ ဒါတွေမေးမနေပါနဲ့တော့ ငါ ဝမ်းနည်းတယ်"

ရွှေတင်သည် မျက်ရည်တွေ စီးကျလာကာ ငိုသံပါကြီးနှင့် ပြောလိုက်သည်။ နောက် အကြည့်လက်ထဲက ဓာတ်ပုံကို ဆွဲယူကာ အဆောင်အပေါ်ထပ်သို့ ပြေးတက်လာခဲ့လေ၏။

ရွှေတင်သည် ဓာတ်ပုံကို တစ်ယောက်တည်း ကြည့်နေတုန်းက ခင်မောင်ဝင်းနှင့် ချစ်တင်းဆိုခဲ့၊ ပျော်ခဲ့တာတွေကို တွေးမိ၍လည်းကောင်း၊ ခင်မောင်ဝင်းနှင့် ယခုတစ်ဖန် ပြန်လည်ဆုံတွေ့ရသည်ကို တွေး၍လည်းကောင်း တသိမ့်သိမ့်ကြည်နူးနေမိကာ ကိုယ်ရောက်နေသည့် ဘဝကိုပင် မေ့လျော့နေခဲ့မိသည်။ သို့ရာတွင် အကြည် ရောက်လာပြီး စစ်စစ်ပေါက်ပေါက် လိုက်မေးနေသည့်အခါတွင်ကား အရင်တုန်းက ဘဝနှင့် ယခုဘဝမှာ ရေပင်လယ်ဆီးသလို အကွာကြီး ကွာနေသည်ကို သတိရလာမိပြန်သည်။ ကောင်းတာတွေကို မေ့ကာ မကောင်းတာတွေဆီသို့ ရောက်လာပြန်သည်။ တကယ်ဆိုတော့ သူ့ဘဝမှာ ခင်မောင်ဝင်း၏ ဘဝနှင့် ကွာခြားလွန်းလှပါကလား။

နွံ့ထဲက ဘဝကို တွေးမိတိုင်း ရွှေတင်၏ ချိုသာနူးညံ့သော စိတ်သည် ပျောက်ကွယ်သွားကာ ခါးသီးပြင်းထန်သည့် စိတ်သည် စိုးမိုးလာပြန်လေသည်နှင့် တစ်ပြိုင်နက် ပါလစ်ဆီအရက်သောက်၍လည်းကောင်း၊ ဆေးခြောက်ရှူ၍လည်းကောင်း စိတ်ညစ်ရာတွေကို မေ့ပျောက်ပစ်လိုက်ချင်လာသည်။

"မပြားကြီး 'နွားကလေး' မရှိတော့ဘူးလား"

ရွှေတင်က ဆေးခြောက်ထုပ်ရှိ မရှိ မပြားကြီးကို လှမ်းမေးလိုက်သည်။ မပြားကြီးက လက်ခါပြရင်း



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး၊ မတ်ထုပ် တစ်ထုပ်ကျန်တာ ရောင်းလိုက်ပြီ"

မပြားကြီးဆီက ဆေးခြောက်တစ်ထုပ်ရလျှင် ရွှေတင်သည် မကောင်းမှုတွေကို မပြုတော့ပါဟု ခင်မောင်ဝင်းအား ပေးခဲ့သည့် ကတိကို ချိုးဖောက်မိမည်မှာ အမှန်ပင်ဖြစ်၏။ ယခုတော့ မချိုးဖောက်ဖြစ်တော့ပေ။

ရွှေတင်သည် သူ၏ ကျိုးပဲ့ပျက်စီးနေသော ဘဝကို တွေးမိကာ မျက်ရည်များကိုသာ သွန်ချလိုက်မိသည်။ ဘယ်လောက်ပင် ငိုရသော်လည်း သည်မျက်ရည်တို့သည် မခန်းခြောက်နိုင်တော့ပါတကား။

●

## (၄၃)

ညိုလေးသည် အထူးတန်း အကျဉ်းသမားများ ထောင်ဝင်စာတွေ့သော ခုံတန်းရှည်တွင် ဝင်ထိုင်လိုက်သည်။ သူ့မျက်နှာမှာ ညှိုးငယ်နေ၏။ ရွှေတင်က မျက်နှာချင်းဆိုင်တွင် ထိုင်ကာ ညှိုးငယ်နေသော ညိုလေးမျက်နှာကို လှမ်းကြည့်လိုက်သည်။ ခဏကြာတော့ ညိုလေးက လက်တွင်ကိုင်လာသည့် မြန်မာ့အလင်း သတင်းစာကို ထိုးပေးလိုက်သည်။ သတင်းစာမျက်နှာဖုံးတွင် စီးကရက်ခဲနေသော ရွှေတင်၏ ဓာတ်ပုံကို တွေ့ရလေသည်။ ထိုဓာတ်ပုံမှာ အမှုစစ်စဉ်က သတင်းထောက် မောင်မောင်သန်း ရိုက်ကူးသွားသော ဓာတ်ပုံပင် ဖြစ်လေသည်။ ဓာတ်ပုံအောက်တွင် 'မုန်းပေမဲ့ ချစ်ဟန်ဆောင်ပြီး ချစ်ပေမဲ့ မုန်းဟန်ဆောင်သော အရွှေ' ဟူ၍ မျက်နှာမည်းစာလုံးဖြင့် ရေးထား၏။ အောက်တွင် အမှုအကြောင်းကို ဖော်ပြထားလေသည်။ ရွှေတင်သည် ဓာတ်ပုံကို မဲ့ရွဲ့ကြည့်လိုက်ပြီး သတင်းစာသားများကို ဆက်ဖတ်နေသည်။

**'အလင်းဟော်တယ် လူသတ်မှု အယူခံ ပယ်ပြီ'**

တရားခံမ အရွှေခေါ် ကျင်ရွှေအား တစ်သက်တစ်ကျွန်း အမိန့်ကို မစ္စတာဒန်ကလေထိုင်သော ဟိုက်ကုတ်မှ အတည်ပြုလိုက်ခြင်း။

လွန်ခဲ့သည့် ဇန်နဝါရီလ ၁၇ရက်နေ့က အလင်းဟော်တယ်တွင် ပြည်မြို့နေ သူဌေး ဦးဖေသန်းအား



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ခတ်သတ်မှုဖြင့် ပြည့်တန်ဆာမယ် တရားခံမ အရွှေခေါ် ကျင်ရွှေအား ရန်ကုန်မြို့ အထူးစက်ရှင် တရားသူကြီး ဦးမြခင်၏ ရုံးတော်တွင် ကြားနာစစ်ဆေးပြီး အကြောင်းချင်းရာ သက်သေအထောက်အထား ခိုင်လုံကြောင်း တွေ့ရှိရသဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန် အမိန့်ချမှတ် စီရင်ခဲ့ကြောင်း။

၎င်းအမှုတွင် တရားခံမက အောက်ရုံးအမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်ရာ တရားဝန်ကြီး ဟူးဘတ်ဒန်ကလေသခင်ကိုယ်တိုင် ကြားနာစစ်ဆေးခဲ့ကြောင်း။

ဟိုက်ကုတ်စီရင်ချက်၌ အောက်ရုံး၏ အမိန့်တွင် ချို့ယွင်းချက် တစ်စုံတစ်ရာမတွေ့ရကြောင်း၊ ထို့ကြောင့် စွက်ဖက်ရန်မလိုကြောင်းဖြင့် အောက်ရုံး၏ အမိန့်ကို ဟိုက်ကုတ်ရုံးတော်မှ အတည်ပြုလိုက်ကြောင်းဖြင့် ဖော်ပြထားကြောင်း။

ဤအမှုနှင့် စပ်လျဉ်း၍ နောက်ထပ်စုံစမ်း သိရှိရသည်မှာ အလင်းဟော်တယ်တွင် ဦးဖေသန်းအား အဆိပ်ခတ်သတ်မှုတွင် မပါသော်လည်း ဦးဖေသန်း၏ ငွေများကို ခိုးယူရာတွင် ပါဝင်သည်ဟု ပုလိပ်ဘက်မှ စစ်ဆေးတွေ့ရှိရသဖြင့် အလင်းဟော်တယ်တွင် အလုပ်လုပ်သူ မောင်ဘကျော်နှင့် မချစ်မေဆိုသူ လင်မယားနှစ်ဦးကိုလည်း ရာဇဝတ်ပုဒ်မ ၃၈၀ ဖြင့် ရုံးတင်စစ်ဆေးခဲ့ရာ ၎င်းတို့အား ပြစ်မှုထင်ရှားသည်ဆိုကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ်စီ ကျခံစေရန် ရန်ကုန်မြို့ အနောက်ပိုင်း ရာဇဝတ်တရားသူကြီးရုံးတော်မှ အမိန့်ချမှတ်လိုက်သည်ဟု ကြားသိရကြောင်း။

ရွှေတင်သည် နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ထားလိုက်သည်။ ဦးဖေသန်းအား အဆိပ်မှုန့်ကို ကိုယ်ထိလက်ရောက် တိုက်ကျွေးခဲ့သူမှာ သူပင် ဖြစ်၏။ သို့သော် ရွှေတင်သည် သည်အဆိပ်မှုန့်ကို ဆေးမှုန့်အဖြစ် ရိုးသားစွာ ထင်မှတ်၍ တိုက်ခဲ့ခြင်းဖြစ်၏။ သည်ဆေးမှုန့်ထုပ်နှင့် အဆိပ်မှုန့်





တို လဲထားသူမှာ ကိုဘကျော်နှင့် မချစ်မေတို့ လင်မယားဖြစ်သည်ဟု ရွှေတင် ကောင်းကောင်းကြီး သိသည်။ ရွှေတင်၏ ရှေ့နေကလည်း သည်အချက်ကို လျှောက်လဲသွားခဲ့သည်။ သို့ရာတွင် သူ့ဘက်က ခိုင်လုံသော သက်သေအထောက်အထားမရှိပေ။ သူကိုယ်တိုင်လည်း မြင်တွေ့ခြင်းမဟုတ်၊ မြင်တွေ့သူကလည်း မရှိသဖြင့် လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲ ဖြစ်ခဲ့ရသည်။ သူ့ အပေါ်တွင် အပြစ်တွေအားလုံး စုပုံကျလာခဲ့သည်။

"သူများမကောင်းကြံရင်လဲ ကိုယ်လဲ မကောင်းတော့ ပြန်ဖြစ်သေးတာပဲ"

ညိုလေးက ကိုဘကျော်နှင့် မချစ်မေတို့ မျက်နှာများကို မြင်ယောင်၍ ပြောလိုက်သည်။ ကိုဘကျော်၏ သေးငယ်ကျဉ်းမြောင်းသော မျက်လုံးများကို မြင်လာသည်။ သည်မျက်လုံးများကား ကောက်ကျစ်စဉ်းလဲခြင်း အမှတ်အသားများပေတည်း။ တစ်ဆက်တည်းမှာပင် မချစ်မေ၏ နီစို့စို့မျက်နှာကိုလည်း မြင်ယောင်လာသည်။ သည်မျက်နှာမှာ အာသာရမ္မက်ကြီးသည့် မျက်နှာမျိုးပေတည်း။

"သူတို့ကို မကောင်းပြန်ဖြစ်တာက နည်းနည်းပါကွယ်၊ လောကကြီးက သူတစ်ပါးမကောင်းကြံရင် ကိုယ်မကောင်းဖြစ်တယ်ဆိုတာ ရှားပါတယ်၊ သူတစ်ပါး မကောင်းအောင် ကြံစည်လေ ကိုယ်ကောင်းလေဆိုတဲ့ လောကကြီးပါ၊ သူတစ်ပါးကို စိတ်ကောင်းထားတိုင်းလဲ ကိုယ်အကောင်းဖြစ်တာမဟုတ်ပါဘူး"

ရွှေတင်သည် ခေါင်းငုံ့၍ မျက်လုံးကို ထောင့်ကပ်ကာ ကြည့်မိကြည့်ရာကို ငေးကြည့်နေ၏။ သူ့မျက်လုံးများသည် ရွေ့လျားခြင်း မရှိပေ။

"ဒီပြင်လူကို မကြည့်နဲ့ အစ်မကိုပဲ ကြည့်လေ၊ အစ်မဟာ လူတွေအပေါ်မှာ စိတ်ကောင်းထားခဲ့တယ်၊ အမြဲတမ်း စိတ်ကောင်းမထားနိုင်ဘူးထား ဦး၊ ဘယ်သူ့အပေါ်ကိုမှ စိတ်ဆိုး စိတ်ယုတ်မာ မထားဖူးဘူး၊ သူတစ်ပါးအကျိုးပျက်စီးရာ ပျက်စီးကြောင်း လုပ်ဖို့ဝေးရော၊ စိတ်ကူးထဲတောင် မထည့်ခဲ့ဖူးဘူး၊ ဒီလိုအစ်မက စိတ်ကောင်းထားလို့ ကိုယ့်မှာ အကောင်းဖြစ်သလား၊ မဖြစ်ဖူးလား ဆိုတာတော့ မင်းအမြင်ပဲ။ ဒါပေမဲ့ အစ်မဝမ်းမနည်းပါဘူး၊ ကိုယ့်မှာ အကောင်းဖြစ်ဖြစ် မဖြစ်ဖြစ် အစ်မကတော့ ခုအထိ ဘယ်သူ့အပေါ်မှ စိတ်ဆိုးစိတ်ယုတ် မထားဘူး၊ စိတ်ဆိုးစိတ်ယုတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဝင်လာရင် အစ်မဖျောက်ဖျက်ပစ်တယ်။ ကံဆိုးလေခြင်းလို့ တွေးပြီး စိတ်မကောင်းတာ တစ်ခုပဲ"

ရွှေတင်သည် ဆက်မပြောတော့ဘဲ အဝေးသို့ ငေးစိုက်ကြည့်နေသည်။ သူ့မျက်နှာမှာ တည်ကြည်ငြိမ်သက်လှပေသည်။ သူ့အသံတွင် နာကျည်းသံ၊ ဆွေးမြေ့သံလည်း မပါတော့ပေ။ လောကကို ခွင့်လွှတ်သော မျက်နှာမျိုးဖြစ်ပေ၏။ ဖြစ်သမျှတွေကို မေ့ပစ်လိုသော အသံမျိုးဖြစ်ပေ၏။

နှစ်ယောက်သား စကားမပြောနိုင်ကြဘဲ တိတ်ဆိတ်နေကြသည်။ ဝါဒါများ ဂျုတီလွှဲချိန်ဖြစ်၍ အမိန့်ပေးသံ၊ ဖနောင့်ချင်း ရိုက်၍ တန်းစီသံများကို ကြားရသည်။ ထောင်ဝင်စာတွေ့ပေးသော ထောင်မှူးကလေးသည် ဘူးဝမှ ထွက်လာကာ ရွှေတင်ကို စာတစ်စောင်လာပေးသည်။ ရွှေတင်သည် စာအိတ်ကို ဖောက်၍ ဖတ်လိုက်၏။

ရွှေ ရွှေ

ရွှေ့အမူ အယူခံကို ဟိုက်ကုတ်က ပယ်လိုက်ပြီ၊ ဘာမှ အားငယ် စိတ်ပျက်မနေပါနဲ့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့သာ အောက်မေ့ရတော့မှာပေါ့၊ အစ်ကိုလဲ အစ်ကို့ဆုံးဖြတ်ချက် အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေရတဲ့အတွက် အလုပ်များနေလို့ လူကိုယ်တိုင် မလာနိုင်ပါ၊ အစ်ကို့အဖို့တော့ ရွှေ့ကို ပြောဖူးထားတဲ့အတိုင်း ရွှေနဲ့လက်ထပ်ပြီး တစ်ကျွန်းကို လိုက်တော့မယ်၊ ဒီနည်းသာလျှင် ရွှေကလေးကို ကယ်တင်ရာ ရောက်မယ်၊ အစ်ကို့ကိုယ်ကို အစ်ကိုလဲ ကယ်တင်ရာရောက်တယ်၊ ဒီဆုံးဖြတ်ချက်ကို ဘယ်သူဖျက်ဖျက် မပျက်တော့ဘူး၊ မနက်ဖြန်မှာ လက်ထပ်ဖို့လဲ အစ်ကို တရားသူကြီး ခေါ်လာခဲ့မယ်၊ အစ်ကို အားလုံးစီစဉ်ပြီးပြီ၊ အစ်ကို့ပစ္စည်းတွေကို ခွဲဝေပေးဖို့လဲ ရှေ့နေကို အားလုံးလွှဲခဲ့ပြီးပြီ၊ ဘယ်သူပဲတားတား အစ်ကို ရွှေနဲ့ အတူလိုက်တော့မယ်။

ရွှေတင်သည် စာကို ဖတ်ပြီး စာရွက်ခေါက်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ သက်ပြင်းချလိုက်မိသည်။ သူ့မျက်နှာတွင် စိုးရိမ်ကြောင့်ကြသော အမူအရာ ပေါ်နေသည်။ ညိုလေးသည် စာရွက်ခေါက်ကလေးကို တစ်လှည့်၊ ရွှေတင့်မျက်နှာကို တစ်လှည့် ကြည့်နေ၏။





"ဘယ်က စာလဲ အစ်မ"

ညိုလေးသည် မျိုသိပ်မထားနိုင်တော့ဘဲ လှမ်း၍ မေးလိုက်သည်။ ရွှေတင်သည် သည်တော့မှ အနားတွင် ညိုလေးရှိသည်ကို သတိရသလိုဖြစ်လာသည်။ ရွှေတင်သည် ဘာမှမပြောသေးဘဲ နှုတ်ခမ်းများကို အားယူ၍ တမင်ပြုံးလိုက်သည်။

"ညိုလေးရေ"

ညိုလေးသည် ရွှေတင့်ကို စူးစိုက်ကြည့်နေသည်။ သူ့ကို ရွှန်းရွှန်းစားစား ကြည့်နေရင်းက အားမရသလို အသံထွက်ခေါ်လိုက်သော ရွှေတင်ကို နားမလည်နိုင်လောက်အောင် ဖြစ်နေသည်။

"ဘာလဲ အစ်မ"

"အရင်တစ်ပတ် ထောင်ဝင်စာလာတုန်းက အစ်မ ပြောလိုက်တာတွေ မှတ်မိသေးသလား"

"အစ်မပြောတဲ့စကားလုံးတွေကို ကျွန်တော် တစ်လုံးမှ မမေ့ဘူး အစ်မ၊ အားလုံးမှတ်မိတယ်၊ အစ်မက ကျွန်တော့်ကို ကောင်းရာကောင်းကြောင်း တစ်ခုခုလုပ်ဖို့ ပြောတာတွေ၊ အဝေးကြီးကို သွားပြီး လယ်ယာလုပ်စားဖို့ပြောတာတွေ၊ အားလုံး ကျွန်တော်မှတ်မိပါတယ်"

ရွှေတင်က ညိုလေးကို ကြည့်၍ အားရပါးရပြုံးလိုက်သည်။ ညိုလေးပြောပုံမှာ တွတ်တီးတွတ်တာ ပြောတတ်စ ကလေးငယ်တစ်ယောက်က အစ်မကြီးမေးသဖြင့် ပြန်ပြောပုံမျိုးဖြစ်သည်။ ကျောင်းသားလေးက ဆရာမမေးသည့်အခါ ပြန်ပြောပုံမျိုးဖြစ်သည်။

"မင်း မေးတဲ့ မေးခွန်းကော မှတ်မိသေးလား"

ရွှေတင်က ထပ်၍ မေးလိုက်သည်တွင် ညိုလေးက ခေါင်းကုတ်၍ စဉ်းစားနေသည်။ မျက်မှောင်များမှာ တွန့်ယှက်နေကြသည်။

"ကျွန်တော်ပြောတဲ့စကားကိုတော့ မေ့သွားပြီအစ်မ၊ ကျွန်တော့်စိတ်ထဲမှာ အစ်မပြောတဲ့စကားလုံးတွေကိုပဲ သိတော့တယ်။ ကျွန်တော်ပြောတာတော့ သတိမရတော့ဘူး"

"အစ်မကို ဖျက်ဆီးသွားတဲ့ သူဌေးသားကို လက်စားချေချင်တယ် ဆိုတဲ့စကားလေ"

"ဟာ မှတ်မိတာပေါ့၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီသူဌေးသားကို အစ်မက လက်စားချေခိုင်းရင် လက်စားချေမလား"

"အို စိမ်လိုက်အစ်မ၊ အစ်မကသာ လက်စားချေခိုင်းရင် ကျွန်တော် ချေမှာပေါ့အစ်မ၊ စက်တိုင်တက်ရလဲ အရေးမကြီးဘူး၊ တစ်ကျွန်းသွားရလဲ အရေးမကြီးဘူး၊ ဒီလူကိုလက်စားချေလို့ တစ်ကျွန်းသွားရမယ်ဆိုရင် သာတောင်ကောင်းသေး၊ အစ်မနဲ့ ခွဲမနေရတော့ဘူး"

ရွှေတင်က ညိုလေးစိတ်အားထက်သန်စွာ ပြောနေသည်ကို ပြုံး၍ နားထောင်နေသည်။

"တကယ်လို့ အစ်မက လက်စားမချေပါနဲ့ဆိုရင်ကော"

"ဒါကတော့ အစ်မသဘောပါ၊ ကျွန်တော်ကတော့ အစ်မခိုင်းရာလုပ်မှာပဲ၊ အစ်မက ဒါလုပ်ဆိုရင် ကျွန်တော် လုပ်မယ်၊ မလုပ်နဲ့ဆိုရင် မလုပ်ဘူး။ အစ်မသဘောပဲ၊ အစ်မပါးစပ်ကသာ ငါ့အတွက် လက်စားချေပါလို့ တစ်ခွန်းပြောစမ်းပါ၊ ကျွန်တော် ဒီလူကို မြေလှန်ရှာပြီး လက်စားချေမယ်၊ ဒီလူဘယ်လောက်ပုန်းပုန်း မလွတ်ပါဘူး"

"ဒီလူက မပုန်းပါဘူးကွယ်၊ ဒီလူဟာ အစ်မတို့အနီးအနားမှာရှိပါတယ်၊ အဲဒီလူကို မင်းသိချင်သလား"

"ဘယ်မလဲ"

ညိုလေးသည် ပြူးတူးပြဲတဲကြည့်၍ မေးလိုက်သည်။ အနားတွင်ရှိသည်ဆိုသဖြင့် ဒေါသစိတ်တို့ ဟုန်းခနဲ ကွဲလာဟန်တူ၏။

"အစ်မခိုင်းတာကိုလုပ်မှ ပြမယ်နော်၊ အစ်မခိုင်းတာကို မလုပ်ရင် မပြဘူး"

"အို ဒါတွေပြောမနေပါနဲ့ အစ်မရယ်၊ ကျွန်တော် ပြောပြီးပြီကော၊ ပြမှာသာ ပြစမ်းပါ"

"ကဲ ကဲ ဟောဒီမှာ"

ရွှေတင်သည် အင်္ကျီကြားထဲတွင် ယူလာခဲ့သည့်ဓာတ်ပုံကို ထုတ်ပြလိုက်သည်။ ညိုလေးသည် ဓာတ်ပုံကို ကောက်၍ ကြည့်လိုက်သည်၊ ခဏမျှကြည့်လိုက်ပြီးမှ အသံကြီးတုန်တုန်ရီရီဖြင့်

"ဟင် အစ်မ၊ ဟို-ဟို-ဟို ဂျူရီထိုင်တဲ့လူပါလား၊ ဒီလူလား ဟုတ်လား၊ ဟင်-အစ်မ ဒီလူလား"





"အေး သူပဲ"

ရွှေတင်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ညိုလေးသည် ဓာတ်ပုံထဲက ရွှေတင်ကိုလည်းကောင်း၊ ခင်မောင်ဝင်းကိုလည်းကောင်း၊ ဒေါ်မြဆင့်နှင့်ဒေါ်မြသီကိုလည်းကောင်း သေသေချာချာကြည့်နေသည်။ ခင်မောင်ဝင်း၏ ပုံကိုကြည့်ရင်း နှုတ်ခမ်းများကို တင်းကျပ်စွာ ကိုက်ထားလေ၏။

"ဒီလိုဆိုရင် ရှာတောင်မနေရပါဘူး အစ်မရယ်၊ တစ်နေ့ကအစ်မအယူခံပယ်တဲ့နေ့ကတင် ကျွန်တော် မြင်လိုက်သေးတယ်။ ကျွန်တော်က ဟိုက်ကုတ်က အဆင်း၊ သူက တက္ကစီကားပေါ်က"

"ကဲ၊ ဒီလိုဆို အစ်မခိုင်းတာ လုပ်ရမယ်နော်"

"လုပ်မယ် အစ်မ၊ ဘယ်လိုလုပ်ရမလဲသာပြောပါ"

"အစ်မ မခိုင်းတာကို မလုပ်ရဘူးနော်"

"ရှည်လိုက်တာ အစ်မရယ်၊ ကျွန်တော့်ကို မယုံသေးဘူးလား"

"ယုံပါပြီကွယ် ယုံပါပြီ၊ အစ်မအနေနဲ့ သူ့အပေါ်မှာ အကောင်းဆုံး လက်စားချေနည်းတစ်ခုကို တွေ့ထားပါတယ်၊ မင်း အစ်မကို တကယ်ချစ်ရင် အစ်မလိုပဲ လက်စားချေရမယ်"

"ဘယ်လိုလဲ အစ်မရဲ့၊ ပြောမှာသာ ပြောစမ်းပါ"

ညိုလေးက အားမရသလို ရွှေတင့်ကို လှမ်း၍ မေးလိုက်သည်။ ရွှေတင်သည် ညိုလေးမျက်နှာကို စူးစိုက်၍ အကဲခတ်ကြည့်ပြီး စီးကရက်ကို ဖွာရှိုက်နေ၏။ အတန်ကြာမှ

"သူ့အပေါ်မှာ အကောင်းဆုံးလက်စားချေနည်းဟာ သူ့ကိုခွင့်လွှတ်လိုက်တဲ့ နည်းလမ်းပဲ ညိုလေးရေ၊ သူပြုခဲ့တဲ့ အမှားတွေအပြစ်တွေကို ခွင့်လွှတ်တာဟာ အကောင်းဆုံးလက်စားချေနည်းပဲ၊ ဒီတော့ မင်းလဲ အစ်မခိုင်းတာကို လုပ်မယ်ဆိုရင် သူ့ကို ခွင့်လွှတ်လိုက်ဖို့ပဲ"

ညိုလေးသည် ရွှေတင့်စကားများကို မယုံကြည်နိုင်သလို ရွှေတင်အား ငေးကြည့်နေသည်။ သူ့နဖူးတွင် ချွေးတွေစီးကျနေသည်။ သူ့လက်များသည် ကတုန်ကယင်ကြီး ဖြစ်နေ၏။ မျက်နှာသည် နီမြန်း၍ နေလေသည်။

ခပ်လှမ်းလှမ်း သရက်ပင်ပေါ်မှ နွေဦးအကြိုတော် ဥဩငှက်၏ ငြိမ့်လေးသာယာသော ကျူးရင့်သံ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မက ခွင့်လွှတ်မယ်"

ညိုလေးက မယုံသလို ထပ်၍ မေးလိုက်၏။

"အေး အစ်မကလဲ ခွင့်လွှတ်တယ်။ အစ်မကို ချစ်တယ်၊ အစ်မခိုင်းတာကို လုပ်မယ်ဆိုတဲ့ မင်းကလဲ ခွင့်လွှတ်ရမယ်။ အစတုန်းကတော့ အစ်မလဲ သူ့အပေါ်မှာ တော်တော် နာကြည်းခဲ့မိတယ်၊ ငါ့ဘဝကို အညွန့်တုံးအောင် ဖျက်ဆီးခဲ့သူဆိုပြီး အသည်းနာတယ်၊ နောက် အရေလည်လာတော့ သူဟာ အစ်မထင်သလိုမဟုတ်ရှာပါဘူးကွယ်၊ အစ်မဒီလိုဖြစ်ခဲ့ရတာဟာ သူ့ကြောင့်မဟုတ်ပါဘူး၊ သူ့အသိုင်းအဝိုင်း ဆွေမျိုးပတ်ဝန်းကျင်တွေကြောင့်ပါ၊ သူ့အနေနဲ့ကတော့ အစ်မကို ပြစ်မှားခဲ့တာ မဟုတ်ပါဘူး၊ ချစ်မှားခဲ့တာပါ၊ အမှုစစ်တုန်းကဆိုရင် အစ်မလွတ်မြောက်ရေးအတွက် ငွေကုန်လူပန်းခံပြီး တတ်နိုင်သမျှ ကြိုးစားခဲ့ရှာပါတယ်။ အစ်မဆီကို ထောင်ဝင်စာလာပြီး လိုအပ်တဲ့ အကူအညီတွေ ပေးခဲ့ရှာပါတယ်၊ သူ့ကို ခွင့်လွှတ်ဖို့လဲ အစ်မကို တဖွဖွ တောင်းပန်ခဲ့ရှာပါတယ်"

ညိုလေးသည် ကရားရေလွှတ် တတွတ်တွတ် ပြောနေသော ရွှေတင့်ကို ငေးကြည့်နေ၏။ ရွှေတင်၏ မျက်နှာထား ဟန်ပန် လေယူလေသိမ်းတို့မှာ တည်ငြိမ်လှပေ၏။ ရွှေတင်ကို ကြည့်ရသည်မှာ အေးမြလှပေ၏။

"ဒီအပြစ်တွေကို ကျူးလွန်ခဲ့မိတာဟာ ပစ္စည်းဥစ္စာတွေ၊ ဆွေမျိုးတွေကြောင့်ဆိုပြီး သူ့မှာရှိတဲ့ လယ်မြေတွေ ပစ္စည်းတွေအားလုံးလဲ စွန့်လွှတ်လိုက်ပြီ။ ဒီပစ္စည်းတွေကြောင့် ဒီလိုဖြစ်ရလေခြင်းဆိုတဲ့အစွဲဟာ သူ့မှာ သိပ်ကြီးနေပြီ။ ခုတော့ ဆွေမျိုးတွေကလဲ သူ့ကို ဝိုင်းပယ်ကုန်ကြပြီး အပေါင်းအသင်းတွေကလဲ သူ့ကို ကဲ့ရဲ့ကုန်ကြပြီ၊ ဒီလိုပစ္စည်းတွေ ဆွေမျိုးတွေကို အကဲ့ရဲ့ခံစွန့်လွှတ်လိုက်ပြီး သူ့အပြစ်တွေကို သူကျေအောင် လုပ်ရှာပါတယ်၊ ဒီတော့ အစ်မအနေနဲ့ သူ့ကို ခွင့်လွှတ်ခြင်းဟာ အကောင်းဆုံးပဲ၊ ဒါကြောင့်မို့ အစ်မ သူ့ကို ခွင့်လွှတ်တယ်၊ မင်းကလဲ သူ့ကို ခွင့်လွှတ်ရမယ်၊ အစ်မပြောတာ နားထောင်နော် ညိုလေး"

ညိုလေးသည် ခေါင်းကို ဖြေးလေးစွာ ညိတ်၍ ပြလိုက်သည်။

"ခု-ဒီစာဟာ သူ့ဆီကစာပဲ၊ သူ့လယ်မြေတွေ နှစ်ထောင်ကျော်သုံးထောင်လောက် အစ်မတို့နယ်မှာရှိတယ်၊ အဲဒီလယ်မြေတွေကို လယ်သမားတွေကို ဝေပေးပစ်လိုက်ပြီ၊ အစ်မနဲ့တစ်ကျွန်းကို လိုက်နေတော့မယ်လို့ စာရေးလိုက်တယ်"





"ဟင် သူလိုက်မယ်"

ညိုလေးက အံ့အားသင့်စွာဖြင့် မေးလိုက်သည်၊ ရွှေတင်က ခေါင်း၊ ညိတ်ပြလိုက်၏။

"ဒါဖြင့် အစ်မ၊ ကျွန်တော် လယ်ထွန်ရမယ်လို့ပြောတာဟာ အဲဒီဘက်ကို အသွားခိုင်းမလို့ပေါ့ ဟုတ်လား"

ညိုလေး၏ အသံမှာ ဝမ်းနည်းဆွေးမြည့်သံများ ပေါက်နေသည်။ သို့ရာတွင် သူ့အသံမှာ ရွှေတင်ကို တော်လှန်ဆန့်ကျင်သော အသံမဟုတ်၊ ရွှေတင်ခိုင်းရာကို သွားမည်ဆိုသော တိုးလျှိုးဝန်ခံသည့်အသံမျိုးသာ ဖြစ်ပေ၏။

"နောက်တော့ သိရမှာပေါ့ကွယ်၊ အစ်မ စီစဉ်ထားပါတယ်၊ မင်းမှာ ဖောင်တိန်ပါရင်သာ အစ်မကို ပေးစမ်းပါ"

ညိုလေးက ဖောင်တိန်ကို ဖြုတ်၍ ရွှေတင်အား ပေးလိုက်သည်။ ရွှေတင်သည် စီးကရက် ဘူးခွံကို ဆုတ်၍ စာရေးနေသည်။

အစ်ကို

အစ်ကို့စကားကို နားမထောင်နိုင်ပါသဖြင့် ဝမ်းနည်းပါသည်။ စိတ်မဆိုးရန်လည်း တောင်းပန်ပါသည်။ ကျွန်မအား အစ်ကိုက လက်ထပ်ယူရန်မှာ လုံးဝဖြစ်နိုင်မည်မထင်ပါ၊ ကျွန်မထိုက်နှင့် ကျွန်မကံဟုပဲ သဘောထားပါသည်။ ကျွန်မဘဝကံကြမ္မာကို ကျွန်မဘာသာ ဖန်တီးပါရစေဟု တောင်းပန်လိုပါသည်။

ယခုကဲ့သို့ ငြင်းပယ်ရခြင်းကို များစွာ စိတ်မကောင်းပါ အစ်ကိုရှင့်။

ရွှေတင်

●

www.burmeseclassic.com

www.burmeseclassic.com

# (၄၄)

ခင်မောင်ဝင်းသည် ပြတင်းပေါက်ဝမှာ ရပ်လိုက်ပြီး အောက်လမ်းမကြီးပေါ်သို့ ကြည့်လိုက်သည်။ ကရစ်လမ်းမကြီးပေါ်တွင် လူတွေ ဥဒဟို ဖြတ်သန်းသွားလာနေကြသည်။ လုံချည် အင်္ကျီရောင်စုံဝတ်ထားသော အပျိုမကလေးများသည် ခိုမကလေးများလို ဟန်ရေးပြ၍ လမ်းသလားနေကြသည်။ ရေကျော်လမ်းမကြီးပေါ်မှ ဓာတ်ရထားမောင်းသွားသံကို ကြားရလေ၏။

မောင်မောင်သန်းက ကုလားထိုင်တွင် ထိုင်နေရာမှ ခင်မောင်ဝင်းကို လှမ်းကြည့်ပြီး

"မင်းဆုံးဖြတ်ချက်ကို မင်းမပြင်တော့ဘူးလား ခင်မောင်ဝင်း"

ခင်မောင်ဝင်းက သူ့ကို လှမ်းမကြည့်ဘဲ

"အေး၊ မပြင်နိုင်တော့ဘူး"

"မင်းမှာ ဒီကိစ္စကြောင့် မိဘကလဲ စွန့်ပစ်ခြင်းခံရပြီ၊ မင်းချစ်တဲ့ စုစီနဲ့လဲ ကွဲရပြီ၊ နောက် မင်းဘဝဟာလဲ"

ခင်မောင်ဝင်းက အသံမာမာဖြင့်

"ဟေ့ မောင်မောင်သန်း၊ နောက်ထပ် မပြောနဲ့တော့ကွာ၊ ဒီကိစ္စဟာ ငါမီးမွှေးလိုက်တဲ့ ကိစ္စကွ၊ ကိုယ့်ကြောင့်ဖြစ်ရတဲ့ကိစ္စကို ကိုယ်ရင်ဆိုင်ရမယ်။ ငါဟာ ရွှေတင်ကို ကျူးလွန်ခဲ့မိတယ်။ ဒါဟာ အကြောင်းတရား။ ဒီအကြောင်းတရားကြောင့် ရွှေတင် ဒီဘဝကြီးထဲကို ရောက်ရတယ်၊ ဒါက အကျိုးတရား။





ဒီအကျိုးတရားက ပေါ်ပေါက်လာတဲ့ တကယ့်အဖြစ်အပျက်အမှန်တရားတွေကို ငါရင်မဆိုင်ရဲဘဲ ထွက်ပြေးရင် လောကမှာ ငါ့လောက် ရှက်စရာကောင်းတဲ့လူ၊ ငါ့လောက် သတ္တိကြောင်တဲ့လူ ရှိမှာမဟုတ်ဘူး"

"ငါကတော့ မင်းအကျိုးကို လိုလားလို့ ပြောတာပါ၊ လောကမှာ မင်းလို အပြစ်တွေကို ကျူးလွန်ပြီး ဖုံးကွယ်ထားကြတဲ့လူတွေ ဒုနဲ့ဒေးပါ၊ မင်းတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒီတော့"

မောင်မောင်သန်းက လေအေးကလေးဖြင့် ပြော၏။ ခင်မောင်ဝင်းက မောင်မောင်သန်းကို ဖြူးခနဲ လှည့်ကြည့်ကာ

"ဒီမှာ မောင်မောင်သန်း၊ လောကမှာ ဒါတွေကြောင့် ခက်နေတာကွ၊ လူတွေဟာ အမှန်တရားကို ရင်မဆိုင်ရဲလို့၊ ကိုယ့်ကိုယ်ကို ရဲရဲပြန်မကြည့်ရဲကြလို့ ဒီလိုဖြစ်နေတာ၊ ဟုတ်တယ်၊ အမှန်တရားဟာ ကြမ်းတမ်းတယ်၊ ပြင်းထန်တယ်၊ခါးသီးတယ်။ လူတွေက နူးညံ့တာ၊ ပျော့ပြောင်းတာ၊ချိုမြိန်တာတွေကိုသာ တောင့်တနေကြတယ်၊ ဒီတော့ လူတွေဟာ အမှန်တရားကို ရင်မဆိုင်ရဲတာဟာ ဘာမှအံ့သြစရာ မဟုတ်ပါဘူး၊ ငါ့အဖို့ကတော့ ကြမ်းတမ်းချင် ကြမ်းတမ်းပေ့စေ၊ ခါးသီးချင်ခါးသီးပေ့စေ ငါရင်ဆိုင်မယ်"

ခင်မောင်ဝင်းသည် စကားပြောနေတုန်း အပြင်ဘက်က တံခါးခေါက်သံကြားရလေသည်။ မောင်မောင်သန်းက တံခါးကို သွား၍ ဖွင့်ပေးလိုက်၏။ ဘလေဇာအနွမ်း၊ ဘန်ကောက်လုံချည်အနွမ်းကို ဝတ်ထားသည့် ညိုလေးသည် တံခါးဝတွင် ရပ်နေလေသည်၊ ခင်မောင်ဝင်းသည် ညိုလေးကို မြင်၍ အားတက်ရွှင်လန်းသွား၏။

ညိုလေးက လျှော့ရဲရဲပြုကာ ဘလေဇာအင်္ကျီအိတ်ထဲမှ စီးကရက်ဘူးခွံပေါ်တွင် ရေးသားထားသော စာကို ထုတ်ပေးလိုက်၏။

ခင်မောင်ဝင်းက လှမ်းယူပြီး ဖတ်နေသည်။

**အစ်ကို**

အစ်ကို့စကားကို နားမထောင်နိုင်သဖြင့် ဝမ်းနည်းပါသည်။ စိတ်မဆိုးရန်လည်း တောင်းပန်ပါသည်။ ကျွန်မအား အစ်ကိုက လက်ထပ်ယူရန်မှာ လုံးဝဖြစ်နိုင်မည် မထင်ပါ။ ကျွန်မထိုက်နှင့်ကျွန်မကံဟု သဘောထားပါသည်။ ကျွန်မဘဝကံကြမ္မာကို ကျွန်မဘာသာ ဖန်တီးပါရစေဟုသာ တောင်းပန်လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ငြင်းပယ်ရခြင်းကို များစွာ စိတ်မကောင်း
ပါ အစ်ကိုရှင့်။

ရွှေတင်

ခင်မောင်ဝင်းက စီးကရက်ဘူးခွံကလေးကို မောင်မောင်သန်းအား လှမ်းပေးလိုက်သည်။ ခင်မောင်ဝင်း၏ ရှင်လန်းအားတက်နေသော မျက်နှာသည် တစ်မုဟုတ်ခြင်း ညှိုးကျသွားလေသည်။

"ဒီစာက ဘယ်တုန်းက ပေးလိုက်တာလဲ"

မောင်မောင်သန်းက ညိုလေးကို လှမ်း၍ မေးလိုက်သည်။ ညိုလေးက ကျိုးနွံစွာဖြင့်

"တစ်နေ့က ကျွန်တော် ထောင်ဝင်စာသွားတွေ့တုန်းက ပေးလိုက်တာပါ"

ညိုလေးက ပြောရင်း ခင်မောင်ဝင်းကို မရဲတရဲလှမ်းကြည့်လိုက်သည်။ ခင်မောင်ဝင်းက ကုလားထိုင်တွင် ထိုင်ခိုင်းတော့မှ ညိုလေးသည် ဝင်ထိုင်လိုက်၏။ ညိုလေး၏ ဟန်ပန်မှာ ရှက်ကြောက်သည့်ဟန် ပေါ်နေလေ၏။

"ဒါဖြင့် ငါ တရားသူကြီး ခေါ်ခဲ့ဖို့ဟာ မလိုတော့ဘူးပေါ့"

ခင်မောင်ဝင်းက ဆို့နင့်သံကြီးဖြင့် ပြောလိုက်၏။ ညိုလေးက ခေါင်းညိတ်လိုက်ပြီး

"မခေါ်ခဲ့နဲ့တော့လို့ ပြောလိုက်ပါတယ်၊ ကျွန်တော်လဲ အစ်ကိုနဲ့ စကားနည်းနည်းပြောချင်ပါတယ်"

"ပြောပါလေ၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောပေါ့"

မောင်မောင်သန်းက ကြားဝင်၍ ထောက်လိုက်၏။ ညိုလေးက ခေါင်းငုံ့ထားကာ

"ကျွန်တော် ပြောချင်တာကတော့"

ညိုလေးက စကားမဆက်ဘဲ ရပ်နေ၏။ အတန်ကြာသည့်တိုင်အောင် ဆက်မပြောတော့မှ ခင်မောင်ဝင်းက

"ပြောမှာသာ ပြောစမ်းပါကွာ"

"ဟုတ် ဟုတ်ကဲ့၊ ကျွန်တော်ပြောချင်တာကတော့ အစ်ကိုနဲ့ မရွှေတင်တို့အကြောင်းကို ကျွန်တော် အကုန်လုံးသိပြီးပါပြီ၊ ဒီတော့ ကျွန်တော်နဲ့ မရွှေတင်အကြောင်းကိုလဲ အစ်ကို့ကို ဖွင့်ပြောချင်လို့ပါ"





"မင်းနဲ့ ရွှေတင်တို့ အကြောင်း"

ခင်မောင်ဝင်းက အံ့အားသင့်၍ မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ မရွှေတင်ဟာ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်တုန်းကထဲက တွေ့ခဲ့တာပါ၊ တွေ့ကထဲက ကျွန်တော် မရွှေတင်ကို ချစ်ခဲ့ပါတယ်၊ မရွှေတင်ကို ဒီဘဝက လွတ်အောင်ကယ်ဆယ်ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ ကိုဘလွန်းတို့ရန်ကကြီးတော့ မအောင်မြင်ခဲ့ပါဘူး"

"ဒါဖြင့် နေပါဦး၊ ရွှေတင်ကကော မင်းကို ကြိုက်သလား"

"ကြိုက်တော့ မကြိုက်ပါဘူး၊ သနားတာပဲ ရှိပါတယ်၊ ကျွန်တော်ကသာ တစ်ဖက်သတ် ကြိုက်နေတာပါ၊ ကျွန်တော်ဟာ မရွှေတင်ကို ဘယ်ဘဝရောက်ရောက် ချစ်မှာပါပဲ၊ ဒီတော့ မရွှေတင်နဲ့ လက်ထပ်ပြီး ကျွန်းကို လိုက်သွားတော့မလို့၊ အဲဒါ အစ်ကို့ကို ပြောချင်လို့ပါ"

ခင်မောင်ဝင်းသည် ညိုလေးကိုကြည့်၍ သက်ပြင်းကြီးချလိုက်သည်၊ အတန်ကြာမှ

"ဒါတော့ ငါဘယ်တတ်နိုင်မလဲ ညိုလေး၊ ရွှေတင့်အပေါ်မှာ တည်နေတာပဲ"

"မရွှေတင်အပေါ်မှာ တည်နေတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အစ်ကိုက ခုလို တကောက်ကောက်လိုက်နေတော့ အဆုံးအဖြတ်ပေးဖို့ သူမှာ အခက်အခဲတွေနေလို့၊ ဒါကြောင့် အစ်ကိုက ရှောင်ပေးဖို့ ကျွန်တော် တောင်းပန်တာပါ"

"ဘာဖြစ်လို့"

"အစ်ကိုနဲ့သူဟာ ရှင်းရှင်းလင်းလင်း မဖြစ်သေးရင် မရွှေတင်ဟာ ဘယ်လိုဆုံးဖြတ်ရမှန်းမသိ ဖြစ်နေလို့ပါ"

"ဒီမှာညိုလေး၊ ငါ့ဘက်ကတော့ ရှင်းနေပြီ၊ ငါဟာ ရွှေတင်ကို ကျူးလွန်ခဲ့တယ်၊ ငါကျူးလွန်ခဲ့မိလို့ ရွှေတင် ဒီအခြေရောက်ရတယ်၊ ရွှေတင်ကို ဒီ အခြေအနေကလွတ်မြောက် အဖတ်ဆယ်ဖို့ဟာ ငါ့တာဝန်ပဲ၊ ငါ့တာဝန်ကို ငါထမ်းဆောင်ဖို့ ဆုံးဖြတ်ပြီးပြီ"

ညိုလေးက ပြတင်းပေါက်ဘက်သို့ ငေးကြည့်နေသည်။ ဘုရားရှိခိုးကျောင်းထိပ်တွင် တိမ်ပုံများသည် တရိပ်ရိပ်လွင့်နေကြပေ၏။

"အစ်ကို့ဘက်က အနစ်နာခံတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မရွှေတင်အနေနဲ့ အစ်ကိုကို အနစ်နာမခံစေချင်ဘူးလို့ ထင်တယ် အစ်ကို"

"ဟင့်အင်း၊ ဒါဟာ အနစ်နာခံတာ မဟုတ်ဘူး။ ငါ့အပေါ်မှာတင်နေတဲ့ကြွေးကို ပြန်ဆပ်တာပဲ"

"ဒါတော့ အစ်ကိုဘာသာလဲ စဉ်းစားဦးပေါ့လေ၊ မရွှေတင်ကတော့ အစ်ကို ပြန်ဆပ်တဲ့ ကြွေးကို လက်မခံတော့ဘူးလို့ ထင်တယ်"

"ငါကတော့ စဉ်းစားပြီးပြီ၊ သူ လက်မခံနိုင်ဘူးဆိုရင်တော့ ငါ့ထိုက်နဲ့ ငါ့ကံလို့ပဲ အောက်မေ့ရတော့မှာပေါ့ကွာ"

ခင်မောင်ဝင်း၏ အသံမှာ ဆို့နင့် အက်ကွဲနေသည်။ ညိုလေးမှာ ခင်မောင်ဝင်းကို ကြည့်၍ စိတ်မချမ်းမသာဖြစ်လာကာ

"မရွှေတင်ကိုတော့ အထင်မလွဲပါနဲ့ အစ်ကို၊ မရွှေတင်ဟာ ကျွန်တော့်ကို မချစ်ပါဘူး၊ ကျွန်တော်သိပါတယ်၊ ကျွန်တော်ကသာ မရွှေတင်ကို ချစ်တာပါ။ မရွှေတင်ဟာ အရွယ်နဲ့သောက မမျှတဲ့သူပါ အစ်ကို၊ ကျွန်တော် သူ့ကို ချစ်တဲ့နေရာမှာ ဘာကိုမှ သူ့ဆီက မလိုချင်ပါဘူး၊ ဒီအသက် ဒီအရွယ်နဲ့ ဒီလောက်သောက ပွေနေရတဲ့သူ့ကို သနားတဲ့ စိတ်၊ ကူညီချင်တဲ့စိတ်နဲ့ ချစ်တာပါ တကယ်လို့ မရွှေတင်က"

ညိုလေး၏ အသံမှာ ပြောရင်း ငိုသံပါလာလေသည်။ မျက်ရည်များကလည်း စီးကျလာကြပေ၏။ ခင်မောင်ဝင်းသည် ညိုလေးကို အံ့အားသင့်စွာ ငေးကြည့်နေမိလေသည်။ ညိုလေးက ဆက်၍

"တကယ်လို့ မရွှေတင်ဟာ အစ်ကို့ရဲ့ အကူအညီကို လက်မခံရင် ကျွန်တော် အကူအညီကို လက်ခံပါစေ အစ်ကို၊ အထင်မလွဲလိုက်ပါနဲ့၊ မရွှေတင်ကသာ ကျွန်တော့်အကူအညီကို လက်ခံရင် တစ်ကျွန်းမကလို့ ဘယ်လိုက်ရ လိုက်ရ ကျွန်တော်လိုက်မယ် အစ်ကို၊ တစ်ကျွန်းဆိုတာဟာ ဆယ်နှစ်လောက် နေရတာပါ အစ်ကိုရယ်၊ မရွှေတင်နဲ့သာ ဆိုရင် ဆယ်နှစ်မကဘူး၊ ဆယ်သက် နေနိုင်ပါတယ်"

ခင်မောင်ဝင်းက ခေါင်းကို ယမ်းလိုက်ပြီး

"မင်းက အခုလို စောင့်ရှောက်ကာကွယ်တယ်ဆိုတာတော့ ဝမ်းသာပါတယ် ညိုလေး၊ ဒါပေမဲ့ ငါ့ကြောင့်ရွှေတင် ဒီဘဝရောက်ရတာကို ငါက မင်းအပေါ်မှာ ပုံလွှဲခဲ့ရင် ငါမတရားဘူး ညိုလေး၊ ငါ့ဆုံးဖြတ်ချက်ကို မပြင်ပါရစေနဲ့၊ သူ့သဘောအတိုင်း သူဆုံးဖြတ်ပါစေ"





"အစ်ကိုပုံလွှဲခဲ့တာ မဟုတ်ပါဘူး အစ်ကို၊ ကျွန်တော်က ဝင်ပြီး စောင့်ရှောက်ပါရစေလို့ တောင်းပန်တာပါ။ အစ်ကိုစိတ်သဘောကို ဒီလောက်သိရရင် တော်ပါပြီလေ၊ သူတို့လဲ ကျွန်းကို တစ်ပတ်လောက်အတွင်းသွားရလိမ့်မယ်ထင်တယ်၊ ကဲ အစ်ကို ကျွန်တော် ပြန်တော့မယ်၊ ဘာမှာဦးမလဲ"

"မှာစရာမရှိပါဘူးကွာ၊ ငါသွားတွေ့ဦးမှာပေါ့"

ညိုလေးက ထိုင်ရာမှ ထကာ မောင်မောင်သန်းပါ နှုတ်ဆက်၍ဆင်းသွားသည်။ ခင်မောင်ဝင်းနှင့် မောင်မောင်သန်းသည် စကားမပြောမိကြဘဲ ငိုင်နေကြလေသည်။ အတန်ကြာမှ ခင်မောင်ဝင်းက

"လာကွာ မောင်မောင်သန်း၊ ခေါင်းနောက်တယ်၊ ကမ်းနားဘက် လမ်းလျှောက်ကြရအောင်"

နှစ်ယောက်သား ကရစ်လမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြလေသည်။

ရန်ကုန်မြစ်ဘက်မှ လေပြည်သည် တညင်းညင်းတိုက်ခတ်လာပေ၏။ ဝါသွဲ့သွဲ့နေခြည်များသည် သစ်ပင်ထိပ်ဖျားများပေါ်သို့ ကျဆင်းနေကြသည်။ သည်လိုညနေခင်းမှာ စူစီနှင့် ကြည်နူးခဲ့ပုံတွေကို သတိရသော်လည်း ခင်မောင်ဝင်းခေါင်းထဲတွင် ကြည်နူးခြင်းမှာ ကြာကြာမခံပါ။ လျှပ်စီးပြက်လိုက်သလို ခေတ္တမျှပေါ်ပြီး ပျောက်သွားလေသည်။

"ငါတော့ ဆုံးဖြတ်ပြီးပြီလေ၊ သူဆုံးဖြတ်ဖို့ပဲ ကျန်တော့တာပဲ"

ခင်မောင်ဝင်းက စ၍ ပြောလိုက်၏။ မောင်မောင်သန်းက ခင်မောင်ဝင်းကို အံ့အားသင့်စွာ ကြည့်ကာ

"သူကလဲ ဆုံးဖြတ်ပြီးပြီ ခင်မောင်ဝင်း၊ ပြီးတော့ သူ့မှာ တွယ်တာစရာ၊ သနားစရာ ညိုလေးကလဲ တစ်ဖက်မှာ ရှိနေတယ်။ မင်းက ရွှေတင်ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတာဟာ သဘောထားကြီးကြောင်း ပြချင်လို့၊ မင်းကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ကျေအောင်လုပ်ချင်လို့ လက်ထပ်တာ၊ ညိုလေးက လက်ထပ်မယ်လို့ပြောတာက ရွှေတင့်ကို ခုအခြေအတိုင်း တကယ်ချစ်လို့ ပြောတာ၊ မင်းဆုံးဖြတ်ပုံနဲ့ ညိုလေးဆုံးဖြတ်ပုံဟာ မတူဘူး"

"တို့ နှစ်ယောက်ရဲ့အချစ်ကို ရွှေတင်ကကော ဘယ်လိုတုံ့ပြန်မယ်လို့ ထင်သလဲ"

"ငါ့အမြင်ကတော့ ရွှေတင်ဟာ ဘယ်လောက်ညစ်နွမ်းတဲ့ ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေနေ စိတ်ထားဖြူစင် မြင့်မြတ်တဲ့ မိန်းမ တစ်ယောက်လို့ မြင်တယ်။ အစတုန်းကတော့ မင်းဟာ သူ့ဘဝကို ဖျက်ဆီးခဲ့သူဆိုပြီး မင်းကို မုန်းတယ်၊ ရွံတယ်၊ စက်ဆုပ်တယ်၊ မင်းပြောတဲ့သစ္စာစကားကို မုသားလို့ပဲ ထင်တယ်၊ မင်း ထောင်ကို ခဏခဏလာနေတာဟာ မင့်ဂုဏ် မင်း ပြန်ဆယ်ဖို့လို့ထင်တဲ့ အတွက် မင်းကို ကြောက်ထယ်၊ မယုံခဲ့ဘူး"

သူတို့နှစ်ယောက်သည် ချောင်းကြီးဘေး ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့ကြသည်။ ချောင်းထဲတွင် ဗေဒါရွက်များသည် ဖောင်ဖွဲ့လျက် မျောနေကြ၏။ ဗေဒါအုပ်များသည် ဗေဒါပွင့်များကို ပန်ထားကြလေသည်။ ကုန်သည်လမ်းဘေး ကုက္ကိုပင်ကြီးပေါ်တွင် ဗျိုင်းဖြူတစ်အုပ် နားနေလေသည်။

ခင်မောင်ဝင်းသည် ဗျိုင်းအုပ်ကြီးကိုကြည့်၍ ရွှေတင် ပြောပြဖူးသော ကောက်ကျစ်စဉ်းလဲသော ဗျိုင်းပုံပြင်ကို အမှတ်ရလာပြန်လေသည်။

"ခုတော့ အစ်ကိုဟာ ရွှေကလေးပြောတဲ့ ဗျိုင်းစဉ်းလဲလိုဖြစ်နေပြီပေါ့နော်"

ခင်မောင်ဝင်း စိတ်ထဲမှ ရွတ်ဆိုလိုက်မိလေသည်။

မောင်မောင်သန်းက ဆက်၍

"ဒါပေမဲ့ မင်းရဲ့အပြုအမူတွေကို မြင်ရတော့ မင်းကို ယုံကြည်လာတယ်။ ယုံရုံသာမကဘူး သနားလာတယ်၊ ချစ်လာတယ်၊ ချစ်တာမှ အရင်ထက် အဆများစွာသာတဲ့ အချစ်ကြီးနဲ့ ပြန်ချစ်လာတယ်၊ ဒါပေမဲ့ မင်းကို သူ လက်ထပ်မှာ မဟုတ်ဘူး၊ သူငယ်ချင်း စိတ်ချ"

"ဘာဖြစ်လို့"

"ဟ ဘာဖြစ်လို့ရမှာလဲကွ ချစ်လို့ပေါ့၊ မင်းကို သူက ချစ်လို့ သူက ယူလိုက်ရင် ဒါဟာ မင်းကိုချစ်ရာမရောက်ဘူး၊ နစ်ရာရောက်မယ်ဆိုတာ သိလို့ပေါ့၊ မင်း သူ့ကို လက်ထပ်လိုက်မယ်ဆိုရင် မင်းလို လူကောင်း တစ်ယောက်ဟာ နစ်မွန်းသွားမယ် ဆိုတာ သူ သိတယ်၊ အမှန်ကတော့ မင်းကို လက်မထပ်ဖို့ ဆုံးဖြတ်တာဟာ သူ့အချစ်စစ်ကို ပြလိုက်တာပဲ ခင်မောင်ဝင်း"

"ဒါဖြင့်၊ ငါဘာလုပ်ရမလဲ မောင်မောင်သန်း"

မောင်မောင်သန်းက အတန်ကြာ စဉ်းစားနေပြီးမှ





"အကောင်းဆုံးကတော့ မင်း သူနဲ့ သွားတွေ့ပါ၊ သူ့ကို တကယ်ချစ်ရင် သူစိတ်ချမ်းသာအောင် အတတ်နိုင်ဆုံး လုပ်ဖို့ပဲ၊ မင်းက သူ့ကို လက်ထပ်ရင် သူ စိတ်ချမ်းသာမယ် ထင်နေသလား၊ သူက စိတ်မချမ်းသာရင် မင်းလက်ထပ်တာဟာ ဘာလုပ်မလဲ၊ ဒီလိုဆိုရင် မင်းချစ်တယ်ဆိုတာဟာလဲ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

နေဝန်းသည် သစ်ပင်ထိပ်ဖျားနောက်တွင် လျှောကျသွားလေသည်။ လမ်းမီးများ ပွင့်လာကြလေသည်။ ကရစ်လမ်းတစ်ဝိုက်တွင် လူတော်တော်ရှင်းသွားလေပြီ။

ခင်မောင်ဝင်းနှင့် မောင်မောင်သန်းတို့ကား ငိုင်လျက် တွေးလျက် ငေးလျက်။

www.burmeseclassic.com

## (၄၅)

ခင်မောင်ဝင်းသည် ထောင်မှူးကြီးရုံးခန်းတွင် ထိုင်နေလေသည်။ ထောင်ထဲမှ နာရီသံချောင်းခေါက်သံ၊ တံခါးဖွင့်သံ၊ တရှမ်းရှမ်းနှင့်ကြိမ်စမ်းသံတို့ကို ကြားရလေ၏။

ခဏကြာတော့ ရွှေတင် ဝင်လာလေသည်။ ရွှေတင်၏ မျက်နှာမှာ ကြည်လင်တည်ငြိမ်လှပေ၏။ သူ့တွင် ဆုံးဖြတ်ဝေခွဲမရသော ဟန်ပန်အမူအရာတွေ မရှိတော့ပေ။

ခင်မောင်ဝင်းက မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ ရွှေတင်ကိုကြည့်ကာ

"ရွှေ"

ရွှေတင်က ဘာမျှပြန်မပြောဘဲ ခင်မောင်ဝင်းကို မျက်လုံးရွဲကြီးများနှင့် ကြည့်လိုက်သည်။ သူ့မျက်လုံးတွင် မျက်ရည်ဝဲနေပေသည်။

"ရွှေ သွားရတော့မယ်နော်"

"အင်္ဂါနေ့သွားရမယ်လို့ ပြောတယ်၊ ဒါထက်အစ်ကို၊ ရွှေပေးလိုက်တဲ့စာ ရပြီမဟုတ်လား"

"ရပါတယ် ရွှေရယ် ရပါတယ်၊ တစ်နေ့က ညိုလေး လာပြီး အကြောင်းစုံ ပြောပြလို့လဲ သိပြီးပါပြီ"

ရွှေတင်၏ တည်ငြိမ်သော မျက်နှာမှာ ညိုလေးဟူသော အမည်ကြောင့် ရှက်သွေးတွေ ဖြာသွားသည်ဟု ထင်ရသည်။





"ဘာတွေ ပြောသွားလို့လဲ"

ခင်မောင်ဝင်းက ရွှေတင်ကို မကြည့်ဘဲ

"ရွှေ့ကို သူ တစ်ဖက်သတ်ကြိုက်နေတဲ့အကြောင်း၊ ဒါကြောင့်မို့ ရွှေ့ကို လက်ထပ်ယူချင်တဲ့အကြောင်း"

ရွှေတင်၏ မျက်နှာမှာ ညှိုးငယ်သွားသည်။ ဘာမျှတော့ပြန်မပြောပေ။ မျက်လွှာချကာ လက်သည်းများကို ပွတ်နေလေသည်။

"ဒါကြောင့်မို့ အစ်ကိုက သဘောတူနိုင်ပါ့မလားဆိုပြီး အကြံဉာဏ်လာတောင်းတာပါပဲ၊ အစ်ကိုကတော့ ရွှေတင့်အဆုံးအဖြတ်ပေါ်မှာ တည်တယ်၊ ရွှေတင်ဆုံးဖြတ်ပါစေလို့ပဲ ပြန်ပြောလိုက်တယ်"

"ခက်တာပဲ အစ်ကိုရယ်၊ သိပ်ခက်တာပဲ၊ ရွှေတင်ဟာ ကြိုးကောင်ဖြစ်နေပြီ၊ အားလုံး ဒုက္ခရောက်အောင် မီးမွှေးပေးသလို ဖြစ်နေပြီ"

ရွှေတင်က ငိုသံပါဖြင့် ညည်းကာ ခင်မောင်ဝင်းကို ကြည့်လိုက်သည်။ သည်အကြည့်မှာ ခင်မောင်ဝင်းစိတ်ကို လှုပ်ရှားစေသော အကြည့်ဖြစ်ပေ၏။ သူတို့နှစ်ယောက်သည် အတော်ကြာအောင် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ နှစ်ယောက်စလုံးက ပြောချင်သည့် စကားတွေကို မျက်လုံးများက ပြောပြနေသကဲ့သို့ ရှိပေ၏။

"ရွှေ့ ဘာသာရွှေ ဆုံးဖြတ်လေ"

ခင်မောင်ဝင်းက ထပ်၍ ပြောလိုက်သည်။

"ဘာကို ဆုံးဖြတ်ရမှာလဲ အစ်ကို၊ ရွှေ အစောကြီးကတည်းက ဆုံးဖြတ်ပြီးပြီပဲ"

"စဉ်းစားပြီး ဆုံးဖြတ်ပါ ရွှေရယ်၊ အစ်ကို့ကို လက်ထပ်မလား၊ ညိုလေးကို လက်ထပ်မလားဆိုတာ၊ အစ်ကို့အနေနဲ့ကတော့ အစ်ကို့ကို လက်ထပ်ဖို့ပဲ ဆုံးဖြတ်စေချင်တယ်၊ ရွှေနဲ့လက်ထပ်ပြီး အတူလိုက်နေဖို့လဲ အားလုံးပြင်ဆင်ပြီးကုန်ပြီ"

ရွှေတင်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းပြလိုက်ပြီး

"အစ်ကို့ကို လက်ထပ်ဖို့ရာ မဖြစ်နိုင်ဘူးဆိုတာကတော့ ရွှေတင် အစောကြီးကတည်းက ဆုံးဖြတ်ပြီးပြီ အစ်ကို၊ ရွှေတင်ဟာ လူသတ်တရားခံ အစ်ကို၊ လူသတ်တရားခံ ဖာသည်တစ်ယောက်ဟာ မယားကောင်း တစ်ယောက် ဖြစ်နိုင်ပါ့မလားလို့ သံသယဖြစ်နေတယ်"

www.burmeseclassic.com



ရွှေတင်၏ စကားများမှာ ရင့်သီးလှချေ၏။ သူ့စကားလုံးများသည် ခင်မောင်ဝင်းအသည်းကို ဓားပါးပါးလေးနှင့် မွှန်းနေသလို ရှိပေသည်။

“ဒီမှာ ရွှေ၊ ရွှေ ဒီဘဝကို ရောက်လာရတဲ့တရားခံဟာ အစ်ကိုပဲ ဆိုတာ အစ်ကို နားလည်ပါတယ်။ အမှန်ကတော့ အပြစ်ကျူးလွန်သူက အစ်ကို၊ အပြစ်ဒဏ်ခံရသူက ရွှေတင် ဖြစ်နေတယ်။ ဒါကြောင့်မို့ အစ်ကို့ အပြစ်ကို ကျေအောင်လုပ်ပါရစေလို့ တောင်းပန်နေတာပါ”

ရွှေတင်သည် အတန်ကြာ ငြိမ်နေလေသည်။ ပြီးမှ

“အစ်ကို”

“ရွှေ”

ခင်မောင်ဝင်းက ရွှေတင်ကို ကြည့်၍ ထူးလိုက်သည်။

“ရွှေတင့်ကို တကယ်ချစ်သေးရဲ့လား”

“အစ်ကို့ကို မမေးပါနဲ့ရွှေ၊ အစ်ကိုကသာ ရွှေ မမုန်းသေးဘူးဆိုရင် ဝမ်းသာရမယ့်လူပါ”

“အစ်ကိုဟာ ရွှေ့အပေါ်မှာ ကျူးလွန်ခဲ့တာတွေကို နောင်တရပြီး အပြစ်တွေကို ကျေအောင်လုပ်တယ်၊ ကိုယ့်အမှားကို ကိုယ်ပြင်တယ်၊ ဒါဟာ ကောင်းပါတယ် အစ်ကို၊ ဒါပေမဲ့ အစ်ကိုနဲ့တွေ့ပြီး နောက်ပိုင်းမှဖြစ်လာတဲ့ ရွှေတင်ရဲ့အပြစ်တွေဟာ တော်တော်ကြီးနေပြီ၊ အညစ်အကြေးတွေဟာလဲ တော်တော် ဖုံးနေပြီအစ်ကို၊ ဘယ်လိုပဲ ဆေးဆေး၊ ဘယ်လိုပဲ ချွတ်ချွတ် ဒီ အညစ်အကြေးတွေဟာ ကျွတ်မှာ မဟုတ်တော့ဘူး၊ ဒီလောက် အညစ်အကြေး တွေနဲ့ ပေကျံနေတဲ့ခန္ဓာကိုယ်ကို အစ်ကို့ကို ဘယ်လိုလုပ်အပ်ရက်ပါ့မလဲ အစ်ကို၊ အစ်ကိုက ကြည်ဖြူတယ်၊ စိတ်သန့်တယ် ထားဦး၊ ရွှေတင် စိတ်မသန့် ဘူး အစ်ကို၊ ရွှေတင်ဟာ အစ်ကို ပြုခဲ့တဲ့အပြစ်တွေအတွက် အစ်ကို့ကို ခွင့်လွှတ်ပါတယ်၊ အစ်ကို့အမှားတွေကို အစ်ကို ပြင်ဆင်ခဲ့တဲ့အတွက် ချီးကျူး ပါတယ်။ လူတွေကို အစ်ကို ကူညီခဲ့တဲ့အတွက် ရွှေတင် ဝမ်းသာပါတယ်၊ အစ်ကို့ရဲ့သဘောအမှန်တွေကို သိရလို့ ရွှေတင် အစ်ကို့ကို ပိုလို့ချစ်လာ ပါတယ်။ ပိုလို့သနားလာပါတယ်။ ဒါပေမဲ့ အစ်ကို့ကို ရွှေတင် လက်မထပ် ရက်ဖူးအစ်ကို၊ ရွှေတင့်ကိုယ်ခန္ဓာဟာ အစ်ကိုနဲ့ မထိုက်တန်တော့ဘူး၊ ထောင်ထဲက တရားခံမ ရွှေတင်ဟာ လမ်းမပေါ်က ညိုလေးတို့လို လူနဲ့သာ ထိုက်တန်တော့တယ်၊ ဒါကြောင့်မို့ ခုမနက်ပဲ ညိုလေးနဲ့ လက်ထပ်ပြီးကြပြီ”





ရွှေတင်က တောက်လျှောက်ပြောချကာ ရပ်လိုက်သည်။ ရွှေတင့် အသံမှာ ဆွေးမြည့်သံပေါက်နေလေသည်။

ခင်မောင်ဝင်းသည် ရွှေတင့်ကို အံ့အားသင့်စွာ ကြည့်နေရင်း

“မြန်လှချည်လား ရွှေရယ်၊ အစ်ကိုနဲ့တွေ့အောင်တောင် မစောင့် တော့ဘူးလား”

“ဟုတ်တယ် အစ်ကို၊ အစ်ကိုနဲ့တွေ့ရင် ရွှေတင်ဟာ အစ်ကို့မျက်နှာ ညှိုးတာ၊ အစ်ကို စိတ်မကောင်းတာကို မကြည့်ရက်ဘူး၊ ဒီလိုမကြည့်ရက်လို့ အစ်ကို့ကို ငဲ့ညှာသနားမိရင် ရွှေတင် အစ်ကို့ကို လက်ထပ်ဖြစ်လိမ့်မယ်၊ အစ်ကို့ကို လက်ထပ်ဖြစ်ရင် အစ်ကို နစ်မွန်းလိမ့်မယ်၊ ဒါကြောင့်မို့ မြန်မြန် ဆန်ဆန် လုပ်ပစ်လိုက်တာပဲ၊ ခုတောင် အစ်ကို့ကို လာမတွေ့တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ၊ ဒါပေမဲ့ အစ်ကို့မျက်နှာကို နောက်ဆုံးကြည့်ခြင်းအနေနဲ့ ကြည့်ချင်မြင်ချင်လွန်းလို့သာ ထွက်လာတာ”

ရွှေတင်မှာ တရှုပ်ရှုပ်ငိုနေလေသည်။ ခင်မောင်ဝင်းကိုယ်တိုင်လည်း မျက်ရည်တွေ ကျလာပေသည်၊ နှစ်ယောက်စလုံး အားရအောင်ငိုပြီးကြသော အခါ ရင်ထဲတွင် ပေါ့သွားသလို ထင်ရသည်။ လျှင်မြန်စွာ ခုန်နေသော အသည်းနှလုံးတို့သည် နရီစည်းချက်မှန်သွားသည်ဟု ထင်ရသည်။

“ရွှေကတော့ အစ်ကိုက ရွှေ့ကို အရင်ကလိုပဲ ချစ်တယ်၊ သနားတယ် ဆိုရင် ဖြေလို့ရပါပြီ အစ်ကိုရယ်”

ရွှေတင်က ပြောလိုက်သည်၊ ရွှေတင်၏ စိတ်မှာ တည်ငြိမ်ကာ နေ သားကျသွားပြီဟု ထင်ရသည်။ မျက်နှာမှာ ကြည်လင်လာလေသည်။ ရွှေတင်၏ တည်ငြိမ်မှုသည် ခင်မောင်ဝင်းကိုလည်း ရိုက်ခတ်လာလေသည်။

“အစ်ကိုကလဲ ရွှေက အစ်ကို့ကို အရင်ကလိုပဲ ချစ်သေးတယ်၊ သနား သေးတယ်ဆိုရင် ဖြေလို့ရပါပြီရွှေရယ်”

နှစ်ယောက်စလုံး တည်ငြိမ်လာကြသည်။ သူတို့၏ မျက်နှာများသည် လည်း တည်ငြိမ်လာကြပေသည်။

“ဒါထက် သင်္ဘောက ဘယ်နေ့ထွက်မလဲ”

“အင်္ဂါနေ့မနက် ထွက်မယ်လို့ ပြောတာပဲ”

ရွှေတင်က ပြက္ခဒိန်ကို လှမ်းကြည့်နေသည်။

“အင်္ဂါနေ့မှာ အစ်ကိုလဲ လိုက်ပို့မယ်လေ၊ ဒီအတွင်း ရွှေတင်လိုချင်



www.burmeseclassic.com

www.burmeseclassic.com



တာရှိရင်လဲ မှာလိုက်၊ အစ်ကိုဝယ်ခဲ့မယ်၊ ညီလေးကော အဆင်သင့်ဖြစ်ပြီလား"

"သူ့လဲ ပြောပြီးပါပြီ၊ ဘာမှဝယ်ပို့မနေပါနဲ့အစ်ကို၊ မလိုတော့ပါဘူး"

ဝါဒါက အချိန်စေ့သဖြင့် လာပြောနေသောကြောင့် နှစ်ယောက်သား ခွဲလာခဲ့ကြသည်။

ခင်မောင်ဝင်းမှာ ပြောချင်တာတွေကို ပြောလိုက်ရသည့်အတွက်ကြောင့်လည်းကောင်း၊ ရွှေတင်၏ စိတ်သဘောထားကို သိရသည့်အတွက်ကြောင့်လည်းကောင်း စိတ်သက်သာသလို ရှိပေသည်။

ထောင်ဘူးပေါ်မှ ၁၂ နာရီထိုးသံကို ကြားလိုက်ရလေသည်။

●

## (၄၆)

နွေဦးဖြစ်၍ မြူတွေ ဆိုင်းနေပေသည်။

နံနက်ခင်းလေပြည်သည် မြစ်ဘက်မှ တသုန်သုန် တိုက်ခတ်လာ၏။ နွေဦးပေါက်ပြီ ဖြစ်သော်လည်း အချမ်းဓာတ်မကုန်သေးဘဲ တမြမြ အေးလျက်ပင်ရှိပေသည်။ လမ်းဓာတ်မီးများမှာ အရုဏ်ဦး အလင်းရောင်အောက်တွင် ဖျော့တော့ မှေးမှိန်လာကြလေပြီ။

ရန်ကုန်မြစ်ထဲမှာ မြူခိုးငွေ့တွေ ရစ်ဝဲနေသဖြင့် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ၊ မည်းမည်းသဏ္ဍာန်ကိုသာ ရေးရေးရိပ်ရိပ်မြင်ရသည်။ သင်္ဘောစက်ခုတ်သံ ဥသြသံများကိုလည်း ကြားရတတ်သည်။

တက္ကစီသည် လူရှင်းနေသော ကမ်းနားလမ်းမကြီးပေါ်တွင် တရကြမ်းပြေးနေသည်။ သစ်ပင်များသည် ကားနောက်တွင် တရိပ်ရိပ်ကျန်ရစ်ခဲ့ကြသည်။ နီမောင်းဝါရွှေသော ရော်ကျရွက်ခြောက်တို့သည် မော်တော်ကား အရှိန်ကြောင့် တိုးဝေ့လိုက်ပါလာကြ၏။ သို့ရာတွင် အဝေးသို့ရောက်အောင် မလိုက်နိုင်ဘဲ ကျန်နေရစ်ခဲ့ကြသည်။ သင်္ဘောကြီး ကုလီတစ်သိုက်သည် သီချင်းတကြော်ကြော်ဟစ်ရင်း ပလက်ဖောင်းပေါ်တွင် လျှောက်လာကြသည်။

ခင်မောင်ဝင်းသည် လက်မှ နာရီကို ကြည့်လိုက်သည်။ ခြောက်**နာရီ**ထိုးနေပေပြီ။ သူ့မျက်နှာမှာ ညီးငယ်ကာ နဖူးပေါ်တွင် ချွေးတွေ စို့**နေပေ**၏။ နွေဦးနံနက်ဆည်းဆာ၏ အအေးဓာတ်သည် ခင်မောင်ဝင်း၏ **ရင်သတွင်**



www.burmeseclassic.com

www.burmeseclassic.com



အပူဓာတ်ကို ဖုံးလွှမ်းနိုင်ဟန်မတူပေ၊ သဘော်မီမှ မီပ့ါမလားဟူသော စိုးရိမ်စိတ်ကြောင့် ခင်မောင်ဝင်း၏ ရင်သည် တဒိတ်ဒိတ် ခုန်နေ၏။ ဖြူးမှပြန်လာကတည်းက ခင်မောင်ဝင်းမှာ တစ်ရက်မှ အားရသည်ဟူ၍ မရှိခဲ့သေးပေ။ ရွှေတင်၏ အယူခံအတွက် လိုက်လံကြိုးပမ်းနေရသည်နှင့် အချိန်ကုန်ခဲ့ရသည်။ ဟိုက်ကုတ်တွင် အယူခံဘက်ဆိုင်ရာ အတွင်းဝန်ထံသွားရသည်မှာ ခြေတိုလုမတတ်ပင် ဖြစ်၏။ စည်သွတ်ဘူးများ၊ အဝတ်အစားများကိုလည်း ဝယ်ပေးရသည်။ ပန်းပင်မျိုးစေ့၊ သစ်ပင်မျိုးစေ့တွေကိုလည်း စုံအောင်ဝယ်ပေးလိုက်ရသည်။ နောက် အလုပ်တစ်ခုမှာ ဖြူးမှ လယ်မြေများကိစ္စပင်ဖြစ်သည်။ ခင်မောင်ဝင်းသည် ဖြူးမှ သူပိုင်လယ်မြေများကို ပေးထားခဲ့သော်လည်း စာချုပ်စာတမ်းနှင့် တရားဝင်ဖြစ်အောင် လုပ်ရသေးသည်။ ဦးဇော်ထွန်းနှင့်တိုင်မင်ကာ စာချုပ်စာတမ်း ချုပ်ရသည်။ အကျဉ်းသားများအတွက်လည်း ဆောင်ရွက်ခဲ့ရသေးသည်။

ခင်မောင်ဝင်းသည် ရွှေတင်၏ ရင်နှင့်စရာဘဝကို သိရပြီးနောက် အကျဉ်းထောင်များရှိ အကျဉ်းသမားများ၏ ဘဝကို လေ့လာခွင့်ရခဲ့ပေသည်။ သည်ကတည်းက ခင်မောင်ဝင်းသည် အကျဉ်းထောင် ပြုပြင်ရေးနှင့် ရာဇဝတ်မှု ပပျောက်ရေးကို ဆောင်ရွက်ခဲ့သည်။ ဝိုင်-အမ်-ဘီ-အေ၊ လူငယ်များကြီးပွားရေးအသင်း စသည်တို့ကို ရန်ပုံငွေများ ထည့်ဝင်ကာ သည်လုပ်ငန်းများကို ဆောင်ရွက်ရန် ကမကထ လုပ်ခဲ့သည်။

ခင်မောင်ဝင်းသည် အကျဉ်းထောင်ထဲကို ဝင်ထွက်သွားလာရာမှ ရာဇဝတ်အကျဉ်းသား အမျိုးမျိုးကို တွေ့ခဲ့ရ၏။ ရာဇဝတ်အကျဉ်းသားများမှာ ငါးမျိုးလောက်ရှိသည်ကို တွေ့ရသည်။ ပထမအမျိုးအစားမှာ တရားဥပဒေစနစ်၏ ချို့ယွင်းချက်ကြောင့် အပြစ်ကင်းမဲ့ပါလျက်နှင့် ပြစ်ဒဏ်ခံရသောသူများ ဖြစ်သည်။ သည်အထဲတွင် သူချစ်သော ရွှေတင်နှင့် မီးရှို့မှုဟု လိမ်လည်တိုင်တန်း၍ အဖမ်းခံရသော အဘွားကြီးသားအမိတို့ပါဝင်ကြလေသည်။ အမှန်အားဖြင့် သူတို့တွင် အပြစ်မရှိကြပေ။ တည်ဆဲတရားဥပဒေစံနစ်၏ ချို့ယွင်းချက်ကြောင့် အကျဉ်းထောင်ထဲသို့ ရောက်ခဲ့ရခြင်းသာ ဖြစ်လေသည်။ ဒုတိယအမျိုးအစားထဲတွင် လောဘ၊ ဒေါသ၊ မောဟ၊ စသည်တို့ဖုံးလွှမ်းကာ ကိုယ့်စိတ်ကိုယ် မထိန်းသိမ်းနိုင်ဘဲ ရာဇဝတ်မှုကျူးလွန်ခဲ့ကြသူများ ဖြစ်သည်။ သည်အထဲတွင် အရက်မူး၍လည်းကောင်း၊





ရုတ်တရက် ဒေါသကြောင့်လည်းကောင်း စိတ်မထိန်းနိုင်ဘဲ လူသတ်မှုကျူးလွန်ခဲ့ကြသူများ ပါဝင်ခဲ့ကြပေသည်။ တတိယအမျိုးအစားမှာ ဝမ်းတစ်ထွာကို ဖြည့်တင်းရေးအတွက် ကိုယ့်နည်းနှင့်ကိုယ် ရှာဖွေစားသောက်ခဲ့ကြသဖြင့် ထောင်ထဲသို့ ရောက်ရသူများဖြစ်သည်။ သူတို့၏ သက်မွေးဝမ်းကျောင်းမှာ သူတို့အမြင်တွင် တရားနည်းလမ်းကျကောင်းကျမည်ဖြစ်သော်လည်း အခြားသူများအတွက် အနှောင့်အယှက်ကြီး ဖြစ်နေတတ်သည်။ သည်အထဲတွင် အရက်ပုန်းရောင်းသော တရုတ်မကြီး မပုံရှမ်း၊ ပြည့်တန်ဆာမ ရွှေကြည်၊ သစ်တောကြိုးဝိုင်းနှင့် ခင်မောင်ဝင်းမြေများပေါ်မှ သစ်ပင်များကို လှဲသော သာရှင်းတို့ ပါဝင်ကြပေသည်။ စတုတ္ထအမျိုးအစားမှာ အကျင့်စာရိတ္တပျက်ပြားခြင်း မရှိဘဲ နိုင်ငံရေးဖြင့် အဖမ်းခံရသူများဖြစ်လေသည်။ သူတို့သည် အင်္ဂလိပ်အစိုးရကို မောင်းထုတ်ကာ လွတ်လပ်ရေးအတွက် တိုက်ခိုက်သူများဖြစ်ပေ၏၊ သူတို့ကား ကိုတောက်ထွန်း အပါအဝင် ဒို့ဗမာအစည်းအရုံးဝင် သခင်များ ဖြစ်ကြလေသည်။ ပဉ္စမအမျိုးအစားကားလူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်က ဖယ်ကြဉ်ခြင်းခံရသော လူလေလူလွင့်များပင်ဖြစ်သည်။

သူတို့သည် မကောင်းသော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာကြကာ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ သည်အထဲတွင် မွေးနီတို့လို ဆွဲကြိုးဖြတ်သူများ၊ ဓားပြတိုက်၍ လူသတ်သူများ၊ ဓားပြတိုက်သူများ၊ သူခိုးများ ပါကြလေသည်။ သည်လိုအမျိုးအစားကို ရာဇဝတ်ကောင်အမျိုးအစားဟု ဖွင့်ဆိုကြသည်။ သူတို့ကြောင့်လည်း ရာဇဝတ် ဥပဒေများနှင့် ရာဇဝတ်ပြစ်ဒဏ်များသည် အစိက တည်ရှိနေရခြင်းဖြစ်သည်။ အမှန်ကတော့ သူတို့သည် ပတ်ဝန်းကျင်ကြောင့် သည်ဘဝသို့ ရောက်လာရခြင်း ဖြစ်ပေသည်။ သူတို့သည် ဂုဏ်ပကာသနလွှမ်းသော ပတ်ဝန်းကျင်၊ မတရားမှုတွေဖြင့်ပြွမ်းသော ပတ်ဝန်းကျင်၏ ရိုက်ပုတ်ချက်ကို မခံနိုင်ကြဘဲ ရာဇဝတ်ကောင်များ ဖြစ်လာခဲ့ကြရသည်။

“ငါတို့နေတဲ့ ပတ်ဝန်းကျင်ဟာ မကောင်းဘူး၊ အမှောင်တွေ ဖုံးနေတယ်၊ မတရားမှုတွေ လွှမ်းမိုးနေတယ်၊ ရာဇဝတ်မှု ကျူးလွန်ပေမဲ့ ထောင်ထဲကို ရောက်ချင်မှရောက်တယ်၊ မကျူးလွန်ပေမဲ့ ထောင်ထဲ ရောက်နေရတယ်၊ ရာဇဝတ်မှု ကျူးလွန်တာချင်းတူဟူလဲ ထောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့ လူက ရောက်ပြီး တချို့ကျတော့ အပြင်မှာ သူလို ငါလို လွတ်လပ်တဲ့လူအဖြစ် ရှိနေကြတယ်၊ အကျင့်စာရိတ္တပျက်တာချင်းအတူတူ ဘာလို့ တချို့က ထောင်ထဲရောက်ပြီး တချို့က အပြင်လွတ်နေရတာလဲ”

ခင်မောင်ဝင်းသည် ကားကူရှင်နောက်မှီကို မှီရင်း ကိုယ့်အဖြစ်ကို ကိုယ်ပြန်တွေးမိ၏။ သူသည် ရွှေတင်ကို ကျူးလွန်ခဲ့၏။ သူ့ကြောင့် ရွှေတင်သည်ဘဝသို့ ရောက်ခဲ့ရ၏။ သူ့အမြင်တွင် သူသည် အကျင့်စာရိတ္တ ပျက်ပြားသူတစ်ယောက်ဖြစ်၏။ ရွှေတင်သည် အကျင့်စာရိတ္တပျက်ပြားသူဟု ဆိုပါလျှင် အကျင့်စာရိတ္တပျက်ပြားသူအချင်းချင်း ဖြစ်ပါလျက် ဘာကြောင့် သူက အပြင်တွင် ဂျူရီလူကြီးတစ်ယောက်ဖြစ်နေပြီး ရွှေတင်က တရားခံမ ဖြစ်နေရပေသနည်း။

“တချို့လူတွေဟာ လူအချင်းချင်း ဘာကြောင့်ချုပ်နှောင်ရသလဲ၊ ညှင်းဆဲရသလဲ၊ တစ်ကျွန်းပို့ရသလဲ၊ ကြိမ်ဒဏ်ပေးရသလဲ၊ တကယ်တော့ ဒီလိုချုပ်နှောင် ပြစ်ဒဏ်ပေးခဲ့တဲ့ လူတွေဟာလဲ အချုပ်ခံ အပြစ်ပေးခံရတဲ့ လူတွေနဲ့ ဘာထူးလို့လဲ၊ ရာဇဝတ်မှုကျူးလွန်တဲ့ စိတ်ဓာတ်ဟာ မွေးရာပါစိတ်လား၊ ရာဇဝတ်မှုဟာ မျိုးရိုးလိုက်ပြီး ကျူးလွန်သလား၊ အကျင့်စာရိတ္တ ကောင်း မကောင်းဟာ မိဘမျိုးရိုးကဆင်းသက်လာသလား၊ အကျင့်စာရိတ္တဆိုတာ ဘာလဲ၊ အသိပညာမရှိတာ စားစရာမရှိတာ ရာသီဥတုပြောင်းလဲတာ ဒေါသ မောဟ ဝိတ်ဖုံးတာဟာ ရာဇဝတ်မှု ကျူးလွန်တာနဲ့ ဘယ်လိုပတ်သက်သလဲ၊ လူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်ဆိုတာကော ဘာလဲ”

မေးခွန်းများသည် ခေါင်းထဲတွင် အစီအရီပေါ်လာကြသည်။ သို့ရာတွင် အဖြေကိုကား ရှာ၍ မတွေ့ပေ။

“ကျွန်မထိုက်နှင့်ကျွန်မကံဟု သဘောထားပါသည်။ ကျွန်မဘဝ ကံကြမ္မာကို ကျွန်မဘာသာဖန်တီးပါရစေဟု တောင်းပန်လိုပါသည်”

ရွှေတင် ရေးပေးလိုက်သော စာလုံးများကို အမှတ်ရလာပြန်ကာ ရင်ထဲက တဗိတ်ဗိတ်ခုန်လာသည်။ ရွှေတင်သည် တစ်ယောက်တည်း လိုက်ပါသွားလေသလား၊ ရွှေတင်နှင့် ကိုတောက်ထွန်းတို့ ဆက်ဆံရေးမှာ ဘယ်လိုလဲဟု တွေး၍မရအောင် ဖြစ်နေသည်။ ရွှေတင့်စာကို ရပြီးနောက် ခင်မောင်ဝင်းသည် ကိုတောက်ထွန်းကို ထောင်ထဲမှာ သွားတွေ့ခဲ့၏။ ကိုတောက်ထွန်းသည် မမျှော်လင့်သော ခင်မောင်ဝင်းက ထောင်ဝင်စာ လာတွေ့သောအခါ





အံ့အားသင့်နေသည်။ သူ့မျက်နှာသည် အံ့အားသင့်ရာမှ ပြုံးလာသည်။ ပြုံးရာမှ တင်းမာသယောင် ဖြစ်လာသည်။

“ခင်ဗျားကို ကျွန်တော်အထင်မှားခဲ့တာ တောင်းပန်ပါတယ် ကိုတောက်ထွန်း”

ကိုတောက်ထွန်းသည် ဘာမျှမပြောဘဲ ခင်မောင်ဝင်းကို ငေးကြည့်နေ၏။ သူတွေ့ရသော ခင်မောင်ဝင်းမှာ အရင်က ခင်မောင်ဝင်းနှင့် မတူတော့ပေ။ ယခုခင်မောင်ဝင်းသည် အရာရာကို စွန့်လွှတ်ခဲ့သော ခင်မောင်ဝင်းဖြစ်၏။ ဂုဏ်သိက္ခာကိုလည်းကောင်း၊ ဆွေမျိုးအသိုက်အဝန်းကိုလည်းကောင်း၊ ဥစ္စာပစ္စည်းကိုလည်းကောင်း၊ စုစီကိုလည်းကောင်း စွန့်လွှတ်ခဲ့ပြီးသော ခင်မောင်ဝင်းဖြစ်၏။ သည်ဟာတွေကို စွန့်လွှတ်ပြီးသည့် ခင်မောင်ဝင်းကို တွေ့လိုက်ရသောအခါတွင် ပုံတစ်မျိုးပြောင်းနေလေသည်။

သူ့နားထင်များသည် ချောင်ကျနေကာ မျက်တွင်းများဟောက်ပက်ဖြစ်နေသည်။ မျက်နှာမှာ သွယ်ကျနေသော်လည်း ကြည်လင်ဝင်းပနေသည်။ ခင်မောင်ဝင်းက သူနှင့် ရွှေတင် အဖြစ်အပျက်ကို ပြန်ပြောကာ ရွှေတင်အား လက်ထပ်ယူမည်ဟု ကိုတောက်ထွန်းအား ဖွင့်ပြောလိုက်သည်။ ကိုတောက်ထွန်းသည် ခင်မောင်ဝင်းကို မယုံကြည်နိုင်ဘဲ ငေးကြည့်နေသည်။

“ကိုယ့်အပြစ်ကို ကိုယ်မြင်နိုင်တယ် ဆိုတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ခင်ဗျားတစ်ယောက်က ရွှေတင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူလိုက်ရုံနဲ့ ဒီလို အဖြစ်အပျက်မျိုးတွေ နောက် မပေါ်ပေါက်ဘဲ မနေပါဘူး၊ လောကကြီးမှာ ရွှေတင်လိုပျက်စီးသွားကြရတဲ့မိန်းကလေးတွေ ဒုနဲ့ဒေးပဲ၊ ခင်ဗျားက ရွှေတင်ကို ယူလိုက်ရင် ရွှေတင်တစ်ယောက်ကိုသာ ကယ်တင်တာ ဖြစ်မှာပဲ၊ မြေတွေကို မြူးက လယ်သမားတွေ ဝေပေးလိုက်ရင် သူတို့တစ်စုရဲ့ကောင်းကျိုးပဲ ဖြစ်မှာပဲ၊ ခင်ဗျားဒီလိုလုပ်ရုံနဲ့ မတရားမှုတွေဟာ ပပျောက်မသွားပါဘူးဗျာ၊ စိတ်ကူးမယဉ်စမ်းပါနဲ့၊ လူလူချင်း အညွန့်ခူးနေသမျှ ဒီလိုအဖြစ်အပျက်တွေ ရှိနေဦးမှာပဲ”

ကိုတောက်ထွန်းစကားများမှာ ရင့်သီးသလို ထင်မှတ်ရ၏။ သို့ရာတွင် သူ့မျက်နှာထားက သူ့စေတနာကို ဖော်ပြလျက်ရှိပေသည်။

“ကျွန်တော်ကတော့ ဒါတွေဖြစ်ရတာဟာ ကျွန်တော့်အပြစ်လို့ ယူဆတယ်၊ ဒီတော့ကျွန်တော့်အပြစ်ကို ကျွန်တော် ဆေးကြောပစ်ချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမှားကို ကျွန်တော် မြင်ချင်တယ်။ ဒီပြင်လူတွေရဲ့အမှားကို ကျွန်တော် ဘယ့်နှယ့်လုပ် မြင်နိုင်မလဲ ကိုတောက်ထွန်း၊ ကိုယ့်အမှားကို ကိုယ်ပဲ မြင်နိုင်တော့မပေါ့။ လူတိုင်းလူတိုင်းဟာ ဒီလို ကိုယ့်အပြစ်တွေ ကိုယ်မြင်ပြီး ကိုယ့်အမှားတွေ ကိုယ်ပြန်မြင်လာကြရင် ကောင်းလာမှာပေါ့ဗျာ"

ခင်မောင်ဝင်းသည် စကားကို အပြတ်ပြောကာ ထွက်လာခဲ့၏။ ကိုတောက်ထွန်းသည် သူ့ကို ငေးကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျစ်ရစ်ခဲ့ပေသည်။

တက္ကစီသည် တရိပ်ရိပ် ပြေးနေသည်။ စပတ်လမ်းထိပ်သို့ ရောက်လျှင်ပင် လမ်းမီးများ ငြိမ်းသွားကြ၏။

"ရွှေတင်ရဲ့ ဆုံးဖြတ်ချက်ဟာလဲ အစ်ကို့အကျိုးအတွက်ပါပဲ အစ်ကို"

ရွှေတင်၏ စကားများကို ကြားယောင်လာပြန်သည်။ တက္ကစီသည် လွှစ္စလမ်း သင်္ဘောဆိပ်တွင် ထိုးရပ်လိုက်၏။ လွှစ္စလမ်း ဆိပ်ကမ်းတံတားပေါ်တွင် လူရှင်းနေသည်။ ပင်လယ်ကမ်းရိုးတန်းသွား သင်္ဘောကလေးမှာ မြူရိပ်ထဲတွင် ခပ်မည်းမည်းပေါ်နေသည်။ ရေသဘက်ကြီးတစ်ကောင် ထိုင်နေပုံနှင့်ပင် တူနေသေးတော့သည်။

"ဒီနေ့ပို့တာ ဟုတ်မှ ဟုတ်ရဲ့လား"

ခင်မောင်ဝင်းသည် ရွှေတင်တို့ ကိုင်ရန်အတွက် သားရေသေတ္တာကြီး နှစ်လုံးကို ဆွဲလာကာ တံတားဘက်သို့ လျှောက်လာခဲ့သည်။ တစ်ကျွန်းပို့ အကျဉ်းသမားများကို ပို့လျှင် ဆိပ်ကမ်းတွင် ထောင်ပိုင်၊ ပုလိပ်၊ ဝါဒါ၊ အချုပ်ကားစသည်တို့ကို တွေ့ရမည်ဖြစ်၏။ ယခု ကားတစ်စင်းမှ မတွေ့ရပေ။ မောင်မောင်သန်းကို ချိန်းထားသော်လည်း မမြင်ရသေး။

သင်္ဘောဥဩသံ ထွက်ပေါ်လာလေ၏။

"ဟေး ဖိုးခင်မောင်ဝင်း မြန်မြန် မြန်မြန်"

မောင်မောင်သန်းသည် သူ့ကို အော်ခေါ်ကာ ဆိပ်ကမ်းတံတားမှ ပြေးတက်လာ၏။ အင်္ကျီဖြူ၊ ဘောင်းဘီရှည်အဖြူ၊ ကာကီဦးထုပ်တို့ကို ဝတ်ထားပြီး ကင်မရာ လွယ်ထားသည်။ ခင်မောင်ဝင်းသည် အားတက်သွားကာ ခပ်သုတ်သုတ် ဆင်းလာ၏။

"နောက်ကျလှချည့်လားကွ၊ သင်္ဘောထွက်တော့မယ်"

"ဟုတ်လား"





"ဟုတ်လား လုပ်မနေနဲ့၊ အကျဉ်းသမားတွေအားလုံး သင်္ဘောပေါ် ရောက်ကုန်ပြီ၊ အိမ်ထောင်သည်တွေလဲ ပါတယ်။ ကိုယ်တောင်မမီလိုက်ဘူး၊ ကိုယ်ရောက်တော့ ရွှေတင်တို့ သင်္ဘောပေါ် ရောက်ကုန်ကြပြီ၊ အိမ်ထောင်သည်တွေ တင်နေတယ်"

"ဟင် ရောက်ကုန်ပလား"

ဆိပ်ကမ်းတံတားထိပ်တွင် အကောက်အရာရှိနှင့် လူဝင်လူထွက် အရာရှိများက စစ်ဆေးနေပြန်သဖြင့် ရပ်စောင့်နေရပြန်သည်။

"ကိုင်း ကျေးဇူးပြုပြီး မြန်မြန်လုပ်ပါဗျာ"

အကောက်အရာရှိနှင့် လူဝင် လူထွက်အရာရှိများက ဝတ္တရားကျေရုံ မျှရှာပြီး သူ့ကို ပြုံးကြည့်နေကြသည်။

သင်္ဘောဥဩဆွဲသံကို ကြားရပြန်သည်။

နှစ်ယောက်သား သားရေသေတ္တာ တစ်လုံးစီကို ဆွဲကာ ဆိပ်ခံသမ္ဗာန်ပေါ်သို့ အပြေးဆင်းလာခဲ့ကြသည်။ ခင်မောင်ဝင်းသည် ပြေးလာရင်း သင်္ဘောအပေါ်ထပ် လက်ရမ်းဘေးတွင် စုပြုံရပ်နေသူများကို လှမ်းကြည့်လာသည်။ ဘယ်သူ့ကိုမျှ သဲသဲကွဲကွဲ မမြင်ရသေးပေ။ သင်္ဘောဥဩဆွဲသံ ထွက်ပေါ်လာပြန်ကာ ကုန်းဘောင်ကို ဖြုတ်လိုက်၏။

"ဟေ့ ခင်မောင်ဝင်း၊ နေဦး . . . နေဦး၊ မကူးနဲ့ဦး"

သင်္ဘောသည် စက်ကုန်ခတ်ကာ ဘော့တံတားမှ ခွာလိုက်သည်။

မောင်မောင်သန်းက အတင်းခုန်ကူးရန် အားယူနေသော ခင်မောင်ဝင်းကို အော်၍ တားလိုက်သည်။ သင်္ဘောမှာ ဆိပ်ခံသမ္ဗာန်နှင့် တစ်လံကျော်လောက် ဝေးသွားသည်။ ခင်မောင်ဝင်းသည် အားမလျှော့သေးဘဲ သင်္ဘောဦးပိုင်းဘက် နီးရာသို့ ပြေးသွားကာ သားရေသေတ္တာကို လှမ်းပေးလိုက်သည်။ အကျဉ်းသမားတစ်ယောက်က သားရေသေတ္တာကို လှမ်း၍ ယူထားလိုက်လေသည်။

သင်္ဘောသည် ကမ်းနှင့် ဝေးသည်ထက် ဝေးသွား၏။ ခင်မောင်ဝင်းသည် သည်တော့မှ ကုန်းပတ်ပေါ်သို့ လှမ်းကြည့်လိုက်သည်။ ကုန်းပတ်ပေါ်တွင် ရပ်နေသော အကျဉ်းသမားများကြားထဲတွင် ရွှေတင်ကို မြင်လိုက်ရသည်။

"ဟိုမှာ ရွှေတင် ရွှေတင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သန်းကလည်း ရွှေတင်ကို လက်ညှိုးထိုး၍ပြလိုက်သည်။ ရွှေတင်သည် သူတို့ကို လက်ဝှေ့ယမ်းပြ၍ နှုတ်ဆက်နေ၏။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြပေသည်။

"သွားတော့ ရွှေကလေးရေ သွားပေတော့၊ ရွှေကလေးဟာ ဘယ်လိုညစ်နွမ်းတဲ့ ဘဝရောက်ခဲ့ရပေမဲ့ နွံထဲမှာ ပွင့်တဲ့ကြာလို ဖြူစင်တယ်ဆိုတာ အစ်ကိုသိပါတယ်"

ခင်မောင်ဝင်းသည် သင်္ဘောခုတ်သံကြားမှ နှုတ်ဆက်ပြောကြားနေသည်။ သူ့နဖူးကြောကြီးများမှာ အိမ်တိုင်တွင် ခြတက်သလို ထင်းခနဲပေါ်လာကြသည်။ သူ့မျက်နှာသည် နီမြန်းလာသည်။ ရွှေတင်သည် သူ့ပြောသံများကို ကြားဟန်မတူဘဲ လက်ကိုသာ ဝှေ့ယမ်းနှုတ်ဆက်နေသည်။ လက်ဝှေ့ယမ်းပြရင်းက မျက်နှာကို နောက်ဘက်သို့ လှည့်လိုက်ပြီး သူ့နောက်ကလူကို လှည့်၍ တစ်စုံတစ်ရာပြောနေသည်။

ရွှေတင့်နောက်ကလူသည် လူကြားထဲ တိုးဝှေ့ကာ သင်္ဘောလက်ရမ်းနားရှိ ရွှေတင့်ဘေးတွင် လာရပ်၏။ ဆံပင်ရှည်ရှည်၊ ဘလေဇာအကျီအနွမ်း၊ ဘန်ကောက်လုံချည်အနွမ်း၊ လူပုံသဏ္ဌာန်အနွမ်း။

"ရွှေတင့်ကိုယ်ဟာ ပောင်းနွမ်းနေပါပြီ အစ်ကို။ ရွှေတင်လို အပောင်းအနွမ်းဟာ ညီလေးလို အပောင်းအနွမ်းနဲ့ပဲ ထိုက်တန်တော့တယ်။ ခုလို အစ်ကို့ကို စွန့်ပစ်ခဲ့ရတာဟာ အစ်ကို့ကို အပြစ်မြင်လို့ မဟုတ်ပါဘူး အစ်ကို၊ အချစ်လွန်လွန်းလို့ပါ။ အစ်ကို့ကို အပြစ်ယူတာ မဟုတ်ပါဘူး၊ အချစ်လျှော့တာပါ၊ ပောင်းနွမ်းနေတဲ့ ပုဆိုးစုတ်တစ်ထည်ကို ကိုယ့်ချစ်သူ မဝတ်စေချင်လို့ မရှိနွမ်းပါးသူကို ပေးကမ်းစွန့်ကြဲလိုက်တဲ့ သဘောပါ။ ရွှေတင်ရဲ့ ပောင်းနွမ်းတဲ့ ခန္ဓာကိုယ်ကို အစ်ကို့ကို မပေးရက်လို့ မရှိနွမ်းပါးတဲ့ ညီလေးကို ပေးကမ်းစွန့်ကြဲလိုက်တဲ့ သဘောပါ"

ရွှေတင်သည် စိတ်ထဲမှ ရွတ်ဆိုနေ၏။ ပါးစပ်ကတော့ ထွက်မလာပေ။

ရွှေတင်သည် ခင်မောင်ဝင်းကို ကြည့်ရင်း ဖြူးဘူတာရုံကို အမှတ်ရလာသည်။ သည်တုန်းက မီးရထားကြီးထွက်စပြုနေပြီ၊ ခင်မောင်ဝင်းသည် ထွက်စပြုနေသော မီးရထားကြီးပေါ်တွင် လိုက်ပါသွားသည်။ ရွှေတင်သည် ပလက်ဖောင်းတစ်လျှောက် ပြေးလိုက်လာသည်။ ပလက်ဖောင်းပေါ် ပြေး





လိုက်ရင်း "အစ်ကို . . . အစ်ကို" ဟု လှမ်းခေါ်နေသည်။ နောက် တတိယတန်းတွဲတွေ သူ့အနားရောက်လာတော့မှ မလိုက်တော့ဘဲ တဒက်ဒက်လည်နေသော မီးရထားဘီးကြီးများကို စိုက်ကြည့်နေသည်။ သည်မီးရထားဘီးကြီးတွေအောက် လှိမ့်ချပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ချင်သည်။ သည်တုန်းကတော့ သူက အလိုက်၊ ခင်မောင်ဝင်းက အပြေး။

ခင်မောင်ဝင်းသည် ဆိပ်ခံသမ္ဗန်ပေါ်တွင် လက်တပြပြနှင့် ကျန်ရစ်ခဲ့သည်။ သင်္ဘောပဲ့ယမ်း၍ ကွေ့မည်အပြုတွင် ခင်မောင်ဝင်းသည် ရွှေတင်ကို မမြင်ရမည်စိုးသဖြင့် သမ္ဗန်အစွန်းတစ်ဖက်သို့ ပြေးလိုက်လာပြန်သည်။ မြင်ကွင်းမှာ ရင်နင့်စရာ ကောင်းလှသည်။ တကယ်တော့ ရွှေတင်သည် ခင်မောင်ဝင်းအား အပြစ်မြင်၍ မဟုတ်၊ အချစ်လွန်၍ ရှောင်ခွာထွက်ပြေးခဲ့ခြင်းသာဖြစ်၏။ ယခုတော့ သူက အပြေး၊ ခင်မောင်ဝင်းက အလိုက်။

ရွှေတင်သည် တွေးရင်း မီးရထားခုတ်သံများကို ကြားယောင်လာသည်။ မီးရထားဘီးကြီးများကို မြင်ယောင်လာသည်။ ရွှေတင်သည် အောက်သို့ ငုံ့ကြည့်လိုက်မိလေ၏။ လှိုင်းလုံးကြီးများသည် ညိုးညံ့စွာ မြည်ဟီးကာ သင်္ဘောဝမ်းဘေးမှ ဖြာထွက်လာကြ၏။ လှိုင်းလုံးတွေမှာ ရထားဘီးကြီးတွေ ဖြစ်သွားကြပြန်သည်။ ရထားဘီးကြီးများသည် လှိုင်းလုံးကြီးများ ဖြစ်လာကြပြန်သည်။ ရွှေတင်သည် လှိုင်းလုံးတွေ၊ ရထားဘီးတွေကို မြင်ယောင်ရင်း ခေါင်းထဲမှာ တရိပ်ရိပ်မူးလာသည်။ လှိုင်းလုံးပေါ်တွင် မည်းမည်းအရာတစ်ခုသည် ပေါ်လောပေါ်လာကာ ပြန်၍ မြုပ်သွားသည်။ မြုပ်လိုက်ပေါ်လိုက် ဖြစ်နေသော ဒိုက်ပုံတစ်ပုံ။

ချစ်လျက်နှင့် ခွဲရသော ဘဝ၊ ဖြူလျက်နှင့် မည်းရသော ဘဝ၊ စက်ဆုပ်လှပြီ။ သူ့ဝမ်းထဲမှာ သားကလေးရယ်လို့ တွယ်တာစရာလည်း မရှိတော့ပြီ။ သူ့မျက်လုံး သူ့အမြင်ထဲတွင် လှိုင်းလုံးနှင့် ရထားဘီးများကလည်း ရောထွေးနေကြပြီ။ သူ့နားထဲတွင် သင်္ဘောခုတ်သံ၊ လှိုင်းပုတ်သံ၊ မီးရထားခုတ်သံတို့ကလည်း ရောထွေး မြည်ဟီးလာကြလေပြီ။

ရွှေတင်သည် တရိပ်ရိပ် မူးလာကာ မျက်စိများကို မှိတ်ထားလိုက်သည်။ အတွေးများသည် သူ့ခေါင်းထဲတွင် ချာချာလည်လျက်ရှိသည်။ ညီလေးကို သူ လက်ထပ်ခဲ့ခြင်းမှာ ခင်မောင်ဝင်းဘဝကို မပျက်စီးစေဖို့၍ ဇွတ်မှိတ်ကာ လက်ထပ်ခဲ့ခြင်းဖြစ်၏။ သို့သော် သေသေချာချာ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ညိုလေးကို လက်ထပ်ခြင်းသည်လည်း တရားရာ ရောက်ပါမည်လောဟု သံသယတွေဝင်လာလေသည်။ သူ့လို တရားခံမ အကျဉ်းသမားတစ်ယောက်သည် ညိုလေးအတွက်ပင် မယားကောင်းတစ်ယောက်ဖြစ်နိုင်ပါဦးမည်လောဟု စစ်ဆေးကြည့်မိလေသည်။

ချစ်သောသူနှင့် ကွေကွင်းရခြင်းထက် ကြီးမားသော ဒုက္ခသည် ဘယ်မှာ ရှိပါဦးမည်နည်း။ ထို့ပြင်လည်း မလွဲသာ၍ ညိုလေးအား ရက်ရောစွာ ပေးရသော အချစ်သည်လည်း ဘယ်မှာ တန်ဖိုးရှိဦးတော့မည်နည်း။

ရွှေတင်သည် မှိတ်ထားသော မျက်လုံးတွေကို ဖွင့်လိုက်ပြန်သည်။ လှိုင်းဂယက်များသည် သင်္ဘောဘေးမှ တဖွားဖွားဖြာထွက်နေကြသည်။ လှိုင်းလုံးများကြားတွင် ရထားဘီးကြီးများကို မြင်လာသည်။ လှိုင်းပုတ်သံတွေကြားမှ ရထားခုတ်သံတွေ ပေါ်လာသည်။

သူ့စိတ်ထဲတွင် သူ့ဘဝ၏ ပျော်စရာအကောင်းဆုံး အချိန်များသည် အရုပ်ကားတွေလို တစ်ခုပြီးတစ်ခု ပေါ်ထွက်လာသည်။ ခင်မောင်ဝင်းနှင့် ဇဟားက ကြာကန်ဘေးတွင် ချစ်တင်းဆိုခဲ့ပုံ၊ မီးရထားလမ်းတစ်လျှောက် လမ်းလျှောက်ရင်း ကြည်နူးခဲ့ပုံ။ ခင်မောင်ဝင်း၊ ကိုတောက်ထွန်း၊ ရွှေခင်၊ ညိုလေးတို့၏ ရုပ်ပုံလွှာများ။

သို့ရာတွင် ကြည်နူးခြင်းတို့သည် ရွှေတင့်စိတ်ထဲတွင် ကြာရှည်ခိုအောင်း မနေကြပါ။ ပြည့်တန်ဆာဘဝ၊ လူသတ်တရားခံစသော ညစ်နွမ်းသည့် ဘဝကြီးက ခြောက်ထုတ်လိုက်သောအခါတွင် ကြည်နူးခြင်းတို့သည် လန့်ဖျတ်ကာ အဝေးသို့ ပျံပြေးကြပါပြီ။

မထူးတော့ပြီ။

သင်္ဘောခုတ်သံ၊ လှိုင်းပုတ်သံ၊ ရထားခုတ်သံ၊ ဘီးလှိမ့်သံတို့ကလည်း သူ့အကြား သူ့အမြင်တွင် ရောထွေးယှက်တင် ဖြစ်လာကြသည်။ ရွှေတင်သည် သတိကင်းလွတ်နေသူလို နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ကာ သင်္ဘောလက်ရမ်းပေါ်သို့ တက်လိုက်သည်။ ရထားဘီးကြီးများက လက်ယပ်ခေါ်တုန်းကတော့ သားကလေးကို တွယ်တာခဲ့ရသည်။ လှိုင်းလုံးကြီးများက လက်ယပ်ခေါ်သောအခါ ရွှေတင့်မှာ တွယ်တာစရာမရှိတော့ပြီ။ ဖွဲ့ဆိုင်းတုပ်နှောင်ထားသော ကြိုးများကို ဖြတ်တောက်ပြီးလေပြီ။

ရွှေတင်သည် မျက်လုံးကို စုံမှိတ်ကာ သင်္ဘောလက်ရမ်းပေါ်မှ ရေထဲ





သို့ ခုန်ချလိုက်လေသည်။ သင်္ဘောပေါ်မှ အော်သံများကို ကြားရလေသည်။

ရွှေတင်၏ ခန္ဓာကိုယ်သည် သင်္ဘောဘေးမှ ဖြာထွက်သွားသော လှိုင်းလုံးကြီးများနှင့်အတူ အဝေးသို့ ရောက်သွားလေသည်။ တစ်ခါနှစ်ခါ ပေါ်လာပြီးနောက် စုန်းစုန်းမြုပ်သွားကာ လှိုင်းလုံးကြီးများက သူ့ခန္ဓာကိုယ်ပေါ်သို့ လွှမ်းသွားကြသည်။ ခဏကြာတော့ ရေပြင်တွင် လှိုင်းလုံးကြီးများကိုသာ မြင်ရတော့သည်။

ရွှေတင်၏ ကိုယ်မှ အညစ်အကြေးများသည် ရွှေတင့်ကြောင့် ပေကျံခဲ့ရသော အညစ်အကြေးများ မဟုတ်ဘဲ၊ သူတစ်ပါးကြောင့် ပေကျံခဲ့ရသော အညစ်အကြေးများဖြစ်ပါ၏။ ဘယ်သူ့ကြောင့်ပဲ ပေကျံသည်ဖြစ်စေ၊ ရွှေတင်သည် သူ့ကိုယ်က အညစ်အကြေးများကိုတော့ ဆေးကြောပစ်လိုပေသည်။

ယခုတော့ လှိုင်းလုံးကြီးများက ရွှေတင်၏ ခန္ဓာကိုယ်မှ အညစ်အကြေးများကို ဆေးကြောပစ်လိုက်ကြလေပြီ။ ။

**သိန်းဖေမြင့်၊ မြသန်းတင့်**

www.burmeseclassic.com

www.burmeseclassic.com

## ဖြူးတွင်တွေ့ခဲ့သော နှံ့ထဲကကြာတစ်ပွင့်

၁၉၆၀ ခုနှစ် ဆောင်းရာသီ တစ်မနက်၌ ကိုသိန်းဖေ(စာရေးဆရာ သိန်းဖေမြင့်)သည် ကျွန်တော့်အိမ်သို့ ရောက်လာလေသည်။ သူသည် ဖလန်နယ်လုံချည်၊ ရှပ်လက်တို၊ ဆွယ်တာလက်ပြတ်၊ ကင်းဘတ်ဖိနပ်တို့ကို ဝတ်ထားပြီး လက်တွင် တုတ်ကောက်တစ်ချောင်းကို ကိုင်ထားသည်။ မနက်စောစော လမ်းလျှောက်ရင်း ဝင်လာခြင်းဖြစ်သည်။

"ကိုယ့်လူကို တွေ့မှ တွေ့ပါမလားလို့၊ ကိုယ့်လူကလဲ မနက်ဆိုရင် လမ်းလျှောက်ထွက်တယ် မဟုတ်လား"

သူသည် မုံရွာသားပီပီ 'ကိုယ့်လူ' ဆိုသည့် ဒုတိယနာမ်စားကို သုံးလေ့ရှိသည်။

သူသည် ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုကိုတော့ မှန်မှန်လုပ်သူဖြစ်သည်။ တစ်ခါတစ်ရံတွင် သူ့အိမ်အနီးရှိ ကုက္ကိုင်းရေကူးကန်တွင် ရေကူးသည်။ တစ်ခါတစ်ရံတွင် သူ့အိမ်တွင် ကိရိယာလွတ် ကျန်းမာရေးလေ့ကျင့်ခန်းယူသည်။ တခြားကျန်းမာရေးလေ့ကျင့်ခန်းတွေ ပျက်ချင်ပျက်မည်။ လမ်းလျှောက်သည့် လေ့ကျင့်ခန်းကိုမူ ပျက်လေ့မရှိပါ။ "ခင်ဗျားက ကျန်းမာရေးလေ့ကျင့်ခန်းကို ဆေးစွဲသလို စွဲနေတာ (Health Addict)" ဟု ကျွန်တော်က ပြောသည့်အခါတွင် သူသည် သူ့ထုံးစံအတိုင်း အားရပါးရ ရယ်နေလေသည်။

ကိုသိန်းဖေသည် ကျွန်တော့်ထက် အသက် ၁၅ နှစ်လောက်





ကြီးပါသည်။ သူက ကျော်ကြားသော စာရေးဆရာကြီး ဖြစ်နေချိန်တွင် ကျွန်တော်က စာဖတ်ပရိသတ်ပေါက်စကလေး ရှိသေးသည်။ သူက နိုင်ငံရေးခေါင်းဆောင်ကြီးဖြစ်နေချိန်တွင် ကျွန်တော်သည် ပိုစတာကပ်၊ လက်ကမ်းစာရွက်ဝေသည့် အဆင့်လောက်မှာပင် ရှိသေးသည်။ သူ့အရွယ်သည် ကျွန်တော့်အမေ၏ မောင်အငယ်ဆုံးလောက် ရှိသဖြင့် အညာတွင်ခေါ်သလို ခေါ်ရလျှင် ဦးလေးသိန်းဟု ခေါ်ဖို့ကောင်းပါသည်။ ဝမ်းကွဲဆွေမျိုးသားချင်းတွေထဲက အစ်ကိုအကြီးဆုံးလောက်ရှိသဖြင့် အညာတွင်ခေါ်သလို ကိုကြီးသိန်းဟု ခေါ်ဖို့ကောင်းပါသည်။ သို့မဟုတ်လျှင်လည်း ကျွန်တော်တို့ထက် များစွာဝါရင့်သော စာရေးဆရာကြီးဖြစ်သဖြင့် ဆရာဟု ခေါ်ဖို့ကောင်းပါသည်။ သို့မဟုတ်သေးလျှင် ကျွန်တော့်ထက် အသက်များစွာကြီးသဖြင့် ဦးသိန်းဖေဟု ခေါ်ဖို့ကောင်းပါသည်။

သို့ရာတွင် ကျွန်တော်သည် ဦးလေးသိန်း၊ ကိုကြီးသိန်း၊ ဆရာ၊ ဦးသိန်းဖေ စသည့် အထက်ပါ အမည်များဖြင့် မခေါ်ဖြစ်ခဲ့ပါ။ ရွယ်တူတန်းတူတစ်ဦးလို 'ကိုသိန်းဖေ' ဟုသာ ခေါ်ဖြစ်ခဲ့ပါသည်။ ကျွန်တော်တင်မကပါ။ သူနှင့် ရင်းနှီးသော ကျွန်တော်နှင့် ရွယ်တူစာရေးဆရာများ၊ ကျွန်တော်နှင့်ရွယ်တူ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များကလည်း ကိုသိန်းဖေဟုပင် ခေါ်ခဲ့ကြသည်။ ထိုသို့ ခေါ်သည်ကို သူကိုယ်တိုင်ကလည်း နှစ်မြို့က်စွာလက်ခံပါသည်။ ဘာ့ကြောင့် သူ့ကို ကိုသိန်းဖေဟု ခေါ်မိသည်ကို ကျွန်တော် စဉ်းစား၍မရပါ။ သူကိုယ်တိုင်က ဖျတ်လတ်နုပျိုသည့်အသွင်ကို ဆောင်နေသောကြောင့်လား၊ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်၍လားတော့ မပြောတတ်ပါ။

ကိုသိန်းဖေသည် ကျွန်တော်နှင့် အတန်ကြာ အာလာပသလ္လာပ ပြောဆိုပြီးနောက် . . .

"ကိုယ့်လူနဲ့ ဆွေးနွေးစရာရှိလို့ လာခဲ့တာကွ၊ ကိုယ့်လူက တော်စတွိုင်းရဲ့ 'ရီဆာရက်ရှင်း' ကို မှီးပြီး ရေးမလို့ဆို"

"ဟုတ်တယ်၊ စိတ်ကူးနေတာပဲ၊ ဒါပေမဲ့ မှီးရေးရမလား၊ ဘာသာပြန်ရမလား ဘာမှတော့ မဆုံးဖြတ်ရသေးပါဘူး၊ ဘာဖြစ်လို့လဲ"

"ကိုယ် 'ရီဆာရက်ရှင်း' ကို ဇာတ်ညွှန်း ရေးထားတယ်ကွ၊ ဗြိတိသျှဘားမားက ကိုချန်ထွန်းတို့ဆီ ရောင်းထားတာ၊ အိမ်ဆောက်မယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တော့ ဗြိတိသျှဘားမားက နောက်မှ ဇာတ်ညွှန်းတို့ဘာတို့ ရေးပေးပါဆိုပြီး လိုတဲ့ငွေကို ထုတ်ပေးလို့ အိမ်ကလေးဖြစ်လာတာကွ၊ ဟား . . . ဟား အခု ဇာတ်ညွှန်းသုံးပုဒ်ရေးပြီး ပြန်ဆပ်ပြီးပြီ၊ အဲဒီအထဲမှာ 'ရိုဆာရက်ရှင်း' ကို မှီးထားတဲ့ ဇာတ်ညွှန်းလဲပါတယ်၊ ကိုယ်က 'နွံထဲကကြာ' လို့ နာမည်ပေးထားတာ၊ အဲဒါ 'ရိုဆာရက်ရှင်း' ကို မင်းမှီးမယ်ဆိုရင် ကိုယ့်ဇာတ်ညွှန်းကို ဝတ္ထုပြန်ရေးပေးပါလား"

သူ့အဆိုပြုချက်မှာ အဆန်းဖြစ်သည်။ ရိုဆာရက်ရှင်းကို မှီးပုံချင်းတော့ တူကြသည်။ သို့ရာတွင် သူက ဇာတ်ညွှန်းအဖြစ်ယူ၍ မှီးထားခြင်းဖြစ်ပြီး ကျွန်တော်က ဝတ္ထုအဖြစ် မှီးခြင်းဖြစ်သည်။ မှီးပုံချင်း တစ်ယောက်နှင့်တစ်ယောက် မတူ။ ယခု ကိုသိန်းဖေက 'ရိုဆာရက်ရှင်း' ကို မှီးထားသည့် သူ့ဇာတ်ညွှန်းကို ဝတ္ထုအဖြစ် ပုံသဏ္ဍာန် ပြောင်းပေးရန် အဆိုပြုနေသည်။

"ဒီလိုဆိုရင်လဲ ကိုသိန်းဖေဘာသာပဲ ဇာတ်ညွှန်းကို ဝတ္ထုပြန်ရေးလိုက်ပေါ့ဗျာ။ ကျွန်တော် ဘာပြောင်းစရာလိုသလဲ၊ ကိုယ်မှီးထားတဲ့ ဇာတ်ညွှန်းကို ကိုယ့်ဘာသာ ဝတ္ထုပြန်ရေးရင် ပိုတောင်ကောင်းနိုင်တာပေါ့"

"ကိုယ်က အချိန်မရဘူးကွ၊ ပါတီမှာလဲ လုပ်ရသေးတယ်၊ (ထိုစဉ်က သူသည် ပြည်သူ့ညီညွတ်ရေးပါတီခေါင်းဆောင်တစ်ဦးအဖြစ် နိုင်ငံရေးလုပ်ငန်းများကို လုပ်နေသည်။) သတင်းစာအတွက် ခေါင်းကြီးရေးတာတို့၊ ဆောင်းပါးရေးတာတို့လဲ လုပ်ရသေးတယ်၊ ပြီးတော့ သတင်းစာဘက်ကို သိပ်လိုက်သွားတော့ ရသစာပေဖန်တီးရာမှာလဲ နည်းနည်း အားလျော့သွားတယ်လို့ ထင်တယ်ကွ၊ အရေးအသားတို့ ဘာတို့မှာ အရင်ကလောက် ကိုယ့်ကိုယ်ကိုယ် အားမရချင်ဘူး။ ဒါကြောင့် မင်းနဲ့လာဆွေးနွေးတာ။ ကိုယ့်ဇာတ်ညွှန်းမှာ နောက်ခံက ဖြူးမှာလုပ်ထားတယ်ကွ၊ ကိုယ့်လူနဲ့ကိုယ်နဲ့ ၁၉၄၇ ခုက ဖြူးကွန်ကရက်တုန်းက ဖြူးမှာတွေ့ခဲ့ကြတာကို သတိရပြီး ကိုယ့်လူရေးရင်တော့ ကိုယ်လိုချင်တဲ့ Atomostphere ရမှာပဲဆိုပြီး စိတ်ကူးရလို့"

၁၉၄၇ ခုနှစ်တုန်းက ဖြူးတွင် တောင်သူလယ်သမားညီလာခံလုပ်ရာ သူနှင့်ကျွန်တော် ထိုညီလာခံတွင် ဆုံဖြစ်ခဲ့ကြသည်။ နိုင်ငံရေးအကြောင်း၊ စာပေအကြောင်းတွေ ပြောဖြစ်ခဲ့ကြသည်။ ဖြူးညီလာခံတွင် သူနှင့်တွေ့ဆုံခြင်းမှာ သူနှင့်ကျွန်တော် ဒုတိယအကြိမ် တွေ့ဖူးခြင်း ဖြစ်လေသည်။





ကျွန်တော်သည် သူ့ဇာတ်ညွှန်းကို ဝတ္ထုအဖြစ် ရေးသင့်မသင့်ကို စိတ်ထဲတွင် ဝေခွဲမရ ဖြစ်နေသည်။ သူက ကျွန်တော့်အခြေအနေကို ရိပ်မိသွားဟန်ဖြင့် . . .

"မင်း ကိုယ့်ဇာတ်ညွှန်းကို ဖတ်ကြည့်ဦးလေ၊ ကြိုက်မှရေးပေါ့၊ ကိုယ်ကတော့ ရေးစေချင်တာပဲ၊ ဝတ္ထုကတော့ ကိုယ့်လူကြိုက်သလိုရေးပေါ့၊ ကိုယ့်ဇာတ်ညွှန်းအတိုင်း ရေးရမယ်လို့ ကိုယ်မတောင်းဆိုပါဘူး၊ ဝတ္ထုနဲ့ ဇာတ်ညွှန်းက တခြားစီပဲ၊ ကိုယ့်လူကြိုက်လို့ ရေးမယ်ဆိုရင်တော့ ကိုယ့်လူနဲ့ ကိုယ် ထပ်ဆွေးနွေးကြတာပေါ့၊ ဒါကတော့ အလုပ်ကိစ္စပါ၊ ဇာတ်ညွှန်းကိုတော့ ကိုယ့်လူကို အပ်လိုက်မှာပဲ၊ ကြိုက်သလို လုပ်ပေါ့"

သူသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားသည်။

*

ကျွန်တော် တကယ်ဘာသာပြန်ချင်နေသည်မှာ တော်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးဖြစ်သည်။ သို့ရာတွင် ကြီးကျယ်ခမ်းနားလွန်းသဖြင့် မကိုင်ရဲဘဲဖြစ်နေသည်။ 'ရိုဆာရက်ရှင်း' ဝတ္ထုကြီးမှာ ဇာတ်လမ်း ဇာတ်ကွက်ကောင်းသည်။ မြန်မာပရိသတ်လည်း ကြိုက်နိုင်သည်။ ထို့ကြောင့် 'ရိုဆာရက်ရှင်း' ကို ရွေးချယ်ခြင်းဖြစ်သည်။

ဇာတ်လမ်းမှာ 'နက်ကလျူဒေါ့' ဆိုသည့် မင်းမျိုးမင်းနွယ် မင်းသားပျိုတစ်ပါး သူတို့အစဉ်အလာ ထုံးစံအတိုင်း ဇာဘုရင်လက်ထက် တရားရုံးတစ်ရုံးတွင် ခုံသမာဓိလူကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တစ်နေ့သူ့ရုံးတော်သို့ တရားခံအမျိုးသမီးတစ်ယောက် ရောက်လာသည်။ တရားခံအမျိုးသမီးမှာ ပြည့်တန်ဆာမတစ်ဦး ဖြစ်သည်။ ဧည့်သည်ယောကျ်ားက ပျော်ပါးရန်ခေါ်သွားရာမှ ထိုဧည့်သည်မှာ ထိုညတွင် သေဆုံးသွားသည်။ ရဲတို့က စစ်ဆေး ကြည့်သည့်အခါတွင် တာဝန်ခံအမျိုးသမီး 'မာစလိုဗာ' ကို သင်္ကာမကင်းစရာအဖြစ် တွေ့ရှိသဖြင့် သူ့ကို လူသတ်မှုဖြင့် ရုံးတင်တရားစွဲဆိုရာမှ သူ့ရုံးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ခုံသမာဓိလုပ်သည့် မင်းသားနက်လျူဒေါ့သည် အမှုကို စတင်စစ်ဆေးရင်း တရားခံအမျိုးသမီးကို အမှတ်တမဲ့ကြည့်မိသည်။ ကြည့်ရင်းကြည့်ရင်းနှင့် ထိုအမျိုးသမီးကို သူ သတိရလာသည်။ တစ်ခါတုန်းက



www.burmeseclassic.com

www.burmeseclassic.com



မင်းသား နက်ကလျူဒေါ့သည် တောကျေးလက်ရှိ သူ့အဒေါ်များအိမ်သို့ လာရောက်လည်ပတ်စဉ် အဒေါ်များအိမ်တွင် မွေးစားသမီးတစ်ပိုင်း၊ အိမ်ဖော်တစ်ပိုင်းဖြစ်နေသည့် လှပချောမောသော တောသူအမျိုးသမီး ကလေးတစ်ယောက်ကို တွေ့ရသည်။

မင်းသားနက်ကလျူဒေါ့သည် ထိုခေတ်က မင်းညီ မင်းသားတို့၏ ထုံးစံအတိုင်း ထိုမိန်းကလေးကို ခြေတော်တင်သည်။ ထိုနောက် မြို့သို့ ပြန်သွားသည်။ မိန်းကလေး ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်လာသောအခါတွင် သူ့ကို လျော်ကြေး အသင့်အတင့်ပေးပြီး အိမ်မှနှင်ချလိုက်ကြသည်။ ထိုမိန်းကလေးမှာ ကလေးမွေးလာသော်လည်း အဖတ်မတင်ဘဲ ကလေး သေဆုံးသွားသည်။ ထိုနောက်မှစ၍ ထိုမိန်းကလေးသည် ပျက်စီးသွားကာ ပြည့်တန်ဆာမတစ်ဦး ဖြစ်သွားခဲ့သည်။ နယ်တကာအနှံ့ ရောက်ခဲ့သည်။ နောက်ဆုံး မြို့တစ်မြို့တွင် ဧည့်သည်တစ်ဦးက ခေါ်သဖြင့် လိုက်သွားစဉ် ထိုဧည့်သည် သေဆုံးသွားသည့်အတွက် တရားခံအဖြစ် သူ့ရုံးသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

နက်ကလျူဒေါ့သည် အမှုကို စစ်ရင်း စစ်ရင်း ထိုမိန်းကလေးကို သတိရလာသည်။ မိမိ ဖျက်စီးလိုက်သည့် မိန်းကလေးသည် ဂုဏ်ကြမ္ဘာ၏ သားကောင်ဖြစ်လာခဲ့ကာ လူသတ်တရားခံအဖြစ်သို့ ရောက်ရှိခဲ့ရပြီး ထိုမိန်းကလေးကို ထိုဘဝသို့ရောက်အောင် ပို့ဆောင်ပေးသည့် အစိက တရားခံဖြစ်သူ မိမိမှာမူ ထိုမိန်းကလေး၏ အမှုကို စီရင်ဆုံးဖြတ်ရမည့် တရားသူကြီးဖြစ်နေသည်။

ထိုအချက်ကိုတွေးမိတိုင်း မင်းသားနက်ကလျူဒေါ့သည် စိတ်မကောင်းဖြစ်ကာ ထိုမိန်းကလေးကို ကယ်ဖို့ ကြိုးစားသည်။ မိန်းကလေးကလည်း သူ့ကို စစ်ဆေးနေသည့် တရားသူကြီးသည် တစ်ခါက သူ့ကို ဖျက်ဆီးခဲ့သည့် ယောက်ျားပျိုမှန်း ချက်ချင်း သိသွားသည်။ မင်းသားနက်ကလျူဒေါ့သည် နောင်တရ၍မဆုံး ဖြစ်သွားသည်။ နောက်ဆုံးတွင် မနေနိုင်တော့ဘဲ အကျိုးအကြောင်းကို ဖွင့်ပြောကာ မိန်းကလေးကို တောင်းပန်သည်။ သူ့ကို ကယ်တင်ရန်ကြိုးစားသည်။ အမှန်အားဖြင့် ထိုမိန်းကလေးမှာ ထိုညက ဧည့်သည်ကို သတ်ခဲ့သူ မဟုတ်။ ဧည့်သည်မှာ သူ့ရောဂါနှင့်သူ ရုတ်တရက် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင်





ဥပဒေသဘောအရ ကြည့်လျှင် သက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံအထောက်အထားများ အားလုံးသည် ရဲ၏ စွဲဆိုချက်ကို အထောက်အကူပြုနေကြသည်။ သို့ဖြင့် ထိုမိန်းကလေးသည် အပြစ်တစ်စုံ တစ်ရာ ကျူးလွန်ခြင်းမရှိဘဲ တရားဥပဒေ၏ ပျော့ကွက်ကြောင့် တရားခံ ဖြစ်သွားရကာ ဆိုက်ဘေးရီးယားသို့ အပို့ခံရတော့သည်။ ဇာတ်လိုက်ဖြစ်သည့် မင်းသား နက်ကလျူဒေါ့မှာလည်း မိမိကြောင့် ယခုကဲ့သို့ ဖြစ်ရသည် ဆိုကာ နောင်တရမဆုံးဖြစ်ပြီး မင်စလိုဗာနှင့်အတူ ဆိုက်ဘေးရီးယားသို့ လိုက်သွားသည်။ ထိုအခါတွင်မှ သေဆုံးနေသကဲ့သို့ ဖြစ်ခဲ့ရသော သူ့ဘဝသည် ပြန်လည်ရှင်သန်လာခဲ့သည်။ ယင်းကို တော်စတွိုင်းက ‘ရှင်ပြန်ထမြောက်ခြင်း’ ဟု အမည်ပေးထားသည်။

တော်စတွိုင်းသည် မိတ်ဆွေတရားသူကြီးတစ်ဦးထံတွင် အမှုတွဲ တစ်ခုကို ဖတ်ခဲ့ရာမှ ထိုဝတ္ထုဇာတ်လမ်းကို ရလာခဲ့ခြင်း ဖြစ်သည်။ အပြစ်ရှိသူက တရားသူကြီး ဖြစ်နေပြီး အပြစ်မဲ့သူက တရားခံဖြစ်ရသော လူ့အဖွဲ့ အစည်း၊ အပြစ်မဲ့သူတစ်ဦးကို အပြစ်မရှိမှန်းသိပါလျက် ပြစ်ဒဏ်ပေးသည့် တရားဥပဒေစနစ်တို့ကို ဝေဖန်သည့်ဝတ္ထုကြီး ဖြစ်သည်ဟု ဆိုနိုင်သည်။

*

မကြာမီ ကိုသိန်းဖေက သူ့ဇာတ်ညွှန်းဖိုင်ကြီးကို ပို့လိုက်သည်။

သူ့ဇာတ်ညွှန်းမှာ ကင်မရာရှုထောင့်စသည့် စက်မှုပညာဆိုင်ရာ အသေးစိတ်အချက်တွေ မပါသည်မှလွဲလျှင် အတော်အတန် ပြည့်စုံသည့် ဇာတ်ညွှန်းဖြစ်သည်။ ထိုဇာတ်ညွှန်းဖြင့်ပင် ရုပ်ရှင်ကောက်ရိုက်၍ ရနိုင်သည်။ သို့ရာတွင် ဝတ္ထုတစ်ပုဒ်ပြန်ရေးရန်ကိစ္စမှာ သိပ်မလွယ်ပါ။ နောက်ခံ အဖွဲ့အနွဲ့တွေ ထည့်ရမည်။ လူမှုရေး နောက်ခံကားချပ်တွေ ထည့်ရမည်။ စကားပြောခန်းတွေကို ပြင်ရမည်။ ထိုအထဲတွင် ကျွန်တော်က နိုင်ငံရေး နောက်ခံထည့်ချင်သေးသည်။ နောက်ထပ်ဇာတ်ကောင် အပိုထည့်ချင်သေးသည်။ သူ့ဇာတ်ညွှန်းမှာ ကိုလိုနီခေတ်ကို နောက်ခံပြုထားရာ ကိုလိုနီခေတ်က စီးပွားရေးနှင့် မြန်မာ့လူ့ဘောင်၏ ဓလေ့ထုံးစံတွေကို ထည့်ချင်သေးသည်။

ဝတ္ထုအနေဖြင့် စဉ်းစားလိုက်သောအခါ ဘောင်သည် တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်သွားသည်။

တစ်ခုတော့ရှိသည်။

သူ့ဇာတ်ညွှန်းမှာ ဖြူးကို အခြေခံထားရာ ကျွန်တော်ရောက်ဖူးသည့် နေရာဖြစ်သဖြင့် ကျွန်တော် သဘောကျသွားသည်။ ဖြူးမြို့စွန်က ဂနီ၏ ဆန်စက်၊ ဖြူးချောင်း၊ တောင်ငူလမ်းမကြီးပေါ်က ရေနံဝနေသည့် တိုက်ခံ အိမ်ကြီး၊ အဝေးမှ မီးရထားခုတ်သံ . . .။

ဖြူး၏ရနံ့၊ ဖြူး၏အငွေ့အသက်များသည် သင်းပျံ့လာသည်ဟု ကျွန်တော့်စိတ်ထဲတွင် ထင်လိုက်မိသည်။

သို့ဖြင့် မကြာခင် ကိုသိန်းဖေနှင့် ကျွန်တော်တို့ တွေ့ပြီး ဆွေးနွေး ကြသည်။

ကျွန်တော်က . . . .

၁။ သူ့ဇာတ်ညွှန်းကို အခြေခံအားဖြင့် လက်ခံသည်။ သို့ရာတွင် ဝတ္ထု ရေးသူအနေဖြင့် လိုတိုးပိုလျှော့ လုပ်ခွင့်ရှိရမည်။ ဥပမာ- အချို့မလို ဟု ထင်သည့် အခန်းများကို ဖြုတ်ပစ်မည်။ ဝတ္ထုရေးသူက ထပ်မံ ထည့်သည့် လိုသည့်အခန်းများကို ထပ်ထည့်မည်။ မလိုဟု ယူဆသည့် ဇာတ်ဆောင်များကို ဖြုတ်ပစ်ပြီး လိုသည်ဟုထင်သော ဇာတ်ဆောင်များကို ထပ်မံ ထည့်သွင်းမည်။

၂။ ကျွန်တော်ရေးသည့် ဝတ္ထုကို ဖြတ်တောက်ခြင်း မပြုရ။ ပြင်ဆင်ခြင်း မပြုရ။ ဇာတ်ညွှန်းရေးဆရာသည် ဇာတ်ညွှန်းကို တာဝန်ယူပြီး ဝတ္ထု ရေးသူက ဝတ္ထုကို တာဝန်ယူရမည်။

၃။ ဇာတ်ညွှန်းမူပိုင်ခွင့်ရရှိသူမှာ သိန်းဖေမြင့် ဖြစ်ပြီး ဝတ္ထုကို မူပိုင်ခွင့် ရှိသူမှာ ကျွန်တော် ဖြစ်သည်။

ကိုသိန်းဖေသည် ကျွန်တော့်တင်ပြချက် အားလုံးကို အလွယ်တကူ လက်ခံလိုက်လျောလိုက်ပြီး သူ့ဘက်မှလိုလားချက်ကို တင်ပြပါသည်။

သူက . . .

၁။ ဝတ္ထုရေးသူအမည်ကို ဖော်ပြရာတွင် သိန်းဖေမြင့်နှင့် မြသန်းတင့် ဟူ၍ နှစ်ယောက်တွဲ၍ ဖော်ပြရမည်။

၂။ ဝတ္ထုထုတ်ဝေသည့်အခါတွင် သူ အမှာရေးမည်။

၃။ ဝတ္ထုကို သူ အယ်ဒီတာချုပ်လုပ်သည့် ဗိုလ်တထောင်သတင်းစာတွင်





အခန်းဆက်ဝတ္ထုရှည်အဖြစ် ပထမဆုံး ဖော်ပြရမည်။ လုံးချင်းဝတ္ထု ထုတ်ဝေလျှင် ဗိုလ်တထောင်သတင်းစာတွင် ပြီးဆုံးမှ ထုတ်ဝေ ရမည်။

၄။ ဗိုလ်တထောင်သတင်းစာတွင် ရေးသည့် ဝတ္ထုကော်ပီခအဖြစ် ၂၅၀ ကျပ် ပေးမည်။

ကျွန်တော်သည် အမှတ် ၄ အချက်မှအပ ကျန်အချက်များကို ကျွန်တော် လက်ခံလိုက်ပါသည်။

"ဘာလဲ၊ တစ်ပုဒ်လုံးမှ ၂၅၀ လား"

ကျွန်တော်က တအံ့တဩဖြင့် မေးလိုက်ပါသည်။ ကျွန်တော့် ခံစားချက်ကို ရိပ်မိဟန်ဖြင့် သူက ပြုံးကာ . . .

"နည်းတော့ နည်းတယ်ဆိုတာ သိပါတယ်ကွာ၊ ဒါပေမဲ့ ကိုယ်တို့ သတင်းစာက စောင်ရေကလဲ ဘယ်လောက်မှ ရှိတာမဟုတ်ဘူး၊ ပြီးတော့ ကိုယ့်လူသိတဲ့အတိုင်း ကိုယ်တို့က စီးပွားရေးကြောင့် ထောင်တဲ့ သတင်းစာ မဟုတ်ဘဲ နိုင်ငံရေးကြောင့် ထောင်တဲ့ သတင်းစာဆိုတော့ ကိုယ်တို့မှာ အရင်းအနှီးလဲ သိပ်ရှိတာ မဟုတ်ဘူး၊ ဒီတော့ ကော်ပီခကို ဒီလောက်နဲ့ လက်ခံပါလို့ ကိုယ်က မေတ္တာရပ်တာပါ၊ ဈေးဖြတ်တာမဟုတ်ပါဘူး"

အမှန်ကတော့ သူပေးသည့် ကော်ပီခသည် ထိုအချိန်က ပေးနေကြ သော ကော်ပီခထက် လေးပုံတစ်ပုံမျှသာ ရှိပါသည်။

ကျွန်တော်သည် ဗိုလ်တထောင်သတင်းစာ၏ အခြေအနေကို သိပါ သည်။ အစုရှယ်ယာဝင်များ အားလုံးလောက်မှာ ကျွန်တော့်မိတ်ဆွေ ဖြစ် ပါသည်။

"အမှန်ကတော့ သတင်းစာစောင်ကိုလဲ ဝတ္ထုနဲ့ မြှင့်ရမှာကွ၊ ဟိုတုန်းက မြန်မာ့အလင်းတို့၊ တိုးတက်ရေးတို့မှာ သတင်းစာစောင်ရေ တိုးအောင် ဝတ္ထုရှည်ကောင်းကောင်း ထည့်ကြတာကွ၊ ကိုယ်လဲဒီနည်းကို စမ်းစစ်ကြည့်မလို့၊ စောင်ရေတက်ရင်တော့ ဒီထက်ပိုပေးရမှာပေါ့ကွာ၊ ဟား ဟား"

ကိုသိန်းဖေသည် သူ့စကားကို သူ သဘောကျပြီး ရယ်နေသည်။

"ဒီလိုလုပ်ပါ၊ ဝတ္ထုရှည်တစ်ပုဒ်လုံး ၂၅၀ ဆိုတော့ ပေးတဲ့လူလဲ မကောင်းဘူး၊ ယူတဲ့လူလဲ မကောင်းဘူး၊ ဒီတော့ ကျွန်တော်က မေတ္တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေးပေးပါ့မယ်၊ ကျွန်တော်က အဲဒီလိုမေတ္တာနဲ့ ကူညီရေးပေးတယ်ဆိုတာကို ကိုသိန်းဖေတို့ သတင်းစာ အယ်ဒီတာအဖွဲ့ရဲ့ အစည်းအဝေးမှာ မှတ်တမ်းတင်ပေးပါ၊ ဒီလောက်ဆိုရင် တော်ပါပြီ"

"အိုကေ၊ ဒီလိုဆို မှတ်တမ်းတင်ပေးရမှာပေါ့ကွ"

သူနှင့်ကျွန်တော် ဆွေးနွေးစရာ တစ်ချက်ရှိနေသေးသည်။ သူ့ ဇာတ်ညွှန်းတွင် ဝတ္ထုဖြစ်ပွားရာကာလကို ကိုလိုနီခေတ်တွင် နောက်ခံထား သည်။ ဝတ္ထုတွင် လွတ်လပ်ရေး ရပြီးခေတ်ကို နောက်ခံထားချင်သည်။ လူငယ်စာဖတ်ပရိသတ် အလှမ်းဝေးမည်စိုးသောကြောင့် ဖြစ်သည်။ သူနှင့် ကျွန်တော်သည် ထိုကိစ္စကို အပြန်အလှန် ဆွေးနွေးကြသည်။ အဖက်ဖက် မှ စဉ်းစားကြသည်။ ကာလနောက်ခံကို ပြောင်းပေးရသည်က အကြောင်း မဟုတ်။ ဝတ္ထုဦးတည်ချက်မှာ တရားဥပဒေစနစ်နှင့် တည်ဆဲတရားစစ်ဆေး ရေးစနစ်တို့ တရားမျှတခြင်း မရှိကြောင်းကို ထုတ်ဖော် ဝေဖန်ရမည့် ကိစ္စ ဖြစ်ရာ ထိုဝေဖန်ချက်မျိုးကို ဖဆပလအစိုးရသည် မည်သည့်နည်းနှင့်မျှ လက်ခံနိုင်ဖွယ်မရှိ။ ဖဆပလအစိုးရသည် နိုင်ငံရေးအရ ဝေဖန်သည်ကို လက်ခံကောင်း လက်ခံမည်။ သို့ရာတွင် တရားဥပဒေစနစ်ကြီး တစ်ခုလုံး နှင့် တရားစစ်ဆေးရေးစနစ်ကြီးအား ဝေဖန်သည်ကိုမူ လက်ခံမည်မဟုတ်ဟု ကျွန်တော်တို့ ယူဆကြသည်။

ထို့ကြောင့် ကာလနောက်ခံကို မပြောင်းတော့ဘဲ ကိုလိုနီခေတ်ကိုပင် နောက်ခံပြုရန် သဘောတူကြသည်။

*

ကျွန်တော်သည် ဗိုလ်တထောင် သတင်းစာတွင် 'နွံထဲကကြာ' ကို ရေးပြီး နောက် ရှုမဝတိုက်မှနေ၍ စာအုပ်အဖြစ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေလိုက် ပါသည်။ 'နွံထဲကကြာ' တွင် ကျွန်တော်သိသော ဖြူး၏ အလှ၊ ကျွန်တော် ခံစားရသော ဖြူး၏ ရနံ့၊ ကျွန်တော်မြင်ခဲ့သော တောင်တန်းပြာပြာ၊ ကျွန်တော်မြင်ခဲ့သော ဖြူးချောင်း စသည်တို့ကို ဖွဲ့ခဲ့ပါသည်။ ဝတ္ထုထဲက ဇာတ်လိုက်မင်းသမီး 'ရွှေတင်' ဆိုသည့် ကောင်မလေးမှာ လယ်ကူလီ၏ သမီး၊ ဖြူးနှင့် ညောင်ပင်သာအနီးရှိ ဇဟားရွာမှ ကောင်မလေးအဖြစ် ကျွန်တော် ရေးခဲ့ပါသည်။





သို့ရာတွင် စာစီဆရာများသည် ဇဟားဆိုသော ဖြူးအနီးက ဘူတာ ကလေးကို သိကြဟန်မတူပါ။ သူတို့သည် ကျွန်တော်က ဇဟားဟု ရေးထား သည်ကို သူတို့သိသော ဇလာဖြစ်မည် အထင်ရောက်ကာ ဇလာဟု ပြင်လိုက်ကြပါသည်။ တစ်ခါက တောင်ငူနှင့် ဖြူးမှ စာဖတ်သူများနှင့် တွေ့သည်တွင် သူတို့က ထိုအမှားကို ထောက်ပြကြသဖြင့် ကျွန်တော်က ရှင်းပြရသေးသည်။

ကျွန်တော်ရေးသည့် 'နွံထဲကကြာ' ကို ၁၉၆၂ ခုနှစ်တွင် ပထမအကြိမ် ရှုမဝမှ ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ ၁၉၇၂ ခုနှစ်တွင် သင့်စာပေမှ ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။ ထိုထုတ်ဝေမှုများတွင် လက်လှမ်းမီသ လောက်ကို ကျွန်တော် ပြင်ခဲ့ပါသည်။ သို့ရာတွင် မပြင်ရသေးသည့် နေရာ များ ကျန်ရှိနိုင်ပါသေးသည်။ နောက်ထပ် ပုံနှိပ်ရလျှင် ထပ်၍ပြုပြင်ရဦးမည် သာ ဖြစ်ပါသည်။

ကျွန်တော် ရေးသည့် 'နွံထဲကကြာ' ဝတ္ထုတွင် သိန်းဖေမြင့်က သူ့အမှာစာမှနေ၍ ဤသို့ဝေဖန်ခဲ့ပါသည်။

'.... သို့သော် အချို့ ကျွန်တော် မကျေနပ်သော အချက်များ ကျန်နေသေးသည်။ ဥပမာ- ဒုတိယကမ္ဘာစစ်မဖြစ်မီက ပေါ်ခဲ့သော ခရိုင်မှ တော်လှန်ရေးသမား သခင်တောက်ထွန်း၏ နိုင်ငံရေးအသိသည် ဤမျှမမြင့် ထိုက်သေး၊ မမြင့်နိုင်သေးဟု ကျွန်တော် ယူဆသည်။ ဇာတ်လိုက် ခင်မောင် ဝင်း၏ မြေယာ ပြဿနာအမြင်များ၊ မြေယာနှင့် ပတ်သက်သော လူတန်း စား ခွဲပုံများမှာလည်း တကယ့်မာ့စ်လီနင်ဝါဒီတစ်ဦး မြင်ပုံမျိုး ဖြစ်နေသည်။

အချို့အသေးအဖွဲ့ ချွတ်ယွင်းချက်များလည်း ကျန်သေးသည်။ ဥပမာ- ဇာတ်လိုက်မင်းသမီး ရွှေတင်၏ အသက်နှင့် ဝတ္ထုဖြစ်ပွားရာ ကာလ များ အံမကိုက် ဖြစ်ရခြင်း၊ ဒုတိယကမ္ဘာစစ်မဖြစ်မီက ကုလားသူဌေးပိုင် ဇေယျဝတီသကြားစက်ကြီးကို အစိုးရသကြားစက်ကြီးဟု ဖော်ပြခြင်း စသည်တို့ဖြစ်သည်။

အကယ်၍ ဤစာအုပ် နောက်ထပ်ပုံနှိပ်ခြင်းများ ပြုရမည်ရှိသော် ကျွန်တော်နှင့် မြသန်းတင့်တို့သည် ဆွေးနွေးကြပါဦးမည်။ နှစ်ဦးသဘောတူ ပြင်သင့်သည်ကို ပြင်သွားပါဦးမည်။

အလုပ်ကြမ်းသမား၊ စက်ရုံ အလုပ်သမားများသာ စုပေါင်းလုပ်၍

ငှန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လွှယ်ကူပါသည်။ စာရေးဆရာနှစ်ဦး ဝတ္ထုတစ်ပုဒ်ကို ပေါင်းရေးသည်မှာ တကယ်မလွယ်ပါ။ ယခု မလွယ်သော အလုပ်တစ်ခု ပြီးမြောက်သွားသဖြင့် များစွာ ကျေနပ်ပျော်ရွှင်မိပါသတည်း'

ဟု . . . သိန်းဖေမြင့်က ဝေဖန်ခဲ့လေသည်။

မြသန်းတင့်

(၁၉၉၄-ခုနှစ်၊ မေလထုတ် ကလျာမဂ္ဂဇင်းမှ -)

မြစ်ကြေးစာအုပ်တိုက်မှ စီစဉ်သည်၊

တစ်ခါတစ်ရံမှာ ပုံပြင်တစ်ပုဒ်လို ခံစားရပြီး
တစ်ခါတစ်ရံမှာ ကဗျာတစ်ပုဒ်လို ခံစားရတဲ့
ဘဝ၊ မိသားစုနှင့် သံယောဇဉ်အကြောင်း
အင်္ဂလိပ်စာပေ လေ့လာသူများနှင့်
မြန်မာစကားပြေအလှကို ခံစားလိုသူများအတွက်
အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသော
နိုင်ငံတကာရသဝတ္ထုများ

Watches of the Night and Other Stories

# ညရဲ့ အိပ်ဖန်စောင့်များ

နှင့်

နိုင်ငံတကာရသဝတ္ထုများ

## တင်နွယ်မောင်

ထွက်ပြီ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၇၁၀၆၀၅

ငှန်းပွင့်စာအုပ်တိုက်မှ ဖြန့်ချိသည်။ ဖုန်း - ၀၉-၅၀-၄၃၁၆၄၊ ၀၁-၅၄၃၇၃၆

www.burmeseclassic.com